ဘိက္ခုပါတိမောက် နှင့် ဘိက္ခုနီပါတိမောက်

အပါအဝင်

# ဝိနည်းဥပဒေတော်ကြီး

ဤစာအုပ်ကို ရဟန်းတော်များသာမဟုတ်
လူပုဂ္ဂိုလ်များလည်း ဖတ်သင့်ပေသည်။

(ဓမ္မဒါန)

သာသနာ ၂၅၂၄ ကောဇာ ၁၃၄၂ ဇူလိုင်လ ၁၉၈၀

မွန်ပြည်နယ်၊ မုဒုံမြို့နယ်
တံခွန်တိုင်ရွာ၊ သုသာန်ဗောဓိကျောင်း
**အရှင်ဩဘာသ**
စီရင်သော

# ဝိနည်းဥပဒေတော်ကြီး

'တရုဏ္ဍ' ဆိုသော သားရဲကောင်သည် 'အောင်း' လော
သို့တည်းမဟုတ်
**ကျားနက်** ( ကျားမင်း ) လော
သိလိုလျှင် စာမျက်နှာ ၂၃၂-မှ စ၍ကြည့်။

တံခွန်တိုင်၊ ကျိုက္ကာရွာ
ဓမ္မရက္ခိတကျောင်း—အရှင်တေဇ
တည်းဖြတ်ပြင်ဆင်သည်။

ဓမ္မဒါန

ဝိနည်း—က

# နိဒါန်း

ဝိနည်းတော်သည် သာသနာတော်၏ အသက်သွေးကြောဖြစ်ကြောင်းကို ရှင်တော်မြတ်ဘုရား ပရိနိဗ္ဗာန်ပြုတော်မူမည့်ဆဲဆဲတွင် မိန့်ဆိုတော်မူသော မဟာပရိနိဗ္ဗာနသုတ်၌ လာသည့် အောက်ပါစာပိုဒ်တို့ကို ထောက်၍ သိအပ်ပေသည်။

"သုဘဒ္ဒ အကြင်တရား ဝိနည်းဟူသော သာသနာ၌ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်(တရား)သည် မရှိ၊ ထို (အရိယမဂ်တရားမရှိသော သာသနာ)၌ (သောတာပန်) ရဟန်းသည်လည်း မရှိ၊ ဒုတိယအဆင့် (သကဒါဂါမ်) ရဟန်းသည်လည်း မရှိ၊ တတိယအဆင့် (အနာဂါမ်) ရဟန်းသည်လည်း မရှိ၊ စတုတ္ထအဆင့် (ရဟန္တာ) ရဟန်းသည်လည်း မရှိ။

သုဘဒ္ဒ အကြင်တရား ဝိနည်းဟူသော သာသနာတော်၌ အင်္ဂါရှစ်ပါး ရှိသော အရိယမဂ်(တရား)သည် ရှိ၏၊ ထို(အရိယမဂ်တရားရှိသော သာသနာတော်)၌ (သောတာပန်)ရဟန်းသည်လည်း ရှိ၏၊ ဒုတိယအဆင့် (သကဒါဂါမ်) ရဟန်းသည်လည်း ရှိ၏၊ တတိယအဆင့် (အနာဂါမ်)ရဟန်းသည်လည်း ရှိ၏၊ စတုတ္ထအဆင့် (ရဟန္တာ)ရဟန်းသည်လည်းရှိ၏။

သုဘဒ္ဒ(ငါ၏) တရားဝိနည်းဟူသော ဤသာသနာတော်၌ အင်္ဂါရှစ်ပါး ရှိသော အရိယမဂ်(တရား)သည်ရှိပေ၏။ ဤ (အရိယမဂ်တရားရှိသော သာသနာတော်)၌သာလျှင် (သောတာပန်)ရဟန်းသည် ရှိပေ၏၊ ဤ (သာသနာတော်)၌သာလျှင် ဒုတိယအဆင့် (သကဒါဂါမ်)ရဟန်းသည် ရှိပေ၏၊ ဤ (သာသနာတော်)၌သာလျှင် တတိယအဆင့် (အနာဂါမ်)ရဟန်းသည် ရှိပေ၏၊ ဤ(သာသနာတော်)၌သာလျှင် စတုတ္ထအဆင့် (ရဟန္တာ)ရဟန်းသည်ရှိပေ၏။ (ဤငါ၏သာသနာတော်မှ)တပါးသော အယူဝါဒ(သာသနာ)တို့သည် တရားကိုသိမြင်သော ရဟန်းမြတ်(တကျိပ်နှစ်ယောက်)တို့မှ ဆိတ်ကုန်၏၊ သုဘဒ္ဒ ဤရဟန်းမြတ်(တကျိပ် နှစ်ယောက်)တို့သည်မှန်စွာ (အဆင့်ဆင့်ဟောပြောလျက်) နေကုန်ငြားအံ့၊ လောကသည် ရဟန္တာတို့မှ မဆိတ်မသုဉ်းသည်သာ ဖြစ်ရာ၏။" ရဟန်းမြတ် ကျိပ်နှစ်ယောက်ဟူသည်မှာ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်လေးယောက်၊ ဖလဋ္ဌာန်ပုဂ္ဂိုလ် လေးယောက်တို့နှင့် မဂ်လေးပါးကို ရရန်အားထုတ်ဆဲ ဝိပဿ

ပုဂ္ဂိုလ်လေးယောက်တို့ပေတည်း။ [ဆဋ္ဌမူ၊ သုတ္တန် ပိဋကတ်၊ မဟာဝဂ် ပါဠိတော်(မြန်မာပြန်) မဟာပရိနိဗ္ဗာနသုတ်၊ အပိုဒ် ၂၁၄။]

"အာနန္ဒာ 'တရားစကားတော်သည် ဟောကြားသော ဆရာ (ဘုရား)မှ ကင်းကွာခဲ့လေပြီ၊ ငါတို့၏ဆရာ(ဘုရား)သည် မရှိတော့ပြီ'ဟု သင်တို့အား ဤသို့သော ထင်မှတ်ခြင်းဖြစ်သော်လည်း ဖြစ်ရာ၏၊ အာနန္ဒာ ဤအရာကို ဤသို့ မထင်မှတ်အပ်။ အာနန္ဒာ ငါဟောကြားပညတ်ထားသော တရားတော်နှင့် ဝိနည်းတော်သည် ငါကွယ်လွန်သောအခါ၌ သင်တို့၏ဆရာ (ဘုရား)ပင် ဖြစ်ပေ၏။ [ဆဋ္ဌမူ၊ သုတ္တန် ပိဋကတ်၊ မဟာဝဂ် ပါဠိတော်(မြန်မာပြန်) မြတ်စွာဘုရား၏ နောက်ဆုံးစကား တော်၊ အပိုဒ် ၂၁၆။]

ပိဋကတ်သုံးပုံတွင် ဝိနည်းပိဋကတ်(ဒေသနာ)တော်သည် ရဟန်းတော်များ အဖို့အရေးအကြီးဆုံးသော ဒေသနာတော်ဖြစ်သည်-ဟု အောက်ပါ သိက္ခာပုဒ်ကို ထောက်၍ သိအပ်ပေသည်။

သုရာပါနဝဂ်-အနာဒရိယ သိက္ခာပုဒ်။ ။ဝိနည်းလမ်းကြောင်းဖြင့် ပြောဆိုသော ရဟန်းကိုဖြစ်စေ၊ ဝိနယဓမ္မကိုဖြစ်စေ မရိုသေလျှင် အနာဒရိယ သုဒ္ဓပါစိတ်အာပတ်သင့်၏။ [မရိုသေခြင်းကို ပြုအံ့၊ အားထုတ်ခြင်း (ပယောဂ)၌ ဒုက္ကဋ်၊ ပြုပြီးသည်ရှိသော် ပါစိတ်အာပတ်သင့်၏။]

သုတ်, အဘိဓမ္မာလာ တရားတော်ဖြင့် ရဟန်း၏ ဆိုဆုံးမခြင်းကို ဖြစ်စေ၊ ဝိနည်းဖြင့်သော်၎င်း၊ အခြား ဓမ္မဖြင့်သော်၎င်း လူ့သာမဏေတို့၏ ပြောဆိုခြင်းကို ဖြစ်စေ မရိုသေလျှင် ဒုက္ကဋ်အာပတ်သင့်၏။

ဝိနည်းသိက္ခာပုဒ်တော်ကို လူ့,နတ်,ပြဟ္မာများ လိုက်နာကျင့်သုံးဆောက်တည်ရန် အတွက် ဘုရားရှင်ပညတ်တော်မူခြင်း မဟုတ်၊ ရဟန်းတော်များလိုက်နာ ကျင့်သုံးဆောက်တည်ရန်အတွက် ပညတ်တော်မူခြင်းဖြစ်သည်။ သို့ဖြစ်၍ ဝိနည်းသိက္ခာပုဒ်တော်သည် ရဟန်းတော်များ ဆောက်တည်အပ်သော သီလ သိက္ခာပုဒ် ဖြစ်ပေသည်။ သာသနာတော်၏ အသက်သည် ရဟန်းတော်များ ၏ သီလဂုဏ်သိက္ခာအပေါ်၌ တည်နေရကား ဝိနည်းသိက္ခာပုဒ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် ရဟန်း၏ သီလကိုလည်း ထိန်းသိမ်းစောင့်ရှောက်သည် မည်၏။ ရဟန်းတော်များ၏ အဆင့်အတန်းကိုလည်း ကမ္ဘာပေါ်တွင် ထိပ်ဆုံးတန်းသို့ရောက်အောင် ပြုသည်မည်၏။ ဘုရားရှင်၏ သာသနာတော်ကိုလည်း နေ့လကဲ့သို့ ထွန်းပြောင်တောက်ပနေအောင် ပြုသည်မည်၏။ ထို့ကြောင့် ပါတိမောက္ခသံဝရသီလ-ဟူသော ပေယျာလမုခအားဖြင့် ကုဋေကိုးထောင်

တရာ့ရှစ်ဆယ်, ငါးသန်း,သုံးသောင်း,ခြောက်ထောင်သော သိက္ခာပုဒ်တို့ကို ရဟန်းဟူသမျှ တသဝေမတိမ်း ကြိုးကြိုးကုတ်ကုတ်နှင့် ထိန်းသိမ်းစောင့်ရှောက် အပ်ပေသည်။ (ဝိနည်းကွယ်လျှင် သာသနာကွယ်ပြီ-ဟုမှတ်ရာ၏။)

ထိုမျှလောက် များပြားသော သိက္ခာပုဒ်တို့တွင် ဘိက္ခု ပါတိမောက်၌ လာသော ၂၂၇ သွယ်သော သိက္ခာပုဒ်တို့သည် မူလအခြေခံဖြစ်၍ အရေး အကြီးဆုံး ဖြစ်ကြလေသည်။ ၎င်းတို့တွင် '**သဟဓမ္မိက**' သိက္ခာပုဒ်၌ ''ရဟန်း ဟူသမျှ သိက္ခာပုဒ်တော်၌ ကျင့်ကြံလိုသောစိတ် ရှိရမည်။ ကျင့်ကြံလိုသောစိတ် ရှိသည်ဖြစ်၍ သိက္ခာပုဒ်တော်တိုင်း၏ အနက်အဓိပ္ပါယ်ကို သိအောင် ကြိုးစား ရမည်။ မသိလျှင်လည်း မေးအပ်၏။ မေးပြီးနောက်လည်း စိတ်ထဲ၌ စွဲနေ လောက်အောင် အဖန်တလဲလဲ စဉ်းစားကြံစည်အပ်၏။ ဤသို့ သိအောင် ပြုရခြင်း, မေးရခြင်း, ကြံစည်ရခြင်းသည် ထိုသိက္ခာပုဒ်တော်ကို ကျင့်ကြံလိုရာ၌ ကျင့်ရာသောဝတ်ဘည်း၊ (ဝါ) လောကုတ္တရာ တရားကိုးပါးနှင့် လျော်သော ကျင့်ဝတ်တည်း''ဟူ၍ ဆိုထား၏။

ကျင့်ကြံဖို့ရာလည်း သိက္ခာပုဒ်တော်၏ အနက်အဓိပ္ပါယ်ကို သိနားလည် ထားမှ ဖြစ်နိုင်မည်၊ သိဖို့ရန်သည်း မြန်မာတိုင်းဖွား ရဟန်းတော်များအတွက် (အထူးသဖြင့်) အသက်အရွယ် ကြီးရင့်အိုမင်းခါမှ သာသနာ့ဝန်ထမ်း ရဟန်း ဝတ်ကြသည့် တောထွက်ရဟန်းကြီးများအတွက် မလွယ်ကူလှပေ။ အကြောင်း ကား ကျောင်းတိုင်းလိုလိုမှာပင် ပါဠိစာပေကို အဓိကထား၍ သင်ပြနေခြင်း ကြောင့်တည်း။

ဤအကြောင်းနှင့်ပတ်သက်၍ စာရေးသူ၏ ကိုယ်တွေ့အခက်အခဲကို ဖော်ပြ ပါအံ့။

စာရေးသူသည် ပါဠိစာပေကို အလျင်းမတတ်ပါ။ ပိဋကတ်တရားတော်နှင့် ပတ်သက်၍ ပြောရပါမူ အနက်အဓိပ္ပါယ်ကို သိဖို့မဆိုထားဘိ၊ ''ဣတိပိ သော'' ကိုမျှ အလွတ်မရခဲ့ပါ။ သာသနာ ၂၅၀၀-ပြည့်နှစ်၊ ကောဇာ သက္ကရာဇ် ၁၃၁၈ ခု၊ ဝါဆိုလဆန်း ၁၄ ရက်နေ့၌၊ (ဝါ) အသက် ၄၈ နှစ်၌ ရဟန်း ဘောင်သို့ ကူးခဲ့ရာ အဓိကအားဖြင့် ဘာဝနာအလုပ်၌သာ အချိန်ကို ကုန်လွန် စေခဲ့ပါသည်။

ဤသို့ဖြင့် ၂-နှစ်တိုင်တိုင် ကြာမြောင်းခဲ့ပါသည်။ ဝိနည်းကို အလျင်းမသိဟု ဆိုရလောက်သောအခြေ၌ ရှိခဲ့ပါသည်။ သံဃဥပုသ် ပြုတိုင်းပြုတိုင်း၌ 'သာဓု'

သာ သုံးကြိမ်ခေါ် လိုက်ရသည်၊ ထိုမထေရ် မည်သည်ကိုရွတ်၍ မည်သို့ အဓိပ္ပါယ်ရှိကြောင်းကို လုံးလုံးလျားလျားပင် မသိ မထင်မြင်နိုင်သော အခြေအနေတွင်ရှိခဲ့ပါသည်။

သို့ရာတွင် ကံအားလျော်စွာ ဥပဇ္ဈာယ်ဆရာ, နိဿယည်းဆရာကောင်းတို့ကိုမှီ၍ နေမိလျက်သား ဖြစ်ခြင်းကြောင့် 'စင်ကြယ်ခဲ့ပါ၏' ဟု ဆိုအပ်ပါသည်။

တနေ့၌ "ငါသည် တရားကိုတော့ အသင့်အတင့် အားထုတ်ပြီးပြီ၊ ဝိနည်းကိုကား အလျင်းပင် မလေ့လာရသေး။ တရားအားထုတ်နေသောပုဂ္ဂိုလ်သည် ဝိနည်း၌ ကျင့်ဖွယ်မလို-ဟု ဘုရားရှင် ဟောတော်မမူချေ။ သေးဖွဲ့သောအာပတ်သည် ဝ် ဈာန် မဂ်ဖိုလ်၏အန္တရာယ်ကို ပြုခြင်းငှါ စွမ်းနိုင်၏။ အာပတ်ကိုယ်နှင့်သေလျှင် နိရယဂတိ ပေတဂတိ နှစ်ရပ်၌ ဖြစ်တတ်သည်-ဟု အဆိုရှိရကား ရဟန်းဖြစ်ပါလျက် ဝိနည်း၌ မကျွမ်းကျင်၍ ရဟန်း၏သီလကို ပိုင်ပိုင်နိုင်နိုင် မထိန်းသိမ်း မစောင့်ရှောက်တတ်ဟုဆိုလျှင် (၁) ရဟန်းဖြစ်ကျိုး အဘယ်မှာ နပ်ပါတော့အံ့နည်း၊ (၂) တရားထူးဟရားမြတ်ကိုလည်း အဘယ်မှာ ရနိုင်ပါတော့အံ့နည်း" ဟူ၍ စိတ်ကူးမိပါသည်။ အမှန်မှာ တရားကို ကြပ်ကြပ်အားထုတ်လေလေ ဝိနည်း၌ ပို၍ ကျစ်ကျစ်လစ်လစ်ရှိဖို့ လိုလေလေဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သီလ သမာဓိ ပညာ ဟူသော သိက္ခာ (၃)ပါး၌ သီလသည် ပဌမ အရေးအကြီးဆုံးအင်္ဂါရပ် ဖြစ်သောကြောင့်တည်း။ ဝိနည်း၌ ကျစ်ကျစ်လစ်လစ် မရှိလျှင် မဂ္ဂင်(၈)ပါးနှင့် မကိုက်ညီ၍ ပင်ပန်း ခံသလောက် အကျိုးရည် မထိုက်သည့်အပြင် "သူတို့တရား မမှန်လို့သာ သူတို့၏သီလကို သူတို့ ရိုအောတာပေါ့" ဟု သူတကာတို့၏ ကဲ့ရဲ့ခြင်းကိုလည်း ခံရမည်။ တရားဓမ္မသည်လည်း မိမိအတွက်ကြောင့် တန်ဖိုးလျော့ကျပေလိမ့်မည်။ လိုရင်းအချုပ်မှာ တရားအားထုတ်သည်ဖြစ်စေ မထုတ်သည်ဖြစ်စေ ဝိနည်း၌ ကျစ်ကျစ်လစ်လစ်ရှိရမည်ဖြစ်သည်။ ဝိနည်း၌ ကျစ်ကျစ်လစ်လစ်မရှိပဲ ဝိပဿနာဓုရကို ဆောက်တည်သောပုဂ္ဂိုလ်ထက် ဝိနည်း၌ ကျစ်ကျစ်လစ်လစ်ရှိ၍ ဂန္ထဓုရကိုဆောက်တည်သောပုဂ္ဂိုလ်က နှိုင်းယှဉ်မရအောင် မြတ်သည်-ဟု ဆိုရပေမည်။ ဝိနည်း၌လည်း ကျစ်ကျစ်လစ်လစ်ရှိလှသည်၊ ဝိပဿနာ ဓုရကိုလည်း ဆောက်တည်သည်-ဟု ဆိုလျှင် အထူး ဆိုဖွယ်ရာမရှိပြီ။ (ဤထက်ကောင်းသောအကျင့် မရှိပြီ-ဟူလို။) ထို့ကြောင့် ပါဠိဝါသိုက်ပ်သော် ဝိပဿနာအလုပ်ကိုလျော့၍ ဝိနည်းကို လွှသက်ပြီးမြီ သာ အေးသည့် ဖြစ်ပေါ်လာ၏။ ဖြစ်ပေါ်သည့်အလျောက် ပါဠိဘာသာပုဂ္ဂိုလ် 'မေထုန' သိက္ခာပုဒ်ကို စ၍ အာဂုံဆောင်ယူပါသည်။ သို့သော် အနက်မသိ၍ စိတ် အပျက်ကြီး ပျက်လေတော့သည်။ ဤသို့

ပါဠိဘာသာဖြင့် ဆောင်ယူလျှင် အကျိုး မများမှန်း သိသဖြင့် ကုဋ္ဌ ရဟန်း ညီနောင် ၂-ပါးတို့နှင့်ပတ်သက်၍ "ရဟန်းတို့ မိမိတို့ဘာသာဖြင့် ငါဘုရား၏ စကားကို သင်ယူခြင်းငှါ ခွင့်ပြု၏"ဟု မိန့်တော်မူသော ဘုရားရှင်၏ ဩဝါဒနှင့်အညီ မြန်မာဘာသာသက်သက်ဖြင့် ဆောင်ယူအံ့-ဟု အကြံဖြစ်လေသည်။ ထို အချိန်မှစ၍ ပါတိမောက်ဘာသာ ဋီကာနှင့် ဘုရားဥပဒေတော်ကြီး-ဟူသော ကျမ်းစာအုပ်တို့ကို လေ့လာပါတော့သည်။ ထိုနောက် ထိုကျမ်းစာ နှစ်အုပ်တို့နှင့် ဆရာညာဏ်၏ ဝိနည်းငယ် လေးစောင် ပါဌ်ကျမ်း၌ လာသည့် 'ပါတိမောက် အခြေပြု'တို့ကို လက်ကိုင်ထား၍ ၂၂၇ သွယ်သော သိက္ခာပုဒ်တို့ကို ကော်ပီ စာအုပ်တအုပ်၌ မိမိစကားဖြင့် စတင်ရေးသားပါသည်။ မရေးမနှောင်းပင် ၎င်း တို့ကို အာဂုံဆောင်ယူနိုင်သောအခြေသို့ ရောက်ခဲ့လေသည်။

ဤသို့ ပြုခြင်းမှာ ဝါသနာပါ၍ မဟုတ်ပါ။ စာကို နှုတ်တက်ရွရွ ကျက်ဖို့ နေနေသာသာ၊ စာရေးဖို့ကိုပင် ပျင်းရိသည်-ဟု စာရေးသူနှင့် ပေါင်းသင်း ဆက်ဆံဖူးသော လူပုဂ္ဂိုလ်တို့ သိကြပါသည်။ စာဖတ်လျှင်လည်း စာသား၌ အာရုံမပြု၊ အကြောင်းအရာကိုသာ ဂရုစိုက်၍ ဖတ်လေ့ရှိသည်။ စာရေးပြန်လည်း ထို့အတူ လိုရင်းအဓိပ္ပါယ်ကိုသာလျှင် အဓိကထား၍ ရေးလေ့ရှိသည်။ ယခု သော်ကား မရေးမကျက်လျှင် မဖြစ်သောကြောင့် ထိုသို့ ပြုရခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သာသနာ့ ဝန်ထမ်း ရဟန်းဘဝသို့ မရောက်မီ လူ ဝတ်ကြောင်ဘဝနှင့် ရှိစဉ်က မကောင်းမှု ဒုစရိုက်အမျိုးမျိုးကို ပြုမိခဲ့ပါသည်။ ထိုအပြစ်တို့နှင့်တကွ ထိုထို အတိတ်ဘဝများ၌လည်း ပြုမှားမိခဲ့သော သံသရာ ကြွေး အပြစ်အလုံးစုံတို့ကိုပါ တနေ့တဘဝ၌ အတိုးနှင့်တကွ ပြေလည်အောင် ပေးဆပ်မည်-ဟူသောဆန္ဒဖြင့် ရဟန်းဘောင်သို့ ကူးခဲ့ခြင်း ဖြစ်သောကြောင့် တည်း။ ထို့ကြောင့် နောက်ဆုတ်လိုသောစိတ်သည် စိုးစဉ်းမျှ ဘယ်သောအခါမှ မဖြစ်ခဲ့ဖူးပါ။ အမှန်မှာ တနေ့တခြား စိတ်ဘက်ကြွလျက် သာသနာတော်ကို တတ်နိုင်သောဘက်ကနေ၍ ပြုစုလိုသောဆန္ဒသည်သာလျှင် တဖွားဖွားဖြစ်ပေါ် နေပါတော့သည်။ ဤသို့ ထုတ်ဆိုခြင်းမှာ "လူ့ဘဝ၌ ရှိခဲ့စဉ်က လူတိုင်းက ပစ်လိုက်ရပြီဟု အထင်ခံခဲ့ရသည့် ဒုစရိုက် ထူပြောသော ယစ်ထုတ်ကြီးပင် ရဟန်းဘောင်သို့ရောက်သောအခါ ဝိနည်းတော်ကို ရှာဖွေစုဆောင်း၍ လေ့လာ နိုင်သေးလျှင်-ငါတို့လို နဂိုစရိုက်ကောင်းပြီးသားပုဂ္ဂိုလ်များအဖို့ကား ဝိနည်းကို လေ့လာပြီး တရားအားထုတ်ပါမူ သာသနာတွင်း၌ ဖြစ်၍ ပါရမီအလျောက် ကရားထူး တရားမြတ်ကို ရလျှင်လည်း ယူမည်၊ မရလျှင်လည်း အပါယ်ဘုံသို့ ဘယ်နည်းနှင့်မှ မလားနိုင်ဘူး"ဟု အားတက်ကာ ဝိနည်း၌ မကျွမ်းကျင်ကြ သေးသည့် နဂိုစရိုက် ကောင်းပြီးသား လက်ရှိပုဂ္ဂိုလ်များသာမက နောင်လာ

နောက်သားများလည်း ဝိနည်းတော်ကို တန်ဖိုးထား၍ ကျင့်ကြံလိုသောဆန္ဒ ရှိကြလိမ့်မည်-ဟူသော စေတနာဖြင့် ထုတ်ဆိုခြင်းဖြစ်သည်။ ဤကား စာပေ လိုက်နိုင်သော ပုဂ္ဂိုလ်များကို ရည်၍ ဆိုခြင်းတည်း။ စာပေ မလိုက်နိုင်သော ပုဂ္ဂိုလ်များအား ကျမ်းတတ် လဇ္ဇီဆရာတို့ကို မှီ၍ ကျင့်ကြံ အားထုတ်တော်မူ ကြပါကုန်-ဟူ၍ တိုက်တွန်းလိုပါ၏။

ဝိနည်းတော်၏ အကြောင်းအရာကို ပြန်၍ ဆက်ပါအံ့။ ။ထိုနောက် ဥပုသ်ကံပြုပုံကို ဆောင်ယူလိုသော်လည်း အဘယ်စာအုပ်ကိုကြည့်ရှုမှီငြမ်းပြုရ မည်ကို မသိလေခြင်းကြောင့် ရှေ့သို့မတက်နိုင်ပဲ အတော်အတန်ကြာအောင် ရပ်ဆိုင်းထား ရလေသည်။ ကံကောင်းထောက်မ၍ ထို‘ကမ္မဝါကံဆောင် အခက်း နှစ်ဆယ်နှင့် ‘မိုးထိမူ’တို့ကို မမျှော်လင့်ပဲလျက် တွေ့ရှိလေရာ ဥပုသ်ကံပြုပုံ နှင့်ကက္ခ ဘိက္ခုပါတိမောက်တစောင်လုံးကိုပါ စုပေါင်းရေး၍ ထိုဝါတွင်း၌ ပင် နှုတ်တက်ရရှိဆောင်ယူပါသည်။ သို့ရာတွင် ဥပုသ်ကံပြုပုံမှာ အံမကိုက် သေးသည်သာမက အချို့သော သိက္ခာပုဒ်တို့၌လည်း ပြန်ဆိုထားသောအနက် အဓိပ္ပါယ်မှာ အလွဲလွဲအချော်ချော်ဖြစ်နေသေးသည်-ဟု ယုံကြည်လျက် ရှိနေ ပါ၏။

ပါတိမောက်ကာသာဋီကာနှင့် ဘုရားဥပဒေတော်ကြီးတို့ကို အခါအား လျော်စွာ လေ့လာနေစဉ် တနေ့၌ “ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံဆရာ တော်ဘုရားကြီး အထံတော်က ဘိဝံသထံသို့ သွား၍ နည်းနာခံယူရလျှင် ကိစ္စ အဝဝပြီးပြတ်အောင်မြင်မည်ဟု အကြံဖြစ်ပေါ်လာ၍ ၁၃၂၀-ပြည့်နှစ်၊ တပို့တွဲလ၌ ထိုဆရာတော်ဘုရား၏အထံသို့ ရောက်ရှိသွားပါသည်။ ယုံကြည် သည့်အတိုင်း ဆရာတော်၏သနားချီးမြှင့်ခြင်းကို ရရှိပါသဖြင့် ထိုနေရာ၌ပင် အမှားများကို ပြင်ဆင်နိုင်ပါသည်၊ ဆရာတော်ဘုရား၏ ဂုဏ်ကျေးဇူးကား ကြီးမားလှပါပေ၏။

ထို့နောက်ဖန် အခြားကျမ်းစာအုပ်များကို တဖြည်းဖြည်း ရှာဖွေစုဆောင်း၍ ထပ်မံလေ့လာပြီ ထိုရေးသားထားပြီးသော ကော်ပီစာအုပ်‘မူ’ကို ချဲ့ထွင်ပါ သည်။ ချဲ့ထွင်သောလက်ကိုလည်း အာဂုံဆောင်ယူပါသည်။

ထိုချဲ့ထွင်ထားသော ကော်ပီစာအုပ် ‘မူ’သည် စာရေးသူကဲ့သို့ ပါဠိလို မလိုက်နိုင်သော ပုဂ္ဂိုလ်တို့အတွက် အကျိုးများမည်ဖြစ်၍ တတ်နိုင်လျှင်ပုံနှိပ်ထုတ် ဝေရန် ဆရာတော်ဘုရားက အကြံပေး တိုက်တွန်းပါသည်။ ညီတော် ဒါယကာ တဦးနှင့် အဒေါ် ဒါယိကာမတဦးတို့က မွေ့ဒါန်အဖြစ်ဖြင့် ဝိနည်းစာပြန်ပွဲအမှိ (၀၂) ၁၃၂၁-ခု၊ တန်ဆောင်မုန်းလဆုတ် ၃-ရက်နေ့ အမှု လှူဒါန်းလို

ကြောင်း လျှောက်ကြ၍ ထိုစာအုပ်ကို ဘာသာပြန်ဝိနည်းလမ်းညွှန်-ဟူသော အမည်ဖြင့် အလေ့ာသုံးဆယ် ဖုတ်ပူမီးတိုက် ပုံနှိပ်ရပါသည်။

မူလ၌ ထိုစာအုပ်ကို ပုံနှိပ်ရန် ရည်ရွယ်ချက် အလျင်းမရှိပါ။ ကိုယ်ကျိုးအတွက်သက်သက်လည်းဖြစ်ပြန်၊ နဂိုစာပေဓာတ်ခံကလည်း မရင့်သန်, မရေးပြန်လည်း မဖြစ်ရကား ထိုစာအုပ်ကို နဂိုရေးလေ့ရေးထရှိသော စွမ်းရည်စာဟန်မျိုးဖြင့်သာ ရေးသားထားပါသည်။ထို့ကြောင့် စာသားမပြေပြစ်မှုကို သည်းခံတော်မူကြပါရန် တောင်းပန်ပါ၏။ (ထို့အတူ ဤစာအုပ် အတွက်လည်း တောင်းပန်ပါ၏။)

ထိုမှတပါး ရွှေတိုး၍ လေ့လာရာ၌ ပါရာဇိကဏ်,ပါစိတ်,မဟာဝါ,စူဠဝါ, ပရိဝါပါဠိတော် (မြန်မာပြန်)စသော ကျမ်းစာအုပ်တို့ကို ကံအားလျော်စွာ တွေ့ရှိပါသည်။ ထိုစာအုပ်များမှ လိုရင်းအချက်အလက်များကို ထုတ်ယူ၍ ၎င်းတို့ကို ထိုပုံနှိပ်ထုတ်ဝေသော စာအုပ်၌ အလိုရှိသောအခါ ပြန်လှန်ကြည့်ရှုသုံးသပ်ရန်အတွက် ဖြည့်စွက် ထည့်သွင်းပါသည်။

များမကြာမီပင် 'ပိုမှပိုနိဗ္ဗာန်ရောက်အောင်ပို' ဆိုသည်နှင့်အညီ ပါဠိလိုမလိုက်နိုင်သော ပုဂ္ဂိုလ်တို့အား ကူညီမည်ဆိုပါကလည်း အစမှ အဆုံးတိုင်အောင် ကူညီမှကောင်းမည်-ဟု အကြံဖြစ်ပေါ်လာ၍ ထိုစုပေါင်းထားသော အကြောင်းအရာ အချက်အလက် အသုံးစုံတို့ကို စိစစ်ပြီး ကျမ်းစာတအုပ်အနေဖြင့် ဒုတိယအကြိမ်မြောက် ရေးသားပါသည်။ (ဤအကြိမ်၌ ဒွေမာတိကာ-ဟူသော ဘိက္ခုပါတိမောက်နှင့် ဘိက္ခုနီ ပါတိမောက် ၂-စောင်လုံးကို ရေးသားပါသည်။ ရေးသားသလောက်ကိုလည်း အင်္ဂလိပ်ဆောင်ယူပါသည်။ဤ'မူ' ကို မော်လမြိုင်နယ်၊ တောရရွှေကျင်ဂိုဏ်းက အသိအမှတ်ပြု၍ နှစ်စဉ်ကျင်းပသော ဝိနည်းစာပြန်ပွဲ၌ ဒွေမာတိကာကို ပါဠိလို လိုက်နိုင်သောပုဂ္ဂိုလ်များသည် ပါဠိဘာသာဖြင့် အင်္ဂလိပ်ပြန်ဆိုကြသကဲ့သို့ ပါဠိလို မလိုက်နိုင်သောပုဂ္ဂိုလ်များအား ၁၃၂၅-ခုနှစ်မှစ၍ ဤ'မူ'ဖြင့် အင်္ဂလိပ်ပြန်ဆိုခွင့် ပြုတော်မူသည်။)

အင်္ဂလိပ်ဆောင်ယူရာ၌ လွယ်ကူချောမွေ့စေရန် သိက္ခာပုဒ်များ၏ အနက် (အဓိပ္ပါယ်)ကို မူရင်းပါဠိတော်အတိုင်း ပြန်မဆိုပဲ စကားအထားအသိုကို တည်းဖြတ်၍ အဆင်ပြေ ပြေသလို အရပ်သုံးစကားဖြင့် ပြန်ဆိုပါသည်။ များသောအားဖြင့် အဓိပ္ပါယ်မှာ မူရင်းပါဠိ၏ အနက်ထက်ပင် ပြည့်စုံပါသည်။ စာသွားအဓိပ္ပါယ် ပိုမိုထင်ရှားသည်နှင့်အမျှ စာရှုသူတို့၏ စိတ်ထဲ၌ ပိုမိုစွဲမြဲမည်ဖြစ်သောကြောင့် ဘိက္ခုပါတိမောက်တွင် အဆင်ပြေသော သိက္ခာပုဒ်များ၌ 'စားငြားအံ့၊ သွားငြားအံ့၊ ပါစိတ်အာပတ်သင့်၏'စသည်ဖြင့် မရေးပဲ

‘မစားရ၊ မသွားရ၊ စားလျှင် သွားလျှင် ပါစိတ်အာပတ်သင့်၏’ စသောအရပ်သုံးစကားဖြင့် ရေးသားပါသည်။ (ဘိက္ခုနီပါဠိမောက်၌ကား ဤသို့ ရေးရန် အဆင်မပြေလှသောကြောင့် ‘စားငြားအံ့။ သွားငြားအံ့၊ ပါစိတ်အာပတ်သင့်၏’ စသောစကားအသုံးအနှုန်းများဖြင့် တသံတည်း ရေးသားပါသည်။) တခုနှင့်တခု အဓိပ္ပါယ် အသွားအလာတူနေသော သိက္ခာပုဒ်များအတွက် တနေရာ၌ သုံးစွဲထားပြီးသောစကားကို ထိုထိုနောက်နေရာများ၌လည်း ထပ်၍ထပ်၍ အသုံးပြုထားပါသည်။ အကြောင်းကား စကားအသုံးအနှုန်း ထပ်လေလေ အာဂုံဆောင်ယူရာ၌ လွယ်လေလေဖြစ်သောကြောင့်တည်း။

**သတိရှိဖွယ်။** ။ဝိနည်းသည် သာသနာတော်၏ အသက်သွေးကြောဖြစ်ခြင်းကြောင့် ရဟန်းတော်များနှင့်သာမက လူပုဂ္ဂိုလ်တို့နှင့်လည်း သက်ဆိုင်သည်-ဟု သတိရှိသင့်ပေသည်။ အဘယ်ကြောင့်ဆိုသော် မိမိတို့ ကိုးကွယ်နေသော ဘာသာ၏ ဥပဒေကို အကျယ်တဝင့် မသိငြားသော်လည်း အကျဉ်းအားဖြင့် သိသာသိထိုက်ပေသည်။ သို့မှသာလျှင် အကျိုးအပြစ်ကို ဝေဖန်နိုင်သည်-ဟူသောကြောင့်တည်း။ ဗုဒ္ဓဘာသာဝင်တို့သည် (၇)ရက်မျှပင် ဖြစ်စေကာမူ ရဟန်းခံအလှူပွဲ၌ ရက်ရက်ရောရော အကုန်ခံ၍ လှူဒါန်းလေ့ ရှိကြသည်။ အများကို ခြုံ၍ယူသော် ထိုမျှလောက် တိုတောင်းသော ရက်အတွင်း၌သော်လည်း ရဟန်း၏ သီလကို မည်သို့ပင် ကြိုးစား၍ စောင့်ရှောက်စေကာမူ ဝိနည်းသိက္ခာပုဒ်ကို အနည်းအကျဉ်းမျှ မဘတ်မသိထားပါက ရည်မှန်းထားသလောက် စင်ကြယ်ဖို့ရန် ခဲယဉ်းပေသည်။ (ဝါ) အာပတ်အနည်းနှင့်အများ နေ့တိုင်းသင့်မည်သာ။ စေတနာကလည်း မထက်သန်၊ ပတ်ဝန်းကျင်ကလည်း မစင်ကြယ်ပြန်၊ လုပ်ရိုးလုပ်စဉ် ဖြစ်၍ ရဟန်းခံမည်ဆိုလျှင်ကား ဆိုဖွယ်ရာမရှိအောင် ညစ်ပေလိမ့်မည်။ အာပတ်ဗလပွကအောင်ပြု၍ ထိုအာပတ်များဟန်းလန်းနှင့် လူထွက်လာမည်ဆိုလျှင်ကား “မြွေပွေးများ၏ ဘေးအန္တရာယ်ရှိသော လယ်ယာတောထဲတွင် အသက်ဆံဖျားသားရဲ၍ နေပူ မိုးရွာမရှောင် တနှစ်လုံးဆင်းရဲပင်ပန်းကြီးစွာဖြင့် ရှာရှာရခဲ့သော ချွေးနဲစာကို အလှူသုံးစားပြုရာလည်း ဖြစ်မည်၊ ချွေးနဲစာနှင့်အာပတ်ဝယ်ရအတွက် မပန်းခံရာလည်း ရောက်မည်” ဟူ၍ သတိပြုစေလိုပါ၏။

“သီလကို အပျက်မခံလင့်၊ အသက်ဇီဝိတ်ကို အပျက်ခံ၊ အသက်ကို စွန့်ရာ၏၊ သီလကို မစွန့်ရာ-ဟု ဘုရားရှင် ဟောတော်မူခဲ့သည်။ ရဟန်းအဖြစ်ကို ရခဲသည်-ဟူရာ၌ အသက်ကို စွန့်မူ၍ သီလကို ချစ်သော ရဟန်း၏ အဖြစ်ကိုသာ ရခဲသည်။ ရဟန်းဖြစ်ရုံသက်သက်မျှကို ရခဲသည် မဟုတ်” သီလဝိသောဓနီကျမ်း၌

ဆို၏။ (လမင်းသည် အရောင်ပြည့်မှ ကောင်းကင်၌ တင့်တယ်သည်။ ရဟန်းသည် သီလပြည့်မှသာ သာသနာတော၌ တင့်တယ်သည်။)

သက်ဆိုင်သော ဆရာတော်ဘုရားတို့၏ ဂုဏ်ကျေးဇူးကို အမှတ်တရဖြစ်စေခြင်းငှါလည်းကောင်း၊ ဝိနည်းတော်ကို အကျယ်တဝင့် လေ့လာလိုသော ပုဂ္ဂိုလ်တို့သည် အခက်အခဲမရှိပဲ စာအုပ်များကို စုဆောင်းနိုင်ရန် အလို့ငှါလည်းကောင်း၊ ဤစာအုပ်ကို ရေးသားရာတွင် မှီငြမ်းပြုသော အရေးပါ အရာရောက်သည့်ကျမ်းစာအုပ်တို့၏ အမည်များကို ဖော်ပြပါအံ့။

(၁) ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး အရှင် ဇနကာဘိဝံသ စီရင်သော 'ပါတိမောက်ဘာသာ ဋီကာ'။

(၂) ၎င်း ၎င်း 'ဘုရား ဥပဒေတော်ကြီး'။

(၃) ပါဠိပါဠိမောက္ခ-ပါဠိဆရာကြီး ဆရာဉာဏ် စီရင်သော 'ဝိနည်းငယ်လေးစောင် ပါဠိနှင့်ပါတိမောက် အဖြေပြ-မြန်မာသက်သက်'။

(၄) ဆရာတော် အရှင်ဇာဂရ မထေရ် စီရင်သော 'ဝိနည်းငယ်လေးစောင် ပါဠိနိဿယ၊ မိုးထိမူ၊ စာချနက်'။

(၅) ညောင်လေးပင်မြို့၊ တောရကျောင်းတိုက်၊ အဂ္ဂမဟာပဏ္ဍိတ နာယက ဆရာတော်ဘုရားကြီး စီရင်သော 'ကမ္မဝါကျံဆောင် အခဏ်း ၂၀'။

(၆) ၎င်း ၎င်း ၎င်းစီရင်သော 'ဝိသုဒ္ဓိမဂ်အရသာ'။

(၇) ဆဋ္ဌမူ 'ပါရာဇိကဏ် ပါဠိတော် (မြန်မာပြန်)

(၈) ဆဋ္ဌမူ 'ပါစိတ် ပါဠိတော် (မြန်မာပြန်)'။

(၉) ဆဋ္ဌမူ 'မဟာဝဂ် ပါဠိတော် (မြန်မာပြန်)'။

(၁၀) ဆဋ္ဌမူ 'စူဠဝဂ် ပါဠိတော်'။ (မြန်မာပြန်)

(၁၁) ဆဋ္ဌမူ 'ပရိဝါ ပါဠိတော်'။ (မြန်မာပြန်)

(၁၂) ဆဋ္ဌမူ မဟာဝါ ပါဠိတော်နှင့် စူဠဝါ ပါဠိတော် အမေး-အဖြေ ဒုတိယအုပ်။

(၁၃) ကျေးဇူးတော်ရှင် လယ်တီ ဆရာတော်ဘုရားကြီး စီရင်သော 'ဝိနယသံခိပ်ကျမ်း'။

(၁၄) သီလ ဝိသောဓနီကျမ်း-ဝိနယဂရု ဒီပနီနှင့် ဝဋ္ဋနာဒီပနီ။

(၁၅) ဆရာတော်ဦးဗုဓ်စီရင်သော 'ဝိနည်းငယ် လေးစောင် ပါဠိနိဿယ'။

(၁၆) ညောင်တုံးမြို့၊ ရွှေဟသ်ာကောရ၊ ပါဠိဘက္ကသိုလ်ကျောင်းတိုက်၊ အဂ္ဂမဟာပဏ္ဍိတ၊ စံကျောင်း ဆရာတော်ဘုရားကြီး စီရင်သော 'ပရိဝါသမာနတ္တာဒိ ဝိနိစ္ဆယကျမ်း' ။

(၁၇) မိုင်းခိုင်း ဆရာတော်ဘုရား စီရင်သော 'တိပေဋက ဝိနိစ္ဆယ ကျမ်း ပဌမတွဲ' ။

(၁၈) အဂ္ဂဓမ္မာဘိဝံသ ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယဆရာတော် ဦးအဂ္ဂဓမ္မ စီရင်သော 'ဥပေါသထသံမူဋ္ဌ နိဂ္ဂဟစာတမ်း' ။[သဿိ ပစ္စယ သံမူဋ္ဌ နိဂ္ဂဟစာတမ်းလည်း ပါဝင်သည်။]

(၁၉) ကျိုက်ထိုမြို့၊ ဘုရားသုံးဆူတောင်၊ အရှင်နန္ဒမာလာ စီရင်သော 'ဝိသုဒ္ဓိမဂ် အဋ္ဌကထာ (မြန်မာပြန်)၊ ပဌမတွဲ' ။

(၂၀) ကဗျာပဏ္ဍိတဘွဲ့ ပဌမဆု ရွှေတံဆိပ်ရ၊ ဆရာတော်ဦးနိဂြောဓ စီရင်သော ဝိနယ သံမူဟ ဝိနိစ္ဆယကျမ်း-ပဌမတွဲ' ။

(၂၁) မဟာအကျော် ဓမ္မာစရိယ အရှင်သီရိကဥ္စနာဘိဝံသ စီရင်သော 'ပါတိမောက်နှင့်ကခ်ါ (အမေးအဖြေ) ကျမ်း' ။

(၂၂) ပန်းတနော်မြို့၊ ဒက္ခိဏ ဝိဇိတာရာမ ဝိနယဝါဒီ မဟာဗောဓိတိုက်၌ သီတင်းသုံးတော်မူသော ရွှေဖိုလ်တောင်လက်(ကျည်းကန် ဆရာတော်) မဟာထေရ်ဖြစ်တော်မူသော ဦးပဏ္ဏိစ္စ စီရင်တော်မူသည့် ပါတိမောက္ခ ဝိနိစ္ဆယကျမ်း' ။

(၂၃) မုတ်ကျွန်း ပန်းတနော်မြို့၊ ဆိတ်ကြီး ဆရာတော် စီရင်တော်မူသော 'ပါတိမောက္ခ ဝိနိစ္ဆယကျမ်း' ။

(၂၄) ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး အရှင် ဇနကာဘိဝံသ စီရင်သော 'ကခ်ါဘာသာဋီကာ-ပဌမအုပ်' ။

(၂၅) ၎င်း 'ကခ်ါဘာသာဋီကာ-ဒုတိယအုပ်' ။

(၂၆) ၎င်း 'ပါရာဇိကဏ်ဘာသာဋီကာ-ပဌမအုပ်'။

(၂၇) ။ 'ပါရာဇိကဏ်ဘာသာဋီကာ-ဒုတိယအုပ်' ။

(၂၈) ။ 'ပါရာဇိကဏ် ဘာသာဋီကာ-တတိယအုပ်' ။

(၂၉) ။ 'ပါရာဇိကဏ် ဘာသာဋီကာ-စတုတ္ထအုပ်' ။

(၃၀) ။ 'ပါစိတ်ဘာသာဋီကာ'။

(၃၁) ။ 'မဟာဝါဘာသာဋီကာ' ။

(၃၂) ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး အရှင်ဇနကာဘိဝံသစီရင်သော 'စူဠဝါ ဘာသာဋီကာ'။

(၃၃) 'ပရိဝါ ဘာသာဋီကာ'။ ။ဤဝိနည်းဥပဒေတော်ကြီးကို ၁၃၂၅ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်နေ့၌ အဆုံးသတ်ရေးသားပြီးနောက်မှ အမှတ် ၃၁, ၃၂ နှင့် ၃၃ ကျမ်းများကို ရရှိပါသည်။ ဤကျမ်းများမှ လိုရာ အကြောင်းအရာများကို ကောက်နုတ်၍ 'ဝိနည်း ဥပဒေတော်ကြီး'ကို ပုံမနှိပ်မီစပ်ကြား သက်ဆိုင်သော ထိုထိုကဏ္ဍများ၌ ဖြည့်စွက်ထည့်သွင်းပါသည်။ သို့ဖြစ်၍ ၎င်း သုံးကျမ်းတို့ကိုလည်း မှီငြမ်းပြုသည့် ကျမ်းစာရင်းတွင် ထပ်မံဖြည့်သွင်းခြင်း ဖြစ်ပါသည်။ ။[ဤ ဆရာတော်ဘုရားကြီးသည် ဝိနည်းတော်နှင့် ပတ်သက်သမျှ ကုန်စင်အောင် ရေးမည်ဟု အားခဲလျက် ရှိတော်မူသည့်အတိုင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာစွာဖြင့် ကျန်သော ကျမ်းများကို ပြုစုနိုင်ပါစေသော်။]

**မှတ်ချက်**။ ။မဟာဝဂ္ဂပါဠိ, မဟာဝဂ္ဂ အဋ္ဌကထာစသော ကျမ်းများကို ကိုးကား၍ရေးသားသော အနက်များမှာ ဤစာအုပ်ကို တည်းဖြတ် ပြင်ဆင်ပေးသော ဆရာတော်ဘုရားက မြန်မာလိုပြန်၍ ရေးပေးသော အနက်များ ဖြစ်သည်။ ဤစာအုပ်ကိုရေးသားရာ၌ မြန်မာပြန်ကျမ်းများ သက်သက်ချည်းကို မှီပြီးရေး၍ မဖြစ်ပါ။ မရှင်းလင်းသော အချက်အလက်များကို ပါဠိကျမ်းများနှင့် မကြာမကြာ တိုက်ဆိုင်ကြည့်ရှုရပါသည်။ ဤကိစ္စမျိုး၌လည်း ဤဆရာတော်ဘုရားကပင် ပါဠိကျမ်းများကိုဖော်၍ အဓိပ္ပါယ်ရှင်းပြပြီး အချိတ်အဆက် ဟပ်မိအောင် ပြုပြင်စီရင်ပေးပါသည်။ ဤဆရာတော်ဘုရားနှင့် မဆုံမိလျှင် ဤစာအုပ်ကိုလည်း ရေးဖြစ်မည်မဟုတ်ပေ၊ ရေးဖြစ်လျှင်လည်း ဤမျှလောက် ချောမောပြည့်စုံမည် မဟုတ်ပေ။ ထို့ကြောင့် ဤစာအုပ်ကို ဤ ဆရာတော်ဘုရား၏ စာအုပ်ဟုပင် ခေါ်ချင်ပါတော့သည်။ ဤ ဆရာတော်ဘုရား၏ ကျေးဇူးသည်လည်း ကြီးမားလှပါပေ၏။

ထိုကျမ်းပြုဆရာကြီး ဆရာဉာဏ်၏ ဂုဏ်ကျေးဇူးကို အမှတ်တရ ပြုလျက် ပူဇော်၍ ထို ဆရာတော်မြတ်တို့၏ ဂုဏ်ကျေးဇူးကိုလည်း အမှတ်တရပြုကာ ရှိသေလေးမြတ်စွာဖြင့် ရှိခိုးကန်တော့ပါ၏။ ဤစာအုပ်ကို တည်းဖြတ်ပြင်ဆင်ပေးသည့် စာရေးသူ၏ နိဿယည်းဆရာဖြစ်ခဲ့ဖူးသော ဆရာတော်ဘုရားကိုလည်း ကျေးဇူး ဥပကာရတင်လျက် ရိုသေစွာ ရှိခိုးကန်တော့ပါ၏။ ဤကျမ်းစာအုပ်

စာရင်း၌ထုတ်ဖော်၍ ပြမသွားသော, မှီငြမ်းပြုသည့် ထိုထိုကျမ်းစာအုပ်တို့ကို စီရင်သောဆရာမြတ်တို့ကိုလည်း ထုံနည်းတူ ရိုသေစွာ ရှိခိုးကန်တော့ပါ၏။

ဝိနည်းဥပဒေ စည်းဝိုင်းအတွင်း၌ နေနေရသောကြောင့် ဤစာအုပ်ကို ဤသို့ ရေးသားခြင်းဖြင့်သာ ပြုစုနိုင်ပါသည်။ အများအကျိုးငှါ ဤစာအုပ်ကို ပုံနှိပ်၍ အနှံ့အပြား ဖြန့်ဖြူးစေလိုပါသည်။ သို့ဖြစ်၍ တတ်နိုင်သည့်ဘက်က နေပြီး ဆောင်ရွက်သောအနေဖြင့် ဤစာအုပ်ကို **ဝိနည်းဥပဒေတော်ကြီး**–ဟု အမည်မှည့်၍ 'ဓမ္မဒါန' အဖြစ်ဖြင့် လှူဒါန်းပါသည်။ ထို့ကြောင့် ဤစာအုပ်ကို မည်သူမဆို ပုံနှိပ်၍ အလိုရှိသလို အသုံးချနိုင်ပါသည်၊ (ဝါ)လှူလိုက လှူနိုင်ပါသည်၊ 'ကိုယ်ပိုင်မူ'သဖွယ် အသုံးပြုလိုက ပြုနိုင်ပါသည်။ ချွင်းချက်မရှိ၊ အလိုရှိသည့်အတိုင်း ပြန့်ပွားအောင် ဖြန့်ဖြူးနိုင်ပါသည်။

ရဟန်းတော်များ၏ အကျင့်သီလ ဂုဏ် သိက္ခာသည် နေ လကဲ့သို့ ထွန်းလင်းတောက်ပ၍ အထွတ်အထိပ်သို့ ရောက်ပါစေသတည်း။

ဩဘာသ

# မာတိကာ

ဦးရေ အကြောင်းအရာ စာမျက်နှာ


၁ ဘိက္ခုပါတိမောက် သက်သက် ပြန်ဆိုရန်အတွက်
ရွတ်ဆိုသောနည်း .... .... ၁
၂ အာပတ် ၇ ပုံ .... .... ၂
(က) သိက္ခာ ပုဒ် ၂၂၇-ပါး .... .... ၃
(ခ) ယဉ်ကျေးမှု .... .... ၃
၃ ဘိက္ခု ပါတိမောက် (မြန်မာ သက်သက်) .... ၄
(က) ပုဗ္ဗကရဏ ၄-ပါး .... .... ၄
(ခ) ပုဗ္ဗ ကိစ္စ ၅-ပါး .... .... ၄
(ဂ) ပတ္တကလ္လအင်္ဂါ ၄-ပါး .... .... ၄
(ဃ) ဥပေါသထဉတ် .... .... ၅
၄ ပါရာဇိက ၄-ပါး .... .... ၆
၅ သံဃာဒိသိသ် ၁၃-ပါး .... .... ၁၀
၆ အနိယတ ၂-ပါး .... .... ၂၅
(က) စာရေးသူ၏ ထင်မြင်ချက် .... ၂၇
(ခ) ဃတိ .... ၃၀
၇ နိဿဂ္ဂိယ ပါစိတ် ၃၀ .... .... ၃၁
(၁) စီဝရဝဂ် .... .... ၃၁
(၂) ဧဠကလောမဝဂ်(ခေါ်)ကောသိယဝဂ် .... ၃၈
ဝိပါဒကို စိစစ်ဝေဖန်ခြင်း .... ၄၃
(၃) ပတ္တဝဂ .... .... ၅၂
၈ သုဒ္ဓပါစိတ် ၉၂ .... .... ၅၈
(၁) မုသာဝါဒဝဂ် .... .... ၅၈

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | (က) ပါစိတ် အာပတ်၌ အကျုံးဝင်သည့် တမိုးတရံ တည်းသော ကျောင်း ၈-မျိုး .... | ၆၀ |
| | (ခ) ဒုက္ကဋ် အာပတ်၌ အကျုံးဝင်သည့် တမိုးတရံ တည်းသော ကျောင်း ၅-မျိုး .... | ၆၁ |
| | (ဂ) နှိုးဆော်ချက် .... .... | ၆၃ |
| | (၂) ဘူတဂါမဝဂ်(ခေါ်)သေနာသနဝဂ် .... | ၆၆ |
| | ဝိဝါဒကို စိစစ်ဝေဖန်ခြင်း .... | ၆၇ |
| | (၃) ဘိက္ခုနောဝါဒဝဂ်(ခေါ်)ဩဝါဒဝဂ် .... | ၇၄ |
| | (၄) ဘောဇနဝဂ် .... .... | ၇၆ |
| | (၅) အစေလကဝဂ် .... .... | ၈၉ |
| | (၆) သုရာပါနဝဂ် .... .... | ၉၄ |
| | (၇) သပ္ပါဏကဝဂ် .... .... | ၉၇ |
| | (၈) သဟ ဓမ္မိကဝဂ် .... .... | ၁၀၃ |
| | (၉) ရတနဝဂ်(ခေါ်) ရာဇဝဂ် .... | ၁၀၇ |
| ၉ | ပါဋိဒေသနီ ၄-ပါး .... .... | ၁၁၂ |
| ၁၀ | သေခိယ ၇၅-ပါး .... .... | ၁၁၅ |
| | (၁) ပရိမဏ္ဍလဝဂ် .... .... | ၁၁၅ |
| | (၂) ဥဇ္ဇဂ္ဃိကဝဂ် .... .... | ၁၁၇ |
| | (၃) ခမ္ဘကတဝဂ် .... .... | ၁၁၇ |
| | (၄) သက္ကစ္စဝဂ်(ခေါ်)ပိဏ္ဍပါတဝဂ် .... | ၁၁၉ |
| | (၅) ကဗဠဝဂ် .... .... | ၁၂၁ |
| | (၆) သုရုသုရုဝဂ် .... .... | ၁၂၁ |
| | (၇) ပါဒုကာဝဂ် .... .... | ၁၂၂ |
| ၁၁ | အဓိကရဏ သမထ ၇-ပါး .... — | ၁၂၄ |
| | (က) အဓိကရဏ်း(မငြိမ်သက်မှု) ၄-ပါး .... | ၁၂၅ |
| | (ခ) အဓိကရဏ်းနှင့် သမထ .... | ၁၂၅ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၂ | ဘိက္ခုနီ ပါတိမောက် (မြန်မာသက်သက်) | ၁၂၇ |
| ၁၃ | ပါရာဇိက အခဏ်း | ၁၂၇ |
| ၁၄ | သံဃာဒိသိသ် အခဏ်း | ၁၃၀ |
| ၁၅ | နိဿဂ္ဂိယ ပါစိတ် အခဏ်း | ၁၃၆ |
| | (၁) ပတ္တဝဂ် | ၁၃၆ |
| | (၂) စီဝရဝဂ် | ၁၃၇ |
| ၁၆ | သုဒ္ဓပါစိတ် အခဏ်း | ၁၃၈ |
| | (၁) လသုဏဝဂ် | ၁၃၈ |
| | (၂) အန္ဓကာရဝဂ်(ခေါ်)ရတ္တန္ဓကာရဝဂ် | ၁၄၁ |
| | (၃) နဂ္ဂဝဂ် | ၁၄၃ |
| | (၄) တုဝဋ္ဋဝဂ် | ၁၄၄ |
| | (၅) စိတ္တာဂါရဝဂ် | ၁၄၆ |
| | (၆) အာရာမဝဂ် | ၁၄၈ |
| | (၇) ဂဗ္ဘိနီဝဂ် | ၁၅၀ |
| | (၈) ကုမာရီ ဘူတဝဂ် | ၁၅၂ |
| | (၉) ဆတ္တု ပါဟနဝဂ် | ၁၅၅ |
| ၁၇ | ပါဋိ ဒေသနီယ အခဏ်း | ၁၅၇ |
| ၁၈ | နိဂုံး | ၁၅၈ |


**နောက်ဆက်တွဲ**


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၉ | တုလ္လစ္စဉ်းအာပတ် | ၁၅၉ |
| ၂၀ | ဝတ္တဘေဒ ဒုက္ကဋ် | ၁၆၀ |
| ၂၁ | ဒုက္ကဋ် ၈-မျိုး | ၁၆၀ |
| ၂၂ | ဒုဗ္ဘာသိ အာပတ် | ၁၆၅ |
| ၂၃ | ကုလဒူသန အာပတ် | ၁၆၅ |
| ၂၄ | မိစ္ဆာဇီဝ | ၁၇၁ |
| | (က) မှတ်ချက် | ၁၇၂ |
| | (ခ) သတိ | ၁၇၄ |

# ဝိနည်းဥပဒေတော်ကြီး


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | (ဂ) စာရေးသူ၏ဝန်ခံချက် .... .... | ၁၇၇ |
| | (ဃ) နှိုးဆော်ချက် .... .... | ၁၇၇ |
| | (င) မှတ်ဖွယ် .... .... | ၁၈၀ |
| ၂၅ | လဇ္ဇီနှင့် အလဇ္ဇီ .... .... | ၁၈၀ |
| | (က) သတိ .... .... | ၁၈၃ |
| | (ခ) မှတ်ချက် .... .... | ၁၈၃ |
| | (ဂ) နှိုးဆော်ချက် .... .... | ၁၈၆ |
| | (ဃ) စာရေးသူ၏အလို .... .... | ၁၈၇ |
| ၂၆ | ဒမြကြီး ၅-မျိုး .... .... | ၁၈၇ |
| ၂၇ | ပုဂ္ဂိုလ် ၄-မျိုး .... .... | ၁၈၈ |
| | (က) နှိုးဆော် သတိပေးချက် .... .... | ၁၈၉ |
| ၂၈ | နိဿယ မုစ္စက အမြွက် .... .... | ၁၉၀ |
| | (က) နိဿယည်း ယူပုံ .... .... | ၁၉၀ |
| | (ခ) မှတ်ချက် .... .... | ၁၉၁ |
| | (ဂ) သတိ .... .... | ၁၉၁ |
| | (ဃ) နိဿယည်း ငြိမ်းပုံ .... .... | ၁၉၂ |
| | (င) နိဿယ မုစ္စက အင်္ဂါ .... .... | ၁၉၇ |
| | (စ) သာမဏေများ သတိပြု .... .... | ၁၉၈ |
| ၂၉ | ဥပဇ္ဈာယ်, နိဿယည်း အမြွက် .... .... | ၁၉၉ |
| | (က) အမှာ .... .... | ၂၀၀ |
| | (ခ) သတိ .... .... | ၂၀၁ |
| ၃၀ | သက်န်းအဓိဋ္ဌာန်တင်နည်း, စောင့်ရှောက်နည်း, စွန့်နည်း | ၂၀၁ |
| | (က) သက်န်း ၉ ထည် .... .... | ၂၀၁ |
| | (ခ) အဓိဋ္ဌာန်တင်နည်း ၄-မျိုး .... | ၂၀၄ |
| | (ဂ) တင်နည်းပုံစံ .... .... | ၂၀၄ |
| | (ဃ) မှတ်ချက် .... .... | ၂၀၄ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | (င) တင်ပုံ .... .... | ၂၀၇ |
| | (စ) စွန့်ပုံ .... .... | ၂၀၇ |
| | (ဆ) အမှာ .... .... | ၂၀၇ |
| | (ဇ) အရဏ်တက်ချိန် .... .... | ၂၀၈ |
| | (ဈ) အရဏ်တက်ချိန်ကို ဂရု-လဟု မှုဖြင့်ရှင်းတမ်း | ၂၀၈ |
| | (ည) နိဿဂ္ဂိ မထိုက်ခစနည်း .... .... | ၂၁၀ |
| | (ဋ) အနီးစွန့်ပုံ .... .... | ၂၁၁ |
| | (ဌ) အဝေးစွန့်ပုံ .... .... | ၂၁၂ |
| | (ဍ) အထူးသိမှတ်ဖွယ် .... .... | ၂၁၃ |
| | (ဎ) အနီးစွန့်ပုံ .... .... | ၂၁၄ |
| | (ဏ) အဝေးစွန့်ပုံ .... .... | ၂၁၄ |
| ၃၁ | သက်န်း ဝိကပ္ပနာပြုနည်း .... .... | ၂၁၄ |
| ၃၂ | သပိတ် အဓိဋ္ဌာန်တင်နည်း, ဝိကပ္ပနာပြုနည်း, ခေါင့်ရှောက်နည်း | ၂၁၆ |
| | (က) သပိတ် သိမ်းဆည်းစောင့်ရှောက်ပုံ .... | ၂၁၈ |
| ၃၃ | ဝိနည်း၌ အကျုံးဝင်သည့် သင်္ကန်းစသော ဝတ္ထုပစ္စည်းများ၏ အတိုင်းအရှည်ကို အတောင်အထွာဖြင့် မတိုင်းတာပဲ ပေ လက်မဖြင့်ဖွဲ့၍ တွက်သော မဏ္ဍိမဝစုကို တွက်နည်း .... .... | ၂၁၉ |
| ၃၄ | အကပ္ပိယ အသားမျိုး .... .... | ၂၂၉ |
| | (က) အထူး မေတ္တာရပ်ခံခြင်း.... .... | ၂၃၀ |
| | (ခ) "တရစ္ဆ" ဆိုသော အကောင်သည် အောင်းလော၊ သို့တည်းမဟုတ် ကျားနက် (ကျားမင်း)လော | ၂၃၂ |
| ၃၅ | အကပ္ပိယ ပစ္စည်းမျိုး .... .... | ၂၄၁ |
| ၃၆ | အနေသန ၂၁-ပါး .... .... | ၂၄၂ |
| ၃၇ | အနာမာသ (မကိုင်ကောင်းသော) ဝတ္ထုမျိုး .... | ၂၄၃ |
| | ဝိဝါဒကို စိစစ်ဝေဖန်ခြင်း .... | ၂၄၄ |
| ၃၈ | ဒါယကာလှူသော်လည်း အလှူမခံကောင်း .... | ၂၄၆ |

ဦးရေ | အကြောင်းအရာ | စာမျက်နှာ

၃၉ ကာလိက ၄-ပါး အမြွက် .... .... ၂၄၆
(က) စဉ်းစားဖွယ် .... .... ၂၄၉
၄၀ အကပ်ခံနည်း .... .... ၂၅၁
(က) ဒုရူပစိဏ္ဏ=မကောင်းသဖြင့် ပြုကျင့်မှု .... ၂၅၃
(ခ) ဥဂ္ဂဟိတက=ကြွချီမြှောက်ယူမှု .... ၂၅၄
၄၁ ကပ္ပိခြင်း ၅ ပါး အမြွက် .... .... ၂၅၄
၄၂ အမှီ ၄ ပါး .... .... ၂၅၆
၄၃ ဆေးဟူသော မှီရာနိဿယအမြွက် .... .... ၂၅၇
၄၄ ဆွမ်းဦးပေးခြင်း .... .... ၂၆၁
၄၅ ကျောင်း-ဟူသော မှီရာနိဿယ အမြွက် .... ၂၆၁
(က) ကုဋိ ၄-မျိုး .... .... ၂၆၁
(ခ) ကပ္ပိယကုဋိ အင်္ဂါ .... .... ၂၆၂
(ဂ) ပဌမ ကပ္ပိယ ကုဋိ .... .... ၂၆၂
(ဃ) ဂဟပတိ ကုဋိ .... .... ၂၆၂
(င) ဥဿာဝနန္တိက ကုဋိ.... .... ၂၆၃
(စ) ဂေါနိသာဒိကာ ကုဋိ ၂-မျိုး .... ၂၆၃
(ဆ) သမ္မုတိ ကုဋိ .... .... ၂၆၄
(ဇ) သမ္မုတိ ကုဋိ တမျိုး .... .... ၂၆၄
(ဈ) သမုတ်ပုံ .... .... ၂၆၅
(ည) ကျောင်းနေစက်ချနည်း.... .... ၂၆၉
(ဋ) သတိ .... .... ၂၇၀
၄၆ ဝါဆိုခန်း .... .... ၂၇၀
(က) ဝါတွင်း၌ မိမိကိုယ်ကျိုးအတွက် ဆေးပစ္စည်းရှာရန်အလို့ငှါ
ဝါပန်၍ သွားအပ်-မသွားအပ် .... ၂၇၃
(ခ) ဝါတွင်း၌ တရားအားထုတ်ရန် အသို့ငှါ ....
ဝါပန်၍ သွားအပ်-မသွားအပ် .... ၂၇၅
(ဂ) အရဏ်ကို သတိပြု .... .... ၂၇၉

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၇ | ကထိန် အမြွက် .... .... | ၁၈၀ |
| | (က) ကိစ္စ ၈-ပါး .... .... | ၁၈၀ |
| | (ခ) ညုတ် ကမ္ဗဝါစာဖတ်ရန် အစီအစဉ် .... | ၁၈၅ |
| | (ဂ) ကမ္ဗဝါစာ .... .... | ၁၈၁ |
| | (ဃ) အနက် .... .... | ၁၈၃ |
| | (င) ခင်းပုံ .... .... | ၁၈၃ |
| | (စ) အနုမောဒနာပြုပုံ .... .... | ၁၀၄ |
| | (ဆ) အင်္ဂါ ၈-ပါး .... .... | ၁၈၅ |
| | (ဇ) ပုဗ္ဗကရဏ ၇-ပါး .... .... | ၁၈၅ |
| | (ဈ) မာတိကာ ၈-ပါး .... .... | ၁၈၆ |
| | (ည) အန္တရုဗ္ဗာ, သဟုဗ္ဗာ နှစ်ဖြာ ခုတ်ခြင်းပြား.... | ၁၈၇ |
| | (ဋ) နိသင်ငါးမှာ၊ ဤသို့လာ၊ သေချာမှတ်ထားပါ | ၁၈၈ |
| | (ဌ) ဝါဒကွဲပုံ .... .... | ၁၁၈ |
| ၄၈ | သုသာန်၌ ကျောင်းဆောက်၍ နေအပ်-မနေအပ် .... | ၁၉၀ |
| ၄၉ | အလုံးစုံ မဖြတ်သောသက်န်း အပ်-မအပ် .... | ၃၀၁ |
| | (၁)။ ငါးပိုင်း-ငါးစပ်စသော အခဏ်းတို့ကိုသာ ဖြတ်၍ အိမ်ဝန်းကြီး အိမ်ဝန်းငယ် မြောင်းတလုပ် တို့ကို ဓားစသည်ဖြင့်ပိုင်းပိုင်းမဖြတ်ပဲ ခေါက်၍ချုပ်သော သက်န်းဖြင့် (ဝါ) အလုံးစုံမဖြတ်သောသက်န်းဖြင့် ကထိန်ခင်းအပ်-မခင်းအပ်။ .... | ၃၀၁ |
| | (၁)။ ငါးပိုင်း-ငါးစပ်စသော အခဏ်းတို့ကိုသာ ဖြတ်၍ အိမ်ဝန်းကြီး အိမ်ဝန်းငယ် မြောင်းတလုပ် တို့ကို ဓားစသည်ဖြင့်ပိုင်းပိုင်းမဖြတ်ပဲ ခေါက်၍ချုပ်သော သက်န်းကို(ဝါ) အလုံးစုံ မဖြတ်သော သက်န်းကို ဝတ်ရုံအပ်-မအပ် .... .... | ၃၀၁ |
| | (က) ရှေးဆရာတော်ဘုရားကြီးတို့ ဝန်ခံပုံ | ၃၃၃ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၅၀ | ၁၁-ခဏ်းဆက် ပိုလွှန်သောသက်န်းဖြင့်ကထိန်ခင်းအပ်.... မခင်းအပ် .... .... | ၃၄၁ |
| ၅၁ | ဆွမ်းစားကျင့်ဝတ် .... .... | ၃၅၅ |
| ၅၁ | ကျင်ကြီးအိမ်(ဝစ္စကုဋီ)တက်စဉ် ကျင့်ဝတ် .... | ၃၆၇ |
| ၅၃ | ပစ္စဝေက္ခဏာ ဆင်ခြင်ရန် .... .... | ၃၆၉ |
| | (က) သင်္ကန်း၌ ဆင်ခြင်ပုံ .... .... | ၃၇၀ |
| | (၁) သင်္ကန်းဆိုးရည်ခေါက်နှင့်ပတ်သက်၍စာရေးသူ၏ ထင်မြင်ယူဆပုံ .... | ၃၇၀ |
| | (ခ) ဆွမ်း၌ဆင်ခြင်ပုံ .... .... | ၃၇၅ |
| | (ဂ) ကျောင်း အိပ်ရာ နေရာ၌ ဆင်ခြင်ပုံ .... | ၃၇၅ |
| | (ဃ) ဆေး၌ဆင်ခြင်ပုံ .... .... | ၃၇၆ |
| | (င) မှတ်ချက် .... .... | ၃၇၉ |
| ၅၄ | အာပတ်သင့်ခြင်း အကြောင်း ၆-ပါး .... | ၃၈၁ |
| ၅၅ | အာပတ်သင့်သူနှစ်ယောက်၊ မသင့်သူနှစ်ယောက် | ၃၈၃ |
| ၅၆ | ကုသိုလ်ရသူ ၄-ယောက်၊ ကုသိုလ်မရသူ ၃-ယောက် | ၃၈၃ |
| ၅၇ | ဘုရားရှိ-မရှိ အာပတ် ၃-မျိုး .... .... | ၃၈၃ |
| ၅၈ | ပါရာဇိက အမြွက် .... .... | ၃၈၃ |
| | (က) ရှင်သာမဏေ အတွက် .... .... | ၃၈၆ |
| | (ခ) လူဝတ်ကြောင်အတွက် .... .... | ၃၈၇ |
| ၅၉ | သံဃာဒိသိသ်(ဝုဋ္ဌာနဂါမ်)အာပတ်ကုစားနည်း .... | ၃၈၈ |
| | (က) ဒေသနာပြောပုံ .... .... | ၃၈၉ |
| ၆၀ | ဒေသနာဂါမ် အာပတ်ကုစားနည်း.... .... | ၃၉၅ |
| | (က) အမှာ .... .... | ၃၉၈ |
| | (ခ) ဂရုကေ ဌာတဗ္ဗံ သဘော .... | ၃၉၈ |
| ၆၁ | အာဏာပါတိမောက် သံဃဥပုသ်ကံပြုခဏ်း .... | ၃၉၉ |
| ၆၂ | ဥပေါသထ ကံဆောင်ခဏ်း (သုံးပါးဥတ်ထား၍ ပါရိ သုဒ္ဓိဥပုသ်ပြုခြင်း) .... .... | ၄၀၉ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | (က) ဂဏာဥတ် .... .... | ၄၁၀ |
| | (ခ) ပါရိသုဒ္ဓိ အကြီးကြားပုံ.... .... | ၄၁၀ |
| | (ဂ) အငယ်ကြားပုံ .... .... | ၄၁၀ |
| | (ဃ) နှစ်ပါးဥတ်မထားပဲ ပါရိသုဒ္ဓိ ဥပုသ်ပြုခြင်း | ၄၁၀ |
| | (င) တပါးတည်းအဓိဋ္ဌာန်ဥပုသ် ပြုခြင်း .... | ၄၁၀ |
| ၆၃ | ပဝါရဏာ ကံဆောင်ခဏ်း .... | ၄၁၁ |
| | (က) ပဝါရဏာဥတ် .... .... | ၄၁၄ |
| | (ခ) အကြီး ပဝါရဏာပြုပုံ .... .... | ၄၁၄ |
| | (ဂ) လေးပါးဂဏ ပဝါရဏာ ပြုပုံ .... | ၄၁၅ |
| | (ဃ) လေးပါးဂဏာဥတ် .... .... | ၄၁၅ |
| | (င) ပဝါရဏာဖိတ်ပုံ .... .... | ၄၁၅ |
| | (စ) သုံးပါးဂဏ ပဝါရဏာပြုပုံ .... | ၄၁၆ |
| | (ဆ) နှစ်ပါးဂဏ ပဝါရဏာပြုပုံ .... | ၄၁၆ |
| | (ဇ) တပါးတည်း အဓိဋ္ဌာန်ပြုပုံ .... | ၄၁၆ |
| ၆၄ | သိမ်ခဏ်းအမြွက် .... .... | ၄၁၇ |
| ၆၅ | ရဟန်းခံအမြွက် .... .... | ၄၁၇ |
| ၆၆ | ရဟန်းခံခြင်း အစီအစဉ်(ရှင်ပြုခဏ်း) .... | ၄၄၁ |
| | (က) ဥပသမ္ပဒကံဆောင်ခဏ်း (တပါးအတွက်) .... | ၄၄၇ |
| | (ခ) ဥပသမ္ပဒ ကမ္မဝါစာ .... .... | ၄၅၃ |
| | (ဂ) အနက် .... .... | ၄၅၄ |
| | (ဃ) ဩဝါဒပြုခဏ်း .... .... | ၄၅၆ |
| | (င) နိဿယ, အကရဏီယ ပြောကြားခဏ်း .... | ၄၅၆ |
| | (စ) ဆရာ ခွင့်လွှတ်စကား မိန့်ကြားပုံ .... | ၄၅၈ |
| | (ဆ) ရဟန်းသစ် ခွင့်လွှတ်စကားလျှောက်ကြားပုံ.... | ၄၅၈ |
| | (ဇ) ဒွန် ဥပသမ္ပဒ ကံဆောင်ခဏ်း(သုံးပါးအတွက်) | ၄၅၉ |
| | (ဈ) ဥပသမ္ပဒ ကမ္မဝါစာ .... .... | ၄၆၅ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | (ည) သတိ .... .... | ၄၆၆ |
| | (ဋ) ရှင်ရဟန်းမပြုထိုက်သူ သုံးကျိပ်နှစ်ယောက် .... | ၄၆၆ |
| | (ဌ) ပညတ်တော်မူပုံ .... .... | ၄၆၇ |
| | (ဍ) အမှာ .... .... | ၄၆၇ |
| | (ဎ) ရခဲခြင်း ၄-ပါး .... .... | ၄၆၉ |
| | (ဏ) ရဟန်းပြုမှု ၃-မျိုး .... .... | ၄၆၉ |
| | (တ) သတိပေးချက် .... .... | ၄၆၉ |
| ၆၇ | သိက္ခာချနည်း .... .... | ၄၇၀ |
| ၆၈ | မော်လမြိုင်မြို့၊ မြို့ဝ မဟာ သတိပဋ္ဌာန် ကျောင်း ဆရာတော်ဘုရားကြီး၏ ညွှန်ကြားချက် .... .... | ၄၇၁ |
| ၆၉ | နိဂုံး .... .... | ၄၇၄ |
| ၇၀ | ဖြည့်စွက်ရေးခြင်း .... .... | ၄၇၅ |


မာတိကာ ပြီး၏။

# ဝိနည်းဥပဒေတော်ကြီး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁။ ဘိက္ခုပါတိမောက်သက်သက် ပြန်ဆိုရန်အတွက် ရွတ်ဆိုသောနည်း

ပြလတ္တံ့သော ဘိက္ခုပါတိမောက် (မြန်မာသက်သက်)ဟူသော ခေါင်းစဉ်အောက်၌လာသည့် 'နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ' ဟု ဆိုသော ပါဠိအပိုဒ်နှင့် 'ပူဇော်အထူးကို ခံတော်မူထိုက်သော အလုံးစုံသောတရားတို့ကို မဖေါက်မပြန် ကိုယ်ပိုင်ဉာဏ်ဖြင့် သိတော်မူသော ထိုမြတ်စွာဘုရားအား ရှိသေစွာ ရှိခိုးပါ၏'ဟူသော အပိုဒ်ကိုကြည့်၍ အခြားစာပိုဒ်များ၏ဘေးတွင် ပြထားသော ပုဗ္ဗကရဏ ၄-ပါး, ပုဗ္ဗကိစ္စ ၅-ပါး, ပတ္တကလ္လအင်္ဂါ ၄-ပါး, ဥပေါသထဉတ်ဆိုသော အမည်များနှင့် နိဒါနုဒ္ဒေသ, ပါရာဇိက ၄-ပါး, သံဃာဒိသိသ် ၁၃-ပါး, အနိယတ ၂-ပါး, နိဿဂ္ဂိယပါစိတ် ၃၀၊ သုဒ္ဓပါစိတ် ၉၂၊ ပါဋိဒေသနီ ၄-ပါး၊ သေခိယ ၇၅-ပါး၊ အဓိကရဏသမထ ၇-ပါး-ဟူသော ခေါင်းစဉ်အမည်များကို ထည့်၍ဆိုရန်မလို၊ မှတ်ချက်မှတ်ဖွယ်အမှာစသော အပိုဒ်များကိုလည်း ထည့်၍ဆိုရန်မလို၊ သို့ရာတွင်၊ ဝီဝရဝဂ်, ဌေကလောမဝဂ်စသော ဝဂ်အမည်များကိုမူ ထည့်၍ဆိုပါ။

နိဒါန်းဆုံးလျှင် ပါရာဇိက အခဏ်း၌ပါရှိသည့်အတိုင်း 'ထိုပါတိမောက်၌ လေးပါးကုန်သော ပါရာဇိက အမည်ရှိကုန်သော ဤအာပတ်တို့သည် သရုပ်အားဖြင့် ပြအပ်သည်၏အဖြစ်သို့ ရောက်ကုန်၏' ဟူသည်မှစ၍ 'ပါရာဇိက ကို သရုပ်အားဖြင့်ပြခြင်းသည် ပြီးခြင်းသို့ရောက်ပြီ' အထိကိုဆို။ ထိုနောက် 'အရှင်တို့....တဆယ့်သုံးပါးကုန်သော သံဃာဒိသိသ် အမည်ရှိကုန်သော ဤအာပတ်တို့သည် သရုပ်အားဖြင့် ပြအပ်သည်၏အဖြစ်သို့ ရောက်ကုန်၏' ဟူသည်မှစ၍ 'သံဃာဒိသိသ်ကို သရုပ်အားဖြင့်ပြခြင်းသည် ပြီးခြင်းသို့ရောက်ပြီ' အထိကိုဆို၊ အနိယတ စသော နောက်အခဏ်းများကိုလည်း ဤနည်းအတိုင်း ဆက်ဆို၍ 'အကျယ်ပြခြင်းသည် ပြီးခြင်းသို့ရောက်ပြီ' သို့မဟုတ် 'ဝိတ္ထာရုဒ္ဒေသ သည်

ပြီးခြင်းသို့ရောက်ပြီ' ဟူသော နိဂုံးဖြင့် အဆုံးသတ်ပါလေ၊ သိက္ခာပုဒ်များ၏ အမည်များကိုလည်း တပါတည်းထည့်၍ ရွတ်ဆိုတော်မူကြပါကုန်။

**သင်္ကေတ လက္ခဏာများ**

(၁) ' ' ဤအမှတ်အသား အတွင်းရှိ စကားများကို ရည်ညွှန်းသော အကြောင်းအရာ သို့မဟုတ် ၎င်း၏အမည်နာမဟု အကြောင်းအား လျော်စွာ သိမှတ်ပါ။

(၂) " " ဤအမှတ်အသားအတွင်းရှိ စာပိုဒ်များကို ပုဂ္ဂိုလ်တဦးဦး၏ ဆိုလိုသောအခြင်းအရာ အာကာရဟုသိပါ။

(၃) ( ) ဤအမှတ်အသားအတွင်းရှိ စကားများကို ရှေ့က ကပ်လျက်ရှိသောပုဒ်နှင့် အဓိပ္ပါယ်သဘော တူသည်ဟုသိပါ။ သို့သော် အခါအားလျော်စွာ အချို့နေရာများ၌ အဓိပ္ပါယ် ပိုမိုထင်ရှားစေခြင်းငှါ စာရေးသူကိုယ်ပိုင် ဖြည့်စွက်ထည့်သွင်းသော စကားများဟုလည်း သိပါ။

(၄) [ ] ဤအမှတ်အသားအတွင်းရှိ စကားများကို မူရင်းသိက္ခာပုဒ်နှင့် ဆက်စပ်လျက်ရှိသော အကြောင်းအရာ, အပြစ်များဟုသိပါ။ ၎င်းတို့မှာ သိသင့်သိထိုက်သော အကြောင်းအရာများဖြစ်၍ ၎င်းတို့ကိုလည်း အာဂုံဆောင်ရန်လိုအပ်ပေသည်။ သို့ရာတွင် သိက္ခာပုဒ်အဆုံး၌ ဤအမှတ်အသားဖြင့်ပြထားသော စကားများကိုမူ အာဂုံဆောင်ရန်မလို။

**၂။ ။အာပတ် ၇ ပုံ**

၁။ ပါရာဇိက

၂။ သံဃာဒိသိသ်

၃။ ပါစိတ်

၄။ ပါဋိဒေသနီ

၅။ ဒုက္ကဋ်အားဖြင့် ဒွေမာတိကာ ပါဠိတော်၌ တိုက်ရိုက်လာသော အာပတ် ၅-ပုံ

၆။ ထုလ္လစ္စဉ်း

၇။ ဒုက္ကဋသီအားဖြင့် မာတိကာကိုအကျယ်ပြသော ပဒဘာဇနီ(ခေါ်) ဝိဘင်းပါဠိတော်၌ လာသော အာပတ် ၂-ပုံ၊ ဤသို့အားဖြင့် အာပတ် ၇-ပုံ ဖြစ်သည်။

၎င်းတို့မှာ ပါရာဇိက, သံဃာဒိသိသ်, ထုလ္လစ္စဉ်း, ပါစိတ်, ပါဋိဒေသနီ, ဒုက္ကဋ်, ဒုဗ္ဘာသီ-ဟူ၍ ကြီးစဉ်ငယ်လိုက် အစဉ်အတိုင်းဖြစ်သည်။

ဤ အာပတ် ၇-ပုံတို့တွင် ပါရာဇိက, သံဃာဒိသိသ်-ဟူသော ရှေ့ ၂-ပုံသည် လူထွက်ခြင်း၊ ပရိဝါသ်, မာနတ်ဆောက်တည်ရခြင်းဟု ဆိုသော ကြီးလေးသောကံဖြင့် ဖြေဖျောက်ရသောကြောင့် ဂရုက အာပတ်မည်၏။ နောက် ၅-ပုံကား ဒေသနာပြောခြင်း-ဟူသော ပေါ့သောကံဖြင့် ဖြေဖျောက်ရသောကြောင့် လဟုက အာပတ်မည်၏။

---

## သိက္ခာပုဒ် ၂၂၇-ပါး

ဘိက္ခုပါတိမောက် နှင့် ဘိက္ခုနီပါတိမောက်ကို ဒွေမာတိကာ-ဟု ခေါ်သည်။ ။ဘိက္ခုပါတိမောက်၌ သိက္ခာပုဒ်ပေါင်း ၂၂၇-ပါးရှိ၏၊ ၎င်းတို့ကား ပါရာဇိက ၄-ပါး, သံဃာဒိသိသ် ၁၃-ပါး, အနိယတ ၂-ပါး, နိဿဂ္ဂိယ ၃၀, သုဒ္ဓပါစိတ် ၉၂-ပါး, ပါဋိဒေသနီ ၄-ပါး, သေခိယ ၇၅-ပါး, အဓိကရဏသမထ ၇-ပါး အားဖြင့် ၂၂၇-ပါးဖြစ်သည်။ [ဤ ၂၂၇-သွယ်သောသိက္ခာပုဒ်တို့သည် ပါတိမောက္ခသံဝရသီလ-ဟူသော ပေယျာလမုခအားဖြင့် ပြတော်မူအပ်သော ကုဋေ ကိုးထောင်တရာ, ရှစ်ဆယ်, ငါးသန်း, သုံးသောင်း, ခြောက်ထောင်သော သိက္ခာပုဒ်တို့တွင် မူလအခြေခံဖြစ်ကြ၍ အရေးအကြီးဆုံးဖြစ်ကြလေသည်။]

**ယဉ်ကျေးမှု။** ။ဤ အာဏာပါတိမောက်ဖြင့် ကိုယ်နှုတ်နှစ်ပါး၏ ယဉ်ကျေးမှုကို အထူးဆုံးမတော်မူ၏၊ မနေဒွါရအဘို့က် စိတ်သက်သက်၌ အာပတ်သင့်ရမည်-ဟု အာဏာထားတော်မမူ၊ ကိုယ်နှုတ်နှစ်ပါးကို ယဉ်ကျေးအောင်ဆုံးမသော အာဏာတော်များဖြစ်သည်။ ဤသိက္ခာပုဒ် အာဏာတော်များကို တသဝေမတိမ်းလိုက်နာ၍ ပြောဆိုနေထိုင်ပါလျှင် ကမ္ဘာပေါ်တွင် အယဉ်ကျေးဆုံး အဆင့်အတန်း၌ ရဟန်းတော်အားလုံး တည်ရှိကြမည်သာတည်း။

---

## ၃။ ။ဘိက္ခုပါတိမောက် (မြန်မာသက်သက်)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပူဇော်အထူးကို ခံဖော်မူထိုက်သော အလုံးစုံသောတရားတို့ကို မဖေါက်မပြန် ကိုယ်ပိုင်ဉာဏ်ဖြင့် သိတော်မူသော ထိုမြတ်စွာဘုရားအား ရှိသေစွာ ရှိခိုးပါ၏။

**ပုဗ္ဗကရဏ ၄-ပါး။** ။တံမြက်လှည်းခြင်း၊ ဆီမီးညှိထွန်းခြင်း၊ နေရာခင်းခြင်း နှင့် တကွ သောက်ရေသုံးဆောင်ရေ တည်ထားခြင်း၊ ဤလေးပါးသော အမှုကိစ္စတို့ကို သံဃာမစည်းဝေးမီ ရှေးအဖို့၌ပြုအပ်သောကြောင့် သုတ္တုဒ္ဒေသ သံဃဥပုသ်၏ ပုဗ္ဗကရဏ-ဟူ၍ မိန့်ဆိုအပ်၏။

**ပုဗ္ဗကိစ္စ ၅-ပါး။** ။ဆန္ဒ, ပါရိသုဒ္ဓိ, ဥတုတို့ကိုလျှောက်ကြားခြင်း၊ ရဟန်းအပေါင်းကိုရေတွက်၍ လျှောက်ကြားခြင်း၊ ဩဝါဒကိုလျှောက်ကြားခြင်း၊ဤငါးပါးသော အမှုကိစ္စတို့ကို သံဃာစည်းဝေးပြီးသည်နောက် ပါတိမောက်မပြမီ ရှေးအဖို့၌ ပြုအပ်သောကြောင့် သုတ္တုဒ္ဒေသ သံဃဥပုသ်၏ ပုဗ္ဗကိစ္စ-ဟူ၍ မိန့်ဆိုအပ်၏။

**ပတ္တကလ္လ အင်္ဂါ ၄-ပါး။** ။ဥပုသ်နေ့သည်လည်းဖြစ်၏၊ အကြင်မျှလောက် လေးပါး, လေးပါးထက်အလွန်ဖြစ်ကုန်သော ပကတတ်ရဟန်းတို့သည်လည်း သုတ္တုဒ္ဒေသ သံဃဥပုသ်ကံအား လျှောက်ပတ်ကုန်၍ ဟတ္ထပါသ်အတွင်း တည်လျက်ရှိကုန်၏၊ သဘောတူဝတ္ထုကြောင့် သင့်သောအာပတ်တို့သည်လည်းမရှိကုန်၊ ထိုရဟန်းတို့၏ နှစ်တောင့်ထွာဟတ္ထပါသ်အတွင်းမှ ကြဉ်အပ်ကုန်သော လူ, ဘိက္ခုနီစသော နှစ်ကျိပ်တယောက်သော ဝဇ္ဇနီယပုဂ္ဂိုလ်တို့သည်လည်း မရှိကုန်၊ ဤလေးပါးသောအင်္ဂါတို့ဖြင့် သင်္ဂြိုဟ်ရေတွက်အပ်သော ဥပုသ်ကံကို လျှောက်ပတ်သောအခါ ရှိသောကြောင့် ပတ္တကလ္လ—ဟူ၍ မိန့်ဆိုအပ်၏။

ပုဗ္ဗကရဏ ၄-ပါး နှင့် ပုဗ္ဗကိစ္စ ၅-ပါးတို့ကို ပြည့်စုံစေပြီး၍ သင့်သော အာပတ်အတွက် ဒေသနာပြောပြီးသော ညီညွတ်သော သံဃာတော်၏အလိုနှင့် အညီ ဘုရားတပည့်တော်တို့သည် ပါတိမောက်ကိုပြခြင်းငှါ အားထုတ်ကြကုန်အံ့။ ။သာဓု သာဓု သာဓု။

---

## နိဒါနုဒ္ဒေသ

**ဥပေါသထဥ္တံ**။ ၊သုဏာတု မေ ဘန္တေ သံဃော၊ အဇ္ဇုပေါသထော ပန္နရသော (စာတုဒ္ဒသော)၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ဥပေါသထံ ကရေယျ၊ ပါတိမောက္ခံ ဥဒ္ဒိသေယျ။

အရှင်ဘုရားတို့, သံဃာတော်သည် ဘုရားတပည့်တော်၏စကားကို နာတော်မူလော့၊ ယနေ့ ဥပုသ်နေ့သည် ပန္နရသီ-တဆယ့်ငါးရက် (စာတုဒ္ဒသီ-တဆယ့်လေးရက်) မြောက်သောနေ့တည်း။ သံဃာတော်အား လျောက်ပတ်သောအခါ ရှိသော ကံသည် အကယ်၍ဖြစ်ငြားအံ့၊ သံဃာတော်သည် ဥပုသ်ကိုပြုရာ၏၊ ပါတိမောက်ကိုပြရာ၏။

သံဃာတော်သည် ပုဗ္ဗကရဏ ၄-ပါးနှင့် ပုဗ္ဗကိစ္စ ၅-ပါးတို့ကိုပြုပြီးပြီလော။ အရှင်ဘုရားတို့, အာပတ်မှစင်ကြည်ခြင်းကို ပြောကြားကြကုန်လော့။ ပါတိမောက်ကိုပြပေအံ့။ ထိုပါတိမောက်ကို အလုံးစုံ ထေရ, နဝ, မဇ္ဈိမ ဖြစ်ကုန်သော ထင်ရှားရှိကုန်သော ဘုရားတပည့်တော်တို့သည် ကောင်းစွာနာကြကုန်အံ့၊ နှလုံးသွင်းကြကုန်အံ့။ အကြင်ရဟန်းအား အာပတ်သည် အကယ်၍ရှိငြားအံ့၊ ထိုရဟန်းသည် ထင်စွာပြုရာ၏။ အာပတ်သည် အကယ်၍မရှိငြားအံ့၊ ဆိတ်ဆိတ်နေရာ၏။ ဆိတ်ဆိတ်နေလျှင် အရှင်တို့ကို အာပတ်မှစင်ကြယ်ကြကုန်၏-ဟူ၍ သိမှတ်ရပါအံ့။ အမှန်မှာ တပါးစီ တပါးစီမေး၍ တပါးစီ တပါးစီ ဖြေကြားရမည်။ ယခုသော်ကား ဤရဟန်းပရိသတ်ကိုပေါင်းစု၍ တပါးစီ တပါးစီ မေးသကဲ့သို့ သုံးကြိမ်တိုင်အောင် မေးစိစစ်ပါအံ့။ အကြင်ရဟန်းသည် သုံးကြိမ်တိုင်အောင် မေးစိစစ်အပ်သည်ရှိသော် အာပတ်သင့်မှန်းသိလျက် ထင်ရှားရှိသောအာပတ်ကို ထင်စွာမပြုငြားအံ့၊ ထိုရဟန်းအားသိလျက် ချွတ်ယွင်းသောစကားကို ဆိုသည် မည်ခြင်းကြောင့် **သမ္ပဇာန မုသာဝါဒ** ဒုက္ကဋ်အာပတ်သည် သင့်၏။ အရှင်တို့, စင်စစ်သိလျက် ချွတ်ယွင်းသောစကားကို ဆိုခြင်းကို စျာန်မဂ်ဖိုလ်၏ အန္တရာယ်ကိုပြုတတ်သောအာပတ်-ဟူ၍ မြတ်စွာဘုရားသည်ဟောတော်မူ၏။ ထို့ကြောင့် အာပတ်သင့်မှန်းသိသော ရဟန်းသည် သင့်သောအာပတ်မှ စင်ကြယ်ခြင်းကို အလိုရှိလျှင် ထင်ရှားရှိသောအာပတ်ကို ထင်စွာပြုအပ်၏။ ထင်စွာပြုခြင်း၏ အကျိုးကား အာပတ်အတွက် တအုံ့နွေးနွေး မပူပန်ရတော့ပဲ ထိုရဟန်းအား စျာန်မဂ်ဖိုလ် နိဗ္ဗာန်တရားကိုရခြင်းငှါ ချမ်းသာသောအကျင့်သည် ဖြစ်ပေါ်နေ၏။

အရှင်တို့, နိဒါန်းကိုပြအပ်ပြီးသည်သာတည်း။ ထိုနိဒါန်း၌ အရှင်တို့ကို ဘုရားတပည့်တော်မေးပါ၏၊ အသို့နည်း အာပတ်မှစင်ကြယ်ကြပါကုန်၏လော။

နှစ်ကြိမ်မြောက်လည်း မေးပါ၏၊ အသို့နည်း အာပတ်မှ စင်ကြယ်ကြပါကုန်၏လော။ သုံးကြိမ်မြောက်လည်း မေးပါ၏၊ အသို့နည်း အာပတ်မှ စင်ကြယ်ကြပါကုန်၏လော။ အရှင်တို့သည် အာပတ်မှ စင်ကြယ်ကြကုန်သောကြောင့် သာလျှင် ဆိတ်ဆိတ်နေကြကုန်၏။ ဤသို့ ဆိတ်ဆိတ်နေကြကုန်သဖြင့် ဤအာပတ်မှ စင်ကြယ်ကြကုန်၏-ဟူ၍ သိမှတ်ရ၏။

နိဒါန်းကိုပြခြင်းသည် ပြီးခြင်းသို့ရောက်ပြီ။

## ၄။ ။ပါရာဇိက ၄-ပါး

ထိုပါတိမောက်၌ လေးပါးကုန်သော ပါရာဇိက အမည်ရှိကုန်သော ဤအာပတ်တို့သည် သရုပ်အားဖြင့် ပြအပ်သည်၏အဖြစ်သို့ ရောက်ကုန်ကုန်၏။

*(၁) **မေထုန**။ ။ရဟန်းအဖြစ်သို့ ရောက်ပြီးသောပုဂ္ဂိုလ်သည် သိက္ခာမချပဲလျက် အထက်ဆုံးတန်း 'ပရနိမ္မိတ ဝသဝတ္တိနတ်မ' မှစ၍ အောက်ထစ်ဆုံး တိရစ္ဆာန်မ၌သော်လည်း မေထုန်မှီဝဲရ။ မှီဝဲလျှင် မေထုန ပါရာဇိက အာပတ်သင့်၏။ ရဟန်းကောင်းတို့နှင့် အတူတကွ ပေါင်းသင်းခြင်းငှါ မရတော့ချေ။

[ပါရာဇိကလောက်သော အယုတ်ဆုံးတိရစ္ဆာန်ကား အခြေမဲ့တွင် မြွေ,ငါး၊ အခြေနှစ်ချောင်းတွင် ခို,ကြက်၊ အခြေလေးချောင်းတွင် ကြောင်ဖြစ်သည်။

မဂ်သည် မုခမဂ်-ခံတွင်းပေါက်၊ ပဿာဝမဂ်-ကျင်ငယ်ပေါက်၊ ဝစ္စမဂ်-ကျင်ကြီးပေါက်ဟုသုံးမျိုးရှိ၏။ မေထုန်မှီဝဲဖို့ရာ အထီးသတ္တဝါနှင့် နပုံး ပဏ္ဍုက်များ၌ မုခမဂ်, ဝစ္စမဂ် နှစ်မျိုးဖြစ်နိုင်၍ အမ သတ္တဝါများ၌ကား မဂ်သုံးမျိုး စလုံးဖြစ်နိုင်သည်။ သိက္ခာမချပဲလျက် ထိုမဂ်ဘခုခု၌ မိမိအင်္ဂါဇာတ်ကို နှမ်းတစေ့ ခန့်မျှ အတွင်းသို့ရောက်အောင်သွင်းလျှင် ပါရာဇိကကျ၏။

သေ၍ ခွေးမစားရသေးသော သို့မဟုတ် တဝက်အထိ မစားရသေးသော အသေကောင်၌မှီဝဲလျှင် ပါရာဇိကကျ၏။ ။ရဟန်းဟပါ ကျင်ငယ်စွန့်နေစဉ် သမင်ငယ်တကောင်သည်လာ၍ အင်္ဂါဇာတ်ကို စုတ်လေရာ ထိုရဟန်းသာယာ၏။ ထိုရဟန်း ပါရာဇိက ကျပြီ ဟု မိန့်တော်မူ၏။

သေ၍ တဝက်အတိကျအောင်ဖြစ်စေ၊ တဝက်ကျော်ကျော်ဖြစ်စေ ခွေးစားထားသော အသေကောင်၌ မှီဝဲလျှင် ထုလ္လစ္စဉ်း။ အရိုးစု၌ဖြစ်စေ၊ လုံးလုံးပုပ်၍ ပျက်စီးနေသော အင်္ဂါဇာတ်နေရာ၌ဖြစ်စေ မှီဝဲလျှင် ဒုက္ကဋ်အာပတ်သင့်၏။]

ရဟန်း — ဟုရာ၌ ဥတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ရောက်သော ပုဂ္ဂိုလ်ကိုဆိုသည်။

**အမှာ။** ။မေထုန်ဝတ္ထု ၅-မျိုးကို နောက်ဆက်တွဲ 'ပါရာဇိကအမြွက်' ၌ကြည့်။

**အင်္ဂါ-၂။** ။မိုဝဲလိုဘိ-စိတ်ကူးရှိလျက် (၁) သူ၏ဂ်တွင်း-ကိုယ့်မင်္ဂသင်းဟု (၂) ကြောင်းရင်းနှစ်လီ, အင်္ဂါညီ, ကျပြီပါရာဇိက်။

**မှတ်ချက်။** ။*ဤခရေပွင့် အမှတ်အသားဖြင့်ပြကားသော သိက္ခာပုဒ်များကို ဘိက္ခု, ဘိက္ခုနီတို့ နှစ်ဦးလုံးနှင့် သက်ဆိုင်သော သာဓာရဏ သိက္ခာပုဒ်များဟုသိ။ [ ခရေပွင့်=* ]

*(၂) **အဒိန္နာဒါန။** ။ဥစ္စာရှင်သည် ကိုယ်နှုတ်တို့ဖြင့်မပေးပဲလျက် လူဇာတ်ရှိသော သူတပါး၏ ရွှေစင်တမတ်ကိုဖြစ်စေ၊ ထိုရွှေစင်တမတ်နှင့် ညီတူညီမျှထိုက်တန်သော ဝတ္ထုပစ္စည်းကိုဖြစ်စေ ခိုးလိုသောစိတ်ဖြင့် မခိုးယူရ။ ခိုးယူလျှင် အဒိန္နာဒါန ပါရာဇိက အာပတ်သင့်၏။ ရဟန်းကောင်းတို့နှင့် အတူတကွပေါင်းသင်းခြင်းငှါ မရတော့ချေ။ [ထိုထက် တန်ဖိုးများသော ဝတ္ထုပစ္စည်းကို ခိုးယူလျှင်ကား ဆိုဖွယ်ရာမရှိပြီ။]

ထိုရွှေစင်တမတ်ကား ရွှေ ၅-ပဲ, ငွေ ၅-ပဲ, ကြေးနီ ၁၀-ပဲ တို့ပေါင်းစပ်၍ထားသော ပဲ ၂၀-၏ လေးပုံတပုံဖြစ်သည့် တမတ် (ခေါ်) ငါးပဲသားတည်း။ (တနည်း)။ ။ထိုတမတ်(ခေါ်)ငါးပဲသား၌ပါဝင်နေသော ရွှေ၏တန်ဖိုးကား ခေတ်အလိုက်ဖြစ်ပေါ်နေသည့် ရွှေပေါက်ဈေးနှင့်တွက်၍ရသော ငွေ၏တန်ဖိုးတည်း။ ထိုတပဲဘန်အထက်နှင့် တမတ်တန် အောက် ကို ယူလျှင် ထုလ္လစ္စည်း၊ ထိုတဖဲ့တန်နှင့် တပဲတန်အောက်ကိုယူလျှင် ဒုက္ကဋ်အာပတ်သင့်၏။

**သတိ။** ။ဤ ဒုတိယ ပါရာဇိကသည် နည်းမျိုးစုံ၏။ နက်နဲသိမ်မွေ့၏။ မိဘပစ္စည်း၌သော်လည်း စိတ်လျှင်မြန်ခြင်းကြောင့် ရဟန်းအဖြစ်မှ ရွေ့တတ်သည်။ ထို့ကြောင့် သူတပါး၏ပစ္စည်းကိုကြည့်လိုလျှင် "ကြည့်ပါရစေ, ခေတ္တပေးပါ"ဟု ပန်ကြားရမည်။ မပန်ကြားပဲလျက် ကိုင်တွယ်သုံးသပ်ခြင်းမပြုရာ။ မြွေဆိုးတန်-မီးခဲပမာ သတိပြု၍ ရှောင်ကြဉ်ရာ၏။

ကျောက်ကွင်း၌မိနေသော သမင်နှင့် မြုံး၌မိနေသော ငါးတို့ကို ဥစ္စာရှင်မမြင်မီ "လွှတ်အံ့"ဟု ခိုးလိုသောစိတ်ဖြင့်လွှတ်လိုက်အံ့၊ ပါရာဇိက အာပတ်သင့်၏။ [သနားသောစိတ်ဖြင့် လွှတ်လိုက်အံ့၊ အနာပတ္တိ အာပတ်မသင့်။]

ကိုယ်မပျက်သေးသော ဘုရားကောင်း၌ ရှိနေသော အဝတ်ကို ပံသုကူမကောက်ရ။ ကောက်ယူလျှင် ဒုက္ကဋ်အာပတ်သင့်၏။

အမှာ။ ။ခိုးမှု ၂၅-မျိုးကို နောက်ဆက်တွဲ 'ပါရာဇိက အမြွက်' ၌ ကြည့်။

အင်္ဂါ-၅။ ။လူဇာတ်ရှိခြား - သူတပါး၏-ပိုင်ထားဥစ္စာ (၁)၊ သူ့ဥစ္စာဟု သိမှတ်မှုနှင့် (၂)၊ ဂရုပရိက်(၃)၊ ထေယျစိတ်သွင်း (၄)၊ ခိုးယူခြင်းဟု (၅)၊ ကြောင်းရင်း ၅-လီ, အင်္ဂါညီ, ကျပြီပါရာဇိက်။

*(၃) မနုဿဝိဂ္ဂဟ။ ။ပဋိသန္ဓေတည်နေခြင်းကို အရင်းအစပြု၍ လူဇာတ်ရှိသောသူကို သေစေလိုသောစိတ်ဖြင့် ကိုယ်တိုင်သတ်၍ဖြစ်စေ၊ သူတပါးကို စေခိုင်း၍ဖြစ်စေ ထိုသူသေသော်၎င်း၊ သေခြင်းကိုဆောက်တည်စေခြင်းငှါ ဓားလက်နက်ကို ထိုသူ၏ အနီး၌ထား၍ ထိုဓားလက်နက်ဖြင့် ထိုသူသေသော်၎င်း၊ ထိုသူအား သေချင်စိတ်ဖြစ်လာအောင် "အိုအသင်, သင်၌ယုတ်မာသော မကောင်းသော အသက်ရှင်နေခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း သင်၌ အသက်ရှင်နေခြင်းထက် သေခြင်းကမြတ်၏" စသည်ဖြင့် သေခြင်း၏ဂုဏ်ကျေးဇူးကို ချီးမွမ်းပြောဆို၍ ထိုပြောဆိုမှုကြောင့် ထိုသူသေသော်လည်းကောင်း၊ သေခြင်းကို ဆောက်တည်စေခြင်းငှါ အကြံဉာဏ်နည်းလမ်းကိုပေး၍ ထိုအကြံဉာဏ်နည်းလမ်းအတိုင်း ထိုသူသည် သေခြင်းကိုဆောက်တည်၍ သေသော်လည်းကောင်း မနုဿဝိဂ္ဂဟ ပါရာဇိက အာပတ်သင့်၏။ ရဟန်းကောင်းတို့နှင့် အတူတကွ ပေါင်းသင်းခြင်းငှါ မရတော့ချေ။

[ သတ်အံ့ဟု အားထုတ်အံ့၊ ဒုက္ကဋ်။ ဝေဒနာကိုဖြစ်စေအံ့၊ ထုလ္လစ္စဉ်း။ သေအံ့၊ ပါရာဇိက အာပတ်သင့်၏။ ။မည်သူဟုမရည်ရွယ်ပဲ "တဦးတယောက်ကျ၍သေလိမ့်မည်"ဟု တွင်းကိုတူးအံ့၊ ဒုက္ကဋ်။ ထိုတွင်း၌လူကျအံ့၊ ဒုက္ကဋ်အာပတ်သင့်၏။ ကျ၍ဒုက္ခဝေဒနာဖြစ်အံ့၊ ထုလ္လစ္စဉ်း။ သေအံ့၊ ပါရာဇိကအာပတ်သင့်၏။ ]

သူတပါးကိုစေခိုင်းအံ့၊ ဒုက္ကဋ်။ ဝေဒနာကိုဖြစ်စေအံ့၊ ထုလ္လစ္စဉ်း။ သေအံ့၊ ပါရာဇိက အာပတ်သင့်၏။

လက်နက်ကိုအနီး၌ချအံ့၊ ဒုက္ကဋ်။ ဝေဒနာကိုဖြစ်စေအံ့၊ ထုလ္လစ္စဉ်း။ သေအံ့၊ ပါရာဇိက အာပတ်သင့်၏။

ချီးမွမ်း၍ပြောအံ့၊ ဒုက္ကဋ်။ ထိုပြောဆိုမှုကြောင့် သေတော့အံ့ဟု ဝေဒနာဖြစ်အံ့၊ ထုလ္လစ္စဉ်း။ သေအံ့၊ ပါရာဇိက အာပတ်သင့်၏။

အကြံဉာဏ်နည်းလမ်းကိုပေးအံ့၊ ဒုက္ကဋ်။ ထိုနည်းလမ်းအတိုင်းဆောက်တည်၍ သေတော့အံ့ဟု ဝေဒနာဖြစ်အံ့၊ ထုလ္လစ္စဉ်း။ သေအံ့၊ ပါရာဇိက အာပတ်သင့်၏။

လူယောင်ဆောင်နေသော ဘီလူး, ပြိတ္တာ နှင့် နတ်ဘီလူးစသော နတ်မျိုးတို့ကိုသတ်လျှင် ထုလ္လစ္စဉ်း အာပတ်သင့်၏။

အင်္ဂါ-၅။ ။လူဇာတ်လည်းရှိ(၁)၊ သတ္တဝါဟုသိ၍(၂)၊ သတ်မည်လိုလား-စိတ်စက်ထားဖြင့်(၃)၊ အားပါးစိုက်လျှင်း(၄)၊ စုတေခြင်းဟု(၅)၊ ကြောင်းရင်းငါးလီ, အင်္ဂါညီ, ကျပြီ ပါရာဇိက်။

*(၄) **ဥတ္တရိမနုဿဓမ္မ**။ ။ဈာန်, မဂ်, ဖိုလ်, နိဗ္ဗာန်တရားကို မရ မသိ မမြင်ပဲလျက် ငါရ၏၊ ငါသိ၏၊ ငါမြင်၏-ဟု လူဇာတ်ရှိသောသူအား မပြောကြားရ။ ပြောကြားသောစကားကို ထိုခဏ၌ ထိုသူ သိနားလည်လျှင် ဥတ္တရိမနုဿဓမ္မ ပါရာဇိက အာပတ်သင့်၏။ ရဟန်းကောင်းတို့နှင့် အတူတကွပေါင်းသင်းခြင်းငှါ မရတော့ချေ။ [မသိ နားမလည်လျှင် ထုလ္လစ္စဉ်း အာပတ်သင့်၏။ မိမိကိုယ်ကို ဈာနလာဘီပုဂ္ဂိုလ်, အရိယာပုဂ္ဂိုလ်ဟု မှတ်ထင်လေအောင် သွယ်ဝိုက်၍ ပြောဆိုသဖြင့် သိလျှင် ထုလ္လစ္စဉ်း။ မသိလျှင် ဒုက္ကဋ် အာပတ်သင့်၏။ တစုံတရာကိုထုတ်ဆောင်၍ မပြောပဲ ထိုကဲ့သို့ မှတ်ထင်လေအောင် ဟန်ဆောင်လျှင် ဒုက္ကဋ် အာပတ်သင့်၏။]

လူအများ ချီးမွမ်းမြှောက်စားလိမ့်မည်—ဟု မျှော်လင့်တောင့်တ၍ တော၌နေအံ့၊ ဒုက္ကဋ် အာပတ်သင့်၏။

ဤသို့ဆွမ်းခံလျှင် ဤသို့ပြုလျှင် ငါ့ကို လူအများ ချီးမွမ်းမြှောက်စားလိမ့်မည်—ဟု မျှော်လင့်တောင့်တ၍ ဆွမ်းခံသော်လည်းကောင်း၊ ရပ်, သွား, ထိုင်, လျောင်းခြင်းစသည်တို့ကို ပြုသော်လည်းကောင်း ဒုက္ကဋ် အာပတ်သင့်၏။

အင်္ဂါ-၅။ ။ဈာန် မဂ် ဖိုလ် ဥတ္တရိရယ်က-မိမိ၌မရှိမှန်(၁)၊ ပါပိစ္ဆာစိတ်ဝါကြွားနှင့်-ပြောမှား မိဟန်(၂)၊ သူတပါးမညွန်ပြန်(၃)၊ နာခံသူလူသား(၄)၊ ပြောခြင်းပင်အမြန်သိလျှင်လ(၅)၊ အင်ငါးတန်အမှန်ရှိတာကြောင့်, စတုတ္ထာပါရာဇိကယ်, ကျ၏မမှား။

အရှင်တို့, လေးပါးကုန်သော ပါရာဇိက အမည်ရှိကုန်သော အာပတ်တို့ကို သရုပ်အားဖြင့် ပြအပ်ကုန်ပြီးယည်သာတည်း။ အကြင်လေးပါးသော ပါရာဇိက

တို့တွင် တပါးပါးသို့ရောက်သောရဟန်းသည် ရှေး လူ, သာမဏေဘို၏ဘဝ၌ ရှိခဲ့စဉ်က ရဟန်းကောင်းတို့နှင့် တတူတကွ မပေါင်းသင်းရာဘိသကဲ့သို့ နောက်၌လည်း တပါးကုန်သောရဟန်းတို့နှင့် အတူတကွမပေါင်းသင်းရ။ သာသနာတော်မှ ရှုံးခြင်းသို့ရောက်လေပြီ။ ထိုလေးပါးကုန်သော ပါရာဇိက အာပတ်တို့၌ အရှင်တို့ကို ဘုရားတပည့်တော်မေးပါ၏။ အသို့နည်း အာပတ်မှစင်ကြယ်ကြပါကုန်၏လော။ နှစ်ကြိမ်မြောက်လည်း မေးပါ၏၊ အသို့နည်း အာပတ်မှ စင်ကြယ်ကြပါကုန်၏လော။ သုံးကြိမ်မြောက်လည်း မေးပါ၏၊ အသို့နည်း အာပတ်မှ စင်ကြယ်ကြပါကုန်၏လော။ အရှင်တို့သည် အာပတ်မှ စင်ကြယ်ကြကုန်သောကြောင့်သာလျှင် ဆိတ်ဆိတ်နေကြကုန်၏။ ဤသို့ ဆိတ်ဆိတ်နေကြကုန်သဖြင့် ဤအာပတ်မှ စင်ကြယ်ကြကုန်၏—ဟူ၍ သိမှတ်ရ၏။

ပါရာဇိကကို သရုပ်အားဖြင့် ပြခြင်းသည် ပြီးခြင်းသို့ရောက်ပြီ။

---

## ၃။ သံဃာဒိသိသ် ၁၃-ပါး

အရှင်တို့, တဆယ့်သုံးပါးကုန်သော သံဃာဒိသိသ်အမည်ရှိကုန်သော ဤ အာပတ်တို့သည် သရုပ်အားဖြင့် ပြအပ်သည်၏အဖြစ်သို့ရောက်ကုန်၏။

(၁) **သုက္ကဝိဿဋ္ဌိ**။ ။အိပ်မက်ထဲ၌ သုတ်လွှတ်ခြင်းကိုကြဉ်၍ သုက်လွှတ်စေလိုသောစေတနာဖြင့် စေ့ဆော်၍ နိမိတ်ကိုလုံ့လမပြုရ။ ပြု၍ သုက်လွှတ်လျှင် သုက္ကဝိဿဋ္ဌိ သံဃာဒိသိသ် အာပတ်သင့်၏။ [မလွှတ်လျှင် ထုလ္လစ္စဉ်း အာပတ်သင့်၏။]

အားထုတ်ခြင်း(ပယောဂ)၌ ဒုက္ကဋ်။ စေ့ဆော်၍ လုံ့လပြုအံ့၊ ထုလ္လစ္စဉ်း။ စေ့ဆော်,လုံ့လပြု၍ သုက်လွှတ်အံ့၊ သံဃာဒိသိသ် အာပတ်သင့်၏။ ။[သုက်လွှတ်ခြင်း-ဟူသည် သုက်၏ မူလနေရာမှရွေ့လျောခြင်းတည်း။ ယုတ်စွအဆုံး သုက်လွှတ်စေလို၍ ခါးကော့လျှင် နေရာမှသုက်ရွေ့အံ့၊ သံဃာဒိသိသ် အာပတ်သင့်၏။ လွှတ်စေလိုသောဆန္ဒဖြင့် အင်္ဂါဇာတ်ကို ပေါင်နှင့်ညှပ်ဖိ၍ အိပ်လျှင် အိပ်ပျော်စဉ် အိပ်မက်၍သုက်လွှတ်သော် သံဃာဒိသိသ် အာပတ်မှမလွတ်—ဟူ၍ သိလေ။]

**အနာပတ္တိဝါရ**။ ။သုက်လွှတ်စေလိုသောစေတနာဖြင့် မစေ့ဆော်၊ ပွေးပိုး, ဝဲပိုး, ညှင်းပိုးစသည်တို့ ကိုက်ခဲသောကြောင့် ယားနာဝဲနာကို ဖျောက်လို၍ နိမိတ်ကိုကုတ်ဆွရာ၌ သားယာသဖြင့် သုက်လွှတ်သော်လည်း အာပတ်မသင့်။

**အမှာ**။ ။သံဃာဒိသိသ် အာပတ်မသင့်ပဲလျက် ပရိဝါသ် မာနတ်ဆောက်တည်လျှင် ဒုက္ကဋ်အာပတ်သင့်၏-ဟု ဆိုထားခြင်းကြောင့် သံဃာဒိသိသ် အာပတ်သင့်သည်ဟု သံသယဖြစ်ရုံမျှဖြင့် ပရိဝါသ် မာနတ်ကို မဆောက်တည်လေလင့်၊ ထိုအင်္ဂါ ၃-ပါးတို့နှင့်ကိုက်ညီသည် - မကိုက်ညီသည်ကို သေသေချာချာ စိစစ်ပါလေ၊ အာပတ်တကယ်ပင်သင့်ပြီ-ဟု ယုံကြည်စိတ်ချရမှသာလျှင် လိုအပ်သလိုကုစားပါလေ။ မိမိကိုယ်တိုင် မဆုံးဖြတ်နိုင်လျှင် ကျမ်းတတ်လဇ္ဇီပုဂ္ဂိုလ်၏ အကြံဉာဏ်အဆုံးအဖြတ်ကို ခံယူပါလေ။ [နောက် သိက္ခာပုဒ်တော်များ၌လည်း ဤအတိုင်းသိ။]

အင်္ဂါ-၃။ ။လွှတ်စေလိုသော-စေတနာတည့်(၁)၊ ဗျာပါလုံ့လ-ပြုမိကလျှင်း (၂)၊ သုက်လွှတ်ခြင်းဟု(၃)၊ ကြောင်းရင်းသုံးလီ, အင်္ဂါညီ, သင့်ပြီ ဝိဿဋ္ဌိ။

(၂) **ကာယသံသဂ္ဂ**။ ။မွေးဖွားသည့်အရွယ်ကစ၍ လူဇာတ်ရှိသော မိန်းမကို ထိလို, ကိုင်လို, သုံးသပ်လိုသောရာဂစိတ်ဖြင့် အယုတ်သဖြင့် ဆံပင်မွေးညှင်းမျှကိုသော်လည်း မထိ မကိုင် မသုံးသပ်ရ။ ထိ ကိုင် သုံးသပ်လျှင် ကာယသံသဂ္ဂ သံဃာဒိသိသ် အာပတ်သင့်၏။

[သေ၍ ကိုယ်မပျက်သေးသော မိန်းမအလောင်းကို ရာဂစိတ်ဖြင့်ကိုင်လျှင် ထုလ္လစ္စည်း အာပတ်သင့်၏၊ ကိုယ်ပျက်နေလျှင်ကား ဒုက္ကဋ်အာပတ်သင့်၏။

ရဟန်းတပါးသည် ရာဂစိတ်ဖြင့် မိန်းမကို သပိတ်ဖြင့်တွန်း၏၊ ထိုရဟန်းအား ထုလ္လစ္စည်း အာပတ်သင့်၏။

ရဟန်းတပါးသည် ရာဂစိတ်ဖြင့် မိန်းမကိုင်နေသောကြိုးကိုဆွဲ၏၊ ထိုရဟန်းအား ထုလ္လစ္စည်း အာပတ်သင့်၏။

ရဟန်းတပါးသည် ရာဂစိတ်ဖြင့် မိန်းမလျှောက်ကူးနေသော တံတားကို လှုပ်၏၊ ထိုရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။

ရဟန်းတပါးသည် ရာဂစိတ်ဖြင့် မိန်းမတက်နေသော သစ်ပင်ကို လှုပ်၏၊ ထိုရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။

ရဟန်းတပါးသည် မိန်းမကိုကိုင်အံ့ဟု လုံ့လပြုသော်လည်း မတို့ထိမိပဲရှိ၏။ ထိုရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။

ရာဂစိတ်ဖြင့် မိန်းမတို့၏ကိုယ်၌ ဝတ်ထားသော အဝတ်စသည်တို့ကို ကိုင်အံ့၊ ထုလ္လစ္စည်း အာပတ်သင့်၏။

ဘီလူးမ(နတ်သမီး), ပဏ္ဍုက်တို့ကို ရာဂစိတ်ဖြင့်ကိုင်သော် ထုလ္လစ္စဉ်း၊ ယောကျ်ား, တိရစ္ဆာန်တို့ကို ရာဂစိတ်ဖြင့်ကိုင်သော် ဒုက္ကဋ်၊ အမိနှင့်သမီးတို့ကို အမိ, သမီးဟူသော ချစ်ခြင်းဖြင့်သုံးသပ်လျှင်လည်း ဒုက္ကဋ် အာပတ်ပင်။]

**အနာပတ္တိဝါရ**။ ။မာတုဂါမ ကလာကိုင်၍ သာယာသော်လည်း ရဟန်းက မလှုပ်ရှားလျှင် အာပတ်မသင့်။

**သတိ**။ ။ခရီးဦးကြိုဆိုကြရာ၌ အချို့သော မာတုဂါမတို့သည် ဆံပင်ကို ဖြန့်၍ခင်းကုန်၏၊ ထိုသို့ခင်းရာ၌ သတိမထားပဲ အမှတ်တမဲ့နင်းသော ရဟန်းများ, ဆံပင်ကိုကျော်၍နင်းသော်လည်း မတော်တဆနင်းမိသော ရဟန်းများ၌ ကိုယ်လက်နှီးနှောလိုသော ရာဂစိတ်မရှိခြင်းကြောင့် အာပတ်မသင့်။ မာတုဂါမ၏ဆံပင်မှန်းသိလျက် တမင်နင်းလိုသောစိတ်ဖြင့် နင်းသောရဟန်းတို့ကား ဤအာပတ်မှမလွတ်။ ထို့ကြောင့် မာတုဂါမများ၏ဆံပင်ကို မနင်းမိကြရလေအောင် အထူးသတိဆောင်ကုန်ရာ၏။

ခြေတို့ကိုဆုပ်နယ်၍ ရှိခိုးလိုသောမိန်းမကို တားမြစ်အပ်၏၊ ခြေကိုသော်လည်းဖုံးလွှမ်းအပ်၏၊ မတုန်မလှုပ်သော်လည်းနေအပ်၏၊ မတုန်မလှုပ်နေသော ရဟန်းအား စိတ်သာယာသော်လည်း အာပတ်မသင့်။ မာတုဂါမလာကိုင်၍ သာယာသော်လည်း ရဟန်းကမလှုပ်ရှားလျှင် အာပတ်မသင့်-ဟု ဆိုထားခြင်းကြောင့် ဆွမ်းလောင်းရာ၌ဖြစ်စေ၊ ဆွမ်းစသည်ကိုကပ်ရာ၌ဖြစ်စေ မတော်တဆ လက်စသည်တို့ဖြင့် ထိမိကိုင်မိ၍ သာယာရုံမျှဖြင့် သံဃာဒိသိသ် အာပတ် မသင့်-ဟု သိရာ၏။ ထိုအင်္ဂါစုတို့နှင့် ကိုက်ညီမှသာလျှင် အာပတ်သင့်နိုင်ရကား လဇ္ဇီရဟန်းအဖို့ ဤသိက္ခာပုဒ်ဖြင့် အာပတ်သင့်ဖို့ရန် အလွန်မှခဲယဉ်းပေသည်။ [ရှေ့သိက္ခာပုဒ်၌ ညွှန်ပြထားသော 'အမှာ' စကားအတိုင်း ကျင့်သုံးပါလေ။]

ဘုရားပွဲ ဇာတ်ပွဲ ပြပွဲစသည်တို့၌ မာတုဂါမတို့နှင့် ရောနှောတိုးဝှေ့၍သွားခြင်းကား ဤသိက္ခာပုဒ်ကို ချိုးဖေါက်ရန် သွားသည်နှင့်တူ၏။

> အင်္ဂါ-၅။ ။လူမိန်းမပင်(၁)၊ မိန်းမထင်လျက်(၂)၊ သံသဂ်ရာဂ(၃)၊ လုံ့လပြုလျှင်း(၄)၊ ကိုင်မိခြင်းဟု(၅)၊ ကြောင်းရင်းငါးလီ, အင်္ဂါညီ, သင့်ပြီသံသဂ္ဂ။

(၃) **ဒုဋ္ဌုလ္လဝါစာ**။ ။လုလင်ပျိုသည် မိန်းမပျိုအား မေထုန်နှင့်စပ်သောစကားဖြင့် ပြောဆိုသကဲ့သို့ သိကြားနားလည်နိုင်သော မိန်းမအား မေထုန်နှင့်စပ်သောစကား မပြောကြားရ။ ပြောကြားသောစကားကို ထိုခဏ

၌ထိုမိန်းမသိနားလည်လျှင် ဒုဋ္ဌုလ္လဝါစာ သံဃာဒိသိသ် အာပတ်သင့်၏။ [မသိနားမလည်လျှင် ထုလ္လစ္စည်းအာပတ်သင့်၏။]

မှတ်ချက်။ ။ဤသိက္ခာပုဒ်ကို ခေတ်အားဖြင့်သုံးမျိုး, အာပတ်အားဖြင့် သုံးစားပိုင်းခြား၍ ပြပါအံ့။ ။၎င်းတို့ကား (၁) ဝစ္စမဂ်, ပဿာဝမဂ်ကို ရည်၍ပြောအံ့၊ သံဃာဒိသိသ်ခေတ်။ (၂) ဝစ္စမဂ်, ပဿာဝမဂ်ကိုကြဉ်၍ ညှပ်ရိုးနှစ်ဘက်အောက်မှ ပုဆစ်ဒူးဝန်း နှစ်ဘက် အထက်ထိကိုရည်၍ ပြောအံ့၊ ထုလ္လစ္စည်းခေတ်။ (၃)ညှပ်ရိုးနှစ်ဘက်အထက်နှင့် ပုဆစ်ဒူးဝန်းနှစ်ဘက်အောက်, ကိုယ်နှင့်စပ်သော အဝတ်တန်ဆာစသည်တို့ကို ရည်၍ပြောအံ့၊ ဒုက္ကဋ်ခေတ်-ဟူ၍သုံးမျိုးတည်း။

ဤခေတ်သုံးမျိုးတို့တွင် နံပါတ်(၁) ခေတ်နှင့်စပ်၍ ချီးမွမ်းခြင်း, ကဲ့ရဲ့ခြင်းစသည်ကိုပြောအံ့၊ ထိုမိန်းမသိနားလည်လျှင် သံဃာဒိသိသ်။ မသိနားမလည်သော် ထုလ္လစ္စည်းအာပတ်သင့်၏။ နံပါတ်(၂) ခေတ်နှင့်စပ်၍ပြောအံ့၊ သိနားလည်လျှင်ထုလ္လစ္စည်း။ မသိနားမလည်သော် ဒုက္ကဋ်အာပတ်သင့်၏။ နံပါတ်(၃) ခေတ်နှင့်စပ်၍ပြောအံ့၊ ဒုက္ကဋ်အာပတ်သင့်၏-ဟု ဝိမတိ ဝိနောဒနီဋီကာ၌ဆို၏။ ကင်္ခါဝိတရဏီ အဋ္ဌကထာ၌ မေထုန်နှင့်စပ်သောစကားတို့ဖြင့်ပြောအံ့၊ သိနားလည်လျှင် သံဃာဒိသိသ်။ မသိနားမလည်သော် ထုလ္လစ္စည်း အာပတ်သင့်၏-ဟု ဆို၏။

အင်္ဂါ-၅။ ။လူမိန်းမပင် (၁)၊ မိန်းမထင်လတ် (၂)၊ ဝါစဿာဒ - (၃)၊ ထိုရာဂဖြင့်-ပြောပြလေဘိ (၄)၊ ချက်ချင်းသိဟု (၅)၊ ကြောင်းရှိငါးလီ, အင်္ဂါညီ, သင့်ပြီဒုဋ္ဌုလ္လ။

(၄) **အတ္တကာမ ပါရိစရိယ။** ။မိမိအား မေထုန်ဖြင့် လုပ်ကျွေးစေခြင်း၄ါသိကြားနားလည်နိုင်သောမိန်းမ၏အထံ၌ "သီလရှိသော မြတ်သောအကျင့်ကို ကျင့်လေ့ရှိသော ကောင်းသောကိုယ်ကျင့်တရားရှိသော ငါကဲ့သို့သောသူအား မေထုန်အကျင့်ဖြင့် လုပ်ကျွေးခြင်းသည် အလှူတကာတို့တွင် အမြတ်ဆုံးသော အလှူဖြစ်၏" စသည်ဖြင့် မေထုန်လှူခြင်း၏ဂုဏ်ကျေးဇူးကို ချီးမွမ်းပြောဆို၍ မေထုန်ကိုအလှူမခံရ။ အလှူခံသောစကားကို ထိုခဏ၌ ထိုမိန်းမသိနားလည်လျှင် အတ္တကာမ ပါရိစရိယ သံဃာဒိသိသ်အာပတ်သင့်၏။ [မသိနားမလည်လျှင် ထုလ္လစ္စည်းအာပတ်သင့်၏-ဟု ကင်္ခါဝိတရဏီ အဋ္ဌကထာနှင့် ပါတိမောက္ခ ဝိနိစ္ဆယကျမ်းတို့၌ ဆို၏။]

**မှတ်ချက်။** ။ပဏ္ဏက်၌ အလှူခံအံ့၊ ထုလ္လစ္စည်း။ ယောကျ်ား, တိရစ္ဆာန်တို့၌ အလှူခံအံ့၊ ဒုက္ကဋ်အာပတ်သင့်၏-ဟု ပါရာဇိကဏ် ပါဠိတော်(မြန်မာပြန်)၌ သာမန်အားဖြင့်သာဆိုထား၏။ ။စာရေးသူ၏ ယူဆချက်မှာ အလှူခံသော စကားကို ထိုခဏ၌ ထိုပဏ္ဏက် သိနားလည်မှုသာလျှင် ထုလ္လစ္စည်း၊ မသိနားမလည်သော် ဒုက္ကဋ်အာပတ်သင့်၏။ ယောကျ်ား, တိရစ္ဆာန်တို့၌ကား သိသည်ဖြစ်စေ မသိသည်ဖြစ်စေ ဒုက္ကဋ်အာပတ်သင့်၏-ဟူ၍ဖြစ်သည်။

အင်္ဂါ-၅။ ။လူမိန်းမပင် (၁)၊ မိန်းမထင်လျက် (၂)၊ ကိုယ့်တွက်တာဟု-ကာမမှုဖြင့်-ပြုစေလိုတုံ-ရာဂကြုံ၍(၃)၊ ဂုဏ်ကိုပြောဘိ(၄)၊ ချက်ခြင်းသိဟု (၅)၊ကြောင်းရှိ ၅-လီ, အင်္ဂါညီ, သင့်ပြီ ကာမပါရိစရိယ။

* (၅) **သဉ္စရိတ္တ။** ။လင်မယား ဖြစ်စေလိုသောကြောင့် ယောကျ်ား မိန်းမတို့၏ အကြား၌ အောင်သွယ်အမှုကို မပြုရ။ အယုတ်သဖြင့် တခဏမျှ ပေါင်းဖော်ခြင်းအတွက် ပြည့်တန် ဆာမကိုသော်လည်း မပြောပေးရ။ ထိုသို့ ပြုလုပ်လျှင် သဉ္စရိတ္တ သံဃာဒိသိသ်အာပတ်သင့်၏ [ပဏ္ဏက်၌ အောင်သွယ်အမှုကို ပြုအံ့၊ ထုလ္လစ္စည်း အာပတ်သင့်၏။]

**မှတ်ချက်။** ။လင်ယောကျ်ားနှင့် စိတ်ဆိုး၍ အိမ်မှ ဆင်းသွားသော (မကွာရှင်းရသေးသော) မိန်းမအား ဝမ်းမြောက်ဖွယ်စကားကိုပြော၍ လင်ယောကျ်ား၏ အိမ်သို့ပြန်စေသော ရဟန်းအား အာပတ်မသင့်-ဟု မိန့်တော်မူ၏။ [ဤမိန်းမမှာ အောင်သွယ်စကားပြောကြားထိုက်သော မိန်းမမဟုတ်သောကြောင့် အာပတ်မသင့်။]

အင်္ဂါ-၅။ ။ကျား,မ ၂ရပ်-လူသားဇာတ်တို့ (၁)၊ ကင်းပြတ်ကွဲခိုက်-အောင်သွယ်ထိုက်၍ (၂)၊ ခိုင်းခိုက်ဝန်ခံ (၃)၊ စုံစမ်းဟန်နှင့် (၄)၊ တဖန် မယွင်း-ပြန်ပြောခြင်းဟု (၅)၊ ကြောင်းရင်း ၅လီ, အင်္ဂါညီ, သင့်ပြီသဉ္စရိတ်။ [ဝန်ခံအံ့၊ ဒုက္ကဋ်။ ဝန်ခံ၍ စုံစမ်းအံ့၊ ထုလ္လစ္စည်း။ ဝန်ခံအံ့၊ စုံစမ်းအံ့၊တဖန်ဆောင်အံ့၊ သံဃာဒိသိသ်အာပတ်သင့်၏။]

( ၆ ) **ကုဋိကာရ။** ။ဆောက်လုပ်သူ ဒါယကာ မရှိ၍ မိမိကိုယ်တိုင် ပဲခွပ်, ပုဆိန်စသော လက်သမား ကရိယာတို့ကို ငှါးရမ်း၍ ဆောက်အပ်သော အတွင်းဘက်၌ဖြစ်စေ၊ အပြင်ဘက်၌ဖြစ်စေ၊ အတွင်းအပြင် နှစ်ဘက်

လိုး၌ဖြစ်စေ အင်္ဂါတေသို့မဟုတ် မြေညက်ဖြင့် လိမ်းကျံအပ်သော 'ကုဋိ ကျောင်းငယ်'ကို မိမိနေထိုင်ဖို့ဆောက်လုပ်လိုလျှင် ပိုး ရွ ခြပုန်း ခြသေ့ ကျား စသည်တို့လည်းမရှိ၊ ကောက်ပဲသီးနှံစသည်တို့လည်း မစိုက်ပျိုး၍ ဘေးအန္တရာယ် မရှိသော ကျောင်းပတ်ပတ်လည်၌ နွား ၂ ကောင် သို့မဟုတ် ၄ ကောင်က သေင လှည်းဖြင့် လှည့်လည်သွားလာနိုင်လောက်အောင် ဥပစာလည်းရှိသော 'ကျောင်းရာ'ကို ရွေးချယ်ညွှန်ကြားရန် အလို့ငှါ အခြားရဟန်းတို့ကို မိမိရည် ရွယ်ထားသည့် ကျောင်းဆောက်ရန် 'ကျောင်းရာ'သို့ ပင့်ဆောင်ရမည်။

ဘေးအန္တရာယ် ရှိသော အရပ်၌ ဖြစ်စေ၊ ဥပစာမရှိသော အရပ်၌ဖြစ်စေ ကိုယ်တိုင် ဆောက်လုပ်လျှင် ဒုက္ကဋ် အာပတ်သင့်၏။

အခြားရဟန်တို့ကိုလည်း မပင့်ပဲလျက် ဆောက်လုပ်၍ နံရံအမိုးတို့ကိုလည်း အင်္ဂတေချင်းမြေညက်ချင်းစပ်မိအောင် လိမ်းကျံသော်လည်းကောင်း၊ မြတ်စွာ ဘုရား၏ အထွာတော်အားဖြင့် အလျား ၁၂ ထွာ အနံကွင်းကျ ၇ ထွာရှိ သော ထိုကျောင်း၏ အကြီးဆုံးပမာဏထက်လည်း လွန်ပြီးဆောက်လုပ်၍ နံရံ အမိုးတို့ကိုလည်း အင်္ဂတေချင်း မြေညက်ချင်းစပ်မိအောင် လိမ်းကျံသော်လည်း ကောင်း ကုဋိကာရ သံဃာဒိသိသ်အာပတ်သင့်၏။

ထိုကျောင်း၏ အောက်ဆုံး အနံပမာဏကား မဇ္ဈိမပုရိသ၏ အတောင်အား ဖြင့် ၄-တောင်တည်း။ [အချို့က ဤ ၄-တောင်ကို ပကတိပုရိသ၏အတောင် ဖြင့်ယူသည်။]

**မှတ်ချက်။** ။နောက်ဆက်တွဲ 'မဇ္ဈိမဝဍ္ဍကီတွက်နည်း'အရ ပေလက်မဖြင့် ယူသော် ထိုကျောင်း၏ အကြီးဆုံးပမာဏမှာ အလျား ၃၆-ပေ၊ အနံ ၂၁- ပေဖြစ်သည်။ အောက်ဆုံး အနံပမာဏမှာ လက်သမားအတောင်ဖြင့်ယူသော် ၈-ပေဖြစ်၍ ပကတိပုရိသ အတောင်ဖြင့်ယူသော် ၅-ပေ ၄-လက်မ ဖြစ်သည်။

ဘေးအန္တရာယ်ရှိသောအရပ်—ဟူသည် ပိုးရွတို့၏နေရာ, ခြတို့၏နေရာ, ကြွက် တို့၏နေရာ၊ မြွေတို့၏နေရာ၊ ကင်းမြီးကောက်တို့၏နေရာ၊ ကင်းခြေများတို့၏နေရာ ဆင်တို့၏နေရာ၊ မြင်းတို့၏နေရာ၊ ခြသေ့တို့၏နေရာ၊ ကျားတို့၏နေရာ၊ သစ်တို့၏ နေရာ၊ ဝံ, အောင်းတို့၏နေရာ ဆိုပြီးသည်မှတပါးသော သားရဲဖြစ်ကုန်သော တိရစ္ဆာန်တို့၏နေရာ ဤ တဆယ့်သုံးပါးသော ဘေးအန္တရာယ်ရှိသော အရပ် တို့တည်း။

ဤ ဘေးအန္တရာယ်ရှိသော အရပ် တဆယ့်သုံးပါးတို့အပြင် မည်သည့် ကျောင်းမျိုးကိုမှ မဆောက်အပ်သော အရပ်တဆယ့်ခြောက်ပါးကိုလည်းပြပါအံ့။ ။ကောက်ရှိသောအရပ်ကိုမှီခြင်း၊ ပဲရှိသောအရပ်ကိုမှီခြင်း၊ သုံးဆယ့်နှစ်ပါးသော ကမ္မကရဏ ပြုရာအရပ်ကိုမှီခြင်း၊ လက်ခြေစသည်ဖြတ်ရာ အရပ်ကိုမှီခြင်း၊ ကြီးစွာသော သုသာန်ကိုမှီခြင်း၊ ဥယျာဉ်ကိုမှီခြင်း၊ မင်းအိမ်ကိုမှီခြင်း၊ ဆင်တင်းကုပ်ကိုမှီခြင်း၊ မြင်းတင်းကုပ်ကိုမှီခြင်း၊ နှောင်အိမ်ကိုမှီခြင်း၊ သေတင်းကုပ်ကိုမှီခြင်း၊ အိမ်ဈေးကိုမှီခြင်း၊ ခရီးသုံးခုတို့၏အဆုံကိုမှီခြင်း၊ ခရီးလေးခုတို့၏အဆုံကိုမှီခြင်း၊ သဘင်ကိုမှီခြင်း၊ ထုတ်ချင်းထွင်းသော အသွားအပြန်သွားသော ခရီးလမ်းမကိုမှီခြင်း ဤကား ကျောင်းမဆောက်အပ်သော အရပ် တဆယ့်ခြောက်ပါးတည်း—ဟူ၍ ပါတိမောက္ခ ဝိနိစ္ဆယကျမ်း၌ဆို၏။ [ဝိသုဒ္ဓိမဂ်အရသာ၌ ဥက္ကဋ္ဌ, မဇ္ဈိ, မုဒု—ဟူ၍ သုသာန် ၃–မျိုးပြသည်၊ (ဝါ) အကြီး, အလတ်, အငယ်-ဟူ၍ သုသာန် ၃–မျိုးပြသည်။ ထို့ကြောင့် ကြီးစွာသော သုသာန်သည် နေ့စဉ်မီးဖုတ်, အပုပ်နံ့နံ, ဆွေမျိုးတို့သွား၍ ငိုကြွေးသံရှိသော ဥက္ကဋ္ဌ သုသာန်ဖြစ်သည်–ဟူ၍ ဆိုရပေမည်။]

မှတ်ချက်။ ။ထိုသို့ပင့်သည့်အခါ သံဃာအားလုံး လိုက်ကြည့်နိုင် လျှင် သံဃာကုန်လိုက်ကြည့်၊ အားလုံးမလိုက်နိုင်လျှင် ၂–ပါး ၃–ပါးစသည် ကျွမ်းကျင်နားလည်သော ရဟန်းများကို သံဃာက သမ္မုတိ ပေး၍ ထိုရဟန်းများက ကျောင်းနေရာကိုလိုက်ကြည့်ရမည်။ [ပင့်ပုံ, ကျောင်းရာသို့သွား၍ ကြည့်ရှုရန် သမ္မုတိပေးပုံ, ကျောင်းရာကြားပုံကို ပါရာဇိကဏ်ပါဠိတော်(မြန်မာပြန်) အပိုဒ် ၃၄၉, ၃၅၀ နှင့် ၃၅၁ အသီးသီးတို့၌ကြည့်။]

ဤထက် အကျယ်သိလိုလျှင် ပါတိမောက္ခ ဝိနိစ္ဆယကျမ်းနှင့် ပါရာဇိကဏ် ပါဠိတော် (မြန်မာပြန်)တို့၌ကြည့်။

အင်္ဂါ-၆,၇။ ။ဥလ္လိတ္တာဒိ-အစရှိသား-ကဋ္ဌိ ၃ လုံး (၁)၊ အောက်ဆုံးပမဏ(၂)၊ ကျောင်းဌာနလည်း-မပြမညွှန်(၃) ပမာဏလွန်လျက်(၄)၊ မိမိတွက်တာ(၅)၊ နေထိုင်ရာနှင့်(၆)၊ လျော်စွာသုတ်လေ–အင်္ဂတေမြေကို–စပ်စေမကြွင်း(၇)၊ အကြောင်းရင်းဟု, ခြောက်ခင်းခုနစ်လီ, လျော်အောင်ညီ, သင့်ပြီကုဋ္ဌိက။

(၇) ဝိဟာရကာရ။ ။ဆောက်လုပ်သူ ဒါယကာရှိ၍ အတွင်းဘက်၌ဖြစ်စေ၊အပြင်ဘက်၌ဖြစ်စေ၊အတွင်း အပြင်နှစ်ဘက်သုံး၌ဖြစ်စေ အင်္ဂတေ သို့မဟုတ်

မြေညက်ဖြင့် လိမ်းကျံအပ်သော 'ကြီးသောကျောင်း'ကို မိမိနေထိုင်ဖို့ ဆောက်လုပ်စေလိုလျှင် ပိုး ရွ ခြပုန်း ခြသေ့ ကျား စသည်တို့လည်းမရှိ၊ ကောက်ပဲသီးနှံ စသည်တို့လည်း မစိုက်ပျိုး၍ ဘေးအန္တရာယ်မရှိသော, ကျောင်းပတ်ပတ်လည်၌ နွား ၂-ကောင် သို့မဟုတ် ၄-ကောင် ကသောလှည်းဖြင့် လှည့်လည်သွားလာနိုင်လောက်အောင် ဥပစာလည်းရှိသော 'ကျောင်းရာ'ကို ရွေးချယ်ညွှန်ကြားရန်အလို့ငှါ အခြားရဟန်းတို့ကို မိမိရည်ရွယ်ထားသည့် ကျောင်းဆောက်ရန် 'ကျောင်းရာ'သို့ ပင့်ဆောင်ရမည်။

ဘေးအန္တရာယ်ရှိသော အရပ်၌ဖြစ်စေ၊ ဥပစာ မရှိသော အရပ်၌ဖြစ်စေ ဆောက်လုပ်စေလျှင် ဒုက္ကဋ်အာပတ်သင့်၏။

အခြား ရဟန်းတို့ကိုလည်း မပင့်ပဲလျက် ဆောက်လုပ်စေ၍ နံရံအမိုးတို့ကိုလည်းအင်္ဂတေချင်း မြေညက်ချင်းစပ်မိအောင် လိမ်းကျံစေလျှင် ဝိဟာရကာရ သံဃာဒိသိသ်အာပတ် သင့်၏။ [ပမာဏမှတပါး ကြွင်းသောအင်္ဂါတို့မှာ ကုဋိကာရသိက္ခာပုဒ်တော် အတိုင်းပင်ဖြစ်သည်။]

အင်္ဂါ-၆။ ။ကုဋိကာရ,အင်ခုနစ်ဝတွင်,ပမာဏလွန်ပယ်,ကျန်ခြောက်သွယ်,
သင့်ဘွယ်ဝိဟာရ။

*(၈)ပဌမဒုဋ္ဌဒေါသ။ ။စိတ်ဆိုးသည်ဖြစ်၍မြင်ခြင်း,ကြားခြင်,ယုံမှားခြင်း-ဟူသော အခြေအမြစ်မရှိပဲလျက် တပါးသော ရဟန်းကို သာသနာတော်မှ ရွေ့လျောစေခြင်းငှါ ပါရာဇိက အာပတ်ဖြင့်မစွပ်စွဲရ။ စွပ်စွဲသောစကားကို ထိုခဏ၌ ထိုရဟန်းသိနားလည်လျှင် စကားခွန်းတိုင်းခွန်းတိုင်း ပဌမဒုဋ္ဌဒေါသ သံဃာဒိသိသ် အာပတ်သင့်၏။ [ခွင့်မပြုစေပဲ (ဝါ) ခွင့်မတောင်းပဲလျက် သာသနာတော်မှရွေ့လျောစေခြင်းငှါ ဆိုအံ့၊ ဘံဃာဒိသိသ် အာပတ်နှင့်တကွ ဒုက္ကဋ်အာပတ်သင့်၏။]

မှတ်ချက်။ ။စွပ်စွဲသောစကားကို ထိုခဏ၌ ထိုရဟန်း၊ မသိနားမလည်သော် မည်သည့်အာပတ်သင့်သနည်း-ဟူ၍မေးဖွယ်ရှိ၏။ စာရေးသူဖတ်ဖူးသလောက် ပြောရမည်ဆိုလျှင် မည်သည့်အာပတ်သင့်၏ဟူ၍ မြန်မာပြန်ကျမ်းများ၌ မဖော်ပြထားပါ။သို့သော် သံဃာဒိသိသ်သိက္ခာပုဒ်ချင်းအတူတူဖြစ်သည့် ဒုဋ္ဌုလ္လဝါစာ သိက္ခာပုဒ်နှင့် အတ္တကာမပါရိစရိယသိက္ခာပုဒ်တို့၌ မသိလျှင် ထုလ္လစ္စဉ်းအာပတ် သင့်၏-ဟု ဆိုထားသည်ကို ထောက်သောအားဖြင့် ဤသိက္ခာပုဒ်၌လည်း မသိလျှင် ထုလ္လစ္စဉ်းအာပတ်သင့်-၏ဟု ယူထိုက်ပေသည်။ [ထုလ္လစ္စဉ်း အာပတ် မသင့်လျှင်လည်း ဒုက္ကဋ်အာပတ်တော့သင့်သည်-ဟူ၍ မှတ်ယူအပ်၏။] နောက်

ဒုတိယဒုဋ္ဌဒေါသသိက္ခာပုဒ်၌လည်း ဤအတိုင်းသိ။ (ကျမ်းတတ်ဆရာတော်မြတ်တို့၏ အဆုံးအဖြတ်ကိုခံယူပါမည်၊ ခံယူတော်မူကြပါကုန်။)

အင်္ဂါ-၅။ ။ရဟန်းများတွင်-ရေတွက်ဝင်၍ (၁)၊ သန့်စင်သသူ-ထင်မှတ်ယူလျက် (၂)၊ အမူလက (၃)၊ သမ္မုခလျှင်း-စွပ်စွဲခြင်းတည့် (၄)၊ ချက်ခြင်းသိဟု (၅)၊ ကြောင်းရှိ ၅ လီ, အင်္ဂါညီ,သင့်ပြီဒုဋ္ဌဒေါသ။

*(၉)ဒုတိယဒုဋ္ဌဒေါသ(ခေါ်)အညဘာဂိယ။ ။[ဤသိက္ခာပုဒ်သည်အပြောလွယ်သလောက် ပြန်ဆိုရာ၌မလွယ်ကူလှပါ။ သို့ဖြစ်၍ ဥပမာပေး၍ပြပါအံ့။]

စိတ်ဆိုးသည်ဖြစ်၍ ဥပမာအားဖြင့်ပြသော် မိမိစိတ်ဆိုးနေသောရဟန်း (ဦးတိဿ)၏ အမည်စသည်ကို အခြားသူ(မောင်နီ)၌ ပြောင်းလဲမှည့်ခေါ်ပြီး, ထိုတိဿ-ဟူသော အမည်တူခြင်းစသည့်အကြောင်းကို အမြွက်ထောင်၍ ထိုအခြားသူ (မောင်နီ) ပြုကျင့်သော မေထုန်အမှုကို ထိုရဟန်း (ဦးတိဿ) ပြုကျင့်သည်-ဟု ဆင်တူရိုးမှားပြုလုပ်ကာ ထိုရဟန်း(ဦးတိဿ)ကို သာသနာတော်မှ ရွေ့လျောစေခြင်းငှါ ပါရာဇိကအာပတ်ဖြင့်မစွပ်စွဲရ။စွပ်စွဲသောစကားကို ထိုခဏ၌ ထိုရဟန်းသိနားလည်လျှင် စကားခွန်းတိုင်းခွန်းတိုင်း ဒုတိယဒုဋ္ဌဒေါသ (ခေါ်)အညဘာဂိယသံဃာဒိသိသ်အာပတ်သင့်၏။

**အင်္ဂါ-၆။** ။ရှေ့ဒုဋ္ဌဒေါသ, အင်ငါးဝတွင်, အညဘာဂိ-တည်ရာ၏လျှင်-ကိဉ္စိဒေသ-အမြွက်မျှကို-စွဲယူပို့,မှတ်လိုဒုတိယ-ဒုဋ္ဌဒေါသ။

* **(၁၀) သံဃဘေဒ။** ။သံဃာကွဲပြားအောင် လုံ့လပြု၍ကွဲပြားခြင်းကို ဖြစ်စေတတ်သော ဝါဒကိုမူလည်း ချီးမြှောက်ပြောဆို၍ တည်စေငြားအံ့၊ ထိုရဟန်းကို မြင်ကြ ကြားကြကုန်သော အခြားရဟန်းတို့က "အရှင်သည် ညီညွတ်သော သံဃာတော်ကို ကွဲပြားအောင်လုံ့လမပြုလင့်၊ ကွဲပြားခြင်းကို ဖြစ်စေတတ်သော ဝါဒကိုမူလည်း ချီးမြှောက်ပြောဆို၍ မတည်ပါစေလင့်၊ အရှင်သည် သံဃတော်နှင့် သဘောချင်း ညီညွတ်ပါလော့၊ ညီညွတ်ခြင်း၏ အကျိုးကား ညီညွတ်သော သံဃာတော်သည် ငြင်းခုံခြင်းမရှိ၍ အညီအညွတ် ဝမ်းမြောက်ဝမ်းသာစွာဖြင့် တူသော ပါတိမောက် ပြလျက် ချမ်းသာစွာ နေရ၏"ဟု ပြောဆိုရမည်။ နှစ်ကြိမ်မြောက်လည်း ပြောဆိုရမည်၊ သုံးကြိမ်မြောက်လည်း ပြောဆိုရမည်။ အကယ်၍ ထိုအယူကို စွန့်ငြားအံ့၊ ထိုသို့စွန့်ခြင်းသည် ကောင်း၏။ အကယ်၍ မစွန့်ငြားအံ့၊ ဒုက္ကဋ်အာပတ်သင့်၏။[ကြားလျက် မပြောဆိုကုန်ငြားအံ့၊ ဒုက္ကဋ် အာပတ်သင့်၏။] ထိုရဟန်းကို သံဃာ

အလယ်သို့လည်း ခေါ်ဆောင်၍ အထက်၌ ဆိုခဲ့သည့်အတိုင်း သုံးကြိမ်မြောက်အောင် ထပ်မံ၍ ပြောဆိုရမည်။ အကယ်၍ ထိုအယူကို စွန့်ငြားအံ့၊ ထိုသို့စွန့်ခြင်းသည် ကောင်း၏။ အကယ်၍ မစွန့်ငြားအံ့၊ ထိုရဟန်းအား ဒုက္ကဋ်အာပတ်သင့်ပြန်၏။ ထိုနောက် သံဃာတော်က ထိုရဟန်းအား ထိုအယူကို စွန့်စေခြင်းငှါ သမနုဘာသနကံဖြင့် ဆိုဆုံးမအပ်၏။ ဤသို့ ဆိုဆုံးမအပ်သည်ရှိသော် ထိုအယူကို စွန့်လျှင်ကောင်း၏။ မစွန့်လျှင်ကား သုံးကြိမ်မြောက်သောကမ္မဝါစာ၏ အဆုံး၌ ထိုရဟန်းအား သံဃာဘေဒ သံဃာဒိသိသ် အာပတ်သင့်၏။ [ဉတ်၏ အဆုံး၌ ဒုက္ကဋ် အာပတ်သင့်၏၊ နှစ်ကြိမ်မြောက်သော ကမ္မဝါစာ၏ အဆုံး၌ ထုလ္လစ္စဥ်းအာပတ်သင့်၏၊ သုံးကြိမ်မြောက်သော ကမ္မဝါစာ၏ အဆုံး၌ သံဃာဒိသိသ် အာပတ်သင့်၏၊ သံဃာဒိသိသ် အာပတ်သို့ရောက်သော ရဟန်းအား ဉတ်၏ အဆုံး၌သင့်သော ဒုက္ကဋ်, ကမ္မဝါစာ နှစ်ကြိမ်တို့၏ အဆုံး၌ သင့်သော ထုလ္လစ္စဥ်း အာပတ်တို့သည် ငြိမ်းကုန်၏။ ။နောက် သိက္ခာပုဒ်များ၌လည်း ဤအတိုင်းသိ။]

ညီညွတ်သော သံဃာတော်—ဟူရာ၌ တူသော ပေါင်းသင်းခြင်း ရှိသော တူသော သိမ်၌တည်သော သံဃာတော်ကို ဆိုလိုသည်။

သမနုဘာသနကံ ပြုပုံကို ပါရာဇိကဏ် ပါဠိတော် (မြန်မာပြန်) အပိုဒ် ၄၁၃ ၌ကြည့်။

**မှတ်ချက်။** ။တဘက်သော သံဃာ အစု၌ ရဟန်းတပါးရှိ၍ တဘက်သော အစု၌ နှစ်ပါးရှိပြီးလျှင် လေးပါးမြောက် ရဟန်းက "ဤကား ဓမ္မ ဤကား ဝိနယ ဤကားမြတ်စွာဘုရား၏ အဆုံးအမတည်း၊ ဤမဲဆန္ဒကို ယူလော့၊ ဤမဲဆန္ဒကိုနှစ်သက်လော့" ဟု ပြောကြားခြင်း၊ ဤနည်းအတူ တဘက်မှ နှစ်ပါး, တဘက်မှလည်းနှစ်ပါး၊ တဘက်မှနှစ်ပါး, တဘက်မှ သုံးပါး၊ တဘက်မှသုံးပါး, တဘက်မှလည်းသုံးပါး၊ တဘက်မှသုံးပါး, အခြားတဘက်မှ လေးပါးရှိ၍ ရှစ်ယောက်မြောက်ရဟန်းသည် "ဤကားဓမ္မတည်း၊ ဤကား ဝိနယတည်း၊ ဤကား မြတ်စွာဘုရား၏ အဆုံးအမသြဝါဒတည်း၊ ဤအယူကို ယူလော့၊ ဤအယူကို နှစ်သက်လော့" ဟု ပြောကြားခြင်း။ ဤသို့လျှင် နှစ်ဘက်ပေါင်းမှ သံဃာလေးပါး, ငါးပါး, ခြောက်ပါး, ခုနစ်ပါး, ရှစ်ပါးရှိ၍ အယူကွဲပြားသော်လည်း သံဃာကွဲပြားဖို့ အရေးအကြောင်းမျှသာ ဖြစ်၍ သံဃာကွဲပြားခြင်း မဖြစ်ပါ။

တဘက် သံဃာ အစုမှ လေးပါးရှိ၍ အခြားတဘက်မှလည်း သံဃာလေးပါးရှိပြီးလျှင် ကိုးယောက်မြောက်သော ရဟန်းတပါးက "ဤကားတရားတည်း၊

ဤကား ဝိနည်းတည်း၊ ဤကားမြတ်စွာဘုရား၏ အဆုံးအမ သြဝါဒတည်း၊ ဤအယူကို ယူကြကုန်လော့၊ ဤအယူကို နှစ်သက်ကြကုန်လော့''ဟု ပြောကြားငြားအံ့၊ ဤနည်းဖြင့် တဘက်မှ လေးပါး, တဘက်မှငါးပါး၊ နှစ်ဘက် ငါးပါးစီ၊ ဤသို့စသည်ဖြင့် ကိုးပါး, ကိုးပါးထက် အလွန် ရှိလျှင် သံဃာကွဲပြားရာ အရေးအကြောင်းလည်းဖြစ်၍ သံဃာလည်း စင်စစ် ကွဲပြားပါသည်။

ဤ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့် သံဃာကွဲပြားရန် အရေးအကြောင်းမျှဖြစ်၍သံဃာကွဲပြားသည်မမည်ခြင်း၊သံဃာကွဲပြားရန် အရေးအကြောင်းလည်းဖြစ်၍ သံဃာသည်လည်း စင်စစ်ပင် နှစ်ဘက်ထက်ခြမ်းကွဲပြားခြင်းဖြစ်သည်။ [သံဃာကွဲပြားခြင်း, အက်ကြောင်းထင်ခြင်း နှစ်မျိုးရှင်းပြချက်ပြီးပြီ။]

ဤသာသနာတော်၌ ရဟန်းတော်တို့သည် အဓမ္မကို ဓမ္မဟု, ဓမ္မကို အဓမ္မဟု အဝိနယကို ဝိနယဟု, ဝိနယကို အဝိနယဟု ဤသို့ အစရှိသည်ဖြင့် တဆယ့်ရှစ်ပါးသော ဘေဒကရဝတ္ထုတို့ဖြင့် ပြောကြားကြပြကြပါသည်။ မိမိတို့ အယူဝါဒသို့ လိုက်ပါကြရန် ဆွဲဆောင်ကြပါသည်။ သို့ ဆွဲဆောင်ပြီးလျှင် အသီးအခြား ခွဲခြား၍ ဥပုသ်ကံ, ပဝါရဏာကံ ထိုမှတပါးသော သံဃကံကြီး, ကံငယ်တို့ကို ပြုကြပါကုန်သည်။ ဤနည်းဖြင့် ဤသို့ဖြစ်လျှင် သံဃာကွဲပြားသည်မည်၏။ [သံဃာကွဲပြားပြီဟု ဆိုရသည့်အခြေအနေ ပြီးပြီ။]

အင်္ဂါ-၄။ ။သံဃာကွဲမှု-လုံ့လပြု၍ ( ၁ )၊ သမန္နဘာသန်-ဓမ္မကံတည်း ( ၂ )၊ ကမ္မဝါစာ-ပြီးဆုံးရာဝယ် ( ၃ )၊ မြဲစွာယူလျှင်း-မစွန့်ခြင်းဟု (၄)၊ ကြောင်းရင်း ၄-လီ, အင်္ဂါညီ, သင့်ပြီ ဘေဒက။

*(၁၁) **ဘေဒါနုဝတ္တက။** ။သံဃာကွဲပြားအောင် လုံ့လပြုသောရဟန်း၏ အယူဝါဒကို တပါး, နှစ်ပါး, သုံးပါးကုန်သောရဟန်းတို့သည် အလိုတူ အလိုပါ အတုလိုက်၍ ကျင့်ကြကုန်၏။ထိုရဟန်းတို့က အခြားရဟန်းတို့အား ''အရှင်တို့, ထိုရဟန်းအား တစုံတခုမျှမဆိုကုန်လင့်၊ ထိုရဟန်းသည် ဓမ္မကိုလည်း ဆိုလေ့ရှိ၏၊ ဝိနည်းကိုလည်း ဆိုလေ့ရှိ၏၊ ငါတို့၏ထောက်ခံချက်အတိုင်း သူသည် ဆို၏၊ ငါတို့သည်လည်း ထိုအယူကို နှစ်သက်ကြကုန်၏''ဟု ဆိုကုန်ငြားအံ့၊ ထိုရဟန်းတို့ကို အခြားရဟန်းတို့က ''အရှင်တို့, ဤသို့ မဆိုကုန်လင့်၊ ထိုရဟန်းသည် ဓမ္မကိုလည်းဆိုလေ့မရှိ၊ ဝိနည်းကိုလည်းဆိုလေ့မရှိ၊ အရှင်တို့သည်လည်း သံဃာတော်၏ ကွဲပြားခြင်းကို မနှစ်သက်အပ်ကုန်၊ အရှင်တို့သည် သံဃာတော်နှင့် သဘောချင်း ညီညွတ်ကုန်လော့၊ ညီညွတ်ခြင်း၏အကျိုးကား ညီညွတ်သော

သံဃာတော်သည် ငြင်းခုံခြင်းမရှိ၍ အညီအညွတ် ဝမ်းမြောက် ဝမ်းသာစွာဖြင့် တူသော ပါတိမောက်ပြလျက် ချမ်းသာစွာနေရ၏''ဟုပြောဆိုရမည်။ နှစ်ကြိမ်မြောက်လည်း ပြောဆိုရမည်။ သုံးကြိမ်မြောက်လည်းပြောဆိုရမည်။ အကယ်၍ ထိုအယူကို စွန့်ကုန်ငြားအံ့၊ ထိုသို့စွန့်ခြင်းသည် ကောင်း၏။ အကယ်၍ မစွန့်ကုန်ငြားအံ့၊ ဒုက္ကဋ်အာပတ်သင့်၏။ [ကြားလျက် မပြောဆိုကုန်ငြားအံ့၊ ဒုက္ကဋ်အာပတ်သင့်၏။] ထိုရဟန်းတို့ကို သံဃာ့အလယ်သို့လည်း ခေါ်ဆောင်၍ အထက်၌ ဆိုခဲ့သည့်အတိုင်း သုံးကြိမ်မြောက်အောင် ထပ်မံ၍ ပြောဆိုရမည်။ အကယ်၍ ထိုအယူကို စွန့်ကုန်ငြားအံ့၊ ထိုသို့စွန့်ခြင်းသည်ကောင်း၏။ အကယ်၍ မစွန့်ကုန်ငြားအံ့၊ ထိုရဟန်းတို့အား ဒုက္ကဋ်အာပတ်သင့်ပြန်၏။ ထိုနောက် သံဃာတော်က ထိုရဟန်းတို့အား ထိုအယူကိုစွန့်စေခြင်းငှါ သမနုဘာသနကံဖြင့် ဆိုဆုံးမအပ်ကုန်၏။ ဤသို့ ဆိုဆုံးမအပ်ကုန်သည်ရှိသော် ထိုအယူကိုစွန့်လျှင် ကောင်း၏။ မစွန့်လျှင်ကား သုံးကြိမ်မြောက်သော ကမ္မဝါစာ၏ အဆုံး၌ ထိုရဟန်းတို့အား ဘေဒါနုဝတ္တက သံဃာဒိသိသ် အာပတ်သင့်၏။

မှတ်ချက်။ ။သမနုဘာသနကံပြုပုံကို ပါရာဇိကကဏ်ပါဠိတော် (မြန်မာပြန်) အပိုဒ် ၄၂၀-၌ကြည့်။

နှစ်ပါးသုံးပါးတို့ကိုတပေါင်းတည်း ဆိုဆုံးမအပ်ကုန်၏။ ထိုနှစ်ပါး သုံးပါးထက် အလွန်ဖြစ်လျှင် တပေါင်းတည်း မဆုံးမအပ်။ နှစ်ပါးစီ သုံးပါးစီခွဲ၍ ဆိုဆုံးမရမည်။

အင်္ဂါ-၄။ ။သံဃာခွဲသူ့-နောက်လိုက်မှုနှင့် (၁)၊ သမနုဘာသန်-ဓမ္မကံ့တည်း (၂)၊ ကမ္မဝါစာ-ပြီးဆုံးရာဝယ် (၃)၊ မြစ္စာယူလျှင်း-မစွန့်ခြင်းဟု (၁)၊ ကြောင်းရင်း ၄-တန်, အင်ညီပြန်, သင့်ရန်နုဝတ္တက။

*(၁၂) ဒုဗ္ဗစ။ ။ပညတ်တော်မူသော သိက္ခာပုဒ်တော်ဖြင့် အခြားရဟန်းတို့၏ ဆိုဆုံးမခြင်းကို နားမထောင်လို၍ ထိုရဟန်းတို့အား ''သင်တို့ ငါ့ကိုလာမပြောကြလင့်၊ ငါကလည်း သင်တို့အား ကောင်းကောင်း ဆိုးဆိုး ဘယ်စကားကိုမျှမပြောဘူး''စသည်ဖြင့် ပြန်လှန်ပြောဆိုငြားအံ့။ ထိုရဟန်းကို အခြားရဟန်းတို့က ''အရှင်သည် မိမိကိုယ်ကို မဆိုအပ်သည်ကို မပြုလင့်၊ အရှင်သည် မိမိကိုယ်ကို ဆိုအပ်သည်ကိုသာလျှင် ပြုလော့၊ အရှင်သည်လည်း ဘုရားတပည့်တော်ကို သိက္ခာပုဒ်တော်ဖြင့် ဆိုလော့၊ ဘုရားတပည့်တော်တို့ကလည်း အရှင့်ကိုသိက္ခာပုဒ်တော်ဖြင့်ဆိုကုန်လတ့်။

၂၄၉၄၅

ဤသို့အချင်းချင်း ဆိုဆုံးမခြင်း အချင်းချင်း အာပတ်မှ ထစေခြင်းဖြင့် သာလျှင် ထိုမြတ်စွာဘုရား၏ ပရိသတ်သည် ကြီးပွားခြင်းသို့ရောက်နိုင်၏''ဟု ပြောဆိုရမည်။ နှစ်ကြိမ်မြောက်လည်း ပြောဆိုရမည်။ သုံးကြိမ်မြောက်လည်းပြောဆိုရမည်။ အကယ်၍ ထိုအယူကို စွန့်ငြားအံ့၊ ထိုသို့ စွန့်ခြင်းသည် ကောင်း၏။ အကယ်၍ မစွန့်ငြားအံ့၊ ဒုက္ကဋ်အာပတ်သင့်၏။ [ကြားလျက် မပြောဆိုကုန်ငြားအံ့၊ ဒုက္ကဋ် အာပတ်သင့်၏။] ထိုရဟန်းကို သံဃာ့အလယ်သို့လည်း ခေါ်ဆောင်၍ အထက်၌ဆိုခဲ့သည့် အတိုင်း သုံးကြိမ်မြောက်အောင် ထပ်မံ၍ ပြောဆိုရမည်။ အကယ်၍ ထိုအယူကို စွန့်ငြားအံ့၊ ထိုသို့ စွန့်ခြင်းသည် ကောင်း၏။ အကယ်၍ မစွန့်ငြားအံ့၊ ထိုရဟန်းအား ဒုက္ကဋ် အာပတ်သင့်ပြန်၏။ ထိုနောက် သံဃာတော်က ထိုရဟန်းအား ထိုအယူကို စွန့်စေခြင်းငှါ သမနုဘာသနကံဖြင့် ဆိုဆုံးမအပ်၏။ ဤသို့ ဆိုဆုံးမအပ်သည်ရှိသော် ထိုအယူကိုစွန့်လျှင် ကောင်း၏။ မစွန့်လျှင်ကား သုံးကြိမ်မြောက်သော ကမ္မဝါစာ၏ အဆုံး၌ ထိုရဟန်းအား ဒုဗ္ဗစ သံဃာဒိသိသ် အာပတ်သင့်၏။

**မှတ်ချက်။** ။သမနုဘာသနကံပြုပုံကို ပါရာဇိကကဏ်ပါဠိတော်(မြန်မာပြန်) အပိုဒ် ၄၂၇ ၌ကြည့်။

အာပတ်ကို မရှုခြင်းကြောင့် ဆန္ဒရဟန်းအား ပြုသော သံဃာနှင့် အတူ သုံးဆောင်ခြင်း မရှိသော ဥက္ခေပနီယကံ ပြုပုံ၊ ပြုလိုက ပြုရသောကံခြောက်ပါး၊ ကျင့်ဝတ်လေးဆယ့်သုံးပါးနှင့် ကံငြိမ်းပုံကို စူဠဝဂ်ပါဠိတော် (မြန်မာပြန်)ကမ္မက္ခန္ဓက အပိုဒ် ၄၇, ၅၀, ၅၁နှင့် ၅၅-အသီးသီးတို့၌ကြည့်။

**အင်္ဂါ-၄။** ။မပြောထိုက်သူ.-ကိုယ့်ကိုယ်ပြု၍ (၁)၊ သမနုဘာသနံ-ဓမ္မကံတည်း(၂)၊ ကမ္မဝါစာ-ပြီးဆုံးရာဝယ် (၃)၊ မြဲစွာယူလျှင်း-မစွန့်ခြင်းဟု (၄)၊ ကြောင်းရင်း ၄ တန်, အင်ညီပြန့်,သင့်ရန်ဒုဗ္ဗစ။

* **(၁၃) ကုလဒူသက။** ။အမျိုးလေးပါးတို့၏ သဒ္ဓါတရားကို ဖျက်ဆီးတတ်သော ယုတ်မာသောအကျင့်ရှိသော အကြင်ရဟန်းသည် တခုသော မြို့, ရွာ, နိဂုံးကို အမှီပြု၍နေ၏၊ ထိုရဟန်း၏ ယုတ်မာသော အကျင့်တို့ကို မြင်လည်းမြင်အပ်ကုန်၏၊ ကြားလည်းကြားအပ်ကုန်၏။ ထိုရဟန်းသည် ဖျက်ဆီးအပ်ကုန်သော အမျိုးတို့ကိုလည်း မြင်လည်းမြင်အပ်ကုန်၏၊ ကြားလည်းကြားအပ်ကုန်၏။ ထို့ကြောင့် ထိုရဟန်းကို အခြားရဟန်းတို့က ''အရှင်သည် အမျိုးတို့ကို ဖျက်ဆီးတတ်၏၊ ယုတ်မာသော အကျင့်ရှိ၏၊ အရှင်၏ ယုတ်

မာသော အကျင့်တို့ကို မြင်လည်းမြင်အပ်ကုန်၏၊ ကြားလည်းကြားအပ်ကုန်၏။ အရှင်သည် ဖျက်ဆီးအပ်ကုန်သော အမျိုးတို့ကိုလည်း မြင်လည်းမြင်အပ်ကုန်၏၊ကြားလည်းကြားအပ်ကုန်၏၊ အရှင်သည် ဤကျောင်းမှ ဖဲလေလော့၊ အရှင်သည် ဤကျောင်း၌ နေခြင်းဖြင့် အကျိုးမရှိ''ဟု ဆိုရာ၏။ ဤသို့ဆိုအပ်သည် ရှိသော် အခြားရဟန်းတို့ကို ထိုရဟန်းက ''သင်တို့သည် ချစ်သောအားဖြင့် မလားအပ်သည် သို့လည်း လားကုန်၏၊ မုန်းသောအားဖြင့် မလားအပ်သည် သို့လည်း လားကုန်၏၊ တွေဝေသောအားဖြင့် မလားအပ်သည်သို့လည်း လားကုန်၏၊ ကြောက်သောအားဖြင့်မလားအပ်သည် သို့လည်း လားကုန်၏၊ ထိုသို့ သဘောရှိသော အာပတ်ဖြင့် အချို့သော ရဟန်းကို နှင်ထုတ်ကုန်၏၊ အချို့သော ရဟန်းကို မနှင်ထုတ်ကုန်''ဟု ဆိုငြားအံ့။ ထိုရဟန်းကို အခြားရဟန်းတို့က ''အရှင်သည် ဤသို့ မဆိုလင့်၊ ဘုရားတပည့်တော်တို့သည် ချစ်သောအားဖြင့် မလားအပ်သည်သို့သည်း မလားကုန်၊ မုန်းသောအားဖြင့် မလားအပ်သည်သို့လည်း မလားကုန်၊ တွေဝေသောအားဖြင့် မလားအပ်သည်သို့လည်း မလားကုန်၊ ကြောက်သောအားဖြင့် မလားအပ်သည်သို့လည်း မလားကုန်၊ အရှင်သည်သာလျှင် အမျိုးတို့ကို ဖျက်ဆီးတတ်၏၊ ယုတ်မာသော အကျင့်ရှိ၏၊ အရှင်၏ ယုယ်မာသော အကျင့်တို့ကို မြင်လည်းမြင်အပ်ကုန်၏၊ ကြားလည်းကြားအပ်ကုန်၏၊ အရှင်သည် ဖျက်ဆီး အပ်ကုန်သော အမျိုးတို့ကိုလည်း မြင်လည်းမြင်အပ်ကုန်၏၊ ကြားလည်း ကြားအပ်ကုန်၏၊ အရှင်သည် ဤကျောင်းမှ ဖဲလေလော့၊ အရှင်သည် ဤကျောင်း၌နေခြင်း၊ ဖြင့် အကျိုးမရှိ''ဟု ပြောဆိုရမည်။ နှစ်ကြိမ်မြောက်လည်း ပြောဆိုရမည်။ သုံးကြိမ်မြောက်လည်း ပြောဆိုရမည်။ အကယ်၍ ထိုအယူကို စွန့်ငြားအံ့၊ ထိုသို့စွန့်ခြင်းသည်ကောင်း၏၊ အကယ်၍မစွန့်ငြားအံ့၊ ဒုက္ကဋ်အာပတ်သင့်၏။ [ကြားလျက်မပြောဆိုကုန်ငြားအံ့၊ ဒုက္ကဋ်အာပတ်သင့်၏။] ထိုရဟန်းကိုသံဃာ့အလယ်သို့လည်းခေါ်ဆောင်၍ အထက်၌ဆိုခဲ့သည့်အတိုင်း သုံးကြိမ်မြောက်အောင် ထပ်မံ၍ပြောဆိုရမည်။ အကယ်၍ ထိုအယူကိုစွန့်ငြားအံ့၊ ထိုသို့စွန့်ခြင်းသည် ကောင်း၏။ အကယ်၍ မစွန့်ငြားအံ့၊ ထိုရဟန်းအား ဒုက္ကဋ်အာပတ်သင့်ပြန်၏။ ထိုနောက် သံဃာတော်ကထိုရဟန်းအား ထိုအယူကိုစွန့်စေခြင်းငှါ သမနုဘာသနကံဖြင့် ဆိုဆုံးမအပ်၏။ ဤသို့ဆိုဆုံးမအပ်သည်ရှိသော် ထိုအယူကို စွန့်လျှင်ကောင်း၏။ မစွန့်လျှင်ကား သုံးကြိမ်မြောက်သော ကမ္မဝါစာ၏အဆုံး၌ ထိုရဟန်းအား ကုလဒူသက သံဃာဒိသိသ်အာပတ်သင့်၏။ [အမျိုး၄ပါးကား- မင်းမျိုး,ပုဏ္ဏားမျိုး,ကုန်သည်မျိုး,သူဆင်းရဲမျိုးတို့တည်း။]

ကုလဒူသန ၈-ပါးကို ကျူးလွန်သောရဟန်းကို ကုလဒူသကရဟန်း-ဟု ခေါ်၏။ ထိုကုလဒူသနအမှုကြောင့် ရသောဆွမ်း,သင်္ကန်း,ကျောင်း,ဆေး စသော ဝတ္ထုပစ္စည်းတို့ကို ထိုကုလဒူသကရဟန်းနှင့်တကွ သီတင်းသုံးတော်ငါးဦးလုံးပင် မသုံးစွဲကောင်း၊ သုံးစွဲသူတိုင်းဒုက္ကဋ်အာပတ်သင့်၏။[ကုလဒူသန ၈ ပါးကို နောက်ဆက်တွဲ'အကပ္ပိယပစ္စည်းမျိုး'အခဏ်း၌ကြည့်။] ကုလဒူသန အာပတ်အခဏ်းကိုလည်းဆက်၍ဖတ်။

ယခုကာလ၌ကား သစ်သီးပေးခြင်း, ပန်းပေးခြင်းစသော ကုလဒူသန အမှုကြောင့် ဒုက္ကဋ်အာပတ်သာလျှင်သင့်၏။ အကြောင်းကား ဝိနည်းတော် အတိုင်းအရေးယူ၍ ဆိုဆုံးမခြင်းမရှိသဖြင့် သံဃာဒိသိသ်အာပတ်မသင့်နိုင်သော ကြောင့်တည်း။

မှတ်ချက်။ ။ကျောင်းမှထွက်ခွါသွားရန်ပြုသောကံကို ပဗ္ဗာဇနီယကံ ဟု ခေါ်၏။ ကျောင်းမှထွက်ခွါသွားရန်ပြော`လျှင်ပြော`ခြင်း နားထောင်၍ ထို ကျောင်း၌မနေတော့ပဲ တခါတည်းထွက်သွားလျှင် ပဗ္ဗာဇနီယကံကိုပြုဖွယ်မလို၊ ကုလဒူသနအမှုကြောင့် သင့်မီသောဒုက္ကဋ်အာပတ်ကို ဒေသနာပြော၍ အခြား တရပ်မှာ ကောင်းစွာနေလျှင်စင်ကြယ်၏။

ပဗ္ဗာဇနီယကံပြုပုံနှင့် သမနုဘာသနကံပြုပုံတို့ကို ပါရာဇိကဏ်ပါဠိတော် (မြန်မာပြန်) အပိုဒ်၄၃၄နှင့် ၄၃၈ အသီးသီးတို့၌ကြည့်။

ပြုလိုကပြုရသော ပဗ္ဗာဇနီယကံ တဆယ့်လေးပါး,ကျင့်ဝတ်တဆယ့်ရှစ်ပါး နှင့်ထိုကံငြိမ်းပုံကို စူဠဝဂ်ပါဠိတော်(မြန်မာ‌ပြန်) ကမ္မက္ခန္ဓက အပိုဒ်၂၇,၂၈နှင့် ၃၂အသီးသီးတို့၌ကြည့်။

လမ်းမှန်အတိုင်းမဆုံးဖြတ်ပဲ ချစ်သူဘက်ပင်း၍ဆုံးဖြတ်လျှင် ဆန္ဒာဂတိ လိုက်သည်မည်၏။ မုန်းသူဘက်ကိုနှိမ်၍ဆုံးဖြတ်လျှင် ဒေါသာဂတိလိုက်သည် မည်၏။ ဘယ်လိုဆုံးဖြတ်ရမှန်းမသိပဲ အရမ်းဆုံးဖြတ်လျှင် မောဟာဂတိ လိုက်သည်မည်၏။ ကြောက်သဖြင့်မတရားဆုံးဖြတ်လျှင် ဘယာဂတိလိုက်သည် မည်၏။

အင်္ဂါ-၄။ ။ဆန္ဒာဂတိ-လိုက်ကြ၏ဟု-စသည်ပြောမှု(၁)၊သမနုဘာသန်-ဓမ္မကံတည်း (၂)၊ကမ္မဝါစာ-ပြီးဆုံးရာဝယ် (၃)၊မြဲစွာယူလျှင်း-မစွန့်ခြင်းဟု (၄)၊ကြောင်းရင်း ၄-တန်,အင်ညီပြန်, သင့်ရန်ဒူသန။

အရှင်တို့, တဆယ့်သုံးပါးကုန်သော သံဃာဒိသိသ် အမည်ရှိကုန်သော အာပတ်တို့ကို သရုပ်အားဖြင့် ပြအပ်ကုန်ပြီးသည်သာတည်း။ ရှေးကိုးပါး ကုန်သော သံဃာဒိသိသ်အာပတ်တို့သည် လွန်ကျူးလျှင်လွန်ကျူးခြင်းခဏ၌ အာပတ်သို့ရောက်ခြင်းရှိကုန်၏။ နောက်လေးပါးကုန်သော သံဃာဒိသိသ် အာပတ်တို့သည် သုံးကြိမ်မြောက်သော ကမ္မဝါစာ၏အဆုံး၌ အာပတ်သို့ ရောက်ခြင်းရှိကုန်၏။ အကြင်တဆယ့်သုံးပါးကုန်သော သံဃာဒိသိသ်အာပတ် တို့တွင် တပါးပါးသို့ရောက်သောရဟန်းသည် အကြင်မျှလောက်သော ရက်တို့ ပတ်လုံးသိလျက် ဖုံးလွှမ်းငြားအံ့၊ ထိုမျှလောက်သော ရက်တို့ပတ်လုံး ထို ရဟန်းသည် အလိုမရှိပဲလည်း ပရိဝါသ်နေအပ်၏။ ပရိဝါသ်နေပြီးနောက် အခြားရဟန်းတို့၏ နှစ်သက်မြတ်နိုးခြင်းကိုရခြင်းငှါ ခြောက်ညဥ့်ပတ်လုံးမာနတ် ကျင့်အပ်၏။ မာနတ်ကျင့်ပြီးနောက် ဘိက္ခု(ရဟန်း) သံဃာ နှစ်ကျိပ်အရေ အတွက်ရှိသောသိမ်၌ ထိုရဟန်းကို အဗ္ဘာန်သွင်းအပ်၏။ နှစ်ကျိပ်မပြည့်ပဲ တပါးဖြင့်လည်းယုတ်လျော့၍ တကျိပ်ကိုးပါးအရေအတွက်ရှိသော ရဟန်း အပေါင်းသည် ထိုရဟန်းကို အကယ်၍ အဗ္ဘာန်သွင်းငြားအံ့၊ ထိုရဟန်း သည်လည်း အဗ္ဘာန်သွင်းအပ်သည်မမည်။ ထိုရဟန်းတို့အားလည်း ဒုက္ကဋ်အာပတ် သင့်ကုန်၏။ ဤပြဆိုခဲ့ပြီးသော ညွှန်ကြားချက်ကား ထိုသံဃာဒိသိသ်အာပတ် သင့်ရာ၌ ကျင့်ရသောဝတ်ဘည်း၊ (ဝါ) လောကုတ္တရာတရား ကိုးပါးနှင့် လျော်သောကျင့်ဝတ်တည်း။ [ငင်းကိုးပါးကား-မဂ်၄ ပါး,ဖိုလ်၄ ပါး,နိဗ္ဗာန် တရားတို့တည်း။] ထိုတဆယ့်သုံးပါး ကုန်သော သံဃာဒိသိသ် အာပတ်တို့၌ အရှင်တို့ကို ဘုရားတပည့်တော် မေးပါ၏၊ အသို့နည်း၊ အာပတ်မှ စင်ကြယ် ကြပါကုန်၏လော။ နှစ်ကြိမ်မြောက်လည်း မေးပါ၏၊ အသို့နည်း၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော။ သုံးကြိမ်မြောက်လည်း မေးပါ၏၊ အသို့နည်း၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော။ အရှင်တို့သည် အာပတ်မှ စင်ကြယ် ကြကုန်သောကြောင့်သာလျှင် ဆိတ်ဆိတ်နေကြကုန်၏။ ဤသို့ ဆိတ်ဆိတ်နေ ကြကုန်သဖြင့် ဤအာပတ်မှ စင်ကြယ်ကြကုန်၏-ဟူ၍ သိမှတ်ရ၏။

သံဃာဒိသိသ်ကို သရုပ်အားဖြင့် ပြခြင်းသည် ပြီးခြင်းသို့ရောက်ပြီ။

## ၆။ ။အနိယတ၂-ပါး

အရှင်တို့, နှစ်ပါးကုန်သော အနိယတအမည်ရှိကုန်သော ဤအာပတ်တို့ သည် သရုပ်အားဖြင့် ပြအပ်သည်၏ အဖြစ်သို့ ရောက်ကုန်၏၊

(၁) ပဌမ အနိယတ။ ။ဤသိက္ခာပုဒ်ကား-ပြောဆိုကြသော စကားကို သိကြားနားလည်နိုင်သော အဖော် 'ယောကျ်ား' မျက်မှောက်၌ မရှိပဲလျက်

မေထုန်မှီဝဲနိုင်လောက်အောင် အကာအကွယ်ရှိသော နေရာ—ဟု ဆိုသော 'မျက်စိကွယ်ရာ'၌ မာတုဂါမနှင့်အတူတကွ ထိုင်နေသော ရဟန်းကို အရိယာ ဥပါသိကာမကဖြစ်စေ၊ အခြားယုံကြည်လောက်သော သူကဖြစ်စေ တွေ့မြင်၍ ပါရာဇိက, သံဃာဒိသိသ်, ပါစိတ်အာပတ်၊ ဤတမျိုးမျိုးဖြင့် စွပ်စွဲစေကာမူ၊ သို့မဟုတ် နေထိုင်ပုံအခြင်းအရာနှင့်တကွ ဝတ္ထုကို ဖော်ပြ၍ စွပ်စွဲစေကာမူ ထိုရဟန်းက ဟုတ်ကြောင်း ဝန်ခံမှသာလျှင် ဝန်ခံသည့်အတိုင်း ဆုံးဖြတ်ရမည်။ ဝန်မခံလျှင် အာပတ်ဖြင့် မဆုံးဖြတ်ရ—ဟု ဝိနည်း အဆုံးအဖြတ်၏ လက္ခဏာ (ဆုံးဖြတ်နည်း)ကို ပြသော သိက္ခာပုဒ်တည်း။ [ဤ၌ အဖော်သည် ယောကျ်ားသာ ဖြစ်နိုင်သည်။ မိန်းမ အဖော် တရာပင် ရှိစေကာမူ အဖော်မမည်-ဟူ၍ သိလေ။ ။သွားခြင်းကို ဝန်မခံအံ့၊ ထိုင်ခြင်းကို ဝန်ခံအံ့၊ အာပတ်ကို ဝန်မခံအံ့၊ ထိုင်ခြင်းဖြင့်ဆုံးဖြတ်ရမည်။ ။ပါရာဇိကဏ် ပါဠိတော် (မြန်မာပြန်) ပဌမ အနိယတသိက္ခာပုဒ် အဖွင့်။]

ထိုင်-ဟူသော ဣရိယာပုထ်၌ လျောင်းခြင်း အိပ်ခြင်း ဣရိယာပုထ်တို့လည်း ပါဝင်သည်။

မှတ်ချက်။ ။ဝန်ခံသည့်အတိုင်း-ဟူရာ၌ ဟုတ်မှန်တိုင်း ပြောမည့် လဇ္ဇီ သူတော်ကောင်း၏ ဝန်ခံခြင်းကိုသာ ဆိုလိုသည်။ လိမ်ပြောမည့် အလဇ္ဇီ ပုဂ္ဂိုလ် အတွက်ကား ဝန်ခံတိုင်း ဆုံးဖြတ်ရမည်မဟုတ်၊ အရာရာ စစ်မေး၍ သင့်သလို ဆုံးဖြတ်ရမည်။ [သုဒ္ဓ တန်လျှင် သုဒ္ဓ၊ နေဝသုဒ္ဓနာသုဒ္ဓ တန်လျှင် နေဝသုဒ္ဓနာသုဒ္ဓဟု ဆုံးဖြတ်ရမည်၊ ဂိုဏ်းမှ ကြဉ်ပယ်လောက်အောင် အကြောင်း လုံလောက်လျှင် တခါတည်းဂိုဏ်းမှ ကြဉ်ပယ်အပ်၏။]

ဤသိက္ခာပုဒ်၌ အကျုံးဝင်နိုင်သော အာပတ်များကား ပဌမပါရာဇိက, ကာယသံသဂ္ဂ သံဃာဒိသိသ်နှင့် ရဟော ပဋိစ္ဆန္နပါစိတ် အာပတ်များတည်း။

ဆောင်ပုဒ်။ ။အနိယတုတ်, သိက္ခာပုဒ်၌, ဖော်ထုတ်အာပတ်, ထူးမတာပ်
လည်း, ဆုံးဖြတ်နည်းနာ, လက္ခဏာကို, လျှော်စွာပြမှု,
ပညတ်ပြု၏။

(၂) ဒုတိယ အနိယတ။ ။ဤသိက္ခာပုဒ်ကား—ပြောဆိုကြသောစကား ကို သိကြားနားလည် နိုင်သော အဖော်'ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ' ၁၂ တောင်အတွင်း၌ မရှိပဲလျက် မေထုန်မှီဝဲနိုင်လောက်အောင် အကာအကွယ် မရှိသောနေရာ—ဟု ဆိုသော 'နားကွယ်ရာ'၌ မာတုဂါမနှင့် အတူတကွ ထိုင်နေသော ရဟန်းကို အရိယာ ဥပါသိကာမက ဖြစ်စေ၊ အခြားယုံကြည်

လောက်သောသူက ဖြစ်စေ တွေ့မြင်၍ သံဃာဒိသိသ်, ပါစိတ်အာပတ်၊ ဤ တမျိုးမျိုးဖြင့် စွပ်စွဲစေကာမူ၊ သို့မဟုတ် နေထိုင်ပုံ အခြင်းအရာနှင့် တကွ ဝတ္ထုကို ဖော်ပြ၍ စွပ်စွဲစေကာမူ ထိုရဟန်းက ဟုတ်ကြောင်း ဝန်ခံမှသာလျှင် ဝန်ခံသည့်အတိုင်း ဆုံးဖြတ်ရမည်။ ဝန်မခံလျှင် အာပတ်ဖြင့် မဆုံးဖြတ်ရ-ဟု ဝိနည်းအဆုံးအဖြတ်၏ လက္ခဏာ(ဆုံးဖြတ်နည်း)ကို ပြသော သိက္ခာပုဒ် တည်း။ [ဤ၌ အဖော်သည် ယောကျ်ားသာမဟုတ်၊ မိန်းမလည်းဖြစ်နိုင် သည်။ ။သွားခြင်းကို ဝန်မခံအံ့၊ ထိုင်ခြင်းကို ဝန်ခံအံ့၊ အာပတ်ကို ဝန် မခံအံ့၊ ထိုင်ခြင်းဖြင့် ဆုံးဖြတ်ရမည်။ ။ပါရာဇိကဏ်ပါဠိတော် (မြန်မာပြန်) ဒုတိယ အနိယတ သိက္ခာပုဒ် အဖွင့်။]

**မှတ်ချက်။** ။ဤသိက္ခာပုဒ်၌ အကျုံးဝင်နိုင်သော အာပတ်များကား ဒုဋ္ဌုလ္လဝါစာ သံဃာဒိသိသ်, ဘိက္ခုနောဝါဒဝဂ်၌လာသော ရဟောနိသဇ္ဇနှင့် အစေလကဝဂ်၌လာသော ရဟောနိသဇ္ဇပါစိတ်အာပတ်များတည်း။

ဤဒုတိယ အနိယတသိက္ခာပုဒ်သည် ဒုဋ္ဌုလ္လဝါစာ သံဃာဒိသိသ်အာပတ်၏ အစွမ်းအားဖြင့်လာသည်။ ထို့ကြောင့်'သောတရဟ-နားကွယ်ရာ'ကို လိုရင်း-ဟူ၍မှတ်။ ဤသို့သောအနက်ကိုပြလို၍ သာရတ္ထဒီပနီဋီကာ၌-ဣဒံ ပန သိက္ခာပဒံ ဒုဋ္ဌုလ္လဝါစာယ ဝသေန အာဂတံ-ဟုမိန့်၏။ ။ဣဒံ ပန သိက္ခာပဒံ၊ ဤဒုတိယ အနိယတသိက္ခာပုဒ်သည်။ ဒုဋ္ဌုလ္လဝါစာယ၊ ဒုဋ္ဌုလ္လဝါစာသံဃာဒိသိသ်၏။ ဝသေန၊ အစွမ်းဖြင့်။ အာဂတံ၊ လာ၏။

ဤသိက္ခာပုဒ်အပြင် ပဌမ အနိယတ, ဘိက္ခုနောဝါဒဝဂ်၌ လာသော ရဟောနိသဇ္ဇ, အစေလကဝဂ်၌လာသော ရဟောပဋိစ္ဆန္နနှင့် ရဟောနိသဇ္ဇ သိက္ခာပုဒ်များတွင်လည်း 'ထိုင်ခြင်း' ဣရိယာပုထ်သာလျှင် အာပတ်၌အကျုံး ဝင်လေသည်။ [စကားပြောသည်ဖြစ်စေ၊ မပြောသည်ဖြစ်စေ မာတုဂါမနှင့် တယောက်ချင်းချင်းထိုင်လျှင် အာပတ်သင့်သည်—ဟူလို။] ရပ်ခြင်း ဣရိယာ ပုထ်သည် အာပတ်၌ အကျုံးမဝင်ပါ။ စကားပြောခြင်းအတွက်လည်း အာပတ် မသင့်ပါ။ [ဆိုလိုသည်မှာ စကားပြောခြင်းသည် လိုရင်းမဟုတ်၊ ပြောသော စကား၏အကြောင်းသာလျှင် လိုရင်းဖြစ်သည်။ ဝိနည်းနှင့် ဆန့်ကျင်သော စကားကိုပြောလျှင်သာ ပြောသောစကားအလိုက် အာပတ်ဖြင့်ဆုံးဖြတ်ရမည်-ဟူ၍ဖြစ်သည်။]

**စာရေးသူ၏ထင်မြင်ချက်။** ။မာတုဂါမနှင့် တယောက်ချင်းချင်း စကား ပြောဆိုခြင်း၏အပြစ်ကို ဝတ္ထုကြောင်းဖြင့် ထင်ရှားစေအံ့။ ။ကျောင်းအ

ဝိသာခါသည် ဥဒါယီရဟန်းအား မာတုဂါမနှင့် တယောက်ချင်းချင်းထိုင်၍ စကားပြောနေခြင်းကိုမနှစ်မြို့သဖြင့် ဥဒါယီအား "မာတုဂါမနှင့်တယောက်ချင်း နေတာဟာ မတော်ပါဘူး၊ အရှင်ဘုရားက ထိုအမှုကိုမလိုလားသော်လည်း လူအချားက ယုံကြည်ဖို့ခဲယဉ်းပါသည်" ဟုပြော၏။ ဤစကားကိုထောက်သော် ထိုခေတ် (ဘုရားလက်ထက်တော်) ၌ပင် ရဟန်းတော်များအပေါ်၌ မာတုဂါမနှင့် ပတ်သက်လျှင် အလွန်တရာမှ အယုံအကြည်နည်းကြသည်မှာ ပေါ်လွင်ပါသည်။

ရဟန်းတော်များ၏ အဆင့်အတန်းကိုနိမ့်ကျစေသော အဓိကအကြောင်းတို့တွင် မာတုဂါမနှင့် ဖေါက်လွဲဖေါက်ပြန် ဖြစ်ခြင်းသည် အဆိုးဝါးဆုံးအကြောင်းတရပ်ဖြစ်လေသည်။ မိမိကို အလွန်ကြည်ညို၍ အဘက်ဘက်မှလိုလေသေးမရှိအောင် လူအား ပစ္စည်းအားဖြင့်ထောက်ပံ့ကိုးကွယ်နေသော ဒါယကာပင်လျှင် ၎င်း၏ဇနီးနှင့် တယောက်ချင်းချင်းစကားပြောမည်ဆိုက ဟာလာဟင်းလင်း၌သော်လည်း လိုလားနှစ်သက်မည်မဟုတ်ပေ။ တကြိမ်က နှစ်ကြိမ်, နှစ်ကြိမ်က သုံးကြိမ်ဖြစ်လျှင်ကား အများကပင် မသင်္ကာဖြစ်တော့မည်သာ။ မာတုဂါမနှင့်ဆိုလျှင် မိမိက မည်သို့ပင်ရိုးသားစေကာမူ တယောက်ချင်းချင်းစကားပြောဆိုခြင်းသည် အများမျက်စိ၌ ကန့်လန့်ဖြစ်ပါသည်။ "ကိုယ်ကောင်းလျှင် ခေါင်းဘယ်မှမရွေ့" ဆိုသောစကားကို ဤနေရာ၌ မသုံးသင့်ပါ။ ကိုယ့်အတွက်နှင့်သူတပါးအား ယုန်ထင်ကြောင်ထင် ထင်စေခြင်းသည်လည်း မသင့်ပါ။ မယ်တော်နှင့် တယောက်ချင်းချင်းစကားပြောရာ၌ကား သိနေသောသူတို့အဖို့ မဆိုသာသော်လည်း မသိသောသူတို့အဖို့ မိမိအပေါ်၌ ယုံမှားသံသယဖြစ်စေနိုင်သည်။ မာတုဂါမများနှင့်စပ်လျဉ်း၍ 'ရဟန်းတော်များ၏အပေါ်၌ အထင်အမြင်သေးတတ်ကြပါသည်။ အထင်သေးတတ်ကြသလောက်လည်း အများသိကြသည့်အတိုင်း တိုင်းပြည်၌ မာတုဂါမနှင့်ဖေါက်လွဲဖေါက်ပြန်မှုများ ရံဖန်ရံခါပေါ်ပေါက်လျက်ရှိနေပါသည်။ အကြောင်းရင်းကိုရှာသော် ထိုဖေါက်လွဲဖေါက်ပြန်အမှုများသည် တယောက်ချင်းချင်း လွတ်လွတ်လပ်လပ် စကားပြောဆိုခြင်းမှ အစပြု၍ ဖြစ်လာသည်ကိုတွေ့ရှိရပါသည်။

ဤကိစ္စသည် အများနှင့် သက်ဆိုင်သောကိစ္စ ဖြစ်သည်။ ရိုးသားသောသူသည် မည်သည့်နည်းနှင့်မှ မာတုဂါမနှင့် အချစ်မေတ္တာနှင့် စပ်လျဉ်းသော စကားပြောမည်မဟုတ်သော်လည်း မရိုးသားသော (ဝါ) ဆန်းပြားသော ပုဂ္ဂိုလ်မှုကား နားကွယ်ရာ၌ ဖြစ်စေ၊ မျက်စိကွယ်ရာ၌ဖြစ်စေ မာတုဂါမနှင့် တယောက်ချင်းချင်း အခွင့်သင့်လျှင် ပြောပေလိမ့်မည်။ ။မာတုဂါမက ထိုင်

ပြီး ရဟန်းက ရပ်၍ရှင်း၊ မာတုဂါမက ရပ်ပြီး ရဟန်းက ထိုင်၍ရှင်း၊ နှစ်ယောက်စလုံးရပ်၍ရှင်း စကားပြောလျှင် အာပတ်မသင့်-ဟူသောအခွင့်အရေးကို လက်ဆုပ်လက်ကိုင်ထားကာ မာတုဂါမနှင့် တယောက်ချင်းချင်း စကားပြောရာ၌ အကွက်အဆင်ပြေ ပြေသလို တလုံးကောင်း နှစ်လုံးကောင်း ထေ့လုံး ညုလုံးတွေသုံး၍ နောက်ဆုံး၌ အရှက်ကွဲအကျိုးနဲဖြစ်အောင် ပြုပေလိမ့်မည်။ ဘုရားလက်ထက်က ရဟန်းများနှင့် ယခုခေတ် ရဟန်းများ မတူကြပါ၊ ထိုခေတ်က ရဟန်းများသည် များသောအားဖြင့် မပညတ်ရသေးသော အရာကိုသာ ကျူးလွန်လေသည်၊ ပညတ်ပြီးသော အရာကိုကား များသောအားဖြင့် မကျူးလွန်ကြပေ၊ အလွန်ရှုပ်ထွေလှသော အရှင်ဥဒါယီပင်လျှင် ရှောင်ကြဉ်လေသည်၊ အတ္တကာမပါရိစရိယသိက္ခာပုဒ်၏ ဝတ္ထုကြောင်းဖြင့် သာဓကဆောင်၍ ထင်ရှားစေအံ့။

ရဟန်းများအား အလွန်ရခဲသော မေထုန်အမှုကို အလိုရှိသည်၊ တတ်နိုင်လျှင် လှူပါ—ဟု အရှင်ဥဒါယီ ဆိုသောကြောင့် မေထုန်အလှူကို ပေးရန် အလို့ငှါ အရှင်ဥဒါယီအား အခန်းတွင်းသို့ လိုက်လာခဲ့ရန် မှာပြီး ထိုမာတုဂါမသည် အခန်းတွင်းသို့ဝင်၍ အဝတ်မဆည်း ဗလာကိုယ်ထည်းဖြင့် ခုတင်ပေါ်၌ ပက်လက်စင်းလျက် နေ၏၊ မှာထားသည့်အတိုင်း အရှင်ဥဒါယီသည် အခန်းတွင်းသို့ လိုက်ဝင်လေ၏၊ ထိုမာတုဂါမ၏အထံသို့ ရောက်သောအခါ အရှင်ဥဒါယီသည် မေထုန်ကို မမှီဝဲပဲ "အဘယ်သူသည် ယုတ်မာဆိုးဝါး မကောင်းသော အနံ့ရှိသည့် ဤအရာဝတ္ထုကို သုံးသပ်လိမ့်မည်နည်း" ဟု ဆို၍ တံတွေးထွေးလျက် အခန်းတွင်းမှ ပြန်ထွက်ခဲ့လေသည်။ [မေထုန်ကို အလှူခံခြင်းသည် အလွန်ပင် ယုတ်မာဆိုးဝါးသော အမှုဖြစ်သည်၊ မှန်၏။ သို့သော် အလှူခံသည့်အတိုင်း မာတုဂါမက လိုက်လျော၍ ထိုအခြေမျိုးသို့ရောက်ပြီးမှ ရှောင်ခဲ့ခြင်းသည် အလွန်ပြုနိုင်ခဲသောအရာဖြစ်သည်-ဟူ၍ ဆိုရပေမည်၊ တနည်းအားဖြင့်ဆိုလျှင် ပညတ်ပြီးသော ပဌမပါရာဇိကသိက္ခာပုဒ်ကို ရိုသေလေးစားသောအားဖြင့် သောင်းကြမ်း ထကြွနေသော ထိုရာဂစိတ်ကို အတင်းချိုးနှိမ်ကာ ရှောင်ခဲ့လေသည်-ဟူ၍ ဆိုထိုက်၏၊ (ဝါ)ပညတ်ပြီးသောအရာကို ရှောင်ကြဉ်လေသည်-ဟူ၍ ဂုဏ်ယူထိုက်၏။] ယခုခေတ်ရဟန်းများကား များသောအားဖြင့် ပညတ်ပြီးသော သိက္ခာပုဒ်ကိုပင် ချိုးဖေါက် ဖျက်ဆီးလေသည်၊ သူ့ကို တဦးတယောက်က စွပ်စွဲလျှင်လည်း ထိုခေတ်က ရဟန်းများကဲ့သို့ ဝန်မခံပဲ အတင်းငြင်းကွယ်လေသည်၊ မဟုတ်ကြောင်း ယုတ္တိရှိအောင် ငြင်းကွယ်ခုခံ၍ တခါတရံ စောဒက(တရားလို)ကိုပင် အများကမတရားစွပ်စွဲသည်ဟုအထင်မှားကြသေး၏။ထို့ကြောင့် မာတုဂါမက

ထိုင်ပြီး ရဟန်းက ရပ်၍ရင်း ။ ပ ။ အာပတ်မသင့်–ဟူသော အခွင့်အရေးကို ဤခေတ် ရဟန်းတော်များ အသုံးမပြုသင့်ဟု ထင်မြင်ပါ၏။

မာတုဂါမတို့နှင့်ပတ်သက်၍ သို့ကလောက် အပြစ်အနာအဆာများရကား သာသနာတော်ကို စောင့်ရှောက်သောအနေဖြင့် (ဝါ) ရဟန်းတော်များ၏ သီလဂုဏ်သိက္ခာကို မြှင့်တင်သောအနေဖြင့် မျက်စိကွယ်ရာ၌ မဆိုထားဘိ၊ နားကွယ်ရာ၌သော်လည်း မာတုဂါမဆိုလျှင် ချွင်းချက်မထားပဲ မယ်တော်နှင့်ပင် တယောက်ချင်းချင်းထိုင်၍ဖြစ်စေ၊ ရပ်၍ဖြစ်စေ နေလည်း မနေသင့်၊ စကားလည်း မပြောသင့်–ဟု ယူဆစေချင်ပါသည်။ [အာပတ်ဖြင့် စောဒနာနေခြင်းမဟုတ်ပါ။] အကယ်၍ မိမိထံသို့ မာတုဂါမတယောက်တည်း လာအံ့၊ အနီး၌ လူရှိလျှင် ထိုလူကို အဖော်အဖြစ်ဖြင့် ခေါ်ယူပါ။ မရှိငြားအံ့၊ မပြောလျှင်လည်း မဖြစ်ရကား ထိုမာတုဂါမအား ''တယောက်ချင်းချင်း စကားပြောဆိုခြင်းသည် မသင့်လျော်၍ သည်းခံပါ၊ စိတ်မရှိပါနှင့်၊ ပြောလိုက အဖော်ခေါ်ပြီးလာပါ'' စသည်ဖြင့် ယဉ်ကျေးစွာ ပြောဆို၍ ဖဲသွားစေရမည်။ ထိုသို့ပြော၍ ၎င်းက ငြိုငြင်စိတ်ဆိုးလျှင် မိမိ၏ တာဝန် မဟုတ်၊ သူ၏ တာဝန်သာဖြစ်သည်။ [လမ်းမကျသော်လည်း ငြိုငြင်စိတ်ဆိုးမည်စိုး၍ လက်ခံ စကားပြောမည်ဆိုလျှင် မိမိအား အခြားသူတို့က အာပတ်ဖြင့် စောဒနာခြင်း မပြုငြားသော်လည်း မိမိသည် နောက်ဆက်တွဲ မိစ္ဆာဇီဝအခဏ်း၌ ဖော်ပြထားသော သလ္လပနရဟန်း၏အဖြစ်သို့ ရောက်မှန်းမသိ ရောက်ချိမ့်မည်–ဟု သတိပြုစေလိုပါ၏။]

ဤသို့သော ကိစ္စမျိုးတို့ကို တညီတညွတ်တည်း ပြုလုပ်ကြလျှင် ရဟန်းတော်များ၏ သီလဂုဏ်သိက္ခာသည် ဒီရေအလား တိုးတက်မည်–ဟု ဆိုဝံ့ပါသည်။ သို့ဖြစ်၍ ကျောင်းများ၌ စည်းကမ်းတခုအနေဖြင့် ''မည်သူမဆို မာတုဂါမနှင့် ဆိုလျှင် မယ်တော်ပင် ဖြစ်စေကာမူ တယောက်ချင်းချင်း မနေရ၊ စကား မပြောရဟု သတ်မှတ်ထားဖို့ လိုအပ်ပေသည်–ဟု ယူဆပါ၏၊ ယူဆသည့်အတိုင်းလည်း တညီတညွတ်တည်း ပြုလုပ်ကြပါရန် တိုက်တွန်းလိုပါ၏။

သတိ။ ။ကျောင်းဝင်းတဝင်းလုံး၌ သီလရှင်နှင့် ဘုန်းကြီးနှစ်ဦးတည်းသာရှိ၍ ထိုသီလရှင်ကိုပင် ကပ္ပိယအရာထား၍ တယောက်ချင်းချင်း နေခြင်းသည်အလျှင်းပင် မသင့်ပါ။ ရဟန်းတပါးတည်းရှိသော အခန်းတွင်းသို့ မာတုဂါမတယောက်တည်းဝင်၍ တံမြက်လှည်းခြင်း စသော ဝေယျာဝစ္စ ပြုလုပ်ခြင်းသည်လည်း မသင့်ပါ။ [မာတုဂါမနှင့် စိမ်းစိမ်းကားကား နေရမည်ဟု မဆိုလိုပါ။ အကြောင်းကိစ္စရှိလျှင် အဖော်ကို အနီး၌ထား၍ အရှင်အာနန္ဒာအား

ပရိနိဗ္ဗာန်ပြုတော်မူမည့်ဆဲဆဲ ဘုရားရှင် မှာကြားသွားသည်နှင့်အညီ အဘွား တန်လျှင် အဘွား၊ အမေတန်လျှင် အမေ၊ အဒေါ်တန်လျှင် အဒေါ်၊ အစ်မ တန်လျှင် အစ်မ၊ ညီမတန်လျှင် ညီမ၊ သမီးတန်လျှင် သမီး၊ တူမတန်လျှင် တူမ-ဟူသော စိတ်ထားမျိုးဖြင့် ရင်းရင်းနှီးနှီး ပြောဆိုတိုင်ပင်ပါလေ။]

အကယ်၍ စာရေးသူ ယူဆသကဲ့သို့ မယူဆပါက သည်းခံ ခွင့်လွှတ်တော် မူကြပါကုန်။

**ဆောင်ပုဒ်။** ။အနိယတုတ်, သိက္ခာပုဒ်၌, ဖေါ်ထုတ်အာပတ်, ထူးမတပ်လည်း, ဆုံးဖြတ်နည်းနာ, လက္ခဏာကို, လျော်စွာပြမူ, ပညတ်ပြု၏။

အရှင်တို့ နှစ်ပါးကုန်သော အနိယတ အမည်ရှိကုန်သော အာပတ်တို့ကို သရုပ်အားဖြင့် ပြအပ်ကုန်ပြီးသည်သာတည်း။ ထိုနှစ်ပါးကုန်သော အနိယတ အာပတ်တို့၌ အရှင်တို့ကို ဘုရားတပည့်တော်မေးပါ၏၊ အသို့နည်း၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော၊ နှစ်ကြိမ်မြောက်လည်း မေးပါ၏၊ အသို့နည်း၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော။ သုံးကြိမ်မြောက်လည်း မေးပါ၏၊ အသို့နည်း၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော။ အရှင်တို့သည် အာပတ်မှ စင်ကြယ်ကြကုန်သောကြောင့်သာလျှင် ဆိတ်ဆိတ်နေကြကုန်၏။ ဤသို့ ဆိတ်ဆိတ်နေကြကုန်သဖြင့် ဤအာပတ်မှ စင်ကြယ်ကြကုန်၏-ဟူ၍ သိမှတ်ရ၏။

အနိယတကို သရုပ်အားဖြင့် ပြခြင်းသည် ပြီးဆုံးခြင်းသို့ရောက်ပြီ။

---

## ၇။ ။နိဿဂ္ဂိယ ပါစိတ် ၃၀

အရှင်တို့ သုံးဆယ်ကုန်သော စွန့်ခြင်း ဝိနည်းကံရှိကုန်သော နိဿဂ္ဂိယ ပါစိတ် အမည်ရှိကုန်သော ဤအာပတ်တို့သည် သရုပ်အားဖြင့် ပြအပ်သည်၏ အဖြစ်သို့ ရောက်ကုန်၏။

### ၁။ စီဝရဝဂ်

***(၁) ပဌမ ကထိန။** ။ကထိန်နုတ်ပြီးနောက် အဓိဋ္ဌာန် ဝိကပ္ပနာ လောက်သော ကိုယ်ပိုင်သင်္ကန်းကို အဓိဋ္ဌာန်မတင် ဝိကပ္ပနာ မပြုပဲလျက် ဆယ်ရက်ထက် ပိုလွန်၍ မထားရ။ ထားလျှင် သင်္ကန်းကိုလည်း ဝိနည်းကံဖြင့် စွန့်အပ်၏။ ပဌမ ကထိန နိဿဂ္ဂိပါစိတ် အာပတ်လည်း သင့်၏။ [ဤသို့သင်္ကန်း စသည်ကို အလျှင်စွန့်ရခြင်းရှိသော ပါစိတ်အာပတ်ကို 'နိဿဂ္ဂိယပါစိတ်' ဟု

ခေါ်၏။ ထို့ကြောင့် နိဿဂ္ဂိ ထိုက်နေသော ဝတ္ထုပစ္စည်းတို့ကို မစွန့်ပဲ သုံးပြန်လျှင် ကိုင်တိုင်းကိုင်တိုင်း ဒုက္ကဋ်အာပတ်သင့်၏။]

ကိုယ်ပိုင်သက်န်း–ဟူရာ၌ နောက်ဆက်တွဲ-သက်န်း အဓိဋ္ဌာန် တင်နည်းအခဏ်း၌ ဖော်ပြထားသော သင်္ကန်း ၉–ထည်တို့တွင် ရှေ့ ၆–ထည်တို့ကို ဆိုလိုသည်။ အဓိဋ္ဌာန်ဝိကပ္ပနာလောက်သော ထိုသင်္ကန်းတို့၏ အယုတ်ဆုံးပမာဏမှာ မြတ်စွာဘုရား၏လက်သစ်တော်အားဖြင့် အလျား ၈–သစ်, အနံ ၄–သစ်ဖြစ်၍ ပေလက်မအားဖြင့် အလျား ၂–ပေ အနံ ၁–ပေ ဖြစ်သည်–ဟူ၍ 'မဇ္ဈိမ ဝဍ္ဍကီ တွက်နည်း' ဖြင့် တွက်ပြထားပါသည်။

မှတ်ချက်။ ။ရဟန်း ၁ ပါးထံဖြစ်စေ၊ ၂ ပါး ၃ ပါးဂိုဏ်းထံ ဖြစ်စေ၊ သံဃာထံဖြစ်စေ ချဉ်းကပ်၍ နိဿဂ္ဂိထိုက်နေသော သင်္ကန်းကို အနီး၌ချထား၍ဖြစ်စေ၊ ကိုင်ထား၍ဖြစ်စေ "အရှင်ဘုရား, ဘုရားတပည့်တော်သည် ဤသင်္ကန်းကို အဓိဋ္ဌာန်မတင် ဝိကပ္ပနာ မပြုပဲလျက် ၁၀ ရက်ထက် ပိုလွန်၍ ထားမိသည်ဖြစ်၍ ဤသင်္ကန်းသည် နိဿဂ္ဂိ ထိုက်နေ၏။ ဤသင်္ကန်းကို အရှင်ဘုရားအား ဘုရားတပည့်တော် စွန့်ပါ၏"ဟု ဆို၍ စွန့်ရမည်။ ဤသို့လျှောက်၍ စွန့်ရခြင်းကို 'စွန့်ခြင်းဝိနည်းကံ'ဟု ခေါ်၏။ ထိုသို့ စွန့်ခြင်း ဝိနည်းကံပြုပြီးမှ ပါစိတ်အာပတ်ကို ဒေသနာပြောရသောကြောင့် 'စွန့်ခြင်းဝိနည်းကံရှိသော ပါစိတ်အာပတ်'ဟု ခေါ်၏။

ဤစာအုပ်တွင်'နိဿဂ္ဂိပါစိတ်အာပတ်သင့်၏'ဟု ဆိုသမျှ၌'စွန့်ခြင်းဝိနည်းကံ' ရှိသည်–ဟု မှတ်။

စွန့်ပုံ, ပြန်ပေးပုံကို နောက်ဆက်တွဲ'သင်္ကန်းအဓိဋ္ဌာန်တင်နည်း....အခဏ်း'၌ ကြည့်။

*(၂)ဒုတိယကထိန(ခေါ်)ဥဒေါသိတ။ ။ဂိလာန ရဟန်းအား ပေးအပ်သော အဝိပ္ပဝါသသမ္မုတိကို မရထားလျှင် ကထိန်နုတ်ပြီးနောက် တိစီဝရိတ် အဓိဋ္ဌာန် တင်ထားသော သင်္ကန်းသုံးထည်တို့နှင့် တညဉ့်(တအရုဏ်)မျှသော်လည်း ကင်း၍ မနေရ။ နေလျှင် ဒုတိယကထိန (ခေါ်) ဥဒေါသိတ နိဿဂ္ဂိပါစိတ် အာပတ်သင့်၏။ [သင်းပိုင်, ကိုယ်ရုံ,ဒုကုဋ်၊ ဤ သုံးထည်ကို တိစီဝရိတ်-ဟုခေါ်၏။ ဤသုံးထည်လုံးနှင့်ကင်းမှ မဟုတ်၊တထည်ထည်နှင့်ကင်းလျှင်လည်း နိဿဂ္ဂိပင်။]

**စိစစ်ဝေဖန်ခြင်း။** ။ဤခေတ်၌ ဤသိက္ခာပုဒ်တော်ကို ဆောက်တည်သော ပုဂ္ဂိုလ်အနည်းအကျဉ်းမျှသာ ရှိသည်၊ မဆောက်တည်သောဘက်က အလွန်များ၏။ အကြောင်းပြချက်ကား ဤသိက္ခာပုဒ်တော်ကို ဆောက်တည်ခြင်းအားဖြင့် အာပတ်သင့်နိုင်သည်။ မဆောက်တည်ခြင်းအားဖြင့် အာပတ်မသင့်-ဟူ၍ ဖြစ်သည်။ ။ဆောက်တည်သင့်-မသင့် စိစစ် ဝေဖန်ပါအံ့။ ။ဘုရားရှင်သည် ရဟန်းဟူသမျှအား သင်္ကန်း (၃)ထည်ကို ကိုယ်နှင့်ထက်ကြပ်မကွာ ဆောင်စေလို၍ ဤသိက္ခာပုဒ်တော်ကို ပညတ်တော်မူခြင်း ဖြစ်သည်။ ဤသိက္ခာပုဒ်တော်သည် (၂၂၇)သွယ်သော သိက္ခာပုဒ်ကြီးတို့တွင် တပါးအပါအဝင်ဖြစ်ရကား ၎င်းကို မဆောက်တည်လျှင် ထိုရဟန်းသည် (၂၂၇) သွယ်သော သိက္ခာပုဒ်ကို ဆောက်တည်သော ပုဂ္ဂိုလ်မဟုတ်။ (၂၂၆) သွယ်သော သိက္ခာပုဒ်ကိုသာ ဆောက်တည်သော ပုဂ္ဂိုလ်ဖြစ်သည်။ သို့ဖြစ်၍ ဤသိက္ခာပုဒ်တော်ကိုလည်း ဆောက်တည်အပ်ပေသည်-ဟူ၍ ဆိုအပ်ပါသည်။

**မှတ်ချက်။** ။သီတင်းကျွတ်လဆုတ် ၁ ရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်နေ့အထိသည် သင်္ကန်းကာလ ဖြစ်၏။ ထိုသင်္ကန်းကာလ၌ပင် တိစီဝရိက်အဓိဋ္ဌာန်တင်ထားသော သင်္ကန်းသုံးထည်တို့တွင် တထည်ထည်သော သင်္ကန်းနှင့် ညဥ့်ကင်းနေခွင့်ကို ပတ္တဝဂ်-သာသက်သိက္ခာပုဒ်တော်၌ တောကျောင်းဘုန်းကြီးများအားသာလျှင် ခွင့်ပြုတော်မူသည်။ ဤအချက်ကိုထောက်သောအားဖြင့် အခြားပုဂ္ဂိုလ်များမှာ ကထိန်အာနိသင်ကိုဖြစ်စေ သမ္မုတိကိုဖြစ်စေ မရထားလျှင် သင်္ကန်းကာလ၌ပင် ဖြစ်သော်လည်း ထိုစီဝရိက်အဓိဋ္ဌာန် တင်ထားသော သင်္ကန်းတို့နှင့် တညဥ့် (တအရုဏ်)မျှ ကင်း၍ မနေရ-ဟု သိအပ်၏။

ဤသိက္ခာပုဒ်ကို ဆောက်တည်သောသူကို 'ဝိနည်းတိစီဝရိက်ဆောင်သူ'ဟု ခေါ်၏။ ဤပုဂ္ဂိုလ်ကား တိစီဝရိက်သင်္ကန်း သုံးထည်အပြင် ဝိကပ္ပနာပြုထားသော သင်္ကန်းများကိုလည်း သုံးဆောင်လေသည်။ [တိစီဝရိက်သင်္ကန်း သုံးထည်ဖြင့်သာနေသောသူကို 'တိစီဝရိက်ဓုတင်ဆောင်ပုဂ္ဂိုလ်'ဟု ခေါ်၏။]

**အမှာ။** ။သမ္မုတိ တောင်းပုံ, ပေးပုံတို့ကို ပါရာဇိကဏ် ပါဠိတော် (မြန်မာပြန်) အပိုဒ် ၄၇၃နှင့် ၄၇၄တို့၌ကြည့်။ ။သင်္ကန်းစောင့်ရှောက်ပုံ, စွန့်ပုံ စသည်ကို နောက်ဆက်တွဲ 'သင်္ကန်းအဓိဋ္ဌာန်တင်နည်း....အခဏ်း၌ကြည့်။

*(၃)တတိယကထိန။ ။'အကာလသင်္ကန်း' ကို ရရှိလျှင် အမြန်ချုပ်, ဆိုး။ ချုပ်ဖို့လည်း အကယ်၍ မပြည့်စုံ မလုံလောက်၊ နောက်ဘပ်လည်း သင်္ကန်းလျာ

ပုဆိုး ရနိုးခြင်းရှိလျှင် ပြည့်စုံလုံလောက်စေခြင်းငှါ ထိုသင်္ကန်းကို အဓိဋ္ဌာန် မတင် ဝိကပ္ပနာမပြုပဲလျက် (၁)လ ထားနိုင်၏။ ထိုထက် လွန်စေလျှင် တတိယ ကထိန နိဿဂ္ဂိပါစိတ် အာပတ်သင့်၏။

အကာလ—မည်သည် ကထိန် မခင်းလျှင် သီတင်းကျွတ်လဆုတ် (၁)ရက် နေ့မှ စ၍ တန်ဆောင်မုန်းလပြည့်နေ့ တိုင်အောင် ဤသင်္ကန်းကာလဖြစ်သော (၁)လကိုကြဉ်၍ ကျန်သော (၁၁)လသည် 'အကာလ' မည်၏၊ ကထိန်ခင်း လျှင် သီတင်းကျွတ်လဆုတ် (၁)ရက်နေ့မှစ၍ တပေါင်းလပြည့်နေ့တိုင်အောင် ဤသင်္ကန်းကာလဖြစ်သော (၅)လကို ကြဉ်၍ ကျန်သော (၇)လသည် 'အကာလ'မည်၏။ ထို'အကာလ'တို့အတွင်း၌ ဖြစ်စေ၊ ကထိန်နုတ်ပြီးမှ ဖြစ်စေ ရရှိသောသင်္ကန်းကို 'အကာလသင်္ကန်း'ဟုခေါ်၏။

(၄)ပုရာဏစီဝရ။ ။သင်္ကန်းအဟောင်းကို ဆွေမျိုးမတော်သော ရဟန်း မိန်းမအား အဖွပ်, အထုအရိုက်, အဆိုးမခိုင်းရ။ ခိုင်း၍ သူပြုလျှင် ပုရာဏ စီဝရနိဿဂ္ဂိပါစိတ်အာပတ်သင့်၏။ [ခိုင်းအံ့၊ ဒုက္ကဋ်။သူပြုအံ့၊ နိဿဂ္ဂိပါစိတ် အာပတ်သင့်၏။ ။သုံးစွဲသည့် အနေအားဖြင့် တကြိမ်သုံးဖူးလျှင် အယုတ် သဖြင့် ဦးခေါင်းပေါ်တင်သွားဖူး ခေါင်းအုံးလုပ်၍ အုံးဖူးလျှင် သင်္ကန်း အသစ်ပင်လည်း အဟောင်းစာရင်းတွင် ဝင်တော့သည်။]

ဉာတိများ။ ။'ဘ-ဘိုး-ဘေး-ဘီ-ဘင်-ဘောင်-ဘော' ဟု အထက် ၇ ဆက်၊ 'သား-မြေး-မြစ်-တီ-ကွတ်-ကျွတ်-ကျွတ်ဆက်'ဟု အောက် ၇ ဆက် ရှိ၏။ ဘ-ဘိုး စသည်၌ အမိ-အဘွားစသော မိန်းမများကိုငင်း၊သားစသည်၌ သမီး စသည်ကိုငင်း ယူပါ။ [ဘိုး၏အဘကို ဘေး, ဘေး၏အဘကို ဘီ စသည် ဖြင့်ငင်း၊ မြေး၏သားကိုမြစ်, မြစ်၏သားကို တီ စသည်ဖြင့်ငင်း သိပါ။] ဤသို့ ဆွေ ၇ ဆက် မျိုး ၇ ဆက်တွင် (အထက်အောက်မှ) မပါဝင်သူ သွေးသား ချင်း ဆက်သွယ်၍ မရနိုင်သူကို 'အညာတိက'ဟု ခေါ်သည်။ ထို့ကြောင့် ကိုယ့်မယား, သား၏ မယားနှင့် ထိုမယားတို့ဘက်မှ ဆက်သွယ်လာသူတို့ သည် ယခုအခါ၌ ဆွေမျိုးလု အသိအမှတ်ပြုကြသော်လည်း ဝိနည်းတော်အရ ဆိုလျှင် ဆွေမျိုးစာရင်း၌ မပါဝင်ကြ—ဟု မှတ်။

ဆွေမျိုးဆက်ပုံ။ ။ဘ=ပဌမဆွေမျိုး၊ ဘိုး=ဒုတိယ။ ဘိုး၏ သားသမီး ဖြစ်သော (ဘ၏ညီအစ်ကို မောင်နှမ အရင်းဖြစ်သော) ဦးကြီး ဦးလေး စသည်=တတိယ၊ ထိုတတိယ၏ သားသမီးဖြစ်သော (ဂဝမ်းကွဲ ညီအစ်ကို

မောင်နှမ)=စတုတ္ထ၊ ထိုစတုတ္ထ၏ သားသမီးဖြစ်သော(တဝမ်းကွဲတူ)=ပဥ္စမ၊ထို ပဥ္စမ၏သားသမီးဖြစ်သော(တဝမ်းကွဲမြေး)=ဆဋ္ဌ၊ ထိုဆဋ္ဌ၏ သာသမီးဖြစ်သော (တဝမ်းကွဲမြစ်)=သတ္တမ၊ တဝမ်းကွဲမြစ်မှ နောက်၌ ဉာတိစာရင်းမဝင်တော့ပြီ။ ဤနည်းအတိုင်း ဘိုး=ဒုတိယ၊ ဘေး=တတိယ၊ဘိုး၏ ညီအစ်ကိုမောင်နှမ အရင်းဖြစ်သော (ဘိုးလေး-ဘွားလေး)-စတုတ္ထ၏သားသမီး စသည်ကိုလည်း ပဥ္စမ-ဆဋ္ဌ စသည့်ဖြင့် ဆက်လေ။ အောက်ဘက်မှာလည်း 'သား=ပဌမ၊ မြေး=ဒုတိယ'စသည်ဖြင့် ဆက်လေ။ [ဤတက်အကျယ်သိလိုလျှင် မိုင်းခိုင်းဆရာတော် စီရင်သော 'တိုပေဋက ဝိနိစ္ဆယကျမ်း- ဒုတိယတွဲ-စာမျက်နှာ ၅၂၈ မှ စ၍ကြည့်။]

**(၅) စီဝရ ပဋိဂ္ဂဟဏ။** ။ဆွေမျိုးမတော်သောရဟန်းမိန်းမ၏ သင်္ကန်းကို တစုံတခုသောဝတ္ထုဖြင့် မလဲလှယ်ပဲလျက် သက်သက်မဲ့မခံယူရ။ ခံယူ၍ရလျှင် စီဝရ ပဋိဂ္ဂဟဏနိဿဂ္ဂိပါစိတ် အာပတ်သင့်၏။ [ခံယူအံ့၊ အားထုတ်ခြင်း (ပယောဂ) ၌ ဒုက္ကဋ်။ ရခြင်းကြောင့် နိဿဂ္ဂိပါစိတ်အာပတ်သင့်၏။]

*(၆) **အညာတက ဝိညတ္တိ။** ။ဆွေမျိုးမတော် မဖိတ်ကြားထားသော သူတို့ထံမှ တောင်းသင့်သောအခါကိုကြဉ်၍ အခြားအခါ၌ သင်္ကန်းကို မတောင်းရ။ တောင်း၍ရလျှင် အညာတကဝိညတ္တိနိဿဂ္ဂိ ပါစိတ်အာပတ် သင့်၏။

တောင်းသင့်သောအခါကား ခိုးသူလုယက်ခြင်းကြောင့်ဖြစ်စေ၊ ရေ, မီး, မင်းစသည်တို့ ဖျက်ဆီးခြင်းကြောင့်ဖြစ်စေ ဝတ်ဖို့သင်္ကန်း လုံးလုံးမရှိသော အခါတည်း။ ။[အခ်ါမှုတပါးတောင်းအံ့၊ အားထုတ်ခြင်း (ပယောဂ) ၌ ဒုက္ကဋ်။ ရခြင်းကြောင့် နိဿဂ္ဂိပးစိတ်အာပတ်သင့်၏။]

မင်း—မည်သည် ကေရာဇ်မင်း, ပဒေသရာဇ်မင်း နယ်စား(မြို့စား), ရွာစား တရားသူကြီး, အမတ်ချုပ်တို့တည်း။ ဖြတ်ခြင်း, ခွဲခြင်းကိုပြု၍ ဆုံးမအုပ်ချုပ်သူ ဟူသမျှကိုလည်း 'မင်း' ဟုဆိုအပ်၏။

**သတိ။** ။ယခုအခါ ဧည့်သည်ရဟန်းရောက်လျှင် အာဂန္တုကဆွမ်းကို ဉာတိပဝါရိတ မဟုတ်သူတို့ထံမှ ဖိတ်ကြားကြသည်ကား ဖိတ်သူလည်းမအပ်၊ စားသူလည်းမအပ်။ [သင်္ကန်းကိုသာမတောင်းအံ့၊ သင်္ကန်းမှ တပါးကိုကား တောင်းအပ်၏—ဟု မယူလေလင့်။ ဆွမ်းဖိတ်ပေးခြင်း၊ ပစ္စည်း ၄ ပါးအဖိတ် ခိုင်းခြင်း၊ ရဟန်းဒါယကာ ရှင်ဒါယကာအလုပ်ခိုင်းခြင်းများသည်လည်းမအပ်၊

ခိုင်းသူလည်းအပြစ်မလွတ်၊ ထိုသို့ခိုင်း၍ တောင်း၍ရသောပစ္စည်းသည်လည်း အဆက်ဆက်မအပ်—ဟုမှတ်။]

ဆွေမျိုးမတော်သော ရဟန်းဒါယကာကို ပစ္စည်း၄ ပါးဒါယကာ-ဟူ၍မယူလေလင့်၊ သူကပစ္စည်း၄ ပါးဖြင့်ဖိတ်ထားမှသာလျှင် ပစ္စည်း၄ ပါးဒါယကာ မြောက်သည်။ မဖိတ်ထားလျှင်ကား မည်သည့်ပစ္စည်းကိုမှ အယုတ်သဖြင့် ရေကို မျှသော်လည်း မတောင်းလေလင့်။

* (၇) တတုတ္ထရိ။ ။ခိုးသူလုယက်ခြင်းကြောင့်ဖြစ်စေ၊ ရေ, မီး, မင်း, စသည်တို့ဖျက်ဆီးခြင်းကြောင့်ဖြစ်စေ ဝတ်ဖို့သင်္ကန်း လုံးလုံးမရှိသောအခါ၌ ဆွေမျိုးမတော် မဖိတ်ကြားထားသောသူတို့ကသိ၍ လှူဒါန်းသောသင်္ကန်းတို့မှ သင်းပိုင်နှင့်ကိုယ်ရုံကိုသာ ခံယူကောင်း၏။ ထိုထက်ပို၍ခံယူလျှင် တတုတ္ထရိနိဿဂ္ဂိ ပါစိတ်အာပတ်သင့်၏။ [ဒွိဘစုံလုံးမပျက်စီး၍ တထည်ကျန်သေးမူ လိုနေသော သင်းပိုင်ကိုသာဖြစ်စေ၊ ကိုယ်ရုံကိုသာဖြစ်စေ ခံယူရာ၏။]

ပို၍တောင်းအံ့၊ အားထုတ်ခြင်း (ပယောဂ) ၌ ဒုက္ကဋ်။ ရခြင်းကြောင့် နိဿဂ္ဂိပါစိတ်အာပတ်သင့်၏။

**အနာပတ္တိဝါရ။** ။သင်းပိုင်, ကိုယ်ရုံမှကြွင်းသည်ကို ပြန်၍ယူခဲ့မည်–ဟု ဆို၍ယူသွားအံ့၊ အကြွင်းသည် အရှင်အားသာလျှင်ဖြစ်ပါစေဟု လှူကုန်အံ့၊ အာပတ်မသင့်။ ခိုးသူလုယက်သောအကြောင်းမရှိမလှူကုန်အံ့၊ ပျောက်သော အကြောင်းမရှိပဲ လှူကုန်အံ့၊ အာပတ်မသင့်။ ဆွေမျိုးတော်သူ ဖိတ်ကြား ထားသူတို့အား ထိုထက်အလွန် သင်္ကန်းကိုတောင်းအံ့၊ မိမိဥစ္စာဖြင့်(အပ်သော နည်းဖြင့်) ဝယ်ယူအံ့၊ အာပတ်မသင့်။

* (၈) ပဌမဥပက္ခဋ။ ။ဆွေမျိုးမတော်သော ဒါယကာဖြစ်စေ၊ ဒါယိကာမ ဖြစ်စေ ဤမည်သော ရဟန်းကိုရည်မှန်း၍ သင်္ကန်းလှူအံ့ဟု သင်္ကန်းဖိုး (ငွေ)ကို စီရင်ထား၏။ ထိုအကြောင်းကို ထိုရဟန်းကြားသိ၏။ ထိုရည်စူး ထားသောသင်္ကန်းထက် ပို၍ကောင်းသောသင်္ကန်းကို လိုချင်သောကြောင့် ရှေး၌ မဖိတ်ကြားထားပဲလျက် ထိုရဟန်းသည် ထိုသူထံသို့သွား၍ မူလထက် အလျားရှည်အောင် အနံပြန့်အောင် အသားကျစ်အောင် ချောအောင်ပြုစေ၏။ ထိုရဟန်းစီမံသည့်အတိုင်း ထိုသူပြုလုပ်၍ လှူလျှင် ထိုသူအား မူလရည်စူးထား သောတန်ဖိုး(ငွေ)ထက် ပို၍ ကုန်ငြားအံ့၊ ထိုရဟန်းအား ပဌမဥပက္ခဋ နိဿဂ္ဂိ ပါစိတ် အာပတ်သင့်၏။[တန်ဖိုးပိုအောင် စီမံအံ့၊ အားထုတ်ခြင်း(ပယောဂ)၌ ဒုက္ကဋ်၊ ရခြင်းကြောင့် နိဿဂ္ဂိ ပါစိတ် အာပတ်သင့်၏။]

**မှတ်ချက်။** ။မူလ ရည်စူးထားသော တန်ဖိုးထက် ပိုလာမှ သာလျှင် နိဿဂ္ဂိထိုက်သည်။ တန်ဖိုးမပိုလျှင်ကား မိမိကို ရည်စူးပြီးသားဖြစ်၍ သွားရောက်စီမံ၍ ရသော်လည်း နိဿဂ္ဂိ မထိုက်၊

ဉာတိ ပဝါရိတ မဟုတ်သူတို့က ကျောင်းစသည်ကို ရည်စူးထားရာဝယ် သွားရောက်စီမံရာ၌လည်း မူလ ရည်စူးထားသည်ထက် တန်ဖိုး ပိုသွားလျှင် ထိုပစ္စည်းများလည်း မအပ်သည်သာ။ ဉာတိပဝါရိတတို့အထံ၌ကား တန်ဖိုးပိုသော်လည်း အပ်၏။[ဤသိက္ခာပုဒ်၌ သင်္ကန်းတမျိုးတည်းကိုသာ ဖော်ပြထားသော်လည်း သင်္ကန်းကဲ့သို့ပင် အခြားပစ္စည်းများလည်း အကျုံးဝင်သည်-ဟူ၍ သိလေ။ ။နောက်သိက္ခာပုဒ်နှစ်ပါးတို့၌လည်း ဤအတိုင်းသိ။]

*(၉) ဒုတိယဥပက္ခဋ။ ။ဆွေမျိုးမတော်သော ဒါယကာ နှစ်ယောက်ဖြစ်စေ၊ ဒါယိကာမ နှစ်ယောက်ဖြစ်စေ ဤမည်သော ရဟန်းကို ရည်မှန်း၍ အသီးသီးသင်္ကန်းလှူအံ့ဟုသင်္ကန်းဖိုး(ငွေ)ကို စီရင်ထားကြကုန်၏။ထိုအကြောင်းကို ထိုရဟန်းကြားသိ၏။ ထိုရည်စူးထားသော သင်္ကန်းတို့ထက် ပို၍ကောင်းသော သင်္ကန်းတို လိုချင်သောကြောင့် ရှေး၌ မဖိတ်ကြားထားပဲ လျက် ထိုရဟန်းသည် ထိုသူတို့ ထံသို့သွား၍ ထိုသူတို့ကို တလုံးတစည်းတည်းပြုစေ၏၊ (ဝါ)နှစ်ထည်စာကို တထည်တည်းပြုစေ၏။ မူလထက် အလျားရှည်အောင် အနံပြန့်အောင် အသားကျစ်အောင် ချောအောင် ပြုစေ၏။ ထိုရဟန်း စီမံသည့် အတိုင်း ထိုသူတို့ ပြုလုပ်၍ လှူကြလျှင် ထိုသူတို့အား မူလရည်စူးထားသော တန်ဖိုး(ငွေ)ထက်ပို၍ ကုန်ငြားအံ့၊ ထိုရဟန်းအား ဒုတိယ ဥပက္ခဋ နိဿဂ္ဂိပါစိတ် အာပတ်သင့်၏။ [တန်ဖိုးပိုအောင် စီမံအံ့၊ အားထုတ်ခြင်း (ပယောဂ)၌ ဒုက္ကဋ်။ ရခြင်းကြောင့် နိဿဂ္ဂိပါစိတ် အာပတ်သင့်၏။]

**မှတ်ချက်။** ။ပေါင်းစပ်စေသဖြင့် မူလရည်စူးထားသော တန်ဖိုးတို့ထက် ပိုလာမှသာလျှင် နိဿဂ္ဂိ ထိုက်သည်။ မပိုလျှင်ကား မိမိကိုရည်စူး ပြီးသားဖြစ်၍ နိဿဂ္ဂိ မထိုက်။

*(၁၀) ရာဇ။ ။ဒါယကာ ဒါယိကာမ ကိုယ်တိုင်ဖြစ်စေ တမန်သည်ဖြစ်စေ သင်္ကန်းကိုလှူအံ့ဟုသင်္ကန်းဖိုး (ငွေ)ကို ယူဆောင်၍ ရဟန်းအား "အရှင်ဘုရား,အရှင့်ကို ရည်မှန်း၍ ဤသင်္ကန်းဖိုး (ငွေ)ကို ယူဆောင်ခဲ့ပါသည်။ အရှင်သည် ဤအဖိုး(ငွေ)ကို ခံယူတော်မူပါဘုရား" ဟု ဆိုငြားအံ့။ ထိုရဟန်းသည် ထိုသူအား "ဒါယကာ, ရဟန်းတို့သည် သင်္ကန်းဖိုး(ငွေ)ကိုကား မခံယူကုန်၊ ရဟန်းတို့သည် အလိုရှိသော အခါ၌ အပ်စပ်သော သင်္ကန်းကိုသာ ခံယူကုန်၏" ဟု ဆိုရာ၏။ အကယ်၍ ထိုသူက ထိုရဟန်းအား "အရှင်ဘုရား,အရှင့်အား

အမှုကြီးငယ် ပြုသော သူတဦးတယောက် ရှိပါသလော”ဟု မေးလျှောက်ကြားအံ့။ ထိုရဟန်းသည် ထိုသူအား“ဒါယကာ ဤသူသည် ရဟန်းတို့၏ အမှုကြီးငယ် ပြုသော သူတည်း”ဟု ဆို၍ အရံစောင့်ကို ဖြစ်စေ၊ ဥပါသကာကို ဖြစ်စေညွှန်းရမည်။ အကယ်၍ ထိုဒါယကာက အမှုကြီးငယ် ပြုသော သူကို သိစေပြီး၍ ထိုရဟန်းအား “အရှင်ဘုရား၊ အရှင်ညွှန်းသည့်အတိုင်း အမှုကြီးငယ်ပြုသော ဤသူကို ဘုရားတပည့်တော် သိစေအပ်ပြီးပါပြီ၊ အရှင်သည် အလိုရှိသော အခါ၌ အပ်စပ်သော သက်နီးကို ဤသူ့ထံမှ တောင်းခံတော်မူပါဘုရား”ဟုလျှောက်ထားကြားအံ့။ ထိုရဟန်းသည် အမှုကြီးငယ်ပြုသော ထိုသူ့ထံမှ အလိုရှိသော အခါ၌ အပ်စပ်သော သက်နီးကို ဝစီဝိညတ်ဖြင့် သုံးကြိမ်တောင်းအပ်၏။ မရလျှင် ကာယဝိညတ်ဖြင့် ခြောက်ကြိမ် ရပ်အပ်၏။ထိုထက် ပိုလွန်၍ ပြုသဖြင့် ရလျှင် ရာဇနိဿဂ္ဂိ ပါစိတ်အာပတ်သင့်၏။

သုံးကြိမ်တောင်၍ ခြောက်ကြိမ် ရပ်သော်လည်း မရလျှင် အလှူရှင်ထံသို့ ကိုယ်တိုင်သွား၍ ဖြစ်စေ၊တမန် စေလွှတ်၍ဖြစ်စေ ထိုအဖိုး(ငွေ)ကို အချည်းနှီး မဖြစ်စေဖို့ရန် အကျိုးအကြောင်း ပြောကြားရာ၏။ ဤသို့ ကိုယ်တိုင် သွား၍ ပြောရခြင်း တမန်စေလွှတ်၍ ပြောခိုင်းရခြင်းသည် ထိုသက်နီးကိစ္စကို ပြီးအောင် မဆောင်ရွက်ပေးရာ၌ ကျင့်ရာသော ဝတ်တည်း၊ (ဝါ) လောကုတ္တရာတရားကိုးပါးနှင့် လျော်သော ကျင့်ဝတ်တည်း။ [ပျက်ကွက်လျှင် ဝတ္တဘေဒ ဒုက္ကဋ်အာပတ်သင့်၏။]

အကျယ်ကို ပါတိမောက် ဘာသာဋီကာ၊ ဘုရား ဥပဒေတော်ကြီးနှင့် ပါရာဇိကဏ်ပါဠိတော် (မြန်မာပြန်)တို့၌ကြည့်။

ရှေးဦးစွာသော စီဝရဝဂ်သည် ပြီးခြင်းသို့ရောက်ပြီ။

## ၂။ ဧဠကလော်မဝဂ်(ခေါ်)ကောသိယဝဂ်

(၁) ကောသိယ။ ။ပိုးချည်နှင့် ရောသောအခင်းကို မိမိဖို့ မလုပ်ရ၊ မလုပ်စေရ။ လုပ်ခဲ့လျှင် ကောသိယနိဿဂ္ဂိပါစိတ်အာဖတ်သင့်၏။ [လုပ်၊ လုပ်စေအံ့၊ အားထုတ်ခြင်း(ပယောဂ)၌ ဒုက္ကဋ်။ ရခြင်းကြောင့် နိဿဂ္ဂိပါစိတ်။ သူတပါးအတွက် ပြုလုပ်၊ ပြုလုပ်စေအံ့၊ ဒုက္ကဋ်။ သူတပါး ပြုလုပ်ပြီးသည်ကို သုံးဆောင်အံ့၊ ဒုက္ကဋ်အာပတ်သင့်၏။]

(၂)သုဒ္ဓကာဠက။ ။အမည်းသက်သက်ဖြစ်သော သိုးမွေးအခင်းကို မိမိဖို့ မလုပ်ရ၊ မလုပ်စေရ။ လုပ်ခဲ့လျှင် သုဒ္ဓကာဠကနိဿဂ္ဂိပါစိတ်အာပတ်သင့်၏။

[လုပ်,လုပ်စေအံ့၊ အားထုတ်ခြင်း(ပယောဂ)၌ ဒုက္កဋ်။ ရခြင်းကြောင့်နိဿဂ္ဂိပါစိတ်။ သူတပါးအတွက် ပြုလုပ်, ပြုလုပ်စေအံ့။ ဒုက္កဋ်။ သူတပါးပြုလုပ်ပြီးသည်ကို သုံးဆောင်အံ့၊ ဒုက္ကဋ်အာပတ်သင့်၏။]

(၃)ဒွေဘာဂ။ ။သိုးမွေးအနက် နှစ်ဖို့, သိုးမွေးအဖြူ တဖို့, သိုးမွေးအကြောင်တဖို့ကို မယူပဲလျက် သိုးမွေးအနက်ကို များစွာယူ၍ အခင်းသစ်ကို မိမိဖို့ မလုပ်ရ၊ မလုပ်စေရ။ လုပ်ခဲ့လျှင် ဒွေဘာဂနိဿဂ္ဂိပါစိတ် အာပတ်သင့်၏။ [လုပ်,လုပ်စေအံ့၊ အားထုတ်ခြင်း (ပယောဂ) ၌ ဒုက္ကဋ်။ ရခြင်းကြောင့် နိဿဂ္ဂိပါစိတ်။ သူတပါးအတွက် ပြုလုပ်,ပြုလုပ်စေအံ့၊ဒုက္ကဋ်။ သူတပါးပြုလုပ်ပြီးသည်ကို သုံးဆောင်အံ့၊ ဒုက္ကဋ်အာပတ်သင့်၏။]

(၄) ဆဗ္ဗဿ။ ။အခင်းသစ်ကို မိမိဖို့လုပ်လျှင် လုပ်စေလျှင် ၎င်းကို ခြောက်နှစ်ပြည့်အောင် သုံးဆောင်ရမည်။ ဂိလာနရဟန်းအား ပေးအပ်သော သမ္မုတိကို မရထားလျှင် ထိုခြောက်နှစ်အတွင်း၌ ၎င်းအခင်းကို စွန့်သည်ဖြစ်စေ၊ မစွန့်သည်ဖြစ်စေ တပါးသော အခင်းသစ်ကို မိမိဖို့ ထပ်မံ၍ မလုပ်ရ၊ မလုပ်စေရ။ လုပ်ခဲ့လျှင် ဆဗ္ဗဿနိဿဂ္ဂိပါစိတ်အာပတ်သင့်၏။ [လုပ်, လုပ်စေအံ့၊ အားထုတ်ခြင်း (ပယောဂ)၌ ဒုက္ကဋ်။ ရခြင်းကြောင့် နိဿဂ္ဂိပါစိတ်အာပတ်သင့်၏။]

**အနာပတ္တိဝါရ**။ ။ခြောက်နှစ်ပြည့်၍ လုပ်,လုပ်စေအံ့၊ သူတပါးအတွက် ပြုလုပ်,ပြုလုပ်စေအံ့၊ သူတပါး ပြုလုပ်ပြီးသည်ကို သုံးဆောင်အံ့၊ အာပတ်မသင့်။

**အမှာ**။ ။သမ္မုတိတောင်းပုံ, ပေးပုံကို ပါရာဇိကဏ်ပါဠိတော် (မြန်မာပြန်) အပိုဒ် ၅၅၉ နှင့် ၅၆၀ တို့၌ကြည့်။

(၅) နိသီဒနသန္ထတ။ ။နိသီဒိုင်အသစ်ကို မိမိဖို့လုပ်လျှင် လုပ်စေလျှင် နိသီဒိုင်အဟောင်း၏ တခုသော နံပါးမှ မြတ်စွာဘုရား၏ 'တထွာ' အတိုင်းအရှည်ကို ဖြတ်ယူ၍ နိသီဒိုင်အသစ်၏ အဆင်းပျက်စေခြင်းငှါ ထိုအဟောင်းတထွာကို ရောထည့်ရမည်၊ မရောထည့်ပဲလျက် လုပ်ခဲ့လျှင် နိသီဒနသန္ထတနိဿဂ္ဂိပါစိတ်အာပတ်သင့်၏။ [လုပ်,လုပ်စေအံ့၊ အားထုတ်ခြင်း(ပယောဂ)၌ ဒုက္ကဋ်။ ရခြင်းကြောင့် နိဿဂ္ဂိပါစိတ်။ သူတပါးအတွက် ပြုလုပ်, ပြုလုပ်စေအံ့၊ ဒုက္ကဋ်အာပတ်သင့်၏။]

(၆) ဧဠကလောမ။ ။ခရီးသွားစဉ် လှူလိုက်သော သိုးမွေးတို့ကို သုံးယူဇနာထက် ပိုလွန်၍ မိမိကိုယ်တိုင် မဆောင်ယူရ။ ဆောင်ယူလျှင် ဧဠကလောမ

နိဿဂ္ဂိပါစိတ် အာပတ် သင့်၏။ [တယူဇနာသည် ၆ တိုင်နှင့် တာ ၄၀၀ ဖြစ်သည်။]

ပဌမခြေလှမ်း သုံးယူဇနာကို လွန်အံ့၊ ဒုက္ကဋ်။ ဒုတိယခြေလှမ်း လွန်အံ့၊ နိဿဂ္ဂိပါစိတ်အာပတ်သင့်၏။

(၇) **ဧဠကလောမဓောဝါပန**။ ။ဆွေမျိုးမတော်သော ရဟန်း မိန်းမအား သိုးမွေးတို့ကို အဖွပ်,အဆိုး, အဖြေအထွင် မခိုင်းရ။ ခိုင်း၍သူပြုလျှင် ဧဠကလောမဓောဝါပန နိဿဂ္ဂိ ပါစိတ် အာပတ်သင့်၏။ [စေခိုင်းအံ့၊အား ထုတ်ခြင်း (ပယောဂ)၌ ဒုက္ကဋ်။ သူပြုအံ့၊ နိဿဂ္ဂိပါစိတ်အာပတ်သင့်၏။]

* (၈) **ရူပိယ**။ ။ရွှေ,ငွေ,ပိုက်ဆံ,ဒင်္ဂါးတို့ကို ကိုယ်တိုင်လည်း မခံယူရ၊ သူတပါးကိုလည်း မခံယူစေရ၊ အနီးအဝေး၌ လှူဒါန်းသည်ကိုလည်း ကိုယ်နှုတ်ဖြင့် မပယ်ပဲ စိတ်ဖြင့် မသာယာရ။ ဤသို့သော ခံခြင်းသုံးပါးတို့တွင် တပါးပါးဖြင့် ခံယူလျှင် ရူပိယနိဿဂ္ဂိပါစိတ်အာပတ်သင့်၏။ [ခံအံ့၊ အား ထုတ်ခြင်း (ပယောဂ)၌ ဒုက္ကဋ်။ ရခြင်းကြောင့် နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။]

ရွှေငွေတို့ကိုကြည့်၍ ကြွင်းသော ရတနာ ၈ ပါးကိုဖြစ်စေ၊ စေတီ, သံဃာ, အခြားပုဂ္ဂိုလ်တို့အတွက် ရတနာ ၁၀ ပါးတို ဖြစ်စေ ခံယူလျှင် ဒုက္ကဋ် အာပတ် သင့်၏။

**ရွှေငွေစွန့်ပုံ**။ ။ဤရွှေငွေကို စွန့်ရာ၌ကား ဘံဃာ,ဂိုဏ်း,ပုဂ္ဂိုလ်အားလုံး ပင် မအပ်သောကြောင့် အခြားနိဿဂ္ဂိပစ္စည်းကဲ့သို့ သံဃာ,ဂိုဏ်း,ပုဂ္ဂိုတ်အား စွန့်ခွင့်မရ၊ သံဃာ့အလယ်တွင် "အဟံ ဘန္တေ ရူပိယံ ပဋိဂ္ဂဟေသိံ၊ ဣဒံမေ ဘန္တေ နိဿဂ္ဂိယံ၊ ဣမာဟံ နိဿဇ္ဇာမိ"ဟု ပါဠိလို ဖြစ်စေ၊ "အရှင်ဘုရား, ဘုရားတပည့်တော်သည် ရွှေငွေကို ခံယူမိပါပြီ၊ ဤရွှေငွေမှာ နိဿဂ္ဂိထိုက်၍ ၎င်းကို ဘုရားတပည့်တော် စွန့်ပါ၏"ဟု မြန်မာလို ဖြစ်စေ ဆို၍ စွန့် ရမည်။

စွန့်ရခြင်းအကျိုး။ ။ထိုကဲ့သို့ စွန့်ပြီးသည့်အခါ လူတယောက်ယောက် လာလျှင် "ဤဟာကို သိလော့"ဟု ပြော။ "ဤငွေဖြင့် ဘာကို ယူခဲ့ရမည် နည်း"ဟု ၎င်းက လျှောက်လျှင် "မည်သည့်ပစ္စည်းကို ယူစေလိုသည်၊ယူခဲ့"ဟု မပြောပဲ သံဃာတော်မှာ အလိုရှိသော အပ်သောပစ္စည်းကို ညွှန်ပြ၍ "မည် သည့်ပစ္စည်းတော့ သံဃာမှာအပ်တာပဲ"ဟု ပြောနိုင်၏၊ ထိုသို့ပြော၍ ၎င်းက ဝယ်ယူလာလျှင် ထိုပစ္စည်းကို ရွှေငွေအလှူခံသော ရဟန်းမှတပါး သံဃာ

အားလုံး သံဃိကပစ္စည်းကို ခွဲဝေသုံးဆောင်သကဲ့သို့ သုံးဆောင် ကောင်း၏။ ဤသို့လျှင် ရွှေငွေကို မစွန့်ပဲထားက ထိုရွှေငွေသည် မည်သည့်ရဟန်းနှင့်မှ မအပ်တော့ပဲ သံဃာ့အလယ်၌ စွန့်လိုက်က ရွှေငွေခံသူ ရဟန်းမှတပါးသော သံဃာတော်အား ပစ္စည်းသုံးစွဲခွင့်ရခြင်းသည် ရွှေမေ့ကို စွန့်ရခြင်း၏ အကျိုး ပင်တည်း။

ရွှေငွေခံသူ။ ။ရွှေငွေကို အလှူခံမိသော ရဟန်းမှာကား စွန့်လိုက်သည့် အတွက် အဆက်ဆက် အပြစ်ကင်း၍ သန့်ရှင်းခြင်းအကျိုးရှိ၏။ ထိုစွန့်ပြီး ရွှေမေ့မှ ကပ္ပိယတို့ ဝယ်ယူပေးသော ပစ္စည်းများလည်း မအပ်တော့ချေ။ သံဃာမှ ဝေစုရသောပစ္စည်းကို ရဟန်း, သာမဏေ, ကပ္ပိယတို့က တဆင့်ပေးသော်လည်း ထိုပစ္စည်းကို မသုံးစွဲကောင်း။ ထိုစွန့်ပြီး ရွှေငွေဖြင့် သစ်ပင်မျိုးစေ့ကို ဝယ်၍ စိုက်ထားအပ်သောသစ်ပင်၌သော်မျှ ထိုရွှေငွေကို အလှူခံမိသော ရဟန်းမှာ အရိပ်မခိုကောင်း။ ထိုငွေဖြင့် ဝယ်အပ်သော ဆီမီးရောင်၌ စာကိုသော်မျှ လည်း မကြည့်ရှု မပို့ချကောင်း-ဟူ၍ သိလေ။

"အကယ်၍ ဤသို့ ထိုရွှေငွေလဲလှယ်မည့်သူကို ရအံ့၊ ဤသို့ ရခြင်းသည် ကောင်း၏။ အကယ်၍ မရအံ့၊ အင်္ဂါ ၅ ပါးနှင့်ပြည့်စုံသော ရဟန်းကို ရွှေငွေစွန့် ရဟန်း-ဟု သမုတ်ရမည်။ ထိုရဟန်းသည် ဆန္ဒာဂတိသို့ မလိုက်ရာ၊ ဒေါသာဂတိသို့ မလိုက်ရာ၊ မောဟာဂတိသို့ မလိုက်ရာ၊ ဘယာဂတိသို့ မလိုက်ရာ၊ စွန့်အပ်-မစွန့်အပ်သည်ကိုလည်း သိရာ၏။

ရဟန်းတို့, ဤသို့ သမုတ်ရမည်။ ရှေးဦးစွာ ထိုရဟန်းကို တောင်းပန်ရမည်။ တောင်းပန်ပြီးနောက် ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသောရဟန်းသည် သံဃာ တော်ကိုသိစေရမည်"ဟု မိန့်တော်မူ၏။

"အရှင်ဘုရားတို့, သံဃာတော်သည် ဘုရားတပည့်တော်၏စကားကို နာတော်မူလော့၊ သံဃာတော်အား လျောက်ပတ်သောအခါရှိသော်သည် ဖြစ်ငြားအံ့၊ သံဃာတော်သည် ဤမည်သော ရဟန်းကို ရွှေငွေစွန့်ရဟန်း-ဟု သမုတ်ရာ၏၊ ဤကား သိစေခြင်းတည်း။

အရှင်ဘုရားတို့, သံဃာတော်သည် ဘုရားတပည့်တော်၏စကားကို နာတော် မူလော့၊ သံဃာတော်သည် ဤမည်သော ရဟန်းကို ရွှေငွေစွန့်ရဟန်းဟု သမုတ်၏၊ အကြင်အရှင်အား ဤမည်သောရဟန်းကို ရွှေငွေစွန့်ရဟန်းဟု သမုတ်ခြင်းကို နှစ်သက်၏၊ ထိုအရှင်သည် ဆိတ်ဆိတ်နေရာ၏။ အကြင်အရှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအရှင်သည် ပြောဆိုရာ၏။

သံဃာတော်သည် ဤမည်သောရဟန်းကို ရွှေငွေစွန့်ရဟန်းဟု သမုတ်အပ်ပြီ၊ သံဃာတော်အား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေလဖြင့် ဤနှစ်သက်သည့်အဖြစ်ကို သိမှတ်ရပါသည်''ဟု သိစေရမည်။

သမ္မုတိရပြီးသော ထိုရဟန်းသည် အမှတ်နိမိတ်ကို မပြုပဲ ကျစေရမည် (စွန့်ပစ်ရမည်)။ အကယ်၍ အမှတ်နိမိတ်ကိုပြု၍ ကျစေအံ့(စွန့်ပစ်အံ့)၊ ဒုက္ကဋ်အာပတ်တင့်၏။

**အနာမာသအရာ။** ။အမြဲ မိမိကိုးကွယ်ပြုစုသော စေတိယဂေါပကမဟုတ်ပဲ မြင်မြင်ဝါးဝါး တွေ့ရာ မြင်တိုင်း ရွှေမှုမ်းမံခြယ်ထားသော ဘုရားရုပ်ထု့ စေတီစသည်များကို သုံးသပ်ကိုင်ယူမပြုမိအောင် သတိပြု၍ ဗုဒ္ဓရူပံ ပိ အတ္တနော သန္တက ကရဏေ နိဿဂ္ဂိယမေဝ-ဝိမတိဝိနောဒနီ ကာပါဠိနှင့်အညီ ဘုရားဆင်းထုတော်ကို သော်တည်း ပုဂ္ဂလိက အခြားဝတ္ထုပစ္စည်းကဲ့သို့ မိမိဥစ္စာအပိုင်မပြုအပ်၊ ပြုသော် ဝင်းရုပ်ထုတော်၌ မွမ်းမံအပ်သော ရွှေမင်္ဂအထွက် နိဿဂ္ဂိယအာပတ် သင့်တတ် သည်များကိုနှလုံးထား၍ ရုပ်ထုဘော် ပိဋကတ်စာပေများကို ကိုးကွယ်ခံယူသည့် အခါ၌ ထို၌မွမ်းမံခြယ်လယ်အပ်သောရွှေငွေကို သာယာသောစိတ် မရှိရအောင် သတိပြုအပ်၏။ အကယ်၍ သာယာစိတ်မ လွှတ်နိုင်လျှင် အလှူခံခြင်းကို မပြုမိအောင် အထူးသတိပြုအပ်ကုန်ရာသည်။ ။[ သီလဝိသောဓနီကျမ်း။ ]]

**မှတ်ချက်။** ။စာတိုက်မှ မန်နီအော်ဒါလာလျှင် ငွေရကြောင်း လက်မှတ်ထိုးရုံနှင့် အပြစ်မရှိ၊ လက်မှတ်ထိုးပြီး စာပို့ကလာပေးသောငွေကိုသာ ကိုယ်တိုင်လည်းမကိုင်မယူနှင့်၊ သူများကိုလည်း အယူမခိုင်းနှင့်၊ နားလည်သူ (ကပ္ပိယ)က ယူထားလျှင် မိမိမှာ အပြစ်မရှိ-ဟူ၍ဆယ်ပါးသီလ-ဇာတရူပသိက္ခာပုဒ်တော်နှင့် စပ်၍ 'ရတနာ့ဂုဏ်ရည်ကျမ်း' ၌ ဖေါ်ပြထားသည်။ [ဤကိစ္စမျိုးတို့နှင့် ပတ်သက်၍ အပ်စပ်အောင်ပြုသောနည်းလမ်းကို ကပ္ပိယ, ကျောင်းသားများ အားသင်ပြထားသင့်ပေသည်။ ။ထိုကပ္ပိယကျောင်းသားများသည် ငွေရောက်လာ၍ဖြစ်စေ၊ ငွေလာလှူ၍ဖြစ်စေ ထိုရဟန်းကအလှူမခံ ပယ်လှန်သော်ငင်း၊ လှူသောသူကိုယ်တိုင်က နားတည်၍ ကပ္ပိယထံအပ်နှံသော်ငင်း ''တပည့်တော်ထံ မည်မျှတန်သော အပ်သောပစ္စည်းကို တောင်းတော်မူပါ၊ လုံခြုံရာအရပ်ကိုလည်း ညွှန်ပြတော်မူပါဘုရား''ဟု လျှောက်တတ်ကြဖို့လိုသည်။ ထိုသို့ လျှောက်လျှင် တကာက အထူးလျှောက်သည်ဖြစ်စေ မလျှောက်သည်ဖြစ်စေ ပဝါရိတ (ဖိတ်မံသူ)ဖြစ်တော့ရကားထိုငွေနှင့်တန်သလောက် အလိုရှိရာအပ်သော ပစ္စည်းများကို ထိုဖိတ်မံသူ ကပ္ပိယကျောင်းသားထံမှ တောင်းကောင်း၏။ မည်သည့်

နေရာမှာထားလျှင်လုံခြုံသည်-ဟု ငွေထားရန် နေရာကိုလည်း ညွှန်ပြကောင်း၏။ "မည်သည့်နေရာမှာထားလိုက်" ဟုကားမဆိုကောင်း-ဟူ၍သိလေ။ ။ရာဇသိက္ခာပုဒ်၌ပြဆိုထားသော ညွှန်ကြားချက်များကိုလည်း ပြန်၍သုံးသပ်ပါလေ။

**ဝိဝါဒကို စိစစ်ဝေဖန်ခြင်း။** ။တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘုရား ဦးဝိစိတ္တသာရာဘိဝံသ စီရင်တော် မူသော နိုင်ငံတော် ဗုဒ္ဓသာသန မဟာဗုဒ္ဓဝင်၊ပ-တွဲ(ဒု-ပိုင်း)နှာ ၅၄၅,၅၄၆ တို့၌လာသော အောက်ပါစာပိုဒ်ကို ထောက်၍ အချို့က ပင်စင်လစာငွေသည် ဝိနည်းတော်နှင့်ဆန့်ကျင်နေသည်ဟု ယူကြ၏၊ သို့ဖြစ်၍ ပင်စင်လစာငွေကို ပင်စင်စား ရဟန်းကိုယ်တိုင်မထုတ်ယူငြားသော်လည်း လစာထုတ်သော စာရွက်ပုံစံ၌ လက်မှတ်ရေးထိုးပေးခြင်းသည် ငွေကို အလှူခံသည်မည်၍ ရူပိယသိက္ခာပုဒ်ဖြင့် အာပတ်သင့်သည်။ ထိုလစာငွေကို သား သမီးစသည်တို့က ထုတ်ယူ၍ ထိုငွေကို ထိုပင်စင်စားရဟန်းအား ကပ္ပိယဝေါဟာရ (ဝိနည်းတော်နှင့်အညီအပ်သော အသုံးအနှုန်း) ဖြင့် လှူစေကာမူ ထိုငွေဖြင့် ဖြစ်ပေါ်လာသော ဆွမ်း,သင်္ကန်း,ကျောင်း စသော ပစ္စည်းဟူသမျှသည် ထိုပင်စင်စားရဟန်းနှင့်သာ မဟုတ်၊ သီတင်းသုံးဖော် ငါးဦးတို့နှင့်လည်း မအပ်စပ်တော့ပြီ-ဟု ဆိုကြ၏၊ အချို့က ပင်စင်လစာငွေသည် ဤသိက္ခာပုဒ်၌ အကျုံးမဝင်၊ နိဿဂ္ဂိယဝတ္ထုမဟုတ်-ဟု ဆိုကြ၏။ ဤဝိဝါဒကို အောက်ပါ စာပိုဒ်ကို မူတည်ကာ စိစစ်ဝေဖန်ပါအံ့။ ။မစိစစ် မဝေဖန်မီ စာရေးသူ၏ သဘောထားကို ရှေးဦးစွာ ထုတ်ဆိုပါအံ့။ ။အယူအဆချင်း မတိုက်ဆိုင်၍ တဘက်သားအား ထိပါးပုတ်ခတ်လိုသော စိတ်ထားမျိုးဖြင့် ရေးခြင်းမဟုတ်ပါ၊ အများ၏အကျိုးကိုရည်၍ စာရေးသူ၏ ထင်မြင်ယူဆပုံကို ၎င်းတို့ စိစစ်ဝေဖန်ပြီး နှစ်သက်ရာ ဝါဒကို ရွေးချယ်၍ ဆောက်တည်ကျင့်သုံးနိုင်စေခြင်းအကျိုးငှါ ထိုထင်မြင်ယူဆပုံကို စိတ်ရိုး သဘောရိုးဖြင့် ပွင့်ပွင့်လင်းလင်း ထုတ်ဆိုရေးသားခြင်းဖြစ်သည်။ [ဝါဒချင်း မတိုက်ဆိုင်သော အခြားကဏ္ဍများ၌လည်း ဤအတိုင်း သိတော်မူကြပါကုန်။]

### "မင်းမှုထမ်း နှင့် ရဟန်းအဖြစ်

ဝိနည်း မဟာဝဂ္ဂအဋ္ဌကထာ မဟာခန္ဓက ရာဇဘဋဝတ္ထုအဖွင့်၌။ ။မင်းခစားပင်ဖြစ်သော်လည်း စားကြေးလခနှစ်ခုတို့ကို မင်းအား ပြန်၍ အပ်နှင်းသောသူ၊ မိမိ ရာထူးဌာနန္တရကို သားကိုဖြစ်စေ၊ ညီကိုဖြစ်စေ လွှဲအပ်၍ ရာထူးပေးသောမင်းကို "ယခုအခါ အကျွန်ုပ်သည် အရှင်မင်း၏ အခစား မဟုတ်တော့ပေ" ဟု မင်းထံ ပန်ကြားပြီးသောသူ၊ ပေးအပ်သော လစာရိက္ခာအတွက် ဆောင်ရွက်ရန် အလုပ်ကိစ္စကို ပြီးစီးအောင် ဆောင်ရွက် ပြုလုပ်ပြီး

သော သူနှင့် အာဏာပိုင် မင်းကိုယ်တိုင်က "ရှင်ရဟန်းပြုလိုမှုပြုလော့" ဟု အနုးအညွတ်ကျေနပ်စွာ ခွင့်ပြုပြီးသော သူတို့ကိုကား ရဟန်းပြုပေးခြင်းငှါ အပ်စပ်၏ဟူ၍ ဖွင့်ပြထားလေသည်။ ဤ အဋ္ဌကထာဖွင့်ပြချက်ကို ထောက်၍ ယခုကာလ ပင်စင်စားများ အပြီးအပိုင် ရဟန်းပြုလိုမှု (အမြဲတန်း ရဟန်း ပြုလိုမှု) ထိုပင်စင်ကို မင်းထံပြန်၍ အပ်နှင်းပြီးမှသော်၎င်း၊ မင်းထံမှ "ရဟန်း ပြုလိုမှုပြုလော့"ဟူ၍ အနုးအညွတ်ခွင့်ပြုချက်ကို ရယူပြီးမှသော်၎င်း ရဟန်း ပြုသင့်ပေသည်"။] နိုင်ငံတော် ဗုဒ္ဓသာသန မဟာဗုဒ္ဓဝင်၊ ပ-တွဲ (ဒု-ပိုင်း) နှာ ၅၄၅-၅၄၆။]

အထက်ပါ အဋ္ဌကထာဆရာ ဖွင့်ဆိုသော စာပိုဒ်မှာ ပင်စင်လစာငွေသည် ဝိနည်းသိက္ခာပုဒ်နှင့် ဆန့်ကျင်နေ၍ ဖွင့်ဆိုသောစာပိုဒ် မဟုတ်၊ အစိုးရအမှုထမ်း အရာထမ်းများ ရှင်ရဟန်းပြုခြင်းနှင့်ပတ်သက်၍ ဖွင့်ဆိုသော စာပိုဒ် ဖြစ်သည်။ ထိုအဋ္ဌကထာ ဖွင့်ဆိုသောစကားကို ထောက်သောအားဖြင့်သာလျှင် ကျမ်းပြု ဆရာတော်ဘုရား ဦးဝိစိတ္တသာရာဘိဝံသသည် "ယခုကာလ ပင်စင်စားများ အပြီးအပိုင် ရဟန်းပြုလိုမှု (အမြဲတန်း ရဟန်းပြုလိုမှု) ထိုပင်စင်ကို မင်းထံ ပြန်၍ အပ်နှင်းပြီးမှသော်၎င်း၊ မင်းထံမှ "ရဟန်းပြုလိုမှုပြုလော့"ဟူ၍ အနုး အညွတ် ခွင့်ပြုချက်ကို ရယူပြီးမှသော်၎င်း ရဟန်းပြုသင့်ပေသည်"ဟူ၍ မိန့်ဆို လေသည်။ ပင်စင်လစာငွေသည် ဝိနည်းတော်နှင့် တကယ်အမှန် ဆန့်ကျင်နေ လျှင် ဆရာတော်ဘုရားဦးဝိစိတ္တသာရာဘိဝံသသည် ပင်စင်လစာကို မင်းထံ ပြန်၍ အပ်နှင်းပြီးမှ ရဟန်းပြုသင့်ပေသည်-ဟု ရှင်းရှင်းဘွင်းဘွင်းကြီးဆိုချိမ့် မည်။ ယခုသော်ကား ထိုသို့မဆိုပဲ "ယခုကာလ ပင်စင်စားများ အပြီးအပိုင် ရဟန်းပြုလိုမှု (အမြဲတန်း ရဟန်းပြုလိုမှု) ထိုပင်စင်ကို မင်းထံပြန်၍ အပ်နှင်း ပြီးမှသော်၎င်း၊ မင်းထံမှ 'ရဟန်းပြုလိုမှု ပြုလော့'ဟူ၍ အနုးအညွတ် ခွင့်ပြု ချက်ကို ရယူပြီးမှသော်၎င်း၊ ရဟန်းပြုသင့်ပေသည်"ဟု ဆို၏။ ဤစာပိုဒ်ကို စိစစ်ပါအံ့။ ။ဤစာပိုဒ်၌လာသည့်"သော်၎င်း၊ သော်၎င်း"ဆိုသော စကား တို့၏ အဓိပ္ပါယ်မှာ တခုမဟုတ်လျှင် တခုဖြစ်သည်-ဟု လူတိုင်းသိသည်၊ ထို့ ကြောင့် မင်းထံမှ "ရဟန်းပြုလိုမှု ပြုလော့ဟူ၍ အနုးအညွတ် ခွင့်ပြုချက်ကို ရယူပြီးမှသော်၎င်း" ဆိုသော စကားသည် အကယ်၍ မင်းထံမှ ရဟန်းပြုဖို့ အခွင့်ရလျှင် ပင်စင်လစာကို မင်းထံပြန်၍ အပ်နှင်းဖို့မလို-ဟူသော အဓိပ္ပါယ်ကို ထင်ထင်ရှားရှားပေါ်လွင်စေသည်၊ ဤစာသွားအဓိပ္ပါယ်ကို ထောက်သော အားဖြင့် ယခုခေတ် ပင်စင်စားများသည် ပင်စင်ရသည့်နေ့မှစ၍ မင်း၏ အမှုထမ်း အရာထမ်းအဖြစ်မှ လုံးဝပြတ်စဲသွားပြီဖြစ်၍ မင်းထံမှ "ရဟန်း ပြုလိုမှု ပြုလော့" ဟူသော ခွင့်ပြုချက်ကို အလိုလိုရရှိပြီးသောသူများ ဖြစ်ရ

ကား ပင်စင်လစာကို မင်းထံပြန်၍ အပ်နှံရန်မလို-ဟူ၍ သန္နိဋ္ဌာန်ကျ မှတ်ယူအပ်၏။ သို့ဖြစ်လျှင် ပင်စင်လစာငွေကို အဘယ်သို့ ပြုရမည်နည်း-ဟူ၍ မေးဖွယ်ရှိ၏။ အဖြေကား ပင်စင်လစာငွေကို မိမိကိုယ်တိုင် ပင်စင့်လစာငွေ ထုတ်သော စာရွက်ပုံစံ၌ လက်မှတ်မထိုးလျှင် ထုတ်လို့မရသောကြောင့် လက်မှတ်ကိုမူ ထိုးပေးလိုက်လေ၊ သို့သော် ထိုငွေကို မိမိကိုယ်တိုင် မထုတ်ယူလေလင့်။ တရားသဖြင့် ထိုပင်စင်လစာငွေကို ရသင့်ရထိုက်သော သားသမီး စသောသူတို့အား အမွေအနှစ်ပေးဝေသကဲ့သို့ ပေးစွန့်လေ။ ထိုငွေကို သားသမီးတို့က အလိုမရှိ၍ ကပ္ပိယဝေါဟာရ (ဝိနည်းတော်နှင့်အညီ အပ်သော အသုံးအနှုန်း)ဖြင့် အကယ်၍ မိမိအား လှူလျှင် ထိုငွေကို ရာဇသိက္ခာပုဒ်၌ ညွှန်ပြထားသည့်အတိုင်း သုံးစွဲကောင်း၏-ဟူ၍ ဖြစ်သည်။ [ဤကား စာရေးသူ၏အယူအဆတည်း။] မှန်သည်ဟု မဆိုလိုပါ။ သဘောမကျလျှင် နှစ်သက်ရာကိုယူလေ။ ဤကိစ္စမျိုးသည် ဘုရားရှင်လက်ထက်တော်၌ မပေါ်ပေါက်သေးသဖြင့် ကျမ်းများ၌ ဤကိစ္စမျိုးနှင့်ပတ်သက်၍ အဆိုမရှိပါ။ အဆို မရှိခြင်းကြောင့် ဤကိစ္စမျိုးနှင့်ပတ်သက်၍ မည်သူပဲ ဆုံးဖြတ်ဆုံးဖြတ် ထိုဆုံးဖြတ်ချက်ကို ပါဠိတော် အဋ္ဌကထာကျမ်းများကဲ့သို့ တထစ်ချမှန်သည်ဟု မယူသင့်ပေ။ ကျမ်းများ၌ အတည့်အလင်း အဆိုမရှိ၍ စာရေးသူ ယူဆသကဲ့သို့ စိတ်ရိုးသဘောရိုးဖြင့် ယူဆ၍ ထိုပင်စင်လစာငွေကို သားသမီးစသည်တို့က ကပ္ပိယဝေါဟာရ (အပ်သောအသုံးအနှုန်း)ဖြင့် လှူ၍ လက်ခံသုံးစွဲသော ပုဂ္ဂိုလ်များအား အာပတ်ဖြင့် မစောဒနာသင့် မကုစားစေသင့်-ဟု ဆိုအပ်ပါသည်။ အဘယ့်ကြောင့်နည်း၊ မိမိ၏ အယူအဆမှာ ပါဠိတော်အဋ္ဌကထာ ကျမ်းများကဲ့သို့ တထစ်ချ မှန်သည်ဟုမိမိဆိုဝံ့ပါသလောဟူ၍ မေးလျှင် (သဘာဝကျကျဖြေမည်ဆိုလျှင်)တထစ်ချ မှန်သည်ဟု မဆိုလို-ဟူ၍ ဖြေရမည်ဖြစ်သောကြောင့်တည်း။ ထို့ကြောင့် ကျမ်းများ၌ အဆိုမရှိ၍ အတိအကျ ဆုံးဖြတ်ရန် ခက်ခဲသော ပြဿနာများနှင့်ပတ်သက်၍ သဘောကွဲလွဲလျှင် ထိုပုဂ္ဂိုလ်အား အာပတ်ဖြင့်လည်း မစောဒနာလေလင့်၊ ကုလည်း မကုစားစေလေလင့်၊ မှန်လျှင်ကောင်း၏၊ မှားလျှင်ကား စိတ်ကောင်း စေတနာဖြင့်ပြုခြားသော်လည်း မိမိအပေါ်၌ ဝန်လေးသည်-ဟူ၍ သတိပြုစေလိုပါ၏။ (ရင်းရင်းနှီးနှီး ဆွေးနွေးခြင်းကို မဆိုလိုပါ။)

အကယ်၍ ပင်စင်လစာငွေကို နိဿဂ္ဂိယဝတ္ထုဟု မှတ်ယူ၍ မထုတ်ယူကောင်းဟု ယူဆလျှင် ယခုခေတ် ပင်စင်စားများသည် ပင်စင်ငွေကို (မထုတ်ယူပဲ) အပြီးအပြတ် မစွန့်နိုင်သမျှ ရဟန်းလည်း ပြုလို့မရ၊ ပြုပြီးလျှင်လည်း ပင်စင်ငွေကိုသော်လည်း မထုတ်ယူမဲ့ အပြီးအပြတ်စွန့်၊ သို့မဟုတ် လူသော်

လည်း ထွက်-ဟူ၍ ဆိုရပေမည်။ အဘယ်ကြောင့်နည်း၊ ထိုသို့ ယူဆလျှင် ထို ပင်စင်လစာငွေဖြင့် အစဉ်တစိုက် အာပတ်သင့်မည်ဖြစ်သောကြောင့်တည်း။ ။ ဆိုဦးအံ့။ ။ပင်စင်ငွေကို နိဿဂ္ဂိယဝတ္ထုဟု မှတ်ယူ၍ မထုတ်ယူကောင်းဟု ယူဆသင့်-မသင့် စိစစ်လိုလျှင် သာသနာတော်၏ အကျိုးကို မျှော်ထောက်၍ စိစစ်ရပေမည်။ မထုတ်ယူကောင်းဟူ ယူဆလျှင် သာသနာ့ဘောင်သို့ ပင်စင် စား မှန်သမျှ ဝင်နိုင်တော့မည် မဟုတ်ပေ၊ အဘယ်ကြောင့်နည်း၊ သားသမီး များ စားသောက်နေထိုင်ရေးအတွက် ပင်စင်ငွေကို မထုတ်ယူပဲ နေနိုင်မည် မဟုတ်သောကြောင့်တည်း။ နောက်အချက်တခုကား အစိုးရ အမှုထမ်းအရာ ထမ်းများတွင် သဒ္ဓါပဗ္ဗဇိတဖြင့် ရဟန်းဘောင်သို့ ကူးလိုသူများ အများပင် ရှိကြသည်။ထိုသူတို့ကို ပိတ်ပင်ရာလည်း ကျသည်။ဤသို့ယူဆခြင်းဖြင့် အကျိုး ရှိသည်-မရှိသည်ကိုရင်း၊ အောက်၌ ပြလတ္တံ့သော မဟာပဒေသ ၄ ပါး နှင့် ဆန့်ကျင်၍ ပြုရာရောက်သည်-မရောက်သည်ကိုရင်း မိမိကိုယ်တိုင် ဆုံးဖြတ် ပါလေ။

## ၁၀၅-မဟာပဒေသလေးပါး

၃၀၅။ ထိုအခါ ရဟန်းတို့အား "မြတ်စွာဘုရားသည် အဘယ်သို့သော အရာ၌ ခွင့်ပြုတော်မူလေသနည်း၊ အဘယ်သို့သော အဘယ်သို့သော အရာ၌ ခွင့်ပြုတော်မမူလေသနည်း"ဟု တွေးတောမှု 'သံသယကုက္ကုစ္စ'ဖြစ်၏။ မြတ်စွာ ဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

(၁) ရဟန်းတို့ "ဤအရာသည် မအပ်"ဟု အကြင်အရာကို ငါလည်း မပယ်အပ်သေး၊ အကယ်၍ ထိုအရာသည် မအပ်သောအရာနှင့် လျော်၍ အပ်သောအရာနှင့် ဆန့်ကျင်ငြားအံ့၊ ထိုအရာသည် သင်တို့အား မအပ်။

(၂) ရဟန်းတို့ "ဤအရာသည် မအပ်"ဟု အကြင်အရာကို ငါသည် မပယ်အပ်သေး၊ အကယ်၍ ထိုအရာသည် အပ်သော အရာနှင့် လျော်၍ မအပ်သောအရာနှင့် ဆန့်ကျင်ငြားအံ့၊ ထိုအရာသည် သင်တို့အား အပ်၏။

(၃) ရဟန်းတို့"ဤအရာသည်အပ်၏"ဟုအကြင်အရာကို ငါသည်ခွင့်မပြု အပ်သေး၊ အကယ်၍ ထိုအရာသည် မအပ်သောအရာနှင့် လျော်၍ အပ်သောအရာနှင့် ဆန့်ကျင်ငြားအံ့၊ ထိုအရာသည် သင်တို့အား မအပ်။

(၄) ရဟန်းတို့ "ဤအရာသည် အပ်၏"ဟု အကြင်အရာကို ငါသည် ခွင့်မပြုအပ်သေး၊ အကယ်၍ ထိုအရာသည် အပ်သောအရာနှင့် လျော်၍ မအပ်သောအရာနှင့် ဆန့်ကျင်ငြားအံ့၊ ထိုအရာသည် **သင်တို့အား** အပ်၏ဟု (မိန့်တော်မူ၏)"။ ။[ဝိနည်းမဟာဝဂ် ပါဠိတော် (မြန်မာပြန်) ဘေသဇ္ဇက္ခန္ဓက-အပိုဒ်-၃၀၅။]

ဤပြဿနာထည် ပင်စင်စား ရဟန်းများအဖို့ သေရေးရှင်ရေးတမျှ အရေးကြီးသော ပြဿနာဖြစ်သည်၊ ဤပြဿနာကို ပြတ်ပြတ်သားသား ဖြေရှင်းနိုင်သောသူမှာ အာဏာပိုင် မင်းသာလျှင်ဖြစ်သည်။ အကယ်၍ အာဏာပိုင်မင်းက ပင်စင်လစာငွေကို ပင်စင်စား ရဟန်းကိုယ်တိုင် လစာထုတ်သော စာရွက်ပုံစံ၌ လက်မှတ်ထိုး၍ မထုတ်ယူစေပဲ ထိုရဟန်း အသိအမှတ်ပြုသည့် သားသမီး စသည်တို့အား ထိုရဟန်းကိုယ်စား လက်မှတ်ထိုး ထုတ်ယူခွင့်ပြုလျှင် ဤပြဿနာမျိုးလည်း နောက်ထပ် ပေါ်ပေါက်တော့မည် မဟုတ်ပေ၊ ပင်စင်စား ရဟန်းများသည်လည်း လူမှုကိစ္စ ဆောင်ရွက်ခြင်းမှ လွတ်ကင်းသွားသဖြင့် အနှောင့်အရှက်မရှိပဲ ရဟန်းတရား ပွားများကာ ချမ်းသာစွာ နေကြရလတ္တံ့၊ သို့ဖြစ်၍ အာဏာပိုင်မင်းများသည် သာသနာတော်ကို ချီးမြှင့်စောင့်ရှောက်သောအနေဖြင့် ပင်စင်စားရဟန်းကိုယ်စား သားသမီး တယောက်ယောက်အား လက်မှတ်ရေးထိုးထုတ်ယူနိုင်သော အခွင့်အရေးကို ပေးသနားပါရန် မေတ္တာရပ်ခံလိုပါ၏။

ဘုရားလက်ထက်ဝတ္ထု။ ။ဘုရားလက်ထက်တော်၌ ရာဇဂြိုဟ်မြို့ နန်းတွင်း အစည်းအဝေးတခုမှာ စပ်မိစပ်ရာ စကားပြောရင်းက "ရဟန်းတော်များသည် ငွေကို လှူလာလျှင် ခံယူကောင်း၏"ဟု လူအများ ပြောဆိုသည်ကို 'မဏိစူဠက'မည်သော ဂါမဏိ (လူကြီးလူကောင်း) တယောက်က "မခံယူကောင်း"ဟု ကန့်ကွက်လေသည်၊ ထိုနောက် ထိုလူကြီးလူကောင်းသည် ဘုရားထံသို့လာ၍ သူ ကန့်ကွက်ခဲ့သည်မှာ မှန်ပါ၏လား ဘုရား-ဟု လျှောက်လေသော် ဘုရားရှင်က "ဂါမဏိ, သင်ပြောခဲ့သော စကားသည် မှန်၏၊ ရဟန်းများသည် ငွေကို မခံယူကောင်း၊ ရွှေငွေကို အပ်လျှင် ကာမဂုဏ်ငါးပါးလုံး (သားမယားပါ) သုံးစွဲကောင်းလိမ့်မည်။ ထိုသူကို သမဏဓမ္မရှိသူမဟုတ်၊ သကျပုတ္တိယဓမ္မရှိသူ မဟုတ်ဟု စင်စစ် မှတ်လေလော့။ ရွှေငွေအပ်သည်ဟု ဆိုသော တရားကို ရဟန်းတရားမဟုတ်-ဟု ဧကန်မှတ်လေ။ သို့သော် ကျောင်းမှာ မိုးမလုံခြင်းစသော အကြောင်းရှိလျှင် မြက် သက်ကယ် စသည်ကို ဆွမ်းခံသကဲ့သို့ သွား၍ ရပ်ရမည်။ ဘာအလိုရှိပါသလဲ

ဟု လျှောက်သောအခါ မြက်သက်ကယ် အလိုရှိသည်၊ သစ်သားအလိုရှိသည်၊ လှည်းတိုက်စရာရှိ၍ လှည်းနွား ခေတ္တအလိုရှိသည်၊ ခိုင်းစရာလို၍ လက်သမား တယောက် ခေတ္တအလိုရှိသည် စသည်ဖြင့် ပြော၍ အလှူခံကောင်း၏-ဟု ငါ ဘုရား ခွင့်ပြုတော်မူသည်။ ရွှေငွေကိုကား မည်သည့် ပရိယာယ်နှင့်မျှ သာယာ ကောင်း (ခံယူကောင်း)၏''-ဟု ခွင့်မပြုနိုင်ကြောင်းကို မိန့်တော်မူလေသည်။ [သင္ဂါယတနဝဂ္ဂ ဂါမဏိသံယုတ် ပါဠိတော်မှ လာသည်-ဟု ဘုရား ဥပဒေ တော်ကြီး၌ ဖေါ်ပြထား၏]။ ။ရွှေငွေကို လှူလာလျှင် ရာဇသိက္ခာပုဒ်၌ ညွှန်ပြထားသည့်အတိုင်း အပ်သောနည်းဖြင့် အသုံးပြုနိုင်ကြောင်း သတိ ပြုပါလေ။

ရှင်းလင်းချက်။ ။'မိမိ'ဆိုသော အသုံးအနှုန်းဖြင့်ရေးခြင်းမှာ ဆန့်ကျင်၍ ယူသော ပုဂ္ဂိုလ်တို့အား ရည်စူး၍ ရေးခြင်းမဟုတ်ပါ။ စာရှုသူတို့အား ရည် စူး၍ ရေးခြင်းဖြစ်သည်။ စာရှုသူမှန်သမျှကို ၎င်းကိုယ်ကို ဆန့်ကျင်၍ ယူသော ပုဂ္ဂိုလ်၏နေရာ၌ နေစေ၍ စာရေးသူ၏ ထင်မြင်ယူဆပုံကို လက်ခံသင့်-မခံသင့် စိစစ်ဝေဖန်ဆုံးဖြတ်နိုင်စေခြင်းငှါ စာရှုသူကို 'မိမိ'ဆိုသော အသုံးအနှုန်းဖြင့် ရေးခြင်းဖြစ်ပါသည်။

အကယ်၍ စာရေးသူ ယူဆသကဲ့သို့ မယူဆပါက သည်းခံခွင့်လွှတ်တော် မူကြပါကုန်။

ဤထက် အကျယ်သိလိုလျှင် ပါတိမောက်ဘာသာဋီကာ၌ ကြည့်။

*(၉) ရူပိယသံဝေါဟာရ။ ။အမျိုးမျိုးအစားစားရှိကုန်သော ရွှေငွေ ပိုက်ဆံ ဒင်္ဂါးတို့ဖြင့် လဲလှယ်ရောင်းဝယ်ခြင်း မပြုရ။ ပြု၍ရလျှင် ရူပိယသံ ဝေါဟာရနိဿဂ္ဂိပါစိတ်အာပတ်သင့်၏။ [ပြုအံ့၊ အားထုတ်ခြင်း(ပယောဂ)၌ ဒုက္ကဋ်။ ရခြင်းကြောင့် နိဿဂ္ဂိ ပါစိတ်အာပတ်သင့်၏။]

မှတ်ချက်။ ။အမျိုးမျိုးအစားစား-ဟူသည် ပုတီး နားကပ် စသည်ဖြင့် လက်ဝတ်လက်စား ပြုပြီးသော ရွှေငွေတန်ဆာ၊ လက်ဝတ်လက်စား မပြုရ သေးသော ရွှေတုံး ငွေခဲ, ရွှေဒင်္ဂါး, ငွေဒင်္ဂါး, ပိုက်ဆံ, ငွေစက္ကူ စသည်တို့ တည်း။ ။လဲလှယ်-ဟူသည် ယခုကာလ ရောင်းဝယ်ခြင်းမျိုးတည်း။ ထိုသို့ ရောင်းဝယ်ရာ၌ မိမိက ရွှေငွေဖြင့် သပိတ်သင်္ကန်းစသည်ကိုဝယ်ခြင်း၊ မိမိက သပိတ်သင်္ကန်းပေး၍ အခြားသူထံမှ ရွှေငွေကိုယူခြင်း(သပိတ်သင်္ကန်း ရောင်း ခြင်း) အားလုံးပါဝင်သည်။ ထို့ကြောင့် ရဟန်းက ဒါယကာစသူတို့ထံမှ ငွေကို တောင်း၍ဖြစ်စေ၊ သူတို့ အလိုအလျောက်လှူခြင်းကြောင့်ဖြစ်စေ ယူလျှင်

ရှေ့သိက္ခာပုဒ်အရ ထိုငွေသည် နိဿဂ္ဂိထိုက်၍ ထိုငွေဖြင့် သက္ကန်း,စာအုပ်စသည်တို့ကို ဝယ်ပြန်လျှင် ဤသိက္ခာပုဒ်အရ ထိုသင်္ကန်းစသည်တို့ နိဿဂ္ဂိထိုက်၍ ပါစိတ်အာပတ်လည်း သင့်၏။ နိဿဂ္ဂိထိုက်နေသောပစ္စည်းကို မစွန့်ပဲ သုံးပြန်လျှင် ကိုင်တိုင်းကိုင်တိုင်း ဒုက္ကဋ်အာပတ်သင့်၏။

**စွန့်ပုံ။** ။ထိုကဲ့သို့ ရွှေငွေဖြင့် ဝယ်မိသော နိဿဂ္ဂိယပစ္စည်းများ ကိုလည်း ရွှေငွေကဲ့သို့ပင် သံဃာ,ဂိုဏ်း, ပုဂ္ဂိုလ်ထံ မစွန့်ရ။ သံဃာ့အလယ်မှာ "အဟံ ဘန္တေ ရူပိယသံဝေါဟာရံ သမာပဇ္ဇိံ ဣဒံ မေ ဘန္တေ နိဿဂ္ဂိယံ၊ ဣမာဟံ နိဿဇ္ဇာမိ"ဟု ပါဠိလိုဖြစ်စေ၊ "အရှင်ဘုရား, ဘုရားတပည့်တော်သည် အမျိုးမျိုး အစားစား ရှိကုန်သော ရွှေငွေပိုက်ဆံ ဒင်္ဂါးတို့ဖြင့် လဲလှယ် ရောင်းဝယ်ခြင်းပြုမိပြီ၊ ဤပစ္စည်းမှာ နိဿဂ္ဂိထိုက်၍ ၎င်းကို ဘုရားတပည့်တော်စွန့်ပါ၏"ဟု မြန်မာလိုဖြစ်စေဆို၍ စွန့်ပြီးလျှင် ရူပိယသိက္ခာပုဒ်အတိုင်း စီစဉ်ရမည်။ [ပါတိမောက်ဘာသာဋီကာအဆိုနှင့် ညောင်လွန့်တောရကျောင်းတိုက်၊ ဆရာတော်ဘုရားဦးမေဓာဝီ စီရင်တော်မူသော ဝိနယဂဏ္ဌိဒ္ဒေါန ဝိနိစ္ဆယတ္ထကျမ်း-နိဿဂ္ဂိယဝတ္ထုပရိဘောဂ ဝိနိစ္ဆယ အဆိုတို့ကိုလည်း ရှု။]

**အထူးသတိပေးချက်။** ။ဒါယကာတယောက်ယောက်က သပိတ်ကို လှူလို၍ "သပိတ် ဝယ်လှူလိုက်ပါ"ဟု ကပ္ပိယအား ပြော၍ ငွေကို အပ်နှံ၏။ ရဟန်းသည် ကပ္ပိယနှင့်အတူ ဈေးသည်ထံသို့ သွား၍ ၎င်း နှစ်သက်သော သပိတ်ကို မြင်ရာ "ဤငွေကိုယူ၍ ဤသပိတ်ကို ပေးပါ"ဟု ဈေးသည်အား ပြော၍ သပိတ်ကို ယူအံ့။ ဤသို့သော အသုံးအနှုန်းမျိုးဖြင့် ပြောဆိုခြင်းသည် ဒုဗ္ဗစာရဏ (မကောင်းသဖြင့် စီမံခြင်း)အဖြစ်သို့ ရောက်၍ ထိုသပိတ်သည် ထိုရဟန်းအား မအပ်စပ်တော့ပြီ။သို့သော် မူလက ၎င်းကိုယ်တိုင် ငွေကို မခံယူခဲ့ခြင်းကြောင့် အခြားရဟန်းတို့အား အပ်စပ်သေး၏။သို့ဖြစ်၍ ဝိနည်းတော်နှင့် ကိုက်ညီစေခြင်းငှါ ထိုရဟန်းသည် ဈေးသည်အား "ကိုင်ပါရစေ, ကြည့်ပါရစေ"စသော အသုံးအနှုန်းမျိုးဖြင့် ခွင့်ပန်၍ မိမိနှစ်သက်ရာ သပိတ်ကို ရွေးချယ်အပ်၏။ "ဤသပိတ်ကို နှစ်သက်၏"ဟူ၍၎င်း, "ဤသပိတ်ကိုယူလိုသည်"ဟူ၍၎င်း ကပ္ပိယအား ပြောရာ၏။ ကပ္ပိယက ထိုသပိတ်၏ တန်ဖိုးကို ပေး၍ ရဟန်းအား သပိတ်ကို လှူအံ့။ ထိုသပိတ်သည် ထိုရဟန်းနှင့်သာလျှင် မဟုတ်၊ ဘုရားရှင်တို့အားသော်လည်း သုံးဆောင်ခြင်းငှါ ထိုက်၏။အကယ်၍ အထက်ပါအတိုင်း ပြောသော်လည်း ကပ္ပိယက နားမလည်၍ သပိတ်၏တန်ဖိုးကို မပေးပဲနေသော် "သပိတ်၏ တန်ဖိုးကို သိလိုက်" သို့မဟုတ် "သပိတ်၏ တန်ဖိုးကို မေး၍ သိလိုက်"ဟု ပြောရာ၏။ [ဤသို့ ပြောဆို၍ သပိတ်ကို ယူ

လျှင် ဒုဗ္ဗိစာရဏမှ ကင်းလွတ်၏။ ထို့ကြောင့် ဒုဗ္ဗိစာရဏ်မှ ကင်းလွတ်စေခြင်းငှါ မအပ်သော အသုံးအနှုန်းမျိုးဖြင့် မပြောဆိုမိရန် အထူးသတိပြုတော်မူကြပါကုန်။]

ရွှေငွေစုခြင်းသည် အပါယ်သွားဖို့ စရိတ်စုံသည်နှင့် တူ၏။ ထို့ကြောင့် စုထားမိလျှင် စင်ကြယ်အောင် ကုစားပါလေ—ဟူ၍ သတိပေးလိုပါ၏။

နိဿဂ္ဂိထိုက်နေသော ဝတ္ထုပစ္စည်းတို့တွင် 'ကျောင်း'နှင့် မိမိ ခံတွင်း၌ တပ်ထားသော 'သွား'များကို အမြင်မှန်ရ၍ ပြုပြင်လိုသောအခါ အပ်စပ်အောင် တဖန် ပြုခြင်းငှါ ခက်လှ၏။ ထို့ကြောင့် ကျောင်းနှင့်သွားများကို နိဿဂ္ဂိ မထိုက်စေရန် အထူးစောင့်ရှောက်တော်မူကြပါကုန်။

*(၁၀) **ကယဝိက္ကယ**။ ။သီတင်းသုံးဘော် ငါးယောက်တို့ကို ကြဉ်၍ အခြားသူတို့နှင့် အပ်သောပစ္စည်းအချင်းချင်းကိုသော်လည်း မအပ်သော နည်းဖြင့် လဲလှယ် ရောင်းဝယ်ခြင်းမပြုရ။ ပြု၍ ရလျှင် ကယဝိက္ကယ နိဿဂ္ဂိပါစိတ် အာပတ်သင့်၏။ [မအပ်သောနည်းဖြင့် ပြုအံ့၊ အားထုတ်ခြင်း (ပယောဂ)၌ ဒုက္ကဋ်။ ရခြင်းကြောင့် နိဿဂ္ဂိပါစိတ် အာပတ်သင့်၏။]

သီတင်းသုံးဘော် ငါးယောက်—ဟူသည် (၁) ရဟန်းယောကျ်ား၊ (၂) ရဟန်းမိန်းမ။ (၃) သိက္ခမာန် (ဘိက္ခုနီလောင်း)၊ (၄) သာမဏေ ယောကျ်ား၊ (၅) သာမဏေမိန်းမတို့တည်း။

**မအပ်သော လဲနည်း**။ ။ဈေးသည် စသူတို့ အထံ၌ရှိသော ပစ္စည်းကို မိမိမှာရှိသော သက်န်း ဖိနပ် စသည်ဖြင့် လဲလှယ်ယူလိုလျှင် မိမိကိုယ်တိုင် "ဤသင်္ကန်းဖြင့် ထိုသပိတ်ကို ပေးပါ"ဟူ၍ငှင်း၊ "ဤသင်္ကန်းကို ယူလော့၊ ထိုသပိတ်ကို ပေးလော့"ဟူ၍ငှင်း ပြောဆို၍ မလဲလှယ်ကောင်း။ ဤသို့လဲလှယ်သော စကားမျိုးကို ပြော၍ကား လူ့ပစ္စည်းမှန်လျှင် မိဘပစ္စည်းကိုပင် မလဲကောင်း၊ လဲလှယ်၍ရလျှင် ထိုပစ္စည်း နိဿဂ္ဂိ ထိုက်၏။

**အပ်သော လဲနည်း**။ ။"ထိုဈေးသည်ထံက သပိတ်ကိုလိုချင်သည်၊ ဤသင်္ကန်းဖြင့် လဲပေးစမ်း"ဟုကား ကပ္ပိယလုပ်သူကို ပြောကောင်းသည်။ ကျောင်းသား ကပ္ပိယမရှိလျှင် ဈေးဆိုင်သို့သွား၍ ဈေးသည်ကိုယ်တိုင်မှတပါး ဈေးသည်၏ သားသမီး စသူကိုပင် "ငါ့မှာ သင်္ကန်းရှိသည်၊ ဤသင်္ကန်းဖြင့် ထိုသပိတ် လဲပေးပါ"ဟု ပြောဆို လဲယူကောင်း၏။ မည်သည့် နည်းနှင့်မှ ကပ္ပိယ ရှာမရလျှင် သို့မဟုတ် ကပ္ပိယ မရှာလိုလျှင် ဈေးသည်ထံသွား၍ "ငါ

မှာ ဤသက်န်းရှိသည်၊ သက်န်းတော့ အသုံးမကျ၊ သပိတ်သာလိုသည်”ဟု ပရိယာယ်ပြောရာ ဈေးသည်က သက်န်းကိုယူ၍ သပိတ်ကို ပေးလိုက်လျှင် ထိုသပိတ် အပ်၏၊ ထို့ကြောင့် ယခုကာလ ကဝါသည် စသူတို့ထံမှ အပ်သောပစ္စည်းဖြင့် လဲယူလိုကြလျှင် ဤပြခဲ့သောနည်းကို အသုံးပြုသင့်ကြပေသည်။

**ခိုင်းစေရာ၌ အပ်-မအပ်။** ။တောင်းရမ်းစားသောက်နေသူ (စားကြွင်းစား)နှင့် လက်သမား စသူကိုမြင်၍ “ဤထမင်းကိုစားပြီးလျှင် ဆိုးရည်ခေါက် ခွါပေးစမ်းလော့၊ ဤထမင်းကို စားပြီးလျှင် ကျောင်းကိုပြင်ပေးစမ်းလော့”စသည်ဖြင့် ခိုင်းရာ၌ နိဿဂ္ဂိပါစိတ်အာပတ်ပင်။ ထိုသို့ ခိုင်းစေသည့်အတွက် ဆိုးရည်ခေါက်စသော ပစ္စည်းတစုံတရာရလျှင် ထိုပစ္စည်းပါ စွန့်ရမည်။ ကျောင်းပြင် ခေါင်းရိတ်ခိုင်း စသည်၌ ပစ္စည်းတစုံတရာ မရလျှင် (စွန့်စရာပစ္စည်းမရှိလျှင်) အာပတ်ကိုသာ ဒေသနာပြောရမည်။ “ထမင်းကို စားပြီးလျှင် အလုပ်လုပ်”ဟု တဆက်ထည်း မပြောပဲ “ဤထမင်းကို စားလော့ သို့မဟုတ် စားရလိမ့်မည်၊ ဤ အလုပ်ကို လုပ်လော့”ဟု စကား ၂ ရပ် ခွဲ၍ ပြောဆိုစေခိုင်းလျှင် အပ်၏။

**စွန့်ပုံ။** ။နိဿဂ္ဂိထိုက်သောပစ္စည်းကို စွန့်ရာ၌ ကခ်ါဋ္ဌီကာဝယ် “သံဃဿ နိဿဇ္ဇာမိ”ဟု သံဃာအား စွန့်ပုံကိုသာ ပြထား၏။ [ဂိုဏ်း, ပုဂ္ဂိုလ်အားလည်း စွန့်နိုင်သည်ဟု ပါတိမောက်ဘာသာဋီကာ၌ ဆို၏။] ဤစကား သင့်၏။ အပ်သောပစ္စည်းချင်း လဲလှယ်သောကြောင့် ပစ္စည်းမှာ နဂိုကပင် အပ်၏။ မအပ်သောစကား အဆုံးအနှုန်းအတွက်ကြောင့်သာ နိဿဂ္ဂိ ဖြစ်ရသည်။ သို့ဖြစ်၍ ထိုပစ္စည်းများမှာ ငွေဖြင့်ဝယ်အပ်သော နိဿဂ္ဂိနှင့် မတူ။လဲမိသူမှတပါး အခြားပုဂ္ဂိုလ်များ အပ်သည်—ဟူ၍ ယူအပ်၏။ “အဟံ ဘန္တေ နာနပ္ပကာရကံ ကယဝိက္ကယံ သမာပဇ္ဇိံ၊ ဣဒံ မေ ဘန္တေ နိဿဂ္ဂိယံ ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ”ဟု ပါဠိလိုဖြစ်စေ၊ မြန်မာလိုဖြစ်စေ အလိုရှိရာဆို၍ စွန့်နိုင်သည်။ [မြန်မာလို စွန့်ပုံကိုကား ရှေ့သိက္ခာပုဒ်ကို မှီ၍ သိအပ်၏။]

**အနာပတ္တိဝါရ။** ။တန်ဖိုးကိုမေးအံ့၊ ကပ္ပိယကာရကအား ပြောအံ့၊ အာပတ်မသင့်။ “ငါတို့အား ဤဝတ္ထုရှိ၏၊ ငါတို့အားလည်း ဤမည် ဤမည်သော ဝတ္ထုဖြင့် အလိုရှိ၏”ဟု ဆိုအံ့၊ အာပတ် မသင့်။

နှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော ဧဠကလောမဝဂ် (ခေါ်) ကောသိယဝဂ် သည် ပြီးခြင်းသို့ ရောက်ပြီ။

---

## ၃။ ပတ္တဝဂ်

(၁) ပတ္တ။ ။အဓိဋ္ဌာန် ဝိကပ္ပနာလောက်သော ကိုယ်ပိုင်မြေ့သံ သပိတ်ကို အဓိဋ္ဌာန် မတင် ဝိကပ္ပနာမပြုဖဲ့လျက် ဆယ်ရက်ထက် ပိုလွန်၍ မထားရ၊ ထားလျှင် ပတ္တနိဿဂ္ဂိပါစိတ် အာပတ် သင့်၏။

*(၂) ဦနပဉ္စဗန္ဓန။ ။မိမိ၌ ငါးဖွဲ့ပြည့်အောင် မအက် မပေါက်သေးသော သပိတ်ရှိနေလျှင် ဆွေမျိုးမတော် မဖိတ်ကြားထားသော သူတို့ထံမှ သပိတ်သစ်ကို မတောင်းရ။ တောင်း၍ရလျှင် ဦနပဉ္စဗန္ဓနနိဿဂ္ဂိပါစိတ် အာပတ် သင့်၏။ [တောင်းအံ့၊ အားထုတ်ခြင်း(ပယောဂ)၌ ဒုက္ကဋ်။ ရခြင်းကြောင့် နိဿဂ္ဂိပါစိတ် အာပတ်သင့်၏။]

ထိုရဟန်းသည် ရဟန်းပရိသတ်တို့၏ အလယ်၌ "အရှင်ဘုရားတို့၊ ဘုရားတပည့်တော်၌ ငါးဖွဲ့ပြည့်အောင် မအက် မပေါက်သေးသော သပိတ်ရှိလျက် ဤသပိတ်သစ်ကို တောင်းမိသည်ဖြစ်၍ ဤသပိတ်သည် နိဿဂ္ဂိ ထိုက်နေ၏။ ထို့ကြောင့် ဤသပိတ်ကို အရှင်တို့အား စွန့်ပါ၏"ဟု ဆို၍ စွန့်အပ်၏။ ထိုရဟန်းတို့သည်လည်း အဓိဋ္ဌာန်တင်ထားသော ၎င်းတို့၏ ကိုယ်ပိုင် သပိတ်ကို ကိုယ်စီကိုယ်၄ ယူလာအပ်ကုန်၏။ [ကောင်းသောသပိတ်ကို လိုချင်၍ အခြား မကောင်းသောသပိတ်ကို အဓိဋ္ဌာန်တင်၍ ယူလာလျှင် ဒုက္ကဋ်အာပတ်သင့်၏။] ထိုစွန့်အပ်သောသပိတ်ကို ထေရ်စဉ်အလိုက် ပေးအပ်ရာ၏။ [ထိုရဟန်းကို သနား၍ မယူလျှင် ဒုက္ကဋ်အာပတ်သင့်၏။] ထိုသပိတ်ကို တဦးဦးက ယူလျှင် ထိုယူသူ၏ မူလ ရှိရင်းစွဲ သပိတ်ကို အဆင့်ဆင့်ပေး၍ လဲယူကြရာ၏။ နောက်ဆုံးတွင် မည်သူမှ မလိုချင်၍ ကျန်နေသည့် 'အဆုံးစွန်သောသပိတ်' ကို ထိုရဟန်းအား "ကွဲသည့်တိုင်အောင် ဆောင်ထားရမည်"ဟု သမ္မုတိရထားသော ရဟန်းကပြော၍ ပေးအပ်ရာ၏။ [ထိုနောက် အမြန် ပျက်စီး သွားအောင် ထိုသပိတ်ကို မကောင်းသော သုံးဆောင်ခြင်းဖြင့် သုံးဆောင်သည် ဖြစ်စေ၊ စွန့်သည်ဖြစ်စေ ဒုက္ကဋ်အာပတ်သင့်၏။] ဤပြဆိုခဲ့ပြီးသော ညွှန်ကြားချက်ကား မိမိ၌ ငါးဖွဲ့ပြည့်အောင် မအက် မပေါက်သေးသော သပိတ် ရှိလျက် ထိုသပိတ်သစ်ကို တောင်းမိရာ၌ ကျင့်ရသော ဝတ်တည်း၊ (ဝါ) လောကုတ္တရာတရားကိုးပါးနှင့် လျော်သော ကျင့်ဝတ်တည်း။ [ထိုသို့စွန့်ပြီးနောက် ဒေသနာ ပြောရမည်။]

အနာပတ္တိဝါရ။ ။မိမိအား ပုဂ္ဂလိကအနေဖြင့် ဖိတ်ကြားထားသော သူတို့ထံမှ ဖြစ်စေ၊ ဆွေမျိုးသားချင်းထံမှဖြစ်စေ တောင်းရာ၌ကား အနာပတ္တိ အာပတ်မသင့်။ မိမိဥစ္စာနှင့် အပ်ခဲ့သာနည်းဖြင့် ဝယ်အံ့၊ အာပတ် မသင့်။

**အမှာ။** ။သမ္မုတိပေးပုံကို ပါရာဇိကဏ်ပါဠိတော် (မြန်မာပြန်) အပိုဒ် ၆၁၄ ၌ကြည့်။

အကျယ်ကို ပါတိမောက်ဘာသာဋီကာ, ဘုရားဥပဒေတော်ကြီးနှင့် ပါရာဇိကဏ် ပါဠိတော် (မြန်မာပြန်)တို့၌ကြည့်။

*(၃) **ဘေသဇ္ဇ။** ။ထောပတ်, ဆီဦး, ဆီ, ပျားရည်, တင်လဲ၊ ဤဆေး ငါးမျိုးတို့ကို အကပ်ခံသည့် နေ့မှ စ၍ ၇ ရက်စေ့ရှိ၍သာလျှင် ဆေးအဖြစ်ဖြင့် စားသောက် သုံးဆောင်ကောင်း၏။ ထိုထက်လွန်စေလျှင် ဘေသဇ္ဇနိဿဂ္ဂိပါစိတ် အာပတ်သင့်၏။

**မှတ်ချက်။** ။သံဃာအားရင်း၊ ဂိုဏ်းအားရင်း၊ ပုဂ္ဂိုလ်အားရင်း 'ဝိနည်းကံ'ပြု၍ စွန့်ရမည်။ စွန့်အပ်ပြီးကို ပြန်ရလျှင် ကိုယ်နှင့်စပ်သော သုံးဆောင်ခြင်းဖြင့် မသုံးဆောင်ရ၊ မမျိုရ၊ ဆီမီး၌သော်ရင်း၊ မင်၌သော်ရင်း ထည့်နိုင်သည်၊ အခြားရဟန်းသည် ကိုယ်နှင့်စပ်သော သုံးဆောင်ခြင်းဖြင့် သုံးဆောင်နိုင်သည်။ သို့ရာတွင် မမျိုရ။

အကပ်ခံပြီးသော ထောပတ်စသော ဆေးတို့ကို ၇ ရက်အတွင်း၌ သက်ဆိုင်သော ရောဂါရှိလျှင် နေလွဲနေမလွဲ အချိန်တိုင်းမှာပင် စားကောင်း၏။ သို့သော် နေမလွဲမီ စားရာဝယ် ပဌမအကပ်ခံသော တနံနက်၌သာ ဆွမ်း, ခဲဖွယ်တို့နှင့်ရော၍ စားကောင်းသည်။ နောက်နံနက်များ၌ကား ဆွမ်း, ခဲဖွယ်တို့နှင့် ရော၍ မစားရ။ စားလျှင် သန္နိဓိကာရကသုဒ္ဓပါစိတ် အာပတ်သင့်မည်သာ။ ထို့ကြောင့် ပါးစပ်တွင်း၌ ဆွမ်း,ခဲဖွယ် အာမိသ ရှိနေလျှင် ပြောင်စင်အောင် ပါးစပ်ကို ဆေးပြီးမှ ဆေးကိုစားရမည်။ ဆေးကို အလျှင် စားလျှင်လည်း ပြောင်စင်အောင် ပါးစပ်ကို ဆေးပြီးမှ ခဲဖွယ်ဘောဇဉ်ကို စားရမည်။

**အနာပတ္တိဝါရ။** ။လူ့,သာမဏေတို့အား ငဲ့ကွက်ခြင်းမရှိပဲ ပေးပြီးနောက်ပြန်ရ၍ သုံးဆောင်အံ့၊ အာပတ်မသင့်။ ၇ ရက်အတွင်း၌ ကုန်ပုံ မရလျှင် (၇ ရက်မလွန်ခင်) "ဤထောပတ် စသည်ကို ငါမစားတော့ပြီ၊ ခြေနယ်ဆီစသည် ပြုလုပ်၍ ကိုယ်၏ အပြင်ပ၌သာ သုံးစွဲတော့မည်" ဟု မိဋ္ဌာန်(စိတ်ကူး)လိုက်ရမည်။ ကိုယ်အပြင်ပ၌ သုံးဖို့ဖြစ်လျှင်ကား ၇ ရက်လွန်သော်လည်း အပြစ် မရှိ။ ။[၇ ရက်အတွင်း-ဟူရာ၌ ဥပမာ လဆန်း ၁ ရက်နေ့၌ဆေးကို အကပ်ခံလျှင် ထိုလဆန်း ၁ ရက်နေ့ ညဥ့်လာလတ္တံ့သော အရုဏ်မှစ၍ ရေတွက်ကာ လဆန်း ၆ ရက်နေ့ ညဥ့်အရုဏ်လွန်ပြီးလျှင် လဆန်း ၇ ရက်နေ့ ညဥ့်

အရုဏ်မတက်မီ အချိန်အထိကို ဆိုလိုသည်။ ။လဆန်း ၇ ရက်နေ့ညဥ့်အရုဏ်ကို တက်စေ၍ ထိုဆေးကို စားသောက်လျှင် ဤသိက္ခာပုဒ်ဖြင့် အာပတ်သင့်၏-ဟူ၍ သိလေ။]

အကျယ်ကိုပါတိမောက်ဘာသာဋီကာနှင့်ဘုရားဥပဒေတော်ကြီးတို့၌ကြည့်။

(၄) **ဝဿိက သာဋိက**။ ။နယုန်လဆုတ် ၁ ရက်နေ့မှစ၍ လကွယ်နေ့တိုင်အောင် ဤ ၁၄ ရက်အတွင်းသည် မိုးရေခံသင်္ကန်းကို ရှာမှီးရမည့် ခေတ်ကာလတည်း။ ဝါဆိုလဆန်း ၁ ရက်နေ့မှစ၍ လပြည့်နေ့တိုင်အောင် ဤလခွဲအတွင်းသည် ၎င်းသင်္ကန်းကိုရှာ၍ရလျှင် ချုပ်, ဆိုး, ကပ္ပဗိန္ဒုထိုး၍ ဝတ်ရုံရမည့်ခေတ်ကာလတည်း။ ဝါဆိုလဆုတ် ၁ ရက်နေ့မှ စ၍ တန်ဆောင်မုန်းလပြည့်နေ့တိုင်အောင် ဤ ၄ လအတွင်းသည် ၎င်းသင်္ကန်းကို မရရှိသေးလျှင် ဆက်လက်ရှာဖွေ၍ ရရှိသောအခါ၌ ချုပ်,ဆိုး,ကပ္ပဗိန္ဒုထိုး၍ ဝတ်ရုံ အဓိဋ္ဌာန်တင်ရမည့် ခေတ်ကာလတည်း။ ဤခေတ်၏ အပြင်ဘက် တန်ဆောင်မုန်းလဆုတ် ၁ ရက်နေ့မှစ၍ နယုန်လပြည့်နေ့တိုင်အောင် ထို ၇ လအတွင်း၌ ၎င်းသင်္ကန်းကို မရှာရ။ နယုန်လကွယ်နေ့တိုင်အောင် ထို ၇ လခွဲ အတွင်း၌ ချုပ်, ဆိုး, ဝတ်ရုံခြင်း မပြုရ။

ထို ၇လအတွင်း၌ ရှာ၍ရသည်ဖြစ်စေ၊ ထို ၇လခွဲအတွင်း၌ ချုပ်, ဆိုး, ဝတ်ရုံခြင်းကို ပြုသည်ဖြစ်စေ ဝဿိက သာဋိက နိဿဂ္ဂိပါစိတ်အာပတ်သင့်၏။ [ရှာအံ့၊ အားထုတ်ခြင်း (ပယောဂ)၌ ဒုက္ကဋ်။ ရခြင်းကြောင့် နိဿဂ္ဂိပါစိတ် အာပတ်သင့်၏။]

*(၅) **စီဝရအစ္ဆိန္ဒန**။ ။မိမိက တပါးသော ရဟန်းအား သင်္ကန်းကို အပိုင်ပေးပြီးမှ နောက်၌ စိတ်ဆိုးသည်ဖြစ်၍ ငါ့ဥစ္စာ—ဟူသော အမှတ်ဖြင့်ပြန်၍ မလုယူရ၊ သူတပါးကိုလည်း မခိုင်းရ။ ထိုသို့ ပြုလုပ်လျှင် စီဝရအစ္ဆိန္ဒန နိဿဂ္ဂိပါစိတ်အာပတ်သင့်၏။ [လုယက်အံ့၊ အားထုတ်ခြင်း (ပယောဂ)၌ ဒုက္ကဋ်။ စေခိုင်းအံ့၊ ဒုက္ကဋ်။ ရခြင်းကြောင့် နိဿဂ္ဂိပါစိတ်အာပတ်သင့်၏။]

အခြားဥစ္စာကို ဖြစ်စေ၊ လူ,သာမဏေတို့အား မည်သည့် ပစ္စည်းမဆိုဖြစ်စေ ပေးပြီးမှ ပြန်၍ လုယူအံ့၊ လုယူစေအံ့၊ ဒုက္ကဋ် အာပတ်သင့်၏။

*(၆) **သုတ္တဝိညတ္တိ**။ ။မအပ်သောနည်းဖြင့် ဆွေမျိုးမတော် မဖိတ်ကြားထားသော သူတို့ထံမှ ချည်ကိုကိုယ်တိုင်တောင်း၍ တဖန် မအပ်သောနည်းဖြင့် မဆွမျိုးမတော် မဖိတ်ကြားထားသော ယက်ကန်းသည်တို့အား ထိုချည်နှင့်

သက်န်းကို မိမိဖို့ မရက်စေရ။ ထိုသို့ ပြုလုပ်လျှင် သုတ္တဝိညတ္တိ နိဿဂ္ဂိပါစိတ် အာပတ်သင့်၏။ [ရက်စေအံ့၊ အားထုတ်ခြင်း (ပယောဂ)၌ ဒုက္ကဋ်။ရခြင်းကြောင့် နိဿဂ္ဂိပါစိတ်အာပတ်သင့်၏။]

ချည်ကဖြစ်စေ၊ ယက်ကန်းသည်ကဖြစ်စေ တဘက်ဘက်က အပ်နေလျှင် ဒုက္ကဋ်အာပတ်သင့်၏။

မအပ်သောနည်းဖြင့် တောင်းခြင်း, ခိုင်းခြင်း–ဟူရာ၌ ကာယဝိညတ်ဖြင့် ထိုသူ့အနီးသို့သွား၍ ရပ်ပြီးလျှင် "ဘာအလိုရှိပါတုန်း ဘုရား"ဟု မေးမှ အလိုရှိရာ ပြောခြင်းမဟုတ်မဲ့ "ချည်ကို လှူစမ်းပါ, ယက်ကန်းရက်ပေးစမ်းပါ" စသည်ဖြင့် တောင်းခြင်း ခိုင်းခြင်းကို ဆိုလိုသည်။

**အနာပတ္တိဝါရ**။ ။သက်န်းချုပ်ခြင်းငှါ ချည်ကို တောင်းအံ့၊ အာပတ်မသင့်။ အာယောဂပတ်၌၎င်း ခါးပန်းကြိုး၌၎င်း၊ ပခုံးဖွဲ့ (ကြိုး)၌၎င်း၊ သပိတ်အိတ်၌၎င်း၊ ရေစစ်၌၎င်း အာပတ် မသင့်။ [ဤသိက္ခာပုဒ်ဖြင့် အာပတ်မသင့်ငြားသော်လည်း အညာတက ဝိညတ္တိ သိက္ခာပုဒ်ဖြင့် အာပတ်သင့်၏ဟုဝိမတိ၌ ဝဒန္တိဝါဒရှိ၏–ဟူ၍ ကင်္ခါဘာသာဋီကာ–ပဋ္ဌမအုပ်၌ဆို၏။] အခြား သူ၏ အလို့ငှါ၎င်း တောင်းအံ့၊ မိမိဥစ္စာနှင့်အပ်သောနည်းဖြင့် ဝယ်အံ့၊ အာပတ်မသင့်။

*(၇) **မဟာပေသကာရ**။ ။ဆွေမျိုးမတော်သော ဒါယကာ ဖြစ်စေ၊ ဒါယိကာမဖြစ်စေ ဤမည်သော ရဟန်းကို ရည်မှန်း၍ သင်္ကန်းလှူအံ့ဟု ယက်ကန်းသည်အား ချည်ကို ပေး၍ ရက်စေ၏။ထိုအကြောင်းကို ထိုရဟန်း ကြားသိ၏။ ထိုရည်စူးထားသော သင်္ကန်းထက်ပို၍ကောင်းသော သင်္ကန်းကို လိုချင်သောကြောင့် ရှေး၌ မဖိတ်ကြားထားပဲလျက် ထိုရဟန်းသည် ယက်ကန်းသည်ထံသို့သွား၍ မူလထက် အလျားရှည်အောင် အနံပြန့်အောင် အသားကျစ်အောင် ချောအောင် ရက်စေ၏။ ထိုရဟန်း စီမံသည့်အတိုင်း ရက်၍ လှူလျှင် ထိုသူအား မူလရည်စူးထားသော 'ချည်'ထက်ပို၍ ချည် ကုန်ငြားအံ့၊ ထိုရဟန်းအား မဟာပေသကာရ နိဿဂ္ဂိပါစိတ်အာပတ်သင့်၏။ [ချည် ပိုကုန်အောင် စီမံအံ့၊ အားထုတ်ခြင်း (ပယောဂ)၌ ဒုက္ကဋ်။ ရခြင်းကြောင့် နိဿဂ္ဂိပါစိတ်အာပတ်သင့်၏။]

**မှတ်ချက်**။ ။မူလရည်စူးထားသော 'ချည်'ထက် ပိုကုန်မှသာလျှင် နိဿဂ္ဂိထိုက်သည်။ ချည် ပို၍ မကုန်လျှင်ကား မိမိကို ရည်စူးပြီးသားဖြစ်၍ နိဿဂ္ဂိမထိုက်။

*(၈) အစ္စေကစီဝရ။ ။သီတင်းကျွတ်လဆန်း ၅ ရက်နေ့မှစ၍ လပြည့်နေ့အထိ ထို ၁၁ ရက်အတွင်း၌ "ဝဿာဝါသိကံ ဒဿာမိ=ဝါလပတ်လုံးနေပြီးသော ရဟန်းအား လှူပါ၏"ဟု ဆို၍ အဆောတလျင် လှူအပ်သော 'အစ္စေက သင်္ကန်း'ကို ရရှိလျှင် အဓိဋ္ဌာန် မတင် ဝိကပ္ပနာ မပြုပဲလျက် သင်္ကန်းကာလကုန်ဆုံးသည့်တိုင်အောင် ထားကောင်း၏။ထိုထက် လွန်စေလျှင် အစ္စေကစီဝရနိဿဂ္ဂိပါစိတ်အာပတ်သင့်၏။ [သင်္ကန်းကာလ-ဟူသည် ကထိန်မခင်းလျှင် သီတင်းကျွတ်လဆုတ် ၁ ရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်နေ့ တိုင်အောင် တလ၊ ကထိန်ခင်းလျှင် တပေါင်းလပြည့်နေ့ တိုင်အောင် ငါးလတည်း။]

(၉) သာသင်္က။ ။တောကျောင်း၌ဖြစ်စေ၊ ရွာကျောင်း၌ဖြစ်စေ ပုရိမဝါဆိုပြီးသော ရဟန်းသည် တန်ဆောင်မုန်းလပြည့်နေ့တိုင်အောင် ခိုးသူတို့ဖြင့် ရှုရှာဖွယ်ရှိ၏-ဟု သမုတ်အပ်သော ဘေးဘျမ်းနှင့်တကွ ဖြစ်သော တောကျောင်း၌နေလိုလျှင် တိစီဝရိက် အဓိဋ္ဌာန်တင်ထားသော သင်္ကန်းသုံးထည်တို့မှ တထည်ထည်ကို ရွာတွင်း၌ ထားကောင်း၏။သို့ရာတွင် ဂိလာနရဟန်းအား ပေးအပ်သော အဝိပ္ပဝါသသမ္မုတိကို မရထားလျှင် ထိုသင်္ကန်းနှင့် ခြောက်ညဥ့်ထက် ပိုလွန်ပြီးကင်း၍ မနေရ။ နေလျှင် သာသင်္ကနိဿဂ္ဂိပါစိတ် အာပတ်သင့်၏။

မှတ်ချက်။ ။ထိုသင်္ကန်းကို တောကျောင်းပီပီ ရွာနှင့်လေးအပြန်ငါးရာ အောက်လည်း မနီး, ဆွမ်းခံသွားနိုင် ပြန်နိုင်လောက်အောင် တဂါဝုတ်ထက်လည်း မဝေးသော မိမိ၏ဆွမ်းခံရွာ၌ ထားနိုင်၏၊ ထားကောင်း၏။ ဤသို့ထားခြင်းဖြင့် နေ့တိုင်း ဆွမ်းခံရောက်မည်ဖြစ်၍ ထိုသင်္ကန်းအကြောင်းကို ဘေးရန်ရှိ-မရှိ နေ့တိုင်း သိနိုင်သောကြောင့် ထိုသင်္ကန်းနှင့် အရုဏ်တက်ချိန်မှာ တလလုံးလုံး ကင်းနေသော်လည်း အပြစ်မရှိ။ ထိုသို့မဟုတ်ပဲ ထိုသင်္ကန်းနှင့် ကင်း၍ နေ့တိုင်းမရောက်နိုင်လောက်အောင် တော်တော်ဝေးသော အရပ်သို့ အကြောင်းတခုခုဖြင့် သွားရပါမူ ဂိလာနရဟန်းအား ပေးအပ်သော အဝိပ္ပဝါသ သမ္မုတိကိုမရထားလျှင် ခြောက်ညဥ့်ထက် ပိုလွန်၍မကင်းရ-ဟုသိ။

တော-ဟူသည် ရွာ၏ အကာအရံ စည်းရိုး သို့မဟုတ် အရံဖြစ်ထိုက်ရာ ခဲတပစ်အရပ်မှ စ၍ ညို့တင်အပ်ပြီးသောလေးဖြင့် တိုင်းတာလျှင် အနည်းဆုံး အပြန်ငါးရာ ကွာဝေးသော တောတည်း။ [လေးဆရာတို့ ကိုင်နေကျ လေးသည် ၄ တောင်နှင့် ၁ ထွာရှိ၍ ညို့တင်လိုက်သည့်အခါ ၄ တောင်ရှိ၏။ ညို့တင်ပြီးလေးဖြင့် တိုင်းတာရမည်ဖြစ်သောကြောင့် လေး အပြန်ငါးရာဆိုလျှ

အတောင်ပေါင်း ၂၀၀၀ (နှစ်ထောင်)ဝေးသည်။ ပကတိပုရိသ အတောင်-ဟု ကင်္ခါဘာသာဋီကာ ပဋ္ဌမတွဲ၌ဆို၏၊ (ဝါ) ၄ ပာလို ၈ ဂိုက် ၂ ပေ ဂလက်မ ဝေးသည်-ဟု ထို မဇ္ဈိမဝစုကီတွက်နည်းဖြင့် သိရ၏။] ရွာသူရွာသား တို့၏ အသံကြားလောက်အောင် ကျောင်းနှင့်ရွာ နီးကပ်သော်လည်း တောင်,မြစ် စသည်ခြား၍ ဖြောင့်ဖြောင့်မသွားနိုင်အံ့၊ ပကတိ သွားနေကျဖြစ်သော လမ်း ခရီး, ရေခရီးတို့ဖြင့် ကုန်းလမ်း ရေလမ်းအတိုင်း တာအပ်၏။ ရွာနှင့်နီးကပ် သဖြင့် တောကျောင်းအင်္ဂါပြည့်စုံစေခြင်းငှါ ထိုထိုလမ်းငယ်တို့ကို ပိတ်ဆို့အံ့၊ ခုံတက်စောရမည်၏။

အကျယ်ကို ဝိသုဒ္ဓိမဂ်အရသာ-အာရညကင်စုတင်အခဏ်းနှင့် ဆဋ္ဌမူ-ဝိသုဒ္ဓိ မဂ္ဂ အဋ္ဌကထာ (မြန်မာပြန်) ပဋ္ဌမတွဲ-အာရညိကင်္ကထာ အခဏ်း၌ကြည့်။

*(၁၀) ပရိဏတ။ ။သံဃာတော်သို့ ညွတ်လေပြီးသော လာဘ်ကို သိ လျက် မိမိသို့ မညွတ်စေရ။ ညွတ်စေ၍ရလျှင် ပရိဏတနိဿဂ္ဂိပါစိတ်အာပတ် သင့်၏။ [ညွတ်စေအံ့၊ အားထုတ်ခြင်း (ပယောဂ)၌ ဒုက္ကဋ်။ ရခြင်းကြောင့် နိဿဂ္ဂိပါစိတ် အာပတ်သင့်၏။]

မယ်တော် ပစ္စည်းပင် ဖြစ်သော်လည်း သံဃာတော်သို့ ညွတ်ပြီးမှန်း သိ လျက် မိမိသို့ညွတ်စေ၍ ယူအံ့၊ နိဿဂ္ဂိပင်။ ပုဂ္ဂိုလ်တဦးဦးသို့ ညွတ်ပြီးမှန်း သိ လျက် မိမိသို့ ညွတ်စေ၍ ယူအံ့။ ဒုက္ကဋ်အာပတ်သင့်၏။

အင်္ဂါ ၃ ပါး။ ။(၁) သံဃာသို့ညွတ်ပြီးခြင်း၊ (၂)သံဃာသို့ ညွတ်ပြီး မှန်းသိလျက် မိမိသို့ညွတ်စေခြင်း၊ (၃) ရခြင်းအားဖြင့် ၃ ပါးတည်း။

သုံးခုတို့၏ ပြည့်ကြောင်းဖြစ်သော ပတ္တဝဂ်သည် ပြီးခြင်းသို့ရောက်ပြီ။

အရှင်တို့, သုံးဆယ်ကုန်သော စွန့်ခြင်းဝိနည်းကံရှိကုန်သော နိဿဂ္ဂိယပါစိတ် အမည်ရှိကုန်သော အာပတ် တို့ကို သရုပ်အားဖြင့် ပြအပ်ကုန်ပြီးသည်သာ တည်း။ ထိုသုံးဆယ်ကုန်သော နိဿဂ္ဂိယပါစိတ်အာပတ်တို့၌ အရှင် တို့ကို ဘုရားတပည့်တော်မေးပါ၏၊ အသို့နည်း၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏ လော။ နှစ်ကြိမ်မြောက်လည်း မေးပါ၏၊ အသို့နည်း၊ အာပတ်မှ စင်ကြယ် ကြပါကုန်၏လော။ သုံးကြိမ်မြောက်လည်း မေးပါ၏၊ အသို့နည်း၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော။ အရှင်တို့သည် အာပတ်မှ စင်ကြယ်ကြ ကုန်သော ကြောင့်သာလျှင် ဆိတ်ဆိတ်နေကြကုန်၏။ ဤသို့ ဆိတ်ဆိတ်နေကြကုန်သဖြင့် ဤအာပတ်မှ စင်ကြယ်ကြကုန်၏-ဟူ၍ သိမှတ်ရ၏။

သုံးဆယ်ကုန်သောစွန့်ခြင်း ဝိနည်းကံရှိကုန်သော နိဿဂ္ဂိယပါစိတ် အမည်ရှိကုန်သော အာပတ်တို့သည် ပြီးခြင်းသို့ ရောက်ကုန်ပြီ။

---

## ဂ။ ။သုဒ္ဓပါစိတ် ၉၂

**မှတ်ချက်။** ။နိဿဂ္ဂိယ သဘောမပါသောကြောင့် ဤပါစိတ် အာပတ်တို့ကို 'သုဒ္ဓပါစိတ်'ဟု ခေါ်သည်။ ပါစိတ်သက်သက် (ပါစိတ်ချည်းသန့်သန့်) ဟု ဆိုသည်။ကုသိုလ်စိတ်ကို လျော့ကျစေတတ်၏။ ထို့ကြောင့် ပါစိတ်မည်၏။ စေတနာနှင့်တကွ သင့်အပ်သော ပါစိတ်အာပတ်ဖြစ်သည့်အခါ ကုသိုလ်စိတ်များ ကွယ်ပျောက်သောကြောင့် 'ကုသိုလ်စိတ်ကို လျော့ကျစေတတ်သော အာပတ်'ဟု ဆိုသည်။

ပါရာဇိက စသော အခြားသော အာပတ်တို့လည်း ကုသိုလ်ကို လျော့ကျစေတတ်သည်ပင်။ သို့သော် ၎င်းတို့မှာ 'ပါရာဇိက' စသော နာမည်ထူးကို ရပြီးဖြစ်၍ ဤအာပတ်များကိုသာ 'ပါစိတ္တိယ'ဟု ခေါ်ရလေသည်။

---

အရှင်တို့, ကိုးဆယ့်နှစ်ပါးကုန်သော သုဒ္ဓပါစိတ်အမည်ရှိကုန်သော ဤအာပတ်တို့သည် သရုပ်အားဖြင့် ပြအပ်သည်၏အဖြစ်သို့ ရောက်ကုန်၏။

### ၁။ မုသာဝါဒဝဂ်

*(၁) **မုသာဝါဒ။** ။သိလျက် မဟုတ်မမှန်သောစကားကို ပြောလျှင် မုသာဝါဒသုဒ္ဓပါစိတ်အာပတ်သင့်၏။

**မုသားအပြစ်များ။** ။(၁) ဥတ္တရိ မနုဿဓမ္မကို လိမ်ပြောခြင်းကြောင့် စတုတ္ထပါရာဇိကအပြစ်၊ (၂) အမူလကပါရာဇိကဖြင့် စွပ်စွဲခြင်းကြောင့် သံဃာဒိသိသ်အပြစ်၊ (၃) အမူလကသံဃာဒိသိသ်ဖြင့် စွပ်စွဲခြင်းကြောင့် ပါစိတ်အပြစ်၊ (၄) အမူလကထုလ္လစ္စဉ်းစသော အောက်အာပတ် ၅ ပုံဖြင့် စွပ်စွဲခြင်းကြောင့် ဒုက္ကဋ်အာပတ်အပြစ်။ (၅) ဥတ္တရိမနုဿဓမ္မကို တိုက်ရိုက်မပြောပဲ "အကြင်သူသည် မည်သည့် ကျောင်း၌နေ၏၊ ထိုသူ ရဟန္တာတည်း" စသည်ဖြင့် မိမိကိုယ်ကို ရည်ညွှန်းလျက် သွယ်ဝိုက်၍ ပြောခြင်းကြောင့် ထုလ္လစ္စဉ်း အာပတ်အပြစ်၊ (၆) ထိုသို့ သွယ်ဝိုက်၍ ပြောရာ၌ တဘက်သား နားမလည်လျှင် ဒုက္ကဋ် အပြစ်၊ (၇) ဤမုသာဝါဒ သိက္ခာပုဒ်တော်အရ လိမ်ပြောခြင်းကြောင့် ပါစိတ် အာပတ် အပြစ်အားဖြင့် မုသားအတွက် အာပတ် ၇ချက် လာသည်။

**အနာပတ္တိဝါရ။** ။အဆောတလျှင်(အလျှင်အမြန်) ပြောဆိုမိ၍မှားအံ့၊ အာပတ် မသင့်။ အကြောင်းတခုကို ပြောအံ့ဟု ရည်ရွယ်လျက် အခြား အကြောင်းတခုကို ပြောမိအံ့၊ အာပတ်မသင့်။

*(၂) **ဩမသဝါဒ။** ။တပါးသော ရဟန်းကို ဆယ်ပါးသော ဆဲရေး ခြင်းတို့တွင် တပါးပါးဖြင့် ဆဲရေးလျှင် စကားခွန်းတိုင်း ခွန်းတိုင်း ဩမသဝါဒ သုဒ္ဓပါစိတ်အာပတ်သင့်၏။ [စောင်းချိတ်၍ ဆဲရေးလျှင် စကားခွန်းတိုင်း ခွန်းတိုင်းဒုက္ကဋ် အာပတ်သင့်၏။]

လူ, သာမဏေတို့ကို ဆဲရေးလျှင် စကားခွန်းတိုင်း ခွန်းတိုင်း ဒုက္ကဋ် အာပတ်သင့်၏။

ပြက်ရယ်ပြောင်လှောင်လိုသော သဘောဖြင့် ရဟန်းကို ဖြစ်စေ၊ လူ,သာ မဏေ တို့ကို ဖြစ်စေ "ဟေ့ အလောင်းတော်ကြီး လာပြီကွဲ့" စသည်ဖြင့် ပြောလျှင် စကားခွန်းတိုင်း ခွန်းတိုင်း ဒုဗ္ဘာသိ အာပတ်သင့်၏။

**ဆဲရေးခြင်း ၁၀ ပါး။** ။(၁) အမျိုးဇာတ်ကို ထိခိုက်ခြင်း၊(၂) အမည် ကို ထိခိုက်ခြင်း၊ (၃) အနွယ်ကို ထိခိုက်ခြင်း၊ (၄) မျိုးရိုးအလိုက် လုပ် ကိုင်ခဲ့သော အလုပ်ကို ထိခိုက်ခြင်း၊ (၅) အတတ်ပညာကို ထိခိုက်ခြင်း၊ (၆) ထိုသူ၌ ရှိသောအနာရောဂါကို ထိခိုက်ခြင်း၊ (၇) အနိမ့်,အမြင့်, အဖြူ, အမည်းစသော အသွင်အဆင်းသဏ္ဌာန်ကို ထိခိုက်ခြင်း၊(၈) လောဘကြီးသူ, ဒေါသကြီးသူ, ရာဂကြီးသူစသည်ဖြင့် ကိလေသာကို ထိခိုက်ခြင်း၊ (၉) သင့် နေသော အာပတ်ကို ထိခိုက်ခြင်း၊ (၁၀) တစုံတခုကို မထိခိုက်ပဲ "ဟဲ့နွား ကြီး,ဟဲ့ တိရစ္ဆာန်ကြီး" စသည်ဖြင့် ဆဲရေးတိုင်းတွာခြင်း၊ ဤကား အက္ကောသ ဝတ္ထုဖြင့် ဆဲရေးခြင်း ၁၀ ပါးတည်း။

**သတိ။** ။နန္ဒိဝိသာလ နွားလား၏ ထုံးကို နှလုံးသွင်း၍ ခွေး, ဝက် စသော တိရစ္ဆာန်တို့ကိုသော်လည်း ဆဲရေးမြည်တွန်ခြင်း မပြုမိအောင် သတိ ရှိတော်မူကြပါကုန်။

အကျယ်ကို ပါတိမောက် ဘာသာဋီကာ, ဘုရားဥပဒေ တော်ကြီးနှင့် ပါစိတ်ပါဠိတော် (မြန်မာပြန်)တို့၌ကြည့်။

*(၃) **ပေသုည။** ။ရဟန်းအချင်းချင်း ကွဲပြားအောင် ချောပစ်ကုန်း တိုက်လျှင် စကားခွန်းတိုင်း ခွန်းတိုင်း ပေသုည သုဒ္ဓပါစိတ် အာပတ်သင့်၏။ [လူ, သာမဏေတို့ကို ကုန်းတိုက်လျှင် ဒုက္ကဋ် အာပတ်သင့်၏။]

*(၄) ပဒသော ဓမ္မ။ ။ပါဠိတော်နှင့် အဋ္ဌကထာလာ တရားများကို လူ့သာမဏေတို့အား ပုဒ်ပြိုင် ပို့ချလျှင် ပုဒ်တိုင်းပုဒ်တိုင်း ပဒသော ဓမ္မသုဒ္ဓ ပါစိတ် အာပတ် သင့်၏။ [ပို့ချအံ့၊ အားထုတ်ခြင်း(ပယောဂ)၌ ဒုက္ကဋ်။ ပုဒ်တိုင်းပုဒ်တိုင်း ပါစိတ် အာပတ် သင့်၏။]

အနာပတ္တိဝါရ။ ။လူ့ သာမဏေတို့နှင့် တပြိုင်နက် ပါဠိ သင်ယူအံ့၊ တပြိုင်နက် သရဇ္ဈာယ်အံ့၊ လေ့လာပြီးသော ကျမ်းဂန်ကို ရွတ်ဆိုသော လူ့ သာမဏေတို့အား ထောက်ပေးအံ့၊ ကြောက်ရွံ့စွာဖြင့် ပါဠိကို ရွတ်ဆိုနေဆဲ လူ့သာမဏေတို့အား ထောက်ပေးအံ့၊ အာပတ်မသင့်။ ပါဠိတော်နှင့် အဋ္ဌကထာမဟုတ်၊ တစုံတယောက် စီကုံးအပ်သော ပါဠိများနှင့် အခြားဘာသာ များကို သံပြိုင် ပို့ချသော်လည်း အာပတ်မသင့်။

*(၅) ပဌမ သဟသေယျ။ ။လူယောကျ်ား, သာမဏေ တို့နှင့်သာ မဟုတ်၊ ပါရာဇိကလောက်သော တိရစ္ဆာန်အထီးတို့နှင့်လည်း တမိုးတရံတည်း သောကျောင်း, ဇရပ်စသည်တို့၌ အတူ အရုဏ်တက်အောင် သုံးညဥ့်ထက် ပိုလွန်၍ မအိပ်ရ။ အိပ်လျှင် ပဌမ သဟသေယျ သုဒ္ဓပါစိတ် အာပတ်သင့်၏။ [စတုတ္ထညဥ့်၌ကား နေဝင်သည့်အချိန်မှစ၍ အတူအိပ်ခွင့် မရတော့ပြီ။ (အိပ် လျှင် ဤသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ် သင့်၏–ဟူလို။) ထို့ကြောင့် စတုတ္ထ ညဥ့်၌ နေဝင်သည့် အချိန်မှစ၍ လူ့သာမဏေတို့က ဖြစ်စေ, ရဟန်းကဖြစ်စေ ထိုကျောင်းမှ ဖဲခွါ၍ အခြား၌ အိပ်ရမည်။ ထိုနောက် ပဥ္စမညဥ့်မှစ၍ တဖန် အတူ အိပ်နိုင်ပြန်၏။ ဆိုလိုရင်းမှာ ၎င်းတို့နှင့် အတူ အရုဏ်တက်အောင် သုံးညဥ့်ဆက်၍ မအိပ်သမျှ ကာလပတ်လုံး ဤပြဆိုခဲ့ပြီးသော ညွှန်ကြားချက် များကို လိုက်နာ ကျင့်သုံးရန် လုံးဝမလိုပြီ–ဟူ၍ဖြစ်သည်။]

အိပ်အံ့၊ အားထုတ်ခြင်း (ပယောဂ)၌ ဒုက္ကဋ်။ အိပ်ပြီးသည် ရှိသော် ပါစိတ်အာပတ်သင့်၏။

ပါစိတ်အာပတ်၌ အကျုံးဝင်သည့် တမိုးတရံတည်းသော ကျောင်း ၈ မျိုး။

(၁) အမိုးအလုံးစုံရှိ၍ အကာအရံ အလုံးစုံရှိသောကျောင်း၊

(၂) အမိုးအလုံးစုံရှိ၍ အကာအရံထက်ဝက်ကျော်ကျော် ရှိသောကျောင်း၊

(၃) အမိုးအလုံးစုံရှိ၍ အကာအရံ ထက်ဝက်ရှိသောကျောင်း၊

(၄) အမိုးထက်ဝက်ကျော်ကျော်ရှိ၍ အကာအရံ ထက်ဝက်ကျော်ကျော် ရှိသောကျောင်း၊

(၅) အမိုးထက်ဝက်ကျော်ကျော်ရှိ၍ အကာအရံထက်ဝက်ရှိသောကျောင်း၊

(၆) အကာအရံအလုံးစုံရှိ၍ အမိုးထက်ဝက်ကျော်ကျော်ရှိသောကျောင်း၊

(၇) အကာအရံ အလုံးစုံရှိ၍ အမိုးထက်ဝက်ရှိသောကျောင်း၊

(၈) အကာအရံ ထက်ဝက်ကျော်ကျော်ရှိ၍ အမိုးထက်ဝက် ရှိသောကျောင်း–ဟူ၍ ၈ မျိုးရှိ၏။ ။အမိုးမှာ ယခု မျက်မြင် အမိုးများပင်တည်း။ အရံ (အကာ)ကား မဇ္ဈိမ ပုရိသ အတောင်အားဖြင့် ထတောင့်ထွာမြင့်လျှင် အရံအကာဖြစ်ပြီ။ [ထိုမဇ္ဈိမဝဲစုကိတ်တွက်နည်းဖြင့် ယူသော် ၃ ပေမြင့်သည်။] ယခုခေတ်အကာရှိသော ဇရပ်များနှင့် တထပ်ကျောင်းများသည် ဤသိက္ခာပုဒ်နှင့်ဆိုင်သော သေယျာများတည်း။ ၂ ထပ် ၃ ထပ် စသည်ရှိသော အိမ်, ကျောင်းများ၌လည်း အတွင်းလှေကား တပ်ထားလျှင် အထပ်အားလုံးပင် သဟသေယျာကို ဖြစ်စေနိုင်၏။အပြင်လှေကားတပ်ထားသဖြင့် အပြင်မထွက်ပဲ အထက်ထပ် အောက်ထပ် အဆက်အသွယ်မရလျှင် သဟသေယျာ မဖြစ်စေနိုင်–ဟုသိ။

အချို့အိမ်, ဇရပ် ကျောင်းတို့၌ ဖိနပ်ချွတ် (ဆင်ဝင်)စမုခ် ရှိတတ်၏။ ထိုစမုခ်၌ အမိုးအကာ လုံလောက်စွာပါလျှင် အတွင်းအဆောင်နှင့် ယခင် အထက်ထပ်တို့ပါ သဟသေယျာပင်တည်း။ အတွင်းဘက်ရှိ အခန်းတို့ အသီးအသီး အကာခြား၍ တံခါးပိတ်စေကာမူ သဟသေယျာပင်တည်း။ထို့ကြောင့် သင်္ဘော ပဌမ ဒုတိယခန်းများနှင့် ရွက်ထည် အကာချထားသော တတိယတန်းကုန်းပတ်တို့မှာ အချင်းချင်း သဟသေယျာတို့ချည်းသာတည်း။ မီးရထားတတွဲထည်း၌ သဟသေယျာ ဖြစ်ပုံမှာ ဆိုဖွယ်ရာမရှိပြီ။ ထိုကဲ့သို့ သဟသေယျာ ဖြစ်လောက်သော နေရာတို့၌ သဟသေယျာ လွတ်အောင် ကန့်လန့်ကာ ကာထားခြင်း, ကြိုးတန်းထားခြင်းတို့ဖြင့် သဟသေယျာမှ မလွတ်နိုင်သည်သာ။

အတူအိပ်ခြင်း။ ။ပြခဲ့သော သဟသေယျာ ဖြစ်လောက်သည့်ကျောင်း, ဇရပ်, အိမ်, ရထား, သင်္ဘောများ၌ လူ သာမဏေ တိရစ္ဆာန် တဦးဦးက အိပ်ပျော်ပျော်-မပျော်ပျော် ဦးခေါင်းချထားခိုက် ရဟန်းကလည်း ဦးခေါင်းချလိုက်လျှင် သဟသေယျာ (တကွအိပ်ခြင်း)ဖြစ်တော့၏။

**ဒုက္ကဋ် အာပတ်၌ အကျုံးဝင်သည့် တမိုးတရံထည်းသော ကျောင်း ၅-မျိုး။**

(၁) အမိုးထက်ဝက်ရှိ၍ အကာအရံ ထက်ဝက်ရှိသောကျောင်း၊

(၂) အမိုးအလုံးစုံရှိ၍ အကာအရံ အနည်းငယ်ရှိသောကျောင်း၊

(၃) အကာအရံ အလုံးစုံရှိ၍ အမိုးအနည်းငယ်ရှိသောကျောင်း၊

(၄) အမိုးထက်ဝက်ကျော်ကျော်ရှိ၍ အကာအရံ အနည်းငယ်ရှိသော ကျောင်း၊

(၅) အကာအရံ ထက်ဝက်ကျော်ကျော်ရှိ၍ အမိုးအနည်းငယ် ရှိသော ကျောင်း—ဟူ၍ ၅ မျိုးရှိ၏။

[လေးပုံ ပုံ၍ တပုံသာ ရံခြင်းမိုးခြင်းသည် အနည်းငယ် ရံသည် မိုးသည် မည်၏။]

၃ ညဉ့်အိပ်ပုံ။ ။၃ညဉ့်အိပ်—ဟူရာ၌ ၃ ညဉ့်လုံးဆက်၍ အရုဏ်တက် အောင် လူစသည်နှင့် အတူအိပ်ခြင်းကို ဆိုလိုသည်။ အရုဏ်မတက်ခင် ထ-ထ နေလျှင်ကား ၃ ညဉ့် အပြည့် အိပ်ရာ မရောက်၍ ၄ ညဉ့်မြောက်၌ အာပတ် မသင့်။ ၃ ညဉ့်အပြည့်အိပ်ပြီးနောက် ၄ ညဉ့်မြောက်၌ သဟသေယျ အာပတ် သင့်ရာ၌ကား လူ့သာမဏေ, တိရစ္ဆာန်များလျှင် များသလောက်-ဦးခေါင်း ထောင်လိုက်ချလိုက် အကြိမ်များသလောက် အာပတ်လည်း တိုးပွားလေသည်။

တိရစ္ဆာန်—ဟူသည် မေထုန သိက္ခာပုဒ်၌ ပြထားသော ပါရာဇိက လောက် သည့် တိရစ္ဆာန်များတည်း။ ကြွက်,အိမ်မြှောင် စသည်တို့ကား သဟသေယျ မလောက်ကြ-ဟုသိ။

အနာပတ္တိဝါရ။ ။နှစ်ညဉ့် သုံးညဉ့်သာ အိပ်အံ့၊နှစ်ညဉ့် သုံးညဉ့်အောက် ယုတ်လျော့၍ အိပ်အံ့၊ နှစ်ညဉ့်အိပ်ပြီး၍ သုံးညဉ့်မြောက်၌ အရုဏ်မတက်မီ ထ၍နေအံ့၊ အမိုးအလုံးစုံရှိသော်လည်း အကာအရံ လုံးဝမရှိသော နေရာ၌ အိပ်အံ့၊ အကာအရံ အလုံးစုံရှိသော်လည်း အမိုးလုံးဝ မရှိသော နေရာ၌အိပ်အံ့၊ အကာအရံ ထက်ဝက်ရှိ၍ အမိုးအနည်းငယ်သာရှိသော နေရာ၌ အိပ်အံ့၊ အမိုး ထက်ဝက်ရှိ၍ အကာအရံ အနည်းငယ်သာ ရှိသော နေရာ၌ အိပ်အံ့၊ ထက်ဝက် မျှ အမိုးလည်းမရှိ ထက်ဝက်မျှ အကာအရံလည်း မရှိသော နေရာ၌အိပ်အံ့၊ ရဟန်းမဟုတ်သူသည် အိပ်နေ၍ ရဟန်းသည် ထိုင်အံ့၊ ရဟန်းသည် အိပ်နေ၍ ရဟန်းမဟုတ်သူသည် ထိုင်အံ့၊ နှစ်ဦးစလုံးသော်လည်းထိုင်နေကုန်အံ့၊ အာပတ် မသင့်။

*(၆) ဒုတိယ သဟသေယျ။ ။နေဝင်သည့် အချိန်မှစ၍ အရုဏ်မတက်မီ အတွင်း၌ မာတုဂါမတို့နှင့် တမိုးတရံတည်းသော ကျောင်း, ဇရပ် စသည်တို့၌ အတူမအိပ်ရ။ အိပ်လျှင် ဒုတိယ သဟသေယျ သုဒ္ဓပါစိတ် အာပတ်သင့်၏။ [အိပ်အံ့၊ အားထုတ်ခြင်း (ပယောဂ)၌ ဒုက္ကဋ်။ အိပ်ပြီးသည်ရှိသော် ပါစိတ် အာပတ်သင့်၏။]

ဘိလူးမ, ပြိတ္တာမ, ပဏ္ဍုက်, ပါရာဇိကလောက်သော တိရစ္ဆာန်မတို့နှင့်အတူ ထိုသို့ အိပ်သည်ဖြစ်စေ၊ နေ့အခါ၌ အိပ်ခန်းတံခါးကို မပိတ်ပဲလျက် အိပ်သည် ဖြစ်စေ ဒုက္ကဋ် အာပတ်သင့်၏။ [တံခါး-ဟူရာ၌ ရှေးခေတ်က အထက်၌ ကွင်းတပ်၍ အောက်၌ဆိုင်ငယ် တပ်ထားသော(ယခုခေတ်ပတ္တာ တပ်ထားသော) အိပ်ခန်းတံခါးကို ဆိုလိုသည်။]

**အနာပတ္တိဝါရ။** ။အမိုးအလုံးစုံရှိသော်လည်း အကာအရံ လုံးဝ မရှိသော နေရာ၌ အိပ်အံ့၊ အကာအရံ အလုံးစုံ ရှိသော်လည်း အမိုး လုံးဝမရှိသော နေရာ၌ အိပ်အံ့၊ အကာအရံ ထက်ဝက်ရှိ၍ အမိုး အနည်းငယ်သာရှိသော နေရာ၌ အိပ်အံ့၊ အမိုးထက်ဝက်ရှိ၍ အကာအရံ အနည်းငယ်သာ ရှိသော နေရာ၌ အိပ်အံ့၊ ထက်ဝက်မျှ အမိုးလည်းမရှိ ထက်ဝက်မျှ အကာအရံ လည်းမရှိ သော နေရာ၌ အိပ်အံ့၊ မာတုဂါမ အိပ်သော် ရဟန်းသည် ထိုင်နေအံ့၊ ရဟန်းအိပ်သော် မာတုဂါမ ထိုင်နေအံ့၊ နှစ်ဦးလုံး မူလည်း ထိုင်နေကုန်အံ့၊ အာပတ်မသင့်။

**နိုးဆော်ချက်။** ။တမိုးတရံတည်းမှ ကင်းလွတ်စေခြင်းငှါ ဆေးရုံများ၌ ရဟန်းတော်များအတွက် သီးသန့်အဆောက်အဦ ထားရှိဖို့လိုသည်။

ရှေ့သိက္ခာပုဒ်၌ လူ့သာမဏေတို့နှင့် အတူ အရုဏ်တက်အောင် သုံးညဉ့် ထက် ပိုလွန်၍ မအိပ်ရ-ဟုဆိုထားရာ ၎င်းကိုဂိလာနရဟန်းများ အထူးသဖြင့် ဝေဒနာကြောင့် အိပ်ရာ၌ လဲလျောင်းနေရသော ရဟန်းများ စောင့်ရှောက်နိုင် မည် မဟုတ်ပေ။ ထို့ကြောင့် ၎င်းတို့အား ပြုစုစောင့်ရှောက်ရန် လိုက်ပါလာ ကြသော ကပ္ပိယ, ကျောင်းသား, သာမဏေတို့နှင့်တကွ ညဥ့်ဘက် အလှည့် ကျသော ဆေးရုံ စောင့်တို့ကို နံနက် ၄ နာရီ အချိန်၌ ထစေ၍ လင်းသည့် တိုင်အောင် လျောင်း အိပ်ခြင်းတို့ကို မပြုစေရ။ ဤစည်းကမ်းကို သံဃာ့ဆေး ရုံတိုင်း၌ ထားရှိဖို့လိုသည်။ **ဂိလာန သာမဏေ**တို့ကိုလည်း သံဃာ့ဆေးရုံများ၌ ရဟန်းတော်များနှင့် အတူ တမိုးတရံတည်းဖြင့် ထားရန်မသင့်ပေ။ [၎င်းတို့ အတွက် သီးခြား အဆောက်အဦတခုထားရှိဖို့ သင့်သည်-ဟူလို။]

သီးသန့် အဆောက်အဦဖြင့် အချို့မြို့များတွင် ရှိနေပြီးသော သံဃာ့ဆေးရုံ-များ၌ ဤအချက်မှာ ချွတ်ယွင်းလျက်ရှိနေပါသည်။ ဤကိစ္စသည် ဆေးရုံအုပ် ချုပ်သောသူတို့ထက် ရဟန်းတော်များနှင့် ပို၍ သက်ဆိုင်ပေသည်။ ဝိနည်း တော်ကို မိမိကိုယ်တိုင် မလေးစားချင်နေပါ၊ အခြား လေးစားသော ပုဂ္ဂိုလ် တို့ကို ငဲ့ညှာဖို့ ကောင်းသည်။ ထို့ကြောင့် ဤစည်းကမ်းကို မိမိတို့နှင့် လိုက်ပါ လာကြသော ကပ္ပိယ စသူတို့ကို တသဝေမတိမ်း လိုက်နာစေအပ်ပေသည်။

[ဤအကြောင်းနှင့် ပတ်သက်၍ ၁၃၂၂-ခုနှစ်၌ ရဟန်းတပါးသည် ဗုဒ္ဓဓမ္မ လောက စာစောင် အတွဲ ၅-အမှတ် ၄၃ ၌ 'သံဃာဟော်နှင့်ဆေးရုံ' ဟူသော ဆောင်းပါးတွင်လည်း မေတ္တာရပ်ထားပါသည်။] ညဥ့်ဘက် အလှည့်ကျ ဆေး ရုံစောင့်တို့ကိုလည်း ဆိုင်ရာက ဤစည်းကမ်းကို တသဝေမတိမ်း လိုက်နာစေ အပ်ပေသည်။

*(၇) ဓမ္မဒေသနာ။ ။ပြောဆိုကြသောစကားကို သိကြား နားလည် နိုင်သောယောကျ်ားလည်းအနီး၌မရှိ၊ဣရိယာပုထ်လည်း မပြောင်းပဲလျက် ပါဠိ တော်နှင့် အဋ္ဌကထာလာ တရားများကို မာတုဂါမတို့ချည်း သက်သက်အား တဦးလျှင် ခြောက်ခွန်းထက်ပိုလွန်၍ မဟောရ၊ ဟောလျှင် ပုဒ်တိုင်းပုဒ်တိုင်း ဓမ္မဒေသနာသုဒ္ဓပါစိတ်အာပတ်သင့်၏။ [ဟောအံ့၊အားထုတ်ခြင်း (ပယောဂ) ၌ ဒုက္ကဋ်။ ပုဒ်တိုင်းပုဒ်တိုင်း ပါစိတ်အာပတ်သင့်၏။]

မှတ်ချက်။ ။တခွန်း—ဆိုသည်ကား–ဂါထာတို့၌ တပါဒသည် တခွန်း မည်၏။ စုဏ္ဏိယတို့၌ ဝါကျတခုသည် တခွန်းမည်၏။ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" သည် တခွန်းမည်၏။ "ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ" သည် တခွန်းမည်၏။

သရဏဂုံပေးမှု သီလဥပုသ်ပေးမှုများသည် တရားဟောမှုမဟုတ်သောကြောင့် အပ်၏-ဟူ၍လည်း ယူကြ၏။ [ဆင်ခြင်။]

သရဏဂုံ သီလဥပုသ်ပေးရာတွင် ၁၂တောင်အတွင်း၌ သိကြား နားလည် နိုင်သောယောကျ်ားကို နေစေ၍ ပေးရမည်။ ထိုယောကျ်ားသည် သရဏဂုံ သီလဥပုသ် မခံသော်လည်း အနီး၌ရှိနေလျှင် အပ်တော့သည်။

ဘီလူးမအားရင်း၊ ပြိတ္တာမအားရင်း၊ ပဏ္ဍုက်အားရင်း၊ လူယောင်ဆောင် ထားသော တိရစ္ဆာန်မအားရင်း တရားဟောလိုလျှင် အထက်ပါအတိုင်း ကျင့် သုံးရမည်။ ပျက်ကွက်မှု ဒုက္ကဋ်အာပတ်သင့်မည်သာ။

*(၈) ဘူတာရောစန။ ။မိမိ ရထားလေပြီးသော ဈာန် မဂ်ဖိုလ်နိဗ္ဗာန် တရားကို လူ့သာမဏေတို့အား မပြောကြားရ။ ပြောကြားသောစကားကို ထိုခဏ၌ ထိုသူတို့ သိနားလည်လျှင် ဘူတာရောစန သုဒ္ဓပါစိတ်အာပတ် သင့် ၏။[မသိနားမလည်လျှင် ဒုက္ကဋ်။ သွယ်ဝိုက်၍ပြောလျှင်လည်း ဒုက္ကဋ် အာပတ် သင့်၏။]

အမှာ။ ။သာသနာတော်၏ မှန်မြတ်ကြောင်းကို သိစေလို အားကျစေ လို၍ မိမိ ရထားလေပြီးသော ဈာန်မဂ်ဖိုလ်နိဗ္ဗာန်တရားကို ဘိက္ခု၊ ဘိက္ခုနီ တို့အား ပြောခွင့်ကြုံလျှင် ပြောကောင်း၏။

**မှတ်ချက်။** ။အရိယာတို့မည်သည် ရှုံးသွပ်ခြင်းမရှိ၊ ရှုံးသော ပုဂ္ဂိုလ်သည် စျာန် မရနိုင်။ စျာန်ရထားပြီးသော ပုဂ္ဂိုလ်သည်လည်း အကယ်၍ ရှုံးသွပ်ခဲ့သော် ထိုစျာန်မှ ဧွေလျောကျ၏။ ထို့ကြောင့် အနာပတ္တိဝါရ၌ ရှုံးသောရဟန်းအား အာပတ်မသင့်–ဟု အခြားသိက္ခာပုဒ်များ၌ ဖေါ်ပြထား သကဲ့သို့ ဤသိက္ခာပုဒ်၌ မဖေါ်ပြထားပါ။ [အကျယ်ကို ပါတိမောက္ခ ဝိနိစ္ဆယကျမ်း၊ ကင်္ခါဘာသာဋီကာ ဒုတိယအုပ်နှင့် ပါစိတ်ဘာသာဋီကာတို့၌ကြည့်။]

***(၉) ဒုဋ္ဌုလ္လာရောစန။** ။သမ္မုတိ မရထားပဲလျက် တပါးသော ရဟန်း၏ သံဃာဒိသိသ်အာပတ်ကို လူ့သာမဏေတို့အား မပြောကြားရ။ ပြောကြားလျှင် ဒုဋ္ဌုလ္လာရောစန သုဒ္ဓပါစိတ်အာပတ်သင့်၏။ [ပြောကြားအံ့၊ အားထုတ်ခြင်း (ပယောဂ)၌ ဒုက္ကဋ်။ ပြောကြားပြီးသည်ရှိသော် ပါစိတ်အာပတ်သင့်၏။]

အောက် အာပတ်များကိုဖြစ်စေ၊ သာမဏေတို့၏ အပြစ်ကိုဖြစ်စေ ပြောကြားလျှင် ဒုက္ကဋ်အာပတ်သင့်၏။

**မှတ်ချက်။** ။"ထိုရဟန်း သံဃာဒိသိသ် အာပတ်သင့်၏"ဟု အာပတ်ကိုသာ ပြောသည်ဖြစ်စေ၊ "ထိုရဟန်း သုက္ကဝိဿဋ္ဌိ အမှုကိုပြု၏"ဟု ဝတ္ထုကိုသာ ပြောသည်ဖြစ်စေ အာပတ်မသင့်သေး။ "ထိုရဟန်း သုက္က ဝိဿဋ္ဌိအမှုကို ပြုသောကြောင့် သံဃာဒိသိသ်အာပတ်သင့်၏"ဟု ဝတ္ထုနှင့်အာပတ်ကို တွဲစပ်၍ ပြောမှသာလျှင် ပါစိတ် အာပတ်သင့်သည်။

သမ္မုတိ–ဟူရာ၌ အာပတ်မပြတ်သင့်သော ရဟန်းအား နောင်အခါ စောင့်ရှောက်စိမ့်သောငှါ ပြောကြားရန် သံဃာက ရဟန်းတပါးအား သုံးကြိမ်တိုင်တိုင် ပန်ကြား၍ သမုတ်ခြင်းကို ဆိုလိုသည်။

***(၁၀) ပထဝီခဏန။** ။ဇာတမြေကြီးကို ကိုယ်တိုင်လည်း မတူးမဆွရ။ သူတပါးကိုလည်း "တူးဆွလော့"ဟုဆို၍ မခိုင်းရ။ ထိုမြေကြီး၌ ကိုယ်တိုင် မီးမွေးခြင်း၊ ခြေ,လက်,တုတ် စသည်တို့ဖြင့် ခြစ်ခြင်း, ရေးသားခြင်း, အယုတ်သဖြင့် မြေပျက်အောင် ကျင်ငယ်ကို ပြင်းပြင်းစွန့်ခြင်းမပြုရ။ ထိုသို့ ပြုလုပ်လျှင် ပထဝီခဏန သုဒ္ဓပါစိတ်အာပတ်သင့်၏။ [တူးအံ့၊ အားထုတ်ခြင်း (ပယောဂ)၌ ဒုက္ကဋ်။ အချက်တိုင်း အချက်တိုင်း (တူးဆွဘိုင်း တူးဆွတိုင်း) ပါစိတ်အာပတ်သင့်၏။]

**အနာပတ္တိဝါရ၊** ။သစ်တုံးလှိမ့်ယင်း, တောင်ဝှေးထောက်ယင်း, တံမြက်လှည်းယင်း ပျက်စေသော်လည်း ဖျက်လိုသောစိတ် မရှိခြင်းကြောင့် အာ

ပတ်မသင့်။ သတိမေ့လျော့၍ တူးအံ့၊ စေတနာမရှိပဲ တူးအံ့၊ အာပတ်မသင့်။ "ဤမြေကို ကပ္ပိလော့၊ ဤမြေကို သိလော့။ ဤမြေကိုပေးလော့၊ ဤမြေကို ဆောင်ခဲ့လော့၊ ဤမြေဖြင့် အလိုရှိ၏၊ ဤမြေကို အပ်စပ်အောင်ပြုလော့"ဟု ဆိုအံ့၊ အာပတ်မသင့်။

အကျယ်ကို ပါဠိမောက်ဘာသာဋီကာနှင့် ဘုရားဥပဒေတော်ကြီး တို့၌ ကြည့်။

ရှေးဦးစွာသော မုသာဝါဒဝဂ်သည် ပြီးခြင်းသို့ရောက်ပြီ။

## ၂။ ဘူတဂါမဝဂ်(ခေါ်) သေနာသနဝဂ်

*(၁) ဘူတဂါမ။ ။ပေါက်ပွားစိမ်းရှင်နေသော မြက်,သစ်ပင် အပေါင်း တို့ကို ထိုးဆွဖြတ်လှီး မဖျက်ဆီးရ။ ဖျက်ဆီးလျှင် ထိုးဆွ ဖြတ်လှီးတိုင်း ထိုးဆွ ဖြတ်လှီးတိုင်း ဘူတဂါမ သုဒ္ဓပါစိတ်အာပတ်သင့်၏။ [ဖျက်ဆီးအံ့၊အားထုတ် ခြင်း(ပယောဂ)၌ ဒုက္ကဋ်။ အချက်တိုင်း အချက်တိုင်း (ဖျက်ဆီးတိုင်း ဖျက် ဆီးတိုင်း) ပါစိတ်အာပတ်သင့်၏။]

သစ်ပင်၌ တည်ရှိနေသော အသီး,အပွင့်, အရွက်, အခက်တို့ကို မခူး မဆိတ်ရ။ ဇီဇဂါမ်-ဟုခေါ်သော မျိုးစေ့အပေါင်းကိုဖြစ်စေ၊ရေအိုးများ၏ အပြင်ဘက်၌ တည်ရှိတတ်သော ရေညှိကို ဖြစ်စေ၊ မှိုင့်တို့ကိုဖြစ်စေ မဖျက်ဆီးရ။ ထိုသို့ပြုလုပ်လျှင် ဒုက္ကဋ်အာပတ်သင့်၏။ [ပွင့်ပြီးသော 'မှို'သည် အာပတ်၏ အင်္ဂါမလောက်။]

**အမှာ။** ။"မိမိသည် သစ်ပင်ဖြင့်လည်း ဖိမိအံ့။ တွင်း၌လည်းကျအံ့၊သစ် ပင်ကိုဖြတ်၍ငင်း၊ မြေကိုတူး၍ငင်း ထွက်ခြင်းငှါ စွမ်းနိုင်သည်ဖြစ်အံ့၊အသက် ဟူသောအကြောင်းကြောင့်လည်း မိမိသည် မပြုအပ်။ တပါးသော ရဟန်း သည်ကား မြေကို တူး၍ငင်း၊ သစ်ပင်ကို ဖြတ်၍ငင်း၊ စိမ်းသောသစ်ပင်မှ လှံဒဏ်ကိုဖြတ်၍ ထိုသစ်ပင်ကို ရိုက်စေ၍ငင်း ထွက်စေငြင်းငှါ အပ်၏။ အာ ပတ် မသင့်ဟု ခပ်သိမ်းကုန်သော အဋ္ဌကထာတို့၌ ဆို၏" ဟူ၍ ပါထိမောက္ခ ဝိနိစ္ဆယကျမ်း၌ ဆို၏။

**အနာပတ္တိဝါရ။** ။ဤမြက်, သစ်ပင်, မျိုးစေ့ စသည်တို့ကို ကပ္ပိလော့, သိလော့, ပေးလော့, ဆောင်ယူခဲ့လော့၊ ဤမျိုးစေ့တို့ကို အလိုရှိ၏၊ အပ်စပ် အောင် ပြုလော့-ဟု ဆိုအံ့၊ အာပတ်မသင့်။ စေတနာမရှိသော ရဟန်း, သတိ မေ့လျော့၍ ပြုမိသော ရဟန်း, မသိသော ရဟန်း, ရူးသော ရဟန်း,အစ လက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ်မသင့်။

**ဝိဝါဒကိုစိစစ်ဝေဖန်ခြင်း။**   ။အောက်ပါ စာပိုဒ်တို့ကို မရေးမီ စာရေးသူ၏ သဘောထားကို ရှေးဦးစွာ ထုတ်ဆိုပါအံ့။   ။အယူအဆချင်း မတိုက်ဆိုင်၍ တဘက်သားအား ထိပါး ပုတ်ခတ်လိုသော စိတ်ထားမျိုးဖြင့်ရေးခြင်းမဟုတ်ပါ။အများ၏ အကျိုးကိုရည်၍ စာရေးသူ၏ ထင်မြင်ယူဆပုံကို ၎င်းတို့စိစစ်ဝေဖန်ပြီး နှစ်သက်ရာ ဝါဒကို ရွေးချယ်၍ ဆောက်တည် ကျင့်သုံးနိုင်စေခြင်း အကျိုးငှါ ထိုထင်မြင် ယူဆပုံကို စိတ်ရိုးသဘောရိုးဖြင့် ပွင့်ပွင့်လင်းလင်း ထုတ်ဆိုရေးသားခြင်းဖြစ်သည်။[ဝါဒချင်းမတိုက်ဆိုင်သောအခြားကဏ္ဍများ၌လည်း ဤအတိုင်း သိတော်မူကြပါကုန်။]

အချို့က ငှက်ပျောသီးကို ကပ္ပိ၍ စားကြ၏။[မကပ္ပိပဲစားလျှင် အာပတ်သင့်သည်ဟု ယူဆသောကြောင့် ကပ္ပိ၍ စားခြင်းဖြစ်သည်–ဟု အဓိပ္ပါယ်ထွက်သည်။]အချို့က မကပ္ပိပဲ စားကြ၏။ ဤ ဝိဝါဒကို ဉာဏ်မှီသလောက် ဓမ္မဓိဋ္ဌာန်အားဖြင့် ရှင်းပြပါအံ့။

သုမင်္ဂလာ ဒုမင်္ဂလာ အလှူပွဲများ၌ များသောအားဖြင့် အုန်းတလုံး ငှက်ပျောသီး နှစ်ဖီးကို ထည့်၍ ကန်တော့ပွဲ ပြုလုပ် လှူဒါန်းလေ့ရှိကြသည်။ ငှက်ပျောသီးကို ပိဏ္ဍပါတ် ဆွမ်းလောင်းရာ များ၌လည်း ထည့်လောင်းလေ့ရှိကြသည်။[ငှက်ပျောသီးသည် ဘုရားရှင် လက်ထက်တော်မှာပင် သံဃာများ မှီဝဲသုံးဆောင်သော သစ်သီးတို့တွင် အလွန်ထင်ရှားသော သစ်သီးဖြစ်သည်။]

အဋ္ဌကထာ ကျမ်း, ဋီကာကျမ်းများ၌ ငှက်ပျောသီးကို ကပ္ပိ၍ စားသင့်သည်ဟု အဆိုမရှိပါ။ အထက်၌ ပြဆိုခဲ့ပြီးသော အနာပတ္တိ ဝါရ၌လည်း **စေတနာမရှိသော ရဟန်း, မသိသောရဟန်းအား အာပတ်မသင့်**–ဟုဆိုထားပြန်သည်။ ဤအနာပတ္တိဝါရ၌ လာသော အဆို ၂ ရပ်ကို စိစစ်ပါအံ့။

အဘယ်ကြောင့် အနာပတ္တိဝါရကို ဘုရားရှင် မိန့်တော်မူသနည်း ဟူမူ နောက်၌ပြလတ္တံ့သော **နိဿယမုစ္စက**အင်္ဂါ၌ လာသည့် "အာပတ်သင့်သည်ကိုလည်း သိရမည်၊ အာပတ် မသင့်သည်ကိုလည်း သိရမည်"ဟူသော မိန့်ဆိုချက်ကို ထောက်သောအားဖြင့် ဘုရားရှင်သည် ဝိနည်းသိက္ခာပုဒ်တော်ကို အပိုအလိုမရှိစေပဲ ပညတ်တော်နှင့် အညီ ရဟန်းတော်များအား ဆောက်တည် ကျင့်သုံးစေလိုသောကြောင့် မိန့်တော်မူခြင်းဖြစ်သည်–ဟူ၍ သိအပ်၏။[အာပတ္တိကို အာပတ္တိ၊ အနာပတ္တိကို အနာပတ္တိ၊ ဂရုကိုဂရု၊ လဟုကိုလဟု–ဟု သူ့နေရာနှင့်သူ့ကို ဆောက်တည် ကျင့်သုံးစေလိုသောကြောင့် အနာပတ္တိ ဝါရကို မိန့်တော်မူခြင်းဖြစ်သည်=ဟူလို။] အရာခပ်သိမ်း ဂရုဘက်သို့လိုက်၍ မပြုစေလို

ကြောင်း သိအပ်၏။ ။ငှက်ပျောသီးကို မကပ္ပိပဲ စားသင့် မစားသင့်—ဟူသော လိုရင်းအချက်ကို ဝေဖန်ပါအံ့။

ငှက်ပျောသီးတွင် အချို့ရခိုင် ငှက်ပျောသီးများနှင့် အချို့ ဖီးကြမ်း ငှက်ပျောသီးများ၌ အစေ့ရှိတတ်သည်။ [အလုံးတိုင်း၌ အစေ့မရှိပါ၊ အစေ့မရှိသည်က များသည်၊ ရှိသည်က နည်းသည်။] ဤအစေ့နှင့် ပတ်သက်၍ ပြောရပါမူ မည်သူမှ ဤအစေ့ကိုကိုက်လို့ ဝါးလို့ မျိုလိုမည် မဟုတ်ပါ၊ မတော်တဆကိုက်မိ ဝါးမိလျှင်လည်း မျိုမချပဲ ထွေးပစ်ကြသည်သာ။ တလုံးတလေ၌သာ အစေ့ရှိသည်။ အစေ့ရှိ-မရှိကိုလည်း ကြိုတင်၍ မသိကြပါ။ ငှက်ပျောပင်များသည် အများနားလည် သိကြသလောက် ဆိုလျှင် ထိုငှက်ပျောစေ့တို့မှ ပေါက်ပွားသော အပင်များ မဟုတ်ပါ။ အပင်မကြီးမှ သားတက်ငယ် (အပင်ငယ်ကလေး)များပေါက်ပွား၍ ယခုစားနေကြသော ငှက်ပျောသီးများသည် ထိုငှက်ပျောစေ့များမှ ပေါက်သော အပင်များ၏ အသီးများ မဟုတ်ပါ၊ ထိုသားတက်အပင်များမှ သီးကြသော အသီးများဖြစ်သည်။ စာရေးသူ သိသလောက် ပြောရမည်ဆိုလျှင် ဝိနည်းသိက္ခာပုဒ်တော်ကို အလွန်လေးစားသော ကျောင်းတိုက်များ၌လည်း ငှက်ပျောသီးကို မကပ္ပိပဲ ဘုဉ်းပေးကြသည်။ [ကပ္ပိရမည်ဟု ယခုခေတ် ကျမ်းပြုဆရာများကလည်း ကျမ်းများ၌ မဖော်ပြကြပါ။] မကပ္ပိပဲစားခြင်းကြောင့် အာပတ်သင့်သလောဟူမူ မသင့်ဟု ဆိုရပေမည်။ အဘယ့်ကြောင့်နည်း၊ မည်သူမှ ငှက်ပျောသီး အစေ့ရှိမှန်း-မရှိမှန်လည်း မသိ အစေ့ရှိ၍ မတော်တဆ ကိုက်မိ ဝါးမိလျှင်လည်း ကိုက်လိုဝါးလို ဖျက်ဆီးလိုသော စေတနာလည်း မရှိခြင်းကြောင့် အနာပတ္တိဝါရ၌ လာသော ထိုအဆို ၂ ရပ်နှင့် ကိုက်ညီပေသည်—ဟူသောကြောင့်တည်း။ ။မိမိသည် ငှက်ပျောသီးကို မကပ္ပိပဲ မစားသင့်ဟု ယူသည်—ဟု ဆိုကြပါစို့။

ငှက်ပျောသီးကို ကပ္ပိ၍ စားခြင်းဖြင့် ရောက်အပ်သော အပြစ်ကို ပြောရမည်ဆိုလျှင် မိမိသည် အနာပတ္တိဝါရကို မသိရာကျ၍ နိဿယမုတ္တက အင်္ဂါနှင့် မပြည့်စုံသော သူ၏ အဖြစ်သို့လည်း ရောက်မှန်းမသိရောက်သည်။ ဘုရားရှင်၏ အလိုတော်နှင့် ကိုက်ညီအောင် သိက္ခာပုဒ်တော်ကို ထိန်းသိမ်း စောင့်ရှောက်တတ်သောသူ မဟုတ်ဟုလည်းပြရာသို့ ရောက်မှန်းမသိရောက်သည်။ မိမိသည် ဂရုကေ ဌာတဗ္ဗံ အခဏ်း၌ ပြဆိုထားသည့် ဘုန်းကြီးကဲ့သို့ ကျမ်းအားကိုးမဲ့၍ အရာခပ်သိမ်း ဂရုဘက်သို့ လိုက်၍ ပြုသော ဘုန်းကြီး၏ အဖြစ်သို့လည်း ရောက်မှန်းမသိ ရောက်သည်။ [ဤကား မိမိ၏ အကျိုးကို ရည်၍ ဆိုခြင်းတည်း၊ သဘောမကျလျှင် "သည်းခံတော်မူပါ" ဟု တောင်းပန်ပါ၏။] မိမိ၏ အယူ

အတိုင်းဆိုလျှင် ငှက်ပျောသီးကို မကပ္ပိပဲ စားနေကြသော ကျမ်းတတ် လဇ္ဇီ မထေရ်ကြီးများနှင့်တဝိုင်းတည်း၌ ဆွမ်းအတူတူ ဘုဉ်းပေးလျှင် မိမိမှာ ကပ္ပိခိုင်းဖို့လည်း အခက်၊ မကပ္ပိပဲ စားလျှင်လည်း မိမိအား ဒုက္ကဋ် အာပတ်သင့်မည်၊ ကပ္ပိပြန်လျှင်လည်း ထိုမထေရ်ကြီးများနှင့် ဆန့်ကျင်၍ပြုရာရောက်မည်။(မစားပဲ နေမှသာ အဆင်ပြေတော့မည် ဖြစ်သည် မဟုတ်ပါလော)။ ။အန္တရာယ်မဖြစ်သင့်ပဲလျက် ဖြစ်မည်စိုး၍ ဆိုဦးအံ့။ ။မိမိသည် ကပ္ပိယမထားပဲ မြို့စွန်ရွာစွန်တောကျောင်း၌ တပါးတည်းနေမှု ဆွမ်းခံသွား၍ ရသော ငှက်ပျောသီးများကို ကပ္ပိပေးဖို့သူ မရှိ၍ မစားပဲ စွန့်လိုက်မည်လော၊ သို့တည်းမဟုတ် မကပ္ပိပဲ စားမည်လော။(စားလျှင် အာပတ်သင့်ချိမ့်မည်)။ ။မစားပဲစွန့်လိုက်လျှင်လည်း ဒုက္ကဋ် အာပတ်မှမလွတ်—ဟူ၍ သတိရှိလေ။ အဘယ့်ကြောင့်နည်း၊ ကုသိုလ်လိုချင်၍မစားရက် မသောက်ရက်နှင့် လှူဒါန်းသော သဒ္ဓါဒေယျပစ္စည်းကိုမစားပဲစွန့်လိုက်မည်ဆိုလျှင် အလွဲသုံးစား ပြုရာရောက်၍ မပြုအပ်သည်ကိုပြုသည် မည်သောကြောင့် ဒုက္ကဋ် အာပတ်မှမလွတ်=ဟူသော အဆိုရှိသောကြောင့်တည်း။ ။သို့မဟုတ် ဆွမ်းခံစဉ် ငှက်ပျောသီး လောင်းသူများကိုပင်ကပ္ပိစေမည်လော။ ထိုသို့ပြုလျှင်လည်း ငှက်ပျောသီးလောင်းသူက ယောကျ်ား, မိန်းမအိုဖြစ်နေလျှင် တော်ပါသေး၏၊အပျိုအရွယ် ဖြစ်နေလျှင်ကား အောက်ပါ အဆင်မပြေသော အချက်ကို သတိရှိလေ။

မိမိက''ကပ္ပိယံ ကရောဟိ''ဟု ဆို၍ တကာမကလေးက''ကပ္ပိယံ ဘန္တေ'' ဟု ဆိုဘတ်အောင် မိမိက ရွတ်လည်း ရွတ်ပြရဦးမည်၊ ကပ္ပိတတ်အောင်လည်း လက်တွေ့အားဖြင့် ကပ္ပိဖို့ ဓားငယ်စသော အရာတခုခုကို ယူစေ၍ ကပ္ပိပုံကို ပြလည်း ပြရဦးမည်။ အခန့်မသင့်လျှင် တွေ့မြင်သူများက မိမိအား ငှက်ပျောသီးလောင်းသူ တကာမ ကလေးနှင့် အထင်လွဲ၍ နှုတ်ဖြင့်သော်ငင်း စိတ်ဖြင့်သော်ငင်း စွပ်စွဲကောင်း စွပ်စွဲပေလိမ့်မည်။

ငှက်ပျောသီးကို မကပ္ပိပဲစားခြင်းကြောင့် အာပတ်လည်းမသင့်၊ ဘုရားရှင်၏ အလိုတော်နှင့်လည်းကိုက်ညီပေသည်။ ကပ္ပိ၍ စားခြင်းဖြင့် ပြဆိုခဲ့ပြီးသော အပြစ်များသာ ထင်မြင်သောကြောင့် မကပ္ပိပဲ စားသင့်ပေသည်—ဟုနိဂုံးချုပ် ပြောလိုပါ၏။

ရှင်းလင်းချက်။ ။'မိမိ'ဆိုသော အသုံးအနှုန်းဖြင့်ရေးခြင်းမှာ ဆန့်ကျင်၍ယူသော ပုဂ္ဂိုလ်တို့အား ရည်စူး၍ရေးခြင်းမဟုတ်ပါ။ စာရှုသူတို့အား ရည်စူး၍ ရေးခြင်းဖြစ်သည်။ စာရှုသူမှန်သမျှကို ငင်းကိုယ်ကို ဆန့်ကျင်၍ယူသောပုဂ္ဂိုလ်၏ နေရာ၌နေစေ၍ စာရေးသူ၏ ထင်မြင်ယူဆပုံကို လက်ခံသင့် မခံသင့် စိစစ်ဝေဖန်

ဆုံးဖြတ်နိုင်စေခြင်းငှါ စာရှုသူကို 'မိမိ' ဆိုသော အသုံးအနှုန်းဖြင့် ရေးခြင်း ဖြစ်ပါသည်။

အကယ်၍ စာရေးသူ ယူဆသကဲ့သို့ မယူဆပါက သည်းခံ ခွင့်လွှတ်တော်မူကြပါကုန်။

* (၂) **အညဝါဒက**။ ။မေး စိစစ်သည်ကို မပြောပဲလျက် အခြားစကားကို လှည့်ပတ်ပြောဆိုသည် ဖြစ်စေ၊ ဆိတ်ဆိတ်နေသည် ဖြစ်စေ ဒုက္ကဋ် အာပတ်သင့်၏။

အခြားစကားကို လှည့်ပတ်ပြောဆိုခြင်းကြောင့် 'အညဝါဒကကံ' ဆိတ်ဆိတ်နေခြင်းကြောင့် 'ဝိဟေသကကံ'သို့ ထိုရဟန်းအား သံဃာတော်က ဉတ်ကမ္မဝါစာဖြင့်တင်ရမည်။ ဤသို့ ကံပြုထားပါလျက် ထိုအတိုင်းပင် တဖန်ပြုပြန်လျှင် အညဝါဒက သုဒ္ဓပါစိတ် အာပတ်သင့်၏။

ကံပြုပုံတို့ကို ပါစိတ်ပါဠိတော်(မြန်မာပြန်)အပိုဒ် ၉၅ နှင့် ၉၇ အသီးသီးတို့၌ ကြည့်။

* (၃) **ဥဇ္ဈာပနက**။ ။သံဃာ့ကိစ္စကို ဆောင်ရွက် နေသည့် သမ္မုတိရထားသောရဟန်းကို ကဲ့ရဲ့ရှုတ်ချလျှင် ဥဇ္ဈာပနက သုဒ္ဓပါစိတ် အာပတ်သင့်၏။ [ကဲ့ရဲ့ရှုတ်ချအံ့၊ အားထုတ်ခြင်း (ပယောဂ)၌ ဒုက္ကဋ်။ ရှုတ်ချပြီးသည်ရှိသော် ပါစိတ်အာပတ်သင့်၏။]

အခြားရဟန်းနှင့် လူ, သာမဏေတို့၏ မဟုတ်မမှန်သောအပြစ်ကိုပြောလျှင် ဒုက္ကဋ် အာပတ်သင့်၏။

သမ္မုတိပေးပုံကို ပါရာဇိကဏ် ပါဠိတော် (မြန်မာပြန်) အပိုဒ် ၃၈၁-ပဌမဒုဋ္ဌဒေါသ သိက္ခာပုဒ်၌ ကြည့်။

*(၄) **ပဌမ သေနာသန**။ ။သံဃာ့ဥစ္စာဖြစ်သောညောင်စောင်း,အင်းပျဉ်, ဘုံလျှို, ခတ်အခင်းတို့ကို လွင်တီးခေါင်၌ ခင်းပြီး ခင်းစေပြီး၍ မသိမ်းခဲ့ပဲ မပန်ကြားပဲလျက် မသွားရ။ သွားလျှင် ပဌမ သေနာသန သုဒ္ဓပါစိတ် အာပတ်သင့်၏။ [ပဌမခြေလှမ်း ခဲတကျကိုလွန်စေအံ့၊ ဒုက္ကဋ်။ ဒုတိယခြေလှမ်းကို လွန်စေအံ့၊ ပါစိတ်အာပတ်သင့်၏။]

သူတပါး၏ ပုဂ္ဂလိက ပစ္စည်း၌ ဒုက္ကဋ်အာပတ်သင့်၏။ မိမိကိုယ်ပိုင်ပစ္စည်း၌ကား အာပတ်မသင့်။

ညောင်စောင်း—ဟူသည် အိပ်ရာခုတင် အမျိုးမျိုးတည်း။

အင်းပျဉ်—ဟူသည် စားပွဲ, ထိုင်ခုံ, ကုလားထိုင် အမျိုးမျိုးတည်း။

ဘုံလျှို—ဟူသည် အပြင်ကအဝတ် သို့မဟုတ် သမင်ရေစသော အပ်သော သားရေကို ချုပ်ပြီးလျှင် အတွင်း၌ အဆာသွတ်ထားသော (ထိုင်စရာ အိပ်စရာ) ဖုံမွေ့ရာ အမျိုးမျိုးတည်း။ [လဲ အဆာသွတ်ထားလျှင် ရဟန်း, သာမဏေ, ဥပုသ်သည်တို့ မထိုင် မအိပ်ကောင်း။ အဝတ်အဆာ, သားမွေးအဆာ, ပိုးချည် အဆာ, မြက် သစ်ရွက်အဆာ, အုန်းဆံအဆာများ သွတ်ထားလျှင်ကား အိပ်ကောင်း ထိုင်ကောင်း၏။]

ခတ်အခင်း-ဟူသည် အလယ်၌ အတွင်းသို့ကျုံ့ဝင်၍ အထက် အောက် အပြန့်ကျယ်သော အခင်းတမျိုးတည်း။ အတွင်း၌ အဆာမပါ။ မြက် စသည်ကို အလယ်က ထုံးဖွဲ့၍ ခပ်နိမ့်နိမ့် ထိုင်ဖြစ်လောက်အောင် ပြုလုပ်ထားသော အရာ ဝတ္ထုတမျိုးတည်း။ရုပ်ထုတော်များ၏အောက်၌ရှိသောပလ္လင်များနှင့်ပုံသဏ္ဍာန် တူသည်။ [ဤအမည်သည်'ကောစ္ဆ'သဒ္ဒါမှလာ၍ ရှေးဆရာတို့ ပေးသောအမည် ဖြစ်သည်ဟူ၍ပါတိမောက် ဘာသာဋီကာ၌ဆို၏။ပါစိတ်ပါဠိတော်(မြန်မာပြန်) ၌ကား ''၎င်းသည် ဖျာအခင်း-နေရာထိုင်ရာ အခင်း အထူးပင်တည်း။ ၎င်းသည် လျှော်ဖြင့်ပြုလုပ်သော ဖျာ, ပန်းရင်းဖြင့်ပြုလုပ်သော ဖျာ, ဖြူဆံမြက်ဖြင့်ပြုလုပ် သော ဖျာ၊ ပြိတ်မြက်ဖြင့် ပြုလုပ်သော ဖျာတည်း။ ထို ဖျာအားလုံးသည် အတွင်း၌ ခေါက်သွင်း၍ ဖွဲ့ချုပ်သည်ချည်းတည်း''ဟု ဆို၏။]

* (၅) ဒုတိယ သေနာသန။ ။သံဃိကကျောင်း၌ အိပ်ရာ နေရာ အခင်း တို့ကိုခင်းပြီး ခင်းစေပြီး၍ မသိမ်းခဲ့ပဲ မပန်ကြားပဲလျက် မသွားရ။ သွားလျှင် ဒုတိယ သေနာသန သုဒ္ဓပါစိတ် အာပတ်သင့်၏။ [ပဌမခြေလှမ်း ကျောင်း အရံကို လွန်စေအံ့။ ဒုက္ကဋ်။ ဒုတိယခြေလှမ်းကို လွန်စေအံ့၊ ပါစိတ်အာပတ် သင့်၏။]

သူတပါး၏ ပုဂ္ဂလိကပစ္စည်း၌ ဒုက္ကဋ်အာပတ်သင့်၏။ မိမိ ကိုယ်ပိုင်ပစ္စည်း ၌ကား အာပတ်မသင့်။

* (၆) အနုပခဇ္ဇ။ ။သံဃိကကျောင်း၌ ရှေးဦးစွာရောက်၍နေနှင့်သော ရဟန်းကို နေရာ ကျဉ်းမြောင်းကြပ်တည်း၍ ထွက်သွားစေခြင်းငှါ အတင်း တိုးဝှေ့၍ မထိုင် မအိပ်ရ။ ထိုသို့ပြုလုပ်လျှင် အနုပခဇ္ဇသုဒ္ဓပါစိတ် အာပတ် သင့်၏။ [ထိုရဟန်း၏အနီး၌ အိပ်ရာနေရာကိုခင်းအံ့၊ ဒုက္ကဋ်။ ထိုနောက် ထိုင် ငြားအံ့၊ အိပ်ငြားအံ့၊ ပါစိတ်အာပတ်သင့်၏။]

သူတပါး၏ပုဂ္ဂလိကကျောင်း၌ ဒုက္ကဋ်အာပတ်သင့်၏။ မိမိကိုယ်ပိုင်ကျောင်း၌ကား အာပတ်မသင့်။

* (၇) နိက္ကဍ္ဎန။ ။စိတ်ဆိုးသည်ဖြစ်၍ တပါးသောရဟန်းကို သံဃိကကျောင်းမှ ကိုယ်တိုင်လည်း မနှင်ထုတ်ရ၊ သူတပါးကိုလည်း မခိုင်းရ။ ထိုသို့ပြုလုပ်လျှင် နိက္ကဍ္ဎနသုဒ္ဓပါစိတ် အာပတ်သင့်၏။ [နှင်ထုတ်အံ့၊ အားထုတ်ခြင်း (ပယောဂ)၌ ဒုက္ကဋ်။ နှင်ထုတ်ပြီးသည်ရှိသော် ပါစိတ် အာပတ်သင့်၏။] နှင်ထုတ်-ဟူရာ၌လည်း တရားသဖြင့်နေသူကို နှင်ထုတ်မှသာ အာပတ်သင့်သည်။ ခိုက်ရန်ပြုတတ်သော ရဟန်းများကို နှင်ထုတ်ရာ၌ကား အာပတ်မသင့်။

ထိုရဟန်း၏ပရိက္ခရာကို ကိုယ်တိုင်ဆွဲထုတ်သော်၎င်း၊ သူတပါးကို ဆွဲထုတ်စေသော်၎င်း ဒုက္ကဋ်။ ကျောင်း၏ဥပစာမှသော်၎င်း၊ စည်းဝေးရာဇရပ်မှသော်၎င်း၊ မဏ္ဍပ်မှသော်၎င်း၊ သစ်ပင်ရင်းမှသော်၎င်း၊ လွင်တီးခေါင်မှသော်၎င်း ကိုယ်တိုင်နှင်ထုတ်သည်ဖြစ်စေ၊ သူတပါးကို ခိုင်းသည်ဖြစ်စေ ဒုက္ကဋ်။ လူ, သာမဏေတို့ကိုသော်၎င်း၊ ၎င်းတို့၏ ပရိက္ခရာကိုသော်၎င်း ထိုသို့ပြုလုပ်လျှင် ဒုက္ကဋ်အာပတ်သင့်၏။

သူတပါး၏ ပုဂ္ဂလိကကျောင်း၌ ဒုက္ကဋ်အာပတ်သင့်၏။ မိမိကိုယ်ပိုင်ကျောင်း၌ကား အာပတ်မသင့်။ ။[ပါတိမောက် ဘာသာဋီကာနှင့် ဘုရား ဥပဒေတော်ကြီးတို့ကိုလည်း ရှု။]

အနာပတ္တိဝါရ။ ။အလဇ္ဇီပုဂ္ဂိုလ်၊ ရူးသောပုဂ္ဂိုလ်၊ ရန်လိုသော ပုဂ္ဂိုလ်တို့အား နှင်ထုတ်သော်၎င်း၊ နှင်ထုတ်စေသော်၎င်း အာပတ်မသင့်။ ၎င်းတို့၏ ပရိက္ခရာကို ဆွဲထုတ်သော်၎င်း၊ ဆွဲထုတ်စေသော်၎င်း အာပတ်မသင့်။ ။[အလဇ္ဇီရဟန်း, ကောင်းမွန်စွာဆိုဆုံးမသည်ကို မလိုက်နာသော ရဟန်းသာမဏေများကိုမူ မိမိနေရာ သံဃိကကျောင်း တကျောင်းမှသာ နှင်ထုတ်နိုင်ခွင့်ရှိ၏၊ တတိုက်လုံးမှကား နှင်ထုတ်ခွင့်မရှိ။]

*(၈)ဝေဟာသကုဋိ။ ။အထက်၌ ကြမ်း, ပျဉ်ချပ်တို့ဖြင့် မစီမခင်းအပ်သေးသော မဏ္ဍိမပုရိသ'ဦးခေါင်း'လွတ်အောင် မြင့်သော သံဃိကကျောင်း၏ဆင့်ပေါ်တွင် တင်ထားအပ်သော အပေါင်တွင် အခြေစွပ်သော စို့ပရစ်မထိုးအပ်သေးသော ညောင်စောင်း, အင်းပျဉ်-ဟုခေါ်သော ခုတင်, ထိုင်ခုံတို့ကိုဖိ၍ မထိုင်မအိပ်ရ။ထိုသို့ ပြုလုပ်လျှင် ဝေဟာသကုဋိ သုဒ္ဓပါစိတ် အာပတ်သင့်၏။[ဖိ၍ ထိုင်အံ့၊အိပ်အံ့၊ အားထုတ်ခြင်း(ပယောဂ)၌ ဒုက္ကဋ်။ ထိုင်ပြီး အိပ်ပြီးသည်ရှိသော် ပါစိတ် အာပတ်သင့်၏။]

***(၉) မဟလ္လက ဝိဟာရ။** ။ဆောက်လုပ်သူ ဒါယကာရှိ၍ အတွင်းဘက်၌ဖြစ်စေ၊ အပြင်ဘက်၌ဖြစ်စေ၊ အတွင်းအပြင် နှစ်ဘက်လုံး၌ ဖြစ်စေ အင်္ဂတေ သို့မဟုတ် မြေညက်ဖြင့် လိမ်းကျံအပ်သော 'ကြီးသောကျောင်း'ကို မိမိနေထိုင်ဖို့ ဆောက်လုပ်စေလိုလျှင် တံခါးပေါင်၏ ထက်ဝန်းကျင်မှ နှစ်တောင့်ထွာ အရပ်တိုင်အောင် တံခါးပေါင်နှင့်တကွ တံခါးရွက်ကို ခိုင်ခံ့မြဲမြံစွာ ထားခြင်းငှါလည်းကောင်း၊ လေသောက်ပြူတင်းကို အပြေအပြစ် ပုံခြင်းငှါလည်း အင်္ဂတေ သို့မဟုတ် မြေညက်ဖြင့် အဖန်ဖန် လိမ်းကျံစေအပ်၏။ အမိုး၌ကား ၂ထပ် ၃ထပ် မိုးစေ၍ မိုးပုံ မိုးနည်းကို စိမ်းရှင်သော ကောက်ခင်းပဲခင်း မရှိသော အရပ်၌ ရပ်လျက် စီမံအပ်၏။ ထို ၂ ထပ်ကို မိမိအလိုကျ မိုးစေပြီးနောက် ၃ ထပ်မြောက် အမိုး၌ စီမံလျှင် စိမ်းရှင်သော ကောက်ခင်းပဲခင်း မရှိသော အရပ်၌ ရပ်လျက် စီမံစေကာမူ မဟလ္လက ဝိဟာရသုဒ္ဓပါစိတ် အာပတ်သင့်၏။ [စီမံအံ့၊ အားထုတ်ခြင်း(ပယောဂ)၌ ဒုက္ကဋ်။ မိုးပြီးသည် ရှိသော် ပါစိတ် အာပတ်သင့်၏။]

**မှတ်ချက်။** ။စိမ်းရှင်သော ကောက်ခင်း ပဲခင်းရှိရာအရပ်၌ တည်လျက် စီမံအံ့၊ ဒုက္ကဋ် အာပတ်သင့်၏။[အကြင်လယ်၌ ပျိုးသော မျိုးသည် အသီးအပင် မဖြစ်သေး၊ မိုးရွာမှုကား ပြည့်စုံလတ္တံ့၊ ထိုလယ်သည် စိမ်းရှင်သော ကောက်ပဲစသည် ရှိသော အရပ်၏ အရေအတွက်သို့ ရောက်၏။]

ကျောင်းဆောင်တခုလုံး၏ မိုးသင့်ရာအရပ်ကို အားလုံး မိုးပြီးသောအခါ ၁ ထပ်မိုး—ဟုမှတ်၊ ထို့နောက်ထပ်၍ အားလုံး မိုးပြီးသောအခါ ၂ ထပ်မိုး—ဟုမှတ်၊ ဤသို့ ၂ ထပ်မိုးပြီးတိုင်အောင် သဘောမကျသေးလျှင် ဖျက်၍ ပြင်စေနိုင်၏၊ ထို ၂ထပ်ကို မိမိအလိုကျ မိုးစေပြီးနောက် ၃ ထပ်မြောက် အမိုးကို မိုးဖို့ ပြင်ဆင်ရာတွင် "ဤအတိုင်းပင် မိုးရစ်တော့"ဟု မှာထား၍ ဖဲသွားရမည်၊ မသွားပဲကြည့်နေလျှင်လည်း မစီမံရ၊ စီမံလျှင် ပါစိတ် အာပတ်သင့်၏။

အချို့ဆရာတို့က '၂ စဉ် ၃ စဉ်'ဟု ရေးကြ၏။ ဤသိက္ခာပုဒ်၌လာသည့် **ပရိယာယ**—ဟူသော သဒ္ဒါကို အဘယာရာမ ဆရာတော်ဘုရား စီရင်တော်မူသော အဘိဓာန် နိဿယသစ်၌လည်း 'အစဉ်'ဟု ပြန်ဆိုထား၏၊ သို့သော် ခေတ်အခေါ်အဝေါ်ကို လိုက်၍ ၂ထပ် ၃ ထပ်ဟု အချို့ကျမ်းပြုဆရာတို့ ရေးသားသကဲ့သို့ ဤ၌လည်း'၂ ထပ် ၃ ထပ်'ဟု ရေးသားပါသည်။ ။မိုးပုံ မိုးနည်းကို ကင်္ခါဘာသာဋီကာ-ဒုတိယအုပ်၌ကြည့်။

*(၁၀) သပ္ပါဏက။ ။'ပိုး'ရှိမှန်းသိလျက် ထိုရေကို မြက်တော, မြေပြင်၌ မသွန်မလောင်းရ၊ သူတပါးကိုလည်း မခိုင်းရ။ 'ပိုး'ရှိနေသော ရေနည်းနည်း၌ မြေ, မြက်, သစ်ရွက်, အမှိုက်တို့ကို မထည့်ရ၊ မထည့်စေရ။ ထိုသို့ ပြုလုပ်လျှင် သပ္ပါဏက သုဒ္ဓပါစိတ် အာပတ်သင့်၏။ [ပြုလုပ်ပြုလုပ်စေအံ့၊ အားထုတ်ခြင်း(ပယောဂ)၌ ဒုက္ကဋ်။ ပြုပြီးသည် ရှိသော် ပါစိတ် အာပတ်သင့်၏။]

အနာပတ္တိဝါရ။ ။ပိုးရှိသော ရေကို ပိုးမရှိဟု ထင်မှတ်၍ မြက်တော, မြေပြင်၌ သွန်းလောင်းလျှင် သွန်းလောင်းစေလျှင် အာပတ်မသင့်။ သေစေလိုသော စေတနာ မရှိပဲ သွန်းလောင်းသော ရဟန်း, သတိမေ့လျော့၍ သွန်းလောင်းသော ရဟန်း, မသိသောရဟန်း, ရူးသော ရဟန်း, အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ်မသင့်။

နှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော ဘူတဂါမဝဂ် (ခေါ်)သေနာသနဝဂ်သည် ပြီးခြင်းသို့ ရောက်ပြီ။

---

## ၃။ ဘိက္ခုနောဝါဒဝဂ် (ခေါ်)ဩဝါဒဝဂ်

(၁) ဩဝါဒ။ ။သမ္မုတိ မရထားပဲလျက် ရဟန်းမိန်းမတို့ကို ဂရုဓမ်တရား ၈ ပါးဖြင့် ဆုံးမလျှင် ဩဝါဒ သုဒ္ဓပါစိတ် အာပတ်သင့်၏။[ဆုံးမအံ့၊ အားထုတ်ခြင်း (ပယောဂ)၌ ဒုက္ကဋ်။ ဆုံးမပြီးသည်ရှိသော် ပါစိတ်အာပတ်သင့်၏။ ။ဂရုဓမ်တရားမှ တပါးသော တရားဖြင့် ဆုံးမအံ့၊ ဒုက္ကဋ် အာပတ်သင့်၏။]

အမှာ။ ။ဂရုဓမ်တရား ၈ ပါးကို ဘုရားဥပဒေတော်ကြီး၌ လာသော ဘိက္ခုနီပါတိမောက်-ဘိက္ခုနီ ဖြစ်ပေါ်လာပုံ အခဏ်း၌ကြည့်။ သမ္မုတိပေးပုံကို ပါစိတ်ပါဠိတော်(မြန်မာပြန်) အပိုဒ် ၁၄၅၌ ကြည့်။ ထိုရဟန်းမှာ ဘိက္ခုနောဝါဒက အင်္ဂါ ၈-ပါးနှင့် ပြည့်စုံရမည်။ ထိုအင်္ဂါတို့ကို သိလိုလျှင် ပါစိတ်ပါဠိတော်(မြန်မာပြန်), ပါတိမောက် ဘာသာဋီကာ, ဘုရားဥပဒေတော်ကြီး နှင့်ပါတိမောက္ခ ဝိနိစ္ဆယကျမ်းတို့၌ကြည့်။

(၂) အတ္ထင်္ဂတ။ ။သမ္မုတိကို ရထားသော်လည်း နေဝင်သည့်တိုင်အောင် ရဟန်းမိန်းမတို့ကို ဆုံးမလျှင် အတ္ထင်္ဂတ သုဒ္ဓပါစိတ် အာပတ်သင့်၏။ [ဆုံးမအံ့၊ အားထုတ်ခြင်း(ပယောဂ)၌ ဒုက္ကဋ်။ ဆုံးမပြီးသည်ရှိသော် ပါစိတ် အာပတ်သင့်၏။]

(၃) ဘိက္ခုနုပဿယ။ ။ရဟန်း မိန်းမတို့ နာဖျားသောအခါကိုကြဉ်၍ အခြားအခါ၌ ၎င်းတို့၏ ကျောင်းသို့ သွား၍ ၎င်းတို့ကို ဆုံးမလျှင် ဘိက္ခုနုပဿယ သုဒ္ဓပါစိတ် အာပတ်သင့်၏။ [ဆုံးမအံ့၊ အားထုတ်ခြင်း(ပယောဂ)၌ ဒုက္ကဋ်။ ဆုံးမပြီးသည်ရှိသော် ပါစိတ် အာပတ်သင့်၏။]

(၄) အာမိသ။ ။မထေရ်ဖြစ်ကုန်သော ရဟန်းတို့သည် ဆွမ်း, သင်္ကန်း စသော အာမိသကို လိုချင်သောကြောင့် ရဟန်းမိန်မတို့ကို ဆုံးမကြသည်-ဟု ကဲ့ရဲ့ ပြောဆိုလျှင် အာမိသသုဒ္ဓပါစိတ် အာပတ်သင့်၏။ [ကဲ့ရဲ့အံ့၊ အားထုတ်ခြင်း (ပယောဂ)၌ ဒုက္ကဋ်။ ကဲ့ရဲ့ပြီးသည်ရှိသော် ပါစိတ် အာပတ်သင့်၏။]

(၅)စီဝရဒါန။ ။လဲလှယ်ခြင်းကို ကြဉ်၍ ဆွေမျိုး မတော်သော ရဟန်းမိန်းမအား သင်္ကန်းကို ပေးလျှင် စီဝရဒါန သုဒ္ဓပါစိတ် အာပတ်သင့်၏။ [ပေးအံ့၊ အားထုတ်ခြင်း (ပယောဂ)၌ ဒုက္ကဋ်။ ပေးပြီးသည်ရှိသော် ပါစိတ် အာပတ်သင့်၏။]

(၆) စီဝရသိဗ္ဗန။ ။ဆွေမျိုး မတော်သော ရဟန်းမိန်းမ၏ သင်္ကန်းကို ကိုယ်တိုင်လည်း မချုပ်ပေးရ၊ သူတပါးကိုလည်း မခိုင်းရ။ ထိုသို့ ပြုလုပ်လျှင် စီဝရ သိဗ္ဗန သုဒ္ဓပါစိတ် အာပတ်သင့်၏။[ချုပ်အံ့၊ ချုပ်ခိုင်းအံ့၊ အားထုတ်ခြင်း (ပယောဂ)၌ ဒုက္ကဋ်။ အပ်နှုတ်တိုင်း အပ်နှုတ်တိုင်း ပါစိတ် အာပတ်သင့်၏။]

(၇)။ သံဝိဓာန။ ။လမ်းခရီး၌ ဘေးအန္တရာယ် မရှိပဲလျက် ရဟန်းမိန်းမတို့နှင့် တိုင်ပင်ညှိနှိုင်း၍ အဓွန့်ရှည်သော တကြောင်းတည်းသော ခရီးသို့ အတူမသွားရ၊ အယုတ်သဖြင့် အနီးအပါးရွာသို့မျှလည်း အတူမသွားရ။ သွားလျှင် သံဝိဓာနသုဒ္ဓပါစိတ် အာပတ်သင့်၏။ [သွားအံ့၊ အားထုတ်ခြင်း (ပယောဂ) ၌ ဒုက္ကဋ်။ သွားပြီးသည်ရှိသော် ပါစိတ် အာပတ်သင့်၏။]

အဓွန့်ရှည်သောခရီး——ဟူရာ၌ ယူဇနာခွဲရှိသော (ဝါ) ၃-တိုင်နှင့် တာ ၂၀၀-ရှိသော ခရီးကို ဆိုလိုသည်။

(၈) နာဝါဘိရုဟန။ ။ဖီလာကန့်လန့် ဖြတ်ကူးခြင်းကိုကြဉ်၍ ရဟန်းမိန်းမတို့နှင့် တိုင်ပင်ညှိနှိုင်း၍ တစင်းတည်းသော လှေဖြင့်စုန်ဆန်စီး၍ အတူမသွားရ။ သွားလျှင် နာဝါဘိရုဟနသုဒ္ဓပါစိတ် အာပတ်သင့်၏။ [စီးအံ့၊ အားထုတ်ခြင်း (ပယောဂ) ၌ ဒုက္ကဋ်။ ပြီးစီးသည်ရှိသော် ပါစိတ်အာပတ် သင့်၏။]

(၉) ပရိပါစိတ။ ။ရှေး၌လူတို့စီရင်ထားခြင်းမရှိပဲလျက် ရဟန်းမိန်းမစီရင်မှုဖြစ်ပေါ်လာသော ဆွမ်း (ဘောဇဉ်) ကို သိလျက် မစားရ။ စားလျှင်မျိုတိုင်း မျိုတိုင်း ပရိပါစိတသုဒ္ဓပါစိတ် အာပတ်သင့်၏။ [စားအံ့ဟု ခံယူအံ့၊ ဒုက္ကဋ်။ မျိုတိုင်းမျိုတိုင်း ပါစိတ်အာပတ်သင့်၏။]

**အနာပတ္တိဝါရ**။ ။ဆွမ်း—ဟူသော ဘောဇဉ်ငါးပါးတို့ကိုကြဉ်၍ အလုံးစုံသောခဲဖွယ်တို့၌ အာပတ်မသင့်။

(၁၀) **ရဟောနိသဇ္ဇ**။ ။ပြောဆိုကြားသောစကားကို သိကြား နားလည်နိုင်သော အဖော် 'ယောကျာ်းဖြစ်စေ၊ မိန်းမဖြစ်စေ' ၁၂ တောင်အတွင်း၌မရှိပဲလျက် မေထုန်မှီဝဲနိုင်လောက်အောင်အကာအကွယ်မရှိသောနေရာ—ဟုဆိုသော 'နားကွယ်ရာ' ၌ ရဟန်းမိန်းမနှင့်အတူ ထိုင်နေလျှင် ရဟောနိသဇ္ဇသုဒ္ဓပါစိတ် အာပတ်သင့်၏။ [ထိုင်အံ့၊ အားထုတ်ခြင်း (ပယောဂ) ၌ ဒုက္ကဋ်။ ထိုင်ပြီးသည်ရှိသော် ပါစိတ် အာပတ်သင့်၏။]။ ။ရဟန်းယောကျာ်းထိုင်နေသော် ရဟန်းမိန်းမ ချဉ်းကပ်၍ ထိုင်သော်ငြား၊ ချဉ်းကပ်၍ အိပ်သော်ငြား ပါစိတ် အာပတ်သင့်၏။ ။ပါစိတ် ပါဠိတော် (မြန်မာပြန်) ရဟောနိသဇ္ဇသိက္ခာပုဒ် အဖွင့်။

ဤသိက္ခာပုဒ်နှင့်စပ်၍ မှတ်ဖွယ်ကို ဒုတိယအနိယတသိက္ခာပုဒ်အတိုင်းသိ။

သုံးခုတို့၏ ပြည့်ကြောင်းဖြစ်သော ဘိက္ခုနောဝါဒဝဂ် (ခေါ်)ဩဝါဒဝဂ်သည် ပြီးခြင်းသို့ရောက်ပြီ။

## ၄။ ဘောဇနဝဂ်

*(၁) **အာဝသထပိဏ္ဍ**။ ။မနာမဖျားပဲလျက် ခရီးသွား ဧည့်သည်တို့ကို ကျွေးမွေးသောဇရပ်၌ ထားအပ်သော ဆွမ်း (ဘောဇဉ်) ကို တကြိမ် (တခါ) ထက်ပိုလွန်၍ မစားရ။ စားလျှင် မျိုတိုင်းမျိုတိုင်း အာဝသထပိဏ္ဍသုဒ္ဓပါစိတ် အာပတ်သင့်၏။ [ခံယူအံ့၊ ဒုက္ကဋ်။ မျိုတိုင်းမျိုတိုင်း ပါစိတ်အာပတ်သင့်၏။ အလုံးစုံသောခဲဖွယ်တို့၌ အာပတ်မသင့်။]

*(၂) **ဂဏဘောဇန**။ ။နာဖျားသောအခါ၊ သင်္ကန်းလှူသောအခါ၊ သင်္ကန်းချုပ်ဆိုးသောအခါ၊ အဓွန့်ရှည်သော (ယူဇနာခွဲ) ခရီးသို့သွားသောအခါ၊ လှေစီးသောအခါ၊ များစွာသောရဟန်းတို့ စည်းဝေးသောအခါ၊ သမဏအမည်ရသူတို့က ထမင်းကျွေးသောအခါ၊ ဤခုနစ်ပါးသော အခါတို့ကို

ကြည့်၍ အခြားအခါ၌ မအပ်သောဖိတ်နည်းဖြင့် လေးပါး, လေးပါးထက်အလွန် ဖြစ်ကုန်သော ရဟန်းတို့အား "တပည့်တော်အိမ်သို့ ထမင်းစားကြွကြပါ ဘုရား" ဟုဆို၍ ပင့်ဖိတ်သော ဂဏဘောဇဉ်ကို သာယာလိုက်လံ တပေါင်း ထည်း ခံယူ၍မစားရ။ စားလျှင် မျိုတိုင်းမျိုတိုင်း ဂဏဘောဇနသုဒ္ဓပါစိတ် အာပတ်သင့်၏။ [ခံယူအံ့၊ ဒုက္ကဋ်။ မျိုတိုင်းမျိုတိုင်း ပါစိတ်အာပတ်သင့်၏။ အလုံးစုံသော ခဲဖွယ်တို့၌ အာပတ်မသင့်။]

**အမှာ**။ ။ဤ၌ တပေါင်းတည်း ခံယူခြင်းသာ လိုရင်းဖြစ်သည်၊ စားခြင်း၌ လိုရင်းမဟုတ်။ ထို့ကြောင့် ၄ ပါး, ၄ ပါးအထက် အတူတကွခံယူ၍မစား ကောင်း။ ၄ ပါးလုံးတပြိုင်နက်မခံမဲ့ တပါးပါးက နောက်မှခံယူလျှင် အားလုံး ပင် အပြစ်လွတ်သည်-ဟူလို။

ဤသိက္ခာပုဒ်သည် ကထိန်အာနိသံသ ၅ ပါးတွင် တပါးအပါအဝင် ဖြစ်သည်။

သက်န်းလှူသောအခါ-ဟူသည် ကထိန်မခင်းလျှင် သီတင်းကျွတ်လဆုတ် ၁ ရက်နေ့မှစ၍ တန်ဆောင်မုန်း လပြည့်နေ့တိုင်အောင် ၁ လ၊ ကထိန်ခင်း လျှင် တပေါင်းလပြည့်နေ့တိုင်အောင် ၅-လတည်း။

**ဂဏဘောဇဉ်ခေါ်ပုံ**။ ။ဂိုဏ်း၏ဥစ္စာဖြစ်သော ဘောဇဉ်သည် ဂဏဘောဇန မည်၏။ ဤ၌ဂိုဏ်း-ဟူသည် ဂဏဥပုသ်ပြုရာ၌ကဲ့သို့ ၂ ပါး ၃ ပါးမဟုတ်။ ၄ ပါးမှစ၍ အထက်ရာထောင်စသော ရဟန်းများကို 'ဂိုဏ်း'ဟုခေါ်သည်။ ထို'ဂိုဏ်း၏ဥစ္စာဖြစ်သော ဂဏဘောဇဉ်'ဟူသည် မအပ်သောနည်းဖြင့် ဖိတ် မန်ခြင်းကြောင့်ဖြစ်စေ၊ ရဟန်းများကိုယ်တိုင် တောင်းခြင်းကြောင့် ဖြစ်စေ ရအပ်သော ဘောဇဉ်တည်း။ [ရဟန်း ၄ ပါး ၅ ပါးစသည်တို့ပေါင်း၍ ဖြစ်စေ၊ အသီးအသီးဖြစ်စေ၊ ဒါယကာတို့ထံ "ငါ့အား ထမင်းလှူစမ်းပါ" စသည်ဖြင့် ဘောဇဉ်ငါးပါးတွင် တပါးပါး၏ အမည်ဖြင့်တောင်းလျှင် (ဉာတိ-ပဝါရိတထံမှပင် တောင်းစေကာမူ) မအပ်သော တောင်းခြင်းမည်၏။]

၄ ပါး, ၄ ပါးအထက် အတူတကွခံယူ၍ မစားကောင်း-ဟူရာ၌လည်း သံဃာကုန်မဟုတ်လျှင်သာ မစားကောင်းသည်၊ သံဃာကုန်ပင့်ရာ၌ 'ဂဏ' မဟုတ်တော့ပဲ 'သံဃ' ဖြစ်သောကြောင့် အတူတကွ ခံယူစားကောင်း၏။

**မှတ်ချက်**။ ။"ငါးကြော်ဘုဉ်းပေးကြွပါ, မုံ့တီဘုဉ်းပေးကြွပါ" စသော အသုံးအနှုန်းများသည် မအပ်သော ဖိတ်နည်းဖြစ်သည်။ ဤသို့သော အသုံး

အနှုန်းဖြင့် ၄ ပါး, ၅ ပါး, ၆ ပါး စသည်အား ပင့်ဖိတ်လာသော် ပယ်သာလျှင်ပယ်၊ မပယ်သာလျှင် ၃ ပါးစီ ၂ ပါးစီ စသည်ဖြင့် ခံယူ၍စားရာ၏။

'ထမင်း, ငါးဟင်း, အမဲဟင်း, အသားဟင်း' စသော အသုံးအနှုန်းသည် အရပ်သုံး လူသုံးဖြစ်၍ မအပ်သော အသုံးအနှုန်းတည်း။ မုံ့တီဆွမ်း, ဆွမ်းဟင်း-ဟူသော အသုံးအနှုန်းကို အပ်သော အသုံးအနှုန်းဟု ယူကြ၏။

သမဏ-ဟူသည် သိတင်းသုံးဘော် ငါးယောက်နှင့် ပရိဗိုဇ်ရသေ့များတည်း။ ထိုသူတို့က 'ဘတ္တ=ထမင်း' ဟူသော နာမည်ဖြင့် ကျွေးလျှင်လည်း စားကောင်းသည်သာ။

(၃) ပရမ္ပရဘောဇန။ ။နာဖျားသောအခါ, သင်္ကန်း လှူသောအခါ, သင်္ကန်းချုပ်ဆိုးသောအခါ၊ ဤသုံးပါးသော အခါတို့ကိုကြဉ်၍ အခြားအခါ၌ မအပ်သောဖိတ်နည်းဖြင့် တပါးတည်းကိုဖြစ်စေ၊ ရဟန်းအားလုံးကို ဖြစ်စေ "တပည့်တော်အိမ်သို့ ထမင်းစားကြွ ကြွပါဘုရား" ဟု ဆို၍ ရှေးဦးစွာ ပင့်ဖိတ်ထားသောသူ၏ ဘောဇဉ်ကို ရှေးဦးစွာလည်း မစား၊ ဝိကပ္ပနာလည်း မပြုပဲလျက် နောက်မှပင့်ဖိတ်သောသူ၏ ဘောဇဉ်ကို အလျှင်မစားရ။ စားလျှင် မျိုတိုင်း မျိုတိုင်း ပရမ္ပရဘောဇနသုဒ္ဓ ပါစိတ်အာပတ်သင့်၏။ [ခံယူအံ့၊ ဒုက္ကဋ်။ မျိုတိုင်းမျိုတိုင်း ပါစိတ် အာပတ် သင့်၏။ ။အလုံးစုံသော ခဲဖွယ်တို့၌ အာပတ်မသင့်။]

သင်္ကန်းလှူသောအခါ-ဟူသည် ကထိန်မခင်းလျှင် သီတင်းကျွတ်လဆုတ် ၁ ရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်နေ့တိုင်အောင် ၁ လ၊ ကထိန်ခင်းလျှင် တပေါင်းလပြည့်နေ့တိုင်အောင် ၅-လဘည်း။

ဝိကပ္ပနာပြုပုံ။ ။မအပ်သော နည်းဖြင့် ဒါယကာနှစ်ဦး, သုံးဦးစသည်တို့က ဖိတ်ထားရာ၌ ပဌမဒါယကာ၏ ဘောဇဉ်ကို မစားခင် ဒုတိယ ဒါယကာ၏ ဘောဇဉ်ကို စားလိုသော် ပဌမဘောဇဉ်ကို အနီးအပါးရှိ မိမိနှစ်သက်ရာ သီတင်းသုံးဘော် ၅ ဦးတို့တွင် တဦးဦးအား "မယှံ ဘတ္တပစ္စာသံ တုယှံ ဒမ္မိ-ငါ၏ မည်သည့် ဒါယကာဘတ်၌ မျှော်လင့်ဖွယ်ကို သင့်အားလှူပါ၏" ဟု ဆို၍ပေးလိုက်ရမည်။ မိမိပေးလိုသူက အဝေးမှာရှိလျှင် "မယှံ ဘတ္တပစ္စာသံ ဣတ္ထန္နာမဿ (ဤအမည်ရှိသူအား) ဒမ္မိ" ဟု မိမိဘာသာ ဆို၍ပေးပါလေ။ [မြန်မာလိုဆို၍လည်း ပေးနိုင်၏။] ဤသို့ မျက်မှောက်ရှိသူအားဖြစ်စေ၊ မျက်ကွယ်၌ နေသူအားဖြစ်စေ စွန့်လိုက်ပေးလိုက်ခြင်းကို ဝိကပ္ပနာပြုခြင်း-ဟု

ခေါ် ၏။ ထိုသို့ ဝိကပ္ပနာပြုလိုက်လျှင် ဒုတိယဘောဇဉ်ကို စားကောင်းပြီ။ တတိယဘောဇဉ်ကို အလျဉ်စားလိုရာ၌လည်း ပဌမ,ဒုတိယဘောဇဉ်များကို ဝိကပ္ပနာပြု၍စားနိုင်၏။

**အနာပတ္တိဝါရ**။ ။ပါစိတ် ပါဠိတော်၌ နိမန္တိယမာနော ဘိက္ခုံ ဂဟေ–ဿာမီတိ ဘဏတိ။ ။အနက်–နိမန္တိယမာနော၊ ပင့်ဖိတ်အပ်သည် ရှိသော် (ဝါ) ပင့်ဖိတ်အပ်သော ရဟန်းသည်။ ဘိက္ခုံ၊ ဆွမ်းကို။ ဂဟေဿာမိ၊ ခံယူအံ့။ ဣတိ၊ ဤသို့။ ဘဏတိ၊ ပြောဆို၏–ဟုဆို၏။ ၎င်းကို ပါစိတျာဒိ အဋ္ဌကထာ၌ နိမန္တိယမာနော ဘိက္ခုံ ဂဟေဿာမီတိ ဘဏတီတိ "ဘတ္တံ ဂဏှ" တိ နိမန္တိယမာနော "န မယှံ တဝ ဘတ္တေနတ္ထော၊ ဘိက္ခုံ ဂဏှိဿာမီတိ ဝဒတိ။ ။အနက်–နိမန္တိယမာနော ဘိက္ခုံ ဂဟေဿာမီတိ ဘဏတီတိ၊ နိမန္တိယမာနော ဘိက္ခုံ ဂဟေဿာမီတိ ဘဏတိ ဟူသည်ကား။ဘတ္တံ၊ထမင်းကို။ ဂဏှ၊ ခံယူတော်မူပါဘုရား။ ဣတိ၊ ဤသို့။နိမန္တိယမာနော၊ ပင့်ဖိတ်အပ်သည် ရှိသော်(ဝါ)ပင့်ဖိတ်အပ်သော ရဟန်းသည်။ မယှံ၊ ငါ့အား။ တဝ၊ သင်၏။ ဘတ္တေန၊ ထမင်းဖြင့်။ န အတ္ထော၊ အလိုမရှိ။ ဘိက္ခုံ၊ ဆွမ်းကို။ ဂဏှိဿာမိ၊ ခံယူအံ့။ ဣတိ၊ဤသို့။ဝဒတိ၊ ပြောဆို၏-ဟု ဖွင့်သည်။ [ဤသို့ဆို၍ ခံယူအံ့၊ အာပတ်မသင့်-ဟူလို။]

ဤစကားများကို ထောက်လျှင် ထမင်းဟူသော အမည်ဖြင့် ဖိတ်မှုသာလျှင် အာပတ်သင့်နိုင်သည်။ ဆွမ်းဟူသောအမည်ဖြင့် ဖိတ်လျှင်ကား အာပတ်မသင့်–ဟူသောသဘောမှာ ပေါ်လွင်ပါသည်။ ယခုခေတ်၌ အားလုံးလိုလိုပင် ဆွမ်းဟူသောအမည်ဖြင့် ဖိတ်ခြင်းကြောင့် ဤသိက္ခာပုဒ်ဖြင့် အာပတ်သင့်ဖို့ ခဲယဉ်းပေသည်။

*(၄) **ကာဏမာတာ**။ ။လက်ဆောင်အလို့ငှါ စီရင်အပ်သော မုံ့ကြော်, မုံ့ရှက်တို့ဖြင့်၎င်း၊ လမ်းရိက္ခာအလို့ငှါ စီရင်အပ်သော မုံ့ကြွက်ကျစ်တို့ဖြင့်၎င်း အိမ်သို့ ချဉ်းကပ်လာသော ရဟန်းကို ဆွေမျိုးမတော် မဖိတ်ကြားထားသော သူတို့က ပင့်ဖိတ်လျှင် နှစ်သပိတ်,သုံးသပိတ်အပြည့်ထက် ပိုလွန်၍ မခံယူရ။ ခံယူ၍ရလျှင် ကာဏမာတာသုဒ္ဓပါစိတ်အာပတ်သင့်၏။ [ခံယူအံ့၊ အားထုတ်ခြင်း (ပယောဂ)၌ ဒုက္ကဋ်။ ခံယူပြီးသည်ရှိသော် ပါစိတ်အာပတ်သင့်၏။]

ဤသို့ နှစ်သပိတ်, သုံးသပိတ်ပြည့်အောင် ခံယူပြီးနောက် ထိုမုံ့တို့ကို တပါးကုန်သော ရဟန်းတို့နှင့် အဘူတကွ ဝေခြမ်းအပ်၏။ ဤသို့ ဝေခြမ်းရခြင်းသည် ထိုမုံ့တို့ကို နှစ်သပိတ်, သုံးသပိတ်ပြည့်အောင်ခံယူရာ၌ ကျင့်ရသော

ဝတ်တည်း။ (၀၅) လောကုတ္တရာတရားကိုးပါးနှင့် လျော်သော ကျင့်ဝတ်တည်း။ [ပျက်ကွက်လျှင် ဝတ္တဘေဒ ဒုက္ကဋ် အာပတ်သင့်၏။]

မှတ်ချက်။ ။သုံးသပိတ်ပြည့်အောင် ခံယူပြီးနောက် တပါးသော ရဟန်းကိုမြင်လျှင် ထိုရဟန်းအား "အရှင်ဘုရား, ဘုရားတပည့်တော်သည် ထိုအိမ်မှ မုန့်တို့ကို သုံးသပိတ်ပြည့်အောင် ခံယူခဲ့ပါပြီ။ ထို့ကြောင့် အရှင်ဘုရားသည် ထိုအိမ်မှ မခံယူလေလင့်"ဟု ပြောကြားရမည်။ မြင်လျက် မပြောကြားအံ့၊ ဒုက္ကဋ် အာပတ်သင့်၏။ [ပြောကြားပါလျက် ခံယူအံ့၊ ထိုရဟန်းအားလည်း ဒုက္ကဋ် အာပတ်သင့်၏။]

တသပိတ်အပြည့်သာ ခံယူခဲ့လျှင် ထိုဒုတိယရဟန်းအား "တပည့်တော် တသပိတ်ခံယူခဲ့ပြီ"ဟု ပြောရမည်။ ထိုဒုတိယရဟန်းကလည်း တသပိတ်အပြည့်သာ ခံယူလျှင် အခြား တတိယရဟန်းအား "ပဌမရဟန်းက တသပိတ်, တပည့်တော်က တသပိတ်ခံယူပြီးပြီ"ဟု ပြောရမည်။ တတိယရဟန်းက တသပိတ်ခံယူပြီးနောက် အခြားတွေ့သော ရဟန်းတို့အား "ပဌမ-ဒုတိယ ရဟန်းနှင့် တပည့်တော်ပါ တသပိတ်စီခံယူပြီးပြီဖြစ်၍ ထိုအိမ်မှ မခံယူလေလင့်" ဟု ပြောကြားရမည်။ ပဌမ ရဟန်းက ၂ သပိတ်ခံယူလျှင်လည်း ထိုနည်းအတိုင်းပင် ပြောပြရမည်။ မည်သည့်နည်းနှင့်မှ ထိုတအိမ်ထည်းမှ သုံးသပိတ်အပြည့်ထက် မပိုလွန်စေရ-ဟုသိ။

ပြည့်အောင်-ဟူရာ၌ သပိတ်၏အတွင်းအနားရေးနှင့်ညီမျှရှိသာ ခံယူခြင်းကို ဆိုလိုသည်။

မုန့်ကြွက်ကျစ်-ဟူသည် ရိက္ခာအလို့ငှါ စီရင်သော အလုံးစုံသော မုန့်တည်း။

အကျယ်ကို ပါဠိမောက်ဘာသာဋီကာနှင့်ပါစိတ်ပါဠိတော် (မြန်မာပြန်) တို့၌ကြည့်။

(၅) ပဌမပဝါရဏာ။ ။ဆွမ်း(ဘောဇဉ်) စားနေတုန်း အခါ၌ ကပ်အပ်သောငှါ နှစ်တောင့်ထွာဟတ္ထပါသ် အတွင်းသို့ ယူဆောင်လာသော ဘောဇဉ်ကို ကိုယ်ဖြင့်၎င်း၊ နှုတ်ဖြင့်၎င်း ပယ်မြစ်လျှင် ပဝါရိတ်သင့်၏။ ထိုစားနေသော ဣရိယာပုထ်ကို ဖျက်၍ အခြားသော ဣရိယာပုထ်ဖြင့် အတိရိတ်ဝိနည်းကံ မပြုရသေးသည့် ဂိလာန၏ အကျန်မဟုတ်သော ခဲဖွယ်ကိုဖြစ်စေ၊ ဘောဇဉ်ကို ဖြစ်စေ မစားမသောက်ရ။ စားသောက်လျှင် ဒုက္ကဋ်။ မျိုတိုင်းမျိုတိုင်း ပဌမပဝါရဏာ သုဒ္ဓပါစိတ် အာပတ်သင့်၏။ [ခံယူအံ့၊ ဒုက္ကဋ်။ မျိုတိုင်းမျိုတိုင်း ပါစိတ်အာပတ် သင့်၏။]

ဆိုလိုရင်းမှာ ပဝါရိတ်သင့်ရုံဖြင့် မည်သည့် အာပတ်မှ မသင့်သေးပါ၊ ပဝါရိတ်သင့်၍ ထိုစားနေသော ဣရိယာပုထ်ကို ဖျက်ပြီးနောက် ဂိလာန၏ အကျန်မဟုတ်သော ခဲဖွယ်ဘောဇဉ်ဟူသမျှသည် အတိရိတ်ဝိနည်းကံရှိ၏၊ ထို့ကြောင့် ဂိလာန၏ အကျန်မဟုတ်မှသာလျှင် အတိရိတ်ဝိနည်းကံ ပြုရမည်၊ ဂိလာန၏အကျန်ဖြစ်လျှင်ကား အတိရိတ်ဝိနည်းကံပြုဖွယ် မလို-ဟူ၍ဖြစ်သည်။ ။ အတိရိတ်ဝိနည်းကံ ပြုရမည်-ဟူရာ၌ ပဝါရိတ်သင့်စဉ် အခါ၌ရှိသော ဣရိယာပုထ်ကို ဖျက်လိုက်မှသာလျှင် အတိရိတ်ဝိနည်းကံရှိသည်-ဟုဆိုလိုသည်။ [မဖျက်ပဲ ဆက်၍ စားလျှင်ကား အတိရိတ်ဝိနည်းကံ ပြုဖွယ်မလို]။ ။ဂိလာန၏ အကျန်-ဟူရာ၌ ဂိလာနရဟန်းစားပြီး၍ ကျန်မှသာ မဟုတ်၊ ထိုဂိလာနဖို့ ခဲဖွယ်ဘောဇဉ်မှန်သမျှကို ဂိလာန၏အကျန်-ဟုဆိုလိုသည်။

**ဘောဇဉ်၅မျိုး။** ။(၁)သလေး, ကောက်ကြီး, မုယော, ဆပ်လူး, ပြောင်း, နတ်ကောက်၊ ဤစပါးမျိုး ၇ ပါးမှဖြစ်သော ဆန်ဖြင့်ချက်အပ်သော 'ဩဒန'ဟု ခေါ်သော ထမင်းမျိုး၊ (၂) စပါးမျိုး ၇ ပါးမှဖြစ်သော ဆန်ကို ကျက်စွာလှော်၍ အမှုန့်ပြုလုပ်ထားသော ဆန်မှုန့်ညက်ကို ထောပတ် ပျားရည် တင်လဲ စသည်ဖြင့် ရောနှောပြီး ပြုလုပ်အပ်သော အခဲအလုံး-ဟူသော သတ္တုမုံ့၊ (၃) မုယောဆန်ကို အမှုန့်ထောင်း၍ သကြားထောပတ်တို့နှင့် နယ်ပြီး မုံ့ရှက် မုံ့ပြားလုပ်၍ အိုးခင်း၌ ကြော်အပ်သော မုံ့မျိုး၊ ဤမုံ့မျိုးသည် ကုမ္မာသမုံ့ မည်၏။ မုယောကို အဘိဓာန်နိသျှသစ်၌ 'ဂျုံဖြူ'ဟု ပေး၏။ (၄) ရေသတ္တဝါမျိုး၊ (၅) ကုန်းသတ္တဝါမျိုး၊ (ခေါက်ဆွဲသည် ဘောဇဉ်၌ပါဝင်၏။ လက်ဖြင့်ကော်၍ ရကောင်းသော ယာဂု အပြစ်လည်း ပါဝင်၏၊ ယာဂု အကြဲကား မပါဝင်]။ ။ယခုခေတ်၌ ကြော်ထား, ဖုတ်ထားသောမုံ့ အမျိုးမျိုးကို ထိုဩဒန, ကုမ္မာသ, သတ္တုတို့မှ အလွတ်ဖြစ်သော "ခါဒနီယ-ခဲဖွယ်" ဟု မှတ်-ဟူ၍ ကင်္ခါဘာသာဋီကာ-ဒုတိယအုပ်၌ ဆို၏။

ခဲဖွယ်မည်သည် ဘောဇဉ် ၅ မျိုး၊ ယာမကာလိက၊ သတ္တာဟ ကာလိက၊ ယာဝဇီဝိကတို့ကိုကြဉ်၍ အကြွင်းသည် ခဲဖွယ်မည်၏။

**အင်္ဂါ၅ပါးစုံမှသင့်။** ။(၁)စားဆဲ (စား၍မပြီးသေး)ဖြစ်ခြင်း၊ (၂) စားဆဲဝတ္ထု, ကပ်ရန်ဆောင်ယူလာသော ဝတ္ထု၊ ဤနှစ်မျိုးလုံးသည် ဘောဇဉ် ၅ ပါးတွင် တပါးပါးဖြစ်ခြင်း၊ [ဘောဇဉ် ၅ ပါးတွင် မပါဝင်သော ဆားဟင်းများနှင့် ခဲဖွယ်ဟုခေါ်သော သစ်သီး ပဲမုံ့ စသည်တို့ကို ပယ်မြစ်သော်လည်း ပဝါရိတ်မသင့်။] (၃) ပေးသူက နှစ်တောင့်ထွာ ဟတ္ထပါသ် အတွင်းသို့ ဝင်ရောက်ခြင်း၊ [ဟတ္ထပါသ်အပြင်ဘက်က ပေးသည်ကို ပယ်သော်လည်း

ပစ္စိရိတ်မသင့်။] (၄)ဆောင်ယူခိုက်ဖြစ်ခြင်း၊ [လက်ဖြင့်မြှောက်၍ ဆောင်ထားခိုက်ကို ပယ်မှ ပစ္စိရိတ်သင့်သည်၊ သပိတ်ခြေပေါ်၌ ချထားသောဆွမ်းစသည်ကို "ယူမလား"ဟု နှုတ်ဖြင့် ပေးသည်ကို ပယ်ရာ၌ ပစ္စိရိတ်မသင့်။] (၅)ကိုယ်နှုတ်ဖြင့် ပယ်ခြင်း၊ [လက်ကာခြင်း ခေါင်းရမ်းခြင်း စသော ကိုယ်အမူအရာ "တော်ပြီ,မထည့်နှင့်" စသောနှုတ်အမူအရာဖြင့် မြစ်မှ ပစ္စိရိတ် သင့်သည်။] ဤအင်္ဂါများကို သတိပြု၍ ရှေးဦးစွာလက်ဖြင့် မကော်မခပ်သေးပဲ "ဆွမ်းအလိုရှိပါသလား"ဟု နှုတ်ဖြင့် မေးပြီးမှ အလိုရှိလျှင် သင့်တော်ရုံ (မများလွန်းစေပဲ) ထည့်ပေးသင့်သည်ကို သတိပြုတော်မူကြပါကုန်။

ပစ္စိရိတ်သင့်ရုံဖြင့် မည်သည့် အာပတ်မှ မသင့်သေးပါ-ဟု အထက်၌ဆိုခဲ့ပြီ။ ထိုင်လျက် ပစ္စိရိတ်သင့်လျှင် ထိုထိုင်ခြင်း ဣရိယာပုထ်ကို မဖျက်သေးပဲ ဆက်၍ စားသောက်နိုင်၏။ လမ်းသွားရင်း စားနေခိုက် ပစ္စိရိတ် သင့်ပြန်လျှင်လည်း သွားခြင်း ဣရိယာပုထ်ကို မဖျက်ပဲ မဝမချင်းစားနိုင်၏။ ပစ္စိရိတ်သင့်ပြီး၍ ဣရိယာပုထ်ပြောင်းလွှဲပြီးနောက်ကား အတိရိတ်ဝိနည်းကံ မပြုရသေးသည့် ဂိလာန၏ အကျန်မဟုတ်သော ခဲဖွယ်ဘောဇဉ် (ယာဝကာလိက အစာ) အမျိုးမျိုးကို အတိရိတ်ဝိနည်းကံ မပြုပဲလျက် မစားကောင်းတော့ပြီ။ ။[ယာမကာလိကကိုင်း၊ သတ္တာဟ ကာလိကကိုင်း၊ ယာဝဇီဝိကကိုင်း အာဟာရအလို့ငှါ ခံယူအံ့၊ ဒုက္ကဋ်အာပတ်သင့်၏၊ မျိုတိုင်းမျိုတိုင်း ဒုက္ကဋ်အာပတ်သင့်၏၊]

**အနာပတ္တိဝါရ**။ ။အတိရိတ်ဝိနည်းကံကို ပြုစေ၍ စားအံ့၊ "အတိရိတ်ဝိနည်းကံ ပြုစေ၍ စားအံ့"ဟု ခံယူအံ့၊ သူတပါးအကျိုးငှါ ယူဆောင်၍ သွားအံ့၊ နာသော ရဟန်း၏ အကြွင်းအကျန်ကို စားအံ့၊ ယာမကာလိက 'ဖျော်ရည်'စသည်ကိုင်း၊ သတ္တာဟကာလိက 'စတုမဓု'စသည်ကိုင်း၊ ယာဝဇီဝိက 'ဆား'စသည်ကိုင်း (ဆာလောင်မွတ်သိပ်ခြင်း အနာ)ဟူသော **အကြောင်း**ရှိ၍ သုံးဆောင်အံ့၊ အာပတ်မသင့်။ ရူးသောရဟန်း **အစ**လက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ်မသင့်။

**ပစ္စိရိတ် အင်္ဂါ-၅**။[ဆောင်]။ ။စားဆဲ(၁)- ဘောဇဉ်(၂) ဟတ်တွင်းဝင်(၃)၊ ဆောင်စဉ်(၄)-ကိုယ်နှုတ်မြစ်၊ (၅)-အင်္ဂါ၅ လီ, စုံပြည့်ညီ, သင့်ပြီ ပစ္စိရေတ်။

**အတိရိတ်ဝိနည်းကံ။** ။(၁)အပ်စပ်အောင်ပြုပြီးဖြစ်ခြင်း၊

**ပြုခြင်းအင်္ဂါ ၇။** (၂) အကပ်ခံပြီးဖြစ်ခြင်း၊

(၃) ဝိနည်းခိုရ်၏ အနီး၌ မြှောက်ချီထားခြင်း၊

(၄) ဝိနည်းခိုရ်၏ ဟတ္ထပါသ်သို့ရောက်အောင်သွား၍ ''အတိရိတ္တံ ကရောထ ဘန္တေ''ဟု ဆိုခြင်း၊

(၅) ဝိနည်းခိုရ်က အနည်းငယ်ဖြစ်စေ စားပြီးခြင်း။

(၆) ဝိနည်းခိုရ်ကိုယ်တိုင်က ပဝါရိတ်သင့်ပြီးသူဖြစ်လျှင် ထိုပဝါရိတ် သင့်ရာနေရာမှမထသေးခြင်း၊

(၇) ဝိနည်းခိုရ်က ''အလမေတံ သဗ္ဗံ''ဟု သုံးကြိမ်ရွတ်ဆိုခြင်း၊ ဤအင်္ဂါ၇ပါးညီမှ အတိရိတ်ဝိနည်းကံ အထမြောက်သည်။ [''အလမေတံ သဗ္ဗံ'' ဟု ဆို၍ အတိရိတ်ဝိနည်းကံပြုပေးမည့် ရဟန်းကို 'ဝိနည်းခိုရ်'ဟု ခေါ်သည်။]

**ချုံးအံ့။** ။ပဝါရိတ်သင့်၍ ဣရိယာပုထ်ပြောင်းပြီးသော ရဟန်းသည် နောက်ထပ်စားလိုသေးလျှင် မိမိစားလိုရာ ခဲဖွယ်ဘောဇဉ်ကို ခွက်တခု၌ထည့်ပါ၊ [ခွက်အများလည်း ပြုကောင်း၏ဟု ညောင်လေးပင် ဆရာတော်ဘုရား ဆိုသည်။] (၁)ထိုအစာအားလုံးအပ်စပ်သော ကပ္ပိယပစ္စည်း- အပင်ပေါက်ဖွယ်ပါလျှင် ကပ္ပိပြီးပစ္စည်းများ ဖြစ်စေရမည်၊ (၂) ထိုကပ္ပိယအစာများကို အကပ်ခံ၍ (၃)-(၄)ဝိနည်းခိုရ်တပါးပါး၏ ဟတ္ထပါသ်အတွင်းသို့ သွား၍ ထိုစားခွက်ကို လက်ဖြင့် မြှောက်ချီထားရမည်၊ သို့မဟုတ် ဝိနည်းခိုရ်ဘက်သို့ စောင်းငဲ့ညွတ်ထားရမည်။ ထိုနောက်''အတိရိတ္တံ ကရောထ ဘန္တေ=အရှင်ဘုရား, အကြွင်းအကျန်ဖြစ်အောင်(ဝါ)စားကြွင်းဖြစ်အောင် ပြုပေးတော်မူပါဘုရား''ဟု ရွတ်ဆိုရမည်။

(၅)ဝိနည်းခိုရ်ရဟန်းသည် ထိုနေ့အဖို့၌ ဘောဇဉ်တခုခုကို အနည်းငယ်ဖြစ်စေ စားပြီးသူ ဖြစ်ရမည်၊ အကယ်၍ အနည်းငယ်မှ မစားရသေးသူဖြစ်ခဲ့လျှင် ထိုခွက်မှအယုတ်သဖြင့် ဆွမ်းလုံးတလုံးကို သော်လည်း နှိုက်ယူ၍စားလိုက်ရမည်၊ (၆)အကယ်၍ဝိနည်းခိုရ်ကိုယ်တိုင်ပင် ပဝါရိတ်သင့်နေလျှင် ထိုနေရာမှမထရ၊ ''ဣရိယာပုထ်မပြောင်းလဲရ''ဟူလို။ ပဝါရိတ်သင့်နေသူ မဟုတ်လျှင်ကား မိမိစားနေရာမှ ထပြီးသော်လည်း အင်္ဂါမပျက်၊ (၇) ထိုဝိနည်းခိုရ်သည်''အလမေတံ သဗ္ဗံ=ဤအလုံးစုံကို ငါတန်ပြီ၊ ငါမစားလိုပြီ၊ သင်စား

တော့၊ စားထိုက်ပြီ''ဟု သုံးကြိမ်ဆိုလိုက်ရမည်၊ ထိုအခါ အတိရိတ် ဝိနည်းကံ ပြုပြီးဖြစ်တော့၏။

[ဆောင်]။ ။ပဝါရိတ်သင့်နေသော ရဟန်းက (၁)ကပ္ပိယမှန်, (၂) အကပ်ခံ၍,(၃)ချီပြန်ညွတ်လတ်,(၄)ဟတ္ထပါသ်နှင့်, အတိ-ရိတ္တံ ကရောထ ဘန္တေ''ဟုဆို၍ ဝိနည်းမိုရ်ပုဂ္ဂိုလ်က (၅)စားလတ်လေဘိ,(၆)ပဝါရိမှု-ဌရိမဖျက်, (၇)နှုတ်ဖြင့် ''အလမေတံသဗ္ဗံ'' ဟုသုံးကြိမ်မြွက်လေ။

ပဉ္စမပဝါရဏာအင်္ဂါ ၃။[ဆောင်]။ ။ပဝါရိတ-သင့်တုံကလျှင် (၁)၊ အာမိသ၏-အတိရိတ္တ-မဟုတ်စွနှင့်(၂)၊ ကာလချိန်တွင်း-စားမျိုခြင်းဟု(၃)၊ကြောင်းရင်းသုံးလီ, အင်္ဂါညီ, သင့်ပြီပဉ္စမပဝါရဏာ။ [ခဲဖွယ်ဘောဇဉ်တို့ကိုအာမိသဟုခေါ်၏။]

မှတ်ချက်။ ။ဤသို့အင်္ဂါခုနစ်ပါးဖြင့် ဝိနည်းကံပြုပြီးသော အာဟာရကို ထိုဝိနည်းမိုရ် အားသာ စားခြင်းငှါမအပ်။ [ထိုဝိနည်း မိုရ်မှတပါးစားခြင်းငှါ မအပ်သော ရဟန်းမရှိဟူလို။]

(၆) ဒုတိယပဝါရဏာ။ ။ပဝါရိတ် သင့်နေသောရဟန်းအား အရှိန်အစော်မဲ့အောင် စောဒနာလိုသောကြောင့် အတိရိတ်ဝိနည်းကံ မပြုရသေးသည့် ဂိလာန၏ အကျန် မဟုတ်သော ခဲဖွယ်ဖြင့်ရင်း၊ ဘောဇဉ်ဖြင့်ရင်း ''ခဲလော့၊ စားလော့''ဟုဆို၍ ပင့်ဖိတ်လျှင် ဒုက္ကဋ်အာပတ်သင့်၏။

ထိုရဟန်းစားလျှင် မျိုတိုင်းမျိုတိုင်း ပင့်ဖိတ်သောရဟန်းအား ဒုက္ကဋ်အာပတ် ထပ်၍ထပ်၍ သင့်ပြန်၏။ ထိုရဟန်း စား၍ပြီးလျှင်ပြီးခြင်း ပင့်ဖိတ်သော ရဟန်း အား ဒုတိယပဝါရဏာသုဒ္ဓပါစိတ် အာပတ်သင့်၏။

* (၇) ဝိကာလဘောဇန။ ။နေ လွဲသော အခါ၌ ယာဝ ကာလိက— ဟူသော ခဲဖွယ်ကိုဖြစ်စေ၊ ဘောဇဉ်ကိုဖြစ်စေ မစားမသောက်ရ။ စားသောက်လျှင် မျိုတိုင်းမျိုတိုင်း ဝိကာလဘောဇန သုဒ္ဓပါစိတ် အာပတ်သင့်၏။ [ခဲဖွယ်, ဘောဇဉ်တို့ကို ခံယူအံ့၊ ဒုက္ကဋ်။ မျိုတိုင်းမျိုတိုင်း ပါစိတ် အာပတ်သင့်၏။]

ယာမကာလိကစသော ကြွင်းကာလိကသုံးပါးတို့ကို ဆာလောင်မှုတ်သိပ်ခြင်း အနာ—ဟူသော အကြောင်းမရှိပဲလျက် နေလွဲသောအခါ၌ စားသောက်လျှင်

မျိုးတိုင်းမျိုးတိုင်း ဒုက္ကဋ်အာပတ်သင့်၏။ [ခံယူအံ့၊ ဒုက္ကဋ်။ မျိုးတိုင်းမျိုးတိုင်း ဒုက္ကဋ်အာပတ်သင့်၏။]

**မှတ်ချက်။** ။ဆေးဆိုက ရောဂါဟူသောအကြောင်းကြောင့်သာသုံးဆောင်မြဲဖြစ်သည်။ ယင်းသို့လျက် အနာရောဂါမရှိပဲ နေလွဲပြီး ကွမ်းစားကြသော ရဟန်းတို့သည် စားလို၍ စားသည်ဖြစ်ရကား ဝိကာလဘောဇန ဒုက္ကဋ်အာပတ်မှ မလွတ်-ဟုသိရာ၏။ အနာရောဂါ ရှိ၍ပင် စားသော်လည်း ထိုကွမ်းသည် ထိုအနာကို ဖျောက်နိုင်သောသတ္တိရှိမှုကား း"ဝေယျာဗာဓိကာနံ ဝေဒနာနံ ပဋိဃာတာယ"ဟူသော ပစ္စဝေက္ခဏာနှင့်လျော်၏။ ဖျောက်နိုင်သောသတ္တိ မရှိမူ မလျော်ဖြစ်၍ မသင့်။ ဓမ္မဝိသာလပုဂ္ဂိုလ်ကို ဓမ္မရေပုဂ္ဂိုလ်က "ငါ့ရှင်,နေလွဲပြီး ဆေးငုံသည့်ရဟန်းများအား မြစ်ကြောင်းကို ကျွန်ုပ်ကြားသည်" ဆိုလျှင် "မြစ်ပေသည်" ပြန်သည်။ "ခံတွင်းမသန့်၍ သန့်ခြင်းငှါ ငုံသည်ကို မြစ်သင့်သလော" ပြန်ပြန်လျှင် "ခံတွင်း၏မသန့်ခြင်းသည် ဓာတုက္ခောဘကြောင့် ဖြစ်သလော၊ သန္နွာါအနာကို ကုစားခြင်းငှါ တတ်ကောင်းသောဆေးမရှိ"ဆိုလျှင်"ယနေ့မှစ၍ အသက်ဆုံးသည့်တိုင်အောင် နေလွဲဆေးငုံခြင်းကို ကျွန်ုပ် ပယ်တော့မည်"ဟု ဓမ္မရေ ဝန်ချကြောင်းကို မြင်းခြံ ရှင်အကံ့ရ ပြောဖူးသည်။

[သီလဝိသောဓနီ ကျမ်း။]

နေလွဲသောအခါ၌ကွမ်းစားခြင်းသည်သာလျှင် မအပ်သည်မဟုတ်၊ ဆေးဝါး (ဆေးငုံ)ခြင်းသည်လည်း မအပ်ဟု 'သတိပစ္စယ သံမုဋ္ဌ နိဂ္ဂဟစာတမ်း' ၌လည်း ဆို၏။ ဆေးလိပ်သောက်ခြင်းကား နံနက်ပိုင်းမှာပင် မအပ်-ဟု ထိုစာတမ်း၌ ဆို၏။

**မျက်မြင်ကိုယ်တွေ့။** ။နေလွဲ၍ အချိန်မတော် ညဉ့်ကာလ၌ပင် ယာဝကာလိက၌ အကျုံးဝင်သော ကိတ်မုံ့, ဟောလစ် စသော စားဖွယ်သောက်ဖွယ် များကို သံဃာ့ဆေးရုံကြီးတခု၌ ဂိလာန ရဟန်းတော်အားလုံးလိုလိုပင် စားကြသောက်ကြလေသည်။(စာရေးသူကိုယ်တိုင်လည်း မကျန်းမာ၍ ဆေးရုံ၌အတော်အတန်ကြာအောင် ကုသနေရသဖြင့် ကိုယ်တိုင်တွေ့မြင်ခဲ့ပါသည်။) ယာဝကာလိကသည် ဘေသဇ္ဇ သိက္ခာပုဒ်၌ အကျုံးမဝင်ရကား ၎င်းကို နေလွဲသောအခါ၌ မည်သည့်အကြောင်းနှင့်မှ မစား မသောက်အပ်-ဟူ၍ သတိရှိတော်မူကြပါ။ (ဘုရားရှင်၏ရွှေမျက်နှာတော်ကို ထောက်သောအားဖြင့် အသက်ကိုမငဲ့ပဲ သိက္ခာပုဒ်တော်ကို ထိန်းသိမ်း စောင့်ရှောက်တော်မူကြပါကုန်။) ဤ၌ ဟပ်မိနေ၍ (ဤသိက္ခာပုဒ်နှင့် မသက်ဆိုင်သော်လည်း) နောက်ချွတ်ယွင်းချက်တခုကို ဖော်ပြလိုပါ၏။ ၎င်းကား ဆေးရုံဘက်ဆိုင်ရာက ကြက်ဥကို မကျက်တကျက် ပြုတ်၍

အားနည်းသောရဟန်းများအား တလုံးစီ ကပ်လှူခြင်းတည်း။ လူနာ ဦးရေကို လိုက်၍ ထိုကြက်ဥများကိုပြုတ်ခြင်းကြောင့် ထိုကြက်ဥများသည် ရည်စူးသော အသား၌ အကျုံးဝင်လေ၏။ ရည်စူးသော်အသားကိုစားလျှင် ဂိလာနရဟန်း များလည်း ဒုက္ကဋ်အာပတ်မှမလွတ်။(ဆိုင်ရာက မစားအပ်မှန်းမသိရှာ၍ စေတနာ ကောင်းဖြင့် ကပ်လှူရှာသည်။) ကြက်ဥအစား အခြား အင်အားဖြစ်စေသော အစားအစာများကို ဆိုင်ရာက ကပ်လှူရန် အကြံပေးဖို့လိုသည်၊ ရဟန်းတော် များအဖို့ကား ကြက်ဥကိုသာမဟုတ်၊ ဝိနည်းနှင့် ဆန့်ကျင်သော အစားအစာ ဟူသမျှကို မည်သူပဲလှူလှူ မစားသင့်ပေ။(ဤအစားအစာမျိုးကို စားခြင်းဖြင့် အသက်ရှင်ခြင်းသည် အကျိုးမရှိ၊ အပြစ်သာ များသည်။ သီလ မစင်ကြယ်ပဲ အသက်ရှည်ရှည် နေရလေလေ အပြစ်များလေလေဖြစ်၍ အသက်တိုတိုနှင့် သေခြင်းက အပြစ် သက်သာ၍ ကောင်းသည်-ဟုဆိုရပေမည်။) သီလစင် ကြယ်စွာဖြင့် အသက်မွေးခြင်းသည်သာလျှင် အကျိုးရှိ၏၊ အသက်ရှည်ရှည် နေရလေလေ အကျိုးများလေလေဖြစ်သည်၊ သီလစင်စင် ကြယ်ကြယ်ဖြင့် နေ၍ အသက်တိုတိုဖြင့် သေစေကာမူ သီလမစင်ကြယ်ပဲ အသက်ရှည်ရှည်နေ ရခြင်းထက် နိုင်းယှဉ်၍ မရအောင် မြတ်သည်-ဟူ၍ ပြောလိုပါ၏။

*(ဂ) သန္နိဓိကာရက။ ။ယမန်နေ့က အကပ်ခံ၍ သိုမှီး ထားသော ယာဝကာလိကကိုဖြစ်စေ၊ ယာမကာလိကကိုဖြစ်စေ ယနေ့စားသောက်လျှင် မျိုတိုင်းမျိုတိုင်း သန္နိဓိကာရက သုဒ္ဓပါစိတ် အာပတ်သင့်၏။ [ခံယူအံ့၊ ဒုက္ကဋ်။ မျိုတိုင်းမျိုတိုင်း ပါစိတ်အာပတ်သင့်၏။]

မှတ်ချက်။ ။သပိတ်, ပန်းကန်တို့၌ ထည့်၍ စားပြီးနောက် စင်ကြယ်စွာ မဆေးလျှင် ဆီစသော အာမိသ ကလေးများ ငြိကပ်ကျန်နေတတ်၏။သပိတ်, ပန်းကန်တို့၏ ကွဲအက်ကြောင်းများ၌လည်း ဆီ ဝင်နေတတ်၏။ ထို ဆီစသော အာမိသတို့သည် နက်ဖြန်နံနက် ကာလ၌ သန္နိဓိ ဖြစ်ကြလေပြီ။ ထိုသန္နိဓိ အာမိသများသည် နက်ဖြန်နံနက် ဆွမ်းပူပူဟင်းပူနှင့် ရောမိကာ ရဟန်း၏ ခံတွင်းသို့ ဝင်သွားလေသော် သန္နိဓိ အာမိသတို့အတွက် ပါစိတ်အာပတ်သင့်၏။ ထို့ကြောင့် သပိတ်, ပန်းကန်တို့၌ ဆီစသော အာမိသ မကျန်အောင် စင် ကြယ်စွာ ဆေးရမည်၊ကွဲအက်ကြောင်းရှိသော သပိတ်, ပန်းကန်များကိုလည်း ဖါထေး၍ မဖြစ်နိုင်လျှင် စွန့်ပစ်ကြရမည်။

အကပ်ခံပြီးနောက် ခဲဖွယ်, ဘောဇဉ်များကို လူ, သာမဏေတို့အား စွန့် ပေးလိုက်လျှင် သန္နိဓိ မဖြစ်။ နက်ဖြန်နံနက်၌ သူတို့ သိမ်းထားသော အာမိသ ကို သူတို့ထံမှ ကဖန် အကပ်ခံ၍ စားကောင်း၏။ သို့သော် စွန့်သည့်အခါ၌

"ထို အာမိသကို ငါ မစားတော့ပြီ"ဟု မငဲ့မကွက်ပဲ စွန့်လိုက်ပေးလိုက်မှသာ လျှင် စွန့်ရာရောက်သည်။ (ဤသို့"ငါမစားတော့ပြီ"ဟု မငဲ့မကွက်ပဲ အာလယ ပြတ်စွန့်နိုင် မစွန့်နိုင် မိမိကိုယ်ကို မိမိပင် မေးပါလေ၊ အကယ်၍ မိမိ၏စိတ်သည် အာလယပြတ် စွန့်နိုင်လောက်အောင် မခိုင်မာပါက ထိုအာမိသသည်သန္နိဓိဖြစ်၍ နောက်ထပ် မစားကောင်း တော့ပြီ–ဟုမှတ်လေ။ ။ဤသိက္ခာပုဒ်တော်ကို ထိန်းသိမ်းစောင့်ရှောက်ရာ၌ ဆွမ်းကြီးလောင်းအသှူများနှင့် ပတ်သက်၍ အတို ချုံး၍ ပြောရမည်ဆိုလျှင် လှူဖွယ်ဝတ္ထုများမှာ များပြားလှ၍ တနေ့တည်း ဖြင့် စားသောက်၍ ကုန်နိုင်မည် မဟုတ်ရကား မိမိကိုယ်တိုင် မခံယူပဲ မိမိ၏ သပိတ်ကို လှူဝတ်ကြောင်တယောက်ယောက်အား ပေးပြီး မိမိ၏ရှေ့မှ သွား စေ၍ လှူဖွယ်ဝတ္ထုတို့ကို မိမိကိုယ်စား ခံယူစေခြင်းသည် အကောင်းဆုံးနည်း ဖြစ်သည်။)

သပိတ်,ပန်းကန်, ခွက်,လဘက်ရည်ကယား စသည်များ၌ ထည့်၍စားသောက် ပြီးနောက် သပိတ်စသည်နှင့်တကွ အကြွင်းအကျန်ကို လူ, သာမဏေ တို့အား မပေးမစွန့်ပဲ ထိုသပိတ်စသည်ကို ကိုယ်တိုင် ဆေးရာဝယ် မစင်ကြယ်၍ အာမိသ ကျန်နေလျှင် နက်ဖြန်နံနက်၌ အခြား အာမိသနှင့် ရောနှော၍ ဝမ်းတွင်းသို့ ပါသွားက ဤသိက္ခာပုဒ်အရ အာပတ်သင့်၏။

ထိုသပိတ်စသည်၌ ရှိသော အာမိသကို လူ, သာမဏေတို့အား ပေးလိုက် လျှင် ၎င်းတို့က ထိုသပိတ်စသည်ကို ဆေးရာဝယ် မစင်ကြယ်သော်လည်း ထိုအာမိသ အဆီအကပ်တို့ သန္နိဓိ မဖြစ်။ သို့ရာတွင် ထိုအာမိသ အဆီအကပ် ကျန်ရှိသော သပိတ်,ပန်းကန်, လဘက်ရည်ကယားများ၌ ထည့်၍ နက်ဖြန် နံနက် စားသောက်လိုလျှင် ရဟန်းကိုယ်တိုင် ထိုသပိတ်စသည်ကို မကိုင်ရ။ လူ,သာမဏေတို့ထံမှ အကပ်ခံရဦးမည်။ ထိုသို့ အကပ်မခံပဲ စားလျှင် ကိုင် သည့်အတွက် ဥဂ္ဂဟိတက(ကောက်ယူမှု) ဒုက္ကဋ်နှင့် ထိုအာမိသကို အကပ်မခံပဲ စားရာရောက်သဖြင့် ဒန္တပေါန သိက္ခာပုဒ်အရ အာပတ်သင့်မည်သာ။

ဤထက်အကျယ်ကို နောက်ဆက်တွဲ-ကာလိက ၄-ပါးအမြွက်, ဆေး-ဟူ သော မိုရာနိဿယ အမြွက်, ပါတိမောက် ဘာသာဋီကာတို့၌ကြည့်။

(၉) ပဏီတဘောဇန။ ။မနာမဖျားပဲလျက် ဆွေမျိုးမတော်မဖိတ်ကြား ထားသော သူတို့ထံမှ ထောပတ်, ဆီဦး, ဆီ,ပျားရည်, တင်လဲ, ငါး, အမဲ, နို့ရည်, နို့ဓမ်း၊ ဤကိုးပါးသော ဝတ္ထုတခုခုနှင့် ရောနှောအပ်သော ပဏီတ

ဘောဇဉ်ကို တောင်း၍ မစားရ။ စားလျှင် မျိုတိုင်းမျိုတိုင်း ပဏီတ ဘောဇန သုဒ္ဓပါစိတ် အာပတ်သင့်၏။ [ခံယူအံ့၊ ဒုက္ကဋ်။ မျိုတိုင်းမျိုတိုင်း ပါစိတ် အာပတ်သင့်၏။]

*(၁၀) ဒန္တပေါန(ခါ)အဒိန္နာဟာရ။ ။ရေ, ဒန်ပူကိုကြဉ်၍ အခြားမည်သည့် ဝတ္ထုကိုမှ လူ, သာမဏေ, တိရစ္ဆာန်, နတ်တို့က မပေးမကပ်ပဲလျက် ကိုယ်တိုင်ယူ၍ မစားမသောက်ရ။ စားသောက်လျှင် မျိုတိုင်းမျိုတိုင်း ဒန္တပေါန (ခါ) အဒိန္နာဟာရ သုဒ္ဓပါစိတ် အာပတ်သင့်၏။[စားအံ့ဟု ယူအံ့၊ ဒုက္ကဋ်။ မျိုတိုင်းမျိုတိုင်း ပါစိတ် အာပတ်သင့်၏။]

ရေ-ဟူရာ၌ ရထရေဏုမှုန့် ပမာဏရှိသော မှုန့်မှုန်မပါသည့် သန့်ရှင်းသော 'ရေ'ကို ဆိုလိုသည်။ ထိုသန့်ရှင်းသော ရေသည် ကာလိက ၄ ပါးမှ အလွတ်ဖြစ်၍ အကပ်မခံပဲ သောက်ကောင်း၏။ ကိုယ်တိုင်လည်းကြိုကောင်း၏၊ ချက်ကောင်း၏၊ ရထရေဏုမှုန့်မှုန့်ပါသော 'ရေ'ကိုကား မှုန့်အတွက် အကပ်မခံပဲ မသောက်ရ။ သို့ဖြစ်၍ ဝိနည်းလေးစားသော ပုဂ္ဂိုလ်တို့သည် အကပ်မခံသော 'ရေ'ကို အမြဲစစ်၍ သောက်ကြလေသည်။

ဒန်ပူစားရာ၌ ဒန်ပူရည်များ လည်ချောင်းတွင်း မဝင်လျှင် အကပ်ခံဖွယ် မလို။ ဒန်ပူရည်က လည်ချောင်းတွင်း ဝင်လျှင်ကား အကပ်ခံမှသင့်မည်။ အကပ်မခံပဲ စား၍ ဝင်လျှင် ဤသိက္ခာပုဒ်အရအာပတ်သင့်မည်သာ။

ညွှန်းချက်။ ။"ရဟန်းတို့, လူအပ်သောခဲဖွယ်, ဘောဇဉ်ကျခဲ့လျှင် ကိုယ်တိုင်ကောက်ယူ၍ စားခြင်းငှါ ခွင့်ပြု၏။ ထိုခဲဖွယ်, စားဖွယ်ကို ဒါယကာတို့သည် စွန့်အပ်ပြီးသောကြောင့်တည်း" ဟု ဘုရားရှင်မိန့်တော်မူ၏။ [စူဠဝဂ်ပါဠိတော် (မြန်မာပြန်) ခုဒ္ဒကဝတ္ထုက္ခန္ဓက အပိုဒ် ၂၇၃။]

လှူအပ်သော အကြွင်းခဲဖွယ် ဘောဇဉ်သည် ဒါယကာ၏ လက်မှလျှော၍ စင်ကြယ်သောမြေ၌ရင်း၊ ကြာရွက်ထက်ပုဆိုးထက် သင်ဖြူးထက်စသည်တို့၌ရင်း ကျအံ့။ မြေကိုသုတ်၍ရင်း၊ ဆေး၍ရင်း၊ အကပ်ခံ၍ရင်းသုံးဆောင်အပ်၏။ အဘယ်ကြောင့်နည်းဟူမူ ဒါယကာတို့သည် ထိုခဲဖွယ်ဘောဇဉ်ကို စွန့်အပ်ပြီးသောကြောင့်တည်း-ဟူ၍ ဘုရားရှင်ဟောတော်မူ၏။ ဤသို့ ဟောတော်မူခြင်းသည် နီတတ္ထအားဖြင့် ဟောတော်မူခြင်း မဟုတ်၊ နေယျတ္ထအားဖြင့် ဟောတော်မူခြင်းဖြစ်သည်ဟူ၍ ပါစိတ်အဋ္ဌကထာကိုမှီး၍ ပါဟိမောက္ခ ဝိနိစ္ဆယကျမ်း၊ ဒန္တပေါနသိက္ခာပုဒ်အဖွင့်၌ဆို၏။

**သတိ**။ မိမိသည် ဂုင်း တပါးသော ရဟန်းသည် ဂုင်းတန်ပြီ,မစားပြီ-ဟု စွန့်ပစ်ပြီးသော ဝတ္ထုတို့ကို စားလိုပြန်လျှင် တဖန်အကပ်ခံ၍ စားမိအောင် လှူသာမဏေတို့အား ပေးပြီးသောဝတ္ထုကို ဂုင်းတို့ မယူရသေးသော်လည်း လက်မှလွတ်သည်ဖြစ်အံ့၊သုံးဆောင်လိုသည်ဖြစ်အံ့၊ တဖန်အကပ်ခံ၍ သုံးဆောင် မိအောင် အထူးသတိပြုကုန်ရာသည်။

အကျယ်ကို နောက်ဆက်တွဲ ဆေး—ဟူသောမှီရာ နိဿယအပြွက်, အကပ်ခံ နည်း, ဆွမ်းစားရာကျင့်ဝတ်,ပါတိမောက်ဘာသာဋီကာ, ဘုရားဥပဒေတော်ကြီး တို့၌ကြည့်။

လေးခုတို့၏ ပြည့်ကြောင်းဖြစ်သော ဘောဇနဝဂ်သည် ပြီးခြင်းသို့ရောက်ပြီ။

## ၅။ အစေလကဝဂ်

**(၁) အစေလက**။ ။တိတ္ထိ-ဟု ခေါ်သော တက္ကဒွန်း, ပရိဗိုဇ်ထီး,ပရိ-ဗိုဇ်မ တယောက်ယောက်အား ခဲဖွယ်ကိုဖြစ်စေ၊ ဘောဇဉ်ကိုဖြစ်စေ မိမိလက် ဖြင့်[(ကိုယ်တိုင်) ပေးလျှင် အစေလကသုဒ္ဓ=ပါစိတ်အာပတ် သင့်၏။ [ပေးအံ့၊ အားထုတ်ခြင်း (ပယောဂ)၌ ဒုက္ကဋ်။ပေးပြီးသည်ရှိသော် ပါစိတ်။ရေသို့မဟုတ် ဒန်ပူကို ပေးအံ့၊ ဒုက္ကဋ် အာပတ်သင့်၏။]

**မှတ်ချက်**။ ။အဝတ် မဝတ်သူကို 'အစေလက-တက္ကဒွန်း' ဟုခေါ်၏။ အဝတ်ဝတ်သော ရသေ့အမျိုးမျိုးကို 'ပရိဗိုဇ်' ဟု ခေါ်၏။ [အာဇီဝက လည်း အဝတ်ပါလျှင် ပရိဗိုဇ်မျိုးပင်တည်း။] ထိုအားလုံးသည် သာသနာ တော်မှ တမျိုးတခြား အယူရှိသူ တိတ္ထိများဖြစ်ကြသည်။ ယခုကာလ၌ ဖိုးသူတော်နှင့် သီလရှင်များမှာ သာသနာတော်အယူကိုသာ ယူကြသော ကြောင့် တိတ္ထိမဟုတ်ကြ၊ သုတ်ပါထေယျ သမ္ပသာဒနီယသုတ် အဋ္ဌကထာ၌ ပြအပ်သော 'သေတဝတ္ထသမဏဝံသ-အဝတ်ဖြူဝတ် ရဟန်းနွယ်များ' ဖြစ် ကြသည်။ သာသနာတော်အယူကိုသာ ယူသောရသေ့, ရသေ့မများလည်း ရဟန်းနွယ်များ ဖြစ်ကြသည်…ဟူ၍ သိလေ။

*(၂) **ဥယျောဇန**။ ။အဖော်ရဟန်းကိုခေါ်၍ ရွာ, နိဂုံးသို့ဆွမ်းခံ ဝင်သော ရဟန်းသည် အိမ်သို့ကပ်ရောက်၍တကာမနှင့် အတူ ရယ်ရွှင်ခြင်း စသော ပြောလိုရာရာကို ပြောချင်, ဆိတ်ကွယ်ရာ၌ နေချင်သောကြောင့် အဖော်ရဟန်းအား စားဖွယ်တခုခုကို ပေး၍ဖြစ်စေ၊ မပေးပဲဖြစ်စေ ပြန်

လွှတ်လိုက်လျှင် ဒုက္ကဋ်အာပတ်သင့်၏။ ထိုအဖော်ရဟန်း ဥပစာကိုလွန်လျှင် လွန်ခြင်း ထိုပြန်ခိုင်းသော ရဟန်းအား ဥယျောဇနသုဒ္ဓ ပါစိတ် အာပတ် သင့်၏။ [သာမဏေကိုခေါ်၍ ထိုနည်းအတူ ပြန်လွှတ်လိုက်လျှင် ဒုက္ကဋ် အာ ပတ်သင့်၏။]

ဥပစာ–ဟူရာ၌ အကွယ်အကာရှိလျှင် အကွယ်အကာအတွင်းကို၊ အကွယ် အကာမရှိလျှင် ဟာလာဟင်းလင်းအပြင်၌ ၁၂ တောင်အတွင်းကို ဆိုလိုသည်။

*(၃) **သဘောဇနံ**။ ။အဖော်ရဟန်း မပါပဲလျက် ဇနီးမောင်နှံ နှစ် ယောက်တည်းရှိနေသောအိမ်၏ အိပ်ခန်းတွင်းသို့ဝင်၍ ထိုင်နေလျှင် သဘော- ဇန သုဒ္ဓပါစိတ် အာပတ်သင့်၏။ [ထိုင်အံ့၊ အားထုတ်ခြင်း (ပယောဂ) ၌ ဒုက္ကဋ်။ ထိုင်ပြီးသည်ရှိသော် ပါစိတ်အာပတ်သင့်၏။]

ဇနီးမောင်နှံ–ဟူရာ၌ အနာဂါမ်မဖြစ်သေး၍ ရာဂစိတ်မကင်းသေးသော (ဝါ) ကာမစည်းစိမ်ခံစားသော ဇနီးမောင်နှံကိုဆိုလိုသည်။

* (၄) **ရဟောပဋိစ္ဆန္န**။ ။ပြောဆိုကြသော စကားကို သိကြားနားလည် နိုင်သော အဖော်'ယောကျ်ား'မျက်မှောက်၌ မရှိပဲလျက် မေထုန်မှီဝဲနိုင်လောက် အောင်အကာအကွယ်ရှိသော နေရာ–ဟု ဆိုသော'မျက်စိကွယ်ရာ'၌ မာတုဂါမ နှင့်အတူထိုင်နေလျှင် ရဟောပဋိစ္ဆန္န သုဒ္ဓပါစိတ် အာပတ်သင့်၏။ [ထိုင်အံ့၊အား ထုတ်ခြင်း(ပယောဂ)၌ ဒုက္ကဋ်။ ထိုင်ပြီးသည်ရှိသော် ပါစိတ် အာပတ် သင့်၏]။ ။ရဟန်းသည် ထိုင်နေစဉ် မာတုဂါမသည် အနီး၌ထိုင်နေသော် ၎င်း၊ အနီး၌ အိပ်နေသော်၎င်း ပါစိတ် အာပတ်သင့်၏။ ။ပါစိတ် ပါဠိတော် (မြန်မာပြန်)ရဟော ပဋိစ္ဆန္န သိက္ခာပုဒ် အဖွင့်။

ဘီလူးမ, ပြိတ္တာမ, ပဏ္ဍုက်, တိရစ္ဆာန်မ, လူယောင် ဖန်ဆင်းထားသော တိရစ္ဆာန်မတို့နှင့် အတူထိုင်လျှင် ဒုက္ကဋ် အာပတ်သင့်၏။

မှတ်ချက်။ ။အထက်၌ ပြဆိုခဲ့ပြီးသော "ရဟန်းသည်ထိုင်နေစဉ် မာတု ဂါမသည် အနီး၌ ထိုင်နေသော်၎င်း၊ အနီး၌ အိပ်နေသော်၎င်း ပါစိတ် အာပတ်သင့်၏"ဟူသော ပါစိတ်ပါဠိတော် (မြန်မာပြန်)၏ အဆိုနှင့် တကွ "သွားခြင်းကို ဝန်မခံအံ့၊ ထိုင်ခြင်းကို ဝန်ခံအံ့၊ အာပတ်ကို ဝန်မခံအံ့၊ ထိုင် ခြင်းဖြင့် ဆုံးဖြတ်ရမည်"ဟူသော ပါရာဇိကကဏ်ပါဠိတော်(မြန်မာပြန်) ပဌမ အနိယတသိက္ခာပုဒ် အဖွင့်၌ လာသော အဆိုနှင့် "ရဟန်းယောကျ်ားထိုင်နေ သော် ရဟန်း မိန်းမ ချဉ်းကပ်၍ ထိုင်သော်၎င်း၊ ချဉ်းကပ်၍ အိပ်သော်၎င်း

ပါစိတ်အာပတ်သင့်၏''ဟူသော ပါစိတ် ပါဠိတော်(မြန်မာပြန်) ဘိက္ခုနော ဝါဒဝဂ်-ရဟောနိသဇ္ဇ သိက္ခာပုဒ် အဖွင့်၌ လာသော အဆိုတို့ကို စိစစ်လျှင် ရဟန်းက မာတုဂါမထံသို့သွား၍ အတူထိုင်မှသာလျှင် အာပတ် သင့်သည် မဟုတ်၊ မာတုဂါမက ရဟန်းထံသို့လာ၍ အတူထိုင်လျှင်လည်း အာပတ်သင့်သည်—ဟူသော သဘောမှာ ပေါ်လွင်ပါသည်။ ။အောက်၌ ပြလတ္တံ့သော ရဟောနိသဇ္ဇ သိက္ခာပုဒ်၌လည်း ဤအတိုင်းသိ။

**အနာပတ္တိဝါရ**။ ။ရပ်သော ရပ်၍ မထိုင်အံ့၊ ဆိတ်ကွယ်သည်ကို မငဲ့အံ့၊ အခြားအာရုံကို နှလုံးသွင်းလျက် ထိုင်နေအံ့၊ အာပတ်မသင့်။ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ်မသင့်။ ။[ဆိတ်ကွယ်သည်ကို မငဲ့အံ့—ဟူရာ၌ ဆိတ်ကွယ်ရာ အရပ်၌ နေလိုသော စိတ်မရှိပဲ ဆွမ်းခံကိစ္စစသည်ကြောင့် ရိုးရိုးသွား၍ ထိုင်ခြင်းမျိုးကို ဆိုလိုသည်။ ။ကင်္ခါဘာသာဋီကာ ပဌမတွဲ ပဌမ အနိယတ သိက္ခာပုဒ် အဖွင့်၌ လာသော အဆိုကိုလည်းကြည့်။]

**အမှာ**။ ။ဤသိက္ခာပုဒ်နှင့် စပ်၍ မှတ်ဖွယ်ကို ပဌမအနိယတ သိက္ခာပုဒ် အတိုင်းသိ။ [ဒုတိယ အနိယတ သိက္ခာပုဒ်၌ ပြထားသော '**စာရေးသူ၏ထင်မြင်ချက်**'ကိုလည်းကြည့်။]

*(၅) **ရဟောနိသဇ္ဇ**။ ။ပြောဆိုကြသော စကားကို သိကြားနားလည်နိုင်သော အဖော် 'ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ' ၁၂တောင် အတွင်း၌ မရှိပဲလျက် မေထုန်မှီဝဲနိုင် လောက်အောင် အကာအကွယ် မရှိသောနေရာ—ဟူဆိုသော'နားကွယ်ရာ'၌ မာတုဂါမနှင့် အတူထိုင်နေလျှင် ရဟောနိသဇ္ဇသုဒ္ဓပါစိတ် အာပတ်သင့်၏။ [ထိုင်အံ့၊ အားထုတ်ခြင်း (ပယောဂ)၌ ဒုက္ကဋ်။ ထိုင်ပြီးသည်ရှိသော် ပါစိတ် အာပတ်သင့်၏]။ ။ရဟန်းသည် ထိုင်နေစဉ် မာတုဂါမသည် အနီး၌ ထိုင်နေသော်ငြား၊ အနီး၌ အိပ်နေသော်ငြား ပါစိတ် အာပတ်သင့်၏။ ။ပါစိတ် ပါဠိတော်(မြန်မာပြန်)ရဟော နိသဇ္ဇသိက္ခာပုဒ် အဖွင့်။

ဘီလူးမ, ပြိတ္တာမ, ပဏ္ဍုက်, တိရစ္ဆာန်မ, လူယောင်ဖန်ဆင်းထားသော တိရစ္ဆာန်မတို့နှင့် အတူထိုင်လျှင် ဒုက္ကဋ် အာပတ်သင့်၏။

**သိဖွယ်**။ ။ရှေ့သိက္ခာပုဒ်၌ မျက်စိကွယ်ရာ ဖြစ်ခြင်း, ယောကျ်ားများသာ အဖော်ဖြစ်နိုင်ခြင်းနှင့် ဤသိက္ခာပုဒ်၌ နားကွယ်ရာဖြစ်ခြင်း, ယောကျ်ား မိန်းမ ၂ မျိုးလုံးပင် အဖော်ဖြစ်နိုင်ခြင်းသည် သိက္ခာပုဒ် ၂ ပါးတို့၏

ခြားနားချက်တည်း။ [ဤသိက္ခာပုဒ်နှင့်စပ်၍ မှတ်ဖွယ်ကို ဒုတိယ အနိယတ သိက္ခာပုဒ်အတိုင်းသိ။ ထို၌ပြထားသော 'စာရေးသူ၏ ထင်မြင်ချက်'ကိုလည်း ကြည့်။]

*(၆) **စာရိတ္တ**။ ။သက်နီးလူသောအခါ, သင်္ကန်းချုပ်ဆိုးသောအခါ၊ ဤနှစ်ပါးသော အခါတို့ကို ကြဉ်၍ အခြားအခါ၌ မအပ်သော ဖိတ်နည်းဖြင့် ''တပည့်တော် အိမ်သို့ ထမင်းစားကြွကြပါဘုရား''ဟုဆို၍ ပင့်ဖိတ်ထားလျှင် ထင်ရှားရှိသော (ဝါ) ၁၂တောင်အတွင်း၌ ရှိသော ရဟန်းအား မပန်ကြားပဲလျက် ထိုပင့်ဖိတ်ထားသော ဘောဇဉ်ကို မစားမီဖြစ်စေ၊ စားပြီးနောက်ဖြစ်စေ မွန်းမတည့်မီအတွင်း၌ အခြားအမျိုးအိမ်သို့ မလှည့်လည်ရ။ လှည့်လည်လျှင် စာရိတ္တသုဒ္ဓပါစိတ် အာပတ်သင့်၏။ [အိမ်ဥပစာသို့သက်အံ့၊ ဒုက္ကဋ်။ ပဌမခြေလှမ်း အိမ်တံခါးခုံကို လွန်အံ့၊ ဒုက္ကဋ်။ ဒုတိယခြေလှမ်းလွန်အံ့၊ ပါစိတ် အာပတ်သင့်၏။]

သင်္ကန်းလှူသောအခါ—ဟူသည် ကထိန်မခင်းလျှင် သီတင်းကျွတ် လဆုတ် ၁ ရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်နေ့တိုင်အောင် ၁လ, ကထိန်ခင်းလျှင် တပေါင်းလပြည့်နေ့တိုင်အောင် ၅ လတည်း။ [ဤသိက္ခာပုဒ်သည် ကထိန် အာနိသံသ ၅ ပါးတွင် တပါးအပါအဝင် ဖြစ်သည်။]

*(၇) **မဟာနာမ**။ ။သံဃာတော်အား ထောပတ်စသော ဆေးပစ္စည်းဖြင့် နောက်ထပ်မံ၍လည်း မဖိတ်၊တသက်လုံးအတွက်လည်း မဖိတ်ပဲ လေးလ ပိုင်းခြား၍ ဖိတ်လျှင်၊ မနာမဖျားသော ရဟန်းသည် ထိုလေးလထက် ပိုလွန်၍ မတောင်းရ။ တောင်းလျှင် မဟာနာမ သုဒ္ဓပါစိတ် အာပတ်သင့်၏။[တောင်းအံ့၊ အားထုတ်ခြင်း (ပယောဂ)၌ ဒုက္ကဋ်။ တောင်းပြီးသည်ရှိသော် ပါစိတ် အာပတ်သင့်၏။]

အနာပတ္တိဝါရ။ ။ဖိတ်ကြားထားသောဆေးတို့ကို တောင်းအံ့၊ဖိတ်ကြားထားသော ညဉ့်တို့၌ တောင်းအံ့၊''သင်သည် ဤဆေးတို့ဖြင့် ဖိတ်ကြားထား၏၊ ငါတို့သည်ကား ဤမည် ဤမည်သော ဆေးကိုအလိုရှိ၏''ဟု ပြောကြား၍ တောင်းအံ့၊ ''သင် ဖိတ်ကြားထားသော ညဉ့်တို့သည် လွန်ကုန်ပြီ၊ ငါတို့သည်လည်း ဆေးကို အလိုရှိ၏''ဟု ပြောကြား၍ တောင်းအံ့၊ ဆွေမျိုးတော်စပ်သူ တို့ထံမှဖြစ်စေ၊ ဖိတ်ကြားထားသော သူတို့ထံမှဖြစ်စေ တောင်းအံ့၊ သူတပါး အကျိုးငှါ တောင်းအံ့၊ မိမိဥစ္စာဖြင့် တောင်းအံ့၊ အာပတ်မသင့်။

*(၈)ဥယျျောဇ္ဇသေန။ ။သွားသင့်သော အကြောင်းတခုခုကြောင့် စစ်တပ်သို့သွားခြင်းကို ကြည့်၍ အခြားအခါ၌ မြို့ရွာမှ တိုက်ခိုက်ရန် ထွက်လာသော စစ်တပ်ကို တမင်သက်သက် သွား၍ မကြည့်ရ။ သွား၍ ကြည့်လျှင် ဥယျျုတ္တသေန သုဒ္ဓပါစိတ် အာပတ်သင့်၏။ [သွားအံ့၊ အား ထုတ်ခြင်း (ပယောဂ)၌ ဒုက္ကဋ်။ အကြင်အရပ်၌ ရပ်တည်လျက် မြင်အံ့၊ ပါစိတ် အာပတ် သင့်၏။]

တပ်စိတ်ကို သွား၍ကြည့်လျှင် ဒုက္ကဋ် အာပတ်သင့်၏။

သွားသင့်သောအကြောင်း—ဟူရာ၌ ဆွေမျိုးသားချင်း မကျန်းမမာဖြစ်၍ ပင့်လျှောက်ခြင်း, တရားဟောဖို့ ပင့်လျှောက်ခြင်းစသော လုံလောက်သော အကြောင်းကို ဆိုလိုသည်။

မှတ်ချက်။ ။ဆင်တပ်, မြင်းတပ်, ရထားတပ်, ခြေလျင်တပ်၊ ဤ၄ ပါး စုံမှ 'စစ်တပ်'ဟုခေါ်၏။ ဤ ၄ ပါးမစုံသော တပ်စိတ်တခုကို အကြည့်အရှု သွားလျှင်ကား ဒုက္ကဋ် အာပတ်သာသင့်၏။

အနာပတ္တိဝါရ။ ။တိုက်ဖို့ရန်အတွက် လာသောစစ်တပ်မဟုတ်ပဲ ဥယျာဉ် စသည်သို့သွားသော စစ်တပ်ကို ကြည့်ရှုရန် သွားလျှင် ဤသိက္ခာပုဒ်အရ အာပတ်မသင့်။ ဆွေမျိုးသားချင်းစသူက ပင့်ဖိတ်၍ အကြောင်းအားလျော်စွာ သွားလျှင်လည်း အနာပတ္တိပင်။ တမင်သက်သက် မသွားပဲ မိမိရှေ့မှောက် ရောက်လာ၍ ကြည့်ခြင်း, ကျောင်းတိုက်တွင်းမှ နေ၍ ကြည့်ခြင်းလည်း အနာပတ္တိပင်။

*(၉) သေနာဝါသ။ ။သွားသင့်သော အကြောင်း တခုခုကြောင့် စစ်တပ်သို့ သွားရလျှင် သုံးညဥ့်ထက်ပိုလွန်၍ မနေရ။ နေလျှင် သေနာဝါသ သုဒ္ဓပါစိတ် အာပတ်သင့်၏။ [နေအံ့၊ အားထုတ်ခြင်း(ပယောဂ)၌ ဒုက္ကဋ်။ နေပြီးသည်ရှိသော် ပါစိတ်အာပတ်သင့်၏။]

*(၁၀) ဥယျောဓိက။ ။စစ်တပ်၌ သုံးညဥ့် နေသော ရဟန်းသည် စစ်တိုက်ရာ အရပ်, စစ်သည်ဗိုလ်ပါတို့ကို ရေတွက်ရာ အရပ်,စစ်ဆင်ရာ အရပ်, ဆင်အပေါင်း မြင်းအပေါင်းတို့ကို စစ်ဆေးရာအရပ်သို့ မသွားရ။သွား၍ကြည့် လျှင် ဥယျောဓိက သုဒ္ဓပါစိတ် အာပတ်သင့်၏။ [သွားအံ့၊ အားထုတ်ခြင်း (ပယောဂ)၌ ဒုက္ကဋ်။ အကြင်အရပ်၌ ရပ်တည်လျက် မြင်အံ့၊ ပါစိတ်အာပတ် သင့်၏။]

ငါးခုတို့၏ ပြည့်ကြောင်း ဖြစ်သော အစေလက ဝဂ်သည် ပြီးခြင်းသို့ ရောက်ပြီ။

## ၆။ သုရာပါနဝဂ်

*(၁) သုရာပါန။ ။သေရည်ငါးမျိုး, အရက်ငါးမျိုးတို့ကို သောက်စားလျှင် မျိုတိုင်း မျိုတိုင်း သုရာပါန သုဒ္ဓပါစိတ် အာပတ်သင့်၏။[ခံယူအံ့၊ ဒုက္ကဋ်။ မျိုတိုင်းမျိုတိုင်း ပါစိတ် အာပတ်သင့်၏။]

မှတ်ဖွယ်။ ။သေအရက် လျှုခြင်းသည် အပုညဒါန ၅ ပါးတွင် တပါး အပါအဝင်ဖြစ်၏။ ထို ၅ ပါးကား (၁) သေအရက်လှူခြင်း၊ (၂) ပွဲသဘင်လှူခြင်း၊ (၃) မိန်းမ(မေထုန်)လှူခြင်း၊ (၄) နွားအုပ်အတွင်း နွားသိုးလွှတ်ခြင်း၊ (၅) ကိလေသာနှင့် စပ်သော ပန်းချီရုပ် လှူခြင်းတို့တည်း။ လောက၌ ကုသိုလ် မဟုတ်သော ဒါန ငါးပါး ဟူလို။ [ပွဲသဘင်သည် သာသနာတော်၏ ပြောင့်တံ ကျင်လည်းမည်၏။]

*(၂) အင်္ဂုလိပတောဒက။ ။ရယ်မြူးလိုသော စိတ်ဖြင့် တပါးသော ရဟန်းကို လက်ဖြင့် ချိုင်းထိုး၍ဖြစ်စေ၊ ကိုယ်ချင်းထိပါး၍ဖြစ်စေ ကစားလျှင် အင်္ဂုလိပတောဒက သုဒ္ဓပါစိတ် အာပတ်သင့်၏။[ရယ်မြူးစေအံ့၊ အားထုတ်ခြင်း (ပယောဂ)၌ ဒုက္ကဋ်။ ရယ်မြူးပြီးသည်ရှိသော် ပါစိတ် အာပတ်သင့်၏။]

ရဟန်းအား တုတ်စသည်တို့ဖြင့် တို့၍ ကစားသည် ဖြစ်စေ၊ လူ့,သာမဏေတို့အား ကိုယ်, တုတ်စသည်တို့ဖြင့် ကစားသည်ဖြစ်စေ ဒုက္ကဋ် အာပတ်သင့်၏။

*(၃) ဟသဓမ္မ။ ။ပျော်မြူးလိုသော စိတ်ဖြင့် ခြေမျက်စိ မြုပ်လောက်သော မြစ်ချောင်း, ရေကန် စသည်တို့၌ ရေကူးခြင်းစသည်ဖြင့် ကစားလျှင် ဟသဓမ္မ သုဒ္ဓပါစိတ် အာပတ်သင့်၏။ [ထိုထက်တိမ်သော ရေ၌ကစားခြင်း, လှေဖြင့် ကစားခြင်း,ရေထဲ၌ အိုးခြမ်းကွဲစသည်ကို ပစ်၍ ကစားခြင်း, အိုးခွက်၌ရှိသော ရေကို လက်ဖြင့် ပုတ်၍ ကစားခြင်း, ပုန်းရည် နို့ရည် ရက်တက်ရည်စသော အရည်တို့ကို အယုတ်သဖြင့် တစက်လောက်မျှမြောက်၍ ကစားခြင်း၊ ဤအားလုံး၌ ဒုက္ကဋ် အာပတ်သင့်၏။]

ကစား—ဟူရာ၌ ရေချိုးရင်း ငုပ်လိုက်, ပေါ်လိုက်, ရေပေါ်ပေါ်ပြီး ကူးလိုက်လုပ်ခြင်းမျိုးကို ဆိုလိုသည်။

**အနာဒရိယ**။ ။ကစားစိတ် မပါပဲ အကြောင်း အားလျော်စွာ (အညောင်းပြေအောင်)ရေကူးခြင်း၌ အာပတ်မသင့်။ မကျန်းမာ၍ ဖြစ်စေ၊ တဘက်ကမ်းသို့ သွားလို၍ ဖြစ်စေ ကူးရာ၌လည်း အနာပတ္တိ-အာပတ်မသင့်။

*(၄) **အနာဒရိယ**။ ။ဝိနည်းလမ်းကြောင်းဖြင့် ပြောဆိုသော ရဟန်းကို ဖြစ်စေ၊ ဝိနယဓမ္မကိုဖြစ်စေ မရိုသေလျှင် အနာဒရိယ သုဒ္ဓပါစိတ် အာပတ်သင့်၏။ [မရိုသေခြင်းကို ပြုအံ့၊ အားထုတ်ခြင်း (ပယောဂ)၌ ဒုက္ကဋ်။ ပြုပြီးသည်ရှိသော် ပါစိတ် အာပတ်သင့်၏။]

သုတ်, အဘိဓမ္မာလာ တရားတော်ဖြင့် ရဟန်း၏ ဆိုဆုံးမခြင်းကို ဖြစ်စေ၊ ဝိနည်းဖြင့်သော်ငြား၊ အခြားဓမ္မဖြင့်သော်ငြား လူ, သာမဏေတို့၏ ပြောဆိုခြင်းကို ဖြစ်စေ မရိုသေလျှင် ဒုက္ကဋ် အာပတ်သင့်၏။

*(၅) **ဘိံသာပန**။ ။တပါးသော ရဟန်းကို ထိတ်လန့်အောင် ခြောက်လျှင် ထိုရဟန်းကြောက်သည်ဖြစ်စေ၊ မကြောက်သည်ဖြစ်စေ ဘိံသာပန သုဒ္ဓပါစိတ်အာပတ်သင့်၏။ [ခြောက်အံ့။ အားထုတ် ခြင်း (ပယောဂ)၌ ဒုက္ကဋ်။ ခြောက်ပြီးသည်ရှိသော် ပါစိတ် အာပတ်သင့်၏။]

လူ, သာမဏေတို့ကို ပြုလုပ်လျှင် ဒုက္ကဋ် အာပတ်သင့်၏။

*(၆) **ဇောတိ**။ ။မီးထည့်အပ်သော အကြောင်းလည်းမရှိ, ဂိလာန လည်း မဟုတ်ပဲလျက် မီးလှုံလိုသောကြောင့် မီးကို ကိုယ်တိုင်လည်း မထည့်ရ၊ သူတပါးကိုလည်းမခိုင်းရ။ ထိုသို့ ပြုလုပ်လျှင် ဇောတိ သုဒ္ဓပါစိတ် အာပတ် သင့်၏။[မီးထည့်အံ့၊ အားထုတ်ခြင်း (ပယောဂ)၌ ဒုက္ကဋ်။ မီးထည့်ပြီးသည် ရှိသော် ပါစိတ် အာပတ်သင့်၏]။ ။မီးထည့်အပ်သော အကြောင်း-ဟူရာ၌ ဆီမီးထွန်းခြင်း, သပိတ်ဖုတ်ခြင်း, ရေခနွေးတည်ခြင်းစသော အကြောင်းတို့ကို ဆိုလိုသည်။

**သတိ**။ ။မီးမလှုံရလျှင် မသက်သာနိုင်အောင် မကျန်းမာသူကို ဂိလာန-ဟုခေါ်သည်။ လူ,သာမဏေတို့ မွေးပြီးသော မီးကို လှုံရာ၌ အနာပတ္တိ-အာပတ်မသင့်။ သို့ရာတွင် မီးတောက်အောင် မှုတ်ခြင်း, ထင်းထည့်ခြင်း, မီးကိုရွှေ့ပြောင်းခြင်း စသည်တို့ကို မပြုရ။

*(၇) **နှာန**။ ။အိန္ဒိယပြည်-မဇ္ဈိမဒေသ၌ နေသော ရဟန်းသည် ရေချိုးအပ်သော အခါ ၇ ပါးကိုကြဉ်၍ လခွဲ အတွင်းတွင် တကြိမ် တခါထက် ပိုလွန်၍ မချိုးရ၊ ချိုးလျှင် နှာန သုဒ္ဓပါစိတ် အာပတ်သင့်၏။ [ရေချိုးအံ့၊

အားထုတ်ခြင်း (ပယောဂ)၌ ဒုက္ကဋ်။ ရေချိုးပြီးသည် ရှိသော် ပါစိတ် အာပတ်သင့်၏။]

နယုန်လဆန်း ၁ ရက်နေ့မှစ၍ ဝါဆိုလပြည့်နေ့တိုင်အောင် ပူသော ဤကာလခွဲအတွင်း၌၎င်း၊ ဝါဆိုလဆုတ် ၁ ရက်နေ့မှစ၍ ဝါခေါင် လပြည့်နေ့တိုင်အောင် အိုက်သော ဤကာလအတွင်း၌၎င်း၊ နာဖျားသော အခါ၌၎င်း၊ တံမြက်လှည်းခြင်း စသော အလုပ်ကို လုပ်သော အခါ၌၎င်း အဓွန့်ရှည်သော (ယူဇနာခွဲ) ခရီးသို့ သွားသောအခါ၌၎င်း၊ လေနှင့်တကွ မိုးရွာသော အခါ၌၎င်း၊ ပစ္စန္တရစ်ဒေသ၌ နေသော အခါ၌၎င်း အလို ရှိတိုင်း ချိုးနိုင်၏။ ဤကား ရေချိုးအပ်သော အခါ ၇ ပါးတည်း။

*(၈) ဒုဗ္ဗဏ္ဏကရဏ။ ။အညို, ညွန့်, အမည်း ဤသုံးပါးတို့တွင် တပါးပါးဖြင့် ကပ္ပဗိန္ဒု မထိုးရသေးသော သင်္ကန်းသစ်ကို ဝတ်ရုံသုံးစွဲလျှင် ဒုဗ္ဗဏ္ဏကရဏ သုဒ္ဓ ပါစိတ်အာပတ်သင့်၏။ [ဝတ်ရုံအံ့၊ အားထုတ်ခြင်း (ပယောဂ)၌ ဒုက္ကဋ်။ ဝတ်ရုံပြီးသည်ရှိသော် ပါစိတ် အာပတ်သင့်၏။]

မှတ်ချက်။ ။သင်္ကန်းထောင့်စွန်း၌ ၃ ပွင့်ဆိုင် ဗိန္ဒုမထိုးရ။ သင်္ကန်းတထောင့်လျှင် တပြောက်ကျ ၄ ထောင့်လုံးမှာဖြစ်စေ၊ ၄ ထောင့်လုံး မထိုးပဲ ၃ ထောင့်, ၂ ထောင့်မှာဖြစ်စေ၊ ၁ ထောင့်မှာဖြစ်စေ တပြောက်စီသာထိုးရမည်။ ဤသို့ထိုးရာ၌ ကြေးညှိမျိုး, သစ်ရွက်စိမ်းမျိုး, လိမ်းကပ်သော ရွှံ့ညွန်မျိုး, ထိုမှကြွင်းသော ခပ်သိမ်းသော မည်းနက်သောအဆင်းမျိုးတို့တွင် တမျိုးမျိုးဖြင့် သင်္ကန်းထောင့်၌ ထိုးရမည်။ ကပ္ပဗိန္ဒု၏ အရွယ်ပမာဏမှာ ဥဒေါင်းမျက်ကွင်းလောက်ဖြစ်စေ၊ ကြမ်းပိုး ကျောကုန်းလောက်ဖြစ်စေ ရှိစေရမည်။ ထိုကပ္ပဗိန္ဒု၏အလယ်၌ သုညဝိုင်းသကဲ့သို့ ကွက်လပ်လည်း မရှိစေရ။ [ပြည့်ပြည့်ဝန်းဝန်း ရှိစေရမည်—ဟူလို။]

အသစ်ကျပ်ချွတ်မှ မဟုတ်၊ တပတ်ရစ်အဟောင်းကိုလည်း ကပ္ပဗိန္ဒုမထိုးရသေးလျှင် 'သင်္ကန်းသစ်' ဟု ခေါ်သည်။ ကပ္ပဗိန္ဒုမထိုးရသေးလျှင် သာမဏေတို့ဝတ်ပြီးဖြစ်၍ ဟောင်းနွမ်းနေသော်လည်း ဤသိက္ခာပုဒ်အရ သင်္ကန်းသစ်ပင်တည်း။ ထို့ကြောင့်သာမဏေတို့၏ သင်းပိုင်ကို ခေတ္တယူ၍ ရေသနုပ်လုပ်လိုက ကပ္ပဗိန္ဒုထိုးရမည်သာ။

* (၉) ဝိကပ္ပန။ ။သိတင်းသုံးဘော် ၄ ါးယောက်တို့တွင် တယောက်ယောက်၏အထံ၌ သင်္ကန်းကို ကိုယ်တိုင် ဝိကပ္ပနာပြု၍ ထိုသူကပစ္စုဒ္ဓိရ်မပြုပေး

ပဲလျက် ထိုသက်န်းကို ဝတ်ရုံသုံးစွဲလျှင် ဝိကပ္ပနသုဒ္ဓပါစိတ် အာပတ်သင့်၏။ [ဝတ်ရုံအံ့၊ အားထုတ်ခြင်း (ပယောဂ) ၌ ဒုက္ကဋ်။ ဝတ်ရုံပြီးသည်ရှိသော် ပါစိတ် အာပတ်သင့်၏။ ။ပစ္စုဒ္ဓိုရ်မပြုပေးသော ထိုသူသည် အကယ်၍ ရဟန်းဖြစ်ငြားအံ့၊ ထိုသူအား ဒုက္ကဋ်အာပတ်သင့်၏။]

**အမှာ**။ ။အများအားဖြင့် ယခုကာလ၌ သာမဏေတို့၏ အထံ၌လည်း ဝိကပ္ပနာပြုကောင်းကြောင်းကို သတိရှိဟန်မတူပါ။ ဝိကပ္ပနာပြုပုံကို နောက်ဆက်တွဲ 'သင်္ကန်းဝိကပ္ပနာပြုနည်း' ၌ ကြည့်။

*** (၁၀) စီဝရအပနိဓာန**။ ။တပါးသောရဟန်း၏ သပိတ်, သင်္ကန်း, ခါးပန်းကြိုး, အပ်ကျည်ပူး, နိသီဒိုင်၊ ဤတခုခုကို အယုတ်သဖြင့် ရယ်ရွှင်လိုသည်ဖြစ်၍လည်း ဝှက်လျှင်ဝှက်စေလျှင် စီဝရအပနိဓာန သုဒ္ဓပါစိတ်အာပတ်သင့်၏။ [ဝှက်အံ့၊ အားထုတ်ခြင်း(ပယောဂ) ၌ ဒုက္ကဋ်။ ဝှက်ပြီးသည်ရှိသော် ပါစိတ်အာပတ်သင့်၏။]

ကြွင်းသောခဲတန် စာအုပ်စသည်ကိုဖြစ်စေ၊ လူ, သာမဏေတို့၏ ဥစ္စာကိုဖြစ်စေ ဝှက်လျှင် ဝှက်စေလျှင် ဒုက္ကဋ်အာပတ်သင့်၏။

**အနာပတ္တိဝါရ**။ ။မတော်မလျော် ပစ်ထားသည်ကို သိမ်းထားလျှင်ငင်း၊ မတော်မလျော်ထားသူကို ဆုံးမလို၍ ခေတ္တဝှက်ထားလျှင်ငင်း အာပတ်မသင့်။

ခြောက်ခုတို့၏ ပြည့်ကြောင်းဖြစ်သော သုရာပါနဝဂ်သည် ပြီးစီးခြင်းသို့ ရောက်ပြီ။

---

## ၇။ သပ္ပါဏကဝဂ်

***(၁) သဉ္စိစ္စပါဏ**။ ။နဂါး, ဂဠုန်တို့မှစ၍ ပိုးမွှားစသော တိရစ္ဆာန်ကို သေစေလိုသောစိတ်ဖြင့် သတ်၍သေလျှင် သဉ္စိစ္စပါဏသုဒ္ဓပါစိတ် အာပတ်သင့်၏။ [သတ်အံ့ဟု အားထုတ်အံ့၊ ဒုက္ကဋ်။ သေအံ့၊ ပါစိတ် အာပတ်သင့်၏။]

**အနာပတ္တိဝါရ**။ ။သေစေလိုသော စေတနာမရှိသော ရဟန်း, သတိမထားမိသောရဟန်း, မသိသောရဟန်း, ရူးသောရဟန်း, အစလက်ဦးလွန်ကျူးသောရဟန်းအား အာပတ်မသင့်။

*** (၂) သပ္ပါဏက**။ ။ပိုးလောက်လန်းစသော ပိုးမွှားကလေးများရှိမှန်းသိလျက် ထိုရေကိုသုံးဆောင်ခြင်းဖြင့် ထိုပိုးမွှားကလေးများ သေလိမ့်မည်ဟု

သိလျက် သုံးဆောင်လျှင် သပ္ပါဏကသုဒ္ဓပါစိတ် အာပတ်သင့်၏။ [သုံးဆောင်အံ့၊ အားထုတ်ခြင်း (ပယောဂ) ၌ ဒုက္ကဋ်။ သုံးဆောင်ပြီးသည်ရှိသော် ပါစိတ် အာပတ်သင့်၏။]

မှတ်ဖွယ်။ ။ဤသိက္ခာပုဒ်၌ နှံ့မည်သောပိုးတို့၏ ကျလတ္တံ့သည်ကို သိ၍လည်း သုဒ္ဓစိတ်ဖြင့် ဆီမီးကိုညှိရာ၌ကဲ့သို့ ပိုးရှိသောအဖြစ်ကို သိ၍လည်း ရေဟူသောအမှတ်ဖြင့် သုံးဆောင်အပ်သည်၏အဖြစ်ကြောင့် ပဏ္ဏတ္တိဝဇ္ဇအဖြစ်ကို သိအပ်၏။ ထို့ကြောင့် ပါစိတ်အဋ္ဌကထာ၌ ဧတ္ထစ ပဋင်္ဂပါဏကာနံ ပတနံ ဉတွာပိ သုဒ္ဓစိတ္တတာယ ဒီပဇာလနေ ဝိယ သပ္ပါဏကဘာဝံ ဉတွာပိ ဥဒကသညာယ ပရိဘုဉ္ဇိတဗ္ဗတော ပဏ္ဏတ္တိဝဇ္ဇတာ ဝေဒိတဗ္ဗာ။ ။ဟုမိန့်၏။ ဧတ္ထ၊ ဤဒုတိယသိက္ခာပုဒ်၌။ ပဋင်္ဂပါဏကာနံ၊ နှံ့မည်သောပိုးတို့၏ ။ (ဝါ)၊ ပိုးဖလံဖြူတို့၏။ ပတနံ၊ ကျခြင်းကို။ ဉတွာပိ၊ သိ၍လည်း။ သုဒ္ဓစိတ္တတာယ၊ ဖြင့်။ ဒီပဇာလနေဝိယ၊ ဆီမီးညှိရာ၌ကဲ့သို့။ သပ္ပါဏကဘာဝံ၊ ပိုးရှိသောအဖြစ်ကို။ ဉတွာပို၊ သိ၍လည်း။ ဥဒကသညာယ၊ ဖြင့်။ ပရိဘုဉ္ဇိတဗ္ဗတော၊ သုံးဆောင်အပ်သောကြောင့်။ ပဏ္ဏတ္တိဝဇ္ဇတာ၊ ပဏ္ဏတ္တိဝဇ္ဇအဖြစ်ကို။ ဝေဒိတဗ္ဗာ၊ ၏။ ဤကားအနက်—ဟူ၍ ပါတိမောက္ခဝိနိစ္ဆယကျမ်း၌ ဖော်ပြထား၏။ [ဆိုလိုရင်းအဓိပ္ပါယ်မှာ–ပိုးကောင်တို့ကျ၍ သေလတ္တံ့ဟု သိသော်ငြားလည်း သတ်လို၊ သေစေလိုသော စေတနာမရှိပဲ 'စင်ကြယ်သောစိတ်ဖြင့် မီးထွန်းရာ၌ (ပိုးကောင်တို့ကို သေစေလိုသော အကုသိုလ်စိတ်မရှိသဖြင့် အာပတ်မသင့်ဟု ထင်မှတ်ဖွယ်ရှိသော်လည်း အာပတ်သင့်သည်–ဟူသော အဋ္ဌကထာဆရာ၏ မိန့်ဆိုချက်ကြောင့် အာပတ်မှ မလွတ်) ပဏ္ဏတ္တိဝဇ္ဇဖြစ်သကဲ့သို့ ဤသပ္ပါဏကသိက္ခာပုဒ်၌လည်း ပိုးရှိသည်ကို သိသော်ငြားလည်း ပိုးကောင်ဟု မမှတ်မယူပဲ ရေဟူသောအမှတ်အယူဖြင့် သုံးဆောင်သောကြောင့် (ပိုးကောင်တို့ကို သေစေလိုသော အကုသိုလ်စိတ်မရှိသဖြင့် အာပတ်မသင့်ဟု ထင်မှတ်ဖွယ်ရှိသော်လည်း အာပတ်သင့်စေဟူသော ဘုရားရှင်၏ ပညတ်ချက်ကြောင့် အာပတ်မှမလွတ်ရကား) ဤသပ္ပါဏက သိက္ခာပုဒ်သည် ပဏ္ဏတ္တိဝဇ္ဇဖြစ်သည်၊ လောကဝဇ္ဇမဖြစ်-ဟူ၍ ဖြစ်သည်။]

ကုသိုလ်စိတ်ဖြင့်ဖြစ်စေ၊ အဗျာကတစိတ်ဖြင့်ဖြစ်စေ လွန်ကျူးမိ၍ အာပတ်ကို ဖြစ်စေတတ်သော သိက္ခာပုဒ်သည် ပဏ္ဏတ္တိဝဇ္ဇမည်၏။ (တနည်း)။ အကုသိုလ်စိတ်မရှိပဲ လွန်ကျူးမိသော်လည်း (အာပတ်သင့်စေ–ဟု ဘုရားရှင် ပညတ်ထားသောကြောင့်) အာပတ်မှ လွတ်ခွင့်မရှိသော သိက္ခာပုဒ်သည် ပဏ္ဏတ္တိဝဇ္ဇမည်၏။ [အဗျာကတစိတ်-ဟူသည် ကုသိုလ် အကုသိုလ်မှ လွတ်သော စိတ်

**တည်း]**။ ။ကုသိုလ်စိတ် အဗျာကတစိတ်ကြောင့်လည်း အာပတ်သင့်နိုင်သည်၊ အာပတ်သင့်စေ တတ်သော စိတ် ၃၂ ပါးရှိသည်ဟု ဆဋ္ဌမူ-ပါရာဇိကကဏ္ဍ အဋ္ဌကထာ-စာမျက်နှာ ၂၃၅-ပကိဏ္ဏကကထာအဖွင့်၌ လာသည့် "ဒွတ္တိံသေဝ ဟိ အာပတ္တိသမုဋ္ဌာပကစိတ္တာနိ-အဋ္ဌကာမာဝစရကုသလာနိ ဒွါဒသ အကုသလာနိ ဒသကာမာဝစရ ကိရိယစိတ္တာနိ ကုသလတော စ ကိရိယတော စ ဒွေ အဘိညာ စိတ္တာနီတိ"ဟူသောပါဠိဖြင့် သိအပ်၏။

အကုသိုလ်စိတ်ဖြင့်လွန်ကျူးမိ၍ အာပတ်သင့်စေတတ်သော သိက္ခာပုဒ်သည် လောကဝဇ္ဇမည်၏။

**အနာပတ္တိဝါရ**။ ။ပိုးရှိ၏ဟု မသိသော်ငြား၊ ပိုးမရှိဟု သိ၍သော်ငြား၊ သုံးဆောင်ခြင်းကြောင့် သေလိမ့်မည်မဟုတ်ဟု သိ၍သော်ငြား သုံးဆောင်အံ့၊ အာပတ်မသင့်။

***(၃) ဥက္ကောဋနံ**။ ။ဓမ္မကံဖြင့် ငြိမ်းလေပြီးသော အဓိကရုဏ်းကို သိလျက်တဖန် ကံပြုခြင်းငှါ လှုံ့ဆော်လျှင် ဥက္ကောဋနသုဒ္ဓပါစိတ်အာပတ်သင့်၏။ [လှုံ့ဆော်အံ့၊ အားထုတ်ခြင်း(ပယောဂ)၌ ဒုက္ကဋ်။ လှုံ့ဆော်ပြီးသည်ရှိသော် ပါစိတ်အာပတ်သင့်၏။

(၄)ဒုဋ္ဌုလ္လ။ ။တပါးသောရဟန်း၏ သံဃာဒိသိသ်အာပတ်ကို သိလျက် ညှာတာလိုသော သဘောဖြင့် ဖုံးထားလျှင် ဒုဋ္ဌုလ္လသုဒ္ဓပါစိတ်အာပတ်သင့်၏။ [အောက်အာပတ်များကိုဖြစ်စေ၊ သာမဏေတို့၏ အပြစ်ကိုဖြစ်စေ ဖုံးထားလျှင် ဒုက္ကဋ်အာပတ်သင့်၏။]

**အနာပတ္တိဝါရ**။ ။ညှာတာလို၍ မဟုတ်ပဲ "သူ့အပြစ်နှင့်သူ ထင်ရှားလိမ့်မည်"ဟူသောသဘောဖြင့် ဖုံးထားလျှင် အာပတ်မသင့်။ သံဃာ၏ကွဲပြားခြင်းသော်ငြား၊ သံဃာ၏အရေး 'အက်ကြောင်း' သော်ငြား ဖြစ်လတ္တံ့-ဟု နှလုံးပိုက်၍ မပြောကြားအံ့၊ "ဤရဟန်းသည် ခက်ထန်၏၊ ကြမ်းတမ်း၏ အသက်၏အန္တရာယ်ကိုသော်ငြား, သာသနာတော်၏ အန္တရာယ်ကိုသော်ငြား ပြုလတ္တံ့"ဟု နှလုံးသွင်း၍ မပြောကြားအံ့။ လျောက်ပတ်သော အခြားရဟန်းတို့ကို မမြင်သောကြောင့် မပြောကြားအံ့၊ ဖုံးလွှမ်းရန် အလိုမရှိပဲ မပြောကြားအံ့၊ အာပတ်မသင့်။

(၅) **ဦနဝီသတိဝဿ**။ ပဋိသန္ဓေကစ၍ ရေတွက်လျှင် အသက်နှစ်ဆယ် မပြည့်သေးသောသူကို မပြည့်မှန်းသိလျက် ရဟန်းခံပေးမူ ထိုသူလည်း ရဟန်း

မဖြစ်၊ ကာရကသံဃာတော်လည်း ဒုက္ကဋ် အာပတ်သင့်၏။ ဥပဇ္ဈာယ်ဆရာမှာ ဦနဝီသတိဝဿ သုဒ္ဓပါစိတ် အာပတ်သင့်၏။ [ရဟန်းခံပေးအံ့၊ အားထုတ်ခြင်း (ပယောဂ)၌ ဒုက္ကဋ်။ ရဟန်းခံပြီးသည်ရှိသော် ပါစိတ်အာပတ်သင့်၏။]

**မှတ်ချက်။** ။အသက်နှစ်ဆယ်မပြည့်မှန်း မသိလျှင် ရဟန်းတော်များအဖို့ အာပတ်မသင့်၊ ထိုသူအဖို့ကား သိသည်ဖြစ်စေ မသိသည်ဖြစ်စေ ရဟန်းမဖြစ်။

အသက်နှစ်ဆယ်ပြည့်မပြည့်ကို ရေတွက်ရာ၌ ဝါဒအမျိုးမျိုးရှိ၏။ ''ပဋိသန္ဓေနှင့်တကွ အသက်နှစ်ဆယ်ကို ရေတွက်လျှင် လလွန် ၂ လကို နိကာခ်ါထားပါလေ၊ လလွန် ၂ လနှင့်တကွ အသက်နှစ်ဆယ်ကို ရေတွက်လျှင် ပဋိသန္ဓေ ဆယ်လကို နိကာခ်ါထားပါလေ၊ ပဋိသန္ဓေကိုလည်း ယူ၊ လလွန်ကိုလည်း ယူ၍ အသက်နှစ်ဆယ် မရေတွက်ပါလေနှင့်၊ သို့မှ အဠကထာ ရှေ့နောက်ညီမည်'' ဟူသော သီလဝိသောဓနီကျမ်း၏အဆိုကို မူတည်၍ စာရေးသူသည် လလွန် ၂ လကို မယူမဲ့ အောက်ဆုံး ၇ လ ဖွားကို အတည်ပြု၍ ပဋိသန္ဓေလောင်း၏အသက်သည် ၁၉ နှစ် နှင့် ၅ လအောက် မယုတ်စေရ—ဟူသော ဝါဒကို ထုတ်ဆောင်၏။ [အကျယ်ကို သီလဝိသောဓနီကျမ်းနှင့် ပါတိမောက်ဘာသာ ဋီကာတို့၌ကြည့်။]

ထို လလွန် ၂ လနှင့် ၆ ရက်တို့ မည်ကဲ့သို့ပေါ်ထွက်လာသည်ကို တွက်ပြပါအံ့။ ။ဖွားသည့်နေ့မှစ၍ ၁၉ နှစ်ပြည့်ပြီဟု ဆိုရသောအခါ သုံးနှစ်တကြိမ် ဝါထပ်သည့်အတွက် ၆ လ အပိုထွက်လာ၏၊ ရက်မစုံလအတွက် ရက်ပေါင်း ၁၁၄ ရက် ယုတ်လျော့လျက်ရှိ၏၊ ထိုရက်ပေါင်းကို ၄ လမျှဆိုသည်။ အမှန်မှာ ၃ လနှင့် ၂၄ ရက် ဖြစ်သည်၊ ဝါထပ်အတွက် ၆ လပိုသည်တွင် ရက်မစုံအတွက် ယုတ်ခဲ့သောရက်တို့နှင့် ပယ်နုတ်ညှိနှိုင်းသည်ရှိသော် အကျန် ၂ လနှင့် ၆ ရက် အပိုထွက်သည်။

**အမှာ။** ။ရဟန်းအဖြစ်ကို မရနိုင်သောပုဂ္ဂိုလ် တကျိပ် သုံးယောက်၊ ရှင်, ရဟန်း မပြုပေးထိုက်သော ပုဂ္ဂိုလ် သုံးကျိပ် နှစ်ယောက်၊ ရှင်ပြု, ရဟန်းခံ အစီအစဉ်ကို နောက်ဆက်တွဲ 'ရှင်ပြုရဟန်းခံ အမြွက်'၌ ကြည့်။

* (၆) **ထေယျသတ္ထ။** ။ကင်းကိုရှောင်လွှဲလိုသော ခိုးသူ ကုန်သည်မှန်း သိလျက် ထိုသူနှင့်တိုင်ပင်ညှိနှိုင်း၍ အဓွန့် ရှည်သော တကြောင်းတည်းသော ခရီးသို့ အတူမသွားရ၊ အယုတ်သဖြင့် အနီးအပါးရွာသို့မျှလည်း အတူမသွားရ။ သွားလျှင် ထေယျသတ္ထသုဒ္ဓပါစိတ် အာပတ်သင့်၏။ [သွားအံ့၊ အားထုတ်ခြင်း (ပယောဂ)၌ ဒုက္ကဋ်။ သွားပြီးသည်ရှိသော် ပါစိတ်အာပတ်သင့်၏။]

(၇) သံဝိဓာန။   ။မာတုဂါမတို့နှင့် တိုင်ပင်ညှိနှိုင်း၍ အစွန့်ရှည်သော တကြောင်းတည်းသော ခရီးသို့ အတူ မသွားရ။  အယုတ်သဖြင့် အနီးအပါး ရွာသို့မျှလည်း အတူမသွားရ။ သွားလျှင် သံဝိဓာနသုဒ္ဓပါစိတ် အာပတ်သင့်၏။ [သွားအံ့။ အားထုတ်ခြင်း (ပယောဂ)၌ ဒုက္ကဋ်။  သွားပြီးသည်ရှိသော် ပါစိတ် အာပတ်သင့်၏။]မာတုဂါမတို့နှင့်ချိန်းချက်၍ ဘုရားဖူးသွားကြခြင်းသည်လည်း ဤသိက္ခာပုဒ်ကို ချိုးဖောက်သည် မည်၏။

ဘိလူးမ, ပြိတ္တာမ, ပဏ္ဍုက်, လူယောင်ဆောင်ထားသော တိရစ္ဆာန်မတို့နှင့် အတူတိုင်ပင်၍သွားလျှင် ဒုက္ကဋ်အာပတ်သင့်၏။

*(၈) အရိဋ္ဌ။   ။နူးညံ့သိမ်မွေ့သော ပိုး, ဖဲ, ကတ္တီပါ အခင်းအရုံ စသည်တို့၏ အတွေ့အထိသည် ရဟန်းတို့အား  အပ်စပ်သကဲ့သို့ မိန်းမတို့၏ အတွေ့အထိသည်လည်း  အပ်စပ်သည်-ဟု အကြင်ရဟန်းသည် ယူဆ၏။ထိုမိစ္ဆာ အယူကို ယူသော ရဟန်းက စကားစပ်မိစပ်ရာ  ပြောရာ၌ အခြားရဟန်းတို့ အား "အရှင်တို့, မေထုန်အကျင့်တို့သည် စျာန်မဂ်ဖိုလ်၏ အန္တရာယ်ကို ပြုတတ် ကုန်၏-ဟူ၍ မြတ်စွာဘုရားသည် ဟောတော်မူ၏။ သို့သော်အလွန်အမင်းတပ် မက်ခြင်းမရှိသော အကြင်နည်းဖြင့် မှီဝဲလျှင် အန္တရာယ် မဖြစ်နိုင်၊ ထိုအန္တရာယ် မဖြစ်နိုင်သောနည်းဖြင့် မြတ်စွာဘုရားဟောကြားတော်မူသော တရားတော်ကို ငါသိသည်"ဟု ဆိုငြားအံ့။ထိုရဟန်းကို အခြားရဟန်းတို့က "အရှင်သည် ဤသို့ မဆိုလင့်၊မြတ်စွာဘုရားအား မစွပ်စွဲလင့်၊ မြတ်စွာဘုရားအား စွပ်စွဲခြင်းသည် မကောင်းချေ၊ မြတ်စွာဘုရားသည် ဤသို့ဟောတော်မမူရာ၊ စျာန်မဂ်ဖိုလ်၏ အန္တရာယ်ကို ပြုတတ်ကုန်သော တရားတို့ကို ပရိယာယ်အမျိုးမျိုးဖြင့်(ဝါ)များ စွာသောအကြောင်းဖြင့် စျာန်မဂ်ဖိုလ်၏ အန္တရာယ်ကို ပြုတတ်ကုန်သော တရား တို့ဟူ၍ပင်  မြတ်စွာဘုရားသည် ဟောတော်မူ၏။ ထိုတရားတို့သည် မေထုန်မှီဝဲ သော ရဟန်းအား စျာန်မဂ်ဖိုလ်၏ အန္တရာယ်ကို ပြုခြင်းငှါ စွမ်းနိုင်ကုန်သည် သာတည်း"ဟု  ပြောဆိုရမည်။ နှစ်ကြိမ်မြောက်လည်း ပြောဆိုရမည်။ သုံး ကြိမ်မြောက်လည်း  ပြောဆိုရမည်။ အကယ်၍ ထိုအယူကို စွန့်ငြားအံ့၊ ထိုသို့ စွန့်ခြင်းသည် ကောင်း၏။ အကယ်၍ မစွန့်ငြားအံ့၊  ဒုက္ကဋ် အာပတ်သင့်၏၊ [ကြားလျက် မပြောဆိုကုန်ငြားအံ့၊  ဒုက္ကဋ် အာပတ်သင့်၏။] ထိုရဟန်းကို သံဃာ့အလယ်သို့လည်း  ခေါ်ဆောင်၍ အထက်၌ဆိုခဲ့သည့်အတိုင်း သုံးကြိမ် မြောက်အောင် ထပ်မံ၍ ပြောဆိုရမည်။ အကယ်၍ ထိုအယူကို  စွန့်ငြားအံ့၊ ထိုသို့စွန့်ခြင်းသည်  ကောင်း၏။  အကယ်၍  မစွန့်ငြားအံ့၊  ထိုရဟန်းအား ဒုက္ကဋ် အာပတ်သင့်ပြန်၏။ ထိုနောက် သံဃာတော်က  ထိုရဟန်းအား ထိုအယူ

ကို စွန့်စေခြင်းငှါ သမနုဘာသနကံဖြင့် ဆိုဆုံးမအပ်၏။ ဤသို့ ဆိုဆုံးမအပ်သည်ရှိသော် ထိုအယူကို စွန့်လျှင် ကောင်း၏။ မစွန့်လျှင်ကား သုံးကြိမ်မြောက်သော ကမ္မဝါစာ၏ အဆုံး၌ ထိုရဟန်းအား အရိဋ္ဌသုဒ္ဓပါစိတ်အာပတ်သင့်၏။ [ဉတ်၏ အဆုံး၌ ဒုက္ကဋ် အာပတ်သင့်၏။ ကမ္မဝါစာ နှစ်ကြိမ်တို့၏ အဆုံး၌ ဒုက္ကဋ် အာပတ် နှစ်ချက်သင့်၏။ ကမ္မဝါစာ၏ အဆုံး၌ ပါစိတ်အာပတ်သင့်၏။]

အမှာ။ ။သမနုဘာသနကံပြုပုံကို ပါစိတ် ပါဠိတော်(မြန်မာပြန်)အပိုဒ် ၄၂၀၌ကြည့်။ ယုတ်မာသော အယူ (ဝါ)မိစ္ဆာ အယူကို မစွန့်ခြင်းကြောင့် ပြုအပ်သော 'ဥက္ခေပနီယကံပြုပုံ, ပြုလိုက ပြုရသောကံခြောက်ပါး, ကျင့်ဝတ်လေးဆယ့်သုံးပါးနှင့် ကံငြိမ်းပုံ'တို့တို့ စူဠဝဂ်ပါဠိတော် (မြန်မာပြန်) အပိုဒ် ၆၆,၆၉, ၇၀နှင့် ၇၄ အသီးသီးတို့၌ ကြည့်။

* (၉) ဥက္ခိတ္တသမ္ဘောဂ။ ။ထိုမိစ္ဆာအယူကို မစွန့်၍ သံဃာတော်က ဉတ်ကမ္မဝါစာဖြင့် နှင်ထုတ်ထားသော သံဃာ့ဘောင်သို့ ပြန်သွင်းရအောင် ကံဖြင့် ပြန်၍ မသွင်းရသေးသော 'ဥက္ခိတ္တကရဟန်း'နှင့် အတူ အာမိသ သမ္ဘောဂ, ဓမ္မသမ္ဘောဂ,ဥပုသ်,ပဝါရဏာ စသော သံဝါသတို့ကို မပြုရ၊ တမိုးတည်းသော ကျောင်း၌လည်း အတူမအိပ်ရ။ ထိုသို့ပြုလုပ်လျှင် ဥက္ခိတ္တသမ္ဘောဂသုဒ္ဓပါစိတ်အာပတ်သင့်၏။[ပြုအံ့၊ အားထုတ်ခြင်း(ပယောဂ)၌ ဒုက္ကဋ်။ ပြုပြီးသည်ရှိသော် ပါစိတ်အာပတ်သင့်၏။]

မှတ်ချက်။ ။အာပတ်ကို မရှုခြင်းကြောင့်ဖြစ်စေ၊ အာပတ်ကို မကုစားခြင်းကြောင့်ဖြစ်စေ၊ မိစ္ဆာအယူကို မစွန့်ခြင်းကြောင့်ဖြစ်စေ ဉတ်ကမ္မဝါစာဖြင့် နှင်ထုတ်ထားသော ရဟန်းကို'ဥက္ခိတ္တက ရဟန်း'ဟု ခေါ်သည်။

ဆွမ်းစသော အာမိသပစ္စည်းကို မိမိအား ပေး၍ ခံယူသုံးစွဲခြင်း၊ မိမိက ထိုရဟန်းအား ချီးမြှောက်ပေးကမ်းခြင်း၊ ဤသို့ အာမိသကို ပေးကာယူကာ ဆက်ဆံမှုကို အာမိသသမ္ဘောဂဟုခေါ်၏။

ပါဠိတော်နှင့် အဋ္ဌကထာ ဓမ္မကို ပို့ချပေးခြင်း၊ ထိုရဟန်းထံမှ သင်ယူခြင်း(တပည့်လုပ်၍ မြှောက်စားခြင်း၊ ဆရာလုပ်၍ မြှင့်တင်ပေးခြင်း)သည် ဓမ္မသမ္ဘောဂမည်၏။

*(၁၀) ကဏ္ဍက။ ။ထိုအရိဋ္ဌရဟန်းကဲ့သို့ မိစ္ဆာအယူကိုယူ၍ ထိုအယူကို မစွန့်ခြင်းကြောင့် ရဟန်းတို့က "ယနေ့မှစ၍ ငါတို့၏မြတ်စွာဘုရားကို ဆရာ ဟူ၍ သင် မညွှန်ပြနှင့်၊ အခြားသို့ သင် သွားလော၊ ပျောက်လော၊ပျက်လော"ဟု ဆို၍ ဒဏ်ပေး နှင်ထုတ်ထားသော သာမဏေအား ဖြားယောင်းခြင်း၊ လုပ် ကျွေးစေခြင်းမပြုရ။ တမိုးတည်းသောကျောင်း၌လည်း အတူမအိပ်ရ။ အာ– မိသသမ္ဘောဂ ဓမ္မသမ္ဘောဂစသည်တို့ကိုလည်းမပြုရ။ ထိုသို့ပြုလုပ်လျှင် ကဏ္ဍက သုဒ္ဓပါစိတ်အာပတ်သင့်၏။ [ဖြားယောင်းအံ့၊ အားထုတ်ခြင်း (ပယောဂ)၌ ဒုက္ကဋ်။ ဖြားယောင်းပြီးသည်ရှိသော် ပါစိတ်အာပတ်သင့်၏။]

ခုနစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော သပ္ပါဏကဝဂ်သည် ပြီးခြင်းသို့ ရောက်ပြီ။

## ဂ။ သဟဓမ္မိကဝဂ်

*(၁) သဟဓမ္မိက။ ။ပညတ်တော်မူသောသိက္ခာပုဒ်တော်ဖြင့် အခြား ရဟန်းတို့၏ ဆိုဆုံးမခြင်းကို နားမထောင်လို၍ ထိုရဟန်းတို့အား "သင်တို့ ဆို သည့်အတိုင်း ငါမကျင့်နိုင်သေး၊ ဝိနည်းဓိုရ်ပုဂ္ဂိုလ်တို့ကို မေးမြန်းပြီးမှ ကျင့် မည်"ဟု ပြန်ပြောလျှင် သဟဓမ္မိကသုဒ္ဓပါစိတ် အာပတ်သင့်၏။ [ပြောအံ့၊ အားထုတ်ခြင်း (ပယောဂ)၌ ဒုက္ကဋ်။ ပြောပြီးသည်ရှိသော် ပါစိတ်အာပတ် သင့်၏။]

ရဟန်းဟူသမျှ သိက္ခာပုဒ်တော်၌ ကျင့်ကြံလိုသောစိတ် ရှိရမည်၊ ကျင့်ကြံ လိုသောစိတ်ရှိသည်ဖြစ်၍ သိက္ခာပုဒ်တော်တိုင်း၏ အနက်အဓိပ္ပါယ်ကို သိ အောင် ကြိုးစားရမည်။ မသိလျှင်လည်း မေးအပ်၏။ မေးပြီးနောက်လည်း စိတ်ထဲ၌ စွဲနေလောက်အောင် အဖန်တလဲလဲ စဉ်းစားကြံစည်အပ်၏။ ဤသို့ သိအောင်ပြုရခြင်း, မေးရခြင်း, ကြံစည်ရခြင်းသည် ထိုသိက္ခာပုဒ်တော်ကို ကျင့် ကြံလိုရာ၌ ကျင့်ရာသောဝတ်တည်း၊ (ဝါ) လောကုတ္တရာတရား ကိုးပါးနှင့် လျော်သော ကျင့်ဝတ်တည်း။

*(၂) ဝိလေခန။ ။ပါတိမောက်ကို တပါးပါးက ရွတ်ဆိုသရဇ္ဈာယ် သည် ရှိသော် "ဤခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်တို့ဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ အလွန်ယုံမှားခြင်း, စိတ်ပင်ပန်းခြင်း, စိတ်ရှုပ်ထွေးခြင်းငှါသာလျှင် ဖြစ်ကုန် ၏"ဟု သိက္ခာပုဒ်တော်ကို ကဲ့ရဲ့ပြောဆိုလျှင် ဝိလေခနသုဒ္ဓပါစိတ် အာပတ်သင့် ၏။ [ကဲ့ရဲ့အံ့၊ အားထုတ်ခြင်း (ပယောဂ)၌ ဒုက္ကဋ်။ ကဲ့ရဲ့ပြီးသည်ရှိသော် ပါစိတ်အာပတ်သင့်၏။]

ဝိနည်းမှတပါးသော တရားကို ကဲ့ရဲ့အံ့၊ ဒုက္ကဋ်။ လူ့သာမဏေတို့၏အထံ၌ ဝိနည်းကိုဖြစ်စေ၊ တပါးသော တရားကိုဖြစ်စေ ကဲ့ရဲ့အံ့၊ ဒုက္ကဋ်အာပတ်သင့်၏။

မှတ်ချက်။ ။ပါရာဇိကကိုထောက်၍ သံဃာဒိသိသ်စသော သိက္ခာပုဒ်များကို ခုဒ္ဒ(ငယ်သော)သိက္ခာပုဒ်များဟု ဆိုနိုင်၏။ 'ခုဒ္ဒ' အမည်ရပြီးသော သံဃာဒိသိသ်ကိုထောက်၍ ထုလ္လစ္စဥ်းစသော သိက္ခာပုဒ် များကို အနုခုဒ္ဒက (သာ၍ငယ်သော)သိက္ခာပုဒ်များဟုလည်း ဆိုနိုင်သည်။ အချုပ်မှာ-သံဃာဒိသိသ်သည် ခုဒ္ဒသာမည်၍, ထုလ္လစ္စဥ်း စသည်တို့မှာ ခုဒ္ဒ-အနုခုဒ္ဒက ၂ မျိုးလုံး မည်သည်ဟု ဆိုလိုသည်။

*(၃) မောဟန။ ။လခွဲတကြိမ် ဥပုသ်ပြုသည်၏အစွမ်းဖြင့် ပါတိမောက်ကို ပြသည်ရှိသော် မိမိကျူးလွန်ခဲ့သော အပြစ်ကို ကာကွယ်သောအနေဖြင့် (ဝါ)မသိ၍ ပြုမိသော အနေဖြင့် သံဃာတော်အား "ငါ့ရှင်တို့, ဤသိက္ခာပုဒ်တော်သည် ပါတိမောက်၌လာ၏၊ပါတိမောက်၌ အကျုံးဝင်၏၊ လခွဲတကြိမ် သရုပ်အားဖြင့် ပြအပ်သည်၏ အဖြစ်သို့ ရောက်၏-ဟု ယခုမှ ငါသိရသည်" ဟု မသိဟန်ဆောင်၍ ဆို၏။ သို့သော် ရှေးယခင် ဥပုသ်ပြုရာတို့၌ ထိုရဟန်းသည် နှစ်ကြိမ် သုံးကြိမ်ထက်မနည်း ပါဝင်ဖူးသည်-ဟု အခြားရဟန်းတို့ သိနေကုန်၏။ မသိဟန်ဆောင်ခြင်းကြောင့် အာပတ်မှ လွတ်ခြင်းသည် မရှိ။ ထို့ကြောင့် ထိုကျူးလွန်ခဲ့သော အပြစ်အတွက် ထိုရဟန်းသည် အကြင်အာပတ်သို့လည်း ရောက်နှင့်ပြီးခဲ့ပြီ။ ထိုအာပတ်ကိုလည်း ဝိနည်းတော်အတိုင်း ထိုရဟန်းအား ကုစားစေထိုက်၏။ ထို့ထက်တိုး၍ အရေးယူသောအားဖြင့် သံဃာတော်က ထိုရဟန်းအား "အရှင်သည် ဥပုသ်ပြုရာတို့၌ပါတိမောက်ကို ကောင်းစွာ နှလုံးသွင်း၍ မနာယူခြင်းကြောင့် ရသင့်ရထိုက်သော ဒိဋ္ဌဓမ္မအကျိုး, တမလွန်အကျိုးတို့ကို မရလေစွ၊ ကံကောင်းထောက်မသဖြင့် ရအပ်သော လူ့အဖြစ်ကို အရှင်သည် အရမတော်လေစွ"ဟု ကဲ့ရဲ့ပြောဆို၍ မောဟာကံသို့ ဥတ်ကမ္မဝါစာဖြင့် တင်ရမည်။ ဤသို့ ကံပြုထားပါလျက် တဖန် မသိဟန်ဆောင်ပြန်လျှင် မောဟနသုဒ္ဓပါစိတ်အာပတ်သင့်၏။ [မောဟာကံသို့ မတင်မီ မသိဟန်ဆောင်ခြင်းအတွက်ကား ဒုက္ကဋ်အာပတ်သင့်၏။]

မောဟာကံပြုပုံကို ပါစိတ်ပါဠိတော်(မြန်မာပြန်) အပိုဒ် ၄၄၆၌ ကြည့်။

*(၄) ပဟာရ။ ။စိတ်ဆိုးသည်ဖြစ်၍ တပါးသော ရဟန်းကို လက်, တုတ် စသည်တို့ဖြင့် ရိုက်နှက်လျှင် ပဟာရသုဒ္ဓပါစိတ်အာပတ်သင့်၏။ [ရိုက်

နှက်အံ့၊ အားထုတ်ခြင်း (ပယောဂ)၌ ဒုက္ကဋ်။ ရိုက်နှက်ပြီးသည် ရှိသော် ပါစိတ် အာပတ်သင့်၏။]

လူ,သာမဏေ, တိရစ္ဆာန်တို့ကို ရိုက်နှက်လျှင် ဒုက္ကဋ် အာပတ် သင့်၏။ [ကျောင်းသားများကို ရိုက်နှက်၍ ဆုံးမရာ၌လည်း ဒုက္ကဋ်အာပတ်မှမလွတ်-ဟူ၍ သတိရှိတော်မူကြပါကုန်။]

**အနာပတ္တိဝါရ။** ။သူတပါးက နှိပ်စက်လာသဖြင့် ဘေးမှလွတ်မြောက်အောင် ကာကွယ်ရာ၌ကား လက်လွန်၍ သေစေကာမူ အာပတ်မသင့်။

*(၅) **တလသတ္တိက။** ။စိတ်ဆိုးသည်ဖြစ်၍ တပါးသောရဟန်းကို လက်ဝါး, လက်သီးစသည်တို့ဖြင့် ချီးမြှောက်မိုးရွယ်လျှင် တလသတ္တိက သုဒ္ဓပါစိတ် အာပတ်သင့်၏။ [မိုးရွယ်အံ့၊ အားထုတ်ခြင်း(ပယောဂ)၌ ဒုက္ကဋ်။ မိုးရွယ်ပြီးသည်ရှိသော် ပါစိတ်အာပတ်သင့်၏။]

လူ,သာမဏေတို့ကို ပြုလုပ်လျှင် ဒုက္ကဋ်အာပတ်သင့်၏။

*(၆) **အမူလက။** ။မြင်ခြင်း,ကြားခြင်း, ယုံမှားခြင်း-ဟူသော အခြေအမြစ်မရှိပဲလျက် တပါးသော ရဟန်းအား သံဃာဒိသိသ်အာပတ်ဖြင့် မစွပ်စွဲရ။ စွပ်စွဲသောစကားကို ထိုခဏ၌ ထိုရဟန်း သိနားလည်လျှင် အမူလက သုဒ္ဓပါစိတ်အာပတ်သင့်၏။ [အောက်အာပတ်များဖြင့်သော်၎င်း၊ လူ,သာမဏေတို့အား အပြစ်တခုခုဖြင့်သော်၎င်း ထိုသို့စွပ်စွဲလျှင် ဒုက္ကဋ်အာပတ်သင့်၏။]

**မှတ်ချက်။** ။စွပ်စွဲသောစကားကို ထိုခဏ၌ ထိုရဟန်း မသိနားမလည်သော် မည်သည့်အာပတ်သင့်သနည်းဟူမူ ဖတ်ဖူးသလောက်ဆိုလျှင် မြန်မာပြန်ကျမ်းများ၌ ဖေါ်ပြထားသည်ကို မတွေ့မိပါ။ သို့သော် မသိလျှင် ဒုက္ကဋ် အာပတ်သင့်၏=ဟု ယူအပ်ပေသည်။

အောက်အာပတ်များဖြင့် စွပ်စွဲရာ၌ကား သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ဒုက္ကဋ်အာပတ်သင့်၏-ဟူ၍ ယူရာ၏။

*(၇) **သဉ္စိစ္စ။** ။တပါးသောရဟန်းကို ယုံမှား သံသယ(ကုက္ကုစ္စ) ဖြစ်အောင် အယုတ်သဖြင့် တခဏမျှ စိတ်မချမ်းသာအောင် "သင်သည် အသက်မစေ့ပဲလျက် ရဟန်းခံသည် ထင်၏" စသည်ဖြင့် တမင်သက်သက် ပြောလျှင် သဉ္စိစ္စ သုဒ္ဓပါစိတ်အာပတ်သင့်၏။ [ပြောအံ့၊ အားထုတ်ခြင်း (ပယောဂ)၌ ဒုက္ကဋ်။ ပြောပြီးသည်ရှိသော် ပါစိတ်အာပတ်သင့်၏။]

လူ, သာမဏေတို့ကို အလားတူ ပြုလုပ်လျှင် ဒုက္ကဋ်အာပတ်သင့်၏။

*(၈) ဥပဿုတိ။ ။ဘာစကားများကို ပြောဆို တိုင်ပင်နေကြ လေ သနည်း-ဟု သိလို၍ မိမိတို့ဘက်နှင့် ငြင်းခုံခိုက်ရန်ဖြစ်ပွားကြသော ထိုရဟန်း တို့၏ စကားကို ကြားလောက်သောနေရာ၌ တည်လျက် ချောင်း၍ နားထောင် လျှင် ဥပဿုတိ သုဒ္ဓပါစိတ်အာပတ်သင့်၏။ [နားထောင်အံ့-ဟု သွားအံ့၊ ဒုက္ကဋ်။ အကြင်အရပ်၌ တည်လျက်ကြားအံ့၊ ပါစိတ်အာပတ်သင့်၏။]

ရန်ဘက်ဖြစ်သော လူ, သာမဏေတို့၏စကားကို ချောင်း၍နားထောင်လျှင် ဒုက္ကဋ်အာပတ်သင့်၏။

အနာပတ္တိဂါရ။ ။ထိုရဟန်းတို့၏စကားကိုကြား၍ ရှောင်ကြဉ်အံ့, အထူး ရှောင်ကြဉ်အံ့, ငြိမ်းစေအံ့, မိမိကိုယ်ကို လွတ်စေအံ့-ဟု နှလုံးသွင်း၍သွားအံ့၊ အာပတ်မသင့်။

* (၉) ကမ္မပ္ပဋိဗာဟန။ ။တရားနှင့် လျော်ညီသော ကံ ၄ ပါးတို့ကို သဘောတူ ဆန္ဒပေးပြီးမှနောက်၌ ကဲ့ရဲ့ရှုတ်ချလျှင် ကမ္မပ္ပဋိဗာဟနသုဒ္ဓပါစိတ် အာပတ်သင့်၏။ [ရှုတ်ချအံ့၊ အားထုတ်ခြင်း(ပယောဂ)၌ ဒုက္ကဋ်။ ရှုတ်ချပြီး သည်ရှိသော် ပါစိတ် အာပတ်သင့်၏။]

ကံ ၄ ပါးကား-အပလောကန ကံ၊ ဉတ္တိကံ၊ ဉတ္တိ ဒုတိယကံ၊ ဉတ္တိ စတုတ္ထ ကံ တို့တည်း။

* (၁၀) ဆန္ဒံအဒတွာဂမန။ ။သံဃာတော်၌ ဝိနည်း အဆုံးအဖြတ် ဖြစ်လာ၍ ဆုံးဖြတ်သည်ရှိသော် ဆန္ဒကိုမပေးပဲလျက် နှစ်တောင့်ထွာ ဟတ္ထပါသ် အတွင်းမှ ကင်းလွတ်အောင် ဖဲသွားလျှင် ဆန္ဒံအဒတွာဂမန သုဒ္ဓ ပါစိတ် အာပတ်သင့်၏။ [ပရိသတ်၏ နှစ်တောင့်ထွာဟတ္ထပါသ်ကိုစွန့်စဉ် ဒုက္ကဋ်။ စွန့်ပြီး သည်ရှိသော် ပါစိတ်အာပတ်သင့်၏။]

အင်္ဂါ (၆) ပါး။ ။(၁) ဝိနိစ္ဆယကထာ ဖြစ်နေခိုက် ဖြစ်ခြင်း၊ (၂) ဓမ္မကံဖြစ်ခြင်း၊ (၃) ဓမ္မကံဟုမှတ်ထင်ခြင်း၊ (၄) တူသောသိမ်၌တည်ခြင်း၊ (၅) တူသောသံဝါသရှိသူ ဖြစ်ခြင်း၊ (၆) ကံပျက်စေလို၍ ဟတ္ထပါသ်ကို စွန့်ခြင်းအားဖြင့် ၆ ပါးတည်း။ [ခဏ္ဍသိမ်ဖြစ်၍ သိမ်ပြင်ဘက် ရောက်အောင် သွားလျှင် အာပတ် မသင့်။ သိမ်အတွင်း၌ ဟတ္ထပါသ် စွန့်နေမှ အာပတ် သင့်သည်။]

* (၁၁) ဒုဗ္ဗလ။ ။သံဃာ့ကိစ္စကို ဆောင်ရွက်နေသည့် သမ္မုတိ ရထား သော ရဟန်းအား မိမိအပါအဝင်ဖြစ်သော ရဟန်းသံဃာအားလုံးက အညီ အညွတ် သဘောတူ၍ သင်္ကန်းကိုပေးပြီးမှ နောက်၌ "ထိုရဟန်းတို့သည် သူတို့

နှင့် အကျွမ်းဝင်သည့် အဆွေခင်ပွန်းကိုသာ သံဃာ့လာဘ်ကို ညွတ်စေကုန်၏”ဟု ကဲ့ရဲ့ပြောဆိုလျှင် ဒုဗ္ဗလ သုဒ္ဓပါစိတ်အာပတ်သင့်၏။ [ကဲ့ရဲ့အံ့၊ အားထုတ်ခြင်း (ပယောဂ)၌ ဒုက္ကဋ်။ ကဲ့ရဲ့ပြီးသည်ရှိသော် ပါစိတ်အာပတ်သင့်၏။]

သမ္မုတိမရထားသောရဟန်းသို့မဟုတ် သာမဏေအား သင်္ကန်းကိုသဘောတူ ပေးပြီးမှဖြစ်စေ၊သင်္ကန်းမှတပါး အခြား ဝေဖန်ဖွယ်ပစ္စည်းများကို မည်သူအား မဆို သဘောတူ ပေးပြီးမှဖြစ်စေ ကဲ့ရဲ့လျှင် ဒုက္ကဋ်အာပတ်သင့်၏။ [အ ဂတိ လိုက်စား၍ မပေးထိုက်သူအား ပေးရာ၌ ကဲ့ရဲ့လျှင်ကား အာပတ်မသင့်။]

**အမှာ။** ။သမ္မုတိပေးပုံကို ပါရာဇိကဏ် ပါဠိတော် (မြန်မာပြန်) အပိုဒ် ၃၀၁ ပဌမ ဒုဋ္ဌဒေါသ သိက္ခာပုဒ်၌ ကြည့်။

* (၁၂) **ပရိဏာမန။** သံဃာတော်သို့ ညွတ်လေပြီးသော လာဘ် ကို သိလျက် အခြား ရဟန်းသို့ မညွတ်စေရ။ ညွတ်စေ၍ ထိုရဟန်း ရလျှင် ပရိဏာမနသုဒ္ဓပါစိတ်အာပတ်သင့်၏။[ညွတ်စေအံ့၊အားထုတ်ခြင်း(ပယောဂ)၌ ဒုက္ကဋ်။ ညွတ်စေ၍ ထိုရဟန်း ရလျှင် ပါစိတ်အာပတ်သင့်၏။]

အခြားတိုက် သံဃာသို့ညွတ်ပြီး လာဘ်ကို တခြားတတိုက် သံဃာသို့ဖြစ်စေ, စေတီသို့ဖြစ်စေ, ညွတ်စေလျှင်ငှင်း၊ စေတီသို့ညွတ်ပြီး လာဘ်ကို အခြားစေတီ, ပုဂ္ဂိုလ်နှင့် သံဃာသို့ ညွတ်စေလျှင်ငှင်း၊ ပုဂ္ဂိုလ်တပါးသို့ ညွတ်ပြီးလာဘ်ကို သံဃာ, စေတီနှင့် အခြားပုဂ္ဂိုလ်သို့ ညွတ်စေလျှင်ငှင်း ဒုက္ကဋ်အာပတ်သင့်၏။

“မည်သည့် နေရာ၌ လှူသင့်ပါသနည်း” ဟု တိုင်ပင်လာလျှင်ကား မိမိ သဘောအတိုင်း ညွှန်ပြကောင်း၏။

**မှတ်ချက်။** ။ဤသိက္ခာပုဒ်၌လည်း ပရိဏတ သိက္ခာပုဒ်၌ကဲ့သို့ အင်္ဂါ ၃ပါး ရှိ၏၊ ဤသိက္ခာပုဒ်၌ သံဃိကလာဘ်ကို အခြားရဟန်းသို့ ညွတ်စေခြင်းကြောင့် သုဒ္ဓပါစိတ် အာပတ်သင့်၍ ပရိဏတသိက္ခာပုဒ်၌ သံဃိကလာဘ်ကို မိမိသို့ ညွတ်စေခြင်းကြောင့် နိဿဂ္ဂိပါစိတ် အာပတ်သင့်၏။ ဤ ခြားနားချက်ကို ကြည့်၍ ကြွင်းအင်္ဂါ ၂ပါးကို ပရိဏတ သိက္ခာပုဒ်အတိုင်း သိ။

ရှစ်ခုတို့၏ ပြည့်ကြောင်း ဖြစ်သော သဟဓမ္မိက ဝဂ်လည်း ပြီးခြင်းသို့ ရောက်ပြီ။

---

## ၉။ ရတနဝဂ်(ခေါ်)ရာဇဝဂ်

(၁) **အန္တေပုရ။** ။မင်းမျိုး မင်းနွယ် လည်းဖြစ်၍ ဘိသိက်လည်းခံပြီး သော မင်းနှင့် မိဖုယားတို့ အိပ်ရာ တိုက်ခန်းတွင်းမှ ရှိနေလျှင် ရှေးဦးစွာ

ကြိုတင်၍ မိမိလာကြောင်းကို မပြောကြားပဲလျက် အိပ်ရာတိုက်ခန်း တွင်းသို့ မဝင်ရ၊ ဝင်၍ တံခါးခုံကို လွန်လျှင် အန္တေပုရသုဒ္ဓ ပါစိတ် အာပတ်သင့်၏။ [ပဌမခြေလှမ်းတံခါးခုံကို လွန်အံ့၊ ဒုက္ကဋ်။ ဒုတိယ ခြေလှမ်းကို လွန်စေအံ့၊ ပါစိတ် အာပတ်သင့်၏။]

*(၂) ရတန။ ။အာရာမ်အတွင်း မိမိနေရာ ဌာနအတွင်းကို ကြဉ်၍ အခြားအရပ်၌ ကျကျန်နေသော ရတနာကိုဖြစ်စေ၊ ရတနာ–ဟု သမုတ်အပ်သော ဝတ္ထုတို့ကိုဖြစ်စေ ကိုယ်တိုင်လည်း ကောက်ယူ၍ မသိမ်းထားရ၊သူတပါးကိုလည်း မခိုင်းရ။ ထိုသို့ပြုလုပ်လျှင် ရဘနသုဒ္ဓပါစိတ် အာပတ်သင့်၏။ [ကောက်ယူ ကောက်ယူစေအံ့၊ အားထုတ်ခြင်း(ပယောဂ)၌ ဒုက္ကဋ်။ ကောက်ယူပြီးသည်ရှိသော် ပါစိတ် အာပတ်သင့်၏။]

အာရာမ်အတွင်း မိမိနေရာဌာနအတွင်း၌ ဖြစ်လျှင် ၎င်းဝတ္ထုတို့ကို ဥစ္စာရှင် လာယူသော အခါ ပြန်ပေးအံ့–ဟု နှလုံးသွင်း၍ ကိုယ်တိုင်ဖြစ်စေ၊ သူတပါးကို ဖြစ်စေ ကောက်ယူ ကောက်ယူစေ၍ သိမ်းထားရ၏။ဤသို့ ကောက်ယူ ကောက်ယူစေ၍ သိမ်းထားရခြင်းသည် ထိုရတနာတို့ကို လူတို့မေ့ရစ်ရာ၌ ကျင့်ရာသော ဝတ်တည်း၊ (ဝါ) လောကုတ္တရာတရားကိုးပါးနှင့် လျော်သော ကျင့်ဝတ်တည်း။ [ပျက်ကွက်လျှင် ဝတ္တဘေဒ ဒုက္ကဋ် အာပတ်သင့်၏]။ ။ ရတနာ–ဟူသည် ရွှေ,ငွေ, ပုလဲ, မြ, ကျောက်မျက်ရွဲ, ခရုသင်း, ကျောက်သလင်း, သန္တာ, ပတ္တမြားနီ, ပတ္တမြားပြောက်–ဟူ၍ ၁၀ ပါးတည်း။ ။ ရတနာဟု သမုတ်အပ်သော ဝတ္ထု–ဟူသည် ရတနာ အတုများနှင့် လူတို့၏ အတွင်းအပအသုံးအဆောင်များတည်း]

အာရာမ်အတွင်း မိမိနေရာဌာနအတွင်းတွင် လူတို့ ကျနေရစ်–မေ့နေရစ်၌သာ "ဥစ္စာရှင်တို့ လာယူလိမ့်မည်"ဟူသော ရည်ရွယ်ချက်ဖြင့် သိမ်းထားခွင့်ရှိသည်။ လူတို့က(မိဘပင် ဖြစ်စေကာမူ) သိမ်းပေးပါ–ဟုခိုင်း၍ဖြစ်စေ၊ ကိုယ့်ကိုယ်တိုင် ဘဏ္ဍာစိုးလုပ်လို၍ ဖြစ်စေ မိဘပစ္စည်းကိုသော်လည်း မသိမ်းဆည်းပေးရ။ သိမ်းဆည်းပေးလျှင် ပါစိတ်အာပတ်သင့်၏။"ဦးပဉ္စင်း (ဘုန်းကြီး) တို့မှာ မအပ်ဘူး"ဟု ဆို၍ ပယ်ရမည်။ သူတို့က အတင်းထားသွားလျှင် မတတ်သာ၍ ကြည့်ရှုသိမ်းထား ခွင့်ရှိသည်။

အာရာမ်–ဟူရာ၌ ရဟန်းများ၏ နေထိုင်ရာ ကျောင်းတိုက်မှ(အကာရှိလျှင် အကာအထိ–အကာမရှိလျှင် အစွန်ဆုံးကျောင်းမှ ခဲ ၂ကျ အထိ)ကို ဆိုလိုသည်။

မိမိနေရာဌာန-ဟူသည် ခေတ္တဖြစ်စေ၊ အမြဲဖြစ်စေ မိမိနေခိုက် အိမ်,ကျောင်း များတည်း။ ထိုမိမိနေရာဌာနက အကာအရံရှိလျှင် အကာအရံ အတွင်းကို အကာအရံ မရှိလျှင် ကျည်ပွေ့တကျ အတွင်းကို ယူ။

**(၃) ဝိကာလဂါမပ္ပဝိသန။** ။ခိုးသူဘေး, မီးဘေး, မြွေဘေးစသော အန္တရာယ်နှင့် ကြုံ၍ ရွာတွင်း၌ အဆောတလျင်ပြုဖွယ် ကိစ္စရှိသော အခါကို ကြဉ်၍ နေလွဲသော အခါ၌ ရွာတွင်းသို့ သွားလိုလျှင် ထင်ရှားရှိသော(ဝါ) ၁၂ တောင် အတွင်း၌ ရှိသော ရဟန်းအား မပန်ကြားပဲလျက် မသွားရ။ သွားလျှင် ဝိကာလ ဂါမပ္ပ ဝိသန သုဒ္ဓပါစိတ်အာပတ်သင့်၏။[ပဌမခြေလှမ်း အာရာမ်ကို လွန်စေအံ့၊ ဒုက္ကဋ်။ ဒုတိယ ခြေလှမ်း လွန်စေအံ့၊ ပါစိတ် အာပတ်သင့်၏။]

မှတ်ချက်။ ။အကြင်ကျောင်း၌ ဥပဇ္ဈာယ်ဆရာရှိ၏။ နိဿယည်း ဆရာ သော်လည်းရှိ၏။ ထိုကျောင်း၌ နေသော ရဟန်းသည် ထိုဆရာတို့ကို မပန် ကြားပဲလျက် မည်သည့်အခါမဆို မည်သည့်အရပ်သို့ မဆို မသွားအပ်။

**ပန်ကြားပုံ။** ။"အဟံ ဘန္တေ ဝိကာလေ ဂါမပ္ပဝေသနံ အာပုစ္ဆာမိ=အရှင် ဘုရား, ဘုရား တပည့်တော်သည် နေလွဲသော အခါ၌ ရွာတွင်းသို့ ဝင်ခြင်းကို ပန်ကြားပါ၏"ဟုဆို၍ ပန်ကြား။ ရွာဝင်သူ အချင်းချင်းလည်း ပန်နိုင်သည်။

* **(၄) သူစိဃရ။** ။အရိုး, ဆင်စွယ်, သားချိုဖြင့် အပ်ကျည်ပူးကို မိမိဖို့ မလုပ်ရ၊ မလုပ်စေရ။ လုပ်ခဲ့လျှင် သူစိဃရသုဒ္ဓပါစိတ် အာပတ်သင့်၏။ [လုပ်, လုပ်စေအံ့၊ ပယောဂတိုင်း ပယောဂတိုင်း ဒုက္ကဋ်။ ရခြင်းကြောင့် ပါစိတ် အာပတ်သင့်၏။ ။သူတပါးအတွက်ပြုလုပ်, ပြုလုပ်စေအံ့၊ ဒုက္ကဋ်။ သူတပါး ပြုလုပ်ပြီးသည်ကို သုံးဆောင်အံ့၊ ဒုက္ကဋ်အာပတ်သင့်၏။အပ်ဗူးကိုခွဲပြီးမှ ဒေသနာ ပြောရမည်။]

**အနာပတ္တိဝါရ။** ။ခါးပန်းသီး, အနားပတ်သီး(ကမ္ပတ်သီး)တို့ကို အရိုး စသည်ဖြင့် ပြုလုပ်ရာ၌ အာပတ်မသင့်။ ။အပ်ဗူးကိုကား သစ်, ဝါးစသည်ဖြင့် သာ ပြုကောင်းသည်—ဟု သိ။

* **(၅) မဉ္စပိဌ။** ။ညောင်စောင်း အင်းပျဉ်ဟုခေါ်သော ခုတင်, ထိုင်ခုံ တို့ကို မိမိဖို့လုပ်လျှင်, လုပ်စေလျှင် ဘောင်အောက်စွန်းကို ချန်လှပ်၍ မြတ်စွာ ဘုရား၏ လက်သစ်တော်အားဖြင့် ရှစ်သစ်, ပကတိ ပုရိသ၏ အတောင်အားဖြင့် တတောင့်ထွာထက်ပိုလွန်သော 'အခြေ'ရှိသည့် ခုတင် ထိုင်ခုံတို့ကို မလုပ်ရ၊မလုပ်

စေရ၊ လုပ်ခဲ့လျှင် မဥ္စပီဌသုဒ္ဓ ပါစိတ်အာပတ်သင့်၏။ [လုပ်၊ လုပ်စေအံ့၊ ပယောဂ တိုင်း ပယောဂတိုင်း ဒုက္ကဋ်။ ရခြင်းကြောင့် ပါစိတ် အာပတ် သင့်၏။ ။ သူတပါးအတွက် ပြုလုပ်၊ ပြုလုပ်စေအံ့၊ ဒုက္ကဋ်။ သူတပါး ပြုလုပ်ပြီးသည်ကို သုံးဆောင်အံ့၊ ဒုက္ကဋ်အာပတ်သင့်၏။ ခြေအပိုကို ဖြတ်ပြီးမှ ဒေသနာ ပြော ရမည်။]

အမှာ။ ။ထို မဥ္စမဝစုကီ တ ° ည်းဖြင့် ယူသော် ဘုရားရှင်၏ ဂ-သစ်သည် ၂-ပေဖြစ်၏။

* (၆) တူလောနဒ္ဓ။ ။သစ်လဲ၊ မြက်လဲ နွယ်လဲ၊ ဤတခုခုဖြင့် သွတ်၍ ကြက်အပ်သော ညောင်စောင်း၊ အင်းပျဉ်ဟုခေါ်သော ခုတင်၊ ထိုင်ခုံတို့ကို မိမိဖို့ မလုပ်ရ၊ မလုပ်စေရ။ လုပ်ခဲ့လျှင် တူလောနဒ္ဓသုဒ္ဓပါစိတ် အာပတ်သင့်၏။ [လုပ်၊ လုပ်စေအံ့၊ ပယောဂတိုင်း ပယောဂတိုင်း ဒုက္ကဋ်၊ ရခြင်းကြောင့်ပါစိတ် အာပတ်သင့်၏။ သူတပါးအတွက် ပြုလုပ်၊ ပြုလုပ်စေအံ့၊ ဒုက္ကဋ်။ သူတပါး ပြုလုပ်ပြီးသည်ကို သုံးဆောင်အံ့၊ ဒုက္ကဋ်အာပတ်သင့်၏။ ။လဲကိုထုတ်ပြီးမှ ဒေသနာပြောရမည်။]

သတိ။ ။ယခုကာလ ဝါဂွမ်းများကို အတွင်းသွတ်၍ ချုပ်ထားသော 'စောင်'များကို ကိုယ်အောက်မှာထား၍ မအိပ်သင့်။

ခေါင်းအုံးပမာဏ။ ။အရှည် ၂ တောင်၊ အနံ တောင်ဆုပ် သာလျှင် အလွန်ဆုံး(အကြီးဆုံး)ရှိစေရမည်။ ထိုတက်ကြီးသော မှီအုံးကြီးတို့ကား မအပ်။ ခေါင်းအုံးများကို လက်ထောက်ခြင်း၊ ရင်အောက်၌ထားခြင်းတို့ကို ရှောင်ကြဉ် အပ်၏။

အမှာ။ အကပ္ပိယ လဲသုံးပါး အစာသွတ်သွင်းထားသော အုံး-မွေ့ရာ၌ ထိုင်ခြင်း၊ ခေါင်းအုံးကို ခါးဖြင့်မှီခြင်း၊ ရင်အောက် ပေါင်အောက်၌ထားခြင်း၊ လက်ထောက်ခြင်းကို ပြုမိကြသည်များလှ၏။ ခြေအုံး-ခေါင်းအုံး နှစ်လုံးကိုသာ ပါဠိ အဋ္ဌကထာ ခွင့်ပြုသော အရာ လာရှိသောကြောင့် ခါးနှင့်ဒူး-ပေါင်-တထောင်-လက်တို့ကား ခြေ-ဦးခေါင်းတို့၌ မဝင်၊ မသွင်းနိုင်ရကား ဘုရား အာဏာတော်၌ တည်၊ မိမိ သီလကို ချစ်သည်မှန်က ပယ်လှန်ခြင်းငှါ မသင့် သောကြောင့် ၎င်းခါးစသည်တို့အောက်၌ ထားခြင်းကိုပြုက ဒုက္ကဋ်စသော သင့်မှုရှိ၍ ဥတုသုံးပါးနှင့်လည်း လျော်၊ ဘုရားအာဏာတော်ကိုလည်း မပယ် လှန်၊ အုန်းဆန် အစာ ပုဆိုး အစာသွတ်ကုန်သော ခေါင်းအုံးတို့ကို သုံးစွဲက ဒုက္ကဋ်အာပတ်စသည်မှ လွဲလေ၏-ဟူ၍ ပါမောဇ္ဇဒီပနီကျမ်း၌ ဆို၏။

* (၇) နိသီဒန။ ။နိသီဒိုင်ကို မိမိဖို့ လုပ်လျှင် လုပ်စေလျှင် မြတ်စွာဘုရား၏ အထွာတော်အားဖြင့် အလျား ၂ ထွာ, အနံ ၁ ထွာခွဲ, အဆာ ၁ ထွာ ထက်မပိုစေရ။ ပိုလျှင် နိသီဒနသုဒ္ဓပါစိတ် အာပတ်သင့်၏။ [လုပ်, လုပ်စေအံ့၊ ပယောဂတိုင်း ပယောဂတိုင်း ဒုက္ကဋ်။ ရခြင်းကြောင့် ပါစိတ်အာပတ်သင့်၏။ ။ သူတပါးအတွက် ပြုလုပ်, ပြုလုပ်စေအံ့၊ ဒုက္ကဋ်။ သူတပါး ပြုလုပ်ပြီးသည်ကို သုံးဆောင်အံ့၊ ဒုက္ကဋ် အာပတ်သင့်၏။ ။အပိုကိုဖြတ်ပြီးမှ ဒေသနာ ပြောရမည်။]

* (၈) ကဏ္ဍုပ္ပဋိစ္ဆာဒိ။ ။အမာလှမ်းသင်္ကန်းကို မိမိဖို့လုပ်လျှင် လုပ်စေလျှင် မြတ်စွာဘုရား၏အထွာတော်အားဖြင့် အလျား ၄ ထွာ, အနံ ၂ ထွာထက် မပိုစေရ။ ပိုလျှင် ကဏ္ဍုပ္ပဋိစ္ဆာဒိသုဒ္ဓပါစိတ် အာပတ်သင့်၏။ [လုပ်, လုပ်စေအံ့၊ ပယောဂတိုင်း ပယောဂတိုင်း ဒုက္ကဋ်။ ရခြင်းကြောင့် ပါစိတ် အာပတ်သင့်၏။ သူတပါးအတွက် ပြုလုပ်, ပြုလုပ်စေအံ့၊ ဒုက္ကဋ်။ သူတပါး ပြုလုပ်ပြီးသည်ကို သုံးဆောင်အံ့၊ ဒုက္ကဋ် အာပတ်သင့်၏။ ။အပိုကို ဖြတ်ပြီးမှ ဒေသနာ ပြောရမည်။]

(၉) ဝဿိကသာဋိက။ ။မိုးရေခံသင်္ကန်းကို မိမိဖို့လုပ်လျှင် လုပ်စေလျှင် မြတ်စွာဘုရား၏ အထွာတော်အားဖြင့် အလျား ၆ ထွာ, အနံ ၂ထွာခွဲထက် မပိုစေရ။ ပိုလျှင် ဝဿိက သာဋိက သုဒ္ဓပါစိတ် အာပတ်သင့်၏။ [လုပ်, လုပ်စေအံ့၊ ပယောဂတိုင်း ပယောဂတိုင်း ဒုက္ကဋ်။ ရခြင်းကြောင့် ပါစိတ် အာပတ်သင့်၏။ ။သူတပါးအတွက် ပြုလုပ်, ပြုလုပ်စေအံ့၊ ဒုက္ကဋ်။ သူတပါးပြုလုပ်ပြီးသည်ကို သုံးဆောင်အံ့၊ ဒုက္ကဋ်အာပတ်သင့်၏။ ။အပိုကို ဖြတ်ပြီးမှ ဒေသနာ ပြောရမည်။]

*(၁၀) နန္ဒတ္ထေရ(ခေါ်) သုဂတစီဝရ။ ။မြတ်စွာဘုရား၏ သင်္ကန်းတော် ပမာဏနှင့် အညီ ဖြစ်စေ၊ ပိုလွန်၍ဖြစ်စေ မိမိဖို့ သင်္ကန်းကို မလုပ်ရ၊ မလုပ်စေရ။ လုပ်ခဲ့လျှင် နန္ဒတ္ထေရ(ခေါ်) သုဂတစီဝရ သုဒ္ဓ ပါစိတ် အာပတ်သင့်၏။

* မြတ်စွာဘုရား၏ သင်္ကန်းတော် ပမာဏကား မြတ်စွာဘုရား၏ အထွာတော်အားဖြင့် အလျား ၉ထွာ, အနံ ၆ ထွာတည်း။ အတောင်အားဖြင့် အလျား ၄ တောင့်ထွာ, အနံ ၃ တောင်တည်း။[ပကတိပုရိသ၏ အတောင်အားဖြင့် အလျား အတောင် ၂၀ လက် ၆ သစ်, အနံ ၁၃ တောင် ၁ထွာ ဖြစ်၏။ ။ဆင်ခြင်။]

လုပ်,လုပ်စေအံ့၊ ပယောဂတိုင်း ပယောဂတိုင်း ဒုက္ကဋ်။ ရခြင်းကြောင့် ပါစိတ်အာပတ်သင့်၏။ ။သူတပါးအတွက် ပြုလုပ်,ပြုလုပ်စေအံ့၊ ဒုက္ကဋ်။ သူတပါး ပြုလုပ်ပြီးသည်ကို သုံးဆောင်အံ့၊ ဒုက္ကဋ်အာပတ်သင့်၏။ ။ပမာဏ အညီနှင့် အပိုကို ဖြတ်ပြီးမှ ဒေသနာ ပြောရမည်။

အမှာ။ ။မြတ်စွာဘုရား၏ သက်န်းတော် ပမာဏမှာ အလျား ၂၇ ပေ ဖြစ်၍ အနံ ၁၈ ပေဖြစ်သည်–ဟူ၍ ထို မဇ္ဈိမ ဝစုကီ တွက်နည်း၌ တွက်ပြထားပါသည်။

ကိုးခုတို့၏ ပြည့်ကြောင်း ဖြစ်သော ရတနဝဂ် (ခေါ်) ရာဇဝဂ်သည် ပြီးခြင်းသို့ရောက်ပြီ။

အရှင်တို့, ကိုးဆယ့်နှစ်ပါးကုန်သော သုဒ္ဓပါစိတ် အမည်ရှိကုန်သော အာပတ်တို့ကို သရုပ်အားဖြင့် ပြအပ်ကုန်ပြီးသည်သာတည်း။ ထိုကိုးဆယ့်နှစ်ပါးကုန်သော သုဒ္ဓပါစိတ်အာပတ်တို့၌ အရှင်တို့ကို ဘုရားတပည့်တော် မေးပါ၏၊ အသို့နည်း၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော။ နှစ်ကြိမ် မြောက်လည်း မေးပါ၏၊ အသို့နည်း၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော။ သုံးကြိမ် မြောက်လည်း မေးပါ၏၊ အသို့နည်း၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော။ အရှင်တို့သည် အာပတ်မှ စင်ကြယ်ကြကုန်သော ကြောင့်သာလျှင် ဆိတ်ဆိတ် နေကြကုန်၏၊ ဤသို့ ဆိတ်ဆိတ်နေကြကုန်သဖြင့် ဤအာပတ်မှ စင်ကြယ်ကြကုန်၏-ဟူ၍ သိမှတ်ရ၏။

ကိုးဆယ့်နှစ်ပါးကုန်သော သုဒ္ဓ ပါစိတ် အမည်ရှိကုန်သော အာပတ်တို့သည်ပြီးခြင်းသို့ ရောက်ကုန်ပြီ။

---

## ၉။ ။ပါဋိဒေသနီ ၄ ပါး

မှတ်ချက်။ ။ပါဋိဒေသနီအာပတ်များကို အခြား အာပတ်များကဲ့သို့ ဒေသနာ မပြော(ဒေသနာမကြား)ရပဲ သိက္ခာပုဒ်တော်၌ ပါရှိသည့်အတိုင်း "ဂါရယှံ အာဝုသော ဓမ္မံ အာပဇ္ဇိံ အသပ္ပါယံ ပါဋိဒေသနီယံ၊ တံ ပဋိဒေသေမိ"ဟု ဆို၍ ဒေသနာပြောရသောကြောင့် "ပါဋိဒေသနီယ"ဟု ခေါ်သည်။ ။ပဋိဒေသေတဗ္ဗာတိ ပါဋိဒေသနီယာ-ဟု ပြု၊ ပဋိဒေသေတဗ္ဗာ၊ သီးခြားဒေသနာ ပြောအပ်၏။ ဣတိ၊ ထို့ကြောင့်။ ပါဋိဒေသနီယာ၊ ပါဋိဒေသနီယ မည်၏။

ပါဋိဒေသနီယ အာပတ်သင့်လျှင်“အဟံ ဘန္တေ”စသည်ဖြင့် ထုံးစံ အတိုင်း ဒေသနာမပြောပဲ “အာဝုသော၊ ငါ့ရှင်။ အဟံ၊ ငါသည်။ ဂါရယှံ၊ ကဲ့ရဲ့ ထိုက်သော။ အသပ္ပါယံ၊ နတ်ပြည်နိဗ္ဗာန်အား မလျော်ကပ်သော။ ပါဋိ ဒေသနီယံ၊ ပါဋိဒေသနီယမည်သော။ ဓမ္မံ၊ အာပတ်သို့။ အာပဇ္ဇိံ၊ ရောက် ပါပြီ။ တံ၊ ထိုပါဋိဒေသနီ အာပတ်ကို။ ပဋိဒေသေမိ၊ သီးခြား ပြောပါ၏၊ (ဝါ)သီးခြား ဒေသနာကြားပါ၏”ဟု ဆို၍ တသီးတခြား ဒေသနာပြော ရမည်။ သို့ရာတွင် အခြားအာပတ်များကဲ့သို့ ဒေသနာ ပြောလျှင်လည်း အာ ပတ်မှ မထ-ဟု မဆိုသာ။ ။[အငယ်ဖြစ်လျှင်“အာဝုသော”အစား“ဘန္တေ= အရှင်ဘုရား”ဟုဆို။]

---

အရှင်တို့, လေးပါးကုန်သော ပါဋိဒေသနီ အမည်ရှိကုန်သော ဤအာ ပတ်တို့သည် သရုပ်အားဖြင့် ပြအပ်သည်၏ အဖြစ်သို့ ရောက်ကုန်၏။

(၁) **ပဌမ ပါဋိဒေသနီ။** ။ရွာတွင်းသို့ ဆွမ်းခံဝင်သော ဆွေမျိုးမတော် သော ရဟန်းမိန်းမ၏ လက်မှ ခဲဖွယ်ကိုဖြစ်စေ၊ ဘောဇဉ်ကို ဖြစ်စေ မိမိ လက်ဖြင့် (ကိုယ်တိုင်)ခံယူ၍ မစားရ။ စားလျှင် မျိုတိုင်းမျိုတိုင်း ပဌမပါဋိ ဒေသနီ အာပတ်သင့်၍ “အရှင်ဘုရား, ဘုရားတပည့်တော်သည် ကဲ့ရဲ့အပ် သော မလျော်ကပ်သော ပါဋိဒေသနီ အာပတ်သို့ ရောက်ပြီ၊ ထိုပါဋိ ဒေသနီ အာပတ်ကို သီးခြားပြောကြားပါ၏”ဟု ဆို၍ ဒေသနာပြောရမည်။ [ခံယူအံ့၊ ဒုက္ကဋ်။ မျိုတိုင်းမျိုတိုင်း ပါဋိဒေသနီအာပတ်သင့်၏။]

(၂) **ဒုတိယပါဋိဒေသနီ။** ။ဒါယကာတို့ ပင့်ဖိတ်၍အိမ်၌ ရဟန်းတို့ ဆွမ်းဘုဉ်းပေးနေစဉ် ရဟန်းမိန်းမက“ဤအရှင်၏ သပိတ်၌ ဟင်းထည့် ပေး လော့၊ ထမင်းထည့်ပေးလော့”ဟု စီရင်ပြောဆိုငြားအံ့၊ ထိုရဟန်း မိန်းမကို တဦးတယောက်သော ရဟန်းကမှ “ရဟန်းတို့ ဆွမ်းဘုဉ်းပေးနေတုန်း သင် တခြားသို့ သွားနေလော့”ဟု မမောင်းမဲပဲလျက် ဆက်လက် ခံယူ၍ မစားရ။ စားလျှင် မျိုတိုင်း မျိုတိုင်း ဒုတိယပါဋိဒေသနီ အာပတ်သင့်၍“အရှင်ဘုရား တို့, ဘုရားတပည့်တော်တို့သည် ကဲ့ရဲ့အပ်သော မလျော်ကပ်သော ပါဋိ ဒေသနီ အာပတ်သို့ ရောက်ကုန်ပြီ၊ ထိုပါဋိ ဒေသနီ အာပတ်ကို သီးခြားပြော ကြားပါကုန်၏”ဟု ဆိုကြ၍ ဒေသနာ ပြောကြရမည်။[မမောင်းမဲပဲ လျက် ခံယူအံ့၊ ဒုက္ကဋ်။ မျိုတိုင်းမျိုတိုင်း ပါဋိဒေသနီ အာပတ်သင့်၏။]

(၃) **တတိယ ပါဋိဒေသနီ။** ။ရှေးဦးစွာ ကြိုတင်၍ ဖိတ်မံထားခြင်းကို လည်း မရရှိထား၊ ဂိလာနလည်း မဟုတ်ပဲလျက်‘သေက္ခ’ဟု သမ္မုတိ ရထား

သော အမျိုးတို့မှ ခဲဖွယ်ကို ဖြစ်စေ၊ ဘောဇဉ်ကို ဖြစ်စေ မိမိလက်ဖြင့်(ကိုယ်တိုင်)ခံယူ၍ မစားရ။ စားလျှင် မျိုတိုင်းမျိုတိုင်း တတိယပါဋိဒေသနီ အာပတ်သင့်၍ "အရှင်ဘုရား,ဘုရားတပည့်တော်သည် ကဲ့ရဲ့အပ်သော မလျောက်ပတ်သော ပါဋိဒေသနီ အာပတ်သို့ရောက်ပြီ၊ ထိုပါဋိဒေသနီ အာပတ်ကို သီးခြား ပြောကြားပါ၏"ဟု ဆို၍ ဒေသနာ ပြောရမည်။ [ခံယူအံ့၊ ဒုက္ကဋ်။ မျိုတိုင်းမျိုတိုင်း ပါဋိဒေသနီ အာပတ်သင့်၏။]

အမှာ။ ။ဥတ္တိဒုတိယ ကံဖြင့် သမ္မုတိပေးပုံကို ပါစိတ်ပါဠိတော် (မြန်မာပြန်) အပိုဒ် ၅၆၃ ၌ ဖြစ်စေ၊ ဘုရားဥပဒေတော်ကြီး၌ ဖြစ်စေ ကြည့်။

(၄) **စတုတ္ထပါဋိဒေသနီ။** ။ခိုးသူတို့ဖြင့် ရွံရှာဖွယ် ရှိ၏ဟု သမုတ်အပ်သော တောဘျမ်းနှင့်တကွ ဖြစ်သော တောကျောင်း၌ နေသော ရဟန်းသည် မိမိအား"ခဲဖွယ်, ဘောဇဉ်ကို လှူပါမည်"ဟု ရှေးဦးစွာ ကြိုတင်၍ မလျှောက်ထားပဲ ပို့လှူလာသော ခဲဖွယ်ကို ဖြစ်စေ၊ဘောဇဉ်ကိုဖြစ်စေ အာရာမ်အတွင်း၌ မနာမဖျားပဲလျက် မိမိလက်ဖြင့်(ကိုယ်တိုင်)ခံယူ၍ မစားရ။စားလျှင် မျိုတိုင်းမျိုတိုင်း စတုတ္ထပါဋိဒေသနီ အာပတ်သင့်၍"အရှင်ဘုရား, ဘုရားတပည့်တော်သည် ကဲ့ရဲ့အပ်သော မလျောက်ပတ်သော ပါဋိဒေသနီ အာပတ်သို့ရောက်ပြီ၊ ထိုပါဋိဒေသနီ အာပတ်ကို သီးခြား ပြောကြားပါ၏"ဟုဆို၍ ဒေသနာ ပြောရမည်။ [ခံယူအံ့၊ ဒုက္ကဋ်။ မျိုတိုင်း မျိုတိုင်း ပါဋိဒေသနီ အာပတ်သင့်၏။]

အရှင်တို့, လေးပါးကုန်သော ပါဋိဒေသနီ အမည်ရှိကုန်သော အာပတ်တို့ကို သရုပ်အားဖြင့် ပြအပ်ကုန်ပြီးသည်သာတည်း။ ထိုလေးပါးသော ပါဋိဒေသနီ အာပတ်တို့၌ အရှင်တို့ကို ဘုရားတပည့်တော် မေးပါ၏၊ အသို့နည်း၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော။ နှစ်ကြိမ်မြောက်လည်း မေးပါ၏၊ အသို့နည်း၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော။ သုံးကြိမ်မြောက်လည်း မေးပါ၏၊ အသို့နည်း၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော။ အရှင်တို့သည် အာပတ်မှ စင်ကြယ်ကြကုန်သောကြောင့်သာလျှင် ဆိတ်ဆိတ်နေကြကုန်၏။ ဤသို့ ဆိတ်ဆိတ်နေကြကုန်သဖြင့် ဤအာပတ်မှ စင်ကြယ်ကြကုန်၏-ဟူ၍ သိမှတ်ရ၏။

လေးပါးကုန်သော ပါဋိဒေသနီ အမည် ရှိကုန်သော အာပတ်တို့သည် ပြီးခြင်းသို့ရောက်ကုန်ပြီ။

## ၁၀။ ။သေခိယ ၇၅ ပါး

**မှတ်ဖွယ်။** ။ဤသေခိယ သိက္ခာပုဒ်တို့သည် ဝါရိတ္တ မဟုတ်၊ စာရိတ္တ ဝိနည်းဖြစ်သည်။ အာပတ်ကို အမည် မတပ်သော်လည်း ပဒဘာဇနီ၌'အာပတ္တိ ဒုက္ကဋဿ'ဟု ဟောတော်မူသောကြောင့် အလုံးစုံသော သေခိယ သိက္ခာပုဒ် တို့၌ မရိုမသေ ပြုပါမူကား ဒုက္ကဋ် အာပတ်သင့်သည်ချည်း-ဟုမှတ်။

ဝါရိတ္တကား သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ကျူးလွန်လျှင် အာပတ် သင့်၏။ စာရိတ္တကား မသိ၍ မကျင့်လျှင် အပြစ်မရှိ။ သိလျက် မကျင့်လျှင် သာ အပြစ်ရှိသည်။ သိ၍ ကျင့်လျှင်လည်း အကျိုးရပြန်သည်။ [ပါတိမောက် ဘာသာဋီကာ။]

---

အရှင်တို့, သေခိယ အမည်ရှိကုန်သော ဤသိက္ခာပုဒ်တို့သည် သရုပ်အား ဖြင့် ပြအပ်သည်၏ အဖြစ်သို့ ရောက်ကုန်၏။

### ၁။ ပရိမဏ္ဍလဝဂ်

*(၁) ပရိမဏ္ဍလ နိဝါသန။ ။သင်းပိုင်ကို ထက်ဝန်းကျင် ညီညာစွာ ဝတ်ရမည်။

**အင်္ဂါ ၃-ပါး။** ။၁-သိက္ခာပုဒ်ကို မကျင့်လိုသော အနာဒရိယ စိတ် ထားရှိခြင်း၊ ၂-အနာပတ္တိ ဖြစ်ရန် အကြောင်းမရှိခြင်း (ကျင့်နည်းကို မသိ ခြင်း စသော အကြောင်းမရှိ-ဟူလို)၊ ၃-ထက်ဝန်းကျင် ဝန်းဝိုင်းစွာ မဝတ် ခြင်းအားဖြင့် အင်္ဂါ ၃ ပါးတည်း။ [ဤသိက္ခာပုဒ်၌ ပြထားသော အင်္ဂါ ၃ ပါးတွင် ရှေ့ ၂ ပါးသည် သေခိယအားလုံးနှင့် ဆိုင်၏၊ နောက်ဆုံးတပါး မှာ သိက္ခာပုဒ်၌ပြသော ကျင့်ဖွယ်ကို ပြောင်းပြန်ပြန်ထားသော အင်္ဂါဖြစ်သည်။ ထို့ကြောင့် သုပ္ပဋိစ္ဆန္န သိက္ခာပုဒ်၌''ကောင်းစွာ မဖုံးပဲရုံခြင်း''သည် တတိယ အင်္ဂါဖြစ်သည်။ ဤသို့လျှင် ရှေ့အင်္ဂါ ၂ ပါးမှာ သေခိယ အားလုံးနှင့်ဆိုင် သည်၊ တတိယ အင်္ဂါမှာ သိက္ခာပုဒ်ကို ပြောင်းပြန် ပြန်ရသော အင်္ဂါဖြစ် သည်။ သိလောက်ပြီဖြစ်၍ နောက်နောက် သေခိယ သိက္ခာပုဒ်တို့၌ အင်္ဂါကို မပြတော့ပြီ။]

**အနာပတ္တိဝါရ။** ။စေတနာ မရှိသော ရဟန်း, သတိ မေ့လျော့သော ရဟန်း, မသိသောရဟန်း, နာဖျားသော ရဟန်းအား အာပတ်မသင့်၊ ဘေး ရန်တို့ကြောင့် အာပတ်မသင့်၊ ရူးသော ရဟန်း အစလက်ဦး ကျူးလွန်သော ရဟန်းတို့အားလည်း အာပတ်မသင့်။ [သတိမေ့လျော့သော ရဟန်းအား အာပတ်မသင့်-ဟူသော ဤအင်္ဂါသည် ပါဒုကဝဂ်-ဥဒကေ ဥစ္စာရ သိက္ခာပုဒ်

မှတပါး ကျန် သေခိယ သိက္ခာပုဒ်တိုင်း၌ ပါဝင်သည်ဟုသိ]။ နောက်သိက္ခာပုဒ်များ၏ အနာပတ္တိဝါရကို သိလိုလျှင် ပါစိတ် ပါဠိတော် (မြန်မာပြန်)၌ ကြည့်။

*(၂) ပရိမဏ္ဍလပါရုပန။ ။ကိုယ်ရုံသင်္ကန်းကို ထက်ဝန်းကျင်ညီညာစွာ ရမ်းရမည်။

*(၃) သုပ္ပဋိစ္ဆန္န။ ။လည်ပင်း, လက်ကောက်ဝတ်တို့မှစ၍ ကိုယ်ကို ကောင်းစွာ ဖုံးလွှမ်းလျက် သင်္ကန်းရုံ၍ မြို့တွင်းရွာတွင်း၌ သွားရမည်။

*(၄) သုပ္ပဋိစ္ဆန္န။ ။လည်ပင်း, လက်ကောက်ဝတ်တို့မှစ၍ ကိုယ်ကို ကောင်းစွာ ဖုံးလွှမ်းလျက် သင်္ကန်းရုံ၍ မြို့တွင်းရွာတွင်း၌ နေထိုင်ရမည်။[မြို့ရွာတွင်း၌ခေတ္တ တည်းခိုနေခိုက် သင်္ကန်းရုံ၍ မနေသော်လည်း အာပတ် မသင့်။ သို့သော် တည်းခို နေထိုင်ရန် သွားသည့်အခါ၌ သင်္ကန်းရုံ၍ သွားရမည့်ပြင် ပရိမဏ္ဍလသိက္ခာပုဒ်တော်နှင့်အညီ သင်းပိုင်ကို ထက်ဝန်းကျင် ညီညာစွာဝတ်၍ ကိုယ်ရုံသင်္ကန်းကို ထက်ဝန်းကျင်ညီညာစွာ ရမ်းလျက် နေထိုင်ရမည်။ ထိုသို့ တည်းခိုနေထိုင်ခြင်း မဟုတ်ပဲ ပရိတ်ရွတ်တရားဟောကိစ္စအတွက် နေထိုင်ရာ၌ကား အချိန်ကြာသော်လည်း သင်္ကန်းရုံ၍ နေထိုင်ရမည်သာ။]

*(၅) သုသံဝုတ။ ။လက်ခြေမကစားပဲ ဣန္ဒြေကို ကောင်းစွာ စောင့်ရှောက်လျက် မြို့တွင်းရွာတွင်း၌ သွားရမည်။

*(၆) သုသံဝုတ။ ။လက်ခြေမကစားပဲ ဣန္ဒြေကို ကောင်းစွာ စောင့်ရှောက်လျက် မြို့တွင်းရွာတွင်း၌ နေထိုင်ရမည်။

*(၇) ဩက္ခိတ္တစက္ခု။ ။ရထားထမ်းပိုးတပြန် (၄ တောင်)ခန့်မျှ လှမ်းကြည့်လျက် အောက်သို့ မျက်လွှာချ၍ မြို့တွင်းရွာတွင်း၌ သွားရမည်။

* (၈) ဩက္ခိတ္တစက္ခု။ ။ရထားထမ်းပိုးတပြန် (၄ တောင်)ခန့်မျှ လှမ်းကြည့်လျက် အောက်သို့ မျက်လွှာချ၍ မြို့တွင်းရွာတွင်း၌ နေထိုင်ရမည်။

* (၉) ဥက္ခိတ္တက။ ။သင်္ကန်းကို မြှောက်ပင့်လျက် မြို့တွင်း ရွာတွင်း၌ မသွားရ။

* (၁၀)ဥက္ခိတ္တက။ ။သင်္ကန်းကို မြှောက်ပင့်လျက် မြို့တွင်း ရွာတွင်း၌ မနေရ။

ရှေးဦးစွာသော ပရိမဏ္ဍလဝဂ်သည် ပြီးခြင်းသို့ရောက်ပြီ။

## ၅။ ဥဇ္ဇဂ္ဃိကဝဂ်

* (၁) **ဥဇ္ဇဂ္ဃိက**။ ။ပြင်းစွာရယ်လျက် မြို့တွင်းရွာတွင်း၌ မသွားရ။

* (၂) **ဥဇ္ဇဂ္ဃိက**။ ။ပြင်းစွာရယ်လျက် မြို့တွင်းရွာတွင်း၌ မနေရ။

* (၃) **အပ္ပသဒ္ဒ**။ ။အကြောင်းရှိလျှင် တိုးတိုးသာသာ အသံဖြင့်ပြော၍ မြို့တွင်းရွာတွင်း၌ သွားရမည်။ ကျယ်လောင်စွာပြော၍ မသွားရ။

* (၄) **အပ္ပသဒ္ဒ**။ ။အကြောင်းရှိလျှင် တိုးတိုးသာသာ အသံဖြင့်ပြော၍ မြို့တွင်းရွာတွင်း၌ နေရမည်။ ကျယ်လောင်စွာပြော၍ မနေရ။

**မှတ်ချက်**။ ။ဤသိက္ခာပုဒ်တော်ကို ရဟန်းသာမဏေချင်း စကားပြောရာ၌သာ ပညတ်တော်မူလိုရင်း ဖြစ်ဟန်တူ၏။ လူများနှင့် စကားပြောရာ၌ကား (အထူးသဖြင့် မာတုဂါမများနှင့်ပြောရာ၌) တိုးတိုးပြောလျှင် အပြစ်တင်ဖွယ်ပင် ဖြစ်ရာ၏။

* (၅) **ကာယပ္ပစာလက**။ ။ကိုယ်ကို လှုပ်၍လှုပ်၍ မြို့တွင်း ရွာတွင်း၌ မသွားရ။

* (၆) **ကာယပ္ပစာလက**။ ။ကိုယ်ကို လှုပ်၍လှုပ်၍ မြို့တွင်း ရွာတွင်း၌ မနေရ။

* (၇) **ဗာဟုပ္ပစာလက**။ ။လက်မောင်း(လက်ရုံး)တို့ကို လှုပ်၍ လှုပ်၍ မြို့တွင်းရွာတွင်း၌ မသွားရ။

* (၈) **ဗာဟုပ္ပစာလက**။ ။လက်မောင်း (လက်ရုံး)တို့ကို လှုပ်၍လှုပ်၍ မြို့တွင်းရွာတွင်း၌ မနေရ။

* (၉) **သီသပ္ပစာလက**။ ။ဦးခေါင်းကို လှုပ်၍လှုပ်၍ မြို့တွင်းရွာတွင်း၌ မသွားရ။

* (၁၀) **သီသပ္ပစာလက**။ ။ဦးခေါင်းကို လှုပ်၍လှုပ်၍ မြို့တွင်းရွာတွင်း၌ မနေရ။

နှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော ဥဇ္ဇဂ္ဃိကဝဂ်သည် ပြီးခြင်းသို့ရောက်ပြီ။

---

## ၃။ ခမ္ဘကတဝဂ်

* (၁) **ခမ္ဘကတ**။ ။ခါးထောက်လျက် မြို့တွင်းရွာတွင်း၌မသွားရ။

* (၂) **ခမ္ဘကတ**။ ။ခါးထောက်လျက် မြို့တွင်း ရွာတွင်း၌ မနေရ။

* (၃) **ဩဂုဏ္ဌိတ**။ ။ဦးခေါင်းကိုခြုံလျက် မြို့တွင်းရွာတွင်း၌ မသွားရ။

* (၄) ဩဂုဏ္ဌိတ။ ။ဦးခေါင်းကိုခြုံလျက် မြို့တွင်းရွာတွင်း၌ မနေရ။

* (၅) ဥက္ကုဋိက။ ။ခြေဖျားဖြင့်ရ င်း၊ ဖနောင့်ဖြင့် ရင်း နင်းလျက် မြို့တွင်းရွာတွင်း၌ မသွားရ။

* (၆) ပလ္လတ္ထိက။ ။လက် အာယောဂပတ်, ပုဆိုး အာယောဂပတ် ဖွဲ့လျက် မြို့တွင်းရွာတွင်း၌ မနေရ။

[ဒူးနှစ်ဖက်ကိုထောင်၍ လက်ဖြင့်ပိုက်ဖွဲ့လျက်ထိုင်ခြင်းသည် လက်အာယော ဂပတ် ဖွဲ့သည်မည်၏။ ဒူးနှစ်ဖက်ကိုထောင်၍ အဝတ်ဖြင့်ပတ်ဖွဲ့လျက် ထိုင်ခြင်း သည် ပုဆိုးအာယောဂပတ် ဖွဲ့သည်မည်၏။]

* (၇) သက္ကစ္စပဋိဂ္ဂဟဏ'။ ။အရိုအသေ သတိထား၍ ဆွမ်းကိုခံရမည်။

**မေတ္တာရပ်ခံချက်။** ။မိုးဥတု၌ မိုးစိုစွတ်ခြင်းမှ ကာကွယ်ရန်အလို့ငှါ တော ရွာများ၌ အိမ်ရှေ့များတွင် ဆွမ်းလောင်းရုံများ ဆောက်ထားလေ့ ရှိကြ၏။ ထိုဆွမ်းလောင်းရုံများမှာ များသောအားဖြင့် သေးငယ်၍ ဆွမ်းလောင်းသော သူသည် ရုံအမိုးအောက်၌ နေလျက် ဆွမ်းလောင်း၏။ ဆွမ်းခံသောဘုန်းကြီး များမှာ ရုံအပြင်ဘက် အမိုး တံစက်မြိတ်အောက်၌ရပ်၍ ဆွမ်းခံကြရရှာ၏။ ထိုသို့ ဆွမ်းခံခြင်းကြောင့် အမိုးတံစက်မြိတ်မှ ကျသော မိုးရေစက်သည် သပိတ်အတွင်းသို့ ဝင်တတ်၏၊ ထိုမိုးရေစက်များကို ဝိနည်းတော်အရ ဆိုလျှင် 'ရေကြည်'ဟု မဆိုသာ၊ အဘယ်ကြောင့်ဆိုသော် ဝိနယဒုက္ကဋ်(ခေါ်) ဒုက္ကဋ် အာပတ်နှင့်တကွ ဒန္တပေါနသုဒ္ဓပါစိတ်အာပတ်ကို သင့်စေနိုင်သော ရထရေဏု မြူမှုန်ပမာဏရှိသော ပိုးချေးများ အမှိုက်များသည် ထိုမိုးရေစက်များ၌ ပါလေ့ ရှိသောကြောင့်တည်း။ [ဤကား ပဌမ ချွတ်ယွင်းချက်တည်း။]

ဒုတိယ ချွတ်ယွင်းချက်။ ။ဆွမ်းလောင်းရုံအတွင်း၌ ‧မြေကို ဖို့ထားလေ့ ရှိ၏။ ထိုဖို့မြေမှာ ဘုန်းကြီးများ ဆွမ်းခံရန်ရပ်သောနေရာမြေထက် မြင့်မောက် နေ၏။ ဆွမ်းလောင်းသောသူများက ထို ဖို့မြေပေါ်၌ရပ်လျက် ဆွမ်းလောင်းကြ ရကား ဘုန်းကြီးများသည် ထိုအောက် နိမ့်သောနေရာမှနေ၍ ဆွမ်းခံကြရရှာ၏။

ဤချွတ်ယွင်းချက်များကို ပြုပြင်ဖို့လို၏၊ ထို့ကြောင့် ဆွမ်းလောင်းရုံများကို ‧ဆောက်လုပ်လျှင် ဆွမ်းလောင်းသောသူနှင့်တကွ ဘုန်းကြီးပါ ဆွမ်းလောင်းရုံ အမိုးအောက်သို့ ဝင်နိုင်လောက်အောင် ခပ်ကျယ်ကျယ် ခပ်မြင့်မြင့် ဆောက်လုပ် ကြဖို့ရန် ဒါယကာတို့အား အကြံပေး မေတ္တာရပ်ခံပါ၏။

ဝေဖန်ချက်။ အချို့ရဟန်းသာမဏေတို့သည် ဆွမ်းလောင်းသောသူတို့၏ မျက်မှောက်တွင်ရပ်လျက် အသံကျယ်စွာဖြင့် ဆုတောင်းမေတ္တာပို့ကြ၏။ ဤသို့

ရွတ်ဆိုခြင်းသည် ကျမ်းဂန်နှင့်လည်း မညီ၊ သူချင်းအောင် ဆွယ်သည်နှင့်လည်း တူ၏။

အမှန်စင်စစ် ပြုအပ်သည်မှာ ရွာတွင်းသို့ ဆွမ်းခံမဝင်မီ ကျောင်းဝ၌ဖြစ်စေ၊ ရွာဝ၌ဖြစ်စေ၊ "ဥပစာရသိမ်၌တည်သော သံဃာတော်သည်၎င်း၊ နတ်တို့သည်၎င်း၊ ဆွမ်းခံရွာကို အစိုးရသော မင်းသည်၎င်း၊ ထို ဆွမ်းခံရွာ၌ နေကုန်သော လူတို့နှင့်တကွ ခပ်သိမ်းကုန်သော သတ္တဝါတို့သည်၎င်း ဘေးရန် မရှိကြပါစေကုန် သတည်း၊ ချမ်းသာကြပါစေကုန်သတည်း''ဟု ရွတ်၍ မေတ္တာဘာဝနာ ပွားအပ်၏—ဟူ၍ ဖြစ်သည်။ [ဤရွတ်ဆိုအပ်သော မေတ္တာဘာဝနာပွားနည်းသည် ဝိနည်းငယ် လေးစောင် ပါဠိ–ခုဒ္ဒသိက္ခာနိသျ-စတုရာရက္ခ နိဒ္ဒေသ၌လာသော မေတ္တာဘာဝနာ ပွားနည်းကို မှီ၍ ရေးသားသော မေတ္တာဘာဝနာပွားနည်း ဖြစ်သည်။]

* (၈) ပတ္တသညီပဋိဂ္ဂဟဏ။ ။သပိတ်၌နှလုံးသွင်းခြင်း အမှတ်သညာဖြင့် ဆွမ်းကိုခံရမည်။

* (၉) သမသူပက။ ။ဆွေမျိုး မတော် မဖိတ်ကြားထားသော သူတို့ ထံမှ လက်ဖြင့်ကော်၍ရလောက်အောင် မကျဲမပြစ်လွန်းသော ပဲဟင်းကို ဆွမ်း၏ လေးဖို့တဖို့မျှသာ ခံရမည်။ [နည်းသည့်အတွက် အပြစ်မရှိ-ဟူလို။]

*(၁၀) သမတိတ္တိက။ ။သပိတ်၏ အတွင်းအနားရေးနှင့် ညီမျှရုံသာ ဆွမ်းကို ခံရမည်။ ပိုမောက် ပြည့်လျှံအောင် မခံရ။ [သပိတ်တွင်း၌ ဟင်းခွက်များ ထည့်၍ ခံယူလျှင်၎င်း၊ သပိတ် ဖုံးပေါ်၌တင်၍ ခံယူလျှင်၎င်း အာပတ် မှသင့်၊ သပိတ်တလုံးပြည့်၍ အခြားသပိတ်တလုံးဖြင့် ခံယူလျှင်လည်း အာပတ် မသင့်။]

သုံးခုတို့၏ ပြည့်ကြောင်းဖြစ်သော ခမ္ဘကတဝဂ်သည် ပြီးခြင်းသို့ရောက်ပြီ။

---

## ၄။ သက္ကစ္စဝဂ်(ခေါ်)ပိဏ္ဍပါတဝဂ်

*(၁) သက္ကစ္စဘုဥ္ဇန။ ။အရိုအသေ သတိထား၍ ဆွမ်းကို စားရမည်။

*(၂) ပတ္တသညီဘုဥ္ဇန။ ။သပိတ်၌ နှလုံးသွင်းခြင်း အမှတ်သညာဖြင့် ဆွမ်းကို စားရမည်။

*(၃) သပဒါန။ ။ဟိုနှိုက်သည်နှိုက် မနှိုက်ပဲ အစဉ်အတိုင်း သားလျှင် ဆွမ်းကို စားရမည်။

*(၄) သမသူပကဘုဋ္ဌန။ ။ဆွေမျိုးမတော် မဖိတ်ကြား ထားသော သူတို့က ဆွမ်းကျွေးလျှင် လက်ဖြင့်ကော်၍ ရလောက်အောင် မကျဲမပြစ်လွန်းသော ပဲဟင်းကို ဆွမ်း၏ လေးဖို့တဖို့မျှသာစားရမည်။ [နည်းသည့် အတွက် အပြစ်မရှိ—ဟူလို။]

*(၅) ထူပက။ ။ဆွမ်းဦး ဆွမ်းထိပ်ကို နှိပ်၍ မစားရ။

*(၆) ပဋိစ္ဆာဒန။ ။များစွာ အလိုရှိသည် ဖြစ်၍ ပဲဟင်းကိုဖြစ်စေ ငါးဟင်း, အမဲဟင်းစသည်ကိုဖြစ်စေ ဆွမ်းဖြင့် မဖုံးလွှမ်းရ။

*(၇) သူပေါဒန ဝိညတ္တိ။ ။မနာမဖျား ပဲလျက် ဆွေမျိုးမတော် မဖိတ်ကြားထားသော သူတို့ထံမှ ဟင်းကိုဒင်း၊ ဆွမ်းကိုဒင်း အယုတ်သဖြင့် 'ရေ'ကိုမျှသော်လည်း တောင်း၍ မစားမသောက်ရ။[အပင့်အဖိတ်မရှိပဲလျက် ဆွေမျိုးမတော်သော ဒါယကာ, ဒါယိကာမတို့ ထံသို့ ရှေ့တရက်က ကြိုတင်ပြီးသွား၍ ဆွမ်းဟင်းများကို လောင်းရန် မေတ္တာရပ်ပြီးနောက် နောက်နေ့များ၌ ဆွမ်းဟင်းများကို ထိုအိမ်များမှ ခံယူ၍ စားခြင်းသည် နေ့စဉ်နှင့် အမျှ ဒုက္ကဋ် အာပတ်သင့်စေသောကြောင့် သံပူမီးခဲ မျိုသည်နှင့် တူ၏။ ထိုပုဂ္ဂိုလ်သာလျှင် အာပတ်သင့်သည် မဟုတ်၊ ထိုဆွမ်းဟင်းများကို သုံးဆောင်သော အခြားရဟန်းတို့သည်လည်း ဒုက္ကဋ် အာပတ်သင့်ကုန်၏။] ဤဆွမ်းဟင်းမျိုးကို ရှောင်ကြဉ်တော်မူကြပါကုန်။ ။ဆိုဦးအံ့။ ။အာဂန္တုကရဟန်းရောက်လာ၍ ဆွေမျိုးမတော် မဖိတ်ကြားထားသော သူတို့ထံမှ ဖိတ်၍ရသော ဆွမ်းများသည်လည်း ဤသိက္ခာပုဒ်တော်၌ အကျုံးဝင်သည်-ဟု သတိချပ်တော်မူကြပါကုန်။

*(၈) ဥဇ္ဈာနသညီ။ ။ကဲ့ရဲ့လိုသော စိတ်ဖြင့် သူတပါး၏ သပိတ်ကို မကြည့်ရ။

*(၉) အတိမဟန္တ။ ။အလွန်ကြီးသော ဆွမ်းလုပ်ကိုပြု၍မစားရ။[ဒေါင်းဥလောက်လည်း မကြီးစေရ၊ ကြက်ဥလောက်လည်း မငယ်ခဲ့စေရ၊ အလယ်ပမာဏကို ပြု၍ စားရမည်။]

*(၁၀) ပရိမဏ္ဍလအာလောပ။ ။မရှည် မချွန်လွန်း အဝန်းညီသော ဆွမ်းလုပ်ကို ပြု၍ စားရမည်။

လေးခုတို့၏ ပြည့်ကြောင်းဖြစ်သော သက္ကစ္စဝဂ်(ခေါ်)ပိဏ္ဍပါတဝဂ်သည် ပြီးခြင်းသို့ ရောက်ပြီ။

## ၅။ ကဗဠဝဂ်

*(၁) အနာဟဋ္ဌ။ ။ခံတွင်းဝသို့ ဆွမ်းလုပ် မရောက်မီ ခံတွင်းကို ဟ၍ မထားရ။

*(၂) ဘုဥ္စမာန။ ။ဆွမ်းစားသောအခါ ခံတွင်း အတွင်းသို့ လက်ချောင်းတို့ကို သွတ်သွင်း၍ မစားရ။

*(၃) သကဗဠ။ ။ခံတွင်း၌ ဆွမ်းလုပ်ရှိလျက် စကားမပြောရ။

*(၄) ပိဏ္ဍုက္ခေပက။ ။ဆွမ်းလုပ်ကို မြှောက်၍ မြှောက်၍ မစားရ။

*(၅) ကဗဠာဝစ္ဆေဒက။ ။ဆွမ်းလုပ်ကို ကိုက်ဖြတ်၍ မစားရ။ [မုန့်မဲစသော ခဲဖွယ်နှင့် လက်သုတ်များကို ကိုက်ဖြတ်စားကောင်းသည်-ဟု ဆို၏။ ထို့ကြောင့် ပျောင်းဖူး၊ ငှက်ပျောသီး စသည်တို့ကို ကိုက်၍ စားခြင်း၌ အနာပတ္တိ-အာပတ်မသင့်။] အာပတ်မသင့်သော်လည်း ကိုက်စားခြင်းထက် လက်ဖြင့် ဖဲ့၍ စားခြင်းက ဣန္ဒြေရသည်။

*(၆) အဝဂဏ္ဍကာရက။ ။မျောက် ကဲ့သို့ ပါးစောင်မှာ ငုံထား၍ မစားရ။

*(၇) ဟတ္ထနိဒ္ဓုနက။ ။လက်ကိုခါ၍ မစားရ။

*(၈) သိတ္ထာဝကာရက။ ။ဆွမ်းလုံးကို ဖြန့်ကြဲ၍ မစားရ။

*(၉) ဇိဝှါနိစ္ဆာရက။ ။လျှာကိုထုတ်၍ မစားရ။

*(၁၀) စပုစပုကာရက။ ။အသံ စပ်စပ် (ပြွှပ်ပြွှပ်) မြည်အောင် ပြု၍ မစားရ။

ငါးခုတို့၏ ပြည့်ကြောင်းဖြစ်သော ကဗဠဝဂ်သည် ပြီးခြင်းသို့ရောက်ပြီ။

---

## ၆။ သုရုသုရုဝဂ်

*(၁) သုရုသုရုကာရက။ ။ရှုတ်ရှုတ်အသံပြု၍ မစား မသောက်ရ။

*(၂) ဟတ္ထနိလ္လေဟက။ ။လက်ကိုလျက်၍ မစားရ။

*(၃) ပတ္တနိလ္လေဟက။ ။သပိတ်ကိုခြစ်၍ မစားရ။

*(၄) ဩဋ္ဌနိလ္လေဟက။ ။နှုတ်ခမ်းကို လျက်၍ မစားရ။

*(၅) ပါနီယတ္ထာလက။ ။အာမိသ ကပ်ပေနေသောလက်ဖြင့်သောက်ရေခွက်ကို မကိုင်ရ။

*(၆) **သသိတ္ထက**။ ။ဆွမ်းလုံးနှင့်တကွ ဖြစ်သော သပိတ်ဆေးရေကို ရွာတွင်း၌ မစွန့်ရ။

*(၇) **ဆတ္တပါဏိ**။ ။မနာမဖျားပဲလျက် ထီးကိုင်ထားသော သူအား တရားမဟောရ။

*(၈) **ဒဏ္ဍပါဏိ**။ ။မနာမဖျားပဲလျက် တုတ်(တောင်ဝှေး) ကိုင်ထားသောသူအား တရားမဟောရ။ [တုတ်မည်သည် မဇ္ဈိမပုရိသ၏ အတောင်အားဖြင့် ၄ တောင်ရှိသော တုတ်တည်း။ ထိုထက်ရှည်သည်ဖြစ်စေ၊ ထို့အောက်တိုသည်ဖြစ်စေ တုတ် မမည်။]

*(၉) **သတ္ထပါဏိ**။ ။မနာမဖျားပဲလျက် ဓား, လှံ စသော လက်နက်ကိုင်ထားသောသူအား တရားမဟောရ။

*(၁၀) **အာဝုဓပါဏိ**။ ။မနာမဖျားပဲလျက် လေးလက်နက် ကိုင်ထားသောသူအား တရားမဟောရ။ [ညှို့တင်ထားသော လေးသည်ရင်း၊ လေးကိုင်းသက်သက်သည်ရင်း၊ မြှားသက်သက်သည်ရင်း လေးလက်နက် မည်၏။]

ခြောက်ခုတို့၏ ပြည့်ကြောင်း ဖြစ်သော သုရူသုရုဝဂ်သည် ပြီးခြင်းသို့ ရောက်ပြီ။

---

## ၇။ ပါဒုကဝဂ်

*(၁) **ပါဒုကာရုဠ္ဍ**။ ။မနာမဖျားပဲလျက် ခြေနင်းစီးထားသော သူအား တရားမဟောရ။ [သဲကြိုးမတပ်ပဲ သစ်သားဖုစသည်တပ်လျက် ထိုဖုကို ခြေမဖြင့် ညှပ်၍ စီးရသောဖိနပ်မျိုးကို 'ခြေနင်း'ဟု ခေါ်သည်။]

*(၂) **ဥပါဟနာရုဠ္ဍ**။ ။မနာမဖျားပဲလျက် ဖိနပ်စီးထားသောသူအား တရားမဟောရ။

* (၃) **ယာနဂတ**။ ။မနာမဖျားပဲလျက် ယာဉ်ထက်၌နေသောသူအား တရားမဟောရ။

* (၄) **သယနဂတ**။ ။မနာမဖျားပဲလျက် အိပ်ရာ၌ နေသောသူအား တရားမဟောရ။

* (၅) **ပလ္လတ္ထိကနိသိန္န**။ မနာ မဖျားပဲလျက် လက် အာယောဂပတ်, ပုဆိုးအာယောဂပတ်ဖွဲ့လျက် ထိုင်နေသောသူအား တရားမဟောရ။

* (၆) **ဝေဌိတသီသ**။ ။မနာမဖျားပဲလျက် ဆံစမပေါ်အောင် ဦးခေါင်းကို ရစ်ပတ်ထားသောသူအား တရားမဟောရ။

ရစ်ပတ်-ဟူရာ၌ ခေါင်းပေါင်း ပေါင်းသော ရစ်ပတ်ခြင်း၊ ဦးထုပ်ဆောင်းသော မကိုဋ်ဆောင်းသော ရစ်ပတ်ခြင်း၊ ပန်ဂျာပီ ခေါင်းပေါင်း ရစ်ပတ်ခြင်း အားလုံးကို ဆိုလိုသည်။ ထိုကဲ့သို့ ရစ်ပတ်ထားရာ၌ ဆံစမပေါ်သူကိုသာ တရားမဟောကောင်း၊ မြန်မာတို့ခေါင်းပေါင်းပုံမှာ များသောအားဖြင့် ဆံစ ပေါ်နေသောကြောင့် တရားဟောကောင်း၏။ ဆံစမပေါ်လျှင် ဆံစကိုပေါ်စေပြီးမှ တရားဟောရမည်။

* (၇) ဩဂုဏ္ဌိတသီသ။ ။မနာမဖျားပဲလျက် ခေါင်းမြီး ခြုံထားသော သူအား တရားမဟောရ။

* (၈) ဆမာ။ ။မနာမဖျားပဲလျက် မြက်ခင်း၌ဖြစ်စေ၊ အခင်းတခုခု၌ ဖြစ်စေ ထိုင်နေသောသူအား မြေပြင်ကနေ၍ တရားမဟောရ။

* (၉) နီစ။ ။မနာမဖျားပဲလျက် မြင့်သော နေရာ၌ နေသောသူအား နိမ့်သောနေရာကနေ၍ တရားမဟောရ။

* (၁၀) ဌိတ။ ။မနာ မဖျားပဲလျက် ထိုင်နေသောသူအား ရပ်လျက် တရားမဟောရ။ [ရပ်ခြင်းသည် ထိုင်ခြင်းထက် ပို၍ လေးစားရာ ရောက်သဖြင့် ဣရိယာပုထ် ၄ ပါးတွင် ရပ်ခြင်းသည် အလေးစားဆုံး ဣရိယာပုထ်ဖြစ်သည်။]

* (၁၁) ပစ္ဆတော ဂစ္ဆန္တ။ ။မနာမဖျားပဲလျက် ရှေ့ကသွားနေသော သူအား မိမိကနောက်ကလိုက်လျက် တရားမဟောရ။

* (၁၂) ဥပ္ပထေန ဂစ္ဆန္တ။ ။မနာမဖျားပဲလျက် လမ်းပေါ်၌သွားနေသောသူအား မိမိက လမ်းဘေးမှသွားလျက် တရားမဟောရ။

* (၁၃) ဌိတောဥစ္စာရ။ ။မနာ မဖျားပဲလျက် ရပ်လျက် ကျင်ကြီး ကျင်ငယ် မစွန့်ရ။

* (၁၄) ဟရိတေဥစ္စာရ။ ။မနာ မဖျားပဲလျက် စိမ်းရှင်သော မြက်, သစ်ပင်ရှိရာအရပ်၌ ကျင်ကြီး, ကျင်ငယ်, နှပ်, တံထွေးတို့ကို မစွန့် မထွေးရ။ [တိုက်ရိုက်စွန့်ခြင်းကိုသာ ဆိုသည်။ အိုးခွက်ထဲ၌စွန့်ပြီးနောက် ထိုခွက်မှတဆင့် စွန့်လျှင် အပြစ်မရှိဟု-သိ။]

* (၁၅) ဥဒကေဥစ္စာရ။ ။မနာ မဖျားပဲလျက် သုံးဆောင်ကောင်းသော ရေ၌ ကျင်ကြီး, ကျင်ငယ်, နှပ်, တံထွေးတို့ကို မစွန့် မထွေးရ။ [ဆဋ္ဌမူ-ပါစိတ်ပါဠိတော်၌ သတိမေ့လျော့သောရဟန်းအား အာပတ်မသင့်-ဟုဆို၏။ ။ပါဠိတော် (မြန်မာပြန်) အနာပတ္တိဝါရ၌ကား ဤအဆို မရှိပါ။ (ဝါ) အာပတ်သင့်၏-ဟူလို။]

ခုနစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော ပါဒုကဝဂ်သည် ပြီးခြင်းသို့ရောက်ပြီ။

အရှင်တို့ သေခိယအမည်ရှိကုန်သော သိက္ခာပုဒ်တို့ကိုသရုပ်အားဖြင့်ပြအပ်ကုန်ပြီးသည်သာတည်း။ ထို သေခိယသိက္ခာပုဒ်တို့၌ အရှင်တို့ကို ဘုရားတပည့်တော်မေးပါ၏၊ အသို့နည်း၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော။ နှစ်ကြိမ်မြောက်လည်း မေးပါ၏၊ အသို့နည်း၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော။ သုံးကြိမ်မြောက်လည်း မေးပါ၏၊ အသို့နည်း၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော။ အရှင်တို့သည် အာပတ်မှ စင်ကြယ်ကြကုန်သောကြောင့် သာလျှင် ဆိတ်ဆိတ်နေကြကုန်၏။ ဤသို့ ဆိတ်ဆိတ်နေကြကုန်သဖြင့် ဤအာပတ်မှ စင်ကြယ်ကြကုန်၏-ဟူ၍ သိမှတ်ရ၏။

သေခိယအမည်ရှိကုန်သော သိက္ခာပုဒ်တို့သည် ပြီးခြင်းသို့ ရောက်ကုန်ပြီ။

---

## ၁၁။ အဓိကရဏ သမထ ၇ ပါး

မှတ်ဖွယ်။ ။သမထဖြင့်ငြိမ်းစေအပ်သော သဘောတရားသည် အဓိကရဏမည်၏။ ထို့ကြောင့် သာသနာတော်၌ အဓိကရုဏ်း ၄ ပါးတို့တွင် တပါးပါးရောက်လျှင် သမထ ၇ ပါးတို့တွင် တပါးပါးဖြင့် ငြိမ်းအောင် ပြုရမည်။ ၎င်းသမထ ၇ ပါးတို့ဖြင့် အဓိကရုဏ်းကို ငြိမ်းစေနိုင်သောကြောင့် 'အဓိကရဏသမထ'ဟု ခေါ်သည်။

''အရှင်တို့ ခုနစ်ပါးကုန်သော အဓိကရဏသမထ အမည်ရှိကုန်သော ဤသဘောတရားတို့သည် သရုပ်အားဖြင့် ပြအပ်သည်၏အဖြစ်သို့ ရောက်ကုန်၏။

ဖြစ်ကုန်ဖြစ်ကုန်သော ဝိဝါဒါဓိကရုဏ်း, အနုဝါဒါဓိကရုဏ်း, အာပတ္တာဓိကရုဏ်း, ကိစ္စာဓိကရုဏ်း-ဟူသော အဓိကရုဏ်းလေးပါးတို့ကို ငြိမ်းစေခြင်းငှါ စဲစေခြင်းငှါ-

* (၁) သံဃ, ဓမ္မ, ဝိနယ, ပုဂ္ဂလတို့ မျက်မှောက်ဖြစ်သော သမ္မုခါဝိနည်းကို ပေးအပ်၏။

* (၂) ရဟန္တာ ပုဂ္ဂိုလ်အားသာ ပေးအပ်သော သတိဝိနည်းကို ပေးအပ်၏။

* (၃) ရူးသော ရဟန်းအားသာ ပေးအပ်သော အမူဠ္ဌဝိနည်းကို ပေးအပ်၏။

* (၄) ဝန်ခံသည့်အတိုင်း ပြုအပ်သော ပဋိညာယ ကာရေတဗ္ဗ သမထကို ပြုအပ်၏။

* (၅) ဓမ္မဝါဒီပုဂ္ဂိုလ်တို့များရာသို့ လိုက်၍ ပြုအပ်သော ယေဘုယျသိကသမထကို ပြုအပ်၏။

* (၆) ယုတ်မာသောရဟန်းအားသာ ပြုအပ်သော တဿပါပိယ သိက သမထကို ပြုအပ်၏။

* (၇) မစင်ကို မြက်ဖြင့် ဖုံးလွှမ်းသကဲ့သို့ ပြုအပ်သော တိဏဝတ္ထာရက သမထကို ပြုအပ်၏။

---

အဓိကရုဏ်း (မငြိမ်းသက်မှု) ၄ ပါးတွင်

(၁) **ဝိဝါဒါဓိကရုဏ်း** ဆိုသည်ကား- တစုံတခုသောတရားကို တဘက်က 'ဓမ္မ' တဘက်က 'အဓမ္မ' ဟု ငြင်းခုံခြင်း၊ တဘက်က 'ဝိနယ' တဘက်က 'အဝိနယ' ဟု ငြင်းခုံခြင်းစသည်ဖြင့် တဘက်နှင့်တဘက် ငြင်းခုံမှုကို ဆိုသည်။

(၂) **အနုဝါဒါဓိကရုဏ်း** ဆိုသည်ကား- သီလပျက်ခြင်း၊ အကျင့်အာစာရ ပျက်ခြင်း၊ အယူဝါဒပျက်ခြင်း၊ အသက်မွေးမှုပျက်ခြင်း- ဟူသော ပျက်ခြင်း တမျိုးမျိုးဖြင့် စွပ်စွဲမှု စောဒနာမှုကို ဆိုသည်။

(၃) **အာပတ္တာဓိကရုဏ်း**ဆိုသည်ကား- အာပတ်သင့်နေမှုကို ဆိုသည်။

(၄) **ကိစ္စာဓိကရုဏ်း**ဆိုသည်ကား-အပလောကနကံ၊ဉတ္တိကံ၊ဉတ္တိဒုတိယကံ၊ ဉတ္တိစတုတ္ထကံ-ဟူသော ကံ ၄ ပါးတို့တွင် တပါးပါးသော ကံပြုမှုကို ဆိုသည်။

အဓိကရုဏ်းနှင့် သမထ

ဝိဝါဒါဓိကရုဏ်းကိုငြိမ်းစေနိုင်သော သမထကား- သမ္မုခါဝိနည်းတပါး, ယေဘုယျသိက ကမ္မဝါစာတပါးအားဖြင့် နှစ်ပါးတည်း။

အနုဝါဒါဓိကရုဏ်းကိုငြိမ်းစေနိုင်သော သမထကား-သမ္မုခါဝိနည်းတပါး, သတိ ဝိနည်းတပါး, အမူဠ္ဍ ဝိနည်းတပါး, တဿပါပိယသိက ကမ္မဝါစာတပါး အားဖြင့် လေးပါးတည်း။

အာပတ္တာဓိကရုဏ်းကို ငြိမ်းစေနိုင်သော သမထကား- သမ္မုခါဝိနည်းတပါး, ပဋိညာတကရဏ တပါး, တိဏဝတ္ထာရက ကမ္မဝါစာ တပါးအားဖြင့် သုံးပါး တည်း။

ကိစ္စာဓိကရုဏ်းကို ငြိမ်းစေနိုင်သော သမထကား- သမ္မုခါဝိနည်းတပါးသာ တည်း။ [အကျယ်ကို စူဠဝဂ်ပါဠိတော် (မြန်မာပြန်) သမထက္ခန္ဓက၌ ကြည့်။]

အရှင်တို့, ခုနစ်ပါး ကုန်သော အဓိကရဏ သမထ အမည်ရှိကုန်သော သဘောတရားတို့ကို သရုပ်အားဖြင့် ပြအပ်ကုန်ပြီးသည် သာတည်း။ ထိုခုနစ် ပါးကုန်သော အဓိကရဏ သမထတို့၌ အရှင်တို့ကို ဘုရားတပည့်တော် မေး

ပါ၏၊ အသို့နည်း၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော။ နှစ်ကြိမ်မြောက်လည်း မေးပါ၏၊ အသို့နည်း၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော။ သုံးကြိမ်မြောက်လည်း မေးပါ၏၊ အသို့နည်း၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော။ အရှင်တို့သည် အာပတ်မှ စင်ကြယ်ကြကုန်သောကြောင့် သာလျှင် ဆိတ်ဆိတ်နေကြကုန်၏။ ဤသို့ ဆိတ်ဆိတ်နေကြကုန်သဖြင့် ဤအာပတ်မှ စင်ကြယ်ကြကုန်၏-ဟူ၍ သိမှတ်ရ၏။

ခုနစ်ပါးကုန်သော အဓိကရဏ သမထ အမည်ရှိကုန်သော သဘောတရားတို့သည် ပြီးခြင်းသို့ ရောက်ကုန်ပြီ။

အရှင်တို့, နိဒါန်းကို သရုပ်အားဖြင့် ပြခဲ့ပြီးပါပြီ၊ လေးပါးကုန်သော ပါရာဇိက အမည်ရှိကုန်သော အာပတ်တို့ကို သရုပ်အားဖြင့် ပြခဲ့ပြီးကုန်ပြီ၊ တဆယ့်သုံးပါးကုန်သော သံဃာ ဒိသိသ် အမည်ရှိကုန်သော အာပတ်တို့ကို သရုပ်အားဖြင့် ပြခဲ့ပြီးကုန်ပြီ၊ နှစ်ပါးကုန်သော အနိယတ အမည်ရှိကုန်သော အာပတ်တို့ကို သရုပ်အားဖြင့် ပြခဲ့ပြီးကုန်ပြီ၊ သုံးဆယ်ကုန်သော စွန့်ခြင်းဝိနည်းကံ ရှိကုန်သော နိဿဂ္ဂိယ ပါစိတ်အမည်ရှိကုန်သော အာပတ်တို့ကို သရုပ်အားဖြင့် ပြခဲ့ပြီးကုန်ပြီ၊ ကိုးဆယ့်နှစ်ပါးကုန်သော သုဒ္ဓပါစိတ် အမည်ရှိကုန်သော အာပတ်တို့ကို သရုပ်အားဖြင့် ပြခဲ့ပြီးကုန်ပြီ၊ လေးပါးကုန်သော ပါဋိဒေသနီ အမည် ရှိကုန်သော အာပတ် တို့ကို သရုပ်အားဖြင့် ပြခဲ့ပြီး ကုန်ပြီ၊ သေခိယ အမည် ရှိကုန်သော သိက္ခာပုဒ်တို့ကို သရုပ်အားဖြင့် ပြခဲ့ပြီးကုန်ပြီ၊ ခုနစ်ပါးကုန်သော အဓိကရဏသမထ အမည်ရှိကုန်သော သဘောတရားတို့တို့ သရုပ်အားဖြင့် ပြခဲ့ပြီး ကုန်ပြီ။ ဤမျှ အတိုင်း အရှည်ရှိသော သိက္ခာပုဒ်တော်သည် ထိုမြတ်စွာဘုရား၏ ပါတိမောက်၌ လာ၏၊ ပါတိမောက်၌ အကျုံးဝင်၏၊ လခွဲတကြိမ် သရုပ်အားဖြင့် ပြအပ်သည်၏ အဖြစ်သို့ ရောက်၏။ ထိုပါတိမောက်၌ အလုံးစုံထေရ, နဝ, မဇ္ဈိမ ဖြစ်ကုန်သော ရဟန်းတို့သည် ငြင်းခုံခြင်းမရှိကုန်သည်ဖြစ်၍ အညီအညွတ် ဝမ်းမြောက် ဝမ်းသာစွာဖြင့် ကျင့်အပ်၏။

အကျယ်ပြခြင်းသည် ပြီးခြင်းသို့ရောက်ပြီ။ ။သာဓု သာဓု သာဓု။ [ဝိတ္ထာရုဒ္ဒေသသည် ပြီးခြင်းသို့ရောက်ပြီ-ဟူ၍ဖြစ်စေ ရွတ်ဆိုအပ်၏။]

ဘိက္ခုပါတိမောက်(မြန်မာသက်သက်)ပြီးပြီ။

## ၁၂။ ။ဘိက္ခုနီ ပါတိမောက် (မြန်မာဘာသာ)

မှတ်ချက်။ ။ဘိက္ခုနီပါတိမောက်၌ ပါရာဇိက ၈-ပါး, သံဃာဒိသိသ် ၁၇-ပါး, နိဿဂ္ဂိယပါစိတ် ၃၀, သုဒ္ဓပါစိတ် ၁၆၆-ပါး, ပါဋိဒေသနီယ ၈-ပါး, သေခိယ ၇၅-ပါး, အဓိကရဏသမထ ၇-ပါးအားဖြင့် သိက္ခာပုဒ် ပေါင်း ၃၁၁-ပါးရှိသည်။

သိက္ခာပုဒ် ၃၁၁-ပါး ရှိသော်ငြားလည်း ဘိက္ခုပါတိမောက်၌ ရေးသား ထားသော နိဒါန်း, ခရေပွင့် အမှတ်အသားဖြင့် ပြထားသော 'သာဓာရဏ' သိက္ခာပုဒ် ၁၈၁ပါးနှင့် ပါရာဇိက အခဏ်း, သံဃာဒိသိသ်အခဏ်း စသော အခဏ်းအသီးသီးတို့၏ နိဂုံးတို့သည် ဘိက္ခုနီပါတိမောက်၌လည်း အကျုံးဝင် နေသည်ဖြစ်၍ ၎င်းတို့ကို ဖယ်ထုတ်လိုက်လျှင် ကျန်သော သိက္ခာပုဒ် ၁၃၀ တို့ကိုသာ ကျက်မှတ် ဖို့လိုသည်။ [၎င်းတို့ကား ပါရာဇိက ၄-ပါး, သံဃာဒိ သိသ် ၁၀ ပါး, နိဿဂ္ဂိယ ပါစိတ် ၁၂-ပါး, သုဒ္ဓပါစိတ် ၉၆-ပါး, ပါဋိ ဒေသနီယ ၈-ပါးအားဖြင့် ပေါင်း ၁၃၀ ဖြစ်သည်။၎င်းတို့ကို'အသာဓာရဏ' သိက္ခာပုဒ်-ဟုခေါ်သည်]။ ။ဘိက္ခုနီ ပါတိမောက် တစောင်လုံးကို ရေးဖို့ မလို၍ 'အသာဓာရဏ' သိက္ခာပုဒ် ၁၃၀ တို့ကိုသာ ရေးသားပါအံ့။

သိက္ခာပုဒ်များကို အာဂုံပြန်ဆိုရာ၌'ပါရာဇိကအခဏ်း'စသော ခေါင်းစဉ် အမည်များကိုထည့်၍ ဆိုရန်မလို။ သို့ရာတွင် 'လသုဏ' စသော ဝဂ်အမည် များကိုမူ ထည့်၍ဆိုပါ။ [မှတ်ချက်တို့၌ လာသော စကားများကို အာဂုံ ဆောင်ရန် မလို။ ။သိက္ခာပုဒ် အဆုံး၌[ ]ဤအမှတ်အသားဖြင့် ပြထား သော စကားများကိုလည်း ထည့်၍ ဆိုရန်မလို။]

### ၁၃။ ။ပါရာဇိကအခဏ်း

(၁) ဥဗ္ဘဇာဏုမဏ္ဍလိကာ။ ။အကြင်ဘိက္ခုနီသည် ကိုယ်လက်နှီးနှော လိုသော ရာဂစိတ်ရှိသည်ဖြစ်၍ ညှပ်ရိုး နှစ်ဘက်အောက်မှ ပုဆစ်ဒူးဝန်းနှစ် ဘက်အထက်ထိ တနေရာရာ၌ဖြစ်စေ၊ တထောင်ဆစ်မှ အထက်လက်မောင်း အဆုံးထိ တနေရာရာ၌ဖြစ်စေ ကိုယ်လက် နှီးနှောလိုသော ရာဂစိတ်ရှိသည့် ယောကျ်ား၏ ရှေးရှုသုံးသပ်ခြင်းကိုင်၎င်း၊ ထိုမှ ဤမှ သုံးသပ်ခြင်းကို၎င်း၊ကိုင် ခြင်းကို၎င်း၊ တို့ထိခြင်းကို၎င်း။ ပွေ့ယူဖိညှစ်ခြင်းကို၎င်း၊ သာယာငြားအံ့၊ ထိုဘိက္ခုနီသည် ပုဆစ်ဒူးဝန်းနှစ်ဘက် အထက်၌ သုံးသပ်ခြင်းကို သာယာသော ကြောင့် ဥဗ္ဘဇာဏုမဏ္ဍလိကာ မည်သော ပါရာဇိက အာပတ်သင့်၏။ ဘိက္ခုနီ ကောင်းတို့နှင့် အတူတကွ ပေါင်းသင်းခြင်းငှါ မရတော့ချေ။ [နှစ်ဦးလုံး၌

ရာဂစိတ်ရှိမှသာလျှင် ပါရာဇိက အာပတ်သင့်၏။ တဦးထည်း၌သာရှိလျှင်ကား ထုလ္လစ္စဉ်း အာပတ်သင့်၏။]

(၂) ဝဇ္ဇပဋိစ္ဆာဒိကာ။ ။အကြင် ဘိက္ခုနီသည် သိလျက် ပါရာဇိက ကျနေသော ဘိက္ခုနီကို ကိုယ်တိုင်လည်း မစောဒနာ,ဘိက္ခုနီ ဂိုဏ်းအားလည်း မတိုင်ကြားပဲလျက် နေငြားအံ့။ အကြင်အခါ၌ ထိုပါရာဇိက ကျနေသော ဘိက္ခုနီသည် ဘိက္ခုနီအသွင်၌ တည်နေ၏၊ သို့မဟုတ်သေလွန်၏၊ သို့မဟုတ် လူထွက်၏၊သို့မဟုတ် တိတ္ထိဘောင်သို့ ပြောင်းရွှေ့သွား၏။ ထိုသို့ ဖုံးထားပြီးမှ နောက်၌ အခြားဘိက္ခုနီတို့အား "အရှင်မတို့ ထိုညီမဟာ သည်လိုသည်လိုဖြစ်နေတယ်'ဆိုတာကို ရှေးတုန်းကပင် သိခဲ့ပါရဲ့ ၊သို့သော် ကိုယ်တိုင်လည်း မစောဒနာမိပါ,ဂိုဏ်းအားလည်း မတိုင်ကြားမိပါ"ဟု ပြောဆိုငြားအံ့။ ထိုဘိက္ခုနီသည် အပြစ်ကို ဖုံးလွှမ်းသောကြောင့် ဝဇ္ဇပဋိစ္ဆာ ဒိကာမည်သော ပါရာဇိက အာပတ် သင့်၏။ ဘိက္ခုနီကောင်းတို့နှင့် အတူတကွ ပေါင်းသင်းခြင်းငှါ မရတော့ချေ။[အပြစ်ကို ဖုံးထားမိပါသည်ဟု ဝန်ခံသည့် အခါမှ ပါရာဇိက ကျသည်မဟုတ်၊ ဖုံးထားတော့မည်ဟု ဆုံးဖြတ်တုန်းကပင် ကျခဲ့ပြီ-ဟုသို့။]

(၃) ဥက္ခိတ္တာနုဝတ္တိကာ။ ။အကြင် ဘိက္ခုနီသည် ညီညွတ်သော ဘိက္ခုသံဃာက ဟုတ်မှန်သော အကြောင်း ဝတ္ထုဖြင့် ဝိနည်းတော် အတိုင်း စစ်ဆေး သတိပေး၍ ဥတ်ကမ္မဝါစာဖြင့် နှင်ထုတ်ထားသော ရိုသေလေးစားခြင်း မရှိသော သံဃာ့ဘောင်သို့ ဩသာရဏာကံဖြင့် ပြန်၍ မသွင်းရသေးသော အပေါင်းအဖေါ် မပြုရသေးသော 'ဥက္ခိတ္တက ရဟန်း'၏ အယူကို အတုလိုက်၍ ကျင့်ငြားအံ့၊ ထိုဘိက္ခုနီကို မြင်ကြ ကြားကြကုန်သော အခြား ဘိက္ခုနီတို့က "အရှင်မ,ဤရဟန်းကို ညီညွတ်သော ဘိက္ခုသံဃာက ဟုတ်မှန်သောအကြောင်း ဝတ္ထုဖြင့် ဝိနည်းတော်အတိုင်း စစ်ဆေး သတိပေး၍ ဥတ်ကမ္မဝါစာဖြင့် နှင်ထုတ်ထား၏။ ဤရဟန်းသည် ရိုသေလေးစားခြင်း မရှိ၊ဤရဟန်းကို သံဃာ့ဘောင်သို့ ဩသာရဏာကံဖြင့် ပြန်၍မသွင်းရသေး၊ ဤရဟန်းနှင့် အပေါင်းအဖော် မပြုရသေး၊ အရှင်မ, ဤရဟန်း၏အယူကို အတုလိုက်၍ မကျင့်လေလင့်"ဟု ပြောဆိုရမည်၊ နှစ်ကြိမ်မြောက်လည်း ပြောဆိုရမည်၊ သုံးကြိမ်မြောက်လည်း ပြောဆိုရမည်။ အကယ်၍ ထိုအယူကို စွန့်ငြားအံ့၊ ထိုသို့စွန့်ခြင်းသည် ကောင်း၏။ အကယ်၍ မစွန့်ငြားအံ့၊ ဒုက္ကဋ်အာပတ်သင့်၏။ [ကြားလျက် မပြောဆိုကုန်ငြားအံ့၊ ဒုက္ကဋ်အာပတ်သင့်၏။] ထိုဘိက္ခုနီကို ဘိက္ခုနီသံဃာ့အလယ်သို့လည်း ခေါ်ဆောင်၍ အထက်၌ဆိုခဲ့သည့် အတိုင်း သုံးကြိမ်မြောက်အောင် ထပ်မံ၍ ပြောဆိုရမည်။ အကယ်၍ ထိုအယူကို စွန့်ငြားအံ့၊ ထိုသို့စွန့်ခြင်းသည် ကောင်း၏။ အကယ်၍ မစွန့်ငြားအံ့၊ ထိုဘိက္ခုနီအား ဒုက္ကဋ်အာပတ် သင့်ပြန်၏။ ထိုနောက်

ဘိက္ခုနီသံဃာက ထိုဘိက္ခုနီအား ထိုအယူကို စွန့်စေခြင်းငှါ သမနုဘာသနကံဖြင့် ဆိုဆုံးမအပ်၏။ ဤသို့ ဆိုဆုံးမအပ်သည်ရှိသော် ထိုအယူကိုစွန့်လျှင် ကောင်း၏။ မစွန့်လျှင်ကား သုံးကြိမ်မြောက်သော ကမ္မဝါစာ၏ အဆုံး၌ ထိုဘိက္ခုနီသည် နှင်ထုတ်ထားသော‘ဥက္ခိတ္တကရဟန်း’၏ အယူကို အတုလိုက်၍ကျင့်သောကြောင့် ဥက္ခိတ္တာနုဝတ္တိကာမည်သော ပါရာဇိက အာပတ်သင့်၏။ ဘိက္ခုနီကောင်းတို့နှင့် အတူတကွ ပေါင်းသင်းခြင်းငှါ မရတော့ချေ။ [ဟုတ်မှန်သောအကြောင်း၊ဝတ္ထု–ဟူရာ၌ နှင်ထုတ်ထိုက်သောအကြောင်း (အာပတ်ရှိခြင်းစသော အကြောင်း)၏ ဟုတ်မှန်ခြင်းကို ဆိုလိုသည်။ ဤအဓိပ္ပာယ်မှာ ဤသိက္ခာပုဒ်၌သာသော ဓမ္မနဟူသော ပါဠိစကား၏ အဓိပ္ပာယ် ဖြစ်သည်။]

(၄) **အဋ္ဌဝတ္ထုကာ**။ ။အကြင်ဘိက္ခုနီသည် ကိုယ်လက်နှိုးနှောလိုသော ရာဂစိတ်ရှိသည်ဖြစ်၍ ထိုကဲ့သို့သော ရာဂစိတ်ရှိသည့်ယောကျ်ား၏ လက်ဆွဲမှုကိုလည်း သာယာငြားအံ့၊ သင်္ကန်းကိုင်ဆွဲမှုကိုလည်း သာယာငြားအံ့၊နှစ်တောင့်ထွာဟတ္ထပါသ်အတွင်း၌လည်း ရပ်နေငြားအံ့၊နှစ်တောင့်ထွာ ဟတ္ထပါသ်အတွင်း၌လည်း စကားပြောငြားအံ့၊ ချိန်းချက်ထားသောအရပ်သို့လည်း သွားငြားအံ့၊ မိမိထံသို့ ထိုယောကျ်ား၏လာမှုကိုလည်း သာယာငြားအံ့၊ ဖုံးကွယ်သောနေရာသို့လည်း လိုက်၍ဝင်ငြားအံ့၊ ကိုယ်ကိုလည်း ထိုယောကျ်ား၏အနီးသို့ ဆောင်ငြားအံ့၊ ထိုဘိက္ခုနီသည် ဝတ္ထု ၈ မျိုးလုံးကို ကျူးလွန်သောကြောင့် အဋ္ဌဝတ္ထုကာမည်သော ပါရာဇိက အာပတ်သင့်၏။ ဘိက္ခုနီကောင်းတို့နှင့် အတူတကွ ပေါင်းသင်းခြင်းငှါ မရတော့ချေ။ [တမျိုးတမျိုးအတွက် တခါကျူးလွန်လျှင် ထုလ္လစ္စဉ်းအာပတ် တချက်တချက် သင့်၏။ ၈ မျိုးလုံး ပြည့်သည့်အခါ ပါရာဇိက ကျ၏။]

**မှတ်ချက်**။ ။ဘိက္ခုနီတို့အတွက် သီးခြား ပညတ်တော်မူအပ်သော ဤ၌ တိုက်ရိုက်ပြထားသော ‘အသာဓာရဏ’ပါရာဇိက ၄ ပါးအပြင် ဘိက္ခုတို့အား ပညတ်အပ်သော မေထုန, အဒိန္နာဒါန, မနုဿဝိဂ္ဂဟ, ဥတ္တရိမနုဿဓမ္မ–ဟူသော သိက္ခာပုဒ် ၄ ပါးကိုလည်း ဘိက္ခုနီတို့ လိုက်နာရသည်။ ထို့ကြောင့် ဘိက္ခုနီတို့၌ ပါရာဇိက ၈ ပါးရှိ၏။

ပါရာဇိကအခန်း ပြီးပြီ။

## ၁၄။ သံဃာဒိသိသ် အခဏ်း

(၁) ဥဿယဝါဒိကာ။ ။အကြင် ဘိက္ခုနီသည် သူကြွယ်နှင့်ငှင်း၊ သူကြွယ်သားနှင့်ငှင်း၊ ကျွန်နှင့်ငှင်း၊ အလုပ်သမားနှင့် ငှင်း၊ အယုတ်သဖြင့် ရဟန်း, ပရိဗိုဇ်တို့နှင့်ငှင်း အငြင်းအခုံ ဖြစ်ပွား၍ တရားတွေ့ငြားအံ့၊ ထို ဘိက္ခုနီသည် လွန်ကျူးလျှင်လွန်ကျူးခြင်း ခဏ၌ ရောက်သော သံဃာမှ နှင်ထုတ်ကြောင်းလည်း ဖြစ်သော ဥဿယဝါဒိကာ မည်သော သံဃာဒိသိသ် အာပတ်သို့ ရောက်၏။

(၂)စောရီဝုဋ္ဌာပန။ ။အကြင်ဘိက္ခုနီသည် ဥပဇ္ဈာယ်ဆရာမ လုပ်၍ တိတ္ထိတို့၏အထံ၌ ရသေ့မ ပရိဗိုဇ်မ မပြုရသေးသော သို့မဟုတ် အခြားဘိက္ခုနီတို့၏ အထံ၌ သာမဏေမ မပြုရသေးသောလူဝတ်ကြောင်အဖြစ်ဖြင့် မိမိထံသို့လာသည့် သတ်ထိုက်သော ခိုးသူမကို သိလျက် မင်းအားငှင်း၊ ဘိက္ခုနီ သံဃာအားငှင်း၊ ဗိုဏ်နိုးနတ် ခန္ဓနတ်တို့ကို ကိုးကွယ်ဆည်းကပ်သော လူအပေါင်းကို အုပ်စိုးသည့် အကြီးအမှူးအားငှင်း၊ ကုသိုလ်ကောင်းမှု ပြုသော လူ အသင်းအဖွဲ့အားငှင်း၊ ကုန်သည် အစည်းအရုံးအားငှင်း မပန်ကြားပဲလျက် ရဟန်းပြုပေးငြားအံ့၊ ထို ဘိက္ခုနီသည် လွန်ကျူးလျှင် လွန်ကျူးခြင်း ခဏ၌ ရောက်သော သံဃာမှ နှင်ထုတ်ကြောင်းလည်း ဖြစ်သော စောရီဝုဋ္ဌာပန မည်သော သံဃာဒိသိသ် အာပတ်သို့ရောက်၏။ [လူဝတ်ကြောင် အဖြစ်ဖြင့် လာသူကိုသာ ရဟန်းမပြုပေးကောင်း၊ ထိုသူတို့၏အထံ၌ ရသေ့မ ပရိဗိုဇ်မ သာမဏေမ ပြု၍မိမိထံသို့ ထိုအသွင်ဖြင့်လာလျှင်ကား ရဟန်းပြုပေးကောင်း၏—ဟု သိ။]

(၃) ဂါမန္တရ။ ။အကြင်ဘိက္ခုနီသည် အခြားရွာသို့မူလည်း တယောက်တည်းသွားငြားအံ့၊ မြစ်တဘက်ကမ်းသို့မူလည်း တယောက်တည်း သွားငြားအံ့၊ ညဥ့်အခါ၌ အပေါင်းအဖော်နှင့် ခွဲ၍မူလည်း တယောက်တည်း နေငြားအံ့၊ ခရီးသွားစဉ် အပေါင်းအဖော်နှင့် ခွဲ၍မူလည်း တယောက်တည်း နောက်ချန်၍ နေရစ်ငြားအံ့၊ ထိုဘိက္ခုနီသည် လွန်ကျူးလျှင်လွန်ကျူးခြင်းခဏ၌ ရောက်သော သံဃာမှ နှင်ထုတ်ကြောင်းလည်း ဖြစ်သော ဂါမန္တရ မည်သော သံဃာဒိသိသ် အာပတ်သို့ရောက်၏။

(၄) ဥက္ခိတ္တသြသာရဏ။ ။အကြင်ဘိက္ခုနီသည် ညီညွတ်သော ဘိက္ခုနီ သံဃာက ဟုတ်မှန်သော အကြောင်းဝတ္ထုဖြင့် ဝိနည်းတော်အတိုင်း စစ်ဆေး သတိပေး၍ ဥက္ခေပနဝါစာဖြင့် နှင်ထုတ်ထားသော ဘိက္ခုနီကို ထို ကံပြုသော ဘိက္ခုနီ သံဃာအားလည်း မပန်ကြား, ဂိုဏ်း၏အလိုဆန္ဒကိုလည်း သိအောင် မပြုပဲလျက် သံဃာ့ဘောင်သို့ သြသာရဏကံဖြင့် ပြန်၍သွင်းငြားအံ့၊ ထိုဘိက္ခုနီ

သည် လွန်ကျူးလျှင် လွန်ကျူးခြင်း ခဏာ၌ရောက်သော သံဃာမှ နှင်ထုတ်ကြောင်းလည်း ဖြစ်သော ဥက္ခိတ္တဩသာရဏာမည်သော သံဃာဒိသိသ်အာပတ်သို့ ရောက်၏။ [လွန်ကျူးလျှင် လွန်ကျူးခြင်း ခဏာ၌—ဆိုသည်မှာ 'ဩသာရဏာကမ္မဝါစာ၏ အဆုံး၌'ဟု ဆိုလိုသည်။

(၅) အဝဿုတဘုဥ္စန။ ။အကြင်ဘိက္ခုနီသည် တပ်နှစ်သက်သော ရာဂစိတ် ရှိသည်ဖြစ်၍ ထိုကဲ့သို့သော ရာဂစိတ်ရှိသည့် ယောကျ်ား၏လက်မှ ခဲဖွယ်ကို ဖြစ်စေ၊ ဘောဇဉ်ကိုဖြစ်စေ မိမိလက်ဖြင့်ခံယူ၍ ခဲမူလည်း ခဲငြားအံ့၊ စားမူလည်း စားငြားအံ့၊ ထိုဘိက္ခုနီသည် လွန်ကျူးလျှင်လွန်ကျူးခြင်းခဏာ၌ ရောက်သော သံဃာမှ နှင်ထုတ်ကြောင်းလည်း ဖြစ်သော အဝဿုတ ဘုဥ္စနမည်သော သံဃာဒိသိသ် အာပတ်သို့ရောက်၏။ [ရေဒန်ပူကို ခံယူလျှင် ဒုက္ကဋ်အာပတ်သင့်၏။ တပ်နှစ်သက်သော ရာဂစိတ် ဆိုသည်မှာ—ကိုယ်လက် နှီးနှောလိုသော ရာဂစိတ်မျိုး မဟုတ်၊ ရှိုးရှိုးချစ်ကြိုက်သော ရာဂစိတ်ကို ဆိုလိုသည်။]

(၆) ဥယျောဇိကာ။ ။အကြင် ဘိက္ခုနီသည် အခြား ဘိက္ခုနီအား "အရှင်မ, ဤယောက်ျား၌ တပ်နှစ်သက်သော ရာဂစိတ် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အရှင်မ၌ တပ်နှစ်သက်သော ရာဂစိတ် မရှိလျှင် အရှင်မအား သူ အဘယ်သို့ ပြုနိုင်လတ္တံ့နည်း၊ အရှင်မ, ငါတိုက်တွန်းပါ၏၊ဤယောကျ်ား ပေးသမျှ ခဲဖွယ်ကိုဖြစ်စေ၊ ဘောဇဉ်ကို ဖြစ်စေ အရှင်မ၏ လက်ဖြင့် ခံယူ၍ ခဲမူလည်း ခဲလော့၊ စားမူလည်း စားလော့"ဟု ပြောဆို တိုက်တွန်းငြားအံ့၊ ထိုဘိက္ခုနီသည် လွန်ကျူးလျှင် လွန်ကျူးခြင်း ခဏာ၌ ရောက်သော သံဃာမှ နှင်ထုတ်ကြောင်းလည်း ဖြစ်သော ဥယျောဇိကာမည်သော သံဃာဒိသိသ် အာပတ်သို့ရောက်၏။ [ခဲလော့ စားလော့ဟု ပြောဆို တိုက်တွန်းရုံဖြင့် သံဃာဒိသိသ် အာပတ်မသင့်သေး၊ ဒုက္ကဋ် အာပတ်သာ သင့်၏။ တိုက်တွန်းသည့်အတိုင်း ထိုဘိက္ခုနီ ခံယူလျှင် တိုက်တွန်းသော ဘိက္ခုနီအား ဒုက္ကဋ် အာပတ် သင့်ပြန်၏။ မျိုတိုင်းမျိုတိုင်း ထုလ္လစ္စဉ်း အာပတ်သင့်၏။ စား၍ ပြီးလျှင် ပြီးခြင်း သံဃာဒိသိသ် အာပတ် သင့်၏။]

(၇) ကုပိတာ။ ။အကြင် ဘိက္ခုနီသည် စိတ်ဆိုး, နှလုံးမသာသည်ဖြစ်၍ "ဘုရားကို စွန့်ပါ၏, တရားကို စွန့်ပါ၏, သံဃာကို စွန့်ပါ၏၊ သိက္ခာကို စွန့်ပါ၏၊ သာကီဝင်မင်းသား ဘုရားရှင်၏ သမီးဆိုသူတို့သာ ဘိက္ခုနီတို့တဲ့လား၊ မကောင်းမှုမှ ရှက်တတ်ကုန်သော ကုက္ကုစ္စရှိကုန်သော သိက္ခာသုံးပါးကို လိုလားကုန်သော အခြားဘိက္ခုနီတို့လည်း ရှိကြပါသေး၏၊ငါသည် ထိုဘိက္ခုနီတို့၏ အထံ၌မြတ်သော အကျင့်ကို ကျင့်တော့အံ့"ဟု ဆိုငြားအံ့။ ထိုဘိက္ခုနီ

ကိုမြင်ကြ ကြားကြ ကုန်သော အခြား ဘိက္ခုနီတို့က''အရှင်မ, အရှင်မသည် စိတ်ဆိုး, နှလုံးမသာသည် ဖြစ်၍ [ဘုရားကို စွန့်ပါ၏, တရားကို စွန့်ပါ၏, သံဃာကို စွန့်ပါ၏, သိက္ခာကို စွန့်ပါ၏, သာကီဝင်မင်းသား ဘုရားရှင်၏ သမီး ဆိုသူတို့သာ ဘိက္ခုနီ တို့တဲ့လား၊ မကောင်းမှုမှ ရှက်တတ်ကုန်သော ကုက္ကုစ္စရှိကုန်သော သိက္ခာသုံးပါးကို လိုလားကုန်သော အခြားဘိက္ခုနီတို့လည်း ရှိကြပါသေး၏၊ ငါသည် ထိုဘိက္ခုနီတို့၏ အထံ၌ မြတ်သော အကျင့်ကို ကျင့်တော့အံ့] ဟု မဆိုပါလင့်၊ အရှင်မ, ၎ မွေ့လျော်ပါလော့၊ မြတ်စွာဘုရားသည် တရားတော်ကို ကောင်းစွာ ဟောတော်မူ၏၊ ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုခြင်းငှါ မြတ်သော အကျင့်ကို ကောင်းစွာ ကျင့်ပါလော့''ဟု ပြောဆိုရမည်၊ နှစ်ကြိမ်မြောက်လည်း ပြောဆိုရမည်၊ သုံးကြိမ်မြောက်လည်း ပြောဆိုရမည်။ အကယ်၍ ထိုအယူကို စွန့်ငြားအံ့၊ ထိုသို့ စွန့်ခြင်းသည် ကောင်း၏။ အကယ်၍ မစွန့်ငြားအံ့၊ ဒုက္ကဋ် အာပတ်သင့်၏။ [ကြားလျက် မပြောဆို ကုန်ငြားအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။] ထိုဘိက္ခုနီကို ဘိက္ခုနီ သံဃာ့ အလယ်သို့လည်း ခေါ်ဆောင်၍ အထက်၌ ဆိုခဲ့သည့်အတိုင်း သုံးကြိမ်မြောက်အောင် ထပ်မံ၍ ပြောဆိုရမည်။ အကယ်၍ ထိုအယူကို စွန့်ငြားအံ့၊ ထိုသို့ စွန့်ခြင်းသည် ကောင်း၏။ အကယ်၍ မစွန့်ငြားအံ့၊ ထိုဘိက္ခုနီအား ဒုက္ကဋ် အာပတ်သင့်ပြန်၏။ ထိုနောက် ဘိက္ခုနီ သံဃာက ထိုဘိက္ခုနီအား ထိုအယူကို စွန့်စေခြင်းငှါ သမနုဘာသနကံဖြင့် ဆိုဆုံးမအပ်၏။ ဤသို့ ဆိုဆုံးမအပ်သည်ရှိသော် ထိုအယူကို စွန့်လျှင် ကောင်း၏။ မစွန့်လျှင်ကား ထိုဘိက္ခုနီသည် သုံးကြိမ်မြောက်သော ကမ္မဝါစာ၏ အဆုံး၌ ရောက်သော သံဃာမှ နှင်ထုတ်ကြောင်းလည်းဖြစ်သော ကုပ်ိတမည်သော သံဃာဒိသိသ် အာပတ်သို့ရောက်၏။ [သုံးကြိမ် မြောက်သော ကမ္မဝါစာ၏ အဆုံး၌—ဆိုသည်မှာ 'သမနုဘာသနကံ၏ သုံးကြိမ်မြောက်သော ကမ္မဝါစာ၏ အဆုံး၌' ဟု ဆိုလိုသည်။ ။နောက်သိက္ခာပုဒ်များ၌သည်း ဤအတိုင်းသိ။]

မှတ်ချက်။ ။[ ]ဤအမှတ်အသား အတွင်းရှိ စကားများကို ရှေ့တဦးက ပြောပြီး၍ နောက်တဦးက ထပ်၍ ပြန်ပြောသော စကား-ဟုသိ။နောက်သိက္ခာပုဒ်များ၌လည်း ဤနည်းချည်း။

(၈) ပစ္စာကတ။ ။အကြင် ဘိက္ခုနီသည် အဓိကရုဏ်း(အမှု) တခု၌ ရှုံး၍ စိတ်ဆိုး, နှလုံး မသာ သောကြောင့် ''ဘိက္ခုနီတို့သည် ချစ်သောအားဖြင့် မလားအပ်သည်သို့လည်း လားကုန်၏၊ မုန်းသော အားဖြင့် မလားအပ်သည် သို့လည်း လားကုန်၏၊ တွေဝေသောအားဖြင့် မလားအပ်သည် သို့လည်း

လားကုန်၏၊ ကြောက်သောအားဖြင့် မလားအပ်သည်သို့လည်း လားကုန်၏" ဟု ဆိုငြားအံ့။ ထိုဘိက္ခုနီကို မြင်ကြ ကြားကြကုန်သော အခြားဘိက္ခုနီတို့က "အရှင်မ, အရှင်မသည် အဓိကရဏ်း (အမှု)တခု၌ ရှုံး၍ စိတ်ဆိုး, နှလုံး မသာသောကြောင့် [ဘိက္ခုနီတို့သည် ချစ်သော အားဖြင့် မလားအပ်သည် သို့လည်း လားကုန်၏၊ မုန်းသောအားဖြင့် မလားအပ်သည်သို့လည်း လား ကုန်၏၊ တွေဝေသော အားဖြင့် မလားအပ်သည် သို့လည်း လားကုန်၏၊ ကြောက်သောအားဖြင့် မလားအပ်သည် သို့လည်း လားကုန်၏]ဟု မဆိုပါ လင့်၊ အရှင်မသည်သာလျှင် ချစ်သောအားဖြင့် မလားအပ်သည် သို့လည်း လားရာ၏၊မုန်းသော အားဖြင့် မလားအပ်သည် သို့လည်း လားရာ၏၊ တွေဝေ သော အားဖြင့် မလားအပ်သည် သို့လည်း လားရာ၏၊ကြောက်သောအားဖြင့် မလားအပ်သည်သို့လည်း လားရာ၏"ဟု ပြောဆိုရမည်။နှစ်ကြိမ်မြောက်လည်း ပြောဆိုရမည်။ သုံးကြိမ်မြောက်လည်း ပြောဆိုရမည်။ အကယ်၍ ထိုအယူကို စွန့်ငြားအံ့၊ ထိုသို့စွန့်ခြင်းသည် ကောင်း၏။ အကယ်၍ မစွန့်ငြားအံ့၊ ဒုက္ကဋ် အာ ပတ်သင့်၏။ [ကြားလျက် မပြောဆိုကုန်ငြားအံ့၊ ဒုက္ကဋ်အာပတ်သင့်၏။] ထို ဘိက္ခုနီကို ဘိက္ခုနီသံဃာ့အလယ်သို့လည်း ခေါ်ဆောင်၍ အထက်၌ဆိုခဲ့သည့် အတိုင်း သုံးကြိမ်မြောက်အောင် ထပ်မံ၍ ပြောဆိုရမည်။အကယ်၍ထိုအယူကို စွန့်ငြားအံ့၊ ထိုသို့ စွန့်ခြင်းသည်ကောင်း၏။ အကယ်၍ မစွန့်ငြားအံ့၊ထိုဘိက္ခုနီ အား ဒုက္ကဋ်အာပတ်သင့်ပြန်၏။ ထို့နောက် ဘိက္ခုနီသံဃာက ထိုဘိက္ခုနီအား ထိုအယူကို စွန့်စေခြင်းငှါ သမနုဘာသနကံဖြင့် ဆိုဆုံးမအပ်၏။ဤသို့ဆိုဆုံးမ အပ်သည်ရှိသော် ထိုအယူကိုစွန့်လျှင်ကောင်း၏။ မစွန့်လျှင်ကား ထိုဘိက္ခုနီ သည် သုံးကြိမ်မြောက်သော ကမ္မဝါစာ၏အဆုံး၌ ရောက်သော သံဃာမှ နှင် ထုတ်ကြောင်းလည်းဖြစ်သော ပစ္စာကတမည်သော သံဃာဒိသိသ်အာပတ်သို့ ရောက်၏။

(၉) သံသဋ္ဌ။ ။အကြင်ဘိက္ခုနီတို့သည် လူတို့နှင့်ရောနှောကာယုတ်မာ သောအကျင့် ယုတ်မာသော ကျော်စောသံ ယုတ်မာသော အသက်မွေးခြင်းရှိ ကုန်လျက် ဘိက္ခုနီ သံဃာအား ညှဉ်းဆဲပြီးလျှင် အချင်းချင်းအပြစ်ကို ဖုံးလွှမ်း လျက် နေကုန်၏။ ထိုဘိက္ခုနီတို့ကို မြင်ကြကြားကြကုန်သော အခြားဘိက္ခုနီ တို့က "ညီမ အစ်မတို့, ညီမ အစ်မတို့သည် လူတို့နှင့်ရောနှောကာ ယုတ်မာ သော အကျင့် ယုတ်မာသော ကျော်စောသံ ယုတ်မာသော အသက်မွေးခြင်း ရှိကုန်လျက် ဘိက္ခုနီသံဃာအား ညှဉ်းဆဲပြီးလျှင် အချင်းချင်းအပြစ်ကို ဖုံး လွှမ်းလျက်နေကုန်၏။ ညီမ အစ်မတို့, လူတို့နှင့် ကင်းကင်းရှင်းရှင်း နေကုန် လော့။ ညီမ အစ်မတို့၏ ကင်းကင်းရှင်းရှင်းနေခြင်းကိုသာလျှင် ဘိက္ခုနီသံဃာ

က ချီးမွမ်း၏''ဟု ပြောဆိုရမည်၊ နှစ်ကြိမ်မြောက်လည်း ပြောဆိုရမည်၊ သုံးကြိမ်မြောက်လည်း ပြောဆိုရမည်။ အကယ်၍ ထိုအယူကို စွန့်ကုန်ငြားအံ့၊ ထိုသို့ စွန့်ခြင်းသည် ကောင်း၏။ အကယ်၍ မစွန့်ကုန်ငြားအံ့၊ ဒုက္ကဋ် အာပတ်သင့်၏၊ [ကြားလျက် မပြောဆိုကုန်ငြားအံ့၊ ဒုက္ကဋ်အာပတ်သင့်၏။] ထိုဘိက္ခုနီတို့ကို ဘိက္ခုနီသံဃာ့အလယ်သို့လည်း ခေါ်ဆောင်၍ အထက်၌ ဆိုခဲ့သည့်အတိုင်း သုံးကြိမ်မြောက်အောင် ထပ်မံ၍ ပြောဆိုရမည်။ အကယ်၍ ထိုအယူကို စွန့်ကုန်ငြားအံ့၊ ထိုသို့စွန့်ခြင်းသည် ကောင်း၏။ အကယ်၍ မစွန့်ကုန်ငြားအံ့၊ ထို ဘိက္ခုနီတို့အား ဒုက္ကဋ်အာပတ်သင့်ပြန်၏။ ထိုနောက် ဘိက္ခုနီသံဃာက ထိုဘိက္ခုနီတို့အား ထိုအယူကိုစွန့်စေခြင်းငှါ သမနုဘာသနကံဖြင့် ဆိုဆုံးမအပ်ကုန်၏။ ဤသို့ ဆိုဆုံးမအပ်ကုန်သည်ရှိသော် ထိုအယူကို စွန့်လျှင် ကောင်း၏။ မစွန့်လျှင်ကား ထိုဘိက္ခုနီတို့သည် သုံးကြိမ်မြောက်သော ကမ္မဝါစာ၏ အဆုံး၌ ရောက်သော သံဃာမှ နှင်ထုတ်ကြောင်းလည်း ဖြစ်သော သံဃာဒိသိသ် အာပတ်သို့ ရောက်ကုန်၏။ [လူတို့နှင့်ရောနှောကာ-ဆိုသည်မှာ လူဝတ်ကြောင်တို့အား ထမင်းချက်ခြင်း, သဘင်းစကားပို့ဆောင်ခြင်း စသော လူမှုကိစ္စကို ကိုယ်,နှုတ်အားဖြင့် ပြုလုပ်ပေးခြင်းကို ဆိုလိုသည်။ ။ဘိက္ခုနီသံဃာအား ညှဉ်းဆဲပြီးလျှင်-ဆိုသည်မှာ 'အချင်းချင်း၏ကံကို ပြုသည်ရှိသော် တားမြစ်ကန့်ကွက်ကုန်၏'ဟု ဆိုလိုသည်။]

(၁၀) သံသဋ္ဌာနုဗလပ္ပဒါန။ ။အကြင် ဘိက္ခုနီသည် အခြားဘိက္ခုနီတို့အား ''အရှင်မတို့, အရှင်မတို့သည် လူတို့နှင့်ရောနှော၍သာ နေကုန်လော့၊ တသီးတခြားစီ မနေကုန်လင့်၊ ဘိက္ခုနီသံဃာထဲ၌ ဤသို့သောအကျင့် ဤသို့သော ကျော်စောသံ ဤသို့သော အသက်မွေးခြင်းရှိကုန်လျက် ဘိက္ခုနီသံဃာအား ညှဉ်းဆဲပြီးလျှင် အချင်းချင်း အပြစ်ကို ဖုံးလွှမ်းလျက် နေကုန်သော အခြားဘိက္ခုနီတို့လည်း ရှိကြ၏။ ထိုဘိက္ခုနီတို့ကိုမူ ဘိက္ခုနီသံဃာက တစုံတခုမျှ မပြောဆိုပဲ အရှင်မတို့ကိုသာလျှင် မထီမဲ့မြင် ပြုသဖြင့်၎င်း၊ နှိပ်စက်သဖြင့်၎င်း၊ သည်းမခံသဖြင့်၎င်း၊ နိုင်ထက်စီးနင်းပြောသဖြင့်၎င်း၊ အရှင်မတို့၌ အားနည်းသဖြင့်၎င်း [ညီမ အစ်မတို့, ညီမအစ်မတို့သည် လူတို့နှင့်ရောနှောကာ ယုတ်မာသောအကျင့် ယုတ်မာသောကျော်စောသံ ယုတ်မာသော အသက်မွေးခြင်းရှိကုန်လျက် ဘိက္ခုနီသံဃာအား ညှဉ်းဆဲပြီးလျှင် အချင်းချင်း အပြစ်ကို ဖုံးလွှမ်းလျက် နေကုန်၏။ ညီမ အစ်မတို့, လူတို့နှင့် ကင်းကင်းရှင်းရှင်း နေကုန်လော့၊ ညီမ အစ်မတို့၏ ကင်းကင်းရှင်းရှင်းနေခြင်းကိုသာလျှင် ဘိက္ခုနီသံဃာက ချီးမွမ်း၏]ဟု ဘိက္ခုနီသံဃာက ဆိုသည်''ဟူ၍ ဆိုငြားအံ့။ ထိုဘိက္ခုနီကို မြင်ကြကြားကြကုန်သော အခြားဘိက္ခုနီတို့က ''အရှင်မ, အရှင်မ

သည် ထိုဘိက္ခုနီတို့အား [အရှင်မတို့ အရှင်မတို့သည် လူတို့နှင့် ရောနှော၍သာ နေကုန်လော့၊ တသီးတခြားစီ မနေကုန်လင့်၊ ဘိက္ခုနီသံဃာထဲ၌ ဤသို့သော အကျင့် ဤသို့သော ကျော်စောသံ ဤသို့သော အသက်မွေးခြင်း ရှိကုန်လျက် ဘိက္ခုနီသံဃာအား ညှဉ်းဆဲပြီးလျှင် အချင်းချင်းအပြစ်ကို ဖုံးလွှမ်းလျက် နေကုန်သော အခြား ဘိက္ခုနီတို့လည်း ရှိကြ၏။ ထိုဘိက္ခုနီတို့ကိုမူ ဘိက္ခုနီသံဃာ က တစုံတခုမျှ မပြောဆိုပဲ အရှင်မတို့ကိုသာလျှင် မထီမဲ့မြင်ပြုသဖြင့်၎င်း၊ နှိပ်စက်သဖြင့်၎င်း၊ သည်းမခံသဖြင့်၎င်း၊ နိုင်ထက်စီးနင်း ပြောသဖြင့်၎င်း၊ အရှင်မတို့၌ အားနည်းသဖြင့်၎င်း-ညီမ အစ်မတို့ ညီမအစ်မတို့သည် လူတို့နှင့် ရောနှောကာ ယုတ်မာသောအကျင့် ယုတ်မာသော ကျော်စောသံ ယုတ်မာ သော အသက်မွေးခြင်း ရှိကုန်လျက် ဘိက္ခုနီသံဃာအား ညှဉ်းဆဲပြီးလျှင် အချင်းချင်း အပြစ်ကို ဖုံးလွှမ်းလျက်နေကုန်၏။ ညီမအစ်မတို့ လူတို့နှင့် ကင်း ကင်းရှင်းရှင်းနေကုန်လော့၊ ညီမအစ်မတို့၏ ကင်းကင်းရှင်းရှင်းနေခြင်းကိုသာ လျှင် ဘိက္ခုနီသံဃာက ချီးမွမ်း၏ဟု ဘိက္ခုနီသံဃာက ဆိုသည်] ဟူ၍ မဆို ပါလင့်''ဟု ပြောဆိုရမည်၊ နှစ်ကြိမ်မြောက်လည်း ပြောဆိုရမည်၊ သုံးကြိမ် မြောက်လည်း ပြောဆိုရမည်။ အကယ်၍ ထိုအယူကို စွန့်ငြားအံ့၊ ထိုသို့စွန့်ခြင်း သည် ကောင်း၏။ အကယ်၍ မစွန့်ငြားအံ့။ ဒုက္ကဋ်အာပတ်သင့်၏။ [ကြား လျက် မပြောဆိုကုန်ငြားအံ့၊ ဒုက္ကဋ်အာပတ်သင့်၏။] ထိုဘိက္ခုနီကို ဘိက္ခုနီ သံဃာ့အလယ်သို့လည်း ခေါ်ဆောင်၍ အထက်၌ဆိုခဲ့သည့် အတိုင်း သုံးကြိမ် မြောက်အောင် ထပ်မံ၍ ပြောဆိုရမည်။ အကယ်၍ ထိုအယူကို စွန့်ငြားအံ့၊ ထိုသို့စွန့်ခြင်းသည် ကောင်း၏။ အကယ်၍ မစွန့်ငြားအံ့၊ ထိုဘိက္ခုနီအားဒုက္ကဋ် အာပတ်သင့်ပြန်၏။ ထိုနောက် ဘိက္ခုနီသံဃာက ထိုဘိက္ခုနီအား ထိုအယူကို စွန့်စေခြင်းငှါ သမနုဘာသနကံဖြင့် ဆိုဆုံးမအပ်၏။ ဤသို့ ဆိုဆုံးမအပ်သည် ရှိသော် ထိုအယူကို စွန့်လျှင်ကောင်း၏။ မစွန့်လျှင်ကား ထိုဘိက္ခုနီသည် သုံး ကြိမ်မြောက်သော ကမ္မဝါစာ၏ အဆုံး၌ ရောက်သော သံဃာမှ နှင်ထုတ် ကြောင်းလည်း ဖြစ်သော သံသဋ္ဌာနုဗလပ္ပဒါနမည်သော သံဃာဒိသိသ်အာပတ် သို့ ရောက်၏။

မှတ်ချက်။ ။ဘိက္ခုနီတို့အတွက် သံဃာဒိသိသ် သိက္ခာပုဒ် ၁၇ ပါးရှိ သည်။ ၎င်းတို့ကား ဘိက္ခုပါတိမောက်၌လာသော သဉ္စရိတ္တ, ပဌမဒုဋ္ဌဒေါသ, ဒုတိယ ဒုဋ္ဌဒေါသ, သုံးကြိမ်မြောက်သော ကမ္မဝါစာ၏အဆုံး၌ ရောက်သော သိက္ခာပုဒ် ၄ ပါး၊ ပေါင်း ၇ ပါးကိုယူ၍ဤ၌ တိုက်ရိုက်ပြထားသော "အသာ ဓာရဏ' သိက္ခာပုဒ် ၁၀ ပါးနှင့်ပေါင်းလျှင် ၁၇ ပါးဖြစ်သည်။ [ထို ၁၇ ပါ

တွင် လွန်ကျူးလျှင် လွန်ကျူးခြင်းခဏ၌ ရောက်သော သိက္ခာပုဒ် ၉ ပါးနှင့် သုံးကြိမ်မြောက်သော ကမ္မဝါစာ၏ အဆုံး၌ ရောက်သော သိက္ခာပုဒ် ၈ ပါး ပါသည်။]

သံဃာဒိသိသ် အခဏ်းပြီးပြီ။

## ၁၅။ ။နိဿဂ္ဂိယပါစိတ် အခဏ်း

### ၁။ ပတ္တဝဂ်

(၁) **ပတ္တသန္နိစယ။** ။အကြင်ဘိက္ခုနီသည် အဓိဋ္ဌာန်ဝိကပ္ပနာလောက်သော ကိုယ်ပိုင်မြေ, သံသပိတ်ကို အဓိဋ္ဌာန်မတင် ဝိကပ္ပနာမပြုပဲလျက် သိုမှီး သိမ်းဆည်းငြားအံ့။ ထိုဘိက္ခုနီအား ပတ္တသန္နိစယ နိဿဂ္ဂိပါစိတ်အာပတ်သင့်၏။ [ဘိက္ခုတို့မှာ အဓိဋ္ဌာန် မတင် ဝိကပ္ပနာ မပြုဖဲလျက် ၁ဝ ရက် ထားခွင့်ရ၏။ ဘိက္ခုနီတို့မှာကား ၁ ရက်မျှ ထားခွင့်မရ။ ။နိဿဂ္ဂိယပါစိတ် အာပတ် ဟူသမျှ၌ စွန့်ခြင်း ဝိနည်းကံရှိသည်ချည်းတည်း။]

(၂) **စီဝရဘာဇန။** ။အကြင်ဘိက္ခုနီသည် အကာလသင်္ကန်းကို ကာလသင်္ကန်း-ဟု အဓိဋ္ဌာန် (ဆောက်တည်)၍ ခွဲဝေစေငြားအံ့။ ထို ဘိက္ခုနီအား စီဝရဘာဇနနိဿဂ္ဂိပါစိတ်အာပတ်သင့်၏။

(၃) **စီဝရအစ္ဆိန္နန။** ။အကြင်ဘိက္ခုနီသည် အခြားဘိက္ခုနီနှင့် သင်္ကန်း ချင်း လဲလှယ်ပြီးမှ နောက်၌ ထို ဘိက္ခုနီအား ''အရှင်မ, သင်၏သင်္ကန်းကို ပြန်ယူလော့၊ ငါ၏သင်္ကန်းကို ယူခဲ့လော့၊ သင်၏သင်္ကန်းသည် သင်၏ဥစ္စာသာ ဖြစ်၍ ငါ၏သင်္ကန်းသည် ငါ၏ဥစ္စာသာဖြစ်သည်၊ ငါ၏သင်္ကန်းကို ယူခဲ့လော့၊ သင်၏သင်္ကန်းကို ပြန်ယူလော့''ဟုဆို၍ ထိုသင်္ကန်းကို ကိုယ်တိုင်မူလည်း ပြန်၍ လုယူငြားအံ့။ သူတပါးကိုမူလည်း လုယူစေငြားအံ့။ ထို ဘိက္ခုနီအား စီဝရ အစ္ဆိန္နနနိဿဂ္ဂိပါစိတ် အာပတ်သင့်၏။

(၄) **အညံဝိညာပန။** ။အကြင်ဘိက္ခုနီသည် ထောပတ်စသော ဝတ္ထုတမျိုးကိုတောင်း၍ ရပြီးမှ ဆီစသော အခြား ဝတ္ထုတမျိုးကို တောင်းပြန်ငြားအံ့။ ထိုဘိက္ခုနီအား အညံဝိညာပန နိဿဂ္ဂိ ပါစိတ်အာပတ်သင့်၏။

(၅) **အညံစေတာပန။** ။အကြင်ဘိက္ခုနီသည် ဆီစသော ဝတ္ထုတမျိုးကို လဲလှယ်စေပြီးမှ ထောပတ်စသော အခြား ဝတ္ထုတမျိုးကို ပြန်၍ လဲလှယ်စေ ငြားအံ့။ ထိုဘိက္ခုနီအား အညံစေတာပန နိဿဂ္ဂိပါစိတ် အာပတ်သင့်၏။

(၆) **သံဃိကေနအညံစေတာပန။** ။အကြင်ဘိက္ခုနီသည် သက်န်းစသော ပစ္စည်းအတွက် ရည်စူး၍လှူထားသော သံဃိကပရိက္ခာရာဖြင့် သက်န်းကို မလဲလှယ်စေပဲလျက် ဆေးစသောအခြားဝတ္ထုကို လဲလှယ်စေငြားအံ့။ ထိုဘိက္ခုနီအား သံဃိကေန အညံစေတာပန နိဿဂ္ဂိယပါစိတ် အာပတ်သင့်၏။

(၇) **သံဃိက သံယာစိကေနအညံ စေတာပန။** ။အကြင် ဘိက္ခုနီသည် သက်န်းစသော ပစ္စည်းအတွက် ရည်စူး၍ လှူထားသော သံဃိက ပရိက္ခာရာနှင့် မိမိကိုယ်တိုင် တောင်း၍ရသောပရိက္ခာရာတို့ဖြင့် သက်န်းကို မလဲလှယ်စေပဲလျက် ဆေးစသော အခြားဝတ္ထုကို လဲလှယ်စေငြားအံ့။ ထို ဘိက္ခုနီအား သံဃိက သံယာစိကေန အညံ စေတာပန နိဿဂ္ဂိယပါစိတ် အာပတ်သင့်၏။

(၈) **မဟာဇနိကေနအညံစေတာပန။** ။အကြင်ဘိက္ခုနီသည် ဆန်စသော ဝတ္ထုအတွက် ရည်စူး၍လှူထားသော အများပိုင်(ဂိုဏ်း) ပရိက္ခာရာဖြင့် ဆန်ကို မလဲလှယ်စေပဲလျက် ဆေးစသောအခြားဝတ္ထုကိုလဲလှယ်စေငြားအံ့။ထိုဘိက္ခုနီအား မဟာဇနိကေန အညံစေတာပန နိဿဂ္ဂိယပါစိတ်အာပတ်သင့်၏။

(၉) **မဟာဇနိကသံယာစိကေနအညံစေတာပန။** ။အကြင်ဘိက္ခုနီသည် ဆန်စသောဝတ္ထုအတွက် ရည်စူး၍လှူထားသော အများပိုင် (ဂိုဏ်း)ပရိက္ခာရာနှင့် မိမိကိုယ်တိုင် တောင်း၍ရသော ပရိက္ခာရာတို့ဖြင့် ဆန်ကို မလဲလှယ်စေပဲလျက် ဆေးစသော အခြားဝတ္ထုကို လဲလှယ်စေငြားအံ့။ ထိုဘိက္ခုနီအား မဟာဇနိကသံယာစိကေန အညံစေတာပန နိဿဂ္ဂိယပါစိတ် အာပတ်သင့်၏။

(၁၀) **ပုဂ္ဂလိကသံယာစိကေနအညံစေတာပန။** ။အကြင် ဘိက္ခုနီသည် သစ်, ဝါးစသော ပစ္စည်းအတွက် ရည်စူး၍ လှူထားသော မိမိပိုင် (ပုဂ္ဂလိက) ပရိက္ခာရာနှင့် မိမိကိုယ်တိုင် တောင်း၍ရသော ပရိက္ခာရာတို့ဖြင့် သစ်, ဝါးကို မလဲလှယ်စေပဲလျက် ဆေးစသော အခြားအရာဝတ္ထုကို လဲလှယ်စေငြားအံ့။ ထိုဘိက္ခုနီအား ပုဂ္ဂလိက သံယာစိကေန အညံ စေတာပန နိဿဂ္ဂိယပါစိတ် အာပတ်သင့်၏။

ရှေးဦးစွာသော ပတ္တဝဂ်သည် ပြီးခြင်းသို့ရောက်ပြီ။

---

## ၂။ စီဝရဝဂ်

(၁) **ဂရုပါဝုရဏစေတာပန။** ။အကြင်ဘိက္ခုနီသည် လေးသောခြုံထည်ကို တောင်းလျှင် အလွန်ဆုံး ၄ ကံသ တန်ဖိုးရှိသော ခြုံထည်ကိုသာ တောင်းရမည်။ ထိုထက်ပို၍ တန်ဖိုးရှိသောခြုံထည်ကို တောင်းငြားအံ့။ ထိုဘိက္ခုနီအား ဂရုပါဝု

ရဏ စေတာပန နိဿဂ္ဂိပါစိတ် အာပတ်သင့်၏။ [၁ကံသသည် ၄ အသပြာနှင့် ညီမျှ၏။]

(၂) လဟုပါဝုရဏစေတာပန။ ။အကြင် ဘိက္ခုနီ သည် ပေါ့ပါးသော ခြုံထည်ကိုတောင်းလျှင် အလွန်ဆုံး ၂ ကံသခွဲ တန်ဖိုးရှိသော ခြုံထည်ကိုသာ တောင်းရမည်။ ထိုထက်ပို၍ တန်ဖိုးရှိသော ခြုံထည်ကို တောင်းငြားအံ့၊ ထို ဘိက္ခုနီအား လဟုပါဝုရဏ စေတာပန နိဿဂ္ဂိပါစိတ် အာပတ်သင့်၏။

မှတ်ချက်။ ။ဘိက္ခုတို့ကဲ့သို့ ဘိက္ခုနီတို့အတွက်လည်း နိဿဂ္ဂိယပါစိတ် သိက္ခာပုဒ် ၃၀ ရှိသည် [ဘိက္ခု နိဿဂ္ဂိယ အခဏ်း၌လာသော ပုရာဏ စီဝရ, စီဝရပဋိဂ္ဂဟဏ, ကောသိယ, သုဒ္ဓကာဠက, ဒွေဘာဂ, ဆဗ္ဗဿ, နိသီ ဒနသန္ထတ, ဧဠကလောမ, ဧဠကလောမ ဓောဝါပန, ပတ္တ, ဝဿိကသာဋိက, သာသက် သိက္ခာပုဒ်၊ ဤ ၁၂ ပါးကိုဖယ်ပြီး ကျန်သော 'သာဓာရဏ' သိက္ခာပုဒ် ၁၈ ပါးကိုယူ၍ ဤ၌ တိုက်ရိုက်ပြထားသော 'အသာဓာရဏ' သိက္ခာပုဒ် ၁၂ ပါးနှင့်ပေါင်းလျှင် ၃၀ ဖြစ်သည်။

နိဿဂ္ဂိယပါစိတ် အခဏ်း ပြီးပြီ။

---

## ၁၆။ ။သုဒ္ဓပါစိတ်အခဏ်း

### ၁။ ။လသုဏဝဂ်

(၁) လသုဏ။ ။အကြင်ဘိက္ခုနီသည် အမြွှာင့်များစွာ ပါရှိသော ကြက်သွန်ဖြူကို အစိမ်းသက်သက် စားငြားအံ့။ ထိုဘိက္ခုနီအား လသုဏသုဒ္ဓ ပါစိတ် အာပတ်သင့်၏။ [ဘိက္ခုတို့မှာ ဒုက္ကဋ်အာပတ်သင့်၏။]

မဂဓတိုင်း၌ ပေါက်သော ကြက်သွန်ဖြူဟု ပါစိတ်ပါဠိတော် (မြန်မာပြန်) နှင့် ကင်္ခါဘာသာဋီကာ (ဒုတိယအုပ်) စသောကျမ်းတို့၌ ဆိုထားသည်ကို ထောက်လျှင် မြန်မာပြည်၌ပေါက်သော ကြက်သွန်ဖြူကိုကား စားနိုင်သည်- ဟူ၍ သဘာဝကျကျ ယူမည်ဆိုလျှင် ယူနိုင်၏။ သို့သော် အောက်၌ပြလတ္တံ့ သော စာပိုဒ်၏ အဆုံးနား၌ လာသည့် ကုရုန္ဒီအဋ္ဌကထာဆရာ ဖွင့်ဆိုသော စကားကိုထောက်လျှင် ဤသို့မယူသင့်ပေ။

ပါစိတ်ဘာသာဋီကာ လသုဏ သိက္ခာပုဒ်-နှာ၄၈၇၌ "မာဂဓကေန္တိ၊ မာဂဓ ကံ ဟူသည်ကား။ မဂဓေသု၊ မဂဓာဟု ဗဟုဝုစ်အမည်ရသော ဇနပုဒ်၌။ ဇာတံ၊ ဖြစ်သောကြက်သွန်ဖြူကို။ ("လသုဏံနာမ၊ လသုဏမည်၏ ဟူ၍။ဝုစ္စတိ၊ ဆိုအပ်၏"၌စပ်)။ ဟိ၊ မှန်၏။ မဂဓရဋ္ဌေမဂဓတိုင်း၌။ ဇာတလသုဏမေဝ,

ဖြစ်သော ကြက်သွန်ဖြူကိုသာ။ ဣဓ၊ ဤသိက္ခာပုဒ်၌။ လသုဏန္တိ၊ လသုဏ ဟူ၍။ အဓိပ္ပေတံ၊ အလိုရှိအပ်၏။ တမ္ပိ၊ ထို မဂဓတိုင်း၌ဖြစ်သော ကြက်သွန်ဖြူကိုလည်း။ ဂဏ္ဍိကလသုဏံမေဝ၊ အမြွာငယ်များစွာပါရှိသော ကြက်သွန်ဖြူကိုသာ။ (အဓိပ္ပေတံ၊ အလိုရှိအပ်၏)။ ဧကဒ္ဒိတိ မိဉ္ဇကံ၊ တမြွာငယ်ရှိသော ကြက်သွန်ဝါ, နှစ်မြွာငယ်ရှိသော ကြက်သွန်နီ, သုံးမြွာငယ်ရှိသော ကြက်သွန်စိမ်းကို။ န (အဓိပ္ပေတံ)၊ အလိုမရှိအပ်။ ပန၊ ဝါဒန္တရကား၊ (ဝါ) အခြားတပါးသောဝါဒကား။ ကုရုန္ဒိယံ၊ ကုရုန္ဒိအဋ္ဌကထာ၌။ ဇာတဒေသံ၊ ဖြစ်ရာဒေသကို။ အဝတွာ၊ မဆိုမူ၍။ မာဂဓကံ နာမ ဂဏ္ဍိက လသုဏန္တိ၊ မာဂဓကံ နာမ ဂဏ္ဍိက လသုဏံ ဟူ၍။ ဝုတ္တံ။ ဆိုအပ်ပြီ။ ဟူ၍ဆို၏။ (မာဂဓကံ နာမ၊ မဂဓ ကြက်သွန်ဖြူမည်သည်။ ဂဏ္ဍိကလသုဏံ၊ အမြွာငယ်များစွာပါရှိသော ကြက်သွန်ဖြူတည်း)။ [ဤကုရုန္ဒိအဋ္ဌကထာဆရာ ဖွင့်ဆိုသော စကားအရ မဂဓတိုင်း၌ ပေါက်သော အမြွာငယ်များစွာပါရှိသော ကြက်သွန်ဖြူကိုသာလျှင် မဟုတ်၊ မြန်မာနိုင်ငံစသည်၌ ပေါက်သော အမြွာငယ်များစွာပါရှိသော ကြက်သွန်ဖြူ များကိုလည်း 'လသုဏ'ဟု ဆိုအပ်၏။ ထို့ကြောင့် မည်သည့် တိုင်းပြည်နိုင်ငံမှာပဲ ပေါက်ပေါက် အမြွာငယ်များစွာ ပါရှိသော ကြက်သွန်ဖြူမှန်သမျှကို အစိမ်းသက်သက် မစားအပ်-ဟု မှတ်ယူအပ်၏။]

အနာပတ္တိဝါရ၌-အနာပတ္တိ ပလဏ္ဍုကေ၊ ဘဉ္ဇနကေ၊ ဟရိတကေ၊ စာပလသုဏေ၊ သူပသံပါကေ၊ မံသသံပါကေ၊ တေလသံပါကေ၊ သာဠဝေ၊ ဥတ္တရိဘင်္ဂေ-ဟူ၍ ဟောတော်မူအပ်သည်။

ပလဏ္ဍုကေ၊ တမြွာငယ်သာရှိ၍ ဖြော့သော အဆင်းရှိသော ကြက်သွန်ဝါ၌။ အနာပတ္တိ၊ အာပတ်မသင့်။ ဘဉ္ဇနကေ၊ နှစ်မြွာငယ်သာရှိသော ကြက်သွန်နီ၌။ အနာပတ္တိ၊ အာပတ်မသင့်။ ဟရိတကေ၊ သုံးမြွာငယ်သာရှိသော ကြက်သွန်စိမ်း၌။ အနာပတ္တိ၊ အာပတ်မသင့်။ စာပလသုဏေ၊ အမြွာငယ် အဆွောက်မရှိသော အညွန့်မျှသာဖြစ်သော မြက်ကြက်သွန်၌။ အနာပတ္တိ၊ အာပတ်မသင့်။ သူပသံပါကေ၊ ဟင်းအချက်၌။ အနာပတ္တိ၊ အာပတ်မသင့်။ မံသသံပါကေ၊ အမဲအသားဟူသော ဟင်းလျာချက်၌။ အနာပတ္တိ၊ အာပတ်မသင့်။ တေလသံပါကေ၊ ဆီချက်၌။ အနာပတ္တိ၊ အာပတ်မသင့်။ သာဠဝေ၊ ဇီးသီးဖြင့် ပြုအပ်သော ဇီးပုန်းရည် အဖျော်၌။ အနာပတ္တိ၊ အာပတ်မသင့်။ ဥတ္တရိဘင်္ဂေ၊ လက်သုတ်၌။ အနာပတ္တိ၊ အာပတ်မသင့်။ ။

(၂) **သမ္ဗာဓ**။ ။အကြွင်ဘိက္ခုနီသည် ကျဉ်းမြောင်းသောအရပ်-ဟု ဆိုသော 'ချိုင်းကြား, အင်္ဂါဇာတ်'တို့၌ ပေါက်သော အမွေးတို့ကို ပယ်ရှားငြား

အံ့။ ထိုဘိက္ခုနီအား သမ္ဗာဓသုဒ္ဓပါစိတ်အာပတ်သင့်၏။ [ဘိက္ခုတို့မှာဒုက္ကဋ်အာပတ်သင့်၏။]

(၃) **တလဃာတက**။ ။အကြင်ဘိက္ခုနီသည် ပဿာဝမဂ်-ဟုဆိုသော 'အင်္ဂါဇာတ်အပြင်' ကို ပုတ်ခတ်ငြားအံ့။ ထိုဘိက္ခုနီအား တလဃာတကသုဒ္ဓပါစိတ် အာပတ်သင့်၏။

(၄) **ဇတုမဋ္ဌက**။ ။အကြင်ဘိက္ခုနီသည် ပြေပြစ်ချောမောသော 'ချိပ်တောင့်' စသည်ကို ပဿာဝမဂ်-ဟုဆိုသော အင်္ဂါဇာတ်အတွင်းသို့ သွင်းငြားအံ့။ ထိုဘိက္ခုနီအား ဇတုမဋ္ဌကသုဒ္ဓပါစိတ် အာပတ်သင့်၏။

(၅) **ဥဒကသုဒ္ဓိက**။ ။အကြင်ဘိက္ခုနီသည် ပဿာဝမဂ်-ဟု ဆိုသော အင်္ဂါဇာတ်ကို စင်ကြယ်စေခြင်းငှါ ရေဖြင့် ဆေးလိုလျှင် အလွန်ဆုံး လက်နှစ်ချောင်းဖြင့် လက် ၂ ဆစ်လောက်သာ နှိုက်၍ ဆေးရမည်၊ ထိုထက်ပိုလွန်၍ နှိုက်ဆေးငြားအံ့။ ထိုဘိက္ခုနီအား ဥဒကသုဒ္ဓိကသုဒ္ဓပါစိတ်အာပတ်သင့်၏။

(၆) **ဥပဋ္ဌာန**။ ။အကြင်ဘိက္ခုနီသည် ဆွမ်းဘုဉ်းပေးနေသော ရဟန်းယောကျ်ားအား သောက်ရေ, နွားနို့စသော အရည်ဖြင့်၎င်း၊ ယပ်ခပ်ခြင်းဖြင့်၎င်း လုပ်ကျွေးပြုစုငြားအံ့။ ထိုဘိက္ခုနီအား ဥပဋ္ဌာနသုဒ္ဓ ပါစိတ်အာပတ်သင့်၏။[မည်သည့် ဘိက္ခုကိုမဆို ပုတ်ခတ်ရိုက်နှက်လျှင် ဒုက္ကဋ် အာပတ်သင့်၏။ ။ဘိက္ခုနီခန္ဓက။]

(၇) **အာမက ဓည**။ ။အကြင် ဘိက္ခုနီသည် စပါးစိမ်းကို တောင်းပြီး တောင်းစေပြီးလျှင် ကိုယ်တိုင် လှော်၍၎င်း လှော်စေ၍၎င်း၊ ကိုယ်တိုင်ထောင်း၍၎င်း ထောင်းစေ၍၎င်း ကိုယ်တိုင်ချက်၍၎င်း၊ ချက်စေ၍၎င်း စားငြားအံ့။ ထိုဘိက္ခုနီအား အာမက ဓညသုဒ္ဓပါစိတ် အာပတ်သင့်၏။[ဘိက္ခုတို့ကား စပါးကိုပင် မကိုင်ရ၊လှူစေကာမူ အလှူမခံရ၊ ကိုင်လျှင် အလှူခံလျှင် ဒုက္ကဋ် အာပတ် သင့်၏။]

(၈) **တိရောကုဋ္ဋ**။ ။အကြင်ဘိက္ခုနီသည် ကျင်ကြီးကို၎င်း၊ ကျင်ငယ်ကို၎င်း၊ အမှိုက်ကို၎င်း၊ စားကြွင်းကို၎င်း နံရံဘာဘက်၌ဖြစ်စေ၊ တံတိုင်းတဘက်၌ဖြစ်စေ ကိုယ်တိုင်မူလည်း စွန့်ငြားအံ့။ သူတပါးကိုမူလည်း စွန့်စေငြားအံ့။ ထိုဘိက္ခုနီအား တိရောကုဋ္ဋ သုဒ္ဓပါစိတ် အာပတ်သင့်၏။ [ဘိက္ခုတို့မှာ ဒုက္ကဋ် အာပတ်သင့်၏။]

(၉) **ဟရိတေ ဆဍ္ဍန**။ ။အကြင်ဘိက္ခုနီသည် ကျင်ကြီးကို၎င်း၊ ကျင်ငယ်ကို၎င်း။ အမှိုက်ကို၎င်း၊ စားကြွင်းကို၎င်း စိမ်းရှင်သော ကောက်ခင်းပဲခင်း

ရှိရာအရပ်၌ ကိုယ်တိုင် မူလည်း စွန့်ငြားအံ့။သူတပါးကိုမူလည်း စွန့်စေငြားအံ့။ ထိုဘိက္ခုနီအား ဟရိတေ ဆဋ္ဌနသုဒ္ဓပါစိတ် အာပတ်သင့်၏။ [ခွက်ထဲ၌ စွန့်ပြီးနောက် သွန်ခြင်း၊ ခွက်ပါ စွန့်ပစ်ခြင်းကို ဆိုလိုသည်။ ။ဘိက္ခုတို့မှာ ဒုက္ကဋ် အာပတ်သင့်၏။]

(၁၀) **နစ္စာဒိ ဒဿန**။ ။အကြင်ဘိက္ခုနီသည် ကခြင်းကိုငင်း၊ သီဆိုခြင်းကိုငင်း၊ တီးမှုတ်ခြင်းကိုငင်း ကြည့်ရှုနားထောင်ဖို့ရန် သွားငြားအံ့။ ထိုဘိက္ခုနီအား နစ္စာဒိ ဒဿန သုဒ္ဓပါစိတ် အာပတ်သင့်၏။[ဘိက္ခုတို့မှာ ဒုက္ကဋ် အာပတ်သင့်၏။]

ရှေးဦးစွာသော လသုဏဝဂ်သည် ပြီးခြင်းသို့ရောက်ပြီ။

---

## ၂။ **အန္ဓကာရဝဂ်** (ခေါ်)ရတ္တန္ဓကာရဝဂ်

(၁) ရတ္တန္ဓ**ကာရ**။ ။အကြင် ဘိက္ခုနီသည် လရောင် ဆီမီးအလင်း အရောင်မရှိသော ညဥ့် မှောင်မိုက်ထဲ၌ ယောကျ်ားနှင့် အတူ တယောက်ချင်းချင်းနှစ်တောင့်ထွာ ဟတ္ထပါသ်အတွင်းတွင် ရပ်မူလည်း ရပ်ငြားအံ့၊ စကားပြောဆိုမူလည်း ပြောဆိုငြားအံ့။ ထိုဘိက္ခုနီအား ရတ္တန္ဓ ကာရ သုဒ္ဓပါစိတ် အာပတ်သင့်၏။[နှစ်တောင့်ထွာ ဟတ္ထပါသ်အပတွင် ထိုသို့ပြုလျှင်ကား ဒုက္ကဋ် အာပတ်သင့်၏။]

(၂) **ပဋိစ္ဆန္နောကာသ**။ ။အကြင်ဘိက္ခုနီသည် နံရံစသည်ဖြင့် ဖုံးကွယ်သော အရပ်၌ ယောကျ်ားနှင့် အတူ တယောက်ချင်းချင်း နှစ်တောင့်ထွာ ဟတ္ထပါသ် အတွင်းတွင် ရပ်မူလည်း ရပ်ငြားအံ့၊ စကားပြောဆိုမူလည်း ပြောဆိုငြားအံ့။ ထိုဘိက္ခုနီအား ပဋိစ္ဆန္နောကာသ သုဒ္ဓပါစိတ် အာပတ်သင့်၏။ [နှစ်တောင့်ထွာ ဟတ္ထပါသ် အပတွင် ထိုသို့ ပြုလျှင်ကား ဒုက္ကဋ် အာပတ်သင့်၏။]

(၃) **အဇ္ဈောကာသ**။ ။အကြင်ဘိက္ခုနီသည်လွင်တီးခေါင်၌ယောကျ်ားနှင့် အတူ တယောက်ချင်းချင်း နှစ်တောင့်ထွာ ဟတ္ထပါသ် အတွင်းတွင် ရပ်မူလည်း ရပ်ငြားအံ့၊ စကားပြောဆိုမူလည်း ပြောဆိုငြားအံ့။ ထိုဘိက္ခုနီအား **အဇ္ဈောကာသ** သုဒ္ဓပါစိတ် အာပတ်သင့်၏။ [နှစ်တောင့်ထွာ ဟတ္ထပါသ် အပတွင် ထိုသို့ ပြုလျှင်ကား ဒုက္ကဋ် အာပတ်သင့်၏။]

(၄) **ရထိကာဒိ**။ ။အကြင် ဘိက္ခုနီသည် မြင်းရထား သွားလောက်သော ထုတ်ချင်းပေါက် လမ်းမကြီး၌၎င်း၊ ထုတ်ချင်း မပေါက်သော လမ်း၌၎င်း၊ လမ်းဆုံလမ်းခွ၌၎င်း ယောကျ်ားနှင့်အတူ တယောက်ချင်းချင်း နှစ်တောင့်ထွာ ဟတ္ထပါသ်အတွင်းတွင် ရပ်မှုလည်း ရပ်ငြားအံ့။ စကားပြောဆိုမှုလည်း ပြောဆိုငြားအံ့။ နားရင်း၌ကပ်၍ တိုးတိုးသာသာမှုလည်း ပြောဆိုငြားအံ့။ အဖော်ဘိက္ခုနီကိုမှုလည်း ပြန်လွှတ်လိုက်ငြားအံ့။ ထိုဘိက္ခုနီအား ရထိကာဒိသုဒ္ဓပါစိတ် အာပတ်သင့်၏။ [နှစ်တောင့်ထွာ ဟတ္ထပါသ်အပတွင် ထိုသို့ပြုလျှင်ကား ဒုက္ကဋ်အာပတ်သင့်၏။]

(၅) **ပုရေဘတ္တံအနာပုစ္ဆာ**။ ။အကြင်ဘိက္ခုနီသည် နံနက်အခါ၌ အိမ်သို့ ချဉ်းကပ်၍ နေရာထိုင်ခုံအခင်းပေါ်၌ ထိုင်ပြီးလျှင် အိမ်ရှင်တို့အား မပန်ကြားပဲလျက် ပြန်သွားငြားအံ့။ ထိုဘိက္ခုနီအား ပုရေဘတ္တံအနာပုစ္ဆာ သုဒ္ဓပါစိတ်အာပတ်သင့်၏။ [နံနက်အခါ–ဟူသည် အရုဏ်တက်သည်မှစ၍ မွန်းတည့်သည့်တိုင်အောင် ဟူသောအခါတည်း။]

(၆) **ပစ္ဆာဘတ္တံအနာပုစ္ဆာ**။ ။အကြင်ဘိက္ခုနီသည် နေလွဲသောအခါ၌ အိမ်သို့ ချဉ်းကပ်၍ အိမ်ရှင်တို့အား မပန်ကြားပဲလျက် နေရာထိုင်ခုံ၌ ထိုင်မှုလည်း ထိုင်ငြားအံ့၊ အိပ်မှုလည်း အိပ်ငြားအံ့။ ထိုဘိက္ခုနီအား ပစ္ဆာဘတ္တံအနာပုစ္ဆာ သုဒ္ဓပါစိတ် အာပတ်သင့်၏။ [နေလွဲသောအခါ-ဟူသည်မွန်းတည့်လွန်သည်မှစ၍ နေဝင်သည့်တိုင်အောင် ဟူသောအခါတည်း။]

(၇) **ဝိကာလေအနာပုစ္ဆာ**။ ။အကြင်ဘိက္ခုနီသည် ညဉ့်အခါ၌ အိမ်သို့ ချဉ်းကပ်၍ အိမ်ရှင်တို့အား မပန်ကြားပဲလျက် အိပ်ရာနေရာကို ခင်း၍ ခင်းစေ၍ ထိုင်မှုလည်း ထိုင်ငြားအံ့။ အိပ်မှုလည်း အိပ်ငြားအံ့။ ထိုဘိက္ခုနီအား ဝိကာလေ အနာပုစ္ဆာ သုဒ္ဓပါစိတ် အာပတ်သင့်၏။ [ညဉ့်အခါ-ဟူသည် နေဝင်သည်မှစ၍ အရုဏ်တက်သည့်တိုင်အောင် ဟူသောအခါတည်း။]

(၈) **ဒုဂ္ဂဟိတ**။ ။အကြင်ဘိက္ခုနီသည် အယူအဆလွဲခြင်း အထင်မှားခြင်းအားဖြင့် အခြားဘိက္ခုနီကို စောင်းမြောင်းကဲ့ရဲ့ငြားအံ့။ ထိုဘိက္ခုနီအား ဒုဂ္ဂဟိတ သုဒ္ဓပါစိတ် အာပတ်သင့်၏။

(၉) **အဘိသပ**။ ။အကြင်ဘိက္ခုနီသည် မိမိကိုယ်ကိုဖြစ်စေ၊ အခြားဘိက္ခုနီကိုဖြစ်စေ ငရဲဖြင့်၎င်း၊ သာသနာတော် (မြတ်သောအကျင့်) ဖြင့်၎င်း ကျိန်ဆဲငြားအံ့။ ထိုဘိက္ခုနီအား အဘိသပ သုဒ္ဓပါစိတ် အာပတ် သင့်၏။ [ဘိက္ခုတို့မှာ ဒုက္ကဋ် အာပတ်သင့်၏။]

(၁၀) **ဝဓိတ္တာရေဒန**။ ။အကြင်ဘိက္ခုနီသည် မိမိကိုယ်ကို ညှဉ်းဆဲနှိပ်စက်သောအားဖြင့် ကိုယ်ကို ထု၍ ထု၍ ငိုကြွေးငြားအံ့။ ထိုဘိက္ခုနီအား ဝဓိတ္တာရေဒန သုဒ္ဓပါစိတ်အာပတ်သင့်၏။

နှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော အန္ဓကာရဝဂ် (ခေါ်) ရတ္တန္ဓကာရဝဂ်သည် ပြီးခြင်းသို့ ရောက်ပြီ။

## ၃။ နဂ္ဂဝဂ်

(၁) **နဂ္ဂန္ဟာယန**။ ။အကြင်ဘိက္ခုနီသည် အဝတ်မဆည်း ဗလာကိုယ်တည်းဖြင့် ရေချိုးငြားအံ့။ ထိုဘိက္ခုနီအား နဂ္ဂန္ဟာယန သုဒ္ဓပါစိတ် အာပတ်သင့်၏။

(၂) **ဥဒကသာဋိကာ**။ ။အကြင်ဘိက္ခုနီသည်ရေသနုပ်ကို မိမိဖို့လုပ်လျှင် လုပ်စေလျှင် ပမာဏနှင့်ယှဉ်သော ရေသနုပ်ကိုသာ လုပ်ရမည်၊ လုပ်စေရမည်။ ထိုရေသနုပ်၏ ပမာဏကား မြတ်စွာဘုရား၏အထွာတော်အားဖြင့် အလျား ၄ ထွာ, အနံ ၂ ထွာတည်း။ ထိုပမာဏထက် လွန်စေငြားအံ့၊ ထိုဘိက္ခုနီအား ဖြတ်ခြင်းဝိနည်းကံရှိသော ဥဒကသာဋိကာ သုဒ္ဓပါစိတ် အာပတ်သင့်၏။ [သူတပါးဖို့လုပ်လျှင် လုပ်စေလျှင် ဒုက္ကဋ်အာပတ်သင့်၏။]

(၃) **ဝိသိဗ္ဗန**။ ။အကြင်ဘိက္ခုနီသည် အခြားဘိက္ခုနီ၏ သင်္ကန်းချုပ်ရိုးကို ကိုယ်တိုင်ဖြစ်စေ၊ ခိုင်း၍ဖြစ်စေ ဖြေပြီးနောက် ချုပ်မပေးနိုင်လောက်အောင် အန္တရာယ်မရှိပဲလျက် ၄ ရက် ၅ ရက်ကိုကြဉ်၍ ကိုယ်တိုင်မူလည်း မချုပ်ပေးငြားအံ့။ သူတပါးကိုမူလည်း ချုပ်ပေးဖို့ရန် ကြောင့်ကြမစိုက်ငြားအံ့။ ထိုဘိက္ခုနီအား ဝိသိဗ္ဗန သုဒ္ဓပါစိတ် အာပတ်သင့်၏။

(၄) **သံဃာဋိစာရ**။ ။အကြင်ဘိက္ခုနီသည် သင်္ကန်း ငါးထည်ကို အနည်းဆုံး ၅ ရက်တကြိမ်ကျ ဝတ်သော်လည်းဝတ်, နေသော်လည်း လှန်းရမည်၊ ၅ ရက်မြောက်နေ့၌ ဝတ်လည်း မဝတ်, နေလည်း မလှန်းပဲ ထိုနေ့ကို လွန်စေငြားအံ့။ ထိုဘိက္ခုနီအားသံဃာဋိစာရ သုဒ္ဓပါစိတ် အာပတ်သင့်၏။ [သင်္ကန်း ငါးထည်ကား- တိစီဝရိက် ၃ ထည်, ရေသနုပ်နှင့် ရင်စည်း တဘက်တို့တည်း။]

(၅) **စီဝရသင်္ကမနီယ**။ ။အကြင် ဘိက္ခုနီသည် ပြောင်းရွှေ့ (ပြန်ပေး) ရမည့် သူတပါးပိုင်သင်္ကန်းကို မပန်ကြားပဲလျက် သုံးဆောင်ငြား အံ့။ထိုဘိက္ခုနီအား စီဝရသင်္ကမနီယ သုဒ္ဓပါစိတ်အာပတ်သင့်၏။ [ပြောင်းရွှေ့ (ပြန်ပေး)

ရမည့်သက်န်း-ဟူသည် အခြား ဘိက္ခုနီ၏ သင်္ကန်း ၅ ထည်တို့ထွင်တထည်ထည်သော သင်္ကန်းတည်း။]

(၆) **လာဘန္တရာယကရဏ**။ ။အကြင်ဘိက္ခုနီသည်ဘိက္ခုနီဂိုဏ်း(သံဃာ)၏ ရခွင့်ရှိသော သင်္ကန်းလာဘ်ကို မရအောင် တားမြစ်သောအားဖြင့် အန္တရာယ်ပြုငြားအံ့။ ထိုဘိက္ခုနီအား လာဘန္တရာယကရဏ သုဒ္ဓပါစိတ် အာပတ်သင့်၏။ [အန္တရာယ်ပြုငြားအံ့-ဟူသည် ဘိက္ခုနီသံဃာအား သင်္ကန်းလှူမည်ဟုကြားရာ မလှူဖြစ်အောင် အားထုတ်ခြင်းတည်း။]

(၇) **ပဋိဗာဟန**။ ။အကြင် ဘိက္ခုနီသည် တရားနှင့် လျော်ညီသော သင်္ကန်းခွဲဝေမှုကို တားမြစ်ငြားအံ့။ ထိုဘိက္ခုနီအား ပဋိဗာဟန သုဒ္ဓပါစိတ် အာပတ်သင့်၏။

(၈) **သမဏစီဝရဒါန**။ ။အကြင် ဘိက္ခုနီသည် လူဝတ်ကြောင်အားရင်း၊ ပရိဗိုဇ်ထီး ပရိဗိုဇ်မ တယောက်ယောက်အားရင်း ကပ္ပဗိန္ဒု ထိုးပြီးသော သင်္ကန်းကို ပေးငြားအံ့။ ထိုဘိက္ခုနီအား သမဏစီဝရဒါန သုဒ္ဓပါစိတ် အာပတ်သင့်၏။ [ဘိက္ခုတို့မှာ ဒုက္ကဋ်အာပတ်သင့်၏။ ။သီတင်းသုံးဘော် ၅ ဦးနှင့် မယ်တော် ခမည်းတော်တို့ကိုမူ ပေးကောင်း၏။]

(၉) **သမယာတိက္ကာမန**။ ။အကြင်ဘိက္ခုနီသည် သင်္ကန်းရဖို့ရာ မျှော်လင့်ချက် မသေချာပဲလျက် သင်္ကန်းခွဲဝေမှုကို တားမြစ်၍ သင်္ကန်းကာလကို လွန်စေငြားအံ့။ ထိုဘိက္ခုနီအား သမယာတိက္ကာမန သုဒ္ဓပါစိတ် အာပတ်သင့်၏။

(၁၀) **ကထိနုဒ္ဓါရပဋိဗာဟန**။ ။အကြင်ဘိက္ခုနီသည်တရားနှင့်လျော်ညီသော ကထိန်နုတ်ခြင်းကို တားမြစ်ငြားအံ့။ ထိုဘိက္ခုနီအား ကထိနုဒ္ဓါရပဋိဗာဟန သုဒ္ဓပါစိတ်အာပတ်သင့်၏။

သုံးခုတို့၏ပြည့်ကြောင်းဖြစ်သော နဂ္ဂဝဂ်သည် ပြီးခြင်းသို့ ရောက်ပြီ။

---

၄။ ။**တုဝဋ္ဋဝဂ်**

(၁) **တုဝဋ္ဋ**။ ။အကြင် ဘိက္ခုနီတို့သည် ညောင်စောင်း-ဟုခေါ်သော ခုတင် တခုတည်း၌ နှစ်ယောက် အတူအိပ်ကုန်ငြားအံ့။ ထိုဘိက္ခုနီတို့အား တုဝဋ္ဋ သုဒ္ဓပါစိတ် အာပတ်သင့်၏။ [ဘိက္ခုတို့မှာ ဒုက္ကဋ် အာပတ်သင့်၏။]

(၂) **ဧကတ္တရဏ ပါဝုရဏ**။ ။အကြင်ဘိက္ခုနီတို့သည် အဝတ်တထည်တည်းကိုပင် နှစ်ယောက်အတူ ခင်းလည်း ခင်း, ခြုံလည်းခြုံ၍ အိပ်ကုန်ငြားအံ့။ ထိုဘိက္ခုနီတို့အား ဧကတ္တရဏ ပါဝုရဏ သုဒ္ဓပါစိတ် အာပတ်သင့်၏။ [ဘိက္ခုတို့မှာ ဒုက္ကဋ် အာပတ်သင့်၏။]

(၃) **အဖာသုကရဏ**။ ။အကြင် ဘိက္ခုနီသည် စိတ်မချမ်းသာအောင် ပြုမည်–ဟူသော စေတနာဖြင့် အခြား ဘိက္ခုနီကို စိတ်မချမ်းသာအောင် ပြုငြားအံ့။ ထိုဘိက္ခုနီအား အဖာသု ကရဏ သုဒ္ဓပါစိတ် အာပတ်သင့်၏။

(၄) **သဟဇီဝိနီ**။ ။အကြင် ဘိက္ခုနီသည် မကျန်းမာ၍ ဒုက္ခရောက်နေသော အတူနေတပည့်မ ဘိက္ခုနီကို ကိုယ်တိုင် မူလည်း မလုပ်ကျွေး မပြုစုငြားအံ့။ သူတပါးကိုမူလည်း လုပ်ကျွေး ပြုစုဖို့ရန် ကြောင့်ကြမစိုက်ငြားအံ့။ ထိုဘိက္ခုနီအား သဟဇီဝိနီ သုဒ္ဓပါစိတ် အာပတ်သင့်၏။ [ဘိက္ခုတို့မှာ ဒုက္ကဋ် အာပတ်သင့်၏။]

(၅) **နိက္ကဍ္ဎန**။ ။အကြင် ဘိက္ခုနီသည် အခြားဘိက္ခုနီအား ကျောင်းကို ပေးပြီးမှ နောက်၌ စိတ်ဆိုး, မနှစ်သက်သည် ဖြစ်၍ ထိုဘိက္ခုနီကို ထိုကျောင်းမှ ကိုယ်တိုင်မူလည်း နှင်ထုတ်ငြားအံ့။ သူတပါးကိုမူလည်း နှင်ထုတ်စေငြားအံ့။ ထိုဘိက္ခုနီအား နိက္ကဍ္ဎန သုဒ္ဓပါစိတ် အာပတ်သင့်၏။

(၆) **သံသဋ္ဌ**။ ။အကြင် ဘိက္ခုနီသည် သူကြွယ်နှင့်ရင်း၊ သူကြွယ်သားနှင့်ရင်း ရောရောနှောနှော နေငြားအံ့။ ထိုဘိက္ခုနီကို မြင်ကြ ကြားကြ ကုန်သော အခြားဘိက္ခုနီတို့က "အရှင်မ, သူကြွယ်နှင့်ရင်း၊ သူကြွယ်သားနှင့်ရင်း ရောရောနှောနှော မနေပါလင့်။ အရှင်မ, ကင်းကင်းရှင်းရှင်း နေပါလော့။ အရှင်မ၏ ကင်းကင်းရှင်းရှင်း နေခြင်းကို သာလျှင် ဘိက္ခုနီ သံဃာက ချီးမွမ်း၏" ဟု ပြောဆိုရမည်၊ နှစ်ကြိမ်မြောက်လည်း ပြောဆိုရမည်၊ သုံးကြိမ်မြောက်လည်းပြောဆိုရမည်။ အကယ်၍ ထိုအယူကို စွန့်ငြားအံ့၊ ထိုသို့ စွန့်ခြင်းသည် ကောင်း၏။ အကယ်၍ မစွန့်ငြားအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။ [ကြားလျက် မပြောဆိုကုန်ငြားအံ့၊ ဒုက္ကဋ် အာပတ်သင့်၏။] ထိုဘိက္ခုနီကို ဘိက္ခုနီသံဃာ့ အလယ်သို့လည်း ခေါ်ဆောင်၍ အထက်၌ ဆိုခဲ့သည့် အတိုင်း သုံးကြိမ်မြောက်အောင် ထပ်မံ၍ ပြောဆိုရမည်။ အကယ်၍ ထိုအယူကို စွန့်ငြားအံ့၊ ထိုသို့စွန့်ခြင်းသည် ကောင်း၏။ အကယ်၍ မစွန့်ငြားအံ့၊ ထိုဘိက္ခုနီအား ဒုက္ကဋ် အာပတ်သင့်ပြန်၏။ ထို့နောက် ဘိက္ခုနီ သံဃာက ထိုဘိက္ခုနီအား ထိုအယူကို စွန့်စေခြင်းငှါ သမနု ဘာသန ကံဖြင့် ဆိုဆုံးမအပ်၏။ ဤသို့

ဆိုဆုံးမအပ်သည်ရှိသော် ထိုအယူကို စွန့်လျှင်ကောင်း၏။ မစွန့်လျှင်ကား သုံးကြိမ်မြောက်သော ကမ္မဝါစာ၏ အဆုံး၌ ထိုဘိက္ခုနီအား သံသဋ္ဌ သုဒ္ဓပါစိတ် အာပတ်သင့်၏။

(၇) **အန္တောရဋ္ဌ**။ ။အကြင် ဘိက္ခုနီသည် ရှံရှာဖွယ်ရှိ၏-ဟု သမုတ်အပ်သော ဘေးဘျမ်းနှင့် တကွဖြစ်သော မိမိတိုင်းပြည် အတွင်း၌ အဖော်ကုန်သည်များ မပါပဲ့လျက် ဒေသစာရီ လှည့်လည်သွားငြားအံ့။ ထိုဘိက္ခုနီအား အန္တောရဋ္ဌ သုဒ္ဓ ပါစိတ် အာပတ်သင့်၏။

(၈) **တိရောရဋ္ဌ**။ ။အကြင် ဘိက္ခုနီသည် ရှံရှာဖွယ်ရှိ၏-ဟု သမုတ်အပ်သော ဘေးဘျမ်းနှင့် တကွဖြစ်သော တိုင်းတပါး၌ အဖော်ကုန်သည်များ မပါပဲလျက် ဒေသစာရီ လှည့်လည် သွားငြားအံ့။ ထိုဘိက္ခုနီအား တိရောရဋ္ဌ သုဒ္ဓ ပါစိတ် အာပတ်သင့်၏။

(၉) **အန္တောဝဿ**။ ။အကြင်ဘိက္ခုနီသည် ဝါတွင်း၌ ဒေသစာရီ လှည့်လည်သွားငြားအံ့။ ထိုဘိက္ခုနီအား အန္တောဝဿ သုဒ္ဓပါစိတ် အာပတ်သင့်၏။ [ဘိက္ခုတို့မှာ ဒုက္ကဋ်အာပတ် သင့်၏။]

(၁၀) **စာရိကာအပက္ကမန**။ ။အကြင် ဘိက္ခုနီသည် ဝါကျွတ်ပြီးသည်ရှိသော် ဒေသစာရီ လှည့်လည်သွားရမည်၊ အယုတ်သဖြင့် ၅ ယူဇနာ ၆ ယူဇနာလောက်မျှလည်း မသွားငြားအံ့။ ထို ဘိက္ခုနီအား စာရိကာအပက္ကမန သုဒ္ဓ ပါစိတ် အာပတ်သင့်၏။[ဘေးအန္တရာယ်ရှိခြင်းကြောင့်ဖြစ်စေ၊ အဖော်ဘိက္ခုနီကို ရှာ၍မရခြင်းကြောင့် ဖြစ်စေ၊ နာဖျားခြင်းကြောင့် ဖြစ်စေ မသွားလျှင် အနာပတ္တိ-အာပတ်မသင့်။]

လေးခုတို့၏ ပြည့်ကြောင်းဖြစ်သော တုဝဋ္ဋဝဂ်သည် ပြီးခြင်းသို့ရောက်ပြီ။

---

## ၅။ စိတ္တာဂါရဝဂ်

(၁) **စိတ္တာဂါရ**။ ။အကြင်ဘိက္ခုနီသည် မင်း စံအိမ်တော်ကိုရင်း၊ ဆန်းကြယ်သောပြတိုက်(အိမ်)ကိုရင်း၊ အရံကိုရင်း၊ ဥယျာဉ်ကိုရင်း၊ ရေကန်ကိုရင်း တမင်သက်သက် သွား၍ကြည့်ငြားအံ့။ ထိုဘိက္ခုနီအား စိတ္တာဂါရသုဒ္ဓပါစိတ် အာပတ်သင့်၏။ [ဘိက္ခုတို့မှာ ဒုက္ကဋ်အာပတ်သင့်၏။]

(၂) **အာသန္ဒိ**။ ။အကြင်ဘိက္ခုနီသည် မြတ်စွာဘုရား၏လက်သစ်တော်အားဖြင့် ၈ သစ်,ပကတိပုရိသ၏ အတောင်အားဖြင့် ၁တောင့်ထွာထက်ပိုလွန်သော

'အခြေ'ရှိသည့်ညောင်စောင်း, အင်းပျဉ်-ဟု ခေါ်သော ခုတင်, ထိုင်ခုံတို့ကို ဖြစ်စေ၊ ခြသေ့်, ကျားစသော သားရဲရုပ်တို့ဖြင့် ထုလုပ်ထားသည့် ပလ္လင်ကို ဖြစ်စေ သုံးဆောင်ငြားအံ့။ ထိုဘိက္ခုနီအား အာသန္ဒိ သုဒ္ဓပါစိတ် အာပတ်သင့်၏။ [ဘိက္ခုတို့မှာ ဒုက္កဋ်အာပတ်သင့်၏။]

(၃) **သုတ္တာကန္တန**။ ။အကြင်ဘိက္ခုနီသည် ဗိုင်း(ချည်) ငင်ငြားအံ့။ ထိုဘိက္ခုနီအား သုတ္တာကန္တန သုဒ္ဓပါစိတ် အာပတ်သင့်၏။

(၄) **ဂိဟိဝေယျာဝစ္စ**။ ။အကြင် ဘိက္ခုနီသည် လူ ဝတ်ကြောင်တို့အား ထမင်းချက်ခြင်း၊ အဝတ်လျှော်ခြင်းစသော လူမှုကိစ္စကို ပြုပေးငြားအံ့။ ထိုဘိက္ခုနီအား ဂိဟိဝေယျာဝစ္စ သုဒ္ဓပါစိတ် အာပတ်သင့်၏။ [ဘိက္ခုတို့မှာ ဒုက္ကဋ် အာပတ်သင့်၏။]

(၅) **အဓိကရဏာဝူပသမ**။ ။အကြင် ဘိက္ခုနီသည် မိမိအား "အရှင်မ, ကြွပါ၊ ဤအဓိကရုဏ်းကို ငြိမ်းအောင်ပြုပေးပါ"ဟု အခြားဘိက္ခုနီတောင်းပန်တုန်းက "ကောင်းပါပြီ"ဟု ဝန်ခံပြီးမှနောက်၌ အန္တရာယ်မရှိပဲလျက် ကိုယ်တိုင်မူလည်း ငြိမ်းအောင်မပြုပေးငြားအံ့၊ သူတပါးကိုမူလည်း ငြိမ်းအောင် ပြုပေးဖို့ရန် ကြောင့်ကြမစိုက်ငြားအံ့။ ထိုဘိက္ခုနီအား အဓိက ရဏာဝူပသမ သုဒ္ဓပါစိတ်အာပတ်သင့်၏။

(၆) **သဟတ္ထာဒါန**။ ။အကြင် ဘိက္ခုနီသည် လူဝတ်ကြောင်အားဖြင့်၊ ပရိဗိုဇ်ထီး ပရိဗိုဇ်မ တယောက်ယောက်အားဖြင့် ခဲဖွယ်ကိုဖြစ်စေ၊ ဘောဇဉ်ကိုဖြစ်စေ မိမိလက်ဖြင့် (ကိုယ်တိုင်) ပေးငြားအံ့၊ ထိုဘိက္ခုနီအား သဟတ္ထာဒါန သုဒ္ဓပါစိတ် အာပတ်သင့်၏။ [ရေ ဒန်ပူကိုပေးလျှင် ဒုက္ကဋ်အာပတ်သင့်၏။]

(၇) **အာဝသထစီဝရ**။ ။အကြင်ဘိက္ခုနီသည် ဥတုနီးသင်္ကန်းကို နှစ်ညဥ့်သုံးညဥ့် သုံးဆောင်ပြီးနောက် လေးရက်မြောက်နေ့၌ ဖွပ်လျှော်၍ အခြား ဥတုလာသူ (ဘိက္ခုနီ, သိက္ခမာန်, သာမဏေမ)တယောက်ယောက်အား မစွန့်လွှတ်ပဲလျက် သုံးဆောင်ငြားအံ့။ ထိုဘိက္ခုနီအား အာဝသထစီဝရ သုဒ္ဓပါစိတ် အာပတ်သင့်၏။

(၈)**အာဝသထာနိဿဇ္ဇန**။ ။အကြင်ဘိက္ခုနီသည် အခြားဘိက္ခုနီ, သိက္ခမာန်, သာမဏေမ တယောက်ယောက်အား ကျောင်းကို စောင့်ရှောက်ဖို့ရန် မအပ်နှံပဲလျက် ဒေသစာရီ လှည့်လည်သွားငြားအံ့။ ထိုဘိက္ခုနီအား အာဝသထာနိဿဇ္ဇန သုဒ္ဓပါစိတ် အာပတ်သင့်၏။

(၉) တိရစ္ဆာနဝိဇ္ဇာပရိယာပုဏန။ ။အကြင်ဘိက္ခုနီသည် တိရစ္ဆာနဝိဇ္ဇာ-ဟုဆိုအပ်သော မဂ်ဖိုလ်မှ ဖီလာကန့်လန့်ဖြစ်သော အတတ်ကို သင်ယူငြားအံ့။ ထိုဘိက္ခုနီအား တိရစ္ဆာနဝိဇ္ဇာ ပရိယာ ပုဏန သုဒ္ဓပါစိတ် အာပတ်သင့်၏။ [ဘိက္ခုတို့မှာ ဒုက္ကဋ် အာပတ်သင့်၏။]။ ။အကျယ် သိလိုမူ ပါတိမောက် ဘာသာဋီကာနှင့် ဘုရားဥပဒေတော်ကြီး၌ ကြည့်။

(၁၀) တိရစ္ဆာနဝိဇ္ဇာဝါစန။ ။အကြင်ဘိက္ခုနီသည် တိရစ္ဆာနဝိဇ္ဇာ-ဟုဆိုသော မဂ်ဖိုလ်မှ ဖီလာကန့်လန့်ဖြစ်သောအတတ်ကို ပို့ချ သင်ပေးငြားအံ့။ ထိုဘိက္ခုနီအား တိရစ္ဆာနဝိဇ္ဇာ ဝါစန သုဒ္ဓပါစိတ် အာပတ်သင့်၏။ [ဘိက္ခုတို့မှာ ဒုက္ကဋ်အာပတ်သင့်၏။]

ငါးခုတို့၏ ပြည့်ကြောင်းဖြစ်သော စိတ္တာဂါရဝဂ်သည် ပြီးခြင်းသို့ရောက်ပြီ။

---

## ၆။ အာရာမဝဂ်

(၁) အာရာမ။ ။အကြင်ဘိက္ခုနီသည် ရဟန်းယောကျာ်းရှိမှန်းသိလျက် ရဟန်းယောကျာ်းနေသော ကျောင်းတိုက်အာရာမ်အတွင်းသို့ မပန်ကြားပဲလျက် ဝင်ငြားအံ့။ ထိုဘိက္ခုနီအား အာရာမသုဒ္ဓ ပါစိတ်အာပတ်သင့်၏။

(၂) ဘိက္ခုအက္ကောသန။ ။အကြင်ဘိက္ခုနီသည် ရဟန်းယောကျာ်းကို ဆဲရေးမူလည်း ဆဲရေးငြားအံ့၊ ခြိမ်းချောက်မူလည်း ခြိမ်းချောက်ငြားအံ့။ ထိုဘိက္ခုနီအား ဘိက္ခုအက္ကောသန သုဒ္ဓပါစိတ် အာပတ်သင့်၏။

(၃) ဂဏပရိဘာသန။ ။အကြင်ဘိက္ခုနီသည် စိတ်ဆိုးသည်ဖြစ်၍ ဘိက္ခုနီဂိုဏ်း(သံဃာ)ကို ပုတ်ခတ်ပြောဆိုငြားအံ့။ ထိုဘိက္ခုနီအား ဂဏပရိဘာသန သုဒ္ဓ ပါစိတ် အာပတ်သင့်၏။ [တဂိုဏ်းလုံးကိုမဟုတ်ပဲ ဘိက္ခုနီ အများကိုဖြစ်စေ တယောက်ယောက်ကိုဖြစ်စေ၊ လူ့သာမဏေစသည်ကိုဖြစ်စေ ပုတ်ခတ်ပြောဆိုလျှင် ဒုက္ကဋ်အာပတ်သင့်၏။]

(၄) နိမန္တိတ။ ။[ဤသိက္ခာပုဒ်သည် အပြောလွယ်သလောက် ပြန်ဆိုရာ၌ မလွယ်ကူလှပါ။ ဤသိက္ခာပုဒ်၌ အာပတ်သင့်စေနိုင်သော အချက်(၂) ချက် ရှိ၏။ ဤသိက္ခာပုဒ်ကို မူရင်းပါဠိအနက် အသွားမျိုးဖြင့် ပြန်ဆိုလျှင် လိုရင်းအဓိပ္ပါယ်ပြည့်စုံမည် မဟုတ်ပါ။ သို့ဖြစ်၍ 'မူ'တမျိုးပြောင်းကာ အာပတ်သင့်စေနိုင်သော ထိုအချက် ၂ ခုတို့ကို တခုစီခွဲခြား၍ ရေးပါအံ့။]

အကြင်ဘိက္ခုနီသည် မိမိအား မအပ်သော ဖိတ်နည်းဖြင့် "တပည့်တော်၏ အိမ်သို့ ထမင်းစားကြွပါ အရှင်မ"ဟု ဆို၍ ပင့်ဖိတ်ထားသောသူ၏ ခဲဖွယ် ဘောဇဉ်ကို မစားရသေးပဲလျက် အခြားခဲဖွယ်ကိုဖြစ်စေ ဘောဇဉ်ကို ဖြစ်စေ ခဲမူလည်း ခဲငြားအံ့၊ စားမူလည်း စားငြားအံ့။ ထိုဘိက္ခုနီအား နိမန္တိတ သုဒ္ဓ ပါစိတ်အာပတ်သင့်၏။ နောက်တချက်ကား ထို ပင့်ဖိတ်ထားသောသူ၏ ခဲဖွယ် ဘောဇဉ်ကိုစားစဉ် "တော်ပြီ, တန်ပြီ"ဟု ပယ်မြစ်ပြောဆိုမိ၍ ပဝါရိတ် သင့်ပြီးမှ နောက်ထပ် ခဲဖွယ်ကိုဖြစ်စေ ဘောဇဉ်ကိုဖြစ်စေ ခဲမူလည်း ခဲငြားအံ့၊ စားမူလည်း စားငြားအံ့။ ထိုဘိက္ခုနီအား နိမန္တိတ သုဒ္ဓပါစိတ် အာပတ်သင့်၏-ဟူ၍ဖြစ်သည်။ [ပဝါရိတ်သင့်ပြီးနောက် ထိုဆွမ်းအလှူရှင်အား ခွင့်မပန်ပဲ နောက်ထပ် မစားအပ်။ အလှူရှင်အား ခွင့်ပန်၍ စားခွင့်ရလျှင် ဘိက္ခုပဌမ ပဝါရဏာ သိက္ခာပုဒ်၌ ပြဆိုထားသော ထို ညွှန်ကြားချက်များနှင့် ကိုက်ညီ အောင်ပြု၍ စားကောင်း၏။]

(၅) **ကုလမစ္ဆရီ။** ။အကြင်ဘိက္ခုနီသည် ဒါယကာ, ဒါယိကာမတို့၌ ဝန်တိုသူ ဖြစ်ငြားအံ့၊ ထိုဘိက္ခုနီအား ကုလမစ္ဆရိ သုဒ္ဓပါစိတ် အာပတ် သင့်၏။

(၆) **အဘိက္ခုကအာဝါသ။** ။အကြင်ဘိက္ခုနီသည် ယူဇနာခွဲ အတွင်း တွင် ရဟန်းယောကျ်ားမရှိသော ကျောင်း၌ ဝါကပ်၍နေငြားအံ့။ ထိုဘိက္ခုနီ အား အဘိက္ခုကအာဝါသ သုဒ္ဓပါစိတ်အာပတ်သင့်၏။ [ဘိက္ခုနီ တို့သည် ရဟန်းယောကျ်ားတို့နှင့် အတူမနေရ။ ။ရဟန်းယောကျ်ားမရှိသောကျောင်း-ဟူသည် မိမိနေမည့်ကျောင်းမှ ယူဇနာခွဲအတွင်းတွင် ရဟန်းယောကျ်ား မရှိ၍ ဂရုဓမ်တရား ဂ ပါးဖြင့် အဆုံးအမဩဝါဒကို ခံယူခြင်းငှါ ရဟန်းယောကျ်ား ထံသို့သွားရန် မစွမ်းနိုင်သော ကျောင်းတည်း။]

(၇) **ပဝါရဏာ။** ။အကြင်ဘိက္ခုနီသည် ဝါကျွတ်ပြီးသည် ရှိသော် နှစ် ဘက်သော ဘိက္ခု ဘိက္ခုနီ သံဃာ၌ မြင်ခြင်း, ကြားခြင်း, ယုံမှားခြင်း- ဟူ သော အကြောင်း သုံးပါးတို့ဖြင့် မဖိတ်ကြားငြားအံ့၊ (ဝါ) ပဝါရဏာမပြု ငြားအံ့။ ထိုဘိက္ခုနီအား ပဝါရဏာ သုဒ္ဓပါစိတ် အာပတ်သင့်၏။ [ပဝါရဏာ ပြုမှုကို ဘိက္ခုတို့မှာ ဘိက္ခုအချင်းချင်း ပြုရုံဖြင့်ပြီးသော်လည်း ဘိက္ခုနီတို့ မှာ ဘိက္ခုနီသံဃာ့အထံ၌ တကြိမ်, ဘိက္ခု သံဃာ့အထံ၌ တကြိမ်အားဖြင့် ၂ ကြိမ် ပဝါရဏာ ပြုရသည်။ ။ပဝါရဏာပြုခြင်း၏ လိုရင်းအချက်မှာ မိမိ ကိုယ်ကို သံဃာအား "ပြောပါ, ဆိုပါ, ဆုံးမပါ"ဟု ခွင့်ပြုခြင်း အပ်နှံခြင်း ဖြစ်သည်။]

(၈) ဩဝါဒါဂမန။ ။အကြင်ဘိက္ခုနီသည် ဂရုဓမ်တရား ၈ ပါးဖြင့် အဆုံးအမ ဩဝါဒကို ခံယူဖို့ရန် ချဉ်းကပ်ခွင့်တောင်းခြင်းငှါလည်း၊ ဥပုသ်နေ့ကို မေးခြင်းငှါလည်း၊ ပဝါရဏာ ပြုခြင်းငှါလည်း ရဟန်းယောကျ်ားတို့၏ အထံသို့ မသွားငြားအံ့။ ထိုဘိက္ခုနီအား ဩဝါဒါဂမန သုဒ္ဓပါစိတ်အာပတ်သင့်၏။ [ပါတိမောက်ဘာသာဋီကာနှင့် ဦးဗုဓ်မူ 'ဝိနည်းငယ်လေးစောင်ပါဠိ နိဿယ' တို့ကိုလည်း ရှု။]

(၉) ဥပေါသထာ ပုစ္ဆန။ ။ဘိက္ခုနီ ဟူသမျှ လခွဲတကြိမ်ဘိက္ခုသံဃာ့ အထံမှ ဥပုသ်နေ့ကို မေးခြင်း၊ ဂရုဓမ်တရား ၈ ပါးဖြင့် အဆုံးအမဩဝါဒကို ခံယူဖို့ရန် ချဉ်းကပ်ခွင့် တောင်းခြင်း ဟူသော ၂ ပါးသော တရားတို့ကို တောင့်တရမည်၊ ထိုသို့မပြုပဲ လခွဲတကြိမ်ကို လွန်စေငြားအံ့။ ထိုဘိက္ခုနီအား ဥပေါသထာ ပုစ္ဆန သုဒ္ဓပါစိတ် အာပတ်သင့်၏။

(၁၀) ပသာခ။ ။အကြင်ဘိက္ခုနီသည် ချက်အောက်မှ ပုဆစ်ဒူးဝန်း အထက် အတွင်း၌ ပေါက်သော အဖုအကျိတ်ကို ဖြစ်စေ၊ အနာကို ဖြစ်စေ ဘိက္ခုနီ သံဃာ သို့မဟုတ် ဂိုဏ်းအား မပန်ကြားပဲလျက် ယောကျ်ားအား တယောက်ချင်းချင်းခွဲမူလည်း ခွဲစေငြားအံ့။ ဖေါက်မူလည်း ဖေါက်စေငြား အံ့။ ဖန်ရေမူလည်း ဆေးစေငြားအံ့။ ဆေးမူလည်း လိမ်းစေငြားအံ့။ ကြပ်မူ လည်း စည်းစေငြားအံ့။ ကြပ်ကို ဖြေမူလည်း ဖြေစေငြားအံ့။ ထိုဘိက္ခုနီအား ပသာခ သုဒ္ဓပါစိတ် အာပတ်သင့်၏။ [တခုကိုပြုစေလျှင် အာပတ်တချက်, ၂ ခု ကို ပြုစေလျှင် အာပတ် ၂ ချက်သင့်၍ ၆ ခုလုံးကို ပြုစေလျှင် အာပတ် ၆ ချက်သင့်၏။]

ခြောက်ခုတို့၏ ပြည့်ကြောင်းဖြစ်သော အာရာမဝဂ်သည် ပြီးခြင်းသို့ ရောက်ပြီ။

---

## ၇။ ဂဗ္ဘိနီဝဂ်

(၁) ဂဗ္ဘိနီ။ ။အကြင် ဘိက္ခုနီသည် ဥပဇ္ဈာယ်ဆရာမ လုပ်၍ ကိုယ်ဝန် ဆောင် မိန်းမကို ရဟန်းပြု ပေးငြားအံ့။ ထိုဘိက္ခုနီအား ဂဗ္ဘိနီသုဒ္ဓပါစိတ် အာပတ်သင့်၏။ [ကာရကသံဃာမှာ ဒုက္ကဋ်အာပတ်သင့်၏။]

(၂) ပါယန္တီ။ ။အကြင် ဘိက္ခုနီသည် ဥပဇ္ဈာယ် ဆရာမ လုပ်၍ နို့စို့ သားငယ်ရှိနေသော မိန်းမကို ရဟန်းပြုပေးငြားအံ့။ ထိုဘိက္ခုနီအား ပါယန္တီ သုဒ္ဓပါစိတ် အာပတ်သင့်၏။ [ကာရက သံဃာမှာ ဒုက္ကဋ် အာပတ်သင့်၏။]

(၃) **အသိက္ခိတသိက္ခာ။** ။အကြင် ဘိက္ခုနီသည် ဥပဇ္ဈာယ် ဆရာမ လုပ်၍ ခြောက်ပါးသော သိက္ခာပုဒ်တို့၌ ၂ နှစ်ပတ်လုံး မကျင့်ရသေးသော သိက္ခမာန်ကို ရဟန်းပြုပေးငြားအံ့။ ထိုဘိက္ခုနီအား အသိက္ခိတသိက္ခာ သုဒ္ဓပါစိတ် အာပတ်သင့်၏။ [ကာရက သံဃာမှာ ဒုက္ကဋ် အာပတ်သင့်၏]။ ။ ဤခြောက်ပါးသော သိက္ခာပုဒ်တို့ကား ပါဏာတိပါတ, အဒိန္နာဒါန, အဗြဟ္မစရိယ, မုသာဝါဒ, သုရာမေရယ, ဝိကာလဘောဇန သိက္ခာပုဒ်တို့တည်း။

(၄) **သံဃေန အသမ္မတ။** ။အကြင် ဘိက္ခုနီသည် ဥပဇ္ဈာယ် ဆရာမ လုပ်၍ ခြောက်ပါးသော သိက္ခာပုဒ်တို့၌ ၂ နှစ်ပတ်လုံး ကျင့်ပြီးသော်လည်း ဘိက္ခုနီ သံဃာ့အထံမှ 'ဝုဋ္ဌာန သမ္မုတိ'ကို မရသေးသော သိက္ခမာန်ကို ရဟန်းပြုပေးငြားအံ့။ ထိုဘိက္ခုနီအား သံဃေန အသမ္မတ သုဒ္ဓပါစိတ် အာပတ်သင့်၏။ [ကာရက သံဃာမှာ ဒုက္ကဋ် အာပတ်သင့်၏။]

(၅) **ဦနဒွါဒသဝဿ။** ။အကြင်ဘိက္ခုနီသည် ဥပဇ္ဈာယ် ဆရာမ လုပ်၍ ယောကျ်ားနှင့် ဆက်ဆံဖူးသော်လည်း အသက် ၁၂နှစ်မပြည့်သေးသော သူငယ်မကို ရဟန်းပြုပေးငြားအံ့။ ထိုဘိက္ခုနီအား ဦနဒွါဒသဝဿ သုဒ္ဓပါစိတ် အာပတ်သင့်၏။[ကာရက သံဃာမှာ ဒုက္ကဋ် အာပတ် သင့်၏။]

(၆) **ဂိဟိဂတ အသိက္ခိတသိက္ခာ။** ။အကြင် ဘိက္ခုနီသည် ဥပဇ္ဈာယ် ဆရာမ လုပ်၍ ယောကျ်ားနှင့် လည်း ဆက်ဆံဖူး၍ အသက်လည်း ၁၂ နှစ်ပြည့်ပြီးသော်လည်း ခြောက်ပါးသော သိက္ခာပုဒ်တို့၌ ၂ နှစ်ပတ်လုံး မကျင့်ရသေးသော မိန်းမကို ရဟန်းပြုပေးငြားအံ့။ထိုဘိက္ခုနီအား ဂိဟိဂတ အသိက္ခိတသိက္ခာ သုဒ္ဓပါစိတ် အာပတ် သင့်၏။ [ကာရက သံဃာမှာ ဒုက္ကဋ် အာပတ် သင့်၏။]

(၇) **အသမ္မတဝုဋ္ဌာန။** ။အကြင် ဘိက္ခုနီသည် ဥပဇ္ဈာယ် ဆရာမ လုပ်၍ ယောကျ်ားနှင့်လည်း ဆက်ဆံဖူး၍ အသက်လည်း ၁၂ နှစ်ပြည့်ပြီး၍ ခြောက်ပါးသော သိက္ခာပုဒ်တို့၌လည်း ၂ နှစ်ပတ်လုံး ကျင့်ပြီးသော်လည်း ဘိက္ခုနီ သံဃာ့အထံမှ 'ဝုဋ္ဌာန သမ္မုတိ'ကို မရသေးသော သိက္ခမာန်ကို ရဟန်းပြုပေးငြားအံ့။ ထိုဘိက္ခုနီအား အသမ္မတဝုဋ္ဌာန သုဒ္ဓပါစိတ် အာပတ်သင့်၏။ [ကာရကသံဃာမှာ ဒုက္ကဋ် အာပတ်သင့်၏။]

(၈) **သဟဇီဝိနီ။** ။အကြင်ဘိက္ခုနီသည် အတူနေ တပည့်မကို ရဟန်းပြုပေးပြီးနောက် ကိုယ်တိုင်မူလည်း ၂ နှစ်ပတ်လုံး သွန်သင် ဆုံးမခြင်းဖြင့်

မချီးမြှောက် ငြားအံ့။သူတပါးကို မူလည်း မချီးမြှောက်စေငြားအံ့။ထိုဘိက္ခုနီအား သဟဇီဝိနီ သုဒ္ဓ ပါစိတ် အာပတ် သင့်၏။

(၉) နာနုဗန္ဓန။ ။အကြင် ဘိက္ခုနီ(တပည့်မ)သည် ဥပဇ္ဈာယ်ဆရာမ၏ နောက်သို့ ၂ နှစ်ပတ်လုံး လိုက်၍ မနေငြားအံ့။ ထိုဘိက္ခုနီအား နာနုဗန္ဓန သုဒ္ဓပါစိတ် အာပတ်သင့်၏။

(၁၀) နေဝဝူပကာသန။ ။အကြင် ဘိက္ခုနီသည် အတူနေ တပည့်မကို ရဟန်းပြုပေးပြီး နောက် အယုတ်သဖြင့် ၅ ယူဇနာ ၆ ယူဇနာလောက် ဝေးသော အရပ်တပါးသို့ ကိုယ်တိုင်မူလည်း ခေါ်၍ မသွားငြားအံ့။ သူတပါး ကိုမူလည်း ခေါ်၍ မသွားစေငြားအံ့။ ထိုဘိက္ခုနီအား နေဝဝူပကာသန သုဒ္ဓပါစိတ် အာပတ်သင့်၏။

ခုနစ်ခုတို့၏ ပြည့်ကြောင်း ဖြစ်သော ဂဗ္ဘိနီဝဂ်သည် ပြီးခြင်းသို့ ရောက်ပြီ။

---

ဂ။ ကုမာရီဘူတဝဂ်

(၁) ဦနဝီသတိဝဿ။ ။အကြင် ဘိက္ခုနီသည် ဥပဇ္ဈာယ်ဆရာမ လုပ်၍ အသက် ၂၀ မပြည့်သေးသော အပျိုစင် သာမဏေမကို ရဟန်းပြုပေးငြားအံ့။ ထိုဘိက္ခုနီအား ဦနဝီသတိဝဿ သုဒ္ဓပါစိတ် အာပတ်သင့်၏။ [ကာရကသံဃာမှာ ဒုက္ကဋ်အာပတ်သင့်၏။]

(၂) အသိက္ခိတသိက္ခာ။ ။အကြင်ဘိက္ခုနီသည်ဥပဇ္ဈာယ် ဆရာမ လုပ်၍ အသက် ၂၀ ပြည့်ပြီးသော်လည်း ခြောက်ပါးသောသိက္ခာပုဒ်တို့၌ ၂ နှစ်ပတ်လုံး မကျင့်ရသေးသော အပျိုစင် သာမဏေမကို ရဟန်းပြုပေးငြားအံ့။ ထို ဘိက္ခုနီ အား အသိက္ခိတသိက္ခာ သုဒ္ဓပါစိတ် အာပတ်သင့်၏။ [ကာရက သံဃာမှာ ဒုက္ကဋ်အာပတ်သင့်၏။]

(၃) သံဃေန အသမ္မတ။ ။အကြင်ဘိက္ခုနီ သည် ဥပဇ္ဈာယ်ဆရာမ လုပ်၍ အသက်လည်း ၂၀ ပြည့်ပြီး၍ ခြောက်ပါးသော သိက္ခာပုဒ်တို့၌လည်း ၂ နှစ် ပတ်လုံး ကျင့်ပြီးသော်လည်း ဘိက္ခုနီ သံဃာ့အထံမှ 'ဝုဋ္ဌာနသမ္မုတိ' ကို မရ သေးသော အပျိုစင် သာမဏေမကို ရဟန်း ပြုပေးငြားအံ့။ ထို ဘိက္ခုနီအား သံဃေန အသမ္မတ သုဒ္ဓပါစိတ် အာပတ်သင့်၏။ [ကာရက သံဃာမှာ ဒုက္ကဋ် အာပတ်သင့်၏။]

(၄) **ဦနဒွါဒသဝဿာ။** ။အကြင် ဘိက္ခုနီသည် ၁၂ ဝါ မပြည့်သေးပဲလျက် ဥပဇ္ဈာယ်ဆရာမ လုပ်၍ သူတပါးကို ရဟန်းပြုပေးငြားအံ့။ ထိုဘိက္ခုနီအား ဦနဒွါဒသဝဿာ သုဒ္ဓပါစိတ် အာပတ်သင့်၏။ [ကာရကသံဃာမှာ ဒုက္ကဋ်အာပတ်သင့်၏။]

(၅) **သံဃေန အသမ္မတာ။** ။အကြင် ဘိက္ခုနီသည် ၁၂ ဝါ ပြည့်ပြီးသော်လည်း ဘိက္ခုနီ သံဃာ့အထံမှ 'ဝုဋ္ဌာပနသမ္မုတိ' ကို မရသေးပဲလျက် ဥပဇ္ဈာယ်ဆရာမ လုပ်၍ သူတပါးကို ရဟန်း ပြုပေးငြားအံ့၊ ထိုဘိက္ခုနီအား သံဃေန အသမ္မတာ သုဒ္ဓပါစိတ် အာပတ်သင့်၏။ [ကာရကသံဃာမှာ ဒုက္ကဋ် အာပတ်သင့်၏။]

(၆) **ခိယျနဓမ္မာ ပဇ္ဇနာ။** ။အကြင်ဘိက္ခုနီသည် မိမိအား "အရှင်မ, အရှင်မသည် ဥပဇ္ဈာယ်ဆရာမ လုပ်ဖို့ မတော်သေးပါ" ဟု အခြားဘိက္ခုနီတို့ ပြောဆိုတုန်းက "ကောင်းပါပြီ"ဟု ဝန်ခံပြီးမှနောက်၌ ထိုဘိက္ခုနီတို့ကို ကဲ့ရဲ့ ရှုတ်ချငြားအံ့။ ထိုဘိက္ခုနီအား ခိယျနဓမ္မာ ပဇ္ဇန သုဒ္ဓပါစိတ် အာပတ်သင့်၏။

(၇) **ပတိဿဝန ဝိသံဝါဒန။** ။အကြင်ဘိက္ခုနီသည် သိက္ခမာန်ကို "အရှင်မသင်သည် အကယ်၍ ငါ့အား သင်္ကန်းကိုပေးလျှင် သင့်ကို ငါ ရဟန်းပြုပေးအံ့" ဟု ပြောဆိုပြီးမှ နောက်၌ အန္တရာယ်မရှိပဲလျက် ကိုယ်တိုင်မူလည်း ရဟန်း မပြုပေးငြားအံ့။ သူတပါးကိုမူလည်း ပြုပေးဖို့ရန် ကြောင့်ကြ မစိုက်ငြားအံ့။ ထိုဘိက္ခုနီအား ပတိဿဝန ဝိသံဝါဒန သုဒ္ဓပါစိတ် အာပတ်သင့်၏။

(၈) **အနုဗန္ဓန။** ။အကြင်ဘိက္ခုနီသည် သိက္ခမာန်ကို "အရှင်မ, သင်သည် အကယ်၍ ငါ့နောက်သို့ ၂ နှစ်ပတ်လုံး လိုက်၍နေလျှင် သင့်ကိုငါ ရဟန်းပြုပေးအံ့"ဟုပြောဆိုပြီးမှနောက်၌အန္တရာယ်မရှိပဲလျက် ကိုယ်တိုင်မူလည်းရဟန်းမပြုပေးငြားအံ့။ သူတပါးကိုမူလည်း ပြုပေးဖို့ရန် ကြောင့်ကြမစိုက်ငြားအံ့။ ထိုဘိက္ခုနီအား အနုဗန္ဓန သုဒ္ဓပါစိတ် အာပတ်သင့်၏။

(၉) **သောကာဝါသ။** ။အကြင် ဘိက္ခုနီသည် ဥပဇ္ဈာယ်ဆရာမ လုပ်၍ ယောကျ်ားကြီး ယောကျ်ားငယ်တို့နှင့် ရောရော နှောနှော နေတတ်သော ကိုယ် နှုတ် ကြမ်းတမ်းသော ယောကျ်ားတို့အတွက် သောကဝင်လျက်ရှိသော ယောကျ်ားတို့၏ သန္တာန်အတွင်းသို့လည်း သောကသွင်းတတ်သောသိက္ခမာန်ကို ရဟန်းပြုပေးငြားအံ့။ ထိုဘိက္ခုနီအား သောကာဝါသ သုဒ္ဓပါစိတ် အာပတ်သင့်၏။ [ကာရက သံဃာမှာ ဒုက္ကဋ် အာပတ်သင့်၏။ ။အသက် ၂၀ သို့

ရောက်ပြီးသောသူကို ယောကျ်ားကြီး-ဟုခေါ်၍ အသက် ၂၀ သို့ မရောက်သေးသောသူကို ယောကျ်ားငယ်-ဟုခေါ်သည်။]

(၁၀) အနနုညာတ။ ။အကြင် ဘိက္ခုနီသည် ဥပဇ္ဈာယ်ဆရာမ လုပ်၍ မိဘတို့ကဖြစ်စေ၊ လင်ယောကျ်ားကဖြစ်စေ ခွင့်မပြုသော သိက္ခမာန်ကို ရဟန်းပြုပေးငြားအံ့။ ထိုဘိက္ခုနီအား အနနုညာတ သုဒ္ဓပါစိတ် အာပတ်သင့်၏။ [ကာရကသံဃာမှာ ဒုက္ကဋ်အာပတ်သင့်၏။ ။မာတုဂါမတို့မှာ သာမဏေမပြုလိုသောအခါ၌တကြိမ်, ဘိက္ခုနီပြုလိုသောအခါ၌ တကြိမ်အားဖြင့် ၂ ကြိမ်တိုင် မိဘတို့နှင့် လင်ရှိလျှင် လင်ယောကျ်ား၏အထံ၌ ခွင့်တောင်းရ၏။]

(၁၁) ပါရိဝါသိက ဆန္ဒဒါန။ ။အကြင် ဘိက္ခုနီသည် ဥပဇ္ဈာယ်ဆရာမလုပ်၍ သိုးပြီးသော(နဂိုဆန္ဒ ပျက်ပြယ်ပြီးသော)ဆန္ဒပေးခြင်းဖြင့် သိက္ခမာန်ကို ရဟန်းပြုပေးငြားအံ့။ ထိုဘိက္ခုနီအား ပါရိဝါသိက ဆန္ဒဒါန သုဒ္ဓပါစိတ် အာပတ်သင့်၏။ [ကာရကသံဃာမှာ ဒုက္ကဋ်အာပတ်သင့်၏။]

သိုးခြင်း-ဟူသည် ပရိသတ်၏ သိုးခြင်း၊ ညဉ့်၏ သိုးခြင်း၊ ဆန္ဒ၏ သိုးခြင်း၊ အဇ္ဈာသယ၏သိုးခြင်းဟူ၍ ၄ ပါးတည်း။ ။သိုးပြီးသော (နဂိုဆန္ဒပျက်ပြယ်ပြီးသော) ဆန္ဒပေးခြင်းဖြင့်–ဟူသော စကား၏ ဆိုလိုရင်းအဓိပ္ပာယ်ကို ထင်ရှားစေခြင်းငှါ ဝတ္ထုကြောင်းဖြင့် ရှင်းပြပါအံ့။ ။မာတုဂါမ တို့သည် ရဟန်း ၂ ကြိမ် ပြုကြရ၏၊ ပဌမအကြိမ်၌ ဘိက္ခုနီ သံဃာ့အထံမှာ ပြုကြရ၍ ဒုတိယအကြိမ်၌ ဘိက္ခုသံဃာ့အထံမှာ ပြုကြရ၏။

ရာဇဂြိုဟ်မြို့၌နေစဉ် ထုလ္လနန္ဒာသည် သိက္ခမာန်တယောက်ကို ဘိက္ခုနီ ပြုလုပ်ပေးဖို့ရန် ရဟန်းယောကျ်ား မထေရ်ကြီးများကို ပင့်ဖိတ်သဖြင့် ကြွနိုင်သော မထေရ်ကြီးများသည် ကိုယ်တိုင်ကြွရောက်ကြ၍ မကြွနိုင်သော (ထို မဟာသိမ်အတွင်း၌ နေကုန်သော)ရဟန်းများသည် ထိုကံကို သဘောတူကြောင်း (ဝိနည်းထုံးစံအတိုင်း) ဆန္ဒပေးလိုက်ကြလေသည်။ ထို သံဃာ့အစည်းအဝေး၌ ဘိက္ခုနီပြုပေးပြီးလျှင် ကျွေးမွေးဖို့ရန် ခဲဖွယ်ဘောဇဉ်များစွာကိုလည်း ဆိုင်ရာက စီမံထား၏။ ထုလ္လနန္ဒာသည် ထိုခဲဖွယ်ဘောဇဉ်များကို ရှင်းနှင့် စိတ်ခေတ်ချင်းမတူသော ကြွလာသော ထိုမထေရ်ကြီးများကို မဘုဉ်းပေး စေလိုသောကြောင့် "အရှင်ဘုရားတို့....သိက္ခမာန်ကို ယခု ဘိက္ခုနီ မပြုပေးလိုသေးပါ"ဟု လျှောက်၍ထိုမထေရ်ကြီးများကိုပြန်လွှတ်လိုက်လေသည်။ ထိုသို့ပြန်လွှတ်လိုက်သည့်အခါ ထိုကံအတွက် သဘောတူကြောင်း ပေးလိုက်သော ဆန္ဒသည် ပျက်ပြယ်လေ

တော့၏။ ထုလ္လနန္ဒာသည် ထိုပျက်ပြယ်ပြီးသောဆန္ဒကိုပင် ထပ်မံ အသုံးပြု၍ (နောက်ထပ် ဆန္ဒမယူပဲ) အရှင်ဒေဝဒတ်နှင့် ဘက်တော်သား ဖြစ်ကြသော ကောကာလိကစသော ရဟန်းများကိုပင့်၍ ထိုသိက္ခမာန်ကို ဘိက္ခုနီ ပြုပေးလေသည်။ ထိုသို့ပြုပေးရာ၌ သူ ပင့်လိုရာပင့်၍ ပြုပေးခြင်းက ကံကို မပျက်စေသော်လည်း ပျက်ပြယ်ပြီးသောဆန္ဒကို အသုံးပြုခြင်းကား ကံကိုပျက်စေသောကြောင့် ထုလ္လနန္ဒာ၏ပြုမှုပုံကို အခြားဘိက္ခုနီတို့ ကဲ့ရဲ့ကြကုန်၏။ ထို့ကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

(၁၂)အနုဝဿံဝုဋ္ဌာပန။ ။အကြင် ဘိက္ခုနီသည် ဥပဇ္ဈာယ်ဆရာမ လုပ်၍ တနှစ်လျှင် တပါးကျ ရဟန်းပြုပေးငြားအံ့။ ထိုဘိက္ခုနီအား အနုဝဿံဝုဋ္ဌာပန သုဒ္ဓပါစိတ်အာပတ်သင့်၏။ [ကာရကသံဃာမှာ ဒုက္ကဋ်အာပတ်သင့်၏။]

(၁၃) ဒွေဝုဋ္ဌာပန။ ။အကြင် ဘိက္ခုနီသည် ဥပဇ္ဈာယ် ဆရာမ လုပ်၍ တနှစ်တည်း၌ သိက္ခမာန် နှစ်ပါးကို ရဟန်း ပြုပေးငြားအံ့။ ထို ဘိက္ခုနီအား ဒွေဝုဋ္ဌာပန သုဒ္ဓပါစိတ် အာပတ်သင့်၏။ [ကာရကသံဃာမှာ ဒုက္ကဋ် အာပတ်သင့်၏။ ။ဤသိက္ခာပုဒ်နှစ်ပါး၏ အလိုမှာ ၂ နှစ်မှ တပါးသာ ရဟန်းပြုပေးစေချင်သည်—ဟူ၍ဖြစ်သည်။

ရှစ်ခုတို၏ ပြည့်ကြောင်း ဖြစ်သော ကုမာရီဘူတ ဝဂ် သည် ပြီးခြင်းသို့ ရောက်ပြီ။

---

## ၉။ ဆတ္တုပါဟန ဝဂ်

(၁) ဆတ္တုပါဟန။ ။အကြင်ဘိက္ခုနီသည် မနာမဖျားပဲလျက် မြို့တွင်း ရွာတွင်း၌ဖြစ်စေ၊ တောထဲ၌ဖြစ်စေ ထီးကိုလည်း ဆောင်း၍ ဖိနပ်ကိုလည်း စီးငြားအံ့။ ထိုဘိက္ခုနီအား ဆတ္တုပါဟန သုဒ္ဓ ပါစိတ် အာပတ်သင့်၏။ [ထီးသာ ဆောင်း၍ ဖိနပ်မစီးလျှင်ငင်း၊ ဖိနပ်သာစီး၍ ထီးမဆောင်းလျှင်ငင်း ဒုက္ကဋ် အာပတ်သင့်၏။]

မိမိကျောင်းတိုက် အတွင်းနှင့် ကျောင်းတိုက် ဥပစာ၌ကား ထီးကိုလည်း ဆောင်းနိုင်၏။ ဖိနပ်ကိုလည်း စီးနိုင်၏။ မိုးရွာလျှင်ကား သင်္ကန်းကို စိုစွတ်ခြင်းမှ ကာကွယ်ရန်အလို့ငှါ မည်သည့်နေရာ၌မဆို ထီးကို ဆောင်းကောင်း၏။ ဘိက္ခုတို့လည်း ထီးကို ဘိက္ခုနီတို့အတိုင်းပင် ဆောင်းရမည်။ ဖိနပ်ကိုမူ မြို့တွင်း ရွာတွင်းနှင့် အခြားကျောင်းတိုက်၌အာဂန္တုအဖြစ်ဖြင့် နေခိုက်မှာ မစီးကောင်း၊

အာဂန္တုမဟုတ်သည့်အခါ တောထဲသို့သွားသည့်အခါနှင့် မိမိတို့ကျောင်းတိုက်အတွင်းမှာ စီးကောင်း၏။

(၂)ယာန။ ။အကြင်ဘိက္ခုနီသည် မနာမဖျားပဲလျက် ယာဉ်ဖြင့် သွားငြားအံ့။ ထိုဘိက္ခုနီအား ယာနသုဒ္ဓပါစိတ် အာပတ်သင့်၏။ [သက်ရှိယာဉ်ကို ဆိုလိုသည်။ ။ဘိက္ခုတို့မှာ ဒုက္ကဋ်အာပတ်သင့်၏။ ။အို၍ဖြစ်စေ၊ နာဖျား၍ ဖြစ်စေ စီးလျှင်လည်း အထီးကသော ယာဉ်ကိုသာ စီးရမည်။]

(၃) သဃာဏိ။ ။အကြင်ဘိက္ခုနီသည် ခါးကြိုး တန်ဆာကို ဆောင်ငြားအံ့။ ထိုဘိက္ခုနီအား သဃာဏိသုဒ္ဓပါစိတ် အာပတ်သင့်၏။ [ခါးပန်းကြိုး ရိုးရိုးမှတပါး အလှပတ်ဖို့ခါးစည်းကြိုး ,ခါးပတ်ဟူသမျှသည်'ခါးကြိုးတန်ဆာ'၌ ပါဝင်၏။ ဘိက္ခုတို့မှာ ဒုက္ကဋ် အာပတ်သင့်၏။]

(၄) ဣတ္ထာလင်္ကာရ။ ။အကြင် ဘိက္ခုနီသည် လူဝတ်ကြောင် မိန်းမတို့ ဝတ်ဆင်လေ့ရှိသော ပုတီး, လက်ကောက်စသော တန်ဆာကို ဆောင်ငြားအံ့။ ထိုဘိက္ခုနီအား ဣတ္ထာလင်္ကာရ သုဒ္ဓပါစိတ်အာပတ်သင့်၏။[ဘိက္ခုတို့မှာ ဒုက္ကဋ် အာပတ်သင့်၏။] 'ဆောင်'ဟူသည် 'ဝတ်ဆင်ခြင်း'ကို ဆိုသည်။

(၅) ဂန္ဓဝဏ္ဏက။ အကြင်ဘိက္ခုနီသည် နံ့သာရည်, အလှရည်တို့ဖြင့် ရေချိုးငြားအံ့။ ထိုဘိက္ခုနီအား ဂန္ဓဝဏ္ဏက သုဒ္ဓပါစိတ် အာပတ်သင့်၏။ [ဘိက္ခုတို့မှာ ဒုက္ကဋ် အာပတ်သင့်၏။]

(၆) ဝါသိတက။ ။အကြင် ဘိက္ခုနီ သည် နံ့သာ ထုံထားသော နှမ်းမုန့်ညက်(ဆပ်ပြာ)ဖြင့် ရေချိုးငြားအံ့။ ထိုဘိက္ခုနီအား ဝါသိတက သုဒ္ဓပါစိတ် အာပတ်သင့်၏။ [ဘိက္ခုတို့မှာ ဒုက္ကဋ် အာပတ်သင့်၏။ ကိုယ်နံ့ဆိုးဝါးသူ မဟုတ်လျှင် ယခုခေတ် ဆပ်ပြာမွှေးများနှင့် ရေမချိုးအပ်။]

(၇) ဥမ္မဒ္ဒါပန။ ။အကြင် ဘိက္ခုနီသည် မနာ မဖျားပဲလျက် အခြားဘိက္ခုနီကို ပွတ်တိုက်မှုလည်း ပွတ်တိုက်စေငြားအံ့။ နှိပ်နယ်မှုလည်း နှိပ်နယ်စေငြားအံ့။ ထိုဘိက္ခုနီအား ဥမ္မဒ္ဒါပန သုဒ္ဓပါစိတ် အာပတ်သင့်၏။

(၈)ဥမ္မဒ္ဒါပန။ ။အကြင်ဘိက္ခုနီ သည် မနာမဖျားပဲလျက် သိက္ခမာန်ကို ။ပ။

(၉) ဥမ္မဒ္ဒါပန။ အကြင်ဘိက္ခုနီသည် မနာမဖျားပဲလျက် သာမဏေမကို ။ပ။

(၁၀) ဥမ္မဒ္ဒါပန။ ။အကြင် ဘိက္ခုနီသည် မနာမဖျားပဲလျက် လူဝတ်ကြောင် မိန်းမကို ပွတ်တိုက်မှုလည်း ပွတ်တိုက်စေငြားအံ့။ နှိပ်နယ် မှုလည်း နှိပ်နယ်စေငြားအံ့။ ထိုဘိက္ခုနီအား ဥမ္မဒ္ဒါပန သုဒ္ဓပါစိတ်အာပတ်သင့်၏။

(၁၁) **အနုပသမ္ပန္နေန သဟ သေယျကပ္ပနသိက္ခာပုဒ်** ... ။အကြောင်း ဘိက္ခုနီသည် မပဟ်ကြားပဲလျက် ရဟန်းယောကျ်ား၏ရှေ့၌ ထိုင်ခြင်းအံ့။ ထိုဘိက္ခုနီအား အနာပုစ္ဆာ နိသီဒန သုဒ္ဓပါစိတ်အာပတ်သင့်၏။

(၁၂) **အနောကာသကတ**။ ။အကြောင်းဘိက္ခုနီသည် မပန်ကြားပဲလျက် ရဟန်းယောကျ်ားအား ပြဿနာကိုမေးခြင်းအံ့။ ထိုဘိက္ခုနီအား အနောကာသကတ သုဒ္ဓပါစိတ် အာပတ်သင့်၏။

(၁၃) **အသံကစ္စိကာ**။ အကြောင်း ဘိက္ခုနီသည် ရင်စည်းတဘက် မပါပဲလျက် ရွာတွင်းသို့ဝင်ခြင်းအံ့။ ထိုဘိက္ခုနီအား အသံကစ္စိကာ သုဒ္ဓပါစိတ် အာပတ်သင့်၏။

ကိုးခုတို့၏ ပြည့်ကြောင်း ဖြစ်သော ၄ ဆတ္တုပါဟန ဝဂ် သည် ပြီးခြင်းသို့ ရောက်ပြီ။

**မှတ်ချက်**။ ။ဤသုဒ္ဓပါစိတ်အခဏ်း၌ လသုဏဝဂ်မှစ၍ ဝဂ်ပေါင်း ၉ ဝဂ် ရှိ၏။ ရှေ့ ၇-ဝဂ်၌ သိက္ခာပုဒ် ၁၀ ပါးစီရှိ၍ နောက်ဆုံး ၂ ဝဂ်၌ ၁၃ ပါးစီ ရှိရကား သိက္ခာပုဒ်ပေါင်း ၉၆-ပါး ရှိသည်၊ ဤ ၉၆ -ပါးကို ယူ၍ ဘိက္ခုပါတိမောက်၌ ပြဆိုထားသော 'သာဓာရဏ' သိက္ခာပုဒ် ၇၀ နှင့် ပေါင်းလျှင် ဘိက္ခုနီတို့အတွက် သုဒ္ဓပါစိတ် သိက္ခာပုဒ်ပေါင်း ၁၆၆ ပါး ရှိသည်။

သုဒ္ဓပါစိတ် အခဏ်းပြီးပြီ။

---

## ၁၇။ ပါဠိဒေသနီယ အခဏ်း

(၁) **သပ္ပိဝိညာပန**။ ။အကြောင်းဘိက္ခုနီသည် မနာမဖျားပဲလျက် ဆွေမျိုး မတော် မဖိတ်ကြားထားသောသူတို့ထံမှ ထောပတ်ကိုတောင်း၍ စားခြင်းအံ့။ ထိုဘိက္ခုနီအား မျိုတိုင်းမျိုတိုင်း သပ္ပိဝိညာပန ပါဠိဒေသနီ အာပတ်သင့်၍ ''အရှင်မတို့ ဘုရားတပည့်တော်မသည် ကဲ့ရဲ့အပ်သော မလျောက်ပတ်သော ပါဠိဒေသနီ အာပတ်သို့ရောက်ပြီ။ ထို ပါဠိဒေသနီ အာပတ်ကို သီးခြား ပြောကြားပါ၏'' ဟုဆို၍ ဒေသနာပြောရမည်။

(၂) **တေလဝိညာပန**။ ။အကြောင်း ဘိက္ခုနီ သည်။ပ။ဆီကို။ပ။ ဒေသနာ ပြောရမည်။

(၃) **မဓုဝိညာပန**။ ။အကြောင်း ဘိက္ခုနီသည်။ပ။ပျားရည်ကို။ပ။ဒေသနာ ပြောရမည်။

(၄) **ဖာဏိတဝိညာပန**။ ။အကြောင်းဘိက္ခုနီသည်။ပ။တင်လဲကို။ပ။ဒေသနာ ပြောရမည်။

(၅) မစ္ဆဝိညာပန။ ။အကြင် ဘိက္ခုနီသည်။ပ။ငါးဟင်းကို။ပ။ဒေသနာ ပြောရမည်။

(၆) မံသဝိညာပန။ ။အကြင်ဘိက္ခုနီသည်။ပ။နွားသားစသော အသားဟင်းကို။ပ။ဒေသနာ ပြောရမည်။

(၇) ခီရဝိညာပန။ ။အကြင်ဘိက္ခုနီသည်။ပ။နွားနို့ စသော နို့ရည်ကို တောင်း၍သောက်ငြားအံ့။ ထိုဘိက္ခုနီအား။ပ။ဒေသနာ ပြောရမည်။

(၈) ဒဓိဝိညာပန။ ။အကြင်ဘိက္ခုနီ သည် မနာမဖျားပဲလျက် ဆွေမျိုးမတော် မဖိတ်ကြားထားသောသူတို့ထံမှ နို့ဓမ်းနို့ချဉ်ကိုတောင်း၍စားငြားအံ့။ ထိုဘိက္ခုနီအား မျိုးတိုင်း မျိုးတိုင်း ဒဓိ ဝိညာပန ပါဋိ ဒေသနီ အာပတ်သင့်၍ ''အရှင်မတို့ ဘုရား တပည့်တော်မသည် ကဲ့ရဲ့အပ်သော မလျော်ကပ်သော ပါဋိဒေသနီ အာပတ်သို့ရောက်ပြီ။ ထို ပါဋိဒေသနီ အာပတ်ကို သီးခြား ပြောကြားပါ၏။''ဟုဆို၍ ဒေသနာ ပြောရမည်။

ပါဋိဒေသနီယအခဏ်း ပြီးပြီ။
ဘိက္ခုနီ ပါတိမောက် ပြီးပြီ။

---

၁၈။ နိဂုံး

ဘိက္ခုပါတိမောက်, ဘိက္ခုနီပါတိမောက်-ဟူသော **ဒွေမာတိကာ**ကို ပါဠိလို လိုက်နိုင်သော ပုဂ္ဂိုလ်များသည် ပါဠိလို အာဂုံဆောင်၍,ပါဠိလို မလိုက်နိုင်သော ပုဂ္ဂိုလ်များကား ဤစာမူ (မြန်မာသက်သက်) ဖြင့် အာဂုံဆောင်၍ မော်လမြိုင်မြို့နယ်၊ တောရရွှေကျောင်းဂိုဏ်းမှ နှစ်စဉ်ကျင်းပသော ဝိနည်း စာပြန်ပွဲ၌ အညီအညွတ် ဝမ်းမြောက် ဝမ်းသာစွာဖြင့် ပြန်ဆိုတော်မူနိုင်ကြပါစေကုန်သတည်း။ [အခြားဂိုဏ်းများလည်း ၎င်းတို့ကျင်းပသော ဝိနည်း စာပြန်ပွဲများ၌ ဤ 'မူ'ဖြင့် ပြန်ဆိုလိုသော ပုဂ္ဂိုလ်များအား ပြန်ဆိုခွင့်ပြုပါရန် ရိုသေ လေးမြတ်စွာဖြင့် မေတ္တာရပ်ခံပါ၏။]

**ဒွေမာတိကာ** (မြန်မာသက်သက်) ပြီးပြီ။

# နောက်ဆက်တွဲ

## ၁၉။ ။ထုလ္လစ္စဉ်း အာပတ်

ကျဉ်းသော မဂ်ဝရှိသော သတ္တဝါ၏ မဂ်၌ မေထုန်မှုပြုခြင်း၊ သတ္တဝါတို့၏ အင်္ဂါဇာတ်ကို မိမိ အင်္ဂါဇာတ်ဖြင့် မသွင်းပဲ တို့ရုံတို့ခြင်း၊ မေထုန်ရာဂဖြင့် မိန်းမ နိမိတ်ကို မိမိမုခဖြင့်တို့ခြင်း၊ သံဃိက ဂရုဘဏ် ပစ္စည်းကို သံဃာအား မပန်မကြား အစိုးတရ သူတပါးအား ပေးခြင်း၊ [သံဃာ သဘောတူပင် ဖြစ်သော်လည်း ဒုက္ကဋ်, ထေယျစိတ်ဖြင့် ဒုတိယ ပါရာဇိက သိက္ခာပုဒ်၌ ပြဆိုထားသော ထိုရွှေစင်တမတ် တန်ဖိုးရှိသော ပစ္စည်းကို ချိုးကြွမိသော် ပါရာဇိက အာပတ်သင့်၏။]သံဃိက ဂရုဘဏ်ပစ္စည်းဖြစ်သော (၁) အရံ, အရံရာတို့ရင်း၊ (၂) ကျောင်း, ထိုကျောင်း၏ အရာရင်း၊ (၃) ညောင်စောင်း, အင်းပျဉ်ဟုခေါ်သော ခုတင်, ထိုင်ခုံတို့ရင်း၊ ဘုံလျှိုဟုခေါ်သော မွေ့ရာ, မှိုအုံးခေါင်းအုံးစသော အိပ်ရာနေရာရင်း၊ (၄) ကြေးအိုး, ကြေးဖျဉ်းရင်း၊ ကြေးအိုးစရည်းကြီး,ကြေးအင်တွဲရင်း၊ ဓားမ, ပဲခွပ်, ပုဆိန် ပေါက်တူး, ဆောက်ရင်း၊ (၅) နွယ်ရင်း, ဝါးရင်း, မြက်သက်ငယ်, သစ်ရွက်, ဖွူဆံမြက်, ပြိတ်မြက်, မြေညက်,သစ်ဘဏ္ဍာ, မြေဘဏ္ဍာတို့ရင်း၊ ဤအစုအားဖြင့် ငါးပါး၊ သရုပ်အားဖြင့် နှစ်ဆယ့်ငါးပါး၊ အစိတ်အားဖြင့် များစွာကုန်သော ဘဏ္ဍာတို့ကို သံဃာ,ဂိုဏ်း,ပုဂ္ဂိုလ်တို့သည် မဝေဖန်အပ်ကုန်။ ဝေဖန်သော ရဟန်းအား ထုလ္လစ္စဉ်း အာပတ်သင့်၏။ ထိုဘဏ္ဍာတို့ကို သံဃာစသည် ဝေဖန်အပ်ကုန်သော်လည်း ဝေဖန်အပ်သည် မမည်ကုန်၊ မဝေဖန်ရာ။ လေးလုစွာသော ဘဏ္ဍာတို့ ဟူ၍ ဆိုအပ်ကုန်၏။ စွန့်အပ်ကုန်သော်လည်း စွန့်အပ်သည် မမည်ကုန်။ [ဤထက်အကျယ်သိလိုလျှင် ဦးဗုဓ်မှူနှင့် မိုးထိမှူ "ခုဒ္ဒသိက္ခာနိဿယ-အဝေဘင်္ဂိယ နိဒ္ဒေသ"တို့၌ ကြည့်။]

အပ်သော သားရေကို ဝေဖန်အပ်၏။ သို့သော် အခင်းနှင့် အလားတူသော သိုးရေကို မဝေဖန်အပ်။ မဉ္စ ပီဌ(ညောင်စောင်း, အင်းပျဉ်) စသော ဂရုဘဏ် ပစ္စည်းကို မဉ္စစသော ဂရုဘဏ် ပစ္စည်းဖြင့် ဖလှယ်ရာ၏။အရံစသော ထာဝရကိုကား အရံစသော ထာဝရဖြင့် ဖလှယ်ရာ၏။ ထိုသို့ ဖလှယ်ခြင်းကို ပြု၍လည်း သုံးဆောင်ရာ၏။ နွယ်စသည်ကို တပိုး တိုးပွားသော အမှုဖြင့် ယူရာ၏။

ကုန်သွယ်ခြင်း၊ ကြေးမြီချခြင်း၊ လူသားကိုစားခြင်း၊ မိမိအင်္ဂါဇာတ်ကို ဖြတ်ခြင်း၊ ဒုတိယ ပါရာဇိက၏ သာမန္တ အမှုကိုပြုခြင်း၊ တတိယ ပါရာဇိက၏

သာမန္တအမှုကိုပြုခြင်း၊ စတုတ္ထပါရာဇိကၡ် သာမန္တအမှုကို ပြုခြင်း–ဟူသော အကြောင်းကြောင့် ဖြစ်သော အာပတ်တို့သည် ထုလ္လစ္စဉ်း အာပတ်ချည်းတည်း။ ဤမှ တပါးသော ထုလ္လစ္စဉ်း အာပတ်တို့လည်း အများပင် ရှိသေး၏။

မြင်းသရိုက် (ဘရင်ဂျီ ဘဂန္ဒိုလ်)နာနှင့် ပတ်သက်၍ "ရဟန်းတို့ ကျဉ်းမြောင်းရာအရပ်၌ အရေသည် သိမ်မွေ့၏၊ အမာသည် အသားနှံ တက်ခဲ၏၊ ဓားခွဲရန် ခဲယဉ်း၏။ ။ရဟန်းတို့ ကျဉ်းမြောင်းရာ အရပ်၏ အနီးဖြစ်သော လက်နှစ်သစ်သော အရပ်မှ ဓားခွဲမှုကိုဂင်း၊ ကြပ်စည်းမှုကိုဂင်း မပြုစေအပ်၊ ပြုစေသော ရဟန်းအား ထုလ္လစ္စဉ်း အာပတ်သင့်၏" ဟု မိန့်တော်မူ၏။[မဟာဝါဘေသဇ္ဇက္ခန္ဓက။]

## ၂၀။ ။ဝတ္တဘေဒဒုက္ကဋ်

စူဠဝဂ် ပါဠိတော် (မြန်မာပြန်) ဝတ္တက္ခန္ဓက၌ ပြထားသော ဝတ်ကြီး တဆယ့်လေးပါးအတိုင်း မကျင့်လျှင် ဒုက္ကဋ် အာပတ်သင့်၏။ [ဝတ်ငယ်နှစ်ဆယ့်နှစ်ပါးအတိုင်း မကျင့်လျှင်လည်း ဒုက္ကဋ် အာပတ်ပင်။]

---

## ၂၁။ ။ဒုက္ကဋ် ၇ မျိုး

ဒုက္ကဋ်သည် ပုဗ္ဗပယောဂ ဒုက္ကဋ်၊ သဟပယောဂ ဒုက္ကဋ်၊ အနာမာသဒုက္ကဋ်၊ ဒုရူပစိဏ္ဏ ဒုက္ကဋ်၊ ဝိနယ ဒုက္ကဋ်၊ ဉာတဒုက္ကဋ်၊ ဉတ္တိ ဒုက္ကဋ်၊ ပဋိဿဝ ဒုက္ကဋ်အားဖြင့် ၇ ပါးတည်း။ ထိုတွင် ခိုးသည်မှ ရှေးအဖို့၌သင့်သော ဒုက္ကဋ်သည် ပုဗ္ဗပယောဂ ဒုက္ကဋ် မည်၏။ မေထုန်မှုမဖြစ်မီ ရှေးအဖို့၌ သင့်သော အာပတ်သည်လည်း ဤ၌ ဝင်ကောင်း၏။ ခိုးသည်နှင့်တကွသော ဒုက္ကဋ်သည် သဟပယောဂ ဒုက္ကဋ်မည်၏။ ရတနာ ဆယ်ပါး၊ စပါးမျိုး ခုနစ်ပါး၊ လက်နက်ဟူသမျှ၊ တူရိယာမျိုး၊ မိန်းမရုပ်စသည်များကို သုံးသပ်မိခြင်းကြောင့် သင့်သော ဒုက္ကဋ်သည် အနာမာသ ဒုက္ကဋ်မည်၏။ အသီးရှိသော သစ်ပင်ကို သုံးသပ်မိခြင်းကြောင့် သင့်သော ဒုက္ကဋ်သည် ဒုရူပ စိဏ္ဏဒုက္ကဋ် မည်၏။ ဆွမ်းခံစဉ် မှုံ့ကျသော ဆွမ်းရှိသော သပိတ်ကို တဖန် အကပ်မခံပဲ ဆွမ်းဆက်ခံခြင်း မှုံ့လူးသော ခဲဖွယ်ကို မဆေးပဲ စားခြင်းကြောင့် သင့်သော ဒုက္ကဋ်သည် ဝိနယ ဒုက္ကဋ်မည်၏။ သင်းခွဲခြင်းငှါ လုံ့လပြုသော ရဟန်းအား မဆိုခြင်းကြောင့် သင့်သော ဒုက္ကဋ်သည် ဉာတ ဒုက္ကဋ်မည်၏။ သံဃာသည် ဉတ် ကမ္မဝါစာဖြင့် ဆုံးမသော အခါ ဉတ်၏ အဆုံး၌ သင့်သော ဒုက္ကဋ်သည် ဉတ္တိ ဒုက္ကဋ် မည်၏။ ဤကျောင်း၌ ဝါဆိုအံ့ဟု ဝန်ခံပြီးမှ ဝါမဆိုခြင်းကြောင့်သင့်သော ဒုက္ကဋ်သည် ပဋိဿဝ ဒုက္ကဋ် မည်၏။ ဤသို့လျှင် ၇ ပါးဖြစ်သည်။

ဤမှတပါးလည်း ရေအိမ်သို့ ရှေးဦးစွာ ဝင်မည့်ရဟန်းကိုမြင်၍ မိမိ အလျင်ဝင်ခြင်း၊ ရေဆိပ်သို့ ရှေးဦးစွာသက်မည့် ရဟန်းကိုမြင်၍ မိမိအလျင်သက်ခြင်း၊ ဆွမ်းခံရွာသို့ ရှေးဦးစွာဝင်မည့် ရဟန်းကိုမြင်၍ မိမိအလျင်ဝင်ခြင်း၊ သီတင်းကြီး မတိုက်တွန်းပဲလျက် ပါတိမောက်ပြခြင်း၊ ခွင့်မပန်ပဲလျက် သီတင်းကြီးအား ပြဿနာမေးခြင်း၊ သီတင်းကြီး လာရာတွင် နေရာမှ မထခြင်း၊ သီတင်းကြီးနှင့် တခန်းတည်း၌နေလျှင် ၎င်းကို မပန်ပဲ သရဇ္ဈာယ်ခြင်း, ဆီမီးညှိခြင်း, လေသွန်တံခါး စသည်ကို ဖွင့်ခြင်း ပိတ်ခြင်း၊ မိစ္ဆာအယူရှိသော ရဟန်းကို ရှိခိုးခြင်း၊ ဥက္ခိတ္တက ရဟန်းကို ရှိခိုးခြင်း၊ ပရိဝါသ်ဆောက်တည်ဆဲ ရဟန်း, အရင်းသို့ ငင်ထိုက်သော ရဟန်း, မာနတ်ကျင့်ဆဲ ရဟန်း, မာနတ်ပေးထိုက်သော ရဟန်း, အဗ္ဘာန် သွင်းထိုက်သော ရဟန်း၊ ဤ ကမ္မာရဟ ရဟန်း ၅ မျိုးကို ရှိခိုးခြင်း၊ အဝတ်မကပ်သော ရဟန်းကို ရှိခိုးခြင်း၊ အဝတ်မကပ်ပဲ သီတင်းကြီးကို ရှိခိုးခြင်း၊ အဝတ်မကပ်ပဲ ခရီးသွားခြင်း၊ အဝတ်မကပ်ပဲစား ခြင်း, သောက်ခြင်း၊ ဝိနည်း၌ မသိမလိမ္မာပဲလျက် ဥပဇ္ဈာယ်ဆရာ နိဿယည်းဆရာပြုခြင်း၊ အလဇ္ဇီရဟန်းတို့အား နိဿယည်းပေးခြင်း၊ နိဿယည်းပေးတတ်သော ဆရာကို မမှီပဲနေခြင်း၊ အလဇ္ဇီရဟန်းတို့ကို အမှီ နိဿယည်းပြု၍နေခြင်း၊ အာပတ်မသင့်ပဲလျက် ဒေသနာပြောခြင်း၊ ဝတ္ထုသဘောတူသင့်သော အာပတ်ကို ဒေသနာပြောခြင်း၊ သံဃာဒိသိသ်အာပတ်မသင့်ပဲလျက် ပရိဝါသ် မာနတ် ဆောက်တည်ခြင်း၊ ကံ မဟုတ်သည်ကို ကံပြုခြင်း၊ ဝုဋ္ဌာနကံ (သံဃာဒိသိသ်အာပတ်)ကို ဒေသနာကံ ပြုခြင်း၊ ဒေသနာကံ အာပတ်ကို ဝုဋ္ဌာနကံ ပြုခြင်း၊ လက်ကတော့ ကိုယ်ဝတ်မတင်ပဲ ဆောင့်ကြောင့်မထိုင်ပဲ လက်အုပ်မချီပဲ ဒေသနာပြောခြင်း၊ ဥပုသ် ပဝါရဏာပြုခြင်း, ဆရာ ဥပဇ္ဈာယ်တို့အား ရှိခိုးခြင်း စသော ဝတ်ကို မပြုခြင်း၊ ပရိဝါသ်နေခြင်း စသော ကမ္မာရဟာအရာ၌တည်စဉ် ရဟန်းသာမဏေတို့၏ ဝတ်ကို သာယာခြင်း၊ ကမ္မာရဟ ပုဂ္ဂိုလ်တို့ ကျင့်ရသော ဝတ်ကိုမဖြည့်မကျင့်ခြင်း၊ ဝါလတိုင်လျက် ဝါမကပ်ခြင်း၊ သတ္တာဟကရဏီယမပြုရာသည်၌ သတ္တာဟကရဏီယ ပြု၍ သွားခြင်း၊ ခွင့်ပြုအပ်သော အကြောင်းမရှိပဲလျက် ဝဿစ္ဆေဒ (ဝါပြတ်ခြင်း)ကို ဖြစ်စေခြင်း၊ အလှမ်းသုံးပါးတွင် တပါးပါး မရှိပဲလျက် မိမွေးတိုင်း ရေချိုးခြင်း၊ [အလှမ်းသုံးပါးကား– ပုဆိုးအလှမ်း, ရေအလှမ်း, အအုံအလှမ်းတည်း။] ရေချိုးသောအခါ ကိုယ်ကို နံရံ၌ပွတ်ခြင်း, တိုင်၌ပွတ်ခြင်း, သစ်ပင်၌ ပွတ်ခြင်း, မှတ်ကျောက်မှုန့်ဖြင့် ပွတ်ခြင်း, တယောက်ကျောနှင့် တယောက် ပွတ်ခြင်း၊ ကိုယ်နံ့နံ့သူ မဟုတ်ပဲလျက် ဆပ်ပြာမွှေးဖြင့် ရေချိုးခြင်း၊ ပကတိ ပုရိသ တဆယ့်နှစ်သစ် (ဝဍ္ဍကီ တွက်နည်းဖြင့် ယူသော် ၈ လက်မ)ထက် အလွန်ရှည်သော ဒန်ပူကိုစားခြင်း, ခြောက်သစ် (၄ လက်မ)

အောက် ယုတ်သော (ဝါ) တိုသော ဒန်ပူကို စားခြင်း၊ နေလွဲသော အခါ၌ ပိပါသ ပစ္စယ (ဆာလောင်မွတ်သိပ်ခြင်း ဟူသော အကြောင်း) မရှိပဲလျက် ဖျော်ရည်ကိုသောက်ခြင်း။ နေလွဲသောအခါ၌ ဂေလည ပစ္စယ(အနာဟူသော အကြောင်း)မရှိပဲလျက် သတ္တာဟ ကာလိကနှင့် ယာဝဇီဝိကဝတ္ထုတို့ကို မျိုခြင်း, ကွမ်း လဘက်စားခြင်း၊ ကြေးနီ စသည်ဖြင့် ပြုသော ပအုပ်၌ ဆွမ်းစားခြင်း၊ ရဟန်းနှစ်ပါး တခွက်တည်း၌ အတူစားခြင်း၊ ခုတင် တခုတည်း၌ အတူအိပ်ခြင်း၊ တခင်းတည်း ခင်း၍ အတူ အိပ်ခြင်း၊ တထည်တည်းကို အတူခြုံ၍ အိပ်ခြင်း၊ တခင်းတရုံတည်း ခင်းခြုံ၍ အိပ်ခြင်း၊ သုံးပါး ထိုင်လောက်အောင်မရှည်သောနေရာ၌ သုံးဝါ,သုံးဝါထက် အလွန်ကြီးသော ရဟန်းနှင့် နေရာတူထိုင်ခြင်း၊ [မိမိမှ အထက်အောက် သုံးဝါ အတွင်းရှိ (နှစ်ဝါကြီး နှစ်ဝါငယ်) ရဟန်းနှင့် နေရာတူ၌ အတူထိုင်ခြင်းငှါ ခွင့်ပြု၏။] သုံးပါးထိုင်လောက်အောင် ရှည်သော နေရာ၌ ဆိုလျှင် သုံးဝါ, သုံးဝါထက်ကြီးသော ရဟန်းနှင့်လည်း နေရာတူ ထိုင်နိုင်သည်-ဟူ၍သိ။ သို့သော် ညောင်စောင်း, အင်းပျဉ်-ဟုခေါ်သော ခုတင်, ထိုင်ခုံတို့၌ကား အထက်အောက်နှစ်ဝါကြီး, နှစ်ဝါငယ် ရဟန်းနှစ်ပါးသာလျှင် အတူထိုင်နိုင်သည်-ဟု ဝိမတိဝိနောဒနီဋီကာ ဆရာ ဆို၏။ ။ဆိတ်, သိုး, သမင်, ချေ, စိုင်, ဇောမြည်သော သား, ဆတ်တို့၏ အရေမှ တပါးသော သားရေတို့ဖြင့် ပြုလုပ်သော သားရေနွယ်ဇာခင်းကို ကိုယ်ပိုင် ပစ္စည်း အဖြစ်ဖြင့် သုံးဆောင်ခြင်း၊ ဘုရားရှင်မြစ်တော်မူအပ်သော ကာယဝိက္ကယ စသည်ကြောင့် ရသော ပစ္စည်းကို သုံးဆောင်ခြင်း၊ အင်္ဂတေစသည်ဖြင့် အပြေအပြစ် ပြုအပ်သော အရပ်၌ ဖိနပ်စီးခြင်း၊ ကျောင်းအိပ်ရာ နေရာ၌ ဖိနပ်စီးခြင်း၊သံဃာ့ဥစ္စာဖြစ်သော ညောင်စောင်း, အင်းပျဉ်ဟု ခေါ်သော ခုတင်, ထိုင်ခုံတို့ကို မဆေးမပွတ်မသုတ်သော ခြေ, စွတ်သော ခြေတို့ဖြင့် နင်းခြင်း၊ အင်္ဂတေစသည်ဖြင့် အပြေအပြစ်ပြုအပ်သော နံရံကို သုံးသပ်ကိုင်ခြင်း၊ တံတိုင်းပ နံရံပတို့၌ ကျင်ကြီး, ကျင်ငယ်, အမှိုက်, စားကြွင်းတို့ကို စွန့်ပစ်ခြင်း၊ အနာဟူသော အကြောင်းမရှိပဲလျက် ဒုကုဋ် သင်္ကန်းဖြင့် မြင်းခေါင်းကျောက်ဆစ် လှည့်ရစ်ပတ်သိုင်း၍ အာယောဂ ပတ်ဖွဲ့လျက်နေခြင်း၊ [ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် သင်္ကန်း အာယောဂပတ်ဖွဲ့လျက် ထိုင်ခြင်းကြောင့် သင်္ကန်း၏ အထပ်အလွှာတို့သည် စုတ်ကုန်ပြဲကုန်ပါသည်။ ထိုသို့ မဖြစ်စေရန် ကာကွယ်သော အနေဖြင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူချေသည်။ ]သင်္ကန်းကို မကောင်းသဖြင့် ဝတ်ရုံခြင်း၊ ခါးပန်းမဖွဲ့ပဲလျက် ရွာတွင်းသို့ဝင်ခြင်း၊ * တပ်သော စိတ်ဖြင့် ဆွမ်းလှူသော မိန်းမ၏ အင်္ဂါဇာတ်ကိုရှင်း, မျက်နှာကိုရှင်းကြည့်ခြင်း၊ ငြူစူသော စိတ်ဖြင့် ရဟန်းတပါး၏

သပိတ်ကိုကြည့်ခြင်း၊ အနာဟူသော အကြောင်းမရှိပဲလျက် မိမိမျက်နှာကို ကြေးမုံ (မှန်) ရေခွက်စသည်တို့၌ ကြည့်ခြင်း၊ တပါးသော ရဟန်းချေဆတ်ရာ၌ "အသက်ရှည်ပါစေသောဝ်" ဟုဆိုခြင်း၊ ကခြင်း,ကစေခြင်း၊ သီဆိုခြင်း, သီဆိုစေခြင်း၊ တရားတော်ကို ရှည်သော အသံဖြင့် သီချင်းကဲ့သို့ သီဆိုခြင်း၊ (အသံထင်ရှားအောင် ရွတ်ဆိုခြင်းကို ခွင့်ပြု၏။) တီးမှုတ်ခြင်း, တီးမှုတ်စေခြင်း၊ ကခြင်း, သီဆိုခြင်း, တီးမှုတ်ခြင်းတို့ကို ကြည့်ရှုနားထောင်ခြင်း၊ သဘင်ခံခြင်း၊ မင်းနန်းတော်ကိုဖြစ်စေ၊ ဆန်းကြယ်သော အိမ်, အရံ (ခြံ),ဥယျာဉ် ရန်ကုန်မြို့တော်၌ ရှိသော'ကန်တော်ကြီး' ကဲ့သို့သော ရေကန်တို့ကို ဖြစ်စေ တမင် သက်သက် သွားကြည့်ခြင်း၊ ဘုရား တရား သံဃာကို အကြောင်းပြု၍ ကျောက်ဘုရားလော နွားတရားလော သားအပေါင်းလော စသည်ဖြင့် ပြက်ရယ်ပြုခြင်း၊ လူဝတ်ကြောင်တို့ကဲ့သို့ ဝတ်ခြင်း, ရုံခြင်း, ခါးတောင်း ကျိုက်, သိုင်းခြင်း၊ ဟစုံတခုသော ကစားမျိုးကို ကစားခြင်း၊ တောကို မီးတိုက်ခြင်း [အနီးအပါး၌ မီးလောင်နေ၍ ကျောင်းကို မီးလောင်ခြင်းမှ ကာကွယ်ရန် အလို့ငှါ မီးကြိုပေးရန်ငှင်း၊ အရံအတားလုပ်ရန်ငှင်း ခွင့်ပြု၏ ဟု မိန့်တော်မူ၏။] နှစ်ဘက်ဝန်ရှိသော ထမ်းပိုးကို ထမ်းခြင်း၊ သမ္မုတိမရပဲလျက် ရှည်သော တုတ်၌ ဆွဲသော ဆိုင်းကို ထမ်းခြင်း၊ဆိုင်းဖြင့် သပိတ်ကို ဆောင်ခြင်း၊ ရှည်သောတုတ်ဖြင့် သပိတ်ရှိသော ဆိုင်းကို ဆောင်ခြင်း၊ [စူဠဝဂ် ပါဠိတော် (မြန်မာပြန်) ခုဒ္ဒကဝတ္ထုက္ခန္ဓက အပိုဒ် ၂၇၀, ၂၇၁,၂၇၂ အသီးသီးတို့၌ ကြည့်။] ပန်းကုံး ပန်းဆိုင်းတို့ကို ပြုခြင်း, ပြုစေခြင်း၊ ဒါယကာတို့အား ပျူငှါလောကဝတ်ပြုခြင်း၊ ၎င်းတို့အား သစ်သီးပေးခြင်း ပန်းပေးခြင်း စသည်ကို ပြုခြင်း၊ သီတင်း သုံးဘော်ငါးယောက်,မိဘစသော သူတို့မှ တပါး အခြားသူတို့ကို ဆေးပေးခြင်း၊ ဗေဒင်ကျမ်းကိုသင်ခြင်း, သူ့ကိုသင်စေခြင်း၊ ကာလအားဖြင့် နှစ်လ, ပမာဏအားဖြင့် လက်နှစ်သစ်ထက် အလွန်ရှည်သော ဆံကို မသုတ်သင်ခြင်း၊ မုတ်ဆိတ်ကို ရှည်အောင်ထားခြင်း၊ ဆိတ်မုတ်ဆိတ်နှင့်တူသော မုတ်ဆိတ်ကို ထားခြင်း၊ လေးထောင့်မုတ်ဆိတ်ကို ထားခြင်း၊ ကြင်စွယ်(နှုတ်ခမ်းမွေး)ကို ထားခြင်း၊ နှာခေါင်းမှ အပသို့ထွက်အောင် ရှည်သော နှာခေါင်းမွေးတို့ကို မသုတ်သင်ခြင်း၊ လက်သည်း ခြေသည်းတို့ကို အသားထက် ရှည်စေခြင်း၊ ၎င်းတို့ကို အပြေအပြစ်ပြုခြင်း၊ ပဿာဝမင်္ဂနှင့် လက်ကတီးကြားဟု ဆိုအပ်သော ချိုင်းကြား၌ ပေါက်သော အမွေးတို့ကို ရိတ်နှုတ်ခြင်း၊ ရင်မွေးတို့ကို ရိတ်နှုတ်ခြင်း၊ ဆံဖြူကို နှုတ်ခြင်း, နှုတ်စေခြင်း၊ အနာဟူသော အကြောင်းမရှိပဲလျက် ဆံပင်ကို ကတ်ကြေးဖြင့် ဖြတ်ခြင်း၊တသူခန့်မျှ (လက်ခုတ်တဖောင်ခန့်မျှ)တက်၍ ထင်းခြောက်ကို ယူခြင်းမှတပါးသော

မရှိပဲလျက် သစ်ပင်တက်ခြင်း၊ အနာဟူသော အကြောင်းမရှိပဲလျက် အင်္ဂါဇာတ်ကို ကြည့်၍ ကြွင်းသော ကိုယ်အင်္ဂါကို ဖြတ်ခြင်း၊ အာဟာရကို ဖြတ်ခြင်းစသည်ဖြင့် မိမိကိုယ်ကို သတ်ခြင်း၊ ရေစစ် မပါပဲ အဓွန့်ရှည်သော (ယူဇနာခွဲ=သုံးတိုင်နှင့် တာ ၂၀၀)ခရီးသို့သွားခြင်း၊ ရေစစ်ငှါးသော ရဟန်းအားရေစစ်မပေးခြင်း၊ ပန်းချီရေးသော အရုပ်ဟူသမျှကို ရေးခြင်း, ရေးစေခြင်း, ထုခြင်း, ထုစေခြင်း၊ သူတပါး ပရိသတ်ကို ဖြားယောင်းခြင်း၊ ရဟန်း, သာမဏေတို့အား မအပ်မရာသော အကျင့်ကို ဆောက်တည်စေခြင်း၊ ဂိလာနသို့မဟုတ် ရဟန်းအိုမဟုတ်ပဲလျက် နွားလှည်း မြင်းလှည်း ဆိုက်ကားများကို ငင်း၊ ထမ်းစင်(ဝေါ)ကိုငင်း၊ အဝတ်ထမ်းကိုငင်း၊ လူနှစ်ယောက် လက်ချင်းယှက်၍ ဆောင်ယူသော လက်ပွေ့ အထမ်းစသော ထမ်းစင် အမျိုးမျိုးကို ငင်း စီးခြင်းဟူသမျှတို့သည် ဒုက္ကဋ်ချည်းတည်း။ [ဂိလာန သို့မဟုတ် ရဟန်းအိုဖြစ်၍ စီးလျှင် အထီးကသော ယာဉ်၌သာလျှင် အပ်သည်။]ဤမှ တပါးသော ဒုက္ကဋ်လည်း အများပင် ရှိသေးသည်။ ရဟန်းနှင့် မလျော်သော အမှုဟူသမျှကို ပြုခြင်းသည် ဒုက္ကဋ် အာပတ်ကို ကျူးလွန်သည်မည်၏။

**သတိ။** ။မနာ မဖျားပဲလျက် ရွာတွင်း၌ ဖိနပ်စီးခြင်း၊ ခုဒ္ဒသိက္ခာနိဿယ-ဥပါဟနနိဒ္ဒေသ၌ လာသော အလုံးစုံညို, ရွှေ, နီ,ဖြူ, မည်းသော အဆင်းရှိကုန်သော ဖိနပ်များ၊ အသည်းတပ်သော ဖိနပ်များ၊ ဖနောင့်ဖုံးဟပ်ထားသော ဖမိုးဖုံးတပ်ထားသော ဖိနပ်များ၊ ခြင်္သေ့, ကျား, ကျားသစ်, သစ်နက်, ဖျံ, ကြောင်,ရှဉ့်နက်, ရှူးရေတို့ဖြင့် ချုပ်သော ဖိနပ် စသည်ကိုစီးခြင်း၊ မိမိ နိဿယည်းဆရာ, မိမိထက် ခြောက်ဝါကြီးသော အာစရိယ မတ္တပုဂ္ဂိုလ်, မိမိ ဥပဇ္ဈာယ်ဆရာ, မိမိထက်ဆယ်ဝါကြီးသော ဥပဇ္ဈာယ မတ္တပုဂ္ဂိုလ်၊ထိုပုဂ္ဂိုလ်တို့ ဖိနပ်မစီးပဲနှင့် ငင်းပုဂ္ဂိုလ်တို့ အနီးအနား (ဆယ့်နှစ်တောင် ဟတ္ထပါသ် အတွင်း)၌ ဖိနပ် မစီးရ။

အနာဟူသော အကြောင်းလည်းမရှိ၊ မိုးစွတ်ခြင်းလည်းမရှိ၊ ပကတိအခါမြို့တွင်းရွာတွင်း၌ မဆိုထားဘိ၊ ကျောင်းအရံပြင်ပနှင့် တောတောင်များ၌ လည်း ထီးမဆောင်းအပ်။ ထီးရွက်အတွင်း၌ငင်း၊ အမိုး၌ငင်း ငါးပါးသောအဆင်းရှိကုန်သော ချည်တို့ဖြင့် ချုပ်ခြင်းငှါမအပ်။ ထီးရွက်အမိုး၌ကား မကာရီးသွားသဏ္ဌာန်လခြမ်း သဏ္ဌာန်စသည်ကို ထုခြင်းငှါ မအပ်။ ထီးရိုး၌တိုင်ကြာသည်ငင်း၊ သားရဲရုပ်သည်ငင်း၊ ကြံဆစ်အရေးသည်ငင်း မအပ်။ [မအပ်ဟု ဆိုသမျှ၌ ပြုလျှင် ဒုက္ကဋ်အာပတ်သင့်၏-ဟုမှတ်။]

*ဤအမှတ်အသားဖြင့် အထက်၌ ပြဆိုခဲ့ပြီးသော "တပ်သောစိတ်ဖြင့် ဆွမ်းလှူသော မိန်းမ၏အင်္ဂါဇာတ်ကိုရင်း၊ မျက်နှာကိုရင်း ကြည့်ခြင်း" ဟူသောစကားနှင့်ပတ်သက်၍ ဦးဗုဓ်မှု ဝိနည်းငယ်လေးစောင်ပါ၌ နိဿယ-မူလသိက္ခာ-ပကိဏ္ဏကနိဒ္ဒေသ၌လာသည့် အောက်ပါစာပိုဒ်ကို ဖော်ပြပါအံ့။

ဘိက္ခုဒါယိယာ ဣတ္ထိယာဟူသော ဤစကားကို ဥပလက္ခဏနည်းအားဖြင့် ဆိုသတည်း။ ထို့ကြောင့် ဆွမ်းလှူသော မိန်းမမူလည်းဖြစ်စေ၊ ဆွမ်းမလှူသော မိန်းမမူလည်းဖြစ်စေ၊ ယောကျ်ားပင်မူလည်းဖြစ်စေ တပ်သောစိတ်ဖြင့် မကြည့်အပ်။ ထို့ကြောင့်ဋီကာ၌။ ဧတ္ထ စ ဘိက္ခုဒါယိယာတိ ဥပလက္ခဏာသေနဝုတ္တံ။ ယာယ ကာယစိ ဣတ္ထိယာ ဝါ ပုရိသဿ ဝါ မုခံ သာရတ္တော ဩလောကေန္တဿ ဒုက္ကဋမေဝ။ ဟူသောစကားကို ဆိုတော်မူသတည်း။ မုခံ ဝါ၌ ဝါသဒ္ဒါ၏ အနိယမအနက်ရှိသည်၏အဖြစ်ကြောင့် မျက်နှာကိုသာ မကြည့်အပ်သည်မဟုတ်။ မိန်းမ၏ရင်း၊ ယောကျ်ား၏ရင်း အမှတ်မဲ့သော ကိုယ်အင်္ဂါကိုပင် တပ်သော စိတ်ရှိသည်ဖြစ်၍ မကြည့်အပ်ဟု သန္နိဋ္ဌာန်ကျမှတ်ယူအပ်၏။

## ၂၂။ ဒုဗ္ဘာသိ အာပတ်

ပြက်ရယ် ပြောင်လှောင်လိုသော သဘောဖြင့် ရဟန်းကိုဖြစ်စေ၊ လူ့သာမဏေတို့ကိုဖြစ်စေ "ဟေ့ ပိဋကတ်အိုးကြီး လာပြီကွဲ့၊ရဟန္တာ ကြွလာပြီကွဲ့" စသည်ဖြင့် ပြောဆိုခြင်းမျိုး ဟူသမျှတို့ကို ဒုဗ္ဘာသိအာပတ်-ယူ၍ မှတ်အပ်၏။

## ၂၃။ ။ကုလဒူသန အာပတ်

ဒါယကာတို့အား သင်္ဂြိုဟ်ထောက်ပံ့ခြင်းငှါ မိမိဥစ္စာဖြစ်သောပန်းကိုရင်း၊ သစ်သီးကိုရင်း၊ ဝါးကိုရင်း၊ ကသယ်မှုန့်ကိုရင်း၊ ဒန်ပူကိုရင်း၊ မြေညက်ကိုရင်း၊ ပေးသောရဟန်းအား ကုလဒူသနဒုက္ကဋ် အာပတ်သင့်၏။ သံဃာ၏ ဥစ္စာဖြစ်သော ပန်းစသော ဂရုဘဏ်ကို အစိုးရသဖြင့် ပေးသောရဟန်းအား ကုလဒူသန ဒုက္ကဋ်နှင့်တကွ ထုလ္လစ္စဉ်းအာပတ်သင့်၏။ သံဃာ၏ဥစ္စာဖြစ်သော ပန်းစသည်ကို ခိုးလိုသောစိတ်ဖြင့် ပေးသောရဟန်းအား ပစ္စည်းတန်ဖိုးအလိုက် ကုလဒူသန ဒုက္ကဋ်နှင့်တကွ ဒုက္ကဋ်, ထုလ္လစ္စဉ်း ပါရာဇိက အာပတ်သင့်၏ ။

ဤ၌ ဟပ်မိနေ၍ ပါရာဇိကဏ် ဘာသာဋီကာ၊ စတုတ္ထအုပ်၊ ကုလဒူသက သိက္ခာပုဒ်၌လာသော အောက်ပါ စာပိုဒ် ၂ ပိုဒ်တို့ကို ဖော်ပြပါအံ့။

**သေနာသနတ္ထာယ၊ပ၊ထုလ္လစ္စယံ။** ။ကျောင်း၌ဖြစ်သော ပန်းတို့ကို ကပ္ပိယစသူတို့ကရောင်း၍ ထိုမှရအပ်သောငွေဖြင့် ကပ္ပိယစသူတို့သည်ပြင်၍ ပေးလျှင် ထိုပန်းသည် ကျောင်း၌အကျိုးရှိ၏။ ထိုသို့ သေနာသနအကျိုးငှါ သတ်မှတ်

အပ်သောပန်းကို မိမိကပိုင်စိုးပိုင်နင်း သဘောထား၍ လူတို့အားပေးလျှင် ထုလ္လစ္စည်း အာပတ်သင့်၏။ သံဃိကကို ကိုယ်ပိုင်သဘောထား၍ ပေးသော ကြောင့် ဘဏ္ဍာစားလည်းထိုက်၏။ [ထုလ္လစ္စယန္တိ ဧတ္ထ ဘဏ္ဍာဒေယျံပိ ဟောတိ ဧဝ။ဝိမတိ။]

**မှတ်ချက်**။ ။ယခုခေတ် ကျောင်းထိုင်ဘုန်းကြီးအချို့သည် သံဃိက ကျောင်းကို မိမိအုပ်ချုပ်ရသောအခါ ထိုကျောင်း၌ ဖြစ်သမျှရသမျှကို မိမိပိုင် သည်ဟုယူဆ၍ သစ်သီးစသည်ကို မိမိပိုင်အနေအားဖြင့် သုံးစွဲလည်း သုံးစွဲကြ လူတို့အားလည်း ပေးတတ်ကြ၏။ ထိုကဲ့သို့ မပြုကောင်းကြောင်းကို သတိပြု သင့်ကြပေသည်။ [ပါရာဇိကကဏ် ဘာသာဋီကာ။]

မိဘတို့အား သူတပါးကို ဆောင်စေ၍ငင်း၊ မိမိကိုယ်တိုင် ဆောင်၍ငင်း ရတနာသုံးပါးကို ပူဇော်ခြင်းငှါ မိမိဥစ္စာဖြစ်သော ပန်းတို့ကို ပေးကောင်း၏။ ခေါ်မခေါ်ပဲ ရောက်လာကုန်သော မိဘတို့မှကြွင်းသော ဆွေမျိုးတို့အား လည်း ရတနာသုံးပါးကို ပူဇော်ခြင်းငှါ ပေးကောင်း၏။ သို့ရာတွင် တန်ဆာ ဆင်ခြင်းငှါငင်း၊ ဗိဿနိုးနတ်စသည်ကို ပူဇော်ခြင်းငှါငင်း မိဘတို့အားလည်း မပေးအပ်။

မိမိဥစ္စာဖြစ်သော သစ်သီးကိုငင်း၊ အကျွမ်းဝင်သည့် သူတပါး၏ ဥစ္စာဖြစ် သော သစ်သီးကိုငင်း ပန်းကဲ့သို့ပင် ရတနာသုံးပါးကို ပူဇော်ခြင်းငှါ မိဘတို့ နှင့်ရောက်လာကုန်သော ဆွေမျိုးတို့အား ပေးကောင်း၏။ (တနည်း) မိဘတို့ နှင့် ရောက်လာကုန်သော ဆွေမျိုးတို့အားငင်း၊ သူနာတို့အားငင်း၊ ရောက်လာ သော မင်းအားငင်း၊ ရိက္ခာကုန်သော ဧည့်သည်တို့အားငင်း သုံးဆောင်ခြင်းငှါ ပစ္စည်းကို မတောင့်တပဲ ပေးအပ်၏။

သစ်သီး, ပန်းတို့ကို ဝေခြမ်းစဉ် ရောက်လာသော တစုံတယောက်သော သူအား သမ္မုတိရထားသော ရဟန်းသည် လေးဖို့ တဖို့ပေးအပ်၏။ သမ္မုတိ မရထားသောရဟန်း, သာမဏေတို့ကား သံဃာကို ပန်ကြား၍ ပေးအပ်၏။

သံဃာ့အရံ၌လည်း သစ်သီးအပိုင်းအခြားအားဖြင့်သော်ငင်း သစ်ပင်အပိုင်း အခြား အားဖြင့်သော်ငင်း ကတိကဝတ်ကိုပြုအပ်၏။ ထိုကတိကဝတ်ပြုသော သစ်ပင်မှ နာသောလူတို့အားငင်း၊ သစ်သီးကိုတောင်းကုန်သော တပါးသော လူတို့အားငင်း ကတိကဝတ် အပိုင်းအခြားတို့ဖြင့် လေးလုံး, ငါးလုံးသော သစ် သီးတို့ကို ပေးအပ်ကုန်၏။ သစ်ပင်ကိုသော်လည်း ပြအပ်ကုန်၏။ ဤသစ်ပင်မှ ယူ ခြင်းငှါရ၏ဟုပြအပ်၏။ ဤသစ်ပင်၌သစ်သီးတို့သည် ကောင်းကုန်၏။ ဤသစ်

ပင်မှုယူလေကုန်လော့။ ဤသို့ကားမဆိုအပ်။ ဆိုလျှင် ကုလသင်္ဂဟကို ပြုသည် မည်၏။

ပစ္စည်းကို တောင့်တသည်မူလည်း ဖြစ်စေ၊ မတောင့်တသည်မူလည်းဖြစ်စေ သက်သက် ဒါယကာတို့အားသုံးဆောင်စေခြင်းငှါ မပေးအပ်။ (အနနုညာ- တပုဂ္ဂလာနံ ပန၊ ခွင့်မပြုအပ်သော ပုဂ္ဂိုလ်တို့အားကား။ အပစ္စာသိသန္တေနာပိ၊ ပစ္စည်းကို မတောင့်တဘဲသည်း။ ဒါတုံ၊ ပေးခြင်းငှါ။ န ဝဋ္ဋတိ၊ မအပ်။ သံဃိက မေဝ၊ သံဃိကဥစ္စာကိုသာလျှင်။ ယထာ ကတိကာယ၊ သံဃာပြုတိုင်းသော ကတိကဝတ်ဖြင့်သာလျှင်။ ဒါပေတဗ္ဗံ၊ ပေးစေအပ်၏-ဟု ဝိနယာလင်္ကာရ ဋီကာ၌ဆို၏။) ဤအရာ၌ အချို့ကုန်သောရဟန်းတို့ကား ခွင့်မပြုအပ်သော ဒါယကာတို့အား ပစ္စည်းကိုမတောင့်တမူ၍ ကုသိုလ်ဖြစ်စေခြင်းအကျိုးငှါ ပေး အပ်၏ဟုအယူရှိကုန်၏။ ဥပုသ်နေ့စသည်တို့၌မျှားစွာကျွေးမွေးပေးကမ်းခြင်းကို ပြုကုန်သောသူတို့၏ အယူကို။ ။အနနုညာတပုဂ္ဂလာနံ ပန အပစ္စာသိသ- န္တေနာပိ ဒါတုံ န ဝဋ္ဋတိ။ ။ဟူသော ဋီကာ ပါဠိဖြင့် ပယ်အပ်၏-ဟု ပါတိ မောက္ခဝိနိစ္ဆယကျမ်းတို့၌ဆို၏။ [ဤပါဌ်၏ အနက်ကို အထက်၌ ဖော်ပြပြီး ပြီ။] ဒါယကာတို့အား သုံးဆောင်စေခြင်းငှါ တစုံတခုသော ဝတ္ထုပစ္စည်း တို့ကို ပေး၍ ချီးမြှောက်ထောက်ပံ့ခြင်းသည် ကုလသင်္ဂဟကိုပြုသည်မည်၏ ဟု ဝိနယာလင်္ကာရ ဋီကာဆရာဆိုသည်-ဟူ၍ ထိုပါတိမောက္ခ ဝိနိစ္ဆယကျမ်းတို့၌ ဖော်ပြထား၏။

ဝိနိစ္ဆယဋီကာ၌။ ။သဒ္ဓါသမ္ပန္နကုလာနိ လာဘံ နိဿာယ ပုပ္ဖဖလာဒီဟိ သင်္ဂဏှိတွာ တထာ အကရောန္တေသု လဇ္ဇီဘိက္ခူသု ကုလာနံ သဒ္ဓါဒူသနတ္တာ ကုလဒူသကော ဘိက္ခု။ ။ဟုမိန့်၏။ ။သဒ္ဓါသမ္ပန္နကုလာနိ၊သဒ္ဓါတရားနှင့်ပြည့်စုံ သောအမျိုးတို့ကို။ ပုပ္ဖဖလာဒီဟိ၊ပန်းသစ်သီးစသော ဝတ္ထုတို့ဖြင့်။ သင်္ဂဏှိတွာ၊ သင်္ဂြိုဟ်ထောက်ပံ့၍။ လာဘံ၊ လာဘ်ကို။ နိဿာယ၊ အမှီပြု၍။ တထာ၊ ထိုပန်း သစ်သီးစသောဝတ္ထုဖြင့်။ အကရောန္တေသု၊ ချီးမြှောက်ခြင်းကို မပြုကုန်သော။ လဇ္ဇီဘိက္ခူသု၊ လဇ္ဇီရဟန်းတို့၌။ ကုလာနံ၊ ဒါယကာတို့၏။ သဒ္ဓါဒူသနတ္တာ၊ သဒ္ဓါကြည်ညိုခြင်းကို ဖျက်ဆီးတတ်သောကြောင့်။ ဘိက္ခု၊ ရဟန်းသည်။ ကုလ- ဒူသကော၊ ကုလဒူသက မည်၏။

ကုလဒူသန အနေသနတို့ကို ပြုကျင့်ကုန်သော ရဟန်းတို့သည် အလဇ္ဇီ မည်ကုန်၏။

ထို့ကြောင့်စူဠဂဏ္ဌိ၌။ ။ကထံ အလဇ္ဇီပုဂ္ဂလာနာမ ဘိက္ခုပိ စေဒုဿီလ ပုဂ္ဂလာ[ ဝါ ကုလဒူသကာဝါ ဥဒရကာရဏာ ဝိညတ္တိ ကရောန္တာ ဝါ

ပုပ္ဖဖလဒါနေန ဂိဟီနံ မာတုဝါစာယ ဝါ ပိတုဝါစာယ ဝါ ဘာတုဝါစာယ ဝါ ဘဂိနိဝါစာယ ဝါ အတ္တာနံ နိစံ ကရောန္တော ဝါ အန္တမသော အာမိသဟေတုနာ ပိဏ္ဍပါတံ ဒေန္တော ဝါ မင်္ဂလဒကံ မင်္ဂလသုတ္တံ ဒေန္တော ဝါ တေ ဘိက္ခူ အလဇ္ဇီပုဂ္ဂလာနာမဟောန္တိ။ ။ဟု မိန့်၏။ ။ ကထံ၊ အသို့လျှင်။ ဘိက္ခူပိ၊ ရဟန်းတို့သည်လည်း။ အလဇ္ဇီပုဂ္ဂလာနာမ၊ အလဇ္ဇီပုဂ္ဂိုလ်မည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်သနည်း။ စေ၊ အကယ်၍။ ဒုဿီလပုဂ္ဂလာ-ဝါ၊ ပကတိအားဖြင့် သီလမရှိကုန်သော ပုဂ္ဂိုလ်တို့သည်၎င်း။ ကုလဒူသကာဝါ၊ ကုလဒူသကပြုသော ရဟန်းတို့သည်၎င်း။ ဥဒရကာရဏာ၊ ဝမ်းဟူသော အကြောင်းကြောင့်။ ဝိညတ္တိံ၊ ဝိညတ်ကို။ ကရောန္တာဝါ၊ ပြုကုန်သော ရဟန်းတို့သည်၎င်း။ ပုပ္ဖဖလဒါနေန၊ ပန်း သစ်သီးပေးခြင်းဟူသောအကြောင်းကြောင့်။ ဂိဟီနံ၊ လူတို့အား။ မာတုဝါစာယဝါ၊ အမိဟု သာယာသော စကားကိုဆိုခြင်းဖြင့်၎င်း၊ ပိတုဝါစာယဝါ၊ အဘဟု သာယာသောစကားကို ဆိုခြင်းဖြင့်၎င်း။ ဘာတုဝါစာယဝါ၊ အစ်ကိုဟု သာယာသောစကားကို ဆိုခြင်းဖြင့်၎င်း။ ဘဂိနိဝါစာယဝါ၊ နှမဟု သာယာသောစကားကို ဆိုခြင်းဖြင့်၎င်း။ အတ္တာနံ၊ မိမိကိုယ်ကို။ နိစံကရောန္တော ဝါ၊ လူတို့အောက်နှိမ့်ချခြင်းကိုပြုသော ရဟန်းသည်၎င်း။ အန္တမသော၊ ယုတ်သော အပိုင်းအခြားအားဖြင့်။ အာမိသဟေတုနာ၊ ပစ္စည်းအာမိသဟူသော အကြောင်းကြောင့်။ ဂိဟီနံ၊ လူတို့အား။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ ဒေန္တောဝါ၊ ပေးသော ရဟန်းသည်၎င်း။ မင်္ဂလဒကံဝါ၊ မင်္ဂလာအကျိုးငှါ ပရိတ်ရေကို၎င်း။ မင်္ဂလသုတ္တံဝါ၊ မင်္ဂလာအကျိုးငှါ ပရိတ်ချည်ကို၎င်း။ ဒေန္တော ဝါ၊ ပေးသောရဟန်းသည်၎င်း။ တေ ဘိက္ခူ၊ ထိုအလုံးစုံကုန်သော ရဟန်းတို့သည်။ အလဇ္ဇီပုဂ္ဂ-လာနာမ၊ အလဇ္ဇီပုဂ္ဂိုလ်မည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ကုလဒူသကရဟန်းတို့သည် ပန်းသစ်သီးစသည်တို့ကိုပေးခြင်းတို့ဖြင့် နိဗ္ဗာန်စသည်တို့၏အကြောင်းကို ပိတ်ပင်သည်၏အစွမ်းဖြင့် မင်းမျိုးအစရှိကုန်သော လူတို့၏ လောကီ, လောကုတ္တရာအကျိုးတို့ကို ဖျက်ဆီးတတ်သောကြောင့် ကုလ-ဒူသကရဟန်းမည်၏။ ။ထို့ကြောင့် စူဠဂဏ္ဍိ၌။ ။ကုလဒူသကောတိ ဝုတ္တတ္တာ ပုပ္ဖဖလဒါနာဒီဟိ နိဗ္ဗာနာဒီနံ မဂ္ဂံ ပိဒဟနဝသေန ခတ္တိယာဒိကုလံ ဒူသေတီတိ ကုလဒူသကော။ ။ဟု မိန့်၏။ ။ကုလဒူသကောတိ၊ ကုလဒူ-သကောဟူ၍။ ဝုတ္တတ္တာ၊ ဟောတော်မူအပ်သည်၏ အဖြစ်ကြောင့်။ ပုပ္ဖဖလ-ဒါနာဒီဟိ၊ ပန်း, သစ်သီးပေးခြင်းစသည်တို့ဖြင့်။ နိဗ္ဗာနာဒီနံ၊ နိဗ္ဗာန်စသည်တို့၏။ မဂ္ဂံ၊ ရောက်ခြင်း၏ အကြောင်းဖြစ်သော ကုသိုလ်ကို။ ပိဒဟနဝသေန၊ မဖြစ်ရအောင် ပိတ်ဆို့သည်၏အစွမ်းဖြင့်။ ခတ္တိယာဒိကုလံ၊ မင်းစသောအမျိုး

လေးပါးကို။ ဒူသေတိ၊ ဖျက်ဆီးတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ကုလ–
ဒူသကော၊ ကုလဒူသကမည်၏။ ။ပန်းသစ်သီးစသည်ကို ပေးခြင်းကြောင့်
အလဇ္ဇီအဖြစ်သို့ ရောက်ကုန်သော ရဟန်းတို့အား လူတို့သည် အလှူကိုပေး
ကုန်၏။ ထိုလူတို့အား ဒါန၏အကျိုးတို့သည် မဟပ္ဖလမဖြစ်ကုန်။ ။ထို့ကြောင့်
စူဠဂဏ္ဌိ၌။ ။သစေ ပုပ္ဖဖလဒါနာဒိနာ အလဇ္ဇီနံ ဘိက္ခူနံ ဒါနာနိ ဒေန္တိ၊တေသံ
ဒါနာနိသံသာ န မဟပ္ဖလာ ဟောန္တိ။ ။ဟု မိန့်၏။ ။ပုပ္ဖဖလဒါနာဒိနာ၊ပန်း
သစ်သီးပေးခြင်းစသော အကြောင်းကြောင့်။ အလဇ္ဇီနံ၊ အလဇ္ဇီအဖြစ်သို့ရောက်
ကုန်သော။ ဘိက္ခူနံ၊ရဟန်းတို့အား။မနုဿာ၊ လူတို့သည်။ ဒါနာနိ၊ အလှူတို့ကို။
သစေ ဒေန္တိ၊ အကယ်၍ ပေးကုန်အံ့။ တေသံ၊ ထိုလူတို့အား။ ဒါနာနိသံသာ၊
ဒါန၏အကျိုးတို့သည်။ မဟပ္ဖလာ၊ များသောအကျိုးရှိကုန်သည်။ နဟောန္တိ၊
မဖြစ်ကုန်။ ။[ပါတိမောက္ခဝိနိစ္ဆယကျမ်း–ကုလဒူသက သိက္ခာပုဒ်အဖွင့်]။ ။
ဤစာပိုဒ်နှင့်ဟပ်မိနေ၍ဝိဇိတာရုံဆရာတော် ဘုရားစီရင်တော်မူသော“ပဒေသာ
မဟာပေတဝတ္ထုတော်ကြီး” ၌လာသည့် အောက်ပါပါဌ်တို့နှင့်တကွ အနက်
အဓိပ္ပါယ် အသီးသီးတို့ကိုဖော်ပြပါအံ့။

အပိုဒ် ၃၂၅။ ။ဥဇ္ဇင်္ဂလေ ယထာ ခေတ္တေ၊ ဗီဇံ ဗဟုမ္ပိ ရောပိတံ။
န ဝိပုလံ ဖလံ ဟောတိ၊ န ပိ တောသေတိ ကဿကံ။

၃၂၆။ ။တထေဝ ဒါနံ ဗဟုကံ၊ ဒုဿီလေသု ပတိဋ္ဌိတံ။
န ဝိပုလံ ဖလံ ဟောတိ၊ န ပိ တောသေသိ ဒါယကံ။

မှတ်ဖွယ်အဓိပ္ပါယ်ကား— ကြပ်တီးသောကုန်းမြေတွင် ပြုပြင်စိုက်ပျိုးကြဲချ
အပ်သော များလှစွာသော မျိုးစေ့သည် အောင်မြင်ထွားကြိုင်း အလိုရှိတိုင်း
သော အသီးအဆံကို မရနိုင်သကဲ့သို့ စိုက်ပျိုး၍ထားသည့် လယ်သမားကိုလည်း
အားအင်တက်ကာ မနှစ်သက်စေရှာသကဲ့သို့ ထို့အတူ သီလကင်းပ ဒုဿီလ
ပုဂ္ဂိုလ်၌ တည်ထားပြုလုပ်သော ဒါနသည်လည်း များစွာသောအကျိုးစီးပွားကို
မဖြစ်စေနိုင်သည်သာမက အလှူဒါနရှင်ကိုလည်း အားအင်တက်လျက် နှစ်သက်
မှုကို မဖြစ်စေနိုင်ပါ။

၃၂၇။ ။ယထာ ပိ ဘဒ္ဒကေ ခေတ္တေ၊ ဗီဇံ အပ္ပမ္ပိ ရောပိတံ။
သမ္မာဓာရံ ပဝေစ္ဆန္တေ၊ ဖလံ တောသေတိ ကဿကံ။

၃၂၈။ ။တထေဝ သီလဝန္တေသု၊ ဂုဏဝန္တေသု တာဒိသု။
အပ္ပကမ္ပိ ကတံ ကာရံ၊ ပုညံ ဟောတိ မဟပ္ဖလံ။

မှတ်ဖွယ်အဓိပ္ပါယ်ကား-ဆိုခဲ့ပြီးသောဂါထာတို့မှ အပြန် ကောင်းမွန်သော လယ်ယာတွင်စိုက်ပျိုးအပ်သော မျိုးစေ့သည် နည်းပါးပါသော်လည်း ကြီးမား အောင်မြင်သောသစ်သီးကို သုံးစွဲရပြီးကာ နှစ်သိမ့်စွာနေရသော လယ်ထွန် ယောက်ျား လယ်သမားကဲ့သို့ တောက်ကြွားဖြူစင် သီလဝန် အရှင်မြတ်တို့၌ လှူဒါန်းအပ်သည့် အနည်းငယ်မျှသော ဒါနသည်လည်း ကြီးမားလှသည့်အကျိုး ဖလကို သီးချ ဖြစ်ပွားစေနိုင်ပေ၏။

၃၂၉။ ဝိစေယျ ဒါနံ ဒါတဗ္ဗံ၊ ယတ္ထ ဒိန္နံ မဟပ္ဖလံ။
ဝိစေယျ ဒါနံ ဒတွာန၊ သဂ္ဂံ ဂစ္ဆန္တိ ဒါယကာ။

မှတ်ဖွယ်အဓိပ္ပါယ်ကား— သီလဖြူစင် ကြည်လင် တောက်ကြွား အရှင်မြတ် များ၌ လှူဒါန်းပေးကမ်းအပ်သော ကုသိုလ်အစု မြတ်ကောင်းမှုဟူသော ဒါန သည် ကြီးကျယ်စွာလှ အကျိုးထူးကို ရနိုင်ကြမည်ဖြစ်သောကြောင့် သီလဝန် အရှင်မြတ်ကို ရွေးထားပြီးကာ လှူဒါန်း ပြုလုပ်ကြရာ၏။ အလှူခံပုဂ္ဂိုလ်ကို ရွေးချယ်စူ.စမ်းလျက် လှူဒါန်းကြသော ဒါယကာတို့သည် ချမ်းသာ ပြည့်စုံ နတ်တို့ဘုံသို့ မသွေမဖေါက် ရောက်ကြရကုန်၏။

ဆိုဦးအံ့။ ။ဘုရားရှင်သည် ဒါယကာတို့အား သီလရှိသော ရဟန်းအား သာလျှင် စွန့်ကြဲခြင်းကို ခွင့်ပြုတော်မူ၏။ ဒုဿီလရဟန်းအား စွန့်ကြဲခြင်းကို ခွင့်ပြုတော်မမူ။ ။ထို့ကြောင့် သာရတ္ထဒီပနီ ဋီကာ၌။ ။အတ္တနော သာ သနေ သီလဝတော ပစ္စယာ အနုညာတာ။ န ဒုဿီလဿ။ ဒါယကာနမ္ပိ သီလဝတော ဧဝ ပရိစ္စာဂေါ၊ န ဒုဿီလဿ။ ။ဟုမိန့်၏။ အတ္တနော၊ မိမိ၏။ သာသနေ၊ သာသနာတော်၌။ သီလဝတော၊ သီလရှိသောရဟန်းအား။ ပစ္စယာ၊ ပစ္စည်းတို့ကို။ အနုညာတာ၊ ခွင့်ပြုတော်မူအပ်ကုန်၏။ ဒုဿီလဿ၊ သီလမရှိသော ရဟန်းအား။ န အနုညာတာ၊ ခွင့်ပြုတော်မမူအပ်ကုန်။ ဒါယကာနမ္ပိ၊ ဒါယကာ တို့အားလည်း။ သီလဝတော ဧဝ၊ သီလရှိသော ရဟန်းအားသာလျှင်။ ပရိစ္စာ ဂေါ၊ စွန့်ကြဲခြင်းကို။ အနုညာတော၊ ခွင့်ပြုတော်မူအပ်၏။ ဒုဿီလဿ၊ သီလ မရှိသောရဟန်းအား။ န အနုညာတော၊ ခွင့်ပြုတော်မမူအပ်။ ။[ပါတိမောက္ခ ဝိနိစ္ဆယကျမ်း-ရှုပိယသိက္ခာပုဒ် အဖွင့်။]

**လဇ္ဇီ အလဇ္ဇီ** ဒုသီလ—ဟူ၍ ပုဂ္ဂိုလ်သုံးမျိုးရှိရာ၌ အလဇ္ဇီနှင့် ဒုဿီလသည် မကွဲ ပြားကြပြီ။ အလဇ္ဇီပင် ဒုဿီလ၊ ဒုဿီလပင် အလဇ္ဇီဖြစ်၏။ ထို အလဇ္ဇီမည်သော ဒုဿီလသည် နိဿီလဖြစ်သော ဒုဿီလ၊ ဒုဿိဘ သီလဖြစ်သော ဒုဿီလ-ဟူ၍ ၂ မျိုးရှိ၏။ ထို့ကြောင့် ထိုအကြောင်းကို ဝိမတိ ဝိနောဒနီ ဋီကာ၌။ ။ဒုဿီ လာတိ နိဿီလာ ဒုဿိဘသီလာစ။ ။ဟုမိန့်၏။ ။ဒုဿီလာတိ၊ ဒုဿီလာ

ဟူသည်ကား။ နိဿီလာစ၊ ပါရာဇိက သိက္ခာပုဒ်ပျက်၍ သီလ အလျှင်း မရှိကုန်သော ဒုဿီလပုဂ္ဂိုလ်တို့သည်ရင်း။ ဒုဿိတသီလာစ၊ ကြွင်းသော သိက္ခာပုဒ်ပျက်ကုန်သော ဒုဿီလ ပုဂ္ဂိုလ်တို့သည်ရင်း။ ဒုဿီလ ပုဂ္ဂလာ၊ ဒုဿီလပုဂ္ဂိုလ်မည်ကုန်၏။

ထိုနှစ်ပါးသော ဒုဿီလပုဂ္ဂိုလ်တို့တွင် တပါးပါးသော ပါရာဇိကသိက္ခာပုဒ်ပျက်သဖြင့် ရဟန်း၏သီလ အလျှင်းမရှိသောပုဂ္ဂိုလ်တို့သည် နိဿီလ ဖြစ်သော ဒုဿီလပုဂ္ဂိုလ် မည်ကုန်၏။ ပါရာဇိက လေးပါးမှကြွင်းကုန်သော သံဃာဒိသိသ်, ထုလ္လစ္စဉ်း, ပါစိတ်, ပါဋိဒေသနီ, ဒုက္ကဋ်, ဒုဗ္ဘာသိ သိက္ခာပုဒ်တို့တွင် တပါးပါးပျက်ကုန်သဖြင့် ထိုသိက္ခာပုဒ်ကို ကျူးလွန်ခြင်းကြောင့် သီလကျိုးခြင်း၊ ပေါက်ခြင်း၊ ခဏ္ဍာဆိဒ္ဒစသည်၏ အဖြစ်သို့ရောက်၍ သီလပျက်သော ပုဂ္ဂိုလ်တို့သည် ဒုဿိတသီလဖြစ်သော ဒုဿီလ မည်ကုန်၏။ ။[ဝဇီရဗုဒ္ဓိ ဗျာကရဏကျမ်း။]

အနေသနကို အကြောင်းပြု၍ ရသောပစ္စည်းတို့သည်လည်း ရဟန်းတို့အား မအပ်ကုန်။ ။ပါပကာ မာလာဝစ္ဆရောပနာဒယော သမာစာရာ အဿာတိ ပါပသမာစာရော။ ။ဟုဝိဂ္ဂြိုဟ်ပြု။ ။အဿဘိက္ခုနော၊ ထိုရဟန်းအား။ မာလာဝစ္ဆရော ပနာဒယော၊ ပန်းပင်ငယ်စိုက်ပျိုးခြင်း အစရှိကုန်သော။ ပါပကာ၊ ယုတ်မာကုန်သော။ သမာစာရာ၊ အကျင့်တို့သည်။ သန္တိ၊ ရှိကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သောဘိက္ခု၊ ထိုရဟန်းသည်။ ပါပသမာစာရော၊ ပါပသမာစာရ မည်၏။ ။[ရဟန်း၏ ယုတ်မာသောအကျင့်– ဟူသည် ပန်းပင်စိုက်ပျိုးခြင်း စသော အကျင့်တည်း။]

ကုလဒူသန အာပတ် ပြီးပြီ။

---

## ၂၄။ ။မိစ္ဆာဇီဝ=ယုတ်မာသော (မကောင်းသော)အသက်မွေးခြင်း

သုတ် ဝိနည်း အဘိဓမ္မာကို ရှိသေ၍ ပကတိ ရိုးသားသော စိတ်ဖြင့် ပြုခြင်းမျိုး မဟုတ်ပဲ ဤသို့ ရပ်သော် သွားသော် ထိုင်သော် လျောင်းသော် မြင်မြင်သမျှတို့ ကြည်ညိုလိမ့်မည် မှတ်၍ ဣရိယာပုထ်ကို ရှိသေစွာထားခြင်း၊ ဤသို့ ပြုသော် ဆောက်တည်သော် တော–သုသာန်တို့၌ နေသော် လူတို့ ချီးမွမ်းကြည်ညို လတ္တံ့ဟု နှလုံးပိုက်၍ ပြုခြင်း, ဆောက်တည်ခြင်း, နေခြင်း၊ မုံတင်ဆောက်တည်ခြင်း၊ ပစ္စည်းလှူစိမ့်သော ၄ါ ဒါယကာတို့အား နိမိတ်ပြုခြင်း၊ အရိပ်အရောင်ပြခြင်း၊ ၎င်းတို့အား ရှုတ်ချခြင်း၊ ကဲ့ရဲ့ခြင်း၊ ချီးမြှောက်ပြောဆိုခြင်း၊ ပြက်ရယ်ပြုခြင်း၊ မိမိကို စျာန် မဂ်ဖိုလ်ရသူ ထင်အောင် စျာန် မဂ်ဖိုလ်နှင့် နီးစပ်သော စကားကို ပြောဆိုခြင်း၊ အထင်ကြီးအောင် ငါကား

ဤအမည်ရှိသော ဆရာ၏ တပည့်ရင်းတည်း၊ ငါ၏ ဆရာကား ဤမည်သော ဆရာ၏ တပည့်တည်း စသည်ဖြင့် မိမိလာသော အနွယ်၏ ကောင်းသော အဖြစ်ကို ဒါယကာတို့အား သိစေခြင်း၊ မိမိကို ခင်တွယ်အောင် ၎င်းတို့အား ရှေးဦးစွာ ကိုယ်က စတင်၍ ပြုံးရယ်ခြင်း၊ စကာင်၍ နှုတ်ဆက်ခြင်း၊ လော ကွတ် ပျူငှါလုပ်ခြင်း၊ နည်းလမ်းမကျသော်လည်း ၎င်းတို့ ပြုသမျှကို လိုက် လျောခြင်း၊ အောက်ကျနောက်ကျ ခံ၍ ဆက်ဆံခြင်း၊ ရွာသူသားငယ်တို့ကို ထိန်းယခြင်း ဟူသမျှတို့ကြောင့် ရသော ပစ္စည်းတို့ဖြင့် အသက်မွေးခြင်းသည် မိစ္ဆာဇီဝဖြစ်၏။ ထိုရဟန်းကို လာဘ်ကိုတောင့်တသော ရဟန်း၊ ပူဇော်သက္ကာရ ကို တောင့်တသော ရဟန်း၊ အကျော်အစောကို တောင့်တသော ရဟန်း၊ ယုတ်မာသော အလိုရမ္မက်ရှိသော ရဟန်း၊ ယုတ်မာသော အလိုရမ္မက်ဖြင့် နှိပ်စက်သော ရဟန်းဟု ခေါ်၏။

ဆွေမျိုးမတော် မဖိတ်ကြားထားသော သူတို့ထံမှ တောင်းခြင်းကြောင့် ရသော ပစ္စည်း၊ အနေသန နှစ်ဆယ့်တပါးတို့တွင် တပါးပါးသော အကြောင်း ကြောင့် ရသော ပစ္စည်း၊ မိမိ၌ ရဟန်းကျေးဇူး မရှိပဲ ရှိယောင်မူ၍ ပြောဆို ခြင်းကြောင့် ရသော ပစ္စည်း၊ ကုဟန လပန စသည်တို့ကြောင့် ရသော ပစ္စည်း၊ ကုလဒူသန ရှစ်ပါးတို့တွင် တပါးပါးသောအမှုကြောင့် ရသောပစ္စည်း၊ ဤပစ္စည်းတို့ဖြင့် အသက်မွေးခြင်းသည်လည်း မိစ္ဆာဇီဝပင်ဖြစ်၏။ ထိုပစ္စည်း တို့ကို ထိုရဟန်းနှင့်တကွ သိတင်းသုံးဖော် ငါးဦးလုံးပင် မသုံးစွဲကောင်း၊ သုံးစွဲသူတိုင်း ဒုက္ကဋ် အာပတ်သင့်၏။ [ထိုမိစ္ဆာဇီဝမှကြဉ်၍ တရားသဖြင့်ရသော ပစ္စည်းဖြင့်သာ အသက်မွေးသော ရဟန်းသည် သမ္မာအာဇီဝ ဖြစ်၍ အာဇီဝ ပါရိသုဒ္ဓိ သီလနှင့် ပြည့်စုံသည် မည်၏။ အသက်မွေးစင်ကြယ်သည်-ဟူလို။]

မှတ်ချက်။ ။ဒါယကာ ဒါယိကာမတို့ တအံ့တသြ ချီးမွမ်းရသောက်အောင် ဟန်ဆောင်မှု ဟိတ်ဟန်လုပ်မှုကို 'ကုဟန'ဟု ခေါ်၏။ ထိုကုဟနသည် ပစ္စည်း သုံးစွဲပုံ၊ မိမိကို ချဉ်းရသူ မဂ်ဖိုလ်ရသူထင်အောင် ချဉ်းမဂ်ဖိုလ်နှင့် နီးစပ်သော စကားကို ပြောဆိုမှု၊ သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, လျောင်းခြင်းဟူသော ဣရိယာပုထ် လေးပါး၌ သူများအထင်ကြီးအောင် ဟန်လုပ်၍ နေမှု၊ ဤသို့ အားဖြင့် သုံးမျိုးပြားပြန်၏။ ထိုသို့ အဘင်ကြီးအောင် ဟိတ်ဟန်ထုတ်မှုသည် မိစ္ဆာဇီဝဖြစ်၍ ထိုအမှုဖြင့် ရလေသမျှပစ္စည်းတို့ကို သုံးဆောင်ခြင်းသည်လည်း မိစ္ဆာဇီဝပင်တည်း။

ဒါယကာ ဒါယိကာမတို့ဆီက ပစ္စည်းရအောင် ပြောမှု ကြည်ညိုအောင် ပြောမှုကို'လပန'ဟု ခေါ်၏။ မိမိဆီလာသော ဒါယကာ ဒါယိကာမတို့ မပျင်း အောင်သူတို့အကြိုက် လိုက်၍ ပြောခြင်း၊ သူတို့အားလည်း ပြောခွင့်ပေးခြင်း၊ မှား

သည် မှန်သည်၊ တရားသည် မတရားသည်၊ သင့်သည် မသင့်သည်ကို မစဉ်းစားပဲ ချစ်ခင်လာအောင် ပြောခြင်း၊ မိမိကိုယ်ကို နှိမ့်ချ၍ သနားလာအောင် ပြောခြင်း၊ မိမိကို ကြည်ညိုအောင် မိဘတို့၏ ရှေ့၌ ကလေးငယ်ကို ပွေ့ချီချော့မြူခြင်းစသည်တို့သည် လပနမည်၏။ ထိုသို့ ပြောဆို ပြုလုပ် မှုကြောင့် ရသော ပစ္စည်းများကို သုံးဆောင်ခြင်းသည်လည်း မိစ္ဆာဇီဝပင်တည်း။

ဒါယကာတို့နှင့် ဆန့်ကျင်မည်ကို ကြောက်၍ အလိုက်သင့် အခွင့်ပေးကာ ပေးကာ ကောင်းစွာဆိုခြင်းသည် သလ္လပနာ မည်၏။

အချို့က မိမိတို့၏ အပေါ်၌ မကြည်ညိုသေးသောသူတို့အား ကြည်ညိုစေခြင်းငှါလည်း၊ ကြည်ညိုပြီးသော သူတို့အား တိုး၍ ကြည်ညိုစေခြင်းငှါလည်း ဒါယကာ ဒါယိကာမတို့နှင့် ဆန့်ကျင်မည်စိုး၍ နည်းလမ်း ကျ-မကျကိုပဓာနမထားပဲ ၎င်းတို့၏ အလိုသို့ လိုက်လျော၍ နေထိုင်ပြောဆိုခြင်းဖြင့် ၎င်းတို့၏ ကြည်ညိုခြင်းကို ခံယူကုန်၏။ ဤသို့ပြုခြင်းသည် ရဟန်းတော်များ၏ အဆင့်အတန်းကိုလည်း နိမ့်ကျအောင် ပြုရာရောက်သည်၊ ဘုရားရှင်၏ အလိုတော်နှင့်လည်း ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်လေသည်။ ဘုရားရှင်၏ အလိုတော်မှာ ရဟန်းတော်များ၏အပေါ်၌ မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေချင်သည်၊ ကြည်ညိုပြီးသောသူတို့အား တိုး၍ ကြည်ညိုစေချင်သည်၊ မှန်၏။ သို့သော် နိမ့်ကျသော နည်းလမ်းကို သုံး၍ ကြည်ညိုခြင်းကို ခံယူကုန်သော လပနသလ္လပန ရဟန်းတို့ကိုကား ဘုရားရှင် စက်ဆုပ်တော်မူ၏။ ဘုရားသားတော်ပီပီ အထက်တန်းကျကျ ဝိနည်းတော်နှင့်အညီ တည့်တည့်မတ်မတ် ပြောဆိုနေထိုင်၍ လူတို့က ထိုရဟန်းအား ကိုးကွယ်ဆည်းကပ်ခြင်းသည် မြတ်၏ဟု အမြင်မှန် ရကြသဖြင့် မကြည်ညိုသေးသောသူတို့ကလည်း ကြည်ညိုလေအောင်၊ ကြည်ညိုပြီးသော သူတို့ကလည်း တိုး၍ ကြည်ညိုလေအောင်ပြုသော ရဟန်းကိုသာလျှင် ဘုရားရှင် ချီးမွမ်းတော်မူ၏။ ။[အစစအရာရာ၌ ဒါယကာ ဒါယိကာမတို့ကိုမှီ၍ နေနေရသောကြောင့် ရဟန်းတိုင်း ၎င်းတို့နှင့် သင့်သင့်မျှမျှနေအပ်၏၊ သို့သော် ဝိနည်းတော်၏ စည်းစိုင်းအတွင်း၌ နေနေရကား ဝိနည်းတော်နှင့် မညီသော အရာများ၌ ၎င်းတို့၏ အလိုသို့ မလိုက်လျောသင့်ပေ—ဟူ၍ ဓမ္မဓိဋ္ဌာန်အားဖြင့် ပြောလိုပါ၏။]

ဒါယကာ ဒါယိကာမတို့ကလည်း ရဟန်းတော်များ၏ အလိုသို့ လိုက်လျောရခြင်းကို ဂုဏ်ငယ်သည်ဟု မယူသင့်ပေ။ အမှန်မှာ မိမိတို့ပြုသော ကုသိုလ်ကောင်းမှုသည် အလှူခံတို့နှင့် သင့်လျော် လျောက်ပတ်လေလေမိမိတို့၌ အကျိုးများလေလေ ဖြစ်သည်၊ ထို့ကြောင့် ငွေကုန် လူပန်းသလောက် အကျိုးရရှိ

လေအောင် တတ်နိုင်သရွေ့ အလှူခံတို့၏ အလိုသို့ လိုက်လျော၍ ကုသိုလ်ကောင်းမှုကို ပြုအပ်ပေသည်။ အလှူခံတို့ကလည်း နှစ်ဦးနှစ်ဘက် အကျိုးရှိစေခြင်းငှါ အလှူရှင်တို့ ရည်မှန်းထားသည်ထက်လည်း ပိုမကုန်စေပဲ မိမိတို့အလိုရှိနေသော အပ်စပ်သည့်အရာဝတ္ထုကိုလည်း ရရှိလေအောင် ပြောဆိုညွှန်ကြားတတ်ဖို့ လိုသည်။

ရဟန်းတော်များသည် ဒါယကာ ဒါယိကာမတို့ လှူနေကြ၍ မငြိုငြင်မဆင်းရဲပဲ ဝတ်ရစားရ အိပ်ရသည်မှန်၏။ သို့ပါလျက် နည်းလမ်း ကျ-မကျကို ပဓာန မထားပဲ (ဝါ) ချင်းချက်မရှိပဲ ရဟန်းတော်များသည် အဘယ်ကြောင့် ဒါယကာ ဒါယိကာမတို့၏ အလိုသို့ မလိုက်လျောလေသနည်း ဟူမူ မလိုက်လျောသင့်ပဲလျက် လိုက်လျောခြင်းသည် ဒါယကာ ဒါယိကာမတို့ကိုမြှူစားရာချော့စားရာရောက်၍မိစ္ဆာဇီဝ အဖြစ်သို့ရောက်မှန်းမသိရောက်လေသောကြောင့်တည်း။ ဤကား နှစ်ဦး နှစ်ဘက်လုံး သိထားဖို့လိုသောအချက် ဖြစ်သည်-ဟူ၍ ပြောလိုပါ၏။

သတိ။ ။ရဟန္တာပြဿနာနှင့်ပတ်သက်၍ သဒ္ဓမ္မောဒယ ဆရာတော်ဘုရား စီရင်တော်မူသော 'ရဟန္တာပြဿနာကျမ်း'၌ လာသည့် အောက်ပါ အပိုဒ်ကို ဖေါ်ပြပါအံ့။

"ဟန် မလုပ်စကောင်း

သာသနာ့ဝန်ကမ်း ရဟန်းကောင်းများသည် မိမိကိုယ်ကို ဈာနလာဘီပုဂ္ဂိုလ်၊ သောတာပန်၊သကဒါဂါမိ၊ အနာဂါမိ၊ ရဟန္တာပုဂ္ဂိုလ်ဟု မှတ်ထင်လေအောင် ဟန်မလုပ်စကောင်းပေ၊ အယုတ်ဆုံးအားဖြင့်လူအများ၏ ချီးမွမ်းပူဇော်သက္ကာရကို ခံယူစိမ့်သောငှါ တောရဆောက်တည်ခြင်း၊ ဆွမ်းခံကြွခြင်း စသည်တို့ကိုသော်မှ မပြုအပ်ပေ၊ တစုံတရာ ထုတ်ဆောင်ပြောဆိုခြင်း မပြုပဲ လူအများ ချီးမွမ်းပူဇော်သက္ကာရကို မြော်လင့်တောင့်တ၍ မိမိကိုယ်ကို ဈာနလာဘီပုဂ္ဂိုလ်၊ အရိယာပုဂ္ဂိုလ်ဟု မှတ်ထင်လေအောင် ဟန်လုပ်ခဲ့သော် ဒုက္ကဋ်အာပတ်သင့်၏"။

ဆိုဦးအံ့။ ။မိမိသည် ဝိနည်း၌ ကျစ်လစ်၏။ ကမ္မဋ္ဌာန်းဘာဝနာ အလုပ်ကို ပင်ကိုယ်ရိုးသားသောစိတ်ဖြင့် အားကြိုးမာန်တက် ပွားများ၏။ တစတစဖြင့် လူတို့က မိမိအား ရဟန္တာဟု ထင်မှတ်ကြ၏။ထင်မှတ်ကြသည့်အတိုင်းလည်း မိမိအား ခမ်းနားကြီးကျယ်စွာ ကြိုဆိုကြ၏။လှူဖွယ်ဝတ္ထု အမျိုးမျိုးဖြင့်လည်း

လှူဒါန်း ပူဇော်ကြ၏။ မိမိကလည်း မိမိအား လူတို့က ရဟန္တာဟု ထင်မှတ်နေကြသည်ကို သိ၏။ သို့သော် မိမိသည် ရဟန္တာမဟုတ်၊ သူလို ငါလို ပုထုဇဉ်ရဟန်းပဲဟု ထုတ်ဖော် ကြေငြာခြင်းမပြုပဲ မြုံလျက်နေသည်—ဟုဆိုကြပါစို့။

မြတ်စွာဘုရားလက်ထက်တော်၌ ပုဏ္ဏားတယောက်သည် ရဟန်းတို့ကို ပင့်ဖိတ်ရာ၌ "ရဟန္တာအရှင်မြတ်တို့သည် ကြွလာတော် မူကြပါကုန်လော့"ဟု လျှောက်ထား၏။ "ငါတို့လည်း ရဟန္တာမဟုတ်ကြကုန်။ ဤပုဏ္ဏားကလည်း ငါတို့ကို ရဟန္တာ အသုံးအနှုန်းဖြင့် ပြောဆို သုံးနှုန်းနေ၏။ ငါတို့သည် အဘယ်သို့ ပြုကျင့်ရပါကုန်အံ့နည်း"ဟုထိုရဟန်းတို့အားတွေးတောမှု(သံသယကုက္ကုစ္စ) ဖြစ်ကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထားကြကုန်၏။ "ရဟန်းတို့ ကြည်ညို၍ ဆိုရာ၌ အာပတ်မသင့်"ဟု ဘုရားရှင် မိန့်တော်မူ၏-ဟူ၍ ဖော်ပြထားသော ပါရာဇိကဏ်ပါဠိတော် (မြန်မာပြန်) အပိုဒ် ၂၂၆ ကို ကိုးကား၍ "ကိုယ်က ဘာမှမပြောပဲနဲ့ သူတို့ဟာသူတို့ထင်တာ ဘယ်တတ်နိုင်မလဲ၊ ဒါကြောင့်အပြစ်မရှိဘူး"ဟု အချို့ဆိုကြ၏။ ဤအဖြေကို လက်ခံသင့်-မခံသင့် သဘာဝကျကျ စိစစ်၍ ဆွေးနွေးကြပါစို့။

(၁) ရဟန္တာအရှင်မြတ်တို့-ဟု ထိုပုဏ္ဏားခေါ်ခြင်းမှာ ထိုရဟန်းတို့ကို ရဟန္တာတွေပဲဟု ထင်မှတ်၍ ခေါ်ခြင်းမဟုတ်၊ ကြည်ညို၍ ခေါ်ခြင်းဖြစ်သည်။ သို့သော် မိမိကိုမူကား လူတို့က ရဟန္တာဟု ထင်မှတ်သောကြောင့် ကြီးကျယ်ခမ်းနားစွာ ကိုးဆိုလှူဒါန်းပူဇော်ကြသည်ဖြစ်၍ မိစ္ဆာဇီဝဖြစ်သည် မဟုတ်ပါလော။

(၂) မိမိအား သူလိုငါလို ပုထုဇဉ်ရဟန်းပဲဟု ထင်မှတ်လျှင်ဤမျှလောက် ကြီးကျယ်ခမ်းနားစွာ ကိုးဆို လှူဒါန်းကြမည် မဟုတ်-ဟုဆိုလျှင် မှားသည်ဟု ဆိုပါမည်လော။

(၃) ထို့ကြောင့် ထိုပုဏ္ဏားက "ရဟန္တာ"ဟုခေါ်သော သာဓကကို ထုတ်ဆောင်၍ပြခြင်းသည် ဤ၌ အကျုံးမဝင်ဟု ဆိုသင့်သည်မဟုတ်ပါလော။

(၄) မိမိသည် သူလိုငါလို ပုထုဇဉ်ရဟန်းမျှသာဖြစ်သည်ဟု အများ သိအောင် အဘယ်ကြောင့် ထုတ်ဖော်မကြေငြာပါသလဲ—ဟူ၍ မေးစရာ ဖြစ်နေသည် မဟုတ်ပါလော။

(၅) ရဟန္တာဟု လူတို့ထင်မှတ်နေခြင်းကို နှစ်သက်သာယာသောကြောင့် မြုံ့နေသည်–ဟု အဓိပ္ပါယ်ရောက်သည် မဟုတ်ပါလော။

(၆) မနှစ်သက် မသာယာလျှင် မဟုတ်ကြောင်းကို ထုတ်ဖော် ပြောသင့်သည်မဟုတ်ပါလော။

(၇) အကယ်၍ ထုတ်ဖော်ပြောလျှင် မိမိကို "လူတွေ ယခုကဲ့သို့ကြည်ညိုတော့မည်မဟုတ်"ဟု စိုးရိမ်သောကြောင့် မြုံ့နေသည်-ဟူ၍ အဓိပ္ပါယ်ရောက်သည် မဟုတ်ပါလော။

(၈) အကြည်ညိုလျော့သွားမည်ကို စိုးရိမ်လျှင် ဂုဏ်ပကာသနကိုလည်း မက်မောရာရောက်နေသည် မဟုတ်ပါလော။

(၉) မြုံ့၍ ဆိတ်ဆိတ်နေခြင်းသည် လူတို့ထင်မှတ်သည့်အတိုင်း မိမိသည် ရဟန္တာဖြစ်နေပြီ-ဟု ဝန်ခံရာလည်း ရောက်သည်၊ လှည့်စားရာလည်း ကျသည် မဟုတ်ပါလော။

(၁၀) ဤသို့ ဆိတ်ဆိတ်နေလေလေ မိမိအားလူတို့ကဲရဟန္တာအစစ်ပဲဟု ပို၍ ယုံကြည်လေလေဖြစ်သည် မဟုတ်ပါလော။

(၁၁) ရဟန္တာအစစ်ပဲဟု ပို၍ ယုံကြည်လေလေ ပို၍ ကြည်ညိုလှူဒါန်းလေလေ ဖြစ်သည်မဟုတ်ပါလော။

(၁၂) မူလက မိမိသည် ရိုးသားစင်ကြယ်ခဲ့သလောက် ယခုမူကားမြုံ့နေသည့်အတွက်ကြောင့် ရဟန္တာဟု ဟန်ဆောင်ရာ ရောက်နေပြီ မဟုတ်ပါလော။

မြုံ့၍ ဆိတ်ဆိတ်နေခြင်းအားဖြင့် ဟန်ဆောင်ရာရောက်၍ ဒုက္ကဋ်အာပတ်လည်း အဆက်မပြတ်သင့်သည်။ ရသောပစ္စည်းတို့မှာလည်း မစင်ကြယ်၍ ၎င်းတို့ဖြင့် အသက်မွေးခြင်းသည်လည်း မိစ္ဆာဇီဝပင် ဖြစ်တော့သည်။

မိမိသည် လာဘ်လာဘ ပေါများသူဖြစ်၍ အခြားရဟန်းများအား တဆင့်လှူပြန်၏၊ ထိုရဟန်းခများ များမှာ နေရင်းထိုင်ရင်းနှင့် မိစ္ဆာဇီဝဖြင့် ရသောပစ္စည်းကို လက်ခံသုံးစွဲမိခြင်းကြောင့် ဒုက္ကဋ် အာပတ်သင့်ကုန်၏။ [မစင်, ချေးသေကောင်ပုပ်ကို တန်ဆာဆင်လို သူသည် ဝေးစွာရှောင်သည်။ ဒုသီလနှင့် မိစ္ဆာဇီဝကို သီလဝန်အရှင် ဝေးစွာရှောင်သည်။ ဒုသီလနှင့် မိစ္ဆာဇီဝသည်

စိန်ရွှေဖိတ်လျှံခြယ်စီမံလည်း အဘယ်မှာ အဘိုးတန်တော့ အံ့နည်း-ဟူ၍ ဝိသုဒ္ဓိမဂ် အရသာ၌ ဆို၏။]

သို့ဖြစ်၍ သူများ စုံစမ်းမေးမြန်းခြင်းကို မစောင့်လေလင့်။မိမိကို ရဟန္တာဟု သူများထင်မှတ်နေပြီဟု သိလျှင် သိခြင်း မဟုတ်လျှင် မဟုတ်ကြောင်းကို အများသိအောင် ကြေငြာပါလေ။ (ကျော်စောလို၍ ကျင့်သော ဟီနသီလကို သုတ်သင်ပါလေ။)

မိမိကို ရဟန္တာဟု မထင်မှတ်ပဲ အောက်အရိယာဟု သူများထင်မှတ်နေပြီဟု သိလျှင် သိခြင်း မဟုတ်လျှင် မဟုတ်ကြောင်းကို ထုတ်ဖေါ်ကြေငြာပါလေ။ (ထုတ်ဖေါ်ကြေငြာ၍ ရသော ပစ္စည်းသည် နတ်ဘုံနတ်နန်း နတ်သြဇာနှင့် တူ၏။)

**စာရေးသူ၏ ဝန်ခံချက်။** ။စာရေးသူ၏ စိတ်နှင့်နှိုင်း၍ များသောအားဖြင့် ပုထုဇဉ်တို့၏ စိတ်သည် ဂုဏ်အကျော်အစောကို လိုသား နှစ်သက်၏။ ဤစိတ်ကား မကောင်းမှုကိုပြုလုပ်ရာ၌ မွေ့လျော်၏၊ ကောင်းမှုကို ပြုလုပ်ရာ၌ ပျင်းရိ၏၊ အလွန်ဆိုးသွမ်းယုတ်မာ၏၊ လှည့်စားတတ်၏။ လမ်းမှားသို့ ဆွဲဆောင်တတ်၏၊ လျင်မြန်စွာဖေါက်ပြန်တတ်၏-ဟု ပြောလိုပါ၏။ စာရေးသူသည် သတိလစ်နေသော အခါများ၌ ရံဖန်ရံခါ အကျော်အစောကို လိုချင်တပ်မက်၏၊ ထို့ကြောင့် အတွင်းရန်သူ ဤစိတ်ယုတ်မာနှင့် စစ်တိုက်နေရပါသည်၊ ဤစိတ်ယုတ်မာကို ပိုင်ပိုင်နိုင်နိုင် နှိမ်နင်းနိုင်သော ကိုယ်ဖြစ်ကြပါစေသောဝ်။

**နှိုးဆော်ချက်။** ။ပင်ကိုယ် ရိုးသားသော စိတ်ဖြင့်မဟုတ်ပဲ လူအများ၏ ချီးမွမ်းပူဇော် သက္ကာရကို တောင့်တ၍-

(၁) ဝိနည်းကို လေးစားဟန်ဖြင့် စာပေကိုလည်း မသင်ယူလေလင့်၊ စာသင်တိုက်ကိုလည်း မဖွင့်လေလင့်။

ဤပရိယတ္တိ ဓမ္မကို သင်ယူရာ၌ ဝဋ်ဆင်းရဲမှ ထွက်မြောက်ခြင်းငှါသင်နည်း၊ မြွေမြီးဆွဲပမာ သင်နည်း—ဟူ၍ စာသင်နည်း ၂ မျိုးရှိ၏။ ပဌမ သင်နည်းမှာ ဘုရားရှင်၏ အလိုတော်ကျ ဖြစ်၍ အစွမ်းကုန်သင်ယူထိုက်ပေသည်။ဒုတိယ သင်နည်းမှာကား—လာဘ်ရလိုခြင်း၊ ကျော်စောသင်ရှားလိုခြင်း၊ သူတပါးကို ချုပ်ချယ်လိုခြင်းစသည်ကြောင့် သင်ယူခြင်းဖြစ်၍ အလဂဒ္ဒူပမာ သင်နည်းမည်၏။ မြွေအမြီးလိုက်ဆွဲသည်နှင့် တူ၏။ ပြန်လှည့်ကိုက်လျှင် ဒုက္ခဖြစ်ချိမ့်မည်။ အလ=ပြည့်သော+ဂဒ=အဆိပ်+ရှိသည်၊ ပြည့်သော အဆိပ်ရှိသောကြောင့်

မြွေသည် အလဂဒ္ဒမည်၏။ အလံ ပရိပုဏ္ဏံ+ဂဒ်ဝိသံ+အဿာတိ အလဂဒ္ဒေါ။ မြွေကိုက်လျှင် သက်သာသေး၏။ ကဿပ ဘုရား သာသနာ၌ ကပိလရဟန်းသည် စာတတ် ပုဂ္ဂိုလ်ကြီးဖြစ်၍ လဇ္ဇီ သူတော်ကောင်းတို့ကို စာဖြင့် ချုပ်ချယ် သောကြောင့် သေသောအခါ အဝီစိသို့ ရောက်၏။ ယခု ဘုရားရှင်လက်ထက်၌ ပုပ်ဟောင်သော ပါးစပ်ဖြင့် ရွှေငါးကြီးဖြစ်၏။ ဘုရားရှင်၏ မျက်မှောက်တွင် မိမိ၏ဖြစ်အင်ကိုပြော၍ သေပြီး အဝီစိရေသို့ပြန်သွား၏။ ။ [ဓမ္မပဒ ၂၄-တဏှာဝဂ်။]

အလဇ္ဇီ စာတတ်လျှင် အပါယ်ရိက္ခာ-အပါယ်စရိတ် ပြည့်စုံ၏။ ဤနည်းမျိုးဖြင့် စာသင်ခြင်းထက် မသင်ပဲ အိပ်နေခြင်းက ပို၍မြတ်၏။ ။[ဝိသုဒ္ဓိမဂ် အရသာ။]

တတ်သော်လည်း မကျင့်လျှင် အကျိုးမရှိပေ။ တတ်လည်းတတ်သည်၊ ကျင့်လည်းကျင့်သည်ဟု ဆိုလျှင် ဤကျောင်းမျိုးကို စံပြကျောင်း—ဟူ၍ ခေါ်ဆိုအပ်၏။ ဤကျောင်းမျိုး များလေလေ သာသနာတော်ကြီးပွား လေလေ ဖြစ်သောကြောင့် ဤကျောင်းမျိုးကို မြို့တိုင်းရွာတိုင်း၌ တည်ထောင်သင့်ပေသည်။ အဘက်ဘက်မှ လိုလေသေး မရှိအောင် ပစ္စည်းအားဖြင့်သာလျှင် မဟုတ်၊ လူအင်အားဖြင့်လည်း ဝိုင်းဝန်းကူညီ အပ်ပေသည်။

(၂) ကျော်စော ထင်ရှားလို၍ (ဝါ) ကိုယ့်ကျောင်းစည်ကားစေလို၍ ကိုယ်တိုင်လည်း တရားအားထုတ်သည်၊ သူများကိုလည်း ပြသည်-ဟုဆို၍ ရိပ်သာ မထောင်လေလင့်။ (သည်ယုန်ကို မြင်၍ သည်ချုံကို ထွင်သည်နှင့် တူ၏၊ အမြင်အားဖြင့် ကောင်းသလောက် အတွင်းစိတ်၌ကား ကောက်ကျစ်လှ၍ နိဗ္ဗာန်သို့မရောက်ပဲ အပါယ်သို့ရောက်ချိမ့်မည်။ ။ 'ချစ်သားရဟန်းတို့၊ လာဘ် လာဘကို မှီ၍ ကျင့်သော အကျင့်မည်သည်ကား တမျိုးတခြား တပါးဖြစ်၏။ နိဗ္ဗာန်သို့ရောက်ရန် အကျင့်သည်ကား တမျိုးတခြား တပါး ဖြစ်၏။ ဤသို့ ကျင့်သည်ရှိသော် လာဘ်ပူဇော် သက္ကာကိုရပေလတ္တံ့ဟူ၍ အရ ညကင်စသော ဓုတင်ကို ဆောက်တည်သည်၏ အစွမ်းဖြင့် လာဘ် လာဘကို မှီ၍ ကျင့်သော ဓုတင်စသော အကျင့်ကို ပြုကျင့်သော ရဟန်းအား အပါယ်လေးဘုံတို့သည် တံခါး ဟင်းလင်း ပွင့်ကုန်၍ သ-လျှင် တည်ကုန်၏။နိဗ္ဗာန်သို့ ရောက်စေတတ်သော အကျင့်ဖြင့် ဖြစ်ပေါ်လာသော လာဘ်ပူဇော် သက္ကာကို ပယ်ခွာ စွန့်ပစ်လျက် တောသို့ ဝင်ပြီးသော အခါ ကောင်းမွန်စွာ စေ့ဆော်တတ်သော လို့လ ဥဿာဟ ဝီရိယ ရှိသည့် ရဟန်းသည် အရဟတ္တဖိုလ်

ကို ရယူနိုင်လေ၏''ဟု မိန့်တော်မူ၏-ဟူသော ဒေသနာတော်ကို သတိရှိတော်မူကြပါကုန်။[ပဒေသာ ဓမ္မပဒ ဝတ္ထုတော်ကြီး၊ ဒုတိယတွဲ၊ ၅-ဗာလဝဂ်၊ တောရကျောင်းနေ တိဿ သာမဏေဝတ္ထု]။ ။ရိပ်သာ ဖြစ်လေလေ ရဟန်း၏သီလ-ဟူသော ဝိနည်းကို ပို၍ လေးစားဖို့ လိုလေလေဖြစ်သည်။ သို့မှသာလျှင် သီလ, သမာဓိ,ပညာ-ဟူသော မဂ္ဂင် ၈ ပါးတွင် ပဌမအရေး အကြီးဆုံးဖြစ်သည့် အချက်ဟု ဆိုသော သီလကို ဖြည့်ကျင့်ရာရောက်သည်။) သီလမစင်ကြယ်လျှင် အဘယ်မှာ သမာဓိတည်၍ တရားထူး တရားမြတ်ကို ရနိုင်ပါအံ့နည်း။

ဝိနည်းနှင့်အညီ ကျင့်ကြံနေထိုင်သော ရိပ်သာမျိုးကိုမူ မြို့တိုင်း ရွာတိုင်း၌ ရှိစေချင်သည်။ ဤရိပ်သာမျိုးကိုကား အဘက်ဘက်မှ လိုလေသေး မရှိအောင် အင်တိုက်အားတိုက် ကူညီအပ်ပေသည်။

(၃) ကျော်စောထင်ရှားလို၍ တောရဓုတင်, သုသာန်ဓုတင် စသည်တို့ကို မဆောက်တည်လေလင့်။ (ငရဲသို့မူလည်း လားချိမ့်မည်၊ ပြိတ္တာမူလည်း ဖြစ်ချိမ့်မည်။)ရိုးသားသောစိတ်ဖြင့် ဆောက်တည်နိုင်လျှင် ဓုတင် ၁၃ ပါးလုံးကို တပြိုင်တည်း ဆောက်တည်ပါလေ။ မိမိစိတ်က မရိုးသားလျှင်ကား မဆောက်တည်လေလင့်။ မဆောက်တည်ပဲ နေခြင်းက ဆောက်တည်ခြင်းထက် ပို၍မြတ်သည်။ အဘယ်ကြောင့်ဆိုသော် မဆောက်တည်ခြင်းကြောင့် အာပတ်မသင့်ပါ။ဆောက်တည်ခြင်းကြောင့် မိစ္ဆာဇီဝဖြစ်၍ ဒုက္ကဋ်အာပတ် အဆက်မပြတ်သင့်သည်- ဟူသောကြောင့်တည်း။

(၄) အထင်ကြီးစေခြင်းငှါ အသားဟင်းကိုရှောင်၍ သက်လွတ် (ဘေးမဲ့) ဟင်း, သစ်သီးတို့ကို မစားလေလင့်။(သား, ငါး အရိုးစူးလျှင် နုတ်ရလွယ်သည်။ အာလူး, သစ်သီး အရိုးစူးလျှင် နုတ်ရခက်သည်။ မစားတတ်ပဲ အာလူး, သစ်သီး တို့ကို စားခြင်းထက် ဆင်သားစသော အကပ္ပိယအသားမျိုးကို စားခြင်းက ပို၍ အပြစ်နည်းသောကြောင့် ကောင်းသည်။ အဘယ်ကြောင့် ဆိုသော် မစားတတ်ပဲ အာလူး, သစ်သီးတို့ကို စားခြင်းသည် မိစ္ဆာဇီဝဖြစ်၍ အာလူး, သစ်သီး တို့အတွက်သာလျှင်မက ကြွင်းသော သက်န်း, ကျောင်း, ဆေးစသော ပစ္စည်း များအတွက်လည်း ဒုက္ကဋ်အာပတ် အဆက်မပြတ် သင့်သည်။ ဆင်သားစသော အကပ္ပိယ အသားမျိုးကို စားခြင်းသည် အထင်ကြီးစေခြင်းငှါ ပြုခြင်း မဟုတ် သောကြောင့် မိစ္ဆာဇီဝမဖြစ်၍ ဒုက္ကဋ်အာပတ် အဆက်မပြတ် မသင့်ပါ၊ (ဝါ) ထိုအသား တခုအတွက်သာလျှင် ဒုက္ကဋ်အာပတ်သင့်သည်။ ကြွင်းသောပစ္စည်း

များအတွက်ကား အာပတ်မသင့်ပါ၊ ထိုအာပတ်ကိုလည်း ဒေသနာရှိုးရှိုး ပြောခြင်းဖြင့် ကုစားနိုင်သည်—ဟူသောကြောင့်တည်း။ ထို့ကြောင့် စားတတ်မှ အာလူး, သစ်သီးတို့ကို စားပါလေ။ စားတတ်၍ စားလျှင်ကား ဆိုဖွယ်ရာ မရှိအောင် မြတ်ပေသည်။)

မိမိကိုယ်ကို အထင်ကြီးအောင် ပြုခြင်းသည် အပါယ်သို့ မရောက် ရောက်အောင် ကြိုးစားသည်နှင့် တူ၏။

မှတ်ဖွယ်။ ။ချစ်သားရဟန်းတို့, လာဘ်ပူဇော်သက္ကာဆိုသည်မှာ မိုးကြိုးစက်ကဲ့သို့ လွန်စွာထက်မြက်စူးရှပေသည်။ လာဘ်လာဘ ဆိုသော မိုးကြိုးကြီး အပစ်ခံရပြီဆိုမှဖြင့် သူတော်ကောင်း သဘောတွေ ညက်ညက်ကြေကုန်လေ၏။ ထို့အတွက်ကြောင့် လာဘ်လာဘ အမျိုးမျိုးနှင့် ဘုန်းတန်ခိုး ကြီးမားမည်ကို ကြောက်လန့်ကြရမည်-ဟု ရှင်တော်မြတ်ဘုရား မိန့်တော်မူ၏။ [နိဒါနဝဂ္ဂ သံယုတ် ပါဠိတော်။]

အကယ်၍ စာရေးသူ ယူဆသကဲ့သို့ မယူဆပါက သည်းခံခွင့်လွှတ်တော်မူကြပါကုန်။

မိစ္ဆာဇီဝ ပြီးပြီ။

---

## ၂၅။ လဇ္ဇီနှင့်အလဇ္ဇီ

အလဇ္ဇီကို ချီးမြှောက်ခြင်း၊ လဇ္ဇီကိုရှုတ်ချခြင်း မပြုရာ။ အလဇ္ဇီကို နှိမ်ရာသည်၊ လဇ္ဇီကို ချီးမြှင့်ရာသည်။ သို့မှသာလျှင် သာသနာနှင့် ကြိုးကျိုးရှိကြမည်။ [သတိရှိတော်မူကြပါကုန်။] သိလျက် သိက္ခာပုဒ်တော်ကို လွန်ကျူးခြင်း၊ သင့်သောအာပတ်ကို လျှို့ဝှက်ခြင်း၊ အဂတိသို့ လားခြင်း၊ ဤသုံးပါးသည် အလဇ္ဇီ၏လက္ခဏာတည်း။

လွန်ကျူးလိုသော စေတနာ မရှိပဲ သတိမေ့လျော့၍ သင့်သော ရဟန်း၊ သင့်သည်ကို မလျှို့ဝှက်၊ ကံအလျောက် ထင်စွာပြုသော ရဟန်းတို့ကား အလဇ္ဇီ မဟုတ်။ [ဤလက္ခဏာနှင့် ဆင်ခြင်၍ ဤပုဂ္ဂိုလ်ကား အလဇ္ဇီဖြစ်သည်။ ဤပုဂ္ဂိုလ်ကား လဇ္ဇီဖြစ်သည်-ဟုသိအပ်၏။]

အင်္ဂိယမှု၊ ကုလဒူသန အမှု၊ အနေသနအမှု၊ သဘင်ခံမှု၊ ရောင်းမှု ဝယ်မှု၊ ရွှေငွေခံမှု စသည်ကိုပြုသော ရဟန်းတို့ကို အလဇ္ဇီဟုသိရာ၏။ ပေါရာဏကမ္မမှတပါး

နဝ ကမ္မဥ္စသာ အလေ့အလာများသော ရဟန်းကိုလည်း ဆရာတို့ အလဇ္ဇီမင် ဆိုကြသည်။ [ဆင်ခြင်တော်မူကြပါကုန်။]

ပေါရာဏကမ္မကား- သင်္ကန်းချုပ်ခြင်း ဆိုးခြင်း၊ ဆံရိတ်ခြင်း၊ လက်သည်း ခြေသည်း လှီးခြင်း၊ သေနာသန ဝတ်၊ ဥပဇ္ဈာယဝတ်၊ အာစရိယဝတ်၊ ပိဏ္ဍာ စာရိကဝတ် စသည်တို့တည်း။ ။[ပန်းချီမှု၊ ပန်းရံမှု၊ စူးမှု၊ ဆောက်မှုစသော အလုံးစုံသော ဂိဟိကမ္မ ဟူသမျှသည် နဝကမ္မချည်းသာတည်း၊]

အလဇ္ဇီရဟန်းတို့အား ပစ္စည်းထောက်ပံ့ ချီးမြှင့်ကုန်သော ဒါယကာတို့သည် လည်း အလဇ္ဇီပဂ္ဂဟ အလဇ္ဇီနုဂ္ဂဟ ဖြစ်ခဲ့လျှင် အပြစ်ကြီးလေစွ၊ သာသနာ ဖျက်လည်း ဖြစ်လေစွ၊ တကာဆရာနှစ်ဦး အကျိုးနည်းလေပြီ-ဟု သီလဝိ သောဓနီကျမ်း၌ ဆို၏။ [သတိရှိတော်မူကြပါကုန်။]

ဤ၌ဟပ်မိနေ၍ ပုဂ္ဂလိကဒါန ၁၄ ပါးကို ဖော်ပြပါအံ့။ (၁) အစိန္တေယျ မြတ်စွာဘုရားလည်း တပါး၊ (၂) ပစ္စေကဗုဒ္ဓါ အရှင်မြတ်လည်း တပါး၊ (၃) ရဟန္တာ ပုဂ္ဂိုလ်အရှင်မြတ်လည်း တပါး၊ (၄) အရဟတ္တဖိုလ်ကို မျက် မှောက်ပြုခြင်းငှါ ကျင့်သော ပုဂ္ဂိုလ်လည်း တပါး၊ (၅) အနာဂါမိဖိုလ်၌ တည်သောပုဂ္ဂိုလ်လည်းတပါး၊ (၆) အနာဂါမိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ကျင့်သောပုဂ္ဂိုလ်လည်း တပါး၊ (၇) သကဒါဂါမိဖိုလ်၌တည်သော ပုဂ္ဂိုလ် လည်း တပါး၊ (၈) သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ကျင့်သော ပုဂ္ဂိုလ်လည်း တပါး၊ (၉) သောတာပတ္တိဖိုလ်၌ တည်သော ပုဂ္ဂိုလ်လည်း တပါး၊ (၁၀) သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ကျင့်သောပုဂ္ဂိုလ် လည်း တပါး၊ (၁၁) သာသနာပ၌ ဈာန်ရသော ရသေ့လည်း တပါး၊ (၁၂) သီလရှိသော ပုထုဇဉ်လည်း တပါး၊ (၁၃) ဒုဿီလဖြစ်သော တံငါ၊ မုဆိုးလည်း တပါး၊ (၁၄) ခွေး၊ ဝက်၊ ကြက်စသော တိရစ္ဆာန်လည်း တပါး၊ ဤပုဂ္ဂိုလ်တကျိပ်လေးယောက်တို့အား ပေးလှူအပ်သောဒါနသည် ၁၄ပါးသော ပုဂ္ဂလိကဒါန ဖြစ်သည်ဟူ၍ မှတ်။ ကလျာဏ သီလဝန္တ ပုထုဇဉ် ရဟန်းကို အရိယာပက္ခသို့ သွင်း၍ ရေတွက်လေ။ ။[အလဇ္ဇီရဟန်းကား အလှူခံ တကျိပ် လေးယောက်တို့၌ မပါဝင်-ဟု 'အလဇ္ဇီဘာဝါဒီ ပကာသက ကျမ်း' ၌ အတည့် အလင်း ဆို၏။

ဤတကျိပ်လေးယောက်သော အလှူခံပုဂ္ဂိုလ်တို့တွင် အလဇ္ဇီ(ဒုဿီလ)ရဟန်း မပါဝင်သည်ကို ထောက်က ရင်းတို့အား ပစ္စည်းဥစ္စာဖြင့် သင်္ဂြိုဟ်ထောက်ပံ့

ချီးမြှင့်ကုန်သော ဒါယကာတို့၌ အကျိုး များ–မများ ဝေဖန်ဖို့ မလိုပြီ။ သို့ဖြစ်၍ နှစ်ဦးနှစ်ဘက် အကျိုးရှိစေခြင်းငှါ လဇ္ဇီ (သီလဝန္တ) ရဟန်းဖြစ်အောင် ပြုပြင်တော်မူကြပါကုန်။

အလဇ္ဇီလည်း အမြဲမရှိ၊ လဇ္ဇီလည်း အမြဲမရှိ၊ မကျင့်ခိုက် အလဇ္ဇီ၊ ကျင့်ခိုက် လဇ္ဇီဖြစ်၍ အလဇ္ဇီ ဖြစ်သူလည်း ရှေးသူမြတ်တို့နည်း လဇ္ဇီဖြစ်အောင်၊ လဇ္ဇီ ဖြစ်သူလည်း အလဇ္ဇီမဖြစ်ရအောင် အားထုတ်တော်မူကြပါကုန်။

ကုသိုလ်လို၍ ရဟန်းပြုရင်းဖြစ်သည်၊ မှန်၏။ သို့သော် ရဟန်းတို့ကျင့်အပ်သော သမဏဓမ္မကိုမကျင့်ချေလျှင် ရဟန်းအဖြစ်ဖြင့် အကုသိုလ်ကို ဆည်းပူးမည်-ဟူသော စိတ်ထားမျိုးဖြင့် ရဟန်းပြုရာရောက်သည်။ ထို့ကြောင့် ရခဲလှစွာသော ရဟန်းအဖြစ်ကို ရပါခိုက် အချည်းနှီး မဖြစ်စေရအောင် ဆောင်သော သတိဖြင့် ဝိနည်းပညတ်၌ ဂရုကတ ပြုရာသည်။ သေးဖွဲ့သိမ်မွေ့သော အမှုဟု မထိမဲ့မြင် မပြုရာ။ လောဘ၏နည်းခြင်း၊ ဒေါသ၏နည်းခြင်း၊ အမျက်မာန၏ နည်းခြင်း၊ ရာဂ၏နည်းခြင်း၊ ပစ္စည်းလာဘ်လာဘ၏နည်းခြင်းကိုသာ ဖြစ်စေ ရာသည်။ လဇ္ဇီတရာကို အလဇ္ဇီတယောက်တည်း တခဏခြင်း အလဇ္ဇီဖြစ်အောင် စွမ်းနိုင်ရာသည် ဟူသောကြောင့်ရင်း၊ လဇ္ဇီပုဂ္ဂိုလ်သာ သာသနာတော်ကို စောင့်လတ္တံ့ ဟူသောကြောင့်ရင်း၊ အလဇ္ဇီပုဂ္ဂိုလ် အထောင်အသောင်းပင်ရှိသော်လည်း သာသနာမထွန်း၊ လဇ္ဇီပုဂ္ဂိုလ်သည် ယုတ်စွအဆုံး ငါးယောက်မျှပင် ရှိသော်လည်း သာသနာတော် တည်ထွန်းသည် ဟူသောကြောင့်ရင်း ပညတ်တော် အတိုင်း တည်အောင် ပညတ်တော်ကို မလိုမပိုရအောင် ကျင့်ဆောင်ရာသည်။

ဝိနည်းတည်မှ သာသနာတည်သည်၊ ဝိနည်းမတည်က သာသနာမတည်ချေ။ ဝိနည်းတည်ခြင်းမည်သည် လဇ္ဇီပုဂ္ဂိုလ်သန္တာန်၌ တည်မှ သာသနာတည်သည်၊ အလဇ္ဇီပုဂ္ဂိုလ် သန္တာန်၌တည်သော် သာသနာမတည်။ အဓိပ္ပါယ်ဖြောင့်ကား- လဇ္ဇီပုဂ္ဂိုလ် ဝိနည်းတတ်သော် သာသနာတည်၏၊ အလဇ္ဇီပုဂ္ဂိုလ် ဝိနည်းတတ် သော်လည်း မကျင့်သောကြောင့် မတည်။ လဇ္ဇီပုဂ္ဂိုလ်ဖြစ်သော်လည်း ဝိနည်း မတတ်သော် သာသနာ မတည်။

ထို့ကြောင့် သာသနာကို လဇ္ဇီဝိနည်းတတ်သာ စောင့်လတ္တံ့။ [ လဇ္ဇီပုဂ္ဂိုလ် တို့၏ သဘောသည် အနည်းငယ်မျှသော အပြစ်ကိုပင် အပြစ်ကြီးဟု နှလုံး ပိုက်၏၊ ]

အသက်ကိုမငဲ့၊ ဒါယကာတို့၏ မျက်နှာကိုမငဲ့၊ လာဘ်လာဘကိုမငဲ့၊ သီတင်းသုံးဘော်တို့၏မျက်နှာကိုမငဲ့၊ ဘုရားရှေ့မျက်နှာတော်ကိုသာငဲ့၍ ဝိနည်းတော်နှင့်အညီ ကျင့်ဆောင်ရာသည်။

**သတိ။** ။အလဇ္ဇီပုဂ္ဂိုလ်တို့နှင့် အာမိသသမ္ဘောဂ ဓမ္မသမ္ဘောဂတို့ကိုမပြုအပ်။ လဇ္ဇီပုဂ္ဂိုလ်သည် အလဇ္ဇီပုဂ္ဂိုလ်ကို ချီးမြှောက်၏၊ အနုမောဒနာပြုခြင်းငှါ တိုက်တွန်း၏၊ တရားစကားကို ဆိုခြင်း၌တိုက်တွန်း၏၊ ပစ္စည်းလေးပါးဖြင့် သင်္ဂြိုဟ်ထောက်ပံ့ရန် မိမိနှင့်သက်ဆိုင်သော ဒါယကာတို့အားတိုက်တွန်း၏၊ အလဇ္ဇီလက္ခဏာဖြင့် အလဇ္ဇီမည်ခြင်းငှါ ထိုက်သောရဟန်းတို့၏ ဂုဏ်ကို ပရိသတ်၌ ပြောဆိုချီးမွမ်း၏။ ဤလဇ္ဇီရဟန်းသည် ဘုရားရှင်၏ သာသနာ ငါးထောင်ကို ရှေ့လျောအောင်ပြုသည်မည်၏၊ ကွယ်ပျောက်အောင် ပြုသည်မည်၏။ [လဇ္ဇီပုဂ္ဂိုလ်က အလဇ္ဇီပုဂ္ဂိုလ်ကို ချီးမြှောက်ခြင်းငှါ မအပ်၊ သို့သော် ထိုအလဇ္ဇီပုဂ္ဂိုလ်က လဇ္ဇီပုဂ္ဂိုလ်ကို ချီးမြှောက်ခြင်းငှါ အပ်၏။] လဇ္ဇီပုဂ္ဂိုလ်တို့အချင်းချင်း ပစ္စယသမ္ဘောဂ ဓမ္မသမ္ဘောဂ နှစ်ပါးကို ပြုခြင်းသည် တခုသောရွှေခွက်၌ရှိသော ဘောဇဉ်ကို မင်းသားနှစ်ပါးတို့အတူ သုံးဆောင်ခြင်းနှင့်တူ၏။ [ဤနောက်ဆုံးဝါကျ၏ အဓိပ္ပါယ်မှာ ကျယ်ပြန့်၏၊ ဤဝါကျ၏ စာသွားကိုမူဘည်ပြီး အပြန်အလှန်ဆက်စပ်၍ ထိုပြန့်ကျယ်သော အဓိပ္ပါယ်တို့ကိုကောက်ယူတော်မူကြပါကုန်။] ထို့ကြောင့် သာကီဝင်မင်းသားဖြစ်ကုန်သော လဇ္ဇီပုဂ္ဂိုလ်တို့သည် အလဇ္ဇီပုဂ္ဂိုလ်တို့နှင့် ထိုသမ္ဘောဂနှစ်ပါးတို့ကို ပြုခြင်းငှါ မထိုက်ကုန်-ဟု ကျမ်းများ၌ အတည့်အလင်း ဆို၏။ ။ ရဟန်းအချင်းချင်း အဆင့်အတန်းခွဲခြားမှု မရှိစေခြင်းငှါ (ဝါ) လွတ်လွတ်လပ်လပ် ပေါင်းသင်းဆက်ဆံနိုင်စေခြင်းငှါ လဇ္ဇီပုဂ္ဂိုလ်ဖြစ်အောင် ပြုပြင်တော်မူကြပါကုန်။ ။ ။မိမိအကြောင်းကို မိမိအသိဆုံးဖြစ်သည်။

**မှတ်ချက်။** ။သာသနာတော်၌ သဒ္ဓါ၍ ရဟန်းပြုကုန်သော ပုဂ္ဂိုလ်သူမြတ်တို့ သုတ်သင်စောင့်ရှောက်အပ်သော သီလသည် ပါတိမောက္ခသံဝရ-သီလ, ဣန္ဒြိယသံဝရသီလ, အာဇီဝပါရိသုဒ္ဓိသီလ, ပစ္စယသန္နိဿိတ သီလအားဖြင့်လေးပါးရှိ၏။ ထိုလေးပါးတို့တွင် အာပတ်ခုနစ်ပုံသို့ မရောက်စေရအောင် သုတ်သင်စောင့်ရှောက် ထိန်းသိမ်းသောရဟန်း၏ သီလသည် ပါတိ-မောက္ခသံဝရသီလမည်၏။ မတော်တဆ ကျရောက်ခဲ့လျှင်လည်း ဒေသနာဂါမ် အာပတ်ဖြစ်အံ့၊ ဒေသနာဂါမ်ဖြင့် ကုသခြင်း။ ဝုဋ္ဌာနဂါမ်အာပတ်ဖြစ်အံ့၊ ဝုဋ္ဌာနဂါမ်ဖြင့် ကုသခြင်း။ ပါရာဇိကအာပတ်ဖြစ်အံ့၊ သိက္ခာသည်၏ အဖြစ်

သာမဏေ၏အဖြစ်ကို ဝန်ခံခြင်း။ ဤသို့ပြုသော ပုဂ္ဂိုလ်၏ သီလသည်လည်း ပါတိမောက္ခသံဝရသီလပင်မည်၏။

စက္ခုစသော ခြောက်ပါးသော ဣန္ဒြေကို မပျက်စေရအောင် ထိန်းသိမ်းစောင့်ရှောက်သော ရဟန်း၏သီလသည် ဣန္ဒြိယသံဝရသီလမည်၏။

ပြဆိုခဲ့ပြီးသော ထိုမိစ္ဆာဇီဝမှကြဉ်၍ တရားသဖြင့်ရသော ပစ္စည်းဖြင့်သာ အသက်မွေးသောရဟန်း၏ သီလသည် အာဇီဝပါရိသုဒ္ဓိသီလမည်၏၊ (တနည်း) အာဇီဝဟူသော အကြောင်းကြောင့်ပညတ်တော်မူအပ်ကုန်သော ခြောက်ပါးသော သိက္ခာပုဒ်တော်များကို စောင့်ရှောက်ထိန်း သိမ်းခြင်းကြောင့်ဖြစ်သော ရဟန်း၏သီလသည်လည်း အာဇီဝပါရိသုဒ္ဓိသီလမည်၏။ ၎င်းခြောက်ပါးကား– (၁) အာဇီဝ ဟူသောအကြောင်းကြောင့် ယုတ်မာသော အလိုရမ္မက်ရှိသည် ဖြစ်၍ အလိုဆိုးနှိပ်စက်သည်ဖြစ်၍ မိမိ၌ ထင်ရှားမရှိပဲ မဟုတ်မမှန်ပဲ ဈာန–လာဘီပုဂ္ဂိုလ် အရိယာပုဂ္ဂိုလ်တို့၏ မြတ်သော ဈာန်,ဝိမောက္ခစသော တရားကို ငါရ၏–ဟု သူတပါးအား ပြော၏၊ ထိုရဟန်းအား ပါရာဇိကအာပတ်သင့်၏။ ထိုအာပတ်သည် အာဇီဝဟူသော အကြောင်းကြောင့် သင့်သောအာပတ်မည်၏။ (၂) အာဇီဝဟူသော အကြောင်းကြောင့် အောင်သွယ်ခြင်းအမှုကိုပြု၏၊ ထိုရဟန်းအား သံဃာဒိသိသ်အာပတ်သင့်၏။ ထိုအာပတ်သည် အာဇီဝဟူသော အကြောင်းကြောင့် သင့်သောအာပတ်မည်၏။ (၃) အာဇီဝဟူသော အကြောင်းကြောင့်ဒါယကာတို့အား–"သင်၏ကျောင်း၌နေသော ရဟန်းသည် ရဟန္တာတည်း" ဟု သူတပါးကို ညွှန်းသကဲ့သို့ ဆို၏၊ ထိုစကားကို ထိုခဏ၌ ထိုသူတို့သိနားလည်သော်ထုလ္လစ္စဉ်း၊ မသိနားမလည်သော် ဒုက္ကဋ်အာပတ်သင့်၏၊ ထိုအာပတ်သည် အာဇီဝဟူသောအကြောင်းကြောင့်သင့်သော အာပတ်မည်၏။ (၄) အာဇီဝဟူသော အကြောင်းကြောင့် မနာမဖျားပဲလျက် ဆွေမျိုးမတော် မဖိတ်ကြားထားသော သူတို့ထံမှ ပဏီတဘောဇဉ်ကို တောင်း၍ စား၏၊ ထိုရဟန်းသည် ပါစိတ်အာပတ်သင့်၏။ ထိုအာပတ်သည် အာဇီဝဟူသော အကြောင်းကြောင့်သင့်သော အာပတ်မည်၏။ (၅)အာဇီဝဟူသောအကြောင်းကြောင့် မနာမဖျားပဲလျက် ဆွေမျိုးမတော် မဖိတ်ကြားထားသောသူတို့ထံမှ ထောပတ်, ဆီ, ပျားရည်, တင်လဲ, ငါး, အမဲ, နို့ရည်, နို့ဓမ်း တပါးပါးကို တောင်း၍စားသော ရဟန်းမိန်းမအား ပါဋိဒေသနီ အာပတ်သင့်၏။ ထိုအာပတ်သည် အာဇီဝဟူသောအကြောင်းကြောင့်သင့်သော အာပတ်မည်၏ ။(၆) အာဇီဝဟူသော အကြောင်းကြောင့် မနာမဖျားပဲလျက် ဆွေမျိုးမတော် မဖိတ်ကြားထားသော သူတို့ထံမှ ဟင်းကိုရင်း၊ ဆွမ်းကိုရင်း၊ တောင်း၍

စားသော ရဟန်းအား သူပေါဒန ဝိညတ္တိ ဒုက္ကဋ် အာပတ် သင့်၏။ ထိုအာပတ်သည် အာဇီဝဟူသော အကြောင်းကြောင့် သင့်သော အာပတ်မည်၏။ [ဤသိက္ခာပုဒ်ခြောက်ပါးတို့တွင် တပါးပါးသောသိက္ခာပုဒ်ကို မကျူး လွန်မူ၍ စောင့်ရှောက်သောရဟန်း၏ သီလကား အာဇီဝပါရိသုဒ္ဓိသီလတည်း။]

ထိုကုလဒူသန ဟူသောအကြောင်းကြောင့် ရသောပစ္စည်း၊ အနေသန ဟူ သော အကြောင်းကြောင့် ရသောပစ္စည်း၊ အမှတ်မရှိသော မြတ်စွာဘုရားစက် ဆုပ်ရွံရှာတော်မူအပ်သော အကြောင်းကြောင့်ရသော မစွည်းမှုတပါးသော တရားသဖြင့် ရသောပစ္စည်းကို ပစ္စဝေက္ခဏာဆင်ခြင်၍ သုံးဆောင်သော ရဟန်း၏ သီလသည် ပစ္စယသန္နိဿိတ သီလမည်၏။

ဤလေးပါးသော သီလ၏ အဆုံးအဖြတ်ကို ဤဆိုအပ်ခဲ့ပြီးသော နည်း ဖြင့် သိအပ်သောပုဂ္ဂိုလ်သည် မိမိသီလစင်ကြယ်သည်၏ အဖြစ်သို့ ရောက်စေ အပ်၏။ သီလစင်ကြယ်သောပုဂ္ဂိုလ်သည်မိမိသီလစင်ကြယ်သည်ကိုစွဲ၍ သေခါ နီးကာလ၌ နှလုံးသာရွှင်ခြင်းအဝိပ္ပဋိသာရီဖြစ်သည်။ သီလရှိသော ရဟန်းသည် မိမိ၏ သီလစင်ကြယ်သည်၏ အဖြစ်ကိုစွဲ၍ များစွာသောစည်းစိမ်အစုကို ရခြင်း၊ ကောင်းသော ကျော်စောသံရှိခြင်း၊ ပရိသတ်လေးပါးသို့ မရွံ့မရှား တင့် တယ်စွာဝင်ရခြင်း၊ သေသောအခါ ကြည်လင်သောစိတ်ဖြင့်သေရခြင်း၊ ခန္ဓာ ပျက်သည်မှ နောက်၌ သုဂတိဘဝသို့လားရခြင်း၊ ဤအကျိုး ငါးပါးတို့ကို ရသည်-ဟုဟောတော်မူ၏။ သီလမစင်ကြယ်သော ပုဂ္ဂိုလ်ကား မိမိသီလမစင် ကြယ်သည်ကိုစွဲ၍ သေခါနီးကာလ၌ နှလုံးမသာမရွှင်ခြင်း ဝိပ္ပဋိသာရီဖြစ်သည်။ ထိုစိတ်ဖြင့် စုတေသည်၏ အဆုံး၌ နိရယဂတိ ပေတဂတိ အားဖြင့် နှစ်ပါး သောဂတိတို့တွင် တပါးပါးသော ဂတိသို့လားရသည်ဟု ဟောတော်မူချေ သည်။ ထို့ကြောင့်အာပတ်ကိုယ်နှင့်မသေရအောင် အားထုတ်ရာသည်။

အကြင်ရဟန်းသည် သံဃာဒိသိသ်အာပတ်ရှိလျက် ထိုသံဃာဒိသိသ်အာပတ် ကို ဝုဋ္ဌာနကံမပြုရသေးပဲ သေလျှင်ငင်း၊ ထုလ္လစ္စည်းစသော လဟုကအာပတ်ရှိ လျက် ထိုလဟုကအာပတ်ကိုဒေသနာကံမပြုရသေးပဲ သေလျှင်ငင်း၊ ပါရိက်သင့် လျက် ထိုပါရိက်ကို ပါရိက်အလျောက် ကံမပြုရသေးပဲ သေလျှင်ငင်း ထိုရဟန်း သည် အာပတ်ကိုယ်နှင့်သေသည်မည်၏၊ ကံအလျောက်ပြုပြီးမှ သေမူကား အာပတ်ကိုယ်နှင့်မသေသည်မည်၏။ ပါရိက်သင့်သောသူသည် ငါရဟန်းမဟုတ် ဟု ဝန်ခံခြင်း၊ သာမဏေဘုံသီတင်းသည့်ဘုံ၌တည်ခြင်းသည် ပါရိက်အလျောက် ကံပြုသည်မည်၏။ သို့ပါလျက် ယခုအခါ ရဟန်းသေလျှင် ရွှေမည်မျှ ကျန်သည်၊ ငွေမည်မျှကျန်သည်၊ ငွေတိုးမည်မျှ ချခိုင်းထားသည်-ဟူသောသတင်းဆိုးထွက်

ပေါ်လေ့ရှိသည်။ ဤသို့သောအဖြစ်မျိုးနှင့်သော်လျှင်ကား အာပတ်ကိုယ်နှင့်သေသည်မည်၏။ အဘယ်ကြောင့်နည်းဟူမူ ရွှေငွေသည် နိဿဂ္ဂိယဝတ္ထုဖြစ်၍ ၎င်းတို့ကို စွန့်ပြီးမှ ဒေသနာကံကိုပြုသော်သာ ထိုအာပတ်စင်၏။ မစွန့်ပဲ လျက် ဒေသနာကံပြုသော် ထိုအာပတ်မှ မထ-ဟူသောကြောင့်တည်း။

နိဿယည်းကင်း၍ နေထိုက်သောအင်္ဂါနှင့် မပြည့်စုံပဲ နိဿယည်းကင်း၍ နေသောကြောင့် သင့်သောအာပတ်၊ ဥပဇ္ဈာယ်ပြုထိုက်ပရိသတ်မွေးထိုက်သော အင်္ဂါနှင့်မပြည့်စုံပဲ ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးမိသောအာပတ်၊ ဥပဇ္ဈာယ်ပြု၍ သာမဏေပြုပေးမိသောအာပတ်၊ ဥပဇ္ဈာယ်ဆရာ-နိဿယည်းဆရာပြု၍ပရိသတ်မွေးသောအာပတ်စသည်တို့နှင့် သော်လျှင်လည်း အာပတ်ကိုယ်နှင့် သေသည်မည်၏။

အာပတ်-ဟူသည် ပညတ်တော်ဖြစ်သည်။ ဒေသနာကံ ဝုဋ္ဌာနကံ အာဝိကရဏတို့လည်း ပညတ်တော်ဖြစ်သည်။ ပညတ်တော်ဖြစ်၍ ပညတ်တော်ချင်းချေ၍ ကြေလေသည်-ဟုအကျဉ်းသိ။အချို့အာပတ်သည် အကုသိုလ်ကြောင့်ဖြစ်၏၊ အချို့သော အာပတ်သည် ကုသိုလ်ကြောင့်ဖြစ်၏၊ အချို့သော အာပတ်သည် အဗျာကတကြောင့်ဖြစ်၏၊ ကုသိုလ် အာပတ် ဟူ၍ မရှိ။ ထို အာပတ်ကို ဒေသနာကံ ဝုဋ္ဌာနကံ မပြုရသေးသော်လည်း အာဝိကရဏ ပြုသည်ရှိသော်"အာဝိကတာ ဟိဿ ဖာသု ဟောတိ"ဟူသော ကြောင့် သဂ္ဂန္တရာယ် မဂ္ဂန္တရာယ် မဖြစ်။ဒေသနာကံ အာပတ်ကို ဒေသနာမှု မပြုရသေး၊ ဝုဋ္ဌာနကံ အာပတ်ကို ဝုဋ္ဌာနကံ မပြုရသေး၊ ပါရိက်အာပတ်ကို ငါရဟန်း မဟုတ်ဟု ဝန်မခံရသေး၊ ထိုဂရုက အာပတ် လဟုက အာပတ်တို့ကို အာဝိက ရဏသော်လည်း မပြုရသေးအံ့၊ အာပတ်ကိုယ်နှင့် သေသည် မည်၏။ [အဟံ ဘန္တေ သဗ္ဗာ အာပတ္တိယော အာဝိကရောမိ-ဟု ဆိုကြသည်ကား ဂရုက် အာပတ် လဟုက် အာပတ်တို့ကို အာဝိကရဏပြုသည် မည်၏။ဤသို့ ဆိုသည် ကိုပင် အာဝိကရဏပြုသည်—ဟူ၍သိ။]

နှိုးဆော်ချက်။ ။ရဟန်းတော်များကို လူမျိုးကွဲ ဘာသာကွဲတို့ကသာ မဟုတ်၊ ခေတ်ပညာတတ် မြန်မာလူမျိုး အချို့ကပင် အထင်သေးတတ်ကြ၏။ အကြောင်းကို ရှာသော် ရဟန်းတော် အများအပြားသည် ဝိနည်းတော် အတိုင်း မကျင့် ကြံကြ၍ ကုသိုလ် ရေးအတွက် မဟုတ်၊ ဝမ်းရေး အတွက် သာသနာ့ ဘောင်သို့ ဝင်ကြသည်ဟု သူတကာ ယူဆလေအောင် ဖန်တီးရာ ကျသောကြောင့်ဖြစ်သည်—ဟူ၍ တွေ့ရှိပါသည်။ သို့ဖြစ်၍ ဝိနည်း ဘော်ကို လေးစားတော်မူကြပါ။ သို့မှသာလျှင် ရဟန်းတော်များသည်ဝမ်း

ရေးအတွက် မဟုတ်၊ ကုသိုလ်ရေးအတွက် ရဟန်းဘောင်သို့ ဝင်ကြသည်ဟု ပြရာရောက်မည်။ ၎င်းတို့၏ အဆင့်အတန်းသည်လည်း အလိုလို အထွတ်အထိပ်သို့ရောက်မည်၊ သာသနာတော်သည်လည်း ကမ္ဘာတဝန်းလုံး၌ နေလကဲ့သို့ ထွန်းလင်းတောက်ပပေလိမ့်မည်။ [ရဟန်းကောင်း ရဟန်းမြတ် ဖြစ်ရလေအောင် ဤအချက်ကြီး ၁၅ ချက်အတိုင်း ကျင့်ကြံတော် မူကြပါကုန်။ ၎င်းတို့ကား-(၁) ဝိနည်း ၌လည်း ကျစ်ကျစ်လစ်လစ်ရှိ၍ တရားထူးတရားမြတ်ကိုလည်း ပါရမီအလျောက် သိမြင်အောင် ကြိုးစားရမည်၊ (၂) ဖြောင့်မတ်ရမည်၊ (၃) စိတ်ကောင်းရှိရမည်၊ (၄) ဆုံးမလွယ်ကူစေရမည်၊ (၅) သိမ်မွေ့ရမည်၊(၆) မာနမရှိရ၊(၇) လာဘ်လာဘကို မတောင့်တရ၊(၈) ရှိသမျှနှင့် တင်းတိမ်ရမည်၊ (၉) ကိစ္စနည်း ရမည်၊ (၁၀) ပေါ့ပါးလျင်မြန်စွာ သွားလာနိုင်အောင် ပစ္စည်းနည်းနိုင်သလောက် နည်းစေရမည်၊ (၁၁) အစဉ်သဖြင့် ငြိမ်သက်တည်ကြည်သော ဣန္ဒြေရှိရမည်၊ (၁၂) ဆင်ခြင်တုံတရားရင့်သန်ရမည်၊ (၁၃) ရိုင်းစိုင်းသောအမူအရာတွေ မရှိရ၊ (၁၄) ဒါယကာ ဒါယိကာမတို့ အပေါ်၌ ငြိတွယ်ခြင်း မရှိရ၊(၁၅) ပညာရှိသူတော်ကောင်းတို့ ကဲ့ရဲ့ ပြစ်တင်စရာ ဆိုလျှင် အသေးအဖွဲ့ကလေးကိုပင် မပြုရ-ဟူ၍ ဖြစ်သည်။]

**စာရေးသူ၏အလို။** ။စာရေးသူ၏ အလိုမှာ ဂိုဏ်းစွဲ ပုဂ္ဂိုလ်စွဲ မထားပဲ သီလစင်ကြယ်သော ပုဂ္ဂိုလ် ဟူသမျှတို့ကို တဦးနှင့်တဦး သားနှင့်အဘ၊ ညီရင်းအစ်ကိုတို့ကဲ့သို့ ပေါင်းသင်းဆက်ဆံ စေလိုပါ၏၊ ရဟန်းတော်များ၏ အဆင့်အတန်းကိုလည်း မြင့်စေလိုပါ၏။ [ရဟန်းတော်များ၏ အဆင့်အတန်းသည် သီလ၏ အပေါ်၌ တည်နေ၍ ဝိနည်းသိက္ခာပုဒ်တော်ကို မလေးစားမလိုက်နာ မကျင့်သုံးဟု ဆိုလျှင် ရဟန်းတော်များ၏ အဆင့်အတန်းသည် အဘယ်မှာမြင့်တက်နိုင်ပါတော့ အံ့နည်း၊ သို့ဖြစ်၍ ဝိနည်းတော်ကို လေးစားတော်မူကြပါကုန်။]

လဇ္ဇီနှင့် အလဇ္ဇီ ပြီးပြီ။

---

## ၂၆။ ။ဒမြကြီး ၅ မျိုး

၁။ ရဟန်းတပါးသည် ''ရာထောင်များစွာ တပည့်ပရိသတ် ခြံရံလျက် မြို့ရွာများကို လှည့်လည်ကာ ဒါယကာ ဒါယိကာမတို့၏ အပူဇော်ကို ဘယ်တော့များ ခံရပါမလဲ''ဟု ကြံစည်၍ ထိုကဲ့သို့ အပူဇော် ခံရအောင် ကြိုးစားအားထုတ်သဖြင့် အပူဇော်ခံရ၏၊ ထိုသူသည်

သာသနာတော်ကြီးပွားရေး သတ္တဝါတို့ အကျိုးများရေးကို မရည်ရွယ်ပဲ သာသနာတော်မှီပြီး မိမိ ကြီးကျယ်ခမ်းနားရေး ကိုသာ ရည်ရွယ်၍ အားထုတ်သော ပဌမ သူခိုး ဒမြတည်း။

၂။ ရဟန်းတပါးကား ဘုရားဟောအပ်သော တရားတော်ကို သူကိုယ်တိုင် ကြံစည်၍ သိသကဲ့သို့ ပြော၍တရားတော်ကို ခိုးယူ၏၊ ထိုသူလည်း ဒုတိယသူခိုး ဒမြတမျိုးပင်တည်း။

၃။ ။ရဟန်းတပါးကမူ သီလစင်ကြယ်သောရဟန်းတော်ကို သီလ မစင်ကြယ်သောသူဟု စွပ်စွဲ၏၊ ထိုသူလည်း တတိယသူခိုး ဒမြတမျိုးပင်တည်း။

၄။ ။ရဟန်းတပါးကား သံဃိကပစ္စည်းဖြစ်သော ကျောင်းမှစ၍ မြက်ဝါးတိုင်အောင် ပစ္စည်းများကို လူတို့အား ပေး၏၊ ထိုသူလည်း သူခိုးဒမြ တမျိုးပင်တည်း။

၅။ ။ရဟန်းတပါးကမူ မိမိမှာ မရှိသော စျာန်မဂ်ဖိုလ်တရားကို ရှိဟန်ဆောင်၍ လူတို့အား ပြောဆို၏၊ "ထိုသူကား တယောက် နှစ်ယောက်ကိုသာမက တလောကလုံးကို လိမ်ရာ ကျသောကြောင့် အကြီးဆုံး သူခိုးဒမြတည်း"ဟု ဒမြသူခိုး ငါးမျိုးကို ခွဲခြားဟောတော်မူ၏။

ဒမြကြီး ၅ မျိုး ပြီးပြီ။

---

## ၂၇။ ။ပုဂ္ဂိုလ် ၄ မျိုး

ဤသာသနာတော်၌ ပုဂ္ဂိုလ် ၄ မျိုးရှိ၏။ ၎င်းတို့ကား–(၁) လဇ္ဇီသူတော်ကောင်း၊ (၂)လဇ္ဇီသူယုတ်မာ၊ (၃) အလဇ္ဇီသူတော်ကောင်း၊ (၄) အလဇ္ဇီသူယုတ်မာတို့တည်း။ ထိုလေးယောက်တို့တွင် ဝိနယ ကုက္ကုစ္စရှိတတ်၍ ဣဿာ, မစ္ဆရိယ, မာယာ, သာဌေယျ စသည်နည်းပါး ရိုးသား ဖြောင့်မတ်သူသည် လဇ္ဇီသူတော်ကောင်းမည်၏။ ဝိနယ ကုက္ကုစ္စရှိတတ်၍ ဣဿာ, မစ္ဆရိယ, မာယာ, သာဌေယျ စသည်များပြားသောသူသည် လဇ္ဇီသူယုတ်မာမည်၏။ ဝိနယ ကုက္ကုစ္စမရှိတတ်သော်လည်း ဣဿာ, မစ္ဆရိယ, မာယာ, သာဌေယျ စသည်နည်းပါး၊ ရိုးသားဖြောင့်မတ်၍ မိမိပင် မကျင့်နိုင်စေကာမူ ကျင့်သူကိုအားပေး၊ အမှန်ကို ရေးသားပြောဆိုတတ်သော သူသည် အလဇ္ဇီသူတော်ကောင်းမည်၏။ ဝိနယ ကုက္ကုစ္စလည်း မရှိ၊ သိက္ခာပုဒ်တော်ကို လွန်ကျူးကျော်နင်းရန်လည်း ဝန်မလေး၊ ဣဿာ, မစ္ဆရိယ,မာယာ, သာဌေယျ စသည်ပေါ

များ၊ ရှိးသားဖြောင့်မတ်ခြင်းလည်း မရှိ၊ မိမိလည်း မကျင့်၊ သူတပါးကျင့်သည်ကိုလည်း အပြစ်ဆို၊ ကိုယ်လိုရာသို့ဆွဲ၊ သူတော်ကောင်းကိုဆဲ၍ မဟုတ်မတရား ရေးသားပြောဆိုတတ်သောသူသည် အလဇ္ဇီသူယုတ်မာ မည်၏။ ထိုလေးယောက်တို့တွင် အနဝဇ္ဇသမန္တဘဒြဖြစ်သော လဇ္ဇီသူတော်ကောင်းဖြစ်ရန် မိမိစိတ်ကို သန်သန်ကြီး ထားသင့်ပေသည်။

**နှိုးဆော် သတိပေးချက်။** ။ဝိနယကုက္ကုစ္စကား ရှိ၏။ သို့သော် ပုထုဇဉ်တို့၏စိတ်သည် များသောအားဖြင့် ယုတ်မာ၍ မနာလို ဝန်တိုသော သဘောရှိ၏။ ထို့ကြောင့် သူများထက်သာအောင် နာမည်ကြီးအောင် ဆင်းရဲခြိုးခြံစွာကျင့်တတ်၏။ ဤသို့ပြုသဖြင့် အသက်မွေးခြင်းသည် အမြင်အားဖြင့် ကျစ်ကျစ်လစ်လစ်ရှိလှ၍ ကြည်ညိုဖွယ်ကောင်းသော်လည်း အတွင်းစိတ်ထား မရှိုးသားသောကြောင့် မိစ္ဆာဇီဝဖြစ်၍ ဒုက္ကဋ်အာပတ်ကို စုသည်နှင့်တူ၏၊ (ဝါ) အပါယ်သို့သွားဖို့ စရိတ်စုသည်နှင့်တူ၏။ သို့ဖြင့်ရသော ဆွမ်း, သင်္ကန်းစသော ပစ္စည်းများကို အခြားပုဂ္ဂိုလ်တို့အား လှူခြင်းသည် ဒုက္ကဋ်အာပတ်ကို ပေးဝေသည်နှင့်တူ၏။ အဘယ်ကြောင့်ဆိုသော် မိစ္ဆာဇီဝဖြင့်ရသော ပစ္စည်းများကို သုံးစွဲသူတိုင်း ဒုက္ကဋ်အာပတ်သင့်သောကြောင့်တည်း။

ကိုယ့်အတွက်နှင့် သူတပါးအား အပြစ်မဖြစ်ပါစေနှင့်။ မနာလိုဝန်တိုသော စိတ်ကိုလည်း မမွေးလေလင့်။ ရိပ်သာ အချင်းချင်း ကျောင်းအချင်းချင်း သိတင်း သုံးဘော် အချင်းချင်း ကိုလည်း ညီရင်း အစ်ကိုကဲ့သို့ သဘောထားပါ။ ယှဉ်ပြိုင်အနိုင်ယူလိုသောစိတ်ဖြင့် ဘယ်အရာကိုမှမပြုလေလင့်၊ ပြုလျှင်ပြုသမျှ အပြစ်တိုးပွါး၍ သေသောအခါ ငရဲသို့သာ လားချိမ့်မည်။ ဤပုဂ္ဂိုလ်မျိုးကို လဇ္ဇီသူယုတ်မာ-ဟုခေါ်၏။ ဤပုဂ္ဂိုလ်ထက် အလဇ္ဇီသူတော်ကောင်းက မြတ်သေး၏။ မိမိ၏အကြောင်းကို မိမိသာလျှင် အသိဆုံးဖြစ်၍ မိမိသည် လဇ္ဇီသူတော်ကောင်း ဟုတ်သည်-မဟုတ်သည်ကို မိမိပင်ဆုံးဖြတ်၍ သူတော်ကောင်းမဟုတ်သေးလျှင် ဟုတ်အောင်ပြုပြင်ပါလေ။ ။ဆိုဦးအံ့။ ။မိမိ၏ ပင်ကိုယ်စိတ်သည်ရိုးသား၏။သို့ရာတွင် အခြားပုဂ္ဂိုလ်တို့ ကျင့်သုံးဆောက်တည် သကဲ့သို့ မိမိက လိုက်မလုပ်လျှင် သူများအထင်သေးမည်စိုး၍ ထိုပုဂ္ဂိုလ်တို့ကဲ့သို့ ဘာဝနာ, ဓုတင်စသည်တို့ကိုလိုက်၍ အားထုတ် ဆောက်တည်ငြားအံ့၊ မိမိသည် ထိုသူတို့နှင့်ယှဉ်ပြိုင်ရာလည်းကျသည်၊ အထင်ကြီးအောင် ပြုရာလည်း ရောက်သည်-ဟူ၍ သတိပေးလိုပါ၏။ အမှန်မှာ ရိုးသားသောစိတ်ဖြင့် အားထုတ်ဆောက်တည်ခြင်းကိုသာလျှင် ဘုရားရှင် ချီးမွမ်းတော်မူ၏။ ထိုသို့စိတ်ကို မထိန်းနိုင်လျှင်ကား မဆောက်တည်လေလင့်၊ ဆောက်တည်ခြင်းထက် မဆောက်

တည်ပဲ နေခြင်းကပို၍ မြတ်သေး၏။ (ဆောက်တည်ခြင်းကြောင့် အပြစ်ဖြစ်သည်၊ မဆောက်တည်ခြင်းကြောင့် အပြစ်မဖြစ်-ဟူလို)။ အတုခိုးသင့်သော အလုပ်မျိုးဟူ၍အမြင်မှန်ရသဖြင့် လိုက်လုပ်ခြင်းမျိုးကို မဆိုလိုပါ၊ ဤသို့လိုက်လုပ်သူကို လှိုက်လှိုက်လှဲလှဲချီးကျူးပါ၏။]

ထို့ကြောင့် လဇ္ဇီသူတော်ကောင်းဖြစ်အောင် စိတ်ကို အဖန်ဖန် ဆုံးမနိုင်၍ ရှိုးသားဖြောင့်မတ်သော စိတ်ဖြင့်ခုရ (၂) ပါးကို အစွမ်းကုန် ပွားများအားထုတ်နိုင်ကြပါစေသော်။

ပုဂ္ဂိုလ် ၄ မျိုးပြီးပြီ။

---

## ၂၈။ နိဿယ မုစ္စကအမြွက်

## ငါးဝါတွင်းဝယ်၊ ဥပဇ္ဈာယ်၊ မှီတွယ်မကင်းရာ။

အဓိပ္ပါယ်။ ။ရဟန်းဖြစ်ပြီးသည်မှ ၅-နှစ်အတွင်း၌ ဥပဇ္ဈာယ်ဆရာ, နိဿယည်းဆရာ ၂ ပါးတို့တွင် ၁-ပါးပါးကိုမှီတွယ်၍သာ နေရသည်။ မိမိဥပဇ္ဈာယ်ဆရာနေသော တိုက်တာမှထွက်ခွါ၍ တပါးသောတိုက်တာ၌ နေသောအခါ နိဿယည်းဆရာ အင်္ဂါမြောက်သော ဝိနည်းဓိုရ်ပုဂ္ဂိုလ်ထံမှာ နိဿယည်းယူ၍ နေရသည်။ ထိုသို့ယူရာ၌လည်း အာရာမ်ပရိဝုဏ်ခြား၍ မနေအပ်၊ နေသော် ဒုက္ကဋ်အာပတ်နေ့တိုင်း နေ့တိုင်းသင့်၏။ [ဤကိုထောက်၍ ကြောက်ကြကုန်၊ အလွယ်မမှတ်လင့်။] အာရာမ်ရှိက အာရာမ်ဖြင့်ပိုင်းခြား၊ အာရာမ်မှ ပြင်ဘက်၌ဖြစ်သော်၎င်း၊ အာရာမ်မရှိသော်၎င်း ခဲ ၂ ပစ်ဖြင့်ဆုံးဖြတ်ရမည်သာ။

နိဿယည်းယူပုံ။ ။အာစရိယော မေ ဘန္တေ ဟောဟိ၊ အာယသ္မတော နိဿာယ ဝစ္ဆာမိ။ ။ဒုတိယမ္ပိ။ တတိယမ္ပိ။ [သုံးခေါက်]။ အရှင်မြတ်ဘုရား, သက်တော်ရှည်သော အရှင်မြတ်ဘုရားသည် ဘုရားတပည့်တော်၏ မှီခိုစရာ နိဿယည်းဆရာသည် ဖြစ်တော်မူပါဘုရား။ အရှင်မြတ်ဘုရားကိုမှီ၍ နေပါအံ့ဘုရား။ [ဥပဇ္ဈာယ်ယူပုံကို 'ရဟန်းခံခြင်း အစီအစဉ်- ဥပသမ္ပဒကံဆောင်ခဏ်း- တပါးအတွက်'၌ ကြည့်။]

သာဟု (ကောင်းပြီ) ဟူ၍၎င်း၊ လဟု (ငါ့အားဝန်မလေး) ဟူ၍၎င်း၊ ဩပယိကံ (ငါ၏ တာဝန်ပေ) ဟူ၍၎င်း၊ ပတိရူပံ (သင့်တင့်၏) ဟူ၍၎င်း၊ ပါသာဒိကေန သမ္ပာဒေဟိ(ကြည်ညိုဖွယ်ကို ဆောင်သော ကိုယ်အမူအရာ, နှုတ်အမူအရာအားဖြင့် သိက္ခာသုံးရပ် သာသနာတော်မြတ်ကို ပြည့်စုံစေလော့) ဟူ၍၎င်း၊ ဤငါးရပ်သောစကားတို့တွင် တရပ်ရပ်ဖြင့် ဆရာကဆိုလေ။

တပည့်က **"အာမ ဘန္တေ-ပြည့်စုံစေပါမည်ဘုရား"** ဟုဆို။

**ဆရာက ခွင့်လွှတ်သောစကားကို မိန့်ကြားပုံ။** ။ဆရာ၏အပေါ်၌ ပြုသင့်ပြုထိုက်သော ဝတ်ကြီးဝတ်ငယ်တို့ကိုမပြုမူ၍ချမ်းသာစွာဖြင့် ပရိယတ်, **ပဋိပတ်** တို့ကို ပွားများအားထုတ်၍နေထိုင်လေ။ [နိဿယည်းဆရာ၌ပြုရန် ကျင့်ဝတ်ကို 'ဝိနည်းမဟာဝဂ်ပါဠိတော် (မြန်မာပြန်) အပိုဒ် ၇၀' ၌ကြည့်။]

**တပည့်က ခွင့်လွှတ်သောစကားကို လျှောက်ကြားပုံ။** ။အရှင်မြတ်ဘုရား, အရှင်မြတ်ဘုရားသည် ဘုရားတပည့်တော်၏ အပေါ်၌ ပြုသင့်ပြုထိုက်သော ဝတ်ကြီးဝတ်ငယ်တို့ကို မပြုမူ၍ ချမ်းသာသက်သက် ကြောင့်ကြမဲ့နေတော်မူပါ ဘုရား။ [တပည့်အပေါ်၌ပြုရန် ကျင့်ဝတ်ကို 'ဝိနည်းမဟာဝဂ် ပါဠိတော် (မြန်မာပြန်) အပိုဒ် ၇၉' ၌ ကြည့်။]

**မှတ်ချက်။** ။အလဇ္ဇီရဟန်းကို မှီ၍နေအံ့၊ ဒုက္ကဋ်အာပတ်သင့်၏။ ဝိနည်း၌ မသိမလိမ္မာသောရဟန်းသည်လည်း နိဿယည်းပေးအံ့၊ ဒုက္ကဋ် အာပတ်သင့်၏။ [ဝိနည်း မဟာဝဂ် ပါဠိတော်(မြန်မာပြန်) အပိုဒ် ၁၂၀-အလဇ္ဇီ နိဿယ ဝတ္ထုများ။] ဤအဆိုတို့ကို ထောက်သောအားဖြင့် လဇ္ဇီလည်းဖြစ်၍ ဝိနည်း၌လည်း ကျွမ်းကျင်လိမ္မာသောပုဂ္ဂိုလ်ကို မှီ၍နေရမည်—ဟူ၍ သိအပ်၏။

**သတိ။** ။ယခုအခါ တဝါရ နှစ်ဝါရမျှနှင့် ကျောင်းထိုင်ဘုန်းကြီး လုပ်ကြသည်။ တပည့်တပန်း အများမွေးကြသည်။ တပည့် ရဟန်း သာမဏေတို့ ဝတ်ကြီးဝတ်ငယ်ပြုသည်ကို သာယာကြသည်။ ဝိနည်းသိက္ခာပုဒ်၌ မသိမလိမ္မာပဲ ငါးဆယ်ဝါရပြီ, ဝါတော်နှစ်ဆယ် ရပြီဟု ဥပဇ္ဈာယ်ပြု၍ သူ့ကို သာမဏေ ပြုပေးကြသည်။ ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးကြသည်။ သာမဏေကို လိင်ပေးကြသည်၊ ဥပဇ္ဈာယ်ယူစေကြသည်ကား မှားကြလေသည်သာ။ ဝိနယ၏ အနက်အဓိပ္ပါယ်ကို ကိုယ်တိုင်သိ မမြင်ပဲလျက် ပရိသတ်ထိန်း၍ သူများကို ဆုံးမသဖြင့် အဘယ်မှာ ဝိနည်းသိက္ခာပုဒ် မပျောက်မပျက်ပဲ ရှိနိုင်ပါတော့အံ့နည်း။ တောင်ကိုမေးလျှင် မြောက်ကို, မြောက်ကိုမေးလျှင် တောင်ကို, ပိန္နဲကိုမေးလျှင် သရက်ကို, သရက်ကိုမေးလျှင် ပိန္နဲကို ဖြေကြားသကဲ့သို့သာ ဖြစ်ရာသည်။ ဖြစ်က အကျိုးမနည်းပြီလော။ လျှာကိုထိကာမျှ လျှာ အတုံးအတုံးပြတ်၍သေစေတတ်သော ဆေးပင်ကို ရေသွန်း၍ ပျိုးသောယောကျ်ားကဲ့သို့ မဖြစ်ရာပြီလော။ အဆိပ်ထန်သောမြွေကို အစာပေး၍ မွေးသော ယောကျ်ားကဲ့သို့ မဖြစ်ရာပြီလော။ မိမိ၏အသက်အန္တရာယ်ကိုသာ ရှာသောရန်သူကို အတွင်းထား၍ မွေးမြူသော ယောကျ်ားကဲ့သို့ မဖြစ်ရာပြီလော။ ထို့ကြောင့် ပရိသတ် မမွေးထိုက်ပဲ ပရိသတ် မမွေးပါလေလင့်။ ဥပဇ္ဈာယ်ပြု၍ သူ့ကို ပဉ္စင်းခံမပေးထိုက်ပဲ သာမဏေမပြုပေး

ထိုက်ပဲ သာမဏေ အလုပ်အကျွေးကို မခံထိုက်ပဲ မခံပါလေလင့်။ တစ္ဆေသံဘက် ထူသော်လည်း မျက်မမြင်သည် တစ္ဆေကို မကြောက်၊ သံဘက်ကို မကြောက် သကဲ့သို့ ဘုရားဝိနည်းတော်ကို မသိသော ရဟန်းသည်လည်း ရောက်အံ့သည့် အပြစ်ကို မကြောက်။ "သောကော ရောဂေါ ဝိနယာတု" နှင့်သာ ကာလ မြင့်စွာ ကိုယ်ကို အကျော်အစော ဖြစ်စေခြင်းငှာသာ အားထုတ်ကြခြင်းသည် ပပဉ္စမွသာ ဖြစ်ချေသည်။ သိကြပါ၊ ဆင်ခြင်ကြပါ။ [တဏှာ-မာန-ဒိဋ္ဌိ၊ ဤ တရားသုံးပါးသည် သံသရာကို ချဲ့တတ်ရကား ပပဉ္စ ဓမ္မ မည်၏။]

ဝိနည်း၌ မလိမ္မာသောရဟန်းသည် အသက်ထက်ဆုံးနိဿယည်းဆရာ ဥပဇ္ဈာယ် ဆရာကို မှီ၍သာလျှင် အသက်ရှင်၏။ ထို့ကြောင့် မိမိထက် သိတင်း သိက္ခာ ကြီးသောဆရာကို မရနိုင်လျှင် သိတင်းသိက္ခာငယ်သော နိဿယည်း ဆရာထံ၌ပင် သော်လည်း မိမိသည် ဝါတော်ခြောက်ဆယ်ရှိသည်မှုလည်း ဖြစ်စေ၊ ဝါတော် ခုနစ်ဆယ် ရှိသည်မှုလည်း ဖြစ်စေ၊ ဆောင့်ကြောင့်ထိုင်၍ လက်အုပ်ချီ၍ "အာစရိ ယော မေ အာဝုသော ဟောဟိ၊ အာယသ္မတော နိဿာယ ဝစ္ဆာမိ" ဟု ဆို၍ နိဿယည်း ယူအပ်၏။ [သီလဝိ သောဓနီကျမ်း။]

**ဖဲ့, ပြောင်း, ထွက်, သေ၊ နှင်ထုတ်ချေ၊ ငြိမ်းလေ နိဿယည်း။**

နိဿယည်း ငြိမ်းပုံ။ ။(၁) ဥပဇ္ဈာယ်ဆရာ အရပ်တပါးသို့ အပြီးဖဲသွား ခဲ့သော်ငြင်း၊ (၂) တိတ္ထိဘောင်သို့ ပြောင်းသွားခဲ့သော်ငြင်း၊ (၃) လူထွက်ခဲ့ သော်ငြင်း၊ (၄) သေဆုံးခဲ့သော်ငြင်း၊ (၅) တပည့်ဖြစ်သူရဟန်းကို ဥပဇ္ဈာယ် ဆရာက နှင်ထုတ်ခဲ့သော်ငြင်း ဥပဇ္ဈာယ်နှင့်စပ်သော အမှီပျက်၏။

နိဿယည်းယူ၍ နေရာမှာလည်း နိဿယည်းဆရာ ဇပြီးအပြတ် ဖဲသွားခြင်း စသည့် ၅ ပါးတွင် မိမိဥပဇ္ဈာယ် ဆရာရင်းနှင့် တွေ့ဆုံမှုကိုထည့်၍ အမှီပျက် အင်္ဂါ ၆ ပါးရှိ၏။ [တွေ့ဆုံမှု—ဟူရာ၌ ဥပဇ္ဈာယ်ဆရာနှင့် တွေ့ဆုံမှ သာလျှင် နိဿယည်း အမှီပျက်သည်မဟုတ်၊ ၎င်း၏အသံကို ကြား၍ မိမိဥပဇ္ဈာယ် ဆရာ၏ အသံပင်တည်းဟု သိရုံမျှဖြင့်လည်း နိဿယည်း အမှီပျက်သည်–ဟုဆိုလိုသည်။ ။ အကျယ်သိလိုမူ မဟာဝါ ဘာသာဋီကာ၊ နှာ ၁၃၅, ၁၃၆ တို့၌ ရှုတော်မူ ကြပါကုန်။]

မိမိသည် နိဿယည်းဆရာ ဥပဇ္ဈာယ်ဆရာထံမှ ညဥ့်အိပ် အရပ်တပါးသို့ သွားသော်ငြင်း၊ နိဿယည်းဆရာ ဥပဇ္ဈာယ်ဆရာ သွားသော်ငြင်း နိဿယည်း ပျက်သည်။ နိဿယည်း အသစ်ယူရပြန်သည်။ ညဥ့်ပင်မအိပ်သော်လည်း ညဥ့်အိပ် သွားအံ့ ဟူ၍ငြင်း၊ တလကြာသွားအံ့ ဟူ၍ငြင်း၊ မလာပြီဟူ၍ငြင်း သွားသည်

ရှိသော် ဥပစာသိမ် ပရိဝုဏ်ကို လွန်ကတည်းကပင် ယူထားသောနိဿယည်း ပျက်၏။ မသွားလို၍ ထိုနေ့ပြန်လာသော်လည်း မစောင့်ပြီ။ နိဿယည်းအသစ် ယူ၍နေရမည်သာ။

ဝါတွင်း၌သာလျှင် မဟုတ်၊ ဝါပ၌လည်း ဥပဇ္ဈာယ် ဆရာ နိဿယည်း ဆရာနှင့် ကင်း၍ မနေအပ်-ဟု အောက်ပါ အချက်လေးချက်တို့ကို ထောက် သောအားဖြင့် သိတော်မူကြပါကုန်။

ဥပဇ္ဈာယ်ဆရာ လူထွက်သော်ငင်း၊ သေဆုံးသော်ငင်း၊ တိတ္ထိဘောင်သို့ ပြောင်းသွားသော်ငင်း ဥပဇ္ဈာယ် ဆရာနှင့်စပ်သော အမှီပျက်၏။ထို့ကြောင့် နိဿယည်းပေးတတ်သော ဆရာရှိရာသို့ ထိုနေ့၌ပင် သွားအပ်၏-ဟုအောက်ပါ ပါဠိဖြင့် မဟာခန္ဓက၌မဟာဝါအဋ္ဌကထာ ဆရာ ဆို၏။[ဝါတွင်းဝါပ-ဟူ၍ ခွဲခြား၍ မဆိုပါ၊ ဤသို့မဆိုသည်ကို ထောက်လျှင် ဝါတွင်းဝါပ နှစ်ခုလုံး ကို သိမ်းကျုံး၍ ဆိုသည်-ဟူ၍ သိအပ်၏။]

**ပဌမအချက်**။ ။ဝိဗ္ဘန္တေပန ကာလင်္ကတေ ပက္ခသင်္ကန္တေ ဝါ ကေ- ဒိဝသမ္ပိ ပရိဟာရော နတ္ထိ။ ယတ္ထ နိဿယော လဗ္ဘတိ၊ တတ္ထ ဂန္တဗ္ဗံ။ ။ပန၊ ဆက်ဦးအံ့။ ဝိဗ္ဘန္တေ၊ ဥပဇ္ဈာယ် ဆရာလူထွက်သည်ရှိသော်။ ဧကဒိဝသမ္ပိ၊ တနေ့မျှလည်း။ ပရိဟာရော၊ အာပတ် မသင့်အောင် ရှောင်လွှဲကြောင်း အစီအရင်သည်၊(ဝါ)အစောင့်အရှောက်သည်။နတ္ထိ၊ မရှိ။ ကာလင်္ကတေ ဝါ၊ သေခဲ့သော်ငင်း။ ပက္ခသင်္ကန္တေဝါ၊ တိတ္ထိဘောင်သို့ ပြောင်းသွားခဲ့သော်ငင်း။ ဧကဒိဝသမ္ပိ၊ တနေ့မျှလည်း။ ပရိဟာရော၊ အာပတ်မသင့်အောင် ရှောင်လွှဲ ကြောင်း အစီအရင်သည်၊(ဝါ) အစောင့်အရှောက်သည်။ နတ္ထိ၊ မရှိ။ယတ္ထ၊ အကြင်ကျောင်း၌။ နိဿယော၊ နိဿယည်းကို။ လဗ္ဘတိ၊ ရအပ်၏။ တတ္ထ၊ ထိုကျောင်းသို့။ ဂန္တဗ္ဗံ၊ သွားအပ်၏။

**ဒုတိယအချက်**။ ။ငင်းကို သာရတ္ထ ဒီပနီဋီကာ-တတိယတွဲ-မဟာခန္ဓ ကဋ္ဌ-ဝိဗ္ဘန္တေ။ ပ။ တတ္ထ ဂန္တဗ္ဗန္တိ ဧတ္ထ သစေ ကေနစိ ကရဏီယေန တဒဟေဝ ဂန္တုံ အသက္ကောန္တော ကတိပါဟေန ဂမိဿာမီတိ ဂမနေ သဉ္ဇာဟော ဟောတိ၊ ရက္ခတီတိ ဝဒန္တိ။ ။ဝိဗ္ဘန္တေ။ပ။ တတ္ထ ဂန္တဗ္ဗန္တိ ဧတ္ထ၊ ဝိဗ္ဘန္တေ။ ပ။ တတ္ထ ဂန္တဗ္ဗံဟူသော ဤပါဠိ၌။ အဓိပ္ပါယော၊ အဓိပ္ပါယ်ကို။ ဧဝံ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ကေနစိ ကရဏီယေန၊ တစုံတခုသော ပြုဖွယ်ကိစ္စကြောင့်။ တဒဟေဝ၊ ထိုနေ့၌ပင်လျှင်။ ဂန္တုံ၊ သွားခြင်းငှါ။ အသက္ကောန္တော၊ မစွမ်းနိုင်သည်ဖြစ်၍။ (ဝါ)မစွမ်းနိုင်သော ရဟန်းသည်။ ကတိပါဟေန၊ အနည်းငယ်သော ရက်ဖြင့်။ ဂမိဿာမိ၊ သွားအံ့။ ဣတိ၊

ဤသို့။ ဂမနေ၊ သွားခြင်း၌။ သဉ္စာဘာဟော၊ အားထုတ်ခြင်းနှင့်တကွ ဖြစ်သည်၊ (ဝါ)အားထုတ်မှုရှိသည်။ သစေဟောတိ၊ အကယ်၍ ဖြစ်အံ့။ ရက္ခတိ၊ အာပတ်သင့်ခြင်းမှ စောင့်သေး၏။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ ဆိုကုန်၏—ဟူ၍ ဖွင့်ဆို၏။

ယခုခေတ် အချို့ကျောင်းများ၌ ကျောင်းထိုင်ဘုန်းကြီးရှာ၍ မရသဖြင့် ကျောင်းစောင့်အဖြစ်ဖြင့် နေနေကြခြင်းသည် အပ်-မအပ် စိစစ်လျှင် အထက် ပါ ပါဠိတို့ဖြင့် မဟာဝါ အဋ္ဌကထာဆရာ သာရတ္ထဒီပနီဋီကာ ဆရာနှစ်ဦးလုံး ပင် ကျောင်းကို မငဲ့ပဲ ကျောင်းမှ ဖဲခွါစေ၍ နိဿယည်း ပေးတတ်သော ဆရာ ရှိရာသို့ သွားစေသည်ကို ထောက်သောအားဖြင့် ကျောင်းစောင့်အဖြစ် ဖြင့် တည်၍မျှသော်လည်း မနေအပ်-ဟု မှတ်ယူအပ်၏။

**တတိယအချက်။** ။သစေ ပန ဝိဟာရေ နိဿယဒါယကော နတ္ထိ၊ ဥပဇ္ဈာယော စ "အဟံ ကတိပါဟေန အာဂမိဿာမိ၊ မာ ဥက္ကဏ္ဌိတ္ထာ"တိ ဝတွာ ဂတော၊ ယာဝ အာဂမနာ ပရိဟာရော လဗ္ဘတိ။ အထာပိ နံ တတ္ထ မနုဿာ ပရိစ္ဆိန္နကာလတော ဥတ္တရိပိ ပဉ္စဝါ ဒသဝါ ဒိဝသာနိ ဝါသေန္တိယေဝ၊ တေန ဝိဟာရံ ပဝတ္တိံ ပေသေတဗ္ဗာ "ဒဟရာ မာ ဥက္ကဏ္ဌန္တု၊ အဟံ အသုက ဒိဝသံ နာမ အာဂမိဿာမီ"တိ။ ဧဝမ္ပိ ပရိဟာရော လဗ္ဘတိ။ အထ အာဂစ္ဆတော အန္တရာမဂ္ဂေ နဒီပူရေန ဝါ စောရာဒီဟိ ဝါ ဥပဒ္ဒဝေါ ဟောတိ၊ ထေရော ဥဒကောသက္ကနံ ဝါ အာဂမေတိ၊ သဟာယေ ဝါ ပရိယေသတိ၊ တဉ္စေ ပဝတ္တိံ ဒဟရာ သုဏန္တိ၊ ယာဝ အာဂမနာ ပရိဟာရော လဗ္ဘတိ။ သစေ ပန သော "ဣဓေဝါဟံ ဝသိဿာမီ"တိ ပဟိဏတိ၊ ပရိဟာရော နတ္ထိ။ယတ္ထ နိဿယော လဗ္ဘတိ၊တတ္ထ ဂန္တဗ္ဗံ။ ။ပန၊ ဆက်ဦးအံ့။ ဝိဟာရေ၊ကျောင်း၌။ နိဿယဒါယကော၊ နိဿယည်းပေးနိုင်သောဆရာသည်။ သစေနတ္ထိ၊ အကယ်၍ မရှိငြားအံ့။ ဥပဇ္ဈာယော စ၊ ဥပဇ္ဈာယ်သည်လည်း။ အဟံ၊ ငါသည်။ ကတိပါဟေန၊ အနည်းငယ်သောရက်ဖြင့်။ အာဂမိဿာမိ၊ ပြန်လာအံ့။ (တုမှေ၊ သင်တို့သည်)။ မာ ဥက္ကဏ္ဌိတ္ထ၊ မပျင်းရိကြကုန်လင့်။ ဣတိ၊ ဤသို့။ ဝတွာ၊ ပြောဆို၍။ ဂတော၊ သွားသည်။ သစေ ဟောတိ၊ အကယ်၍ ဖြစ်ငြားအံ့။ ဧဝံ သတိ၊ ဤသို့ဖြစ်သည်ရှိသော်။ ယာဝ အာဂမနာ၊ ပြန်လာ သည်တိုင်အောင်။ ပရိဟာရော၊ အာပတ်မသင့်အောင် ရှောင်လွှဲကြောင်း အစီ အရင်ကို၊ (ဝါ)အစောင့်အရှောက်ကို။ လဗ္ဘတိ၊ ရအပ်၏။ နံ၊ ထိုဥပဇ္ဈာယ်ကို။ တတ္ထ၊ ထိုရောက်ရာအရပ်၌။ မနုဿာ၊ အာဝါသိက သို့မဟုတ် ဒါယကာ ဒါယိ ကာမ ဖြစ်ကုန်သောလူတို့သည်။ ပရိစ္ဆိန္န ကာလတော၊ ပိုင်းခြားအပ်ပြီးသော အချိန်ထက်။ ဥတ္တရိပိ၊ အလွန်လည်း။ **ပဉ္စ ဝါ ဒိဝသာနိ၊ ငါးရက်တို့ပတ်လုံး ရင်း။**

ဒသ ဝါ ဒိဝသာနိ၊ ဆယ်ရက်တို့ ပတ်လုံးငင်း။ အထာပိ ဝါသေန္တိ ယေဝ၊ အကယ်၍မူလည်း နေမြဲ နေစေကုန်အံ့။ တေန၊ ထိုဥပဇ္ဈာယ်သည်။ ဒဟရာ၊ ရဟန်းငယ်တို့သည်။ မာ ဥက္ကဏ္ဌန္တု၊ မပျင်းရိကြကုန်လင့်။ အဟံ၊ ငါသည်။ အသုက ဒိဝသံနာမ၊ ထိုမည်သောနေ့၌။ အာဂမိဿာမိ၊ ပြန်လာအံ့။ ဣတိ၊ ဤသို့။ ပဝတ္တိ၊ ဖြစ်ပုံကို။ ဝိဟာရံ၊ နေရင်းကျောင်းသို့။ ပေသေတဗ္ဗာ၊ စေလွှတ် ပြောပြထိုက်၏။ ဧဝမ္ပိ၊ ဤသို့စေလွှတ် ပြောပြရာ၌လည်း။ ပရိဟာရော၊ အာပတ်မသင့်အောင် ရှောင်လွှဲကြောင်း အစီအရင်ကို၊ (ဝါ)အစောင့်အရှောက်ကို။ လဗ္ဘတိ၊ ရအပ်၏။ အာဂစ္ဆတော၊ ပြန်လာသောဥပဇ္ဈာယ်အား။ အန္တရာ မဂ္ဂေ၊ လမ်းခရီးအကြား၌။ နဒီပူရေန ဝါ၊ မြစ်ရေပြည့်နေခြင်းကြောင့် သော်ငင်း။ စောရာဒီဟိဝါ၊ ခိုးသူ စသည်တို့ကြောင့်သော်ငင်း။ ဥပဒ္ဒဝေ ါ၊ ဘေးရန်သည်။ ဟောတိ၊ ဖြစ်အံ့။ ထေရော၊ မထေရ်သည်။ ဥဒကော သက္ကနံ၊ ရေ၏ ဆုတ်နစ်ခြင်းကို၊ (ဝါ) ရေကျခြင်းကို။ အထ အာဂမေတိ၊ အကယ်၍ ဆိုင်းငံ့အံ့။ (ဧဝံ သတိ) ဝါ၊ ဤသို့ဖြစ်သော်ငင်း။ သဟာယေ၊ ခရီးသွားဖော်တို့ကို။ အထ ပရိယေသတိ၊ အကယ်၍ ရှာအံ့။ (ဧဝံ သတိ) ဝါ၊ ဤသို့ဖြစ်သော်ငင်း။ တံ စ ပဝတ္တိံ၊ ထို ဖြစ်ပုံ အကြောင်းကိုလည်း။ ဒဟရာ၊ ရဟန်းငယ်တို့သည်။ အထ သုဏန္တိ၊အကယ်၍ကြားကုန်အံ့။(ဧဝံသတိ)၊ဤသို့ ကြားကုန်သည်ရှိသော်။ယာဝ အာဂမနာ၊ ပြန်ရောက်လာသည် တိုင်အောင်။ ပရိဟာရော၊ အာပတ်မသင့်အောင် ရှောင်လွှဲကြောင်းအစီအရင်ကို၊(ဝါ)အစောင့်အရှောက်ကို။ လဗ္ဘတိ၊ ရအပ်၏။ ပန၊ ဗျတိရိက်ကား။( ဝါ) ဆန့်ကျင်ဘက်ကား။ သော၊ ထိုဥပဇ္ဈာယ်သည်။ ဣဓေဝဣဓေဝ၊ ဤ ရောက်ရာအရပ်၌သာလျှင်။ အဟံ၊ ငါသည်။ ဝသိဿာမိ၊ နေတော့အံ့။ ဣတိ၊ ဤအကြောင်းကို။ သစေ ပဟိဏတိ၊ အကယ်၍ တမန်စေလွှတ်ပြောပြအံ့။(ဧဝံ သတိ၊ ဤသို့ စေလွှတ်ပြောပြသည် ရှိသော်)။ ပရိဟာရော၊ အာပတ် မသင့်အောင် ရှောင်လွှဲကြောင်း အစီအရင် သည်၊ (ဝါ) အစောင့် အရှောက်သည်။ နတ္ထိ၊ မရှိပြီ။ ယတ္ထ၊ အကြင်ကျောင်းတိုက်၌။ နိဿယော၊ နိဿယည်းကို။ လဗ္ဘတိ၊ ရနိုင် ရအပ်၏။ တတ္ထ၊ ထိုကျောင်းတိုက်သို့။ ဂန္တဗ္ဗံ၊ သွားအပ်၏—ဟု မဟာခန္ဓက၌ မဟာဝါအဋ္ဌကထာ ဆရာ ဆိုသည်။ [နိဿယည်း ဆရာကိုမှီ၍ နေရာမှာလည်း ဥပဇ္ဈာယ်ဆရာကို မှီ၍နေသကဲ့သို့ပင် အထက်ပါ ပါဠိတို့၌ ဖော်ပြထားသည့်အတိုင်း လိုက်နာ နေထိုင်ရမည်—ဟူသောအဓိပ္ပာယ်ကို သာရတ္ထဒီပနီဋီကာ တတိယတွဲ-ဆဋ္ဌမူ၊ နှာ ၂၇၉ ၌ လာသည့် အာစရိယမှာ နိဿယပ္ပဋိပဿဒ္ဓိသု အာစရိယော ပက္ကန္တော ဝါ ဟောတီတိ ဧတ္ထ "ပက္ကန္တောတိ ဒိသံဂတော"တိ အာဒိနာ ဥပဇ္ဈာယဿ ပက္ကမနေ ယော ဝိနိစ္ဆယော ဝုတ္တော၊ သော တတ္ထ ဝုတ္တနယေနေဝ ဣဓာပိ ဿက္ကာ ဝိညာတုန္တိ တံ အဝတ္វာ "ကောစိ

အာစရိယော အာပုစ္ဆိတ္ဗာ ပက္ကမတိ’’တိ အာဒိနာ အညောယေဝ နယော အာရဒ္ဓေါ။ အယဥ္စ နယော ဥပဇ္ဈာယပက္ကမနေပိ ဝေဒိတဗ္ဗောယေဝ။ ဤ ဒိသေသု ဟိ ဌာနေသု ကေတ္ထ ဝုတ္တလက္ခဏံ အညတ္တာပိ ဒဋ္ဌဗ္ဗံ ဟူသော ပါဠိဖြင့် သိအပ်၏။]။ ။ဤ၌လည်း ဝါတွင်း ဝါပ–ဟူ၍ ခွဲခြား၍မဆိုပါ။ ဤသို မဆိုသည်ကိုထောက်သောအားဖြင့် ဝါတွင်း ဝါပ နှစ်ခုလုံးကို သိမ်းကျုံး၍ ဆိုသည်–ဟူ၍ သိအပ်၏။

စတုတ္ထအချက်။ ။ခရီးသွားသောရဟန်း, နာသောရဟန်း, သူနာရဟန်း တောင်းပန်၍ သူနာရဟန်းကို လုပ်ကျွေးပြုစုနေရသော ရဟန်း, နူသော သမထ ဝိပဿနာ၏အကျိုးငှါ တော၌နေသော ရဟန်း၊ ဤ လေးယောက်ကုန်သော ရဟန်းတို့ကား သဘောတူသော နိဿယည်းပေးတတ်သောဆရာသည် မရှိလတ် သော် ထိုမျှလောက် ဝါဆိုလပြည့်တိုင်အောင် နိဿယည်းမယူပဲ နေအပ်ကုန်၏။ [မိုးထိမူ ဦးဗုဓ်မူ–ဝိနည်းငယ်လေးစောင် ပါဠိနိဿယတို့မှ ကောက်နုတ်၍ယူ သည်]။ ။မရောက်ဖူးသော အရပ်သစ်သို့ ရောက်သွားသောရဟန်းသည် လဇ္ဇီ ရဟန်းတို့နှင့် သဘောတူသည်၏အဖြစ်ကို သိခြင်းငှါ လေးရက် ငါးရက်ပတ်လုံး နိဿယည်းမယူပဲ ငံ့လင့်ရာ၏။ ။တော၌နေသော ရဟန်းနှင့် ပတ်သက်၍ကား ‘‘ရဟန်းတို့, နိဿယည်းမယူရသေးသော တော၌နေသောရဟန်းသည် ချမ်းသာ စွာ နေခြင်းကိုအမှတ်ပြု၍ သင့်လျော်သည့် နိဿယည်းပေးမည့်ဆရာ လာသော အခါ နိဿယည်းယူ၍နေအံ့ဟု နှလုံးပိုက်ကာ နိဿယည်းမယူပဲ နေခြင်းငှါ ခွင့် ပြု၏’’ဟုမိန့်တော်မူ၏။ [ဝိနည်းမဟာဝဂ်ပါဠိတော်(မြန်မာပြန်)အပိုဒ် ၁၂၁- ခရီးသွားရဟန်းစသည် နိဿယ ဝတ္ထုများ။]

အထက်အပိုဒ်၌လည်း ဝါတွင်း ဝါပ–ဟူ၍ အထင်အရှားမဆိုထားသော် လည်း ‘‘ထိုမျှလောက် ဝါဆိုလပြည့်တိုင်အောင် နိဿယည်းမယူပဲ နေအပ် ကုန်၏’’ ဆိုသောစကားကို ထောက်သောအားဖြင့် ဝါပ၌နေသည်ဟု သိအပ် ၏။ ။ထင်ရှားစေဦးအံ့။ ။ဝါတွင်း၌ ဒေသစာရီလှည့်လည် မသွားအပ်၊ သွားသော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏—ဟု မဟာဝါပါဠိတော် (မြန် မာပြန်) ဝဿူပနာယိကက္ခန္ဓက–အပိုဒ် ၁၈၅ ၌ ဆို၏။ ဤအဆိုကိုထောက် လျှင် ထိုရဟန်းသည် ဝါပ၌ခရီးသွားသည်-ဟူသောသဘောမှာ ပေါ်လွင် ပါသည်။ ။နိဿယည်းဆရာနှင့်ကင်း၍ ဝါမဆိုကောင်း–ဟု သီလဝိသော ဓနီကျမ်း၌ဆို၏။ ဤအဆိုကို ထောက်လျှင် ထိုရဟန်းသည် ဝါမ၌တော၌နေ သည်ဟူသော သဘောမှာ ပေါ်လွင်ပါသည်။

ဝါပ၌လည်း ဥပဇ္ဈာယ်ဆရာ နိဿယည်းဆရာနှင့်ကင်း၍ မနေအပ်လို့သာ ဤအချက်တို့ကို ခွင့်ပြုတော်မူချေသည်-ဟူ၍ သိတော်မူကြပါကုန်။

**ဆရာတပည့်သိဖွယ်။** ။ဝိနည်း၌ မသိမလိမ္မာသော ရဟန်းသည် အရပ်တပါးသို့ သွားလိုသော် ဥပဇ္ဈာယ်ဆရာ (နိဿယည်းဆရာ) ကို ပန်ကြားရမည်။ ဆရာကလည်း ထိုရဟန်းအား "အဘယ်အရပ်သို့ သွားမည်နည်း၊ အဘယ်သူနှင့်သွားမည်နည်း" ဟု မေးရမည်။ အကယ်၍ ဝိနည်း၌မသိမလိမ္မာသော တပါးသော အဖော်ရဟန်းကို ညွှန်းဆိုသော် ဆရာက သွားရန်ခွင့်မပြုအပ်။ အကယ်၍ ခွင့်ပြုငြားအံ့၊ ထိုဆရာအား ဒုက္ကဋ်အာပတ်သင့်၏။ ဆရာက ခွင့်မပြုပဲ သွားအံ့၊ ထိုရဟန်းအားလည်း ဒုက္ကဋ်အာပတ်သင့်၏။ [ဝိနည်းမဟာဝဂ်ပါဠိတော် (မြန်မာပြန်) အပိုဒ် ၁၆၃-အရပ်တပါးသွားသူ။]

**ငါးဝါပြည့်မြောက်၊ ပါတိမောက်နှုတ်၊ ဥပုသ်,ပဝါရဏာ၊**
**ကမ္မာကမ္မ၊ ကျေလည်က၊ လွတ်ထနိဿယည်း။**

**နိဿယမုစ္စကအင်္ဂါ။** ။(၁) ရဟန်းဖြစ်သည်မှ ၅-ဝါရသည်လည်း ဖြစ်စေ၊ (၂) ပါတိမောက် ၂ စောင်ကို နှုတ်တက်ရွရွ ရဖူးသည်လည်းဖြစ်စေ၊ (၃) ဥပုသ်ပဝါရဏာမှု, ပရိဝါသ် မာနတ်စသော အချို့သော ကံကြီး, ကံငယ်မှုတို့၌ ကျေလည်ပွန်းတီး ရှိသည်လည်း ဖြစ်စေ၊ ဤအင်္ဂါစုနှင့် ပြည့်စုံလျှင် နိဿယည်းလွတ်၏။ နိဿယမုစ္စကပုဂ္ဂိုလ်ဖြစ်၏။ ဥပဇ္ဈာယ်ဆရာ, နိဿယည်းဆရာကိုလွတ်၍ နေလိုရာ၌ ပေါက်လွတ်နေရပြီ။

**အမှာ။** ။အဋ္ဌကထာတို့၌ သုတ္တန်မှ ၄ ဘာဏဝါရမျှ အရဆောင်ရမည်။ အန္တကဝိန္ဒသုတ်, အမ္ဗဋ္ဌသုတ်, မဟာရာဟုလောဝါဒသုတ်-အစရှိသည်တို့နှင့် တူမျှသော တခုခုသော ဓမ္မကထာ အစဉ်ကို ပြောဟောတတ်စေရမည်။

(၁) မင်္ဂလာတရား၊ (၂) ဆွမ်း, သင်္ကန်းအလှူ အနုမောဒနာတရား၊ (၃) အသုဘတရား-ဟူ၍ တရား ၃-ပုဒ်ကို ရစေရမည်။

အရဟတ္တဖိုလ်သို့ရောက်အောင် လမ်းပေါက်သော တခုသော သမထကမ္မဋ္ဌာန်း, ဝိပဿနာ ကမ္မဋ္ဌာန်း-အစီအရင်ကို တတ်စေရမည်-ဟူ၍ ဆိုသေး၏။ အလျော်အားဖြင့်ဆိုသည်-ဟုမှတ်။ ရှေးအင်္ဂါစုသာ လိုရင်းတည်း။

ဒွေမာတိကာကို နှုတ်တက်ရွရွ ရစေရမည်—ဟူသောစကားမှာလည်း ယခုအခါ၌ ဘိက္ခုနီတို့ မရှိကြကုန်ပြီဖြစ်၍ ဘိက္ခုနီပါတိမောက်ကို အရမလိုပြီ။ ဘိက္ခုပါတိမောက်တစောင်ရလျှင်ပင် သင့်လျော်ပြီ ဆိုကြ၏။

ပရိသုပဋ္ဌာပကအင်္ဂါ၌ ဥဘတောဝိဘင်းကို ရစေရမည်-ဟု ပါရှိသည်ကို ဋီကာကြီးတို့၌ "အတ္တဝသေနပိ ယောဇေသုံ"ဟု ပါဠိကိုပင် မရသော်လည်း

စာကို ကြည့်ရှု၍ အနက်အဓိပ္ပါယ် ထင်မြင်နိုင်လျှင်ပင် သင့်လျော်ပြီ-ဟူသော ရှေးဆရာများ အယူကို ပြဆိုသည်နှင့်အညီ ဤနိဿယမုတ္တက အင်္ဂါမှာလည်း ဒွေမာတိကာ ပါဠိကိုပင် မရသော်လည်း စာကိုလက်ကိုင် လက်စွဲပြု၍ ကြည့်ရှုဆင်ခြင်သောအခါ အနက်အဓိပ္ပါယ်ကို အစုံအလင် သိမြင်မှတ်မိနိုင်လျှင်ပင် သင့်လျော်ပြီ-ဟူ၍လည်း ဆိုကြ၏။

ပါဠိတော်၌-

ဥဘယာနိ ခေါ ပနဿ ပါတိမောက္ခာနိ ဝိတ္ထာရေန သွာဂတာနိ ဟောန္တိ သုဝိဘတ္တာနိ သုပ္ပဝတ္တီနိ။ ဟူ၍ ဥဘတောဝိဘင်းကို အလွန်ကျေပွန်စွာ ရစေရမည်-ဟု လာရှိလျက် "အသက္ကောန္တေဟိ တိဇနေဟိ သဒ္ဓိံ ပရိဝတ္တနက္ခမာ ကာတဗ္ဗာ" ဟူ၍ ဥဘတောဝိဘင်းကို တပါးချင်းနှင့် ချောမောစွာ မရနိုင်ရှိခဲ့ပါလျှင် ၃ ပါးတွဲ၍ပြန်သော် ချောမောနိုင်လောက်အောင် ရစေရမည်-ဟု ကာလသို့လိုက်၍ အဋ္ဌကထာဆရာတို့ လျော့ပေါ့၍ပြဋ္ဌာန်းကြသော အချက်များနှင့် အနက်အဓိပ္ပါယ် ထင်မြင်နိုင်လျှင်ပင် သင့်လျော်ပြီ-ဟု ယနေ့ကာလနှင့် တိုင်းတာ၍ယူကြသော အရာသည် သင့်လျော်သကဲ့သို့ရှိ၏။

"ရဟန်းတို့, အင်္ဂါငါးပါးနှင့် ပြည့်စုံသောရဟန်းသည် အမှီမရှိပဲနေရ၏။ ငါးပါးဟူသည်ကား -(၁) အာပတ်သင့်သည်ကို သိ၏။ (၂) အာပတ်မသင့်သည်ကို သိ၏၊ (၃) ပေါ့သောအာပတ်ကို သိ၏၊ (၄) လေးသောအာပတ်ကိုသိ၏၊ (၅) ငါးဝါ ငါးဝါထက် အလွန်ရှိသည်လည်း ဖြစ်၏။ ရဟန်းတို့, ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသောရဟန်းသည် အမှီမရှိပဲနေရ၏" ဟု ဟောတော်မူချေသည်။ [ဝိနည်း မဟာဝဂ် ပါဠိတော် (မြန်မာပြန်) အပိုဒ် ၁၀၃ (၁၀) -နိဿယည်းလွတ်ခြင်း။]

မိမိသည် ဤအင်္ဂါငါးပါးနှင့် ပြည့်စုံ၏လော-ဟု မိမိကိုယ်ကို မိမိပင်စစ်ဆေးမေးမြန်းပါလေ။ [ရှေ့အင်္ဂါ ၄ ပါးနှင့် ပြည့်စုံစေခြင်းငှါ နိဒါန်း၌ ညွှန်ပြထားသော ထိုကျမ်းတို့ကို ကျေလည်ပွန်းတီးအောင် ရှုတော်မူကြပါကုန်။]

**သာမဏေများသတိပြု။** ။သာမဏေများသည် ဆရာအမှီကင်း၍ နေကောင်း၏ ဟူသောအယူသည် ယုတ္တိယုတ္တာ မရှိသော အယူဖြစ်၏။ ရဟန်းကို ငါးဝါပြည့်ခြင်းစသော အင်္ဂါပြည့်စုံမှ ခွင့်ပြုသည်ကိုထောက်လျှင် သာမဏေကိုကား ယနေ့ဖြစ်စ သာမဏေကိုပင် ခွင့်ပြုသည်ဆိုသောစကားသည် အာဂမယုတ္တိ သဘာဝယုတ္တိ ကင်းသောစကားဖြစ်၏။ သာမဏေများ၏ နိဿယည်းကို အထူးမဆိုသော်လည်း ရှေးအစဉ်အဆက် ယူလာသော အယူဝါဒအတိုင်း

ကိုသာလျှင် လေးစားလိုက်နာသော်မှ ဂရုကဖြစ်၍ သင့်လျော်ပေမည်-ဟူ၍ ပရိဝါသ မာနတ္တာဒိ ဝိနိစ္ဆယကျမ်း-နိဿယပွဲဒိုပဿမ္ဘန အဆုံးအဖြတ်အခဏ်း၌ ဆို၏။

နိဿယမုစ္စက အမြွက်ပြီးပြီ။

## ၂၉။ ဥပဇ္ဈာယ်,နိဿယည်းအမြွက်

ဆယ်ဝါရလျှင်း၊ဝိဘင်းနှစ်ဖြာ၊ နှုတ်တက်စွာ၊ ကမ္မာကမ္မသိ။
ဝတ်ခန္ဓက၊ ကျေပွန်လှ၊ မြောက်ထ ဥပဇ္ဈီ။
နိဿယည်းဆရာ၊ ဥပဇ္ဈာ၊ အင်္ဂါထူးမရှိ။

ဥပဇ္ဈာယ်အင်္ဂါ။ ။(၁) ရဟန်းဖြစ်သည်မှစ၍ ၁၀ ဝါ ရပြီးသည်လည်းဖြစ်စေ၊ (၂) ဘိက္ခုဝိဘင်း, ဘိက္ခုနီ,ဝိဘင်း-ဟူသော ဥဘတောဝိဘင်းကို နှုတ်တက်ရွရွ ရဖူးသည်လည်း ဖြစ်စေ၊ (၃) စူဠဝါ ကမ္မက္ခန္ဓက, ပရိဝါ ကမ္မဝဂ်တို့၌လာသော ကံကြီး ကံငယ်တို့၌ ကျေလည် တတ်သိရှိသည်လည်း ဖြစ်စေ၊ (၄) ဥပဇ္ဈာယ်ဝတ် သဒ္ဓိ ဝိဟာရိကဝတ် အစရှိသော ခန္ဓကဝတ်တို့၌ တတ်သိ လိမ္မာ ရှိသည်လည်းဖြစ်စေ၊ ဤအင်္ဂါစုနှင့် ပြည့်စုံလျှင် ဥပဇ္ဈာယ်ဆရာ မြောက်၏၊ဥပဇ္ဈာယ် ပေးထိုက်၏။ ။နိဿယည်းဆရာ, ဥပဇ္ဈာယ် ဆရာ အင်္ဂါ အထူးမရှိကြ။ [ဝိနယ သံခိပ်ကျမ်း]။ ။နိဿယည်း ယူ တပည့် ဥပဇ္ဈာယ်ယူတပည့်ကို မဟာဝါ စူဠဝါ၌ ပညတ်သော ဝတ်ကြီး ဝတ်ငယ်၌ ကျင့်စေခြင်းငှါ မစွမ်းနိုင်သော ရဟန်း, ဥဘတော ဝိဘင်း၌ အကျုံးဝင်သော သေခိယ သိက္ခာပုဒ်၌ ဆုံးမခြင်းငှါ မစွမ်းနိုင်သော ရဟန်း, ရုပ်နာမ်ကို ပိုင်းခြားရာဖြစ်သော အချင်းချင်း ရောယှက်ခြင်းကင်းသော သုတ် အဘိဓမ္မာ၌ ဆုံးမခြင်းငှါ မစွမ်းနိုင်သော ရဟန်း, အချင်းချင်း ရောယှက် ခြင်းကင်းသော အလုံးစုံသော ဝိနည်း ပိဋကတ်၌ ဆုံးမခြင်းငှါ မစွမ်းနိုင် သော ရဟန်း, မှားသော အယူရှိသော တပည့်ကို ဟုတ်မှန်သော အကြောင်း အားဖြင့် စွန့်စေခြင်းငှါ မစွမ်းနိုင်သော ရဟန်းသည် သူ့ကို ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းမခံအပ် ရှင်မပြုအပ် နိဿယည်း မပေးအပ် ဥပဇ္ဈာယ်ပြု၍ သာမဏေ အလုပ်အကျွေးကို မခံအပ်-ဟူ၍ သီလဝိသောဓနီ ကျမ်း၌ ဆို၏။

**ဝိနယရေ၊ပါမောက္ခ၊ဂဏဓိပတိ။**

**ဝိနယဓရ။** ။ထိုအင်္ဂါစု ပြည့်စုံပေလျှင် ဝိနည်းမိုရ် ပုဂ္ဂိုလ် မြောက်၏၊ ဝိနည်းအရာ၌ ဒိသာပါမောက္ခကြီး ဖြစ်၏၊ ဂိုဏ်းထောက်,ဂိုဏ်းအုပ်,ဂိုဏ်းချုပ် လုပ်ထိုက်၏၊ ဂဏာဓိပတိ, ဂဏာစရိယ, ဂဏပါမောက္ခ လုပ်ထိုက်၏။

**ရှင်ပြုတတန်၊ ရဟန်းခံနှင့်၊ ကံငယ်, ကံကြီး။**
**ဝိနည်းအရာ၊အဖြာဖြာ၊ သူသာစိုးရဘိ။**

**အဓိပ္ပါယ်။** ။ဆံရိတ်ခြင်း, သင်္ကန်းပေးခြင်း, သရဏဂုံပေးခြင်း–ဟူသော ရှင်ပြုမှု၊ ရဟန်းခံရာ သိမ်အပြင်၌ ဥပဇ္ဈာယ် ဆရာပြုလုပ်မှု၊ဥပုသ် ပဝါရဏာ အစရှိသော ကံကြီး,ကံငယ် ဆောင်ရွက်မှု၊ ဝိနည်းနှင့်စပ်သော အဓိကရုဏ်း ဆုံးဖြတ်စီရင်မှုတို့၌ ဤသူသည်သာ အစိုးရ၏။

**ရှင်, ရဟန်းမွေး၊ပြုစုရေး၊ လုပ်ကျွေးခံထိုက်၏။**

**အဓိပ္ပါယ်။** ။ဥပဇ္ဈာယ်ပေး၍ နိဿယည်းပေး၍ ရှင်သာမဏေ မွေးထိုက်၏။ ရဟန်းပဥ္စင်း မွေးထိုက်၏။ရဟန်း သာမဏေတို့၏ အခြံအရံမှု,ဝတ်ကြီး, ဝတ်ငယ် ပြုစုမှုကို ခံထိုက်၏။

ဤ၌လည်း ဥဘတော ဝိဘင်းကို ရစေရမည်–ဟူသော ဒုတိယ အင်္ဂါ၌ ဘိက္ခုနီ ဝိဘင်းကို အရမလိုလှပြီ၊ ကြည့်ရှုချုပ်မှုပင် ပြီးသင့်ပြီ၊ ဘိက္ခုဝိဘင်း သည်သာ ယခုအခါ လိုရင်းဖြစ်တော့သည်၊ ဘိက္ခုဝိဘင်းကို တယောက်အား နှင့် ချေမောစွာ ရအောင် မတတ်နိုင်ခဲ့လျှင် ၃ ယောက်စပ် ချေမောလျှင် သင့်လျော်ပြီ–ဟုဆိုကြ၏။

ဝိဘင်း ၂ စောင်ကို ပါဠိအာဂုံမရသော်လည်း အနက်ထင်၍ အဓိပ္ပါယ် သိလျှင်ပြီး၏–ဟု ဋီကာကြီးများနည်းအတိုင်းလည်း ယူကြ၏။

ဥပဇ္ဈာယ် အင်္ဂါ, နိဿယည်း အင်္ဂါတို့နှင့်ပင် မပြည့်စုံ ငြားသော်လည်း နိဿယ နံစောင်နှင့် ကြည့်ရှု၍ စာပေကျမ်းဂန် ချုပ်ိုနိုင်လျှင်ပင် ဓမ္မာစရိယ အနေနှင့် ရဟန်းသာမဏေမွေးရ၏၊ ဝတ်ကြီး, ဝတ်ငယ် အပြုအစုခံရ၏။

အမှာ။ ။ဥပဇ္ဈာယ်ဆရာ၌ ပြုရန် ကျင့်ဝတ်ကို ပြဆိုခြင်း၊ အုတူနေ တပည့်၌ ပြုရန် ကျင့်ဝတ်ကို ပြဆိုခြင်း၊ နိဿယည်း ဆရာ၌ ပြုရန်ကျင့်ဝတ် ကိုပြဆိုခြင်း၊ အနီးနေ တပည့်၌ ပြုရန် ကျင့်ဝတ်ကို ပြဆိုခြင်း–အခဏ်းတို့ကို ''မဟာဝဂ် ပါဠိတော် (မြန်မာပြန်)စာမျက်နှာ ၆၀, ၆၆, ၇၆နှင့် ၈၄'' အသီးသီးတို့၌ ကြည့်။

**သတိ။** ။အလင်္ဇီရဟန်းအား မှီရာ နိဿယည်းကို မပေးအပ်၊ ပေးသော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏–ဟုဆိုထားခြင်းကြောင့် မိမိကိုယ်တိုင် မည်သို့ပင် စင်ကြယ်စေကာမူ အလဇ္ဇီကိုမှီခြင်းအားဖြင့် မိမိသည်လည်း အလဇ္ဇီ၏ အဖြစ်သို့ ရောက်မှန်းမသိ ရောက်နေသည်–ဟု သတိပြုစေလိုပါ၏။

ဥပဇ္ဈာယ်, နိဿယည်း အမြွက်ပြီးပြီ။

---

**၃၀။ ။သက်န်းအဓိဋ္ဌာန်တင်နည်း,စောင့်ရှောက်နည်း,စွန့်နည်း။**
**သင်း,ကိုယ်, ဒု,အိပ်၊ မျက်, ပရိက်၊ နိသိဒ်,မိုး,အမာ။**

**သက်န်း ၉ ထည်။** ။၁–အန္တရဝါသက–ခါးဝတ်သက်န်း (သင်းပိုင်)။
၂–ဥတ္တရာသင်္ဂ–ကိုယ်ရုံသက်န်း (ကေသီ)။
၃–သံဃာဋိ–ဒုကုဋ္ဋ်သက်န်း။
၄–ပစ္စတ္ထရဏ–အိပ်ရာခင်း။
၅–မုခပုဉ္ဆနစောဠ–မျက်နှာသုတ်ပုဝါ။
၆–ပရိက္ခာရစောဠ–ရေစစ်ပုဝါ, လက်သုတ် ပုဝါ, သပိတ်အိပ်, ဖိနပ်အိပ် အစရှိသော အတိုအထွာ ပရိက္ခရာပုဆိုး အမျိုးမျိုး။
၇–နိသီဒန–နိသီဒိုင်အခင်း။
၈–ဝဿိကသာဋိက–မိုးရေခံသက်န်း။
၉–ကဏ္ဍုပ္ပဋိစ္ဆာဒိ–အမာလွှမ်းသက်န်း။

**ရှေ့ခြောက်ထည်လျှင်၊ ယခုမြင်၊မထင်နောက်သုံးမှာ။**

အစိပ္ပါယ်။ ။ရှေ့ ၆ ထည်သည်သာလျှင် ယခုကာလ၌ သုံးရိုး,စွဲရိုးရှိ၏။ နိသီဒိုင်, မိုးရေခံ, အမာလွှမ်း–ဟူသော နောက် ၃ ထည်တို့ကို မူကား သုံးရိုး, စွဲရိုး မထင်မမြင်ပြီ။

**အလျားရှစ်သစ်၊ နံလေးသစ်၊ ရှင်ချစ်လက်တော်သာ။**

အစိပ္ပါယ်။ ။အဓိဋ္ဌာန် ဝိကပ္ပနာ လောက်ရာသော အဝတ်ထည်၏ အတိုင်းအရှည် ပမာဏမှာ ဘုရားရှင်၏ လက်သစ်တော်အားဖြင့် အယုတ်ဆုံး အလျား ၈ သစ်, အနံ ၄ သစ်ဖြစ်သည်။

### အလျားတောင်မှန်၊ ထွာအနံ၊ ခေါ်ရန်မဇ္ဈိမာ။

မဇ္ဈိမပုရိသ။ ။ဘုရားရှင်၏ လက်သစ်နှင့် ပြဆိုသော ထိုအဝတ်ထည်သည် မဇ္ဈိမ ပုရိသ ခေါ်သော ဝဍ္ဎကီ အတောင်အားဖြင့် အလျား ၁ တောင်၊ အနံ ၁ ထွာ ရှိ၏။ လက်သန်းတောင်၊ လက်သန်းထွာကို ဆရာတို့ ယူကြ၏။

သုဂတ ဝိဒတ္ထိယာတိ သုဂတဝိဒတ္ထိနာမ ဣဒါနိ မဇ္ဈိမဿ ပုရိသဿ တိဿော ဝိဒတ္ထိယော၊ ဝဍ္ဎကီဟတ္ထေန ဒိယဍ္ဎော ဟတ္ထော ဟောတိ။ [ကင်္ခါဝိတရဏီ အဋ္ဌကထာ။]

ဘုရားရှင်မှ မဇ္ဈိမသည် ၃ ဆတက်၏။ ထို့ကြောင့် ဘုရားရှင်၏ လက် ၈ သစ်သည် မဇ္ဈိမ၏ ၂၄ သစ်(၁ တောင်)ဖြစ်၏။ ဘုရားရှင်၏ လက် ၄ သစ် သည် မဇ္ဈိမ၏ ၁၂ သစ် (၁ ထွာ)ဖြစ်သတည်း။ [လူတိုင်းအဖို့ ၁ တောင်၌ အထွာအားဖြင့် ၂ထွာ၊ လက်သစ်အားဖြင့် ၂၄ သစ် ရှိသည်-ဟူ၍ ဂဏန်း သင်္ချာကျမ်း၌ ဆို၏။]

### မဇ္ဈိမတွင်၊ ထက်ဝက်တင်၊ မျက်မြင်ငါတို့မှာ။

ပကတိပုရိသ။ ။"မျက်မြင် ငါတို့မှာ"ဆိုသည်ကား ပကတိ ပုရိသကို ဆိုသတည်း။ မဇ္ဈိမတွင် ထက်ဝက်တင်သည်ရှိသော် မဇ္ဈိမ ၂၄ သစ်(၁တောင်) သည် ပကတိ ၃၆ သစ် (၁ တောင့်ထွာ)ဖြစ်၏။ မဇ္ဈိမ ၁၂ သစ်(၁ထွာ) သည် ပကတိ ၁၈ သစ်(၁ ထွာ ၆ သစ်)ဖြစ်၏။[မဇ္ဈိမနှင့် ဝဍ္ဎကီကား တူ၏။ လက်သမားတောင်-ဟုခေါ်သည်။]

### ဓိဋ္ဌာန်ဝိကပ်၊ လောက်ပြီမှတ်၊ အာပတ်ဝတ္ထုလာ။

အဓိပ္ပါယ်။ ။ပကတိ ပုရိသ ခေါ်သော ငါတို့အတောင် အထွာအား ဖြင့် အယုတ်ဆုံး အလျား ၁ တောင့်ထွာ၊ အနံ ၁ ထွာ ၆ သစ်ရှိသောအဝတ် ထည်သည် အဓိဋ္ဌာန် လောက်၏၊ ဝိကပ္ပနာ လောက်၏။ သင်္ကန်းသာမညနှင့် စပ်ယှဉ်သော ထိုထို သိက္ခာပုဒ်တို့၌ "ဝိကပ္ပနုပဂံ ပစ္ဆိမံ စီဝရံ-ဝိကပ္ပနာ ပြု လောက်သော အယုတ်ဆုံး (အငယ်ဆုံး) သင်္ကန်းသည်"ဟူ၍ အာပတ် ဝတ္ထု အဖြစ်ဖြင့် လာ၏။

### ကိုယ်ပိုင်သင်္ကန်း၊ ရသည်မှ၊ ဒသကရက်တွင်းမှာ။
### ဓိဋ္ဌာန်တင်မှု၊ ဝိကပ်မှု၊ မပြုအာပတ်လာ။

အဓိပ္ပါယ်။ ။မိမိတို့ အတောင်နှင့် အလျား ၁ တောင့်ထွာ၊ အနံ ၁ ထွာ ၆ သစ်ရှိသော အဝတ်ထည်မျိုး၊ ထိုထက်အလျား၊ အနံကြီးသော အဝတ်

ထည်မျိုးတို့ကို ကိုယ်ပိုင်သန္တက အဖြစ်ဖြင့် ရခဲ့သည်ရှိသော် ရသော နေ့မှစ၍ ၁၀ ရက်အတွင်း၌ အဓိဋ္ဌာန်သော်လည်း တင်ရာ၏၊ ဝိကပ္ပနာ သော်လည်း ပြုရာ၏၊ တခုခု မပြုခဲ့သော် ၁၁ ရက် အရုဏ်တက်သည်နှင့် တပြိုင်နက် နိဿဂ္ဂိ ပါစိတ်အာပတ်သင့်၏။[ဤ၌ ကထိန်နုတ်ပြီးသည့် နောက်ကို ဆိုသည်-ဟူ၍ သိ]။ ။လဆန်း ၁ရက်နေ့ရလျှင် ထိုရရာ ရက်၏ လာလတ္တံ့သော အရုဏ်မှစ၍ ၁၀ အရုဏ်လွန်လျှင် (၁၁ ရက်နေ့ဘက်ရောက်လျှင်) ဒသာဟာ တိက္ကန္တဖြစ်၏၊ လဆန်း ၁ ရက်၏ လွန်ပြီးအရုဏ်ကို ထည့်၍ မရေတွက်ရ။ [အဋ္ဌကထာ၌ ၁၁ အရုဏ်ဆိုသည်မှာ လွန်ပြီး အရုဏ်ပါ ဆိုခြင်းဖြစ်သည်-ဟူ၍ ပါတိမောက် ဘာသာဋီကာ၌ ဆို၏။]

အရုဏ်—ဟူသောစကားဖြင့် ၁ ရက်လုံးကို သိမ်းကျုံးလိုရင်း ဖြစ်၏။ ထို့ကြောင့် လဆန်း ၁ ရက်နေ့ မွန်းတည့်အချိန်မှာဖြစ်စေ၊ ညဥ့် သန်းခေါင်စအချိန်မှာဖြစ်စေ သင်္ကန်းရလာခဲ့သည် ရှိသော် လဆန်း ၂ ရက် အရုဏ်တက်လျှင် ထိုနေ့ဆုံး၏။ ထိုအခါမှ လဆန်း ၁ ရက် နံနက်အရုဏ်ကို ထိုသင်္ကန်းရသည် မည်၏။ ငါ့သင်္ကန်းသည် ၁ အရုဏ်ရပြီ ဆိုရ၏။ [ဝါဆိုဝါပန် အရာ ပရိဝါသ် မာနတ်စသည်တို့၌လည်း ဤနည်းအတူ။ ဝိနယသံခိပ် ကျမ်း။]

မှတ်ချက်။ ။အဓိဋ္ဌာန်တင်ခြင်းမှာ ငါ့ဥစ္စာဟု အမှတ်ပြုရန် ဖြစ်သည်။ ဝိကပ္ပနာပြုခြင်းမှာ ငါ့ဥစ္စာဟု အာသာမကပ် ကင်းကွာလတ်အောင် ပြုခြင်း ဖြစ်သည်။

## ပရိက္ခာရ၊ စောဠအမည်၊ သူ့အမည်၊ နှစ်ထည်အဓိဋ္ဌာန်။

အဓိပ္ပါယ်။ ။အဓိဋ္ဌာန်တင်နည်းသည် ပရိက္ခာရစောဠအမည်နှင့်တင်နည်း၊ သံဃာဋိ၊ ဥတ္တရာသင်္ဂ၊ အန္တရဝါသက၊ ပစ္စတ္ထရဏ အစရှိသော အသီးအသီးသော သူ့အမည်နှင့်တင်နည်း—ဟူ၍ တင်နည်း ၂ ပါးရှိ၏။

## ပရိက္ခာရ၊ စောဠအသုံး၊ ကိုးထည်လုံး၊ ရွေးထုံး အစဉ်လာ။

အဓိပ္ပါယ်။ ။ပရိက္ခာရစောဠ-ဟူသောအမည်နှင့် အဓိဋ္ဌာန်တင်နည်းသည် သင်္ကန်း ၉ ထည်တို့တွင် သပိတ်အိတ်၊ ဖိနပ်အိတ် အစရှိသော ပရိက္ခာရ စောဠ အထည်မျိုးတို့၌သာ တင်ရသည်မဟုတ်၊ ၉ ထည်လုံး၌ပင် တင်လိုသော် တင်ရသော ရှေးထုံးအစဉ်လာ၏။ [ဖုံ့၊ စောင်၊ ခေါင်းအုံး၊ ကော်ဇောတို့ကိုမူကား အဓိဋ္ဌာန်တင်ဖွယ် မလို။]

**ကိုယ်နှုတ်နှစ်ပြင်၊ တအင်အင်၊ တင်လေအာဝိဋ္ဌာ။**

**အဓိပ္ပါယ်။** ။သက်န်း အဓိဋ္ဌာန် တင်နည်းသည် ကိုယ်အင်္ဂါဖြင့် တင်ခြင်း၊ နှုတ်အင်္ဂါဖြင့် တင်ခြင်း— ဟူ၍ ၂ ပါးရှိ၏။ ထို ၂ ပါးတို့တွင် တပါးပါးဖြင့် တင်လေ—ဟူလိုသည်။

ကိုယ်အင်္ဂါဖြင့်တင်ရာ၌ "ဣမံ စီဝရံ ပရိက္ခာရ စောဠံ အဓိဋ္ဌာမိ" ဟု နှလုံးသွင်းခြင်းနှင့်တကွ အဝတ်သင်္ကန်းကို လက်ဖြင့်ကိုင်တွယ်၍ သုံးသပ်ရသည်။

နှုတ်အင်္ဂါဖြင့် တင်ရာ၌ကား အဝတ် သင်္ကန်းကို အာရုံပြု၍ "ဣမံ စီဝရံ ပရိက္ခာရ စောဠံ အဓိဋ္ဌာမိ" ဟု နှုတ်မြွက်ရသည်။ ။နှုတ်ကလည်း ဆို၊ ကိုယ်ကလည်း သုံးသပ်ပေမူ ကိုယ်, နှုတ် ၂ ပါးဖြင့် တင်သည်မည်၏။

နီး, ဝေး, နည်း, များ၊ လေးထွေပြား၊ခြားတုံအဆိုမှာ။
ဣဒံ, ဣမာနိ၊ တံ, တာနိ၊ ဆိုရိုးရှိ၊ နီးဘိ နှစ်တောင့်ထွာ။

**အဓိဋ္ဌာန်တင်နည်း ၄ မျိုး။**

၁။ အနီး၌ရှိသော အဝတ်သင်္ကန်း၊

၂။ အဝေး၌ရှိသော အဝတ်သင်္ကန်း။

၃။ ၁ ထည်တည်းသော အဝတ် သင်္ကန်း၊

၄။ ၂ ထည် ၃ ထည်စသည် များသော အဝတ်သင်္ကန်း—ဟူ၍ ၄ ထွေ၄ ပါးအပြားရှိ၏။ ဆိုပုံလည်း ခြားနားစေရ၏။

**တင်နည်း ပုံစံ။**

၁။ အနီး ၁ ထည်ဖြစ်အံ့၊ ဣဒံ သို့မဟုတ် ဣမံ-ဟု

၂။ အနီး ၂ ထည်, ၃ ထည် စသည် အများဖြစ်အံ့၊ ဣမာနိ-ဟု

၃။ အဝေး ၁ ထည်ဖြစ်အံ့၊ တံ-ဟု

၄။ အဝေး, အများဖြစ်အံ့၊ တာနိ-ဟုဆို။

**မှတ်ချက်။** ။၂ တောင့်ထွာ ဟတ္ထပါသ်အတွင်း၌ တည်ရှိသော အဝတ်သင်္ကန်းကို အနီးဆိုသည်။ ၂ တောင့်ထွာမှ အပ၌တည်ရှိသော အဝတ်သင်္ကန်းကို အဝေးဆိုသည်။ ယူဇနာ တရာပင်ဝေးသော်လည်း ထိုသင်္ကန်းကို စိတ်တမ်း၍ နှုတ်ဖြင့်တင်ဆိုလျှင် မြောက်တော့သည်။

၁။ ဣမံ စီဝရံ ပရိက္ခာရ စောဠံ အဓိဋ္ဌာမိ-ဤသက်န်းကို ပရိက္ခာရာအဝတ်ဟူ၍ အဓိဋ္ဌာန်ပါ၏၊ (ဝါ)ဆောက်တည်ပါ၏။

၂။ ဣမာနိ စီဝရာနိ ပရိက္ခာရစောဠာနိ အဓိဋ္ဌာမိ- ဤ သက်န်း တို့ကို ပရိက္ခာရာ အဝတ်တို့ဟူ၍ အဓိဋ္ဌာန်ပါ၏၊ (ဝါ) ဆောက်တည်ပါ၏။

၃။ ဧတံ စီဝရံ ပရိက္ခာရစောဠံ အဓိဋ္ဌာမိ– ထိုသက်န်းကို။လ။ဆောက်တည်ပါ၏။

၄။ ဧတာနိ စီဝရာနိ ပရိက္ခာရစောဠာနိ အဓိဋ္ဌာမိ-ထိုသက်န်းတို့ကို။လ။ဆောက်တည်ပါ၏။

[အထည်ပေါင်း တရာကိုပင် တခါတည်း တင်ရ၏။]

**ပရိက္ခာရ၊ စောဠတင်မှု၊ သက်န်းစု၊ ပြုဘွယ် ထူးမလာ။**

**အဓိပ္ပါယ်။** ပရိက္ခာရစောဠအမည်နှင့် အဓိဋ္ဌာန်တင်အပ်ပြီးသော သက်န်းတို့၌ စောင့်ရှောက်ခြင်း စသည်ဖြင့် ပြုဖွယ်ကိစ္စ အထူး မလာပြီ။ အလိုရှိတိုင်း သုံးဆောင်ရတော့သည်။ အဓိဋ္ဌာန်ပျက်ကြောင်းများမှာ နောက်၌ လာလတ္တံ့။

**သူ့အမည်နှင့်၊ တင်တုံလင့်၊ ကျင့်ဝတ် အဖြာဖြာ။**

**အဓိပ္ပါယ်။** ။သံဃာဋိ, ဥတ္တရာသင်္ဂ, အန္တရဝါသက အစရှိသော အသီးသီးသော သူ့အမည်နှင့် အဓိဋ္ဌာန်တင်ရာ၌မူကား ကျင့်ဝတ်တရား အဖြာဖြာများ၏။

**သင်း, ကိုယ်, ဒု, မိုး၊ မာ, နိ, မျိုး၊ တင်ရိုး ဧက-စီသာ။**

**အဓိပ္ပါယ်။** ။သင်းပိုင်, ကိုယ်ရုံ, ဒုကုဋ်, မိုးရေခံ, အမာလွှမ်း, နိသီဒိုင်တို့ကို **သူ့**အမည်နှင့်တင်သည်ရှိသော် ၁ ထည်စီသာ ထားရာသည်။ အဓိဋ္ဌာန်တင် သင်းပိုင် ၁ ထည်သာ ရှိရာသည်။ ၂ ထည် မရှိရ။ အသစ် ၁ ထည်ကို အဓိဋ္ဌာန်တင်လိုသော် သင်းပိုင်ဟောင်းကို ပစ္စုဒ္ဓရ်ပြုပြီးမှ အသစ်ကို တင်ရသည်။ ။[ကြွင်းသော ၅ ထည်တို့၌လည်း ဤနည်းတူ။]

**မှတ်ချက်။** ။အိပ်ရာခင်း, မျက်နှာသုတ်, ပရိက္ခာရစောဠတို့၌မူကား များစွာပင် တင်၍ထားရ၏။

**လျား, နံ, ပမာဏ၊ ပြည့်မှီမှ၊ တင်ရ ခြောက်ထည်မှာ။**

**အဓိပ္ပါယ်။** ။သင်း, ကိုယ်, ဒု, မိုး, မာ, နိ-ဟူသော ၆ ထည်တို့ကို သူ့အမည်နှင့်တင်ရာ၌ အသီးအသီး အလျား, အနံ ပမာဏ ပြည့်မှီမှသာ တင်ရသည်။

## ငါးတောင်, တောင်ဆုပ်၊ သုံးတောင်-ဆုပ်၊ ဒုကုဋ် ကိုယ်ရှိမှာ။

အဓိပ္ပါယ်။ ။ဒုကုဋ်, ကိုယ်ရှိတို့၌ အယုတ်ဆုံးအားဖြင့် အလျား ၅ တောင်, တောင်ဆုပ်၊ အနံ ၃ တောင်, တောင်ဆုပ် ရှိမှ အဓိဋ္ဌာန် နားသည်။ ။၅ တောင် တောင်ဆုပ်ဆိုသည်ကား တောင်ရှည် ၄ တောင်နှင့် တောင်ဆုပ် ၁ ခုကို ဆိုသည်။ [၃ တောင်တောင်ဆုပ်မှာလည်း ဤနည်းတူ။ ။ဝိနယသံခိပ်ကျမ်း။]

## အလျားလိုဟန်,၊ နှစ်တောင်နံ၊ တင်ရန် သင်းပိုင်မှာ။

အဓိပ္ပါယ်။ ။သင်းပိုင်၏ အလျားပမာဏမှာ ဒုကုဋ်,ကိုယ်ရှိတို့အတိုင်းပင်၊ အနံမှာ အယုတ်ဆုံး ၂ တောင် ပမာဏရှိမှ တင်ရသည်။ [ဝိနယသံခိပ်ကျမ်း။]

မှတ်ချက်။ ။ငါးတောင် တောင်ဆုပ်, သုံးတောင် တောင်ဆုပ်, နှစ်တောင် တောင်ဆုပ်တို့ကို တိုင်းတာရာ၌ ပါရာဇိကဏ် ဘာသာဋီကာ၊ နှာ ၂၂၅,၂၂၆၊ ပဉ္စမကထိန သိက္ခာပုဒ် အဖွင့်၌ရင်း၊ ကင်္ခါဘာသာဋီကာ၊ နှာ ၃၂၃, ၃၂၄၊ ပဉ္စမကထိန သိက္ခာပုဒ် အဖွင့်၌ရင်း ပြဆိုခဲ့သော ဝိနယသံခိပ်ကျမ်း၌ တိုင်းတာ သကဲ့သို့ မတိုင်းတာပဲ လက်ဆုပ်အတောင်ဖြင့်ချည်း အလျားအနံကို တိုင်းတာ လေသည်။ သို့ဖြစ်၍ ထိုဘာသာဋီကာကျမ်း (၂)ကျမ်းအရဆိုလျှင် ဒုကုဋ်နှင့် ကိုယ်ရှိတို့၏ အလျားမှာ လက်ဆုပ်အတောင်အားဖြင့် ၅ တောင်၊ အနံ မှာ လက်ဆုပ်အတောင်အားဖြင့် ၃ တောင်ဖြစ်သည် ဟူ၍ရင်း၊ သင်းပိုင်၏ အလျား မှာ လက်ဆုပ် အတောင်အားဖြင့် ၅ တောင်၊ အနံမှာ လက်ဆုပ် အတောင် အားဖြင့် ၂ တောင်ဖြစ်သည်ဟူ၍ရင်း သိရာ၏။ ။ [ဤ 'မူ' နှစ်မျိုးတို့တွင် နှစ်သက်ရာ 'မူ'ကို ယူတော်မူကြပါကုန်]။ ။မိုးရေခံ, အမာလွှမ်း, နိသီဒိုင် တို့၏ ပမာဏကို "ရတနဝဂ်၊ ဝဿိကသာဋိက, ကဏ္ဍုပ္ပဋိစ္ဆာဒိ, နိသီဒန" သိက္ခာ ပုဒ်တော်တို့အတိုင်း သိ။

## ပရိက်, အိပ်, မျက်၊ ဤသုံးချက်၊ မမြွက် လျားနံမှာ။

အဓိပ္ပါယ်။ ။ဤ ၃ ထည်တို့၌ အလျား, အနံ, ပမာဏကို ကျမ်းဂန်တို့၌ အမြွက် အဆိုမရှိ။

## သုံးထည်အရိုး၊ ကောင်းစွာဆိုး၊ မာ, မိုး သင့်ရုံသာ။

အဓိပ္ပါယ်။ ။ဒုကုဋ်, ကိုယ်ရှိ, သင်းပိုင်တို့၌ ကောင်းစွာ ဆိုးမှ အဓိဋ္ဌာန် နားသည်။ မာ, မိုးတို့၌ အဆင်းပျက်ရုံဆိုးလျှင် ပြီး၏။

**ကပ္ပဗိန္ဒု၊ ထိုးရိုးပြု၊ သင်း, ဒု, ကိုယ်, မိုး, မာ။**

**အဓိပ္ပါယ်။** ။ဤ ၅ ထည်တို့သည်ကား ကိုယ်၌ဝတ်ရုံသော သင်္ကန်းမျိုး ဖြစ်ကုန်၍ ဆိုးခြင်း၊ ကပ္ပဗိန္ဒုထိုးခြင်းတို့ကို ပြုပြီးမှ အဓိဋ္ဌာန်တင်ထိုက်ကုန်သည်။ [အိပ်, မျက်, ပရိက်, နိသီဒ်တို့ကား ဝတ်ရုံသောသင်္ကန်းမျိုး မဟုတ်ကုန်၊ ဆိုးမှု, ကပ္ပဗိန္ဒု ထိုးမှု မလို။]

**ဓိဋ္ဌာန်ဟောင်းပစ်၊ စွန့်ပြီးလစ်၊ အသစ်တင်မြဲသာ။**

**အဓိပ္ပါယ်။** ။သင်း, ဒု, ကိုယ်, မိုး, မာတို့၌ တထည်သာ အပ်သောကြောင့် အမည်နှင့်တင်၍ ဆောင်သော အဟောင်းရှိခဲ့လျှင် အဟောင်းကို ပစ္စုဒ္ဓိုရ်ပြု၍ အဓိဋ္ဌာန်စွန့်ပြီးမှ အသစ်ကို အဓိဋ္ဌာန်တင်ရသည်။

**တင်ပုံ။** ။"ဣမံ သံဃာဋိံ ပစ္စုဒ္ဓရာမိ- ဤသင်္ကန်းကို ဒုကုဋ်သင်္ကန်း အဖြစ်မှ ရုပ်သိမ်းပါ၏" ဟုဆို၍ ဒုကုဋ်အဟောင်းကို ပစ္စုဒ္ဓိုရ်ပြု၊ ထိုနောက် "ဣမံ သံဃာဋိံ အဓိဋ္ဌာမိ- ဤသင်္ကန်းကို ဒုကုဋ်သင်္ကန်းဟူ၍ အဓိဋ္ဌာန်ပါ၏၊ (ဝါ) ဆောက်တည်ပါ၏" ဟုဆို၍ ဒုကုဋ်အသစ်ကို အဓိဋ္ဌာန်တင်။

**စွန့်ပုံ။** ။အဝေး၌ရှိနေသော ဒုကုဋ်ဟောင်းကို အဝေးကနေ၍ စွန့်ရာ၌ "ဧတံ သံဃာဋိံ ပစ္စုဒ္ဓရာမိ" ဟု စွန့်။ ။ [အဝေးအဓိဋ္ဌာန်၌လည်း ထိုနည်းအတူ။]

ဣမံ ဥတ္တရာသင်္ဂံ ပစ္စုဒ္ဓရာမိ-ဤသင်္ကန်းကို ကိုယ်ရုံသင်္ကန်းအဖြစ်မှ ရုပ်သိမ်းပါ၏။

ဣမံ ဥတ္တရာသင်္ဂံ အဓိဋ္ဌာမိ-ဤသင်္ကန်းကို ကိုယ်ရုံသင်္ကန်းဟူ၍ အဓိဋ္ဌာန်ပါ၏၊ (ဝါ) ဆောက်တည်ပါ၏။

ဣမံ အန္တရဝါသကံ ပစ္စုဒ္ဓရာမိ-ဤသင်္ကန်းကို သင်းပိုင်အဖြစ်မှ ရုပ်သိမ်းပါ၏၊

ဣမံ အန္တရဝါသကံ အဓိဋ္ဌာမိ-ဤသင်္ကန်းကို သင်းပိုင်ဟူ၍ အဓိဋ္ဌာန်ပါ၏၊ (ဝါ) ဆောက်တည်ပါ၏။

**အမှာ။** ။အဝေး၌ ၁ ထည်ဖြစ်အံ့၊ "ဣမံ" အစား "ဧတံ"၊ အများဖြစ်အံ့၊ "ဣမာနိ" အစား "ဧတာနိ" ဟုဆို။ [ယခုကာလ၌ မိုးရေခံ သင်္ကန်းနှင့် အမာလွှမ်း သင်္ကန်းတို့ကို အသုံးမပြုကြ၍ တင်ပုံ, စွန့်ပုံတို့ကို မပြတော့ပါ။]

သုံးထည်ကိုလျှင်၊ အမည်တင်၊ ညစ်ပင်မကင်းရာ။

အဓိဋ္ဌာယ်။ ။ဒု ကိုယ် သင်းပိုင်တို့ကို အမည်နှင့် အဓိဋ္ဌာန် တင်ပြီးသည် ရှိသော် တင်ပြီးသောနေ့မှစ၍ ၎င်းတို့နှင့် (ဝါ) တထည်ထည်နှင့် မျှသော် လည်း တညဉ့်မှကင်း၍ မနေရာ၊ အရုဏ်တက်ဆဲအခါ၌ လိုရင်းတည်း။

**အရုဏ်တက်ချိန်**။ ။တန်ခူးနှင့် သီတင်းကျွတ်လတို့၌ နံနက် ၅ နာရီ တွင် အရုဏ်တက်သည်။ ကဆုန်လမှစ၍ ဝါဆိုလတိုင်အောင် တလလျှင် ၁၀ မိနစ်စီ ၁၀ မိနစ်စီ လျော့၏။ သို့ဖြစ်၍–

ကဆုန်လ၌ ၄.၅၀ (၄ နာရီ.၅၀ မိနစ်)
နယုန်လ၌ ၄.၄၀
ဝါဆိုလ၌ ၄.၃၀ [ဤအချိန်သည် အစောဆုံးသော အရုဏ်တက် ချိန်ဖြစ်သည်။ ဝါထပ်လျှင် ဒုတိယဝါဆိုလ၌လည်း ဤအတိုင်းပင်။]

ဝါခေါင်လမှစ၍ ပြာသိုလတိုင်အောင် တလလျှင် ၁၀-မိနစ်စီ ၁၀ မိနစ်စီတိုး၏။ သို့ဖြစ်၍–

ဝါခေါင်လ၌ ၄.၄၀
တော်သလင်းလ၌ ၄.၅၀
သီတင်းကျွတ်လ၌ ၅.၀၀
တန်ဆောင်မုန်းလ၌ ၅.၁၀
နတ်တော်လ၌ ၅.၂၀
ပြာသိုလ၌ ၅.၃၀။ [ဤအချိန်သည် နောက်အကျဆုံးသော အရုဏ် တက်ချိန်ဖြစ်သည်။]

တပို့တွဲလမှစ၍ တန်ခူးလတိုင်အောင် တလလျှင် ၁၀.မိနစ်စီ ၁၀ မိနစ်စီလျော့၏။ သို့ဖြစ်၍–

တပို့တွဲလ၌ ၅.၂၀
တပေါင်းလ၌ ၅.၁၀
တန်ခူးလ၌ ၅.၀၀

**အရုဏ်အချိန်ကိုဂရု-လှဟုမူဖြင့်ရှင်းတမ်း**။ ။မိမိနာရီကိုစိတ်မချရ၍ သို့လော သို့လောဟု ယုံမှား သံသယမဖြစ်ရလေအောင် အရုဏ်အချိန်ကို ယူရာ၌ သတ် မှတ်ထားသော အရုဏ်အချိန်ထက် ဆယ်မိနစ်လောက် နောက်ကျ၍ယူအပ်၏။ အဘယ်ကြောင့်ဆိုသော် တိစီဝရိက် အဓိဋ္ဌာန်တင်ထားသော သင်္ကန်းသုံးထည်

တို့ကို နိဿဂ္ဂိ မထိုက်စေခြင်းငှါ ကာကွယ်စောင့်ရှောက်ရာ၌ အရုဏ်အချိန်ကို နောက်ကျ၍ ယူနိုင်လေလေ ပို၍ စိတ်ချရလေလေ ဖြစ်သောကြောင့်တည်း။ [မွန်းတည့်အချိန်ကို ယူရာ၌ကား ဆယ်မိနစ်လောက်စော၍ ယူအပ်၏]။ ။ အရုဏ်အချိန်ကို နေအလင်းရောင်ခြည်ဖြင့် မယူပဲ စက်နာရီအချိန်ဖြင့် ယူလျှင် ရေဒီယိုဖြင့် ကြေငြာသောစံတော်ချိန်ကို အတည်ပြု၍ ယူအပ်၏။

အထက်ပါသတ်မှတ်ထားသောအရုဏ်အချိန်ကို စိစစ်လျှင် ဝါခေါင်လမှစ၍ ပြာသိုလတိုင်အောင် ဤ ၆ လအတွင်း၌ အရုဏ်အချိန်သည် တလလျှင် ဆယ်မိနစ်စီ ဆယ်မိနစ်စီရှေ့သို့တိုး၍တိုး၍ ရွှေ၏။ တပို့တွဲလမှစ၍ဝါဆိုလတိုင်အောင် ဤ ၆ လအတွင်း၌ကား တလလျှင် ဆယ်မိနစ်စီ ဆယ်မိနစ်စီနောက်သို့ လျော့၍ လျော့၍ ဆုတ်၏-ဟူသောအဖြစ်ကို တွေ့ရှိပေလိမ့်မည်။ [သူရိယနေမင်းသည် ၎င်း၊ စက်နာရီသည်၎င်း တမုဟုတ်ချင်း ခုန်ကျော်၍မသွားပါ၊ အစဉ်အတိုင်းသာလျှင် ရွေ့၍ရွေ့၍သွား၏။] ထို့ကြောင့်တလလျှင်ဆယ်မိနစ်စီ ဆယ်မိနစ်စီတိုးခြင်းလျော့ခြင်းသည် တမုဟုတ်ချင်း တိုးခြင်း လျော့ခြင်းမဟုတ်၊ တဖြည်းဖြည်း တဖြည်းဖြည်းတိုး၊ လျော့ခြင်းဖြစ်သည်။ ၎င်းကို အသေးစိတ်၍ တွက်လျှင် သုံးရက်တကြိမ် သုံးရက်တကြိမ် တမိနစ်စီ တမိနစ်စီတိုး၊ လျော့သည်-ဟု အဖြေထွက်၏။ [ထို့ကြောင့် တလလျှင် ဆယ်မိနစ်စီ ဆယ်မိနစ်စီတိုး၊ လျော့၍ အထက်ပါသတ်မှတ်ထားသော အရုဏ်အချိန်သည် တလလုံးကိုခြုံ၍ အကြမ်းအားဖြင့် ရှေးဆရာမြတ်တို့ သတ်မှတ်သွားသော အချိန်ဖြစ်သည် - ဟူ၍ ဆိုအပ်၏] သို့ဖြစ်လျှင် အဘယ်မှုဖြင့် အရုဏ်အချိန်ကို ယူသင့်သနည်းဟူမူ တလလျှင် ဆယ်မိနစ်စီ ဆယ်မိနစ်စီတိုး၊ လျော့၍သတ်မှတ်သော ပဌမမှုသည် ဝါခေါင်လမှစ၍ ပြာသိုလတိုင်အောင် ဤ ၆ လအတွင်း၌ လကူးပြောင်းသည်နှင့်တပြိုင်နက် တလအတွက် ဆယ်မိနစ်လုံးကို တခါတည်းဖြင့် ရှေ့သို့တိုးစေခြင်းအားဖြင့် သုံးရက်မှတခါ သုံးရက်မှတခါတမိနစ်စီ တမိနစ်စီတိုး၊ လျော့၍သတ်မှတ်သော ဒုတိယမှုထက် အရုဏ်အချိန်ကို နောက်ကျ၍ ယူခြင်းကြောင့် ဤ(ပ) မှုသည် ဤ ၆ လအတွင်း၌ ပိုပြီးစိတ်ချရ၍ ဂရုဖြစ်သည်။ ။ရှင်းပြပါအံ့။ ဝါခေါင်လကိုပင် သာဓကဆောင်၍ ယူကြပါစို့။ (ပ) မှုဖြင့်ယူလျှင်ဤ ဝါခေါင်လဆန်း ၃ ရက်နေ့၌ အရုဏ်အချိန်သည် ၄.၄၀ မိနစ်ဖြစ်၍ (ဒု)မှုဖြင့် ယူလျှင် ၄.၃၁ မိနစ်ဖြစ်သည်။ ဤအရုဏ်အချိန်နှစ်ခုကို နှိုင်းယှဉ်သော် (ပ) မှုသည် (ဒု) မှုထက် ၉ မိနစ်တိတိ နောက်ကျနေသည်မှာ ပေါ်လွင်သောကြောင့်ဂရုဖြစ်၍ (ဒု)မှုသည်လဟုဖြစ်သည်-ဟူ၍ဆိုအပ်၏။ [ကျန်သောရက်များ လများအတွက် သိလောက်ပြီ။] ထို့ကြောင့် ဝါခေါင်လမှစ၍ ပြာသိုလတိုင်အောင် ဤ ၆ -လအတွင်း၌ အရုဏ်အချိန်ကို (ပ) မှုဖြင့်ပင်ယူအပ်၏၊ (ဝါ)

အထက်ပါသတ်မှတ်ထားသော အရုဏ်အချိန်ကိုပင်ယူအပ်၏။ အရုဏ်အချိန်ကို အတိအကျယူလိုမူ (ဒု) မူဖြင့်တွက်၍ယူလေ]။ ။တပို့တွဲလမှစ၍ ဝါဆိုလတိုင် အောင် ဤ ၆ လအတွင်း၌ကား (ဒု)မူသည် (ပ) မူကဲ့သို့ လကူးပြောင်းသည်နှင့် တပြိုင်နက် တလအတွက် ဆယ်မိနစ်လုံးကို တခါတည်းဖြင့် နောက်သို့မဆုတ် စေပဲ သုံးရက်မှတခါ သုံးရက်မှတခါ တမိနစ်စီ တမိနစ်စီသာလျှင် နောက်သို့ ဆုတ်စေသောအားဖြင့် (ပ) မူထက် အရုဏ်အချိန်ကို နောက်ကျ၍ ယူခြင်း ကြောင့် ဤ (ဒု) မူသည်ဤ ၆ လအတွင်း၌ ပိုပြီးစိတ်ချရ၍ ဂရုဖြစ်သည်။ ။ ရှင်းပြပါအံ့။ ။ တပို့တွဲလကိုပင် သာဓကဆောင်၍ ယူကြပါစို့။ (ပ) မူဖြင့် ယူလျှင် ဤတပို့တွဲလဆန်း ၃ ရက်နေ့၌ အရုဏ်အချိန်သည် ၅.၂၀ မိနစ် ဖြစ်၍ (ဒု) မူဖြင့်ယူလျှင် ၅.၂၉ မိနစ်ဖြစ်သည်။ ဤအရုဏ်အချိန် နှစ်ခုကိုနှိုင်း ယှဉ်သော် (ဒု) မူသည် (ပ) မူထက် ၉ မိနစ်တိတိ နောက်ကျနေသည်မှာ ပေါ်လွင်သောကြောင့် ဂရုဖြစ်၍ (ပ) မူသည် လ ဟုဖြစ်သည်-ဟူ၍ဆိုအပ်၏။ [ကျန်သောရက်များ လများအတွက် သိလောက်ပြီ။] ထို့ကြောင့် တပို့တွဲလ မှစ၍ဝါဆိုလတိုင်အောင် ဤ ၆ လအတွင်း၌ အရုဏ်အချိန်ကိုတတ်နိုင်ပါမူဤ (ဒု)မူဖြင့် ယူအပ်ပေသည်-ဟူ၍ပြောလိုပါ၏။ [မတတ်နိုင်လျှင်ကား (ပ)မူဖြင့် အထက်ပါသတ်မှတ်ထားသော အရုဏ်အချိန်ကိုပင်ယူလေ]။ ။ဂရု-လဟု ရှင်း တမ်းပြီးပြီ။

**နိဿဂ္ဂီ မထိုက်စေနည်း။** ။တိစီဝရိက် အဓိဋ္ဌာန်တင်ထားသော သင်္ကန်း ၃ ထည် တို့ကို ဝတ်ခြုံ၍သော်လည်းထား၊ သို့မဟုတ် အရုဏ်တတ် ချိန်၌ မိမိနှင့် ၂ တောင့်ထွာ ဟတ္ထပါသ် အတွင်း၌ သော်လည်း ရှိစေရမည်။ [ဤ နည်းသည် အောက်၌ ပြလတ္တံ့သော ကျမ်းအဆိုများအတိုင်း လိုက်နာကျင့် သုံးဆောက်တည်ရန်သဘော မပေါက်သော ပုဂ္ဂိုလ်များအဖို့ အလွယ်ကူဆုံး အကောင်းဆုံးနည်းဖြစ်သည်။] ၂ တောင့်ထွာ ဟတ္ထပါသ်အတွင်း၌ မရှိလျှင် စီဝရဝဂ်-ဒုတိယ ကထိန သိက္ခာပုဒ်တော်အရ နိဿဂ္ဂီ ပါစိတ် အာပတ်သင့်၏။ ၎င်းတို့နှင့် ညဥ့်ကင်းလိမ့်မည်ဟု ထင်လျှင် အရုဏ်မတက်မီ အဝေးရှိရာ ထိုသင်္ကန်း ကို မှန်း၍ (အကယ်၍) ဒုကုဋ်ဖြစ်လျှင် "တေ သံဃာဋိံ ပစ္စုဒ္ဓရာမိ-ထိုဒုကုဋ် သင်္ကန်းကို ပစ္စုဒ္ဓိုရ် ပြုပါ၏။ သို့မဟုတ် ထိုသင်္ကန်းကို ဒုကုဋ်သင်္ကန်းအဖြစ်မှ ရုပ်သိမ်းပါ၏"ဟု ဆို၍ ပစ္စုဒ္ဓိုရ်ပြု။ ဤသို့ပြုလျှင် နိဿဂ္ဂီ မထိုက်တော့ပြီ။ အရုဏ်တက်ပြီးနောက် အဝေးရှိရာသို့ မှန်းပြီး ထမ်း၍ အဓိဋ္ဌာန်တင်။သို့ပြုခြင်း အားဖြင့် နိဿဂ္ဂီပါစိတ် အာပတ်လည်း မသင့်၊ အဓိဋ္ဌာန်လည်း တင်ပြီးသား ဖြစ်တော့သည်။

အကယ်၍ စပ်ကူးမတ်ကူး အချိန်နှင့် ကပ်၍ ကုဋီသို့ သွားလိုသော်ငြား၊ အခြားကိစ္စတခုခုကြောင့် သင်္ကန်း ၃ ထည်လုံးကိုဖြစ်စေ၊ တထည်ထည်ကို ဖြစ်စေ ချန်ထား၍ သွားရမည့် အခါမျိုးနှင့် ကြုံကြိုက်သော်ငြား၊ ထိုသင်္ကန်းတို့ကို ပစ္စုဒ္ဓိုရ် ပြု၍ ကိစ္စပြီးသောအခါ အဓိဋ္ဌာန်ပြန်တင်၍ စောင့်ရှောက်ရမည်။ ထိုသို့ မပြုမိ၍ ထိုသင်္ကန်းတို့နှင့် အရုဏ်တက်ချိန်၌ ကင်းသွားပါမူ ဝိနည်းဓိုရ်ထံ၌ စွန့်ရမည်။

အရုဏ်တက်ချိန်၌ တိစီဝရိက် အဓိဋ္ဌာန်တင်ထားသော သင်္ကန်းတို့နှင့် မကင်းရ—ဟူသော စကားမှာ အဓိပ္ပါယ် အမျိုးမျိုး ရှိသောကြောင့် လွယ်ကူစွာဖြင့် နားလည်စေခြင်းငှါ ပါတိမောက္ခ ဝိနိစ္ဆယကျမ်းတို့မှ ကောက်နုတ်ထားသော အောက်ပါ စာပိုဒ် ၃ခုကို နည်းရရုံဆောင်၍ ပြပါအံ့။

(၁) တယောက်သော အမျိုး၏အိမ်သည် အရံရှိအံ့၊ အထူးထူးသော တိုက်ခန်းပင် ရှိသော်လည်း ကျေပစာရဖြစ်သောကြောင့် အိမ်တွင်း၌ သင်္ကန်းကို ထား၍ ထိုအိမ်၌ နေလိုရာ အရပ်မှာ နေအပ်၏။

(၂) တယောက်သော အမျိုး၏ အိမ်သည် အရံ မရှိသည် ဖြစ်အံ့၊ နာနူပစာရဖြစ်သောကြောင့် အကြင်တိုက်ခန်း၌ သင်္ကန်းကိုထားအံ့၊ ထိုတိုက်ခန်း၌ နေအပ်၏၊ တိုက်ခန်း၏ နှစ်တောင့်ထွာ ဟတ္ထပါသ်ကို မစွန့်မူ၍ လည်း နေအပ်၏။

(၃) ကျောင်း၌လည်း ဤဆိုပြီးသော နည်းကိုမှီ၍ သိအပ်၏။ [အကျယ်သိလိုလျှင် ထိုပါတိမောက္ခ ဝိနိစ္ဆယကျမ်းတို့၌ ကြည့်။]

ကင်္ခါဘာသာ ဋီကာ(ပဥ္စမအုပ်) ဒုတိယ ကထိန သိက္ခာပုဒ်၌"အဝိပ္ပဝါသ သိမ်ထဲ၌ထားလျှင် ထိုသိမ်အတွင်း အလိုရှိရာ၌ ကင်း၍ နေနိုင်၏၊ ထိုသိမ်ပြင်ဘက်–ဂါမစသည်တို့၏ ပြင်ဘက်၌ကား ဟတ္ထပါသ်စွန့်၍ ကင်းမနေရ"ဟု ဆို၏။ [ရွာ, အိမ်, တိုက် (ဘဏ္ဍာတိုက်), ထီးတပ် အပ်သော ပြာသာဒ်, ထီးမတပ်အပ်သော ပြာသာဒ် ဦးပြည်း, လှေ, လှည်း, ပြအိုး, လယ်(ယာ), ကောက်နယ်တလင်း, သစ်ပင်, လွင်တီးခေါင်, အာရာမ်, ကျောင်းတိုက်, တန်ဆောင်း၊ ဤ၁၅ ပါးသည် တိစီဝရိက် သင်္ကန်းထားရာ အရပ်များတည်း၊ မည်သည့်အရပ်၌ထားလျှင် မည်သို့ နေရမည်စသော ညွှန်ကြားချက်များကို ပါရာဇိကဏ်ပါဠိတော်(မြန်မာပြန်) ဒုတိယ ကထိန သိက္ခာပုဒ်၌ကြည့်။]

အနီးစွန့်ပုံ။ ။ဣဒံ မေ ဘန္တေ စီဝရံ ရတ္တိဝိပ္ပဝုတ္ထံ၊ အညတြ ဘိက္ခုသမ္မုတိယာ နိဿဂ္ဂိယံ၊ ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ=အရှင်ဘုရား, တပည့်

တော်၏ ဤသက်န်းကို ဘိက္ခုသမ္မုတိကို ကြဉ်ထား၍ ညဥ့်ကင်းနေအပ်သည် ဖြစ်၍ စွန့်ထိုက်နေပါသည်၊ ဤသက်န်းကို အရှင်ဘုရားအား တပည့်တော်စွန့်ပါသည်—ဟု မြန်မာလို ဆို၍လည်း စွန့်နိုင်၏။

နှစ်ထည်မှ စ၍ အများဖြစ်လျှင် "ဣမာနိ မေ ဘန္တေ စီဝရာနိ ရတ္တိ-ဝိပ္ပဝုတ္ထာနိ၊ အညတြ ဘိက္ခုသမ္မုတိယာ နိဿဂ္ဂိယာနိ၊ ဣမာနာဟံ အာယသ္မ-တော နိဿဇ္ဇာမိ" ဟုဆို။

**အဝေးစွန့်ပုံ။** ။အဝေး၌ ၁ ထည်ဖြစ်အံ့၊ "ဧတံ မေ ဘန္တေ စီဝရံ ရတ္တိဝိပ္ပဝုတ္ထံ၊ အညတြ ဘိက္ခု သမ္မုတိယာ နိဿဂ္ဂိယံ၊ ဧတာဟံ အာယသ္မတော နိဿဇ္ဇာမိ"ဟုဆို။

အများဖြစ်အံ့၊ "ဧတာနိ မေ ဘန္တေ စီဝရာနိ ရတ္တိဝိပ္ပဝုတ္ထာနိ၊ အညတြ ဘိက္ခုသမ္မုတိယာ နိဿဂ္ဂိယာနိ၊ ဧတာနာဟံ အာယသ္မတော နိဿဇ္ဇာမိ" ဟု ဆို။

ဝိနည်း မိုရ်က အငယ်ဖြစ်နေလျှင် "ဘန္တေ" အစား "အာဝုသော-ငါ့ရှင်"၊ "အာယသ္မတော" အစား "တုယှံ-သင့်အား"ဟု ပြောင်းလွှဲ၍ဆို။ နောက်၌လည်း ဤနည်းချည်း။

ဤသို့ စွန့်ပြီးသည့်အခါ ယခုကာလ ထုံးစံအတိုင်း ပါစိတ် အာပတ်ကို ရည်မှတ်၍ဒေသနာပြောရမည်။ ထိုနောက် ဝိနည်းမိုရ်က "ဣမံ စီဝရံ အာယသ္မတော ဒမ္မိ-ဤသက်န်းကို (များလျှင် ဣမာနိ စီဝရာနိ-ဤသင်္ကန်းတို့ကို) အရှင်အား ပြန်ပေးပါ၏"ဟု ပါဠိလိုဖြစ်စေ၊ မြန်မာလို ဖြစ်စေ ဆို၍ ပြန်ပေးရမည်။

အဝေး၌ဖြစ်အံ့၊ ၁ ထည် ဖြစ်လျှင် "ဧတံ စီဝရံ အာယသ္မတော ဒမ္မိ-ထိုသက်န်းကို (များလျှင် ဧတာနိ စီဝရာနိ-ထိုသက်န်းတို့ကို)အရှင်အား ပြန်ပေးပါ၏"ဟု ဆို။

စွန့်ခြင်း၊ ဒေသနာ ပြောရခြင်း၊ ပြန်ပေးရခြင်း စသည်တို့မှာ နိဿဂ္ဂိအားလုံး၌ အတူတူပင်တည်း။

ထိုကဲ့သို့ ပြန်ပေး၍ ရပြီးနောက် အလိုရှိရာ အဓိဋ္ဌာန်သော်လည်းတင်၊ ဝိကပ္ပနာ သော်လည်း ပြုထားရမည်။

**ပေးစွန့်, ခိုးယူ၊ကျွမ်းဝင်ယူ၊လူထွက်ချသိက္ခာ။**
**သေဆုံး, လိင်ပြန်၊ ပစ္စုဒ္ဓိ၊ရှစ်တန်–ကျဓိဋ္ဌာ။**

အဓိပ္ပါယ်။ ။အဓိဋ္ဌာန်တင်၍ထားသော သက်ိုန်းသည် ၈ ပါးသော အကြောင်းတို့ကြောင့် အဓိဋ္ဌာန်ကျ၏။ [ကျ–ဟူရာ၌ အဓိဋ္ဌာန်ပျက်သည်–ဟု ဆိုလိုသည်။]

ရှစ်ပါးသောအကြောင်းကား- (၁)သူတပါးအား ပေးစွန့်ခြင်း၊ (၂)ခိုး ယူသွားခြင်း၊ (၃) အကျွမ်းဝင်၍ ဝိဿာသဂ္ဂါဟ ယူနည်းဖြင့် ယူသွားခြင်း၊ (၄)သက်ိုန်းရှင်က ဘိက္ခုနီဖြစ်လျှင် သိက္ခာမချပဲ လူဝတ်လဲခြင်း၊ (၅)ဘိက္ခု ဖြစ်လျှင် သိက္ခာချခြင်း၊ (၆) သေဆုံးခြင်း၊ (၇) လိင်ပြန်ခြင်း၊ (၈)ပစ္စုဒ္ဓိ၍ ပြုခြင်းတည်း။

မှတ်ချက်။ ။သက်ိုန်းရှင် ပါရာဇိက ကျခဲ့သော် အဓိဋ္ဌာန်ကျသည်-မကျ သည်ကို အဆိုမရှိ၊ သိက္ခာကျ၍ ရေတွက်ရာ၏။

**သင်း, ကိုယ်, ဒု, အား၊ ပေါက်မှုပွား၊ကိုးပါးကျကြောင်းလာ။**

အဓိပ္ပါယ်။ ။တိစီဝရိက် အဓိဋ္ဌာန်တင်၍ ဆောင်ထားသော တိစီဝရိက် များအတွက်မှာ လက်သန်း၏ လက်သည်းခွံလောက် အပေါက်ပေါက်လျှင် လည်း အဓိဋ္ဌာန်ကျသဖြင့် အဓိဋ္ဌာန်ကျကြောင်း၉ပါးရှိသည်ဟုမှတ်။ အပေါက်– ဟူရာ၌ အနားပတ်လည် ပေါက်ရုံဖြင့် မကျ၊ ၃ ထည်လုံးအတွက် အလျားစွန်း တထွာအတွင်း, အနံအစွန်း ဒုကုဋ္ဌနှင့်ကိုယ်ရုံအတွက် လက် ၈ သစ်၊ သင်းပိုင် အတွက် လက် ၄ သစ်အတွင်း ထုတ်ချင်းပေါက်မှ အဓိဋ္ဌာန်ကျကြောင်း အပေါက်ဖြစ်သည်-ဟု ဆိုလိုသည်။ အပေါက်ဖါပြီးက ထပ်၍ အဓိဋ္ဌာန်ဘင် နိုင်၏။

အထူးသိမှတ်ဖွယ်။ ။စိဝရဝဂ်-ဒုတိယ ကထိနသိက္ခာပုဒ်တော်၌"ဂိလာန ရဟန်းအား ပေးအပ်သော အဝိပ္ပဝါသ သမ္မုတိကို မရထားလျှင် ကထိန်နုတ် ပြီးနောက်"ဆိုသော စကား၏အဓိပ္ပါယ်ကို သိပါလေ။ တနည်း၊ထိုသမ္မုတိကို ရခဲ့သော်၎င်း၊ ကထိန်အာနိသင်ကို ရခဲ့သော်၎င်း ထိုထိုကာလအတွင်း၌ တိစီ ဝရိက် အဓိဋ္ဌာန်ဘင်ထားသော သက်ိုန်းတို့နှင့် ညဥ့်ကင်းသော်လည်း အပြစ်မရှိ- ဟုသိ။

စီဝရဝဂ်-ပဌမ ကထိန သိက္ခာပုဒ်တော်အရ ကထိန်နုတ်ပြီးနောက် ကိုယ် ပိုင် သက်ိုန်းကို ၁၀ ရက်အတွင်း၌ အဓိဋ္ဌာန်မတင် ဝိကပ္ပနာမပြုမိလျှင် ထို သက်ိုန်းသည် နိဿဂ္ဂိထိုက်၍ ပါစိတ်အာပတ်သင့်ရုံသာမက ၎င်းကိုကိုင်လျှင်

ကိုင်တိုင်းကိုင်တိုင်း ဒုက္ကဋ်အာပတ်လည်း ထပ်၍ထပ်၍ သင့်သေး၏။ ထို့ကြောင့် ထိုသက်န်းကို ဝိနည်းမိုရ်ထံ၌ စွန့်ရမည်။

အနီးစွန့်ပုံ။ ။"ဣဒံ မေ ဘန္တေ စီဝရံ ဒသာဟာတိက္ကန္တံ နိဿဂ္ဂိယံ၊ ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ=အရှင်ဘုရား, တပည့်တော်၏ ဤသင်္ကန်းသည် ၁၀ ရက် လွန်လာသဖြင့် နိဿဂ္ဂိ ထိုက်နေပါသည်။ဤသင်္ကန်းကို အရှင်ဘုရားအား တပည့်တော် စွန့်ပါသည်"ဟု မြန်မာလိုဆို၍လည်း စွန့်နိုင်၏။

နှစ်ထည်မှစ၍ အများဖြစ်လျှင် "ဣမာနိ မေ ဘန္တေ စီဝရာနိ ဒသာဟာတိက္ကန္တာနိ နိဿဂ္ဂိယာနိ၊ ဣမာနဟံ အာယသ္မတော နိဿဇ္ဇာမိ"ဟု ဆို။

ဝိနည်းမိုရ်က အငယ်ဖြစ်နေလျှင် "ဘန္တေ"အစား "အာဝုသော"၊ "အာယသ္မတော" အစား "တုယှံ"ဟု ပြောင်းလွှဲ၍ဆို။

အဝေးစွန့်ပုံ။ ။အဝေး၌ ၁ ထည်ဖြစ်အံ့၊ "ဣဒံ စီဝရံ,နိဿဂ္ဂိယံ, ဣမာဟံ"ပုဒ်တို့အစား "ဧတံ, စီဝရံ, နိဿဂ္ဂိယံ, ဧတာဟံ"ဟု ပြောင်းလွှဲ၍ဆို။

အများဖြစ်အံ့၊ "ဧတာနိ စီဝရာနိ ဒသာဟာတိက္ကန္တာနိ နိဿဂ္ဂိယာနိ ဧတာနာဟံ"ဟုဆို။

ထိုနောက် ဒေသနာ ပြောရခြင်း၊ ပြန်ပေးရခြင်း၊ အဓိဋ္ဌာန် တင်ရခြင်းတို့မှာ အထက်၌ ဖေါ်ပြထားသော နည်းအတိုင်းပင် ဖြစ်သည်။ ဝိကပ္ပနာပြု၍ ထားလိုက အောက်ပါ "အခဏ်း"၌ ညွှန်ပြထားသည့်အတိုင်းပြု။

သင်္ကန်းအဓိဋ္ဌာန်တင်နည်း၊ စောင့်ရှောက်နည်း၊စွန့်နည်းပြီးပြီ၊

---

## ၃၁။ ။သင်္ကန်းဝိကပ္ပနာပြုနည်း

### ပရမ္မုခါ၊ သံမုခါ၊ နှစ်ဖြာဝိကပ္ပ။

ဝိကပ္ပနာ ၂ မျိုး။ ။ဝိကပ္ပနာ ပြုနည်းသည် သံမုခါ ဝိကပ္ပနာ, ပရမ္မုခါ ဝိကပ္ပနာ–ဟူ၍ ၂ ပါးရှိ၏၊သံမုခါဝိကပ္ပနာ မိမိနှုတ်ဖြင့် ပြုအပ်သော ဝိကပ္ပနာ၊ ပရမ္မုခါဝိကပ္ပနာ– သူတပါးနှုတ်ဖြင့် ပြုအပ်သော ဝိကပ္ပနာ-ဟု ဆိုကြ၏။

### ဝိနည်းမိုရ်ပါး၊ ချဉ်းကပ်ငြား၊ နှစ်ပါးပြုဘိုရ။

ဝိကပ္ပနာပြုပုံ။ ။ဝိနည်းမိုရ်ပုဂ္ဂိုလ်ထံ ချဉ်းကပ်၍ ဝိနည်းမိုရ် ပုဂ္ဂိုလ်အား ပြုရမည်၊ ဝိကပ္ပနာ ပြုလိုသော သင်္ကန်းကို ဝိနည်းမိုရ်ရှေ့၌ထား၍ "ဣမံ စီဝရံ တုယှံ ဝိကပ္ပေမိ–ဤသင်္ကန်းကို အရှင့်အား ဝိကပ္ပနာပြုပါ၏၊" သင်္ကန်း

အများဖြစ်ခဲ့လျှင် "ဣမာနိ စီဝရာနိ တုယှံ ဝိကပ္ပေမိ" ဟု သုံးကြိမ်ဆို၍ သင်္ကန်းကို ပေးလိုက်။ [အဝေးရှိ သင်္ကန်း၌ တေ, တာနိ-ဆို။]

**ဝိနည်းလိမ္မာ၊ မြတ်ဆရာ၊ ပြန်ပါဝိကပ္ပ။**

**ဝိကပ္ပနာပြန်ပုံ။** ။ဝိနည်းမိုရ်ဆရာက ဝိကပ္ပနာပြန်ရသည်။ ။"မယှံ သန္တကံ ပရိဘုဉ္ဇ ဝါ ဝိဿဇ္ဇေဟိ ဝါ ယထာပစ္စယံ ကရောဟိ" ဟု သုံးကြိမ် ဆို၍ ပြန်။ [ငါ၏ ဥစ္စာကို သုံးလိုမူလည်း သုံး၊ စွန့်လိုမူလည်း စွန့်၊ အကြောင်း အားလျော်စွာ (အလိုရှိရာ) ပြုလေ-ဟူလိုသည်။] ထိုနောက် မူလသင်္ကန်းရှင် အား ထိုသင်္ကန်းကို ပြန်ပေးလိုက်။ ဝိနည်းမိုရ်က အငယ်ဖြစ်နေလျှင် "မယှံ သန္တကံ ပရိဘုဉ္ဇထ ဝါ ဝိဿဇ္ဇထ ဝါ ယထာပစ္စယံ ကရောထ" ဟူ၍ဗဟုဝုစ် အလေးပြုခြင်းဖြင့် ဆိုနိုင်၏။

**သီတင်းဘော်မှန်၊ သမ္မုခါန်၊ ငါးတန်လိုရာပြု။**

**ဝိကပ္ပနာပြုပုံတနည်း။** ။သံမုခါဝိကပ္ပနာ ပြုပုံဘနည်းမှာ သီတင်းသုံး ဘော် ၅ ယောက်တို့တွင် သင်္ကန်းရှင်အလိုရှိရာ တယောက်ယောက်ကို သမ္မုခါန် ထား၍ ပြုရ၏။

"ဣမံ စီဝရံ တိဿဿ ဘိက္ခုနော ဝိကပ္ပေမိ။
တိဿာယ ဘိက္ခုနိယာ။
တိဿာယ သိက္ခမာနာယ။
တိဿဿ သာမဏေရဿ။
တိဿာယ သာမဏေရိယာ။

ဟု မိမိနှင့် အကျွမ်းဝင်သူ တယောက်ယောက်၏ နာမည်ကိုဖေါ်၍ဆို။ ။ ဝိနည်းမိုရ်က ပြန်ရာ၌"တိဿဿ သန္တကံ"ဆို၍ ပြန်လေ။

**ကိုယ်မပြုဘဲ၊သူ့ကိုလွှဲ၊ ခေါ်မြဲပရမ္မုခ။**

**ပရမ္မုခါဝိကပ္ပနာ။** ။တုယှံ ဝိကပ္ပေမိ-ဟု မိမိ မပြုမူ၍ ဝိနည်းမိုရ် ဆရာ ကိုပင် ဝိကပ္ပနာ ပြုမှုပါ လွှဲအပ်လိုက်၏၊ "ဣမံ စီဝရံ ဝိကပ္ပနတ္ထာယ တုယှံ ဒမ္မိ" လွှဲပုံ။

**ကိုယ်စားဝိကပ္ပနာ။** ။အလိုရှိရာ သီတင်းသုံးဘော်ကို ညွှန်းပါ-ဟုဝိနည်း မိုရ်က ဆိုရာ အလိုရှိရာ ပုဂ္ဂိုလ်၏ အမည်ကို ပြောကြားလျှင် ထိုနေရာ၌ပင် လျှင် ထိုနာမည်ကို သမ္မုခါန်ပြု၍ "အဟံ ဣမံ စီဝရံ တိဿဿ ဘိက္ခုနော ဒမ္မိ" ဟု ဝိနည်းမိုရ် ဆရာကပင် ဝိကပ္ပနာပြု။

**ဝိကပ္ပနာပြန်ပုံ။** ။"တိဿာဿ သန္တကံ ပရိဘုဉ္ဇ ဝါ ဝိဿဇ္ဇေဟိ ဝါ ယထာပစ္စယံ ကရောဟိ"ဟု ဝိနည်းခိုရ်ပင် ဝိကပ္ပနာပြန်။ ။["တိဿာယ ဘိက္ခုနိယာ"စသည် ကိုလည်းသိလေ။]

**ဝိကပ်ပြန်တုံ၊ ဆောင်နှင်းပုံ၊ ဝတ်ရုံစွန့်ပေးရ။**

**ဝိကပ္ပနာ ပစ္စုဒ္ဓိုရ်အထူး။** ။ဤဝိကပ္ပနာ ပြန်မှုကိုလည်း ပစ္စုဒ္ဓိုရ် ဟူ၍ ပင် ခေါ်၏၊ မသိမ်းပိုက်မူ၍ တဖန်ပြန်ထုတ်မှု ဆိုလိုသည်။ [ဤသို့ မပြုလျှင် ဝိနည်းခိုရ်အား ဒုက္ကဋ် အာပတ်သင့်၏။]ဤသို့ ဝိကပ္ပနာ ပြန်၍ တဖန် သင်္ကန်း ရှင်အား ဆောင်နှင်းလှဲပုံလိုက်သော အခါမှ စ၍ ဝိနည်းခိုရ် ဆရာ၏ ဥစ္စာ, သီတင်းသုံးဘော် တယောက်ယောက်၏ ဥစ္စာအနေနှင့် ထား၍ မိမိပိုင် ဥစ္စာ ကဲ့သို့ အလိုရှိတိုင်း သုံးရ၏။ တိစီဝရိက်အဓိဋ္ဌာန်တင်၍ သုံးစွဲလိုမူလည်း သုံး စွဲနိုင်၏-ဟုမှတ်။

သင်္ကန်း ဝိကပ္ပနာပြုနည်းပြီးပြီ။

---

**၃၂။** ။**သပိတ်အဓိဋ္ဌာန် တင်နည်း၊ ဝိကပ္ပနာပြုနည်း၊ စောင့်ရှောက်နည်း။**

**မြေ,သံနှစ်ရပ်၊ သပိတ်အပ်၊ ကြီး,လတ်,ငယ် သုံးစား။**

**သပိတ် ၂ မျိုး။** ။သပိတ်သည် မြေသပိတ်, သံသပိတ်-ဟူ၍ ကပ္ပိယ သပိတ် ၂ လုံးရှိ၏၊ သစ်သားသပိတ်, ကြေးသပိတ်, ဖလ်သပိတ်စသည်မအပ်၊ ထိုကပ္ပိယ သပိတ် ၂ လုံးသည်လည်း အကြီး, အလတ်, အငယ်-ဟု ၃ စားစီ ရှိကြ၏။

**သုံးပြည်တခွက်၊ နှစ်ကြိမ်ဝက်၊ ချင့်တွက်အမှန်ထား။**

**ဥက္ကဋ်,မဇ္ဈ၊ ဩမက၊ နာမအစဉ်အား။**

**ဥက္ကဋ္ဌသပိတ်။** ။နှစ်ကြိမ်ဝက်ဆိုသည်ကား ၃ ပြည်တခွက်ဝင်သောသပိတ် သည် ဥက္ကဋ္ဌ သပိတ်မည်၏။

**မဇ္ဈိမသပိတ်။** ။၃ ခွက်နှင့် တစလယ် ဝင်သော သပိတ်သည် မဇ္ဈိမ သပိတ်မည်၏။

**ဩမကသပိတ်။** ။၃ စလယ်နှင့်တလှမယ် ဝင်သော သပိတ်သည် ဩမက သပိတ်မည်၏။

**မှတ်ချက်။** ။ခုဒ္ဒသိက္ခာ အုတ်ကျောင်း နိဿယဉ် ဆွမ်း ၂ ပြည် ပဲဟင်း အမဲငါး တခွက်သားစီ၊ ၃ ပြည်တခွက် ဝင်သည်ကား ဥက္ကဋ္ဌ သပိတ် မည်၏--ဟု ဆိုပေ၏။

**သုံးလုံးအနေ၊ သုံးစီဝေ၊ ကိုးထွေသပိတ်ပြား။**

**သပိတ် ၉ လုံး။** ။(က) ဥက္ကဋ္ဌကို အကြီး, အလတ်, အငယ် ၃ လုံးပြု ၃ ပြည်တခွက်ထက် ပို၍ ဝင်မူ ဥက္ကဋ္ဌကြီး။
(ခ) ၃ ပြည်တခွက် တိတိ ဝင်မူ ဥက္ကဋ္ဌ လတ်။
(ဂ) ၃ ပြည်တခွက်အောက် လျော့၍ဝင်မူ ဥက္ကဋ္ဌ ငယ်။ ။[ထို့အတူ မဇ္ဈိမ, ဩမက တို့၌လည်း ၃ လုံးစီ ဝေဖန်သော် သပိတ်အပြား ၉ လုံးဖြစ်၏။]

**မှတ်ချက်။** ။၂ ပြည်တခွက်နှင့် တလမယ်ဝင်တွင် ဥက္ကဋ္ဌ၊ ထိုအောက် မဇ္ဈိမ၊ တပြည်တစလယ်နှင့် တလမယ်ဝင်တွင် မဇ္ဈိမ၊ ထိုအောက် ဩမက ဤသို့ အထက်,အောက်သုံးပုံ ကွဲအောင် ပိုင်းခြားလေ။

**စဆုံးကြီးငယ်၊ နှစ်လုံးပယ်၊အလယ်ခုနစ်ပါး။**
**ဓိဋ္ဌာဝိကပ်၊လောက်သည်မှတ်၊တင်အပ်တလုံးငြား။**

**အဓိပ္ပါယ်။** ။ဥက္ကဋ္ဌကြီးကို အစဆိုသည်၊ဩမက ငယ်ကို အဆုံးဆိုသည်၊ ထိုနှစ်လုံးကို ပယ်၍ အလယ် ၇ လုံးသည် အဓိဋ္ဌာန် ဝိကပ္ပနာ လောက်၏၊ အဓိဋ္ဌာန်မှာမူကား တလုံးသာ တင်ရသည်။

**ဖုတ်သားကောင်းလျက်၊ အဆင်းနက်၊ ချောညက်ဓိဋ္ဌာန်နား။**
**တလုံးတင်ဘိ၊ အကြွင်းရှိ၊ ဝိကပ်ပြု၍ထား။**

**အဓိပ္ပါယ်။** ။အဖုတ်ကောင်း၍ ကောင်းစွာ ကျက်သဖြင့် အဆင်းမည်းနက်လျက် ချောညက်သော သပိတ်သည်သာလျှင် အဓိဋ္ဌာန် နားသည်၊ တလုံးတင်၍ အကြွင်းရှိလျှင် ဝိကပ္ပနာချည်းပြု၍ သုံးဆောင်ရသည်၊ အသစ်ကို တင်လိုလျှင် အဟောင်းကို ပစ္စုဒ္ဓိုရ်ပြုပြီးမှ တင်ရသည်။

**ဓိဋ္ဌာန်ဝိကပ်၊ ပစ္စုဒ္ဓပ်၊ ကျလတ်သက်န်းလား။**
**ဆပ်ဆန်ထမင်း၊ ဝင်လောက်လျှင်း ပေါက်ခြင်းကျကြောင်းထား။**

**အဓိပ္ပါယ်။** ။အဓိဋ္ဌာန်တင်နည်း, ဝိကပ္ပနာ ပြုနည်း, ပစ္စုဒ္ဓိုရ် ပြုနည်း၊ အဓိဋ္ဌာန်ကျရန် အကြောင်း ၉ ပါး၊ ဤအစီအရင် အလုံးစုံတို့သည် သင်္ကန်း၌ ပြဆိုခဲ့ပြီးသော နည်းနှင့် အလားတူကုန်ပြီ၊ အပေါက်၌ မူကား ဆပ်ထမင်း လုံးဝင်လောက်အောင် ပေါက်သည်ကို ယူ။

**စဆုံးနှစ်တန်၊ ဆွမ်းမခံ၊ သုံးရန်အိုးခွက်ထား။**

**မှတ်ချက်။** ။ထို ၂ လုံးတို့ကိုမူကား ဆွမ်းခံမှုကို လွှတ်၍ အိုးခွက်အရာ၌ ထား၍ သုံးဆောင်ရ၏၊ ဆွမ်းစားခွက်အရာ၌ထား၍ ဆွမ်းစားရ၏။

(က) "ဣမံ ပတ္တံ ပစ္စုဒ္ဓရာမိ"၊ အဟောင်းအဓိဋ္ဌာန်စွန့်။
(ခ) "ဣမံ ပတ္တံ အဓိဋ္ဌာမိ"၊ အသစ်အဓိဋ္ဌာန်တင်။
(က) "ဣမံ ပတ္တံ တုယှံ ဝိကပ္ပေမိ"၊ 'ဣမေ ပတ္တေ တုယှံ ဝိကပ္ပေမိ၊' အကြွင်းတို့ကို ဝိကပ္ပနာပြု။
(ခ) "မယှံ သန္တကံ၊ မယှံ သန္တကာနိ ပရိဘုဉ္ဇ ဝါ" စသည် ဝိကပ္ပ-နာပြန်၊ ဝိကပ္ပနာပြန်ပြီးနောက် အလိုရှိတိုင်းသုံးနိုင်၏။

**ကြေးနီ, မြေ, သံ၊ ဤသုံးတန်၊ စားရန်ခွက်သုံးပါး။**

**အဓိပ္ပါယ်။** ။ဆွမ်းစားရန်ခွက် ၃ ပါးဖြစ်သည်၊ သစ်သားခွက်, နှီးခွက်စသည်ကား မအပ်။ [အချို့က ထိုခွက်တို့၌ ယာဝကာလိကဖြစ်သော ခဲဖွယ်ဘောဇဉ်တို့ကိုသာထည့်၍ မစားသောက်ကောင်း၊ ယာမကာလိက ဖြစ်သော အဖျော်ရည်စသည်ကိုကား စားသောက်ကောင်း၏ဟု ယူကြ၏။ ဝိနည်းဓိုရ်တို့ကား နှီးခွက် နှီးကွမ်းအစ်တို့ကို သစ်သားခွက်နှင့်အလားတူဟု သဘောထား၍ လဘက်, ကွမ်းစသည်ထည့်စားမှုကို ရှောင်ကြဉ်ကြ၏။ နှီးကွမ်းအစ်ဖြင့် ကပ်လျှင် လက်ပေါ်တဆင့်ပြောင်း၍ စားကြ၏။ နှီးခွက်ဖြင့်လည်း အဖျော်ရည်စသည်ကို မသောက်ကြကုန်။]

**သပိတ်သိမ်းဆည်း စောင့်ရှောက်ပုံ။** ။ဆွမ်းစားပြီးလျှင် သပိတ်ကို စင်ကြယ်စွာဆေး၊ ရေစင်အောင်သုတ်ပြီးမှဟင်းနံ့ပျောက်အောင် ခေတ္တနေလှန်း၊ ကြာရှည်စွာ နေပူမှာမထားရ၊ နေလှန်းပြီးနောက် ရုပ်သိမ်း၍ အခင်းမပါ သပိတ်ခြေမပါသော မြေပေါ်မှာမထားပဲ နံရံကောက် စသည်၌လည်း မချိတ်ပဲ သပိတ်ခြေပေါ်မှာ ဖြစ်စေ၊ အခင်းရှိသော မြေပေါ်မှာ ဖြစ်စေ၊ သပိတ်မပျက်စီးလောက်သော မြေပေါ်မှာဖြစ်စေ ထားရမည်။ သပိတ်ဖုံးဖြင့် ဖုံးထားလျှင် အနံ့မကောင်းသောကြောင့် သပိတ်ဖုံးကိုလည်း ဖွင့်ထားသင့်ပေသည်။

ကြမ်းသောမြေ၌ မထားရ။ ကျောင်းဦးအတွင်း အကြည်စွန်း၌ဒေါင်း၊ နံရံအပ အကြည်စွန်း၌ဒေါင်း၊ ခုတင်ထိုင်ခုံတို့၌ဒေါင်း သပိတ်ကိုထားခြင်းငှါ မအပ်သည်သာ။

ယခုခေတ် အုတ်တိုက် အစွန်းများလည်း အကြည်သဘောပင်ဖြစ်၍ မထားရ၊ အကြည်က တတောင်လောက် ကျယ်ဝန်းလျှင်ကား ထားကောင်း၏။ [သပိတ်ခြေပါလျှင်လည်း ထိုအကြည်၌ ထားကောင်း၏-ဟု ဆဋ္ဌမူ သာရတ္ထဒီပနီဋီကာဆရာဆိုသည်။]

သပိတ်ဖြင့်ငင်း၊ လက်၌သပိတ်ရှိလျက်ငင်း တံခါးရွက်ကို မတွန်းမဖွင့်ရ။ လက်၌ သပိတ်ရှိခိုက်သာ မဟုတ်၊ လက်မှာဖြစ်စေ၊ ခြေဖမိုးပေါ်မှာဖြစ်စေ ကိုယ်၏ အစိတ်အပိုင်းမှာ သပိတ်ရှိနေလျှင်လည်း တံခါးရွက်ကို မတွန်းရ။ မင်းတုတ်ကလန့်ကိုလည်း မဖြုတ်ရ။ သို့ရာတွင် သပိတ်ကို 'အိတ်ဖြင့်' ပခုံးစွန်း၌ လွယ်ထားခိုက်ဖြစ်လျှင်ကား ထိုအားလုံးကိုပင် ပြုကောင်း၏။ [မပြုရ-ဟု ဆိုသမျှ၌ ပြုလျှင် ရဟန်းမှာ ဒုက္ကဋ်အာပတ်သင့်၍သာမဏေမှာဒဏ်ထိုက်သည်။]

လုပ်ဆေးရေကိုငင်း၊ စုတ်ဝါး၍ စွန့်အပ်သော ဟင်းဖတ်နှင့် ငါးရိုး အမဲရိုးကိုငင်း သပိတ်၌ထည့်၍ မစွန့်ပစ်ရ။ သပိတ်ကို လက်ဆေးခံလုပ်၍လည်း လက်မဆေးရ။

သပိတ်အမိဋ္ဌာန်တင်နည်း ဝိကပ္ပနာပြုနည်း၊ စောင့်ရှောက်နည်း ပြီးပြီ။

---

၃၃။ ။ဝိနည်း၌ အကျုံးဝင်သည့် သက်န်းစသော ဝတ္ထုပစ္စည်းများ၏ အတိုင်းအရှည်ကို အတောင် အထွာဖြင့် မတိုင်းတာပဲ ပေလက်မဖြင့် ဖွဲ့၍တွက်သော

**မဇ္ဈိမ ဝဍ္ဎကီတွက်နည်း**

**ရှင်စောတထွာ၊ မဇ်သုံးထွာ၊ တို့ထွာခေါက်ချိုးတက်။**

အမိပ္ပါယ်။ ။ဘုရားရှင်၏ အရပ်တော်သည် ဘုရားရှင်၏ ၄ တောင်သာ ရှိမြဲဖြစ်၏။ ထိုကိုသုံးဆတက်သော် မဇ္ဈိမ ၁၂ တောင်ဖြစ်၏။ ထိုကို ထက်ဝက်တက်သော် ပကတိပုရိသ ၁၈ တောင်ဖြစ်သတည်း။

မှတ်ချက်။ ။သီဟိုဠ် အဋ္ဌကထာ ဆရာမြတ်တို့လက်ထက် အများသုံးစွဲကြသော ပကတိပုရိသအတောင်သည် စဉ်းငယ်တိုနေ၍ ပေလက်မဖြင့် (၁၆) လက်မသာ ရှိသောကြောင့် မဇ္ဈိမပုရိသဝဍ္ဎကီဟတ္ထ ၁ တောင်ကိုမှီအောင် (၈) လက်မတက်ရသောကြောင့် ထွာတက်နည်းအားဖြင့် မဇ္ဈိမပုရိသ ၁၂ တောင်တွင် ၁ တောင် ၁ တောင်၌ ၁ ထွာ ၁ ထွာတက်၍ ဘုရားရှင်၏ အရပ်တော်ကို ၁၈ တောင်-ဟူ၍ အဋ္ဌကထာ အစောင်စောင်တို့၌ တညီတညွတ်ပြသည်ဟု သာသနာ့ဒါယကာ ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီး၏ ကိုးကွယ်ပူဇော်ခြင်းကို ခံရတော်မူသော ပဏ္ဍိတဓဇ သီရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်နာမံတော် ရရှိတော်မူသော မိုင်းခိုင်းဆရာတော်ဘုရား ရေးသားစီရင်ဆုံးဖြတ်တော်မူသော "တိပေဋက ဝိနိစ္ဆယကျမ်း-ပဉ္စမတွဲ

စာမျက်နှာ ၅၇၃” ၌ ဆို၏။ ထိုကျမ်းကပင် “ သီဟိုဠ်အဋ္ဌကထာဆရာမြတ်တို့လက်ထက် အများသုံးစွဲကြသော ပကတိပုရိသ၏အတောင်သည် အနည်းငယ်တိုနေ၍ ၁၈ လက်မမပြည့်၊ ၁၆ လက်မသာရှိသည်၊ ထို၁၆ လက်မရှိသော ပကတိပုရိသအတောင်ဖြင့် မြတ်စွာဘုရားအရပ်တော် ၄ တောင်ကို တိုင်းတာရာ ၁၆ တောင်မက ၁၈ တောင်အတိုင်း အထွာရသည်ဟု စာမျက်နှာ ၄၆၁, ၄၆၂ တို့၌ ဆို၏။ [ အင်္ဂလိပ်လူမျိုးတို့ တီထွင်သော ၁၈ လက်မ = ၁ တောင်-ဟူသော စကားကို သီဟိုဠ်အဋ္ဌကထာဆရာတို့ အသုံးမပြုသောကြောင့် ဝိနည်းကျမ်း၌ အကျုံးမဝင်ရကား ဤစကားသည်ဤမဇ္ဈိမဝစုကီတွက်နည်း၌ အကျုံးမဝင်-ဟု သိ]

**စာရေးသူက၊ တွက်၍ပြ၊ ကြောင့်ကြစိုက်၍ ရှုကြပါ။**

ထိုခေတ်က ပေ, လက်မ အတိုင်းအတာ မပေါ်ပေါက်သေး၍ အတောင် အထွာဖြင့် တိုင်းတာရရှာလေသည်၊ အတောင်အထွာဖြင့် တိုင်းတာခြင်းသည် မှားသည်ဟု မဆိုလိုပါ၊ သံသယအလျင်းမရှိပါ။ မှန်ပါပေသည်။ သို့သော် ယခုခေတ်မှာမူ ပေ, လက်မ အတိုင်းအတာဖြင့် ကမ္ဘာတဝန်းလုံးက တိုင်းတာနေသောကြောင် တကြောင်း၊ ပေ, လက်မဖြင့် တိုင်းတာခြင်းဖြင့် အတိုင်းအရှည်ကို တိတိကျကျ သိရသောကြောင့်တကြောင်း ဤသည်တို့ကြောင့် အတောင်အထွာဖြင့် မတိုင်းတာပဲ ပေ,လက်မဖြင့် တိုင်းတာလိုသော ပုဂ္ဂိုလ်များအတွက် မဇ္ဈိမဝစုကီတွက်နည်းဖြင့် တိုင်းတာပုံကို တွက်ပြပါအံ့။

တပြည်လုံး၌ လက်သမားတို့ အသုံးပြုနေကြသော အချိုးအားဖြင့် ၄ ချိုး, လက်သစ်အားဖြင့် ၂၄ သစ်, လက်မအားဖြင့် ၂၄ လက်မရှိသော ပေတံသည် မဇ္ဈိမပုရိသ (ဝစုကီ) ၁ တောင်နှင့်ညီသည်-ဟု ထိုတိပေဋက ဝိနိစ္ဆယကျမ်း၊ ပကိဏ္ဏကဝိနိစ္ဆယ-စာမျက်နှာ ၄၆၀ အပိုဒ် ၄ ၌ အတည့်အလင်း ဖော်ပြထား၏ ။ ၂၄ လက်မရှိသော ၄ ချိုးပြည့် = လက်သမားတောင်၌ ၂ ချိုးကို ၁ ပေခေါ်၍ ၄ ချိုးကို ၂ ပေဟုခေါ်သည်။ ၂ ပေ-ဟူသည် မြန်မာအခေါ်အားဖြင့် မဇ္ဈိမပုရိသ ၂ ထွာဖြစ်သည်-ဟု စာမျက်နှာ ၄၆၁ ၌ ဆိုထား၏။ [ဎင်း၏ ၂၄ သစ် (၁ တောင်) သည် ၂၄ လက်မ (၂ ပေ) ဖြစ်၍ ၁၂ သစ် (၁ ထွာ) သည် ၁၂ လက်မ (၁ ပေ)ဖြစ်သည်-ဟူလို၊ မဇ္ဈိမနှင့် လက်သမားတောင် အတူတူ ကိုက်တောင်ကိုပင် ခေါ်သည်-ဟု မြောင်းမြမှ မေဒနီဆရာတော်ဘုရားကြီး၏ ကခ်ါခက်ဆစ် မှတ်ဖွယ်များ၌လည်း ဆိုထား၏။] ဤအတိုင်းအရှည် (စကား) ကို မူတည်၍ သက်န်းအစိဋ္ဌာန်တင်နည်းအခဏ်း၌ ပြဆိုထားသော ဘုရားရှင်၏လက်သစ်တော်အားဖြင့် ၈ သစ်, မဇ္ဈိမ ၂၄ သစ်(၁ တောင်),

ပကတိ ၃၆ သစ် (၁ တောင့်ထွာ) ရှိသော အမိဌာန် ဝိကပ္ပနာလောက်သည့် ထိုအဝတ်ထည်၏ ပမာဏသည် ပေလက်မအားဖြင့် အတိအကျ မည်ရွေ့မည်မျှ ရှိသည်ကိုရှာရန် သင့်ပေသည်–ဟု ယူဆပါသဖြင့် သင်္ချာတွက်နည်းဖြင့် ရှင်းပြပါအံ့။

ထိုအဝတ်ထည်၏ ပမာဏ အတိအကျကို အဘယ်ကြောင့် ရှာသင့်သနည်းဟူမူ– ထိုအဝတ်ထည်သည် ပကတိပုရိသ၏ လက်သစ်အားဖြင့် ၃၆ သစ်၊ အတောင်အထွာအားဖြင့် ၁ တောင့်ထွာရှိသည်ဟု သာမညအားဖြင့် သာဆိုထား၏။ပကတိပုရိသတို့တွင်လည်း တဦးနှင့်တဦး မတူပါ၊ အချို့မှာမြင့်၏၊ အချို့မှာ အလယ်အလတ်ဖြစ်၏၊ အချို့မှာ နိမ့်၏။ ထိုသုံးမျိုးတို့၏ အတိုင်းအရှည်ကို တိုင်းတာရာ၌ သူ့အတောင်နှင့်သူ၊ ကိုယ့်အတောင်နှင့်ကိုယ် ယူနေကြ၍(ဥပမာအားဖြင့်) မြင့်သောသူ၏ အတောင်အထွာဖြင့်တိုင်းလျှင် ၁ တောင့်ထွာပြည့်ဖို့အနည်းငယ်မျှသာ လိုနေသော အဝတ် တပိုင်းစီ ရှိကြရာ ထိုမြင့်သောသူ၌ ၁ တောင့်ထွာမပြည့်၍ အာပတ်၏အင်္ဂါ မလောက်ငြားသော်လည်း ထိုအောက်နိမ့်သောသူ၌ ၁ တောင့်ထွာ ပြည့်၍ အာပတ်၏ အင်္ဂါ လောက်နေရကား "အတိုင်းအရှည်ချင်းတူပါလျက် တဦးအား အာပတ်မသင့်၊တဦးအား အာပတ်သင့်စေခြင်းသည် သဘာဝမကျ အဓိပ္ပါယ်မရှိ"ဟု ဆိုမည်ဆိုလျှင် ဆိုနိုင်၏။ [ဤကား ပဌမ ကထိန သိက္ခာပုဒ်ကိုရည်၍ ဆိုခြင်းတည်း။]မဥ္စ ပီဌ သိက္ခာပုဒ်၌ဆိုလျှင် ခုတင်တခုတည်းကို တယောက်တလှည့်စီ သုံးစွဲကြရာ၌ ထို မြင့်သောသူအား ၁ တောင့်ထွာအတိရှိ၍ အာပတ်မသင့်ငြားသော်လည်း ထိုအောက်နိမ့်သောသူအား ၁ တောင့်ထွာထက် ပိုလွန်နေ၍ အာပတ်သင့်နေရကား "ခုတင်တခုတည်းကို သုံးစွဲပါလျက် တဦးအား အာပတ်မသင့်၊ တဦးအား အာပတ်သင့်စေခြင်းသည် သဘာဝမကျ"ဟု ဆိုမည်ဆိုလျှင် ဆိုနိုင်၏။ တောကျောင်းနှင့်ပတ်သက်၍ကား နိမ့်သောသူ၏အတောင်ဖြင့် အနီးဆုံးအိမ်မှ အတောင် ၂၀၀၀ အတိအကျဝေးသော တောကျောင်း၌ နိမ့်သူနှင့်မြင့်သူ ဟယောက် တလှည့်စီ နေကြရာ ထိုနိမ့်သောသူအား အတောင် ၂၀၀၀ ပြည့်၍ အရညကင်ဓုတင်အင်္ဂါနှင့် ပြည့်စုံသော်လည်း ထိုထက်မြင့်သောသူ၏ အတောင်ဖြင့် အတောင် ၂၀၀၀မပြည့်၍ ဓုတင်အင်္ဂါနှင့်မပြည့်စုံရကား "တကျောင်းတည်း၌နေပါလျက် ဓုတင်အကျိုးကို နှစ်ဦးလုံး မရရှိပဲ တဦးတည်း ရရှိခြင်းသည် သဘာဝမကျ"ဟု ဆိုမည်ဆိုလျှင် ဆိုနိုင်၏– ဟူသောကြောင့်တည်း။ ထို့ကြောင့် ထို အဝတ်ထည်၏ ပမာဏသည် တပြည်လုံး၌ အသုံးပြုလျက်နေသော ပေ လက်မအားဖြင့် အတိအကျ မည်ရွေ့မည်မျှရှိသည်ကို ရှာရန်မသင့်ပါသလော။ ရှာ၍

ရသော် ထိုအဖြေကို တပြည်လုံးက သဘာဝ ကျလှသည်၊ မှန်လှသည်— ဟူ၍ အတည်ပြုလက်ခံရန် မထိုက်ပါသလော–ဟု သံဃာတော်၏ကိုယ်စား စာရေးသူသည် မိမိကိုယ်ကို မိမိပင် မေးပါ၏။ [အဖြေမှာ တခုတည်းသာဖြစ်ရမည်၊ နှစ်ခု မရှိရ-ဟူ၍ ထင်မြင်ပါ၏။] မေးသည့်အတိုင်းလည်း သချ်ာနည်းဖြင့် တွက်ပါသည်။ ရှာဖို့စိတ်ကူးနေသည်မှာ ကြာပါပြီ။ သို့ရာတွင် ထို အတောင်, အထွာ, လက်သစ်တို့၏ အတိုင်းအရှည်သည် ပေ လက်မအားဖြင့် မည်ရွေ့မည်မျှရှိသည်ဟု ဆိုသော အချိုးအစား (စကေး)ကို မရရှိလေခြင်းကြောင့် ကြန့်ကြာနေခြင်း ဖြစ်ပါသည်။ ကံအားလျော်စွာ မကြာသေးမီကပင် အခြားအကြောင်းတခုနှင့် ပတ်သက်၍ ထိုကျမ်းကိုကြည့်ရှုရာ အတောင်, အထွာ, လက်သစ်တို့၏ အတိုင်းအရှည် ပမာဏကို ပေ လက်မအားဖြင့် ဖေါ်ပြထားသည်ကို မမျှော်လင့်ပဲလျက် တွေ့ရှိရပါသဖြင့် အဖြေကို ရှာနိုင်လေတော့သည်။ အများအကျိုးကို ရည်၍ အများ လက်ခံနိုင်စေခြင်းငှါ တွက်နည်းနှင့်တကွ အဖြေကို တင်ပြပါအံ့။

သိထားဖို့ရန်မှာ ဘုရားရှင်၏ အဲတောင် အထွာ လက်သစ်သည် အကြီးဆုံး ဖြစ်၏။ မဇ္ဈိမပုရိသကား ဒုတိယ၊ ပကတိပုရိသကား(တတိယ)အငယ်ဆုံးတည်း- ဟူ၍ ဖြစ်သည်၊ တဦး၏အတောင်အထွာသည် တဦးထက်မည်ရွေ့မည်မျှကြီး၍ တဦးအောက် မည်ရွေ့မည်မျှ ငယ်နေကြောင်းကို ရှေးဦးစွာ ရှင်းပြပါအံ့။

"ရှင်စောတထွာ၊ မဇ်သုံးထွာ၊ တို့ထွာ ခေါက်ချိုးတက်"ဟူသော အဆိုအရ ဘုရားရှင်၏ ၁ သစ်သည် မဇ္ဈိမ၏ ၃ ဆဖြစ်၍ ၃ သစ်၊ ပကတိ၏ ၄ ၁/၂ ဆ ဖြစ်၍ ၄ ၁/၂ သစ်နှင့် ညီမျှလေသည်။ သို့ဖြစ်၍ ဘုရားရှင်၏ ၈ သစ်သည် မဇ္ဈိမ၏ ၂၄ သစ် (၁ တောင်)၊ ပကတိ၏ ၃၆ သစ် (၁ တောင့်ထွာ) နှင့် ကိုက်ညီလေသည်။ ဤကား ဘုရားရှင်၏ အတောင်အထွာသည် မဇ္ဈိမ ပကတိ တို့၏ အတောင်အထွာထက် မည်ရွေ့မည်မျှ ကြီးနေကြောင်းကို ပြခြင်းတည်း။ [မဇ္ဈိမ ပကတိတို့၏ အတိုင်းအရှည် (အတောင်အထွာ)မှာ ပို ထွက်လာသော်လည်း ၎င်းတို့၏ ၂၄ သစ် ၃၆ သစ် အသီးသီးတို့သည် ဘုရားရှင်၏ အတိုင်းအရှည်ဖြင့် မူလရှိရင်းစွဲ ၈ သစ်ရှိသော ထိုအဝတ်ထည်၏ အလျား ပမာဏ အတိုင်းအရှည်ပင်ဖြစ်လေသည်။ အတိုင်းအရှည်သာ တိုးလာသည်၊ ထိုအဝတ်ထည်ကား စန့်ရှည်၍ မထွက်လာပါ။ (မူလ ရှိရင်းစွဲအတိုင်းပင် ဖြစ်သည်— ဟူလို။) တခုနှင့်တခု ညီမျှရန်အလို့ငှါသာလျှင် အတိုင်းအရှည်ကို ထို အချိုးအစားတို့ဖြင့် တိုးမြှင့်ရခြင်းဖြစ်သည်။]

မဇ္ဈိမနှင့် ပကတိတို့၏ အတောင်အထွာသည် ဘုရားရှင်၏ အတောင်အထွာ အောက် မည်ရွေ့မည်မျှ ငယ်နေကြောင်းကို အောက်၌ပြလတ္တံ့သော 'မူ'ဖြင့် သိအပ်၏။

မဇ္ဈိမ၏ ၂၄ သစ် (၁ တောင်)သည် ၂၄ လက်မဖြစ်သည်-ဟူ၍ ထိုကျမ်း၌ ဆိုထားသည်ဟု အထက်၌ ဖေါ်ပြခဲ့ပြီ။ ။ဤမဇ္ဈိမ ၂၄ သစ် (၁ တောင်)သည် ဘုရားရှင်၏ ၈ သစ်နှင့် ညီမျှခြင်းကြောင့် ဘုရားရှင်၏ ၈ သစ်သည် လည်း ၂၄ လက်မဖြစ်၍ ပကတိ၏ ၃၆ သစ်(၁ တောင့်ထွာ)သည်လည်း ၂၄ လက်မပင် ဖြစ်သည်။

ဤသုံးဦးတို့၏ လက် ၁ သစ်သည် လက်မအားဖြင့် မည်ရွေ့မည်မျှ ရှိသနည်း ဟူမူ—

(၁) ဘုရားရှင်၏ ၈ သစ်သည် = ၂၄ လက်မ

ထို့ကြောင့် ၁ ။ = $\frac{၂၄}{၈}$ = ၃ လက်မ

(၂) မဇ္ဈိမ၏ ၂၄ သစ်သည် = ၂၄ လက်မ

ထို့ကြောင့် ၁ ။ = ၁ လက်မ

(၃) ပကတိ၏ ၃၆ သစ်သည် = ၂၄ လက်မ

ထို့ကြောင့် ၁ ။ = $\frac{၂၄}{၃၆}$ = $\frac{၂}{၃}$ လက်မ

ထို့ကြောင့် ဘုရားရှင်၏ လက် ၁ သစ်သည် ၃ လက်မ၊ မဇ္ဈိမ၏ ၁ သစ်သည် ၁ လက်မ၊ ပကတိ၏ ၁ သစ်သည် $\frac{၂}{၃}$ လက်မ ဟူ၍ ပေါ်ထွက်လာ၏။ ဤကား မဇ္ဈိမနှင့် ပကတိတို့၏အတောင်အထွာသည် ဘုရားရှင်၏ အတောင် အထွာအောက် မည်ရွေ့မည်မျှ ငယ်နေကြောင်းကို ပြခြင်းတည်း။ [ဤအတိုင်း အရှည်(စကေး)ကား နောက်၌ပြလတ္တံ့သော ထိုအဝတ်ထည်၏ အလျားအနံ ပမာဏကို ရှာသော တွက်နည်း၏ 'မူရင်း'တည်း၊ (ဝါ) မဇ္ဈိမဝစုကိ တွက်နည်း၏ 'မူရင်း' တည်း။]

"ရှင်စော တထွာ၊ မင်သုံးထွာ၊ တို့ထွာ ခေါက်ချိုးတက်"ဟူသော အချိုးအစားသည် ဆိုသည့်အတိုင်း မှန်မမှန် တွက်၍ပြပါအံ့။

(၁) ဘုရားရှင်၏ ၁ သစ်သည် = ၃ လက်မ။

[ဤ ၃ လက်မကို ဤ၌ အဖြေဟု ယူကြပါ။]

(၂) မဇ္ဈိမ၏ ၁ သစ်သည် = ၁ လက်မ။

ထို့ကြောင့် ၃ ။ = ၃ လက်မ (အဖြေ)

(၃) ပကတိ၏ ၁ ။ = $\frac{၂}{၃}$ လက်မ။

ထို့ကြောင့် ၄ $\frac{၁}{၂}$ = ($\frac{၉}{၂}$) ။ = $\frac{၂}{၃}\times\frac{၉}{၂}$ = ၃ လက်မ။

(အဖြေ)

အသီးသီးတို့၏အဖြေသည် ၃ လက်မချည်းဖြစ်၍ "ဆောင်ပုဒ်" ဆိုသည့် အတိုင်း အချိုးအစားမှာ ကိုက်ညီနေပါသည်။

ထို့ကြောင့် ဘုရားရှင်၏ ၈ သစ်၊ မဇ္ဈိမ၏ ၂၄ သစ် (၁ တောင်)၊ ပကတိ၏ ၃၆ သစ် (၁ တောင့်ထွာ) ရှိသော ထိုအဝတ်ထည်၏ ပမာဏသည် ပေလက်မ အားဖြင့် မည်ရွေ့မည်မျှ ရှိသည်- ဟူသောအဖြေကို ရှာရန်သာ လိုပါတော့ သည်။

မရှုပ်ထွေးစေရန်အလို့ငှါ ထပ်၍ သတိပေးပါအံ့။ ။စာမျက်နှာ ၂၂၂ အပိုဒ် ၃ 'ကွင်းချိပ်'၌ [မဇ္ဈိမ ပကတိတို့၏ အတိုင်းအရှည် (အတောင်အထွာ) မှာ ပိုထွက်လာသော်လည်း ။ပ။ ထိုအချိုးအစားတို့ဖြင့် တိုးမြှင့်ရခြင်း ဖြစ် သည်။] ဟု ဆိုထားသောစကားတို့ကို ပြန်၍ နှလုံးသွင်းတော်မူကြပါ။

မဇ္ဈိမ၏ ၂၄သစ်(၁တောင်)သည် ၂၄လက်မဖြစ်သည်ဟု ထိုကျမ်း၌အတည့် အလင်း ဆိုထားခြင်းကြောင့် အဖြေမှာ ၂၄ လက်မ (ဝါ) ၂ ပေ ဖြစ်သည်ဟု အလိုလို ပေါ်နေပါတော့သည်။ [ထို့ကြောင့် ဘုရားရှင်၏ ၈ သစ်၊ ပကတိ၏ ၃၆ သစ် (၁ တောင့်ထွာ) တို့သည်လည်း ဤ ၂၄ လက်မ (၂ပေ)ပင် ဖြစ် တော့သည်]။ ။ဤသို့ဆိုရုံမျှဖြင့် အဖြေမှာမှန်သည်ဟု တထစ်ချ မှတ်ယူလက်ခံ ရန် မသင့်သေးပါ။ ထို့ကြောင့် တွက်ပြပါအံ့။

(၁) ဘုရားရှင်၏ ၁ သစ်သည် = ၃ လက်မ (အထက်၌ပြခဲ့ပြီ)
ထို့ကြောင့် ၈ ။ = ၃×၈=၂၄လက်မ (၂ပေ)။
အဖြေ။

(၂) မဇ္ဈိမ၏ ၁ သစ်သည် = ၁ လက်မ (အထက်၌ပြခဲ့ပြီ)
ထို့ကြောင့် ၂၄ သစ်(တတောင်)သည် = ၂၄ လက်မ (၂ပေ)။
(အဖြေ)

(၃) ပကတိ၏ ၁ သစ်သည် = $\frac{၂}{၃}$ လက်မ (အထက်၌ပြခဲ့ပြီ)
ထို့ကြောင့် ၃၆ သစ် (၁ တောင့်ထွာ) သည် = $\frac{၂}{၃} \times \frac{၃၆}{၁}$ = ၂၄
လက်မ(၂ ပေ)။ ။(အဖြေ)

အဖြေမှာ ဘုရားရှင်၏ ၈ သစ်သည်ငင်း၊ မဇ္ဈိမ၏ ၂၄ သစ် (၁ တောင်) သည်ငင်း၊ ပကတိ၏ ၃၆ သစ် (၁ တတောင့်ထွာ)သည်ငင်း ၂၄ လက်မ(၂ပေ) ချည်း ဖြစ်သည်။ [ဤကား အဓိဋ္ဌာန် ဝိကပ္ပနာလောက်သည်ဟုဆိုသော ထို အဝတ်ထည်၏ အယုတ်ဆုံး အလျား ပမာဏတည်း။]

အနံမှာ ဘုရားရှင်၏ လက်သစ်တော်အားဖြင့် ၄ သစ်ဟု ဆိုခြင်းကြောင့် မဇ္ဈိမပုရိသ၏ လက်သစ်အားဖြင့် ၁၂ သစ်၊ပကတိ ပုရိသ၏ လက်သစ်အားဖြင့် ၁၈ သစ်ဖြစ်သည်။ဤအနံမှာ အလျားအောက် ထက်ဝက်ငယ်နေခြင်းကြောင့် အဖြေသည် ၁၂ လက်မ (၁ ပေ)ဖြစ်သည်ဟု အားလုံး သိကြသော်လည်းပို၍ ထင်ရှားလေအောင် တွက်ပြပါအံ့။

(၁) ဘုရားရှင်၏ ၁ သစ်သည်=၃လက်မ
ထို့ကြောင့် ၄ ။ =၃×၄=၁၂လက်မ (၁ ပေ)။ ။ (အဖြေ)

(၂) မဇ္ဈိမ၏ ၁ သစ်သည်=၁ လက်မ
ထို့ကြောင့် ၁၂ ။ =၁၂လက်မ (၁ပေ)။ ။(အဖြေ)

(၃) ပကတိ၏ ၁သစ်သည်=$\frac{၂}{၃}$လက်မ
ထို့ကြောင့် ၁၈ ။ =$\frac{၂}{၃}\times\frac{၁၈}{၁}$=၁၂ လက်မ(၁ပေ)။ ။(အဖြေ)

ဤကား အဓိဋ္ဌာန် ဝိကပ္ပနာလောက်သည်ဟု ဆိုသော ထိုအဝတ်ထည်၏ အယုတ်ဆုံး အနံပမာဏတည်း။ ထို့ကြောင့် ပဉ္စမ ကထိနသိက္ခာပုဒ်တော်အရ ထိုအဝတ်ထည်၏ ပမာဏ အတိအကျမှာ အလျား ၂၄လက်မ (၂ပေ)ဖြစ်၍ အနံ ၁၂ လက်မ (၁ပေ)ဖြစ်သည်။[ဤအဖြေကို စိစစ်၍ သဘာဝကျ-မကျ မှန်-မမှန် ဝေဖန်တော်မူကြပါကုန်။]

ခွဲဦးအံ့။ ။ပကတိပုရိသ၏ ၁တောင့်ထွာသည် ၂၄လက်မဖြစ်၍ ၁တောင်သည် $\frac{၂၄}{၁}\times\frac{၂}{၃}$=၁၆ လက်မ ဖြစ်သည်။ [ဤ ၁၆ လက်မ=၁ တောင်-ဟူသော အဖြေသည် ပြခဲ့ပြီးသော စာမျက်နှာ ၂၁၉ မှတ်ချက်အပိုဒ်၌ သီဟိုဠ် အဋ္ဌကထာဆရာမြတ်တို့လက်ထက် အများသုံးစွဲကြသော ပကတိပုရိသ၏ အတောင်သည် အနည်းငယ် တိုနေ၍ ၁၈ လက်မ မပြည့်၊ ၁၆လက်မသာ ရှိသည်''ဟု ဆိုသော စကားနှင့် ကိုက်ညီနေခြင်းကြောင့် ဤတွက်နည်းသည် သီဟိုဠ် အဋ္ဌကထာဆရာတို့၏ အလိုတော်ကျဖြစ်သော မဇ္ဈိမပုရိသဟတ္ထ (ခေါ်) ဝဓုကိ ဟတ္ထ အတိုင်းအထွာဖြင့် တွက်သော နည်းဖြစ်သည်-ဟူ၍ ဆိုအပ်၏။ နောက် ပြလတ္တံ့သော တွက်နည်းနှင့် ခေါ်ဝေါ်ရာ၌ မရောယှက်စေခြင်းငှါ ဤတွက် နည်းကို 'မဇ္ဈိမ ဝဓုကိ တွက်နည်း'ဟူ၍ ခေါ်ဆိုကြပါ။]

ထပ်၍ခွဲဦးအံ့။ ။အင်္ဂလိပ်လူမျိုးတို့ တီထွင်သွားသော ၁၈လက်မ=၁ တောင် ဟူသော အတိုင်းအရှည် (စကေး)ရှိပါလျက် အထက်၌ပြခဲ့ပြီးသော

၁၆ လက်မ=၁တောင် ဟူသော အတိုင်းအရှည် ဖြင့် တွက်ခြင်းသည် သဘာဝကျမှ ကျပါ၏လော-ဟု မေးဖွယ်ရှိ၏။ မဖြေမီ ၁၈ လက်မ=၁ တောင်ဟူသော အတိုင်းအရှည်(စကေး)ကိုမူတည်၍ ပကတိပုရိသ၏ ၃၆သစ်(၁ တောင့်ထွာ)၊ မဇ္ဈိမပုရိသ၏ ၂၄ သစ် (၁ တောင်)၊ ဘုရားရှင်၏ ၈ သစ်ရှိသော အခိဋ္ဌာန် ဝိကပ္ပနာလောက်သည်ဟု ဆိုသော ထိုအဝတ်ထည်၏ အလျား၊အနံ ပမာဏကို ရှာ၍ ပြပါအံ့။ [ဤ ၁၈ လက်မ-၁ တောင်ကို ပကတိပုရိသ၏ အတောင်ဟု သိတော်မူကြပါ။]

(၁) ပကတိ၏ ၁ တောင်သည်=၁၈ လက်မ
ထို့ကြောင့် ၁ တောင့်ထွာသည် $\frac{၁၈}{၁} \times \frac{၃}{၂}$ ၂၇ လက်မ (အဖြေ)

(၂) ပကတိ၏ ၃၆ သစ် (၁ တောင့်ထွာ)သည် မဇ္ဈိမ၏ ၂၄ သစ် (၁ တောင်)နှင့်ညီမျှခြင်းကြောင့် မဇ္ဈိမ၏ ၂၄ သစ် (၁ တောင်) သည်လည်း ၂၇ လက်မပင် ဖြစ်သည်-ဟူ၍သိ။

(၃) မဇ္ဈိမ၏ ၂၄ သစ် (၁ တောင်)သည် ဘုရားရှင်၏ ၈ သစ်နှင့်ညီမျှခြင်းကြောင့် ဘုရားရှင်၏ ၈ သစ်သည်လည်း ၂၇ လက်မပင်ဖြစ်သည်-ဟူ၍သိ။

ဤ ၂၇ လက်မကား အခိဋ္ဌာန် ဝိကပ္ပနာ လောက်သည်ဟု ဆိုသော ထိုအဝတ်ထည်၏ အယုတ်ဆုံး အလျား ပမာဏတည်း။ ထို့ကြောင့် ထိုအဝတ်ထည်၏ အနံ ပမာဏမှာ (အလျားအောက် ထက်ဝက်ငယ်နေခြင်းကြောင့်) $\frac{၂၇}{၁} \times \frac{၁}{၂}$=၁၃ $\frac{၁}{၂}$လက်မ (၁ ပေနှင့် ၁ $\frac{၁}{၂}$ လက်မ)ဖြစ်သည်ဟူ၍သိ။

အထက်၌ပြခဲ့သော မဇ္ဈိမဝစုကီ တွက်နည်းနှင့် ခေါ်ဝေါ်ရာ၌ ကွဲပြားစေခြင်းငှါ ဤတွက်နည်းကို 'အင်္ဂလိပ် တွက်နည်း' ဟူ၍ ခေါ်ဆိုကြပါ။ (ထိုကျမ်းစာမျက်နှာ ၄၆၁-အပိုဒ် ၅ ၌ "အင်္ဂလိပ်လူမျိုးတို့မှာ ထို ၁၈ လက်မ တောင်ကိုပင်လျှင် ၁ တောင်ဟု အသုံးပြုသည်" ဟူ၍ ဖော်ပြထား၏။)

မှတ်ချက်။ ။မဇ္ဈိမဝစုကီ တွက်နည်းထက် အင်္ဂလိပ်တွက်နည်းက အလျား၌ ၃ လက်မ၊ အနံ၌ ၁ $\frac{၁}{၂}$ လက်မ ကြီးနေ၏။ ပြဆိုခဲ့ပြီးသောတွက်နည်း မူနှစ်ခုတို့တွင် အဘယ်မူကို ယူသင့်ပါသနည်းဟူမူ— (၁) သီဟိုဠ်အဋ္ဌကထာ ဆရာမြတ်တို့လက်ထက် အများသုံးစွဲကြသော ပကတိပုရိသ၏ အတိုင်းအထွာကိုရည်၍ (၁၆ လက်မ=၁ တောင်ဟူသော အတိုင်းအရှည်ဖြင့်တွက်ရာ)မဇ္ဈိမ၏ ၂၄ သစ်သည် ၂၄ လက်မဖြစ်သည်—ဟူ၍ ထိုကျမ်း၌ အတည့်အလင်း ဆိုထားခြင်း

ကြောင့် တကြောင်း၊ (၂) ၁၈ လက်မ= ၁ တောင်ဟူသော အတိုင်းအရှည် (စကေး)ကို အင်္ဂလိပ်လူမျိုးတို့သာ အသုံးပြုကြ၍ ဝိနည်းကျမ်း၌ အကျုံးမဝင် ရကား ၎င်း(စကေး)ကိုယူလျှင် မဇ္ဈိမ၏ ၂၄ သစ်သည် ၂၇ လက်မ ဖြစ်မည် ဖြစ်၍ ထိုကျမ်းကို ဆန့်ကျင်ရာကျမည် ဖြစ်သောကြောင့် တကြောင်း၊ (၃) မဇ္ဈိမ ဝစုကီတွက်နည်းမှုက အင်္ဂလိပ်တွက်နည်းမှုအောက် အလျား၌ ၃ လက်မ၊ အနံ၌ ၁½လက်မ ယော်နေ၍ ဝိနည်းအရာဝယ် ဝိဝါဒ ရှိခဲ့လျှင် အလေးဘက် သို့သာ လိုက်ရမည်ဟု ဆိုထားခြင်းကြောင့် တကြောင်း၊ (၄) ဂရုကို ယူရ မည်ဟု ဆိုသည်နှင့်အညီ ထို ပကတိပုရိသ၏ ၁ တောင့်ထွာ၏ အတိုင်းအရှည်ကို မဇ္ဈိမဝစုကီတွက်နည်းမှုဖြင့် တွက်၍ရသောအဖြေ ၂၄ လက်မ (၂ပေ) သည် လည်း ယခုမျက်မြင် ပကတိပုရိသ (အလယ်အလတ်ဖြစ်သော ယောကျ်ား)၏ တတောင့်ထွာအောက် ၂ လက်မယော်နေသည်ကို ကိုယ်တိုင်စမ်းသပ်၍ သိရသော ကြောင့် တကြောင်း၊ (ဤ အကြောင်းတို့ကြောင့်) မဇ္ဈိမဝစုကီ တွက်နည်း မှုကိုသာ ယူသင့်သည်ဟု ဆိုအပ်၏။

**အမှာ။** ။သိက္ခာပုဒ်များ၌ အကျုံးဝင်သည့် သက်န်းစသော အရာဝတ္ထု တို့၏ အတိုင်းအရှည် ပမာဏ အတိအကျကို သိလိုမူ ပြဆိုခဲ့ပြီးသော မဇ္ဈိမ ဝစုကီတွက်နည်း၌လာသော ဘုရားရှင်၏ ၁ သစ်သည် ၃ လက်မ၊ မဇ္ဈိမ၏ ၁ သစ်သည် ၁ လက်မ၊ ပကတိ၏ ၁ သစ်သည် ½ လက်မ ရှိသည်— ဟူသော 'မူ'ဖြင့် တွက်ယူတော်မူကြပါ။ [တိကျပြတ်သားသော အဖြေမှန် ထွက်ပါလိမ့် မည်။]

**ထင်ရှားအောင် ထပ်၍ ပြပါဦး အံ့။** ။နန္ဒတ္ထေရ(ခေါ်)သုဂတစီဝရ သိက္ခာ ပုဒ်၌ ဘုရားရှင်၏သက်န်းတော် ပမာဏမှာ ဘုရားရှင်၏ အထွာတော်အားဖြင့် အလျား ၉ ထွာ၊ အနံ ၆ ထွာဖြစ်၏ဟု ဆိုခြင်းကြောင့် မဇ္ဈိမ၏အထွာအားဖြင့် ယူသော် အလျား ၂၇ ထွာ၊ အနံ ၁၈ ထွာဖြစ်၍ ပကတိ၏ အထွာအားဖြင့် ယူသော် အလျား ၄၀½ထွာ၊ အနံ ၂၇ ထွာဖြစ်သည်။ ဤသက်န်း၏ ပမာဏကို သုံးဦးလုံးတို့၏ အတောင်အထွာ အသီးသီးတို့ဖြင့် မဇ္ဈိမဝစုကီ တွက်နည်းမှုအရ တွက်ပြပါအံ့။

(၁) ဘုရားရှင်၏ ၁ သစ်သည်=၃ လက်မ

ထို့ကြောင့် ၂၄ သစ် (၁ တောင်) သည် = ၃ × ၂၄

= ၇၂ လက်မ = ၆ ပေ။

ထို့ကြောင် ၉ ထွာ (၄½ တောင်) သည် = $\frac{၆}{၁} \times \frac{၉}{၂}$

= ၂၇ ပေ (အဖြေ)

(၂) မဇ္ဈိမ၏ ၁ သစ်သည် = ၁ လက်မ

ထို့ကြောင့် ၂၄ သစ် (၁ တောင်) သည် = ၂၄ လက်မ
= ၂ ပေ

ထို့ကြောင့် ၂၇ ထွာ ($\frac{၂၇}{၂}$ တောင်) သည် = $\frac{၂}{၁} \times \frac{၂၇}{၂}$
= ၂၇ ပေ (အဖြေ)

(၃) ပကတိ၏ ၁ သစ်သည် = $\frac{၂}{၃}$ လက်မ၊

ထို့ကြောင့် ၂၄ သစ် (၁ တောင်) သည် = $\frac{၂}{၃} \times \frac{၂၄}{၁}$
= ၁၆ လက်မ = $\frac{၄}{၃}$ ပေ

ထို့ကြောင့် ၄၀$\frac{၁}{၂}$ = $\frac{၈၁}{၂}$ ထွာ ($\frac{၈၁}{၂} \times \frac{၁}{၂} = \frac{၈၁}{၄}$ တောင်) သည်
= $\frac{၄}{၃} \times \frac{၈၁}{၄}$ = ၂၇ ပေ (အဖြေ)

ဤကား ဘုရားရှင်၏သက်န်း အလျား ပမာဏတည်း။

**အနံအတွက်။** ။(၁) ဘုရားရှင်၏ ၁ သစ်သည် – ၃ လက်မ

ထို့ကြောင့် ၂၄ သစ် (၁ တောင်) သည် = ၃ × ၂၄
= ၇၂ လက်မ = ၆ ပေ

ထို့ကြောင့် ၆ ထွာ (၃ တောင်) သည် = ၆ × ၃
= ၁၈ ပေ (အဖြေ)

(၂) မဇ္ဈိမ၏ ၁ သစ်သည် – ၁ လက်မ

ထို့ကြောင့် ၂၄ သစ် (၁ တောင်) သည် = ၂၄ လက်မ = ၂ပေ

ထို့ကြောင့် ၁၈ ထွာ (၉ တောင်) သည် = ၂ × ၉
= ၁၈ ပေ (အဖြေ)

(၃) ပကတိ၏ ၁ သစ်သည် = $\frac{၂}{၃}$ လက်မ

ထို့ကြောင့် ၂၄ သစ် (၁တောင်) သည် – $\frac{၂}{၃} \times \frac{၂၄}{၁}$
= ၁၆ လက်မ = $\frac{၄}{၃}$ ပေ

ထို့ကြောင့် ၂၇ ထွာ ($\frac{၂၇}{၂}$ တောင်) သည် = $\frac{၄}{၃} \times \frac{၂၇}{၂}$
= ၁၈ ပေ (အဖြေ)

ဤကား ဘုရားရှင်၏သက်န်း အနံပမာဏတည်း။ ထို့ကြောင့် ဘုရားရှင်၏ သက်န်းပမာဏမှာ အလျား ၂၇ ပေ၊ အနံ ၁၈ ပေဖြစ်သည်—ဟု သိရ၏။

နိဂုံးချုပ်ပြောလိုသည်မှာ အတောင်အထွာဖြင့် ယူခြင်းသည်လည်း မှန်ပါ၏၊ သို့သော် ပေလက်မဖြင့်ယူခြင်းက ပို၍ တိကျပြတ်သားသည်—ဟူ၍ ဖြစ်သည်။

မဇ္ဈိမ ဝဇ္ဇုကီ တွက်နည်း ပြီးပြီ။

၃၄။ ။ အကပ္ပိယ အသားမျိုး

လူ,ခွေး,မြင်း,ဆင်၊ သစ်,ကျား,ခြင်၊ ဝံလျှင်,အောင်း,မြွေမျိုး။
ရိုး,ရေ, သား,သွေး၊အမွေးတို့ပါ၊ မသုံးရာ၊ ဆယ်ဖြာအသားမျိုး။

အသားကြီး ၁၀-ပါး။ ။(၁) လူသား၊ (၂) ခွေးသား၊ (၃) မြင်းသား၊ (၄) ဆင်သား၊ (၅) ကျားသစ်သား၊ (၆) ကျားသား၊ (၇) ခြင်္သေ့သား၊ (၈) ဝံသား၊ (၉) အောင်းသား၊ (၁၀) မြွေသား။ ဤကား မစားအပ်သော အကပ္ပိယ အသားကြီး ၁၀ ပါးတည်း။

အဓိပ္ပါယ်။ ။ထိုသတ္တဝါတို့၏ အရိုး, အရေ, အသား, အသွေး,အမွေး တို့သည်လည်း ရဟန်းတို့အား သုံးဆောင်ခြင်းငှါ မအပ်ကုန်။ ။[ နွားရေကို သားရေနွယ်အဖြစ်ဖြင့် မသုံးဆောင်အပ်၊ သုံးဆောင်သော ရဟန်းအားဒုက္ကဋ် အာပတ်သင့်၏ဟု သီးခြားပညတ်တော်မူသည်။]

အရေ၌ မအပ်-ဟူရာ၌ ပုဂ္ဂလိကအဖြစ်ဖြင့် သွားလေရာရာ ငင်းသားရေ အခင်းတို့ကိုယူ၍ မသုံးစွဲကောင်းဟု ဆိုလိုသည်။ ကျောင်းအသုံးအဆောင် အဖြစ်ဖြင့်ကား သားရေအားလုံး သုံးဆောင်ကောင်းသည်ဟု ဒုတိယသေနာ-သန သိက္ခာပုဒ်အဖွင့်၌ "စမ္မခဏ္ဍ" ဟူသောပါဠိစကားနှင့်စပ်၍ ပါတိမောက် ဘာသာဋီကာဆရာဆို၏။

လူမှာထုလ္လစ္စည်း၊ အကြွင်းဒုက္ကဋ်၊ ထောပတ်တမူ၊ သားဆီဟူ၊လူကြဉ်-
သုံးအပ်-ကိုး။

အဓိပ္ပါယ်။ ။ သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ လူသားကိုစားမိလျှင် ထုလ္လစ္စည်းအာပတ်သင့်၏။ အကြွင်း ၉ ပါးတို့၏ အသားကို စားမိလျှင် ဒုက္ကဋ် အာပတ်သင့်၏။

နို့,ရည်, ဆီဦး, ထောပတ်, ဝသာတေလ-ခေါ်သော သားဆီတို့ကိုမူကား လူကိုကြဉ်၍ အကြွင်း ၉ ပါးတို့မှာ သုံးဆောင်ခြစ်းငှါ အပ်ကုန်၏။

အထူးမေတ္တာရပ်ခံခြင်း။ ။အထက်၌ ပြဆိုခဲ့သော အသားကြီး (၁၀) ပါးတို့တွင် ခွေးသားကို လူဝတ်ကြောင်တို့လည်း မစားသင့်ပေ။ အဘယ် ကြောင့်ဆိုသော် ကမ္ဘာတဝန်းလုံးက အသားမျိုးစုံတို့တွင် ခွေးသား ကို အယုတ်ညံ့ဆုံး အသားမျိုး-ဟု မှတ်ယူထားသောကြောင့်တည်း။ အထူးသဖြင့် ဗုဒ္ဓဘာသာလူမျိုးမှန်သမျှသည် ဤအသားကို အလျင်းမစားသင့်ပေ။ [ရှောင် ကြဉ်တော်မူကြပါကုန်။ အထူးမေတ္တာရပ်ခံပါ၏။]

**ဆင်ခြင်မဲ့ပါ၊ ဆဲ့တဖြာ၊ အာပတ်အစိတ်မျိုး။**

အခိပ္ပါယ်။ ။ဆွမ်းစားသောအခါ ဆွမ်းပွဲမှာ အသားဟင်းများပါရှိခဲ့ သော် ဘာသားပဲ-ဟူ၍ အတပ်သိရန် ဆင်ခြင်မှုကို အမြဲသတိရှိစေရမည်။ ဆင် ခြင်မဲ့၍ အမှတ်တမဲ့စားမိခဲ့လျှင် ကပ္ပိယအသားပင် ဖြစ်သော်လည်း ဝတ်ပျက်မှု အတွက် ဒုက္ကဋ်အာပတ်သင့်၏။

န ဘိက္ခဝေ အပဋိဝေက္ခိတွာ မံသံ ပရိဘုဉ္ဇိတဗ္ဗံ၊ ယော ပရိဘုဉ္ဇေယျ အာ- ပတ္တိဒုက္ကဋဿ—ဟု ပါဠိတော်၌လာ၏။ [ရဟန်းတို့, မဆင်ခြင်မူ၍ အသားကို မစားအပ်၊ အကြင်ရဟန်းသည် စားငြားအံ့။ ဒုက္ကဋ်အာပတ်သင့်၏။] ဤအသား သည် အပဋိဝေက္ခိတ အသားမည်၏။ မစားအပ်သောအသား ၁၁-ပါး ဖြစ်၏။

အာပတ် အစိတ်မျိုးဆိုသည်ကား-အစိတ္တက အာပတ်မျိုးတည်း။ အကပ္ပိယ အသား-ဟူ၍ မသိ၍ စားမိသော်လည်း သင့်တတ်သော အာပတ်မျိုးတည်း။

**သီတင်းငါးရပ်၊ ရည်၍သတ်၊ မအပ်ထိုအသား။**

**မြင်ခြင်း, ကြားခြင်း၊ ယုံမှားခြင်း၊ ကင်းစေစွန်းသုံးပါး။**

အခိပ္ပါယ်။ ။သီတင်းသုံးဘော် ၅ ယောက်တို့တွင် တယောက်ယောက် ကို ရည်၍ ကျွေးမွေးလှူဒါန်းရန် သတ်အပ်သည်မှန်က ထိုအသားကို သီတင်းသုံး ဘော် ၅ ဦးလုံး မစားအပ်ပြီ။

အစွန်းသုံးပါး။ ။သီတင်းသုံးဘော် တယောက်ယောက်ဖို့ သတ်သည်ဟု မြင်၍ သိခြင်း၊ ကြား၍သိခြင်း၊ ယုံမှားသက်ာမကင်းရှိခြင်း၊ ဤကား အစွန်း ၃ ပါးတည်း၊ ထိုအစွန်း ၃ ပါးတွင် တပါးပါးရှိခဲ့သော် ထိုအသားကိုမစား အပ်။အစွန်းသုံးပါးကင်းရှင်းမှ စားအပ်သည်။ ဤအာပတ်ကား သစိတ္တက အာပတ်တည်း။

မှတ်ချက်။ ။ယခုအခါ အလှူပေးအံ့ဟု သတ်စေသော အသားသည် ဤမည်သော ရဟန်းဖို့ဟု မရည်ရကား အပ်သည်ဟု အချို့ဆရာယူသည်။

လှူအပ်သောစေတနာသည် အလှူခံအားစွဲ၍ဖြစ်သော စေတနာဖြစ်၍ ဥဒ္ဒိဿက မံသပင်ဖြစ်သည်။ မအပ်ဟု အချို့ဆရာယူသည်။ [ဂရုကိုသာ ယူအပ်ပေသည်-ဟူ၍ သီလဝိသောဓနီကျမ်း၌ ဆို၏] ။ ။သား, ငါးစျေးမရှိသော(ဝါ) အများသုံးစွဲနေကြသော အခေါ်အဝေါ်ဖြင့် ခေါ်လျှင် ပံသုကူအသားပေါ်လေ့မရှိသော တောရွာများ၌ အထူးသဖြင့် ဆွမ်းအလှည့်ကျသော နေ့များတွင် စီရင်သော ကြက်သား, ကြက်ဥ၊ ဝမ်းဘဲသား, ဝမ်းဘဲဥ, ကဏန်းပြုတ်, ကဏန်းဟင်းစသည်တို့ကို 'အပ်-မအပ်' ခွဲခြား၍ယူလျှင် ရွာဓလေ့ကို သိပြီးဖြစ်၍ ကိုးဆယ်ရာခိုင်နှုန်းထက် မနည်း မအပ်ဘက်က များသည်ဟု ဆိုရပေမည်။ [ဤဟင်းလျာမျိုးကို လှူခြင်းအားဖြင့်, အလှူရှင်ဘက်သို့ကြည့်လျှင် ပါဏာတိပါတ သိက္ခာပုဒ်အရ အပြစ်ဖြစ်၍ ရဟန်းတော်များဘက်သို့ကြည့်လျှင် ရည်စူးသောအသားကို စားခြင်းကြောင့် ဒုက္ကဋ်အာပတ်သင့်၏။ ထို့ကြောင့် ဤအလှူမျိုးကို ပပျောက်အောင်ပြုဖို့ လိုသည်။ ဤကိစ္စသည် ရဟန်းတော်များ၏ အပေါ်၌သာလျှင် တည်သည်မဟုတ်၊ ရွာသူရွာသားများ၏ အပေါ်၌လည်း တည်သည်။ ရဟန်းတော်များ၏ တာဝန်မှာ ဤဟင်းလျာမျိုးကို မလှူဖို့ရန် လူတို့အား နားလည်အောင် ဟောပြော၍ လူတို့၏ တာဝန်မှာ ဤဟင်းလျာမျိုးကို မလှူပဲ အခြားအပ်သော ဟင်းလျာမျိုးကို လှူရန်ဖြစ်သည်။ သို့မှသာလျှင် နှစ်ဦးနှစ်ဘက် အကျိုးရှိမည်]။ ။ဆိုဦးအံ့။ ။တောရွာများ၌ အိမ်တိုင်းလိုလိုပင် ဝါဆိုလပြည့်နေ့စသော ရက်ကြီးများတွင် ဆွမ်းတအုပ်စီချက်၍ ကျောင်းသို့ ပို့လှူကြသည်။ အကွက်ကောင်းကို စောင့်နေသော ဝက်ပေါ်သမားတို့သည် ဥပုသ်နေ့၌ သားကောင်များကို မသတ်ရ-ဟူ အစိုးရကဆင့်ဆိုထားသဖြင့် ဝါဆိုလဆန်း ၁၃ ရက်နေ့ ညဥ့် (၁၄ ရက်နေ့အကူး) နံနက် ၃ နာရီအချိန်လောက်တွင် ဝက်များကို အိမ်ဦးရေနှင့်ချိန်ဆ၍ စီရင်ပြီးလဆန်း ၁၄ ရက်နေ့ နံနက်၌ ဝက်သားများကို ရောင်းချလေသည်။ အချို့က ဇသားကောင်းကောင်း(ဝါ)ကြိုက်သားကောင်းကောင်းကို မရမည်စိုး၍ ဝက်မသေမီကပင် ကြိုတင်၍ "ဟိုအသား ထားပေးပါ၊ ဟိုအသည်းနှလုံးထားပေးပါ" စသည်ဖြင့် သားသတ်သမားများအား မှာထားလေ့ရှိသည်။ ဝက်သားကိုဝယ်၍ ချက်လှူသော ပုဂ္ဂိုလ်များနှင့်ပတ်သက်၍ကား ဆိုဖွယ်မရှိပါ။ သို့သော် အိမ်တိုင်းလိုလိုပင် ဆွမ်းချက်ကြမည်ဟု ဝက်ပေါ်သမားသည် သိထားနှင့်၍ အိမ်ဦးရေကို ချိန်ဆပြီး ဝက်များကို စီရင်ခြင်းသည် ရဟန်းတော်များအား စွဲ၍ စီရင်ရာရောက်သည်-ဟူ၍ မယူဆသင့်ပါသလော။ လုံးလုံးလျားလျား မယူဆလျှင်လည်း သံသယမူကား ဖြစ်သင့်သည် မဟုတ်ပါလော။ [အချို့က

အိမ်မှ ကြက်ဥ,ဘဲဥ, ကြက်, ဘဲကို စီရင်၍လှူကြလေသည်။ ဤကား ရည်စူးသော အသားစစ်စစ်တည်း။]

အစိုးရက ရိုသေလေးစားသောအနေဖြင့် ဥပုသ်နေ့များ၌ သားငါးများကို မသတ်ရ–ဟုဆင့်ဆိုထားသော်လည်း တိရစ္ဆာန်များအတွက်ကား မသက်သာပါ၊ အမှန်မှာ ၁ ရက်ပင်ကြို၍ သေကြရရှာသည်။ ဝက်, ဘဲ, ကြက်များသာမက နွားများလည်း ပါချေသေးသည်။ စားသူမရှိလျှင် သတ်သူလည်း ရှိမည်မဟုတ်ရကား ဥပုသ်နေ့များ၌ သားစိမ်းငါးစိမ်းတို့ကို ရှောင်ကြဉ်၍ငါးခြောက် ငါးခြမ်းစသော အစားအစာမျိုးကိုသာ စားသောက်သောရဟန်းရှင်လူ ပုဂ္ဂိုလ်အမြောက်အများ ထွန်းကားပါစေသတည်း။

မြို့ရွာများ၌ ကျင်းပသော ရှင်ပြု,ရဟန်းခံ,ကထိန်စသော အလှူများအတွက် ပေါ်ပြီးသား အသားများကို ဈေးမှမဝယ်ယူပဲ သားသတ်သမားများထံမှ အသားများကို-မှာယူခြင်းသည်လည်း အလှူခံများဖြစ်သော ရဟန်းတော်များကိုစွဲ၍ မှာယူရာရောက်သည်-ဟူ၍ မယူဆသင့်ပါသလော၊ လုံးလုံးလျားလျားမယူဆလျှင်လည်း သံသယမှုကား ဖြစ်သင့်သည် မဟုတ်ပါလော။

'တရစ္ဆ'ဆိုသော သားရဲကောင်သည် ''အောင်း'' လော၊ သို့တည်းမဟုတ် ကျားနက် (ကျားမင်း) လော။

''အောင်း'' ဟု ဆိုသောသားကောင်သည် မည်သည့်သားကောင်မျိုးဖြစ်လေသနည်းဟု ရှာကြံသော် အောက်ပါ အထောက်အထားများကိုမူတည်ရမည်သာတည်း။

ဆဋ္ဌပိဋကတ်တော် မြန်မာပြန်ဌာနမှစီရင်သော 'သတ်ပုံ အဘိဓာန် မိတ်လင်စုံ-စာမျက်နှာ ၆၇' ၌ ''အောင်းသည် နွားနှင့်တူသောသားကောင်(ပါဠိ) စမရတည်း။ စာမရီသားကောင်နှင့် အမြီးတူသည်၊ ရှေးမင်းတို့လက်ထက် စာမရီသားကောင်၏အမြီးကို မရသောအခါ၌ အောင်းမြီးကိုပင်မင်းခမ်းတန်ဆာသားမြီးပြု၍ ဆောင်ရသည်'' ဟု သမန္တစက္ခု ဒု-၂၀၀ တွင် ဆို၏—ဟူ၍ ဖေါ်ပြထားသည်။

အဘိဓာန် နိဿယသစ်-စာမျက်နှာ ၂၃၅ အပိုဒ် ၆၁၉ ၌ အဘယာရာမ ရွှေဂူတိုက် ဆရာတော် အရှင် အဂ္ဂဓမ္မာဘိဝံသ မိန့်ဆိုတော် မူထားသည်မှာ ''စမရီကား အမွေးရှည်သော တိဗက်နွားမျိုးတည်း။ထိုသားကောင်၏ မြီးဆံသည်ရှည်သည်ဖြစ်၍ အိန္ဒိယနိုင်ငံ,တိဗက်နိုင်ငံတို့၌ ယင်နှင်ယပ်လုပ်ကြ၏။ ထို

ကိုပင်စာမရီသားမြီးယပ်ဟု ခေါ်သည်။ တိဗက်နိုင်ငံ၌ ဝန်တင်ရန်,နို့စားရန်, အသားစားရန် ၎င်းသားကောင်ကို အသုံးပြုကြကုန်၏။ဤအနက်ကို သက္ကတ ဆေးကျမ်းတို့၌၎င်း၊ ပါဠိအမည် တပ်လျက် ပါသော သတ္တဝါရုပ်ပုံများကို ပြ၍ ၎င်းတို့၏ အကြောင်းကို ဆိုသော စာအုပ်တို့ကို၎င်း ကြည့်ရှုမှိုငြမ်းပြု၍ ပေးအပ်သတည်း"ဟူ၍ ဖြစ်သည်။

မော်လမြိုင် တောင်ပေါက် ဆရာတော် ဦးစက္ကပါလ စီရင်ရေးသားတော်မူသော အဘိဓာနပ္ပဒီပိကာနိဿယ-စာမျက်နှာ ၃၅၀ ၌"စမရ-စမရီမည်သော သားကောင်သည် နွားနှင့် သဏ္ဌာန်တူ၍ ရှည်သောအမွေးရှိ၏။ တိဗက်နိုင်ငံ၌ ၎င်းကို ဝန်တင်ခြင်း စသည်ဖြင့်အသုံးပြုကြ၏။ စမရီ သားမြီးယပ်ဟူသည် ၎င်း၏ မြီးဆံဖြင့် ပြုလုပ်သော ယပ်မျိုးတည်း။ သခ်တကျမ်း၌ကား ကျွဲနှင့် သဏ္ဌာန်တူ၏ဟု အဆိုရှိသည်။ သီဟိုဠ်ဘာသာ အမရကောသ နိဿယ၌လည်း ကျွဲနှင့်သဏ္ဌာန်တူသော ဥတ္တရာပထတိုင်း၌ ဖြစ်သော စမရီ မည်သော သားကောင် အထူးဟုဆို၏''ဟု ဖော်ပြထားသည်။

လယ်တီ ပဏ္ဍိတ ဆရာဦးမောင်ကြီး M.A. စီရင်ရေးသားသော ပါဠိအဘိဓာန် ချုပ်-စာမျက်နှာ ၃၃၂ ၌ စမရသည်'အောင်း'သတ္တဝါပင်ဖြစ်သည်ဟု ဆိုထား၏။

ညောင်လေးပင် ဆရာတော်ကလည်းထိုဝိသုဒ္ဓိမဂ် အရသာ-စာမျက်နှာ ၂၀-အပိုဒ်(၂)၌ "စမရီ မည်သော သားသည်(ဝါ)အောင်းသည် မိမိ အမြီးချိုငြိသည်ကို အသေခံ၍ စောင့်သည်''ဟု ဖော်ပြထား၏။

အထက်ပါ အတိုင်းဆိုလျှင် အောင်းနှင့် စာမရီ သားကောင်သည် အတူတူပင် ဖြစ်သည်ဟု ဆိုလျှင်လည်း ဆိုနိုင်၏။ မတူစေကာမူ အနည်းငယ်မျှသာ ကွာခြား၍ ၎င်းတို့နှစ်မျိုးလုံးပင် နွားနှင့် တူသော သားကောင်များဖြစ်သည်မှာ ထင်ရှားလေပြီ။ [အင်္ဂလိပ်လို ၎င်းကို YAK ဟုခေါ်၏။]

မစားအပ်သော အကပ္ပိယ အသားကြီး ၁၀ ပါးတို့တွင် 'အောင်းသား' ပါဝင်နေခြင်း၏ အကြောင်းကား မူရင်း ပါဠိစကား တရစ္ဆကို ရှေးနိဿယတို့၌ 'အောင်း'ဟု ပြန်ဆိုထားခြင်းကြောင့်တည်း။ [အဘိဓာန် နိသျှသစ်-စာမျက်နှာ ၂၃၃-အောက်ခြေ အပိုဒ် ၆၁၁။]

ထို အပိုဒ်၌ပင် ဆက်လက်၍ ညွှန်ပြထားသည်မှာ "ဤတရစ္ဆကို သီဟဠ၌ ဝက်စံတမျိုး ဟူ၏၊ သက္ကတဋီကာ, ဟိန္ဒီနိဿယတို့၌ သစ်ဟူ၏" ဟူ၍ဖြစ်သည်။ ထိုကျမ်းပြု အဘယာရာမ ဆရာတော် ကိုယ်တိုင်ကား 'သစ်ကျုတ်' ဟု ဆိုတော်မူ၏။

အဘိဓာနပ္ပဒီပိကာသူစိ၊ နှာ-၂၃၃၊ တတိယအပိုဒ်။ ။တရစ္ဆ ၆၁၁ တရ တရဏေ။ ဆော၊ တရစ္ဆော။ ယော သုနခ ဗျဂ္ဃေါတိ ဝုစ္စတိ။ မဟာ ကုက္ကုရပ္ပမာဏော ကုက္ကုရာကတိ ကဏ္ဍရေန ခစိတသရီရော ဂေါမနုဿာဒိ ဟိံသကမော ရဿမုခေါ တရစ္ဆော နာမ။ ။ယော သတ္တော၊ အကြင်သား ကောင်ကို။ သုနခဗျဂ္ဃေါတိ၊ ခွေးကျားဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ မဟာကုက္ကု ရပ္ပမာဏော၊ ခွေးကြီး ပမာဏရှိ၏။ ကုက္ကုရာကတိ၊ ခွေးအလားရှိ၏၊ (ဝါ) ခွေးနှင့်တူ၏၊ ကဏ္ဍရေန ခစိတသရီရော၊ မည်းနက်သော အရေးအကြောင်း တို့ဖြင့် စီအပ်သော ကိုယ်ရှိ၏။ ဂေါမနုဿာဒိ ဟိံသကမော၊ နွားလူစသည် တို့ကို ညှဉ်းဆဲနှိပ်စက်နိုင်၏။ ရဿမုခေါ၊ တိုသော နှုတ်သီးရှိ၏။ သော သတ္တော၊ ထိုသားကောင်သည်။ တရစ္ဆော်နာမ၊ တရစ္ဆမည်၏။

အဘိဓာနပ္ပဒီပိကာ နိဿယ-စာမျက်နှာ ၃၄၅၌ "အမရကောသဋီကာ များနှင့် ဟိန္ဒီဗင်္ဂါလီနိဿယများ၌ကား ခွေးကြီးခန့်ရှိ၍ မည်းနက်သော အရေးအကြောင်းရှိသော 'ကျားငယ်' မျိုးဟု ပြန်ဆိုကြ၏။ ဤနိဿယ အဆို အတိုင်း သုမင်္ဂလပသာဒနီမည်သော ခုဒ္ဒသိက္ခာ ဋီကာသစ်၌လည်း အဆိုရှိသည်။ အရပ်ရပ် အဆိုစကားကို ထောက်ထား ဆင်ခြင်သော် ငါတို့ မြန်မာနိုင်ငံ၌ 'သစ်ကျုတ်' ဟု ခေါ်သော သားရဲ၏ အမည်ပင်တည်း-ဟု ငါတို့ ထင်မိပေ ၏။ ပညာရှင်များ အမည်မှန်ကို ရှာကြံကြပါလေ" ဟုဖော်ပြထား၏။ [သားရဲကောင်တို့၏ အကြောင်းကို စာရေးသူ သိသလောက် ပြောရမည်ဆို လျှင် ယခုခေတ် အခေါ်အဝေါ်အားဖြင့် ၎င်းတို့တွင် သစ်ကျုတ်-ဆိုသော အကောင်မရှိပါ။ ပြလတ္တ္ခသောကျားနက်(ကျားမင်း)ကိုပင် ရည်၍ ဆိုဟန် တူသည်။]

လယ်ဘီပဏ္ဍိတ ဦးမောင်ကြီးက ကျားသစ် ဟုဆို၏။[ပါဠိ အဘိဓာန်ချုပ်- စာမျက်နှာ ၃၇၁]။ ။အချို့က စံပုလွေ ဟုဆို၏။

"အောင်း" ဟု ပြန်ဆိုထားခြင်းကို ထိုရှေးနိဿယတို့ မှားသည်ဟု မဆိုသင့် ပေ။ အထက်၌ ဖော်ပြပြီးသော နွားနှင့် တူသော သားကောင်ကိုပင် ဆိုကြ လေသလော၊ သို့တည်းမဟုတ် ကျား, ကျားသစ်တို့ အမျိုးအစားတွင် ပါဝင်

သော သားရဲကောင်မျိုးကိုပင် ၎င်းတို့က'အောင်း'ဟု ခေါ်ဆိုကြလေသလော-ဟု မသိနိုင်ရကား အကောင်းဆုံးနည်းလမ်းမှာ "တရစ္ဆ"ဟူသော သားကောင်၏ အမျိုးနှင့် ဒေသအလိုက် ခေါ်ဝေါ်သော အမည်မှန်ကို ရအောင် ရှာဖွေရန်သာ ရှိတော့သည်။

ထို့ကြောင့် ဤတရစ္ဆဆိုသော သားကောင်သည် မည်သည့် သားကောင်မျိုးနည်း။ လူကို ရန်ရှာတတ်သော ကျား၊ ကျားသစ်တို့တွင် ပါဝင်သော သားရဲကောင်မျိုးလော၊ သို့တည်းမဟုတ် နွားကဲ့သို့ ရိုးသားသော သားကောင်မျိုးလော—ဟူသော အချက်ကို ရှေးဦးစွာ စိစစ်ရပေမည်။

ပညတ်တော်မူရခြင်း၏ အကြောင်းကို ဖော်ပြပါအံ့။ ။မိဂဒါဝုန်တော၌ မြတ်စွာဘုရား သီးတင်းသုံး နေတော်မူစဉ် မုဆိုးများ ကပ်လှူသော ခြင်္သေ့၊ ကျား၊ ကျားသစ်၊ ဝက်ဝံနှင့် အောင်းသားတို့ကို ရဟန်းတို့ စားကြလေရာ အနံ့ခံ၍ ထိုသားရဲကောင်မျိုးတို့သည် ရဟန်းတော်များကို လိုက်ကြပါကုန်သည်။ ထို့ကြောင့် 'အောင်းသား' အပါအဝင် ဖြစ်သော ထိုသားရဲကောင်တို့၏ အသားကို မစားရ—ဟူ၍ ပညတ်တော် မူချေသည်ဟု ဆဋ္ဌ သံဂါယနာ အမေးအဖြေ-ဝိနယ ပိဋက-ဒုတိယအုပ်-စာမျက်နှာ ၇၉ ၌ ဖော်ပြထား၏။

'တရစ္ဆ'သဒ္ဒါ၌ ၎င်း သားရဲကောင်သည် ကျားအမျိုးအစားတွင် ပါဝင်သည်ဟု ထင်ရှားစွာ ဖော်ပြထားသည်က တကြောင်း၊ ကျားအမျိုးအစားကို ရည်၍ ပညတ်တော်မူသည်က တကြောင်း၊ ဤအကြောင်းတို့ကို ထောက်သောအားဖြင့် ၎င်း အောင်းကောင်ကို ကျား၊ ကျားသစ်မျိုးတို့တွင် ပါဝင်သော သားရဲကောင်တမျိုးဟု တထစ်ချ မှတ်ယူအပ်ပေသည်။

'တရစ္ဆ'ဟူသည်ကို ထင်မြင်ချက်ပေးကြရာ၌ အကွဲကွဲ အပြားပြား ဖြစ်ရခြင်း၏ အကြောင်းကား "ကိုယ်တွေ့မဟုတ်၊ စာတွေ့ဖြစ်ခြင်းကြောင့်တည်း"ဟု ဆိုလျှင် မှားအံ့ မထင်။ ဤသို့ကွဲလွဲခြင်းကို အမှားဟူ၍ မယူဆသင့်ပေ၊ အပြစ်လည်း မဆိုစကောင်းပေ။

သို့ပါ၍ စာရေးသူ၏ကိုယ်တွေ့ကို အကျော်အမော် လုပ်လို၍လည်း မဟုတ်၊ မည်သူ့ကိုမျှ ထိပါးလို၍လည်း မဟုတ်၊ သာသနာတော်၏အကျိုးကို တတ်နိုင်သောဘက်မှနေပြီး ထမ်းဆောင်လိုသောဆန္ဒရှိ၍ ဓမ္မဝိဋ္ဌာန် အားဖြင့် ဖော်ပြပါအံ့။

စာရေးသူသည် လူဝတ်ကြောင်ဘဝ၌ ရှိခဲ့စဉ်က သားရဲကောင်တို့၏အမျိုး အစားကို အတော်အတန် လေ့လာခဲ့ဖူးသည့် အလျောက် **ဝက်ဝံ** နှင့် ဝံပုလွေ တို့မှာ 'တရစ္ဆ'၌ လုံးလုံး အကျုံးမဝင် ဟု ဆိုအပ်ပါသည်။ အကြောင်းကား ဝက်ဝံ၏အသားကို မစားအပ်ဟု ပညတ်တော်မူပြီးသား ဖြစ်သည့် အပြင် နှုတ်ခမ်းလည်း ချွန်နေသောကြောင့်တည်း။ ဝံပုလွေမှာကား ကျား,ကျားသစ် တို့နှင့် လားလားမျှမတူ၊ ခွေးနှင့်သာတူ၏။ 'ခွေးရိုင်းအကြီးစား'ဟု ခေါ်မည် ဆိုလျှင်လည်း မှားသည်ဟု ဆိုနိုင်မည်မဟုတ်ပေ။ နှုတ်ခမ်းမှာ ခွေးနှုတ်ခမ်း ကဲ့သို့ ချွန်နေ၏။ ဤကွဲလွဲချက်များကို ထောက်သောအားဖြင့် ကျား, ကျား သစ်တို့ အမျိုးအစား၌ အကျုံးမဝင်ဟု ဆိုရပေမည်။

စာရေးသူ၏ယူဆချက်မှာ 'တရစ္ဆ'ဟူသော သားရဲကောင်သည် အခြား မဟုတ်၊ အများခေါ်ဝေါ်နေကြသော ကျားနက်ပင်ဖြစ်သည်။ [ကျားမြင်း လည်း ဖြစ်နိုင်သည်—ဟု ဆိုမည်ဆိုလျှင် ဆိုနိုင်၏။]

ဤ ကျားနက်သည် ကျား, ကျားသစ်တို့ အမျိုးအစား တွင် ပါဝင်၏။ အင်းခွေးကြီးထက် အနည်းငယ်ကြီး၏။ ခွန်အားကြီး၍ အလွန်ရဲရင့်၏။ တကိုယ် လုံး မည်းနက်နေ၏။ အရောင်အဆင်းသာ ခြားနား၏။ ကိုယ်လုံးသဏ္ဌာန်မှာ ကျား, ကျားသစ်တို့နှင့်တူ၏။ ကျား, ကျားသစ်တို့ကဲ့သို့ နှုတ်ခမ်းတို၏။ ကျား, ကျားသစ်တို့ အမျိုးအစားတွင် အနိုင်ဆုံး ဖြစ်သည်ဟု အဆိုရှိ၍ 'ကျားမင်း' ဟုလည်း တွင်၏။ ကျား, ကျားသစ်တို့ကဲ့သို့ လူကို ရန်လို၏။

ဤအခဏ်းနှင့် ဟပ်မိနေ၍ ၎င်း သားရဲကောင်၏စရိုက်ကို အများသိရှိစေ ခြင်းငှါ ဖော်ပြပါအံ့။

ကောဇာသက္ကရာဇ် ၁၃၀၀ ပြည့်နှစ်လောက်တွင် မုဒုံမြို့နယ်၊ တံခွန်တိုင်ရွာ၊ ကမော့ဒွတ် တောကျောင်း၌ ကျားနက်တကောင်သည် ဘုန်းကြီးများနှင့် ကျောင်းသားများ ဟစ်အော်ချောက်လှန့်နေသည့်အထဲမှ ကျောင်းမှခွေးတအုပ် ကို တကောင်ပြီးတကောင် ဖမ်းဆီးကိုက်ချီ၍ စားသောက်နေခဲ့ရာ ခွေး သုံး လေးကောင်လောက်သာ အပုန်းကောင်း၍ ကျန်လေတော့သည်။

လူကိုလည်း အလျင်း ဂရုမစိုက်၊ မိုးချုပ်လျှင်ချုပ်ခြင်း ကျောင်းသို့ ချဉ်း ကပ်၍ ခွေးများကို ဆွဲလေ့ရှိသည်။ [ထိုစဉ်က ဘုန်းကြီးများ ကျောင်းသား များသည် မိုးချုပ်လျှင် ကျောင်းပေါ်မှ မဆင်းဝံ့လောက်အောင်ပင် ဖြစ်နေ ကြပါသည်။] တညဉ့်၌ ၇-နာရီခန့်အချိန်တွင် ၎င်းကို စာရေးသူ၏ သားချင်း တယောက်က ပစ်ခတ်သုတ်သင်လိုက်ပါသည်။ စာရေးသူ ကိုယ်တိုင်လည်း ထို

စဉ်က လူဝတ်ကြောင်ဘဝနှင့် ရှိနေ၍ ၎င်းကို တကြိမ်သွားစောင့်သည်။ သို့သော် မဆုံမိပါ။

အခြား ဖြစ်ရပ်တခုကို ထပ်မံ တင်ပြပါဦးအံ့။ ။ကျိုက္ခမီ ဆင်တောင် တော၌ မုဆိုးဘယောက်သည် ကျားနက်တကောင်နှင့် ရင်ဆိုင်တိုး၍ ပစ်ခတ်သတ်ပုတ်ကြရာ မုဆိုးမှာ အိမ်ပြန်ရောက်ပြီး မကြာမီပင် သေဆုံး၏။ သားရဲကောင်လည်း ဒဏ်ရာဖြင့် ဝေးဝေး မသွားနိုင်၍ မရှေးမနှောင်းပင် အခြား မုဆိုးများ၏ လက်ချက်ဖြင့် (ဒု) တိုက်ပွဲတွင် ကျဆုံးလေသည်–ဟု ထိုသေသူ မုဆိုး၏ တူ(မုဆိုးတဦး)ပြောဖူးသည်ကို သတိရလိုက်မိပါသေး၏။

စာရေးသူတွေ့ဖူး မြင်ဖူးသလောက် ပြောရမည်ဆိုလျှင် ဤ ကျားနက် (ခေါ်)ကျားမင်း ဆိုသော သားရဲကောင်နှင့် တရစ္ဆဆိုသော သားရဲကောင် တို့၏ ကိုယ်လုံးသဏ္ဌာန်နှင့် အရွယ် ပမာဏမှာ နှုတ်ခမ်းမှ အစ ဆိုဖွယ်ရာ မရှိအောင် ကိုက်ညီပေသည်။ အမွေးအရောင်အဆင်း၌သာလျှင် အနည်းငယ် ကွဲလွဲ၏။ ကျားနက်မှာ တကိုယ်လုံး မည်းနက်နေ၏။ တရစ္ဆမှာမူ မည်းနက်သော အရေးအကြောင်းတို့ဖြင့် စီအပ်သော ကိုယ်ရှိ၏။ ဤသို့ ကွဲလွဲရုံမျှဖြင့် ဤသားရဲကောင်(နှစ်ကောင်)တို့သည် အမျိုးအစားချင်း မတူနိုင်–ဟု မဆိုသင့်ပေ။ အဘယ်ကြောင့် ဆိုသော် သားကောင်တို့၌ အမျိုးအစားချင်း တူငြားသော်လည်း အချို့က ကိုယ်ကောင်ကြီး၏။ အချို့က သေးငယ်၏။ အမွေးအရောင် အဆင်းမှာလည်း ခြားနားလေ့ရှိသည်–ဟူသောကြောင့်တည်း။ စာရေးသူတွေ့ဖူး မြင်ဖူးသော ကျားနက်(ခေါ်)ကျားမင်း၏ အမျိုးအစား၌လည်း အမွေး အရောင်အဆင်းမှာ တမျိုးတည်းရှိသည်–ဟု မဆိုလိုပါ၊ ဆိုလည်း မဆိုဝံ့ပါ။ တနည်းအားဖြင့် ဆိုသော် တရစ္ဆဆိုသော သားရဲကောင် ကဲ့သို့ ဤသားရဲကောင်၏ အမျိုးအစား၌လည်း မည်းနက်သော အရေးအကြောင်းတို့ဖြင့် စီအပ်သော ကိုယ်ရှိသော သားကောင်လည်းရှိမည်–ဟုဆိုလျှင် မှားအံ့ မထင်။ [ဤသားရဲကောင်သည် တရစ္ဆဆိုသော သားရဲကောင်ပင်ဖြစ်သည်–ဟု ယူသင့်–မယူသင့် စာရှုသူတို့ စိစစ်ဝေဖန်နိုင်ရန် အလို့ငှါ တွေ့ဖူးမြင်ဖူးသော အခြင်းအရာတို့ကို မှီ၍ ထင်မြင် ယူဆပုံကို တင်ပြခြင်းဖြစ်သည်။]

ကျားမြင်း ဆိုသော သားရဲကောင်သည်လည်း ဤ၌ အကျုံးဝင်နေ၍ ၎င်း၏ အကြောင်းကိုလည်းဆိုပါအံ့။ ။အထက်၌ ဖော်ပြခဲ့သော ကျားမြင်း ကား ကျားနက်အောက် သိသိသာသာ ငယ်၏။ သာမန် ခွေးလောက်ရှိ၏။

အရောင်အဆင်းမှာ အဖြူနက်ကျား ဖြစ်သည်။ ဤသားရဲကောင်မျိုးကို ရှာနီး စပ်တောများ၌ တွေ့လေ့ရှိ၍ မုဆိုးများ ရံဖန်ရံခါ ပစ်ခတ်ကြသည်။ ပုံသဏ္ဍာန် အချိုးအစားကို ထောက်သော် 'သစ်ငယ်' တမျိုးဟု ဆိုရပေမည်။ ဒဏ်ရာ ရရှိ သော အခါ၌ ဒေါသကြီး၏။ သက်သက်မဲ့သော်ကား လူကိုရန်ရှာသည်ဟု မကြားဖူးပါ။ ရန်ရှာလျှင်လည်း လူကို နိုင်နင်းလောက်အောင် အားခွန်ဗလ မရှိပါ။

ဤ ကျားနက်နှင့် ကျားမြင်းတို့မှလွဲ၍ ကျန်သားရဲကောင်မျိုးတို့၌ ကျား, ကျားသစ်တို့ အမျိုးအစားတွင် အကျုံးဝင်နိုင်သော အကောင်ကို မတွေ့မိ တော့ပါ၊ (ဝါ) မရှိတော့ ဟု ဆိုချင်ပါသည်။

သို့ပါ၍ ဤနှစ်ကောင်တွင် အဘယ် သားရဲကောင်သည် တရစ္ဆ၌ ပို၍ အကျုံးဝင် လေသနည်းဟု ရှာကြံသော် 'ကျားနက်' ကို ကျားသစ်မျိုးတွင် ထည့်သွင်း၍ ၎င်း၏ အသားကို လည်း အကပ္ပိယ အသားတို့တွင် ပါဝင်နေ သော ထို **ကျားသစ်သားဟုပင်** ယူဆသင့်သလော။ သို့တည်းမဟုတ် ၎င်းကို ကျားသစ်မျိုးမှ ဖယ်ထုတ်၍ ၎င်း၏ အသားကို အကပ္ပိယ အသားအဖြစ်ဖြင့် ပင် သီးခြား အမည်တမျိုး ပေးသင့်သလော–ဟူသော ပြဿနာကို စိစစ်ရမည် သာတည်း။

အများသိနေကြသော **ကျားသစ်ကား** · တိရစ္ဆာန်ရုံ၌ရှိသော ကျားသစ် (ခေါ်)ပိန္နဲစေ့ကျားတည်း။ ၎င်း၏အကွက်ကို အကြောင်းပြု၍ ကျားကွက်- ဟုလည်း ခေါ်၏။

ထိုအောက် နည်းနည်းငယ်သော ဒုတိယအမျိုးကား ဤကျားနက် (ကျားမင်း) ပင်တည်း။ ၎င်းကို တိရစ္ဆာန်ရုံ၌ (ဒု) ကမ္ဘာစစ်ကြီး မဖြစ်မီက မကြာ မကြာတွေ့ရပါသည်။ ယခုလည်း ရှိကောင်း ရှိဦးမည်။

အောက်ပါ 'မူ' နှစ်ရပ်ကို တင်ပြပါအံ့။

(၁) ၎င်းကျားနက်၏ အသားကို ကျားသစ် (ကျားကွက်)၏ အသား တွင် ထည့်သွင်း၍ ထပ်တူထပ်မျှအကပ္ပိယ အသားအဖြစ်ဖြင့်ယူသော် ၎င်းသည် တရစ္ဆ၌ အကျုံးမဝင်နိုင်တော့ပြီ။ အဖြေကား 'ကျားမြင်း' သည် သာလျှင် တရစ္ဆ–ဟူသော သားရဲကောင် ဖြစ်ရန် ရှိပါတော့သည်။

(၂) ထိုသို့မဟုတ်ပဲ ကျားသစ် (ကျားကွက်)နှင့် အမွေးအရောင်အဆင်း ခြားနားနေခြင်းကြောင့် ၎င်း၏ အသားကို အကပ္ပိယ အသားဖြစ်သော

ထိုကျားသစ်သားမှ ထုတ်ပယ်၍ သီးခြားအမည်တမျိုး (ဝ၇) ကျားနက်သား ဖြင့် ပေးသော် ကျားမြင်းကို ထည့်စဉ်းစားရန် လုံးဝမလိုတော့ပြီ။ အဖြေကား ၎င်းကျားနက် (ကျားမင်း) သည်သာလျှင် တရစ္ဆ-ဟူသော သားရဲကောင်ဖြစ်တော့မည်သာ။ ၎င်းကိုပင်ခေတ်, ဒေသအလိုက် အချို့က အောင်း, အချို့က သစ်ကျုတ်ဟု ခေါ်ကြသည်-ဟူ၍ နိဂုံးချုပ်ရန်သာ ရှိပါတော့သည်။

ပြဆိုခဲ့သော မူနှစ်ရပ်တွင် နှစ်သက်ရာ 'မူ' ကို ယူတော်မူကြပါကုန်။

(ဒု) မူကို သတိရမိသော်လည်း ထိုစဉ်အခါက ကျားနက်၏ အသားကို အကပ္ပိယအသားဖြစ်သော ထို'ကျားသစ်၏အသား' တွင် ထည့်သွင်း၍ ယူထားခြင်းကြောင့် (ပ) မူသာလျှင် အမှန်ဖြစ်သည်-ဟု အယူသည်းမိပါသည်။ ထို့ကြောင့် ကျားနက် (ကျားမင်း) ၏အကြောင်းကို အလျင်းမဖော်ပြပဲ ကျားမြင်းတမျိုးတည်းကိုသာလျှင် တိုတိုတုတ်တုတ်ဖြင့် ထို 'ဘာသာပြန် ဝိနည်းလမ်းညွှန်' စာအုပ်၌ထည့်သွင်း ဖော်ပြလိုက်ခြင်းဖြစ်သည်။ ထိုသို့ ပြုမိခြင်းသည် စာရေးသူ၏ စဉ်းစားဆင်ခြင်မှု ညံ့ဖျင်းသောကြောင့်ဖြစ်သည်-ဟု ဝန်ခံပါ၏။

အကယ်၍ (ပ) မူကိုပင် ယူစေကာမူ ကျားနက်၏ အသားကိုလည်း ကျားသစ် (ကျားကွက်) ၏အသားကဲ့သို့ အကပ္ပိယ အသားဖြစ်သော ထို 'ကျားသစ်သား' ဟုပင် မှတ်ယူမြဲတိုင်း မှတ်ယူရမည်သာ။

(ဒု) မူကို ယူသော် အောင်း-ဟူသော အမည်ကို ပယ်ဖျောက်၍ လူသိများသော 'ကျားနက် (ကျားမင်း)' ဟူသောအမည်ကို အစားထိုး၍ တသံတည်း ခေါ်ဝေါ်သုံးစွဲသင့်ပေသည်။

ဤ 'မူ' နှစ်ရပ်လုံးကို ပယ်လိုလျှင် ပယ်ပါ။ သို့ရာတွင် အောင်း-ဟူသော အမည်ကိုမူ ဖျောက်ဖျက်သင့်ပေသည်။ [ထို့ကြောင့် အဓိပ္ပါယ်မရှိသော 'အောင်း' ဟူသောအမည်ကို ပယ်ဖျောက်၍ အမည်မှန်ကိုမှည့်ပြီး ၎င်းကို တပြည်လုံးက အသိအမှတ်ပြုအောင် ဆောင်ရွက်နိုင်သော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်များ အမြန်ပေါ်ပေါက်ပါစေသတည်း။]

ဆက်ရေးဖို့ အကြောင်း ပေါ်လာ၍ ဆက် ရေးပါအံ့။ ။အထက်ပါ အကြောင်းအရာများကို သာသနာသက္ကရာဇ် ၂၅၀၇ ခု၊ ကောဇာသက္ကရာဇ် ၁၃၂၅ ခု၊ နတ်တော်လဆန်း ၁၄ ရက်နေ့တွင် ရေးသားပြီးသည်နောက်

"အောင်း"ဆိုသော သားကောင်သည် ရန်ကုန်တိရစ္ဆာန်ရုံ၌ရောက်ရှိနေကြောင်း ကြားသိရ၍ ကောဇာသက္ကရာဇ် ၁၃၃၂ ခုနှစ်တွင် ဤစာအုပ်ကို တည်းဖြတ် ပြင်ဆင်ပေးသော ဆရာတော်ဘုရား (အရှင်တေဇ)သည် ဤသားကောင်နှင့် ပတ်သက်၍ ရန်ကုန်တိရစ္ဆာန်ရုံ၊ တိရစ္ဆာန် ဆေးကုဆရာဝန်ထံ စုံစမ်းမေးမြန်းရာ ပြန်စာရရှိပါသည်။ [ဤ၌ ဟပ်မိနေ၍ ထိုပြန်စာ၏ မိတ္တူစာ 'မူ'ကို ဖော်ပြပါအံ့။]

"၁-၉-၇၀

စာပြန်ကြားအပ်ပါသည် ဘုန်းတော်ကြီးဘုရား။


အရှင်ဘုရား၏စာအား လက်ခံရရှိပါသည်။ တပည့်တော်တို့လည်း လိုက်လံရှာဖွေလေ့လာနေ၍ စာပြန်ရန် နောက်ကျနေရခြင်း ဖြစ်ပါသည် ဘုရား။

တပည့်တော်တို့ တိရစ္ဆာန်ရုံရှိ (အောင်း)၏ ရုပ်ပုံကို ဓာတ်ပုံရိုက်၍ ပို့လိုက်ပါသည်။ အရှင်ဘုရား၏မေးခွန်းအား သိပ္ပံနည်းကျကျ တိကျစွာ ပြန်လည်ဖြေကြားနိုင်ပါရန်အတွက် ရန်ကုန် တိရစ္ဆာန်ဥယျာဉ် ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌကြီး ဗိုလ်မှူးကြီး လှအောင်ကလည်း ထိရောက်စွာ အကူအညီ ပေးပါသည် အရှင်ဘုရား။

(အောင်း)အား အင်္ဂလိပ်အခေါ်အဝေါ်အားဖြင့်(YAK)ဟုခေါ်ပါသည်။ မြန်မာဘာသာအားဖြင့် ဦးထွန်းငြိမ်း အဘိဓာန်တွင်"တရုပ် အမွေးရှည်နွား"ဟု ဆိုထားပါသည်။ ဗိုလ်မှူးကြီးလှအောင် ရှာဖွေပေးသော အဘိဓာန်တွင်လည်း (တရုပ် အမွေးရှည်နွား) ဟု ပြန်ဆိုထားသည့်အပြင်၊ အကျယ်အားဖြင့်လည်း ၎င်း၏အမြီးအား စာမရီ သားမြီးယပ်အဖြစ် အသုံးပြုကြောင်း ဖော်ပြပါသည်။ ရှေးမြန်မာမင်းတို့သည် ဂန္ဓာလရာဇ်ပြည်မှ လာသော သားမြီးယပ်များကို အသုံးပြုကြောင်း ကြားဘူးမိပါသည်။ ၎င်းမှာ (YAK) ခေါ် (အောင်း)၏ အမြီးပင် ဖြစ်ပါသည်ဘုရား။

သတ္တဗေဒ အခေါ်အဝေါ် အရ (Poephagus grunniens) ဟုခေါ်ပါသည်။ ၎င်းမှာ နွားအမျိုးအစားပင် ဖြစ်ပါသည်။

တပည့်တော်တို့ ရန်ကုန် တိရစ္ဆာန်ရုံရှိ (အောင်း)၏ ပုံသဏ္ဌာန်မှာ နွားကဲ့သို့ပင်ဖြစ်ပြီး အမွေးရှည်ကြီးများ ဖုံးလွှမ်းထားပါသည်။အရောင်



"အောင်း"ဆိုသောသတ္တဝါ၏ရုပ်ပုံ

မှာ တကိုယ်လုံး အနက်ပင် ဖြစ်ပါသည်။ နွားအစာကိုပင် စား၍ နွားလိုပင် စားမြုံ့ပြန်ပါသည်။ ၎င်း၏ ကိုယ်ခန္ဓာ အပူချိန်မှာလည်း နွားထက် ၁ ဒီဂရီမျှလောက်သာ နဲပါသည်။ နွားကဲ့သို့ပင် ခွါကွဲ သတ္တဝါဖြစ်ပြီး နွားတွင် ဖြစ်လေ့ရှိသော ရောဂါများပင် ဖြစ်တတ်ပါသည်။ အထီးတွင် ချိုရှိပါသည်။ ၎င်းအား တရုပ်ပြည်မှ ရရှိပါသည်။ ၎င်း၏ ပင်ရင်းဒေသမှာ တိဘက်ပြည် ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေကာမူ အရှင်ဘုရား သိသာတော်မူနိုင်ပါရန် တပည့်တော်က ၎င်းတိရစ္ဆာန်၏ဓာတ်ပုံကို ဤစာနှင့်တကွ ပူး တွဲ ဆက်ကပ်အပ်ပါသည် အရှင်ဘုရား။

အရှင်ဘုရား ကျန်းမာတော်မူပါစေ။
(ပုံ) မောင်ချစ် (ဘီ-အေ-ဒီ-ဗွီ-အက်စ်)၊
တိရစ္ဆာန် ဆေးကုဆရာဝန်၊
ရန်ကုန် တိရစ္ဆာန်ဥယျာဉ်။

အကပ္ပိယ အသားမျိုး ပြီးပြီ။

---

## ၃၅။ ။အကပ္ပိယ ပစ္စည်းမျိုး

သီး, ပွင့်, ကသေ၊ မြေ, ဒန်ပူ, ဝါး၊ ဆေးဝါး, စေခံ၊ လာဘ်ငဲ့မှန်၊ ဒူသန်ကုလ ရှစ်။

ကုလ ဒူသန ၈ ပါး။ ။(၁) သစ်သီးပေးခြင်း၊
(၂) ပန်း သစ်ပွင့်ပေးခြင်း၊
(၃) ရေချိုးက သည်မှုန့်(ဆပ်ပြာမှုန့်), မျက်နှာချေမှုန့် ပေးခြင်း၊
(၄) သဘော် ဆပ်ပြာခဲစသော မြေညက်ပေးခြင်း၊
(၅) ဒန်ပူပေးခြင်း၊
(၆) အိမ်၌သုံးရန် သစ်ဝါးပေးခြင်း၊
(၇) ဆေးဝါး ဓာတ်စာပေးခြင်း, ဆေးကုပေးခြင်း၊
(၈) လူအစေအပါးခံ၍တမန်ကိစ္စနှင့်သွားလာခြင်း။ ။

[ကုလဒူသန ၈ ပါး]။

ကုလဒူသန်၊ ဤရှစ်တန်၊ နေသန် နှစ်ဆယ့်တစ်။
ရွှေ, ငွေ, ခံပြား၊ ဈာန်မဂ်ကြား၊ ဆေးဝါး, ဗေဒင် ဖြစ်။
မိစ္ဆာဇီဝ၊ ဟောဘောဂ်ပြ၊ တရာ့ငါးဆယ့်နှစ်။
ထိုနှင့်ရလတ်၊ ပစ္စည်းရပ်၊ မအပ်ကြဉ်ပယ်ပစ်။

အဓိပ္ပါယ်။ ။

(၁) ကုလဒူသနမှု ၈ ပါးနှင့် ရသောပစ္စည်းမျိုး၊
(၂) အနေသနမှု ၂၁ ပါးနှင့် ရသောပစ္စည်းမျိုး၊
(၃) ရွှေ, ငွေကိုခံမှု၊ ရောင်းဝယ်လဲလှယ်မှုတို့နှင့် ရသော ပစ္စည်းမျိုး၊
(၄) ဈာန်, မဂ်ဖိုလ်တရားကို ဝါကြွားပြောဆို၍ ရသောပစ္စည်းမျိုး၊
(၅) ဆေးဝါးကုသ၍ ရသောပစ္စည်းမျိုး၊
(၆) ဗေဒင်ယာယီဟောပြော၍ ရသောပစ္စည်းမျိုး၊
(၇) ဗြဟ္မဇာလ သုတ်ကြီး၌လာသော မိစ္ဆာဇီဝမှုမျိုး ၁၅၂ ပါးနှင့်ရသော ပစ္စည်းမျိုး၊ ဤပစ္စည်းမျိုးသည် သီတင်းသုံးဘော် ၅ ယောက်တို့အားလည်း သုံးဆောင်ခြင်းငှါ မအပ်။

အကပ္ပိယ ပစ္စည်းမျိုး ပြီးပြီ။

---

## ၃၆။ အနေသန ၂၁ ပါး

အနေသန ၂၁ ပါး ဟူသည်—

(၁) ဒါယကာတို့အား လာဘ်အကျိုးငှါ ဝါးပေးခြင်း၊
(၂) အပွင့်ပေးခြင်း၊
(၃) အသီးပေးခြင်း၊
(၄) ဒန်ပူပေးခြင်း၊
(၅) မျက်သစ်ရေ ပေးခြင်း၊
(၆) ခေါင်းလျှော်စရာ ကင်ပွန်း တရော် ပေးခြင်း၊
(၇) ချေးတွန်းစရာ ကသယ်မှုန့် ကုက္ကိုမှုန့် ပေးခြင်း၊
(၈) သုံးစရာ မြေနီ မြေဖြူပေးခြင်း၊

(၉) မိမိကိုယ်ကို နှိမ့်ချ၍ ကျွန်ုပ်, ဗျာစသည်ဖြင့် ဒကာတို့အား ပြောဆို ခြင်း၊

(၁၀) ပဲနောက်ဟင်းကဲ့သို့ မမှန်တချက် မှန်တချက် ပြောဆိုခြင်း၊

(၁၁) ရွာသူသားငယ်တို့ကို ထိန်းယခြင်း၊

(၁၂) လူတို့မှာကြားလိုက်သော သတင်းမကားကို ဆောင်ခြင်း၊

(၁၃) ဆေးကုခြင်း၊

(၁၄) တမန်သည်မှု ပြုခြင်း၊

(၁၅) ဆွမ်းတုံ့ပေးခြင်း၊

(၁၆) ယာကြွန်ကို ကြားခြင်း၊

(၁၇) လယ်ကြွန်ကို ကြားခြင်း၊

(၁၈) ယောကျ်ား, မိန်းမတို့၏လက္ခဏာကြွန်ကို ကြားခြင်း၊

(၁၉) မိတ္တသန္ထဝပြု၍ နိစ္စဘတ်ဆွမ်း မခံအပ်သော ပြည့်တန်ဆာမ စသော ခြောက်ပါးသောဌာနတို့၌ နိစ္စဘတ်ဆွမ်း ခံခြင်း၊

(၂၀) မင်း၏အမတ်စသည်တို့နှင့် အကျွမ်းတဝင် မိတ်ခင်ပွန်းဖွဲ့ခြင်း၊

(၂၁) သာသနာတော်၌ မကြည်ညိုသောသူ အစရှိသည်ကို မှီဝဲခြင်းအားဖြင့် နှစ်ဆယ့်တပါးဖြစ်သည်။

အနေသန ၂၁ ပါးပြီးပြီ။

---

## ၃၇။ ။အနာမာသ (မကိုင်ကောင်းသော) ဝတ္ထုမျိုး

လူမ, နတ်မ, တိရစ္ဆာန်မတို့၏ ကိုယ်၊ ၎င်းတို့၏အဝတ်အရုံနှင့် အသုံးအဆောင် တန်းဆာများ၊ ၎င်းတို့၏ သဏ္ဍာန် အရုပ်၊ ၎င်းတို့၏ရုပ်ပုံများ ပါနေသော ပစ္စည်းများ၊ ရွှေ, ငွေ, ပုလဲ, မြ, ကြောင်မျက်ရွဲ, ခရုသင်း, ကျောက်သလင်း, သန္တာ, ပတ္တမြားနီ, ပတ္တမြားပြောက်ဟူသော ၁၀ ပါးသောရတနာမျိုး၊ စပါး မျိုး ခုနစ်ပါး၊ သစ်ပင်၌ဖြစ်ဆဲ စားဖွယ် အသီးအရွက်၊ လူတို့ စုပုံထားသော စားဖွယ် အသီးအရွက်၊ စစ်သည်, ခိုးသူ, ဒမြ, မုဆိုး, တံငါတို့၏ လက်နက် ပိုက်ကွန်များ၊ တူရိယာ ဘဏ္ဍာမျိုး။ ၎င်းတို့ကို ကိုင်တွယ် သုံးသပ်လျှင် ဒုက္ကဋ် အာပတ်သင့်၏။ [စပါးကို လှုစေကာမူ အလှူမခံရ။ အလှူခံလျှင် ဒုက္ကဋ်အာပတ် သင့်၏။]

**ဝိဝါဒကို စိစစ်ဝေဖန်ခြင်း။** ။အောက်ပါစာပိုဒ်တို့ကို မရေးသားမီ စာရေးသူ၏ သဘောထားကို ရှေးဦးစွာ ထုတ်ဆိုပါအံ့။ ။ အယူအဆချင်း မတိုက်ဆိုင်၍ တဘက်သားအား ထိပါးပုတ်ခတ်လိုသော စိတ်ထားမျိုးဖြင့် ရေးခြင်းမဟုတ်ပါ။ အများ၏အကျိုးကို ရည်၍ စာရေးသူ၏ ထင်မြင်ယူဆပုံကို ၎င်းတို့ စိစစ်ဝေဖန်ပြီး နှစ်သက်ရာဝါဒကို ရွေးချယ်၍ ဆောက်တည်ကျင့်သုံးနိုင်စေခြင်းအကျိုးငှါ ထိုထင်မြင်ယူဆပုံကို စိတ်ရိုး သဘောရိုးဖြင့် ပွင့်ပွင့်လင်းလင်း ထုတ်ဆိုရေးသားခြင်းဖြစ်သည်။ [ဝါဒချင်း မတိုက်ဆိုင်သော အခြား ကဏ္ဍများ၌လည်း ဤအတိုင်း သိတော်မူကြပါကုန်။]

အချို့က ယခုခေတ် Carat Gold—ဟုခေါ်သော အင်္ဂလိပ်ရွှေကိုအနာမာသဝတ္ထုဟုမှတ်ယူကြ၍ ၎င်းဖြင့်ပြုလုပ်ထားသော ပစ္စည်းများကို မသုံးဆောင်အပ်ဟူ၍၎င်း၊ အချို့ကအပ်၏-ဟူ၍၎င်း ဆိုကြ၏။

ဤအင်္ဂလိပ်ရွှေသည် ဘုရားရှင် လက်ထက်တော်၌ မပေါ်ပေါက်သေးသဖြင့် ဤရွှေနှင့်ပတ်သက်၍ ကျမ်း၌အဆိုမရှိပါ။ အဆိုမရှိလျှင် အဘယ်ကဲ့သို့ယူရမည်နည်း။ ဝိဝါဒရှိလျှင် ဂရုဘက်သို့ လိုက်သင့်သည်မဟုတ်ပါလော-ဟူ၍ မေးဖွယ်ရှိ၏။ အဖြေကား အရာခပ်သိမ်း ဂရုဘက်သို့လိုက်၍ပြုအပ်သည်မဟုတ်။ အချို့အရာများ၌ ဂရုဘက်သို့လိုက်၍ပြုခြင်းဖြင့် အကျိုးရှိသည်။ အချို့အရာများ၌ ဘေးအန္တရာယ်ရှိတတ်သည်။ သို့ဖြစ်၍ ဂရုဘက်သို့ လိုက်သင့်သော အကြောင်းလုံလောက်မှ ဂရုဘက်သို့ လိုက်သင့်ပေသည်။ [ရူပိယသိက္ခာပုဒ်၌ ပြဆိုခဲ့ပြီးသော မဟာပဒေသ ၄ ပါးကို ယောက်။] လိုက်သင့်-မသင့်ဆုံးဖြတ်ရာ၌ ရှေးဦးစွာ ဤအင်္ဂလိပ်ရွှေသည် တန်ဖိုးအားဖြင့် အဘယ်သို့သဘောရှိသော ရွှေမျိုးဖြစ်သည်ကို စိစစ်ဖို့လို၍ စိစစ်ပါအံ့။ ။အတွင်း၌ ရွှေအစစ်ရှိနေသော သတ္တုကျောက်တုံးကြီးကို ကိုင်တွယ်သုံးသပ်လျှင် ဒုက္ကဋ်အာပတ်သင့်၏ဟု ကာယသံသဂ္ဂ သိက္ခာပုဒ်နှင့်ပတ်သက်၍ ပါတိမောက္ခ ဝိနိစ္ဆယကျမ်း၌ ဆိုသည်မှန်၏။ အဘယ်ကြောင့်နည်း၊ ထိုသတ္တုကျောက်တုံးကြီး အတွင်း၌ရှိသော ထိုရွှေအစစ်ကို ခွဲစိတ်၍ယူမည်ဖြစ်သောကြောင့် ထိုသတ္တုကျောက်တုံးကြီးကို ရွှေတုံးရွှေခဲကဲ့သို့ မှတ်ယူရမည်ဖြစ်သည်-ဟူသောကြောင့်တည်း၊ သို့ဖြစ်လျှင် အင်္ဂလိပ်ရွှေကို ထိုသတ္တုကျောက်တုံးကြီးကဲ့သို့မှတ်ယူရအံ့လောဟူမူထိုကဲ့သို့ မမှတ်ယူအပ်။ အဘယ့်ကြောင့်နည်း၊ အများနားလည်နေကြသလောက်ဆိုလျှင် ရွှေအစစ်ကို တန်ဖိုးထား၍ အရောင်းအဝယ်ပြုသကဲ့သို့ အင်္ဂလိပ်ရွှေကိုတန်ဖိုးထား၍ အရောင်းအဝယ်မပြုကြပါ။ ၎င်းဖြင့်ပြုလုပ်သော ပစ္စည်းများကိုသာ တန်ဖိုးထား၍ အရောင်းအဝယ်ပြုကြသည်။ ထိုပစ္စည်းများဟောင်းနွမ်း ယိုယွင်း

ပျက်စီးသောအခါ အင်္ဂလိပ်ရွှေကို ဂရုမမူပဲ တခါတည်း အပြီးအပြတ် စွန့်ပစ်လွှင့်ပစ်ကြသည်။ အင်္ဂလိပ်ရွှေဖြင့်ပြုလုပ်ထားသောနစ် ( Nib) ကလစ် (Glip) များဖြင့်တပ်ဆင်ထားသော ဖောင်တိန်ကိုဟောင်းနွမ်း၍စွန့်ပစ်သောအခါ ဖောင်တိန်အိုးကိုသာမဟုတ်, နစ် ကလစ်တို့ကိုလည်း တန်ဖိုးမရှိသော ပစ္စည်းအဖြစ်ဖြင့် စွန့်ပစ်လွှင့်ပစ်ကြသည်။ ဖောင်တိန်လုပ်သော ကုမ္ပဏီများ, ရွှေကုန်သည် ရွှေပန်းထိမ်များကလည်း ထိုနစ်, ကလစ်တို့ကို မဝယ်ကြပါ။ ဓာတုဗေဒဆရာများကလည်း အင်္ဂလိပ်ရွှေကို ခဲ့စိတ်၍ မယူကြပါ-ဟူသောကြောင့်တည်း။

အထက်ပါအချက်တခုတည်းကိုမူတည်၍ မဆုံးဖြတ်သင့်ပေ၊ အကျိုးအပြစ်ကို စိစစ်ပြီးမှ ဆုံးဖြတ်အပ်သည်ဖြစ်၍ အကျိုးအပြစ်ကို စိစစ်ပါအံ့။ ။ မိမိသည် ဂရုဘက်သို့လိုက်၍ အင်္ဂလိပ်ရွှေကို မသုံးဆောင်အပ်ဟုယူသည်-ဟု ဆိုကြပါစို့။ ။ယခုခေတ်အများပင် "သွား" များတပ်ရာ၌ အင်္ဂလိပ်ရွှေဖြင့် တပ်ကြသည်။ အကယ်၍ (၁) အင်္ဂလိပ်ရွှေသွားတပ်ထားသော လူဝတ်ကြောင်များ ရဟန်းပြုလို၍ မိမိထံသို့လာလျှင် ထိုရွှေသွားတပ်ထားခြင်းကြောင့် ၎င်းကို ပယ်ပါမည်လော။ (၂) အကယ်၍ ရဟန်းပြုပေးလျှင် (မိမိယူဆသည့်အတိုင်းဆိုလျှင်) ထိုရဟန်းသစ်သည် ရဟန်းဖြစ်သည်နှင့်တပြိုင်နက် အာပတ်သင့်နေသည်မဟုတ်ပါလော။ (၃) မိမိသည်လည်း ထိုရဟန်းသစ်နှင့် အာမိသသမ္ဘောဂ ဓမ္မသမ္ဘောဂပြုခြင်းဖြင့် နေ့ရှိသဲလေ့ာက် အာပတ်သင့်နေသည် မဟုတ်ပါလော-ဟူ၍မေးလျှင် ( သဘာဝကျကျဖြေမည်ဆိုလျှင်) ဟုတ်သည်ဟု ဝန်ခံရပေမည်။ ။ဆိုဦးအံ့။ ။ရဟန်းလောက၌လည်း အင်္ဂလိပ်ရွှေသွားတပ်ထားသော ရဟန်းအချို့ရှိသည်။ အကယ်၍ သီလအလွန်စင်ကြယ်သော (အင်္ဂလိပ်ရွှေသွားတပ်ထားသော)ရဟန်း မိမိထံသို့လာလျှင် ထိုရွှေသွား တပ်ထားခြင်းကြောင့် မိမိသည် ထိုရဟန်းနှင့် မပေါင်းသင်းနိုင်ဟု ငြင်းပယ်လျှင် ထိုရဟန်း၏နေရာ၌ နေ၍ကြည့်လျှင် အဘယ်မျှလောက် မိမိစိတ်ထိခိုက်မည်နည်း-ဟူ၍ မိမိကိုယ်ကို မိမိပင်မေးပါလေ။

ဤကိစ္စ၌ ဂရုဘက်သို့လိုက်၍ပြုလျှင် ဘေးအန္တရာယ်မဖြစ်ဖြစ်အောင်ပြုရရောက်သည်-ဟု သိလေ့ာက်ပြီ။ အင်္ဂလိပ်ရွှေကိုသုံးဆောင်လျှင် အာပတ်သင့်နိုင်သလော ဟူငြားအံ့၊ အာပတ်မသင့်။ အဘယ်ကြောင့်နည်း၊ ဤရွှေနှင့်ပတ်သက်၍ ကျမ်း၌အဆိုမရှိခြင်းကြောင့်၎င်း၊ မဟာပဒေသ ၄-ပါးကိုထောက်သောအားဖြင့်၎င်း ၎င်းကိုသုံးစွဲလျှင် အာပတ်မသင့်ဟု သဘာဝကျကျ ယူအပ်၏-ဟူသောကြောင့်တည်း။ ထို့ကြောင့် ဤကိစ္စ၌ ဂရုဘက်သို့ မလိုက်သင့်ဟုယူမှသာလျှင် သဘာဝကျသည်မဟုတ်ပါလော။ [အရာခမ်သိမ်း ဂရုဘက်သို့လိုက်၍ မပြုအပ်-ဟူ၍ မှတ်ယူအပ်ပေသည်။]

ကျမ်း၌လည်း အင်္ဂလိပ်ရွှေနှင့်ပတ်သက်၍ အဆိုမရှိ၊ ဂရုဘက်သို့လိုက်၍လည်းမပြုအပ်ဟုဆိုလျှင် အင်္ဂလိပ်ရွှေဖြင့်ပြုလုပ်ထားသော နစ်, ကလစ်များဖြင့် တပ်ဆင်ထားသော ဖောင်တိန်နှင့် အလားတူပစ္စည်းများကို သုံးဆောင်ခြင်းဖြင့် အာပတ်မသင့်ဟု သဘာဝကျကျ ယူအပ်ပေသည်။ [ပြဆိုခဲ့ပြီးသော အကြောင်းအရာများကို ထောက်၍သာ အင်္ဂလိပ်ရွှေဖြင့် ပြုလုပ်ထားသော ပစ္စည်းများကို သုံးဆောင်အပ်သည်ဟု ပြောရခြင်းဖြစ်သည်။ အမှန်မှာ ရဟန်းတော်များအဖို့ဆိုလျှင် (တတ်နိုင်လျှင်) ရွှေသွားတပ်ခြင်းမှ ရှောင်ကြဉ်သင့်ပေသည်။ ထိုရွှေဖြင့်ပြုလုပ်ထားသော ပစ္စည်းများကို သုံးဆောင်အပ်သည်ဟုဆိုငြားသော်လည်း အလှသဘောဖြင့် သုံးဆောင်လျှင်ကား ဒုက္ကဋ်အာပတ်မှ မလွတ်–ဟူ၍ပြောလိုပါ၏။]

ရှင်းလင်းချက်။ ။'မိမိ'ဆိုသော အသုံးအနှုန်းဖြင့်ရေးခြင်းမှာ ဆန့်ကျင်၍ယူသောပုဂ္ဂိုလ်တို့အား ရည်စူး၍ရေးခြင်း မဟုတ်ပါ။ စာရှုသူတို့အား ရည်စူး၍ရေးခြင်းဖြစ်သည်။ စာရှုသူမှန်သမျှကိုဝင်းကိုယ်ကို ဆန့်ကျင်၍ယူသောပုဂ္ဂိုလ်၏နေရာ၌ နေစေ၍ စာရေးသူ၏ ထင်မြင်ယူဆပုံကို လက်ခံသင့်–မခံသင့် စိစစ်၍ ဝေဖန်ဆုံးဖြတ်နိုင်စေခြင်းငှါစာရှုသူကို 'မိမိ'ဆိုသော အသုံးအနှုန်းဖြင့်ရေးခြင်းဖြစ်ပါသည်။

အကယ်၍ စာရေးသူယူဆသကဲ့သို့ မယူဆပါက သည်းခံခွင့်လွှတ်တော်မူကြပါကုန်။

အနာမာသ (မကိုင်ကောင်းသော) ဝတ္ထုမျိုးပြီးပြီ။

## ၃၀။ ။ဒါယကာလှူသော်လည်း အလှူမခံကောင်း

ရွှေ, ငွေ, ဒင်္ဂါး, ပိုက်ဆံ, ပုလဲ, ပတ္တမြား, ကြောင်မျက်ရွဲ, ခရုသင်း, ကျောက်သလင်း, သန္တာ, ပတ္တမြားနီ, စပါးမျိုး ၇ ပါး, ကျွန်မိန်းမ, ကျွန်ယောကျာ်း, လယ်, ယာ, ပန်းဥယျာဉ်, သစ်သီးဥယျာဉ်စသည်တို့ကို ဒါယကာတို့လှူသော်လည်း အလှူမခံကောင်း။ [ပြီးပြီ။]

## ၃၉။ ။ကာလိက ၄ ပါးအမြွက်

**ယာဝ, ယာမ၊ သတ္တာဟ၊ ယာဝဇီဝိကာ။**

ကာလိကမျိုးသည်-

**ကာလိက ၄ မျိုး။** ။(၁) ယာဝကာလိကမျိုး၊ (၂) ယာမကာလိကမျိုး၊(၃) သတ္တာဟကာလိကမျိုး၊ (၄) ယာဝဇီဝိကမျိုး–ဟူ၍ ၄ မျိုး အပြားရှိ၏။

**ကပ်ပြီးသည်မှ၊ ထိုလေး၀၊ ကာလပိုင်းခြားရာ။**

**အဓိပ္ပါယ်။** ။ကပ်ပြီးသောအခါမှ ဤ၀တ္ထုကား ယခုနေ့ မွန်းမလွဲမီ အတွင်း၌သာ ရဟန်းတို့မျိုခြင်းငှါ အပ်သည်၊ မွန်းလွဲသည်မှစ၍ ယနေ့, နက်ဖြန်စသည်တို့၌ မအပ်ပြီ၊ ဤသို့ စသည်ဖြင့် ပိုင်းခြားခြင်းသို့ရောက်၏။

**ထိုနေ့နံနက်၊ ယံသုံးချက်၊ ရက်ခွန်, ထက်ဆုံးသာ။**

**ကာလိကအသက်**။ ။အကပ်ခံသောနေ့ကို ထိုနေ့ဆိုသည်။ ထိုနေ့မွန်းမလွဲမီ ကာလ၊ထိုနေ့ညဥ့် ၃ ယံကာလ၊ထိုနေ့မှစ၍ရက်ပေါင်း ၇ လီကာလ၊ ထိုနေ့မှစ၍ အသက်ထက်ဆုံး အစဉ်အတိုင်းယှဉ်လေ။

**အရပ်တိုင်းမှာ၊ အာဟာရကိစ္စ၊ စားရိုးကျ၊ ယာဝကာလိကာ။**

**ယာဝကာလိကမျိုး။** ။အကြင်၀တ္ထုမျိုးသည် ထိုထိုအရပ်တို့၌ ပကတိ အာဟာရကိစ္စနှင့် အစဉ်အဆက် စားရိုးကျ၏၊ ထို၀တ္ထုမျိုးသည် ယာဝကာ လိကမျိုးမည်၏။

**ဘောဇဉ်,ခဲဖွယ်၊ အသွယ်သွယ်၊ အကျယ်များလှစွာ။ (သိသာပြီ)။**
**သပြေ, သရက်၊ မုံဒြက်၊ ဖက်သက်, သစ်မည်စည်။**
**ငှက်ပျောနှစ်မျိုး၊ ကြာစွယ်တိုး၊ ရှစ်မျိုးအဖျော်ရည်။**

**ယာမကာလိကမျိုး။** ။(၁) သပြေသီးအဖျော်၊
(၂) သရက်သီးအဖျော်၊
(၃) မုံဒြက်သီးအဖျော်၊
(၄) ဖက်သက်တရော်သီးအဖျော်၊
(၅) သစ်မည်စည်ပွင့်အဖျော်၊
(၆) အိမ်ငှက်ပျောသီးအဖျော်၊
(၇) တောငှက်ပျောသီးအဖျော်
(၈) ကြာစွယ် အဖျော် – ဟူ၍ ယာမကာလိက ၀တ္ထု၌ ဟောတော်မူရင်း အဖျော်မျိုး ၈ ပါး။

မှတ်ချက်။ ။သစ်မည်စည်ပွင့်သည် အလွန်အရည်ပေါ၏၊ ရေမရောပဲနှင့်ပင် သောက်လောက်အောင် ရနိုင်သော ဇာတိရသရှိ၏၊ ဇာတိရသအတိုင်း အဖျော်ကိစ္စနှင့်လွဲသောအခါ သောက်ခြင်းငှါ မအပ်၊ ရေနှင့်ရောမှအပ်သည်။ ယာဝကာလိကဝတ္ထုတို့မှဖြစ်သော ဇာတိရသတို့၌ ဤနည်းချည်းမှတ်။ ကြံရည်, တင်လဲရည်,ပျားရည်တို့၌လည်း ရေရောမှအဖျော်ရည်ကိစ္စ၌အပ်သည်။ ရေမရောလျှင် သတ္တာဟကာလိကအတိုင်းပင်။

ထန်း,အုန်းနှစ်ကွဲ၊ ပိန္နဲနှစ်ပါး၊သုံးသခွါး၊ နှစ်ပါးဗူးဖရုံ။

**သစ်သီးကြီး ၉ မျိုး။** ။(၁) ထန်းသီး၊

(၂) အုန်းသီး၊

(၃) အိမ်ပိန္နဲသီး၊

(၄) တောင်ပိန္နဲသီး၊

(၅) သခွါး ငဆစ်သီး၊

(၆) သခွါးပြေုတ်သီး၊

(၇) သခွါးကြောင်သီး၊

(၈) ဗူးသီး။

(၉) ဖရုံသီး၊ ဤကား သီးကြီး ၉ ပါးတည်း။

သီးကြီးကိုးပါး၊ ပဲမျိုးများ၊စပါးခုနစ်မည်။

အလျော်စပါး၊ လေးမျိုးအား၊ ရှောင်ရှားအဖျော်ရည်။

အစိပ္ပါယ်။ ။ပြဆိုခဲ့ပြီးသော သီးကြီး ၉ ပါးတရပ်၊ အလုံးစုံသော ပဲမျိုးတရပ်၊ စပါးမျိုး ၇ ပါးတရပ်၊ ကျိတ်စပါး အစရှိသော အနုလောမ စပါးမျိုးတရပ်၊ ဤ ၄ ရပ်တို့ကို နေလွဲသောအခါ သောက်မျိုရန် အဖျော်ရည်ပြုလုပ်မှု၌ ရှောင်ကြဉ်အပ်ကုန်၏။

မှတ်ချက်။ ။အဖျော်ရည်လုပ်နည်းမှာ အကပ်မခံသေးသော သပြေက်သီး, သရက်သီးစသည်ကို ရေအေး၌စိမ်စေ၍ သောက်ချိန်ကျသောအခါ လူ, သာမဏေတို့ကို ကောင်းစွာစစ်စေပြီးမှ အကပ်ခံ၍ သောက်အပ်၏။

ကောင်းစွာ စစ်ခြင်းဆိုသည်ကား-ယာဝကာလိကဝတ္ထုတို့၏အဖတ်အနယ်--ဟူ၍ မပါစေရ၊ အရည်ကြည်သက်သက်ရအောင် ရေစစ်ပုဝါထူထူနှင့် စစ်ရမည်၊ အဖတ်-ဟူ၍ မုန်ညင်းစေ့ ခန့်မျှပါရှိလျှင်ပင် မသောက်အပ်ပြီ၊ ဇီးဖြူ,

သျှိသျှား, သဖန်းခါးအစရှိသော ယာဝဇီဝိကဝတ္ထုတို့နှင့် ပြုလုပ်သော အဖျော်ရည်၌မူကား အဖတ်ပါသော်လည်း ကိစ္စမရှိပါ။

**ထော, ဆီ, ဆီ, ပျား၊ တင်လဲအား၊ ငါးပါး သတ္တာဟာ။**

**သတ္တာဟကာလိက မျိုး။** ။(၁) ထောပတ်မျိုး၊
(၂) ဆီဦးမျိုး၊
(၃) ဆီမျိုး။
(၄) ပျားရည်မျိုး၊
(၅) သကာ တင်လဲဟူသော တင်လဲမျိုး။
ဤဝတ္ထု ၅ မျိုးသည် သတ္တာဟကာလိက မည်၏၊ အကပ်ခံပြီးနောက် ၇ ရက် သုံးဆောင်ရ၏။ [ဆီဦးမျိုး၌ လူဆီမပါ။]

**ကြံရည်၌မူ၊ ရေစင် ကူ၊ မာသူ အပ်သည်သာ။**

**အစိပ္ပါယ်။** ။အနုဇာနာမိ ဘိက္ခဝေ ဥစ္ဆုရသံ။ ။အနုဇာနာမိ ဘိက္ခဝေ ဂိလာနဿ ဂုဠောဒကံ—ဟူသော ပါဠိတော်နှင့်အညီ အကပ်ခံ၍ ထိုနေ့ မွန်းလွဲသောအခါမှစ၍ ကြံရည်, တင်လဲရည်, သကြားခဲ, သကာခဲ, ထန်းလျက်ရည်, ထန်းလျက်ခဲ, ထန်းလျက်တင်လဲ, ထန်းလျက်သကာတို့သည် ဂိလာနပုဂ္ဂိုလ်အား ရေမရောပဲပင် အပ်ကုန်၏။ မာကျန်းသူတို့အား ရေနှင့်ရော၍ အဖျော် ကိစ္စ၌ သုံးဆောင်အပ်၏။ [ထောပတ်, ပျား, ဆီတို့၌လည်း ထိုအတူ မှတ်။]

**စဉ်းစားဖွယ်။** ။နေလွဲသောအခါ၌ ကြံရည်ကို ရေမရောပဲ ရေခဲရော၍ သောက်အပ်–မသောက်အပ် စိစစ်ဝေဖန် ဆုံးဖြတ်နိုင်ရန် အလို့ငှါ အောက်ပါ အချက်အလက်တို့ကို တင်ပြပါအံ့။

ဂိလာနပုဂ္ဂိုလ်တို့အား နေလွဲသောအခါ၌ ကြံရည်ကို ရေမရောပဲ သောက်စေသည်။ မာကျန်းသူတို့ကိုမူကား ရေရော၍ သောက်စေသည်–ဟု အထက်၌ ဆိုခဲ့ပြီ။ ။ယခုခေတ်တွင် ရေမရောပဲ ရေခဲရော၍ သောက်ကြ၏။

ရေခဲတုံးသည် တဖြည်းဖြည်းပျော်သွား၍ ရေအဖြစ်သို့ ရောက်သည်၊ မှန်၏။ ဤရေခဲရေကို ပကတိ ရေအဖြစ် မှတ်ယူအပ်–မယူအပ် စိစစ်ပါအံ့။

မာကျန်းသူတို့အား နေလွဲသောအခါ၌ ကြံရည်ကို ရေရော၍သောက်စေခြင်းသည် သဘာဝကျကျ ပြောမည်ဆိုလျှင် ကြံရည်၏ အရသာကို ပျက်ပြယ်စေလိုသောကြောင့် ဖြစ်သည်—ဟု ဆိုရပေမည်။ ကြံရည်သက်သက်သည်ပင် ရေခဲရောထားသော ကြံရည်လောက် အရသာမရှိ—ဟု ဆိုလျှင် မည်သူမှ ငြင်းပယ်မည် မဟုတ်ပေ။ ထို့ကြောင့် ကြံရည်ကို ရေမရောပဲ ရေခဲရော၍သောက်ခြင်းသည် ကြံရည်၏အရသာကို မပျက်ပြယ်စေပဲ ပို၍ အရသာရှိအောင် ပြုသည် မည်ရကား ရှင်တော်မြတ်ဘုရား၏ အလိုတော်နှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်လေသည်။ သို့ဖြစ်၍ ရေခဲရေကို ပကတိ ရေအဖြစ် မှတ်ယူအပ်-မယူအပ် စဉ်းစားတော်မူကြပါကုန်။ [အကယ်၍ ရေခဲရေကို ပကတိ ရေအဖြစ် မမှတ်ယူပါက ကြံရည်၌ ရေခဲကိုလည်း ထည့်၍ ပကတိ ရေကိုလည်း ရော၍ သောက်အပ်ပေသည်။]

အကယ်၍ စာရေးသူ ယူဆသကဲ့သို့မယူဆပါက သည်းခံ ခွင့်လွှတ်တော်မူကြပါကုန်။

အရပ်တိုင်းမှာ၊ အာဟာရကိစ္စ၊ မစားကြ၊ ယာဝဇီဝိကာ။
ဇီးဖြူသျှိသျှား၊ သဖန်းခါး၊ များ၏အနန္တာ။

**ယာဝဇီဝိက မျိုး။** ။အကြင်ဝတ္ထုမျိုးကို ထိုထို အရပ်ဒေသတို့၌ ပကတိသော အာဟာရကိစ္စနှင့် စားရိုးပင်မရှိ၊ ထိုဝတ္ထုမျိုးသည် ယာဝဇီဝိက ဝတ္ထုမည်၏။ ဇီးဖြူ, သျှိသျှား, သဖန်းခါး စသည်ဖြင့် ထို ယာဝဇီဝိက မျိုး သည် အသချေ် အနန္တ များပြား၏။

အကပ်နှင့်တကွ၊ သူ့ကာလ၊ လွန်က သန္နိဓာ။

**အဓိပ္ပါယ်။** ။အကပ်ခံပြီး၍ အကပ်နှင့်တကွ မိမိဥစ္စာအဖြစ်ဖြင့် ထားရာ ၇ ရက်ကို လွန်ခဲ့လျှင် ထိုဝတ္ထုလည်း နိဿဂ္ဂီဖြစ်၏၊ သန္နိဓိကာရက သုဒ္ဓပါစိတ် အာပတ်လည်း သင့်၏၊ ၇ ရက်မလွန်မီ လူ, သာမဏေတို့အား စွန့်၍ထားရာ၏။

အတို့, အရှေ၊ ရောမိချေ၊ အရှေ သူ့ဘက်ပါ။

**အဓိပ္ပါယ်။** ။ယာဝကာလိကသည် အတိုဆုံးဖြစ်၏၊ ထိုထက် ယာမကာလိက ရှည်၏၊ ထိုထက် သတ္တာဟ ကာလိက ရှည်၏၊ ထိုထက် ယာဝဇီဝိကသည် ရှည်၍ အရှည်ဆုံး ဖြစ်၏။

**ကာလိကချင်း ရောပုံ။** ။အတိုမျိုးနှင့် အရှည်မျိုး ရောမိကြသည် ရှိသော် အရှည်က အတိုဘက်သို့ ပါရ၏၊ ထိုနေ့၌ အကပ်ခံအပ်သော ရှည်သော နောက် ကာလိကဝတ္ထုတို့သည် တိုသော ရှေ့ကာလိကဝတ္ထုနှင့် ရောနှောမိကြကုန်သည် ရှိသော် မိမိတို့၏ ရှည်သောကာလကိုစွန့်၍ တိုသောကာလိက အဖြစ်သို့ ရောက် ကြလေကုန်၏၊ တိုသောကာလိကအတိုင်းသာ အပ်ကြလေကုန်၏—ဟူလိုသည်။

ရှေးရှေးနေ့တို့၌ ကပ်ပြီးသော ရှည်သော နောက်ကာလိက ၂ ပါးတို့နှင့် တိုသော ရှေ့ကာလိက ၂ ပါးတို့ ရောနှောမိကြရာ၌ အရှည်, အတို ၂ ပါးလုံး မျိုခြင်းငှါ မအပ်သော အကပ္ပိယအဖြစ်သို့ ရောက်ကြလေကုန်၏။

**အထူးမှတ်ချက်။** ။အထူးမှုကား ရှေးရှေးရက်, ရှေးရှေးလ, ရှေးရှေးနှစ် တို့က အကပ်ခံ၍ ရှိနေသော ဆားအစရှိသော ယာဝဇီဝိက ဝတ္ထုနှင့် သတ္တာဟ ကာလိကဝတ္ထု ရောနှောမိကြရာ၌ ရှေးရှေးက အကပ်နှင့် လွန်ခဲ့သောအတွက် အထူး မရှိ၊ သတ္တာဟ ကာလိကအတိုင်း လိုက်လေ၏။

ယမန်နေ့၌စားသောက်၍ ခံတွင်း၌ငြိကပ်ရှိနေသော ကွမ်း, ဆေးအစရှိသော အညစ်အကြေးများသည် နောက်နေ့၌စားသော ဆွမ်းအစရှိသော ယာဝ ကာ လိက ဝတ္ထုများနှင့် ခံတွင်းမှာ ရောနှောမိခဲ့သည်ရှိသော် သန္နိဓိ အာပတ်ကို ဖြစ်စေတတ်၏။ ထို့ကြောင့် ခံတွင်း၌၎င်း၊ သပိတ်, ပန်းကန်, ခွက်ယောက် တို့၌၎င်း၊ အဆီအစေး, အညစ်အကြေး အကပ်အငြိ မရှိစေရအောင် စင်ကြယ်စွာ ဆေးကြောမှုကို ဂရုစိုက်ကြကုန်ရာ၏။

ကာလိက ၄ ပါး အမြွက် ပြီး၏။

---

## ၄၀။ ။အကပ်ခံနည်း

နှစ်တောင့်ထွာမှတ်၊ ဟတ္ထပါသ်၊ ပညတ်ဝိနည်းလာ။

**အဓိပ္ပါယ်။** ။၂တောင့်ထွာ ပမာဏကို အမှတ်ပြု၍ ဝိနည်းပညတ်တော် အရာ၌ ဟတ္ထပါသ်-ဟူ၍ လာ၏။

ပေး, ယူ လက်-နှစ်၊ ကြည့်ပယ်ပစ်၊ ကြွင်းလစ်ကိုယ်အင်္ဂါ။

ဟတ္ထပါသ်တွင်း၊ ဝင်တုံလျှင်း၊ ကပ်ခြင်းမြောက်ထိုက်စွာ။

**အဓိပ္ပါယ်။** ။ပေးသောသူ၏ ပေးသောလက်ကို၎င်း၊ ခံယူသော သူ၏ ခံသော လက်ကို၎င်း ကြည့်ပယ်လွှတ်ထား၍ ကြွင်းသော ကိုယ်အင်္ဂါ တခုခုသည် တဦးနှင့်တဦး၏ ၂တောင့်ထွာ ဟတ္ထပါသ်အတွင်း၌ ဝင်သည်ဖြစ်အံ့၊ ကပ်ခြင်း မြောက်၏။

မှတ်ချက်။ ။ပေးသောလက်, ခံသောလက်နီးမှုသည် အင်္ဂါမဟုတ်၊စားပွဲခုံကြီး, ဗျပ်ခွက်ကြီးများနှင့် ကပ်ကြရာ၌ စားပွဲခုံကြီး, ဗျပ်ခွက်ကြီးခြား၍ နေသဖြင့် ကပ်သူနှင့် ခံသူ ကွာလှမ်း၍နေတတ်၏။ [သတိရှိတော်မူကြပါကုန်။]

ပေးခြင်းသုံးတန်၊ ခံခြင်း ၂ ပါး၊ စိတ် ၂ ပါး၊စုံငြားကပ်အင်္ဂါ။

အဓိပ္ပါယ်။ ။ပေးခြင်းသုံးတန်ဆိုသည်ကား- (၁) ကိုယ်အင်္ဂါဖြင့် ကပ်ခြင်း၊ (၂) ကိုယ်အင်္ဂါနှင့်စပ်သော ပန်းကန်ခွက်ယောက်ဖြင့်ကပ်ခြင်း၊ (၃) ခံသူ၏ လက်တွင်း, သပိတ်တွင်းသို့ ကျရောက်အောင် ပစ်လွှတ်၍ကပ်ခြင်း ဤ ၃ ပါးတည်း။

ခံခြင်း ၂ ပါးဆိုသည်ကား-(၁) ကိုယ်အင်္ဂါဖြင့် ခံခြင်း၊ (၂)ကိုယ်နှင့် ထိစပ်သော သပိတ်ခွက်ယောက်ဖြင့် ခံခြင်း ဤ ၂ ပါးတည်း။

စိတ် ၂ ပါးဆိုသည်ကား-(၁) ပေးသူကလည်း ပေးမည်-ဟု စိတ်ရှိခြင်း (၂) ခံသူကလည်း ခံမည်-ဟု စိတ်ရှိခြင်း၊ ဤ ၂ ပါးတည်း။

မှတ်ချက်။ ။ရှေးအဖို့၌ သပိတ်နှင့် ခံမည်-ဟု အသင့်ပြင်ဆင်၍နေ၏၊ ပေးဆဲအခါ၌ အိပ်ပျော်နေ၍ မသိလိုက်၊ အကပ်မြောက်၏။ ပရိဝါ၌ရင်း၊ ခုဒ္ဒသိက္ခာ၌ရင်း စိတ် ၂ ပါးကို အင်္ဂါပြု၍မဆိုလိုသောကြောင့် အကပ်မြောက်ရာ အင်္ဂါ ၅ ပါး-ဟု လာသတည်း။

ထာမမဇ္ဈ၊ ချီကြွနိုင်ဘွယ်၊ မြူရထရ်၊ အတွယ်မရှိရာ။

အဓိပ္ပါယ်။ ။ကပ်အပ်သောဝတ္ထုနှင့်ထည့်ရာ, ခံရာဖြစ်သော စားပွဲခုံအစရှိသော ဝတ္ထုသည် အလေးဆုံးအားဖြင့် အားအလယ်အလတ် ရှိသော ထာမမဇ္ဈိမဖြစ်သူ တယောက်အားနှင့် ချီကြွနိုင်ကောင်းသော ဝတ္ထုမှ အကပ်မြောက်သည်၊ ထိုထက် လေးမူ အကပ်မမြောက်။အငယ်ဆုံးအားဖြင့် ရထရေဏုမြူခန့်ရှိမှ ကပ်ရသည်၊ ထိုအောက်ငယ်သော တဇ္ဇာရီမြူ, အဏုမြူ, ပရမာဏုမြူများမှာ ကပ်ဘွယ်ကိစ္စမရှိ။

တဇ္ဇာရီမြူ။ ။တဇ္ဇာရီမြူဆိုသည်မှာ နံရံပေါက် စသည်မှ ဝင်သော နေရောင်နှင့် ပေါင်းမိမှ ထင်မြင်ရသော မြူမျိုးတည်း။

ရထရေဏုမြူ။ ။လေပြင်းတိုက်၍, တံမြက်လှည်း၍, လှည်းနွားစသည် သွား၍ ထကြွထင်ရှားသော မြူမျိုးသည် ရထရေဏုမြူမည်၏၊ဆွမ်းခံစဉ်အခါ, ဆွမ်းစားစဉ်အခါတို့မှာ သပိတ် စသည်တို့၌ ထိုမြူမျိုးကျခဲ့သော် အကပ်ခံပြီးမှ ခံရ, စားရမည်။

အတွယ်မရှိရာ ဆိုသည်ကား=အပင်၌ ပေါက်ရောက်ဆဲသော ဝတ္ထု, သစ်ပင်, တိုင် စသည်တို့၌ ကြိုးလွန်နှင့် ဘွဲ့ချည်လျက်ရှိသော ဝတ္ထုသည် အကပ်မမြောက်၊ ထိုကဲ့သို့ အဘွဲ့အဘွယ်မရှိမှ မြောက်သည်။

အစိဋ္ဌာန်ပျက်၊ အင်ရှစ်ချက်၊ ကပ်ပျက်ကြောင်းအင်္ဂါ။

အဓိပ္ပါယ်။ ။သက်န်း, သပိတ် အဓိဋ္ဌာန်ကျ ခဏ်း၌- [ပေးစွန့်, ခိုးယူ၊ ကျွမ်းဝင်ယူ, လူထွက်ချသိက္ခာ။ ။သေဆုံး, လိင်ပြန်၊ ပစ္စုဒ္ဒိ၊ ဂ-တန်ကျဂိဋ္ဌာ။] ဟူ၍ ဆိုခဲ့သော အင်္ဂါ ၈ ပါးသည် အကပ်ပျက်ကြောင်း အင်္ဂါလည်းဖြစ်၏၊ ဤ၌ ပစ္စုဒ္ဒိ အရကို ပစ္စုဒ္ဓိုရ်ပြုသည်နှင့်အလားတူ၊ ကပ်၍ထားသော ဝတ္ထု၌ အကပ်ကို စွန့်၏-ဟု စိတ်ဖြင့် အကပ်စွန့်မှုကိုယူ။

> ပဋိဂ္ဂဟဏံ နာမ လိင်္ဂပရိဝတ္တနေန ကာလံ ကိရိယာယ သိက္ခာပစ္စက္ခာနေန ဟိနာယာဝတ္တနေန အနုပသမ္ပန္နဿ ဒါနေန အနပေက္ခဝိဿဇ္ဇနေန အစ္ဆိန္ဒိတွာ ဂဟဏေန စ ဝိဇဟတိ။ [အဋ္ဌကထာ]

အဓိပ္ပါယ်။ ဤပါဠိ၌ ပေးမှုနှင့်စွန့်မှု ခွဲ၍လာ၏၊ အကျွမ်းဝင်၍ ယူမှုသည် အစ္ဆိန္ဒိတွာ ဂဟဏေန-၌ ပါဝင်လေ၏၊ ခုဒ္ဒသိက္ခာ၌ လူထွက်မှု ကျန်ရှိ၏၊ သိက္ခာကျ၌ သင်္ဂြိုဟ် လိုရိပ်ရှိ၏၊ အကပ်စွန့်မှုကား သာရတ္ထဒီပနီ အလို။

မှတ်ချက်။ ။ကပ်ပြီးဝတ္ထုကို လူ, သာမဏေတို့ ကိုင်မိ ထိမိသော်လည်း အကပ်မပျက်၊ ကိုင်မိထိမိသော် အကပ်ပျက်သည်-ဟု ထင်မှတ်ကြ၏။

အကပ်ခံပြီး သပိတ်ကို မစွန့်ပဲ လူ, သာမဏေတို့အား အခြားတနေရာသို့ အရွှေ့ (အထား)ခိုင်းလိုက်သော်လည်း အကပ်မပျက်၊ သို့ရာတွင် ၎င်းတို့ကိုယ်မှ မြူမှုန်များ အကပ်ခံပြီးသော အာဟာရ၌ ကျနေရစ်လျှင်ကား ထိုမြူမှုန်အတွက် ထပ်၍ အကပ်ခံရမည်။

မရွှေ့ဌာန၊ ကိုင်ရုံမျှ၊ ဒုရုပစိဏ္ဏာ။

တည်ရာဌာန၊ ရွှေ့စေက၊ ဥဂ္ဂဟိတကာ။

ဒုရုပစိဏ္ဏ=မကောင်းသဖြင့် ပြုကျင့်မှု။ ။ရဟန်းတို့စားသောက်ရန် အကပ်မခံသေးသော ဆွမ်းသပိတ်စသည်ကို သိလျက်နှင့်ထိအံ့, ကိုင်အံ့, နေရာမှ မရွှေ့စေမူ၍ လှုပ်ရှားစေအံ့၊ ဒုရုပစိဏ္ဏဒုက္ကဋ်အာပတ်သင့်၏၊ ထိုဝတ္ထုကို ထိုရဟန်း မစားအပ်ပြီ၊ တပါးသောရဟန်းတို့၌ အပ်သေး၏။

**ဥဂ္ဂဟိတက**=ကြွချီမြှောက်ယူမှု။ ။လှုပ်ရှားစေရုံမျှ မကပဲ တည်ရာဌာနမှ ရွေ့စေပြောင်းအံ့၊ ထိုဝတ္ထုသည် ဥဂ္ဂဟိတက ဝတ္ထုမည်၏၊ မကောင်းသဖြင့် ကိုင်ယူအပ်သော ဝတ္ထုမည်၏၊ တပါးသောရဟန်းတို့လည်း မစားအပ်ပြီ။ ။[ဒုရုပစိတ္တ ဒုက္ကဋ္ဌနှင့် ဥဂ္ဂဟိတက ဒုက္ကဋ္ဌ ခွဲခြားပုံ]

အကပ်ခံနည်း ပြီးပြီ။

---

## ၄၁။ ကပ္ပိခြင်း ၅ ပါး အမြွက်

**ပင်စည်, အမြစ်၊ အဆစ်, ညွန့်ဖျား၊ အစေ့အား၊ ငါးပါး ဗီဇဂါမ်။**
**ဖျက်ဆီးတုံလတ်၊ သင့်ဒုက္ကဋ္ဌ၊ ငါးရပ် လွတ်ကြောင်းဘန်။**
**မီး, ထား, လက်သဲ၊ ကပ္ပိနဲ၊ နုဆဲ ပယ်နုတ်ခံ။**
**လူ, သာမဏေ၊ ကပ္ပိစေ၊ လွတ်လေ မျိုးသန္တာန်။**

စိုက်လျှင် အပင်ပေါက်တတ်သော မျိုးခေါ်သောဝတ္ထုသည် ၅ ပါးရှိ၏။

ဗီဇဂါမ် ၅ မျိုး။ ။(၁) ပင်စည်မျိုး၊
(၂) အမြစ်မျိုး၊
(၃) အဆစ်မျိုး၊
(၄) အညွန့်မျိုး၊
(၅) အစေ့အဆန်မျိုး၊ ဤ ၅ ပါးတည်း။ ဗီဇဂါမ် ၅ ပါးခေါ်၏။ ထို ၅ ပါးတို့ကို အနာအကျင်ဖြစ်အောင်မျှပြုခြင်းငှါမအပ်၊ ပြုခဲ့သော် ဒုက္ကဋ္ဌ အာပတ်သင့်၏။

ထို ဒုက္ကဋ္ဌအာပတ်မှလွတ်ကြောင်း ၅ ရပ်ရှိ၏။
ကပ္ပိခြင်း ၅ မျိုး။ ။(၁) မီးဖြင့် ကပ္ပိစေခြင်း ၁ ပါး၊
(၂) ထားဖြင့် ကပ္ပိစေခြင်း ၁ ပါး၊
(၃) လက်သည်းဖြင့် ကပ္ပိစေခြင်း ၁ ပါး၊
(၄) မျိုး မရလောက်အောင် နုသေးသည် ၁ ပါး၊
(၅) အစေ့ကို မျိုးမပျက်စေရအောင် အသီးအခြား ထုတ်နုတ်ပယ်ရှား၍ ရကောင်းသည် ၁ ပါး၊ဤ၅ ပါးတည်း။ဤ၅ ပါးတွင်နောက်

၂ ပါး၌ ဝိနည်းကံ မရှိ၊ ရှေ့ ၃ ပါး၌ကား လူ့သာမဏေကို ကပ္ပိစေရမည်။

**ကပ္ပိပုံ**။ ကပ္ပိထိုက်သော ဗီဇဂါမ်ဝတ္ထုတို့ကို တပေါင်းတစုတည်း ထိစပ်မိအောင် ထား၍ ''ကပ္ပိယံ ကရောဟိ''ဟု ရဟန်းက ဆိုရာ၏၊ ထိုအခါ လူ့သာမဏေဖြစ်သူက ''ကပ္ပိယံ ဘန္တေ''ဟုဆို၍ ကပ္ပိခြင်းကို ပြုရာ၏။

မီးနှင့်တို့လင့်၊ ပူရှိန်သင့်၊ အခွင့် လျော်လောက်တန်။

**မီးဖြင့်ကပ္ပိပုံ**။ ။မီးဖြင့်ကပ္ပိရာ၌ ရဲရဲညီးသောမီးဖြင့် တခုခုသော ဗီဇဂါမ် ဝတ္ထု၌ ''ကပ္ပိယံ ဘန္တေ''ဟုဆို၍ တစိတ်တဒေသ၌ တို့ရာ၏၊ တို့ရာဌာန၌ ပူရှိန်သင့်ခဲ့လျှင် ကပ္ပိယ ဝိနည်းကံမြောက်ခွင့် လျော်လောက်ပြီ။

တပေါင်းတစုတည်း ထိစပ်၍ တည်ရှိသမျှ အလုံးစုသည် တောင် ပမာဏပင် ရှိသော်လည်း ကပ္ပိယဝတ္ထုချည်း ဖြစ်လေ၏။

အကပ်မခံမီ လူ့ သာမဏေတို့၏ လက်မှာရှိစဉ် လက်၌မီးရှိသောလူ့ သာမဏေအား ''ကပ္ပိလိုက်လော့''ဟု ရဟန်းက ဆိုရာ၏။ ''ကပ္ပိယံ ဘန္တေ''ဟု လူ့ သာမဏေကဆိုဆို တို့တို့ ထိအောင်တို့ရာ၏။

**မှတ်ချက်**။ ။လူ့ သာမဏေလက်တွင် အုပ် ခွက်စသည်အတွင်း၌ ထိစပ်၍ တည်ရှိသမျှ အလုံးစုံသည် ကပ္ပိခြင်းမြောက်၏။

**ထားဖြင့်ကပ္ပိပုံ**။ ။ထားဖြင့်ကပ္ပိရာ၌ အသွားထက်ခဲ့လျှင် အသွားနှင့်၊ အဦးထက်ခဲ့လျှင် အဦးနှင့် ''**ကပ္ပိယံ ဘန္တေ**''ဟု နှုတ်ဖြင့်လည်းဆို၍ တပြိုင်တည်း ခုတ်မှု့ ထိုးမှု့ ကြိတ်နှိပ်ထိုးဖောက်မှုကိုလည်း ပြုရာ၏။

ထားဖြင့်ခုတ်–ဟူရာ၌ **အပ်** ဖြင့်ထိုးခြင်းများလည်း ပါဝင်၏၊ ထိုသို့ ကပ္ပိရာ၌ သစ်သီးစသော ဝတ္ထုက ရဟန်း၏လက်ထဲ၌ ရှိနေမှုမဟုတ်၊ ထောင်ပုံရာပုံ ပုံထားသော အကပ်မခံရသေးသော သစ်သီးပုံ ကြံပုံတို့ကိုလည်း ရဟန်းက မထိမကိုင်ပဲ ''ကပ္ပိယံ ကရောဟိ'' ဟုဆိုလျှင် လူ့ သာမဏေက တစပ်တည်း ထိစပ်နေသော သစ်သီးတလုံး ကြံတချောင်းကို ''ကပ္ပိယံ ဘန္တေ''ဟု ဆို၍ ခုတ်လိုက်ထိုးလိုက်လျှင် အားလုံးပင် ကပ္ပိပြီးဖြစ်တော့၏။ တကြိမ် ကပ္ပိပြီးသော သစ်သီးများကို (အကပ်မခံရသေးလျှင်) နောက်နောက်ရက်များ၌ပင် ထပ်၍ မကပ္ပိပဲ အကပ်ခံ၍စားသောက်နိုင်၏။

လက်သည်းဖြင့် ကပ္ပိပုံ။ လက်သည်းဖြင့်ကပ္ပိရာ၌ အစွန်းထက်သော လက်သည်းဖြင့် ထိုးဆိတ်ရာ၏။

ပြွတ်ရာ, ပေါက်ရာ၊ ထင်မှသာ၊ မြောက်ရာထား, လက်ကံ။

အဓိပ္ပါယ်။ ။ကံကား ကပ္ပိမှုကို ဆိုသည်၊ ဤ ထား, လက်သည်း တို့ဖြင့် ကပ္ပိမှု၌ ပိမ့်ဝင်ရုံမျှနှင့် မအပ်၊ ပေါက်ပြွတ်ရာထင်မှ အပ်သည်။

တခုမိက၊ တော်င်ရှိများစေ၊ ထိစပ်ပေ၊ မြောက်လေ ကပ္ပိယံ။ [သီသာပြီ]

ကပ္ပိခြင်း ၅ ပါးအမြွက် ပြီးပြီ။

---

၄၂။ အမှီ ၄ ပါး။

နှစ်-ဝိညတ္တိ၊ ပရိကထာ၊ သြဘာသာ၊ တဖြာ နိမိတ္တ။
တောင်းမှုကား-ဝိ၊ ပရိ-ရိပ်ရည်၊ ချိတ်သည်သြဘာ၊ နိမိတ်မှာ၊
လိုရာ လုပ်၍ပြ။

ပယောဂမှု ၄ ပါး။ ။ပစ္စည်းလေးပါး အတွက်နှင့် ပယောဂ ပြုမှုသည် ၄ ပါးရှိ၏။ (၁) ဝိညတ် ၁ ပါး၊ (၂) ပရိကထာ ၁ ပါး၊ (၃) သြဘာသ ၁ ပါး၊ (၄) နိမိတ် ၁ ပါး။

အဓိပ္ပါယ်။ ။(၁) တိုက်ရိုက်တောင်းသည်ကား ဝိညတ်၊ ထို ဝိညတ်သည် ကာယဝိညတ်, ဝစီဝိညတ် ၂ ပါးရှိ၏။

(၂) စောင်းဘဲရိပ်ခြည် ပြောဆိုသည်ကား-ပရိကထာ။

(၃) မရှောင်သာအောင် ချိတ်ငင်စကား ပြောဆိုသည်ကား သြဘာသ။

(၄) လိုရာကိုပြုလုပ်၍ပြသည်ကား–နိမိတ္တ။

မှတ်ချက်။ ။အလိုရှိရာကို လက်နှင့်ပြ၍တောင်းသည်ကား- ကာယဝိညတ်မှတည်း။ ဘယ်သင်းကိုလှူပါ–ဟူ နှုတ်မြွက်၍ တောင်းသည်ကား ဝစီဝိညတ်တည်း။

ဆွမ်း, သင်္ကန်းမှာ၊ ထိုလေးဖြာ၊ ဝေးစွာ ကြဉ်အပ်စွ။
ကျောင်းပစ္စည်းမှာ၊ မပြုရာ၊ နှစ်ဖြာ-ဝိညတ္တ။
ဆေးပစ္စည်းမှာ၊ ဂိလာနာ၊ လေးဖြာ ကပ္ပိယ။

အဓိပ္ပါယ်။ ဆွမ်း ပစ္စည်း, သက်နှုန်းပစ္စည်းတို့မှာ အဆွေမတော်သောသူ, မဖိတ်မကြားသောသူတို့၌ ထို ၄ ပါးလုံး မအပ်၊ အလိုရှိမူ "ဉဒ္ဒိဿ အရိယာ တိဋ္ဌန္တိ၊ သော အရိယ ယာစနာ" ဟူသော ပါဠိနှင့်အညီ ထိုသူတို့ရှိရာ သွား၍ ကာယဝိညတ်ဖြင့် ရပ်ရာ၏၊ ဘာကို အလိုရှိတော်မူပါသနည်း-ဟု မေးမှသာ ဘာကို အလိုရှိသည်—ဟု ဝစီဝိညတ်ကို ပြုအပ်၏။

ကျောင်းပစ္စည်းမှာ ဝိညတ် ၂ ပါး မအပ်၊ အကြွင်း ၃ ပါး အပ်၏။ ဂိလာန ပုဂ္ဂိုလ်အား ဆေးပစ္စည်းမှာ ၄ ပါးလုံးအပ်၏။

မှီရာ လေးသင်း၊ မာရ်ကျော့ကွင်း၊ ဝဋ်တွင်းနက်လေစွ။
ရဟန်းပြီးရေး၊ အမှီလေး၊ မှီရေး လိမ်မာမှ။

အဓိပ္ပါယ်။ ။ဤ မှီရာ- ဟူသော ပစ္စည်း ၄ ပါးကို မာရ်နတ်မင်း ကျော့ကွင်း—ဟူ၍ ဟောတော်မူ၏၊ သာယာတွယ်ငြိ၍ ကျော့ကွင်းမိခဲ့လျှင် ဝဋ်ဒုက္ခတွင်း နက်လှ၏။ ။[ဤအမှီ ၄ ပါး၌ မှီရေးလိမ်မာကြမှ ရဟန်းကောင်း ပြီးကြမည်—ဟူလိုသည်။]

အမှီ ၄ ပါး ပြီးပြီ။

၄၃။ ဆေး-ဟူသော မှီရာနိဿယ အမြွက်။
သတ္တာ, ဇီဝ၊ ကာလိက၊ ဒွယ ဆေးပစ္စည်း။

**ဆေးပစ္စည်း ၂ မျိုး။** ။ဆေးပစ္စည်းသည် (၁) ထောပတ်, ဆီဦး, ဆီ,ပျား ရည်, တင်လဲ-ဟူသော သတ္တာဟ ကာလိကံ မျိုး။ (၂) ဧရတ်, ပိတ်ချင်း, ချင်း, ဇီးဖြူ, သျှိသျှား, သဖန်းခါးစသော ယာဝဇီဝိကမျိုး—ဟူ၍ ၂ မျိုးရှိ၏။

အနာကြီးငယ်၊ ရောဂါသယ်၊ မှီဘွယ် နိဿယည်း။

အဓိပ္ပါယ်။ ။ဆေး ပစ္စည်းသည် နေလွှဲသော အခါ၌ အနာ- ဟူသော ဂေလည အကြောင်းရှိမှ သုံးဆောင်ရသည်၊ ဂေလည အကြောင်းမှာလည်း လျှော်ရာလျှော်ရာ သူ့အနာနှင့် သူ့ဆေးကိုသာ လိုအပ်၏၊ မိမိသန္တာန်၌ရှိသော အနာကို အမြွက်ထောင်၍ ထိုအနာနှင့်မဆိုင်ပဲ စားလိုရာရာ ဆေးကို မစား မသောက်အပ်။

**အတွင်းအပြင်၊ နှစ်မျိုးထင်၊ မျိုလျှင်အတွင်းတည်း။**
**အတွင်းဂရု၊ ပြင်လဟု၊ နှစ်ခုခွဲဝေနည်း။**

**တနည်းဆေးပစ္စည်း၂မျိုး။** ။ဆေးပစ္စည်းသည် (၁) အတွင်း အသုံး အဆောင်မျိုး၊ (၂) အပအသုံး အဆောင်မျိုး–ဟု ၂ မျိုးထင်၏။

လည်ချောင်းတွင်းသို့ မျိုရန်ဝတ္ထုမျိုးသည် အတွင်းအသုံး အဆောင်မျိုး မည်၏။ လည်ချောင်းပေါက်မှ အပဖြစ်သော ကိုယ်အင်္ဂါတို့၌ လိမ်းကျံခြင်း စသည်ဖြင့် သုံးဆောင်အပ်သောဝတ္ထုမျိုးသည် အပအသုံးအဆောင်မျိုးမည်၏။

မှတ်ချက်။ ။ခံတွင်းသည်လည်း ဤအရာ၌ အပအင်္ဂါပင်ဖြစ်၏၊ ဝမ်း တွင်းသို့ မျိုရန် မဟုတ်ပဲ ခံတွင်းထဲ၌သာ ဝါးရန်, ငုံရန်ဝတ္ထုမျိုးသည်လည်း အပအသုံးအဆောင်မျိုးပင်ဖြစ်၏၊ လည်ချောင်းတွင်းသို့ မဝင်အောင် တတ်နိုင် ပေမူကား အကပ်မခံသော ဝက်သား, ကြက်သား, ငါး, အမဲတို့ကိုပင် နေ လွဲသော အခါ၌ ခံတွင်းမှာ ထည့်သွင်း၍ ငုံခြင်း ဝါးခြင်း လျှာ အရသာကို ခံစားခြင်းငှါ အပ်၏၊ ဗာဟိရသုံးဆောင်မှု ဖြစ်သောကြောင့် အကပ်မခံသည့် အတွက် နေလွဲသည့် အတွက်နှင့် အပြစ်မရှိ။ [ဤကား အလျှော်အားဖြင့် သာ ဆိုခြင်းတည်း။ ။အပ်၏၊ အပြစ်မရှိ–ဟု ဆိုသော်လည်း အကျိုးမရှိ သော အလုပ်မျိုးဖြစ်၍ မပြုလုပ်သင့်ပေ။]

**ဂရု,လဟု–ဝေဖန်ချက်။** ။(၁) ထို ၂ မျိုး တို့ တွင် အတွင်း အသုံး အဆောင်မျိုးသည် ဘောဇနဝဂ်၌ လာသော သန္နိဓိ,အဒိန္န (ဒန္တပေါန), ဝိကာလဘောဇန-စသော ပါစိတ်အာပတ်ကြီးတို့၏ အရာ ဖြစ်၍ ဂရုဖြစ်၏၊ လေး၏။

(၂) အပ အသုံးအဆောင် မျိုးသည် ထိုသိက္ခာပုဒ်ကြီးတို့၏ အရာမဟုတ် သောကြောင့် လဟုဖြစ်၏၊ ပေါ့၏။

မှတ်ချက်။ ။ထိုအာပတ်တို့တွင်လည်း ဝိကာလဘောဇန အာပတ်သည် သန္နိဓိအာပတ်, အဒိန္န(ဒန္တပေါန)အာပတ်တို့ထက် ပေါ့၏၊ ရှေးရှေးနေ့က အကပ်ခံ၍ ထားသော ဒန်ပူကို နောက်နောက်နေ့၌ စားရာ ဒန်ပူရည်နှင့် ယာဝကာလိက ဝတ္ထု ရောနှော၍ လည်ချောင်းသို့ ဝင်သည်ဖြစ်အံ့၊ သန္နိဓိ ပါစိတ်အာပတ်သင့်၏၊ နေလွဲသော အခါ၌ ထိုဒန်ပူရည်သည် အဖျော်ရည် နှင့် ရောနှော၍ လည်ချောင်းသို့ ဝင်သည်ဖြစ်အံ့၊ သန္နိဓိပါစိတ်အာပတ်သင့် ၏။ ဝိကာလ ဘောဇန အာပတ်မူကား မသင့်။

သွား, ခံတွင်းကို စင်ကြယ်စေခြင်းငှါ အရဏ်မတက်မီအခါ၌ အကပ်မခံသော ဒန်ပူကို စားကြရာ ဒန်ပူရည်သည် လယ်ချောင်းသို့ ဝင်ခဲ့သော် အဒိန္န (ဒန္တပေါန)ပါစိတ် အာပတ်သင့်၏၊ ဝိကာလဘောဇန အာပတ်မသင့်။

အဘယ်ကြောင့် နည်းဆိုသော် သွား,ခံတွင်းကို စင်ကြယ်စေရန် အကြောင်း အမြွက် ထင်ရှား ရှိပေသော ကြောင့်တည်း။

နောက်ကာလိက ၂-ပါးတို့၌ ထိုကဲ့သို့သော အကြောင်းအမြွက် ရှိပေလျှင် ပင် ဝိကာလ ဘောဇန အာပတ်သည် လွတ်ကင်းတတ်၏၊ အာဗာဓ-ဂေလည အကြောင်းရှိမှသာ လွတ်ကင်းတတ်သည် မဟုတ်-ဟု အဋ္ဌကထာ နည်းအား ဖြင့် သိအပ်၏၊ သက်သက်သော အခိုးမျိုး အနံ့မျိုးတို့သည်ကား ကာလိက ၄ ပါးမှ လွတ်ကုန်၏။

**ပစ္စုပ်, နာဂတ်၊နာ,နှစ်ရပ်၊ ရအပ်ပါသည်ချည်း။**

**အနာ ၂ မျိုး။** ။ယခု ကိုယ်ခန္ဓာ၌ဖြစ်၍ နေဆဲ ဖြစ်သော ပစ္စုပ္ပန်အနာ၊ ရှေ့သို့ဖြစ်လာမည်ကို စိုးရိမ်ရသော အနာဂတ်အနာ ၂ မျိုးလုံးကိုပင် ရသင့် ၏။

ပုတီးစိပ်ပါဠိ၌ "ဥပ္ပန္နာနံ ဝေယျာဗာဓိကာနံ ဝေဒနာနံ ပဋိဃာတာယ" ဟူသော ပါဠိဖြင့် ဥပ္ပန္န–ဖြစ်သော ပစ္စုပ္ပန် အနာအတွက် စားသောက်ရသော ဆေးမျိုး၌ ပစ္စဝေက္ခဏာ ဆင်ခြင်ပုံကို ပြတော်မူ၏။

"အဗျာပဇ္ဈပရမတာယ"ပါဠိဖြင့် ရှေ့သို့ ဖြစ်လာမည် စိုးရိမ်ရသော အနာဂတ် အနာအတွက် စားသောက်ရသော ပါဒရက်ဆေး, အာယုဝဍ္ဎန ဆေး တို့၌ ပစ္စဝေက္ခဏာ ဆင်ခြင်ပုံကို ပြတော်မူ၏။

**အကြွင်းဆိုဘွယ်၊ အသွယ်သွယ်၊ ရှေးဝယ်ဆိုပြီးနည်း။**

**အဓိပ္ပါယ်။** ။ဤဆေးပစ္စည်းအရာ၌ အသွယ်သွယ် ဆိုဘွယ် အကြွင်း များကို ရှေးကာလိက ၄ ပါး အရာ၌ ဆိုခဲ့ပြီ။

**ဆေးကု, ဆေးပေး၊ ဆေးနည်းပေး၊ ရွေးလေ-အပ်,မအပ်။**

**အဓိပ္ပါယ်။** ။ဆေးကုမှု, မိမိ၌ ရှိသော ဆေးကို ပေးမှု ဆေးနည်းများကို ပြောကြားပေးမှုများ၌ အပ်–မအပ်ကို ရွေးချယ်ရာ၏၊ဘယ်ဟာကို စားလော့, သောက်လော့, ရေချိုးလော့, ချွေးအောင်းလော့–စသည်ဖြင့် သူနာအား

ဆေးဝါးဓာတ်စာကို ပြောကြားမှု၊ ယာယီ ယတြာ, ဂါထာ မန္တရား,အင်းအိုင် များနှင့် ကုစားမှုတို့ကို ဆေးကုမှု အသီး ဆိုသည်။

သီတင်းဘော်-ငါး၊ နှစ်ပါးမိ,ဘ၊ ကပ္ပိယ၊မိ,ဘလုပ်ကျွေးသူ။
ရှင်,ရဟန်းလောင်း၊ ကျောင်းမှီ, ကျောင်းကပ်၊ ဆဲ့နှစ်ရပ်၊
ကုအပ်,ပေးအပ်သူ။
ဆွေမျိုးနွယ်စပ်၊ မကျန်းလတ်၊ ကုအပ်,ပြောအပ်သူ။
ဆေးဝါးသူ့မှာ၊ မရှိရာ၊ပေးပါခိုက်တန့်ဟူ။
ထိုမှကြွင်းငြား၊ သူစိမ်းများ၊ သုံးပါးမအပ်ယူ။

အစိပ္ပါယ်။ ။(က) သီတင်းသုံးဘော် ၅ ဦး၊ (ခ) မိမိ၏ အမိ, အဘ ၂ ပါး၊ (ဂ) မိမိ၏ ကပ္ပိယ ကာရက, (ဃ) မိမိ၏ အမိ,အဘ တို့ကို လုပ်ကျွေး တမူ ပြုပေသော သူ၊ (င) ကျောင်း၌ နေသော ရှင်လောင်း, ရဟန်းလောင်း, (စ) ရဟန်းတို့ကို မှီ၍ ကျောင်း၌ နေသော ကျောင်းမှီကျောင်းကပ်၊ ဤတကျိပ်နှစ်ယောက်တို့ မကျန်းမမာရှိသော် ဆေးကုမှု, မိမိ၌ရှိသော ဆေးကို ပေးမှု, မရှိလျှင် ရှာကြံ၍ ပေးမှု, ဆေးနည်းပေးမှု,ဆေးနည်းပြောမှု အလုံးစုံ အပ်ပါ၏။

မှတ်ချက်။ ။မိမိ၏ ဆွေ ၇ ဆက် မျိုး ၇ ဆက်တွင် ပါဝင်သော သူ ဖြစ်အံ့၊ မိမိ၏ ဆေးကို မပေးအပ်။ ပါးစပ်ပြောနှင့် ကုရ၏။ ဆေးနည်း ပြောရ၏။ သူ့မှာ မရှိခဲ့သော် နောင်အနာ ပျောက်ငြိမ်းသော အခါ၌ အစားပေးရလိမ့်မည် ဆို၍ အခိုက်အတန့် အနေအားဖြင့် မိမိဆေးကို စိုက်ထုတ်၍ ပေးနှင့်ရ၏။ နောင်အခါ မပေးသော်လည်း တောင်းဖွယ်ကိစ္စမရှိ။

ဤသူတို့မှကြွင်းသော သူစိမ်းပြင်ပ ဖြစ်သူတို့ မကျန်းမမာရှိရာ၌ကား ကုလည်း မကုအပ်၊ ပေးလည်း မပေးအပ်၊ ဆေးဝါးဓာတ်စာ နည်းလမ်းများကိုပင် မပြောအပ်၊ ပြောလိုသော် တစုံတယောက်သောသူကို မိမိနေရာ၌ တံမြက်လှည်းမှု, အမှိုက်ကျုံးမှု, ရေခပ်မှု စသည်ကို ပြုစေ၍ ဝေယျာဝစ္စကရအရာ၌ တည်သောအခါ ထိုသူအား ပေးရာ၏၊ ပြောရာ၏၊ ထိုသူက တဆင့်ပေးသော်, ပြောသော် ရဟန်းမှာ အပြစ်မရှိ။

သူနာတင်းလင်းနှင့် မဟုတ်ပဲ မိမိမျက်မှောက်သို့ရောက်လာသူတို့အား ကျန်းမာရန် အခွင့်အလမ်းများကို သင်ကြားဆုံးမသောအားဖြင့် နည်းကိုပြောကြားရာ၌ကား အပြစ်မရှိ။ [ဝိနယသံခိပ်ကျမ်း၏ အလို။]

**ခွင့်မပြုပါ၊ မလျှော်ရာ၌၊ သဒ္ဓါလှူရေး၊ ပစ္စည်းလေး၊ ပေးလျှင် ဒုက္ကဋ်ဟူ။**

**အဓိပ္ပါယ်။** ။သဒ္ဓါဒေယျ ပစ္စည်းဝတ္ထုတို့ကို ဘုရားခွင့်မပြုသောသူအား ပေးခဲ့သော်၎င်း၊ ရဟန်းတော်တို့အား မလျှော်သောအမှုတို့၌ သုံးစွဲခဲ့သော်၎င်း သဒ္ဓါဒေယျ ဝိနိပါတနဒုက္ကဋ်အာပတ်သင့်၏၊ အာပတ်ပင် ငယ်သော်လည်း သံသရာပြစ်ဆိုးဝါးလှ၏၊ ငါပိုင်သော ဝတ္ထုဖြစ်သည်-ဟု မတော်ရာ၌ ဖြုန်းတီး၍ မပစ်ရာ။ [သတိရှိတော်မူကြပါကုန်။]

ဆေး-ဟူသော မှီရာနိဿယအမြွက်ပြီးပြီ။

---

## ၄၄။ ။ဆွမ်းဦးပေးခြင်း

အမိ, အဘ၊ မိဘတို့၏ အလုပ်အကျွေး၊ မိမိ ဝေယျာဝစ္စဒကာ၊ သပိတ်သက်န်း စီရင်ဆဲ ရှင်လောင်း၊ ဤ ငါးယောက်အား ဆွမ်းဦးပေးကောင်း၏။ ရှင်လောင်းအားကား သပိတ်ခွက်၌ (ဝါ) ရဟန်းများ သုံးနေကျ ခွက်၌ ထည့်၍လည်း ပေးကောင်း၏။ ရှင်လောင်းမှ တပါး မိဘအားသော်လည်း ဤသို့ မပေးကောင်း။ ရဟန်းအသုံးအဆောင်သည် လူတို့အားစေတီထိုက်၏။ ရဟန်းများ သုံးဆောင်သော ပန်းကန်, ဖျာ, ကော်ဇော စသည်ကို လူတို့အား ခေတ္တငှါးသော ရဟန်းသည် ထိုလူတို့အား ချီးမြှောက်ခြင်း ဖြစ်သလော၊ ချီးမြှောက်၍ ဆောင့်ချခြင်းဖြစ်သလော။ မသိရှာသူ လူတို့မှာ သနားဖွယ်ဝန်လေးလေစွ။

ကျောင်းသို့ရောက်လာသော ဒမြ, သူခိုး, အစိုးရတို့အားလည်း ဆွမ်းဦး ပေးကောင်း၏။ အန္တရာယ်ပြုတတ်သောကြောင့်တည်း။

ကျောင်းသို့ရောက်လာသော ဧည့်သည်, လူဆင်းရဲ, ခိုးသူ, အစိုးရ တို့အား သောက်ရေ သုံးရေ ခြေနယ်ဆီ စားသောက်ဖွယ်တို့ကိုလည်း လာဘ်မမြော်ဘဲ ပေးအပ်၏။

ဆွမ်းဦးပေးခြင်း ပြီးပြီ။

---

## ၄၅။ ။ကျောင်း-ဟူသော မှီရာနိဿယအမြွက်

**ဂဟပတိ၊ သမ္မုတိ၊ ဂေါနိသာဒိကာ။**

**ဥဿာဝနန္တိ၊ အမည်ရှိ၊ ကပ္ပိယလေးပါးဖြာ။**

ကပ္ပိ ၄ မျိုး။ ။ရဟန်းတို့ နေရာကျောင်းကို ကပ္ပိယဆိုသည်၊ ထိုကပ္ပိယမျိုးကား-(၁) ဂဟပတိ ကပ္ပိ၊ (၂) သမ္မုတိကပ္ပိ၊ (၃) ဂေါနိသာဒိကာကပ္ပိ၊ (၄) ဥဿာဝနန္တိကာကပ္ပိ-ဟူ၍ ၄ မျိုးရှိ၏။

ရဟန်းဥစ္စာ၊ နေဖို့ငှါ၊ လောကိရာသဟသေး။
ကပ္ပိယမှု၊ ညီစွာပြု၊ ကုဋိအင်္ဂါလေး။

**ကပ္ပိယကုဋိအင်္ဂါ။** ။(၁) ရဟန်း သံဃာတို့၏ အပိုင်ဥစ္စာလည်း ဖြစ်စေ၊ (၂) ရဟန်းသံဃာတို့ အမြဲနေဖို့ရာ ကျောင်းလည်းဖြစ်စေ၊ (၃)သဟသေယျ အာပတ်သင့်လောက်သော အမိုး အကာနှင့် ပြည့်စုံသည်လည်းဖြစ်စေ၊ (၄) ကပ္ပိယဝေါဟာရနှင့် လှူဒါန်းခြင်း၊ ဉတ်ကမ္မဝါစာနှင့် သမုတ်ခြင်း စသည်ဖြင့် ထိုထို ကုဋိအားလျော်စွာ ကပ္ပိယ အစီအရင်ကို နေရာကျပြုလုပ်သည်လည်း ဖြစ်စေ၊ ဤကား ကပ္ပိယကုဋိ၏ သာမညအင်္ဂါ ၄ ပါးတည်း။

**ပဌမကပ္ပိယကုဋိ။** ။(၁) ပဌမအင်္ဂါမရှိသော လူတို့၏ အိမ်ရာ တိုက်တာ များသည်၎င်း၊ (၂) ဒုတိယအင်္ဂါမရှိသော ရဟန်းတို့နေဖို့ မဟုတ်၊ အခိုက် အတန့်မျှ သုံးဆောင်ဖို့ဖြစ်သော ဝစ္စကုဋိ, ပဿာဝကုဋိ, ဥပုသ်အိမ်,သိမ်,တန်ဆောင်း စသည်များသည်၎င်း၊ (၃) တတိယအင်္ဂါမရှိသော ရဟန်းတို့နေဖို့ရာပင် ဖြစ်သော်လည်း သဟသေယျ အာပတ်သင့်လောက်အောင် အမိုးမရှိသော ကျောင်း, အကာမရှိသောကျောင်း, အမိုးအကာပျက်၍နေသော ကျောင်းများသည်၎င်း၊ ကပ္ပိယကုဋိ ၄ ပါးမှ အလွတ်ဖြစ်သော ပဌမကပ္ပိယကုဋိ-ဟူ၍ ဆိုအပ်၏။ [ဤ ပဌမ ကပ္ပိယကုဋိ၌ ခဲဖွယ် စသည်ကို သိုမှီးခြင်းငှါ အလိုလို အပ်သည်-ဟူ၍ သိ။]

လူ့သန္တက၊ ကပ္ပိယဟူ၊ ဆို၍လှူ၊ မှတ်ယူဂဟပတိ။

**ဂဟပတိကုဋိ။** ။မလှူမီ ရှေးအဖို့၌ လူတို့၏ အပိုင်ဥစ္စာလည်း ဖြစ်စေ၊ ကျောင်းပြီး၍ လှူဒါန်းသော အခါ၌ ကပ္ပိယစကားကို မြွက်ဆို၍ လှူဒါန်းသည်လည်းဖြစ်စေ၊ ဤအင်္ဂါ ၂ ပါးရှိသော ကျောင်းကုဋိသည် ဂဟပတိကုဋိ မည်၏။

ကပ္ပိယံ ဝိဟာရံ ကပ္ပိယကုဋိံ ကာတုံ သံဃဿ ဒေမ။ [သံဃိကဖို့။]
အာယသ္မတော ဒေမ၊ တိဿဿ ဒေမ။ [ပုဂ္ဂလိကဖို့။]

ဤကား ကပ္ပိယစကားတရပ်တည်း။ရေစက်ချရာ၌ ဤကပ္ပိယစကား ပါရှိမှ ကပ္ပိယကုဋိ ဖြစ်သည်။

ချီကြွမြွက်ကြား၊ ဆုံးပြိုင်ငြား၊ နက်သွားဥဿာမှာ။

**အစိပ္ပါယ်။** ။ဥဿာဝနန္တိက ပုဒ်၌ ဥ-ကား ချီကြွခြင်းအနက်ရှိ၏။သာဝန-ကား မြွက်ကြားခြင်း အနက် ရှိ၏။ အန္တိက-၌ အန္တ-ကား အဆုံး ဟူ

သော အနက်ရှိ၏။ ချီကြွမှု၊ ကပ္ပိယစကား မြွက်ကြားမှု၊ အမှု ၂ပါးတို့၏ တပြိုင်နက် ပြီးဆုံးခြင်းရှိသော ကုဋ္ဋိ-ဆိုလိုသည်။

**ရဟန်းအပိုင်၊ ရှေးဦးတိုင်ကို၊ ပွေ့ကိုင်ချီချ၊ မြေအကျနှင့်၊**
**ကပ္ပိယစကား၊ ဆုံးပြိုင်ငြား၊ မှတ်သားဉဿာဝနန္တိကာ။**

**ဉဿာဝနန္တိကကုဋ္ဋိ။** ။ရဟန်းသံဃာတို့၏ ပုဂ္ဂလိက သံဃိက ဖြစ်သော သစ်,ဝါး, အုတ်,ကျောက်တို့နှင့် ဆောက်လုပ်သည်လည်း ဖြစ်စေ၊ ရှေးဦးစွာ စိုက်ထူသော တိုင်, ရှေးဦးစွာ တက်သော အုတ်,ကျောက်တို့ကို ရဟန်းတို့ ပွေ့ ကိုင်၍ မြေသို့ ကျသည်နှင့် ကပ္ပိယစကားအဆုံး ပြိုင်မိသည်လည်း ဖြစ်စေ။ ဤ အင်္ဂါနှင့်ပြည့်စုံသော ကုဋ္ဋိသည် ဉဿာဝနန္တိကာကုဋ္ဋိ မည်၏။

**မှတ်ချက်။** ။သစ်,ဝါးတို့ဖြင့် ဆောက်ရာ၌ ရှေးဦးစွာ စိုက်ထူသောတိုင်ကို ရဟန်းတို့ ကိုယ်တိုင် ပွေ့ချီ၍ထားပြီးလျှင် "ကပ္ပိယကုဋ္ဋိ ကရောမ"ဟု ကပ္ပိယ စကားကို မြွက်ဆို၍ တိုင်ကို တွင်း၌ ချစိုက်ရမည်၊ မြေသို့တိုင် အကျနှင့် 'မ' အက္ခရာပြိုင်စေရမည်၊ မပြိုင်မိအံ့ ထင်လျှင် တဖန် ကြွချီ၍ ချရမည်၊ပြိုင်မိပြီ-ဟု စိတ်ချရမှ တန်။

တိုင်မပါပဲ အုတ်နံရံ, ကျောက်နံရံတို့ကို ထစေ၍ ဆောက်လုပ်ရာ၌ အုတ်မြစ် ချသော ကျောက်, အုတ်တို့ကား မြေအလားရှိကုန်သည်ဖြစ်၍ အင်္ဂါမလောက် ကုန်၊ မြေမှ အထက်သို့ ပေါ်တက်သော နံရံသည်သာ ကျောင်းအင်္ဂါ၌ ပါဝင် ၏။ ထို့ကြောင့် ရှေးဦးစွာ နံရံကိစ္စနှင့် မြေမှ အထက်သို့တက်သော တခုသော အုတ်ချပ်, တခုသော ကျောက်ချပ်ကို ရဟန်းကိုယ်တိုင် ချီမ၍ "ကပ္ပိယကုဋ္ဋိ ကရောမ"ဟုဆို၍ ချရမည်၊ မြေအကျနှင့် ကပ္ပိယစကားအဆုံး ပြိုင်မိစေရမည်၊ ပေါ့ပေါ့ပါးပါးဖြစ်ခဲ့လျှင် ရဟန်းတပါးနှင့်ပင် ပြီးသင့်၏၊ အများ ချီကြွ၍ အများဆိုကြ၍ စိုက်ခြင်းသည် တယောက်တယောက်စကားအဆုံးနှင့် ကေန် ပြိုင်မိရန် ပူလုပ်မှုပေတည်း၊ ရဟန်းတို့ မနိုင်နိုင်ခဲ့လျှင် လူတို့ကို ချီကြွစေ၍ ရဟန်းတို့က မြွက်ဆိုရမည်။

**နွားတို့နေဘိ၊ အနက်ရှိ၊ ဂေါနိသာဒိကာ**

**ဂေါနိသာဒိကာကုဋ္ဋိ။** ။ဂေါနိသာဒိက သဒ္ဒါသည် နွားတို့နေရာဟူသော အနက်ရှိ၏၊ တိုက်တာကျောင်းကန် အရံအကာမရှိသည်ကို ဆိုလိုရင်းဖြစ်သည်။

**တိုက်တာအရံ၊ ကျောင်းအရံ၊ နှစ်တန်မရှိရာ။**
**အာရာမ,ဝိဟာရ၊ နှစ်ပါးပြ၊ ရာမလိုရင်းသာ။**
**လုံးလုံးမရှိ၊ အနည်းရှိ၊ တိုက်၏အရံမှာ။**

**ဂေါနိသာဒိကာကုဋိ ၂ မျိုး။** ။(၁)တိုက်တာအကာအရံမရှိလျှင်အာရာမ ဂေါနိသာဒိကာ ခေါ်၏၊ (၂) တိုက်တွင်းရှိ ကျောင်းများမှာ အကာအရံ မရှိခဲ့လျှင် ဝိဟာရဂေါနိသာဒိကာမည်၏။

**မှတ်ချက်။** ။ထို ၂-ပါးတွင် တိုက်တာ အကာအရံ မရှိမှုသာ လိုရင်း ဖြစ်၏၊ တိုက်တွင်းရှိ ကျောင်းများ၌ ကျောင်းအောက်မှာ နွားမဝင်နိုင်ရန် အကာအရံရှိမှု, မရှိမှုသည် လိုရင်းမဟုတ်။

အရံဆိုရာမှာလည်း နွားတို့ကို ကာဆီးနိုင်ရန် အမြင့် ၂-တောင် ၆-သစ်ခန့် ရှိ၍ တကိုယ်လုံးကို ဝန်းဝိုင်းမိအောင် ရှိခဲ့သော်၎င်း၊ ထက်ဝက်, ထက်ဝက်ထက် များသော်၎င်း အရံရှိသည်မည်၏။ ထက်ဝက်ခန့်ရှိခဲ့သော်၎င်း၊ ထက်ဝက် အောက်နည်းခဲ့သော်၎င်း အရံမရှိသည် မည်၏။ ဤအရံမရှိမှုသည် ဂေါနိသာ-ဒိကာကုဋိ၏ အင်္ဂါပင်တည်း။

ဤကုဋိ၌ အရံ အမြင့်ပမာဏကို ကျမ်းဂန်တို့မှာမဆို၊ သဟသေယျအရာ၌ တတောင့်ထွာအမြင့်လာ၏၊ ဝိနိစ္ဆယဋီကာ၌ ထို တတောင့်ထွာကို မဇ္ဈိမပုရိသ တတောင့်ထွာဟု ဆို၏၊ ပကတိ ပုရိသ ၂-တောင့် ၆-သစ်ရှိ၏၊ ထိုကို နည်းမှီ၍ ဤ၌ အမြင့် ၂-တောင့် ၆သစ်ခန့်ဟု ဆိုလိုက်ပေသည်။ [မဇ္ဈိမဝဍ္ဍကီတွက် နည်းဖြင့် ယူသော် ၃ ပေမြင့်သည်။]

**သမုတ်တုံဘိ၊ သမ္မုတိ၊ ဥတ္တိဒုတိယာ။**
**ပန်ကြားမှုလည်း၊ အပ်သတည်း၊ နှစ်နည်းအဆိုလာ။**
**အကပ္ပိယ၊ဖြစ်နေက၊မုချသမုတ်ရာ။**

**သမ္မုတိကုဋိ။** ။ကပ္ပိယကုဋိ အင်္ဂါချို့တဲ့သဖြင့် အကပ္ပိယကုဋိဖြစ်၍နေ သောကျောင်းကို ကပ္ပိယကုဋိဖြစ်စေခြင်းငှါ ဥတ္တိဒုတိယကမ္မဝါစာဖြင့် သမုတ် ရသည်၊ ထိုကုဋိကို သမ္မုတိကုဋိခေါ်သည်၊ အဋ္ဌကထာ၌ကား ပန်ကြားမှု-ဟူသော အပလောကနကံဖြင့်လည်း သမုတ်အပ်၏ ဟုလာသည်။

**သမ္မုတိကုဋိတမျိုး။** ။ဝိနည်းမတတ်သော ရဟန်းတို့အသျှခံ၍ ရှိနေသော ကျောင်းဟောင်း, ဝိနည်းမတတ်သော ရဟန်းတို့ ဆောက်လုပ်သောကျောင်း သစ်, ဝိနည်းမတတ်သော ရဟန်းတို့ အမိုးဟောင်းကိုဖျက်၍ အသစ်မိုးသော ကျောင်းမျိုး၊ ဤကဲ့သို့သော ကျောင်းများကို နောက်ဆက်ခံ၍နေသော လဇ္ဇီပေသလရဟန်းသည် သမ္မုတိကပ္ပိယကုဋိဖြစ်အောင် ပြုလုပ်၍ နေရမည်၊ ဥတ္တိဒုတိယ ကံမ္မဝါစာဖြင့်သော်လည်း သမုတ်ရမည်၊ အပလောကနကံဖြင့် သော်လည်း သမုတ်ရမည်-ဟူလို။

**သမုတ်ပုံ။** ။သမုတ်ပုံကား ၄ ပါး, ၄ ပါးထက်အလွန်ဖြစ်သော ရဟန်းတို့သည် ခဏ္ဍသိမ်၌ စည်းဝေးကြ၍ မည်သည့်ကျောင်းကို အဘယဝိဟာရ-ဟူ၍ အမည်မှည့်ပါ၏ ဟု မထေရ်ကြီးက ထိုကျောင်းကို အမည်ပေး၊ ဥတ်ကမ္မဝါ တို့၌ ထိုအမည်နှင့်ဖတ်။

သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော အဘယံ နာမ ဝိဟာရံ ကပ္ပိယဘူမိံ သမ္မန္နေယျ၊ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ သံဃော အဘယံ နာမ ဝိဟာရံ ကပ္ပိယဘူမိံ သမ္မန္နတိ၊ ယဿာ ယသ္မတော ခမတိ အဘယဿ နာမ ဝိဟာရဿ ကပ္ပိယဘူမိယာ သမ္မုတိ၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

သမ္မတော သံဃေန အဘယော နာမ ဝိဟာရော ကပ္ပိယဘူမိ၊ ခမတိ သံဃဿ။ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။

[သမ္မုတိ ကမ္မဝါ။]

ကျောင်းအမည် ထင်ရှားစေခြင်းငှါ နာမသဒ္ဒါ ထည့်ပေးသည်။

ဤကပ္ပိယ ဘူမိ သမ္မုတိကံသည် အသမ္မုခါကရဏီယကံ ဂ ပါး၌ မပါငြားသော်လည်း ကျောင်းမှ ခွါ၍ ခဏ္ဍသိမ်မှာ ပြုခြင်းငှါအပ်သည်သာမှတ်။

ယတ္ထ ယတ္ထ ကမ္မဝါစာယံ အယန္တိ ဝါ ဣမေတိ ဝါ သမ္မုခါနိဒ္ဒေသ နိယမော နတ္ထိ၊ သဗ္ဗံ တံ အသမ္မုခါကရဏီယံ-ဟူသော ပရိဝါ ဝဇိရဗုဒ္ဓိဋီကာနှင့် အညီတည်း၊ ထိုတိုက်၌ ခဏ္ဍသိမ် မရှိခဲ့သော် တိုက်တပါး၌ ရှိသော ခဏ္ဍသိမ်မှာလည်း ပြုရပါ၏။

"ကမ္မဝါစံ အဝတွာ အပလောကနေနပိ ဝဋ္ဋတိ ယေဝ"ဟူ၍ အဋ္ဌကထာ၌ ဆိုသောကြောင့် အပလောကန ကံဖြင့်လည်း သမုတ်ရလေ၏။

သမုတ်ပုံမှာ-ကမ္မဝါစာနှင့် သမုတ်နည်းအတိုင်းပင်၊ ကမ္မဝါစာဖတ်မည့် နေရာ၌ အပလောကန စာစီရေး၍ ဖတ်မူမျှသာ ထူး၏။

သံဃံ ဘန္တေ အာပုစ္ဆာမိ၊အဘယော နာမ ဝိဟာရော အကပ္ပိယ ဘူမိ ဇာတော၊ တဿ ဝိဟာရဿ ကပ္ပိယဘူမိယာ သမ္မုတိ ရုစ္စတိ သံဃဿ။ ဒုတိယမ္ပိ၊ တတိယမ္ပိ။

ခဏ္ဍသိမ်အပြင် သံဃ ဟတ္ထပါသ်၌ ၃ ကြိမ် ဖတ်ကြားလေ။

## ဈေးရှိတိုင်အုတ်၊ ကုန်ပယ်နှုတ်၊ ငြိမ်းချုပ် သာ၀နာ။

အစိပ္ပါယ်။ ။ပွေ့ချီ၍ ကပ္ပိယ စကားနှင့် စိုက်ထူအပ်သော တိုင်နှင့် ရက်မ, ခါးပန်းတဆက်တည်း ဆက်လက်၍ ထိုအခါ၌ငင်း နောက်မှသော်ငင်း စိုက်ထူဆောက်လုပ်အပ်သော အလုံးစုံသော တိုင်စုသည် ကပ္ပိယချည်း ဖြစ်လေ၏၊ ထိုတိုင်စုကို တခုမကျန် အကုန်ပယ်၍ ပစ်သော အခါ၌ ဥဿာဝ နန္တိကာ ကပ္ပိယကုဋ္ဋိ ပျက်၏၊ ထပ်မံ၍ ဆောက်လုပ်ပြန်သော် ကပ္ပိယဖြစ် အောင် အသစ်တဖန် ပြုရပြန်သည်။

## လုံးလုံးထက်ဝက်၊ ကာရံချက်၊ ပျက်၏ ဂေါနိသာ။

အစိပ္ပါယ်။ ။တိုက်အကာအရံ မရှိ၍ ကပ္ပိယ ဂေါနိသာဒိကာအရံဖြစ်၍ နေသော တိုက်တာကို အကုန်လုံးရံပြန်သော်ငင်း၊ ထက်ဝက်မျှ ရံပြန်သော်ငင်း ဂေါနိသာဒိကာ ကပ္ပိယ ကုဋိပျက်၏။ ထိုတိုက်တွင်း၌ ရှိသမျှသော ကျောင်း တို့လည်း အကပ္ပိယ ကုဋိကျောင်းတွေဖြစ်ကုန်၏။ သမ္မုတိ ကပ္ပိယ ကုဋိဖြစ် အောင် ပြုလုပ်ကြရာ၏။

## အမိုးအကုန်၊ဖျက်ပယ်တုံ၊ပျက်ကုန်ကြွင်းနှစ်မှာ။

အစိပ္ပါယ်။ ။ဂဟပတိကုဋိနှင့် သမ္မုတိ ကုဋိကို ကြွင်းနှစ် ဆိုသည်၊ ထိုကုဋိတို့သည် မူကား ဝမ်းဘဲတောင် ခေါင်ဖုံးမျှ မကျန် အမိုးတို့ကို အကုန် ဖျက်ခဲ့သော် ကပ္ပိယ ကုဋိ အဖြစ်မှ ပျက်ကုန်၏၊မိုးပြန်သော်လည်း အကပ္ပိယ ကုဋိ ဖြစ်မြဲပင်။

မှတ်ချက်။ ။ထို့ကြောင့် ထိုကျောင်းတို့၌ အသစ်မိုးရန်၊ အမိုးဟောင်း တို့ကို ဖျက်ခဲ့သည်ရှိသော် အကုန် မဖျက်ရာ၊ သွပ်တချပ်, ပျဉ်တချပ်, ကပ် တချပ်, သက်ငယ်တချပ်မျှကိုသော်လည်း ချန်ထား၍ အသစ်ကို မိုးမိမှ ချန် ထားသည်ကို ပယ်ဖျက်ရာ၏၊ ဝမ်းဘဲတောင် ခေါင်ဖုံးများသည်လည်း အမိုး အရာ၌ တည်ကုန်၏၊ ထို့ကြောင့် ဝမ်းဘဲတောင်ခေါင်ဖုံး ကျန် ရှိလျှင်ပင် မပျက်ပြီ။

အဆောင်များစွာရှိခဲ့ရာ အဆောင်ချင်းချင်း အမိုးဆက်လက်သဖြင့် တခု သော သဟသေယျ ဥပစာဖြစ်ခဲ့အံ့၊ တဆောင်ကို အကုန်ဖျက်၍ မိုးသော် လည်း ကြွင်းသော အဆောင်တို့က စောင့်ရှောက်ကုန်၏-ဟု ယူကြ၏။

**အင်္ဂါမညီ၊ ကျောင်းကုဋီ၊ အကပ္ပိယသာ။**

**အဓိပ္ပါယ်။** ။ရှေး၌ပြဆိုခဲ့ပြီးသော သာမညအင်္ဂါ, အသီးအသီးသော ဝိသေသ အင်္ဂါတို့နှင့် မညီညွတ်သော ကျောင်းများသည် အကပ္ပိယ ကုဋီ မည်၏။

**မှတ်ချက်။** ။အကပ္ပိယ ကုဋီ ဆိုသော်လည်း မနေအပ်, မထိုင်အပ်သော ကျောင်း—ဟု ဆိုလိုသည်မဟုတ်၊ နောက်၌ပြဆိုလတ္တံ့သော ကာလိက ဝတ္ထု များနှင့်စပ်၍ အာပတ် အပြစ်ရှိသောကြောင့် ဆိုသတည်း။

**အန္တောဝုတ္ထ၊ အန္တောပက္က၊ သာမံပက္က၊ ဤသုံးဝ၊ ယာဝ, ယာမမှာ။**

**ဒုက္ကဋ် ၃မျိုး။** ။(၁) အန္တောဝုတ္ထ ဒုက္ကဋ်၊ (၂) အန္တောပက္ကဒုက္ကဋ်၊ (၃) သာမံပက္ကဒုက္ကဋ်-ဟူ၍ ဒုက္ကဋ်အာပတ် ၃ မျိုးရှိ၏။ ထိုသုံးမျိုးသည် ယာဝကာလိက, ယာမကာလိက-ဟူသော ရှေ့ကာလိက ၂ ပါး၌သာရှိ၏၊ နောက် ကာလိက ၂ ပါး၌ မရှိ။

**သိုမှီးသည်ကို၊ ဝုတ္ထံဆို၊ ကျိုချက် ပက္ကမှာ။**

**အဓိပ္ပါယ်။** ။ဝုတ္ထဆိုသည်ကား-သိုမှီးသည်ကို ဆိုသည်၊ ပက္က ဆိုသည်ကား ကျိုချက်သည်ကို ဆိုသည်။

**အန္တောဝုတ္ထ။** ။အကပ္ပိယ ကုဋီအတွင်း၌ အရုဏ်တက်သည် တိုင်အောင် ညဥ့်သိပ်၍ထားအပ်သောဝတ္ထုကို အန္တောဝုတ္ထ ခေါ်သည်။

**အန္တောပက္က။** ။အကပ္ပိယကုဋီတွင်း၌ ချက်ပြုတ် ကြော်လှော် အပ်သော ဝတ္ထုကို အန္တောပက္က ခေါ်သည်။

**သာမံ ပက္က။** ။ရဟန်း ကိုယ်တိုင် ချက်အပ်သော ဝတ္ထုကို သာမံပက္က ခေါ်သည်။

**ကုဋီ ပျက်တွင်း၊ သိုမှီးခြင်း၊ အလျင်းမပြုရာ။**

**အဓိပ္ပါယ်။** ။ကုဋီပျက်ဆိုသည်ကား- အကပ္ပိယကုဋီဖြစ်သော ကျောင်း မျိုးကို ဆိုသတည်း။ ထိုအကပ္ပိယကုဋီတို့၌ သဟသေယျလောက် ကောင်းသော် အမိုးအရံတွင်း၌ ရှေ့ကာလိက ၂ မျိုးတို့ကို အရုဏ်တက်သည့် တိုင်အောင် သိုမှီး၍ ညဥ့်သိပ်ထားခြင်းကို အလျင်း မပြုရာ၊ ညဥ့်သိပ်ထားခြင်းကို ပြုခဲ့သော် ထိုဝတ္ထုသည် အန္တောဝုတ္ထ ဖြစ်၏၊ ထိုဝတ္ထုကို စားသောက်သောရဟန်းအား အန္တောဝုတ္ထ ဒုက္ကဋ်အာပတ်သင့်၏။

ထို၌ချက်အပ်၊ ယင်းနှစ်ရပ်၊ မအပ်လေသည်သာ။

အဓိပ္ပါယ်။ ။ထိုအကပ္ပိယ ကျောင်းတွင်း၌ ထိုရှေ့ကာလိက ၂ မျိုးတို့ကို လူ, သာမဏေတို့ ချက်ပြုတ်ကြော်လှော်ခဲ့သည်ရှိသော် ထိုဝတ္ထုသည် အန္တောပက္က မည်၏။ ထိုဝတ္ထုကို စားသောက်သော ရဟန်းအား အန္တောပက္က ဒုက္ကဋ်အာပတ်သင့်၏။

ဘယ်၌မဆို၊ ယင်းနှစ်ကို၊ ကိုယ်တိုင် မချက်ရာ။

အဓိပ္ပါယ်။ ။ထို ရှေ့ကာလိက ၂ မျိုးတို့ကို မည်သည့်နေရာ၌မဆို(ဝါ) အကပ္ပိယ ကျောင်းတွင်း၌ဖြစ်စေ၊ ကပ္ပိယ ကျောင်းတွင်း၌ဖြစ်စေ၊ တပါးသော အရပ်ဌာန၌ဖြစ်စေ၊ ရဟန်းကိုယ်တိုင် ကြော်, လှော်, ချက်, ပြုတ်, ဖုတ်, ကင်, ပေါင်း နွှေးခြင်းကို မပြုရာ။ ပြုခဲ့သော် ထိုဝတ္ထုသည် သာမံပက္ကဖြစ်၏၊ ထိုဝတ္ထုကို စားသောက်သော ရဟန်းအား သာမံပက္က ဒုက္ကဋ်အာပတ် သင့်၏။

ကျက်ပြီးကိုလျက်၊ တဖန်ချက်၊ သက်သက်အပ်သည်သာ။
ရှေ့ကာလိနှစ်၊ ရောပြန်လစ်၊ အပြစ်ရှိပြန်လာ။

အဓိပ္ပါယ်။ ။လူ, သာမဏေတို့ချက်၍ ကျက်ပြီးသော ကာလိုလ ၂ မျိုးတို့ကို တဖန်ချက်မှုသည် ပုနပက္ကမည်၏၊ ထို တဖန် ချက်မှုကိုမူကား ရဟန်းကိုယ်တိုင်ပင် ပြုအပ်၏။ အပြစ်မရှိ။ ကျက်ပြီးသော ထမင်းအေး, ဟင်းအေးကို ရဟန်းကိုယ်တိုင်ပင် မီး၌ နွှေးအပ်၏။

ကျက်ပြီးသောထမင်းကို ယက်မန်းဖြစ်အောင် ရဟန်း ကိုယ်တိုင် ကျိုအပ်၏၊ ရဟန်းကိုယ်တိုင် ကျိုအပ်သော ဝတ္ထုကိုမူကား ရှေ့ကာလိက ဝတ္ထု ၂ မျိုးတို့နှင့် မရောမယှက်စေ၍ သက်သက် စားသောက်အပ်၏၊ ရှေ့ကာလိက ဝတ္ထု ၂ မျိုးတို့နှင့် ရောနှော၍ စားသောက်ခဲ့သော် အပြစ်ရှိပြန်၏။ ဒုက္ကဋ်အာပတ် သင့်ပြန်၏။

[ရှေ့ကာလိက ၂မျိုးတို့၌ အန္တောဝုတ္ထ၊ အန္တောပက္က။ သာမံပက္က၊ ပုနပက္က၊ ၄ ချက်ပြီး၏။]

သတ္တာ,ဇီဝိ၊ ကိုယ်ချက်မိ၊ သုဒ္ဓိအပ်သည်သာ။

အဓိပ္ပါယ်။ ။နောက်ကာလိက ၂ မျိုးတို့ကိုမူကား အကပ္ပိယကုဋိတွင်း၌ ညဥ့်သိပ်၍ တသက်လုံးထားသော်လည်း အန္တောဝုတ္ထဒုက္ကဋ် မရှိ၊ ထိုအရပ်တွင်း၌ ကြော်လှော် ချက်ပြုတ်သော်လည်း အန္တောပက္ကဒုက္ကဋ် မရှိ။ အစိမ်းသက်သက်

ကို ရဟန်းကိုယ်တိုင်ချက်သော်လည်း သာမံ ပက္ကဒုက္ကဋ် မရှိ။ ဒုက္ကဋ် ၃ မျိုး ကင်းလွတ်၏။

**မှတ်ချက်။** ။ကင်းလွတ်၏ ဆိုသော်လည်း ထိုကဲ့သို့ အကပ္ပိယကုဋိတွင်း၌ ညဥ့်သိပ်ခြင်း, ချက်ပြုတ်ခြင်း, ကိုယ်တိုင် ချက်ပြုတ်ခြင်းတို့ကို ပြုပြီးသည်ရှိသော် ထိုဝတ္ထုကို ရှေကာလိက ၂ မျိုးတို့နှင့် ရောနှော၍ မစားမသောက်အပ်၊ စားသောက်ခဲ့သော် ဒုက္ကဋ် ၃ မျိုးသင့်ပြန်၏။

## အကပ္ပိယ၊ကျောင်းဖြစ်က၊ များလှပြစ်ဆာနာ။

**အဓိပ္ပါယ်။** ။ကပ္ပိယကုဋိအင်္ဂါ လက္ခဏာမရှိသော အကပ္ပိယကုဋိကျောင်း ဖြစ်ခဲ့သော် ထိုကျောင်းသည် ကာလိက ၄ ပါးနှင့်စပ်၍ အလွန်အပြစ်ဆာနာ များလှ၏။

## ဝိနည်းမတတ်၊ ကျောင်းထိုင်လတ်၊ အာပတ်မ ဆုံးရာ။

**အဓိပ္ပါယ်။** ။ဝိနည်းမတတ်ပါပဲနှင့် ကျောင်းထိုင်ပုဂ္ဂိုလ် လုပ်ခဲ့သော် ကျောင်းသည် အကပ္ပိယကုဋိ ကျောင်းသာဖြစ်ရာ၏၊ အလုံးစုံသော ကာလိက ဝတ္ထုမျိုးတို့ကိုလည်း ထိုကျောင်းတွင်း၌ ထားလေရာ၏၊ ဆန်သည်လည်း အန္တောဝုတ္ထဆန်ဖြစ်၏၊ ငါးပိ, ငါးခြောက် စသည်တို့သည်လည်း အန္တော-ဝုတ္ထတို့သာ ဖြစ်ကုန်၏၊ ညဥ့်သိပ်၍ ထားအပ်ကုန်သော အုန်း,ငှက်ပျောစသည် တို့သည်လည်း အန္တောဝုတ္ထတို့သာ ဖြစ်ကုန်၏။

ထောပတ်, ဆီဦး, သကာ, သကြား, ဆီ, ဆား, ဆေး, ကွမ်းစသော နောက်ကာလိက ဝတ္ထုမျိုးတို့ကိုလည်း ထိုကျောင်းတွင်း၌ သိုမှီး ပြီးလျှင် ထောပတ်, ဆီဦး,သကာ, သကြားတို့ကို သစ်သီးခဲဖွယ်, မုန့်ခဲဖွယ်တို့နှင့်ရောဖက်၍စားခြင်း၊ ဆီ,ဆားတို့ကို ဟင်းခပ်ခြင်း၊ အကြော်အလှော်ပြုလုပ်ခြင်း၊ သကာ, သကြား, ဆားတို့ကို ညနေအခါ၌ အဖျော်ရည်မှာ ထည့်ခြင်း အစရှိသည် တို့ဖြင့် သက်တော်ရှည်၍ နေ့ရက်တွေများသမျှကာလပတ်လုံး အန္တောဝုတ္ထ ဒုက္ကဋ်အာပတ်တွေ မဆုံးနိုင်ရှိလေရာ၏—ဟူလိုသည်။

**ကျောင်းရေစက်ချနည်း။** ။ဣမံ ဝိဟာရံ ကပ္ပိယကုဋိံ ကာတုံ သံဃဿ ဒေမ၊ ကာယ ကာယပဋိဗဒ္ဓေဟိ ဖုသိတွာ ယထာသုခံ ပရိဘုဉ္ဇထ။ ။ [၃ ခေါက်ဆို။]

**အနက်ကား**။ ။ဣမံ ဝိဟာရံ၊ ဤကျောင်းကို။ ကပ္ပိယကုဋိံ၊ ရဟန်းတော်မြတ်တို့အား သင့်လျော်လျောက်ပတ် အလွန်အပ်သော ကပ္ပိယကုဋိကို။ ကာတုံ၊ ပြုစိမ့်သောငှါ။ သံဃဿ၊ အရပ်ဒိသာ ၈ မျက်နှာမှရောက်လာသမျှ ဓမ္မမေ့လျော် သံဃာတော်အား။ ဒေမ၊ လှူဒါန်းပါကုန်၏။ တုမှေ၊ အရှင်ဘုရားတို့သည်။ ကာယ ကာယပဋိဗဒ္ဓေဟိ၊ ခြေဘဝါး,လက်ဘဝါး,တင်ပါး, ကျောက်ကုန်း အစရှိကုန်သော ကိုယ်အင်္ဂါ၊ ဖိနပ် သင်္ကန်း အပေါ်လွှမ်း အစရှိကုန်သော ကိုယ်နှင့်စပ်သော ဝတ္ထုတို့ဖြင့်။ ယထာသုခံ၊ အလိုတော်ရှိတိုင်း။ ဖုသိတ္ဗာ၊ ထိပါး၍။ ပရိဘုဉ္ဇထ၊ ဣရိယာပထ မျှတမှီတင်း သီတင်းသုံးကာ သုံးဆောင်တော်မူပါကုန်လော့။

**မှတ်ချက်**။ ။ကပ္ပိယကုဋိမြောက်အောင်ကျောင်းရေစက်ချနည်း, ဆိုနေကျ ရေစက်ချ၌ လောင်းစွက်ထည့်သွင်း၍ ဆိုရန်။ ။မိမိပုဂ္ဂလိက ကျောင်းဖြစ်ခဲ့သော် "သံဃဿ" နေရာမှာ "အာယသ္မတော" ဟု ထည့်လေ။ ။သူတပါး ဖို့ချ၍ပေးသူဖြစ်ခဲ့သော် "သံဃဿ" နေရာမှာ "အာယသ္မတော တိဿထေရဿ, အာယသ္မတော သုမနထေရဿ" စသည်ဖြင့် ကျောင်းရှင်ပုဂ္ဂိုလ်၏ ဘွဲ့အမည်ကိုထည့်လေ။

**သတိ**။ ။မိမိနေထိုင်သောကျောင်းသည် ကပ္ပိယကုဋိ အင်္ဂါနှင့်ပြည့်စုံသည် မပြည့်စုံသည်ကို စိစစ်၍ အာပတ်မသင့်အောင် လိုအပ်သလို ပြုပြင်,နေထိုင်တော်မူကြပါကုန်။

ကျောင်း–ဟူသော မှီရာနိဿယ အမြွက်ပြီးပြီ။

---

## ၄၆။ ။ဝါဆိုခဏ်း

**ပုရိမိကာ၊ပစ္ဆိမာ၊ နှစ်ဖြာဝါကပ်နည်း။**

**ဝါနှစ်လတွင်၊ လဆုတ်တရက်၊ ဝါကပ်ရက်၊ နှစ်ချက်စဉ်တိုင်းတည်း။**

**အဓိပ္ပါယ်**။ ။ပုရိမိကာ ဝါကပ်ခြင်း, ပစ္ဆိမိကာဝါကပ်ခြင်း-ဟူ၍ ဝါကပ်ခြင်း ၂ ပါး ရှိ၏၊ ဝါဆို, ဝါခေါင် ၂ လသည် ဝါကပ်လ မည်၏၊ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့, ဝါခေါင် လပြည့်ကျော် ၁ ရက်နေ့၊ ဤ ၂ ရက်တို့သည် အစဉ်အတိုင်း ပုရိမ, ပစ္ဆိမ ၂ ချက် ဝါကပ်ရက်တည်း။

**ဝါထပ်ကြုံတွေ့၊တလရွှေ့၊ရွှေ့သို့တိုးသတည်း။**

**အဓိပ္ပါယ်**။ ။ဝါထပ်သည့်နှစ်ဖြစ်ခဲ့သော် တလရွှေ့၏၊ နောက်ဝါခေါင် လဆုတ် ၁ ရက်နေ့၌ ပုရိမဝါ, ဝါခေါင် လဆုတ် ၁ ရက်နေ့၌ ပစ္ဆိမဝါ ကပ်ရသည်။ ။ဝါကပ်ရက်ငင်မှုမည်သည် မင်းစိုးရာဇာတို့နှင့်စပ်၏။

ထို့ကြောင့်“အနုဇာနာမိ ဘိက္ခဝေ ရာဇာနံ အနုဝတ္တိတုံ-ရဟန်းတို့ မင်းတို့၏ အလိုသို့ လိုက်ခြင်းငှါ ခွင့်ပြု၏”ဟူ၍ ဟောတော်မူသည်။

မင်းစိုးရာဇာတို့က နိုင်ငံအဝန်းနှင့်တကွ ယခုနှစ် ဝါထပ်ရမည်-ဟု ပြဋ္ဌာန်းခဲ့လျှင် ရဟန်း သံဃာတော်တို့ကလည်း ထပ်ကြရမည်၊ မင်းစိုးရာဇာတို့က ဝါထပ်မှု မရှိခဲ့လျှင် ရဟန်း သံဃာတော်တို့ကလည်း ဝါထပ်မှု မပြုရ-ဟူလိုသည်။

**လှည်း,လှေ, နှစ်ဖြာ၊ နွားခြံမှာ၊ ဝါကပ်ရသည်ချည်း။**

**အဓိပ္ပါယ်။** ။လမ်းခရီးသွားဆဲဖြစ်သော လှည်းဝိုင်း, သွားဆဲဖြစ်သော လှေ,သင်္ဘော, နွားကျောင်းသားတို့နေရာ နွားခြံဌာနတို့၌လည်း ဝါကပ်ရ၏။

**ရွာ၌ကပ်ရာ၊ရွာသွားရာ၊မကွာလိုက်သတည်း။**

အဓိပ္ပါယ်။ ။ရွာ၌ဝါကပ်ပြီးမှ တစုံတခုသော ဘေးရန်ကြောင့် ဝါတွင်းမှာပင် ဌာနတပါးသို့ ထိုရွာပြောင်းရွှေ့၍ သွားခဲ့သော် ရဟန်းသည်လည်း ထိုရွာသွားရာသို့လိုက်၍ နေရ၏၊ ဝါမပျက်။

**ဝစီဘေဒ၊အာလယ၊ဒွယဝါကပ်နည်း။**

အဓိပ္ပါယ်။ ။ဝါကပ်နည်းသည် ဝစီဘေဒက မြွက်ဆို၍ ကပ်နည်း, စိတ္တုပ္ပါဒ အာလယမျှ ပြု၍ ကပ်နည်း,-ဟူ၍ ၂ ပါး ရှိ၏။

**စကားပြည့်စုံ၊ မပြည့်စုံ၊နှစ်ပုံနှုတ်မြွက်နည်း။**

**အဓိပ္ပါယ်။** ။(၁) ဣမသ္မိံ ဝိဟာရေ ဣမံ တေမာသံ ဝဿံ ဥပေမိ-ဤကျောင်း၌ ဤဝါတွင်း သုံးလပတ်လုံး နေခြင်းသို့ ရောက်၏။တနည်း။ ။ဤကျောင်းတိုက်တာအရံ အတွင်း၌ ဤဝါတွင်း သုံးလပတ်လုံး ကပ်ပါ၏၊ (ဝါ) ဝါဆိုပါ၏။ [စကားပြည့်စုံနည်း။]

(၂) ဝိဟာရ, တေမာသ-သဒ္ဒါ မပါစေပဲ “ဣဓ ဝဿံ ဥပေမိ” ဤမျှဆို၍ ကပ်သည်ကား-စကားမပြည့်စုံနည်း။

မှတ်ချက်။ ။(၁) အမိုးနှင့် ပြည့်စုံခြင်း၊ (၂) အကာနှင့် ပြည့်စုံခြင်း၊ (၃) တံခါးအိမ်, တံခါးဘောင်, တံခါးရွက်နှင့် ပြည့်စုံခြင်း၊(၄) ဝါတွင်း ၃ လ အမြဲနေရန် ကျောင်းဖြစ်ခြင်း၊ ဤအင်္ဂါ ၄ ပါးနှင့် ပြည့်စုံသော ကျောင်းမျိုး၌သာ ပြည့်စုံသော ဝစီဘေဒကို မြွက်ဆို၍ ကပ်ရမည်။

ကျောင်းမဟုတ်သော ခရီးသွားဆဲ လှည်း, လှေ, သင်္ဘောတို့မှာ အမိုးအကာ တံခါးတို့နှင့် တကွ ယာယီကုဋိ ပြုလုပ်၍ ဝါကပ်ရာ၌ "ဣမ ဝဿံ ဥပေမိ"ဤမျှသာ ဆို၍ ကပ်ရမည်။

ထိုကဲ့သို့သော ကုဋိကိုမျှ မရခဲ့သော် လှည်း, လှေ အမိုးတွင်းသို့ ဝင်၍ "ဣမ ဝဿံ ဝသိဿာမိ-ဤအရပ်၌ ဝါကပ် သီတင်းသုံးပါ၏"ဟု စိတ္တုပ္ပါဒ အာလယမျှကို ပြု၍ ကပ်ရသည်။ ။ကျောင်းမဟုတ်သောကြောင့် ဝိဟာရ-သဒ္ဒါကို မဆိုရ။

လှည်း, လှေ, သင်္ဘောတို့၌ ဝါဆို၍ လိုက်သွားရာ ဝါတွင်းမှာပင် မိမိ အလိုရှိရာ ရပ်ရွာသို့ ရောက်ခဲ့လျှင် ဆင်း၍ နေရစ်ရ၏၊ ထိုရွာမှာဝါကျွတ်စေရ၏၊ ထို့ကြောင့်"တေမာသံ"သဒ္ဒါကို မဆိုရ၊ လှည်း, လှေ, သင်္ဘောတို့၌ပင် ဝါကျွတ်သည် တိုင်အောင် နေရလိမ့်မည် ဖြစ်လျှင် "တေမာသံ"သဒ္ဒါကို ဆိုသင့်၏။

အင်္ဂါနှင့် ပြည့်စုံသော ကျောင်းမှာ ကပ်ရာ၌ နှုတ်မြွက်၍ မဆိုမိသော်လည်း ဤကျောင်း၌ ၃ လပတ်လုံး ငါနေမည်ဟု စိတ်ဖြစ်ခဲ့လျှင် ဝါကပ်ခြင်းမြောက်သည်-ဟူ၍ မိုးထိမူနှင့် ဦးဗုမ်မူ ဝိနည်းငယ်လေး စောင်နိဿယ-ခုဒ္ဒသိက္ခာ နိဿယ-ဝဿူပနာယိက နိဒ္ဒေသတို့၌လာသည့် "ဝဿူ ပနာယိကာ စေဝါတိ၊ ကား။ပုရိမိကာ၊ နွယ်တာလပြည့်ကျော်တရက်နေ့ ရှေ့ဝါကပ်ခြင်း။ ပစ္ဆိမိကာ၊ နံကာလပြည့်ကျော် တရက်နေ့ နောက်ဝါကပ်ခြင်းဟူ၍။ဝဿူပနာယိကာ၊ ဝါကပ်ခြင်းတို့သည်။ ဒုဝေ၊ နှစ်ပါးတို့တည်း။ တတ္ထ၊ ထိုပုရိမဝါ ပစ္ဆိမဝါနှစ်ပါးတို့၌။ အာလယ ပရိဂ္ဂါဟော၊ အာလယပြုခြင်း၊ အာလယနှင့် တကွ ကျောင်းခံခြင်းရင်း။ ဝါ။ ဝဧ၊ သတ္တ၊ နာဝါ၌ အာလယပြုခြင်း၊ အာလယရှိလျက် သတိမရ၍ ဝါမဆိုပဲ ကျောင်းခံခြင်းရင်း။ ဝစီဘေဒေါ၊ ကျောင်း၌ ဝစီဘေဒပြုခြင်း။ သတ္တ၊ နာဝါ၌ ဝစီဘေဒ ပြုခြင်းရင်း။ ဣတိ၊ ဤသို့။ဒုဝေ၊ နှစ်ပါးနှစ်ပါးစီတို့တည်း"ဟူသောစကားတို့ဖြင့် သိအပ်၏။ ။ [ဤကျောင်း၌ ဝါဆိုအံ့ဟု ဝန်ခံပြီးမှ ဝါမဆိုလျှင် ပဋိဿဝ ဒုက္ကဋ်အာပတ်သင့်၏။]

## ဝဿ, ရတ္တိ၊ ဆေဒဒွိ၊ ကြောင်းရှိအသီးသီး။

အဓိပ္ပါယ်။ ။ဝဿစ္ဆေဒအကြောင်း, ရတ္တိစ္ဆေဒအကြောင်းအသီးသီးရှိသည်။ ။ဝဿစ္ဆေဒ ဆိုသည်ကား ကပ်ဆိုပြီးသော ဝါကို ဖျက်ဆီးမှုတည်း။ ရတ္တိစ္ဆေဒ ဆိုသည်ကား-သတ္တာဟ ဆောင်၍ သွားမှုတည်း။ ။[ဝဿံ

ဥပဂန္တွာ ပန အရုဏံ အနုဋ္ဌာပေတွာပိ တဒဟေဝ သတ္တာဟကရဏီယေန ပက္က မန္တဿပိ အန္တောသတ္တာဟေ နိဝတ္တန္တဿ အနာပတ္တိ။ ။ပန၊ အထူးကို ဆိုဦးအံ့။ ဝဿံ၊ ဝါသို့။ ဥပဂန္တွာ၊ ကပ်ပြီး၍။ အရုဏံ၊ အရုဏ်ကို။ အနုဋ္ဌာပေတွာပိ၊ မတက်စေပဲလျက်လည်း။ တဒဟေဝ၊ ထိုဝါကပ်သောနေ့၌ ပင်လျှင်။ သတ္တာဟ ကရဏီယေန၊ ခုနစ်ရက်အတွင်း၌ ပြုအပ်သော အမှုကိစ္စ ဖြင့်။ ပက္ကမန္တဿ၊ ဖဲသွားသော။ အန္တောသတ္တာဟေ၊ ခုနစ်ရက်အတွင်း၌။ နိဝတ္တန္တဿပိ၊ ပြန်လာသော ရဟန်းအားလည်း။အနာပတ္တိ၊ အာပတ်မသင့်-ဟူ၍ ဆဋ္ဌမူ ဝိနယ သင်္ဂဟဋ္ဌကထာ-ဝဿူပနာယိကဝိနိစ္ဆယကထာ၌ ဆို၏။]

## သုံးဆဲ့နှစ်သာ၊ ပါဠိလာ၊ ဝါပြတ်အကြောင်းတည်း။

အဓိပ္ပါယ်။ ။ဆိုပြီးသောဝါကို ဖျက်ထိုက်သောအကြောင်း ၃၂ ပါးရှိ၏။ ထို ၃၂ ပါးသောအကြောင်းတို့တွင် တခုခုသောအကြောင်းရှိနေခဲ့သော် ပုရိမ ဝါဆိုနေ့၌ဝါမဆိုပဲ နေခြင်းငှါလည်း အပ်၏၊ထိုအန္တရာယ်မရှိခဲ့လျှင်ဒုတိယဝါ၌ ဆိုရ၏၊ ဒုတိယဝါ၌လည်း ထိုအန္တရာယ်ရှိခဲ့ပြန်သော် ဒုတိယဝါ၌ ဝါမဆိုပဲ လည်း နေအပ်၏။

၃၂ ပါးသောအကြောင်းဆိုသည်ကား- (၁)သားရဲဘေး၊ (၂)မြွေကင်း ဘေး၊ (၃) ခိုးသူ့ ဒမြဘေး၊ (၄)ဘီလူး့ သားဘက်ဘေး၊ (၅)ဆွမ်းမပြည့်စုံ ခြင်း၊ (၆)ကျောင်းမပြည့်စုံခြင်း၊ (၇)ဆေးပစ္စည်း မပြည့်စုံခြင်း၊ (၈)မိမိ သပ္ပါယဖြစ်သော ဆွမ်းပစ္စည်း့ ဆေးပစ္စည်းကို မရခြင်း၊ (၉)ပတိရူပ ဖြစ် သော ဒကာဥပါသကာ အလုပ်အကျွေးကို မရခြင်း၊ (၁၀)ဗြဟ္မစရိယန္တရာယ် မျိုး ၉ ပါး၊ (၁၁) အရပ်တပါး၌ သံဃာကွဲပြားရန် အားထုတ်မှုကို ကြားသိ ရ၍ ညီညွတ်စေဖို့ ဆောင်ရွက်ရန်သွားခြင်း စသည်တို့တည်း။ ။ဤ အကြောင်းစုတို့ တခုခုရှိခဲ့လျှင် ဆိုပြီးသော ဝါကိုဖြတ်၍ အရပ်တပါးသို့သွား ရ၏။ [ဝါပြတ်ခြင်းကြောင့် အာပတ်မသင့်။]

## ဝါတွင်း၌ မိမိကိုယ်ကျိုးအတွက် ဆေးပစ္စည်းရှာရန် အလို့ငှါ ဝါပန်၍ သွားအပ်-မသွားအပ်။

ဆေးပစ္စည်း မပြည့်စုံခြင်း၊ မိမိနှင့် သပ္ပါယဖြစ်သော ဆေးပစ္စည်းကို မရ ခြင်း-ဟူသောအကြောင်းရှိခဲ့လျှင် ဆိုပြီးသော ဝါကိုဖြတ်၍ အရပ်တပါးသို့ သွားရ၏ဟု ဝိနယသံခိပ်ကျမ်း၌ ဆိုလကဲ့သို့ ဝိနည်းမဟာဝဂ်ပါဠိတော် (မြန်မာ ပြန်) ဝဿူပနာယိကက္ခန္ဓက-စာချက်နှာ ၂၀၇၌လည်း "ဝါကပ် ပြီးသော ရဟန်းတို့သည် လျောက်ပတ်သော ဆေးတို့ကို မရကုန်၊ဤသည်လျှင်အန္တရာယ်

တည်းဟု (နှလုံးပိုက်၍) ဖဲသွားရမည်၊ ဝါပြတ်သော ရဟန်းအား အာပတ်မသင့်''ဟု ဆိုထား၏။

ခုဒ္ဒသိက္ခာနှင့်ဝိနည်းမဟာဝဂ် ပါဠိတော်(မြန်မာပြန်)ဝဿူပနာယိကက္ခန္ဓက၌ မိဘ ၂ ပါးနှင့် သီတင်းသုံးဘော် ၄ ါးယောက်တို့ အတွက် ဆေးပစ္စည်းကို ရှာရန် ဝါပန်၍ သွားအပ်၏–ဟု အဆိုရှိ၏၊သို့သော် မိမိအတွက်ဆေးပစ္စည်းကို ရှာရန် ဝါပန်၍ သွားနိုင်သည်–ဟူသော အဆိုကို မတွေ့ရှိပါ။အချို့က သူတပါးအတွက် ဆေးပစ္စည်းရှာရန် အလို့ငှါ ဝါပန်၍သွားခြင်းကို ဘုရားရှင် ခွင့်ပြုတော်မူသည် ဟူသော အကြောင်းကိုထောက်၍ မိမိ ကိုယ်ကျိုးအတွက် ဆေးပစ္စည်းရှာရန် အလို့ငှါ သွားခြင်းသည် ဆိုဖွယ်ရာမရှိအောင် အပ်သည်–ဟူ၍ ယူကြ၏။ [ဤသို့ ယူခြင်းသည် တထစ်ချ မှန်သည်ဟု ဆိုသင့်–မသင့် စိစစ်ဝေဖန်နိုင်ရန်အလို့ငှါ အောက်ပါအချက်အလက်များကို သတိပြုစေလိုသော စေတနာဖြင့် တင်ပြပါအံ့။]

သူတပါးအတွက် ဆေးပစ္စည်းရှာရန်အလို့ငှါ ဝါပန်၍သွားခြင်းကို ခွင့်ပြုတော်မူသည်၊ မှန်၏။ သို့သော် ဝါပြတ်ခံ၍ ရှာရန် ခွင့်ပြုတော်မမူ။ [ခုနစ်ရက်အတွင်း မိမိ ဝါကပ်သော ကျောင်းသို့ ပြန်မလာလျှင် ဒုက္ကဋ် အာပတ်သင့်မည်–ဟူလို]။ မိမိအတွက်မူကား ဝါပြတ်ခံ၍ ရက်အကန့်အသတ်မရှိပဲ ရှာရန် ခွင့်ပြုတော်မူသည်။ [မိမိအား ပို၍ အခွင့်အရေးပေးတော်မူသည်။] အကယ်၍ ဝါပန်၍သွားခြင်းသည်လည်း အပ်သည်ဟု ဆိုလျှင် အဋ္ဌကထာဆရာ ဋီကာဆရာတို့ ဖွင့်ဆိုကြပေမည်။ [ဤသို့ ထိုဆရာတို့ မဖွင့်ဆိုသည်ကို ထောက်လျှင် မိမိအတွက် ဆေးပစ္စည်းရှာရန် အလို့ငှါ ဝါပန်၍ သွားခြင်းသည် အပ်ပဲ အပ်ပါလေစ–ဟု သံသယဖြစ်သင့်သည် မဟုတ်ပါလော။]

ဝါပန်၍သွားခြင်း ဝါပြတ်ခံ၍သွားခြင်း၊ ဤသွားခြင်း (၂)မျိုး တို့၏ အကျိုးအပြစ်ကို စိစစ်ဝေဖန်ပါအံ့။

ဝါပန်၍သွားခြင်းကြောင့် ဝါမပြတ်ရကား ကထိန်ကိုလည်း ခံနိုင်သည်၊ ကထိန်အာနိသင်ကိုလည်း ခံစားနိုင်သည်ဟု ယူဆပြီး ဝါပန်၍သွားသည်–ဟု ဆိုကြပါစို့။ ။ဤသို့ ယူဆပြီး သွားခြင်းသည် ဘုရားရှင်၏ အလိုတော်နှင့် ကိုက်ညီလျှင် ကောင်း၏။မကိုက်ညီလျှင်ကား ဝါပန်၍ သွားခြင်းအတွက်ဒုက္ကဋ် အာပတ်လည်းသင့်ချိမ့်မည်၊ကထိန်ခံ၍ကထိန်အာနိသင်ခံစားခြင်းကြောင့် ထိုထို သိက္ခာပုဒ်တို့ဖြင့် ပါစိတ်အာပတ်လည်း သင့်ချိမ့်မည်၊ ကထိန်အလှူရှင်ခမျာ များသည်လည်း ကထိန်ခံသော ပုဂ္ဂိုလ်ကိုယ်တိုင်က ကထိန်မခံထိုက်ပါပဲလျက်

ကထိန်ခံခြင်းကြောင့် ကထိန်အလှူ၏ အကျိုးကျေးဇူးကို ရာခိုင်နှုန်းအပြည့် ခံစားရမည် မဟုတ်ပေ။

လိုရင်းအချက်မှာ မိမိကိုယ်ကျိုးအတွက် ဆေးပစ္စည်းရှာရန် အလို့ငှါ သွားရာ၌ အာပတ်သင့်ခြင်းမှ သံသယအလျှင်းမရှိစေပဲ ကင်းလွတ်အောင် ပြု ရမည် ဖြစ်သည်။ သို့ဖြစ်၍ ဝါပန်၍ မသွားပဲ ဝါပြတ်ခံ၍ သွားခြင်းသည်သာ လျှင် အာပတ်သင့်ခြင်းမှ သံသယအလျှင်း မရှိစေပဲ ကင်းလွတ်အောင်ပြုခြင်း ဖြစ်သည်-ဟူ၍ ဆိုရပေမည်။ [တည၌ပင် ဖြစ်စေကာမူ ဝါပြတ်ခံ၍ သွားရ မည်-ဟူလို။] ဝါပန်၍ သွားခြင်းသည် လဟုဖြစ်သည်၊ ဝါပြတ်ခံ၍ သွားခြင်း ကား ဂရုဖြစ်သည်။ ဤသို့ အတိအကျ ဆုံးဖြတ်ရန် ခဲယဉ်းသော အရာမျိုး၌ (ဝါ)အာပတ်သင့်-မသင့် အတိအကျဆုံးဖြတ်ရန် ခဲယဉ်းသောအရာမျိုး၌ ဂရု ဘက်သို့လိုက်၍ ပြုထိုက်-မပြုထိုက် နက်နက်နဲနဲစဉ်းစားတော်မူကြပါကုန်။

**ဝါတွင်း၌တရားအားထုတ်ရန်အလို့ငှါဝါပန်၍သွားအပ်-မသွားအပ်။** ။ဤ၌ ဟပ်မိနေ၍ အထက်ပါပြဿနာကဲ့သို့ ဤပြဿနာကိုလည်း သတိပြုစေလိုသော စေတနာဖြင့် ဓမ္မဓိဋ္ဌာန်အားဖြင့် ဆိုပါအံ့။

အချို့က ဝါတွင်း၌ တရားအားထုတ်ရန် အလို့ငှါ ကမ္မဋ္ဌာန်းရိပ်သာ ကျောင်းများသို့ ဝါပန်၍ သွားကြ၏။ ဤကိစ္စသည် တရားအားထုတ်ရန် အလို့ငှါ သွားသောကိစ္စဖြစ်ရကား အလွန်ကောင်းသော ကိစ္စတရပ်ဖြစ်သည်။ မှန်၏။ သို့သော် ဤကိစ္စသည် ဘုရားရှင်ခွင့်ပြုတော်မူသော ဝါပန်၍ သွား အပ်သော ကိစ္စတို့တွင် မပါဝင်ရကား ဤကိစ္စအတွက် ဝါပန်၍ သွားခြင်း သည် ဝိနည်းတော်နှင့်အညီ ဖြစ်-မဖြစ် (ဝါ) ဒုက္ကဋ်အာပတ် သင့်-မသင့် လေးလေးနက်နက် စဉ်းစားတော်မူကြပါကုန်။ ။ဆိုဦးအံ့။ ။ရဟန်း၏ သီလသည် ဝိနည်းတော်အပေါ်၌ တည်နေရကား တရားအားထုတ်ရာ၌ သီလ သမာဓိ ပညာ-ဟူသော မဂ္ဂင်ရှစ်ပါးနှင့် ကိုက်ညီရန်အလို့ငှါ အရေး အကြီးဆုံး ပြုကျင့်အပ်သောအမှုသည် ရှေးဦးစွာ ဝိနည်းတော်၌ အငြိအစွန်း အလျှင်းမရှိစေပဲ လုံလုံခြုံခြုံ ထိန်းသိမ်းစောင့်ရှောက်မှုပင်ဖြစ်သည်။

ညဥ့် ပြတ်ကြောင်းကား၊ အလွန်များ၊ ထင်ရှားကျမ်းဂန် လာ။ [သိသာပြီ။]

**သီတင်းသုံးဘော်၊မိဘသေ၊ မခေါ်သွားထိုက်ပါ။**

**အဓိပ္ပါယ်။** ။သီတင်းသုံးဘော် ၅ ယောက်တို့နှင့် မိဘနှစ်ပါးတို့အကျိုး ငှါ ဂိလာနဘတ်, ဂိလာနုပဋ္ဌာကဘတ်တို့ကိုရှာ၊ ဆေးကိုရှာအံ့၊ လုပ်

ကျွေးအံ့-စသော အကြောင်းတို့ကြောင့်ပင့်ခေါ်သည် ဖြစ်စေ၊ မပင့်ခေါ်သည် ဖြစ်စေ သတ္တာဟပြု၍ သွားရ၏။

မမွေ့လျော်သော သီတင်းသုံးဘော်၏ မမွေ့လျော်ခြင်းကို ငြိမ်းစေခြင်းငှါလည်းကောင်း၊ ဝိနယကုက္ကုစ္စကို ဖြေဖျောက်ခြင်းငှါလည်းကောင်း၊ မိစ္ဆာဒိဋ္ဌိကို ကင်းစေခြင်းငှါလည်းကောင်း၊ သံဃာဒိသိသ်စသည်ကို ထစေခြင်းငှါလည်းကောင်း၊ ကြောင့်ကြစိုက်ခြင်းငှါ ငှင်း သွား၍, မိမိမှုလည်းပြုအံ့၊ သူတပါးကိုမှုလည်း ပြုစေအံ့၊ ဤသို့ အစရှိသော အကြောင်းကြောင့် သတ္တာဟပြုသဖြင့် ပင့်ခေါ်အပ်-မပင့်ခေါ်အပ်သော်လည်း သွားခြင်းငှါ ရအပ်၏။

သံဃာ၏ ဥပုသ်အိမ်စသောအမှုကြောင့် သတ္တာဟပြု၍ သွားရ၏၊ တရားနာခြင်းငှါ ဖိတ်အပ်သော ကထိကဝတ် ပြုအပ်သည်ဖြစ်၍လည်းကောင်း၊ ဆရာတို့သည် စေအပ်သည်ဖြစ်၍လည်းကောင်း၊ ဆရာတို့ကို ဖူးမြော်ခြင်းငှါလည်းကောင်း သတ္တာဟပြု၍သွားရ၏။ ၇ ရက်ကို မလွန်စေမူ၍ ပြန်ရ၏။

ထိုပြင်သေသ၊ ကြွင်းသမျှ၊ ပင့်မှသွားထိုက်ရာ။
ကပ္ပိယစကား၊ ပါရှိငြား၊ သွားအပ်သည်ချည်းသာ။

အဓိပ္ပါယ်။ ။ထို ၇ ယောက်တို့မှ ကြွင်းကျန်သော သူတို့ဖြစ်ခဲ့ကြမူ ပင့်ခေါ်မှုရှိမှ ဝါပန်၍ သွားအပ်သည်။ ။ပင့်ခေါ်ရာ၌လည်း ကပ္ပိယစကားပါရှိမှ သွားအပ်သည်၊ကပ္ပိယစကားနှင့်ပင့်ခဲ့လျှင် ဘယ်သူ့ထံသို့မဆို ဝါပန်၍ သွားလျှင် သွားအပ်သည်ချည်းတည်း။ [ဣစ္ဆာမိ ဒါနဥ္စ ဒါတုံ၊ ဓမ္မဥ္စ သောတုံ၊ ဘိက္ခူ စ ပဿိတုံ=အရှင် သံဃာတော်မြတ်တို့အား မည်သည့်ဝတ္ထုကို လှူဒါန်းလိုပါသည်၊ ဟောကြားတော်မူသော တရားတော်ကိုလည်း နာခံလိုပါသည်၊ ရှေ့မျက်နှာတော်ကိုလည်း ဖူးမြော်လိုပါသည်၊ ဤကား ကပ္ပိယစကားတည်း။]

ဝါပန်-ဟူသည် ၇ ရက်အတွင်း ပြန်လာမည်ဟု အာဘောဂ (နှလုံးသွင်း) ပြုခြင်းပင်တည်း၊ အချို့ကား ဘုရားရှေ့-ထေရ်ကြီးရှေ့စသည်၌ "အန္တော သတ္တာဟေ ပဋိနိဝတ္တေဿာမိ=၇ ရက်အတွင်း၌ ပြန်လာပါမည်" ဟု ခွင့်ပန်သလို ပန်ကြ၏၊ ကျမ်းဂန်မှာမလာချေ - ဟူ၍ ပါတိမောက် ဘာသာဋီကာ-ဘိက္ခုနီပါတိမောက်-တုဝဋ္ဋဝဂ်-အန္တော ဝဿ သိက္ခာပုဒ်အဖွင့်၌ ဆို၏။ [ဤအဆိုကို အားမရလျှင် (ဝါ) နှလုံးသွင်းခြင်းဖြင့် ဝါပန်ခြင်းကို အားမရလျှင် ဝိနယ သံခိပ်ကျမ်း၏ 'မူ' ဖြင့် "အန္တော သတ္တာဟေ ပဋိနိဝတ္တေဿာမိ။ တနည်း။ သတ္တာဟဗ္ဘန္တရေ ပဋိနိဝတ္တေဿာမိ-ခုနစ်ရက်အတွင်း ပြန်လာပါအံ့" ဟု နှုတ်ဖြင့်မြွက်ဆို၍ အများဝါပန်ကြသကဲ့သို့ ပန်ပါလေ]။ ။ခုနစ်ရက်

အတွင်း ပြန်လာပါအံ့-ဟူရာ၌ ဥပမာ လဆန်း ၁ ရက်နေ့၌ ဝါပန်၍ အရပ်တပါးသို့သွားလျှင် ထိုလဆန်း ၁ ရက်နေ့ ညဉ့်လာလတ္တံ့သော အရုဏ်မှစ၍ ရေတွက်ကာ လဆန်း ၆ ရက်နေ့ ညဉ့် အရုဏ်လွန်ပြီးလျှင် လဆန်း ၇ ရက်နေ့ညဉ့် အရုဏ်မတက်မီ မိမိကျောင်းသို့ ပြန်လာပါအံ့-ဟု ဆိုလိုသည်။ [ခြောက်အရုဏ်သာ နေခွင့်ရသည်—ဟူ၍ သိ။]

သွားမည်ပြုသောနေ့၌ ယနေ့ပြန်ခဲ့မည်နက်ဖြန်ပြန်ခဲ့မည်ဟူ၍၎င်း၊ ၇ ရက်အတွင်း ပြန်ခဲ့မည်ဟူ၍၎င်း ရှေးအဘို့၌ နှလုံးသွင်းရှိသည်ဖြစ်အံ့၊ သွားခါနီး၌ မေ့လျော့၍ ဝါမပန်ပဲ သွားသော်လည်း ဝါ မပျက်။ [ဝိနယသံခိပ်ကျမ်း။]

ဝါပန်၍ ထွက်သွားပြီးမှ ထီးမေ့ကျန်ခြင်း ဖိနပ်မေ့ကျန်ခြင်း စသည်တို့ကြောင့် တိုက်တွင်း တဖန်ပြန်ရောက်ခဲ့သော် ပန်ပြီးဝါပျက်၏၊ ထိုကဲ့သို့ ပြန်ဝင်မိသည်ရှိသော် သည်နေ့၌မသွားရပြီ၊ တိုက်တွင်းမှာနေပြီး၍ နက်ဖြန်မှဝါ ပန်သွားရမည်။သည်နေ့၌ပင် တဖန်ဝါ ပန်၍သွားမိခဲ့အံ့၊ ဝါ ပျက်၏-ဟု ဆိုကြ၏။ [ဆင်ခြင်။]

လဆန်းကိုးရက်၊ ဝါပန်ထွက်၊ပြန်ရက်မရှိပြီ။

**အဓိပ္ပါယ်။** ။သီတင်းကျွတ်လဆန်း ၉ ရက်နေ့၌ သတ္တာဟဆောင်၍ ဝါပန်၍ ထွက်သွားသော ရဟန်းအား ရောက်ရာဌာနမှာ သတ္တမအရုဏ်၌ ဝါကျွတ်သည်ဖြစ်၍ သတ္တာဟ ကိစ္စ အတွက်နှင့် ထိုတိုက်သို့ တဖန်ပြန်ခွင့်မရှိပြီ၊ မပြန်လိုလျှင်နေရ၏၊ ပြန်လိုလျှင် ပြန်ရ၏—ဟူလိုသည်။ ။[မဟာဝဂ်ပါဠိတော် (မြန်မာပြန်)ဝဿူပနာယိကက္ခန္ဓက ၌ရှု။]

**မှတ်ချက်။** ။အချို့ကား ဝါမပန်ပဲပင် ထိုလဆန်း ၉ ရက်နေ့၌ ထွက်သွားကြ၏။ ခြောက်ညဉ့် (ခြောက်အရုဏ်)ကို မဆိုထားဘိ၊တညဉ့်(တအရုဏ်) မျှ သော်လည်း ဝါမပန်ပဲ့ မသွားအပ်—ဟူ၍ သန္နိဋ္ဌာန်ကျ မှတ်အပ်၏။ ။သီတင်းကျွတ်လပြည့်နေ့ ညဉ့်အရုဏ်တက်ပြီးမှ ဝါကျွတ်သည်ဖြစ်၍ ထိုလပြည့်နေ့ညဉ့်အရုဏ်သည်လည်း ဝါပန်အပ်သော ရက်အတွင်း၌ အကျုံးဝင်သည်-ဟူ၍သိ။ ။ဆိုဦးအံ့။ ။သီတင်းကျွတ်လပြည့်နေ့တွင် ပဝါရဏာပြုကြကုန်၏၊ ပဝါရဏာပြုပြီးငြားသော်လည်း ထိုနေ့တွင် အကယ်၍ ဝါပန်၍ သွားအပ်သော အကြောင်းကိစ္စတခုခုဖြင့် ညဉ့်အိပ်ခရီးသွားရပါမူ ဝါပန်၍သာ သွားအပ်၏။ [ဝါမပန်ပဲ သွားလျှင် ဝါလည်း ပြတ်မည် ဒုက္ကဋ် အာပတ်လည်း သင့်မည်ဟူလို။]

ဝါဆိုပြီး၍ဝါမပန်ပဲတိုက်မှ ထွက်သွားခဲ့သော် တိုက်အရံကို လွန်သည်နှင့်တပြိုင်နက် ဝါပျက်၏။ ယခုနေ့ပင်ပြန်ခဲ့မည် အကြံနှင့် ဝါမပန်ပဲ

ထွက်သွားပြီး၍ တိုက်ပြင်သို့ရောက်မှ ယနေ့မပြန်သေးပြီ–ဟု အကြံဖြစ်ခဲ့အံ့၊ အကြံဖြစ်ရာဌာန၌ ဝါပျက်၏။

အရံမရှိသောကျောင်းတိုက်၌ အဆုံးစွန်သော ကျောင်းမှ ခဲတကျလွန်လျှင် ဝါပျက်၏။ [မဟာ အဋ္ဌကထာ အလို။]

အရှင်မဟာဗုဒ္ဓ ဃောသအလိုကား ဒုတိယခဲတကျကိုလွန်မှ ဝါပျက်၏။ ။ အချို့သောသူတို့သည် အရံမရှိသော တောကျောင်း၌ ဝါဆိုကြသောအခါ အရှေ့အရပ်၌ မည်သည့်သစ်ပင်ထိ, တောင်အရပ်၌ မည်သည့်သစ်ပင်ထိ— စသည်ဖြင့် အရုဏ်စောင့်ရှောက်ရန် အပိုင်းအခြားကို မှန်းထား၍ဆိုကြကုန်၏၊ မှန်းထား၍ ရသည်မဟုတ်၊ ပြဆိုခဲ့ပြီးသော ခဲတကျ အတိုင်းသာ အပိုင်းအခြား သွား၏။

အကြင်ရဟန်းသည် ထိုဝါဆို, ဝါခေါင်လပြည့်ကျော် ၁ ရက်နေ့၌ ဝါကပ်ခြင်းငှါ အလိုမရှိသည်ဖြစ်၍ ကျောင်း၏ဥပစာကို လွန်ငြားအံ့၊ ထိုရဟန်းအားရင်း၊ ဝါဆိုနေ့ ဟု သိလျက် ဝါမကပ်သော ရဟန်းအားရင်း ဒုက္ကဋ် အာပတ်သင့်၏။ [ကေနစိ အန္တရာယေန ပုရိမံ အနုပဂတေန ပစ္ဆိမိကာ ဥပဂန္တဗ္ဗာ–ဟူ၍ ဝိနည်းမဟာဝါ ဝဿူပနာယိကက္ခန္ဓက အဋ္ဌကထာ၌ လာသောကြောင့်ရင်း။ ။ပဋိဿုတော ဟောတိ ပစ္ဆိမိကာယာတိ အန္တရာ ပဗ္ဗဇိတဘိက္ခုနာ ဆိန္နဝဿေန ဝါ ပဋိဿုတော၊ အညေန ပန ပုရိမံ အနုပဂန္တွာ ပစ္ဆိမိကာယံ ပဋိဿဝေါ န ကာတဗ္ဗော။ ။ပဋိဿုတော ဟောတိ ပစ္ဆိမိကာယာတိ၊ ဟူသည်ကား။ အန္တရာ၊ ပုရိမဝါပစ္ဆိမဝါနေ့တို့၏ အကြား၌။ ပဗ္ဗဇိတ ဘိက္ခုနာ ဝါ၊ ရှင်ဖြစ်သောသူ- ရဟန်းဖြစ်သောသူသည်ရင်း။ ဆိန္နဝဿေန ဝါ၊ ပုရိမဝါပျက်သော ရှင်ရဟန်းသည်ရင်း။ ပဋိဿုတော၊ ပစ္ဆိမဝါ၌ ဝါကပ်အံ့ဟု ဝန်ခံအပ်၏။ အညေန ပန၊ အန္တရာပဗ္ဗဇိတရဟန်း ဆိန္နဝဿရဟန်းမှ တပါးသော ရဟန်းသည်ကား။ ပုရိမံ အနုပဂန္တွာ၊ ပုရိမဝါ မကပ်မူ၍။ ပစ္ဆိမိကာယံ၊ ပစ္ဆိမဝါ၌။ ပဋိဿဝေါ၊ ဝါကပ်အံ့ဟူသော ဝန်ခံခြင်းကို။ န ကာတဗ္ဗော၊ မပြုအပ် မပြုသင့်။ ။ဤသို့ မဟာဝါ ဝဿူပနာယိကက္ခန္ဓက အဖွင့် ဝဇိရ ဗုဒ္ဓိဋီကာ၌ လာသောကြောင့်ရင်း။ ပုရိမ ဝါဆိုနေ့မလွန်မီ ရှင်ရဟန်းပြုသူဖြစ်မူ အန္တရာယ်ရှိသော်သာ ပုရိမဝါ မကပ်ပဲနေအပ်သည်။အန္တရာယ်မရှိသော ရဟန်းဖြစ်မူကား ပစ္ဆိမဝါမှ ကပ်တော့မည်ဟု ပုရိမဝါ၌ ဝါမကပ်ပဲ မနေအပ်–ဟူ၍ တိပေဋက ဝိနိစ္ဆယကျမ်း–ပဉ္စမတွဲ ဝဿူပနာယိကာဒိဝိနိစ္ဆယ-စာမျက်နှာ ၃၀၅ ၌ အထက်ပါ ကျမ်း ၂ ခုတို့ကို ညွှန်ပြ ကိုးကား၍ ဆို၏။]

ယနေ့ပင်လျှင် ပြန်လာအံ့ဟု မဝေးသောကျောင်းသို့ သွားသော ရဟန်းသည် အရုဏ်မတက်မီ မရောက်နိုင်ငြားအံ့၊ ဝါမပြတ် ဒုက္ကဋ်မသင့်ခြင်းဟူသော အပ်ခြင်းကို ရအပ်၏။

လွင်တီးပြင်၌ဍင်း၊ သစ်ခေါင်း၌ဍင်း၊ သစ်ခွ၌ဍင်း၊ ဆဝကုဋ္ဌိ, ထီး, အိုးစရည်းကြီးတို့၌ဍင်း၊ အမိုးနှင့်တံခါး ဘုံမရှိသောကျောင်း၌ဍင်း၊ ဝါကပ်ခြင်းငှါ မအပ်။ ။[ကျောင်း အိပ်ရာနေရာ မရှိလျှင်ကား ဆိုဖွယ်ရာမရှိပြီ။ ။ဆဝကုဋ္ဌိအကြောင်းကို သုသာန်၌ နေအပ်-မနေအပ် အဆုံးအဖြတ်တွင် ဖေါ်ပြထားသည်။]

''အမိုး''ဟူသည် အုတ်, ကျောက်, သစ်ရွက်, မြက်, အင်တေ (တခုခု)ဖြင့် မိုးသောအမိုးတည်း။

ဝါပြတ်သောရဟန်းသည် ပဝါရဏာ မပြုရ၊ လှေ, လှည်း, နွားခြံ၌ ဝါကပ်သောရဟန်း သည် ပဝါရဏာပြုခြင်းငှါ ရ၏။

**အရုဏ်ကို သတိပြု။** ။သက်နိုးအဓိဋ္ဌာန်တင်နည်း အခဏ်း၌ ဖေါ်ပြထားသော 'အရုဏ်တက်ချိန်'နှင့် 'အရုဏ်အချိန်ကို ဂရု-လဟုမှုဖြင့် ရှင်းတမ်း' တို့ကို ဖတ်၍ နှစ်သက်ရာမှုဖြင့် အရုဏ်အချိန်ကို ယူလေ။ ဝါတွင်း၌ အထူးသဖြင့် မြို့စွန်-ရွာစွန်-တောကျောင်းတို့၌နေသော ပုဂ္ဂိုလ်တို့သည် မြို့ရွာတွင်း၌ အရုဏ်ဆွမ်းခံသွားခြင်း၊ ဆွမ်းစားသွားခြင်း စသော ကိစ္စမျိုးတို့ကို ဆောင်ရွက်ရာ၌ အရုဏ်မတက်မီ ကျောင်းအရံမှ ထွက်ခွါခဲ့လျှင် ဝါပြတ်၍ ဒုက္ကဋ် အာပတ်လည်း သင့်၏၊ ကထိန်ကိုလည်း မခံထိုက်ပေ။ သို့ဖြစ်၍ ဝါမပြတ်စေခြင်းငှါ ကာကွယ်စောင့်ရှောက်သောအားဖြင့် ထို သတ်မှတ်ထားသော အရုဏ်အချိန်ထက်စော၍ မိမိတို့ ကျောင်းအရံမှ မထွက်ခွါမိဖို့ရန် အထူး သတိပြုကုန်ရာသည်။ [အရုဏ်ဆွမ်းစားရာ၌လည်း ထိုအချိန်ကိုသာလျှင် ယူရမည်သာ]။ ။အရုဏ်မတက်မီ မြို့တွင်းရွာတွင်း၌ ဆွမ်းခံခြင်း၊ မိမိတို့ကျောင်း၌ ဆွမ်းအကပ်ခံခြင်းသည် ဒုက္ကဋ် အာပတ်ကို သင့်စေ၍ စားခြင်းသည် နေလွဲအခါ၌ စားသည် မည်သောကြောင့် မျိုတိုင်းမျိုတိုင်း ဝိကာလဘောဇန သုဒ္ဓပါစိတ် အာပတ်ကို သင့်စေ၏၊ စားနေတုန်း အရုဏ်တက်၍ ဆက်စားခြင်းသည် ယမန်နေ့က အကပ်ခံ၍ သိုမှီးထားသော ဆွမ်းကို စားသည်မည်သောကြောင့် မျိုတိုင်းမျိုတိုင်း သန္နိဓိကာရကသုဒ္ဓပါစိတ် အာပတ်ကိုလည်း သင့်စေ၏-ဟူ၍ သိလေ။ (အရုဏ်ချိန်ကို ပေါ့ပေါ့ ဆဆ မမှတ်လေလင့်၊ အလွန် အရေးကြီးသောအရာ ဖြစ်သည်။)

ဝါဆိုခဏ်း ပြီးပြီ။

## ၄၇။ ။ကထိန်အမြွက်

**ထိုတိုက်ထဲ၌၊ ခိုင်မြဲစွာလှ၊ စီဝရတွက်၊ ကြောင့်ကြစိုက်ထား၊ အနက်သွား၊ ခေါ်ငြားကထိန။**

အဓိပ္ပါယ်။ ။ကထိန-သဒ္ဒါသည် မလှုပ်မရှား ခိုင်မြဲခြင်းအနက်ကို ဟော၏၊ တိုက်တာအတွင်း၌ ကထိန်ခင်းမှုမည်သည် ထိုတိုက်နှင့် စပ်၍ အလွန်ခိုင်မြဲသော စီဝရပလိဗောဓမှုကို ပြုခြင်းတည်း၊ တပေါင်းလပြည့်တိုင်အောင် စီဝရကာလသမယကို ခိုင်မြဲစေနိုင်သော ဒဋ္ဌီကမ္မမှုကြီး ဆိုလိုသည်။

**မိုးနောက်ဆုံးလ၊ ကထိန်ကျ၊ ခင်းရထိုအခါ။**

အဓိပ္ပါယ်။ ။ကထိန်ခင်းမှုမည်သည် မိုး ၄ လတို့တွင် နောက်ဆုံး ၁ လသည် ကထိန်ကာလ ကျ၏၊ ထိုဘလအတွင်း၌ ခင်းရ၏၊ သီတင်းကျွတ် လပြည့်ကျော် ၁ ရက်မှ တန်ဆောင်မုန်း လပြည့်တိုင် ဤ ၁လကို ဆိုသည်။

**ဤတိုက်တွင်းမှာ၊ ဝါပဌမ၊ ကျွတ်သူမှ၊ ခင်းရပုဂ္ဂိုလ်မှာ။**

အဓိပ္ပါယ်။ ။ပုဂ္ဂိုလ်မှာမူကား ဤတိုက်တွင်းမှာ ပဌမဝါကပ်ခဲ့၍ သီတင်းကျွတ် လပြည့်နေ့၌ ပဝါရဏာပြု၍ လပြည့်ကျော် ၁ ရက်နေ့၌ ပဌမဝါကောင်းစွာ ကျွတ်လတ်သောပုဂ္ဂိုလ်သည်သာ ကထိန်ခင်းရသည်။ ။ဒုတိယဝါသား ရဟန်း, ဝါပျက်သော ရဟန်း, ဝါမကပ်ခဲ့ရသော ရဟန်းတို့ မခင်းရကုန်။

ပုရိမဝါသားပင် ဖြစ်သော်လည်း မိမိဝါကျွတ်ရာ တိုက်တာ၌သာ ခင်းရသည်၊ တပါးတိုက်တာ၌ မခင်းရ။

**ခံ, ရွေး, ပေးနှင်း၊ စွန့်, ထိုးခြင်း၊ တင်, ခင်း, နုမောဒါ။**

**ကိစ္စ ၈-ပါး။** ။(၁) ကထိန်သင်္ကန်းကို အလှူခံမှု၊

(၂) သံဃာတော်တို့က ကထိန်ခင်းထိုက်သော ပုဂ္ဂိုလ်ကို ရွေးချယ်ခဏ်း၊

(၃) သိမ်တွင်းသို့သွား၍ ထိုပုဂ္ဂိုလ်အား ကထိန်သင်္ကန်းကို ပေးခဏ်း၊

(၄) တိစီဝရိက် အဓိဋ္ဌာန်ဘင်ရှိသော သင်္ကန်းဟောင်းကို ပစ္စုဒ္ဓိုရ်ပြု၍ အဓိဋ္ဌာန်စွန့်မှု၊

(၅) ခင်းမည့်သင်္ကန်းသစ်ကို ကပ္ပဗိန္ဒုထိုးမှု၊
(၆) အမည်ဖြင့် အဓိဋ္ဌာန်တင်မှု၊
(၇) နှုတ်မြွက်၍ ခင်းမှု၊
(၈) အနုမောဒနာခဏ်း- အစဉ်အတိုင်းပြုရန် ကိစ္စ ၈ ပါးတည်း။

**ပြုပုံကား**။ ။ကထိန်လှူလိုသော ဒါယကာသည် ဝါဦး, ဝါလယ်ဆီကပင် မိမိကြည်ညိုရာကျောင်းတိုက်၌ ''ဝါကျွတ်လျှင် အရှင်တို့ တိုက်တာမှာ ကထိန်သင်္ကန်းကပ်လှူလိုပါသည်''ဟု လျှောက်ကြား၍ ထားခြင်းငှါ သင့်မြတ်လှ၏။ ။ ထိုတိုက်တာတွင် သံဃထေရ်ကြီးများက ဝါတွင်းအခါကပင် ကထိန်ခင်းထိုက်သော အင်္ဂါ ၈ ပါးနှင့် ပြည့်စုံအောင် ကြောင့်ကြစိုက်မှု, ဝိနည်းတိစီဝရိက်ဆောင်မှု, အမေးအဖြေ သင်ကြားမှု များကို ကြောင့်ကြစိုက်၍ ထားရမည်။

ဒါယကာတို့မှာလည်း သံဃိက အလှူစစ်မှ အကျိုးကြီးသည်ဖြစ်၍သံဃိကအလှူမြောက်လေအောင် ပုဂ္ဂိုလ်ကို ရည်စူးခြင်းမှ ကင်းစေရာ၏၊ သံဃာကိုမရည်စူးပဲ ဆရာတော်ကြီး, ကျောင်းထိုင်ဘုန်းကြီးစသော ပုဂ္ဂိုလ်ကို ရည်စူး၍ လှူလျှင် ထိုသင်္ကန်းသည် သံဃိက သင်္ကန်းမဟုတ်သောကြောင့် ကထိန်သင်္ကန်းအရာမမြောက်၊ ထိုသင်္ကန်းဖြင့် ကထိန်ခင်းသော်လည်း ကထိန်မမြောက်၊ ကထိန်မမြောက်လျှင် ကထိန်၏ အကျိုးများ မရ။ထို့ကြောင့် ကထိန် သင်္ကန်းကို လှူခါနီး၌ ပုဂ္ဂိုလ်တပါးကို မရည်စူးမိအောင် သံဃာကို ရည်စူးမိအောင် ပြောပြောသင့်ကြပေသည်။

သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှစ၍တန်ဆောင်မုန်း လပြည့်အတွင်း သင့်လျော်ရာ နေ့ရက်၌ သင်္ကန်း ၃ ထည်တို့တွင် တထည်ထည်ကို ယူဆောင်၍ ထိုတိုက်တွင်းရှိ သံဃထေရ်ကြီးထံသို့သွား၍—

''ဣမံ စီဝရံ ကထိနတ္ထာယ သံဃဿ ဒေမ၊ ဣမိနာ စီဝရေန ကထိနံ အတ္ထရထ- ဤသင်္ကန်းကို ကထိန်အကျိုးငှါ သံဃာတော်အား ပေးလှူပါကုန်၏၊ ဤသင်္ကန်းဖြင့် ကထိန်ကို ခင်းတော်မူကြပါဘုရား'' ဟု ဆို၍ လှူဒါန်းရမည်၊ မဆိုတတ်ရှိလျှင် သံဃထေရ်ကြီးက သင်ကြား၍ ရေစက်ခံ အနက်ပါ ဆိုစေ။

မျက်နှာသုတ်ပုဝါ, လက်ကိုင်ပုဝါစသည်တို့နှင့်တကွ ဖျင်ထည်, ပိတ်ထည် သင်္ကန်းထည်များ အပိုအမို ပါရှိသေးခဲ့လျှင် ဥတ်သင်္ကန်း၏ အရံပြု၍—

''ဣမာနိ စီဝရာနိ သံဃဿ ဒေမ- ဤသင်္ကန်းတို့ကို သံဃာတော်အား ပေးလှူပါကုန်၏''ဟု ရေစက်ချ၍ သင့်ရာက ထားလေ။ ။ခံခဏ်းပြီး၏။

ရွေးချယ်ပုံ။ ။ကထိန်မည့်သည် နေ့လွန်ခြင်းငှါ မအပ်ရကား ထိုနေ့၌ပင် တိုက်ရှိသံဃာကုန် စည်းဝေး၍ ကထိန်ခင်းထိုက်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသောပုဂ္ဂိုလ်ကို ရွေးချယ်၍ ဤနေရာ၌ မေးခဏ်း, ဖြေခဏ်း ထွက်။ ။ရွေးချယ် ခဏ်း ပြီး၏။

ပေးပုံ။ မေး, ဖြေ ရွေးချယ်၍ရသောအခါ ၄ ပါး ၅ ပါးသော သံဃာသည် ထိုပုဂ္ဂိုလ် ထိုသင်္ကန်းတို့ကို ယူဆောင်၍ ခဏ္ဍသိမ်သို့သွားပြီးလျှင် ထို ပုဂ္ဂိုလ်ကို ''တိဿ''ဟု အမည်မှည့်၊ ဉတ်ကမ္မဝါစာ ဖတ်ကြား၍ ထိုပုဂ္ဂိုလ်အား သင်္ကန်းကို ပေး။ ။သင်္ကန်းလျှာမဟုတ်၊ သင်္ကန်းပြီးပြီးဖြစ်လျှင် ဉတ်ကမ္မဝါ၌ ''ဣဒံ သံဃဿ ကထိန စီဝရံ''ဟု ဖတ်လေ။

## ဉတ်ကမ္မဝါစာဖတ်ရန် အစီအစဉ်

အမည်မှည့်ခြင်း။ ။ယခုအခါ ကမ္မဝါစာ ဖတ်ရွတ်ရာ၌ လွယ်ကူပါစေခြင်း အကျိုးငှါ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံ၍ ကထိန်ခင်းထိုက်သောအရှင်မြတ်(ဦးပညာ) ကို ''တိဿ''ဟူ၍ အမည်မှည့်ပါ၏၊ အရှင်မြတ်က မိမိ အမည်တော်ကို တိဿ—ဟူ၍ မှတ်တော်မူပါ၊ သံဃာတော်မြတ် အပေါင်းကလည်း ထိုအရှင် မြတ်ကို တိဿ-ဟူ၍ မှတ်တော်မူပါ။

ကမ္မဝါစာ။ ။နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

သုဏာတု မေ ဘန္တေ သံဃော။ ဣဒံ သံဃဿ ကထိနစီဝရံ ဥပ္ပန္နံ။ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ဣမံ ကထိနစီဝရံ တိဿဿ ဘိက္ခုနော ဒဒေယျ ကထိနံ အတ္ထရိတုံ။ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော။ ဣဒံ သံဃဿ ကထိနစီဝရံ ဥပ္ပန္နံ၊ သံဃော ဣမံ ကထိနစီဝရံ တိဿဿ ဘိက္ခုနော ဒေတိ ကထိနံ အတ္ထရိတုံ။ ယဿာယသ္မတော ခမတိ ဣမဿ ကထိနစီဝရဿ တိဿဿ ဘိက္ခုနော ဒါနံ ကထိနံ အတ္ထရိတုံ၊ သော တုဏှဿ။ ယဿ နက္ခမတိ၊ သော ဘာသေယျ။

ဒိန္နံ ဣဒံ သံဃေန ကထိနစီဝရံ တိဿဿ ဘိက္ခုနော ကထိနံ အတ္ထရိတုံ။ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။

အနက်။ ။ပူဇော်အထူးကို ခံတော်မူထိုက်သော အလုံးစုံသော တရားတို့ကို မဖေါက်မပြန် ကိုယ်ပိုင်ဉာဏ်ဖြင့် သိတော်မူသော ထို မြတ်စွာဘုရားအား ရှိသေစွာ ရှိခိုးပါ၏။

အရှင်ဘုရားတို့, သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ သံဃာအား ဤကထိန်သင်္ကန်းသည် ဖြစ်ပေါ်လာ၏၊ အကယ်၍ သံဃာအား လျောက်ပတ်သော အခါ ရှိသော် ကာလသည် ဖြစ်ငြားအံ့၊ သံဃာ သည် ဤကထိန်သင်္ကန်းကို တိဿ အမည်ရှိသော ရဟန်းအား ကထိန်ခင်းခြင်းငှါ ပေးရာ၏၊ ဤကား သိစေခြင်းတည်း။

အရှင်ဘုရားတို့, သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ သံဃာအား ဤကထိန်သင်္ကန်းသည် ဖြစ်ပေါ်လာ၏၊ သံဃာသည် ဤကထိန်သင်္ကန်းကို တိဿ အမည်ရှိသောရဟန်းအား ကထိန်ခင်းခြင်းငှါပေး၏၊ ဤကထိန်သင်္ကန်းကို တိဿအမည်ရှိသော ရဟန်းအား ကထိန်ခင်းခြင်းငှါ ပေးခြင်းကို အကြင်အရှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအရှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အရှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအရှင်သည် ပြောဆိုရာ၏။

သံဃာသည် ဤကထိန်သင်္ကန်းကို တိဿအမည်ရှိသော ရဟန်းအား ကထိန်ခင်းခြင်းငှါ ပေးအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤ နှစ်သက်သည့်အဖြစ်ကို သိမှတ်ရပါသည်။ ။ပေးခဏ်းပြီး၏။

စွန့်ပုံ။ ။ဥတ်ကမ္မဝါဆုံးလျှင် ထိုပုဂ္ဂိုလ်က ခင်းလိုရာဌာနသို့ ထိုသင်္ကန်းကို ယူခဲ့၍ ထိုနေရာ၌ ထိုင်နေ၍ ဥတ်သင်္ကန်းသည် ဒုကုဋ်သင်္ကန်းဖြစ်ခဲ့သော် ဒုကုဋ်ဟောင်းကိုင်ပြီး "ဣမံ သံဃာဋိံ ပစ္စုဒ္ဓရာမိ— ဤသင်္ကန်းကို ဒုကုဋ်သင်္ကန်းအဖြစ်မှ ရုပ်သိမ်းပါ၏"ဟုဆို၍ အဓိဋ္ဌာန်စွန့်။ ။စွန့်ခဏ်းပြီး၏။

ကပ္ပဗိန္ဒုထိုးပုံ။ ။ဥတ်သင်္ကန်း၌ ကပ္ပဗိန္ဒု ထိုး။ ။ထိုးခဏ်းပြီး၏။

တင်ပုံ။ ။ဥတ်သင်္ကန်းကို "ဣမံ သံဃာဋိံ အဓိဋ္ဌာမိ–ဤသင်္ကန်းကို ဒုကုဋ်သင်္ကန်းဟူ၍ အဓိဋ္ဌာန်ပါ၏၊ (ဝါ) ဆောက်တည်ပါ၏"ဟု မြွက်ဆို၍ အဓိဋ္ဌာန်တင်။ ။တင်ခဏ်း ပြီး၏။

ခင်းပုံ။ ။ထိုသင်္ကန်းကိုကိုင်၍ "ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမိ- ဤ ဒုကုဋ်သင်္ကန်းဖြင့် ကထိန်ကို ခင်းပါ၏"ဟု သုံးကြိမ်ဆို၍ ခင်း။ ။ထိုသို့ ဆိုသည်ကိုပင် အခင်း ဆိုသတည်း။

ကိုယ်ရုံဖြစ်ခဲ့သော် "ဣမိနာ ဥတ္တရာသင်္ဂေန ကထိနံ အတ္ထရာမိ" ဟု ဆို။ သင်းပိုင်ဖြစ်ခဲ့သော် "ဣမိနာ အန္တရဝါသကေန ကထိနံ အတ္ထရာမိ"ဟု ဆို။ သိမ်အပြင်မှာလည်း ခင်းရပါ၏၊ မိမိနေရာ ကျောင်းပေါ်မှာလည်း ခင်းရပါ၏။

တန်ဆောင်း, မဏ္ဍပ်, ပရိသတ်အလယ်မှာလည်း ခင်းကြ၏။ ထိုပုဂ္ဂိုလ်မှာ ခင်းခြင်းမြောက်ပြီ။ တိုက်တွင်းရှိ သံဃာများမှာ အခင်းမမြောက်ကြသေး။ ။ ခင်းခဏ်း ပြီး၏။

အနုမောဒနာပြုပုံ။ ။ခင်း၍ပြီးလျှင် သံဃာကို အနုမောဒနာ ပြုကြရန် "အတ္ထတံ အာဝုသော သံဃဿ ကထိနံ၊ ဓမ္မိကော ကထိနတ္ထာရော အနုမောဒထ— ငါ့ရှင်တို့, သံဃာသည် ကထိန်ကိုခင်းအပ်၏၊ ကထိန်ခင်းခြင်းသည် တရားတော်နှင့်လျော်၏၊ ငါ့ရှင်တို့သည် အနုမောဒနာ ပြုကြကုန်လော့၊ (ဝါ) ဝမ်းမြောက်ကြကုန်လော့"ဟု ၃ ကြိမ်ဆို၍ တောင်းပန်ရမည်။

အနုမောဒနာပြုသော ထိုရဟန်းတို့သည် "အတ္ထတံ ဘန္တေ သံဃဿ ကထိနံ၊ ဓမ္မိကော ကထိနတ္ထာရော အနုမောဒါမ–အရှင်ဘုရားတို့, သံဃာသည် ကထိန်ကို ခင်းအပ်ပြီ၊ ကထိန်ခင်းခြင်းသည် တရားတော်နှင့်လျော်၏၊ (ဘုရားတပည့်တော်တို့သည်)အနုမောဒနာ ပြုပါကုန်၏၊ (ဝါ) ဝမ်းမြောက်ပါကုန်၏"ဟု သုံးကြိမ်ဆိုရာ၏။ [အကြီး အငယ်, အနည်းအများ အားလျော်စွာ အာဝုသော၊ ဘန္တေ၊ အနုမောဒါဟိ၊ အနုမောဒထ၊ အနုမောဒါမိ၊ အနုမောဒါမ-ဟုဆို။]

ထိုတိုက်မှာ ပုရိမဝါ ချောမောစွာကျွတ်ခဲ့သော ရဟန်းမှ ပါဝင်ရသည်။ အနုမောဒနာပြုသူတို့မှာ ကထိန်ခင်းခြင်း မြောက်ပြန်၏၊ ကထိန် အာနိသင် ၅ ပါးကို ရကြလေ၏။ ။အနုမောဒနာခဏ်း ပြီး၏။

ထိုတိုက်၌ သံဃာ မလုံမလောက်ရှိခဲ့သော် တပါးတိုက်တာမှ ဥတ်ကမ္မဝါစာ ဖတ်တတ်သော ရဟန်းများကို ပင့်ခေါ်၍ ဖတ်စေရမည်။

ဒါယကာတို့က တပါးတိုက်တာမှ သူတို့ကြည်ညိုရာ ပုဂ္ဂိုလ်များကို ပင့်လိုလျှင် ပင့်စေရပါ၏။ ။မျက်နှာသုတ်ပုဝါမှစ၍ အလုံးစုံသော သင်္ကန်းအထည်တို့ကို သံဃိကအနေနှင့်ချည်း လှူကြသည်ဖြစ်လျှင် အနုမောဒနာပြုသော ထိုတိုက်တာ သံဃာသာရ၏၊ ဒါယကာတို့က တပါး တိုက်တာမှ ပင့်သံဃာများဖို့ အသီးပြု၍ ထားသော သင်္ကန်းများဖြစ်ခဲ့လျှင် သူတို့အလိုရှိရာ လှူရ၏။

သင်္ကန်းမှတပါးသော ဝတ္ထုပရိက္ခရာတို့ကိုမူကား ထိုအခါ၌ ထိုတိုက်တွင်းမှာ နေသော တပါးတိုက်တာ သံဃာများလည်း ညီတူညီမျှ ရထိုက်၏၊ သာမဏေများကိုလည်း အနုမောဒနာပြုစေ၍ သင်္ကန်းများကို အဖို့ ပေးဝေကြ၏။ ။ ကထိန်ခင်းနည်း အကျဉ်းချုပ် ပြီး၏။

---

**ပုဗ္ဗကရဏ်၊ ပစ္စုဒ္ဓါ၊ ဓိဋ္ဌာန်, အတ္ထာရ။**
**မာတိ, ပေါခ်၊ ဥဒ္ဓါရုံ၊ နိသံအင်ရှစ်ဝ။**

အင်္ဂါ ၈ ပါး။ ။(၁) ပုဗ္ဗကရဏကို သိခြင်း၊
(၂) ပစ္စုဒ္ဓိုရ်ကို သိခြင်း၊
(၃) အဓိဋ္ဌာန်ကို သိခြင်း၊
(၄) ခင်းမှု-ဟူသော အတ္ထာရကို သိခြင်း၊
(၅) မာတိကာ ၈ ပါးကို သိခြင်း၊
(၆) ပလိဗောဓ ၂ ပါးကို သိခြင်း၊
(၇) ဥဒ္ဓါရ-ဟုဆိုအပ်သော ကထိန် နုတ်ခြင်း ၂ ပါးကို သိခြင်း၊
(၈) အာနိသင် ၅ ပါးကို သိခြင်း၊ ကထိန် ခင်းထိုက်ရာ အင်္ဂါ ၈ ပါးတည်း။

**လျှော်, စီ, ဖြတ်, တွဲ၊ ချုပ်, ဆိုးနဲ၊ ထိုးမြဲ ခွန်ပုဗ္ဗ။**

ပုဗ္ဗကရဏ ၇ ပါး။ ။(၁) သင်္ကန်းလျာအဝတ်ကို ဖွပ်လျှော်ရခြင်း၊
(၂) ပဉ္စခဏ်း, သတ္တခဏ်းစသည် မျဉ်းချမှု, အမှတ်ပြုမှုတို့ဖြင့် စီရင်ရခြင်း၊
(၃) စီရင်ချက်အတိုင်း ဖြတ်ရခြင်း၊
(၄) တဲအပ် တွယ်ရခြင်း၊
(၅) ချုပ်ရခြင်း၊
(၆) ဆိုးရခြင်း၊
(၇) ကပ္ပဗိန္ဒု ထိုးရခြင်း၊ ပုဗ္ဗကရဏ ၇ ပါး။

**ပစ္စုဒ္ဓါရုံ၊အဓိဋ္ဌာန်၊ ခင်းပြန်အတ္ထာရ။**

အဓိပ္ပါယ်။ ။သင်္ကန်းဟောင်းကို ပစ္စုဒ္ဓိုရ်ပြုရခြင်း၊ ကထိန်သင်္ကန်းကို အဓိဋ္ဌာန်တင်ရခြင်း၊ နှုတ်မြွက်၍ ခင်းရခြင်း။ [ယခုကာလ၌ကား ချုပ်ပြီး,

ဆိုးပြီးကို ဥတ်သက်နီးပြုလုပ်ရန် လျှကြသည်ဖြစ်၍ ပုဗ္ဗကရဏ ၇ ပါးတွင် ကပ္ပဗိန္ဒုထိုးမှုတခုသာ ပြုခွင့်ရှိပေသည်။]

**ဖဲသွား, ပြီးပြေ၊ ဆုံးဖြတ်ထွေ၊ ပျောက်လေနုတ်ပြီကြား။**

**အာသာပြတ်တုံ၊ ဆောင်းလကုန်၊ နုတ်ကြုံ,မာ-ရှစ်ပါး။**

**မာတိကာ ၈ ပါး။** ။မာတိကာ ၈ ပါး၏ သရုပ်ကား (၁) ကထိန်အာနိသင်ကို ရရှိသော ရဟန်းတို့တွင် အချို့သောရဟန်းသည် တပေါင်းလပြည့် မတိုင်မီအတွင်း၌ ပြီးပြီးသောသက်နီးကိုယူ၍ တပေါင်းလအတွင်းမပြန်ပြီ-ဟု ထိုတိုက်တာမှအရပ်တပါးသို့ ဖဲသွားခြင်းတပါး၊ ဤသို့ ဖဲသွားရာ၌သင်္ကန်း ချုပ်လုပ်ရန်ကိစ္စသည် တိုက်တွင်း၌ပင် ပြီးစီးလျက်ရှိသောကြောင့် တိုက်တွင်း၌ပင် စီဝရပလိဗောဓပြတ်၏၊ တပေါင်းလအတွင်း ဤတိုက်သို့မပြန်ပြီ-ဟု ထွက်သောကြောင့် တိုက်အရံကို လွန်သည်နှင့် တပြိုင်နက် အာဝါသပလိဗောဓ ပြတ်၏။ ပလိဗောဓ ၂ ပါးပြတ်ရာ၌ ထိုပုဂ္ဂိုလ်မှာ ပျက်၏။ ဖဲသွားခြင်းလျှင် အဆုံးရှိသော ကထိန်နုတ်ခြင်း မည်၏။

(၂) ပြီးပြေ-ဆိုသည်ကား မချုပ်မဆိုးရသေးသော သက်နီးကိုယူ၍ ထိုနည်းတူ ထွက်သွား၏၊ သက်နီးကို အရပ်တပါးသို့ရောက်မှ ချုပ်မည်ဟု ယူခဲ့၍ အရပ်တပါး၌ ချုပ်လုပ်၏၊ ဤ၌ မပြန်ပြီ-ဟု ထွက်သောကြောင့် တိုက်တာ အရံကို လွန်ရာ၌ အာဝါသပလိဗောဓပြတ်၏၊ သက်နီးကိုရောက်ရာ၌ ချုပ်မည်-ဟု ယူခဲ့သောကြောင့် စီဝရပလိဗောဓ မပြတ်သေး၊ သက်နီးချုပ်လုပ်၍ ပြီးပြေမှ ပြတ်၏၊ ကထိန်ငြိမ်း၏၊ သက်နီးပြီးခြင်းလျှင် အဆုံးရှိသော ကထိန်နုတ်ခြင်းမည်၏။

(၃) ရောက်ရာ၌ သက်နီးကိုလည်း ချုပ်လုပ်မည်, တပေါင်းလပြည့် အတွင်းမှာပင် တိုက်တာသို့ပြန်မည်-ဟု ထွက်သွား၍ တိုက်ပြင်အရပ်တပါးသို့ ရောက်မှ သက်နီးကိုလည်း မချုပ်ပြီ၊ တိုက်သို့လည်း မပြန်ပြီ-ဟု စိတ်ဆုံးဖြတ်ရာ၏၊ ဆုံးဖြတ်ရာ၌ ကထိန်ငြိမ်း၏။ ။[သိသာပြီ။]

(၄) ပျောက်လေ-ဆိုသည်ကား ထိုနည်းတူ ထွက်သွား၍ တိုက်ပြင်သို့ ရောက်မှ သက်နီးလည်း ပျောက်၍သွား၏၊ မပြန်လိုပြီဟု စိတ်ဖြစ်၏၊ ကထိန် ငြိမ်း၏။ ။[သိသာပြီ၊]

(၅) နုတ်ပြီကြား-ဆိုသည်ကား ထိုနည်းတူထွက်သွားရာ၏၊ ထိုရဟန်း ထွက်သွားသည်နောက် ထိုတိုက်မှာ ကထိန်နုတ်ရန်အကြောင်းရှိ၍ ထိုကထိန်

ကို နုတ်ရ၏၊ သင်္ကန်းကို ရောက်ရာ၌ ချုပ်လုပ်ပြီးမှ ထိုတိုက်တာမှာ ကထိန် နုတ်ကြောင်းကို ကြား၏၊ ပြန်မည်ဟု စိတ်ရှိသော်လည်း နုတ်ကြောင်းကို ကြားသည်နှင့်တပြိုင်နက် ထိုရဟန်းမှာ ကထိန်ငြိမ်း၏။

(၆) ထိုနည်းတူ ထွက်သွား၍ ရောက်ရာ၌ သင်္ကန်းကို ချုပ်လုပ်၍ပြန်မည်-ဟု ကြံလျက် မပြန်ဖြစ်တဲ့နိုင်ရှိ၍ တပေါင်းလအတွင်းမှာ ပြန်လာရာ ထိုတိုက်တာ၌ အကြောင်းရှိ၍ ထိုကထိန်ကို နုတ်ကြသည်ကို ထိုရဟန်းလည်း ရောက်လာခိုက်ကြုံ၍ သံဃာနှင့်အတူနုတ်ရာပါလေ၏၊ ငြိမ်း၏။

(၇) အာသာပြတ်တုံ-ဆိုသည်ကား အရပ်တပါး၌ သင်္ကန်းလျာရလိမ့်မည်-ဟု အာသာနှင့်တကွ ထိုတိုက်တာသို့ မပြန်ပြီ-ဟု ထွက်သွား၏၊ အာသာရှိသေးသည့်အတွက် တိုက်ပြင်အရပ်တပါးသို့ရောက်သော်လည်း စီဝရပလိဗောဓ ရှိသေး၏၊ ကထိန် မငြိမ်းသေး၊ ထိုကထိန်လျာသည် မရရှိလေ၏၊ အာသာပြတ်၏၊ ကထိန်ငြိမ်း၏။

(၈) အာသာနှင့်တကွ ထွက်သွားရာ အာသာရှိရာ ကထိန်သင်္ကန်းလျာ ရမူကား ထိုသင်္ကန်းလျာအတွက် ချုပ်လုပ်ရန် စီဝရပလိဗောဓဆောက်၍ သွားပြန်၏၊ ပြီးပြေဆုံးဖြတ် စသည်တို့သို့ရောက်ပြန်လေ၏။ အကျယ်ကို ခန္ဓကပရိဝါရတို့၌ ယူလေ။ ။မာတိကာ ၈ ပါးပြီး၏။

**သင်္ကန်းနှင့်စပ်၊ ကျောင်းနှင့်စပ်၊ နှစ်ရပ်ပေါဓပြေး။** [ဤ ပလိဗောဓ ၂ ပါး ထင်ရှားပြီ။]

**အန္တရုဗ္ဘာ၊ သဟုဗ္ဘာ၊ နှစ်ဖြာနုတ်ခြင်းပြား။**

**အစိပ္ပါယ်။** ။အန္တရုဗ္ဘာရနုတ်ခြင်း၊ သဟုဗ္ဘာရနုတ်ခြင်း-ဟူ၍ နုတ်ခြင်း ၂ ပါးရှိ၏၊ ထိုတိုက်တာတွင်း၌ ကထိန်နုတ်မှုကိုပင် ထိုရဟန်းမပြန်မီ နုတ်မှု ထိုရဟန်းပြန်လာ၍ မှီသဖြင့် ထိုရဟန်းနှင့်တကွ နုတ်မှုဟူ၍ ၂ ပါးဖြစ်သတည်း။ ။ ဤ၌ ဥတ္တိဒုတိယကမ္မဝါစာဖြင့် ကထိန်နုတ်ခြင်းသည် သံဃိက လှူထားသော သင်္ကန်းများကို ကထိန်အာနိသင်မရသော ရဟန်းများပါ ရစေလို၍၎င်း၊ ကထိန်ခင်းလိုက်သဖြင့် ရရှိအပ်သော သင်္ကန်းကာလကို ပျက်ပြားစေ၍ အကာလ သင်္ကန်းကို လှူလိုသူ၏ အကာလသင်္ကန်းကို အလှူခံနိုင်ခြင်းအကျိုးငှါ၎င်း ဖြစ်လေသည်၊ ကထိန်ထပ်ခင်းလို၍ မဟုတ်၊ ကထိန်ကို ထပ်၍ မခင်းကောင်း-ဟု ပါစိတ်ပါဠိတော်(မြန်မာပြန်) ဘိက္ခုနီပါတိမောက်-နဂ္ဂဝဂ်-ကထိန္နုဒ္ဓါရ ပဋိဗာဟန သိက္ခာပုဒ်၌ ဖေါ်ပြထားသော ဝတ္ထုကြောင်းကို ထောက်သောအားဖြင့်

သိအပ်၏။ ။ထင်ရှားစေဦးအံ့။ ။ဤသိက္ခာပုဒ်ကိုထောက်လျှင် တရားနှင့် မလျော်ညီသော ကထိန်နုတ်ခြင်းကို တားမြစ်လျှင် အာပတ်မသင့်-ဟူသော သဘောမှာ ပေါ်လွင်ပါသည်၊ ထို့ကြောင့် တရားနှင့်လျော်ညီသော ကထိန်နုတ်ခြင်းကိုသာလျှင် ဘုရားရှင်ခွင့်ပြုတော်မူချေသည်-ဟု သိအပ်၏။ ကထိန်ခင်းခြင်းကြောင့် တပေါင်းလပြည့်နေ့တိုင်အောင် သင်္ကန်းကာလ ဖြစ်နေသည်ကို အကာလဖြစ်အောင် ကထိန်နုတ်ခြင်းကို ဘုရားရှင် ခွင့်ပြုတော်မူ၏၊ (ဝါ) ရရှိထားသော အကျိုးတို့ကို ဖျက်ပယ်တော်မူ၏။ သို့ဖြစ်၍ ထိုအကျိုးတို့ကိုတဖန် ခိုင်မြဲစေခြင်းငှါကထိန်ကိုထပ်၍မခင်းကောင်း-ဟု သန္နိဋ္ဌာန်ကျ မှတ်အပ်၏။ ။ ပရိဝါသ မာနတ္တာဒိဝိနိစ္ဆယကျမ်း - ကထိန်အဆုံးအဖြတ် - ဥဗ္ဘာရ အခဏ်း၌ ဖေါ်ပြထားသော ဝေဖန်ချက်ကိုလည်း ဖတ်တော်မူကြပါကုန်။တရားနှင့် လျော်ညီသော ကထိန်နုတ်ခြင်းနှင့်ပတ်သက်၍ အကျယ်သိလိုလျှင် ပါတိမောက် ဘာသာဋီကာနှင့် ဘုရားဥပဒေတော်ကြီးတို့ ကြည့်။

## နိသင်ငါးမှာ၊ ဤသို့လာ၊ သေချာမှတ်ထားပါ။

**အစိပ္ပါယ်။** ။အာနိသံသသည် အနာမန္တစာရ, အသမာဒါနစာရ, ဂဏဘောဇန, ယာဝဒတ္ထစီဝရ, ယော စ တတ္ထ စီဝရုပ္ပါဒ-ဟူ၍ ၅ ပါးရှိ၏။ ထို ၅ ပါးတို့တွင် ကထိန်အာနိသင် တည်ရှိနေသမျှကာလပတ်လုံး (၁) အစေလက ဝဂ်-စာရိတ္တသိက္ခာပုဒ်ဖြင့် အာပတ်မသင့်ခြင်းသည် အနာမန္တစာရ မည်၏။ (၂) စီဝရဝဂ်-ဒုတိယ ကထိနသိက္ခာပုဒ်ဖြင့် အာပတ်မသင့်ခြင်းသည် အသမာဒါနစာရ မည်၏။ (၃)ဘောဇနဝဂ်-ဂဏဘောဇနသိက္ခာပုဒ်ဖြင့် အာပတ်မသင့်ခြင်းသည် ဂဏဘောဇနမည်၏။ (၄) စီဝရဝဂ်-ပဌမ ကထိနသိက္ခာပုဒ်ဖြင့် အာပတ်မသင့်ခြင်းသည် ယာဝဒတ္ထစီဝရ မည်၏။ (၅)အာရာမ် အတွင်း၌ "သံဃဿ ဒေမ"ဟု ဆို၍ လှူအပ်သော သင်္ကန်းတို့ကို ကထိန်အာနိသင်ရသော ရဟန်းတို့သာ ပိုင်ဆိုင်ခြင်းသည် ယော စ တတ္ထ စီဝရုပ္ပါဒ မည်၏။ ဤကား ကထိန်အာနိသံသ ၅ ပါးတည်း။

**မှတ်ချက်။** ။ပုဗ္ဗကရဏမှစ၍ ဤအလုံးစုံကိုသိသော ရဟန်းမှ အင်္ဂါ ၈ ပါးနှင့် ပြည့်စုံသည်ဖြစ်၍ ကထိန်ခင်းခြင်းငှါ ထိုက်သည်-ဟု ပရိဝါပါဠိတော် (မြန်မာပြန်) အပိုဒ်၄၀၉ ၌ လာသည်။

**ဝါဒကွဲပုံ။** ။ကထိန်ခင်းရာ၌ ဝါဒအမျိုးမျိုးရှိ၏၊အချို့က (၁) တိစီဝရိက်ဆောက်တည်သော ပုဂ္ဂိုလ်သာလျှင် ကထိန်ခင်းအပ်၏၊မဟုတ်လျှင် မခင်းအပ်-ဟု ဆို၏။ (၂) အချို့က ကထိန်သင်္ကန်းကိုပေးသောအရာ၌သာ သံဃာ

ကို အလိုရှိသည်၊ ခင်းသော အရာ၌ကား သံဃာကို အလိုမရှိ-ဟုဆို၏။ (၃) အချို့က ခင်းသောအရာ၌လည်း သံဃာကို အလိုရှိသည်-ဟုဆို၏။ [ဤဝိဝါဒ တို့ကို ညောင်လွန့်ဆရာတော်ဘုရားကြီး စီရင်တော်မူသော ပကိဏ္ဏကဒီပနီကျမ်း ဒုတိယတွဲ၌လာသော အောက်ပါအဆုံးအဖြတ်တို့ဖြင့် ရှင်းပြပါအံ့။]

"(၁) ကထိန်သင်္ကန်းကို မပေးခင်ကပင် တိစီဝရိက်ကိုဆောင်၍ ခင်းရမည်၊ ပေးပြီးမှ တိစီဝရိက်ကိုဆောင်၍ခင်းလျှင် အပ်မည်,မအပ်မည်ကိုလည်း သိလိုပါသည်-ဟူသော ပုစ္ဆာ၌။ ။ဤစကားရပ်ဝယ် ရဟန်းဖြစ်သည်က အစ ပြု၍ သိက္ခာပုဒ်တော်ကိုယ်၌ တည်သမျှ ကာလပတ်လုံး တိစီဝရိက် ဆောင် သော ပုဂ္ဂိုလ်ချည်းသာ သာသနာတော်၌ ရှိရမည်ဟူသော စကားကို စီဝရက္ခန္ဓက ပါဠိတော် အဋ္ဌကထာ ဋီကာတို့၌ သေချာစွာကြည့်။ ။အထက်ပါ ပုစ္ဆာ အတိုင်း နှစ်ပါးလုံးသော အခြင်းအရာအားဖြင့်ပင် အပ်သည်သာဟု မှတ်ရာ၏။ ထို့ကြောင့် ဝိနယာလင်္ကာရဋီကာ၌—

တသ္မာ တိစီဝရာဓိဋ္ဌာနဿ ဒုပ္ပရိဟာရတ္တာ သဗ္ဗဒါ ဓာရေတုံ အသက္ကောန္တော ဟုတွာ ပရိက္ခာရစောဠဝသေန ဓာရေန္တောပိ တံ ပစ္စုဒ္ဓရိတွာ အာသန္နေ ကာလေ တိစီဝရာဓိဋ္ဌာနေန အဓိဋ္ဌဟန္တောပိ ကထိနံ အတ္ထရိတုံ လဘတိ- ယေဝါတိ ဒဋ္ဌဗ္ဗံ။ ။ဟူ၍ မိန့်အပ်၏။

တသ္မာ၊ ထို့ကြောင့်။ တိစီဝရာဓိဋ္ဌာနဿ၊မိမိအမည်ဖြင့် သင်္ကန်းသုံးထည်ကို အဓိဋ္ဌာန်သောပုဂ္ဂိုလ်၏။ ဒုပ္ပရိဟာရတ္တာ၊ ဆောင်နိုင်ခဲသည်၏အဖြစ်ကြောင့်။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ ဓာရေတုံ၊ ဆောင်ခြင်းငှါ။ အသက္ကောန္တော၊ မစွမ်း နိုင်သည်။ ဟုတွာ၊ ဖြစ်၍။ (ဝါ)ဖြစ်သောကြောင့်။ ပရိက္ခာရစောဠဝသေန၊ ပရိက္ခာရစောဠ၏ အစွမ်းဖြင့်။ ဓာရေန္တောပိ၊ ဆောင်သော်လည်း။ တံ၊ ထို ပရိက္ခာရစောဠအဓိဋ္ဌာန်ကို။ ပစ္စုဒ္ဓရိတွာ၊ ပစ္စုဒ္ဓိုရ်ပြု၍။ အာသန္နေကာလေ၊ ကထိန်ခင်းခါနီးကာလ၌။ တိစီဝရာဓိဋ္ဌာနေန၊ တိစီဝရိက် အဓိဋ္ဌာန်တင်ခြင်း ဖြင့်။ အဓိဋ္ဌဟန္တောပိ၊ အဓိဋ္ဌာန်တင်သော ရဟန်းသည်လည်း။ ကထိနံ၊ ကထိန် ကို။ အတ္ထရိတုံ၊ ခင်းခြင်းငှါ။ လဘတိယေဝ၊ ရသည်သာလျှင်တည်း။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ။(ဤကား အနက်။)

တိစီဝရိက်ဆောင်၍ ကထိန်ခင်းရကြောင်း ဝိနိစ္ဆယပြီး၏။

(၂) ကထိန်သင်္ကန်းကိုပေးသော အရာ၌သာ သံဃာကို အလိုရှိရမည်၊ခင်း သောအခါ၌လည်း သံဃာကို အလိုရှိရမည်,မရှိရမည်ကိုရင်း သိလိုပါသည် ဟူသောပုစ္ဆာ၌-ကထိန်ကံသည် စတုဝဂ္ဂကရဏီယကံဖြစ်၍ ခံသူတပါး, ပေးသူ

လေးပါး အနည်းဆုံးအားဖြင့် ပြုအပ်သောကြောင့်၎င်း၊ ကထိနတ္ထာရံ ကေ လဘန္တိ၊ ကေ န လဘန္တိ၊ ဂဏာဝသေန တာဝ ပစ္ဆိမကောဋိယာ ပဥ္စဇနာ လဘန္တိ၊ ဥဒ္ဓံ သတသဟဿမ္ပိ-ဟူသော ပါဠိ၌ အတ္ထာရံ သဒ္ဒါဖြင့် အဋ္ဌကထာ ဆရာဆိုတော်မူသောကြောင့်၎င်း၊ ကထိနဿ ကတီ မူလာနိ ကော မူလံ သံဃော-ဟူ၍ သံဃာသည် ကထိန်၏ မူလမည်ကြောင်း ပရိဝါ၌လာသောကြောင့်၎င်း၊ ကထိန်သင်္ကန်းကို ပေးခြင်း ခင်းခြင်းနှစ်ပါးလုံး၌ပင် သံဃာကို အလိုရှိရမည်သာ ဖြစ်၍ ပေးသောအခါ၌လည်း သံဃာကပေးမှ ခင်းသောအခါ၌လည်း သံဃာ၏ မျက်မှောက်၌ ခင်းမှပင် အပ်သည်-ဟုမှတ်ရာ၏။

ကထိနတ္ထာရံ၊ ကထိန်ခင်းခြင်းကို။ ကေ၊ အဘယ်သူတို့သည်။ လဘန္တိ၊ရပါကုန်သနည်း။ ကေ၊တို့သည်။ န လဘန္တိ၊ မရပါကုန်သနည်း။ ဣတိ အယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ ။တာဝ၊ ရှေးဦးစွာ။ ဂဏာဝသေန၊ ဂိုဏ်း၏ အစွမ်းဖြင့်။ ပစ္ဆိမ ကောဋိယာ၊ အဆုံးစွန်အားဖြင့်။ ပဥ္စဇနာ၊ ငါးယောက်သော ရဟန်းတို့သည်။ လဘန္တိ၊ ရကုန်၏။ ဥဒ္ဓံ၊ အထက်၌။ သတ သဟဿမ္ပိ၊ တသိန်းပင်လည်း။ လဘန္တိ၊ ရကုန်၏။ (ဤကား အဋ္ဌကထာပါဠိ၏ အနက်။)

ကထိနဿ၊ ကထိန်၏။ မူလာနိ၊ မူလတို့သည်။ ကတီ၊အဘယ်မျှလောက်တို့ပါနည်း။ ။ကထိနဿ၊ ၏။ မူလံ၊ မူလသည်။ သံဃော၊ သံဃာဟုဆိုအပ်သော။ ကော၊တခုတည်း။ ။(ဤကား ပရိဝါပါဠိ၏ အနက်)။ ။

ကထိန်သင်္ကန်းကို ပေးသောအခါ ခင်းသောအခါ နှစ်ပါးလုံး၌ သံဃာရှိမှ အပ်ကြောင်း ဝိနိစ္ဆယပြီး၏။

အမှာ။ ။ဝိဝါဒရှိ၍ မတင်မကျဖြစ်နေလျှင် ဝိနည်းအရာဝယ် ဂရုဘက်သို့လိုက်၍ ပြုခြင်းသည် အကောင်းဆုံးနည်း ဖြစ်သည်-ဟူ၍ သိတော်မူကြပါကုန်။

ကထိန်အမြွက် ပြီးပြီ။

---

## ၄၈။ သုသာန်၌ ကျောင်းဆောက်၍ နေအပ်-မနေအပ် အဆုံးအဖြတ်

အချို့က သုသာန်၌ နေအပ်၏၊ အချို့က မနေအပ်—ဟုဆိုကြ၏။ မနေအပ်—ဟုဆိုကြသော ပုဂ္ဂိုလ်တို့တွင် အချို့က ဝိသုဒ္ဓိမဂ် အရသာ- သုသာန်ဝတ်အခန်း၌လာသည့် "သုသာန်၌ မဏ္ဍပ်ညောင်စောင်း သောက်ရေ သုံးရေ စသည်ကို ထားစေ၍ စာပေပို့ချကာ မနေအပ်"ဆိုသော စကားကို သုသာန်၌

မနေအပ်-ဟု အစိပ္ပါယ်ကောက်ကြ၏။ အချို့က "ဆဝကုဋိ၌(ဝါ)မိုးထိမှုအရ သုသာန်ကုဋိ၌ဝါမဆိုအပ်"ဆိုသောစကားကို ထောက်၍ သုသာန်၌ မနေအပ်-ဟု ယူကြ၏။

သုသာန်ဓုတင်ကို မာန်ချိုးရန်အလို့ငှါ ဒေါသ စိတ် မာန် ခက်ထန်သော ပုဂ္ဂိုလ်တိုင်း ဆောက်တည်ဖို့ကောင်း၏။ ယခုမူ သုသာန်၌ မနေအပ်-ဟု အချို့ ဆိုသောကြောင့် သုသာန်၌နေ၍ သုသာန်ဓုတင်ကို ပိုင်ပိုင်နိုင်နိုင် ဆောက်တည် လိုသော ပုဂ္ဂိုလ်များမှာ မဆောက်တည်ဝံ့ပေ။ အမှန်မှာ ဝိနည်းအရလည်း သုသာန်၌ နေအပ်၏၊ သုတ္တန်နည်းဖြင့်လည်း နေအပ်၏။ နေအပ်မှန်း သိလျက် သုသာန်၌ မနေအပ် ဟု ဆိုသော ပုဂ္ဂိုလ်တို့ကို အားနာ၍ ထုတ်ဖော် မရေးပဲ ဆိတ်ဆိတ်နေမည်ဆိုလျှင် ဂတိလိုက်စားရာလည်း ကျသည်ဟူ၍၎င်း၊ ယခုလက်ရှိ မသိနားမလည်သော ပုဂ္ဂိုလ်တို့နှင့်တကွ နောင်လာနောက်သားများ၏ အကျိုး ကိုလည်း မငဲ့ရာရောက်သည် ဟူ၍၎င်း၊ သုသာန်၌ မနေအပ် ဟု ယူဆသော ပုဂ္ဂိုလ်တို့ကိုလည်း လမ်းမှန်သို့ရောက်အောင် မဆွဲဆောင်ရာ ကျသောကြောင့် ဝတ္တရားပျက်သည်ဟူ၍၎င်း စိတ်ကူးမိသောကြောင့် ရေးတော့မည်ဟု ဆုံးဖြတ် ပါသည်။ ထို့ကြောင့် သုသာန်၌နေအပ်ကြောင်းကို ဝိနည်းဖြင့်လည်း ရှင်းပြ ပါမည်၊ သုတ္တန်နည်းဖြင့်လည်း ရှင်းပြပါမည်။ [သုသာန်၌နေ၍ သုသာန်ဓုတင် ဆောက်တည်သောပုဂ္ဂိုလ်၊ ရွာကျောင်း မြို့ကျောင်း တောကျောင်းတို့မှ ညဉ့် ဘက်တွင် သုသာန်သို့လာ၍ သုသာန်ဓုတင် ဆောက်တည်သောပုဂ္ဂိုလ်-ဟူ၍ ပုဂ္ဂိုလ် ၂ မျိုးရှိကြောင်းကိုလည်း ရှင်းပြပါအံ့။]

သုသာန်၌နေအပ်ကြောင်းကို ဝိနည်းလမ်းကြောင်းဖြင့် ရှေးဦးစွာ ရှင်းပြ ပါအံ့။

(၁)။ ။ဆဋ္ဌမူ-မဟာဝဂ္ဂပါဠိ-ဝဿူပနာယိကက္ခန္ဓက- နှာ ၂၁၂၊ ဝဿံ အနုပဂန္တဗ္ဗဒွါနာနိ ခေါင်းစဉ်အောက်၌....န ဘိက္ခဝေ ဆဝကုဋိကာယ ဝဿံ ဥပဂန္တဗ္ဗံ၊ ယော ဥပဂစ္ဆေယျ၊ အာပတ္တိဒုက္ကဋဿ။ ။အနက်-ဘိက္ခဝေ၊ ရဟန်းတို့။ ဆဝကုဋိကာယ၊ ဆဝကုဋိ၌။ ဝဿံ၊ ဝါသို့။ န ဥပဂန္တဗ္ဗံ၊ မကပ် ရောက်အပ်(ဝါမဆိုအပ်)။ယော၊ အကြင်ရဟန်းသည်။ဥပဂစ္ဆေယျ၊ ကပ်ရောက် ငြားအံ့(ဝါဆိုငြားအံ့) တဿဘိက္ခုနော၊ ထိုရဟန်းအား။ ဒုက္ကဋဿ၊ ဒုက္ကဋ် အာပတ်သို့။ အာပတ္တိ၊ ရောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏ဟု-ဆိုသည်။ [ဆဝ ကုဋိကို မဟာဝါ ပါဠိတော်(မြန်မာပြန်) အပိုဒ် ၂၀၄ (၅)၌ သူသေကောင် ထားရာ တဲ-ဟု ပြန်ဆို၏။ မိုးထိမှု၌ကား သုသာန်ကုဋိ-ဟု ပြန်ဆို၏။]

(၂) ဤစကားကို မဟာဝဂ္ဂအဋ္ဌကထာ- ဝဿူပနာယိကက္ခန္ဓက-ဝဇာဒီသု ဝဿူပဂမနကထာ ခေါင်းစဉ်အောက်၌- ဘိက္ခဝေ န ဆဝကုဋိကာယန္တိ ဆဝကုဋိကာ နာမ ဋင်္ကိတ မဉ္စာဒိဘေဒါကုဋိ၊တတ္ထ ဥပဂန္တုံ န ဝဋ္ဋတိ။ သုသာနေ ပန အညံ ကုဋိကံ ကတွာ ဥပဂန္တုံဝဋ္ဋတိ။ ။အနက်-န ဘိက္ခဝေ ဆဝကုဋိကာယန္တိ၊ န ဘိက္ခဝေ ဆဝကုဋိကာယံ ဟူသည်ကား။ဆဝကုဋိကာနာမ၊ဆဝကုဋိမည်သည်။ ဋင်္ကိတမဉ္စာဒိဘေဒါ၊ ဋင်္ကိတ ညောင်စောင်းစသည် အပြားရှိသော။ ကုဋိ၊ ကုဋိတည်း။ တတ္ထ၊ ထိုဆဝကုဋိ၌။ ဥပဂန္တုံ၊ ကပ်ရောက်ခြင်းငှါ (ဝါဆိုခြင်းငှါ)။ န ဝဋ္ဋတိ၊ မအပ်။ ပန၊ မအပ်သည်မှတပါး အပ်သည်ကို ဆိုဦးအံ့။ သုသာနေ၊ သုသာန်၌။ အညံ၊ ဆဝကုဋိမှတပါးသော။ ကုဋိကံ၊ ကုဋိကို။ ကတွာ၊ ပြု၍ (ဆောက်လုပ်၍)။ ဥပဂန္တုံ၊ ကပ်ရောက်ခြင်းငှါ (ဝါဆိုခြင်းငှါ)။ ဝဋ္ဋတိ၊ အပ်၏-ဟု ဖွင့်ဆိုသည်။ [သုသာနေ ပန အညံ ကုဋိကံ ကတွာ ဥပဂန္တုံ ဝဋ္ဋတိ= သုသာန်၌ ဆဝကုဋိမှတပါးသော ကျောင်းကို ဆောက်လုပ်၍ ဝါကပ်ခြင်းငှါ အပ်၏-ဟူသော စကားအရ ဝါတွင်း၌ပင် ကျောင်းဆောက်၍နေ အပ်လျှင် ဝါပ၌ကား ဆိုဖွယ်ရာ မရှိပြီဟု မှတ်ယူအပ်၏။ ဝါတွင်းဝါပ နှစ်ခုလုံး၌ နေနိုင်လျှင် တသက်လုံး နေနိုင်၏-ဟု သန္နိဋ္ဌာန်ကျ မှတ်ယူအပ်၏။]

မှတ်ချက်။ ။ဆဝကုဋိ(ဝါ)ဋင်္ကိတညောင်စောင်း၏ ပုံသဏ္ဌာန်ကို ဆဋ္ဌမူ သာရတ္ထဒီပနီဋီကာ-တတိယတွဲ-ဝဿံ အနုပဂန္တဗ္ဗဋ္ဌာနကထာ ဝဏ္ဏနာ၌... ဋင်္ကိတမဉ္စော နာမ ဒီဃေ မဉ္စပါဒေ မဇ္ဈေ ဝိဇ္ဈိတွာ အဋနိယော ပဝေသေတွာ ကတော မဉ္စော။ တဿ ဣဒံ ဥပရိ ဣဒံ ဟေဋ္ဌာတိ နတ္ထိ။ ပရိဝတ္တေတွာ အတ္ထ တောပိ တာဒိသောဝ ဟောတိ၊ တံ သုသာနေ ဒေဝဋ္ဌာနေ စ ဌပေန္တိ၊ စတုန္နံ ပါသာဏာနံ ဥပရိ ပါသာဏံ အတ္ထရိတွာ ကတံ ဂေဟမ္ပိ "ဋင်္ကိတမဉ္စော" တိ ဝုစ္စတိ။ အနက်-ဋင်္ကိတမဉ္စောနာမ၊ ဋင်္ကိတညောင်စောင်းမည်သည်။ ဒီဃေ၊ ရှည်ကုန်သော။ မဉ္စပါဒေ၊ ညောင်စောင်း၏ခြေတို့ကို။ မဇ္ဈေ၊ အလယ်၌။ ဝိဇ္ဈိတွာ၊ ထွင်းဖေါက်၍ (စရွေးထွင်း၍)။ အဋနိယော၊ ဘောင်တို့ကို။ ပဝေသေတွာ၊ သွင်း၍ (စရွေးပေါက်၌သွင်း၍)။ ကတော၊ ပြုလုပ်အပ်သော။ မဉ္စော၊ ညောင်စောင်းတည်း။ တနည်း--ဒီဃေ၊ ရှည်ကုန်သော။ မဉ္စပါဒေ၊ ညောင်စောင်း၏ခြေတို့ကို။ မဇ္ဈေ၊ အလယ်၌။ ဝိဇ္ဈိတွာ၊ ထွင်းဖေါက်၍။ အဋနိယော၊ ဘောင်တို့ကို။ ပဝေသေတွာ၊ သွင်း၍။ ကတော၊ ပြုလုပ်အပ်သော။ မဉ္စော၊ ညောင်စောင်းသည်။ ဋင်္ကိတမဉ္စော နာမ၊ ဋင်္ကိတညောင်စောင်းမည် ၏။ တဿ၊ ထိုဋင်္ကိတညောင်စောင်း၏။ ဣဒံ၊ ဤသည်ကား။ ဥပရိ၊ အထက်တည်း (အပေါ်ပိုင်းတည်း)။ ဣဒံ၊ ဤသည်ကား။ ဟေဋ္ဌာ၊ အောက်တည်း (အောက်ပိုင်းတည်း)။ ဣတိ၊ ဤသို့ အထက်ပိုင်း အောက်ပိုင်းဟူ၍ (အထက်

ပိုင်း အောက်ပိုင်းမည်သည်)။ နတ္ထိ၊ မရှိ။ ပရိဝတ္တေတွာ၊ အထက်အောက် ပြန်လှန်၍။ အတ္ထတောပိ၊ ခင်းပါသော်လည်း။ တာဒိသောဝ၊ ထိုရှေးကနှင့် တူသည်သာလျှင် (ပြန်လှန်၍ မခင်းမီ ရှေးကလိုပင်)။ ဟောတိ၊ ဖြစ်၏။ တံ၊ ထိုဠာကိတညောင်စောင်းကို။ သုသာနေစ၊ သုသာန်၌၎င်း။ ဒေဝဋ္ဌာနေ စ၊ နတ်တို့၏နေရာ၌၎င်း။ ဌပေန္တိ၊ ထားကုန်၏။ စတုန္နံ၊ လေးလုံးကုန်သော။ ပါသာဏာနံ၊ ကျောက်တို့၏။ ဥပရိ၊ အထက်၌ (အပေါ်၌)။ ပါသာဏံ၊ ကျောက်ပြားကို။ အတ္ထရိတွာ၊ ခင်း၍ (တင်ထား၍)။ ကတံ၊ ပြုလုပ်အပ်သော။ ဂေဟမ္ပိ၊ အိမ်ကိုလည်း။ ဌာကိဘမဉ္စောတိ၊ ဌာကိတမဉ္စဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏-ဟူ၍ ဖွင့်ဆိုရှင်းပြ၏။ [ဝိမတိဝိနောဒနီ ဋီကာ၌လည်း နည်းတူပင် ဖွင့်ဆိုသည်။]

သုသာန်၌နေအပ်ကြောင်းကို ဝတ္ထုကြောင်းဖြင့်လည်း ရှင်းပြပါဦးအံ့။

(၃)။ ။ဘုရားရှင်လက်ထက်တော်၌ ရဟန်းတပါးသည် သုသာန်၌ နေ၏၊ ထိုရဟန်းသည် အလွန်တရာမှ အသက်မွေးဝမ်းကျောင်း၌ ရှောင့်ရဲ လွယ်ကူရကား ရွာထဲ၌ ဆွမ်းမခံပဲ သေလွန်ပြီးသော မိဘ ဘိုးဘွား တို့ကို ရည်စူး၍ သုသာန်၌ လူတို့ထားသွားသော အစားအသောက်များကိုသာ စားသောက်၍ နေ၏၊ ရှောင့်ရဲလွယ်ကူသလောက်လည်း ထိုရဟန်းသည် သိသိ သာသာကြီး ဝဖြိုးလာ၏၊ လူဘို့က ထိုရဟန်းအား "သေလွန်သောမိဘ ဘိုးဘွား တို့ကို ရည်စူး၍ ငါတို့ ထားသွားသော အစားအသောက်များကို ငါတို့မပေးပဲ အဘယ့်ကြောင့် ကိုယ်တိုင်ယူ၍ စားရသနည်း၊ ဝလိုက်တာလဲ ဖီးလို့၊ အသား တွေကလဲ ကျစ်ကျစ်လစ်လစ်ရှိလှ၏၊ လူသားကို စားနေဟန်တူ၏" ဟု ကဲ့ရဲ့ကြ ကုန်၏။ ထို့ကြောင့် ထိုရဟန်းကိုအကြောင်းပြု၍ "ရေ,ဒန်ပူတို့ကို ကြဉ်၍ မည်သည့်ဝတ္ထုကိုမျှ လူ,သာမဏေ, တိရစ္ဆာန်, နတ်တို့က မပေးမကပ်ပဲလျက် ကိုယ်တိုင်ယူ၍ မစားမသောက်ရ၊ စားသောက်လျှင် မျိုတိုင်းမျိုတိုင်း ပါစိတ် အာပတ်သင့်၏" ဟူသော ဒန္တပေါနသိက္ခာပုဒ်ကို ဘုရားရှင် ပညတ်တော်မူချေ သည်။ [အကယ်၍ သုသာန်၌နေခြင်းကို ဘုရားရှင် မနှစ်သက်ပါမူ သုသာန်၌ လည်း မနေရ-ဟု ပညတ်တော်မူချေမည်၊ ယခုသော်ကား အကပ်မခံပဲ မစားရ ဟုသာ ပညတ်တော်မူချေသည်။ ဤအချက်တို့ကို ထောက်လျှင် သုသာန်၌နေ အပ်၏-ဟူသော သဘောမှာ ပေါ်လွင်ပါသည်။]

(၄)။ ။ဒုတိယဝတ္ထု။ ။ဝိနည်း၌ တေဒဂ်ရသူအရှင်ဥပါလိ၏ဥပဇ္ဈာယ် ဆရာဖြစ်တော်မူသော ရဟန္တာကြီး အရှင်ကပ္ပိတကသည်လည်း သုသာန်၌နေ ၏။ တနေ့၌ ဆဗ္ဗဂ္ဂီ ဘိက္ခုနီတို့တွင် သီတင်းကြီးဖြစ်သော ဘိက္ခုနီသည် ကွယ် လွန်၏၊ ထိုဘိက္ခုနီတို့သည် ရုပ်အလောင်းကို အရှင်ကပ္ပိတက၏ကျောင်းအနီး၌

မီးသင်္ဂြိုဟ်၍ အရိုးစေတီပြုလုပ်ပြီးနောက် ထိုစေတီသို့ မကြာမကြာ သွား၍ ငိုကြကုန်၏၊ ထိုငိုသံနှိပ်စက်သဖြင့် အရှင်ကပ္ပိတကသည် စေတီကို ဖျက်ဆီး၍ ကစဉ့်ကရဲ ဖြန့်ကြဲထားလေ၏။ ထိုဘိက္ခုနီတို့သည် "ဤကပ္ပိတကသည် ငါတို့ အရှင်မ၏ စေတီကို ဖျက်ဆီး၏၊ ယနေ့ ညဉ့်ပင် ကပ္ပိတကကို သတ်ကြစို့" ဟု တိုင်ပင်ကြကုန်၏၊ ထိုအကြောင်းကို ဘိက္ခုနီတပါးက အရှင်ဥပါလိအား ပြောကြား၍ အရှင်ဥပါလိကလည်း အရှင်ကပ္ပိတကအား လျှောက်ထားလေ၏။ အရှင်ကပ္ပိတကသည် ကျောင်းမှ ထွက်ခွါ၍ ပုန်းကွယ်နေရလေ၏။ ထိုညဉ့်၌ပင် ထိုဘိက္ခုနီတို့သည် အရှင်ကပ္ပိတက၏ ကျောင်းသို့လာ၍ ကျောင်းကို အုတ်ခဲ ကျောက်ခဲတို့ဖြင့် ပြားအောင် ထုလေကုန်၏၊ "ကပ္ပိတကတော့ သေလောက်ပေါ့"ဟုဆို၍ ပြန်သွားကြလေသည်။

နံနက်လင်းသော် မြို့တွင်း၌ ဆွမ်းခံကြွနေသော အရှင်ကပ္ပိတကကို မြင်ကြလေရာ "ဒီကပ္ပိတကဟာ အသက်ရှင်နေသေးတယ်၊ ငါတို့ တိုင်ပင်တာကို ဘယ်သူ သွားပြောပါလိမ့်မလဲ"ဟု စုံထောက်ကြလေ၏။ အရှင်ဥပါလိ သွားပြောကြောင်း သိကြလေ၍ အရှင်ဥပါလိကို ဆဲဆို ကြိမ်းမောင်းကြလေ၏။ ထို့ကြောင့် ထိုဘိက္ခုနီတို့ကို အကြောင်းပြု၍ "အကြင် ဘိက္ခုနီသည် ရဟန်းယောကျ်ားကို ခြိမ်းချောက်မူလည်း ခြိမ်းချောက်ငြားအံ့၊ ဆဲရေးမူလည်း ဆဲရေးငြားအံ့၊ ထိုဘိက္ခုနီအား ပါစိတ် အာပတ်သင့်၏" ဟူသော ဘိက္ခုအက္ကောသန သိက္ခာပုဒ်ကို ဘုရားရှင် ပညတ်တော်မူချေသည်။ [သုသာန်၌ နေခြင်းအတွက်ကိုမူ ဘုရားရှင် ပညတ်တော်မမူချေ။ ဤအချက်ကိုထောက်လျှင် သုသာန်၌နေခြင်းကို ဘုရားရှင် နှစ်သက်တော်မူ၏၊ (ဝါ) ခွင့်ပြုတော်မူ၏- ဟူ၍ မှတ်ယူအပ်၏။ ။ရဟန္တာဖြစ်၍ ခွင့်ပြုတော်မူသည်- ဟု မယူလေလင့်။ ရဟန္တာ(အရိယာ)များ အတွက် တမျိုး၊ ပုထုဇဉ် ရဟန်းများအတွက် တမျိုး- ဟူ၍ ၂ မျိုး ပညတ်တော်မမူချေ၊ ရဟန်းအားလုံးအတွက် တမျိုးတည်းသာ ပညတ်တော်မူချေသည်။]

ဝိနည်းလမ်းကြောင်းဖြင့် သုသာန်၌ နေအပ်ကြောင်းကို ရှင်းပြပြီးပါပြီ၊ ယခု သုတ္တန်နည်းဖြင့်လည်း နေအပ်ကြောင်းကို ရှင်းပြပါဦးအံ့။

ရှေးဦးစွာ ဓုတင် ၁၃ ပါးလုံးကို တပြိုင်တည်း ဆောက်တည်နိုင်-မနိုင်ကို သိထားဖို့လိုသည့်အလျောက် ဝိသုဒ္ဓိမဂ် အရသာ-ဓုတင်အရသာ အခဏ်း- စာမျက်နှာ ၅၅ ၌လာသော အောက်ပါစကားကို သုံးသပ်ပါလေ။

(၁)။ ။တပြိုင်တည်း ၁၃ ပါး။ ။လွင်တီးခေါင်၌ တောကျောင်း အင်္ဂါပြည့်စုံအောင် ဝေးသောသုသာန်ဖြစ်ငြားအံ့၊ ရဟန်းတပါးတည်းသည်

လည်း တပြိုင်တည်း မိုတင် ၁၃ ပါးလုံး သုံးဆောင်ခြင်းငှါ စွမ်းနိုင်၏။ [ဤစကားသည် သုသာန်၌နေသော ပုဂ္ဂိုလ်ကို ရည်၍ ဆိုသောစကား ဖြစ်သည်။ (၀ါ) ပြလတ္တံ့သော ဝိသုဒ္ဓိမဂ် အဋ္ဌကထာဆရာ၏ နည်းကိုမှီ၍ ဆိုသောစကား ဖြစ်သည်။] ဤစကားကိုထောက်လျှင် သုသာန်၌ နေအပ်ကြောင်း ထင်ရှား၏၊ သို့သော် ထင်ရှားသည်ထက် ထင်ရှားလေအောင် အခြား ကျမ်းများဖြင့်လည်း သုသာန်၌နေအပ်ကြောင်းကို နောက်၌ ပြပါဦးမည်။

(၂)။ ။ဓုတင် ဆောက်တည်ပုံကို ဝိသုဒ္ဓိမဂ် အရသာ- သုသာန် ဓုတင် အခဏ်း၌ "န သုသာနံ ပဋိက္ခိပါမိ၊ သောသာနိကင်္ဂံ သမာဒိယာမိ။ ။ န သုသာနံ၊ သုသာန်မဟုတ်သော နေရာကို။ ပဋိက္ခိပါမိ၊ ပယ်ပါ၏။ သောသာနိကင်္ဂံ၊သုသာန်၌နေလေ့ရှိသော ပုဂ္ဂိုလ်၏ဖြစ်ကြောင်း ကုသိုလ်စေတနာကို။သမာဒိယာမိ၊ ဆောက်တည်ပါ၏။ ။တခွန်းခွန်းဖြင့် ဆောက်တည်အပ်၏" ဟူသောစကားဖြင့် ဖော်ပြထား၏။

"န သုသာနံ၊ သုသာန်မဟုတ်သော နေရာကို။ ပဋိက္ခိပါမိ၊ ပယ်ပါ၏" ဟူသော စကားအရ သုသာန်မဟုတ်သောနေရာကို ပယ်လျှင် "သုသာန်၌သာ နေပါ၏" ဟူ၍ အဓိပ္ပါယ် အလိုလိုထွက်သည်။ ဤစကားကို ပြလတ္တံ့သော "ပျက်ခြင်းအင်္ဂါ"၌ လာသည့် "သုသာန်မဟုတ်သော အရပ်၌ နေကာမျှဖြင့် သုံးယောက်လုံး ဓုတင်ပျက်၏"ဆိုသော စကားနှင့်ပေါင်းစပ်၍ယူလျှင် သုသာန်၌နေသောပုဂ္ဂိုလ်ကို ရည်၍ ဤ ဓုတင် ဆောက်တည်ပုံကို ဖေါ်ပြသည်-ဟု သိအပ်၏။

(၃)။ ။ပျက်ခြင်းအင်္ဂါကို ဝိသုဒ္ဓိမဂ်အရသာ- သုသာန်ဓုတင် အခဏ်း၌ "သုသာန်မဟုတ်သော အရပ်၌ နေကာမျှဖြင့် သုံးယောက်လုံး ဓုတင်ပျက်၏။ အင်္ဂုတ္တိုရ်ဆောင်တို့ကား ပစ္ဆိမယံ၌ ဖဲသွားခြင်းကို ဆိုသောကြောင့် သုသာန် မသွားသောနေ့၌ ဓုတင်ပျက်သည်ဟု ဆိုကုန်၏" ဟူသောစကားဖြင့် ဖေါ်ပြထား၏။

အထက် စာပိုဒ်၌လာသော စကားများကို စိစစ်လျှင် ပျက်ခြင်း အင်္ဂါ ၂မျိုး ရှိသည်-ဟုသိအပ်၏။ ။"သုသာန် မဟုတ်သော အရပ်၌ နေကာမျှဖြင့် သုံးယောက်လုံး ဓုတင်ပျက်၏"ဆိုသော စကားသည် ပဌမပျက်ခြင်း အင်္ဂါကို ဖေါ်ပြသော စကားဖြစ်သည်။ ။"အင်္ဂုတ္တိုရ် ဆောင်တို့ကား ပစ္ဆိမယံ၌ ဖဲသွားခြင်းကို ဆိုသောကြောင့် သုသာန် မသွားသောနေ့၌ ဓုတင်ပျက်သည်" ဆိုသော စကားသည် ဒုတိယ ပျက်ခြင်း အင်္ဂါကိုဖော်ပြသော စကားဖြစ်သည်-ဟူ၍ မှတ်အပ်၏။

ပျက်ခြင်းအင်္ဂါ ၂ ရပ်ရှိလျှင် ဆောက်တည်သော နည်းလည်း ၂ နည်းရှိရမည်-ဟုသိအပ်၏။ ။ပဌမနည်းမှာ သုသာန်၌ နေ၍ ဆောက်တည်သော နည်းဖြစ်သည်၊ (ဝါ) ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဆရာ၏ နည်းဖြစ်သည်။ ။ ဒုတိယနည်းကား ရွာကျောင်းမြို့ကျောင်းတောကျောင်းတို့မှ သုသာန်သို့ ညဉ့်အခါတွင်လာ၍မဗျိုမယံကို ကုန်စေပြီးလျှင် ပစ္ဆိမယံ၌ ဖဲသွားရမည်-ဟုဆိုသော နည်းဖြစ်သည်၊(ဝါ) အင်္ဂုတ္တိုရ်ဆောင် ပုဂ္ဂိုလ်တို့၏ နည်းဖြစ်သည်။[ဤ ပျက်ခြင်း အင်္ဂါ ၂ မျိုးတို့ကို ထောက်လျှင် သုသာန်၌ နေအပ်ကြောင်း ထင်ရှား၏။]

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဆရာ၏ နည်းကို ပြပါအံ့။

(၄)။ ။ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာ-ဓုတင်္ဂနိဒ္ဒေသ-သောသာနိကင်္ဂကထာ၌.... တသ္မိံ ပန ဝသန္တေန စင်္ကမံ မဏ္ဍပါဒီနိ ကာရေတွာ မဉ္စပီဌံ ပညပေတွာ ပါနီယ ပရိဘောဇနီယံ ဥပဋ္ဌာပေတွာ ဓမ္မံ ဝါစေန္တေန န ဝသိတဗ္ဗံ။ ။ အနက်-တသ္မိံ၊ ထိုသုသာန်၌။ ဝသန္တေန၊ နေသော ရဟန်းသည်။ စင်္ကမံ မဏ္ဍပါဒီနိ၊ စင်္ကြံ မဏ္ဍပ်စသည်တို့ကို။ ကာရေတွာ၊ ဆောက်လုပ်စေ၍။ မဉ္စပီဌံ၊ ညောင်စောင်းအင်းပျဉ်ကို။ ပညပေတွာ၊ ခင်းစေ၍။ ပါနီယ ပရိဘောဇနီယံ၊ သောက်ရေ သုံးဆောင်ရေကို။ ဥပဋ္ဌာပေတွာ၊ တည်ထားစေ၍။ ဓမ္မံ၊ တရားစာပေကို။ ဝါစေန္တေန၊ ပို့ချသင်ကြားလျက်။ န ဝသိတဗ္ဗံ၊ မနေသင့်-ဟုဆို၏။[ဤစကားသည် သုသာန်၌မနေအပ်-ဟု မဆိုပါ၊သုသာန်၌ နေသော ပုဂ္ဂိုလ်ကို ရည်၍ ဆိုသော စကားဖြစ်သည်၊ သုသာန်၌ နေ၍ သုသာန်ဓုတင်ကို ဆောက်တည်ခြင်းသည် အလွန် ဆောင်နိုင်ခဲသော အမှုဖြစ်၍ အချိန်ရှိခိုက် လုံ့လစိုက် ဆိုသည်နှင့် အညီ သုသာန်၌ စာသင်သားများအတွက် စင်္ကြံမဏ္ဍပ်စသည်တို့ကို ဆောက်လုပ်စေ၍ ညောင်စောင်းအင်းပျဉ်ကို ခင်းစေ၍ သောက်ရေ သုံးရေကို တည်ထားစေ၍ စာသင်သားများအား တရားစာပေ ပို့ချကာ မနေပဲ မရဏာနုဿတိ စသော ကမ္မဋ္ဌာန်းကို စီးဖြန်း၍ နေရန် သတိပေးသောအနေဖြင့် ဤစကားကိုအဋ္ဌကထာဆရာဆိုသည်-ဟူ၍သိအပ်၏။]

(၅)။ ။ဝိသုဒ္ဓိမဂ္ဂ မဟာဋီကာ-ဓုတင်္ဂနိဒ္ဒေသ-သောသာနိကင်္ဂကထာ ဝဏ္ဏနာ၌....သောသာနိကေန နာမ အပ္ပကိစ္စေန သလ္လဟုက ဝုတ္တိနာ ဘဝိတဗ္ဗန္တိ ဒဿေတုံ "တသ္မိံ ပန ဝသန္တေနာ" တိ အာဒိ ဝုတ္တံ။ ။အနက်-သောသာနိကေန နာမ၊သုသာန် ဓုတင်ဆောင် ရဟန်းမည်သည်။ အပ္ပကိစ္စေန၊ နည်းသော ပြုဘွယ်ကိစ္စရှိသည်၊ (ဝါ)ပြုဖွယ်အမှု နည်းပါးသည်။ သလ္လဟုက ဝုတ္တိနာ၊ ပေါ့ပါးသော အသက်မွေးခြင်း ရှိသည်။ ဘဝိတဗ္ဗံ၊ ဖြစ်သင့်၏။ ဣတိ ဣမံ အတ္ထံ၊ ဤသို့သော အနက်အဓိပ္ပါယ်ကို။ ဒဿေတုံ၊ ပြခြင်းငှါ။

"တသ္မိံ ပန ဝသန္တေနာ"တိ အာဒိ၊"တသ္မိံ ပန ဝသန္တေန"ဤသို့ အစရှိသော စကားကို။ ဝုတ္တံ၊ အဋ္ဌကထာဆရာမိန့်ဆိုအပ်ပြီ-ဟုဆို၏။ [ဤစကားသည် သုသာန်၌ နေ၍ သုသာန်ဓုတင် ဆောက်တည်ခြင်း၏ အကျိုးကို ရာခိုင်နှုန်း အပြည့်ရစေခြင်းငှါ ဓုတင်ဆောင် ပုဂ္ဂိုလ်အား ဝေယျာဝစ္စ နည်းနိုင်သလောက် နည်းအောင်ပြု၍ ရောင့်ရဲလွယ်ကူစွာဖြင့် အသက်မွေးရန် သတိပေးသော အနေဖြင့် အပိုဒ်(၄)၌ ပြဆိုခဲ့သော အဋ္ဌကထာဆရာ၏ စကားကို ဖြည့်စွက်၍ မဟာဋီကာဆရာဆိုသော စကားဖြစ်သည်-ဟူ၍သိအပ်၏။]

အချို့က ဓုတင်အကျိုးငှါသာလျှင် သုသာန်၌ နေအပ်သောကြောင့် ကျောင်းဝေယျာဝစ္စ စသော အထွေထွေကိစ္စကို မလုပ်ရ၊ လုပ်လျှင် အာပတ်သင့်၏-ဟု ဆို၏။ [ဤ အယူလည်း တက်တက်စင်အောင် မှား၏၊ အဘယ် ကြောင့် ဆိုသော် ဓုတင် ဆောက်တည်ခြင်းသည် ဝိနည်းသိက္ခာပုဒ်အရ ဆောက်တည်ခြင်း မဟုတ်၊ သုတ္တန်နည်းအရ ဆောက်တည်ခြင်းဖြစ်သည်၊ ကျောင်း ဝေယျာဝစ္စစသော အထွေထွေကိစ္စကို လုပ်ခြင်းဖြင့် ဓုတင် အကျိုးယုတ်၍ ကုသိုလ်အရနည်းသည်၊ မှန်၏။ သို့သော် ဓုတင်အလုပ်သည် ဝိနည်းတော်၌ အကျုံးမဝင်ရကား ဓုတင်အကျိုး ဆုတ်ယုတ်ခြင်းဖြင့် အာပတ်မသင့်-ဟူသော ကြောင့်တည်း။]။ ။အာပတ်မသင့်ဟု ဆိုသော်လည်း ဓုတင်အကျိုးကို မငဲ့ပဲ မနေအပ်ပေ။ အဘယ့်ကြောင့်နည်း၊ သုသာနေ ပန အညံ ကုဋ္ဌိကံ ကတွာ ဥပဂန္တုံ ဝဋ္ဋတိ-ဟူသော ဝိနည်းတော် ပါဠိအရ ကျောင်းဆောက်၍ နေနေမှုဖြင့် ဓမ္မတာအရ ကျောင်းဝေယျာဝစ္စမှာ မများလျှင်လည်း အနည်းအကျဉ်း တော့ ရှိမည်-ဟူသော အကြောင်းကို ထောက်၍ ဝေယျာဝစ္စကို အလျှင်း မလုပ်ရဟု မဆိုပဲ နည်းနိုင်သလောက် နည်းအောင် လုပ်ဖို့ ဝိသုဒ္ဓိမဂ္ဂ မဟာဋီကာ ဆရာဆိုသည်။ ဝေယျာဝစ္စလုပ်ခြင်းကြောင့် အာပတ်မသင့်သော်ငြားလည်း ဓုတင်အကျိုးကား ဝေယျာဝစ္စများသလောက် ဆုတ်ယုတ်လေသည်။အာပတ် မသင့်၍ ဓုတင်အကျိုးကို မငဲ့ပဲ အထွေထွေကိစ္စ ဆောင်ရွက်ခြင်းဖြင့် အချိန် ကုန်စေမည်ဆိုလျှင် သုသာန်၌ နေနေခြင်းသည် အဓိပ္ပါယ် မရှိသော နေခြင်း မျိုးဖြစ်ချိမ့်မည်-ဟူသော ကြောင့်တည်း။ [သုသာန်၌ နေသော ပုဂ္ဂိုလ်သည် ကမ္မဋ္ဌာန်းဘာဝနာ အလုပ်၌ အဓိကထား၍ အချိန်ကို ကုန်စေအပ်သည်-ဟူလို။]

(၆)။ ။ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာ (မြန်မာပြန်) ပဌမတွဲ-သောသာနိကင် ကထာ၌ "ထိုသုသာန်လက္ခဏာရောက်သော အရပ်၌ နေသော ရဟန်းသည် စင်္ကြံမဏ္ဍပ်တို့ကို ဆောက်လုပ်စေ၍ ညောင်စောင်း အင်းပျဉ်ကို ခင်း၍ သောက် ရေ သုံးဆောင်ရေကို တည်ထား၍ တရားစာပေသင်ကြားဖို့ချလျက် ထယ် ထယ်ဝါဝါ မနေသင့်ချေ၊ ဤဓုတင်သည် ဆောင်နိုင်ခဲစွာ ဝန်လေးလှ၏"ဟု

ဆိုသည်။ [ဤစကားသည် အပိုဒ်(၄)နှင့်(၅)တို့၌ ပြခဲ့သော အဋ္ဌကထာဆရာနှင့် မဟာဋီကာ ဆရာတို့၏ စကားများကို မှီ၍ ပြန်ဆိုသော စကားဖြစ်သည်၊ သူတပါးအား စာပေပို့ချကာ ဟိတ်ကြီးဟန်ကြီးလုပ်၍ မနေပဲ ကုပ်ကုပ်ကလေး ဖြင့် ကမ္မဋ္ဌာန်း စီးဖြန်း၍ နေရန် သတိပေးသော စကား ဖြစ်သည်-ဟူ၍သိအပ်၏၊]

ဝိသုဒ္ဓိမဂ်အရသာ-သုသာန်ဓုတင်အခဏ်း၌ လာသော အောက်ပါစကားကို စိစစ်ပါအံ့။

(၇)။ ။ထိုသုသာန်၌ ညောင်စောင်းသောက်ရေသုံးရေ စသည်ကိုထားစေ၍ စာပေပို့ချကာ မနေအပ်၊ ဤဓုတင်သည် ဝန်လေး၏-ဟု ဆိုသောစကားမှာ အပိုဒ်(၄),(၅)နှင့် (၆)တို့၌ပြဆိုခဲ့သော ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာ၊ဝိသုဒ္ဓိမဂ္ဂ မဟာဋီကာ၊ ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာ(မြန်မာပြန်)တို့၏ စကားများမှ ကောက်နုတ်၍ အတိုချုံးကာ ကျမ်းပြုဆရာဆိုသောစကားဖြစ်သည်- ဟူ၍သိ။ [ဤစကားကို သုသာန်၌ မနေအပ်-ဟု မယူလေလင့်၊ ယူလျှင် ခုတ်ရာတခြား ရှရာတခြား ဖြစ်ချိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ရွာကျောင်း မြို့ကျောင်း တောကျောင်း၌နေသော ပုဂ္ဂိုလ်သည် သုသာန်ဓုတင်ကို ဆောက်တည်လိုလျှင် ညဉ့်အခါ၌ သုသာန်သို့လာ၍ မဇ္ဈိမယံကို ကုန်စေပြီး ပစ္ဆိမယံ၌ ဖဲသွားရမည်-ဟု ကျမ်း၌ ဆိုထားရကား မည်သူမှ အချိန်မတော်ညဉ့်အခါတွင် သုသာန်သို့ လာ၍ စာပေပို့ချမည် မဟုတ်ပေ။ စာသင်သားများလည်း ရှိမည် မဟုတ်ပေ။ အဋ္ဌကထာဆရာကလည်း "ထိုသုသာန်၌။ပ။ တရားစာပေကို ပို့ချ သင်ကြားလျက် မနေသင့်"ဟူသောစကားကို ဆိုမည် မဟုတ်ပေ။ထိုနည်းတူ မဟာဋီကာ ဆရာကလည်း အဋ္ဌကထာဆရာ၏စကားကို ဖွင့်မည် မဟုတ်ပေ- ဟူသောကြောင့်တည်း။ သို့ဖြစ်လျှင် အဋ္ဌကထာဆရာနှင့် မဟာဋီကာဆရာတို့သည် ထိုစကားတို့ကို အဘယ်ကြောင့် ဆိုသနည်းဟု မေးဖွယ်ရှိ၏။ အဖြေကား ရွာကျောင်းမြို့ကျောင်း တောကျောင်းများ၌နေသော ပုဂ္ဂိုလ်တို့ကိုရည်၍ ဆိုခြင်း မဟုတ်၊ သုသာန်၌နေသော ပုဂ္ဂိုလ်ကိုရည်၍ ဆိုခြင်းကြောင့် ထိုစကားတို့ကို ထိုဆရာတို့ ဆိုကြသည်-ဟူ၍ ဖြစ်သည်။ ။ထိုကြောင့် သုသာန်၌ နေအပ်ကြောင်း ထင်ရှားလေပြီ။]

ခွဲဦးအံ့။ ။အချို့က ဝိသုဒ္ဓိမဂ်အရသာ-စာမျက်နှာ ၇၀ ၌လာသည့် "သုသာန်သို့သွားသောအခါလည်း လမ်းမကြီးမှဖဲ၍ လမ်းယောင်လမ်းငယ်ဖြင့် မထင်မရှား သွားအပ်၏"ဟူသောစကားတွင် "မထင်မရှားသွားအပ်၏" ဟုဆိုသော စကားကိုထောက်၍ သုသာန်၌ ထင်ထင်ရှားရှားနေခြင်းသည်လည်း မအပ်-ဟု ဆိုကြ၏။ [မထင်မရှားသွားအပ်၏-ဟူသောစကားသည် ရွာကျောင်း

မြို့ကျောင်းတောကျောင်းများ၌နေသော ပုဂ္ဂိုလ်ကိုရည်၍ ဆိုသော စကားဖြစ်သည်။ သုသာန်၌နေသောပုဂ္ဂိုလ်ကိုရည်၍ ဆိုသောစကားမဟုတ်၊ ရွာကျောင်း မြို့ကျောင်း တောကျောင်းများ၌ နေသော ပုဂ္ဂိုလ်တို့ကို ရည်၍ ဆိုသော စကားသည် ထိုသူတို့နှင့်သာ ဆိုင်သည်။ သုသာန်၌နေသော ပုဂ္ဂိုလ်နှင့် မဆိုင်ပါ။ ထို့ကြောင့်"မထင်မရှားသွားအပ်၏"ဟုရွာကျောင်း မြို့ကျောင်းတောကျောင်း များ၌နေသော ပုဂ္ဂိုလ်တို့ကိုရည်၍ ဆိုသော စကားဖြင့် သုသာန်၌ မနေအပ်-ဟု သုသာန်၌နေသော ပုဂ္ဂိုလ်အား စောဒနာခြင်းသည် ခုတ်ရာတခြား ရှရာ တခြားဖြစ်၍ သဘာဝလည်း မကျ၊ သုသာနေ ပန အညံ့ ကုဋိကံ ကတွာ ဥပဂန္တုံ ဝဋ္ဋတိ=ဆဝကုဋိမှ တပါးသော ကျောင်းကို ဆောက်လုပ်၍ ဝါကပ်ခြင်းငှါအပ်၏-ဆိုသော မဟာဝဂ္ဂ အဋ္ဌကထာဆရာ၏ စကားကိုလည်း မလေးစားရာ ရောက်သည်။ ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာဆရာကိုလည်း လွန်ဆန်ရာ ရောက်သည်။ အဘယ်ကြောင့်ဆိုသော် ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာဆရာ၏ နည်းဖြင့်ပင် ထို ပုဂ္ဂိုလ်သည် သုသာန်၌နေ၍ သုသာန်ဓုတင်ကို ဆောက်တည်သောကြောင့်တည်း။]

မှတ်ချက်။ ။ပါတိမောက္ခ ဝိနိစ္ဆယကျမ်း၌ ကုဋိကာရ သိက္ခာပုဒ်နှင့် ပတ်သက်၍ ကျောင်းမဆောက်အပ်သော အရပ် ၁၆ ပါးကို ဖော်ပြထားရာတွင် "ကြီးသောသုသာန်"လည်း ပါဝင်နေ၏။ [ပါရာဇိကဏ် အဋ္ဌကထာကိုမှီ၍ ဖော်ပြသည်-ဟူ၍ သိတော်မူကြပါကုန်]။ ။ကြီးသောသုသာန်၌ မနေအပ်-ဟု ဆိုရုံမျှဖြင့် သုသာန်၌ မနေအပ်ဟု မယူခလလင့်၊ ကြီးသော သုသာန်၌မနေအပ်ဟု ဆိုလျှင် ထိုအောက်ငယ်သောသုသာန်များ၌ နေအပ်၏-ဟူ၍သိအပ်၏။

ဆဝကုဋိမှတပါးသောကျောင်းကို ဆောက်၍ သုသာန်၌ ဝါကပ်ခြင်းငှါ အပ်၏-ဟု မဟာဝါ အဋ္ဌကထာဆရာ ဆို၏။ သုသာန်၌နေ၍ သုသာန်ဓုတင် ဆောက်တည်ပုံကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာဆရာဖော်ပြ၏။ ကြီးသောသုသာန်၌ ကျောင်းမဆောက်အပ်-ဟု ပါရာဇိကဏ် အဋ္ဌကထာဆရာ ဆို၏။ [အထက်၌ ဖော်ပြခဲ့ပြီ။] ဤဆရာသုံးဦးတို့၏ အလိုတော်နှင့်ကိုက်ညီအောင်ပြုသောအားဖြင့် ဝိသုဒ္ဓိမဂ်အရသာ-သုသာန်ဓုတင် ဆောက်တည်ပုံအခဏ်း၌ ဥက္ကဋ္ဌ, မဇ္ဈိံ, မုဒုဟူ၍ သုသာန် ၃ မျိုးပြသကဲ့သို့ ဤ၌လည်း အကြီး,အလတ်, အငယ်-ဟူ၍ သုသာန် ၃ မျိုးပြအပ်၏။ ထို့ကြောင့် ကြီးသောသုသာန် သည် ဥက္ကဋ္ဌ၌ အကျုံးဝင်၍ နေ့စဉ်မီးဖုတ် အပုပ်နံ့နံ ဆွေမျိုးတို့သွား၍ ငိုကြွေးသံရှိသောကြောင့် ၎င်း၌ မနေအပ်-ဟု ယူအပ်၏။ ။မဇ္ဈိံ(အလတ်)နှင့် မုဒု (အငယ်) တို့၌ အကျုံးဝင်သော သုသာန်များ၌ကား ကျောင်းဆောက်၍ တသက်လုံး နေအပ်၏။ [ဥက္ကဋ္ဌ၌ အကျုံးဝင်သော သုသာန်မျိုး၌ မနေအပ်-ဟူလို။]

သိဖွယ်။ ။သုသာန်၌ မနေသော ပုဂ္ဂိုလ်တို့ကို ငဲ့ညှာသော အားဖြင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာဆရာက ရွာကျောင်းစသည်တို့မှ ညဉ့်အခါ၌ သုသာန်သို့ ထွက်၍ သုသာန်ဓုတင်ကို ဆောက်တည်သော အင်္ဂုတ္တိုရ်ဆောင် ပုဂ္ဂိုလ်တို့၏ နည်းကိုလည်း ဖေါ်ပြ၏။ထို့ကြောင့် သုသာန်၌နေ၍ သုသာန်ဓုတင်ကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာဆရာ၏နည်းဖြင့် ဆောက်တည်ခြင်းသည် ဂရုဖြစ်၍လေးသည်။ ရွာကျောင်း စသည်တို့မှ ညဉ့်အခါ၌ သုသာန်သို့ ထွက်၍ သုသာန်ဓုတင်ကို အင်္ဂုတ္တိုရ်ဆောင် ပုဂ္ဂိုလ်တို့၏နည်းဖြင့် ဆောက်တည်ခြင်းသည် လဟု ဖြစ်၍ ပေါ့သည်-ဟူ၍ သိအပ်၏။

ဤ၌ ဟပ်မိနေ၍ သုသာန်မြေတွင် သိမ်သမုတ်ပြီး ထိုသိမ်မြေ၌ ဆောက် တည်ထားသော ကျောင်းတကျောင်း၏ စည်းမျဉ်းကို ဖေါ်ပြပါအံ့။

သုသာန်၌နေသော ရဟန်းတော်များသည် အဓိကအားဖြင့် ကမ္မဋ္ဌာန်း ဘာဝနာအလုပ်၌ အချိန်ကို မကုန်စေပဲ အထွေထွေကိစ္စ ဆောင်ရွက်ခြင်းဖြင့် အချိန်ကို ကုန်စေမည်ဆိုလျှင် သုသာန်၌ နေနေခြင်းသည် အဓိပ္ပါယ်မရှိသော နေခြင်းမျိုးဖြစ်ချိမ့်မည်-ဟူသော အကြောင်းကိုထောက်၍ ဒါယကာများနှင့် တိုင်ပင် ညှိနှိုင်းပြီး အောက်ပါ စည်းမျဉ်းကို ရေးဆွဲပါသည်။

(၁) အဓိကအားဖြင့် ကမ္မဋ္ဌာန်း ဘာဝနာအလုပ်၌ အချိန်ကို ကုန်စေနိုင် ရန် အလို့ငှါ ဤသုသာန်××ကျောင်းတွင် သီတင်းသုံး နေထိုင်သော ပုဂ္ဂိုလ် သည် ရပ်ရွာများ၌ ကျင်းပသော သုမင်္ဂလာ ဒုမင်္ဂလာအလှူများသို့ လိုက်ရန် မလို။ ဤသုသာန်၌ သင်္ဂြိုဟ်သော မသာ အသုဘသို့လည်းလိုက်ရန်မလို။[အခြား ကျောင်းများ၌ ကျင်းပသော ရှင်ပြု,ရဟန်းခံ စသော အလှူမျိုးနှင့် ပတ်သက်၍ ကား သင့်တော်သလို ချိန်ဆ၍ ဆောင်ရွက်ပါလေ။]

(၂) ဥပဇ္ဈာယ်ဆရာအဖြစ် ခံယူ၍ ရှင်,ရဟန်းပြုပေးဖို့မလို။ နိဿယည်း ဆရာအဖြစ်လည်း ခံယူ၍ တပည့်တပန်းမွေးရန်မလို။ [မချီးမြှင့်လျှင် မဖြစ် သော ကိစ္စမျိုး ပေါ်ပေါက်လျှင်ကား သင့်သလို ချီးမြှင့်လိုက်ပါလေ။]

(၃) ဒါယကာများအားတရားပြတရားဟောပြောဖို့ မလို။ [ဥပုသ်နေ့များ ၌ဒါယကာများ ကျောင်းသို့လာ၍ သီလတောင်းခံလျှင် တိုတိုတုတ်တုတ်ဖြင့် လိုရင်းကိစ္စကို ဆောင်ရွက်ပေးလိုက်ပါလေ။ ။ဤသို့ ခွင့်ပြုခြင်းသည် ဒါယ ကာ များ လျှောက်ထားတောင်းပန်၍ ၎င်းတို့အား ငဲ့ညှာသောအားဖြင့် ခွင့် ပြုခြင်း ဖြစ်သည်။]

အရှင်*××
ကျောင်းဘုန်းကြီး”

ဤ၌ဟပ်မိနေ၍ ဆင္ဒမူ၊ ပုဂ္ဂလပညတ် ပါဠိတော် (မြန်မာပြန်) နှာ ၈၄၊ အပိုဒ် ၂၀၁ ၌လာသော အဆိုကို ဖေါ်ပြပါအံ့။ ။ထိုမာတိကာပုဒ်၌ ငါးမျိုးသော သုသာန် ဓုတင်ဆောင် ပုဂ္ဂိုလ်တို့သည် အဘယ်တို့နည်း၊ အကြင်ရဟန်းသည် နုန့်နှေးတွေဝေသောကြောင့် သောသာနိက ဓုတင်ကို ဆောက်တည်၏၊ အကြင်ရဟန်းသည် ယုတ်မာသောအလိုဆိုး ရှိသည်ဖြစ်၍ ယုတ်မာသော အလိုဆိုး နှိပ်စက်အပ်သည်ဖြစ်၍ သောသာနိကဓုတင် ဆောက်တည်၏၊ အကြင်ရဟန်းသည် ရူးသွပ်သောကြောင့် စိတ်ပျံ့လွင့်သောကြောင့် သောသာနိကဓုတင် ဆောက်တည်၏၊ အကြင် ရဟန်းသည် မြတ်စွာဘုရားတို့သည်၎င်း မြတ်စွာဘုရား၏တပည့်တို့ သည်၎င်း ချီးမွမ်းအပ်၏ဟုနှလုံးသွင်း၍ သောသာနိကဓုတင် ဆောက်တည်၏၊ စင်စစ်သော်ကား အကြင်ရဟန်းသည် အလိုနည်းခြင်းကိုသာ မှီ၍ ရောင့်ရဲခြင်းကိုသာမှီ၍ ခေါင်းပါးခြင်းကိုသာမှီ၍ ဤကောင်းသော အကျင့်၌ အလိုရှိသော အဖြစ်ကိုသာမှီ၍ သောသာနိကဓုတင် ဆောက်တည်၏၊ ဤငါးမျိုးသော သောသာနိက ဓုတင်ဆောင် ပုဂ္ဂိုလ်တို့တွင် ဤပုဂ္ဂိုလ်သည် မြတ်လည်းမြတ်၏၊ ချီးမွမ်းလည်း ချီးမွမ်းထိုက်၏၊ အကြီးအမှူးလည်း ဖြစ်၏၊ အလွန်လည်း မြတ်၏၊ အထူးသဖြင့်လည်း မြတ်၏။

ဥပမာသော်ကား နွားမမှ နို့ ရည်, နို့ ရည်မှ နို့ ဓမ်း, နို့ ဓမ်းမှ ဆီဥ, ဆီဥမှ ထောပတ်, ထောပတ်မှ ထောပတ်ကြည်သည် ဖြစ်၏၊ ထို နွားနို့ အရသာ ငါးမျိုးတို့တွင် ထောပတ်ကြည်ကို အမြတ်ဆုံးဟူ၍ ဆိုအပ်သကဲ့သို့ ဤအတူ အကြင် သောသာနိကဓုတင် ဆောက်တည်သောရဟန်းသည် အလိုနည်းခြင်းကိုသာ မှီ၍ ရောင့်ရဲခြင်းကိုသာမှီ၍ ခေါင်းပါးခြင်းကိုသာ မှီ၍ ဤ ကောင်းသောအကျင့်၌ အလိုရှိသော အဖြစ်ကိုသာ မှီ၍ သောသာနိကဓုတင် ဆောက်တည်၏၊ ထို သောသာနိကဓုတင်ဆောင် ပုဂ္ဂိုလ်ငါးမျိုးတို့တွင် ဤပုဂ္ဂိုလ်သည် မြတ်လည်း မြတ်၏၊ ချီးမွမ်းလည်း ချီးမွမ်းထိုက်၏၊ အကြီးအမှူးလည်း ဖြစ်၏၊ အလွန်လည်း မြတ်၏၊ အထူးသဖြင့်လည်း မြတ်၏၊ သောသာနိကဓုတင် ဆောက်တည်သော ပုဂ္ဂိုလ်တို့သည် ဤငါးမျိုးတို့တည်း။

ဆောင်ပုဒ်။ ။(၁) တောအင်္ဂါညီ၊ သုသာန်မှီ၊ အောင်ပြီ ဆယ့်သုံးပါး။

(၂) သေခြင်းတရား၊ ပွါးပါများ၊ စိတ်ထား ခက်ထန် လျော့ပြီမှန်။

(၃) ကျော်စောထင်ရှား၊ စိတ်ထားငြား၊ မှောက်မှားတဲ့ တရား။

(၄) လာဘ်ကိုမျှော်ကိုး၊ သုသာန်တိုး၊ ဇောက်ထိုး ကျသကိုး။

(၅) ပင်ကိုယ်စိတ်ရိုး၊ သုသာန်တိုး၊ နေကျိုး နုပ်သကိုး။

သုသာန်၌ ကျောင်းဆောက်၍နေအပ်- မနေအပ်–ဟူသောပြဿနာ ပြီးပြီ။

---

၄၉။ အလုံးစုံမဖြတ်သောသက်န်း အပ်-မအပ်

၁။ ။ငါးပိုင်း-ငါးစပ်စသောအခဏ်းတို့ကိုသာဖြတ်၍အိမ်ဝန်းကြီး အိမ်ဝန်းငယ် မြောင်းတလုပ်တို့ကို ခေါးစသည်ဖြင့် ပိုင်းပိုင်း မဖြတ်ပဲ ခေါက်၍ ချုပ်သော သက်န်းဖြင့် (ဝါ) အလုံးစုံ မဖြတ်သောသက်န်းဖြင့် ကထိန်ခင်းအပ်-မခင်းအပ်။

၂။ ။ငါးပိုင်းငါးစပ်စသော အခဏ်းတို့ကိုသာဖြတ်၍ အိမ်ဝန်းကြီး အိမ်ဝန်းငယ် မြောင်းတလုပ်တို့ကို ခေါးစသည်ဖြင့် ပိုင်းပိုင်း မဖြတ်ပဲ ခေါက်၍ ချုပ်သော သက်န်းကို (ဝါ) အလုံးစုံ မဖြတ်သောသက်န်းကို ဝတ်ရုံအပ်–မအပ်။

၃။ ။၁၁ ခဏ်းထက် ပိုလွန်သော သက်န်းဖြင့် ကထိန်ခင်းအပ်-မခင်းအပ်။

ဤပြဿနာသုံးခုကို ဝိနိစ္ဆယအနေဖြင့် ရေးခြင်း မဟုတ်။ ဆွေးနွေးသောအနေဖြင့် ရေးခြင်းဖြစ်သည်။ ဝိနည်းသိက္ခာပုဒ်တော်ကို ဘုရားရှင်၏အလိုတော်နှင့် ကိုက်ညီအောင် ဆောက်တည် ကျင့်သုံးအပ်သောကြောင့် စိစစ်ဝေဖန်ထိုက်သော အချက်အလက်များကို စိစစ်ဝေဖန်၍ လိုက်နာဆောက်တည်ကျင့်သုံးသင့်-မသင့် ဆုံးဖြတ်နိုင်ရန် အလို့ငှါ စာရှုသူတို့အား ကူညီသောအနေဖြင့် စာရေးသူ၏ ထင်မြင်ယူဆပုံကို ထုတ်ဆိုရေးခြင်း ဖြစ်သည်။ ဤ သက်န်းကိစ္စမှာ နေ့ရှိသမျှ အာပတ် အဆက်မပြတ် သင့်စေနိုင်၍ ရဟန်းတော်များ အဖို့ သေရေးရှင်ရေးတမျှ အရေးကြီးသောကိစ္စ ဖြစ်ပေသည်။

**ဝိဝါဒကို စိစစ်ဝေဖန်ခြင်း။** ။အောက်ပါစာပိုဒ်တို့ကို မရေးသားမီ စာရေးသူ၏ သဘောထားကို ရှေးဦးစွာထုတ်ဆိုပါအံ့။ ။အယူအဆချင်း မတိုက်ဆိုင်၍ တဘက်သားအား ထိပါးပုတ်ခတ်လိုသော စိတ်ထားမျိုးဖြင့် ရေးခြင်း မဟုတ်ပါ။ အများ၏အကျိုးကိုရည်၍ စာရေးသူ၏ ထင်မြင်ယူဆပုံကို ၎င်းတို့ စိစစ်ဝေဖန်ပြီး နှစ်သက်ရာဝါဒကို ရွေးချယ်၍ ဆောက်တည်ကျင့်သုံးနိုင်စေခြင်း

အကျိုးငှါ ထို ထင်မြင်ယူဆပုံကို စိတ်ရိုးသဘောရိုးဖြင့် ပွင့်ပွင့်လင်းလင်း ထုတ်ဆို ရေးသားခြင်း ဖြစ်သည်။ [ဝါဒချင်း မတိုက်ဆိုင်သော အခြား ကဏ္ဍများ၌လည်း ဤအတိုင်း သိတော်မူကြပါကုန်။]

ဤပြဿနာသုံးခုမှာ ရဟန်း အားလုံးနှင့် သက်ဆိုင်သောကြောင့် ဂိုဏ်းစွဲ ဝါဒစွဲမထားပဲ ကျမ်းအကိုးအကားနှင့် ဆွေးနွေးကြ၍ အဖြေမှန်ကို ရှာကြဖို့ သင့်ပေသည်။

မဆွေးနွေးမီ လျှောက်ထား တောင်းပန်ပါရစေ။ ။ဆွေးနွေး—ဟူသည် သားနှင့် အဘ, ညီရင်းအစ်ကိုတို့ ကဲ့သို့ ရင်းနှီးကြင်နာစွာ နှီးနှောတိုင်ပင်၍ လမ်းမှန်ကို မတွေ့ တွေ့အောင် ရှာခြင်းမျိုး ဖြစ်သည်။ သို့ဖြစ်၍ DEBATE ခေါ် စကားရည်လုပွဲများနှင့် တရားရုံးများ၌ တဘက်သားပြောသောစကားကို **သဘာဝ ကျသော်လည်း** နှလုံးမမူပဲ မိမိတို့ဘက်သို့ မပါ ပါအောင် ဟိုကပ်သည်ကပ်လုပ်ကာ လူဝတ်ကြောင်တို့ ဆင်ခြေထိုးကြသကဲ့သို့ ဤဆွေးနွေးပွဲ၌ မပြုလုပ်ကြရန် တောင်းပန်ပါ၏။ ကုသိုလ်လို၍ ရဟန်းပြုကြရကား လမ်းမှန်သို့ မရောက်မခြင်း မှားသောအယူဝါဒ ဟူသမျှကို ပြင်ဖို့ရန် ရဟန်းတိုင်း၏တာဝန် ဖြစ်ပေသည်။

ရဟန်းတော်များသည်(အထူးသဖြင့်ဝိနည်းလေးစားသောပုဂ္ဂိုလ်များသည်) ဝါဒစွဲ မရှိသင့်ပါ။ (ဝါ) မိမိ လက်ရှိ အယူဝါဒသာလျှင် မှန်သည်၊ အခြားသူယူသော အယူဝါဒမှာ မှားသည်-ဟူ၍ အယူမသည်းသင့်ပါ။ အဘယ်ကြောင့်ဆိုသော် မိမိ၏အယူအဆမှာ ကျမ်းနှင့်မညီ အလွဲလွဲအချော်ချော် ဖြစ်နေလျှင် ထိုအတိုင်း ကျင့်ကြံအားထုတ်ခြင်းဖြင့် ပင်ပန်းကျိုးမနပ်သည်သာမက အထူးထူးသော အာပတ်သို့ပင် ရောက်လေသောကြောင့်တည်း။ စာပေမည်မျှပင်တတ်စေကာမူ တခါတရံ အယူအဆ မှားတတ်ပါသည်။ ဤကဲ့သို့သော အမှားမျိုးကို ပြင်ပလူများကလည်း မကဲ့ရဲ့သင့်ပါ၊ မှားသူ ကာယကံရှင် ကိုယ်တိုင်ကလည်း သူတော်ကောင်း ပညာရှိပီပီ မိမိ၏အမှားကို ဝန်ခံ၍ လမ်းမှန်သို့ လိုက်ဖို့ရန် ဝန်မလေးသင့်ပါ၊ အမှန်မှာ မိမိ၏အမှားကို ဝန်ခံသောသူသည် လမ်းမှန်ကို ပြသောသူထက်ပင် လိုက်လိုက်လဲလဲ ချီးကျူးခြင်းကို ခံထိုက်ပေသည်။ မှားမှန်းသိလျက် အမှားကို ဝန်မခံပဲ ဇွတ်မှိတ်၍ မိမိဘက်သို့ မပါ ပါအောင် ဆွဲဆောင်၍ ပြောဆိုခြင်းမျိုးသည် သူတော်ကောင်းတရားလည်း မဟုတ်ပါ၊ မုသာဝါဒ သိက္ခာပုဒ်နှင့်လည်း ငြိစွန်းလေသည်။ သူများတကာထက် သာလိုသောကြောင့် ဝိနည်းသိက္ခာပုဒ်၌ ထူးကဲ၍ ဆောက်တည်ခြင်းမျိုးသည်လည်း သူတော်ကောင်းတို့၏ အလေ့အကျင့် မဟုတ်ပါ၊ (ဝါ)ကျော်စောထင်ရှားလို၍ ပြုရာသို့ ရောက်

မှန်းမသိ ရောက်လေသည်။ အယူအဆ လွဲမှားပြီး ပင်ကိုယ်ရိုးသားသောစိတ်ဖြင့် ထူးကဲစွာ ကျင့်ကြံအားထုတ်သောပုဂ္ဂိုလ်ကိုကား "သဘာဝကျအောင် မယူဆ တတ်ဘူး"ဟု ပြောဆိုရုံမှတပါး အပြစ်မတင်သင့်ပါ။ သိက္ခာပုဒ်များမှာ များ ပြား၍ အခိပ္ပါယ်မှာလည်း နက်နဲကျယ်ဝန်းလှရကား မိမိ၏ လက်ရှိအယူဝါဒ မှာ ဘုရားရှင်၏အလိုတော်ကျ ဖြစ်ပြီ-ဟူ၍ တထစ်ချ မယူဆသင့်ပေ၊ ချွတ်ယွင်း ချွတ်ချော်နေချင်လည်း ချွတ်ချော်နေ လိမ့်မည်။ ထို့ကြောင့် ဆွေးနွေးပွဲ များများလုပ်ဖို့ လိုသည်။

ဖြစ်တတ်ပုံကို ဆိုဦးအံ့။ ။သိက္ခာပုဒ်၏ အနက်အဓိပ္ပါယ်ကို စိစစ် ဝေဖန် ရာ၌ တခါတရံ အယူအဆကွဲလွဲ၍ အချို့ စိတ်ဝမ်းပင် ကွဲကြလေသည်။ အယူ အဆ ကွဲလွဲခြင်းဖြင့် စိတ်ဝမ်းကွဲကြခြင်းသည် ခလေးဆန်ဆန် ပြုကြသည်နှင့် လည်း တူ၏။ သူ့ထက်ငါ မသာ သာအောင်လုပ်မည်-ဟူသော စိတ်ထားမျိုး ဖြင့် သိက္ခာပုဒ်တော်ကို ဂုဏ်တုဂုဏ်ပြိုင် ကျင့်ကြံဆောက်တည်ကြသည်နှင့်လည်း တူ၏။ ။ကုသိုလ်ရေးအတွက် ကျင့်ကြံ အားထုတ်နေကြရကား ကိုယ် မယူ ချင်လျှင် နေ၊ သူများ သဘောကျ၍ ယူလျှင် ထိုသူတို့၏အပေါ်၌ စိတ်ခုရန် မသင့်ပေ။ ဝိနည်းသိက္ခာပုဒ်၌သာလျှင် မဟုတ်၊ အခြားဘာသာရပ်များ၌လည်း အဓိပ္ပါယ် နက်နဲခက်ခဲသလောက် အယူအဆလည်း ကွဲလွဲတတ်ပေသည်။ သို့ ဖြစ်၍ အယူအဆ ကွဲလွဲခြင်းဖြင့် တဘက်သားကို နာမည်ကြီးအောင် လုပ်သည် ဟူ၍၎င်း၊ ဂိုဏ်းဂဏကို မထိမဲ့မြင်ပြုသည်ဟူ၍၎င်း မဆိုသင့်ပေ။ အဖြေမှန်ကို ရစေခြင်းငှါ တဦးတည်း၏သဘောကို မယူပဲ အများပညာရှိတို့နှင့် တွေ့ဆုံ၍ ထပ်တလဲလဲ ရင်းနှီးစွာ ဆွေးနွေးဖို့ လိုသည်။ ပညာရှိများနှင့် တွေ့ဆုံဆွေးနွေး လေလေ လမ်းမှန်သို့ ရောက်လေလေ ဖြစ်သည်။

ဆွေးနွေးပွဲ များလေလေ လမ်းမှန်သို့ ရောက်လေလေ ဖြစ်သောကြောင့် ဝိနည်းစာပြန်ပွဲ စသည်တို့၌ ဝိနည်းနှင့်ပတ်သက်၍ မရှင်းမလင်းသော အချက် အလက်များကို မည်သူမဆို တင်ပြဆွေးနွေး နှီးနှောနိုင်ရန်အလို့ငှါ ဆွေးနွေးပွဲ တရပ်ကိုလည်း ကဏ္ဍတခု အနေဖြင့် ဦးစားပေး၍ အချိန် လုံလောက်စွာဖြင့် ကျင်းပဖို့ သင့်ပေသည်။ ဆွေးနွေးရာ၌ ဝါကြီးဝါငယ် အသက်အရွယ် ပဓာန မထားပဲ သာတူညီမျှ လွတ်လပ်စွာ ပြောဆိုနိုင်ခွင့် ပြုဖို့သင့်ပေသည်။ ထို့ ကြောင့် ကြီးသောသူကလည်း နိုင်ထက်စီးနင်း မပြောသင့်ပါ၊ ငယ်သောသူ ကလည်း ကြောက်ရွံ့နေဖို့ မလိုပါ၊ ပြောလိုသမျှကို သဘာဝကျကျ ပြော သင့်၏။အားနာ၍ တဘက်သို့လိုက်လျှင် အဂတိလိုက်စားသည်မည်သောကြောင့် အလဇ္ဇီအဖြစ်သို့ ရောက်မှန်းမသိ ရောက်လေတော့သည်- ဟူ၍ သတိပြုစေလို ပါ၏။

ယခု (၁) အလုံးစုံ မဖြတ်သော သင်္ကန်းဖြင့် ကထိန်ခင်းအပ်-မခင်းအပ်၊ (၂) အလုံးစုံမဖြတ်သော သင်္ကန်းကို ဝတ်ရုံအပ်- မအပ်-ဟူသော ပြဿနာ တို့ကို ရှေးဦးစွာ ဆွေးနွေးကြပါစို့။ ဤပြဿနာ နှစ်ခုမှာ အမည်သာကွဲသည်၊ သဘောချင်းကား တခုနှင့်တခု ဆက်စပ်လျက်နေသည်။ ထို့ကြောင့် ၎င်းတို့ကို တခုစီခွဲခြား၍မဆိုပဲ ပေါင်းစု၍ ဆိုပါအံ့။

ကောဇာသက္ကရာဇ် ၁၂၈၃ ခု၊ သီတင်းကျွတ်လဆုတ်၅ ရက်နေ့၊မန္တလေးမြို့၊ မြန်မာနိုင်ငံလုံး ဆိုင်ရာ န၀မမြောက် ကွန်ဖရင့်ကြီးမှ ကြီးမှူး ကျင်းပသော ရတု, လင်္ကာ, ပျို့, ကဗျာပြိုင်ယှဉ်ပွဲကြီးတွင် "ကဗျာပဏ္ဍိတ" ဘွဲ့နှင့် ပထမဆု ရွှေတံဆိပ်ရ ဆရာတော် ဦးနိဂြောဓ အရှင်မြတ်သည် မြန်မာဘုရင်တို့ ကိုးကွယ် ဆည်းကပ်သော သံဃရာဇာနှင့် ရာဇာဓိရာဇ ဂုရု ဆရာတော်ဘုရားကြီး ၃၀ ကျော်တို့ စီရင်တော်မူသော ကျမ်းကြီး ကျမ်းငယ် ပေါင်းစုံတို့မှ ကျမ်းပေါင်း ၁၀၀ မျှ ရွေးချယ်ကောက်နုတ်၍ တည်းဖြတ်ပြင်ဆင်ပြီး ဝိနယသမူဟ ဝိနိစ္ဆယ ကျမ်း၊ ပထမတွဲ, ဒုတိယတွဲ, တတိယတွဲဟူသောအမည်ဖြင့် ကျမ်း (၃) ကျမ်းကို ပြုစုတော်မူသည်။ ဤ ဝိနယသမူဟ ဝိနိစ္ဆယကျမ်း (ပထမတွဲ)၌ ပဏ္ဍိတဝံသာ ဘိဓဇမဟာဓမ္မရာဇာဓိရာဇဂုရုဟူသော ဘွဲ့တံဆိပ်တော်ရ၊ အမရပူရရွှေမြို့တော်၊ ဗန်းမော်ဆရာတော်ဘုရားကြီး စီရင်တော်မူသော ကထိန ဝိသောဓနီကျမ်းလည်း ပါဝင်၏။ ဤ ကထိန ဝိသောဓနီကျမ်းမှ ကောက်နုတ်ယူထားသည့် အဆိုများကို မူရင်းစာကိုယ်အတိုင်း ရှေးဦးစွာ တင်ပြပါအံ့။

(၁)။ ။ကထိန်အမေးအဖြေ ၁၅ ချက်တို့တွင် ဒွါဒသမ—ဟုဆိုသော နံပါတ်(၁၂)အမေးအဖြေ၌ "သင်္ကန်းပြီးပြီးဖြစ်လျှင်-သခေ ကတာစိဝရမေဝ ဥပ္ပဇ္ဇတိ။ သုန္ဒရမေဝ—ဟူ၍ အဋ္ဌကထာ လာရကား ချုပ်လုပ်စီရင်ခြင်းအမှုကို မပြုရ။ ကိစ္စချောမွန် အလွန် ကောင်းလှပေတော့သည်။ ထိုသို့ပင် ကောင်း သော်လည်း အစ္ဆိန္နသိဗ္ဗိတံ ပန န ဝဋ္ဋတိ- ဟူ၍ အဋ္ဌကထာ လာပြန်ရ ကား ဘုရားသခင် ပညတ်တော်နှင့် လျော်စွာ မဟာမဏ္ဍလ အဍ္ဎမဏ္ဍလတို့နှင့် တကွ ပဉ္စခဏ်း သတ္တခဏ်း စသည် စီရင်တိုင်းထွာပြီးလျှင် စီရင်သည့်အတိုင်း အပိုင်းမြောင်းတရပ် ချုပ်လုပ်အပ်သော အရာများကို ဓားငယ်ဖြင့် ဖြတ်၍ ချုပ်အပ်သော သင်္ကန်း ဟုတ်ပါ၏လော။ ။ဟုတ်ပါ၏ဘုရား" ဟု ဖော်ပြ ထား၏။

(၂)။ ။ပြဆိုရေးသားအပ်ပြီးသော ထိုကထိန်အမေးအဖြေ ၁၅-ချက် တို့တွင် ဒွါဒသမ အမေးပုစ္ဆာကို စောဒနာ သောဓနာ ထင်စွာပြု၍ ဝိနိစ္ဆယ ထုတ်လိုက်ဦးအံ့။ ။ချုပ်ချုပ်သမျှ အလုံးစုံကို ဓားငယ်ဖြင့် အကုန်ဖြတ်၍

ချုပ်အပ်သောအကြောင်းကို ထိုဒွါဒသမအမေးတွင် ဆိုအပ်လေသည်။ အများ တကာနှင့် မတူသော ထိုအယူဝါဒ၏ ဟုတ်ရာသော သဘောလက္ခဏာကို အဘယ်ပါဠိပုဒ်ဖြင့် မှတ်သိ ယုံကြည်ရပါအံ့နည်းဟု မေးမြန်းဖွယ်ရှိသည် မှာ ကထိန်လျှော်သက်နိုး၏ အာဒိ၊ မဇ္ဈ၊ ပရိယောသာနအားဖြင့် သုံးပါးတို့တွင် အာဒိဟုဆိုအပ်သော ပုဗ္ဗကရဏကို။ ။ပုဗ္ဗကရဏံ သတ္တဟိ ဓမ္မေဟိ သင်္ဂ ဟိတံ၊ ဓောဝနေန၊ ဝိစာရဏေန၊ ဆေဒနေန၊ ဗန္ဓနေန၊ သိဗ္ဗနေန၊ ရဇနေန၊ ကပ္ပကရဏေန-ဟု ကထိန်လျှော် အဝတ်ကို ဖွပ်လျှော်ခြင်း၊ ဖွပ်လျှော်ပြီးသည် ကို ကွဲအိမ်တရုပ်တို့နှင့်တကွ ပဉ္စခဏ်း, သတ္တခဏ်း, နဝခဏ်း, ကောဒသခဏ်း စီရင်တိုင်းထွာခြင်း၊ တိုင်းထွာစီရင်သည့်အတိုင်း ဖြတ်ခြင်း၊ ဖြတ်အပ်ပြီးသည်ကို တဲစပ်ဖွဲ့ခြင်း၊တဲစပ်ဖွဲ့အပ်ပြီးသည်ကို ချုပ်ခြင်း၊ ချုပ်အပ်ပြီးသည်ကိုဆိုးခြင်း၊ဆိုး အပ်ပြီးသည်ကို ကပ္ပဗိန္ဒုထိုးခြင်းအားဖြင့် ခုနစ်ပါးရှိကြောင်းကို ပရိဝါပါဠိ တော်၌ ဟောတော်မူသည်။ထိုသို့ ဟောတော်မူအပ်သော ပုဗ္ဗကရဏ ခုနစ်ပါး တို့တွင် ဖြတ်ခြင်းဆေဒနအမှုကို ပြုရသည့် ကိစ္စသဘောလည်း တခြား၊ ချုပ် ခြင်း သိဗ္ဗနအမှုကို ပြုရသည့် ကိစ္စသဘောလည်း တခြား၊ ဤကိစ္စနှစ်ပါး၏ သဘော မရောယှက်။ ဤကိုထောက်၍ အပ်ဖြင့်ချုပ်သည်ကို အဖြတ်ဟူ၍ မယူအပ်။ ချုပ်ခြင်းသိဗ္ဗန အမှုသည် ဖြတ်ခြင်း တဲစပ်ဖွဲ့ခြင်းလျှင် ရှေ့သွား အကြောင်းရင်း နိဒါနကိစ္စရှိသည်ဖြစ်၍ စင်စစ်မြောင်းတရုပ်ချုပ်အပ်သမျှအရာ များကို ခါးငယ် စသည်ဖြင့် ပိုင်းပိုင်းဖြတ်၍ ချုပ်အပ်သည်ဟု မှတ်ယူအပ် သည်။ ထို့ကြောင့်မဟုတ်လော၊ ကင်္ခါဝိတရဏီ အဋ္ဌကထာ ၌ ဒါယကာတို့ ဘာသာချုပ်၍လာသော ကထိန်လျှော်သင်္ကန်းမှာ မြောင်းသော တရုပ်သော ဟူ၍ အထူးမဆိုလေခဲ့။ ။သစေ ကတာစီဝရမေဝ ဥပ္ပဇ္ဇတိ၊ သုန္ဒရမေဝ။ အစ္ဆိန္နာသိဗ္ဗိတံ ပန န ဝဋ္ဋတိ။ ။သစေ၊ အကယ်၍။ ကတာစီဝရမေဝ၊ချုပ် လုပ်အပ်ပြီးသော သင်္ကန်းသည်သာလျှင်။ ဥပ္ပဇ္ဇတိ၊ ဖြစ်လာခဲ့အံ့။သုန္ဒရမေဝ၊ ကောင်းလှစွာသည်သာလျှင်တည်း။ ပန တထာပိ၊ ထိုသို့ပင် ကောင်းသော် လည်း။ အစ္ဆိန္နာ၊ မဖြတ်မူ၍။ သိဗ္ဗိတံ၊ ချုပ်ခဲ့သော သင်္ကန်းသည်။ န ဝဋ္ဋတိ၊ မအပ်။ ။ဤသို့ သာမညသာ အဋ္ဌကထာ ဆရာမြတ် မိန့်အပ် လေသည်။ နောက်ဝါကျ၌ သာမညပင် ဆိုသော်လည်း၊ ပဉ္စ ဝါ အတိရေကာနိ ဝါ ခဏ္ဍာနိ ဆိန္ဒိတွာ သံဃာဋိ ဝါ ဥတ္တရာသံဂေါ ဝါ အန္တရဝါသကော ဝါ ကာတဗ္ဗော-ဟူ၍ လာသော ၎င်းအဋ္ဌကထာ၏ ရှေ့ဝါကျကို ထောက်၍ မြောင်းအစပ်ကို မဖြတ်မူ၍ ချုပ်လုပ်သည်ကိုသာ မအပ်ဟု မှတ်ယူအပ်သင့် သည် ဟူငြားအံ့။ ကြီးမား ထင်ရှားသော မြောင်းစပ်ကို ဖြတ်အပ်သည်၏ အဖြစ်ကို ဆိုသဖြင့် ထိုအစပ်လွှာတွင် အကျုံးဝင်သော ကွဲအိမ် တရုပ်များကို

လည်း ဖြတ်အပ်သည်၏အဖြစ်ကို သိလောက်၍သာ အဌကထာမဆိုသည်၊ လိုအပ်သော အမှုပင်ဖြစ်သည်ဟု မှတ်။ ထို့ကြောင့် မဟုတ်လော၊ ၎င်းအဌကထာ၏ **သံဝဏ္ဏနာဋီကာ** ၌ ပဉ္စ ဝါ အတိရေကာနိ ဝါ ခဏ္ဍာနိ ဆိန္ဒိတဗ္ဗာတိ ယထာ ပဉ္စ ခဏ္ဍိကာဒီနံ သံဃာဋိ အာဒီနံ တိဏ္ဏံ စီဝရာနံ အညတရပ္ပဟောနကာနိ မဟာမဏ္ဍလ အဍ္ဍမဏ္ဍလာဒိဝသေန ပဉ္စ ဝါ ခဏ္ဍာနိ အတိရေကာနိ ဝါ သတ္တာဒိခဏ္ဍာနိ ဟောန္တိ။ ဧဝံ ဆိန္ဒိတဗ္ဗာ။ ဟု အကြင် အခြင်းအရာဖြင့် ဖြတ်သည်ရှိသော် မဟာမဏ္ဍလ အဍ္ဍမဏ္ဍလမှစ၍ ပဉ္စခဏ်း သတ္တခဏ်းစသည်ဖြစ်၏။ ထိုအခြင်းအရာဖြင့်ဖြတ်၍ ချုပ်အပ်ကြောင်းကို ဖွင့်ဆိုအပ် လေသည်။ [ဤသက်န်းပြဿနာတို့၌ လာသည့် ဤကွင်းချိတ် [ ]အမှတ်အသားအတွင်း၌ပါရှိသော စကားများသည် *စာရေးသူ၏ ထင်မြင်ယူဆချက်ဖြစ်သည်၊ နောက်၌လည်း ဤအတိုင်း သိတော်မူကြပါကုန်။ ။ပြဆိုခဲ့ပြီးသော **သံဝဏ္ဏနာဋီကာ(ဝါ)ကင်္ခါဝိတရဏီဋီကာသစ်** ၌ လာသော ပါဠိကို ပါဠိစာပေ မဘတ်သော ပုဂ္ဂိုလ်များအတွက် အနက်ပြန်ဆိုပါအံ့။ ။ပဉ္စ ဝါ အတိရေကာနိ ဝါ ခဏ္ဍာနိ ဆိန္ဒိတဗ္ဗာတိ၊ ပဉ္စ ဝါ အတိရေကာနိ ဝါ ခဏ္ဍာနိ ဆိန္ဒိတဗ္ဗာ ဟူသည်ကား။ ယထာ ယေန အာကာရေန၊ အကြင် အခြင်းအရာဖြင့်။ ဆိန္ဒိယမာနာနိ၊ ဖြတ်အပ်ကုန်သည် ရှိသော်။ ပဉ္စခဏ္ဍိကာဒီနံ၊ ငါးခဏ်းရှိသော သက်န်း အစရှိကုန်သော။ သံဃာဋီအာဒီနံ၊ ဒုကုဋ်အစရှိကုန်သော။ တိဏ္ဏံစီဝရာနံ၊ သုံးထည်သော သက်န်းတို့တွင်။ အညတရပ္ပဟောနကာနိ၊ တထည်ထည်အားလောက်ကုန်သော။ မဟာမဏ္ဍလ အဍ္ဍမဏ္ဍလာဒိဝသေန၊ အိမ်ဝန်းကြီး အိမ်ဝန်းငယ် စသည်တို့၏အစွမ်းဖြင့်။ ပဉ္စခဏ္ဍာနိ ဝါ၊ ငါးခဏ်းတို့သည်၎င်း။ အတိရေကာနိ၊ ငါးခဏ်းထက်ပိုလွန်ကုန်သော။ သတ္တာဒိခဏ္ဍာနိ ဝါ၊ ခုနစ်ခဏ်း စသော အခဏ်းတို့သည်၎င်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဧဝံ တထာတေန အာကာရေန၊ ထိုသို့သော အခြင်းအရာဖြင့်။ ဆိန္ဒိတဗ္ဗာ၊ဖြတ်၍။ ။ထင်မြင်ချက်။ ငါးပိုင်း-ငါးစပ်စသော အခဏ်းတို့ကိုသာ မဟုတ်၊ အိမ်ဝန်းကြီး အိမ်ဝန်းငယ်တို့ကိုလည်း ခွါးစသည်ဖြင့် ပိုင်းပိုင်းဖြတ်၍ ချုပ်အပ်သည်-ဟူသော ဗန်းမော်ဆရာတော်ဘုရားကြီး၏ ပြဆိုချက်များမှာ ခိုင်မာလှပေသည်။ ဆိုဦးအံ့။ ။ဤပါဠိသည် ပဌမ ကထိနသိက္ခာပုဒ်၌ ဖွင့်ဆိုသောပါဠိ ဖြစ်၍ ကထိန်သက်န်းနှင့် တိစီဝရိက်သက်န်း ၃ ထည် တို့ကိုသာလျှင် ရည်၍ ဆိုခြင်း မဟုတ်၊ အခြားဝတ်ရုံသော အပိုသက်န်းများကိုလည်း ရည်၍ ဆိုခြင်း ဖြစ်သည်-ဟူ၍မှတ်ယူအပ်၏။]

(၃)။ ။န အညတြ ပဉ္စကေန ဝါ အတိရေက ပဉ္စကေန ဝါ တဒဟေဝ သဉ္ဇိန္နေန သမဏ္ဍလိကတေန အတ္ထတံ ဟောတိ ကထိနံ။ ။တဒဟေဝ၊

ထိုကထိန်လျှ သင်္ကန်းရသော နေ့၌သာလျှင်။ သဒ္ဓိံ နေ့နေ၊ ကောင်းစွာ ဖြတ်သဖြင့်။ သမဏ္ဍလိကတေန၊ ကွဲအိမ်ဟု ဆိုအပ်သော မဟာမဏ္ဍလ အစုမဏ္ဍလတို့နှင့်တကွ ပြုအပ်သော။ ပဉ္စကေန ဝါ၊ ငါးစပ်ငါးဖြတ်ကိုရင်း။ အတိရေက ပဉ္စကေန ဝါ၊ ငါးစပ်ငါးဖြတ်ထက် လွန်သော အစပ်အဖြတ်ကိုရင်း။ အညတြ ထပေတွာ၊ ကြဉ်ထား၍။ ကထိနံ၊ ကထိန်သည်။ အတ္ထတံ၊ အခင်းမြောက်သည်။ န ဟောတိ၊ မဖြစ်။ **ဝိနည်းမဟာဝါ ပါဠိတော်။** ။ န အညတြ ပဉ္စကေနဲ ဝါ အတိရေက ပဉ္စကေန ဝါတိ ပဉ္စ ဝါ ·အတိရေကာနိ ဝါ ခဏ္ဍာနိ ကတွာ မဟာမဏ္ဍလအစုမဏ္ဍလာနိ ဒဿေတွာ ကတေနေဝ ဝဋ္ဋတိ။ ဧဝဉ္ဟိ သမဏ္ဍလိကတံ ဟောတိ။ တံ ထပေတွာ အညေန အစ္ဆိန္နကေန ဝါ ဒွတ္တိစတုခဏ္ဍေန ဝါ န ဝဋ္ဋတိ။ ။န အညတြ ပဉ္စကေန ဝါ အတိရေက ပဉ္စကေန ဝါတိ၊ ဝါ ဟူသည်ကား။ ပဉ္စ ဝါ ခဏ္ဍာနိ၊ ငါးစပ်ငါးပိုင်း တို့ကိုရင်း။ အတိရေကာနိ ဝါ ခဏ္ဍာနိ၊ ငါးစပ်ငါးပိုင်းထက် လွန်ကုန်သော သတ္တနဝ ကောဒသ အစပ်အပိုင်းတို့ကိုရင်း။ကတွာ၊ ဖြတ်သည်ကိုပြု၍။ မဟာမဏ္ဍလ အစုမဏ္ဍလာနိ၊ အိမ်ကွဲဟု ဆိုအပ်ကုန်သော မဟာမဏ္ဍလ အစုမဏ္ဍလတို့ကို။ ဒဿေတွာ၊ ဖြတ်သောအားဖြင့် ထင်စေ၍။ ကတေနေဝ၊ ချုပ်ခြင်းကို ပြုအပ်သော သင်္ကန်းဖြင့်သာလျှင်။ ဝဋ္ဋတိ၊ ကထိန်ခင်းခြင်းငှါအပ်၏။ ဧဝံ ဟိ၊ ဤသို့ မဟာမဏ္ဍလ အစုမဏ္ဍလတို့ကို ဖြတ်သောအားဖြင့် ထင်စေ၍ ချုပ်ခြင်းကို ပြုအပ်သော်သာလျှင်။ သမဏ္ဍလိကတံ၊ မဟာမဏ္ဍလ အစုမဏ္ဍလတို့နှင့်တကွ ပြုအပ်သော ပဉ္စခဏ်း သတ္တခဏ်း စသော သင်္ကန်းသည်။ ဟောတိ၊ ဖြစ်၏။ တံ၊ ထို မဟာမဏ္ဍလ အစုမဏ္ဍလတို့နှင့်တကွ ပြုအပ်သော ပဉ္စခဏ်း သတ္တခဏ်း စသော သင်္ကန်းကို။ထပေတွာ၊ ကြဉ်ထား၍။အညေန၊တပါးသော။ အစ္ဆိန္နကေန ဝါ၊ အလျှင်းမဖြတ်သော သင်္ကန်းဖြင့်ရင်း။ ဒွတ္တိစတုခဏ္ဍေန ဝါ၊ နှစ်ပိုင်းသုံးပိုင်းလေးပိုင်းသာ အခဏ်းအစပ် ဖြတ်သော သင်္ကန်းဖြင့်ရင်း။ န ဝဋ္ဋတိ၊ ကထိန်ခင်းခြင်းငှါ မအပ်။ ။ရင်းပါဠိတော်၏အဋ္ဌကထာ။ ဤသို့လာသော ပါဠိ အဋ္ဌကထာနှစ်ရပ်တို့၏ ပိဏ္ဍတ္ထ အဓိပ္ပါယ်ကို ထိုကထိန်လျှ အထည်အလိပ်ကို ရသည့်နေ့ ကောင်းစွာဖြတ်၍ မဟာမဏ္ဍလ အစုမဏ္ဍလတို့နှင့်တကွ ချုပ်လုပ်အပ်သော ပဉ္စခဏ်း သတ္တခဏ်း စသောသင်္ကန်း မဟုတ်လျှင် ကထိန် အခင်းမမြောက်ဟု မှတ်ယူအပ်သည်ဖြစ်၍ လည်း ချုပ်လုပ်အပ်သော မြေးင်းတရုပ်ဟူသမျှကို အပိုင်းအပိုင်း ခါးငယ်စသည်ဖြင့် ဖြတ်၍ချုပ်အပ်သည်ဟု မြဲမြဲမှတ်လေ။

မှတ်ချက်။ ။ဤ၌ ဟပ်မိနေ၍ ဆဋ္ဌမူ–မဟာဝဂ်ပါဠိတော် (မြန်မာပြန်) နှင့် ပရိဝါပါဠိတော်(မြန်မာပြန်)တို့၌လာသော အဆိုများနှင့် ညောင်လေးပင်

ဆရာတော်ဘုရား စီရင်သော ကထိန်အရေးသာကျမ်း၌လာသော အဆိုကိုလည်း ကြားညှပ်၍ တင်ပြပါအံ့။

(က)။ ။ဆဋ္ဌမူ-မဟာဝဂ်ပါဠိတော် (မြန်မာပြန်) ကထိနက္ခန္ဓက နှာ ၃၅၇-အပိုဒ် ၃၀၈ ၌လာသည့် "ထိုရောက်သောနေ့မှာပင်လျှင် ဖြတ်အပ်သော အိမ်ကြီးအိမ်ငယ်နှင့် တကွသော ငါးခဏ်း သင်္ကန်းကိုရင်း၊ ငါးခဏ်းထက် အလွန် သင်္ကန်းကိုရင်းကြဉ်ထား၍ ကထိန်ခင်းသော်ခင်းသည် မမည်"ဆိုသော စကားနှင့် နှာ ၃၅၈-အပိုဒ် ၃၁၉၌ လာသည့် "ထိုရောက်သောနေ့မှာပင်လျှင် ဖြတ်အပ်သော အိမ်ကြီး အိမ်ငယ်နှင့်တကွသော ငါးခဏ်းသင်္ကန်းဖြင့်ဖြစ်စေ၊ ငါးခဏ်းထက်လွန်သော ခုနစ်ခဏ်း ကိုးခဏ်း သင်္ကန်းစသည်ဖြင့်ဖြစ်စေ ခင်းသော် ကထိန်ခင်းသည် မည်၏" ဆိုသောစကားများကို မြဲမြဲ သတိရှိတော်မူကြပါကုန်။ [ဤစာပိုဒ်၌လာသော "ထိုရောက်သောနေ့မှာပင်လျှင် ဖြတ်အပ်သော အိမ်ကြီး အိမ်ငယ်နှင့်တကွသော ငါးခဏ်းသင်္ကန်းကိုရင်း၊ ငါးခဏ်းထက် အလွန်သင်္ကန်းကိုရင်း" ဆိုသော စကားများကို စိစစ်လျှင် ငါးပိုင်း ငါးစပ် စသော အခဏ်းတို့ကိုသာမဟုတ်၊ အိမ်ဝန်းကြီး အိမ်ဝန်းငယ် တို့ကိုလည်း ဓားစသည်ဖြင့် ပိုင်းပိုင်းဖြတ်အပ်သည်- ဟူသော သဘောမှာ ပေါ်လွင်ပါသည်၊ အဘယ့်ကြောင့်နည်း၊ ငါးပိုင်း ငါးစပ် စသော အခဏ်းတို့ကိုသာ ဖြတ်၍ အိမ်ဝန်းကြီး အိမ်ဝန်းငယ်တို့ကိုဖြတ်ဖို့ မလိုဟုဆိုလျှင် စိစစ်ခဲ့ပြီးသော စကား အစီအစဉ်အစား ဖြတ်အပ်သော ဟူသော အထူးပြုပုဒ်ကို အိမ်ကြီး အိမ်ငယ် ရှေ့တွင် မထားပဲ ငါးခဏ်းသင်္ကန်း ရှေ့တွင် ထားကာ "ထိုရောက်သောနေ့မှာပင်လျှင် အိမ်ကြီးအိမ်ငယ်နှင့်တကွသော ဖြတ်အပ်သော ငါးခဏ်း သင်္ကန်းကိုရင်း။ ငါးခဏ်းထက်အလွန် သင်္ကန်းကိုရင်း"ဟု ဆိုချိမ့်မည်-ဟူသောကြောင့်တည်း။ ။သိလောက်ပြီ။ ။အောက်၌ ပြလတ္တံ့သော စာပိုဒ် (ခ)၏ အဓိပ္ပါယ်ကိုလည်း ဤအဲတိုင်း သိတော်မူကြပါကုန်။]

(ခ)။ ။ထိုနေ့ပင် ကောင်းစွာဖြတ်အပ်သော အိမ်ရှည်အိမ်တိုနှင့်တကွ ဖြစ်သော ငါးခဏ်း ငါးခဏ်းထက်အလွန်ကိုထား၍ ကထိန်မခင်းအပ်။ ။ ဆဋ္ဌမူ-ပရိဝါပါဠိတော်(မြန်မာပြန်)ကထိနဘေဒ-နှာ ၃၉၈-အပိုဒ် ၄၀၃။ ။ ထိုနေ့ပင် ကောင်းစွာ ဖြတ်အပ်သော အိမ်ရှည်အိမ်တိုနှင့် တကွ ဖြစ်သော ငါးခဏ်းသင်္ကန်းဖြင့်ရင်း၊ ငါးခဏ်းထက်လွန်သော သင်္ကန်းဖြင့်ရင်း ကထိန် ခင်းအပ်၏။ ။ဆဋ္ဌမူ-ပရိဝါ ပါဠိတော် (မြန်မာပြန်) ကထိနဘေဒ-နှာ ၃၉၉-အပိုဒ် ၄၀၃။ [အိမ်ရှည်အိမ်တို-ဟူရာ၌ အိမ်ကြီးနှင့် အိမ်ငယ် တို့ကို ဆိုလိုသည်။ ။အိမ်ကြီးအိမ်ငယ်-ဆိုသော စကားသည် ငါးပိုင်း ငါးစပ်

စသော အခဏ်းတို့ကို ဆိုသည် မဟုတ်၊ ထိုအခဏ်းတို့ကို ဖွဲ့စပ်သော အခဏ်း နှစ်ခုတို့ကို ဆိုသည်၊ ၎င်းတို့ နှစ်ခုတွင် အကြီးကို အချို့က အိမ်ဝန်းကြီး ဟူ၍ ၎င်း၊ အချို့က အိမ်ကြီးဟူ၍၎င်း ခေါ်၏။ အငယ်ကို အချို့က အိမ်ဝန်း ငယ်ဟူ၍၎င်း၊ အချို့က အိမ်ငယ်ဟူ၍၎င်း ခေါ်၏။ ။ငါးပိုင်း ငါးစပ် စသော အခဏ်းတို့နှင့်တကွ အိမ်ဝန်းကြီး အိမ်ဝန်းငယ်တို့ကို ခေါ်စသည်ဖြင့် ပိုင်းပိုင်းဖြတ်လျှင် မြောင်းတလုပ် တို့ကိုလည်း အပိုင်းပိုင်း ဖြတ်ယူရမည်-ဟူ၍ သိ။ အောက်၌ ပြဆိုထားသော **သက်န်းချုပ်လုပ်ပုံ** အခဏ်း၌ ဖော်ပြ ထားသည်။]

(ဂ)။ ။ညောင်လေးပင်မြို့၊ တောရကျောင်းတိုက်၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ရ၊ နာယက ဆရာတော်ဘုရား စီရင်တော်မူသော **ကထိန်အရသာကျမ်း**၊ စာမျက်နှာ ၆၅-အမှတ် ၂၂-၌ ကထိန်အခင်းမမြောက်ပုံ ၂၄ ပါးကို ပြရာ တွင်"ငါးခဏ်း, ငါးခဏ်းထက် အလွန်ရှိသော **ထိုနေ့ဖြတ်သော** အိမ်ကြီး အိမ် ငယ်နှင့်တကွသော သက်န်းမှတပါးသော သက်န်းဖြင့် ကထိန်ခင်းလျှင် ခင်း သည် မမည်"ဟု ဆို၏။ [ဤစာပိုဒ်၌လာသည့် "**ထိုနေ့ဖြတ်သော**" ဆိုသော စကားသည် "ငါးခဏ်း, ငါးခဏ်းထက် အလွန်ရှိသော" ဆိုသော စကား များ၏ ရှေ့မှ မလာပဲနောက်မှ လာသည်ကိုထောက်၍ ဤရှိရင်းစွဲ စာသွား အတိုင်း အဓိပ္ပါယ်ကောက်လျှင် ငါးပိုင်း-ငါးစပ် စသော အခဏ်း တို့ကို မဖြတ်ပဲ နေမည်ဆိုလျှင် နေနိုင်၏၊ အိမ်ဝန်းကြီး အိမ်ဝန်းငယ် တို့ကို မူကား မဖြတ်ပဲ နေလို့ မဖြစ်-ဟူ၍ ဆိုရပေမည်။ ။ငါးပိုင်း-ငါးစပ်စသောအခဏ်း တို့ကို ဖြတ်ခြင်းနှင့်ပတ်သက်၍ ဝိဝါဒမရှိရကား ၎င်းတို့ကိုလည်း ဖြတ်သော ကိစ္စ၌ သိမ်းကျုံး၍ ထိုဆရာတော်ဘုရားဆိုသည်-ဟူ၍ သိအပ်၏။]

(ဃ)။ ။ပဉ္စ ဝါ အတိရေကာနိ ဝါ ခဏ္ဍာနိ ကတွာ။ ။ဟု အဋ္ဌကထာ လာခြင်းကြောင့် ပဉ္စခဏ်းစသည် ဖြစ်ခြင်း၏ အကြောင်းမြောင်းကိုသာ ဖြတ်၍ ချုပ်သည်။ တရုပ်ကိုကား၊ မဟာမဏ္ဍလ အစုမဏ္ဍလာနိ ဒဿေတွာ၊ ဟု အဋ္ဌ ကထာ လာခြင်းကြောင့် ပိုင်းပိုင်းဖြတ်၍ မချုပ်သော်လည်း ကွဲအိမ်ထင်ရုံမျှ ချုပ်ရိုးပြကာဖြင့်ပင် အပ်ပါသကော ဟူငြားအံ့။ မအပ်လေသည်သာ။ ဆိုရာ ဆိုစု တခုတွေ့ တခုမှတ်မျှနှင့် အပ်ပါသကောဟု အပြောအဆို အလွန်မောက်မို အားကြီးလွန်းသည်။ ၎င်း အဋ္ဌကထာ၏ အဓိပ္ပါယ်ကို ထိုကဲ့သို့ မမှတ်အပ်။ မှတ်ချေသည်ရှိသော် ၎င်းအဋ္ဌကထာ၏ **သံဝဏ္ဏေတဗ္ဗပါဠိတော်**၌ မဟာမဏ္ဍလ အစုမဏ္ဍလတို့နှင့်တကွ ပဉ္စခဏ်း သတ္တခဏ်းစသည် ပြုရသော အကြောင်း ကြီးသာပြ **သိဗ္ဗေန** ဟူသောပုဒ်နှင့် ဝိရုဒ္ဓသဘော ဖြစ်ခဲ့ရာသည်။ ပြဆိုအပ်ခဲ့

ပြီးသော ကထိန်သင်္ကန်း၏ ပုဗ္ဗကရဏ ခုနစ်ပါးကိုဟောရာ **ပရိဝါပါဠိတော်**နှင့်လည်း မနှီးနှောလေရာ။ ပြဆိုအပ်ခဲ့ပြီးသော **ကင်္ခါဋီကာ** စာကိုယ်လာဟန်ကို ထောက်၍ **ကတ္ထာ၊ ဒသေတ္ထာ**ဟူသော ပုဒ်တို့၏ အနက်အဓိပ္ပါယ်သည် ဆိန္နိတ္ထာဟူသော ပုဒ်၏ အနက် အဓိပ္ပါယ်ပင်တည်းဟု အသင့်အားဖြင့် မှတ်ယူ၍ ပဥ္စခဏ်း စသည်ဖြစ်ခြင်း၏ အကြောင်းမြောင်းကိုသာ ဖြတ်၍ချုပ်အပ်သည်မဟုတ်၊ ကွဲအိမ်ဖြစ်ခြင်း၏ အကြောင်းဟုတ်သော တရုပ်ကိုလည်း ဖြတ်၍ချုပ်အပ်သည်ဟု မှတ်ယူသင့်သည်။ ကထိန်အခင်း ချုံ့တဲ့ပျက်စီးခြင်း အကြောင်းသုံးပါးကို ဖွင့်ဆိုရာ **ပရိဝါအဋ္ဌကထာ**၌လည်း ကရဏာဝိပန္နံ နာမ တဒဟေဝ ဆိန္နိတ္ထာ အကတံ။ ။တဒဟေဝ၊ ထိုကထိန်လျှာ အဝတ်သင်္ကန်းကို ရသောနေ့၌သာလျှင်။ **ဆိန္နိတ္ထာ၊ ဓားငယ်စသည်ဖြင့် ပိုင်းပိုင်းဖြတ်၍**။ အကတံ၊ ချုပ်လုပ်ခြင်းကို မပြုအပ်သော သင်္ကန်းသည်။ ကရဏာဝိပန္နံ နာမ၊ အချုပ်အလုပ် ချို့တဲ့ ချွတ်ယွင်းသည် မည်၏။ ။ဤသို့ သာမည ချုပ်ချုပ်သမျှအရာကို နှံ့စေ၍ မိန့်အပ်လေသည်ကို ထောက်ထားသဖြင့်၎င်း၊ ချုပ်သောအရာချည်းဖြစ်လျက် တလုံးစားတကွက်ကျန် မြောင်းအစပ်ကိုသာဖြတ်၍ ကွဲအိမ်တရုပ်ကို မဖြတ်နေအပ်သော ယုတ္တိသဘော မရှိကောင်းရာသည်ကို ဆင်ခြင်သဖြင့်၎င်း၊ မြောင်းသော တရုပ်သောဟု သဘောမမှတ်၊ ချုပ်ချုပ်သမျှအရပ်ကို ဖြတ်၍သာ ချုပ်အပ်လေသည်ဟုမှတ်ယူ နှလုံးသွင်းရာသည်။ [**ဒသေတ္ထာ**—ဆိုသော ပါဠိစကား၏ ဆိုလိုရင်းအဓိပ္ပါယ်ကို ဉာဏ်မှီသလောက် အရပ်သုံး အသုံးအနှုန်းဖြင့် ရေး၍ရှင်းပြပါအံ့။ ဒသေတ္ထာ—ဆိုသော ပါဠိစကားကို မြန်မာလို တိုက်ရိုက်ပြန်ဆိုလျှင် "ပြု၍ (ထင်စေ၍)"ဟု ပြန်ဆိုရသည်၊ ပြု၍ (ထင်စေ၍)ဆိုသော စကားဖြင့် ဆက်စပ်၍ ပြန်ဆိုလျှင် မဟာမဏ္ဍလ အဍ္ဍမဏ္ဍလာနိ ဒသေတ္ထာဟူသောပုဒ်သည် "အိမ်ဝန်းကြီး အိမ်ဝန်းငယ်တို့ကို ပြု၍ (ထင်စေ၍)"ဟု အဓိပ္ပါယ်ထွက်သည်၊ သို့သော်သက်ဆိုင်သော အကြောင်းအရာကိုထောက်၍ အရပ်သုံး အသုံးအနှုန်းဖြင့် ပြန်ဆိုလျှင် အိမ်ဝန်းကြီး အိမ်ဝန်းငယ်တို့ကို ပြု၍(ထင်စေ၍)-ဆိုသောစကားသည် "အိမ်ဝန်းကြီး အိမ်ဝန်းငယ်တို့ကို (ရုပ်လုံး) ဖော်၍"ဟု အဓိပ္ပါယ်ထွက်သည်။ ရှင်းပြပါအံ့။ ။ပါဠိတော်၌ သင်္ကန်းချုပ်လုပ်ပုံကို ဖေါ်ပြရာဝယ် ငါးပိုင်း ငါးစပ်စသော အခဏ်းတို့နှင့်တကွ အိမ်ဝန်းကြီး အိမ်ဝန်းငယ် မြောင်းတလုပ်တို့ကို ထည့်သွင်းထားသည်။ ဤသို့ ထည့်သွင်းထားသည်ကို ထောက်သောအားဖြင့် မဟာဝါ အဋ္ဌကထာဆရာသည် ငါးပိုင်းငါးစပ်စသော အခဏ်းတို့ကိုသာ ဖေါ်၍ အိမ်ဝန်းကြီး အိမ်ဝန်းငယ်တို့ကို မဖေါ်ပဲ ချုပ်မည်စိုး၍ အိမ်ဝန်းကြီး အိမ်ဝန်းငယ်တို့ကိုလည်း (ရုပ်လုံး) ဖေါ်၍ ချုပ်စေလိုသော စေတနာဖြင့် **ဒသေတ္ထာ** ဆိုသောစကားကို သုံးစွဲခြင်းဖြစ်သည်-ဟူ၍ ထင်မြင်

ပါ၏။ ထို့ကြောင့် ဒသေတ္ဗာ ဆိုသော ပါဠိစကားကို အရပ်သုံး အသုံးအနှုန်းဖြင့် ပြန်ဆိုလျှင် ဤနေရာ၌ "(ရုပ်လုံး)ဖော်၍"ဟု အဓိပ္ပါယ်ထွက်သည်။ "(ရုပ်လုံး) ဖော်၍"ဆိုသောစကားကို စိစစ်လျှင် အိမ်ဝန်းကြီး အိမ်ဝန်းငယ်တို့ကိုမည်ကဲ့သို့(ရုပ်လုံး)ဖော်ရမည်နည်း၊ ခေါးစသည်ဖြင့် ပိုင်းပိုင်းဖြတ်၍ ချုပ်ခြင်းဖြင့် ဖော်ရမည်လော၊ သို့တည်းမဟုတ် ခေါးစသည်ဖြင့်ပိုင်းပိုင်းမဖြတ်ပဲ ခေါက်၍ချုပ်ခြင်းဖြင့် ဖော်ရမည်လော- ဟူ၍ မေးဖွယ်ရှိ၏။ အဖြေကား ခေါက်၍ မချုပ်ပဲ ခေါးစသည်ဖြင့် ပိုင်းပိုင်းဖြတ်၍ ချုပ်ခြင်းဖြင့် ဖော်ရမည်-ဟူ၍ ဖြစ်သည်။ အဘယ့်ကြောင့်နည်း၊ ပါဠိတော်၌ ဖြတ်၍ ချုပ်ရမည်ဟု ဆိုထားခြင်းကြောင့် မဟာဝါ အဋ္ဌကထာဆရာသည် ခေါးစသည်ဖြင့် ပိုင်းပိုင်းမဖြတ်ပဲ ခေါက်၍ချုပ်ခြင်းဖြင့် ဖော်ခြင်းကို မည့်သည့်နည်းနှင့်မှ ဆိုလိုမည်မဟုတ်ပေ-ဟူသောကြောင့်တည်း။ ပြဆိုခဲ့ပြီးသော အချက်အလက် အကြောင်းအရာများကို ထောက်သောအားဖြင့် "ကတ္ဗာ ဒသေတ္ဗာ ဟူသော ပုဒ်တို့၏ အနက်အဓိပ္ပါယ်သည် ဆိဗ္ဗိတ္ဗာဟူသော်ပုဒ်၏ အနက်ပင်တည်း ဟု အသင့်အားဖြင့် မှတ်ယူ၍"ဟူသော ဗန်းမော်ဆရာတော်ဘုရားကြီး၏အဆိုမှာ ဆီလျှော်လှသည်၊ သဘာဝကျလှသည်-ဟူ၍ ဆိုအပ်ပါသည်။ ။ဆိုဦးအံ့။ ။မဟာဝါ အဋ္ဌကထာဆရာနှင့် ပရိဝါအဋ္ဌကထာဆရာသည် ရှင်မဟာဗုဒ္ဓဃောသ တဦးတည်းပင်ဖြစ်ရကား မဟာဝါ အဋ္ဌကထာ၌ လာသော "ဒသေတ္ဗာ" ဆိုသော စကားနှင့် ပရိဝါအဋ္ဌကထာ၌လာသော"ဆိဗ္ဗိတ္ဗာ"ဆိုသော စကားတို့၏အနက်အဓိပ္ပါယ်မှာ အတူတူပင် ဖြစ်ရပေမည်။ အဘယ်ကြောင့်နည်း။ အကြောင်းအရာ တခုတည်းကိုပင် တနေရာ၌ အဓိပ္ပါယ်တမျိုး၊ အခြား တနေရာ၌ အဓိပ္ပါယ်တမျိုး၊ အဓိပ္ပါယ်နှစ်မျိုးဖြင့် အဘယ်ဆရာမှ ဆိုမည် မဟုတ်သောကြောင့်တည်း။ ။ပြဆိုခဲ့ပြီးသော ဗန်းမော် ဆရာတော်ဘုရားကြီး၏ အဆိုအမှတ်(၂)၌ ဖော်ပြထားသော **ကင်္ခါဝိတရဏီ အဋ္ဌကထာ ဆရာ** သည်လည်း ရှင်မဟာ ဗုဒ္ဓဃောသပင် ဖြစ်၍ ထိုဆရာ ဆိုသော "**သစေ ကတ စီဝရမေဝ ဥပ္ပဇ္ဇတိ၊ သုန္ဒရမေဝ၊ အစ္ဆိန္နာ သိဗ္ဗိတံ ပန န ဝဋ္ဋတိ**"ဟူသောပါဠိ၌လာသည့် "**အစ္ဆိန္နာ သိဗ္ဗိတံ=မဖြတ်ပဲ ချုပ်ခဲ့သော သင်္ကန်းသည်**" ဆိုသော စကားကို စိစစ်လျှင် ငါးပိုင်းငါးစပ်စသော အခဏ်းတို့ကိုသာ ဖြတ်၍ အိမ်ဝန်းကြီး အိမ်ဝန်းငယ်တို့ကို ပိုင်းပိုင်းမဖြတ်ပဲ ခေါက်၍ချုပ်သော သင်္ကန်းသည် မအပ်-ဟူသော သဘောမှာ ပေါ်လွင်ပါသည်။]

(၅)။ ။မြောင်းတရပ် ချုပ်ချုပ်သမျှ အရပ်ကို ပိုင်းပိုင်းဖြတ်လျှင် ပဉ္စခဏ်း သင်္ကန်း၌ပင် ငါးစပ် ငါးလွှာမက အစပ်အလွှာ များခဲ့ရာ၍ သင့်နိုင်စရာ သဘောယုတ္တိ ရှိနိုင်ပါအံ့လော ဟူပြန်ငြားအံ့။ သဗ္ဗညုဘုရားသခင်သည်

ရာဇဂြိုဟ်ပြည်မှ ဒက္ခိဏာပထသို့ ဒေသစာရီအကြွတွင် မဂဓရောဇ်တိုင်းသားတို့၏ လယ်ခင်းလယ်တာပုံကို နည်းပြု၍ သင်္ကန်း စီရင်လိုကြောင်းနှင့် အမိန့်တော် မြတ်ရှိ၍ ရှင်အာနန္ဒာသည် ကောင်းစွာ သင်္ကန်းချုပ်လုပ် စီရင်၍ ပြလာသည် ကာလ။ ။ပဏ္ဍိတော ဘိက္ခဝေ အာနန္ဒော၊ မဟာပညော ဘိက္ခဝေ အာနန္ဒော၊ ယတြ ဟိ နာမ မယာ သံခိတ္တေန ဘာသိတဿ အတ္ထံ ဝိတ္ထာရေန အာဇာနိဿတိ၊ ကုသိမ္ပိ နာမ ကရိဿတိ၊ အဍ္ဎကုသိမ္ပိ နာမ ကရိဿတိ၊ မဏ္ဍလမ္ပိ နာမ ကရိဿတိ၊ အဍ္ဎမဏ္ဍလမ္ပိ နာမ ကရိဿတိ၊ ဝိဝဋ္ဋမ္ပိ နာမ ကရိဿတိ၊ အနုဝိဝဋ္ဋမ္ပိ နာမ ကရိဿတိ၊ ဂီဝေယျကမ္ပိ နာမ ကရိဿတိ၊ ဇင်္ဃေယျကမ္ပိ နာမ ကရိဿတိ၊ ဗာဟန္တမ္ပိ နာမ ကရိဿတိ၊ ဆိန္နကံ ဘဝိဿတိ သတ္ထလူခံ၊ သမဏသာရုပ္ပံ၊ ပစ္စတ္ထိကာနဉ္စ အနဘိစ္ဆိတံ၊ အနုဇာနာမိ ဘိက္ခဝေ ဆိန္နကံ သံဃာဋိံ၊ ဆိန္နကံ ဥတ္တရာသင်္ဂံ၊ ဆိန္နကံ အန္တရဝါသကံ။ ။ဘိက္ခဝေ၊ ရဟန်းတို့။ အာနန္ဒော၊ အာနန္ဒာသည်။ ပဏ္ဍိတော၊ အကြောင်းအကျိုးကို ထိုးထွင်း၍ သိတတ်သောဉာဏ်ရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အာနန္ဒော၊ အာနန္ဒာသည်။ မဟာပညော၊ ကြီးကျယ်သောပညာရှိ၏။ မယာ၊ ငါဘုရားသည်။ သံခိတ္တေန၊ အကျဉ်းအားဖြင့်။ ဘာသိတဿ၊ ဟောပြောအပ်သော စကား၏။ အတ္ထံ၊ အနက်ကို။ ယတြ ဟိ နာမ–ယောနာမ အာနန္ဒော၊ အကြင်အာနန္ဒာသည်။ ဝိတ္ထာရေန၊ အကျယ်အားဖြင့်။ အာဇာနိဿတိ၊ သိနိုင်ဘိ၏။ သော အာနန္ဒော၊ ထိုအာနန္ဒာသည်။ ကုသိမ္ပိနာမ၊ အနားပတ်လွှာ မြောင်းရှည်လွှာ မည်သည်ကိုလည်း။ ကရိဿတိ၊ ပြုဘိ၏။ အဍ္ဎကုသိမ္ပိနာမ၊ တရုပ်မြောင်းတိုလွှာ မည်သည်ကိုလည်း။ ကရိဿတိ၊ ပြုဘိ၏။ မဏ္ဍလမ္ပိနာမ၊ အိမ်ဝန်းကြီး မဟာမဏ္ဍလ မည်သည်ကိုလည်း။ ကရိဿတိ၊ ပြုဘိ၏။ အဍ္ဎမဏ္ဍလမ္ပိနာမ၊ အိမ်ဝန်းငယ် အဍ္ဎမဏ္ဍလ မည်သည်ကိုလည်း။ ကရိဿတိ၊ ပြုဘိ၏။ ဝိဝဋ္ဋမ္ပိ နာမ၊ ကွဲအိမ်နှစ်ခုကို တပေါင်းတည်းပြု၍ ချုပ် အပ်သော ခေါင်စပ်မည်သည်ကိုလည်း။ ကရိဿတိ၊ ပြုဘိ၏။ အနုဝိဝဋ္ဋမ္ပိနာမ၊ ခေါင်ရံစပ် မည်သည်ကိုလည်း။ ကရိဿတိ၊ ပြုဘိ၏။ ဂီဝေယျကမ္ပိ နာမ၊ လည်ထိရာအရပ်၌ ထပ်၍ ချုပ်အပ်သော အာဂန္တုကလွှာ မည်သည်ကိုလည်း။ ကရိဿတိ၊ ပြုဘိ၏။ ဇင်္ဃေယျကမ္ပိ နာမ၊ သားလုံးမြင်းခေါင်း ထိရာအရပ်၌၊ ထပ်၍ချုပ်အပ်သော အာဂန္တုကလွှာ မည်သည်ကိုလည်း။ ကရိဿတိ၊ ပြုဘိ၏။ ဗာဟန္တမ္ပိ နာမ၊ လက်လိပ်စပ် မည်သည်ကိုလည်း။ ကရိဿတိ၊ ပြုဘိ၏။ သတ္ထလူခံ၊ ဓားလှီး၍။ ဆိန္နကံ၊ ဖြတ်အပ်သည်။ ဘဝိဿတိ၊ ဖြစ်ဘိ၏။ သမဏသာရုပ္ပံ၊ ရဟန်းအား လျောက်ပတ်ပေစွ။ ပစ္စတ္ထိကာနဉ္စ၊ ရန်သူတို့သည်မူလည်း။ အနဘိစ္ဆိတံ၊ လိုချင်ဖွယ် မရှိဘိစွ။ ဘိက္ခဝေ၊ ရဟန်းတို့။ ဆိန္နကံ၊ ဖြတ်အပ်သော။

သံဃာဋိ၊ ဒုကူဋ္ဌကို။ ဆိန္နကံ။ ဖြတ်အပ်သော။ ဥတ္တရာသင်္ဂ၊ ကိုယ်ဝတ်ကို။ ဆိန္နကံ၊ ဖြတ်အပ်သော။ အန္တရဝါသကံ၊ သင်းပိုင်ကို။ အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။ ။ဝိနည်းမဟာဝါ ပါဠိတော်။ ။[သင်္ကန်း ချုပ်လုပ်ထားပုံကို မိန့်ဆိုတော်မူပြီးမှ "**သတ္တလူခံ၊ ခေါ်းလိုး၍။ ဆိန္နကံ၊ ဖြတ်အပ်သည်။ ဘဝိဿတိ၊ ဖြစ်ဘိ၏။**" ဆိုသောစကားကို မိန့်ဆိုသည်ကို ထောက်သောအားဖြင့် ငါးပိုင်း-ငါးစပ်စသော အခဏ်းတို့နှင့်တကွ အိမ်ဝန်းကြီး အိမ်ဝန်းငယ်စသည်တို့ကို ဓားဖြင့်ပိုင်းပိုင်းဖြတ်၍ ချုပ်အပ်ပေသည်— ဟူ၍ မှတ်ယူအပ်၏။]

(၆)။ ။ကုသိမ္ပိ နာမာတိ အာဒီသု ကုသိတိ အာယာမတောစ ဝိတ္ထာရတောစ အနုဝါတာဒီနံ ဒီဃပတ္တာနမေတံ အဓိဝစနံ။အဍ္ဍကုသိတိ အန္တရန္တရာ ရဿ ပတ္တာနံ နာမံ။ မဏ္ဍလန္တိ ပဉ္စခဏ္ဍိကစီဝရဿ ဧကေကသ္မိံ ခဏ္ဍေ မဟာမဏ္ဍလံ။ အဍ္ဍမဏ္ဍလန္တိ ခုဒ္ဒက မဏ္ဍလံ။ ဝိဝဋ္ဋန္တိ မဏ္ဍလဉ္စ အဍ္ဍမဏ္ဍလဉ္စ ဧကတော ကတွာ သိဗ္ဗိတံ မဇ္ဈိမခဏ္ဍံ။ အနုဝိဝဋ္ဋန္တိ တဿ ဥဘောသု ပဿေသု ဒွေ ခဏ္ဍာနိ။ ဂီဝေယျကန္တိ ဂီဝဝေဌနဋ္ဌာနေ ဒဠှီကရဏတ္ထံ အညံ သုတ္တသံသိဗ္ဗိတံ အာဂန္တုကပတ္တံ။ ဇင်္ဃေယျကန္တိ ဇင်္ဃပါပုဏနဋ္ဌာနေ တထေဝ သံသိဗ္ဗိတံ ပတ္တံ။ ဂီဝဋ္ဌာနေစ ဇင်္ဃဋ္ဌာနေစ ပတ္ထာနမေဝေတံ နာမန္တိပိ ဝဒန္တိ။ ဗာဟန္တန္တိ အနုဝိဝဋ္ဋာနံ ဗဟိ ဧကေကံ ခဏ္ဍံ။ ဣတိ ပဉ္စခဏ္ဍိကစီဝရေနေတံ ဝိစာရိတံ။ ။ကုသိမ္ပိနာမာတိ အာဒီသု၊ ကုသိမ္ပိနာမ-ဤသို့ အစရှိသော ပါဠိတော်တို့၌။ ကုသိတိတော၊ ကုသိ ဟူသော ထိုအမည်သည်။ အာယာမတောစ၊ အလျားအားဖြင့်၎င်း။ ဝိတ္ထာရတောစ၊ အနံအားဖြင့်၎င်း။ အနုဝါတာဒီနံ၊ အနားပတ် အစရှိကုန်သော။ ဒီဃပတ္တာနံ၊ ရှည်သောအနားပတ်ပိုင်းလွှာတို့၏။ အဓိဝစနံ၊ အမည်တည်း။ အဍ္ဍကုသိတိတော၊ အဍ္ဍကုသိ-ဟူသော ထိုအမည်သည်။ အန္တရန္တရာ၊ ကွဲအိမ်တို့၏ အကြားအကြား၌။ ရဿပတ္တာနံ၊ တိုသော တရှပ်ပိုင်းလွှာတို့၏။ နာမံ၊ အမည်တည်း။ မဏ္ဍလန္တိ၊ မဏ္ဍလံ ဟူသည်ကား။ ပဉ္စခဏ္ဍိကစီဝရဿ၊ ငါးစပ် ငါးပိုင်းရှိသောသင်္ကန်း၏။ ဧကေကသ္မိံ၊ တခုတခုသော။ ခဏ္ဍေ၊ အစပ်အပိုင်း၌။ မဟာမဏ္ဍလံ၊ အိမ်ဝန်းကြီးတည်း။ အဍ္ဍမဏ္ဍလန္တိ၊အဍ္ဍမဏ္ဍလံ ဟူသည်ကား။ ခုဒ္ဒက မဏ္ဍလံ၊ အိမ်ဝန်းငယ်တည်း။ ဝိဝဋ္ဋန္တိ၊ ဝိဝဋ္ဋံ-ဟူသည်ကား။ မဏ္ဍလဉ္စ၊ အိမ်ဝန်းကြီးလွှာကို၎င်း။ အဍ္ဍမဏ္ဍလဉ္စ၊ အိမ်ဝန်းငယ်လွှာကို၎င်း။ ဧကတော၊ တပေါင်းတည်း။ ကတွာ၊ ပြု၍။ သိဗ္ဗိတံ၊ ချုပ်အပ်သော။ မဇ္ဈိမခဏ္ဍံ၊ အသယ်ခေါင်စပ်ပိုင်းလွှာတည်း။ အနုဝိဝဋ္ဋန္တိ၊ အနုဝိဝဋ္ဋံ-ဟူသည်ကား၊ တဿ၊ ထိုခေါင်စပ်ပိုင်းလွှာ၏။ ဥဘောသု ပဿေသု၊ လက်ဝဲ လက်ယာ နံပါးနှစ်ဘက်တို့၌။ ဒွေ၊ နှစ်ခုကုန်သော။ ခဏ္ဍာနိ၊ အစပ်အပိုင်းအလွှာတို့တည်း။ ဂီဝေယျကန္တိ၊ဂီဝေယျကံ

ဟူသည်ကား။ ဂိဝေဧမှနဋ္ဌာနေ၊ လည်ကို ရစ်ပတ်ရာအရပ်၌။ ဒဋ္ဌိကရဏတ္တံ၊ မြဲမြံစွာ ပြုခြင်းငှါ။ အညံ့၊ တပါးသော။ သုတ္တသံသိဗ္ဗိတံ၊ ချည်ဖြင့် ကောင်းစွာ ချုပ်အပ်သော။ အာဂန္တုကပတ္တံ၊ ပြင်ထပ်ပေးသော အာဂန္တုက လွှာတည်း။ ဇဃေ်ယျကန္တိ၊ ဇဃေ်ယျကံ-ဟူသည်ကား။ ဇဃ်ပါပုဏနဋ္ဌာနေ၊ သားလုံးမြင်းခေါင်းသို့ရောက်ရာအရပ်၌။ တထေဝ၊ ထိုဂိဝေယျက အတူသာလျှင်။ သံသိဗ္ဗိတံ၊ ကောင်းစွာချုပ်အပ်သော။ ပတ္တံ၊ အလွှာတည်း။ ဧတံ၊ထို ဂိဝေယျကံ- ဇဃေ်ယျကံ ဟူသော အမည်သည်။ ဂိဝဋ္ဌာနေ စ၊ လည်ထိပါးရာအရပ်၌ငင်း။ ဇဃ်ဋ္ဌာနေစ၊ သားလုံးမြင်းခေါင်း ထိပါးရာ အရပ်၌ငင်း။ ပတ္တာနမေဝ၊ ပကတိအလွှာတို့၏သာလျှင်။ နာမံ၊ အမည်တည်း။ ဣတိပိ၊ ဤသို့လည်း။ ဝဒန္တိ၊ ဆိုကြကုန်၏။ ဗာဟန္တန္တိ၊ ဗာဟန္တံ ဟူသည်ကား။ အနုဝိဝဋ္ဋာနံ၊ ခေါင်ရံစပ်တို့၏။ ဗဟိ၊ အပ၌။ ဧကေကံ၊ တဘက်တခုတခုစီသော။ ခဏ္ဍံ၊ အစပ်အပိုင်းအလွှာတည်း။ ဣတိ၊ ဤသို့။ ပဉ္စခဏ္ဍိက စီဝရေန၊ ငါးစပ် ငါးခဏ်းရှိသော သင်္ကန်းဖြင့်။ ဧတံ၊ ထိုကုသိအစရှိသော အလုံးစုံကို။ ဝိစာရိတံ၊ စီရင်အပ်၏။ ။ငင်းဝိနည်း မဟာဝါ အဋ္ဌကထာ။

(၇)။ ။အာဒိသဒ္ဒေန ဒွိန္နံ ခဏ္ဍိကာနံ အန္တရာ မာတိကာကာရေန ထပိတပတ္တဥ္စ ဒီဃပတ္တန္တိ ဒဋ္ဌဗ္ဗံ။ ။အာဒိသဒ္ဒေန၊ အာဒိသဒ္ဒါဖြင့်။ ဒွိန္နံ၊ နှစ်ခုကုန်သော။ ခဏ္ဍိကာနံ၊ အခဏ်းလွှာတို့၏။ အန္တရာ၊ အကြား၌။ မာတိကာကာရေန၊ မြောင်း၏ အခြင်းအရာဖြင့်။ ထပိတပတ္တဥ္စ၊ ထားအပ်သောမြောင်းလွှာကိုလည်း။ ဒီဃပတ္တန္တိ၊ ဒီဃပတ္တဟူ၍။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ။ငင်းအဋ္ဌကထာမှာ အနုဝိဝါတာဒီနံ ဟူသော ပုဒ်၏အဖွင့် ဝိမတိဝိနောဒနိဋီကာ။ ဤသို့လာသော ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့၌ သက်န်းချုပ်လုပ်စီရင်ပုံနှင့် ညီစွာ တရုပ်လွှာကို မရိယာဒထား၍ မဟာမဏ္ဍလလွှာ-အဍ္ဎမဏ္ဍလလွှာတို့ကို တပေါင်းတည်း ပြုလုပ်၍ ချုပ်အပ်သော် တခဏ္ဍကဖြစ်၏။ မြောင်းရှည်လွှာကို မရိယာဒထား၍ငင်း ခဏ္ဍကငါးခုတို့ကို တပေါင်းတည်း ပြုလုပ်၍ ချုပ်အပ်ပြီးလျှင် အနားပတ်တင်ခြင်း၊ အနုဇာနာမိ ဘိက္ခဝေ ဂဏ္ဍိကပဋ္ဋလကံ အန္ဒေ အပ္ပေတုံ။ ပါသကပဋ္ဋလကံ သတ္တဂုံလံ ဝါ အဋ္ဌဂုံလံ ဝါ ဩဂါဟေတွာ အခပ္ပေတုံ၊ ဟူသော ပါဠိတော်နှင့် လျော်စွာ ကမွတ်သီးအိမ်ကို အနားပတ် စွန်း၌ တပ်ခြင်း။ ကမွတ်ကွင်းအိမ်ကို ခုနစ်သစ် ရှစ်သစ် အနားပတ်တွင်းသို့ ဆုတ်၍တပ်ခြင်းအမှုတို့ကိုပြုပြီးသည့်ကာလ ပဉ္စခဏ်းသက်န်း၏ ချုပ်လုပ်ရခြင်း ကိစ္စပြီး၏။ **။သတ္တခဏ်း၊နဝခဏ်း၊ ဧကာဒသခဏ်းတို့ကို ထိုနည်းကိုမှီ၍သိအပ်၏။** ဧကာဒသခဏ်းထက် လွန်၍ ကျမ်းဂန် မလာ။ သက်န်းလျှာ အထည် အလိပ်များကို အနံ လက်လေးသစ်အောက် ဆုတ်ဖြတ်၍ ဝေခြမ်းလျှင် အနား

ပတ်လွှာ၊ မြောင်းတရုပ်လွှာမျှ မရ။ အပရိဘောဂဖြစ်လေရာ၍ စီဝရဘာဇက ရဟန်းအား တားမြစ်အပ်သော ဟေဋ္ဌိမပရိစ္ဆေဒေန စတုရင်္ဂုလစိတ္တာရံပိ- အစရှိသည်ဖြင့်လာသော အဋ္ဌကထာစကားကို ထောက်၍ အနံလက်လေးသစ် အောက် မြောင်းတရုပ်များကိုလည်း သေးငယ်စေလွန်းသဖြင့် မသင့်ရာဖြစ်၍ ကောဒသခဏ်းထက် လွန်လျှင် အခဏ်းအစပ်မှန်း-မြောင်းတရုပ်မှန်း မသိရှိခဲ့ရာ၏။ ထို့ကြောင့် ကျမ်းဂန်လာသမျှ ကောဒသခဏ်းထက်လွန်၍ သင့်အံ့မထင်။ ဤသို့ သင်္ကန်းစီရင်အပ်သော အရာ၌ မြောင်းလွှာတရုပ်လွှာ မဟာမဏ္ဍလလွှာ အဍ္ဍမဏ္ဍလလွှာ အနွားပတ်လွှာ ကမ္ပတ်အိမ်လွှာတို့သည် ထင်ရှားစွာလာရာ ငါးစပ်ငါးလွှာမက အစပ်အလွှာ များခဲ့ရာသည်ဟု မြောင်းတချုပ်တို့ကို မဖြတ်မူ၍ မချုပ်မနေရာ၊ ဖြတ်၍ ချုပ်မှသာ သင့်နိုင်ရာသော သဘောယုတ္တိရှိချေသည်ဟူ၍ မှတ်ယူနှလုံးထားအပ်သည်။

(ဂ)။ ။အများတကာပင် မဖြတ်ပဲ ပြုကြသည့်အမှုဖြစ်၍ သူများတကာ ရှေးအစဉ်အလာတို့ ပြုထုံး ကျင့်ပုံသို့သာ လိုက်၍ပြုကျင့်အပ်သည်။ သူများတကာသက် လိမ္မာချင် တတ်ချင်၍ မသင့်ဟူငြားအံ့။ တတ်ချင် လိမ္မာချင်၍ဟူသော ထိုစကားကို မဆိုသင့် မဆိုအပ်။ သဗ္ဗညု ဘုရားသခင် ရွှေပြည်နိဗ္ဗာန် စံဝင်တော်မူ၍ များမကြာ နှစ်တရာတိုင်ရောက်လျှင်ပင် ဒုတိယသင်္ဂါယနာတင် ရဟန္တာ အရှင်မြတ်တို့သည်။ ။အာစိဏ္ဏကပ္ပေါ ကေစ္စော ကပ္ပတိ၊ ကေစ္စော န ကပ္ပတိ။ ဟု ရှေးဆရာတို့ အလေ့အလာ အကျင့်သည် အချို့အပ် အချို့ မအပ်ရှိကြောင်းကို မိန့်ဆို ဆုံးဖြတ်တော်မူကြသည်ကို ထောက်ရှုလျှင် ယခု ကာလမှာ ဆိုဘွယ်ရာမရှိပြီ။ နှစ်ပေါင်း ၂၀၀၀ ကျော်၍ သာသနာတော် အခွန့်ရှည်ခဲ့ရကား အများတကာ အစဉ်အလာတို့အမှုကို အလွန်ပင် စူးစမ်းဆင်ခြင်၍ ပြုအပ်သည်။ ဝိနည်းပညတ် မအပ်ကြောင်း ထင်ရှားရှိလျက် ယနေ့ မျက်မြင်နားကြား များသောအားဖြင့် ဤ ကထိန်ခင်း တခုတွင်ပင် ကွဲအိမ်တရုပ်ကို ဝေးစွ၊ မြောင်းအစပ်ကိုပင် မဖြတ်ပဲချုပ်၍ ခင်းသူခင်းကြ။ ပိုး ဖဲ ကတ္တီပါ သက္ကလပ်တို့ကိုလည်း အနွားပတ်ယောင် ချုပ်လုပ်၍ ခင်းသူခင်းကြ၊ သင်းပိုင်ကိုလည်း လေးမျက်နှာ အနွားပတ်မတင်ပဲ ခင်းသူခင်းကြ။ သတ္တမ ပုဗ္ဗကရဏဖြစ်သော ကပ္ပဗိန္ဒု အမှုကိုလည်း ဥဒေါင်း မျက်လုံး ကြမ်းပိုး ကျောက်ကုန်း ပမာဏအရပ်ကို တခဲနက် အဆင်းမပျက်စေမူ၍ နန်းတွင်းသူ မင်း မောင်းမတို့ မျက်ရေးကွက်သကဲ့သို့ ဗိန္ဒုလက္ခဏာ မရောက် ပြုလုပ်၍ ခင်းသူက ခင်းကြ။ ဤသို့ ဤသို့ အယုတ္တ အကပ္ပိယ ဝါဒရှင် အလွန်များခဲ့သည်။ ထို့ကြောင့် သူများတကာ ရှေးအစဉ်အလာတို့ ပြုထုံးကျင့်ပုံ ရှိပြီကောဟု သဘောမထားအပ်။ ။သိက္ခမာနေန ဘိက္ခဝေ ဘိက္ခုနာ အညာတဗ္ဗံ၊ ပရိ

ပုစ္ဆိတဗ္ဗံ၊ ပရိပဥှိတဗ္ဗံ။ ။ဘိက္ခဝေ၊ ရဟန်းတို့။ သိက္ခမာနေန၊ ကျင့်လိုသော။ ဘိက္ခုနာ၊ ရဟန်းသည်။ အညာတဗ္ဗံ၊ သိအပ်၏။ (ဝါ)၊ သိအောင်ပြုအပ်၏။ ပရိပုစ္ဆိတဗ္ဗံ၊အဘန်တလဲလဲ မေးမြန်းအပ်၏။ ပရိပဥှိတဗ္ဗံ၊ အပြန်ပြန် အလှန်လှန် ဉာဏ်ဖြင့် တိုင်းထွာနှိုင်းရှည်အပ်၏။ ။ဤသို့ သဗ္ဗညု ဘုရား ဟောကြားမိန့်မှာတော်မူအပ်သည်နှင့် လျော်ညီစွာ ပါဠိ အဋ္ဌကထာဋီကာကျမ်းတို့ကို ကြည့်ရှုထောက်ထား သူတပါးတို့ကို မေးမြန်းနှီးနှော သဘောယုတ္တိ ရှိမရှိကို နှိုင်းရှည့်ဆင်ခြင်၍သာ ပညတ် သိက္ခာပုဒ်တော်နှင့် မလျော်မလျောက်ပတ်လျှင်။ ။ ပါတိမောက္ခံ ဝိသောဓေန္တော၊ အပ္ပေဝ ဇီဝိတံ ဇဟေ။ ပညတ္တံ လောကနာထေန၊ န ဘိန္ဒေ သီလသံဝရံ။ ။ပါတိမောက္ခံ၊ ပါတိမောက္ခ သံဝရသီလကို။ ဝိသောဓေန္တော၊ သုတ်သင်သော ရဟန်းသည်။ အပ္ပေဝ၊ စင်စစ်သာလျှင်။ ဇီဝိတံ၊ အသက်ကို။ ဇဟေ၊ စွန့်ရာ၏။ လောကနာထေန၊ လူသုံးပါးတို့၏ ကိုးကွယ်ရာ မြတ်စွာဘုရား သည်။ ပညတ္တံ၊ ပညတ်တော်မူအပ်သော။ သီလသံဝရံ၊ စောင့်ရှောက်အပ်သော သီလသိက္ခာကို။ န ဘိန္ဒေ၊ မဖျက်ရာ။ ဤသို့ လာသော ဩဝါဒ မိန့်ချက်ဖြင့် အသက်ကို စွန့်ပစ်ရာ၏။ ရှေးအစဉ်အလာ အများတကာတို့ အလေ့အကျက်ကို ငဲ့ကွက်ညှာတာ၍ သိက္ခာပုဒ် ပဋိပတ် ပညတ်တော် အာဏာစက်ကို မပျက်စေသင့်ဟု မှတ်ယူ နှလုံးထားအပ်သည်။

(၉)။ ။ကထိန်ခင်းမည့် ဥတ် သင်္ကန်းကဲ့သို့ချည်း ပကတိ ဝတ်ရုံသည့် သင်္ကန်းများကိုလည်း ဖြတ်မှသာ အပ်သည်ယူ၍ မှတ်ရအံ့လော ဟူငြားအံ့။ ။ တေန ခေါ ပန သမယေန အညတရဿ ဘိက္ခုနော တိစီဝရဿ ကရိယမာနေ သဗ္ဗံ ဆိန္နကံ နပ္ပဟောတိ။ အနုဇာနာမိ ဘိက္ခဝေ ဒွေ ဆိန္နကာနိ ဧကံ အစ္ဆိန္နကံ။ အစရှိသည်ဖြင့် လာသော ပါဠိတော်မြတ်နှင့်အညီ တိစီဝရိက် သင်္ကန်းသုံးထည်လုံးကို ဖြတ်သော် မလောက် ဖြစ်ခဲ့လျှင် နှစ်ထည်ကိုဖြတ်၍ တထည်ထည်ကို မဖြတ် သုံးဆောင်အပ်သည်။ နှစ်ထည်ကို ဖြတ်၍မလောက် ဖြစ်ခဲ့ပြန်လျှင် တထည်ကိုသာ ဖြတ်၍ နှစ်ထည်ကို မဖြတ် သုံးဆောင်အပ်သည်။ တထည်ကို ဖြတ်၍မလောက် ရှိခဲ့ပြန်လျှင် အနုဇာနာမိ ဘိက္ခဝေ အန္ဒာဓိကမ္ပိ အာရောပေတုံ။ ။ဟု ခွင့်ပြုတော်မူသည်နှင့်အညီ မြောင်းတရပ်ရာကို ဒုကုဋ် အခြင်းအရာဖြင့် အာဂန္တုက လွှာပေး၍ သလင်းထောင်သဖြင့် သုံးဆောင်အပ်သည်။ ဤကဲ့သို့သောအရာ မဟုတ်ဖြစ်လျှင် အစ္ဆိန္နဥ္စ အန္ဒာဒိန္နံ၊ န ဓာရေတဗ္ဗံ တိ စီဝရံ။ ဟု လာရကား ဖြတ်၍သုံးဆောင်မှသာ အပ်သည်ဟု မှတ်ယူ နှလုံး ထားအပ်သည်။ ။ဒွါဒသမ ကထိန်စကားရပ်မှာ စောဒနာသောနော ထင်စွာ ပြု၍ သံသယကင်းစေအံ့သော ဝိနိစ္ဆယ စကားစဉ်သည် ဤတွင်ရွှေ တခဏ်း

ပြီး၏။ ။[ကထိန်သက်နီးကဲ့သို့ ပကတိဝတ်ရုံသော တိစီဝရိက် သင်္ကန်းသုံးထည်တို့ကိုလည်း ဖြတ်၍ချုပ်အပ်သည်ဟု သိလောက်ပြီ။]

(၁၀) ကုသိ ဒါတဗ္ဗာ၊ အဍ္ဎကုသိ ဒါတဗ္ဗာ၊ မဏ္ဍလံ ဒါတဗ္ဗံ၊ အဍ္ဎမဏ္ဍလံ ဒါတဗ္ဗံ၊ အနုဝါဝေါ ဒါတဗ္ဗော၊ ပရိဘဏ္ဍံ ဒါတဗ္ဗံဟူ၍ သံဃာ့ ဘဏ္ဍာတိုက်၌ရှိသော ပစ္စည်းဘဏ္ဍာကို အလိုရှိ၍ တောင်းလာသူတို့အား အနည်းငယ်ပေးစွန့်စိမ့်သောငှါ သံဃာသည် ဉတ္တိ ဒုတိယ ကမ္မဝါစာဖြင့် သမုတ်၍ထားအပ်သော သမ္မုတိရ အပ္ပမတ္တက ဝိဿဇ္ဇက ရဟန်းသည် သင်္ကန်းချုပ်လုပ်ရာ မြောင်းလွှာ မလောက်၍ တောင်းလာသူအား မြောင်းလွှာ၊ တရုပ် လွှာ မလောက်၍ တောင်းလာသူအား တရုပ်လွှာ၊ အိမ်ဝန်းကြီးလွှာ မလောက်၍ တောင်းလာသူအား အိမ်ဝန်းကြီးလွှာ၊ ကွဲအိမ်ဝက်လွှာ မလောက်၍ တောင်းလာသူအား ကွဲအိမ်ဝက်လွှာ၊ အလျား အနားပတ်လွှာ မလောက်၍ တောင်းလာသူအား အလျား အနားပတ်လွှာ၊ အနံ အနားပတ်လွှာ မလောက်၍ တောင်းလာသူအား အနံ အနားပတ်လွှာ ပေးအပ်ကြောင်းကို ဟောတော်မူအပ်သော စူဠဝါပါဠိတော်မြတ်။ ။ကေကံ ပန န ပါပုဏာတိ။ဆိန္ဒိတ္ဗာ ဒါတဗ္ဗံ၊ ဒဒန္တေဟိစ အဍ္ဎမဏ္ဍလာဒီနံ ဝါ ဥပါဟနတ္ထဝိကာဒီနံ ဝါ ပဟောနကာနိ ခဏ္ဍာနိ ကတ္ဂာ ဒါတဗ္ဗာနိ ဟူ၍ သင်္ကန်းဝေဖန်ရာ တထည်စီ မလောက်လျှင် ကွဲလွှာ၊ အိမ်လွှာ၊ တရုပ်လွှာ၊ မြောင်းလွှာ၊ အနားပတ်လွှာ၊ ဘိနပ်၊ အိတ်၊ ရေစစ်ပုဝါ၊ မျက်နှာသုတ် စသည် ပြုလုပ်စရာ လောက်အောင် ပိုင်းဖြတ်၍ ပေးဝေအပ်ကြောင်းကို မိန့်ဆိုအပ်သော **ဝိနည်း** မဟာဝါ အဋ္ဌ**ကထာ**။ ဤသို့ ပါဠိ အဋ္ဌကထာ လာသည်ဖြစ်သောကြောင့်လည်း ဘုရားသခင် ရှေ့လက်ထက်တော်မှ စ၍ ရှေးရှေး ရဟန်းသံဃာတော်မြတ်တို့သည် မြောင်းတရုပ် ချုပ်လုပ်သမျှ အရပ်ရပ်ကို ပိုင်းပိုင်းဖြတ်၍သာ ချုပ်လုပ်ကြသည့် လက္ခဏာ အလွန်ထင်ရှားခဲ့ရကား ခေးငယ်စသည်ဖြင့် ပိုင်းပိုင်းဖြတ်၍ ချုပ်အပ်ကြောင်းကို အားကြီးစွာ ပါဠိအဋ္ဌကထာ ဋီကာထောက်ညီ ယုတ္တိ သဘာဝတို့ဖြင့် ပြဆိုရေးသားအပ်သော ထို ကထိန ဝိသောဓနီ ထွက်ဆိုဆုံးဖြတ်ချက်ကိုသာ နှစ်သက် လေးမြတ် ယုံကြည်အပ်သည်—ဟု မှတ်။ ။ [မြောင်းလွှာ, တလုပ်လွှာ,အိမ်ဝန်းကြီးလွှာ, အိမ်ဝန်းငယ်လွှာ, အနားပတ်လွှာတို့ကို တောင်းလာသူအား တောင်းသောအလွှာကို ပေးဝေရသည်ကို ထောက်လျှင် ထိုအလွှာတို့ကို တခုစီတခုစီ ပိုင်းပိုင်းဖြတ်၍ ချုပ်ရသည်–ဟူ၍ သန္နိဋ္ဌာန်ကျ မှတ်ယူအပ်၏။

အလုံးစုံမဖြတ်သော သင်္ကန်းဖြင့်လည်း ကထိန်မခင်းအပ်-ဟူ၍၎င်း၊ အလုံးစုံ မဖြတ်သော သင်္ကန်းကိုလည်း မဝတ်ရုံအပ်-ဟူ၍၎င်း ဗန်းမော်ဆရာတော်ဘုရားကြီးက အထောက်အထား ခိုင်လုံစွာဖြင့် ဆိုတော်မူ၏။

ယခု ကျိုက်လတ် ပစ္ဆိမာရုံ ဆရာတော်ဘုရားကြီး စီရင်တော်မူသော ပါမောက္ခဒီပနီကျမ်း၊ စာမျက်နှာ ၂၃၆ "ကထိန်သင်္ကန်းစသော အဆုံးအဖြတ်ကို ပြကြောင်း" ဟူသော ခေါင်းစဉ်အောက်၌လာသည့် စကားများကို ဖော်ပြပါအံ့။

"ကထိန်ခင်းအပ်သော ဥတ်သင်္ကန်းကိုလည်း ငါးပိုင်း-ငါးစပ် ခွဲဖြတ်ရုံသာမဟုတ်၊ တရုပ်မြောင်းဟူသမျှကို အစပ်တိုင်း ဖြတ်၍ ငါတို့ ခင်းတိုင်း ခင်းတိုင်း စီရင်ခဲ့သည်။ ဝတ်ရုံသမျှလည်း ယင်းအတိုင်းမှ သင့်လျော်သည်။ ဝိနည်းအကျော် ဗန်းမော်ဆရာကြီးလည်း ယင်းသို့ပင်တည်း။ထို့ကြောင့်။ ။ သဗ္ဗဆိန်၊ ဥတ်ကထိန်နေရာကျ၊ အာဂက-ခင်ကြီး။ တိုင်းလုံးကျော်၊ ဗန်းမော်တွဲမီး။ ။ဟု ဥဒါန်းစကားကိုလည်း မိန့်ထားလေ၏။ ကင်္ခါဋီကာသစ်၌။ ပဥ္စ ဝါ အတိရေကာနိ ဝါ ခဏ္ဍာနိ ဆိန္ဒိတွာတိ ယထာ ပဉ္စခဏ္ဍိကာဒီနံ သံဃာဋိအာဒီနံ တိဏ္ဏံစီဝရာနံ အညတရပ္ပဟောနကာနိ မဟာမဏ္ဍလ အဍ္ဍမဏ္ဍလာဒိဝသေန ပဉ္စခဏ္ဍာနိ ဝါ အတိရေကာနိ ဝါ သတ္တာဒိ ခဏ္ဍာနိ ဟောန္တိ၊ ဧဝံ ဆိန္ဒိတွာ။ ။ဟု မိန့်အပ်၏။ ယင်းဋီကာ ဆရာလည်း ပါဠိ အဋ္ဌကထာ ဋီကာတို့ကိုမြင်၍ ယင်းသို့ ဖြတ်ရမည့်အဖြစ်ကို စင်စစ်ထင်ရှားစွာ ဘွင့်ထားလေ၏" ဟု ကျိုက်လတ် ပစ္ဆိမာရုံ ဆရာတော်ဘုရားကြီးလည်း မိန့်ဆိုတော်မူ၏။ ။[**ဆိန္ဒိတွာ**ဆိုသော စကားကို ကင်္ခါဝိတရဏီ အဋ္ဌကထာဆရာနှင့် ဋီကာဆရာတို့ သုံးသည်ကိုထောက်၍ ငါးပိုင်း-ငါးစပ် စသော အခဏ်းတို့ကိုသာ မဟုတ်၊ အိမ်ဝန်းကြီး အိမ်ဝန်းငယ်တို့ကိုလည်း ခေးစသည်ဖြင့် ပိုင်းပိုင်းဖြတ်၍ ချုပ်အပ်သည်-ဟု ဤကျိုက်လတ် ပစ္ဆိမာရုံဆရာတော်ဘုရားကြီး ဆို၏။ ။ကင်္ခါဝိတရဏီအဋ္ဌကထာဆရာသည် မဟာဝါအဋ္ဌကထာဆရာ ဖြစ်တော်မူသော ရှင်မဟာဗုဒ္ဓဃောသပင် ဖြစ်သည်၊ထို့ကြောင့် ကင်္ခါဝိတရဏီ အဋ္ဌကထာ၌ လာသည့် "**ဆိန္ဒိတွာ**"ဆိုသောစကားသည် အထက်၌ ဖော်ပြခဲ့သော မဟာဝါ အဋ္ဌကထာ၌လာသည့် "**ဒဿေတွာ**"ဆိုသော စကားနှင့် အဓိပ္ပါယ်အတူတူပင် ဖြစ်သည်-ဟူ၍ မှတ်ယူအပ်၏။]

အလွန် ထင်ရှားသော ဆရာတော်ဘုရားကြီး တပါး စီရင်တော်မူသော ဝိနယသာရဂဏ္ဌိကျမ်း-စီဝရက္ခန္ဓက၌ "စီဝရဝိနိစ္ဆယ၌ ငါးခဏ်း ငါးခဏ်းထက် အလွန်ဖြစ်သော သင်္ကန်းသည် အပ်၏။ ငါးခဏ်းအောက် အယုတ်ကား

မအပ်သည်သာတည်း။ ဆရာတို့ကား ငါးခဏ်း, ခုနစ်ခဏ်း, ကိုးခဏ်း စသည်ဖြင့် ဖြတ်၍ ချုပ်အပ်သောသင်္ကန်းသည်သာ အပ်၏။ ခြောက်ခဏ်း ရှစ်ခဏ်း စသည်ကား မအပ်ဟူကုန်၏။ အဋ္ဌိန္နကေ န ဝဋ္ဋတိ ဟူသောကြောင့် ကြီးသော အနံရှိသောအဝတ်ကို ပဉ္စခဏ်း စသည်ဖြတ်၍ မချုပ်ပဲ ချုပ်ကြောင်းသာ ပြ၍ ချုပ်အံ့၊ မအပ်။ ကေစိတို့ကား မြောင်းတလုပ် စသည်တို့၌လည်း ဖြတ်၍ မချုပ်ပဲ ချုပ်ကြောင်းပြကာမျှဖြင့် မအပ်ဟူကုန်၏။မသင့်အနေတည်း။ အဘယ်ကြောင့်နည်း ဟူမူကား။ မဟာမဏ္ဍလ အစုမဏ္ဍလာနိ ဒဿေတဗ္ဗာဟု အဋ္ဌကထာဆရာတို့ မိန့်သောကြောင့်တည်း။ အကယ်၍ ချုပ်ကြောင်းပြကာမျှဖြင့် မအပ်, ဖြတ်၍ ချုပ်မှသာ အပ်သည်ဖြစ်အံ့၊ ဒဿေတဗ္ဗာဟု မမိန့်မူ၍ ဆိန္ဒိတဗ္ဗာဟု အဋ္ဌကထာဆရာ မိန့်လေရာ၏။ ထို့ကြောင့် မြောင်းတလုပ် စသည်တို့၌ဖြတ်၍ မချုပ်ပဲ ချုပ်ကြောင်းပြကာမျှဖြင့်ပင် အပ်၏ဟု သန္နိဋ္ဌာန် ချမှတ်အပ်၏''ဟု ဆို၏။ [ကေစိဆရာတို့ကား ငါးပိုင်း–ငါးစပ် စသော အခဏ်းတို့ကိုသာ ဖြတ်၍ အိမ်ဝန်းကြီး အိမ်ဝန်းငယ်မြောင်းတလုပ်တို့ကို ခါး စသည်ဖြင့် ပိုင်းပိုင်းမဖြတ်ပဲ ခေါက်၍ချုပ်သောသင်္ကန်းကို (ဝါ) အလုံးစုံ မဖြတ်သော သင်္ကန်းကို မဝတ်ရုံအပ်ဟု ဆိုကြ၏။ ။ကေစိဆရာတို့၏ အဆိုနှင့် ထိုဆရာတော်ဘုရားကြီး၏ အဆိုတို့တွင် အဘယ်ဆရာ၏ အဆိုကို ယူသင့်သနည်းဟူမူ ကေစိဆရာတို့၏အဆိုကား ကျမ်းအများကို ကိုးကား၍ ဆိုခြင်းကြောင့် ထိုဆရာတော်ဘုရားကြီး၏ အဆိုထက် လေးသည်ဖြစ်၍ ကေစိဆရာတို့၏ အဆိုကို ယူသင့်ပေသည်–ဟု ဆိုအပ်၏။ ။ဆိန္ဒိတဗ္ဗာ ဆိုသောစကားကို မသုံးပဲ ဒဿေတဗ္ဗာ ဆိုသောစကားကို မဟာဝါ အဋ္ဌကထာဆရာသုံးသည်ကို ထောက်၍ ခါးစသည်ဖြင့် ပိုင်းပိုင်းမဖြတ်ပဲ ခေါက်၍ ချုပ်ခြင်းသည်လည်း အပ်သည်ဟု ထိုဆရာတော်ဘုရားကြီး ဆို၏။ ဤအဆိုကို အထက်၌ ပြဆိုခဲ့ပြီးသော ဗန်းမော်ဆရာတော်ဘုရားကြီးနှင့် ကျိုက်လတ် ပစ္ဆိမာရုံ ဆရာတော်ဘုရားကြီးတို့ မိန့်ဆိုတော်မူသော စကားရပ်များအရ လက်ခံနိုင်ရန် ခဲယဉ်းလှပေသည်။ ။ဒဿေတဗ္ဗာ–ဆိုသောစကားကို တနေရာ၌ တွေ့ရုံမျှဖြင့် ခါးစသည်ဖြင့် ပိုင်းပိုင်းမဖြတ်ပဲ ခေါက်၍ ချုပ်ခြင်းသည်လည်း အပ်သည်ဟု အယူ မသည်းသင့်ပေ။ ပါဠိတော်နှင့် အခြားကျမ်းများ၏ အဆိုတို့နှင့်တကွ ပတ်ဝန်းကျင် အချက်အလက်များကိုလည်း ထောက်ထားသင့်ပေသည်။ဤသို့ ဆိုခြင်းသည် ထိုဆရာတော်ဘုရားကြီးအား ပြန်လှန်ပြောဆိုသော အနေဖြင့် ဆိုခြင်း မဟုတ်၊ ဤပြဿနာကို လေ့လာဝေဖန်နေသောသူအား သဘောပေါက်အောင် ဓမ္မဓိဋ္ဌာန်အားဖြင့် ရှင်းပြသော အနေဖြင့် ဆိုခြင်းဖြစ်သည်။]

ဤသင်္ကန်းပြဿနာတို့နှင့်ပတ်သက်ပြီး ကမာဝက်ရွာ၊ ရွှေကျင်နိကာယ နာယကဆရာတော်ဘုရားကြီး ဦးစန္ဒောဘာသနှင့် ဆွေးနွေးဖူး၍ နောက်မျှား မကြာမီ ၎င်းထံမှ အောက်ပါသင်္ကန်းအဆုံးအဖြတ်စာမူ (မိတ္တူ) ကို ရရှိပါ သည်။ ။ဤစာအုပ်ကို တည်းဖြတ် ပြင်ဆင်ပေးသော ဆရာတော်ဘုရား လည်း ဤစာမူအတိုင်း မိတ္တူတစောင် ရရှိသည်-ဟုသိရ၏။ ။[ဤ နာယက ဆရာတော်ဘုရားကြီး ဦးစန္ဒောဘာသသည်လည်း ကထိန်ခင်းရာ၌ ဈေးမှ ဝယ် ယူသော သင်္ကန်းဖြင့် မခင်းပဲ ရွာမှ အလှူရှင်များကိုယ်တိုင် ချုပ်လုပ်၍ လှူ ဒါန်းသော သင်္ကန်းဖြင့် (ဝါ) အခဏ်းကြီးတို့ကိုသာလျှင် မဟုတ်၊ အိမ်ဝန်း ကြီး အိမ်ဝန်းငယ် မြောင်းတလုပ်တို့ကိုလည်း ပိုင်းပိုင်းဖြတ်၍ ချုပ်သော သင်း ပိုင် သင်္ကန်းဖြင့် ကထိန်ကို ခင်းတော်မူ၏။]

"သင်္ကန်းအဆုံးအဖြတ်

သင်္ကန်းအရာမှာ ရှုတ်ထွေးလှ၏၊ ပါဠိတော်မှာဖြတ်၍ ချုပ်သည်ကို ဟော တော်မူ၏၊ သို့သော် မြန်မာများချုပ်ပုံနှင့်မတူ၊ ကာလအလွန်ကြာ၍ ရှေးက ဘယ်လို ချုပ်ကြသည်ကို မျက်မြင်မဟုတ်ဘဲ စာဆိုနှင့် အမှန် ဆုံးဖြတ်ဘို့ခဲယဉ်း လှ၏။

××××××× ဆရာတော်ဘုရားကြီးကား ပဉ္စ ဝါ အတိရေကာနိ ဝါ ခဏ္ဍာနိ ကတ္ဗာ မဟာမဏ္ဍလ အဍ္ဎမဏ္ဍလာနိ ဒဿေတ္ဗာ ကတေနေဝ ဝဋ္ဋတိ၊ဟူသော မဟာဝါကထိန အဋ္ဌကထာကို ထောက်၍ အခဏ်းကြီးများ လောက်ကိုသာ မ‌ေးဖြင့် ဖြတ်၍ အိမ်ဝန်းကြီးငယ်တို့ကို အပ်ဖြင့်ပြ၍ ချုပ်သော ယခုကာလ ချုပ်သော သင်္ကန်းများသည် အပ်ကောင်းပါ၏ဟု သံသယကို ဖြေဖျောက် တော်မူ၏၊ ထိုကဲ့သို့ မဖြေဖျောက်နိုင်က အားလုံးမ‌ေးဖြင့် ဖြတ်၍ သလင်း ဒေါင်နဘေထပ်၍ ချုပ်လုပ်စေပြီး သုံးဆောင်နိုင်လျှင် သာ၍ကောင်း၏။ ။ [ဤစာပိုဒ် နှစ်ခုလုံးကို ခြုံ၍ယူလျှင် "ပါဠိတော်မှာ ဖြတ်၍ ချုပ်သည်ကို ဟောတော်မူ၏" ဆိုသော စကားသည် တခုမကျန် အိမ်ဝန်းကြီး အိမ်ဝန်းငယ် မြောင်းတလုပ်တို့ကိုပါ သိမ်းကျုံး၍ ဆိုသည်-ဟူသော သဘောမှာ ပေါ်လွင် ပါသည်။]

သင်္ကန်း အဆုံး အဖြတ်ပြီး၏။"

အထက်ပါ အဆုံးအဖြတ်ကို မည်သူက မေး၍ မည်သူက ရေးသားဖြေဆို ကြောင်းသိလိုသော ကြောင့် ထိုကမာဝက် နာယက ဆရာတော် ဘုရားကြီး ထံသို့ စာရေးသူ သွား၍ မေးလျှောက်၏။ အဂ္ဂမဟာပဏ္ဍိတဘွဲ့ရ၊ ရွှေကျင်

နိကာယ ဥက္ကဋ္ဌ မဟာနာယက ဖြစ်တော်မူသော **အဘယာရာမဆရာတော်ဘုရားကြီး** အရှင် အဂ္ဂဓမ္မာဘိဝံသသည် မော်လမြိုင်၊ တောင်ဝိုင်းကြီး၊ အဘယာရုံကျောင်းတိုက်၌ ၁၃၀၂ ခုနှစ်လောက်တွင် သီတင်းသုံး နေတော်မူစဉ် ထားဝယ်မြို့မှ ရဟန်းတပါးက ဤပြဿနာမျိုးနှင့် ပတ်သက်၍ မေးလျှောက်သဖြင့် ဖြေဆိုသည်-ဟု ၎င်းထံမှ သိရပါသည်။ ဤအကြောင်းကို ယခင် တောင်ဝိုင်းကြီးကျောင်းသစ်၊ ယခု သထုံခရိုင်၊ ဇုက်သုတ်ရွာ၊ နောင်တော်ကြီးတောရကျောင်းတိုက်၊ဘုန်းတော်ကြီး ဦး ဣန္ဒာသဘက ၎င်းအား ပြောပြသည့်အပြင် ဖြေဆိုသည့် စာမိတ္တူကိုလည်းပေးသည်-ဟူ၍ ၎င်းနာယက ဆရာတော်ဘုရားကြီးက မိန့်တော်မူသည်။ ထိုမိတ္တူစာကို ယခုထက်တိုင် သိမ်းဆည်းထားသည်ဟု ပြောသောကြောင့် တောင်းကြည့်ရာ အထက်ပါ အတိုင်း ရေးသားထားသည်ကို တွေ့ရှိရပါသည်။ စာရေးသူ ရရှိသော အထက်ပါ မိတ္တူစာမူမှာ အဘယာ ရာမ ဆရာတော် ဘုရားကြီး ဖြေဆိုသည့်စာမူမှ ကူးယူသော မိတ္တူစာမူဖြစ်သည်-ဟု သိရ၏။

ပါဠိတော်မှာ ဖြတ်၍ ချုပ်သည်ကို ဟောတော်မူ၏-ဆိုသော စကားကို **သာမညအားဖြင့်** ဖေါ်ပြထားသည်ကိုထောက်လျှင် အဘယာရာမ ဆရာတော်ဘုရားကြီးသည်လည်း ငါးပိုင်း-ငါးစပ် စသော အခဏ်းတို့ကိုသာ မဟုတ်၊ အိမ်ဝန်းကြီး အိမ်ဝန်းငယ်မြောင်းတလုပ်တို့ကိုလည်း ခွဲးစသည်ဖြင့် ပိုင်းပိုင်းဖြတ်၍ ချုပ်စေချင်သည်-ဟူ၍ ဆိုရပေမည်။ ။ဘုရားရှင်၏ လက်ထက်တော်၌ ချုပ်သောသင်္ကန်းများနှင့် ယခုခေတ် ချုပ်သော သင်္ကန်း များမှာ တခုနှင့်တခု ပုံသဏ္ဌာန်ချင်း မတူခြားသော်လည်း ထိုခေတ်၌ သင်္ကန်းများကို ခွဲး စသည်ဖြင့် ပိုင်းပိုင်းဖြတ်၍ ချုပ်လျှင် ယခုခေတ် သင်္ကန်းများကိုလည်း ခွဲး စသည်ဖြင့် ပိုင်းပိုင်းဖြတ်၍ ချုပ်အပ်သည် မဟုတ်ပါလော။ ။ပုဗ္ဗကရဏံ သတ္တဟိ။ပ။ကပ္ပကရဏေန။ဟု ကထိန်လျှာ အဝတ်ကို ဖွပ်လျှော်ခြင်း၊ ဖွပ်လျှော်ပြီးသည်ကို ကွဲအိမ်တရုပ်တို့နှင့်တကွ ပဉ္စခဏ်း၊ သတ္တခဏ်း၊ နဝခဏ်း၊ ကောဒသခဏ်း စီရင်တိုင်းထွာခြင်း၊ တိုင်းထွာစီရင်သည့်အတိုင်း ဖြတ်ခြင်း၊ ဖြတ်အပ်ပြီးသည်ကို ထဲစပ်ဖွဲ့ခြင်း၊ တဲ့စပ်ဖွဲ့အပ်ပြီးသည်ကို ချုပ်ခြင်း၊ ချုပ်အပ်ပြီးသည်ကို ဆိုးခြင်း၊ ဆိုးအပ်ပြီးသည်ကို ကပ္ပဗိန္ဒုထိုးခြင်းအားဖြင့် ခုနစ်ပါးရှိကြောင်းကို ပရိဝါ ပါဠိတော်၌ ဟောတော်မူသည်။ ထိုသို့ဟောတော်မူအပ်သော ပုဗ္ဗကရဏ ၇ ပါးတို့တွင် ဖြတ်ခြင်းဆေဒနအမှုကို ပြုရသည့် ကိစ္စသဘောလည်း တခြား၊ ချုပ်ခြင်းသိဗ္ဗနအမှုကို ပြုရသည့် ကိစ္စသဘောလည်း တခြား။ ဤကိစ္စနှစ်ပါး၏ သဘော မရောယှက်။ ဤကိုထောက်၍ အပ်ဖြင့်ချုပ်သည်ကို အဖြတ်ဟူ၍ မယူအပ်။ ချုပ်ခြင်း သိဗ္ဗနအမှုသည် ဖြတ်ခြင်း တဲစပ်

ဖွဲ့ခြင်းလျှင် ရှေးသွားအကြောင်းရင်း နိဒါနကိစ္စရှိသည်ဖြစ်၍ စင်စစ် မြောင်း တရပ်ချုပ်အပ်သမျှ အရာများကို ဓားငယ် စသည်ဖြင့် ပိုင်းပိုင်းဖြတ်၍ ချုပ် အပ်သည်ဟု မှတ်ယူအပ်သည်- ဟူသော ဗန်းမော် ဆရာတော်ဘုရားကြီး၏ အဆိုကို သုံးသပ်ပါက ဓားဖြင့် မဖြတ်ပဲ ခေါက်၍ ချုပ်သည်ကို အဖြတ် ဟူ၍ မယူအပ်ပေ။

ယခု မဟာဝါ ပါဠိတော် (မြန်မာပြန်) စီဝရက္ခန္ဓကဌ လာသော စကား များမှ ရွေးချယ်ယူထားသော အောက်ပါစကားများကို ဖော်ပြပါအံ့။

၃၄၅။ ။ထိုနောက် မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်၌ မွေ့လျော် တော်မူသရွေ့ သီတင်းသုံးနေတော်မူပြီးလျှင် ဒက္ခိဏာဂိရိဇနပုဒ်သို့ ဒေသ စာရီ ကြွချီတော်မူ၏။မြတ်စွာဘုရားသည်လေးထောင့်ကန်သင်း ဖွဲ့သော အစဉ် ဖွဲ့သော အကြားအကြား၌ အကန့်ဖွဲ့သောခရီးဆုံကဲ့သို့ ဖွဲ့သော မဂဓတိုင်းသူတို့ ၏ လယ်ကို မြင်တော်မူ၍ အရှင်အာနန္ဒာကို“အာနန္ဒာ သင်သည် လေးထောင့် ကန်သင်းဖွဲ့သော အစဉ်ဖွဲ့သော အကြားအကြား၌ အကန့်ဖွဲ့သော ခရီးဆုံကဲ့သို့ ဖွဲ့သော မဂဓတိုင်းသူတို့၏ လယ်ကို မြင်၏လော”ဟု မိန့်တော်မူ၏။ “မြင်ပါ သည် အရှင်ဘုရား”ဟု (လျှောက်၏)။ “အာနန္ဒာ သင်သည် ရဟန်းတို့အား ဤသို့ သဘောရှိသော သင်္ကန်းတို့ကို စီရင်ခြင်းငှါ စွမ်းနိုင်ပါမည်လော”ဟု (မေးတော်မူ၏)။ “စွမ်းနိုင်ပါသည် အရှင်ဘုရား”ဟု (လျှောက်၏)။

ထို့နောက် မြတ်စွာဘုရားသည် ဒက္ခိဏာဂိရိဇနပုဒ်၌ မွေ့လျော်တော်မူ သရွေ့ သီတင်းသုံးနေတော်မူပြီးလျှင် တဖန် ရာဇဂြိုဟ်ပြည်သို့ ပြန်ကြွတော်မူ ၏။ ထိုအခါ အရှင်အာနန္ဒာသည် များစွာသော ရဟန်းတို့၏ သင်္ကန်းတို့ကို စီရင်ပြီး၍ မြတ်စွာဘုရားထံတော်သို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို“ဘုန်း တော်ကြီးသော အရှင်ဘုရား တပည့်တော် စီမံပြီးသော သင်္ကန်းတို့ကို ကြည့်ရှု တော်မူပါ”ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို “ရဟန်းတို့ အာနန္ဒာသည် ပညာရှိပေစွ၊ ရဟန်းတို့ အာနန္ဒာသည် ကြီးသောပညာရှိပေစွ၊ အာနန္ဒာသည် ငါဘုရား အကျဉ်းအားဖြင့် ဟောအပ်သော ပါဠိတော်၏အနက်ကို အကျယ်အားဖြင့် သိဘိ၏၊ အနားပတ်တလုပ်မြောင်းရှည် မည်သည်ကိုလည်း ပြုဘိ၏၊ တလုပ် မြောင်းငယ်ကိုလည်း ပြုဘိ၏၊ အိမ်ဝန်းကြီးကိုလည်း ပြုဘိ၏၊ အိမ်ခွဲကိုလည်း ပြုဘိ၏၊ အလယ်ခေါင်ကိုလည်း ပြုဘိ၏၊ ခေါင်ရံကိုလည်း ပြုဘိ၏၊ လည်ထိ

ရာ၌ခံသော အနားပတ်ကိုလည်း ပြုဘိ၏၊ မြင်းခေါင်းထိရာ၌ ခံသော အနားပတ်ကိုလည်း ပြုဘိ၏၊ လက်လိပ်ကိုလည်း ပြုဘိ၏၊ ဖြတ်လည်း ဖြတ်ဘိ၏၊ ခေါးဖြတ်ခြင်းဖြင့် ကြမ်းတမ်း၍ ရဟန်းတို့အား လျောက်ပတ်၏၊ ရန်သူတို့သည်လည်း အလို မရှိအပ်။ ရဟန်းတို့ ဖြတ်သောဒုကုဋ် ဖြတ်သောကိုယ်ဝတ် ဖြတ်သော သင်းပိုင်ကို ခွင့်ပြု၏''ဟု မိန့်တော်မူ၏။ [ဤအကြောင်းနှင့် ပတ်သက်၍ အထက်၌ ဖေါ်ပြခဲ့ပြီးသော ဗန်းမော်ဆရာတော်ဘုရားကြီး၏ အဆိုအမှတ် (၅)နှင့်တကွ စာရေးသူ၏ ထင်မြင်ချက်ကိုလည်း ပြန်၍ နှလုံးသွင်းတော်မူပါ။ ဤစကားများမှာ ပကတိဝတ်ရုံသော သင်္ကန်းသုံးထည်တို့ကို ရည်၍ ဆိုသော စကားများ ဖြစ်သည်–ဟူ၍ သိအပ်၏။]

အထက်ပါအပိုဒ်၌ ဖော်ပြထားသော စကားတို့တွင် ''ဖြတ်လည်း ဖြတ်ဘိ၏၊ ခေါးဖြတ်ခြင်းဖြင့် ကြမ်းတမ်း၍ ရဟန်းတို့အား လျောက်ပတ်၏၊ ရန်သူတို့သည်လည်း အလိုမရှိအပ်''ဟူသောစကားတို့ကို ဝေဖန်ပါအံ့။ ။အကယ်၍ အိမ်ဝန်းကြီးအိမ်ဝန်းငယ်တို့ကို မဖြတ်စေပဲ ငါးပိုင်းငါးစပ်စသော အခဏ်းတို့ကိုသာ ဖြတ်စေလိုလျှင် ငါးပိုင်း-ငါးစပ်စသော အခဏ်းတို့ကို အတည့်အလင်း ဘုရားရှင် ထုတ်ဖော်၍ မိန့်တော်မူမည်၊ ယခုသော်ကား ထိုကဲ့သို့ မိန့်တော်မမူပဲ ခြုံ၍ ''ဖြတ်လည်း ဖြတ်ဘိ၏၊ ခေါးဖြတ်ခြင်းဖြင့် ကြမ်းတမ်း၍ ရဟန်းတို့အား လျောက်ပတ်၏''ဟူ၍ မိန့်တော်မူသည်။ ထို့ကြောင့် ဉာဏ်မှီသလောက် ပြောရမည်ဆိုလျှင် ''ဖြတ်လည်း ဖြတ်ဘိ၏'' ဟူသောစကားသည် ငါးပိုင်းငါးစပ်စသော အခဏ်းတို့ကိုသာမဟုတ်၊ အိမ်ဝန်းကြီး အိမ်ဝန်းငယ် မြောင်းတလုပ်တို့ကိုလည်း ဖြတ်ဘိ၏- ဟူသော အဓိပ္ပါယ်ကို ပေါ်လွင်စေပါသည်။ ''ခေါးဖြတ်ခြင်းဖြင့် ကြမ်းတမ်း၍'' ဟူသောစကားသည် ငါးပိုင်းငါးစပ်စသော အခဏ်းတို့ကိုသာမဟုတ်၊ အိမ်ဝန်းကြီး အိမ်ဝန်းငယ် မြောင်းတလုပ်တို့ကိုလည်း ခေါးစသည်ဖြင့် ပိုင်းပိုင်းဖြတ်၍ ချုပ်လုပ်ခြင်းကို ဆိုသည်–ဟူသော အဓိပ္ပါယ်ကို ပို၍လေးနက်စေပါသည်။ အဘယ့်ကြောင့်နည်း၊ ချုပ်ချုပ်သမျှ အရာကို ခေါက်၍ မချုပ်ပဲ ပိုင်းပိုင်းဖြတ်၍ ချုပ်လေလေ ထိုသင်္ကန်းမှာ ပို၍ ကြမ်းတမ်းလေလေ ဖြစ်သောကြောင့်တည်း။

၃၆၀။ ။တရံရောအခါ တပါးသောရဟန်းအား သုံးထည်သောသင်္ကန်းကို ချုပ်လုပ်သည် ရှိသော် သုံးထည်လုံးကို ဖြတ်သဖြင့် မလောက်မင ဖြစ်၍ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ နှစ်ထည်သော သင်္ကန်းတို့ကိုဖြတ်၍ တထည်သောသင်္ကန်းကို မဖြတ်ဖို့ရန် ခွင့်ပြု၏ဟု (မိန့်တော်မူ၏)။

နှစ်ထည်သောသက်န်းတို့ကို ဖြတ်၍ တထည်သောသက်န်းကို မဖြတ်ပဲ ထားသော်လည်း မလောက်မင ဖြစ်ပြန်သဖြင့် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ နှစ်ထည်သောသက်န်းတို့ကို မဖြတ်ပဲ တထည်သော သက်န်းကို ဖြတ်ဖို့ရန် ခွင့်ပြု၏ဟု (မိန့်တော်မူ၏)။နှစ်ထည်သော သက်န်းတို့ကို မဖြတ်ပဲ တထည်သောသက်န်းကို ဖြတ်သော်လည်း မလောက်မငဖြစ်၍ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ သလင်းထောင်ကိုလည်း တင်စိမ့်သောငှါ ခွင့်ပြု၏။

ရဟန်းတို့ အလုံးစုံ မဖြတ်သောသက်န်းကို မဆောင်အပ်၊ အကြင်ရဟန်းသည် ဆောင်ငြားအံ့၊ ထိုရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏ဟု (မိန့်တော်မူ၏)။

ဆရာတော်ဘုရားကြီး ဦးဗုဓ်စီရင်သော ဝိနည်းငယ်လေးစောင်- ခုဒ္ဒသိက္ခာနိဿယ-စီဝရ အခဏ်း၌ကား "၃-၁၇။ ။တိသု၊ သုံးထည်သော သက်န်းတို့တွင်။ ယံ ယာနိ ဒွေ ဝါပိ၊ အကြင် နှစ်ထည်သော သက်န်းတို့ကိုလည်း။ ဆိန္နမာနာနိ၊ ဖြတ်အပ်ကုန်သည်ရှိသော်။ ပဟောန္တိ၊ လောက်ကုန်၏။ တေ ဒွေ ဝါပိ၊တို့ကိုမူလည်း ဆိန္ဒိတဗ္ဗာနိ၊ ဖြတ်အပ်ကုန်၏။ ယံ ဧကံ ဝါ၊ အကြင် တထည်သောသက်န်းကိုမူလည်း။ ဆိန္နမာနံ၊ သော်။ ပဟောတိ၊ လောက်၏။ တံ ဧကံ ဝါ၊ ကိုမူလည်း။ ဆိန္ဒိတဗ္ဗံ၊ ၏။ သဗ္ဗေသု၊ အလုံးစုံ သုံးထည်သော သက်န်းတို့သည်။ အပ္ပဟောန္တေသု၊ ဖြတ်၍ မလောက်ကုန်သည်ရှိသော်။ အန္ဒွာဓိ ဝါ၊ သလင်းထောင်ကိုမူလည်း။ ဝါ။လျားရှည်နံကြီး၊ ရပြီးလောက်ကာ၊ သက်န်းလျာကို၊ လိုရာဖြတ်လျက်၊ ငင်းထက်ဝယ်၊ ဖြည့်စွက်ထပ်ချုပ်၊ မြောင်းတလုပ်ဟု၊ ဒုကုဋ်အသွင်၊ အလွှာတင်ခြင်းကို၊ ဝါ၊ ဒုကုဋ်အဟန်၊ သံဃာန်တူမူ၊ အာဂန္တုဟု၊ ထပ်ပြုချုပ်မြောင် သလင်းထောင်ကို။ အာဒိယေယျ၊ ယူရာ၏။ အစ္ဆိန္နဥ္စ အနာဒိန္နံ၊ တထည်နှစ်ထည်ကိုလည်း မဖြတ်အပ်၊ သလင်းထောင်ကိုလည်း မယူအပ်သော။ တိစီဝရံ၊ ကို။ န ဓာရေယျ၊ ရာ။ ။ န ဘိက္ခဝေ သဗ္ဗံ အစ္ဆိန္နကံ ဓာရေတဗ္ဗံ နှိုက် သဗ္ဗစ္ဆိန္နဖြစ်အောင် အိမ်ကြီးအိမ်ငယ် မြောင်းတလုပ် အနားပတ် ဖြတ်ကောင်းသမျှ အလုံးစုံကို ဖြတ်၍ချည်းအချို့ စီရင်ကုန်၏။ ကာလ ဒေသ ပမာဏကို မသိခြင်းမှတပါး ထိုသူတို့၏ ဒုဂ္ဂဟိတဂါဟ အကြောင်းမရှိပြီ။ ဇီဝကလှူသော အနံ့ရှစ်တောင် အလျားတဆယ့်ခြောက်တောင်ရှိသော သက်န်းလျာကဲ့သို့ နံကြီး လျားရှည် ရသည်ရှိသော် ဒုကုဋ် ပမာဏ စသည်ဖြင့်သာ ဖြတ်၍မသုံးဘဲ ဒုကုဋ်စသည်၌ အယုတ်ဆုံး ပဥ္စခဏ်းမျှသော်လည်း ဖြတ်၍သုံးစိမ့်သောငှါ ယခင်သိက္ခာပုဒ်ကို ပညတ်တော်မူသည်။ ဤကဲ့သို့ ပြည့်စုံလုံလောက်အောင် မရသောကြောင့် အနံ့

ဇာနာမိ ဘိက္ခဝေ ဒေ္ဒ ဆိန္နကာနိ ဇော အစ္စိန္နကံစသည်ဖြင့် ခွင့်ပြုတော်မူသည်။ ဤအနက်ကို ပြလို၍ တီသု စသည်ကို မိန့်''ဟုဆို၏။

အထက်၌ဖော်ပြခဲ့ပြီးသော **မဟာဝါ၌** လာသည့်စကားနှင့် ဦးဗုဓ်မူ ဝိနည်း **ငယ် လေးစောင်ပါ၌-** ခုဒ္ဒသိက္ခာ နိဿယ၌လာသည့် စကားတို့ကို သုံးသပ်ကြပါစို့။

ဤစကားနှစ်ရပ်တို့၏ ဆိုလိုရင်းအဓိပ္ပါယ်မှာ သင်္ကန်းသုံးထည်လုံးကိုဖြတ်၍ ချုပ်ရမည်၊ ဖြတ်၍ အဝတ် မလောက်မငဖြစ်လျှင် သလင်းထောင်ကို တင်ရမည်-ဟူ၍ ဖြစ်သည်၊ ထို့ကြောင့် ဖြတ်ခြင်းသည်သာလျှင် အဓိက အချက်ဖြစ်သည်၊ သို့သော် ဖြတ်ခြင်း၌ ဝါဒချင်း မတူကြပါ။ ။ဗန်းမော်ဆရာတော်ဘုရားကြီးနှင့် ဆရာတော်ဘုရားကြီး ဦးဗုဓ်တို့၏ အာဒဘော်တို့ကို ထောက်လျှင် ၎င်းတို့၏လက်ထက်၌ပင် အချို့က ငါးပိုင်း-ငါးစပ်ဖသော အခဏ်းတို့ကိုသာ ဖြတ်ကြ၍ အချို့က ထိုအခဏ်းတို့ကိုသာမက အိမ်ဝန်းကြီး အိမ်ဝန်းငယ် မြောင်းတလုပ်တို့ကိုလည်း ခါးစသည်ဖြင့် ပိုင်းပိုင်းဖြတ်၍ ချုပ်ကြသည်ဟူသော ဝိဝါဒရှိသည်မှာ ပေါ်လွင်ပါ၏။

ဤဝါဒ ၂ မျိုးတွင် အဘယ်ဝါဒဘက်သို့ လိုက်သင့်သနည်းဟု မေးလျှင် ''**အလုံးစုံမဖြတ်သော သင်္ကန်း**''ဟူသော စကား၏ ဆိုလိုရင်းအဓိပ္ပါယ်ကို ရှေးဦးစွာ ရှာဖို့လိုသည်-ဟူ၍ ဖြေအပ်၏။ ထို့ကြောင့် ဤစကား၏ ဆိုလိုရင်းအဓိပ္ပါယ်ကို ရှာကြပါစို့။

ဤတွင် ''အလုံးစုံ''ဆိုသောစကားမှာ သဗ္ဗ-ဟူသော ပါဠိစကားကို မြန်မာဘာသာ ပြန်ဆိုထားသော စကားဖြစ်သည်။ သဗ္ဗသဒ္ဒါ၌ **သာဝသေသ သဗ္ဗ** နှင့် **အနဝသေသ သဗ္ဗ**-ဟူ၍ ၂ မျိုးရှိ၏။ သာဝသေသ သဗ္ဗသည် ချွင်းချက်ရှိသော သဗ္ဗမျိုးဖြစ်၍ အနဝသေသ သဗ္ဗသည် ချွင်းချက်မရှိသော သဗ္ဗမျိုးဖြစ်သည်။ သာဓက ထုတ်ဆောင်ပြပါအံ့။ ။သဗ္ဗေ ဘာယန္တိ မစ္စုနော။ ။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော သတ္တဝါတို့သည်။ မစ္စုနော၊ သေခြင်းမှ။ ဘာယန္တိ၊ ကြောက်ကုန်၏။ ခပ်သိမ်းကုန်သော သတ္တဝါတို့-ဟုဆိုသော်လည်း သက္ကာယဒိဋ္ဌိကို အကြွင်းမဲ့ ပယ်အပ်ပြီးကုန်သော မြတ်စွာဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာ အရှင်မြတ်တို့သည်၎င်း၊ သက္ကာယဒိဋ္ဌိ အားကြီးလွန်းကုန်သော ဆင်အာဇာနည်, မြင်းအာဇာနည်, နွားအာဇာနည်တို့သည်၎င်း သေခြင်းမှ မကြောက်ကုန်-ဟု **ဓမ္မပဒ အဋ္ဌကထာ** ဒဏ္ဍဝဂ္ဂ-ဆဗ္ဗဂ္ဂိယ ဘိက္ခုဝတ္ထု၌ ရှင်းပြထား၍ ဤ၌လာသည့်

"သဗ္ဗ"ဆိုသောစကားသည် ချွင်းချက်ရှိသော သာဝသေသ သဗ္ဗဖြစ်သည်-ဟူ၍ သိအပ်၏။ အလုံးစုံမဖြတ်သော သက်န်း- ဆိုသောစကားသည် အဘယ် သဗ္ဗ၌ အကျုံးဝင်သနည်းဟူမူ အလုံးစုံ-ဆိုသောစကားကို အရပ်သုံးစကားဖြင့် ပြောလျှင်"အားလုံး"သို့မဟုတ် "အကုန်လုံး"ဟူ၍ လူတိုင်းသိကြ၏။ အကယ်၍ ဤစကားသည် ချွင်းချက်ရှိသော သာဝသေသ သဗ္ဗ၌ အကျုံးဝင်ပါမူ အဋ္ဌကထာဆရာ ဋီကာဆရာတို့သည် ချွင်းချက်ရှိကြောင်းကို ဖွင့်ဆိုကြမည်၊ ထိုဆရာတို့ မဖွင့်ဆိုသည်ကို ထောက်လျှင် အလုံးစုံ မဖြတ်သော သက်န်းဆိုသော စကားသည် ချွင်းချက်မရှိသော အနဝသေသသဗ္ဗ၌ အကျုံးဝင်သည်ဟု ယူအပ်၏။

ထို့ကြောင့် ငါးပိုင်းငါးစပ်စသောအခဏ်းတို့ကိုသာဖြတ်၍ အိမ်ဝန်းကြီး အိမ်ဝန်းငယ် မြောင်းတလုပ်တို့ကို ဓားစသည်ဖြင့် ပိုင်းပိုင်းမဖြတ်ပဲ ခေါက်၍ ချုပ်သော သက်န်းသည် အလုံးစုံမဖြတ်သောသက်န်း၌ အကျုံးဝင်သည်-ဟူ၍ ယူအပ်၏။ အလုံးစုံ မဖြတ်သော သက်န်းကို သုံးဆောင်လျှင် ဒုက္ကဋ် အာပတ်သင့်၏ဟု ဆိုထားခြင်းကြောင့် ထိုအခဏ်းတို့ကိုသာ မဟုတ်၊အိမ်ဝန်းကြီး အိမ်ဝန်းငယ် မြောင်းတလုပ်တို့ကိုလည်း ဓားစသည်ဖြင့် ပိုင်းပိုင်းဖြတ်၍ချုပ်သော သက်န်းကိုသာလျှင် သုံးဆောင်အပ်၏-ဟု ယူသော ဝါဒဘက်သို့ လိုက်သင့်ပေသည်။

အချို့က ကထိန်သက်န်းကိုသာလျှင် ဖြတ်ဖို့လိုသည်၊ ပကတိ ဝတ်ရုံသော သက်န်းတို့ကိုကား ဖြတ်ဖို့မလို-ဟူ၍ ဆိုကြ၏။

ကထိန်သက်န်းကဲ့သို့ ပကတိဝတ်ရုံသော သက်န်းတို့၌လည်းအလုံးစုံ ဖြတ်ရမည်-ဟု ယူအပ်၏၊ အဘယ်ကြောင့်နည်းဆိုသော်—

(၁) အထက်၌ ပြဆိုခဲ့သော ပကတိဝတ်ရုံသော သက်န်းတို့နှင့် ပတ်သက်၍ ဘုရားရှင်ကိုယ်တော်တိုင်ပင် အရှင်အာနန္ဒာကို ချီးမွမ်းရာ၌ "ရဟန်းတို့, အာနန္ဒာသည် ပညာရှိပေစွ။ပ။အနားပတ် တလုပ်မြောင်းရှည် မည်သည်ကိုလည်း ပြုဘိ၏၊ တလုပ်မြောင်းငယ်ကိုလည်း ပြုဘိ၏။ပ။ဖြတ်လည်း ဖြတ်ဘိ၏၊ ဓားဖြတ်ခြင်းဖြင့် ကြမ်းတမ်း၍ ရဟန်းတို့အား လျောက်ပတ်၏။ပ။ရဟန်းတို့ ဖြတ်သောဒုကုဋ် ဖြတ်သောကိုယ်ဝတ် ဖြတ်သောသင်းပိုင်ကို ခွင့်ပြု၏"ဟု မိန့်ဆိုသော စကားတို့တွင် အနားပတ်တလုပ်မြောင်းရှည် မြောင်းငယ် အလုံးစုံကို ဓားဖြင့် ဖြတ်၏-ဟူ၍ မိန့်ဆိုတော်မူသည်ဟု အထက်၌ဖေါ်ပြခဲ့ပြီ။

(၂) ရဟန်းတို့ အလုံးစုံ မဖြတ်သောသက်န်းကို မဆောင်အပ်၊ ဆောင်သော ရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏-ဟူသော စကားကို အဋ္ဌကထာဆရာ

ဋီကာဆရာတို့ မဖွင့်ဆိုကြပါ။ မဖွင့်ဆိုခြင်းသည် ''အလုံးစုံ မဖြတ်သောသကၠန်းသည်'' ငါးပိုင်း-ငါးစပ် စသော အခဏ်းတို့ကိုသာဖြတ်၍ အိမ်ဝန်းကြီး အိမ်ဝန်းငယ် မြောင်းတလုပ်တို့ကို ဓား စသည်ဖြင့် ပိုင်းပိုင်းမဖြတ်ပဲ ခေါက်၍ ချုပ်သော သကၠန်းဖြစ်သည်-ဟူသော အဓိပ္ပါယ်ကို ပို၍ လေးနက်စေသည်။

(၃) ကထိန်သကၠန်းသည် ပကတိဝတ်ရုံသော သကၠန်းတို့ကဲ့သို့ ဝတ်ရုံဖို့ လှူသော သကၠန်းဖြစ်သည်၊ ဝတ်ရုံဖို့ချည်းဖြစ်သောကြောင့် ကထိန်သကၠန်းကဲ့သို့ ပကတိဝတ်ရုံသော သကၠန်းတို့ကိုလည်း ဖြတ်သင့်ပေသည်။ ။ပြဆိုခဲ့ပြီးသော ဗန်းမော်ဆရာတော်ဘုရားကြီး၏ အဆိုအမှတ် (၂)၌ လာသည့်'ပဋ္ဋ ဝါ အတိရေကာနိ ဝါ ခဏ္ဍာနိ ဆိန္ဒိတ္ဗာတိ ယထာ ပဋ္ဋ ခဏ္ဍိကာဒိနံ သံဃာဋ္ဌိ အာဒိနံ တိဏ္ဏံ စီဝရာနံ အညတရပ္ပဟောနကာနိ မဟာမဏ္ဍလ အဍ္ဎမဏ္ဍလာဒိဝသေန ပဋ္ဋ ဝါ ခဏ္ဍာနိ၊ အတိရေကာနိ ဝါ သတ္တာဒိ ခဏ္ဍာနိ ဟောန္တိ။ ဧဝံ ဆိန္ဒိတ္ဗာ' ဟူသော ပါဠိနှင့် အဆိုအမှတ် (၉)နှင့် (၁၀)တို့၌ လာသော စကားများကိုလည်း ပြန်၍ နှလုံးသွင်းတော်မူကြပါကုန်။

(၄) ကထိန်သကၠန်း၌ ဖြတ်ပုံ, ချုပ်ပုံ, အခဏ်းဖွဲ့ပုံ, မြောင်းတလုပ်ထားပုံတို့သည် အထက်၌ ပြဆိုခဲ့ပြီးသော ပကတိဝတ်ရုံသော သကၠန်းချုပ်လုပ်ပုံ အတိုင်းပင် ဖြစ်သည်၊ အထူးပြု၍ ကျမ်းဂန်တို့၌ မပြထားပါ—ဟူသောကြောင့်တည်း။ ။အမှန်မှာ ပကတိဝတ်ရုံသော သကၠန်းချုပ်လုပ်ပုံကို မှီ၍ အဋ္ဌကထာဆရာသည် ကထိန်သကၠန်း ချုပ်လုပ်ပုံကို စီရင်လေသည်-ဟူ၍ သိအပ်၏။

ထို့ကြောင့် ကထိန်သကၠန်းကဲ့သို့ ပကတိဝတ်ရုံသော သကၠန်း တို့ကိုလည်း ဖြတ်၍ ချုပ်ရမည်-ဟု ယူအပ်ပေသည်။ ။အလုံးစုံမဖြတ်သော သကၠန်းဖြင့် ကထိန်မခင်းအပ်ဟု ယူလျှင် အလုံးစုံမဖြတ်သော သကၠန်းကိုလည်း မဝတ်ရုံအပ်ဟု ယူမှသာလျှင် သဘာဝကျသည်မဟုတ်ပါလော။

**သကၠန်းချုပ်လုပ်ပုံအမှန်။** ။ငါးပိုင်း-ငါးစပ် စသော အခဏ်းတို့ကို တခုစီ ပိုင်းပိုင်းဖြတ်လျှင် ၎င်းတို့ကို ဖွဲ့စပ်ချုပ်လုပ်ရန် အလို့ငှါ မြောင်း တို့ကိုလည်း တခုစီ ပိုင်းပိုင်းဖြတ်ရတော့မည်။ [မြောင်းတို့ကို မဖြတ်ပဲ နေလို့မရတော့ပြီ-ဟူလို]။ ။အိမ်ဝန်းကြီး အိမ်ဝန်းငယ်တို့ကို တခုစီ ပိုင်းပိုင်းဖြတ်လျှင် ၎င်းတို့ကို ဖွဲ့စပ်ချုပ်လုပ်ရန် အလို့ငှါ တလုပ်တို့ကိုလည်း မြောင်းတို့ကဲ့သို့ တခုစီ ပိုင်းပိုင်းဖြတ်ရတော့မည်-ဟူ၍ သိအပ်၏။ ။မှန်-မမှန်သိအောင် သကၠန်း တထည်ကို အနီး၌ ဖြန့်ထား၍ ပိတ်အုပ် တအုပ်ကိုယူ။ လက်တွေ့သဘောဖြင့်

ထိုသင်္ကန်းအတိုင်း ဖြတ်ဘိသကဲ့သို့ စိတ်ဖြင့် ထိုပိတ်အုပ်ကိုဖြတ်၍ စမ်းသပ်တော်မူပါ။ ။ကျမ်းဆရာများ သုံးစွဲသော အသုံးအနှုန်းကိုလိုက်၍သာ ငါးပိုင်း-ငါးစပ်ဟု ရေးရသည်၊ အမှန်မှာ ထိုသင်္ကန်း၌ ငါးပိုင်း-လေးစပ်သာ ရှိသည်။

စာရေးသူရှင်းပြသည်ကို သဘောမပေါက်လျှင်လည်း စိတ်ရှုတ်ထွေးစရာ မဟုတ်ပေ၊ အဘယ်ကြောင့်နည်း၊ အထက်၌ ပြဆိုခဲ့ပြီးသော ငါးပိုင်း-ငါးစပ် စသော အခဏ်းတို့နှင့်တကွ အိမ်ဝန်းကြီး အိမ်ဝန်းငယ် မြောင်းတလုပ်တို့ကို ခေါ်စသည်ဖြင့် ပိုင်းပိုင်း ပြတ်အောင် ဖြတ်လျှင် လိုရင်းကိစ္စပြီးသောကြောင့်တည်း။

ယခုခေတ် ချုပ်သော သင်္ကန်းတို့နှင့် ပတ်သက်၍ ဆိုပါအံ့။ ။စာရေးသူကိုယ်တိုင် စမ်းသပ်၍ တွေ့ရှိသလောက် ပြောရမည်ဆိုလျှင် ယခုခေတ် ချုပ်သော သင်္ကန်းတို့၌ ငါးပိုင်း-ငါးစပ်စသော အခဏ်းကြီးတို့ကိုသာ ပိုင်းပိုင်းဖြတ်သည်။ ကျန်သော အိမ်ဝန်းကြီး အိမ်ဝန်းငယ် မြောင်းတလုပ် တို့ကိုမူ တပိုင်းစီ ပိုင်းပိုင်းမဖြတ်ပဲ ထိုငါးပိုင်း-ငါးစပ် စသော အခဏ်းကြီးတို့၏ အဝတ်လွှာကိုပင် ခေါက်၍ အိမ်ဝန်းကြီး အိမ်ဝန်းငယ် မြောင်းတလုပ်တို့၏ အကွက်အသီးသီးကို ဖေါ်၍ ချုပ်လေသည်။ အခဏ်းကြီးတို့၏ အဝတ်လွှာ တခုတည်းဖြင့်ပင် အိမ်ဝန်းကြီး အိမ်းဝန်းငယ် မြောင်းတလုပ်တို့ကို ရုပ်လုံးဖေါ်၍ ခေါက်ချုပ်ခြင်းသည် သင်္ကန်းကုန်သည်များ ကြွေငြာသကဲ့သို့ ဝိနည်းတော်နှင့်အညီ ချုပ်လုပ်သည်-ဟု ဆိုပါမည်လော၊ (ဝါ)ပြဆို ခဲ့ပြီးသော ဗန်းမော်ဆရာတော် ဘုရားကြီး၏ အဆို အမှတ်(၂)၌ လာသော ပုဗ္ဗကရဏ ခုနစ်ပါး တို့နှင့် အညီ ချုပ်လုပ်သည်-ဟု ဆိုပါမည်လော၊ (ဝါ)ဤသင်္ကန်းမျိုးကို ဘုရားရှင်၏ အလိုတော်နှင့် ကိုက်ညီသော(အလုံးစုံဖြတ်သော)သင်္ကန်းဟု ဆိုပါမည်လော။ ။ဆိုဦးအံ့။ ။အချို့သင်္ကန်းတို့၌ကား အိမ်ဝန်းကြီး အိမ်ဝန်းငယ် မြောင်းတလုပ်တို့ကို မဆိုထားဘိ၊ ငါးပိုင်း-ငါးစပ် စသော အခဏ်းတို့ကိုပင် မဖြတ်ပဲ ခေါက်၍ ချုပ်လေသည်။ ဤသင်္ကန်းမျိုးသည် အလုံးစုံးမဖြတ်သော သင်္ကန်းဖြင့်လည်း ကထိန်မခင်းအပ်၊ အလုံးစုံ မဖြတ်သော သင်္ကန်းကိုလည်း မဝတ်ရုံအပ်-ဟု ယူဆသော ပုဂ္ဂိုလ်တို့အား သာလျှင်မဟုတ်၊ အိမ်ဝန်းကြီး အိမ်ဝန်းငယ် မြောင်းတလုပ်တို့ကို မဖြတ်သော်လည်း ငါးပိုင်း-ငါးစပ်စသော အခဏ်းတို့ကို ဖြတ်လျှင် ဝတ်ရုံအပ်၏ဟု ယူဆသော ပုဂ္ဂိုလ်တို့အားလည်း မအပ်-ဟူ၍ ဆိုရပေမည်။ ။ဇီဝက လှူသော သင်္ကန်းလျှာမှာ ဖြတ်၍ ချုပ်လောက်အောင် ကြီးသောကြောင့် ဖြတ်၍

ချုပ်စေသည်။ ယခုခေတ် ပိတ်အုပ်များသည်လည်း အလိုရှိသလို ဖြတ်၍ ချုပ်လောက်အောင် ကြီးသောကြောင့် ဖြတ်၍ ချုပ်အပ်သည်-ဟူ၍ ယူအပ်သည် မဟုတ်ပါလော။

နိဂုံး။ ။ငါးပိုင်း-ငါးစပ်စသော အခဏ်းတို့ကိုသာ ဖြတ်၍ အိမ်ဝန်းကြီး အိမ်ဝန်းငယ် မြောင်းတလုပ်တို့ကို ခားစသည်ဖြင့် ပိုင်းပိုင်းမဖြတ်ပဲ ခေါက်၍ ချုပ်သော သင်္ကန်းဖြင့် (ဝါ)အလုံးစုံ မဖြတ်သော သင်္ကန်းဖြင့် ကထိန်ခင်းအပ်-မခင်းအပ်။ ငါးပိုင်းငါးစပ်စသောအခဏ်းတို့ကိုသာ ဖြတ်၍ အိမ်ဝန်းကြီး အိမ်ဝန်းငယ် မြောင်းတလုပ်တို့ကို ခားစသည်ဖြင့် ပိုင်းပိုင်းမဖြတ်ပဲ ခေါက်၍ ချုပ်သော သင်္ကန်းကို (ဝါ)အလုံးစုံ မဖြတ်သော သင်္ကန်းကို ဝတ်ရုံအပ်-မအပ်-ဟူသော ဤပြဿနာ ၂ ခုတို့ကို ဆုံးဖြတ်ကြပါစို့။

(၁) ဗန်းမော် ဆရာတော် ဘုရားကြီးက အလုံးစုံ မဖြတ်သော သင်္ကန်းဖြင့်လည်း ကထိန်မခင်းအပ်၊ အလုံးစုံ မဖြတ်သော သင်္ကန်းကိုလည်း မဝတ်ရုံအပ်-ဟု အထောက်အထား ခိုင်လုံစွာဖြင့် မိန့်ဆိုတော်မူ၏။

(၂) ကျိုက်လတ် ပစ္ဆိမာရုံ ဆရာတော်ဘုရားကြီးသည်လည်း ဗန်းမော် ဆရာတော်ဘုရားကြီး အတိုင်းပင်ယူတော်မူ၏။ ။[အသက်၌ဖေါ်ပြခဲ့ပြီးပြီ။]

(၃) အဘယာ ရာမ ဆရာတော် ဘုရားကြီးသည်လည်း ပြဆိုခဲ့ပြီးသော "သင်္ကန်းအဆုံးအဖြတ်"၌ ပါဠိတော်မှာ ဖြတ်၍ ချုပ်သည်ကို ဟောတော်မူ၏-ဟူ၍ ဆိုသည်။ ပါဠိတော်၌ ဖြတ်၍ ချုပ်ရမည်ဟု ဆိုလျှင် ရှေးခေတ် ချုပ်သော သင်္ကန်းများနှင့် ယခုခေတ် ချုပ်သော သင်္ကန်းများမှာ ချုပ်လုပ်ပုံချင်း မတူစေကာမူ ယခုခေတ် ချုပ်သော သင်္ကန်းများကိုလည်း ခေါက်၍ မချုပ်ပဲ ဖြတ်၍ ချုပ်သင့်သည် မဟုတ်ပါလော။

(၄) မဟာဝဂ်ပါဠိတော်(မြန်မာပြန်) အပိုဒ် ၃၀၈,၃၀၉၊ ပရိဝါ ပါဠိတော် (မြန်မာပြန်)အပိုဒ် ၄၀၃တို့နှင့်ညောင်လေးပင် ဆရာတော်ဘုရား စီရင်တော်မူသော **ကထိန်အရသာကျမ်း**တို့၌လည်း ငါးပိုင်း-ငါးစပ် စသော အခဏ်းတို့နှင့် တကွ အိမ်ဝန်းကြီး အိမ်ဝန်းငယ်တို့ကို ခားစသည် ဖြင့် ပိုင်းပိုင်းဖြတ်၍ ချုပ်သော သင်္ကန်းဖြင့် ကထိန်ခင်းမှသာလျှင် ကထိန်မြောက်သည်ဟု ဆိုသည်-ဟူ၍ အထက်၌ ဖေါ်ပြခဲ့ပြီးပြီ။ [အလုံးစုံ မဖြတ်သော သင်္ကန်းဖြင့် ကထိန်မခင်းအပ်-ဟူလို။]

(၅) အဘယာရာမ ဆရာတော် ဘုရားကြီးသည်လည်း ငါးပိုင်း-ငါး စပ်စသော အခဏ်းတို့ကိုသာ မဟုတ်။ အိမ်ဝန်းကြီး အိမ်ဝန်းငယ် မြောင်း တလုပ်တို့ကိုလည်း ခေါးစသည်ဖြင့် ပိုင်းပိုင်းဖြတ်၍ ချုပ်စေအပ်သည်-ဟူ၍ အထက်၌ ဖော်ပြခဲ့ပြီးပြီ။

(၆) ကမ္မဝက်ရွာ၊ ရွှေကျောင်နိကာယ နာယက ဆရာတော် ဘုရားကြီး ဦးစန္ဒောဘာသသည်လည်း ကထိန်ခင်းရာ၌ စျေးမှ ဝယ်ယူသော သင်္ကန်း ဖြင့် မခင်းပဲ ရွာမှ အလှူရှင်များ ကိုယ်တိုင် ချုပ်လုပ်၍ လှူဒါန်းသော သက်န်းဖြင့်(၀၁)အခဏ်းကြီးတို့ကိုသာလျှင် မဟုတ်၊အိမ်ဝန်းကြီး အိမ်ဝန်းငယ် မြောင်းတလုပ် တို့ကိုလည်း ပိုင်းပိုင်းဖြတ်၍ ချုပ်သော သင်းပိုင် သင်္ကန်းဖြင့် ကထိန်ကို ခင်းတော်မူ၏။[အထက်၌ ဖော်ပြခဲ့ပြီ။]

(၇) "ရဟန်းတို့အလုံးစုံ မဖြတ်သောသင်္ကန်းကို မဆောင်အပ်၊ ဆောင် သော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏"ဟူသော စကား၏ ဆိုလိုရင်း အဓိပ္ပါယ်မှာ ငါးပိုင်း-ငါးစပ်စသော အခဏ်းတို့ကိုသာ မဟုတ်၊အိမ်ဝန်းကြီး အိမ်ဝန်းငယ် မြောင်းတလုပ် တို့ကိုလည်း ခေါးစသည်ဖြင့်ပိုင်းပိုင်းဖြတ်၍ ချုပ် သော သင်္ကန်းကိုသာလျှင် ဝတ်ရုံအပ်၏ဟု ဆိုလိုရင်းဖြစ်သည်—ဟူ၍ အထက်၌ ရှင်းပြခဲ့ပြီးပြီ။

(၈) ငါးပိုင်းငါးစပ်စသော အခဏ်းတို့ကိုသာမဟုတ်၊ အိမ်ဝန်းကြီး အိမ်ဝန်းငယ် မြောင်းတလုပ် စသည်တို့ကိုလည်း ခေါး စသည်ဖြင့် ပိုင်းပိုင်းဖြတ် ၍ချုပ်အပ်သည်ဟု ပါဠိတော်နှင့်အဋ္ဌကထာဆရာ ဋီကာဆရာတို့ ဆိုကြ၏။ ။ ခေါးစသည်ဖြင့် ပိုင်းပိုင်းမဖြတ်ပဲ ခေါက်၍ချုပ်လျှင်လည်း အပ်သည်ဟု အဋ္ဌ ကထာဆရာ ဋီကာဆရာ တဦးတယောက်မျှ မဆိုပါ။ အဘယ်ကြောင့် မဆို သနည်း။ အဖြေကား-ပိုင်းပိုင်းမဖြတ်ပဲ ခေါက်၍ချုပ်လျှင်လည်း အပ်သည်ဟု အကယ်၍ဆိုလျှင် ပါဠိတော်နှင့် ထို အဋ္ဌကထာဆရာ ဋီကာဆရာတို့နှင့်သာ ဆန့်ကျင်မည်မဟုတ်၊ ကထိန်အမြွက် အခဏ်း၌ ပြဆိုထားသော ထို ပုဗ္ဗကရဏ ၇ ပါးတို့၌လာသည့် အမှတ်(၂) ပဉ္စခဏ်း သတ္တခဏ်းစသည် မျဉ်းချမှု အမှတ် ပြုမှုတို့ဖြင့် စီရင်ရခြင်း၊ (၃) စီရင်ချက်အတိုင်း ဖြတ်ရခြင်း၊ (၄) တဲအပ် တွယ်ရခြင်း၊ (၅) ချုပ်ရခြင်း—ဟူသော ဤ ပြုဖွယ် ကိစ္စလေးရပ်တို့နှင့်လည်း ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်မည် ဖြစ်သောကြောင့်တည်း။ သို့ဖြစ်၍ ခေါး စသည်ဖြင့် ပိုင်းပိုင်းဖြတ်၍ ချုပ်ခြင်းသည်သာလျှင် ဘုရားရှင်၏ အလိုတော်နှင့် ကိုက်ညီသည်-ဟု ယူအပ်ပေသည်။

ဤအချက်အလက် အကြောင်းအရာ အလုံးစုံကိုထောက်သောအားဖြင့် (၁) အလုံးစုံမဖြတ်သောသက်န်းဖြင့်လည်းကထိန်မခင်းအပ်၊ (၂)အလုံးစုံမဖြတ်သော သင်္ကန်းကိုလည်း မဝတ်ရုံအပ်—ဟူ၍ ယူအပ်ပေသည်။ ။ဗန်းမော်ဆရာတော်ဘုရားကြီး စီရင်သည့် ကထိန ဝိသောဓနီကျမ်းကို ရွေးချယ်၍ မိမိစီရင်သော ဝိနယသမူဟ ဝိနိစ္ဆယ ကျမ်း၌ ထည့်သွင်းသည်ကို ထောက်လျှင် ဆရာတော် ဦးနိဂြောဓအရှင်မြတ်သည်လည်း စာရေးသူကဲ့သို့ပင် ယူဆသည်-ဟု ဆိုအပ်ပေသည်။

ပြဆိုခဲ့ပြီးသော အချက်အလက် အကြောင်းအရာတို့ကို သဘာဝမကျဟု ယူဆသော ပုဂ္ဂိုလ်တို့အား မည်သို့မှ မပြောလိုပါ၊ သို့သော် အချက်အလက် အကြောင်းအရာတို့မှာ သဘာဝကျသော်လည်း ကာလဒေသအလိုက် အများကျင့်သုံးသလို ကျင့်သုံးဆောက်တည်အပ်သည်ဟုဆိုလျှင်ကား "ကာလသာ ရွေ့သည်၊ ဘုရားရှင်ပညတ်တော်မူသော အာဏာတော် (သိက္ခာပုဒ်) ကား မရွေ့"ဟူ၍ ပြောလိုပါ၏။ ကာလဒေသအကြိုက်ကို လိုက်၍ ပြုရမည်လော၊ သို့တည်းမဟုတ် ဘုရားရှင်၏အကြိုက်ကိုလိုက်၍ ပြုရမည်လော-ဟုပြန်၍ မေးလိုပါ၏။

စာရေးသူကဲ့သို့ ယူဆသောပုဂ္ဂိုလ်တို့အား ယခုခေတ် ချုပ်သော သင်္ကန်းများနှင့်ပတ်သက်၍ အနည်းငယ် ပြောလိုပါ၏။ ။ယခုခေတ် ချုပ်သော သင်္ကန်းများကို မဝတ်ရုံအပ်ဟု သိသော်လည်း ဤသင်္ကန်းမျိုးသာရှိ၍ ဤသင်္ကန်းမျိုးကို မဝတ်ရုံဘူးဟု ဆိုလျှင် အဘယ်သို့ ဝတ်ရုံနေထိုင်ရပါအံ့နည်း–ဟူ၍ မေးဖွယ်ရှိ၏။ အဖြေကား–အလုံးစုံဖြတ်သော သင်္ကန်းကို မရသေးသမျှ ကာလပတ်လုံး ယခုခေတ်ချုပ်သော သင်္ကန်းတို့ကိုသာ ဝတ်ရုံနေဦး-ဟူ၍ ဖြစ်သည်။ စာရေးသူအဖို့မှာကား သင်္ကန်းကုန်သည်တဦး၏အထံ၌ ဒါယကာများက သင်္ကန်းသုံးထည်ကို ရှစ်ဆယ့် ငါးကျပ်ဖြင့် အထူးမှာချုပ်၍ ကပ်လှူသဖြင့် ၎င်းတို့ကိုပင် ဝတ်ရုံနေ၏။

သင်္ကန်းကုန်သည်များ၏ အလိုကို ရဟန်းတော်များက လိုက်ရမည်လော၊ သို့တည်း မဟုတ် ရဟန်းတော်များ၏ အလိုကို သင်္ကန်းကုန်သည်များက လိုက်ရမည်လော-ဟူ၍ မေးလိုပါ၏။

သဘာဝကျကျ ဖြေမည်ဆိုလျှင် ရဟန်းတော်များ၏ အလိုကို သင်္ကန်းကုန်သည်များကလိုက်ရမည်-ဟူ၍ ဖြေအပ်သည်မဟုတ်ပါလော၊ ဟုတ်သည်ဟု ဆိုလျှင် ရဟန်းတော်များသာ ညီညွတ်ဖို့လိုသည်၊ ရဟန်းတော်များ၏ အလို

တော်အတိုင်း ကုန်သည်များက ချုပ်ကြမည်သာ၊ အလုပ်ကား အနည်းငယ်ပိုသည်၊ မှန်၏။ အလုပ်ပိုသလောက် ချုပ်ခအဖို့ ငွေကို ပို၍ ယူရန်ဖြစ်သည်၊ အလှူရှင်တို့ကား တန်ဖိုး အနည်းငယ် ပိုလာ၍ မလှူပဲနေကြမည် မဟုတ်ပါ၊ လှူမြဲတိုင်း လှူကြမည်သာ။ ထို့ကြောင့် ဤကိစ္စအတွက် ပူပင်စရာမရှိပါ။ ရဟန်းတော်များ၏ အလိုကျဖြစ်အောင် သင်္ကန်း ကုန်သည်များက အပြိုင်အဆိုင် ချုပ်လုပ်ကြမည်သာတည်း။

ရှေးဆရာတော်ဘုရားကြီးတို့ ဝန်ခံပုံ။ ။ကျိုက်လတ် ပစ္ဆိမာရုံ ဆရာတော်ဘုရားကြီးသည် ထိုပါမောဇ္ဇဒီပနီကျမ်း စာမျက်နှာ ၂၀၉ “သန္နိဓိ ဖြစ်မဖြစ်ကို ပြခြင်းအကြောင်း” ဟူသော ခေါင်းစဉ်အောက်၌ “ထိုတွင် ဆွမ်းခဲဘွယ်တို့ကို လှူရှင်တို့အား ပေးစွန့်က ယာဂုကျိုဆဲ အိုး၏အထက်မှ လက်ကိုဖြန့်၍ ခံယူသော သာမဏေ၏လက်မှ ၎င်းအိုး၌ကျသော်လည်း ၎င်းအိုး သန္နိဓိမဖြစ်ဟု ပါစိတ်အဋ္ဌကထာ မိန့်ဆိုသောကြောင့် ဇွန်း-ပန်းကန်-ဆွမ်းစားခွက်တို့ကို အနုပေက္ခ မစွန့်ပဲ စားမဲဟင်းလျာ ဆွမ်းခဲဘွယ်ကိုသာ ပေးစွန့်၊ ၎င်းခွက်တို့ကို မစွန့်။ ၎င်းခွက်တို့ကို မစွန့်ပဲလျက် ၎င်းဇွန်း ရောက်ချိုတို့ဖြင့် မွှေချက်ပွတ်ခြင်း စားမဲဟင်းလျာတို့ကို ကော်ခပ်ခြင်းသည် အလျင်းမအပ်ဟု မှတ်၊ အဘယ့်ကြောင့်နည်းဟူမူ ဇွန်း ပန်းကန်တို့၌ ငြိကပ်ကုန်သော ဆီအညစ်အကြေးတို့ကို ပေးခြင်းငှါလည်း မဖြစ်နိုင်ခြင်း ယူ၍လည်း မရနိုင်သောကြောင့်တည်း။ ။သစေပိ ပတ္တော ဒုဒ္ဓေါတော ဟောတိ၊ ယံ အင်္ဂုလိယာ ဃံသန္တဿ လေခါ ပညာယတိ။ ပ။တသ္မာ ပတ္တံ ဓောဝိတွာ အင္ဂ္ဂုဒကံ ဝါ အာသိဉ္စိတွာ အင်္ဂုလိယာ ဝါ ဃံသိတွာ နိသေနဟာဘာဝေါ ဇာနိတဗ္ဗော။ ။စသည် မကောင်းသဖြင့် ဆေးပွတ်အပ်သော၊ ဝါ၊ စင်ကြယ်အောင် ဆေးတိုက်ပွတ်အပ်သော်လည်း ဆီ အညစ်အကြေး အစေးရှိသော အဖြစ်ကိုသိရန် ရေကြည်စွာထည့်၍ ကြည့်လျှင် ရေအပေါ်၌ ဆီအစေးမဘက်၊ ကွင်း၍ကွက်၍ မပေါ်လာမှ စင်ကြယ်ကြောင်းကို သိရမည်၊ လက်ရေးလက်ကြောင်းထင် ဆီအစေး မစင်ကြယ်သော သပိတ်ဖြင့် နက်ဖြန် နေ့ဆွမ်းစားခြင်းကို ပြုက ပါစိတ်အာပတ်သင့်ကြောင်း၊ ၎င်း ဆီအစေးစွန့်၍လည်း မဖြစ်နိုင်ခြင်းကြောင့် စင် မစင်ကြယ်ကို ရေကြည်ဖြင့်ထည့်၍ ကြည့်ရမည် ဟူ၍သာ ပင်ပန်းကြီးစွာ ဆို၊ အကပ်ကို စွန့်လိုက်ရမည်ဟု၎င်း အဋ္ဌကထာ မဆို၍ ၎င်းသပိတ်ဖြင့် ဆွမ်းစားတိုင်း သန္နိဓိပါစိတ်နှင့် ဒုက္ကဋ်အာပတ် သင့်ခြင်းမှ ကင်းလွတ်ရန် အဖန်ဖန် သပိတ် ပန်းကန် ဇွန်းစသည်တို့ကို ဆေးတိုက်ပွတ်မှ စင်ကြယ်မည်။ ၎င်း ဝိရိယ သတိ ပေါ့သောရဟန်းတို့ ၎င်းအာပတ်မှ မလွတ်မကင်းရာ။ ၁၂၃၃ ခုနှစ် ငါတို့က

၎င်း ဆိုအပ်ခဲ့ပြီးသောအတိုင်း လျှောက်မှ ဝိနည်းအကျော် ဗန်းမော်ဆရာတော် ဘုရားကြီးကပင် ဇွန်း ပန်းကန်တို့၌ကပ်ငြိသော ဆီအညစ်အကြေးကို အလေး မပြု၊ ဟင်းအိုး၌စိုက်-ခပ်ယူခြင်းစကုန်သော အမှုတို့ကို နောင် မပြုပါဟု ဝန်ခံ ဘူးသည် တဝ။ သောဝစ္စဿတာ မင်္ဂလာနှင့် ဝိနည်းလိမ္မာ ကျင့်သိက္ခာပြည့်စုံ အလုံမြို့အဝင် ခင်မွန်သုံးဂိုဏ်းချုပ် ဆရာတော်ကြီးလည်း ၁၂၂၀ ခုနှစ် ဓားကိုင်၎င်း ဖရဲ-သခွါး စသည်ကို၎င်း အကပ်ခံပြီးမှ လှီးဖြတ်လျှင် အညို- အမည်းထင်က တဖန်ပင် အကပ်ခံပြန်မှ သင့်လျော်ကြောင်းကိုလျှောက်၍ ဝန်ခံ အကပ်တဖန် ခံပါပြီဟု ပဋိညာဏ် ပေးဘူးလေသည်''ဟူ၍ ဆို၏။

စာမျက်နှာ ၂၄၉ ၌ကား မိမိ၏အမှားကို ဝန်ခံသောအနေဖြင့် ထို ကျိုက်လတ် ပစ္ဆိမာရုံ ဆရာတော်ဘုရားကြီးသည် ''ငါးပိုင်း-ငါးစပ် တရုပ် မြောင်းရှည် အတိုမဖြတ်ပဲ ကထိန်ခင်းကြ၍ အာနိသင်ရပြီအမှတ်ဖြင့် တပေါင်း လပြည့်တိုင် ဆယ်ရက်လွန်စေ၍ သင်္ကန်းစသည်တို့ကို ထားခြင်းကြောင့် ဒသာ ဟာတိက္ကန္တ နိဿဂ္ဂိပါစိတ်သင့်၊ မဖြတ်သောသင်္ကန်း စသည်တို့ကို ဝတ်ခြင်း ကြောင့် ဒုက္ကဋ်အာပတ်သင့်၏ ဟု ၃၃ နှစ်က ဗန်းမော်ဆရာတော် အမိန့်ရှိဘူး၍ ငါတို့လည်း သဘောကျ၍ ၎င်းအတိုင်းပင် ကထိန်ခင်းပေသည်''ဟူ၍ ဆို၏။

ဤဆရာတော် သုံးပါးတို့၏ ပြုမူပုံမှာ အလွန်တရာမှ ချီးကျူးထိုက်၍ အတုခိုးလောက်သော စံနမူနာဖြစ်သည်၊ သူတော်စင်ပီပီ ၎င်းတို့၏အမှားကို ဝန်ခံတော်မူကြပေသည်။ မိမိ၏အမှားကို ဝန်ခံခြင်းသည် ရှက်စရာကောင်း သောအလုပ်ဖြစ်သည်-ဟူ၍ အချို့ထင်မှတ်ကြ၏၊ အမှန်မှာ မိမိ၏အမှားကို မှားမှန်းသိလျှင် သိခြင်း မရှက်မကြောက် ရဲရဲဝံ့ဝံ့နှင့် ပရိသတ်၏ အလယ်၌ ဝန်ခံခြင်းသည် သူတော်စင်တို့၏ အလေ့အကျင့်ဖြစ်ရကား ဂုဏ်ယူထိုက်သော အရာဖြစ်သည်-ဟူ၍ ပညာရှိသူတော်စင်တို့ ဆိုကုန်၏။ အထင်သေး အမြင် သေးခံရမည်စိုးသဖြင့် မှားမှန်းသိငြားသော်လည်း ဝန်မခံပဲ ဇွတ်မိုက်၍ပြုခြင်း မျိုးသည် ပညာမဲ့သောသူတို့၏ အလေ့အကျင့်ဖြစ်ရကား ပညာရှိသူတော်စင် တို့၏ အမြင်၌ မိမိသည်ပင် မိမိကိုယ်ကို အထင်သေး အမြင်သေးဖြစ်အောင် ဖန်တီးနေသည်နှင့်တူ၏။ ပညာမဲ့သောသူတို့၏ ကဲ့ရဲ့ခြင်းကို မကြောက်လေ လင့်၊ ၎င်းတို့၏ ချီးမွမ်းခြင်းကိုလည်း အလိုမရှိလေလင့်။ ပညာရှိ သူတော်စင် တို့၏ ချီးမွမ်းခြင်းကိုသာလျှင် အလေးပြုရာ၏။ မိမိ၏အမှားကို မပြုပြင်ပဲနေနေ ခြင်းသည် ကုသိုလ်လို၍ ရဟန်းပြုရာမရောက်ပဲ မိမိကိုယ်ကို မနစ်နစ်အောင်ပြု ရာရောက်သည်ဟူ၍၎င်း၊ မိမိအား ကိုးကွယ်ဆည်းကပ်နေသော ရဟန်း, သာမဏေတို့နှင့်တကွ ဒါယကာ ဒါယိကာမတို့ကိုလည်း လမ်းမှားသို့ပို့ဆောင်

ရာကျသည်ဟူ၍ငင်း၊ နောင်လာ နောက်သားများအတွက်လည်း မကောင်းသော အမွေအနှစ်ကို ချန်ထားရာကျသည်ဟူ၍ငင်း သတိချပ်စေလိုပါ၏။ ။ ပြဆိုခဲ့ပြီးသော ဤပြဿနာ နှစ်ခုနှင့်ပတ်သက်၍ ဤစာအုပ်ကို တည်းဖြတ်ပြင်ဆင်ပေးသော ဆရာတော်ဘုရားသည်လည်း စာရေးသူ ယူဆသကဲ့သို့ပင် ယခုယူဆလေပြီ။

ဤကိစ္စမှာ နေ့ရှိသမျှ အာပတ်အဆက်မပြတ် သင့်စေနိုင်၍ လေးလေးနက်နက် စဉ်းစားဆုံးဖြတ်တော် မူကြပါကုန်။ ။[အကယ်၍ စာရေးသူယူဆသကဲ့သို့ မယူဆပါက သည်းခံခွင့်လွှတ်တော် မူကြပါကုန်။]

၁။ ။ငါးပိုင်း-ငါးစပ်စသော အခဏ်းတို့ကိုသာဖြတ်၍ အိမ်ဝန်းကြီး အိမ်ဝန်းငယ် မြောင်းတလုပ်တို့ကို ဓားစသည်ဖြင့် ပိုင်းပိုင်းမဖြတ်ပဲခေါက်၍ ချုပ်သောသက်နိုးဖြင့် (ဝါ) အလုံးစုံ မဖြတ်သော သက်နိုးဖြင့် ကထိန်ခင်း အပ်-မခင်းအပ်။ ။၂။ ။ ငါးပိုင်း - ငါးစပ်စသော အခဏ်းတို့ကိုသာ ဖြတ်၍ အိမ်ဝန်းကြီး အိမ်ဝန်းငယ် မြောင်းတလုပ်တို့ကို ဓားစသည်ဖြင့် ပိုင်းပိုင်းမဖြတ်ပဲ ခေါက်၍ချုပ်သော သက်နိုးကို (ဝါ) အလုံးစုံ မဖြတ်သော သက်နိုးကို ဝတ်ရုံအပ်—မအပ်ဟူသော ပြဿနာနှစ်ခုပြီးပြီ။

ဖြည့်စွက်ရေးခြင်း။ ။ဤပြဿနာကို ကောဇာသက္ကရာဇ် ၁၃၂၅-ခုနှစ်တွင် ရေးပြီးသည်၊ မှန်၏။ သို့သော် ကျေးဇူးရှင် ပထမ မန်လည်ဆရာတော်ဘုရားကြီးဖြေဆိုတော်မူသော ဤပြဿနာမျိုးကဲ့သို့သော စိဝရဝိသဇ္ဇနာ ကို မမျှော်လင့်ပဲလျက် တွေ့ရှိ၍ ဖြည့်စွက်ရေးသွင်းခြင်းဖြစ်သည်။ ကျေးဇူးရှင် ပထမမန်လည် ဆရာတော်ဘုရားကြီးသည် မြန်မာဘုရင်လက်ထက် ကုန်းဘောင်ခေတ် ဒုတိယပိုင်း၌ အလွန်ထင်ရှား ကျော်ကြားတော်မူသော ဆရာတော်ကြီးတပါးဖြစ်သည်။ အင်္ဂလိပ်အစိုးရလက်ထက်၌လည်း နိုင်ငံတဝန်းလုံး၏လေးစားကြည်ညိုခြင်းကို ခံယူတော်မူရသည်။ ၎င်းအား အလွန်လေးစား အားကိုးအားထားကြသည့်အလျောက် အများသိကြသော ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီးအပါအဝင် အလွန်ထင်ရှားသော ကျမ်းတတ်ဆရာတော်ဘုရားကြီးအများကပင် မရှင်းလင်းသော အကြောင်းအရာ အချက်အလက်များကို မေးလျှောက်ကြ၍ ဖြေဆိုလေသည်။ ထိုဖြေဆိုသော ဝိသဇ္ဇနာပေါင်းချုပ်ကို စစ်ကိုင်းတိုင်း၊ အင်းတော်မြို့၊ မြို့မကျောင်း၊ မန်လည်စာပေစောင့်ရှောက်ရေးအဖွဲ့က ပိဋကတ္တယ ကောဝိဒ, ဂန္ထန္တရပါရဂူ, အဂ္ဂမဟာပဏ္ဍိတ, မ-ကာရလောပ အနွယ်ဝင် ကျေးဇူးရှင် ပထမ မန်လည်ဆရာတော်ဘုရား

ကြီး၏ **'ပညာဝိမံသနကထာကျမ်း'** ဟူသောအမည်ဖြင့် အုပ်ရေ (၃၀၀၀) အထိ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် သာသနာရေးဦးစီး ဌာန ပုံနှိပ်တိုက်၌ ကောဇာသက္ကရာဇ် ၁၃၃၉-ခုနှစ်တွင် ရိုက်နှိပ်လေသည်။ အဆိုပါ **'ပညာဝိမံသနကထာကျမ်း'** ကို ဆရာတော်ဘုရား (အရှင်တေဇ) ကံအားလျော်စွာ မကြာသေးမီကတွေ့ရှိ၍ ဖတ်ရှုရာ 'ငါးပိုင်း-ငါးစပ်စသော အခဏ်းတို့ကိုသာဖြတ်၍ အိမ်ဝန်းကြီး အိမ်ဝန်းငယ် မြောင်းတာလုပ်တို့ကို ဓား စသည်ဖြင့်ပိုင်းပိုင်းမဖြတ်ပဲ ခေါက်၍ချုပ်သော သင်္ကန်းဖြင့် (ဝါ) အလုံးစုံ မဖြတ်သော သင်္ကန်းဖြင့် ကထိန်လည်း မခင်းအပ်၊ ဝတ်လည်းမဝတ်ရအပ်' ဟု စာရေးသူယူဆသကဲ့သို့ ကျေးဇူးရှင် ပထမ မန်လည် ဆရာတော်ဘုရားကြီး သည်လည်း ယူဆကြောင်း အခိုင်အမာဆိုသည်ကို တွေ့ရှိ၍ ထိုကျမ်းစာ အုပ်ကို စာရေးသူထံပို့ခဲ့ပါသည်။ သက်ဆိုင်သော ထိုစီဝရဝိသဇ္ဇနာကို ဖတ်ရှုရာ အယူအဆချင်း ကိုက်ညီနေသည်ကို တွေ့ရှိရပါသည်။ စာရှုသူတို့၏အကျိုးကို ရည်၍ (ဝါ) စာရေးသူတင်ပြသော အကြောင်းအရာ အချက်အလက်များကို လက်ခံသင့်-မသင့် စိစစ်ဝေဖန် ဆုံးဖြတ်နိုင်ရန်အလို့ငှါ ထိုစီဝရဝိသဇ္ဇနာကို ကောဇာသက္ကရာဇ် ၁၃၄၁-ခု၊ သီတင်းကျွတ်လဆန်း (၃) ရက်၊ တနင်္ဂနွေ နေ့၌ ဖြည့်စွက်ရေးသွင်းပါသည်။ [ပညာဝိမံသနကထာကျမ်း၊ နှာ ၄၇၀၊ **စီဝရဝိသဇ္ဇနာ**၊ ကထိန်သင်္ကန်းအစီအရင်နှင့် အမြဲဝတ်ရုံသော သင်္ကန်း၌ ၅-စပ် ၅-ခဏ်းဖြတ်ရုံနှင့် အပ်မအပ် မေးလျှောက်ရာ ဖြေဆိုသော ဝိသဇ္ဇနာ]။ ။ ထိုဖြေဆိုသော ဝိသဇ္ဇနာကို မူရင်း စာ 'မူ' အတိုင်း ဖော်ပြပါအံ့။

"စီဝရသဇ္ဇနာ

ကထိန်သင်္ကန်း အစီအရင်နှင့် အမြဲဝတ်ရုံသော သင်္ကန်း၌ ၅-စပ် ၅-ခဏ်းဖြတ်ရုံနှင့် အပ် မအပ် မေးလျှောက်ရာ ဖြေဆိုသော ဝိသဇ္ဇနာ

ကထိန် ဥတ်သင်္ကန်း သမ္ဗဆိန်မှ အပ်-မအပ်, အမြဲဝတ်ရုံသော သင်္ကန်း လည်း ၅-ပိုင်း ၅ ခဏ်းဖြတ်ရုံသာ အပ်-မအပ် ဟူသောအမေး ၂-ချက်တို့၌ တိစီဝရိက် သင်္ကန်းမျိုးဖြစ်လျှင် ကထိန်သင်္ကန်းဖြစ်စေ, ကထိန်မဟုတ် အမြဲ ဝတ်ရုံသော သင်္ကန်းမျိုးပင်ဖြစ်စေ ဝိဝဋ္ဋ, အနုဝိဝဋ္ဋ, ဂီဝေယျက, ဇင်္ဃေယျက, ဗာဟန္တ ဟူသော ၅-ခဏ်း ၅-စပ်စသည်ကို ဓားဖြင့်ဖြတ်၍ ထိုအခဏ်း အစပ် တို့၏ အစိတ်ဖြစ်သော ကုသိ, အစုကုသိ, မဏ္ဍလ, အစုမဏ္ဍလ-တို့ကိုလည်း အကုန်ဖြတ်ခြင်းကိုသာလျှင် ပါဠိ, အဋ္ဌကထာကြီးတို့၌ ထင်ပေကုန်၏။

မဏ္ဍလ, အစုမဏ္ဍလ စသည်တို့ကို ဓားဖြင့် မဖြတ်အပ်။ ချည်ချုပ်ရိုးဖြင့်သာ ဖြတ်ခြင်းကိုကား ဝိနယဂဏ္ဌိတ္ထဒီပနီ၌သာ ထင်၏။ အဘယ်ကဲ့သို့ ပါဠိတော်၌ ထင်သနည်း။

ပဏ္ဍိတော ဘိက္ခဝေ အာနန္ဒော၊ မဟာပညော ဘိက္ခဝေ အာနန္ဒော ယတြ ဟိ နာမ မယာ သံခိတ္တေန ဘာသိတဿ ဝိတ္ထာရေန အတ္ထံ အာဇာနိဿတိ။ ကုသိမ္ပိ နာမ ကရိဿတိ၊ အစုကုသိမ္ပိ နာမ ကရိဿတိ၊ မဏ္ဍလမ္ပိ နာမ ကရိဿတိ၊ အစုမဏ္ဍလမ္ပိ နာမ ကရိဿတိ၊ ဝိဝဋ္ဋမ္ပိ နာမ ကရိဿတိ၊ အနုဝိဝဋ္ဋမ္ပိ နာမ ကရိဿတိ၊ ဂီဝေယျကမ္ပိ နာမ ကရိဿတိ၊ ဇင်္ဃေယျကမ္ပိ နာမ ကရိဿတိ၊ ဗာဟန္တမ္ပိ နာမ ကရိဿတိ၊ ဆိန္နကံ ဘဝိဿတိ သတ္ထလူခံ သမဏသာရုပ္ပံ ပစ္စတ္ထိကာနံ စ အနဘိစ္ဆိတံ။ အနုဇာနာမိ ဘိက္ခဝေ ဆိန္နကံ သံဃာဋိံ, ဆိန္နကံ ဥတ္တရာသင်္ဂံ, ဆိန္နကံ အန္တရဝါသကန္တိ–ဟူသော ဝိနည်း မဟာဝါ စီဝရက္ခန္ဓက ပါဠိတော် (ဝိ၊၃။၄၀၀-၁)၌ "ဆိန္နကံ ဘဝိဿတိ သတ္ထလူခံ" ဟူသော ပါဠိတော် ပါဌ်ဖြင့် အလုံးစုံ ပဉ္စခဏ္ဍ စသော အခဏ်း, ကုသိ စသော အစိတ်တို့ကို ဓားငယ်ဖြင့် လှီးဖြတ်ခြင်းရှိသည့်အဖြစ်သည်ထင်၏။

ငင်းမဟာဝါ အဋ္ဌကထာ စီဝရက္ခန္ဓက အဖွင့် (ဝိ၊ဋ္ဌ၊၃။၄၀၇) တို့၌လည်း–

ကုသိမ္ပိနာမာတိ အာဒီသု ကုသီတိ အာယာမတော စ ဝိတ္ထာရတော စ အနုဝါတာဒီနံ ဒီဃပတ္တာနမေတံ အဓိဝစနံ။ အစုကုသီတိ အန္တရန္တရာ ရဿပတ္တာနံ နာမံ။ ဂီဝေယျကန္တိ ဂီဝါဝေဌနဋ္ဌာနေ ဒဠှီကရဏတ္ထံ အညံ သုတ္တသံသိဗ္ဗိတံ အာဂန္တုကပတ္တံ။ ဇင်္ဃေယျကန္တိ ဇင်္ဃပါပုဏနဋ္ဌာနေ တထေဝ သံသိဗ္ဗိတံ ပတ္တံ။ ဂီဝါဋ္ဌာနေ စ ဇင်္ဃဋ္ဌာနေ စ ပတ္တာနမေဝေတံ နာမန္တိပိ ဝဒန္တိ–ဟူသော ပါဌ်တို့ဖြင့် အလျားအနားပတ်ပြား, အနံအနားပတ်ပြား, တလုပ်မြောင်းရှည် အပြား, တလုပ်မြောင်းတိုအပြား, လည်ခံ အာဂန္တုကအပြား, မြင်းခေါင်းသလုံးခံ အာဂန္တုက အပြား အာစရိယဝါဒအားဖြင့် လည်တည်ရာ,မြင်းခေါင်းသလုံး တည်ရာ အနားပတ်အပြားတို့၏ အခြားအခြား အလှာအဖြစ်ကို ပြဆိုသော ကြောင့် အသီးအသီး ဓားဖြင့်ဖြတ်ခြင်းတို့ကို သိအပ်ကုန်၏။

ဤကုသိ အဖွင့်၌လည်း-

အနုဝါတာဒီနံ ဒီဃပတ္တာနန္တိ အာယာမတော စ ဝိတ္ထာရတော စ အနုဝါတံ။ အာဒိသဒ္ဒေန ဒွိန္နံ ခဏ္ဍာနံ အန္တရာ မာတိကာကာရေန ဌပိတပတ္တဥ္စ ဒီဃပတ္တန္တိ ဒဋ္ဌဗ္ဗံ။ ဝိမတိဝိနောဒနီ (၂။၁၉၈)နှင့် အညီ ဟူ၍ မှတ်ရာသတည်း။

မဏ္ဍလန္တိ ပဉ္စခဏ္ဍိက စီဝရဿ ဧကေကသ္မိံ ခဏ္ဍေ မဟာမဏ္ဍလံ။ အဍ္ဎမဏ္ဍလန္တိ ခုဒ္ဒကမဏ္ဍလံ။ ဝိဝဋ္ဋန္တိ မဏ္ဍလဉ္စ အဍ္ဎမဏ္ဍလဉ္စ ဧကတော ကတ္ဝာ သိဗ္ဗိတံ မဇ္ဈိမခဏ္ဍံ။ အနုဝိဝဋ္ဋန္တိ တဿ ဥဘောသု ပဿေသု ဒွေ ခဏ္ဍာနိ။ ဗာဟန္တန္တိ အနုဝိဝဋ္ဋာနံ ဗဟိ ဧကေကံ ခဏ္ဍံ။ ဣတိ ပဉ္စခဏ္ဍိကစီဝရေနေတံ ဝိစာရိတန္တိ။ အထဝါ အနုဝိဝဋ္ဋန္တိ ဝိဝဋ္ဋဿ ဧကပဿတော ဒွိန္နံ ဧကပဿတော ဒွိန္နန္တိ စတုန္နမ္ပိ ခဏ္ဍာနမေတံ နာမံ-ဟူသော ဝိ၊ သင်္ဂဟ အဋ္ဌကထာ မဟာဝါ အဋ္ဌကထာ ပါဠ်ဖြင့် တခုတခုသော အခဏ်း၌ အိမ်ဝန်းကြီးကိုရှင်း, အိမ်ဝန်းငယ်ကိုရှင်း တပေါင်းတည်း ပြု၍ ချုပ်အပ်သည်ကိုပြသောကြောင့် အိမ်ဝန်းကြီး, အိမ်ဝန်းငယ်တို့ကိုရှင်း, ပဉ္စခဏ်း သတ္တခဏ်း စသည်တို့ကိုရှင်း အသီးအသီး ခွဲ၍ ငယ်ဖြင့် ဖြတ်အပ်သည်ကို သိအပ်၏။

ဤမဟာဝါ စီဝရက္ခန္ဓက အဋ္ဌကထာတို့မှ တပါး စူဠဝါ သေနာသနက္ခန္ဓက အဋ္ဌကထာ, ဝိနယသင်္ဂဟ စတုပစ္စယဝိဘာဂ နိဒ္ဒေသ အဋ္ဌကထာတို့၌လည်း အဲပ္ပမတ္တက ဝိသဇ္ဇက သမ္မုတိရသော ရဟန်း၏ဝတ်ကိုပြရာ-

အာဂန္တုက ပတ္တံ အာရောပေဿာမီတိ ယာစန္တဿ ကုသိယာ အဍ္ဎကုသိယာ စ ပဟောနကံ ဒါတဗ္ဗံ။ မဏ္ဍလံ နပ္ပဟောတီတိ အာဂတဿ မဏ္ဍလံ ဧကံ ဒါတဗ္ဗံ။ အဍ္ဎမဏ္ဍလာနိ ဒွေ ဒါတဗ္ဗာနိ။ ဒွေ မဏ္ဍလာနိ ယာစန္တဿ န ဒါတဗ္ဗာနိ။ အနုဝါတပရိဘဏ္ဍတ္ထိကဿ ဧကဿ စီဝရဿ ပဟောနကံ ဒါတဗ္ဗံ-ဟူသော ပါဠ်တို့ဖြင့် အာဂန္တုက ဖြစ်သော သလင်းတောင်အလွှာကို တင်အံ့ဟု တောင်းလာသော ရဟန်းအား တလုပ်မြောင်းရှည်, တလုပ်မြောင်းတို လောက်အောင်ပေးအပ်၏။ အိမ်ဝန်းကြီး မလောက်ဟု တောင်းလာသောရဟန်းအား အိမ်ဝန်းကြီးတခုကိုသာပေးအပ်၏။ အိမ်ဝန်းငယ်ကိုကား ၂ ခုကို ပေးအပ်၏။ အိမ်ဝန်းကြီး ၂ ခုကို မပေးအပ်။ အလျား အနားပတ် အနံ အနားပတ်ကို အလိုရှိသောရဟန်းအား သင်္ကန်း တထည်လုံး တင်လောက်အောင် ပေးအပ်၏ဟု အသီးအသီး အခြား အခြားစီ

သို့သောကြောင့်လည်း ထိုကုသိ, အစုကုသိ, မဏ္ဍလ, အစုမဏ္ဍလ စသည်တို့၏ ခေါ်းဖြင့်လှီးအပ်သည့်အဖြစ်ကို သိအပ်ပေ၏။

၎င်း မဟာဝါ စီဝရက္ခန္ဓက အဋ္ဌကထာ စီဝရဝိကလ အရာ၌လည်း-

> စီဝရဝိကလကံ နာမ သဗ္ဗေသံ ပဉ္စ ပဉ္စဝတ္တာနိ ပတ္တာနိ သေသာနိပိ အတ္ထိ၊ ကေကံ ပန် န ပါပုဏာတိ၊ ဆိန္ဒိတွာ ဒါတဗ္ဗာနိ။ ဆိန္ဒန္တေဟိ စ အစုမဏ္ဍလာဒီနံ ဝါ ဥပါဟနတ္ထဝိကာဒီနံ ဝါ ပဟောနကာနိ ခဏ္ဍာနိ ကတွာ ဒါတဗ္ဗာနိ၊ ဟေဋ္ဌိမ ပရိစ္ဆေဒေန စတုရင်္ဂုလ ဝိတ္ထာရမ္ပိ အနုဝါတပ္ပဟောနကာယာမံ ခဏ္ဍံ ကတွာ ဒါတုံ ဝဋ္ဋတိ-

ဟူသော ပါဠိတို့ဖြင့် သက်နိုးမလောက်၍ ဖြတ်ပြီးပေးကုန်သောသက်နိုးတို့သည် အစုမဏ္ဍလစသည် လောက်အောင် အပိုင်းပြု၍ ပေးအပ်ကုန်၏ ဟု ဆိုခြင်းကြောင့် အစုမဏ္ဍလစသည်တို့၏ ခေါ်းဖြင့်လှီးဖြတ်အပ်သည့်အဖြစ်ကို သိအပ်၏။

ဤအရာ၌ အဘိဓာန်ဋီကာဆရာ၏ အလိုအားဖြင့်ကား- မဏ္ဍလ ဟူသည် အနားပတ်, ဝိဝဋ္ဋဟူသည် မြောင်း, ကုသိဟူသည် မြောင်းတို့၏အလည်၌တည်သော အခဏ်း အစိတ်ဟူ၍ ယူလို၏။ ထို့ကြောင့်-

> မဏ္ဍလာဒယော တဒင်္ဂါနိ သမူဟာဘူတာသာ စီဝရဿ အဝယဝါနိ။ မဒ္ဒိ ဘူသာယံ၊ အလော။ မဏ္ဍလံ။ စီဝရ ပရိယန္တော ယံ မဟာ ပထဝိယာ စက္ကဝါဠ ပဗ္ဗတော ဝိယ စီဝရဿ သမန္တတော တိဋ္ဌတိ။ ဝိဝဋ္ဋော နာမ စီဝရမဇ္ဈဂတမဂ္ဂေါ။ သော ဟိ ဝိသုံ ဝိသုံ ဝဋ္ဋတီတိ ဝိဝဋ္ဋောတိ ဝုစ္စတိ၊ ဝဋ္ဋ အာဝဋ္ဋနေ။ ကုသိနာမ မဂ္ဂါနံ မဇ္ဈဂတ ဝတ္ထခဏ္ဍံ၊ ကုသ ဆေဒနေ၊ ကမ္မနိ ဣ။ ကုသိ ပုမိတ္ထိယံ- ဟူ၍ဆို၏။

၎င်းအဘိဓာန်ဋီကာ (ဓာန်၊ ဋီ။ ၂၀၇)သို့လိုက်၍ အချို့သောဆရာတို့သည် မဏ္ဍလ၊ အနားပတ်, ဝိဝဋ္ဋ၊ မြောင်း, ကုသိ၊ သက်နိုးအစပ်အလွှာဟူ၍ အနက်ပေးကြကုန်၏။ ထိုသို့ ဆိုကုန်သော်လည်း ဤအဋ္ဌကထာ, ဋီကာကြီးတို့သာ ပမာဏဟူ၍ မှတ်ရာ၏။

ဤသို့လျှင် ဤစီဝရက္ခန္ဓက ပါဠိ အဋ္ဌကထာတို့၌ လာသော စီဝရ ဝိစာရဏာ နည်းတို့သည်ကား အလုံးစုံ ကထိန်သက်နိုး ဟုတ်-မဟုတ်တို့နှင့် ဆက်ဆံသော သဗ္ဗသာဓာရဏ စီရင်နည်းဖြစ်၏။ သို့ဖြစ်၍ မြတ်စွာဘုရား ရှေးလက်ထက်တော်အခါကလည်း ဤသိက္ခာပုဒ်တော်ဖြစ်သော ကာလမှစ၍ ဤနည်းအတိုင်းသာလျှင် ခေါ်းဖြင့်လှီးဖြတ် စီရင်ဝတ်ရုံကြသည် ဖြစ်ကုန်၏။ ထို့ကြောင့်—

တေန ခေါ ပန သမယေန အညတရဿ ဘိက္ခုနော တိစီဝရေ ကယိရမာနေ သဗ္ဗံ ဆိန္နကံ နပ္ပဟောတိ-ဟူသော နိဒါန်း ပါဠိတော် (ဝိ၊ ၃။ ၄၁၂)ပါဠ်ဖြင့် ရဟန်းတဦးအား တိစီဝရိက် သင်္ကန်း ၃ ထည်ပြုသည် ရှိသော် အလုံးစုံသင်္ကန်း ၃ ထည်စလုံးဖြတ်၍ မလောက်သောအဖြစ်သည် ပေါ် လာ၏။ ထိုဝတ္ထုကို အကြောင်းပြု၍-

အနုဇာနာမိ ဘိက္ခဝေ ဒွေ ဆိန္နကာနိ။ ပ။ ဧကံ ဆိန္နကန္တိ (ဝိ၊ ၃။ ၄၁၂) ဟူသော ပါဠိတော်ပါဠ်ဖြင့် ၂ ထည်တို့ကို ဖြတ်၊ တထည်ကို မဖြတ်လင့် ဟု အနုညာတပြုတော်မူပြန်၏။ ယင်းသို့ ၂ ထည် မဖြတ်လောက်ပြန်ရာ "အနုဇာနာမိ ဘိက္ခဝေ ဒွေ အစ္ဆိန္နကာနိ ဧကံ ဆိန္နကံ" ဟူသော ပါဠိတော် (ဝိ၊ ၃။ ၄၁၂) ပါဠ်ဖြင့် ၂ ထည်တို့ကို မဖြတ်လင့်၊ တထည်ကိုသာ ဖြတ်ဟု အနုညာတ ပြုတော်မူပြန်၏။ ယင်းသို့ တထည်ပင်ဖြတ်၍ မလောက်ပြန်ရာ "အနုဇာနာမိ ဘိက္ခဝေ အန္ဝါဓိကမ္ပိ အာရောပေတုံ၊ န စ ဘိက္ခဝေ သဗ္ဗံ အစ္ဆိန္နကံ ဓာရေတဗ္ဗံ၊ ယော ဓာရေယျ၊ အာပတ္တိ ဒုက္ကဋဿ-ဟူသော ပါဠိတော် (ဝိ၊ ၃။ ၄၁၂) ပါဠ်ဖြင့် သလင်းတောင်တင်ဟု ခွင့်ပြုတော်မူ၍ ဖြတ်လောက်မူ အလုံးစုံမဖြတ်ပဲ တိစီဝရိက်သင်္ကန်းကို မဆောင်အပ်။ ဆောင်သောရဟန်းအား ဒုက္ကဋ်အာပတ် သင့်စေဟု ပညတ်တော်မူ၏။

သို့ဖြစ်သော်လည်း ဤ သဗ္ဗဆိန္နအရာ၌ သဗ္ဗဆိန္န အဖြစ်ကို-

စီဝရဝိစာရဏ မတ္တေနာတိ ပဉ္စကံ ဝါ သတ္တကံ ဝါ နဝကံ ဝါ ဧကာဒသကံ ဝါ ဟောတုတိ ဧဝံ ဝိစာရိတမတ္တေန။ ဆေဒနမတ္တေနာတိ ယထာဝိစာရိတဿ ဝတ္ထဿ ဆေဒနမတ္တေန (ဝိ၊ ၃။ ၄၁၂) ဟူ၍ငြင်း, [စာရေးသူ၏ပြင်ဆင်ချက်။ ။ဤပါဠိစာပိုဒ်ပါကျမ်းညွှန်း (ဝိ၊ ၃။ ၄၁၂)ကို သတိမေ့လျော့၍ မှားပြီး ညွှန်းမိသည်ဟု ယူဆ၏။ ကျမ်းညွှန်းအမှန်မှာ (ဝိ၊ ဋ္ဌ၊ ၃။ ၃၉၁)သာ ဖြစ်သည်။]

အညတြ ပဉ္စကေန ဝါ အတိရေက ပဉ္စကေန ဝါတိ ပဉ္စ ဝါ အတိရေကာနိ ဝါ ခဏ္ဍာနိ ကတွာ မဟာမဏ္ဍလ အဍ္ဎမဏ္ဍလာနိ ဒဿေတွာ ကတေနေဝ ဝဋ္ဋတိ။ ဧဝဉ္ဟိ သမဏ္ဍလိကတံ ဟောတိ၊ တံ ဌပေတွာ အညေန အစ္ဆိန္နကေန ဝါ ဒွတ္တိစတုခဏ္ဍေန ဝါ န ဝဋ္ဋတိ။ (ဝိ၊ ဋ္ဌ၊ ၃။ ၃၉၂) ဟူ၍ငြင်း လာကုန်သော ကထိနက္ခန္ဓက ပါဠိ, အဋ္ဌကထာတို့၌ ကထိနစီဝရ ဝိစာရဏာကို ဆိုရာ ပဉ္စခဏ်း, သတ္တခဏ်း, နဝခဏ်း,

ကောဒသခဏ်းဟု ဆိုအပ်သော အခဏ်းတို့ကိုသာ စီရင်ခြင်း, ဖြတ်ခြင်းတို့ကို မှတ်၍ ပြကုန်သောကြောင့်ရင်း,

> တီသု ပန ဒွေ ဝါ ကော ဝါ ဆိနှိတွာ ကာတဗ္ဗန္တိ တွေ့ အနုဇာနာမိ ဘိက္ခဝေ ဆိန္နကံ သံဃာဋိံ ဆိန္နကံ ဥတ္တရာသင်္ဂံ ဆိန္နကံ အန္တရဝါသကန္တိ (ဝိ၊ ၄၊ ၃။ ၄၀၉) ဝစနတော ပဉ္စခဏ္ဍ သတ္တခဏ္ဍာဒိဝသေန ဆိန္ဒိတွာဝ ကာတဗ္ဗံ။ န အစ္ဆိန္ဒိတွာတိ အတ္ထော-ဟူ၍ လာသော ဝိနယာလင်္ကာရဋီကာ(၂။ ၃၇၆)၌လည်း ပဉ္စခဏ်း, သတ္တခဏ်း စသည်ဖြင့် ဖြတ်ခြင်းတို့ကို မှတ်၍ ပြကြကုန်သောကြောင့်ရင်း,

ဝိနယဂဏ္ဌိ ဒီပနီ၌ ပဉ္စခဏ်း, သတ္တခဏ်း စသည်တို့၏ အစပ်အခဏ်းတို့ကိုသာ ဓားဖြင့်ဖြတ်ရကုန်၏။ မဏ္ဍလ အဍ္ဎမဏ္ဍလ စသည်တို့ကိုကား ဓားဖြင့်မဖြတ်ပဲ ချုပ်ရိုးသဏ္ဌာန်သာပြ၍ ချုပ်အပ်ကုန်၏ဟု ဆို၏။

အုတ်ကျောင်း ဆရာတော်ကြီးလည်း "သဗ္ဗံ ဘိက္ခဝေ အစ္ဆိန္နကံ ဓာရေတဗ္ဗံ" ၌ သဗ္ဗဆိန္နဖြစ်အောင် အိမ်ကြီး, အိမ်ငယ်, မြောင်းတလုပ်, အနားပတ်, ဖြတ်ကောင်းသမျှ အလုံးစုံကို ဖြတ်၍ချုပ်း အချို့ စီရင်ကုန်၏။ ကာလဒေသပမာဏကို မသိခြင်းမှတပါး ထိုသူတို့၏ ဒုဂ္ဂဟိတဂ္ဂါဟ အကြောင်းမရှိပြီ ဟု အလုံးစုံ အိမ်ကြီး, အိမ်ငယ်စသည်ကို ဖြတ်ခြင်း၌ မနှစ်သက်သောအဖြစ်ကိုပြ၏။

ဤ ဆရာကြီးတို့ကား "ဆိန္နကံ ဘဝိဿတိ သတ္ထလူခံ သမဏသာရုပ္ပံ ပစ္စတ္ထိကာနံ အနဘိစ္ဆိတံ။ အနုဇာနာမိ ဘိက္ခဝေ ဆိန္နကံ သံဃာဋိံ ဆိန္နကံ ဥတ္တရာသင်္ဂံ ဆိန္နကံ အန္တရဝါသကံ" ဟူသော အနုညာတ သိက္ခာပုဒ် (ဝိ၊ ၃။ ၄၀၁)ကို အာပတ္တိက အရာမဟုတ်, "န စ ဘိက္ခဝေ သဗ္ဗံ အစ္ဆိန္နကံ ဓာရေတဗ္ဗံ၊ ယော ဓာရေယျ၊ အာပတ္တိ ဒုက္ကဋဿ" ဟူသော ဝါရိတသိက္ခာပုဒ် (ဝိ၊ ၃။ ၄၀၀)ဖြင့် ပဉ္စခဏ်း, သတ္တခဏ်း စသည်တို့ကို မဖြတ်သော်သာ အာပတ်သင့်၏ဟု နှလုံးသွင်း အယူတော် ရှိကြကုန်၏ဟူ၍ သဘောရရန်ရှိ၏။ ။ [**စာရေးသူ၏ ပြင်ဆင်ချက်။** ။ဤစာပိုဒ်၌ပါရှိသော ဒုတိယကျမ်းညွှန်း (ဝိ၊ ၃။ ၄၀၀)ကို သတိမေ့လျော့၍ မှားပြီး ညွှန်းမိသည်ဟု ယူဆ၏။ ကျမ်းညွှန်းအမှန်မှာ (ဝိ၊ ၃။ ၄၁၂)သာ ဖြစ်သည်။]

ထို့ကြောင့် အဋ္ဌကထာ, ဋီကာတို့၌ ထင်သည့်အတိုင်း မြောင်း, တလုပ်, အိမ်ကြီး, အိမ်ငယ်, အနားပတ်တို့ကို ဓားဖြင့် ဖြတ်သည်ဖြစ်စေ, ဋီကာ, ဒီပနီနောက်နောက် ဆရာကြီးတို့ အယူအတိုင်း ဓားဖြင့်မဖြတ်သည်ဖြစ်စေ ပါဠိတော် အဋ္ဌကထာတို့၌ မြောင်းတလုပ်စသည်တို့ကို မဖြတ်သော် အာပတ်သင့်သည်ကို

တိုက်ရိုက် မပြမဆိုခြင်းကြောင့် အသင့်ချည်းဟူ၍လည်း မှတ်ဖွယ်သင့်ပေ၏။ သို့သော်လည်း အဋ္ဌကထာ ဆရာကြီးတို့နှင့်အညီ စီရင်ခြင်းသာ အတိယုတ္တ ပသဋ္ဌတရဖြစ်၏ ဟူ၍ နှလုံးသွင်းရာသတည်း။

ဤအရာ၌ ပကတိ အမြဲဝတ်ရုံသော တိစီဝရိက် သက်န်းသည်သာလျှင် မလောက်သော် အလုံးစုံ မဖြတ်ခြင်းအပ်၏။ ကထိန်သက်န်းမူကား မဖြတ်မူ မအပ်၊ ဖြတ်မှသာ အပ်၏။

ကထိနံ ပန ဆိန္နက မေဝ ဝဋ္ဋတိ အာဝေဏိက လက္ခဏတ္တာ။

ကင်္ခါဋီကာဟောင်း (ကင်္ခါ၊ ဋီ။ ၇၂)

ပဉ္စ ဝါ အတိရေကာနိ ဝါ ခဏ္ဍာနိ ဆိန္ဒိတွာတိ ယထာ ပဉ္စခဏ္ဍိကာဒီနံ သံဃာဋိအာဒီနံ တိဏ္ဏံ စီဝရာနံ အညတရပ္ပဟောနကာနိ မဟာမဏ္ဍလ အဍ္ဎမဏ္ဍလာဒိဝသေန ပဉ္စ ခဏ္ဍာနိ ဝါ အတိရေကာနိ ဝါ သတ္တာဒိခဏ္ဍာနိ ဟောန္တိ၊ ဧဝံ ဆိန္ဒိတွာ။

ၑင်းဋီကာသစ်။ (ကင်္ခါ၊ဋီ၊သစ်။ ၂၇၆။)

တဒဟေဝ သဉ္ဇိန္နေနာတိ သံဃေန ကထိနတ္ထာရကဿ ကမ္မဝါစံ ဝတွာ ဒိန္နေနေဝ တဒဟေဝ သဉ္ဇိန္နေန သမဏ္ဍလိကတေန ဘဝိတဗ္ဗံ။

ဝဇိရဗုဒ္ဓိဋီကာ။ (ဝဇိရ။ ၄၉၀။)

ဤသို့ ဋီကာအများလာသည်၏ အဖြစ်ကြောင့်တည်း။

ဤကင်္ခါဋီကာသစ်စကားကို ထောက်လျှင်လည်း မဏ္ဍလ, အဍ္ဎမဏ္ဍလ စသည်တို့ကို ဖြတ်မြဲကဲ့သို့ပင် အဓိပ္ပါယ် ရောက်ပေ၏။ ယခု ပြဆိုခဲ့သည်ထက် ပါဠိ, အဋ္ဌကထာ, ဋီကာပါဌ်များကို အထူးတွေ့သေးလျှင်လည်း အသေအချာ ရေးသား၍ သနားကယ်မတော်မူပါဦးတော့ အရှင်ဦးသောမဘုရား။

စီဝရဝိသဇ္ဇနာ ပြီး၏။

---

## ၅၀။ ။၁၁ ခဏ်းထက် ပိုလွန်သော သက်န်းဖြင့် ကထိန်ခင်းအပ်-မခင်းအပ်

ကထိန်အလှူနှင့် ပတ်သက်၍ ရဟန်းအချို့နှင့် စကား စပ်မိစပ်ရာ, ပြောရာ၌ "**ကောဒသခဏ်းထက် လွန်၍ ကျမ်းဂန်မလာ**" ဟု ဗန်းမော်ဆရာတော်

ဘုရားကြီးဆိုသည်–ဟူ၍ ကြားသိရသောကြောင့် ဤစာအုပ်ကို တည်းဖြတ်ပြင်ဆင်ပေးသော ဆရာတော်ဘုရားထံသို့ စာရေးသူသွား၍ အကျိုးအကြောင်းလျှောက်ထားပါသည်။ ၎င်းက "န စိဝရဝိစာရဏာမတ္တေန အတ္ထတံ ဟောတိ ကထိနံ=သင်္ကန်းကို စီရင်ကာမျှဖြင့် ကထိန်ကို ခင်းအပ်သည် မဖြစ် (မမည်)" ဟု **မဟာဝဂ္ဂပါဠိ–ကထိနက္ခန္ဓက** ၌ လာသော စကားနှင့်တကွ "**စိဝရဝိစာ–ရဏာ** မတ္တေနာတိ 'ပဉ္စကံ့ဝါ သတ္တကံဝါ နဝကံဝါ ဒေါဒသကံဝါ ဟောတု' တိ ဧဝံ ဝိစာရိတမတ္တေန=၅ ခဏ်းသည်၎င်း၊ ၇ ခဏ်းသည်၎င်း၊ ၉ ခဏ်းသည်၎င်း၊ ၁၁ ခဏ်းသည်၎င်း ဖြစ်ပါစေ၊ ဤသို့စီရင်ကာမျှဖြင့် ကထိန်ကို ခင်းအပ်သည် မဖြစ် (မမည်)" ဟု **မဟာဝါ အဋ္ဌကထာ** ဆရာ ဖွင့်ဆိုသော စကားကိုလည်း ဖတ်ပြ၍ မြန်မာလိုလည်း အဓိပ္ပါယ်ပြန်ပေးပါသည်။

ထိုနောက် ရင်းနှီးသောအစိုးရ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊ သကျသီဟ ပရိယတ္တိသာသနဟိတ–ဓမ္မာစရိယ စာချဆရာတော်ဘုရားထံသို့ အံ့သြ၍ ပြဆိုခဲ့ပြီးသော **မဟာဝါ**ပါဠိတော်၌ လာသည့် စကားနှင့်တကွ **မဟာဝါအဋ္ဌကထာ** ဆရာ ဖွင့်ဆိုသော စကားကိုညွှန်း၍ ၁၁ ခဏ်းထက်ပိုလွန်၍ ယူသင့်-မယူသင့်ကို စာဖြင့်မေးလျှောက်ပါသည်။ ၎င်းထံမှ "**ဦးသြဘာသ, မဟာဝဂ္ဂ အဋ္ဌကထာ** မှာ အရှင်ဘုရားညွှန်းလိုက်သည့်အတိုင်း ကြည့်ရှုရာ စာရှိအတိုင်းမူ ၁၁ ခဏ်းထက် မပိုစေရဟုသာ ယူရန်ရှိပါသည်၊ တပည့်တော်လဲ အခြားဋီကာများ ပရိဝါအဋ္ဌကထာများ၌လဲ ကြည့်ရှုရှာဖွေပါသေးသည်၊ သို့သော်လဲ ထူးခြားချက်မတွေ့ရ၊ မဟာဝါ မြန်မာပြန်မှာလဲ "၅ ခဏ်း ၇ ခဏ်း စသော" ဟုသာ ၁၁ ခဏ်းအတွင်းသာ ဘာသာပြန်ထားပြန်သည်၊ ထို့ကြောင့် ထိုနေ့ရ, ထိုနေ့ချင်းတွင် ပြီးအောင်ချုပ်ရ, ဆိုးရမည်၊ ထိုသို့ပြုလုပ် ချုပ်ဆိုးရာ၌ "ငါ ဓမ္မကထိကဘဲ, ငါ ဓမ္မာစရိယဘဲ" စသည်ဖြင့် ဂုဏ်မာန်တက်၍ တပါးမျှ မနေကောင်း၊ အားလုံးနေ့ချင်းပြီးအောင်ဝိုင်းဝန်းကူညီလုပ်ရမည်–ဟူသောစကားကို ထောက်က အခဏ်းများစွာ ပြုလုပ်ခြင်းသည် သဘာဝကျမည် မတူသဖြင့် ၁၁ ခဏ်းကိုပင် အတည်ယူသင့်သည် ထင်သည်၊ တပည့်တော်တို့ကျောင်းမှာတော့ ယခုပြီးသည့်နှစ်က ခင်းသောသင်္ကန်းမှာ ၃၅ ခဏ်းဖြစ်ပါသည်၊ ဆရာတော်ကလည်း ဒီကိစ္စနှင့်စပ်၍ ဘာမျှ အမိန့်မရှိဘူးပေ၊ ချုပ်ပြီး ဆိုးပြီးကိစ္စပြီးရသည်မို့ အခဏ်းငယ် ဘယ်လောက်ဘဲများများ အပ်သည်ဟုယူရန်ရှိသော်လည်း ယခုအထိတော့ စာမတွေ့သေးသဖြင့် ၁၁ ခဏ်းထက်ပိုသော သင်္ကန်းများအပ်သည်–ဟူ မဆိုဝံ့မဆိုသာ" ဟု ပြန်စာရပါသည်။ [ဤဆရာတော်ဘုရားလည်း ဤစာအရဆိုလျှင် ၁၁ ခဏ်းထက်လွန်၍ ကျမ်း

ဂန်မလာဟု ယူဆပြီ–ဟူ၍ ဆိုရပေမည်။ ။ သူတော်ကောင်းပီပီ သူ၏ချွတ်ယွင်းချက်ကို ဝန်ခံပေသည်။ လှိုက်လှိုက်လှဲလှဲ ချီးကျူးဖို့ကောင်း၏။]

ဤထက် အကျယ်ဝေဖန်နိုင်စေခြင်းငှါ စာရှုသူတို့အားသိသင့်သိထိုက်သော အကြောင်းအရာများကို သိထားနှင့်စေလိုသောကြောင့် ကျမ်းများမှ ရွေးချယ်၍ ယူထားသော ကောက်နုတ်ချက်များကို တခုစီတခုစီ တင်ပြပါအံ့။

၁။ ။**မဟာဝဂ္ဂပါဠိ–ကထိနက္ခန္ဓက ၌....န စီဝရဝိစာရဏမတ္တေနအတ္ထတံ ဟောတိ ကထိနံ။** ။အနက်–စီဝရဝိစာ ရဏမတ္တေန၊ သင်္ကန်းကို စီရင်ကာမျှဖြင့်။ ကထိနံ၊ ကထိန်ကို။ အတ္ထတံ၊ ခင်းအပ်သည်။ န ဟောတိ၊ မဖြစ် (မမည်)–ဟု ဆို၏။ [အထက်၌ ပြဆိုခဲ့ပြီးပြီ။ ။ "သင်္ကန်းကို စီရင်ကာမျှဖြင့်" ဆိုသောစကားသည် သင်္ကန်းအခဏ်းအရေအတွက်ကို အတိအကျမဆိုပဲ သာမညအားဖြင့်သာ "သင်္ကန်း"ဟု ဆိုခြင်းကြောင့် အခဏ်းမည်မျှပင် များ များ များနိုင်သည်ဟု အဓိပ္ပါယ်ထွက်သည်–ဟူ၍ ဆိုမည်ဆိုလျှင် ဆိုနိုင်၏။]

၂။ ။ဤအပိုဒ်ကို မဟာဝဂ္ဂ အဋ္ဌကထာ–ကထိနက္ခန္ဓက၌ အောက်ပါ စကားဖြင့် ဖွင့်ပြပါသည်။ စီဝရဝိစာရဏမတ္တေနာတိ "ပဥ္စကံ ဝါ သတ္တကံ ဝါ နဝကံ ဝါ ဧကာဒသကံ ဝါ ဟောတူ" တိ ဧဝံ ဝိစာရိတမတ္တေန။ ။ အနက်–စီဝရစာရဏမတ္တေနာတိ၊ စီဝရဝိစာရဏမတ္တေန ဟူသည်ကား။ ပဥ္စကံ ဝါ၊ ၅ ခဏ်းသည်ရင်း။ သတ္တကံ ဝါ၊ ၇ ခဏ်းသည်ရင်း။ နဝကံ ဝါ၊ ၉ ခဏ်း သည်ရင်း။ ဧကာဒသကံ ဝါ၊ ၁၁ ခဏ်းသည်ရင်း။ ဟောတု၊ ဖြစ်ပါစေ။ ဣတိ ဧဝံ၊ ဤသို့။ ဝိစာရိတမတ္တေန၊ စီရင်ကာမျှဖြင့်။ ကထိနံ၊ ကထိန်ကို။ အတ္ထတံ၊ ခင်းအပ်သည်။ န ဟောတိ၊ မဖြစ် (မမည်)။ [ပါဠိတော်၌ပြန်စပ်–အထက်၌ပြခဲ့ပြီးပြီ။ ။ အပိုဒ် ၁ ကို ဤအပိုဒ် ၂ ဖြင့် အဘယ်ကြောင့် ဖွင့်ဆိုသနည်းဟူမူ အထက်အပိုဒ် ၁ ၌ သင်္ကန်းအခဏ်း အရေအတွက်ကို အတိအကျ မဆိုခြင်းကြောင့် အခဏ်းအများကြီးပြုလုပ်မည်စိုး၍ (ဝါ) ၅ ခဏ်းမှ ၁၁ ခဏ်းအထိကိုသာ ပြုလုပ်စေလို၍ အပိုဒ် ၁ ကို ဤ အပိုဒ် ၂ ဖြင့် ဖွင့်ဆိုခြင်း ဖြစ်သည်–ဟူ၍ သိအပ်၏။]

၃။ **မဟာဝဂ္ဂပါဠိတော်၌....န အညတြ ပဥ္စကေန ဝါ အတိရေကပဥ္စကေန ဝါ** တဒဟေဝ သဉ္ဆိန္နေန သမဏ္ဍလိကတေန အတ္ထတံ ဟောတိ ကထိနံ။ အနက်–တဒဟေဝ၊ ထိုသင်္ကန်းလှူ ပုဆိုးရသောနေ့မှာပင်လျှင်။ သဉ္ဆိန္နေန၊ ကောင်းစွာ ဖြတ်အပ်သော။ သမဏ္ဍလိကတေန၊ အိမ်ဝန်းကြီး အိမ်ဝန်းငယ်

နှင့်တကွ ပြုအပ်သော။ ပဉ္စကေန ဝါ၊ ၅ ခဏ်းရှိသည့်သက်န်းကိုဖြင်း။ အတိရေက ပဉ္စကေန ဝါ၊ ၅ ခဏ်းထက် ပိုလွန်သော အခဏ်းရှိသည့် သက်န်းကိုဖြင်း။ အညတြ၊ ကြဉ်ထား၍။ ကထိနံ၊ ကထိန်ကို။ အတ္ထတံ၊ ခင်းအပ်သည်။ န် ဟောတိ၊ မဖြစ်(မမည်)–ဟု ဆို၏။

၄။ ။ဤအပိုဒ်ကို မဟာဝဂ္ဂအဋ္ဌကထာ–ကထိနက္ခန္ဓကဒ္ဓ အောက်ပါ စကားဖြင့် ဖွင့်ပြပါသည်။

အညတြ ပဉ္စကေန ဝါ အတိရေက ပဉ္စကေန ဝါတိ ပဉ္စ ဝါ အတိရေကာနိ ဝါ ခဏ္ဍာနိ ကတွာ မဟာမဏ္ဍလ အဍ္ဍမဏ္ဍလာနိ ဒဿေတွာ ကတေနေဝ ဝဋ္ဋတိ၊ ဧဝဉှိ သမဏ္ဍလီကတံ ဟောတိ။ တံ ဌပေတွာ အညေန အစ္ဆိန္နကေန ဝါ ဒွတ္တိစတုခဏ္ဍေန ဝါ န ဝဋ္ဋတိ။ ။အနက်–အညတြ ပဉ္စကေန ဝါ အတိရေက ပဉ္စကေန ဝါ တို၊ အညတြ ပဉ္စကေန ဝါ အတိရေကပဉ္စကေန ဝါ ဟူသည်ကား။ ပဉ္စ၊ ၅ ခု ကုန်သော။ ခဏ္ဍာနိ ဝါ၊ အခဏ်းတို့ကိုဖြင်း။ အတိရေကာနိ၊ ၅ ခုထက် ပိုလွန်ကုန်သော။ ခဏ္ဍာနိ ဝါ၊ အခဏ်း တို့ကိုဖြင်း။ ကတွာ၊ ပြု၍။ မဟာမဏ္ဍလအဍ္ဍမဏ္ဍလာနိ၊ အိမ်ဝန်းကြီး အိမ်ဝန်းငယ်တို့ကို။ ဒဿေတွာ၊ ပြ၍(ထင်စေ၍)။ ကတေနေဝ၊ ပြုအပ်သော သင်္ကန်း ဖြင့်သာလျှင်။ ဝဋ္ဋတိ၊ ကထိန်ခင်းခြင်းငှါ အပ်၏။ ဧဝံ ဟိ၊ ဤသို့ပြုသော်သာလျှင်။ သမဏ္ဍလီကတံ၊ အိမ်ဝန်းကြီး အိမ်ဝန်းငယ်နှင့်တကွ ပြုအပ်သော သက်န်းသည်။ ဟောတိ၊ ဖြစ်၏။ တံ (စီဝရံ)၊ ထိုအိမ်ဝန်းကြီး အိမ်ဝန်းငယ် နှင့်တကွ ပြုအပ်သော သက်န်းကို။ ဌပေတွာ၊ ကြဉ်ထား၍။ အညေန၊ ထို သက်န်းမှတပါးသော။ အစ္ဆိန္နကေန ဝါ၊ မဖြတ်သော သက်န်းဖြင့်ဖြင်း။ ဒွတ္တိ စတုခဏ္ဍေန ဝါ၊ နှစ်ခဏ်း, သုံးခဏ်း, လေးခဏ်းရှိသော သက်န်းဖြင့်ဖြင်း။ န ဝဋ္ဋတိ၊ ကထိန်ခင်းခြင်းငှါ မအပ်။

ယခု ၁၁ ခဏ်းထက် ပိုလွန်၍ ယူသင့်-မယူသင့်ကို ဝေဖန်ကြပါစို့။

မဟာဝါအဋ္ဌကထာ ဆရာသည် မဟာဝါပါဠိတော်၌ လာသည့် "န စီဝရ ဝိစာရဏမတ္တေန အတ္ထတံ ဟောတိ ကထိနံ"ဟူသော စကားကို စီဝရဝိစာရ ဏမတ္တေနာတိ "ပဉ္စကံ ဝါ သတ္တကံ ဝါ နဝကံ ဝါ ဧကာဒသကံ ဝါ ဟောတူ"တိ ဧဝံ ဝိစာရိတ မတ္တေန="၅ ခဏ်းသည်ဖြင်း၊ ၇ ခဏ်းသည်ဖြင်း၊ ၉ ခဏ်းသည်ဖြင်း။ ၁၁ ခဏ်းသည်ဖြင်း ဖြစ်ပါစေ"၊ ဤသို့ စီရင်ကာမျှဖြင့်-ဟူသော စကားဖြင့် ဖွင့်ပြပြီးပြီ။

၁၁ ခဏ်းထက်ပိုလွန်၍ မဟာဝါအဋ္ဌကထာ ဆရာ ယူသည်-မယူသည်ကို သိဖို့လိုသဖြင့် စိစစ်ပါအံ့။

(က)အပိုဒ် ၁ ၌ သက်နှ်းအခဏ်း အရေအတွက်ကို အတိအကျ မဆိုခြင်းကြောင့် အခဏ်းမည်မျှပင်များများ များနိုင်သည်ဟု ယူမည်ဆိုလျှင် ယူနိုင်ရကား အခဏ်းအများကြီး ပြုလုပ်မည်စိုး၍ (ဝါ) ၅ ခဏ်းမှ ၁၁ခဏ်းအထိကိုသာ ပြုလုပ်စေလို၍ မဟာဝါအဋ္ဌကထာ ဆရာသည် အပိုဒ်၁ကို အပိုဒ် ၂ဖြင့် ဖွင့်ဆိုခြင်း ဖြစ်သည်-ဟူ၍ အထက်၌ ဖေါ်ပြခဲ့ပြီ။

(ခ) အပိုဒ်၁ကို အပိုဒ်၂၌ ဖွင့်ရာတွင် ပဥ္စကံ ဝါ သတ္တကံ ဝါ နဝကံ ဝါ ဧကာဒသကံ ဝါ ဟောတု-ဟု အခဏ်းအရေအတွက်ကို အတိအကျဆို၏။ အကယ်၍ အခဏ်းအရေအတွက်ကို မကန့်သတ်ပဲ အခဏ်းမည်မျှပင်များများ များနိုင်သည်ဟု ဆိုလျှင် ပဥ္စကံ ဝါ (၅ ခဏ်းသည်ရင်း), သတ္တကံ ဝါ (၇ ခဏ်းသည်ရင်း), နဝကံ ဝါ (၉ခဏ်းသည်ရင်း), ဧကာဒသကံ ဝါ (၁၁ ခဏ်းသည်ရင်း), **အတိရေကံ ဝါ (၁၁ ခဏ်းထက် အလွန်သည်ရင်း)**ဟောတု (ဖြစ်ပါစေ) ဟူ၍ ဖြစ်စေ၊ (၁၁ ခဏ်းသည်ရင်း)ဟု ဆိုသော ''ဧကာဒသကံ ဝါ'' စကားအစား **အာဒိ** သဒ္ဒါဖြင့် (ဝါ) **စသည်** ဆိုသော စကားဖြင့် **ဧကာဒသကာဒိံ ဝါ=၁၁ ခဏ်း စသည်ရင်း** ဟု ဆိုသော စကားကိုသုံး၍ ''ပဥ္စကံဝါ သတ္တကံ ဝါ နဝကံဝါ **ဧကာဒသကာဒိံ ဝါ** ဟောတု'' ဟူ၍ဖြစ်စေ မဟာဝါအဋ္ဌကထာဆရာ ဆိုလိမ့်မည်။ယခုသော်ကား ''**ဧကာဒသကာဒိံ ဝါ= ၁၁ခဏ်းစသည်ရင်း**''ဟုမဆိုပဲ''**ဧကာဒသကံ ဝါ=၁၁ခဏ်းသည်ရင်း**''ဟုအတိအကျ ဆို၏။ထို့ကြောင့် ၅ ခဏ်းမှ ၁၁ခဏ်းအထိကိုသာ **မဟာဝါအဋ္ဌကထာ** ဆရာ ယူသည်မှာ ပေါ်လွင်ပါသည်။ သို့သော် ၁၁ခဏ်းအထိကိုသာ ယူသည်ဟု ဆိုလျှင် အပိုဒ် ၃ ကို အပိုဒ်၄၌ ဖွင့်ရာတွင် ၅ ခဏ်းကိုရင်း၊ ၇ခဏ်းကိုရင်း၊ ၉ခဏ်းကိုရင်း၊ ၁၁ ခဏ်းကိုရင်းဟု အတိအကျမဆိုပဲ ''ပဥ္စ၊၅ခု ကုန်သော။ ခဏ္ဍာနိဝါ၊ အခဏ်းတို့ကိုရင်း။ အတိရေကာနိ၊ ၅ခုထက် ပိုလွန်ကုန်သော။ ခဏ္ဍာနိဝါ၊ အခဏ်းတို့ကိုရင်း''ဟု အဘယ်ကြောင့် အဋ္ဌကထာဆရာ ဆိုသနည်း-ဟူ၍ မေးဖွယ်ရှိ၏။ ၅ ခဏ်းထက် ပိုလွန်သောအခဏ်း- ဆိုသည်မှာ ၅ ခဏ်းထက် အခဏ်း မည်မျှပင် များများ များနိုင်သည်ဟု ဆိုသည် မဟုတ်ပါလော-ဟူ၍လည်း မေးဖွယ်ရှိ၏။အဖြေကား-ဆိုခဲ့ပြီးသော အပိုဒ် ၁ကို အပိုဒ် ၂၌ ဖွင့်ရာတွင် ''၅ ခဏ်းသည်ရင်း၊ ၇ခဏ်းသည်ရင်း၊ ၉ခဏ်းသည်ရင်း၊ ၁၁ခဏ်းသည်ရင်း ဖြစ်ပါစေ''ဟု အတိအကျ ဆိုခဲ့ပြီးပြီ ဖြစ်သောကြောင့် ဤအပိုဒ် ၄၌ ရင်းတို့ကို တခုစီ ထပ်မံမဆိုပဲ ''၅ခုကုန်သော အခဏ်းတို့ကိုရင်း၊ ၅ခုထက် ပိုလွန်ကုန်သော အခဏ်းတို့ကိုရင်း''ဟု အတိုချုံး၍ အဋ္ဌကထာဆရာဆို၏-ဟူ၍ ဖြစ်သည်။ ဤအပိုဒ် ၄၌လာသော စကားများသည်

ပြဆိုခဲ့ပြီးသော အပိုဒ် ၂၌ ဆိုသကဲ့သို့သက္ကရာဇ်အခဏ်း အရေအတွက်ကို ရည်၍ ဆိုသော စကားများ မဟုတ်၊ သက္ကရာဇ်ဖြတ်ပုံ ဖြတ်နည်းကိုရည်၍ ဆိုသော စကားများ ဖြစ်၍အပိုဒ် ၂၌ ဆိုသကဲ့သို့ သက္ကရာဇ်အခဏ်းအရေအတွက်ကို တခုစီ မဆိုပဲ "၅ခုကုန်သော အခဏ်းတို့ကိုင်၊ ၅ခုထက် ပိုလွန်ကုန်သော အခဏ်းတို့ကိုင်"ဟု အတိုချုံး၍ အဋ္ဌကထာဆရာဆိုသည်-ဟူ၍လည်း သိအပ်၏။ ထို့ကြောင့် "၅ခုကုန်သော အခဏ်းတို့ကိုင်၊ ၅ခုထက် ပိုလွန်ကုန်သော အခဏ်းတို့ကိုင်"ဆိုသော စကားများသည် ၅ခဏ်းမှ စ၍ ၁၁ခဏ်း အထိကိုသာ ရည်၍ဆိုသောစကားများ ဖြစ်သည်-ဟူ၍ဆိုအပ်၏။ ။ဆိုဦးအံ့။ ။အခဏ်း အရေအတွက်ကို မကန့်သတ်ပဲ အခဏ်း မည်မျှပင်များများ များနိုင်သည်ဟု ဆိုလျှင် မဟာဝါ အဋ္ဌကထာဆရာသည် ပြဆိုခဲ့ပြီးသော အပိုဒ်၁ကို အပိုဒ် ၂ ဖြင့် အပိုသက်သက် ဖွင့်ဆိုမည်မဟုတ်ပေ။ ဤအဖြေကို သဘာဝမကျဟု ပယ်ပါမည်လော။ "ကိုယ်သာ မယူချင်နေ၊ သူဖြေပုံကဖြင့် သူ့ဟာနှင့်သူတော့ အံကိုက်နေတာပဲ"ဟု ဆိုမည် မဟုတ်ပါလော။

၁၁ ခဏ်းအထိကိုသာ မဟာဝါအဋ္ဌကထာဆရာ ယူသည်ဟု ဖော်ပြပြီးပြီ။ ယခုဗန်းမော်ဆရာတော်ဘုရား စီရင်တော်မူသော ထိုကထိန ဝိသောဓနီကျမ်း၏ အဆိုကို တင်ပြပါအံ့။

"အာဒိသဒ္ဒေန ဒွိန္နံ ခဏ္ဍာနံ အန္တရာ မာတိကာကာရေန ထပိတပတ္တဒွ ဒီဃပတ္တန္တိ ဒဋ္ဌဗ္ဗံ။ ။အာဒိ သဒ္ဒေန၊ အာဒိသဒ္ဒါဖြင့်။ ဒွိန္နံ၊ နှစ်ခုကုန်သော။ ခဏ္ဍာနံ၊ အခဏ်းလွှာတို့၏။ အန္တရာ၊ အကြား၌။ မာတိကာကာရေန၊ မြောင်း၏အခြင်းအရာဖြင့်။ ထပိတပတ္တဒွ၊ ထားအပ်သော မြောင်းလွှာကိုလည်း။ ဒီဃပတ္တန္တိ၊ ဒီဃပတ္တဟူ၍။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ။ ၎င်းအဋ္ဌကထာမှာ။ အနုဝါတာဒီနံ ဟူသောပုဒ်၏အဖွင့် **ဝိမတိ ဝိနောဒနီဋီကာ**။ ။ဤသို့လာသော **ပါဠိ**၊ အဋ္ဌကထာ၊ ဋီကာတို့၌ သက္ကရာဇ်ချုပ်လုပ် စီရင်ပုံနှင့်ညီစွာ တရုပ်လွှာကို မရိယာဒ ထား၍ မဟာမဏ္ဍလလွှာ - အဍ္ဎမဏ္ဍလလွှာတို့ကို တပေါင်းတည်းပြုလုပ်၍ ချုပ်အပ်သော် တခဏ္ဍကဖြစ်၏၊ မြောင်းရှည်လွှာကို မရိယာဒထား၍ ၎င်းခဏ္ဍက ငါးစုတို့ကို တပေါင်းတည်းပြုလုပ်၍ ချုပ်အပ်ပြီးလျှင် အနားပတ်တင်ခြင်း၊ အနုဇာနာမိ ဘိက္ခဝေ ဂဏ္ဌိကပဋ္ဋလကံ အနွေ အပေ့တုံ။ ပါသကပဋ္ဋလကံ သတ္တဂုဏ်လံ ဝါ အဋ္ဌဂုဏ်လံ ဝါ ဩဂါဟေတွာ အပေ့တုံ ။ဟူသော ပါဠိတော်နှင့်လျော်စွာ ကမ္ဗတ်သီးအိမ်ကို အနားပတ် စွန်း၌ထားခြင်း၊ ကမ္ဗကွင်းအိမ်ကို ခုနစ်သစ် ရှစ်သစ် အနားပတ်တွင်းသို့ဆုတ်၍ တပ်ခြင်း အမှုတို့ကို ပြုပြီးသည့်ကာလ ပဉ္စ ခဏ်း သက္ကရာဇ်၏ ချုပ်လုပ်ရခြင်းကိစ္စပြီး၏။ ။သတ္တခဏ်း။ နဝခဏ်း၊ ကောဒသခဏ်း တို့ကိုလည်း

ထိုနည်းကိုမှီ၍ သိအပ်၏။ ကောဒသခဏ်းထက်လွန်၍ကျမ်းဂန် မလာ။ သက်န်းလျှာ အထည်အလိပ်များကို အနံ့လက်လေးသစ်အောက် ဆုတ်ဖြတ်၍ ဝေခြမ်းလျှင် အနားပတ်လှ၊ မြောင်းတရုပ်လှသမျှ မရ၊ အပရိဘောဂဖြစ် လေရာ၍ စီဝရဘာဇကရဟန်းအား တားမြစ်အပ်သော၊ ဟေဋ္ဌိမပရိစ္ဆေဒေန စတုရင်္ဂုလဝိတ္ထာရံပိ–အစရှိသည်ဖြင့် လာသောအဋ္ဌကထာစကားကို ထောက်က အနံ့လက်လေးသစ်အောက် မြောင်းတရုပ်များကိုလည်း သေးငယ်စေလွန်း သဖြင့် မသင့်ရာဖြစ်၍ ကောဒသခဏ်းထက်လွန်လျှင် အခဏ်းအစပ်မှန်း–မြောင်း တရုပ်မှန်း မသိရှိခဲ့ရာ၏။ ထို့ကြောင့် ကျမ်းဂန်လာသမျှ ကောဒသခဏ်းထက် လွန်၍ သင့်အံ့မထင်။ ပ။ [အခဏ်းများလေလေ အကွက်များသည်လည်း သေးငယ်လေလေ ဖြစ်ရကား အခဏ်း အကွက်များနှင့် မြောင်းတလုပ် အကွက်များကို ခွဲခြား၍ မသိနိုင်လောက်အောင်ပင် ဖြစ်လေသည်။ ဤသို့ အခဏ်းအစပ်မှန်း မြောင်းတလုပ်မှန်း မသိနိုင်လောက်အောင် ပြုခြင်းသည် မြောင်းဘလုပ်တို့ကို ထားသော်လည်း ထားသည်မမည်သောကြောင့်“မြောင်း တလုပ် ထားရှိရမည်” ဟူသော ဘုရားရှင်၏ အာဏာတော်ကို လွန်ဆန်၍ ပြုရာရောက်သည်-ဟူ၍ ဆိုထိုက်သည် မဟုတ်ပါလော။ ဤကား ပံ့သုကူ သင်္ကန်းဖြင့် ကထိန်ခင်းခြင်းကို ကြည့်၍ဆိုခြင်း ဖြစ်သည်။]

ဗန်းမော် ဆရာတော်ဘုရားကြီးကလည်း ၁၁ ခဏ်းထက်လွန်၍ ကျမ်းဂန် မလာ၊ ၁၁ ခဏ်းထက်ပိုလွန်၍ မယူရ–ဟု အထောက်အထား ခိုင်လုံစွာဖြင့် ဆို၏။ [အလုံးစုံ မဖြတ်သော သင်္ကန်းဖြင့် ကထိန်ခင်းအပ်–မခင်းအပ်–ဟူ သော ပြဿနာ၌ ၎င်းဆရာတော်ဘုရားကြီး ဆိုထားသော အချက်အလက်များ ကိုလည်း ပြန်၍ နှလုံးသွင်းတော်မူပါ]။ ။ ငါးပိုင်း-ငါးစပ်စသောအခဏ်း တို့နှင့်တကွ အိမ်ဝန်းကြီး အိမ်ဝန်းငယ် မြောင်းတလုပ်တို့ကို ဘုရားရှင်ဖွဲ့ စေတော်မူသည်။ ယခုသော်ကား အခဏ်းများလွန်း၍ အခဏ်းအကွက်များမှာ သေးငယ်လွန်းသဖြင့် အဘယ်အကွက်သည် အခဏ်း, အဘယ်အကွက်သည် အိမ်ဝန်းကြီး, အဘယ်အကွက်သည် အိမ်ဝန်းငယ်, အဘယ် အကွက်သည် မြောင်း, အဘယ်အကွက်သည် တလုပ်ပဲဟု ခွဲခြား၍ မသိနိုင်လောက်အောင်ပင် ရှိလေရကား အိမ်ဝန်းကြီး အိမ်ဝန်းငယ် မြောင်းတလုပ်တို့ကို ဖွဲ့ခိုင်းခြင်းသည် အရာမသင် အချည်းနှီးပင် ဖြစ်ချေသည် မဟုတ်ပါလော။ သို့ဖြစ်၍ ပဉ္စကံ ဝါ သတ္တကံ ဝါ နဝကံ ဝါ ကောဒသကံ ဝါ ဟောတု–ဟူသော ပါဠိကို ထောက်၍ ၁၁ ခဏ်းထက်လွန်၍ ကျမ်းဂန်မလာဟု ဗန်းမော်ဆရာတော် ဘုရားကြီးဆိုသော အဆိုမှာ ဘုရားရှင်၏ အလိုတော်နှင့် ကိုက်ညီပေသည်– ဟူ၍ ယူအပ်သည် မဟုတ်ပါလော။

ညောင်လေးပင်မြို့၊ တောရကျောင်းတိုက်၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့ရ၊ နာယက ဆရာတော်ဘုရား စီရင်တော်မူသော **ကထိန်အရသာ** ကျမ်းစာအုပ်၊ စာမျက်နှာ ၆၄ ၌ ကထိန် အခင်းမမြောက်ပုံ ၂၄ ပါးကို ပြရာတွင် နံပါတ် (၃) ၌ "(ငါးခဏ်း, ခုနစ်ခဏ်း, ကိုးခဏ်း, တဆယ့်တခဏ်းဖြစ်ပါစေဟု) စီရင်ကာမျှ စီဝရဝိစာရဏာမတ္တဖြင့်" ကထိန်ခင်းလျှင် ခင်းသည်မမည်-ဟူ၍ ငါးခဏ်း ခုနစ်ခဏ်း, ကိုးခဏ်း, တဆယ့်တခဏ်းဆိုသော စကားများကို ဤကွင်း(....) အမှတ်အသားဖြင့် ပြဆိုရေးသားထား၏။ ဤကွင်း(........) အတွင်းရှိစကားများကို **မဟာဝါ အဋ္ဌကထာ** ဆရာဖွင့်ဆိုသည့် "ပဉ္စကံ ဝါ သတ္တကံ ဝါ နဝကံ ဝါ ဧကာဒသကံ ဝါ ဟောတု" ဟူသောစကားများကို မှီ၍ ဤညောင်လေးပင် ဆရာတော်ဘုရားကြီးကပင်ဖြည့်စွက်ထည့်သွင်းသည်-ဟူ၍ ယူအပ်၏။ ထို့ကြောင့် ဤဆရာတော်ဘုရားကြီးသည်လည်း (အတည့်အလင်း မကြေငြာသော်လည်း) ၁၁ ခဏ်းထက်လွန်၍ ကျမ်းဂန်မလာ-ဟူ၍ ယူဆသည်ဟုဆိုလျှင် မှားအံ့မထင်။

ဤ၌ ဟပ်မိနေ၍ အောက်ပါစာပိုဒ်များကို စိစစ်ရန် တင်ပြပါအံ့။

(၁) ရှေ့ပြဿနာ၌ ပြဆိုခဲ့ပြီးသော ဗန်းမော်ဆရာတော်ဘုရားကြီး၏ အဆိုအမှတ် (၂) ၌လာသော "ပဥ္စ ဝါ အတိရေကာနိ ဝါ ခဏ္ဍာနိ ဆိန္ဒိတွာတိ ယထာ ပဉ္စခဏ္ဍိကာဒီနံ သံဿဋ္ဌိအာဒီနံ တိဏ္ဏံ စီဝရာနံ အညတရပ္ပဟောနကာနိ မဟာမဏ္ဍလ အဍ္ဍမဏ္ဍလာဒိဝသေန ပဥ္စ ဝါ ခဏ္ဍာနိ **အတိရေကာနိ ဝါ သတ္တာဒိခဏ္ဍာနိ** ဟောန္တိ။ ဧဝံ ဆိန္ဒိတွာ" ဟူသော **ကင်္ခါဝိတရဏီဋီကာ**သစ် ပါဠိကိုပြန်၍ နှလုံးသွင်းတော်မူကြပါ။ ။ဤပါဠိ၌လာသော "**သတ္တာဒိခဏ္ဍာနိ ဝါ။ ၇ ခဏ်းစသော** အခဏ်းတို့သည်ရင်း" ဆိုသောစကားကို စိစစ်ပါအံ့။ ။ဤစကားသည် ပြဆိုခဲ့သော စီဝရ-ဝိစာရဏာမတ္တေနာတိ "ပဉ္စကံ ဝါ သတ္တကံ ဝါ နဝကံ ဝါ ဧကာဒသကံ ဝါ ဟောတု" တိ ဧဝံ ဝိစာရိတမတ္တေန ဟူသော **မဟာဝါအဋ္ဌကထာ** ပါဠိကို ထောက်၍ ၁၁ ခဏ်းအတွင်းကိုရည်၍ ဆိုသောစကားဖြစ်သည်-ဟူ၍ ဆိုမည် ဆိုလျှင် ဆိုနိုင်၏။ ဆိုလျှင် ထိုသူအား မှားသည်ဟု ဆိုနိုင်မည်မဟုတ်ပေ။ သဘာဝကျကျ ဖြေဆိုမည်ဆိုလျှင် "ဆိုမည်ဆိုလျှင် ဆိုနိုင်၏" ဟူ၍သာ ဝန်ခံရပေမည်။

(၂) ဆဋ္ဌမူ-မဟာဝဂ်ပါဠိတော် (မြန်မာပြန်) အပိုဒ် ၃၀၈-ကထိနက္ခန္ဓက ၌ လာသော "သက်နံး၌ ငါးခဏ်းခုနစ်ခဏ်း စသည်ကို စီရင်ကာမျှဖြင့် ကထိန်ခင်းသည် မမည်" ဆိုသော စကားကို စိစစ်ပါအံ့။

ငါးခဏ်း ခုနစ်ခဏ်း ဆိုသော စကားများသည် "န စီဝရ ဝိစာရဏာ မတ္တေန အတ္တတံ ဟောတိ ကထိနံ" ဟူသော မူရင်းပါဠိတော်ပါဠ်၌ မလာ သည်ကိုထောက်သောအားဖြင့် ဤစကားသည် အထက်၌ ပြဆိုခဲ့ပြီးသော စီဝရဝိစာရဏာမတ္တေနာတိ "ပဥ္စကံ ဝါ သတ္တကံ ဝါ နဝကံ ဝါ ကောဒသကံ ဝါ ဟောတု"တိ ဧဝံ ဝိစာရိတမတ္တေန-ဟူသော မဟာဝါ အဋ္ဌကထာပါဠ် ကို ထောက်၍ ကျမ်းပြုဆရာတော်ဘုရားများက ၁၁ခဏ်း အတွင်းကို ရည်၍ ဖြည့်စွက် ထည့်သွင်းသောစကားများ ဖြစ်သည်-ဟူ၍ ဆိုအပ်ပေသည်။ ၁၁ ခဏ်းထက်လွန်၍ ကျမ်းဂန်မလာ။ ။ဤသည်ကို ထောက်၍ ဆဋ္ဌမူ-မဟာ ဝဂ်ပါဠိတော် (မြန်မာပြန်) အပိုဒ် ၃၀၉-နှာ ၃၅၈၌လာသည့် "ထိုရောက် သောနေ့မှာပင်လျှင် ဖြတ်အပ်သော အိမ်ကြီး အိမ်ငယ်နှင့်တကွသော ငါး ခဏ်း သက်န်းဖြင့် ဖြစ်စေ၊ ငါးခဏ်းထက်လွန်သော ခုနစ်ခဏ်း ကိုးခဏ်း သက်န်းစသည်ဖြင့် ဖြစ်စေ ခင်းသော် ကထိန်ခင်းသည် မည်၏" ဟူသော စာ ပိုဒ်၌ လာသည့် "ခုနစ်ခဏ်း ကိုးခဏ်း သက်န်းစသည်"ဆိုသော စကားများ နှင့် အခြားကျမ်းများ၌ လာသည့် "ခုနစ်ခဏ်း စသည်,ကိုးခဏ်း စသည်" ဆို သော စကားများသည်လည်း ၁၁ ခဏ်းအတွင်းကို ရည်၍ဆိုသော စကားများ ဖြစ်သည်-ဟူ၍ မှတ်ယူအပ်၏။

၁၁ ခဏ်းထက် ပိုလွန်၍ ယူသင့်-မယူသင့်ကို ဝေဖန်ရာ၌ ထည့်သွင်း စဉ်း စားဖို့ကောင်းသော အောက်ပါအကြောင်း ၄ ရပ်တို့ကို စာရေးသူ တင်ပြ ပါအံ့။

(၁) ဘုရားရှင်၏ လက်ထက်တော်၌ ယခုကဲ့သို့ ချုပ်ပြီးဆိုးပြီးသား သက်န်းမရှိ၍ "အလုံးစုံ မဖြတ်သော သက်န်းဖြင့် ကထိန်ခင်းအပ်-မခင်းအပ်" ဟူသော ပြဿနာ၌ ဖေါ်ပြထားသည့် ထိုပုဗ္ဗကရဏ ၇ ပါးတို့ကို ကထိန် ခင်းသောနေ့မှာပင် နေ့ချင်းပြီးအောင် ရဟန်းအားလုံး ဝိုင်းဝန်းကူညီ လုပ် ကြရသည်။ ထိုခေတ်၌ စက်မရှိ၍ လက်ဖြင့်ချုပ်ကြရသည်။ ။ပဒုမုတ္တရ ဘုရားရှင်ကား ကိုယ်တိုင်ပင် အဂ္ဂသာဝက 'သုဇာတ'မထေရ်အား ကထိန် ခင်းရာ၌ ခြောက်သန်း,ရှစ်သိန်းသော ရဟန်းတို့နှင့်အတူတကွ သက်န်းကို နေ့ ချင်းပြီးအောင် ဝိုင်းချုပ်တော်မူသည်။

ထိုပုဗ္ဗကရဏ ၇ ပါးတို့ကို နေ့ချင်းပြီးအောင် ပြုလုပ်ရခြင်းသည် လွယ်ကူ သော အလုပ်မဟုတ်ပေ၊ (ဝါ) အလွန်တရာမှ ခက်လှပေသည်။ အခဏ်းများ လေလေ အလုပ်ပိုလေလေ ဖြစ်ရကား ထိုခေတ်၌ ခင်းသော ကထိန်သက်န်း မှာ မည်သည့်နည်းနှင့်မှ ယခုခေတ်ကဲ့သို့ အခဏ်းများမည် မဟုတ်ပေ။ ယခု

ခေတ်၌ သုံးစွဲနေကြသော သက်န်းသုံးထည်တို့တွင် သင်းပိုင်နှင့် ကိုယ်ရုံသက်န်း တို့၌ ၅ ခဏ်းစီ ရှိကြ၏။ ဒုကုဋ် (၂ ထပ်) သက်န်း၌ကား ၉ ခဏ်းမှ စ၍ ၁၁၅ ခဏ်းအထိ ရှိသည်-ဟု ဆိုကြ၏။ ချုပ်ပြီး ဆိုးပြီးသား သက်န်း မရှိ၍ ယခုခေတ်ကဲ့သို့အခဏ်းအရေအတွက်ကို မကန့်သတ်ပဲကထိန်ခင်းကြမည် မဟုတ် ပေ၊ (ဝါ)အခဏ်းအရေအတွက်ကို နည်းနိုင်သလောက် နည်းအောင် ကန့် သတ်၍ ခင်းကြမည်သာ။ ။ချုပ်ပြီး ဆိုးပြီးသား သက်န်းဖြင့် မခင်းပဲ ထို ခေတ်က ကဲ့သို့ ယခုလည်း လက်တွေ့အားဖြင့် ပြုလုပ်၍ ကထိန်ခင်းမည် ဆို လျှင် ၉ခဏ်းမှစ၍ ၁၁၅ခဏ်းအထိရှိသည်ဟုဆိုသော ဒုကုဋ်(၂ထပ်)သက်န်း ကို မဆိုထားဘိ၊ တထပ်တည်း ၅ ခဏ်းသာရှိသော သင်းပိုင်ကိုပင် စက်ဖြင့် ချုပ်စေကာမူ နေ့ချင်းပြီးအောင် အနိုင်နိုင်လုပ်ရမည်-ဟု ဆိုချင်ပါ၏။ ထို့ ကြောင့် ထိုခေတ်၌ ခင်းသော ကထိန်သက်န်းမှာ အများဆုံး ၁၁ ခဏ်းသာ ဖြစ်မည်-ဟူ၍ ယူအပ်သည် မဟုတ်ပါလော။

(၂) ချုပ်ပြီးဆိုးပြီးသား သက်န်းကို ရခြင်းကြောင့် ပုဗ္ဗကရဏ ၇ပါးတို့ တွင် ရှေ့ ၆ ပါးတို့ကို မပြုရပဲ ကထိန်ခင်းနေကြသော်လည်း လက်တွေ့အားဖြင့် ပုဗ္ဗကရဏ ၇ပါးတို့ကို နေ့ချင်းပြီးအောင် ပြုရသကဲ့သို့ နှလုံးပိုက်၍ ကထိန်ကို ခင်းအပ်သည် မဟုတ်ပါလော။ သဘာဝကျကျဖြင့် ဖြေမည်ဆိုက ဟုတ်သည် ဟု ဆိုရမည်ပင်ဖြစ်သည်။ ဟုတ်သည်ဟုဆိုလျှင် "၁၁ ခဏ်းထက် ပိုလွန်သော သက်န်းဖြင့် မည်သည့်နည်းနှင့်မှ ကထိန်ခင်းနိုင်မည် မဟုတ်ပေ" ဟူ၍ ထိုသူ အား မိမိက ရဲဝံ့စွာ မဆိုနိုင်ပါသလော။

(၃) ကထိန်အလှူသည် အလှူရှင်တို့အားလည်း ထူးကဲသော အကျိုးကိုဖြစ် စေနိုင်၍ မိမိအားလည်း ကထိန်အာနိသင် ၅ပါးကို ရစေသောကြောင့် ကထိန်ကို မပြောက် ပြောက်အောင် အထူး ဂရုစိုက်၍ ခင်းဖို့လိုသည်။ ထို့ ကြောင့် မိမိ ခင်းသော ကထိန်သည် အောင်မှ အောင်ပါလေစ့်-ဟု သို့လော သို့လော မဖြစ်ရလေအောင် သံသယဖြစ်လောက်သော အရာဟူသမျှကို စိစစ်၍ ကထိန်မခင်းမီ ရှေးဦးစွာ ကြိုတင်၍ သုတ်သင်သင့်လျှင် သုတ်သင်ထားဖို့လို သည်မဟုတ်ပါလော၊ ။ဝိဝါဒရှိလျှင် (ဝါ) မတင်မကျဖြစ်နေလျှင် ဝိနည်း အရာဝယ် ဂရုဘက်သို့သာ လိုက်အပ်သောကြောင့် "၁၁ခဏ်းထက် မပိုစေရ" ဟူသော အယူဘက်သို့လိုက်၍ ကထိန်ခင်းခြင်းသည် သံသယအလျင်းမရှိနိုင်၍ ကထိန်မပြောက် ပြောက်အောင်ခင်းရာ၌စိတ်အချရဆုံးနည်းဖြစ်သည်-ဟူ၍ ဆို အပ်ပေသည်။["ဂရုကေ ဌာတဗ္ဗံ သဘော"အခဏ်း၌ ပြဆိုထားသော ဘုန်း ကြီး ကဲ့သို့ မဝေဖန်တတ်သောကြောင့် အရာခပ်သိမ်း ဂရုဘက်သို့ လိုက်၍ ပြုခြင်းမျိုးကို မဆိုလိုပါ၊ ဂရုဘက်သို့ လိုက်သင့်သောအကြောင်း လုံလောက်

သောကြောင့် ဂရုဘာက်သို့လိုက်သည်-ဟူသော ဝါဒဖြင့် ပြုခြင်းမျိုးကို ဆိုလို သည်။]။ ။ကထိန်မပြောက်ဟုဆိုလျှင် အလှူရှင်ခမျာတို့ မှာလည်း ကုန် သလောက် အကျိုးမရှိပေ၊ မိမိမှာလည်း ကထိန်အာနိသင် ၅ ပါး၌ လာသည့် အခွင့်အရေးတို့ကို မခံယူထိုက်ပါပဲလျက် ခံယူလေခြင်းကြောင့် ခံယူသမျှ ထိုထို အာပတ်သို့လည်း ရောက်သည်-ဟူ၍ ဆိုရပေမည်။

**နိဂုံး**။ ။**မဟာဝါအဋ္ဌကထာဆရာ** သည် ၅ ခဏ်းမှ စ၍ ၁၁ ခဏ်းအထိ ကိုသာယူသည်-ဟူ၍ ရှင်းပြခဲ့ပြီးပြီ။ **ဗန်းမော်ဆရာတော်ဘုရားကြီး**သည်လည်း ၁၁ ခဏ်းထက်လွန်၍ ကျမ်းဂန်မလာ၊ ၁၁ ခဏ်းထက် မပိုစေရ-ဟု အထောက် အထား ခိုင်လုံစွာဖြင့် ဆိုသည်။ **ညောင်လေးပင် ဆရာတော်ဘုရားကြီး**သည် လည်း ၅ ခဏ်းမှ ၁၁ ခဏ်းအထိကိုသာ ယူသည်-ဟု အထက်၌ ဖေါ်ပြခဲ့ပြီ။ **စာရေးသူက**လည်း အကြောင်းသုံးရပ်တို့ဖြင့် ထိုခေတ်၌ ခင်းသော သင်္ကန်း မှာ အများဆုံး ၁၁ ခဏ်းသာဖြစ်မည်-ဟူ၍ ရှင်းပြခဲ့ပြီးပြီ။ ထို့ကြောင့် ထိုခေတ်၌ ခင်းသော ကထိန်သင်္ကန်းမှာ ၅ ခဏ်း၊ ၇ ခဏ်း၊ ၉ ခဏ်း၊ ၁၁ ခဏ်းသာ ဖြစ်မည်-ဟူ၍ ဆိုအပ်ပါသည်။ [ဗန်းမော် ဆရာတော်ဘုရား ကြီး စီရင်သည့် ကထိနဝိသောဓနီကျမ်းကို ရွေးချယ်၍ မိမိစီရင်သော ဝိနယ သမူဟ ဝိနိစ္ဆယကျမ်း၌ ထည့်သွင်းသည်ကို ထောက်လျှင် ဆရာတော်ဦးနိဗ္ဗောဓ အရှင်မြတ်သည်လည်း စာရေးသူကဲ့သို့ပင် ယူဆသည်-ဟုဆိုရပေမည်။]

အထက်၌ တင်ပြခဲ့သော 'မူ'ကို သဘာဝ မကျဟု ယူဆသဖြင့် အခဏ်း မည်မျှပင် များများ ခင်းနိုင်သည်ဟု ယူဆ၍ ၁၁ ခဏ်းထက် ပိုလွန်သော သင်္ကန်းဖြင့် ကထိန်ခင်းမည်ဆိုလျှင် မည်သို့မျှ မပြောလိုပါ၊ ဝမ်းမြောက်စွာ ဖြင့် သာဓု ခေါ်ပါမည်။ သို့ရာတွင် "ချုပ်ပြီးဆိုးပြီးသား သင်္ကန်းမရှိ၍ ထိုခေတ်က သင်္ကန်း အခဏ်း အရေအတွက်ကို အကန့်အသတ်ဖြင့် (ဝါ) အများဆုံး ၁၁ ခဏ်းဖြင့် ကထိန်ခင်းရသည်၊ ယခုမူကား ချုပ်ပြီးဆိုးပြီး သား သင်္ကန်းရှိ၍ အခဏ်းမည်မျှပင်များများ ခင်းနိုင်သည်"ဟု ဆင်ခြေပေး က ကထိန် ခင်းမည်ဆိုလျှင်ကား ဘုရားရှင်၏ အာဏာတော်ကို ပယ်ရာမကျ ပါလော-ဟူ၍ မေးလိုပါ၏။

ငါးပိုင်း-ငါးစပ်စသော အခဏ်းတို့ကိုသာ မဟုတ်၊ အိမ်ဝန်းကြီး အိမ် ဝန်းငယ် မြောင်းတလုပ်တို့ကိုလည်း ဓားစသည်ဖြင့်ပိုင်းပိုင်းဖြတ်၍ ချုပ်သော သင်္ကန်းဖြင့်သာ ကထိန်ခင်းအပ်၏ဟု ယူဆသော ပုဂ္ဂိုလ်တို့ အဖို့ကား ၁၁ ခဏ်းထက် ပိုလွန်သော သင်္ကန်းဖြင့် ကထိန် မခင်းအပ်-ဟု ယူအပ်၏။အဘယ် ကြောင့်ဆိုသော် အိမ်ဝန်းကြီး အိမ်ဝန်းငယ် မြောင်းတလုပ်တို့ကိုလည်း

ခေါးစသည်ဖြင့် ပိုင်းပိုင်းဖြတ်၍ ချုပ်မည်ဆိုက ၁၁ ခဏ်းထက် ပိုလွန်သောသက်န်းကို မဆိုထားဘိ၊ ယခုခေတ် ချုပ်သော ၉ ခဏ်းရှိသည့် အငယ်ဆုံး ဒုကုဋ်သက်န်းကိုပင် စက်ဖြင့် ချုပ်စေကာမူ နေ့ချင်းပြီးအောင် ချုပ်ဖို့ ခဲယဉ်းသောကြောင့်တည်း။ [စာရေးသူကသာ ''ခဲယဉ်း''သည်—ဟု လေသံပြော့ပြော့ဖြင့် မတင်မကျ ပြောသည်။ စာရှုသူတို့ကို မေးလျှင် ကိုးဆယ် ရာခိုင်နှုန်းထက်မနည်း ''ဘယ်နည်းနှင့်မှ နေ့ချင်းပြီးအောင် ပြုနိုင်မည်မဟုတ်''ဟု လေသံပြင်းပြင်းဖြင့် ပြတ်ပြတ်သားသား ဖြေဆိုကြမည်သာတည်း။] ထို့ကြောင့် အိမ်ဝန်းကြီး အိမ်ဝန်းငယ် မြောင်းတလုပ်တို့ကိုလည်း ခေါးစသည်ဖြင့် ပိုင်းပိုင်းဖြတ်၍ ချုပ်သော သက်န်းဖြင့်သာ ကထိန် ခင်းအပ်၏ဟု ယူဆပါက ၁၁ ခဏ်းထက် ပိုလွန်သော သက်န်းဖြင့် ကထိန် မခင်းအပ်-ဟု ယူမှသာလျှင် သဘာဝကျသည် မဟုတ်ပါလော။

ဤပြဿနာနှင့် ပတ်သက်၍ ဤစာအုပ်ကို တည်းဖြတ် ပြင်ဆင်ပေးသော ဆရာတော်ဘုရားသည်လည်း စာရေးသူကဲ့သို့ပင် ယူဆလေပြီ။ ။မော်လမြိုင်၊ ရွှေကျောင်ဂိုဏ်း၊ နယ်နာယက ဖြစ်တော်မူသော မုဒုံမြို့၊ သာသနာ လင်္ကာရကျောင်း၊ ဆရာတော် ဘုရားကြီး (ဦးပုညဝံသ)သည်လည်း ဤအတိုင်းပင် ယူ၏။

ဆရာတော် ဘုရားကြီး တပါးက "ပဉ္စကံ ဝါ သတ္တကံ ဝါ နဝကံ ဝါ ဧကာဒသကံဝါ"ဟူသော ပါဠ်၌လာသည့် "ဝါ"သဒ္ဒါကို အဝုတ္တဝိကပ္ပန အနက်ရှိသော "ဝါ"သဒ္ဒါဟု ယူ၍ ၎င်း "ဝါ"သဒ္ဒါကြောင့် ၁၁ ခဏ်းထက် ပိုလွန်သော အခဏ်းများကိုလည်း ယူနိုင်သည်-ဟုဆို၏။ ။အခြား ဆရာတော်ဘုရားကြီး တပါးကမူ ဤပြဿနာ၌ အဝုတ္တဝိကပ္ပန"ဝါ"သဒ္ဒါသည် အကျုံးမဝင်ဟု ဆို၏။ ပဉ္စကံ ဝါ သတ္တကံ ဝါ နဝကံ ဝါ ဧကာဒသကံ ဝါ ဟောတု-ဟူသော ပါဠ်အရ ၁၁ ခဏ်းထက် ပိုလွန်၍ မယူအပ်-ဟု ခိုင်ခိုင်မာမာ ဆို၏။

စာရေးသူမှာ ပါဠိစာပေအလျင်းမတတ်၍ အထက်ပါအဆို(၂)ရပ်ကို မည်သို့မှ မဝေခွဲတတ်အောင်ပင် ဖြစ်နေပါ၏။ သို့သော် အဝုတ္တဝိကပ္ပန 'ဝါ' သဒ္ဒါကြောင့် အခဏ်းများချင်သလောက်များများထားနိုင်သည်-ဟူသောအဆိုကို ဗန်းမော်ဆရာတော်ဘုရားကြီးသည်၎င်း၊ အတိုက်အခံ ဆရာတော်ဘုရားကြီးတို့သည်၎င်း မည်သို့ယူဆကြလေသနည်း-ဟူ၍ စိစစ်ရန် လိုအပ်ပေသည်ဟု စဉ်းစားမိသည်ဖြစ်၍ စိစစ်ပါအံ့။ ။ ဤဆရာတော် ဘုရားကြီးတို့သည် ပါဠိစာပေ၌ တဘက်ကမ်းခပ်အောင် တတ်မြောက်ကြသည်-ဟု အများသိကြ၏။

သို့ဖြစ်၍ ၎င်းတို့သည် ဤပြဿနာ၌ အဝုတ္တဝိကပ္ပန 'ဝါ' သဒ္ဒါသည် အကျုံး ဝင်-မဝင် သိရှိနားလည်ကြမည်သာ။ ထို့ကြောင့် ဤပြဿနာ၌ အဝုတ္တ-ဝိကပ္ပန 'ဝါ' သဒ္ဒါသည် အကယ်၍ အကျုံးဝင်ပါက ဗန်းမော်ဆရာတော် ဘုရားကြီးသည်လည်း "ကောဒသခဏ်းထက်လွန်၍ ကျမ်းဂန်မလာ" ဟူသော အဆိုကို ဆိုမည်မဟုတ်၊ အတိုက်အခံ ဆရာတော်ဘုရားကြီးတို့ကလည်း ဆိတ် ဆိတ်နေကြမည်မဟုတ်၊ ဝိုင်းအုံ၍ ဗန်းမော်ဆရာတော် ဘုရားကြီး၏အဆိုကို တော်လှန် ပယ်ဖျက်ကြမည်ဖြစ်သည်။ ၎င်းတို့အထဲမှ တပါးမျှ အဝုတ္တဝိကပ္ပန 'ဝါ' သဒ္ဒါကို ထုတ်ဆောင်၍ မတော်လှန်ကြပါ။ မသိနားမလည်သောကြောင့် မဖြစ်နိုင်။ သတိလစ်၍ မထုတ်ဆောင်ခြင်း ဖြစ်လေသလော။ ဤသို့လည်း မဖြစ် နိုင်။ အဘယ်ကြောင့်ဆိုသော် တပါးသတိမရလျှင်လည်းတပါးတော့ သတိရ မည်မှာ သေချာသောကြောင့် ဖြစ်သည်။ သို့ဖြစ်၍ ဉာဏ်မှီသလောက် ပြောရမည်ဆိုလျှင် ဗန်းမော် ဆရာတော်ဘုရားကြီးသည်၎င်း၊ အတိုက်အခံ ဆရာတော်ဘုရားကြီးတို့သည်၎င်း ဤပြဿနာ၌ အဝုတ္တဝိကပ္ပန 'ဝါ' သဒ္ဒါ သည် အကျုံးမဝင်ဟု ယူဆကြသည်-ဟုဆိုလျှင် မှားအံ့မထင်။ ။ဆိုဦးအံ့။ ။ အထက်၌ ပြဆိုခဲ့သော **မဟာဝဂ္ဂပါဠိ-ကထိနက္ခန္ဓက** ၌လာသည့် 'န စီဝရ-ဝိစာရဏာမတ္တေန အတ္ထတံ ဟောတိ ကထိနံ' ဟူသော ပါဠ်၌ သက်နိုးအခဏ်း အရေအတွက်ကို အတိအကျမဖော်ပြထား၍ **မဟာဝါ အဋ္ဌကထာဆရာ** သည် စီဝရဝိစာရဏာမတ္တေနာတိ "ပဥ္စကံ ဝါ သတ္တကံ ဝါ နဝကံ ဝါ ဧကာဒသကံ ဝါ ဟောတူ" တိ ဧဝံ ဝိစာရိတမတ္တေန = ၅ ခဏ်းသည်၎င်း၊ ၇ ခဏ်းသည် ၎င်း၊ ၉ ခဏ်းသည်၎င်း၊ ၁၁ ခဏ်းသည်၎င်း ဖြစ်ပါစေ၊ ဤသို့စီရင်ကာမျှ ဖြင့် ကထိန်ကို ခင်းအပ်သည် မဖြစ် (မမည်) ဟု ဖွင့်ဆို၏။ ဤသို့ ဖွင့်ဆိုခြင်း သည် **မဟာဝဂ္ဂပါဠိ-ကထိနက္ခန္ဓက** ၌လာသည့် ထိုပါဠ်၌ အခဏ်းအရေအတွက် ကို မဆိုထားခြင်းကြောင့် မဟာဝါ အဋ္ဌကထာဆရာသည် အခဏ်းအများ ကြီးပြုလုပ်မည်စိုး၍ (ဝါ) ၅ ခဏ်းမှ ၁၁ ခဏ်းအထိကိုသာ ပြုလုပ်စေလို၍ ဖွင့် ဆိုခြင်းဖြစ်သည်။ [အခဏ်းအရေအတွက်ကို မကန့်သတ်ပဲ အခဏ်းမည်မျှပင် များများ များနိုင်သည်ဟုဆိုလျှင် မဟာဝါ အဋ္ဌကထာဆရာသည် ဤသို့ အပို သက်သက် ဖွင့်ဆိုမည်မဟုတ်ပေ။] ထို့ကြောင့် ဤပြဿနာ၌ အဝုတ္တဝိကပ္ပန 'ဝါ' သဒ္ဒါသည် အကျုံးမဝင်-ဟုဆိုလျှင် မှားအံ့မထင်။ [နှစ်သက်ရာ 'မူ' ကို ယူတော်မူကြပါကုန်။]

ဤပြဿနာသည် ရဟန်းတော်များနှင့်သာလျှင် သက်ဆိုင်သည်မဟုတ်၊ ကထိန်အကျိုးခံစားခွင့်ရှိသော အလှူရှင်များနှင့်လည်း သက်ဆိုင်နေသည်ဖြစ်၍

၁၁ ခဏ်းထက် ပိုလွန်ပြီးယူသင့်သည်-မယူသင့်သည်ကို လေးလေးနက်နက် စဉ်းစားဆုံးဖြတ်တော်မူကြပါကုန်။ ။[အကယ်၍ စာရေးသူ ယူဆသကဲ့သို့ မယူဆပါက သည်းခံခွင့်လွှတ်တော် မူကြပါကုန်။]

၁၁ ခဏ်းထက် ပိုလွန်သော သက်န်းဖြင့် ကထိန်ခင်းအပ်-

မခင်းအပ်ဟူသော ပြဿနာ ပြီးပြီ။

---

## ၅၁။ ။ဆွမ်းစားရာကျင့်ဝတ်

ရဟန်း, သာမဏေတို့သည် လူ့ဘဝတုန်းကလို ဒူးနှစ်ဘက် ထောင်ခြင်း၊ ဒူးတဘက်ထောင်ခြင်းမျိုးတို့ကို ပြုလုပ်၍ ဆွမ်း မစားအပ်၊ တင်ပလ္လင်ခွေထိုင်၍ စားရမည်၊ သေခိယသိက္ခာပုဒ်-သက္ကစ္စဝဂ်, ကဗဠဝဂ်, သုရုသုရုဝဂ်တို့တွင်ပါရှိသည့် ဆွမ်းစားပုံစည်းကမ်းအတိုင်း ဆွမ်းကိုစားရမည်။

"အကပ်ခံနည်း" ၌ ပြခဲ့သည့်အတိုင်း ရထရေဏုမှုံသည်အကပ်ခံလောက်သော အာဟာရတွင် ပါဝင်ရကား ဆွမ်းခံတုန်းဖြစ်စေ၊ ဆွမ်းစားတုန်းဖြစ်စေ ထိုမှုံမှုန်မျိုးသပိတ်, စားခွက်တို့အတွင်းကျခဲ့လျှင် ထိုမှုံနှင့်တကွ ဆွမ်းအနည်းငယ်ကို ယူပစ်ရမည်၊ သို့မဟုတ် ထပ်၍ အကပ်ခံရမည်၊ ယူ၍လည်း မပစ်, ထပ်၍လည်း အကပ်မခံပဲလျက် ဆက်လက်၍ ဆွမ်းခံလျှင် ဝိနယဒုက္ကဋ်ခေါ် ဒုက္ကဋ်အာပတ်သင့်၏။ ဆက်၍ ဆွမ်းစားလျှင် ထိုမြူမှုန်ကို စားမိက အကပ်မခံပဲ စားရာရောက်သဖြင့် ဘောဇနဝဂ်ဒန္တပေါနသိက္ခာပုဒ်အရ သုဒ္ဓပါစိတ် အာပတ်သင့်၏။

ထို့ပြင် ဆွမ်းလုပ်ကို ပါးစပ်သို့ သွတ်သွင်းပြီးနောက် ပါးစပ်တွင်းမှ ဆွမ်းလုံးတလုံးဖြစ်စေ၊ အများဖြစ်စေ သပိတ်ထဲသို့ပြန်၍ကျလျှင် ထပ်၍ အကပ်ခံလေ့ရှိကြ၏။ သို့သော် ထိုပြန်ကျလာသော ဆွမ်းလုံးသည် ပါးစပ်ထဲ၌ရှိသော သွားရည် နှုတ်ခမ်းရည်စသည်နှင့် မလူးပဲ ပြန်ကျလျှင် အကပ်မပျက်သေး၊ သွားရည်စသည်နှင့် လူးပြီးမှ ပြန်ကျလျှင်သာ ထိုသွားရည်အတွက် အကပ်ပျက်ရသည်။ ထို့ကြောင့် ပါးစပ်မှ ဆွမ်းလုံးပြန်ကျသည့်အခါ ထပ်၍ အကပ်ခံခြင်းသည် ဆွမ်းလုံးကျသည့်အတွက် သပိတ်တွင်းရှိ ဆွမ်းများ အကပ်ပျက်သည်ဟု ယူဆသောကြောင့် ထပ်၍ အကပ်ခံခြင်းမဟုတ်၊ ပြန်ကျလာသော ဆွမ်းလုံးက သွားရည်စသည်ဖြင့်လူးလာ၍ အကပ်ပျက်သောကြောင့် ထိုပြန်ကျလာသော

ဆွမ်းလုံးကို ထပ်၍အကပ်ခံခြင်းဖြစ်သည်-ဟုမှတ်။ ဆွမ်းလုံးကျသည့် အတွက် သပိတ်တွင်းရှိဆွမ်းများ အကပ်မပျက်—ဟု သိ။]

ထို့ပြင် ဆွမ်းအချိုပွဲ စသည်စားရာ၌ လက်မဆေးပဲ စားလျှင် လက်၌ ရထရေဏုမြူမျှလောက်သော မြူမှုန်များကပ်နေခဲ့သော် ထိုမြူမှုန်များအတွက် လက်ဖြင့်ထိရာ ခဲဖွယ်,ဘောဇဉ်တို့ပါ အကပ်ပျက်တတ်ရကား ဆွမ်းစားခါနီး အချိုပွဲစားခါနီး လက်ဆေးရမည်။ ညာလက်ကိုသာဆေး၍ ဘယ်လက်ကို မဆေးလျှင် ဘယ်ဘက်လက်ဖြင့် စားဖွယ်များကို ကိုင်ရာ၌လည်း ဤနည်း အတိုင်းပင် ဖြစ်သည်။ ထို့ကြောင့် ဘယ်လက်ကို မဆေးလျှင် ထိုလက်ဖြင့် စား ဖွယ်များကို မကိုင်မိစေရအောင် သတိပြုလေ။

ဆိုဖွယ်ရှိသေး၏။ အချို့ကား စားမည်ဟု လက်ဆေးပြီးနောက် ထိုလက်ဖြင့် သက်န်းကိုသိမ်းကြ၏။ ထိုသို့သိမ်းရာဝယ် သက်န်း၌ ရထရေဏုမြူမှုန်ကို ကိုင်မိ လျှင် လက်မဆေးသူနှင့်အတူပင်တည်း။ အချို့ကား အချိုပွဲစားစဉ် အကပ် ခံမထားသော လက်သုတ်ပုဝါကို သုတ်လိုက်-အချိုပွဲကို နှိုက်လိုက်နှင့် စား ကြ၏။ ထိုသို့စားရာ၌ လက်သုတ်ပုဝါ ညစ်ပေတော့မည်မှာ သေချာပြီ၊ လက် သုတ်ပုဝါ၌ ရထရေဏုမြူမှုန်ပါလျှင် စားဖွယ်များလည်း အကပ်ပျက်လိမ့်မည်။ ထို့ကြောင့် အစာစားမည်-ဟု လက်ဆေးပြီးနောက် ထိုလက်ဖြင့် အစာမှတပါး အခြားလက်သုတ်ပုဝါ, သက်န်းစသည်ကို မကိုင်ပဲ စားခြင်းကိစ္စ ပြီးမှသာ လက်ဆေး၍ လက်သုတ်ပုဝါကို သုတ်သင့်ကြပေသည်။ ထိုသို့မဟုတ်ပဲ ၎င်းတို့ကို ကိုင်မိလျှင် လက်ကိုထပ်၍ ဆေးပြီးမှစားရမည်။ ။အကပ်ခံထားသော လက် သုတ်ပုဝါ၌ပါလာသည့် ထိုမြူမှုန်မျိုး ခဲဖွယ်ဘောဇဉ်တို့၌ မတော်တဆ ထို့ကျ သော်လည်း အကပ်မပျက်ရကား လက်သုတ်ပုဝါကိုလည်းဆွမ်းများကဲ့သို့အကပ် ခံထားနှင့်ရာ၏။

အမှာ။ ။မျက်ရည် တံထွေး နှပ် စသည်တို့တွင် အကြင် မျက်ရည် စသော ဝတ္ထုသည် တည်ရာမှ လျှော၍ လက်၌ရင်း သပိတ်၌ရင်း ကျကုန်အံ့၊ ထိုတည်ရာမှကျပြီးသော မျက်ရည်စသောဝတ္ထုကို အကပ်ခံအပ်၏။ [လက်၌ ကျလျှင်ကား လက်ကို စင်ကြယ်အောင်ဆေးပြီးမှ စားရမည်။]။ ။တံထွေး သွားရည်တို့အတွက်ကြောင့် အကပ်ပျက်ရကား စားဖွယ်သောက်ဖွယ် များကို စားသောက်တုန်းအခါ၌ စကားမပြောပဲ စားသောက်ခြင်းသည် စားဖွယ် သောက်ဖွယ်များ၌ တံထွေး သွားရည်များ ကျရောက်စေနိုင်သောအကြောင်း လုံးဝမရှိ၍ အလွန်ကောင်းမြတ်သော အလေ့အထ ဖြစ်သည်-ဟု ဆိုရပေမည်။ အကယ်၍ စကားမပြောလျှင်မဖြစ်၍ ပြောရလျှင် မိမိစားနေသော သပိတ်

ဟင်းခွက် စသည်တို့၌ တံထွေး သွားရည်များ မကျရောက်စေခြင်းငှါ မိမိ ပါးစပ်ကို ထိုခွက်တို့၏အပြင်ဘက်သို့ စောင်းငဲ့၍ ပြောရန် **သတိ ရှိအပ်** ပေသည်။

ခေါးငယ်နှင့် ကြံစသည်တို့ကို အကပ်ခံ၍ ထိုခေါးငယ်ဖြင့် ကြံ စသည်တို့ကို ခွဲကုန်သော် အညစ်အကြေး အညိုရောင်သော်ငြင်း၊ သံချေးသော်ငြင်း ထင်အံ့၊ ထိုအညစ်အကြေး အညိုရောင်, သံချေးတို့သည် အသစ်ဖြစ်သည် မည်ကုန်၏၊ တဖန် ကပ်စေ၍ သုံးဆောင်အပ်၏၊ ခေါးငယ်ကို ဆေး၍ ခွဲအပ်ကုန်သော် အညစ်အကြေး အညိုရောင်သော်ငြင်း၊သံချေးသော်ငြင်း မထင်၊သိံနံ့မျှသည်ဖြစ်၏။ အာပတ်၏ အင်္ဂါ မလောက်။ [ပါစိတ် ဘာသာဋီကာ-ဒန္တပေါနသိက္ခာပုဒ်၌လာသည့် 'နဝသမုဋ္ဌိတံ'ဟူသော ပုဒ်၏ အဓိပ္ပါယ်ကို ရှင်းပြသော စာပိုဒ်ကိုလည်း ရှု။]

**သတိ**။ ။ထိုနေ့စားသော ဆွမ်းခဲဖွယ်၏ အရသာသည် နေလွဲသောအခါ၌ ဝမ်းတွင်းသို့ ဝင်အံ့၊ ပါစိတ်အာပတ်သင့်၏။ ထို့ကြောင့် ဆွမ်းစားပြီးလျှင် ခံတွင်း၌ အာမိသ အငြိ အကပ်မရှိရလေအောင် သွား, ခံတွင်းတို့ကို စင်ကြယ်စွာ ဆေးကြော ပွတ်တိုက်ပါလေ။ [သိမ်မွေ့သော အာမိသဖြစ်အံ့၊ အရသာ မထင်အံ့၊ အာပတ်၏ အင်္ဂါ မလောက်။]

အစားအသောက်နှင့်ပတ်သက်၍ အပြစ်အနာအဆာများလှ၏။ ထို့ကြောင့် ဘေသဇ္ဇ, သန္နိဓိကာရက,ဒန္တပေါနသိက္ခာပုဒ်တို့နှင့် "ကာလိက ၄ပါးအမြွက်, ဆေး-ဟူသော မိုရနိဿယအမြွက်"တို့ကိုလည်း ကျေလည် ပွန်းတီးအောင် လေ့လာတော်မူကြပါကုန်။ ။[၁၃၂၅-ခု၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်တွင် ပဋမအကြိမ် ရေး၍ ပြီးသည်။]

## ၃-အကြိမ်ဖြည့်သွင်းခြင်း

ဤ၌ ဟပ်မိနေ၍ ဆဋ္ဌမူ-စူဠဝဂ်ပါဠိတော် (မြန်မာပြန်) ဝတ္တက္ခန္ဓက၊ ဆွမ်းစားဇရပ်၌ ပြုရမည့်ဝတ်၊ နှာ ၃၇၆၊အပိုဒ်(၂)အောက်ဆုံး စာကြောင်း၌ "ရွာတွင်း၌ သက်န်းကြီးကို ဖိလျက်လည်း မနေထိုင်အပ်" ဟူ၍ လာသော သိက္ခာပုဒ်၏ဆိုလိုရင်း အဓိပ္ပါယ်ကို စာရှုသူတို့ စိစစ်ဝေဖန်နိုင်ရန် အလို့ငှါ အောက်ပါကျမ်းများကို ကိုးကားကာ အတိုချုံး၍ ဉာဏ်မှီသလောက် စာရေးသူ၏ ထင်မြင်ယူဆပုံကို တင်ပြပါအံ့။ ။[ဤသိက္ခာပုဒ်သည် ဆွမ်းစားတိုင်း ဆွမ်းစားတိုင်း၌ ဒုက္ကဋ်အာပတ်ကို သင့်စေနိုင်၍ အလွန်အရေးကြီးသော သိက္ခာပုဒ်ဖြစ်သည်-ဟူ၍ သတိချပ်တော်မူကြပါကုန်။]

"ရွာတွင်း၌ သင်္ကန်းကြီးကို ဖိုလျက်လည်း မနေထိုင်အပ်"ဟူသောသိက္ခာပုဒ်ကို အဘယ်ကြောင့် ဘုရားရှင် ပညတ်တော်မူသနည်း ဟူမူ "ထိုအခါ၌ ဆဗ္ဗဂ္ဂီရဟန်းတို့သည် မကောင်းသဖြင့် ဝတ်ရုံကုန်လျက် အသွင်အပြင်မပြည့်စုံကုန်ပဲ ဆွမ်းစားဇရပ်သို့ သွားကုန်၏၊ ကျောင်းတက်၍လည်း မထေရ်ကြီးရဟန်းတို့၏ရှေ့မှ ရှေ့မှ သွားကုန်၏၊ မထေရ်ကြီးရဟန်းတို့ကို တိုးဝှေ့၍လည်း ထိုင်ကုန်၏၊ ရဟန်းငယ်တို့ကိုလည်း နေရာဖြင့် တားမြစ်ကုန်၏၊ သင်္ကန်းကြီးကိုလည်း ဖိ၍ ရွာတွင်း၌ထိုင်ကုန်၏"ဟူသော အကြောင်းတို့ကြောင့် ပညတ်တော်မူခြင်းဖြစ်သည်။ [ဆင့်မူ-စူဠဝဂ် ပါဠိတော် (မြန်မာပြန်) ဝတ္တက္ခန္ဓက၊ နှာ ၃၇၅၊ ဆွမ်းစားဇရပ်၌ ပြုရမည့်ဝတ်၊ အပိုဒ် ၃၆၃, ၃၆၄။]

နှာ ၃၇၆ အပိုဒ်ငယ်(၃)၌ "ရေပေးလတ်သော် လက်နှစ်ဖက် တို့ဖြင့် သပိတ်ကိုကိုင်၍ (သိမ်းဆည်း၍) ရေကို ခံရမည်၊ နှိမ့်၍ မထိမခိုက်မိစေပဲ သပိတ်ကို ကောင်းစွာ ဆေးရမည်။

အပိုဒ်ငယ်(၄)၌ "လက်ဆေးခံရှိမူ လက်ဆေးခံကို ရေမစိုပါစေလင့်၊ အနီးရှိ ရဟန်းတို့ကို ရေမစိုပါစေကုန်လင့်၊ သင်္ကန်းကြီးကို ရေမစိုပါစေလင့်"။

အပိုဒ်ငယ် (၅)၌ "လက်ဆေးခံ မရှိမူ အနီးရှိ ရဟန်းတို့ကို ရေမစိုပါစေလင့်၊ သင်္ကန်းကြီးကို ရေမစိုပါစေလင့်၊ မြေ၌ နှိမ့်၍ ရေကို သွန်းလောင်းရမည်"ဟူ၍ ဖော်ပြထားသည်။

ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး အရှင်ဇနကာဘိဝံသ စီရင်တော်မူသော "စူဠဝဂ္ဂဘာသာဋီကာ၊နှာ ၄၁၂၊ ဝတ္တက္ခန္ဓက အဋ္ဌကထာ၊ ပဌမအပိုဒ်၊ န သံဃာဋိ ဩတ္ထရိတွာတိ-ကား၊ သံဃာဋိ-ကေသီ, သင်္ကန်းကြီးကို၊ အဝတ္ထရိတွာ၊ လွှမ်းဖို၍။ န နိသီဒိတဗ္ဗံ၊ မထိုင်ရာ"ဟူ၍ရင်း–

(ဒု) စာပိုဒ်၌ "ဥဒကောဟိ ဟတ္ထေဟီတိ-ဟိ အစရှိသော စကားရပ်ကို။ ပတ္တဓောဝနဥဒကံ၊ သပိတ်ဆေးကြောင်းရေကို။ သန္ဓာယ၊ ရည်ရွယ်တော်မူ၍၊ (ဘဂဝတာ)၊ ဝုတ္တံ၊ပြီ။ ပန၊ ဆက်။ ဒက္ခိဏောဒကံ၊ အလှူရေကို။ ပုရတော၊ ရှေ့၌။ အာခရကေ၊ သပိတ်ခြေ၌။ပတ္တံ၊ ကို။ ထပေတွာ၊ထား၍။ ဂဟေတဗ္ဗံ၊ ခံယူရာ၏။" [ဤစကားအရ ဒက္ခိဏောဒက ဟူသည် တစက်တစက် ချအပ်သော အလှူရေစက်မဟုတ်၊ သင်္ကန်း စသည်နှင့်တွဲဘက်၍ လှူအပ်သော ရေတမျိုးဟု မှတ်ပါ။ ။စီဝရက္ခန္ဓက သံဃေ ဘိန္နေ စီဝရုပ္ပါဒကထာ၌လည်း ဤ ဒက္ခိဏောဒက ပါခဲ့ပြီ။] ဟူ၍ရင် "

အောက်ဆုံးအပိုဒ်၌ "န သံဃာဋ္ဌိ ဩတ္ထရိတွာ။ ။အဝတ္ထရိတွာတိ ပါရှိတ သံဃာဋ္ဌိ အဝတ္ထရိတွာ၊ အနုက္ခိပိတွာတိ အတ္ထော၊ (ဝိမတိ၊)ရွာတွင်းဆွမ်းစား ဇရပ်သို့လာသောအခါ ကေသိနှင့် သင်္ကန်းကြီးကိုထပ်၍ ဖြစ်စေ, တထည်စီ ဖြစ်စေ ရုံလာရ၏။ ထိုရုံအပ်သော သင်္ကန်းကို "သံဃာဋ္ဌိ"ဟုဆိုသည်-ဟူ၍ ဂဏ်း ဖွင့်ဆိုထားသည်။[သံဃာဋ္ဌိ ဆိုသည်မှာ ဒုကုဋ္ဌသင်္ကန်းကိုသာလျှင် ဆိုသည် မဟုတ်၊ ကေသိသင်္ကန်းကိုလည်း ဆိုသည်-ဟူ၍သိ။]

အထက်ပါ ကျမ်းများ၏ အဆိုတို့ကို ခြုံ၍ စိစစ်လျှင် ဆွမ်းစားရာ၌ ရေစသည်တို့ မတော်တဆ ဖိတ်လျှင် သံဃာဋ္ဌိ (သင်္ကန်းကြီး)ကိုရေမစို (မညစ်ပေ) ရလေအောင် ကာကွယ်သောအနေဖြင့် သင်္ကန်းကြီးကို ဖိ၍မထိုင်စေပဲအနည်းငယ်မြှောက်၍ (ပင့်၍) ထိုင်လျက် စားစေခြင်းငှါ ဤ သိက္ခာပုဒ်ကို မြတ်စွာဘုရားရှင် ပညတ်တော်မူခြင်းဖြစ်သည်-ဟူသော သဘောမှာ ပေါ်လွင်လေသည်။ ။ဆိုဦးအံ့။ ။ဤသိက္ခာပုဒ်သည် ရွာတွင်း ဆွမ်းစားဇရပ်၌သာလျှင် အကျုံးဝင်သည် မဟုတ်၊ အခြား မည်သည့်နေရာမှာပဲ စားစား ရေစသည်တို့ ဖိတ်တတ် ဖိတ်လေ့ရှိရကား ဆွမ်းစားသောနေရာတိုင်း၌ အကျုံးဝင်သည် ဟူ၍ မှတ်ယူအပ်ပေသည်။ [ဆိုလိုသည်မှာ သင်္ကန်းရုံလျက်ဖြစ်စေ ရမ်းလျက်ဖြစ်စေ ဆွမ်းစားသောအခါ၌ သံဃာဋ္ဌိကို ဖိ၍ မထိုင်ပဲ မြှောက်၍ (ပင့်၍)၊ (ဝါ) ဒုကုဋ္ဌဖြစ်လျှင် ဒုကုဋ္ဌကို ဖိ၍ မထိုင်ပဲ မြှောက်၍ (ပင့်၍)၊ ကေသိဖြစ်လျှင် ကေသိကို ဖိ၍ မထိုင်ပဲ မြှောက်၍ (ပင့်၍) ထိုင်ရမည်-ဟူ၍ ဖြစ်သည်။] ဤကား "ရွာတွင်း၌ သင်္ကန်းကြီးကို ဖိလျက် မနေထိုင်အပ်"ဟူသော သိက္ခာပုဒ်၏ ဆိုလိုရင်း အဓိပ္ပါယ်ကို အတိုချုံး၍ ဉာဏ်မှီသလောက် တင်ပြခြင်းဖြစ်သည်။ [ဤသိက္ခာပုဒ်ကား ဆွမ်းစားရာ၌ လိုက်နာ ကျင့်ကြံအပ်သော သိက္ခာပုဒ် ဖြစ်၍ သေခိယပရိမဏ္ဍလဝဂ်၊ ဒသမ(ဥက္ခိတ္တက) သိက္ခာပုဒ်ဖြင့် စောဒနာခြင်းငှါမထိုက်ဟု ဆိုအပ်ပါသည်။]

ဆွမ်းစားရာ၌ ရေစသည်တို့ မတော်တဆ ဖိတ်လျှင် သင်္ကန်းကြီးကို ရေမစို (မညစ်ပေ)ရလေအောင် ကာကွယ်သောအနေဖြင့် အထက်ပါ သိက္ခာပုဒ်ကို ဘုရားရှင် ပညတ်တော်မူခြင်းဖြစ်သည်-ဟူ၍ ထင်မြင်ပါ၏။ ။[၁၃၃၇-ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက် (10.2-76) အင်္ဂါနေ့ (ဒု)အကြိမ် ဖြည့်သွင်းခြင်းပြီး၏။]

တတိယ အကြိမ် ဖြည့်သွင်းခြင်း

ဆက်ရေးဖို့အကြောင်း ပေါ်လာ၍ ဆက်ရေးပါအံ့။ ။စာရေးသူနှင့် ဤကျမ်းကို တည်းဖြတ်ပြင်ဆင်ပေးသော ဆရာတော် ဘုရား (အရှင်တေဇ)

သည် အထက်၌ ဖေါ်ပြခဲ့သော ထင်မြင်ချက်များမှာ မြတ်စွာ ဘုရားရှင်၏ အလိုတော်နှင့် အညီဖြစ်သည်-ဟု ယူဆသည့်အတိုင်း ထိုနေ့မှ စ၍ ဆရာ, တပည့် နှစ်ပါးလုံး ဆွမ်းစားရာ၌ ရေစသည်တို့ မတော်တဆ ဖိတ်လျှင် သင်္ကန်းကြီးကို ရေမစို (မညစ်ပေ)ရလေအောင် ကာကွယ်သော အနေဖြင့် ဖိမထိုင်ပဲ မြှောက်၍ (ပင့်၍)ထိုင်လျက် စားလေသည်။ အများ၏ အကျိုးကို ရည်၍ စာရေးသူနှင့် တိုင်ပင်ပြီး ဗုဒ္ဓ ဓမ္မလောက စာစောင် အတွဲ(၂၂)အမှတ်(၁၈)၌ ထိုသို့ ထင်မြင် ယူဆသည့် အကြောင်းအရာများကို ရေးသား ထည့်သွင်းလေသည်။

၎င်းနောက် စာရေးသူတို့နှင့် သမဂ္ဂဖြစ်သူ အရှင် သီလဝန္တသည် ဤကိစ္စနှင့် ပတ်သက်၍ အများသိကြသော ဆရာတော်ဘုရား (ကလောင်အမည်) 'ရွှေထီး ဣန္ဒရ'အား မေးလျှောက်၍ ထိုဆရာတော်ဘုရား ပြန်စာချီးမြှင့်တော်မူသည်။ အရှင်သီလဝန္တကတဖန် စာရေးသူတို့ထံသို့ ထိုမူရင်း ပြန်စာကို ပို့ခဲ့၏။ [ဆွမ်းစားရာ၌ သင်္ကန်းကြီးကို ဖိမထိုင်ပဲ မြှောက်၍ (ပင့်၍)ထိုင်လျက် ဆရာ, တပည့်နှစ်ပါးစတင် စားသော နေ့မှစ၍ ထိုမူရင်း ပြန်စာကို အရှင် သီလဝန္တထံမှ ရရှိသော နေ့အထိ ဆိုလျှင် တနှစ် ကျော်ကျော် ရှိပြီ]။ စာရေးသူတို့ (ဆရာ, တပည့်နှစ်ပါး) ထိုပြန်စာကို ဖတ်ပြီး အသေးစိတ် တိုင်ပင် ဆွေးနွေးရာ အထက်၌ဖေါ်ပြခဲ့သော ယူဆချက်များမှာ မြတ်စွာဘုရားရှင်၏ အလိုတော်ကျ မဟုတ်-ဟု ထင်မြင်လာပါသည်။ စာရှုသူတို့လည်း စိစစ်ဝေဖန်၍ မြတ်စွာဘုရားရှင်၏ အလိုတော်ကျ ဆောက်တည် ကျင့်သုံးနိုင်ရန် အလို့ငှါ ထိုမူရင်း ပြန်စာ၏ မိတ္တူနှင့်တကွ စာရေးသူတို့(ဆရာ,တပည့်နှစ်ပါး)၏ ထင်မြင် ယူဆချက်များကို တင်ပြပါအံ့။

ရွှေထီးဣန္ဒရ၏ စာ မိတ္တူ

သို့

အသျှင်သီလဝန္တ

စိတ္တသုခတောရ၊ ကျောက်တလုံးကျေးရွာ

မုဒုံမြို့နယ်၊

၁၃၃၀-၁၀-၁၅ နေ့စွဲပါသော အသျှင်မြတ်ထံမှ ပေးစာကို တပို့တွဲ လဆန်း-၁၂-ရက်နေ့က တပည့်တော် လက်ခံရရှိပါသည်။ ထိုရက်အတွင်းက အမှုကိစ္စကလေးများ ရှိနေသောကြောင့် ချက်ချင်း စာမဒရေးအား၍ ယခုမှ စာပြန်ရပါသည်။

န သဃာင်္ဂိ ဩတ္တရိတ္ဗာ အန္တရဃရေ နိသီဒိတဗ္ဗံ ဟူသော ပညတ်ချက်သည် တိမ်သလိုလိုနှင့် အလွန်နက်ရှိုင်းလှပါသည်။

စူဠဝဂ်ပါဠိတွင် ဆဗ္ဗဂ္ဂီတို့သည် ရွာတွင်း၌ သင်္ကန်းကြီးကို ဖိထိုင်ကြသည်ဟု မတင့်တယ်သော အသွင်ဖြင့် ပြဆိုထားပါသည်၊ ဆဗ္ဗဂ္ဂီများ သင်္ကန်းကြီးကို ဖိထိုင်သည်ဟု ဆိုသော''သံဃာဋိမ္ပိ ဩတ္တရိတ္ဗာ အန္တရဃရေ နိသီဒန္တိ'' ဟူသော ပါဠိကို စံကျောင်း ဆရာတော်က ''သံဃာဋိမ္ပိ၊ ဒုကုဋ္ဌ်ကိုလည်း။ ဩတ္တရိတွာ၊ ဖိ၍။ အန္တရဃရေ၊ ရွာတွင်း၌။ နိသီဒန္တိ၊ထိုင်ကုန်၏'' ဟု အနက်ဖေါ်ပါသည်။ ဒုကုဋ္ဌ်ကို ဖိ၍ ထိုင်ခြင်းသည် မတင့် တယ်သောကြောင့် (န သံဃာဋိံ ဩတ္တရိတွာ အန္တရ ဃရေ နိသီဒိတဗ္ဗံ)ဟု ရွာတွင်း၌ ဒုကုဋ္ဌ်ကို ဖိ၍ မထိုင်အပ် ဟူသော ပညတ်ချက် ပေါ်လာပါသည်။

ဤနေရာ၌ စဉ်းစားတွေးတော ဘွယ်ရာ အတော်များများ ရှိနေပါသည်။

(၁) ဒုကုဋ္ဌ်ကို ဖိထိုင်ရုံမျှဖြင့် အဘယ့်ကြောင့် ပညတ်ချက် ဖြစ်လာသနည်း။

(၂) ဒုကုဋ္ဌ်ဟူသည် အဘယ်နည်း။

(၃) ဩတ္တရိတွာ ဟူသည် အဘယ်နည်း။

ဤသို့စသော အားဖြင့် မေးမြန်းစုံစမ်းဆင်ခြင်ဘွယ်ရာများ ရှိနေပါသည်။ ဤတွင် အမှတ်(၁) ပြဿနာအရ ဒုကုဋ္ဌ်ကို ရုံလျက် ဖိထိုင်ခြင်းဖြင့် တင့်တယ်မှု ပျက်စီးဘွယ် မထင်သောကြောင့် ဆရာတော် အရှင်မြတ်တို့က ထိုသိက္ခာပုဒ်၏ အခြားမဲ့၌ ပညတ်တော်မူသော''ဥဒကေ ဒ္ဒိယျမာနေ''စသော သိက္ခာပုဒ်ကို ငဲ့တော်မူကုန်၍ သင်္ကန်းရေစိုမည်စိုးသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူသည်ဟုမိန့်ဆိုတော်မူကြပါသည်။ သို့သော် ပညတ်ချက်တွင် 'ဥဒကေ ဝိဇ္ဇမာနေ၊ ရေရှိသော်'စသော စကားမပါသောကြောင့်ငှင်း ဥဒကေ ဒိယျ မာနေ စသော နောက်သိက္ခာပုဒ်နှင့် ဤသိက္ခာပုဒ် ဆက်စပ်မှု မရှိသောကြောင့်ငှင်း ဤအကြောင်းပြချက်သည် လေးနက်မှု မရှိလှပါ။ လောက အမြင်အားဖြင့် သင်္ကန်းရုံ၍ ရိုးရိုး သင်္ကန်းကို ဖိထိုင်ခြင်းနှင့် သင်္ကန်းကို ပင့်ထိုင်ခြင်း ၂ မျိုးတို့တွင် သင်္ကန်းကို ပင့်ထိုင်ခြင်းက ဟန်အမူအရာ ပျက်၍ တင့်တယ်မှု မရှိပါ။ ထို့ကြောင့် ရွာတွင်း၌ သင်္ကန်းကို ပင့်မထိုင်ရဟု ''န ဥက္ခိတ္တကာယ အန္တရဃရေ နိသီဒိဿာမိ''ဟု သေခိယ၌ ပညတ်ချက် ဖြစ်ပေါ်လာပါသည်။ အကယ်၍ ထိုင်မည့် နေရာ၌ ရေရှိလျှင် သင်္ကန်းကြီးကိုသာမက သင်းပိုင်ကိုပါ ပင့်၍ ထိုင်ရမည့် ကိန်းသို့လည်း ဆိုက်နေပါသည်။ ထို့ကြောင့် ဤသိက္ခာပုဒ်

သည် သက်န်းရေစိုမည်စိုး၍ ပင့်ထိုင်ရန် ပညတ်သော သိက္ခာပုဒ် ဟုတ်ဟန် မတူပါ၊ ပါဠိတော်၌လည်း အကြောင်းရင်းကို ဖော်ပြထားခြင်း မရှိပါ။ အကြောင်းရင်းဖော်ပြ မထားသော ကြောင့်လည်း လွယ်မယောင်နှင့် ခက်နေခြင်းဖြစ်ပါသည်။

ဤသိက္ခာပုဒ်သည်ရဟန်းအချင်းချင်းအမြင်မတော်၍ဘုရားသျှင်ထံလျှောက်ထားသောကြောင့် ပညတ်သော သိက္ခာပုဒ် ဖြစ်ပါသည်။ ရဟန်းအချင်းချင်း အမြင်မတော်သည်ကို ထောက်သောအားဖြင့် သက်န်း အပေါ် ဖိ၍ထိုင်ပုံသည် အမြင်မတင့်တယ်သောဆိုင်ပုံ သဘောသို့ သက်ဝင်ပါသည်။ထို့ကြောင့် ဒုတိယ ပြဿနာကို ဆက်လက် လေ့လာရန်လိုပါသည်။ ဒုတိယ ပြဿနာကား (ဒုကုဋ္ဋ ဟူသည့် အဘယ်နည်း) ဖြစ်ပါသည်။ သဃာဋိ ဟူသောပုဒ်ကို ဒုကုဋ္ဋဟု ဘာသာ ပြန်ကြသည်။ ဒုကုဋ္ဋ ဟူသောစကားသည် (ဒိဂုဏ) ဟူသော ပုဒ်က ရွေ့လျောလာဟန်တူပါသည်။ ဒိဂုဏကား ၂ ထပ်သက်န်းကို ဟောပါသည်။ ယခုလည်း ဒုကုဋ္ဋ သက်န်းဆိုလျှင် ၂ ထပ်သက်န်းကြီးကို ပင် ညွှန်ပြကြပါသည်။ သို့ရာတွင် သံဃာဋိ ဟူသောပုဒ်သည် သဒ္ဒါအနေအထားအားဖြင့်(သံရှေးရှိသော ဃဋ ဓာတ် ဏိပစ္စည်း) ဖြစ်ပါသည်။

သံ ဟူသော ဥပသာရပုဒ်ကား (သံ သမောဓာန သခေ်ပ သမန္တတ္ထ သမိဒ္ဓိသု)စသော အားဖြင့် အဗျယဝဂ်၌ ဆိုသောကြောင့် (၁) ပေါင်းခြင်း (၂) အကျဉ်းချုံးခြင်း (၃) ထက်ဝန်းကျင်(၄) ပြည့်စုံခြင်း (၅)ကောင်းစွာ (၆)လွန်ကဲခြင်း(၇) အတူတကွ(၈) အနည်းငယ်(၉) ရှေးရှုခြင်း (၁၀) ဆက်ဆံပေါင်းသင်းခြင်း(၁၁) ပိတ်ဆို့ခြင်း(၁၂) အမှန်အစဖြစ်ခြင်း (၁၃) ပူဇော်ခြင်း(၁၄) အဖန်ဖန်ပြုခြင်း စသော အနက်များကို ဟောရာ....ဤနေရာအတွက် ပေါင်းခြင်း ဟူသော သမောဓာန အနက်နှင့် ကောင်းစွာ ဟူသော သမ္မာ အနက်များနှင့် ဆီလျော်ပါသည်။

ဃဋ ဓာတ်ကား သံဃာဋေပေါင်းခြင်းဟူသော အနက်ကို ဟောပါသည်။ သံဃာဋိ ဟူသော ပုဒ်၏ အဓိပ္ပါယ်မှာ ဗုဒ္ဓ ပညတ်တော်အရ ကောင်းစွာ ပေါင်းစု ဆက်စပ်ထားသော သက်န်းဟု ဆိုလိုပါသည်။

သမ္မာ ဃဋိယတေတိ သံဃာဋိဟု ဝိဂ္ဂဟ်ဆို၍ ဝိနည်း ပညတ်ချက်နှင့်အညီ အဝတ်စများကို လယ်ကွက်သဏ္ဌာန် ကောင်းစွာ ပေါင်းစုထားအပ်သော သင်းပိုင်ကေစီနှင့် ၂ ထပ် သက်န်းကြီးတို့ကို သဃာဋိဟု ဆိုလိုရိပ်ထင်ပါသည်။ ထိုသို့ပင် ဆိုလိုရိပ်ထင်သော်လည်း ဤသိက္ခာပုဒ်၌ပြထားသော သဃာဋိသဒ္ဒါ

ကိုကား "သဃာဒိသေသ် ပါရာဇိကသဃာဒိသေ" ဟု စူဠဝဂ္ဂါ ယောဇနာ (၉၀)၌ ဖွင့်ဆိုသောကြောင့် သင်းပိုင်ကို အရ မကောက်နိုင်ပဲ ရှိသော ကေစိသက်န်းနှင့် ၂ ထပ် ဒုကုဋ်သင်္ကန်းကြီးတို့ကိုသာ အရကောက်ယူနိုင်ပါသည်။

ဤသိက္ခာပုဒ်အတွက် အရေးကြီးသော ပြဿနာမှာ အမှတ် ၃ ပြဿနာ ဖြစ်ပါသည်။ အမှတ် ၃ ပြဿနာဖြစ်သော သြတ္တရိတ္တာ ဟူသောပုဒ်ကို ဆရာ တော်အရှင်မြတ်တို့က "အန္တရဃရေ-ရွာတွင်း၌၊ သဃာဋိ-ဒုကုဋ်ကို၊ သြတ္တရိ တွာ-ဖိ၍၊ န နိသီဒိတဗ္ဗံ-မထိုင်အပ်" ဟု အနက် ပြန်ဆိုကြပါသည်။ ထိုသို့ အနက်ပြန်ခြင်းကို အခြေခံ၍ ယခု ဆွေးနွေးနေရခြင်းဖြစ်ပါသည်။ ရှေး ဆရာတော်များ အနက်ပေးပုံ-အဓိပ္ပါယ်ယူဆပုံများကို ခေတ္တပယ်ထား၍ သြတ္ထ ရိတ္တာဟူသောပုဒ်၏ သဒ္ဒရုပ်ကို ရှေးဦးစွာ ရှင်းလင်းရပါသော်.... သြတ္ထရိတ္တာ ဟူသောပုဒ်သည် သဒ္ဒါအနေအထားအားဖြင့် "အဝရှေးရှိသော ထရ ဓာတ် တွာ" ပစ္စည်း ဖြစ်ပါသည်။ အဝ ဟူသော ဥပသာရပုဒ်သည်-

> ဝိယောဂေ ဇာနနေ စာဓော၊ ဘာဂနိစ္ဆယ သုဒ္ဓိသု၊
> ဤသဒတ္တေ ပရိဘဝေ၊ ဒေသဗျာပန ဟာနိသု၊
> ဝစော ကြိယာယ ထေယျေစ၊ ဉာဏပတ္တာဒ္ဒိကေ-အဝ။ ။ဟု

အဗျယဝဂ်၌ ဆိုသည့်အတိုင်း-

(၁) မယှဉ်ခြင်း ကွေကွင်းခြင်းဟူသော ဝိယောဂ အနက်

(၂) သိခြင်းဟူသော ဇာနန အနက်

(၃) အောက်အဘို့ဟူသော အဓောဘာဂအနက်

(၄) ဆုံးဖြတ်ခြင်းဟူသော နိစ္ဆယအနက်

(၅) စင်ကြယ်ခြင်းဟူသော သုစိ အနက်

(၆) အနည်းငယ်ဟူသော ဤသဒ အနက်

(၇) ကဲ့ရဲ့ခြင်း မထီမဲ့မြင်ပြုခြင်း ဟူသော ပရိဘဝ အနက်

(၈) အရပ်ပြန့်နှံ့ခြင်းဟူသော ဒေသဗျာပန အနက်

(၉) ဆုတ်ယုတ်ခြင်းဟူသော ဟာနိ အနက်

(၁၀) နှုတ်အမူအရာ ဟူသော ဝစောကြိယာ အနက်

(၁၁) ခိုးခြင်းဟူသော ထေယျ အနက်

(၁၂) ဉာဏ်ဖြင့်ရောက်ခြင်းဟူသော ဉာဏပတ္တိအနက် စသော အနက် များ စွာကို ဟောနိုင်ပါသည်။ ထိုအနက် များစွာအနက် သြတ္ထရိတွာ၌ ပါဝင်သော

(အ၀)သဒ္ဒါကား အမှတ်(၃)ဖြင့် ပြအပ်သော အဓောဘာဂ အောက်အဘို့ ဟူသော အနက်ကို ဟောပါသည်။

"ထရခေတ်"ကား ကစ္စာယန ဓာတု မဉ္ဇူသာ ဂါထာနံပါတ် ၅ဂ၌ ထရ သန္ထရဏေ-ဟု ဓာတ်နက် လှစ်သောကြောင့် ဖြန့်ခင်းခြင်းဟူသော အနက်ကို ဟောပါသည်။(ဩ အ၀ဿ)ဟူသောသုတ်ဖြင့် အ၀ကို ဩ ပြု၊တွာ ပစ္စည်းသက် ဣ လာ၍ ရုပ်ပြီးလတ်သော် ဩတ္ထရိတွာ ဟူသော ပုဒ်သည် (အောက်အဖို့၌ ခင်း၍) ဟူသော အနက် ထွက်လာပါသည်။ ဤအနက်အတိုင်း မှန်ကန်ပါမူ သင်္ဃာဋိကို ဖိထိုင်သည်မဟုတ်ပဲ ရှိထားရာမှခွါကာ အောက်က ခင်းထိုင်သည်ဟု အဓိပ္ပါယ်သက်ရောက်ပါသည်၊

ရှိထားသော သက်န်းကို ခွါကာ အောက်ကဖိုထိုင်ခဲ့သော် အမြင်အားဖြင့် မတင့်တယ်သောကြောင့် ကြည်ညိုပြီးပုဂ္ဂိုလ်များ အကြည်ညိုပျက်၍ မကြည်ညို သော ပုဂ္ဂိုလ်များ ကဲ့ရဲ့ဘွယ်ဖြစ်သောကြောင့် သိက္ခာပုဒ်တင်ရန် အခွင့်အလမ်း ပေါ်လာပါသည်။ ဤစကားရပ်ကို အထောက်အခံ ပြုသောအားဖြင့် ဝိနယာ လင်္ကာရဋီကာ ၁၉၄၀ ပြည်ကြီးမဏ္ဍိုင်ရိုက်၊ စာမျက်နှာ ၃၂၃၊ စာကြောင်းရေ ၁၁-၌ "န သင်္ဃာဋိံ ဩတ္ထရိတွာတိ န သင်္ဃာဋိံ အတ္ထရိတွာ နိသီဒိတဗ္ဗာ- ဟု ဖွင့်ပြထားပါသည်။ အနက် ဖေါ်ပါသော်.... န သင်္ဃာဋိံ ဩတ္ထရိတွာတိ၊ န သင်္ဃာဋိံ ဩတ္ထရိတွာဟူသည်ကား။ သင်္ဃာဋိံ၊ ရှိသောသက်န်းကို။ အတ္ထ ရိတွာ၊ ဖြန့်ခင်း၍။ န နိသီဒိတဗ္ဗာ၊ မထိုင်အပ်-ဟု အနက်ဖော်ပါမည်....အရှင် မြတ်ဘုရား။

အသျှင်မြတ်ဘုရား၏ အမေးသည် လွှယ်မယောင်နှင့်ခက်၍ တိမ်မယောင်နှင့် နက်ပါသည်၊ သို့ပါ၍ အသျှင်မြတ်၏ ယူဆချက်, ဗုဒ္ဓဓမ္မ လောက စာစောင် ၂၂/၁ဂ တို့၌ဖေါ်ပြသော မုဒုံ ဦးတေဇ၏ ယူဆချက်, ဆရာတော်ကြီး ဦးဩ ဘာသတို့၏ ယူဆချက်များကို မှားယွင်းသည်ဟု တပည့်တော် မဆိုရဲပါ။

တပည့်တော်၏ ယခု တင်ပြချက်ကိုလည်း ဧကန် အမှန်ဟု မဆိုလိုပါ။ အတ္တနောမတိဟူ၍သာ လျှောက်ဆိုဝံ့ပါသည်။

အထူးမှာ....ဤသိက္ခာပုဒ်သည်(အန္တရဃရေ)ဟု ထင်ထင်ရှားရှား ပါသော ကြောင့် ရွာတွင်း ဆွမ်းစားစရပ်အတွက် ပညတ်ချက်ဖြစ်ပါသည်။

"ဘတ္တဂ္ဂံ ပရိဝိသနဋ္ဌာနံ"ဟု စူဠဝါဃောဇနာ၌ ပြသောကြောင့် ဒါယကာ များ ဆွမ်းလုပ်ကျွေးရာ ဌာနသည် ဘတ္တဂ္ဂဖြစ်ပါသည်။

ဒါယကာများ ဆွမ်းလုပ်ကျွေးရာဌာန ဆိုသည်ကိုလည်း စူဠဝါယောဇနာ (၉၀)၌ "မနုဿာနံ ပရိဝိသနဋ္ဌာနံ နာမ ယတ္ထ မနုဿာ သပုတ္တဒါရာ အာဝသိတွာ ဘိက္ခူ ဘောဇေန္တိ" ဟု ဖွင့်ပြထားသောကြောင့် ဤသိက္ခာပုဒ်သည် ကျောင်း တိုက်တာ အာရာမ်အတွင်း ရိုးရိုးဆွမ်းစားရာ၌ မပါဝင်ဟု ယူဆပါသည် ဘုရား။

ကျန်းမာချမ်းသာ၍ သာသနာတော်အကျိုး သည်ပိုး ဆောင်ရွက်တော်မူနိုင်ပါစေသောဝ်။

ဦးဒေဝိန္ဒ (ရွှေထီးဣန္ဒရာ)
တည်တောကျောင်း
တဆင့်/ဦးအာလောက
ရွှေစည်းခုံကျောင်းတိုက်၊ ထီးချိုင့်မြို့၊ စစ်ကိုင်းတိုင်း၊
၁၃၃၈ ခုနှစ်။ တပို့တွဲလဆုတ် ၆ ရက်နေ့။

---

စာရေးသူတို့ (ဆရာ,တပည့် နှစ်ပါး)၏ ထင်မြင်ယူဆချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

ရွာတွင်း၌ သက်န်းကြီးကို ဖိလျက်လည်း မနေ့ထိုင်အပ်- ဟူသော ဤသိက္ခာပုဒ်သည် အထက်၌ ဖော်ပြထားသော သိက္ခာပုဒ် သုံးခုတို့နှင့် ဆက်စပ်မှု ရှိ-မရှိစိစစ်ဖို့လိုသည်ဖြစ်၍ ထိုသိက္ခာပုဒ်တို့ကို လွယ်ကူစွာဖြင့် ရှုနိုင်ရန်အလို့ငှါ အောက်၌ ထပ်မံ၍ ဖော်ပြကာ စိစစ်ပါအံ့။

နှာ ၃၈၆၊ အပိုဒ်ငယ်(၃)၌ "ရေ ပေးလတ်သော် လက် နှစ်ဖက် တို့ဖြင့် သပိတ်ကိုကိုင်၍(သိမ်းဆည်း၍)ရေကို ခံရမည်။ နှိမ့်၍မထိမခိုက်မိစေပဲ သပိတ်ကို ကောင်းစွာ ဆေးရမည်။

အပိုဒ်ငယ်(၄)၌ "လက်ဆေးခံရှိမူ လက်ဆေးခံကို ရေမစိုပါစေလင့်၊ အနီးရှိ ရဟန်းတို့ကို ရေမစိုပါစေကုန်လင့်၊ သက်န်းကြီးကို ရေမစိုပါစေလင့်။ "

အပိုဒ်ငယ် (၅) ၌"လက်ဆေးခံမရှိမူ အနီးရှိ ရဟန်းတို့ကို ရေမစိုပါစေလင့်၊ သက်န်းကြီးကို ရေမစိုပါစေလင့်၊ မြေ၌နှိမ့်၍ ရေကို သွန်းလောင်းရမည်"ဟူ၍ ဖော်ပြထားသည်။

ဆရာတော်ဘုရား ( ရွှေထီးဣန္ဒရာ ) ၏ ပြန်စာ၌လာသည့် " ဥဒကေ ဝိဇ္ဇမာနေ၊ ရေရှိသော်။ စသော စကား ဤသိက္ခာပုဒ်၌ မပါသောကြောင့်

ငှင်း၊ ဥဒကေ ဒိယျမာနေ စသော နောက်သိက္ခာပုဒ်နှင့် ဆက်စပ်မှုမရှိသော ကြောင့်ငှင်း” ဟူသော အဆိုတို့ကို ထောက်သောအားဖြင့်ငှင်း၊ စူဠဝဂ်ပါဠိ တော် (မြန်မာပြန်) ၌လည်း ဤသိက္ခာပုဒ်ကို သီးခြားအပိုဒ်ဖြင့် ဖေါ်ပြ ထားသည်ကို ထောက်သောအားဖြင့်ငှင်း၊ အောက်၌ပြလတ္တံ့သော ဝိနယာ လင်္ကာရဋီကာ၏ ဖွင့်ဆိုချက်ကို ထောက်သောအားဖြင့်ငှင်း ဤသိက္ခာပုဒ်သည် ထိုသိက္ခာပုဒ်သုံးခုတို့နှင့်ဆက်စပ်မှုမရှိ၊ သီးခြားသိက္ခာပုဒ်ဖြစ်သည်-ဟူ၍ မှတ်ယူ အပ်၏။ [ပါဠိတော်၌လည်း ဤသိက္ခာပုဒ်ကို သီးခြားအပိုဒ်ဖြင့်ဖော်ပြထားသည်- ဟု ဆရာတော်ဘုရား (အရှင်တေဇ) ထံမှသိရ၏]။ သို့ဖြစ်၍ဆွမ်းစားရာ၌သင်္ကန်း ရေစိုမည်စိုး၍ ကာကွယ်သောအနေဖြင့် သင်္ကန်းကြီးကို ဖိမထိုင်စေပဲ မြှောက်၍ (ပင့်၍) ထိုင်လျက် စားစေခြင်းငှါ ဤသိက္ခာပုဒ်ကို မြတ်စွာဘုရားရှင် ပညတ် တော်မူသည်-ဟု မယူသင့်ပေ။ သို့ဖြစ်လျှင် အဘယ်သို့ ယူအပ်သနည်းဟူမူ ဆရာတော်ဘုရား (ရွှေထီးဂူ့နွှာ) ညွှန်းသည့်အတိုင်း ဝိနယာလင်္ကာရဋီကာ ၁၉၄၀-ပြည်ကြီးမဏ္ဍိုင်ရိုက်၊ စာမျက်နှာ ၃၂၃၊ စာကြောင်းရေ ၁၁ ၌ “န သင်္ဃာဋိ ပြတ္ထရိတွာတိ၊ န သင်္ဃာဋိံ အတ္ထရိတွာ နိသီဒိတဗ္ဗာ ဟုဖွင့် ဆိုထားသည့် (အနက်) န သင်္ဃာဋိံ ပြတ္ထရိတွာတိ နသင်္ဃာဋိံ ပြတ္ထရိတွာဟူ သည်ကား။ သင်္ဃာဋိံ၊ ရှိသောသင်္ကန်းကို။ အတ္ထရိတွာ၊ ဖြန့်ခင်း၍။ န နိသီဒိတဗ္ဗာ၊ မထိုင်အပ်” ဟူသော ဖွင့်ဆိုချက်ကို ထောက်သောအားဖြင့် ထိုစဥ်ကဆဗ္ဗဂ္ဂီရဟန်း တို့သည် သင်္ကန်းကြီးကို ရုံထားရာမှခွါ၍ ဖြန့်ခင်းပြီး ဖိထိုင်လျက် ဆွမ်းစား ကြသည်-ဟု ယူလျှင် မှားအံ့မထင်။ ဤသို့ပြုခြင်းသည် အမြင်အားဖြင့် မတင့် တယ်၍ မကြည်ညို ရသေးသော သူတို့အား ကြည်ညို စေခြင်းငှါ ငှင်း၊ ကြည်ညိုပြီးသော သူတို့အား တိုး၍ ကြည်ညိုစေခြင်း ငှါငှင်း။ မဖြစ်စေ နိုင်၊ (တနည်း) မကြည်ညိုရသေးသောသူတို့အား မကြည်ညိုစေခြင်းငှါငှင်း၊ ကြည်ညိုပြီးသောသူတို့အား အကြည်ညိုပျက်စေခြင်းငှါငှင်း ပြုသည်မည်၍ “ရွာ တွင်း၌ သင်္ကန်းကြီးကို ဖိလျက်လည်း မနေထိုင်အပ်” ဟူသော ဤသိက္ခာပုဒ်ကို မြတ်စွာဘုရားရှင် ပညတ်တော်မူသည်-ဟု ယူအပ်ပေသည်။ [ဤသို့ထင်မြင် ယူဆသည့်နေ့မှစ၍ စာရေးသူတို့ (ဆရာ့တပည့်နှစ်ပါးလုံး) ဆွမ်းစားရာ၌ သင်္ကန်းကြီးကို ဖိမထိုင်ပဲ မြှောက်၍ (ပင့်၍) ထိုင်လျက်စားသော အကျင့်ကို စွန့်လွှတ်၍ ရှေးနဂိုရိစားနေကျအတိုင်း (ဝါ) အများသူငါစားသကဲ့သို့ သင်္ကန်း ကြီးကို ဖိထိုင်လျက်စားနေပြီ]။ ဤသို့စားခြင်းသည် သင်္ကန်းကြီးကို ဖိမထိုင်ပဲ မြှောက်၍ (ပင့်၍) ထိုင်လျက်စားခြင်းထက် ပို၍ သိပ်သည်းသည်၊ တင့်လည်း တင့်တယ်သည်၊ ဣန္ဒြေလည်းရသည်-ဟု အားလုံးဆိုကြမည်ဖြစ်သည်။ သို့ပါ လျက် အဘယ်ကြောင့် တနှစ်ကျော်ကျော်တိုင်အောင် ထိုသို့စားလေသနည်း

ဟူမူ ထိုသို့စ၍ စားစဉ်ကပင် ဆရာ, တပည့်နှစ်ပါးလုံး ထိုအတိုင်းပင် ဆို၏။ သို့သော် ထိုစဉ်က ဤသိက္ခာပုဒ်၏ ဆိုလိုရင်းအဓိပ္ပါယ်ကို မှားပြီး အဓိပ္ပါယ်ကောက်မိသောကြောင့် ထိုသို့စားခြင်းဖြစ်သည်။ ယခု မှားမှန်းသိ၍ ပြင်လိုက်ပြီ၊ အမှားဟူသမျှကို မှားမှန်းသိလျှင်သိချင်း အကြိမ်မည်မျှပင် ပြင်ရစေကာမူ မရှက်မကြောက်ပဲပြောင်ပြောင်ကြီးပြင်မည်-ဆိုသော ဝါဒကို ဆရာ,တပည့်နှစ်ပါးလုံးလက်ကိုင်ထားသည်ဖြစ်၍ ဤအမှားကို မဆိုင်းမတွပဲ ပြင်ခြင်းဖြစ်သည်။ ဤအမှားကိုပြင်နိုင်သော ကျေးဇူးမှာ ဆရာတော်ဘုရား(ရွှေထီးဠုန္ဒရာ)၏ အလွန်ကြီးမားသော ကျေးဇူးဖြစ်၍ ၎င်းအား လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ကာ သာဓုခေါ်လျက် ရိုသေလေးမြတ်စွာဖြင့် ရှိခိုး ကန်တော့ပါ၏။ [သာဓု, သာဓု, သာဓု]။ ဤဆရာတော်ဘုရားသည် စာရေးသူကို တောထွက်ကြီးမှန်း မသိ၍ တကယ့်မထေရ်ကြီးဟု ထင်မှတ်ကာ စာရေးသူကို ၎င်း၏ပြန်စာ၌ ''ဆရာတော်ကြီး ဦးဩဘာသ''ဟု ခေါ်ဆို ရေးသားရှာသည်။ [ဆရာတော်ဘုရား, ဘုရားတပည့်တော်သည် ပါဠိစာပေ အလျင်းမဘတ်သော တောထွက်ကြီးဖြစ်ပါသည်ဘုရား]။ ။ထိုပြန်စာပို့ခဲ့သော ကျေးဇူးကို အမှတ်ရလျက်ရှိနေ၍ အသျှင်သီလဝန္တအားလည်း လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ကာ သာဓုခေါ်လျက်ရှိနေပါ၏။ [သာဓု, သာဓု,သာဓု]။

ဆွမ်းစားရာ ကျင့်ဝတ်ပြီးပြီ။

၁၃၃၈-ခုနှစ်၊ တပေါင်းလဆုတ် ၅ ရက်၊
အင်္ဂါနေ့ (၈-၃-၇၇)။

---

## ၅၂။ ။ကျောင်းကြီးအိမ်(ဝစ္စကုဋိ)တက်စဉ် ကျင့်ဝတ်

မိမိသည် ကျောင်းကြီးအိမ်သို့ ဝင်လို၏၊ ထိုကျောင်းကြီးအိမ် (ဝစ္စကုဋိ)ပြင်ပ၌ ရပ်၍ အတွင်း၌ လူ ရှိ-မရှိသိရန် ချောင်းဟန့်ရာ၏၊ အတွင်း၌ ရှိနေသော ရဟန်းကလည်း ချောင်းပြန်ဟန့်ရမည်၊ ကုဋိသို့ မဝင်မီ အပြင်၌ ရှိသော သက်န်းတန်း၌ ကိုယ်ရုံ(ဧကသီ)သင်္ကန်းကို ချွတ်ခွါ၍ တင်ထားခဲ့ရမည်၊မဆောမလျင် ကုဋိသို့ဝင်ရမည်၊ အဆောတလျင် မဝင်ရ၊ ကုဋိခြေနင်း၌ ရပ်သဖြင့် သင်းပိုင်ကို ပင့်ရမည်။ 'အင်း-အင်း'ဟု ညည်းညူလျက် ကျောင်းကြီးကို မစွန့်ရ၊ ဒန်ပူကို ကိုက်ခဲလျက်လည်း ကျောင်းကြီးကို မစွန့်ရ။

ကျောင်းကြီးသရောက် ကျင်ငယ်သရောက်များ၏ အပြင်ဘက် (ဘေး) သို့ ချော်ထွက်အောင် မစွန့်ရ၊ သူ့သရောက် သူ့သရောက်၌သာ စွန့်ရမည်။

[ကျောင်းတိုက်တွင်းဖြစ်မူ ကျင်ကြီးကျင်ငယ်စွန့်ရန် သတ်မှတ်ထားသည့်နေရာမှ တပါး အခြားတလင်းပြင် စသည်များ၌ မစွန့်ရ။]

ကျင်ကြီးတွင်း၌ ကန့်တံကို မချရ၊ ကြမ်းသော ဆွေးသော ကွဲအက်သော ကန့်တံဖြင့် မခြစ် မသုတ်ရ၊ ကန့်တံပုံး ၂ လုံးတွင် အဟောင်းပုံးကို ထိုင်သောနေရာ၏ ဝဲဘက်၌ထား၍ အသစ်ပုံးကို ယာဘက်၌ ထားသင့်သည်၊ သုံးပြီး ကန့်တံများကို အဟောင်းပုံးတွင် ဖရိဖရဲ ချမထားပဲ စီလျက်နေအောင် ချထားသင့်သည်၊ ရေများများသုံးနိုင်လျှင် သို့မဟုတ် သံဃာနည်းသော ကျောင်းဖြစ်လျှင် ကန့်တံများကို ပုံး၌များစွာ မထားပဲ ၄-၅ခုသာ ထား၍ သုံးပြီးကန့်တံကို ကိုယ်စီကိုယ်ငှ ချက်ချင်းဆေးသော စည်းကမ်းဖြင့် အသုံးပြုသင့်ပေသည်။ [ရေစစ်နှင့်တကွ သန့်သက်ရေအိုးကို ထားရှိရမည်။] ကျင်ငယ်လမ်း (ကျင်ငယ်ခွက်)၌ တံထွေး မထွေးရ၊ ထွေးလျှင် "သုက်" အဆင်းထင်ဖွယ်ရာ ရှိ၍ တံထွေး မထွေးရ-ဟု မြစ်သည်၊ တံထွေးဖြင့် "နှပ်"ကိုပါ ယူရသောကြောင့် 'နှပ်'ကိုလည်း ထိုကျင်ငယ်လမ်း (ကျင်ငယ်ခွက်)၌ ညှစ်၍ မစွန့်ရ။ [သို့ဖြစ်၍ ကုဋိအိမ်အတွင်း၌ ထွေးခံတလုံးထားသင့်ပေသည်။] ကျင်ကြီးသွားပြီးသောအခါ ဒွါရကို ရေဖြင့် ဆေးရမည်။ [ရေရှိလျက် ဒွါရကိုမဆေးလျှင် ဒုက္ကဋ်အာပတ်သင့်စေဟူ အာစမန သိက္ခာပုဒ်ကို ဘုရားရှင် ပညတ်တော်မူချေသည်။] ထို့ကြောင့် သန့်သက်ရေ မဆောင်ကုန်သော ရဟန်း, သန့်သက်ရေ မဆေးကုန်သော ရဟန်း, ရေအိုး၌သန့်သက်ရေ မထားကုန်သော ရဟန်းတို့ကား အလဇ္ဇီသာ။

သန့်သက်ရေဆေးမှုသည် အလွန်တန်းမြင့်သော ယဉ်ကျေးမှုတမျိုး ဖြစ်၏၊ ကန့်တံ ခြစ်ရုံမျှဖြင့် မစင်ကြယ်နိုင်သည်မှာ (မိမိလက်ကိုမစင်လူးရာဝယ် သုတ်ပစ်ရုံနှင့် အနံ့ မပျောက်ပုံကို ထောက်၍) ထင်ရှား၏။ ထို့ကြောင့် တုတ်သုတ်, စက္ကူသုတ် ၂မျိုးလုံးပင် သန့်ရှင်းအောင် မတတ်နိုင်ပေ။ [သို့ဖြစ်၍ သံဃာတော်များသာ မဟုတ်၊ လူပုဂ္ဂိုလ်တို့လည်း တုတ်,စက္ကူတို့ဖြင့် သုတ်ပြီးနောက် ရေဆေးခြင်းအလေ့အထကို ပြုလုပ်သင့်ကြပေသည်။]

"စပ်စပ်-ပြတ်ပြတ်" အသံမျိုး မမြည်အောင် ဆေးရမည်၊သန့်သက်ခွက်၌ ရေအကြွင်းအကျန် မထားရ၊ ကျင်ကြီးအိမ်သည် ကျင်ကြီး ပေလူးနေငြားအံ့၊ ရေဖြင့် ဆေးခဲ့ရမည်။ သန့်သက်ရေအိုး၌ ရေမရှိလျှင် ရေထည့်လောင်းခဲ့ရမည်၊ ကျင်ကြီးအိမ်၌ အမှိုက်ရှိလျှင် လှည်းပစ်ခဲ့ရမည်။ [သို့ဖြစ်၍ ကျင်ကြီးအိမ်၌ တံမြက်စည်း တချောင်းကိုလည်း ထားသင့်ပေသည်။] ကျင်ကြီးစွန့်ပြီး၍သုတ်သင်ပြီးလျှင် ကျင်ကြီးအိမ် ခြေနင်း၌ ရပ်လျက် သင်းပိုင်ကို ဖုံးလွှမ်းရမည်၊

အရေးသကြီး သုတ်သီး သုတ်ပြာ မထွက်ရ၊ သင်းပိုင်ကို ပင့်၍လည်း ထွက်မလာရ။

မှတ်ချက်။ ။ယခုကာလ၌ ကုဋ္ဌိ တက်ခါနီးဝယ် အတွင်းသို့ မရောက်မီ ကိုယ်ရုံ သင်္ကန်းကို တန်းပေါ်၌တင်ထားခဲ့သူ နည်းပါး နေရုံမက အချို့ကုဋ္ဌိများ၌ သင်္ကန်းတန်းကို အတွင်း၌ ထား၍ အချို့ ကုဋ္ဌိများမှာ သင်္ကန်းတန်းပင် မရှိပါ။ သင်္ကန်းတန်းကို အပြင်ဘက်၌ ထား၍ ထိုတန်းပေါ်တွင် ကိုယ်ရုံသင်္ကန်းနှင့် တကွ ခြုံထည်ပါလျှင် ခြုံထည်ကိုပါ ထားပစ်ခဲ့ရမည်။

ကျင်ကြီးအိမ်(ဝစ္စကုဋ္ဌိ)တက်စဉ် ကျင့်ဝတ်ပြီးပြီ။

---

## ၅၃။ ။ပစ္စဝေက္ခဏာ ဆင်ခြင်ရန်

သင်္ကန်း, ကျောင်း, ဆေးတို့ကို သုံးဆောင်တိုင်း သုံးဆောင်တိုင်း ဆွမ်းကို လုပ်တိုင်း လုပ်တိုင်း ဆင်ခြင်မှု အပ်သလော ဟူမူ "တထာ အသက္ကောန္တေန ယထာ ဝုတ္တကာလဝိသေသဝသေန ဧကဒိဝသေ စတုက္ခတ္တုံ တိက္ခတ္တုံ ဒွိက္ခတ္တုံ သကိံ ယေဝ ဝါ ပစ္စဝေက္ခိတဗ္ဗံ" ဟု ဝိသုဒ္ဓိမဂ် ဋီကာ၌ မိန့်သော ကြောင့် ထိုဆိုတိုင်း မတတ်နိုင်သော ရဟန်းသည် တနေ့လေးကြိမ် ဆင်ခြင်အပ်၏၊ လေးကြိမ် မတတ်နိုင်သော် သုံးကြိမ်, သုံးကြိမ် မတတ်နိုင်သော် နှစ်ကြိမ်, နှစ်ကြိမ် မတတ်နိုင်သော် တကြိမ် ဆင်ခြင်အပ်၏။ တနည်း–ထိုဆိုတိုင်း မတတ်နိုင်သော ရဟန်းသည် ပုရေဘတ် ပစ္ဆာဘတ် ပုရိမယာမ် မဇ္ဈိမယာမ် ပစ္ဆိမယာမ်တို့တွင် တခုခုသော အခါ၌ ဆင်ခြင်အပ်၏။ သုံးဆောင်တိုင်း သုံးဆောင်တိုင်း လုပ်တိုင်း လုပ်တိုင်း ဟူသည်မှာ အနုရူပ(အလျော်)အားဖြင့် ဆိုသည်။ မတတ်နိုင်သော် လေးခေါက် သုံးခေါက် နှစ်ခေါက် တခေါက်မျှ ဆင်ခြင်သော် သင့်၏။ ထိုနေ့ အရုဏ် မတက်မီ တခေါက်မှ မဆင်ခြင်မိသော် ဣဏပရိဘောဂ ဖြစ်၏။ သူ့မြီကြောင့် အစေခံ ကျွန်အရာနှင့် နေရသောသူသည် မြီကြောင့် မိမိလိုရာသို့ မသွားမလာရသကဲ့သို့ သီလရှိသော ရဟန်းသည်လည်း တရားသဖြင့်ရသော ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာ မဆင်ခြင်ပဲ သုံးဆောင်မိခြင်းကြောင့် သီလဖြူစင်သည်ကိုစွဲ၍ ရလတ္တံ့သော သဂ္ဂမောက္ခ (နတ်ရွာနိဗ္ဗာန်) အကျိုးကို မရနိုင်။ ထို့ကြောင့် တရားသဖြင့် ရသော ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာ ဆင်ခြင်၍ သုံးဆောင်ရာသည်။

ကုလဒူသန အနေသနအကြောင်းတို့ကြောင့် ရသော ပစ္စည်း, ရောင်းခြင်း ဝယ်ခြင်း ကယဝိက္ကယကြောင့် ရသော ပစ္စည်း, ဝိညတ်မှု အင်္ဂါယပ်မှုစသည်

တို့ကြောင့် ရသောပစ္စည်း, ဘုရား စက်ဆုပ်တော်မူအပ်သော အကြောင်း တို့ကြောင့် ရသော ပစ္စည်းဟူသမျှသည် ပစ္စဝေက္ခဏာ မထိုက်ဖြစ်၍ ဠက္ခဏ ပရိဘောဂ မဆိုသာပြီ။ ပြုတိုင်း ပြုတိုင်း စားတိုင်း စားတိုင်း အပြစ်သာ ရောက်တော့သည်။ ဤပစ္စဝေက္ခဏာ လေးပါးကို ဝိနည်းတော်မှာ မပညတ်၊ သဗ္ဗာသဝ အစရှိသော သုတ္တန် ပါဠိတို့၌သာ ပဋိသင်္ခါ ယောနိသော စီဝရံ ပဋိသေဝတိ စသည်ဖြင့် ဟောတော်မူသည်။[ယင်းသို့ ပဋိသေဝတိဟု ပစ္စုပ္ပန် ဝိဘတ် နာမ ယောဂဖြင့် ဟောတော်မူသော်လည်း ဆင်ခြင်သော အခါ 'ပဋိသေဝါမိ'ဟု အမှ ယောဂဖြင့် ဆင်ခြင် အပ်၏။]

ဆွမ်း,သင်္ကန်း, ကျောင်းတို့ကို သုံးဆောင်သော ကာလမှစ၍ ထိုနေ့ နေအရုဏ် မတက်မီ ကာလသာ ပစ္စဝေက္ခဏာခေတ်ရှိ၏။ ထိုနေ့မှ အတိတ် ဖြစ်သောနေ့ အနာဂတ်ဖြစ်သော နေ့တို့၌ ပစ္စဝေက္ခဏာခေတ် မရှိသည်ဖြစ်၍ ထိုအရုဏ် မတက်မီ အတွင်း၌သာ ပဋိသေဝါမိဟု ပစ္စုပ္ပန် ဝိဘတ်ဖြင့်ပင် ဆင်ခြင်ရာသည်။ မသုံးဆောင်မီ ရှေ့တရက်က ကြိုတင်၍ ဆင်ခြင်နှင့် ခြင်း သုံး ဆောင်ပြီး၍ နောက်တရက်သို့ရောက်မှ ဆင်ခြင်ခြင်းကိုကား မပြုအပ်။ယင်းသို့ ဆင်ခြင်လျှင် အနာဂတ် ဝိဘတ် အတိတ် ဝိဘတ်ဖြင့်ပင် ဆင်ခြင်သော်လည်း ဠက္ခဏပရိဘောဂမှ မလွတ်ဟု သိ။[ဆေး၌ ဆင်ခြင်ပုံကို ထိုမှာ အတိုင်းသိ။]

## သင်္ကန်း၌ ဆင်ခြင်ပုံ

ချမ်းအေးခြင်းဘေးရန်ကို ပယ်ဖျောက်ရုံငှါသာလျှင် မီးပူကိုပယ်ဖျောက်ရုံ ငှါသာလျှင် မှက်,ခြင်,ယင် လေ, နေပူ, မြွေ ကင်းသန်းတို့၏ အတွေ့အထိကို ပယ်ဖျောက်ရုံငှါသာလျှင် ဟိရိ (အရှက်) ဂုဏ်ကို ဖျက်ဆီးတတ်သော အင်္ဂါ ကြီးငယ်တို့ကို ဖုံးလွှမ်းခြင်းငှါသာလျှင် ဤသင်္ကန်းတို့ကို ဝတ်ရုံပါ၏၊ လှပ စေခြင်း ယဉ်ကျေးစေခြင်းတို့ကို နှလုံးသွင်း၍ ဤသင်္ကန်းတို့ကို မဝတ်ရုံပါ။

မှတ်ချက်။ ။ငှက်ပျောမျှင်ဖြင့်ရင်း ပြိတ်မျှင်ဖြင့်ရင်း သင်ပန်းမျှင်ဖြင့် ရင်း ပေမျှင်ဖြင့်ရင်း ရက်သောသင်္ကန်းကိုဖြစ်စေ၊ အလုံးစုံညိုသော အလုံးစုံရွှေ သော အလုံးစုံနီသော အလုံးစုံဖြူသော အလုံးစုံမောင်းသော အလုံးစုံမည်း သော သင်္ကန်းကိုဖြစ်စေ မဝတ်ရုံရ။ [ဝတ်ရုံလျှင် ဒုက္ကဋ်အာပတ်သင့်၏။]

အမျှားအကျိုးကိုရည်၍ အကပ္ပိယဆိုးရည် (၉) ပါးနှင့်ပတ်သက်၍ စာရေး သူ၏ ထင်မြင်ယူဆပုံကို တင်ပြပါအံ့။

အကပ္ပိယဆိုးရည် (၉) ပါးကား- (၁) နနွင်း၊ (၂) ထန်းကျင့် (ခေါ်) တိန်ညက်နှစ်၊ (၃) ဆူးပန်းပွင့်၊ (၄) ပေါက်ပွင့်၊ (၅) ပိန္နဲနွယ်၊ (၆) ကြာ ပိုက်ခေါက်၊ (၇) ဒေါက်ရပ်ခေါက် (၈) မဲရွက်၊ (၉) ဒန်းရွက်တို့တည်း။

ဤ (၉) ပါးတို့တွင် ပါဝင်သော ပါဠိဘာသာဖြင့် **ကဏ္ဍုလ** ဟုဆိုသော ပင်စည်အခေါက်ကို ဆရာတော် ဦးဗုမ်နှင့် ဆရာတော် အရှင်ဇာဂရမထေရ် စီရင်တော်မူသော ဝိနည်းငယ် လေးဆောင်ပါဠိ-ခုဒ္ဒသိက္ခာနိဿယကျမ်း နှစ်စောင်စလုံး၌ **ကြာပိုက်ခေါက်** ဟု မြန်မာဘာသာဖြင့် ပြန်ဆိုထားသည်။ ။ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး စီရင်တော်မူသော ဝိနယသံခိပ်ကျမ်း၌မူ **ကြပိုင်ခေါက်** ဟု ဖော်ပြထားသည်။ [ဤအပင်ကို မှည့်ခေါ်ရေးသားရာ၌ စာလုံးပေါင်း သတ်ပုံသတ်ညွှန်း မတူပြားသော်လည်း ပင်စည်အမျိုးအစားမှာမူ တမျိုးတည်းဖြစ်သည်-ဟူ၍ သိအပ်၏။]

ပါဠိဘာသာဖြင့် ကဏ္ဍုလ ဟု ဆိုသော အပင်နှင့် မြန်မာဘာသာဖြင့် ကြာပိုင်ဟုဆိုသော အပင်သည် ဘာသာ အခေါ်အဝေါ်အားဖြင့်သာလျှင် အမည်ကွဲပြားသည်၊ ပင်စည်အမျိုးအစားမှာမူကား တမျိုးတည်းဖြစ်သည်။ ထို့ကြောင့် ဤအပင်ကို ကဏ္ဍုလ (ခေါ်) ကြာပိုင်ဟုခေါ်ပါအံ့။

ဤ ကဏ္ဍုလ (ခေါ်) ကြာပိုင်အပင်သည် အဘယ်မြေမျိုး၌ ပေါက်ရောက်လေသနည်း ဟု စိစစ်ဖို့လို၍ စိစစ်ပါအံ့။

ဘုရားရှင်သည် အိန္ဒိယပြည်-မဇ္ဈိမဒေသ၌ ပွင့်တော်မူသည်ဖြစ်၍ သဘာဝကျကျယူလျှင် ထိုခေတ် ရဟန်းတော်များ သက်န်းဆိုးသော သစ်ခေါက်ဆိုးရည်သည် ထိုမဇ္ဈိမဒေသ၌ ပေါက်သောအပင်များ၏အခေါက်ဆိုးရည်သာလျှင်ဖြစ်ရပေမည်-ဟုရာခိုင်နှုန်းအပြည့် ဆိုရပေမည်။ ထို့ကြောင့် အကပ္ပိယဆိုးရည်အဖြစ် ဘုရားရှင် ပညတ်တော်မူသော **ကဏ္ဍုလ** (ခေါ်) **ကြာပိုင်** အပင်သည် ထိုမဇ္ဈိမဒေသ၌ ပေါက်သော အပင်ဖြစ်သည်-ဟု သန္နိဋ္ဌာန်ကျ မှတ်ယူအပ်၏။ ထိုမဇ္ဈိမဒေသသည် ပင်လယ်နှင့်အလွန်ဝေးကွာ၍ ၎င်းအတွင်းရှိမြစ်၊ချောင်းများမှာ ရေငံ့ခါတ်မရှိ၊ ရေချိုသက်သက်ဖြစ်သော မြစ်၊ချောင်းများဖြစ်ရကား ကဏ္ဍုလ (ခေါ်) ကြာပိုင် အပင်သည် ရေငံမြေများ၌ ပေါက်မည်မဟုတ်၊ ရေချိုသက်သက်ဖြစ်သော မြေများ၌သာလျှင် ပေါက်သည်ဟုဆိုလျှင် မှားအံ့မထင်။ အဘယ်ကြောင့်ဆိုသော် အများသိရှိကြသည့်အတိုင်း ကိုးဆယ့်ငါးရာခိုင်နှုန်းထက်မနည်း ရေချိုသက်သက်ဖြစ်သော မြေများ၌ ပေါက်သောအပင်သည် ရေငံမြေများ၌ပေါက်လေ့မရှိ။ ထို့အတူရေငံမြေများ၌ပေါက်သောအပင်သည်လည်း ရေချိုမြေများ၌ ပေါက်လေ့မရှိ-ဟူသောကြောင့်တည်း။

ဤကဏ္ဍုလ(ခေါ်)ကြာပိုင်အပင်သည် မြန်မာပြည်တွင် အဘယ်ဒေသမျိုး၌ ပေါက်လေသနည်းဟုသိဖို့လို၍ စိစစ်ပါအံ့။

ပါဠိဘာသာဖြင့် ကဏ္ဍုလ ဟု ဆိုသောစကားကို မြန်မာဘာသာဖြင့် ကြာပိုင်ဟု ပြန်ဆိုသော ဆရာတော်ဘုရားကြီး(၃)ပါးစလုံးသည် အထက်မြန်မာပြည်သားများ ဖြစ်ကြသည့်အလျောက် သစ်ပင်များနှင့်ပတ်သက်၍ သဘာဝကျကျ ပြောမည်ဆိုလျှင် ၎င်းတို့၏ ဗဟုသုတမှာလည်း အထက် မြန်မာပြည်၌ ပေါက်သော အပင်များကိုသာလျှင် သိရှိနားလည်ကြပေမည်- ဟူသောကြောင့်၎င်း၊ အထက်မြန်မာပြည်သည် ပင်လယ်နှင့်ဝေးကွာ၍ ၎င်းအတွင်းရှိ မြစ်, ချောင်းများသည် ရေငံဓာတ်မရှိ၊ ရေချိုသက်သက်ဖြစ်သော မြစ်, ချောင်းများဖြစ်၍ အထက်မြန်မာပြည်၌ မြေဩဇာသည် ရေချို သက်သက်ဖြစ်သော မြေဩဇာဖြစ်သည်-ဟူသောကြောင့်၎င်း၊ ကဏ္ဍုလ(ခေါ်) ကြာပိုင်အပင်သည်လည်း အထက်၌ ဖော်ပြခဲ့သည့်အတိုင်း ရေငံမြေများ၌ မပေါက်၊ ရေချိုသက်သက်ဖြစ်သော မြေများ၌သာလျှင် ပေါက်သည်-ဟူသောကြောင့်၎င်း၊ ဤအကြောင်းတို့ကိုထောက်၍ ကဏ္ဍုလ (ခေါ်) ကြာပိုင်အပင်သည် အထက်မြန်မာပြည်၌ ပေါက်သည်-ဟု ဆိုရပေမည်။ [အောက်မြန်မာပြည်၌ ပေါက်လျှင်လည်း ရေချိုဒေသများ၌သာလျှင် ပေါက်ဖွယ်ရာရှိသည်။]

ဤကဏ္ဍုလ(ခေါ်)ကြာပိုင်အပင်သည် အဘယ်အပင်မျိုး ဖြစ်လေသနည်းဟု စာရေးသူကိုယ်တိုင်လည်း မသိ၍ စုံစမ်းမေးမြန်းဖူးပါသည်၊ မေးမြန်းပြီးသလောက်ဆိုလျှင် မည်သူမှ တိကျသော အဖြေမပေးနိုင်ပါ။

မြန်မာဘာသာဖြင့် ကြာပိုင်ဟု ပြန်ဆိုသော ဆရာတော်ဘုရားကြီးတို့ (၃) ပါး ပျံလွန်တော်မူပြီးသည်နောက် တဖြည်းဖြည်းနှင့် မဒမခေါက်ကို ကြပိုင်ခေါက်ဟု ထင်မှတ်၍ တပါးမှတပါး တဆင့်မှတဆင့် ပြောကြားရာ အချို့က ကြပိုင်ဟူ၍၎င်း၊ အချို့က မဒမဟူ၍၎င်း၊ အချို့က ကြပိုင် (မဒမ)ဟူ၍၎င်း ခေါ်ဆိုကြ၏။(ဝါ)အကပ္ပိယ ဆိုးရည်အခေါက်ဟု မှတ်ယူကြ၏။

အထက်၌ ပြဆိုခဲ့ပြီးသော ကဏ္ဍုလ(ခေါ်)ကြာပိုင်ခေါက်နှင့် ယခုခေတ်ခေါ်ဆိုကြသော ကြပိုင် (မဒမ)ခေါက်သည် တမျိုးတည်း ဟုတ်–မဟုတ် စိစစ်ဖို့လို၍ စိစစ်ပါအံ့။

ကဏ္ဍုလ(ခေါ်)ကြာပိုင်အပင်သည် ဘာသာ အခေါ်အဝေါ် အားဖြင့်သာလျှင် အမည်နှစ်မျိုးဖြစ်သည်၊ အမျိုးအစားမှာမူကား တမျိုးတည်းဖြစ်၍ ၎င်း အပင်သည် ရေငံမြေများ၌ မပေါက်၊ ရေချိုသက်သက်ဖြစ်သောမြေများ၌သာလျှင် ပေါက်သည်-ဟု အထက်၌ ဖော်ပြခဲ့ပြီ။ကြပိုင် (မဒမ) ဆိုသော အပင်သည်ကား တနင်္သာရီတိုင်း၌ နေထိုင်ကြကုန်သော လူအများ သိရှိကြသည့်အတိုင်းဆိုလျှင် ထားဝယ်နယ်,မြိတ်နယ်မှ ပင်လယ်ကမ်းခြေများနှင့် ရေငံ

ခေတ်ရှိသော မြစ်ချောင်း ကမ်းနဖူးများ၌ အများအပြား ပေါက်လေ့ရှိသည်။ မော်လမြိုင်နယ်၌ ဆိုလျှင် ပင်လယ်ကမ်းခြေများ၌ အနည်းအကျဉ်း ပေါက်လေ့ရှိသည်။ [ဤအပင်သည် အိန္ဒိယပြည်-မဇ္ဈိမဒေသ၌ရှင်း၊ အထက်မြန်မာပြည်၌ရှင်း ပေါက်မည်မဟုတ်ဟု ရဲရဲဝံ့ဝံ့ဆိုအပ်ပါသည်]။ ။ဤအပင်သည် ရေငံမြေများ၌သာလျှင် ပေါက်သည်ဖြစ်၍ ရေချိုသက်သက် ဖြစ်သော မြေများ၌ ပေါက်သည့် ကဏ္ဍုလ(ခေါ်) ကြာပိုင်အမင်နှင့် အမျိုးအစားချင်း မတူနိုင်၊ တပင် တမျိုးစီဖြစ်သည်-ဟူ၍ သိနားလည်လောက်ပြီ။ ထို့ကြောင့် ဤကြပိုင် (မဒမ)ခေါက် ဆိုးရည်သည် အကပ္ပိယဆိုးရည်(၉)ပါး၌ အကျုံး မဝင်ဟု သန္နိဋ္ဌာန်ကျ မှတ်ယူအပ်ပေသည်။

ဤကြပိုင် (မဒမ)ခေါက်ဆိုးရည်ဖြင့် ငါးဖမ်းသောပိုက်များနှင့်ယက်ကန်းချည်များကို ဆိုးလေ့ရှိကြသည်။ [ငါးဖမ်းသောပိုက်များသည် မကိုင်ကောင်းသော အနာမာသဝတ္ထုဖြစ်၍ ကြပိုင် (မဒမ)ခေါက် ဆိုးရည်ဖြင့် ပိုက်များကို ဆိုးခြင်းကြောင့် ဤကြပိုင် (မဒမ)ခေါက်ဆိုးရည်သည်လည်း အကပ္ပိယ ဆိုးရည်ဖြစ်သည်ဟု ရဟန်းတပါး ဆိုသည်-ဟူ၍ ကြားသိရ၏]။ ။ဤသို့ မမှတ်ယူသင့်ပေ၊ဤသို့ မှတ်ယူလျှင် ခုတ်ရာတခြား ရှရာတခြားဖြစ်ချိမ့်မည်။ အဘယ်ကြောင့်နည်းဟူမူ ငါးဖမ်းသော ပိုက်များသည် သတ္တဝါများအား ညှဉ်းဆဲသတ်ဖြတ်သော လက်နက်အမျိုးအစား၌ အကျုံးဝင်သည်ဖြစ်၍ ၎င်းကို မကိုင်ကောင်းသော အနာမာသဝတ္ထုအဖြစ် ဘုရားရှင် ပညတ်တော်မူသည်၊မှန်၏။ သို့သော် ဆိုးရည်အခေါက်ကိုမူ ပိုက်ဆိုးသော ဆိုးရည်အခေါက်ဖြစ်၍ အာပတ်ဝတ္ထုအဖြစ် ဘုရားရှင် ပညတ်တော်မူခြင်းမဟုတ်၊ ထိုခေတ်က အံချို့ရဟန်းတော်များသည် မလျောက်ပတ်သည့် အရောင်အဆင်းဖြစ်စေတတ်သော၊ ယားနာ စသော ရောဂါဝေဒနာ ဖြစ်စေတတ်သော သစ်ခေါက်သစ်မြစ် စသော ဆိုးရည်ဖြင့် ဆိုးသော သင်္ကန်းများကို ဝတ်ရုံခြင်းကြောင့် သင်္ကန်းဆိုးရည်နှင့် ပတ်သက်၍ ဆိုးရည်အခေါက်ကို ပညတ်တော်မူခြင်း ဖြစ်သည်- ဟူသော ကြောင့်တည်း။ [ဤသို့ ဆိုခြင်းသည် အထက်၌ ပြဆိုခဲ့ပြီးသော ဘုရားရှင် ပညတ်တော်မူသော သင်္ကန်းအရောင်အဆင်းတို့ကို ထောက်သောအားဖြင့်၎င်း၊ ကဏ္ဍုလ ဆိုသော အပင်နှင့်ပတ်သက်၍အောက်၌ပြလတ္တံ့သော အမရကောသကျမ်း၏ အဆိုကို ထောက်သောအားဖြင့်၎င်း ဆိုခြင်းဖြစ်သည်။]

စာရေးသူကိုယ်တိုင်လည်း ဤကြပိုင်(မဒမ)ခေါက်ကို အကပ္ပိယ ဆိုးရည်အခေါက်ဟု အချို့ မှတ်ယူကြသည့်အတိုင်း ယခင်က မှတ်ယူခဲ့သည့်အလျောက် ဤအခေါက်ဆိုးရည်ဖြင့် သင်္ကန်းဆိုးသော ပုဂ္ဂိုလ်များကိုလည်း မနှောက်ဖြင့်

ဖြစ်မှားမိခဲ့ပါသည်။ သို့သော် လွန်ခဲ့သည့်နှစ်က (ဝါ) ၁၃၃၂-ခုနှစ်က အထက်၌ ဖေါ်ပြခဲ့ပြီးသော အချက်အလက်များကို စဉ်းစားမိ၍ ဤ ကြပိုင် (မဒမ)ခေါက်ဆိုးရည်ဖြင့် သက်န်းဆိုးခြင်းသည် လုံးဝ အာပတ်မသင့်ဟု စွဲစွဲ မြဲမြဲထင်မြင်လေရကား ထိုအချိန်မှစ၍ သင်္ကန်းများကို ပိန္နဲနှင့် ညောင်ခေါက် ဆိုးရည်ဖြင့် မဆိုးတော့ပဲ ပိန္နဲနှင့်ကြပိုင်(မဒမ)ခေါက်ကို ဆတူ ရော၍ ပြုတ်ကျို ပြီး ဆိုးလေတော့သည်။ ။ဆိုဦးအံ့။ ။ဤကြပိုင်(မဒမ)ခေါက်ကိုလှူသော ကျိုက္ခမီမြို့နေ ဒါယကာ (ဦးချစ်စံ)သည် ဤအခေါက်နှင့်ပတ်သက်၍ "အရှင် ဘုရား၊ ဤ မဒမခေါက်၌ ရေငံဓာတ်ပါနေ၍ သက်န်းဆွေးမြေ့ခြင်းမှ ကာ ကွယ်သောအားဖြင့် ဤအခေါက်ကို မပြုတ်မီ ရေအေးနှင့် တညဉ့်ခန့် စိမ်ပြီးမှ ပြုတ်ကျို၍ ဆိုးပါဘုရား" ဟု စာရေး၍ သတိပေးရှာသည်။

နိဂုံးချုပ်အားဖြင့် အကပ္ပိယဆိုးရည်(၉)ပါး၌ ပါ ဝင်သော ပါဠိဘာသာ ဖြင့် ကဏ္ဍုလဟု ဆိုသော ဆိုးရည်အပင်သည် အထက်၌ပြဆိုခဲ့သော အချက် အလက်များအရ ရေချိုသက်သက်ဖြစ်သော အရပ်ဒေသများ၌ သာလျှင် ပေါက်ရောက်နိုင်သည်ကို ထောက်သောအားဖြင့် ကြပိုင် (မဒမ) အပင်ကဲ့သို့ ရေငံမြေများ၌ ပေါက်သောအပင်ဟူသမျှသည် အကပ္ပိယဆိုးရည် (၉)ပါး၌ အကျုံးမဝင်ဟု သန္နိဋ္ဌာန်ကျ မှတ်ယူအပ်ပေသည်-ဟူ၍ ပြောလိုပါ၏။ ထို့ ကြောင့် ဤကြပိုင် (မဒမ)ခေါက်ဆိုးရည်ဖြင့် သက်န်းဆိုးခြင်းသည် လုံးဝအပြစ် မရှိ၍ ဤဆိုးရည်ကို အသုံးပြုသော ထိုပုဂ္ဂိုလ်များအား ယခင်က မနောကံ ဖြင့် ပြစ်မှားမိသမျှကို သည်းခံခွင့်လွှတ်ပါရန် ရှိခိုးတောင်းပန်ပါ၏။

ဤဝိနည်းဥပဒေတော်ကြီးကျမ်းကို ကောဇာသက္ကရာဇ် ၁၃၂၅-ခုနှစ်တွင် ရေးပြီးသည်၊ မှန်၏။ သို့သော် သက်န်းဆိုးရည်နှင့် ပတ်သက်၍ အထက်၌ ဖေါ်ပြခဲ့သော အချက်အလက် အကြောင်းအရာများကို ၁၃၃၃-ခုနှစ်ကျမှ စဉ်းစား သိရှိရ၍ ဖြည့်စွက်ရေးသားခြင်းဖြစ်သည်။

၁၃၃၃-ခု၊ တန်ဆောင်မုန်းလဆန်း (၁၂)ရက်နေ့တွင် ဤ သက်န်းဆိုး ရည် အခေါက်ပြဿနာကိုရေး၍ ဖြည့်စွက်ထည့်သွင်းပါသည်။ [ဤပြဿနာနှင့် ပတ်သက်၍ . ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး အရှင် ဇနကာဘိဝံသ၏ ဩဝါဒကို နာခံလို၍ အထက်ပါ စာရေးသူ၏ "ထင်မြင်ယူဆ ပုံ" မိတ္တူစာမူကိုဋင်းထံသို့ ပို့ဆက်ပါသည်။ စာရေးသူ ယူဆသကဲ့သို့ ယူဆ ကြောင်း ၎င်းထံမှပြန်စာရရှိပါသည်။]

အောက်ပါစာမူမှာ ၎င်းထံမှ ရရှိသော မိတ္တူစာမူ ဖြစ်သည်။

"ကဏ္ဍုလ-မဒမနှင့်စပ်၍ မဒမ မဟုတ်နိုင်ဟု အကြောင်းပြချက်ကိုသဘော ကျပါသည်၊ 'မဒမ' အစား အခြားအနက်ဖြစ်သင့်ရာ၍ ရှာသင့်ပါသည်၊အမရ

ကောသ၌ 'ကဏ္ဍုရာ–ခွေးလေးရိုင်း'ဟု တွေ့ရ၏။ ထိုအပင်၌ အခေါက်မရလျှင် အခွံရပါလိမ့်မည်၊ ထိုအခွံကိုကား ယားတတ်သောကြောင့် ပယ်သည်ဟု ကြံလျှင် ဖြစ်နိုင်ပါသည်၊ သို့သော် ထပ်၍ သုတေသနပြုသင့်ပါသည်။"

အထက်ပါ "စာမူ"ကို ထောက်၍ ဆိုဦးအံ့။ ။မဒမခေါက် ဆိုးရည်၌ ယားစေတတ်သောအန္တရာယ် အလျှင်းမရှိ၍ အမရကောသ၏ အဆိုကိုထောက်သောအားဖြင့် မဒမအပင်သည် "ကဏ္ဍုလ"ဟူသောအပင်၌ လုံး၀ အကျုံးမဝင်ဟု စွဲစွဲမြဲမြဲမှတ်ယူအပ်၏။ သို့ဖြစ်လျှင် ကဏ္ဍုလ-ဟူသော အပင်သည် အဘယ်အပင်မျိုး ဖြစ်လေသနည်းဟု ရှာကြံသော် ယားစေတတ်သော အပင်မျိုးထဲမှ ရွေးချယ်ယူရမည်ဖြစ်သည်။

သက်န်း၌ ဆင်ခြင်ပုံ ပြီးပြီ။

---

## ဆွမ်း၌ ဆင်ခြင်ပုံ

ရွာသူ သားငယ်တို့ကဲ့သို့ မြူးထူးပျော်ပါး ကစားခြင်းငှါလည်း၊ လက်ဝှေ့ လက်ပန်းသည်တို့ ကဲ့သို့ 'အား' ဟူသော မာန်ယစ်ခြင်းငှါလည်း၊ နန်းတွင်းသူ ပြည့်တန်ဆာမတို့ ကဲ့သို့ ကိုယ်လက်အင်္ဂါ ပြည့်ဖြိုးခြင်းငှါလည်း၊ ဂျွမ်းသမား (ကျွမ်းသမား) ကချေသည်တို့ကဲ့သို့ အရေအဆင်း ကြည်လင်ခြင်းငှါလည်း ဤဆွမ်းကို မမှီဝဲပါ။ ဤရူပကာယ တည်ရုံငှါသာလျှင် မျှတရုံငှါသာလျှင် ပင်ပန်းခြင်း ငြိမ်းရုံငှါသာလျှင် သာသနဗြဟ္မစရိယ, မဂ္ဂဗြဟ္မစရိယနှစ်ပါးကို ချီးမြှောက်ရုံငှါသာလျှင် ဤ ဆွမ်းအစရှိသော အာဟာရကို မှီဝဲပါ၏။ ဤသို့ သုံးဆောင်မှီဝဲသဖြင့် အဟောင်းဖြစ်သော ဆင်းရဲဝေဒနာကို ပယ်ဖျောက်အံ့။ အသစ်ဖြစ်သော ဆင်းရဲဝေဒနာကိုလည်း မဖြစ်စေအံ့၊ ဤရူပကာယအား မျှတခြင်း အပြစ်မရှိခြင်း ချမ်းသာစွာနေရခြင်း ဖြစ်လတ္တံ့။ ဤသို့နှလုံးသွင်း၍ ဆွမ်း အစရှိသော အာဟာရကို သုံးဆောင်မှီဝဲပါသတည်း။

## ကျောင်း အိပ်ရာနေရာ၌ ဆင်ခြင်ပုံ

ချမ်းအေးခြင်းကို ပယ်ဖျောက်ရုံငှါသာလျှင် မီးပူကို ပယ်ဖျောက်ရုံငှါသာလျှင် မှက်, ခြင်, ယင်, လေ, နေပူ, မြွေ, ကင်း, သန်းတို့၏အတွေ့အထိကို ပယ်ဖျောက်ရုံငှါသာလျှင် ဥတုဘေးရန်ကို ပယ်ဖျောက်ခြင်း,ကိန်းအောင်းမွေ့လျော်ခြင်း အကျိုးငှါသာလျှင် အိပ်ရာနေရာကျောင်းကို မှီဝဲပါသတည်း။

## ဆေး၌ဆင်ခြင်ပုံ

အနာ၏ဆန့်ကျင်ဘက် အသက်၏အဲရံအကာ တန်ဆာ အဆောက်အဦ ဖြစ်သော ဆေးကို မှီဝဲပါ၏။ ဖြစ်ပြီးဖြစ်ဆဲ ဖြစ်ကုန်သော ဓာတ်ချောက်ခြားခြင်းကြောင့် ဖြစ်ကုန်သော ဆင်းရဲဝေဒနာတို့ကို ပယ်ဖျောက်ရုံငှါ သာလျှင် အနာကြောင့်ဖြစ်သော ဆင်းရဲခြင်း၏ မရှိခြင်း အကျိုးငှါသာလျှင် ဤဆေးကို မှီဝဲပါသတည်း။

မှတ်ချက်။ ။နေ့လွဲသည့်ကာလ ဆေးကိုသုံးဆောင်မူ အကပ်ခံစဉ်ကာလ သုံးဆောင်စဉ်ကာလ ဆင်ခြင်အပ်၏။ အကပ်ခံစဉ် ကာလ မဆင်ခြင်မိသော် သုံးဆောင်စဉ်ကာလ ဆင်ခြင်အပ်၏။ သုံးဆောင်စဉ် ကာလ မဆင်ခြင်မိသော် အာဟာရအကျိုးငှါ ခံသည်မည်သောကြောင့် ဝိကာလဘောဇန ဒုက္ကဋ်အာပတ်သင့်၍ ပါတိမောက္ခ သံဝရသီလ ပျက်၏။ အရုဏ်မတက်မီ ကာလအတွင်း၌ မဆင်ခြင်မိပြန်လျှင် ပစ္စယသန္နိဿိတသီလလည်းပျက်၏။အရုဏ်မတက်မီကာလ၌ ဆင်ခြင်မိမူကား ပစ္စယသန္နိဿိတ သီလမပျက်။ ပါတိမောက္ခ သံဝရသီလသာ ပျက်၏။အကပ်ခံစဉ်ကာလ၌ မဆင်ခြင်မိခြင်းကြောင့် အာပတ်မသင့်။သုံးဆောင်စဉ် ကာလ၌ မဆင်ခြင်မိခြင်းကြောင့်သာ အာပတ်သင့်၏။ ထို့ကြောင့် နေ့လွဲပြီး ဆေးကိုသုံးဆောင်လိုမူ ကာလနှစ်ပါးတွင်တပါးပါး၌ဆင်ခြင်ပါလေ-ဟူ၍ ဘာလဝိသောဓနီကျမ်း၌ ဆို၏။ [နောက်ဆုံး ဝါကျအရဆိုလျှင် နေ့လွဲသောအခါ၌ ဆေးပစ္စည်းကို သုံးဆောင်လိုမူ အကပ်ခံစဉ်ကာလ၌ ဖြစ်စေ၊ သုံးဆောင်စဉ် ကာလ၌ဖြစ်စေ ပစ္စဝေက္ခဏာ ဆင်ခြင်လျှင် အာပတ်မသင့်- ဟူသော အဓိပ္ပါယ်မှာ ပေါ်လွင်ပါသည်။ သတိလစ်ပြီး မှားရေးမိသည်ဟု ဆိုအပ်ပါသည်။]

ပါတိမောက္ခ ဝိနိစ္ဆယ ကျမ်းကား ရူပိယသိက္ခာပုဒ် အဖွင့်၌ "ဆေးကို အကပ်ခံသောအခါ၌ရင်း၊သုံးဆောင်သောအခါ၌ရင်း သတိအကြောင်းရှိသော အဖြစ်သည် အပ်၏။ ဤသို့နှစ်ပါးစုံ၌ ပစ္စဝေက္ခဏာ သတိ ရှိရသော်လည်း အကပ်ခံသော အခါ၌ သတိ ပြု၍ သုံးဆောင်သော အခါ၌ ပစ္စဝေက္ခဏာ မပြုသော ရဟန်းအားသာလျှင် အာပတ်သင့်၏။ အကပ်ခံသော အခါ၌ကား သတိမပြုမိသော်လည်း သုံးဆောင်သော အခါ၌ ပစ္စဝေက္ခဏာ ပြုသော ရဟန်းအား အာပတ်မသင့်" ဟု ပါရာဇိကဏ် အဋ္ဌကထာ၌ လာသည့် ဘေသဇ္ဇဿ ပဋိဂ္ဂဟဏေပိ ပရိဘောဂေပိ သတိ ပစ္စယတာ ဝဋ္ဋတိ။ ဧဝံ သန္တေပိ ပဋိဂ္ဂဟဏေ သတိံ ကတွာ ပရိဘောဂေ အကရောန္တဿေဝ အာပတ္တိ၊ ပဋိဂ္ဂဟဏေ ပန သတိံ အကတွာ ပရိဘောဂေ ကရောန္တဿ အနာပတ္တိ-ဟူသောပါဠ်ကို ကိုးကား၍ဆို၏။ [နေ့လွဲသောအခါ၌ အကပ်ခံ၍ သုံးဆောင်ခြင်းကို ဆိုသည်-ဟူ၍သိအပ်၏။ ။ဆိုလိုရင်းအဓိပ္ပါယ်မှာ ကာလ

နှစ်ပါးတွင် အကပ်ခံစဉ်ကာလ၌ ပစ္စဝေက္ခဏာ ဆင်ခြင်ခြင်းအားဖြင့် ဆိုလိုရင်း အာပတ်ကိစ္စ ပြီးသည်မဟုတ်။ သုံးဆောင်ဆဲကာလ၌ ပစ္စဝေက္ခဏာ ဆင်ခြင်ခြင်း အားဖြင့်သာလျှင် ဆိုလိုရင်း အာပတ်ကိစ္စ ပြီးသည်-ဟူ၍ ဖြစ်သည်။ ။ ကျိုက်ထိုမြို့ဘုရားသုံးဆူတောင် အရှင်နန္ဒမာလာ စီရင်တော်မူသော ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာ(မြန်မာပြန်)ပထမတွဲသီလနိဒ္ဒေသပိုင်း၌လည်း ဤအတိုင်းပင်ဆို၏။]

အထက်ပါ သီလ ဝိသောဓနီကျမ်းနှင့် ပါတိမောက္ခ ဝိနိစ္ဆယကျမ်း၊ ဤကျမ်း ၂ ကျမ်းတို့၏ အဆိုမှာ တခုနှင့်တခု သဘောချင်း ကွဲလွဲနေသည်ဖြစ်၍ အဘယ် အဆိုကို ယူသင့်သနည်းဟူမူ ပါရာဇိကဏ် အဋ္ဌကထာ ဆရာ၏ စကားကို ကိုးကား၍ဆိုသော ပါတိမောက္ခ ဝိနိစ္ဆယကျမ်း၏ အဆိုမှာ ခိုင်မာလှသည်ဟု ဆိုအပ်သောကြောင့် ၎င်း၏အဆိုကို ယူအပ်ပေသည်။ သို့ဖြစ်၍ နေလွဲပြီးဆေးကို သုံးဆောင်လိုမူ အကပ်ခံစဉ် ကာလ၌ ဆင်ခြင်သည် ဖြစ်စေ၊ မဆင်ခြင်သည် ဖြစ်စေ သုံးဆောင်စဉ်ကာလ၌ ဆင်ခြင်မိအောင် အထူး သတိရှိစေအပ်၏။

---

## သောက်ရေ

**သတိ။** ။သောက်ရေ နှင့် ပတ်သက်၍လည်း သိသင့် သိထိုက် သော အကြောင်းအရာများကို စာရှုသူတို့အား သိစေလိုသောကြောင့် အောက်ပါ အဆိုသုံးရပ်တို့ကို ဖော်ပြပါအံ့။

၁။ ။ပထမအဆို။ ။ညောင်လွန့် တောရ ကျောင်းတိုက်၊ ဆရာတော် ဘုရား ဦးမေဓာဝီ စီရင်တော်မူသော ပကိဏ္ဏက ဒီပနီကျမ်း ဒုတိယတွဲ-ကာလိက ကဏ္ဍ။

"(က) သောက်ရေကို ကာလိကလေးပါးတို့တွင် အဘယ်ကာလိက ဟူ၍ မှတ်ရပါမည်နည်း"ဟူ၍ မေးလျှောက်ရာ၌။ ။သောက်ရေ သည် ကာလိက လေးပါးတို့တွင် ဘယ်ကာလိကသို့မှ မသက်ဝင်သည်ဖြစ်၍ ၎င်းသောက်ရေကို ကာလိကဝိမုတ်ဟူ၍ မှတ်ရာ၏။ ထို့ကြောင့် ပါစိတျာဒိ အဋ္ဌကထာ ဒန္တ ပေါန သိက္ခာပုဒ် အဘင့်ဝိမတိဝိနောဒနီ ဋီကာ၌-

အာဟာရတ္ထံ အဇ္ဈောဟရိတဗ္ဗံ ကာလိကံ အဓိပ္ပေတံ၊ န ဥဒကံ၊ တဉ္စ ဘေသဇ္ဇသင်္ခါတမ္ပိ အကာလိကမေဝ၊ ပဋိဂ္ဂဟိတသော၀ ကာလိကတ္တာ-ဟူ၍ မိန့်အပ်၏။

အာဟာရတ္ထံ၊ အာဟာရဟူ၍။ အဇ္ဈောဟရိတဗ္ဗံ၊ မျိုခြင်းငှါထိုက်သော။ ကာလိကံ၊ ကာလိက လေးပါးလုံးကို။ အဓိပ္ပေတံ၊ အလိုရှိအပ်၏။ ဥဒကံ

သောက်ရေကို။ အာဟာရန္တိ၊ အာဟာရဟူ၍ နှ အဓိပ္ပါယ်တံ၊ အလိုမရှိအပ်။ ဟိသစ္စံ၊ ထိုစကားသည် မှန်၏။ တံ ဥဒကံ၊ ထိုသောက်ရေသည်။ ဘေသဇ္ဇသင်္ဂဟိတမ္ပိ၊ ဆေး၌ သင်္ဂြိုဟ် ရေတွက်အပ်သော်လည်း။ အကာလိက မေဝ၊ ကာလိကမဟုတ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်း ဟူမူကား။ ပဋိဂ္ဂဟိတဿေဝ၊ အကပ်ခံအပ်သော ဝတ္ထု၏သာလျှင်။ ကာလိကတ္တာ၊ ကာလိက၏ အဖြစ်ကြောင့်တည်း။ (ဤကား အနက်)။

ပဌမ ပုစ္ဆာ အဖြေပြီး၏။

---

(၁) ၎င်းသောက်ရေကို ပစ္စည်းလေးပါးတို့တွင် အဘယ်ပစ္စည်းဟူ၍ မှတ်ရပါမည်နည်း ဟူ၍ မေးလျှောက်ရာ၌။ ။သောက်ရေသည် ရေသိပ်ခြင်းဟူသော အနာကို ငြိမ်းစေတတ်သောကြောင့် ၎င်းသောက်ရေကို ဆေးပစ္စည်းဟူ၍ မှတ်ရာ၏။ ထို့ကြောင့် ဝိသုဒ္ဓိမဂ် မဟာဋီကာ၌။

> ပိပါသဂေလညဿ ဝူပသမနတော ပါနီယမ္ပိ ဂိလာန ပစ္စယော ဟူ၍ မိန့်အပ်၏။ ။

ပိပါသဂေလညဿ၊ ရေသိပ်ခြင်းဟူသော အနာကို။ ဝူပသမနတော၊ ငြိမ်းစေတတ်သောကြောင့်။ ပါနီယမ္ပိ၊ သောက်ရေသည်လည်း။ ဂိလာန ပစ္စယော၊ ဂိလာန ပစ္စည်း မည်သည်သာတည်း။ ။(ဤကားအနက်)။

ဒုတိယ ပုစ္ဆာ အဖြေပြီး၏။

---

(၈) ၎င်းသောက်ရေကို ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ သုံးဆောင်ကောင်းပါမည်လော။ ဆင်ခြင်၍ သုံးဆောင်ရမည်လော။ ။ဟူ၍ မေးလျှောက်ရာ၌။ ။သောက်ရေကိုပင်ဖြစ်သော်လည်း ပစ္စဝေက္ခဏာ ဆင်ခြင်၍ သုံးဆောင်အပ်၏ဟု မှတ်ရာ၏။ ထို့ကြောင့် ဝိသုဒ္ဓိမဂ်၌။

ပိဏ္ဍံ ဝိဟာရံ သယနာ သနဥ္စ၊ အာပဥ္စ သံဃာဋိရဇူ ပဝါဟနံ။ သုတွာန ဓမ္မံ သုဂတေန ဒေသိတံ၊ သင်္ခါယ သေဝေ ဝရပညသာဝကော။ ။ဟူ၍ သုတ္တနိပါတ် ဓမ္မိကသုတ်လာ ဂါထာကိုဆောင်၍ ဆိုအပ်၏။

သဗ္ဗာသဝသံဝရာဒီသု၊ သဗ္ဗာသဝသံဝရ စသည်တို့၌။ ပဋိသင်္ခါ ယောနိသော စီဝရံ ပဋိသေဝတိ သီတဿ ပဋိဃာတာယာတိ အာဒိနာ၊ ပဋိသင်္ခါ။ ပ။ ပဋိဃာတာယ။ ဤသို့ အစရှိသော။ နယေန၊ နည်းဖြင့်။ (ဤကား အာကာရ ထည့်သည်။) သုဂတေန၊ မြတ်စွာဘုရားသည်။ ဒေသိတံ၊ ဟောတော်

မူအပ်သော။ ဓမ္မံ၊ ပစ္စဝေက္ခဏာ ပါဠိတော်ကို။ သုတွာန၊ ကြားနာရ၍။ ဝရပညာသာဝကော၊ မြတ်သော ပညာရှိသော မြတ်စွာဘုရား၏ တပည့်သားတော်သည်။ ပိဏ္ဍဉ္စ၊ ဆွမ်းကိုရင်း။ ဝိဟာရဉ္စ၊ ကျောင်းကိုရင်း။ သယနာသနဉ္စ၊ ညောင်စောင်း အင်းပျဉ်စသော အိပ်ရာနေရာကိုရင်း။ သံဃာဋိရဇူပဝါဟနံ၊ ဒုကုဋ်၌ ကပ်သော မြူအညစ်အကြေးစသည်ကို ဆေးလျှော်တတ်သော။ အာပဉ္စ၊ ရေကို ပဋ္ဌာနပြု၍ ဟောအပ်သော ဆေးပစ္စည်းကိုရင်း။ တနည်း။ ရဇူပဝါဟကံ၊ မြူအညစ်အကြေးစသည်ကို ဆေးလျှော် တတ်သော။ အာပဉ္စ၊ ရေကိုရင်း။ ရဇူပဝါဟကံ၊ မြူအညစ်အကြေး စသော ဘေးရန်ကို ဖျောက်လွှင့် ကွယ်ကာတတ်သော။ သံဃာဋိံ စ၊ ဒုကုဋ်စသော သင်္ကန်းကိုရင်း။ သင်္ခါယ၊ ပညာဖြင့် ဆင်ခြင်၍။ ဝါ၊ ပစ္စဝေက္ခဏာ ဆင်ခြင်၍။ သေဝေ။ မှီဝဲသုံးရာ၏။ ။(ဤကားအနက်)။ ။

ဤသို့ အနက် ပေးရမည်ကိုလည်း။ ။သင်္ခါယ သေဝေ ဝရပညာသာဝကောတိ ပိဏ္ဍန္တိ ဝုတ္တံ ပိဏ္ဍပါတံ, ဝိဟာရာဒိပဒေဟိ ဝုတ္တံ သေနာသနံ, ပိပါသဂေလညဿ ဝူပသမနတော ပါနီယမ္ပိ ဂိလာနပစ္စယောတိ အာပမုခေန ဒဿိတံ ဂိလာနပစ္စယံ,သံဃာဋိယာဒိ စီဝရန္တိ စတုဗ္ဗိဓပစ္စယံ ပစ္စဝေက္ခိတွာ။ ဟူ၍ မိန့်အပ်သော ရှင်း၏အဘွင့် ဝိသုဒ္ဓိမဂ် မဟာဋီကာဖြင့် သိအပ်၏။ ။

သင်္ခါယ သေဝေ ဝရပညာသာဝကောတိ၊ ဟူသည်ကား။ ပိဏ္ဍန္တိ၊ ပိဏ္ဍံ ဟူ၍။ ဝုတ္တံ၊ ဟောတော်မူအပ်သော။ ပိဏ္ဍပါတဉ္စ၊ ဆွမ်းကိုရင်း။ ဝိဟာရာဒိပဒေဟိ၊ ဝိဟာရ အစရှိသော ပုဒ်တို့ဖြင့်။ ဝုတ္တံ၊ ဟောတော် မူအပ်သော။ သေနာသနဉ္စ၊ ကိုရင်း။ပိပါသဂေလညဿ၊ ရေသိပ်ခြင်း ဟူသော အနာကို။ ဝူပသမနတော၊ ငြိမ်းစေတတ်သောကြောင့်။ ပါနီယမ္ပိ၊ သောက်ရေသည်လည်း။ ဂိလာနပစ္စယော၊ ဂိလာနပစ္စည်းမည်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အာပမုခေန၊ ရေကို အဦးပြုသဖြင့်။ဒဿိတံ၊ ပြတော်မူအပ်သော။ ဂိလာနပစ္စယဉ္စ၊ ဆေးပစ္စည်းကိုရင်း။ သံဃာဋိယာဒိစီဝရဉ္စ၊ဒုကုဋ်အစရှိသောသင်္ကန်းကိုရင်း။ဣတိ၊ ဤသို့။စတုဗ္ဗိဓပစ္စယံ၊လေးပါး အပြားရှိသော ပစ္စည်းကို။ပစ္စဝေက္ခိတွာ၊ ပစ္စဝေက္ခဏာဆင်ခြင်၍။ ။(ဤကား အနက်)။ ။

တတိယ ပုစ္ဆာ အဖြေ ပြီး၏။

---

(ဃ) အကယ်၍ ပစ္စဝေက္ခဏာ ဆင်ခြင်၍ သုံးဆောင်ရပါလျှင် ပိဏ္ဍပါတ ဂိလာန ပစ္စဝေက္ခဏာ နှစ်မျိုးတို့တွင် အဘယ် ပစ္စဝေက္ခဏာကို ဆင်ခြင်ရပါမည်နည်း ဟူ၍ မေးလျှောက်ရာ၌။ ။သောက်ရေကို ပြဆိုအပ်ခဲ့ပြီးသော

နည်းဖြင့် ဆေးပစ္စည်းသို့ ထည့်သွင်း၍ ယူရသည်ဖြစ်သောကြောင့် ၎င်းသောက်ရေကို သောက်သောအခါ ဂိလာန ပစ္စယေကွဏာကို ဆင်ခြင်၍ သုံးဆောင်ရမည်။ သာမကကိုကား အောက်က ပြခဲ့သည့် အတိုင်းမှတ်။ ။

စတုတ္ထ ပုစ္ဆာအဖြေပြီး၏။ ပဥ္စမအဆိုပြီးပြီ။

၂။ ။ဒုတိယ အဆို။ ။ကျိုက်ထိုမြို့ ဘုရားသုံးဆူတောင် အရှင်နန္ဒမာလာ စီရင်တော်မူသော ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာ (မြန်မာပြန်) ပဥ္စမတွဲ-သီလနိဒ္ဒေသပိုင်း။

မြတ်သောပညာရှိ ဖြစ်တော်မူသော မြတ်စွာဘုရား၏ တပည့်သည် ဆွမ်းကိုရင်း၊ ကျောင်းအိပ်ရာ နေရာတို့ကိုရင်း၊ မြူအညစ်အကြေးစသော ဘေးရန်ကို ကာကွယ်ကြောင်း ဖြစ်သော ဒုကုဋ် သက်န်းကိုရင်း၊ ရေအစရှိသော ဆေးကိုရင်း မြတ်စွာဘုရားသည် ဟောတော်မူအပ်သော တရားကို နာရ၍ ပညာဖြင့် ဆင်ခြင်ပြီးလျှင် မှီဝဲသုံးဆောင်ရာ၏။

အကြင့်ကြောင့် ပညာဖြင့် ဆင်ခြင်၍ မှီဝဲသုံးဆောင် လေ့ရှိ၏။ ထို့ကြောင့် ကြာဘက်၌ ရေပေါက်သည် မလိမ်းကျံဘိသကဲ့သို့ ထို့အတူ ရဟန်းသည် ဆွမ်း၌ရင်း၊ ကျောင်း အိပ်ရာနေရာ၌ရင်း၊ မြူအညစ် အကြေး အစရှိသော ဘေးရန်ကို ကာကွယ်ကြောင်းဖြစ်သော ဒုကုဋ် သက်န်း၌ရင်း၊ ရေအစရှိသော ဆေးပစ္စည်း၌ရင်း၊ ဤပစ္စည်းလေးပါးတို့၌ တဏှာဖြင့် မလိမ်းကျံ မကပ်ငြိသည်ဖြစ်၏။

ဒုတိယ အဆို ပြီးပြီ။

၃။ ။တတိယအဆို။ ။ကဗျာပဏ္ဍိတဘွဲ့ ပဥ္စဖဆု ရွှေတံဆိပ်ရ၊ ဆရာတော် ဦးနိဂြောဓ အရှင်မြတ်စီရင်တော်မူသော ဝိနယ သမူဟ ဝိနိစ္ဆယကျမ်း-ဒုတိယတွဲ-ပစ္စဝေက္ခဏာဂဏ္ဌိကျမ်း။ ။

ပိပါသဝေလညာ ဝူပသမနတော ပါနီယမ္ပိ ဂိလာန ပစ္စယောတိ အာပမုခေန ဒဿိတံ ဂိလာန ပစ္စယံ။

ပိပါသဝေလညာ၊ ရေသိပ်ခြင်းတည်းဟူသော အနာ၏။ ဝူပသမနတော ငြိမ်းခြင်းကြောင့်။ ပါနီယမ္ပိ၊ ရေကိုလည်း။ ဂိလာနပစ္စယောတိ၊ ဂိလာန ပစ္စည်းဟူ၍။ အာပမုခေန၊ ရေကို အရင်းမူသဖြင့်။ ဒဿိတံ၊ ပြအပ်သော။ ဂိလာနပစ္စယံ၊ဆေးပစ္စည်းကို။ ဤသို့ ပြအပ်သည်နှင့် အညီ အချို့သော အရှင်

တို့သည် ရေကို သုံးဆောင်သော ကာလ ဂိလာနကို ဆင်ခြင်၍ သုံးဆောင်ရမည် ဟူကုန်၏။ ဆေးပစ္စည်းနှင့် တူသည်၏ အဖြစ်ကိုသာလျှင် သိအပ်၏။ ပစ္စဝေက္ခဏာ မဆင်ခြင်ခြင်းကြောင့် အာပတ်လည်းမသင့်။ ဣဏပရိဘောဂလည်း မဖြစ်။ အဘယ်ကြောင့်နည်း ဟူမူကား? ကာလိက (၄) ပါးတို့တွင် တပါးပါးမျှ၌ မပါဝင်သည်၏ အဖြစ်ကြောင့်တည်း။ ဆင်ခြင်လျှင် အကျိုးမရှိလော ဟူငြားအံ့? အကျိုးရှိ၏။ အကျိုးကို အလိုရှိ၍ ဆင်ခြင်လိုမူ၊ "ဥစ္စာရပဿာဝကမ္မေ သမ္ပဇာန ကာရီ ဟောတိ" ဟူ၍ မဟာသတိ ပဋ္ဌာနသုတ်၌ လာသော နည်းဖြင့် ဆင်ခြင်ရာ၏ဟု ဆရာကြီး ဆရာမြတ် ကျမ်းတတ်ပုဂ္ဂိုလ်ကျော်တို့ မိန့်ဆိုတော်မူကြကုန်သည်။

တတိယ အဆို ပြီးပြီ။

---

**မှတ်ချက်။** ။သောက်ရေကို ပစ္စဝေက္ခဏာ မဆင်ခြင်ပဲ သုံးဆောင်ခြင်းဖြင့် အာပတ်မသင့်သော်လည်း ဆင်ခြင်၍ သုံးဆောင်လျှင် အကျိုးရှိခြင်းကြောင့် သောက်ရေကို ဆာလောင်မှုတ်သိပ်ခြင်း ဟူသော အကြောင်းဖြင့် ပစ္စဝေက္ခဏာ ဆင်ခြင်၍ သုံးဆောင်အပ်၏။

ပစ္စဝေက္ခဏာ ဆင်ခြင်ရန် ပြီးပြီ။

---

## ၅၄။ ။အာပတ်သင့်ခြင်းအကြောင်း ၆ပါး

ထေရ, နဝ, မဇ္ဈိမ ဖြစ်ကုန်သော ရဟန်းတို့အား ခြောက်ပါးသော အကြောင်းတို့ကြောင့် အာပတ်တို့သည် သင့်ကုန်၏။ ၎င်း ၆ ပါးကား— (၁) အရှက်မရှိသည်၏ အဖြစ်၊ (၂) မသိသည်၏ အဖြစ်၊ (၃) အလိုလိုနှိုပ်စက်သည်၏အဖြစ်၊ (၄) မအပ်သော ဝတ္ထု၌ အပ်၏ဟုအမှတ် ရှိသည်၏ အဖြစ်၊ (၅) အပ်သော ဝတ္ထု၌ မအပ်ဟု အမှတ်ရှိသည်၏ အဖြစ်၊ (၆) သတိ မေ့လျော့သည်၏ အဖြစ်တို့တည်း၊ ဤခြောက်ပါးကုန်သော အကြောင်းတို့ဖြင့် အာပတ်သို့ရောက်၏။

**(၁) အရှက်မရှိ သည်၏ အဖြစ်ဖြင့် အဘယ်သို့ အာပတ်သို့ရောက်သနည်း။** ။အကြင်ရဟန်းသည် မအပ်သည်၏ အဖြစ်ကို သိလျက်ပင်လျှင် သိက္ခာပုဒ်ကို ကျော်နင်း၍ လွန်ကျူးခြင်းကိုပြု၏၊ ထိုရဟန်းသည် အရှက်မရှိသည်၏ အဖြစ်ဖြင့် အာပတ်သို့ရောက်၏။ ထို့ကြောင့် မြတ်စွာ ဘုရားသည် ပရိဝါ ပါဠိတော်၌။ ။သဉ္စိစ္စ အာပတ္တိံ အာပဇ္ဇတိ၊ အာပတ္တိံ ပရိဂူဟတိ

အဂတိ ဂမနဥ္စ ဂစ္ဆတိ၊ ဒေိဃော ဝုစ္စတိ အလဇ္ဇီပုဂ္ဂလော–ဟူ၍ ဟောတော်မူ၏။ ။ယော ပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ သဥ္စိစ္စ၊ သိက္ခာပုဒ်ကို လွန်ကျူးလိုသော စိတ်ရှိသည်ဖြစ်၍။ အာပတ္တိံ၊ အာပတ်သို့။ အာပဇ္ဇတိ၊ ရောက်၏။ အာပတ္တိံ၊ အာပတ်ကို။ ပရိဂူဟတိ၊ ဖုံးလွှမ်း၏။ အဂတိဂမနဥ္စ၊မလားအပ်သည့်ကို လားခြင်းသို့လည်း။ ဂစ္ဆတိ၊ ရောက်၏။ ဒေိဃော၊ ဤသို့သဘောရှိသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်ကို။ အလဇ္ဇီ ပုဂ္ဂလော၊ အလဇ္ဇီပုဂ္ဂိုလ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

**(၂) မသိသည်၏ အဖြစ်ဖြင့် အဘယ်သို့ အာပတ်သို့ ရောက်သနည်း။** ။သိက္ခာပုဒ်ကို မသိသော ပုဂ္ဂိုလ်သည် တွေဝေသည်ဖြစ်၍ ပြုအပ်သည်ကိုမသိသည်ဖြစ်၍ မပြုအပ်သော အမှုကိုပြု၏။ ပြုအပ်သော အမှုကို ချွတ်ယွင်းစေ၏။ ဤသို့ မသိသည်၏ အဖြစ်ဖြင့် အာပတ်သို့ရောက်၏။

**(၃) အဘယ်သို့ အလို့လို့ နှိပ်စက်သည်၏ အဖြစ်ဖြင့် အာပတ်သို့ ရောက်သနည်း။** ။အပ် မအပ်ကို မှီ၍ အလိုလို ဖြစ်သည်ရှိသော် ဝိနည်းမိုရ် ပုဂ္ဂိုလ်ကို မေး၍ အပ်သည်ဖြစ်အံ့ ပြုအပ်၏။ မအပ်သည်ဖြစ်အံ့၊ မပြုအပ်။ ယုံမှားသံသယ(ကုက္ကုစ္စ)ရှိလျက် ပြုလျှင် အပ်သည်ကို ပြုသော်လည်း ဒုက္ကဋ်အာပတ်သင့်၏။ ဤသို့ အလိုလို နှိပ်စက်သည်၏ အဖြစ်ဖြင့် အာပတ်သို့ ရောက်၏။ [မအပ်သည်ကို ပြုမိလျှင်ကား လွန်ကျူးသော သိက္ခာပုဒ်တော် အလိုက် အာပတ်သို့ ရောက်၏။]

**(၄) အဘယ်သို့ မအပ်သည်၌အပ်၏ဟူသော အမှတ်ဖြင့် အာပတ်သို့ရောက်သနည်း။** ။ဝံသားကို ဝက်သား ဟူ၍ စား၏။မွန်းလွဲသော အခါ၌ မလွဲသေး ဟူသော အမှတ်ဖြင့် စား၏။ ဤသို့ မအပ်သည်၌ အပ်၏ ဟူသော အမှတ်ဖြင့် အာပတ်သို့ရောက်၏။

**(၅) အပ်သည်၌ မအပ်ဟူသော အမှတ်ဖြင့် အဘယ်သို့ အာပတ်သို့ ရောက်သနည်း။** ။ဝက်သားကို ဝံသားဟူ၍ စား၏။ မွန်းမလွဲသေးပဲလျက် မွန်းလွဲပြီး ဟူသော အမှတ်ဖြင့် စား၏။ ဤသို့ အပ်သည်၌ မအပ်ဟူသော အမှတ်ဖြင့် အာပတ်သို့ ရောက်၏။

**(၆) သတိမေ့လျော့ခြင်းဖြင့် အဘယ်သို့ အာပတ်သို့ ရောက်သနည်း။** သဟသေယျသိက္ခာပုဒ်၊ စီဝရဝိပ္ပဝါသ သိက္ခာပုဒ်တို့ကို သတိမေ့လျော့သည်၏ အဖြစ်ဖြင့် အာပတ်သို့ ရောက်၏။

ဤခြောက်ပါးသော အခြင်းအရာတို့တွင် တပါးပါးသော အခြင်းအရာအားဖြင့် အာပတ်သို့ရောက်ကုန်၏။ [အစိပ္ပါယ် မရှင်းလင်းလျှင် ပါတိမောက်ဘာသာဋီကာ၏ အဆိုနှင့် ညှိ၍ ယူတော်မူကြပါကုန်။]

အာပတ်သင့်ခြင်းအကြောင်း ၆ ပါး ပြီးပြီ။

---

၅၅။ ။အာပတ်သင့်သူနှစ်ယောက်၊ မသင့်သူနှစ်ယောက်

ဘိက္ခု, ဘိက္ခုနီ၊ ဤနှစ်ယောက်သာလျှင် အာပတ်သင့်နိုင်သည်။ ဘုရား, ပစ္စေကဗုဒ္ဓါ၊ ဒွေ ပုဂ္ဂလာ အနာပတ္တိ။ ။[ပြီးပြီ။]

---

၅၆။ ။ကုသိုလ်ရသူ ၄ယောက်၊ ကုသိုလ်မရသူ ၃ယောက်

ပုထုဇဉ်, သောတာပန်, သကဒါဂါမ်, အနာဂါမ်၊ ဤလေးယောက်သာ အဝိဇ္ဇာအမိုက်ရှိသောကြောင့် ကုသိုလ်ရနိုင်သည်။ဘုရား, ပစ္စေကဗုဒ္ဓါ,ရဟန္တာ၊ ဤသုံးယောက် ကုသိုလ်မရ၊ ကြိယာသာရသည်။ အဝိဇ္ဇာအမိုက်ကင်းသောသူတို့ဖြစ်သောကြောင့်တည်း။ ။[ပြီးပြီ။]

---

၅၇။ ။ဘုရား ရှိ မရှိ အာပတ် သုံးမျိုး

လောဟိတုပ္ပါဒ အဘဗ္ဗ-ပါရာဇိက အာပတ်သည် ဘုရားရှိခိုက်သာ သင့်သည်၊ မထေရ်ကြီးကို "အာဝုသော"ဟု ခေါ်ခြင်းကြောင့် သင့်သော အာပတ်သည် ဘုရားမရှိမှသာ သင့်သည်။ ကြွင်းအာပတ် အားလုံးသည် ဘုရားရှိမရှိ အခါမရွေး သင့်ကုန်၏။ ထိုတွင် 'အာဝုသော အာပတ်'ကို ဝိနည်း၌ မပညတ်၊ သုတ်မဟာဝါ မဟာပရိနိဗ္ဗာနသုတ်၌ နိဗ္ဗာန်စံလုနီး ပညတ်သွားသည်ကို ရှင်ဥပါလိမထေရ်သည် ပရိဝါပါဠိတော်၌သွင်း၍ပြသည်။ ။ပြီးပြီ။]

---

၅၈။ ။ပါရာဇိကအမြွက်

လူ,နတ်, တိရိတ်၊ ပြိတ်,ဘီလူးတုံ၊ ဤငါးစုံ၊ မေထုန်ဝတ္ထုချည်း။

မေထုန်ဝတ္ထု ၅ မျိုး။ ။(၁) လူမျိုး, (၂) နတ်မျိုး၊ (၃) ဘီလူးမျိုး၊, (၄) ပြိတ္တာမျိုး၊, (၅) တိရစ္ဆာန်မျိုး၊ မေထုန်မှုမြောက်ထိုက်သော မေထုန်ဝတ္ထု ၅ မျိုး။

အထီး, အမ၊ ပဏ္ဍက၊ ဒွယ ဥဘတောဗျည်း။

အစိပ္ပါယ်။ ။(၁)ယောကျ်ား, (၂) မိန်းမ, (၃)ပဏ္ဍုက်, (၄-၅) ဥဘတောဗျည်း ၂ မျိုး၊ ဣတ္ထိဥဘတောဗျည်း၊ ပုရိသဥဘတောဗျည်း။

ကျင်ကြောင်းနှစ်ပါး၊ ခံတွင်းအား၊ သုံးပါးမဂ်ခေါ်နည်း။

မဂ် ၃ ပါး။ ။(၁)ကျင်ကြီးကြောင်း၊ (၂)ကျင်ငယ်ကြောင်း၊ (၃) ခံတွင်းပေါက်၊ မဂ် ၃ ပါးမည်၏။

မဂ်သုံးခုမှာ၊ စိုစွတ်ရာ၊ ပမာနှမ်းမျှတည်း။
နိမိတ်ရောက်ထိ၊ သာယာမိ၊ ပါရာဇိကချည်း။

အဓိပ္ပါယ်။ ။မဂ်အပေါင်းတို့တွင် တခုခုသော မဂ်၌ မိမိ၏ ပယောဂနှင့်သော်၎င်း၊ သူတပါး၏ ပယောဂနှင့်သော်၎င်း စိုစွတ်ရာအရပ်တွင်းသို့နှမ်းတစေ့ခန့်မျှ မိမိ၏ အင်္ဂါနိမိတ်ရောက်သည့်, ထိသည်ကို သာယာသော စိတ်ဖြစ်ငြားအံ့၊ ပါရာဇိကကျ၏။ သာယာဆဲခဏ၌ ရဟန်းဘဝမှလည်း ရွေ့လျော၏။ နောင်လည်း ရဟန်းတဖန် မပြုထိုက်ဟူလို။

ရွှေစင်တမတ်၊ ခေတ်လိုက်ဖြတ်၊ ထိုက်လတ်လူ့ပစ္စည်း။
ခိုးခြင်းဆဲ့ငါး၊ တပါးပါး၊ ခိုးငြားရှုံးခဲ့ပြီ။

အဓိပ္ပါယ်။ ။ရွှေစင်တမတ် ထိုက်တန်သော ဝတ္ထုသည် ပါရာဇိက ကျလောက်၏။ [ထိုရွှေစင်တမတ်၏တန်ဖိုးကို အဒိန္နာဒါနသိက္ခာပုဒ်၌ ပြခဲ့သည့်အတိုင်း ခေတ်အလိုက် ဖြစ်ပေါ်နေသည့် ရွှေပေါက်ဈေးနှင့် တွက်၍ ယူအပ်၏။] လူမျိုးဇာတိရှိသောသူ၏ ဥစ္စာမှသာ ပါရာဇိကကျ၏၊ နတ်, ဘီလူး, ပြိတ္တာ, တိရစ္ဆာန်တို့၏ ဥစ္စာ၌ ပါရာဇိကမကျ၊ ထိုလူ၏ ဥစ္စာကို ၁၅ပါးသော ခိုးခြင်းတို့တွင် တပါးပါးသော ခိုးခြင်းဖြင့် ခိုးယူငြားအံ့၊ ရှုံးခြင်းသို့ ရောက်ပြီ မှတ်။

ခိုးခြင်း ၂၅ ပါးရှိသည်တွင် နာနာဘဏ္ဍပဉ္စက, ကေဘဏ္ဍပဉ္စက ၂ ပါးသည် ကြွင်းသော ပဉ္စက ၃ ပါးတို့၌ အတွင်းဝင်လေ သောကြောင့် ဤ၌ ၁၅ ပါး ဆိုသည်။

ကိုယ်တိုင်စေနည်း၊ စွန့်လွှတ်နည်း၊ ကျိုးပြီးဝန်ချငါး။

ခိုးနည်း ၅ ပါး။ ။(၁)ကိုယ်တိုင်ခိုးနည်း၊ (၂)စေခိုင်း၍ ခိုးနည်း၊ (၃) စွန့်လွှတ်၍ ခိုးနည်း၊ (၄)မခိုးမီကပင် ခိုးခြင်းအကျိုးပြီးစီးနှင့် ရသော ခိုးနည်း၊ (၅)ဝန်ချမှုနှင့်ပြီးစီးသော ခိုးနည်း–ဟူ၍ ၅ပါး။ ။[သာဟတ္ထိက ပဉ္စကတည်း။]

ရှေးကျ, ပြိုင်ကျ၊ တိုင်ပင်ကျ၊ ချိန်းကျ, မှတ်ကျငါး။

ကျနည်း ၅ ပါး။ ။(၁)ခိုးမှုပယောဂ မပြီးမီရှေး၌ ပါရာဇိကကျနည်း၊ (၂)ခိုးမှုပယောဂနှင့်အတူတကွပြိုင်၍ ကျနည်း၊ (၃) မခိုးမီကပင် တိုင်ပင်ရာ၌

ကျနည်း၊ (၄)မခိုးမီပင် အချိန်ပေးမှု ချိန်းချက်မှု၌ ကျနည်း။ (၅)မခိုးမီပင် အမှတ်သညာပေးမှု၌ ကျနည်း—ဟူ၍ ၅ ပါး။ ။[ပုဗ္ဗပယောဂ ပဉ္စက တည်း။]

**ချောင်းလိမ်, နိုင်ထက်၊ကြံဘန်ချက်၊ ဖုံးဝှက်, ပြောင်းကမ္ဗည်း။**

**ယူနည်း ၅ ပါး။** ။(၁)ချောင်းမြောင်း ဖုံးကွယ် လိမ်လည်လှည့်စား၍ ယူနည်း၊ (၂) အနိုင်အထက်ကျင့်၍ ယူနည်း၊ (၃)ကြံဘန်မှန်းဆ၍ ယူနည်း၊ (၄)ဝတ္ထုကို ဖုံးဝှက်၍ ယူနည်း၊ (၅)လိပ်ကမ္ဗည်း ဒဏ်ပြောင်းလဲ၍ယူနည်း—ဟူ၍ ၅ ပါး။ ။[ထေယျာဝဟာရ ပဉ္စကကည်း။]

**လူ့အသက်ကို၊ သေစေလို၊ ကိုယ်, နှုတ်စေ့ဆော်ဘိ။**
**စေ့ဆော်ချက်ကြောင့်၊ အသက်ဇီဝ၊ သေဆုံးက၊ ကျပြီး ပါရာဇိ။**

**အဓိပ္ပါယ်။** ။ပဋိသန္ဓေတည်နေခြင်းကို အရင်းအစပြု၍ လူသတ္တဝါ၏ အသက်ကို သေစေလိုသောစိတ်ဖြင့် ကိုယ်ပယောဂ, နှုတ်ပယောဂကို ပြုသော် ထိုပယောဂကြောင့် ထိုလူသတ္တဝါ သေခဲ့အံ့၊ ပါရာဇိက ကျ၏။

**ကိုယ်တိုင်, ခိုင်းစေ၊ ပစ်လွှတ်ထွေ၊ ပုံသေ ထာဝရ။**
**ဝိဇ္ဇာမန္တန်၊တန်ခိုးဘန်၊ ခြောက်တန် ပယောဂ။**

**ပယောဂ ၆ ပါး။** ။(၁)ကိုယ်တိုင်သတ်ခြင်း၊ (၂)သူတပါးကို ခိုင်းစေ၍ သတ်ခြင်း၊ (၃) လက်နက်နှင့် ပစ်လွှတ်၍ သတ်ခြင်း၊ (၄) ထာဝရ ပယောဂကို ပြု၍ သတ်ခြင်း၊ (၅)မန္တန် မန္တရား, ဆေးဝါး, အင်းအိုင်-ဟူသော ဝိဇ္ဇာမယ အတတ်နှင့် သတ်ခြင်း၊ (၆) ကမ္မဝိပါက ဣဒ္ဓိတန်ခိုးနှင့် သတ်ခြင်း-ဟူ၍ ပယောဂ ၆ ပါးရှိ၏။

**ဝတ္ထု, ကာလ၊ ဩကာသ၊ သတ္ထ, ဣရိယာ။**
**အမှုထွေပြား၊ ဤခြောက်ပါး၊ သူ့အားစေခိုင်းရာ။**

**အဓိပ္ပါယ်။** ။(၁)သတ်အပ်သော သူ-ဟူသောဝတ္ထု၊ (၂)အချိန်ကာလ၊ (၃)အရပ်ဌာန၊ (၄)လက်နက်၊ (၅)ဣရိယာပုထ်၊ (၆)ထိုးခြင်း, ခုတ်ခြင်း စသော သတ်မှုကြိယာအထွေအပြား၊ ဤကား သူတပါးအား စေခိုင်း ရာ၌ စေခိုင်းသူ ကံမြောက်သည်-မမြောက်သည်ကို ဆုံးဖြတ်ကြောင်း ၆ ပါး တည်း။

**ကံမြောက်-မမြောက်။** ။ဤသူကိုသတ်ချေ-ဟု စေရာ၌ ထိုသူကိုသတ်မှ စေခိုင်းသူ ကံမြောက်သည်၊ သူတပါးကိုသတ်လျှင် ကံမမြောက်၊ ဤအချိန်

မှာ သတ်ချေ-ဟု စေရာ၌ ထိုအချိန်မှာ သတ်မှ စေခိုင်းသူ ကံမြောက်သည်၊ အချိန်လွဲလျှင် စေခိုင်းသူကံမမြောက်။

မှတ်ချက်။ ။ဤအတူ နေရာ အရပ်ဌာနကို မှတ်၍ စေခိုင်းရာ၌ငင်း၊ မည်သည့် ဣရိယာပုထ်မှာ သတ်လေ-ဟု ဣရိယာပုထ်ကို မှတ်၍ စေခိုင်းရာ၌ ငင်း၊ ထိုးခြင်း, ခုတ်ခြင်း စသည်တို့တွင် တခုခုကိုမှတ်၍ စေခိုင်းရာ၌ငင်း၊ စေခိုင်းတိုင်းကျမှစေခိုင်းသူ ကံမြောက်သည်။ တခုခုလွဲလျှင် စေခိုင်းသူ လွတ်လေ၏။

တိုက်တွန်း, ချီးမွမ်း၊ သေဘို့ညွှန်း၊ စွန်းပြီထိုသူ့မှာ။

အဓိပ္ပါယ်။ ။မသေတဲ့ နိုင်သော သူကို သေတဲ့နိုင်အောင် တိုက်တွန်းမှု၊ မသေချင် သောသူ, မသေဝံ့သောသူကို သေချင်အောင်, သေဝံ့အောင် သေမှုကို ချီးမွမ်းမှု၊ သေလိုသော သူကို သေရန် နည်းလမ်း ပြညွှန်းမှုများ သည်လည်း ပယောဂ စွန်းငြိလျက်ရှိ၏။ ထိုပယောဂကြောင့် သေခဲ့လျှင် ပါရာဇိက ကျ၏။

စျာန်, မဂ်,ဖိုလ်ကို၊ ကိုယ်၌ရှိပြု၊ ပြောကြားမှု၊ မုသားပါရာဇိ။

အဓိပ္ပါယ်။ ။မိမိကိုယ်၌ မရှိသော စျာန်, မဂ်, ဖိုလ်တို့ကို မိမိကိုယ်၌ အရှိပြု၍ လူဇာတ်ရှိသော သူအား မုသားစိုက်၍ တိုက်ရိုက်ပြောကြားခဲ့သည် ရှိသော် ပါရာဇိက ကျ၏။

ရဟန်းစင်ဘိ၊ တိတ္ထိအမူ၊ အသွင်ယူ၊ မှတ်ယူပါရာဇိ။

အဓိပ္ပါယ်။ ။ရဟန်း ဖြစ်ပါလျက် တိတ္ထိတို့၏ အယူကို နှစ်သက်၍ တိတ္ထိတို့၏ အသွင်ကို ယူခဲ့အံ့၊ ပါရာဇိက ကျ၏။

---

ပါရာဇိက ကုစားနည်း

ပါရာဇိက၊ သင့်တုံက၊ ကုသ လမ်းမရှိ။ ။[သိသာပြီ။]
လူ့ သာမဏေ၊ လုပ်၍နေ၊ စင်လေအာပတ္တိ။ ။[သိသာပြီ။]
စျာန်, မဂ် အန္တရာယ်၊ မငြိတွယ်၊ စင်ကြယ်ဝိသုဒ္ဓိ။ ။[သိသာပြီ။]

---

ရှင်သာမဏေအတွက်

ရဟန်းတော်များ၊ မပြောငြားဘဲ၊
လျှောက်လျှားကိုယ်စိုး၊ ရှင်လုပ်မျိုး လိင်ခိုးပါရာဇိ။

အဓိပ္ပါယ်။ ။ရဟန်းများထံ သက်န်းတောင်းမှု, သက်န်းပေးမှု မရှိ၊ မိမိ အလိုအလျှောက် ကိုယ်စိုးရ, စိတ်စိုးရ သက်န်းကို ဝတ်၍ ရှင်သာမဏေ လုပ်

သော အမှုမျိုးသည် လိင်ခိုး ပါရာဇိက မည်၏။ ဤသို့ ဝတ်ပြီး၍ နောက်၌ ရဟန်းကောင်း, ရှင်ကောင်းများနှင့် ပေါင်းဖော်ခြင်းကို ပြုပြန်မူကား လိင်ခိုး ထေရ်ခိုး ၂ မျိုးဖြစ်၏။ [ဥဘယ ထေနက-ခေါ်၏။]

**ကပ်, မင်း, ရန်သူ၊ခိုးသူဒမြ၊ ကန္တာရ၊ ရောဂအပ်ကြောင်းရှိ။**

**အဓိပ္ပါယ်။** ။ကပ်ဥပဒ်ဘေး, မင်းဘေး, ရန်သူဘေး, ခိုးသူ-ဒမြဘေး, ကန္တာရခရီးခဲဘေး, မိမိ၌ စွဲရှိသော အနာရောဂါဘေး၊ ဤဘေးစုမှ လွတ်ခြင်းငှါ သင်္ကန်းကို အလိုအလျောက် ဝတ်သော်လည်း အပြစ်မရှိ။

**အကြောင်းရှိ၍၊ ဝတ်မိပြီးခါ၊သာမဏေကောင်း၊ ရဟန်းကောင်းနှင့်၊**
**ပေါင်းဖော်သမျှ၊ စိတ်မရိုး၊ ထေရ်ခိုးပါရာဇိ။**

**အဓိပ္ပါယ်။** ။ကပ်ဘေးစသည်မှ လွတ်မြောက်နိုင်ရန် မိမိအလိုလို သင်္ကန်းကို ဝတ်ပြီးသော အခါ၌ တပါးသော သာမဏေကောင်း, ရဟန်းကောင်းတို့နှင့် တွေ့ကြုံသောအခါ မိမိကိုယ်ကို ဟုတ်မှန်တိုင်း ပြောကြားရမည်ကို မပြောကြားပဲ ရှင်ကောင်း, ရဟန်းကောင်းတို့နှင့် ပေါင်းဖော် ဆက်ဆံခြင်းကို ပြုခဲ့အံ့၊ မရိုးမဖြောင့်သော စိတ်ဖြင့် ပေါင်းဖော်ခြင်းကြောင့် ထေရ်ခိုး ပါရာဇိက ရောက်၏။

**သာမဏေစင်၊ ဖြစ်လျက် ပင်ကို၊ သံဃာနှင့်သာ၊ တွေ့သောခါ၌၊**
**ငါရဟန်းဟု၊ ပြခန်းတမျိုး၊ စိတ်မရိုး၊ ထေရ်ခိုးပါရာဇိ။**

**အဓိပ္ပါယ်။** ။သာမဏေ ကောင်းသည် ရဟန်းများနှင့် တွေ့ကြုံသော အခါ၌ မိမိကိုယ်ကို ရဟန်း-ဟု ပြောပြောအံ့၊ ထေရ်ခိုးပါရာဇိက ရောက်၏။

---

## လူဝတ်ကြောင်အတွက်

**မိ,ဘ, ရဟန္တာ၊ သတ်သုံးဖြာ၊ သံဃာသင်းခွဲမှု။**
**သွေးစိမ်းတည်စေ၊ ဤငါးထွေ၊ ရှုံးလေရှင်ဖြစ်မှု။**

**အနန္တရိယကံ ၅ပါး။** ။(၁)အမိကို သတ်သောသူ၊ (၂)အဘကို သတ်သောသူ။ (၃) ရဟန္တာကို သတ်သောသူ၊ (၄)သံဃာကို သင်းခွဲသောသူ၊ (၅)မြတ်စွာဘုရား၌ သွေးစိမ်းတည်အောင် ပြုသောသူ။ ။ဤငါးဦးတို့သည် အနန္တရိယကံထိုက်၍ ရှင်သာမဏေအဖြစ်ကို မရနိုင်ကုန်၊ ပဥ္စင်းအဖြစ်ကို မရနိုင်ကုန်၊ ပဥ္စင်းခံမပေးအပ်၊ ပဥ္စင်းခံပေးမိသည်ရှိသော် (အသွင်ကို) ဖျက်ရမည်-ဟု မိန့်တော်မူ၏။

ဘိက္ခုနီအား၊ မင်္ဂလာသုံးပါး၊ ဖြစ်မှားကျူးလွန်ပြု။ ။[သိသာပြီ။]
ဥဘောဗျည်းပါ၊ ဤနှစ်ဖြာ၊ ပါရာဇိကစု။ ။[သိသာပြီ။]

ပါရာဇိကကျ ၃ မျိုး။ ။၁။ ရဟန်းပါရာဇိကကျ၊
၂။ ရှင်သာမဏေပါရာဇိကကျ၊
၃။ လူပါရာဇိကကျ၊ ၃ မျိုး။

ပါရာဇိကအမြွက်ပြီးပြီ။

---

၅၉။ ။သံဃာဒိသိသ်(ဝုဋ္ဌာနဂါမ်)အာပတ်ကုစားနည်း
သင့်တုံအာပတ်၊ ပကတတ်၊ ကင်းလတ်အန္တရာယ်။
ကြားငှါစွမ်းငြား၊ သညီပွား၊ ရှစ်ပါးသရုပ်ချယ်။
ဖုံးလွှမ်းလိုငြား၊ ဖုံးလွှမ်းငြား၊ ဆယ်ပါးဖုံးလွှမ်းဘွယ်။

အာပတ်ဖုံးလွှမ်းမှုအင်္ဂါ။ ။(၁)သညီပွားဆိုသည်ကား– အာပတ်သင့်သည်လည်း ဖြစ်စေ, (၂)အာပတ်သင့်ပြီ-ဟူသော အမှတ်ရှိသည်လည်း ဖြစ်စေ၊ (၃)ဥက္ခိတ္တက ရဟန်းမဟုတ်၊ ပကတတ်ရဟန်း မှန်သည်လည်း ဖြစ်စေ၊ (၄)ငါကား ပကတတ်ရဟန်းပဲ-ဟု အမှတ်ရှိသည်လည်း ဖြစ်စေ၊(၅)ထိုအခါ၌ အန္တရာယ် ၁၀ ပါးမရှိသည်လည်း ဖြစ်စေ၊ (၆)မရှိ-ဟု သိသည်လည်း ဖြစ်စေ၊ (၇) ဒေသနာပြောရန် တပါးသော ရဟန်းထံသို့သွားနိုင်, ဒေသနာပြောနိုင်သည်လည်းဖြစ်စေ၊ (၈) သွားနိုင်,ပြောနိုင်၏-ဟု သိသည်လည်း ဖြစ်စေ၊ ဤသို့ ရှေ့ ၄ ပါးကို အမှတ်အသိနှင့်အသီ.သီးပွား၍ ၈ ပါးဖြစ်အောင် ဝေဖန်ရမည်။ (၉) ၎င်း ၈ပါးကို ဖုံးလွှမ်းလိုသောစိတ်ရှိသည်လည်း ဖြစ်စေ၊ (၁၀) ဒေသနာ မပြောမူ၍ အရုဏ်တက်စေသဖြင့် ဖုံးလွှမ်းသည်လည်း ဖြစ်စေ၊ ဤ ၂ ပါးကို ထည့်သော် အာပတ် ဖုံးလွှမ်းကြောင်း အင်္ဂါ ၁၀ ပါး ဖြစ်၏။

ပါရာဇိကမှတပါး ခပ်သိမ်းသော အာပတ်တို့နှင့် ဆက်ဆံသော အင်္ဂါစုပေတည်း၊ ဤအင်္ဂါ ၁၀ ပါးနှင့်ညီညွတ်စွာ ဖုံးလွှမ်းခဲ့လျှင် ခပ်သိမ်းသော အာပတ်တို့၌ပင် အရုဏ်တက်သည်နှင့်တပြိုင်နက် ပဋိစ္ဆာဒန ဒုက္ကဋ် ထပ်မံ၍ သင့်၏၊ သံဃာဒိသိသ်အာပတ်ကို ဖုံးလွှမ်းခဲ့သော် ထိုသံဃာဒိသိသ် အာပတ်သည် ပဋိစ္ဆန္န အာပတ်မည်၏။

သံဃာဒိသိသ်အာပတ်-ဟူ၍ မသိသော်လည်း ယခု ငါပြုသော အမှုသည် အာပတ်သင့်သော အမှုဖြစ်သည်ဟု ဝတ္ထုကို သိလျက်နှင့် ဖုံးလွှမ်းလျှင်ပင်

ပဋိစ္ဆန္နဖြစ်ပြီ၊ တပါးသော အာပတ်-ဟု ထင်မှတ်ခဲ့သော်ငြား၊ သံဃာဒိသိသ် ဟုတ်မည်လော-ဟု ယုံမှားမိခဲ့သော်ငြား ဖုံးလွှမ်းသော်လည်း ပဋိစ္ဆန္န မဖြစ်။

**မဖုံးလွှမ်းမူ၊ မာနတ်ယူ၊ ဖုံးမူပရိဝါသ်။** ။[သိသာပြီ။]
**အပဋိစ္ဆန်၊ ပဋိစ္ဆန်၊နှစ်တန် မာနတ်မှတ်။**

**မာနတ် ၂ မျိုး။** ။၁။ အပဋိစ္ဆန္နမာနတ်,

၂။ ပဋိစ္ဆန္န မာနတ်-ဟူ၍ မာနတ်ကျင့်မှု ၂မျိုး ရှိ၏။

**ဒေသနာ ပြောပုံ။** ။အာပတ်သင့်၍ ထိုနေ့ အရုဏ်မတက်မီ အတွင်း၌ တပါးသော ရဟန်းထံ၌ "အဟံ ဘန္တေ သံဃာဒိသေသံ အာပန္နော၊ တံ တုမှမူလေ အာဝိကံရောမိ"ဟူ၍ငြား၊ "အဟံ ဘန္တေ သမ္ဗဟုလာ သံဃာ ဒိသေသာ အာပတ္တိယော အာရောစေမိ"ဟူ၍ငြား၊ "အဟံ ဘန္တေ သမ္ဗာ အာပတ္တိယော အာဝိကရောမိ"ဟူ၍ငြား ပြောခဲ့လျှင် ဖုံးလွှမ်းခြင်း မရှိပြီ၊ ဒေသနာ ဂါမ်အာပတ် မဟုတ်သောကြောင့်"ပဋိ ဒေသေမိ"ဟူ၍ မဆိုရ။

**အပဋိစ္ဆန္နမာနတ်။** ။ထိုအပဋိစ္ဆန္န အာပတ်အတွက် ကျင့်ရသော မာနတ် သည် အပဋိစ္ဆန္နမာနတ် မည်၏။

**ပဋိစ္ဆန္နမာနတ်။** ။ဖုံးလွှမ်းသော ပဋိစ္ဆန္န အာပတ်အတွက် ဖုံးလွှမ်းသော ရက်အရေအတွက် စေ့အောင် ပရိဝါသ်နေပြီးမှ ထိုပရိဝါသ်၏ အဆုံး၌ ကျင့်ရသော မာနတ်သည် ပဋိစ္ဆန္န မာနတ်မည်၏။

**ပဋိစ္ဆန္န၊ သမောဓာန်၊ သုဒ္ဓန် ပရိဝါသ်။**

**ပရိဝါသ် ၃မျိုး။** ။ပရိဝါသ်သည်(၁) ပဋိစ္ဆန္န ပရိဝါသ်၊(၂) သမော ဓာန ပရိဝါသ်၊ (၃) သုဒ္ဓန္တ ပရိဝါသ်-ဟူ၍ ၃ မျိုးရှိ၏။

**ဩဓာန်, အဂ္ဃ၊မိဿကံ၊ သုံးတန် သမောမှတ်။**

**ပရိဝါသ်အပြား။** ။ပဋိစ္ဆန္နပရိဝါသ်သည် အပြား မရှိ၊ သမော ဓာန ပရိဝါသ်သည်-(၁) ဩဓာန သမောဓာန်၊ (၂) အဂ္ဃသမောဓာန်၊ (၃) မိဿက သမောဓာန်-ဟူ၍ ၃ ပါးပြား၏။

**ဝတ်တင်းလင်းရှိ၊ သံဃာဒိ၊ သင့်ဘိအန္တရာ။**
**ကျင့်ပြီးရက်တွင်း၊ ပျက်တုံလျှင်း၊ အရင်းငင်ဘိုရာ။**
**အန္တရာပတ်၊ မဖုံးလတ်၊ မာနတ်မှာ ထည့်ပါ။**
**ဖုံးလွှမ်းခဲ့လျှင်း၊ မူလတွင်း၊ ပေါင်းသွင်းဩဓာနာ။**

**ဩဓာန သမောဓာန်**။ ။ဝတ်ကို မချမီအတွင်း ဝတ်တင်းလင်းရှိနေစဉ် သင့်လာသော သံဃာ ဒိသိသ် အာပတ်သည် အန္တရာပတ်မည်၏၊အန္တရာပတ် သင့်သည် ရှိသော် ကျင့်ပြီးသော ရက်စုသည် ပျက်၍ ကုန်၏၊ ထိုပုဂ္ဂိုလ်ကို ဥတ်ကမ္မဝါစာဖြင့် အရင်းသို့ ငင်ရ၏၊ ထိုအန္တရာပတ်ကို မဖုံးလွှမ်းခဲ့လျှင် ဩဓာန ပရိဝါသ်ကို မပေးရ၊ ထိုအန္တရာပတ်ကို မာနတ်၌ ထည့်သွင်းရသည်၊ ဖုံးလွှမ်းခဲ့သည် ရှိသော် ထိုအန္တရာပတ်ကို မူလအာပတ်၌ ပေါင်း၍ ပရိဝါသ် အသစ်ပေးရသည်၊ ဤပရိဝါသ်ကို ဩဓာန သမောဓာန် ခေါ်သည်။

**မှတ်ချက်**။ ။ဝတ်ကို ချ၍ ထားဆဲ အခါ၌ သင့်သော သံဃာဒိသိသ်ကို မူကား အန္တရာပတ်-ဟူ၍ မဆိုအပ်၊ မဖုံးလွှမ်းခဲ့လျှင် မာနတ်၌ ထည့်သွင်းရမည်၊ ဖုံးလွှမ်းခဲ့လျှင် နောက်မှ အသီးအခြား ပရိဝါသ် နေရမည်။

အန္တရာပတ် သင့်မှုသည်-(၁)ပရိဝါသ် ကျင့်ဆဲ၌ သင့်သည် လည်းရှိ၏၊ (၂) ပရိဝါသ် ရက်စေ့ပြီးသော မာနတ္တာရဟ အခိုက်၌ သင့်သည်လည်းရှိ၏၊ (၃) မာနတ် ကျင့်ဆဲ၌ သင့်သည်လည်းရှိ၏၊ (၄) မာနတ်ရက်စေ့ပြီးသော အဗ္ဘာနာရဟအခိုက်၌ သင့်သည်လည်းရှိ၏၊ အဗ္ဘာနာရဟ အခိုက်၌ပင် သင့်သော်လည်း ပရိဝါသ် ကျင့်ပြီးသော ရက်တို့ပါ အကုန် ပျက်ကုန်၏၊ အစ, အလယ်တို့၌ သင့်မှု ဆိုဖွယ်မရှိ။

**ရှည်,တိုထွေလာ၊ အာပတ်အများ၊ ရှိငြားတထုံး၊ အရှည်ဆုံး၌၊**
**ပေါင်းရုံး၍သာ၊ ကျင့်ဆောင်ရာ၊ မှတ်ပါအဂ္ဃတည်း။**

**အဂ္ဃသမောဓာန်**။ ။ရက်ရှည် ဖုံးလွှမ်းသော အာပတ်, ရက်တို ဖုံးလွှမ်းသော အာပတ်-ဟူ၍ အထွေအလာ သံဃာ ဒိသိသ် အာပတ်အများရှိနေခဲ့သော် အရှည်ဆုံးသော အာပတ်၌ အလုံးစုံကို ပေါင်းရုံး၍ ပေးအပ်,ကျင့်အပ်သော ပရိဝါသ်သည် အဂ္ဃသမောဓာန်မည်၏။

**မတူအမှု၊ ဝတ္ထုထွေပြား၊ အာပတ်များ၊ ပေါင်းငြားမိဿက။**

**မိဿက သမောဓာန်**။ ။အချို့သော အာပတ်ကား-သုက္ကဝိဿဋ္ဌိမှုနှင့် သင့်သည်၊ အချို့ကား-ကာယ သံသဂ္ဂမှုနှင့် သင့်သည်၊ ဤသို့ စသည်ဖြင့် အမှုဝတ္ထု မတူကြသော အာပတ်အများတို့ကို ပေါင်းရုံး၍ ပေးအပ်, ကျင့်အပ်သော ပရိဝါသ်သည် မိဿက သမောဓာန်မည်၏။

**ဖုံးလွှမ်းရက်ကို၊ သက်သက်မသိ၊ မမှတ်မိငြား၊**
**ယုံမှားရှိရာ၊ ကျင့်အပ်စွာ၊ သညာသုဒ္ဓန္တ။**
**စူဠ,မဟာ၊ သုဒ္ဓန်မှာ၊ နှစ်ဖြာအပြားရ။**

**သုဒ္ဓန္တပရိဝါသ်**။ ။သံဃာဒိသိသ် အာပတ် အနည်း, အများ သင့်ပြီး၍ ရက်ပေါင်းမည်မျှ ဖုံးလွှမ်းမိသည်-ဟူ၍ သက်သက် မသိသော သူ, မမှတ်မိသောသူ, ယုံမှား ဒွိဟရှိ၍ နေသော သူအား ပေးအပ်ကျင့်အပ်သော ပရိဝါသ်သည်သုဒ္ဓန္တ ပရိဝါသ်မည်၏။

ထိုသုဒ္ဓန်သည်-(၁) စူဠသုဒ္ဓန်၊ (၂) မဟာ သုဒ္ဓန်-ဟူ၍ ၂ ပါးရှိ၏။

**စူဠသုဒ္ဓန်**။ ။ရဟန်းခံသော နေ့မှစ၍ မည်သည့်ရက်, မည်သည့်လတိုင်အောင် ငါသည် စင်ကြယ်ခဲ့၏၊ သည်က နောက်ကို သံဃာဒိသိသ်မှ စင်ကြယ်သည်-ဟူ၍ မထင်ရှိနေရာ၌ စင်ကြယ်သည် မထင်သောနေ့, ရက်စုကို ရေတွက်၍ ထိုနေ့, ရက်စု အရေအတွက်ခစ့အောင် ကျင့်ရသော သုဒ္ဓန်သည် စူဠသုဒ္ဓန်မည်၏။

**မဟာသုဒ္ဓန်**။ ။ရဟန်းခံသော နေ့မှစ၍ ယနေ့တိုင်အောင်ပင် သံဃာဒိသိသ် အာပတ်မှ တနေ့, တရက်မှ စင်ကြယ်သည် မထင်ရှိနေရာ၌ ရဟန်းခံသောနေ့မှ စ၍ ပရိဝါသ်ယူသော နေ့တိုင်အောင် နေ့ရက်တို့ကို ရေတွက်၍ စေ့အောင် ကျင့်ရသော သုဒ္ဓန်သည် မဟာသုဒ္ဓန်မည်၏။

**အနိက္ခိတ္တ၊ နိက္ခိတ္တ၊ ပြားထဝတ်နှစ်မျိုး။**

**အနိက္ခိတ္တဝတ်**။ ။ရဟန်းသံဃာနည်းပါး၍ စောင့်ရှောက် ခြင်းငှါ လွယ်သော အရပ်ဒေသ၌ အနိက္ခိတ္တဝတ်လျော်၏။

**မှတ်ချက်**။ ။သိမ်အပြင်၌ ဆောက်တည်၍ တကြိမ် ကြားပြီး နောက်အဗ္ဘာန် သွင်းသည့်တိုင်အောင် မချပဲ ကျင့်ရသော ဝတ်ကို အနိက္ခိတ္တဝတ်ခေါ်သည်။ ။[နိက္ခိတ္တဝတ်ကား သိသာပြီ။]

**အနာရောစ၊ သဟဝါသာ၊ ဝိပ္ပဝါ၊ သုံးဖြာဝတ်ပျက်ကြောင်း။**

**ရတ္တိစ္ဆေဒ ၃မျိုး**။ ။(၁) အနာရောစန ၁ ပါး၊ (၂) သဟဝါသ ၁ ပါး (၃) ဝိပ္ပဝါသ ၁ ပါး၊ ကျင့်ဆောက်တည်၍ နေသောဝတ် ပျက်ကြောင်း ၃ ပါးတည်း။ ။ရတ္တိစ္ဆေဒ ၃ ပါး ခေါ်သည်။

**တိုက်တွင်းနေခါ၊ တိုက်လုံးသာ၊ ပြင်မှာတောင်ဆယ့်နှစ်။**
**ဒိဋ္ဌ, သုတ၊ ရှိချေက၊ ၎ာနမရွှေ့ခေတ်။**

**အဓိပ္ပါယ်**။ ။တိုက်တွင်း၌သာနေ၍ ကျင့်သူမှာ တိုက်တာ ဥပစာရသိမ် တခုလုံးသည် အာရောစန ခေတ်ပေတည်း၊ တိုက်ပြင်၌ ထွက်၍ ကျင့်သူမှာ မိမိနေရာမှ ၁၂ တောင်တွင်း အရပ်သည် အာရောစနခေတ်ပေတည်း။

နိက္ခိတ္တ ဝတ်သားတို့မှာ တိုက်တွင်း၌လည်း ၁၂ တောင်သာ အာရောစန ခေတ်ရှိ၏-ဟု လာသော ဋီကာ ဝါဒကို မယူအပ်။

ထိုခေတ်အတွင်းသို့ ရောက်လာသမျှသော ရဟန်းတို့ကို မကြားဘဲ မနေရ၊ ရဟန်းသစ် ရောက်လာမှန်း သိလျက်နှင့် မကြားလျှင် ထိုဝတ်လည်း ပျက်၏၊ ညဉ့်လည်းပြတ်၏၊ ဝတ္တဘေဒ ဒုက္ကဋ်လည်းသင့်၏။ ။မသိ၍ မကြား မိလျှင် ညဉ့်သာပြတ်၏၊ ဝတ္တဘေဒ ဒုက္ကဋ် လွတ်၏။

ရဟန်းတို့၏ အဆင်းကို မြင်ရမှု, ရဟန်းတို့၏ အသံကို ကြားရမှု,ရဟန်း တို့၏ တီးနှက်သော ကရဒက်သံ, ကြေးစည်သံ ခေါင်းလောင်းသံ စသော အသံကြားမှုတို့နှင့် ပတ်သက်၍ ပရိဝါသမာနတ္တာဒိ ဝိနိစ္ဆယကျမ်း၏ အဆိုကို ဖေါ်ပြပါအံ့။

**အာရောစနခေတ်**။ ။ပါဠိတော်, ဋီကာဝါဒ, အာစရိယဝါဒတို့နှင့် နှီး နှော၍ အဋ္ဌကထာ၏ အဓိပ္ပါယ်ကို ပြဦးအံ့။ ပရိဝါသ်ကြားရာခေတ်ကား- အာရာမ်ရှိလျှင် အာရာမ်, အာရာမ်မရှိလျှင် အာရာမ်ထိုက်သော အရပ်သည် "အာရောစနခေတ္တ"ပရိဝါသ်ကြားရာ ခေတ်တည်း။ထိုကြောင့် ဝိနယ သင်္ဂဟ အဋ္ဌကထာတို့၌"ပရိက္ခိတ္တ ဝိဟာရဿ ပရိက္ခေပတော, အပရိက္ခိတ္တ ဝိဟာရဿ ပရိက္ခေပါရဟဋ္ဌာနတော"ဟူ၍ မိန့်အပ်၏။ ။

အချို့က "ဒွေ လေဍ္ဍုပါတေ အတိက္ကမိတွာ" ဟူ၍ အဋ္ဌကထာ၌ဆိုခြင်း ကြောင့် ခဲနှစ်ကျအတွင်းမှာ ဝတ်မစောင့်အပ်၊ မိမိတို့၏အာရာမ်၏ ခဲနှစ်ကျ အတွင်းရှိ ကျောင်းတိုက်က သံဃာများကိုလည်း ကြားရမည်ဟုဆို၏၊ မသင့်။ ခဲနှစ်ကျဆိုခြင်းမှာ အာရောစနခေတ်ဖြစ်၍ ဆိုသည်မဟုတ်၊ သရဇ္ဈာယ်သံကို ကြားမှာစိုး၍သာ ဆိုသည်။ ထိုကြောင့် တေရသကဏ္ဍ၌ "ဒွေ လေဍ္ဍုပါတေ အတိက္ကမိတွာတိ ဘိက္ခူနံ သဇ္ဈာယန သဒ္ဒသဝနူပစာရဝိဇဟနတ္ထံ ဝုတ္တံ" ဟု မိန့်အပ်၏။ ။ဤ၌ "သဇ္ဈာယနသဒ္ဒသဝနူပစာရဝိဇဟနတ္ထံ" ဟူသော ပါဌ်ဖြင့် အသံအရ, ကရဒက်စသော ဥတုဇသဒ္ဒမဟုတ်ကြောင်း, ရဟန်း၏ ရွတ် ဖတ်သံဟူသော စိတ္တဇသဒ္ဒဖြစ်ကြောင်း ထင်ရှား၏။ ။အာရာမ်၏ အပြင်ဘက်၌ အဆင်းကို မမြင်, အသံကို မကြားရမှု တဆယ့်နှစ်တောင်အရပ်သည် "အာရော စနခေတ်"မည်၏။ ထိုကြောင့် အဋ္ဌကထာတို့၌ "အထ ဒွါဒသဟတ္ထံ ဥပစာရံ ဩက္ကမိတွာ အဇာနန္တဿေဝ ဂစ္ဆတိ ရတ္တိစ္ဆေဒေါ ဟောတိ ယေဝ၊ ဝတ္တ ဘေဒေါ ပန နတ္ထိ"ဟူ၍ မိန့်အပ်၏။

အဆင်းကိုမြင်အံ့, မြင်ရာအရပ်၊ အသံကို ကြားအံ့, ကြားရာအရပ်သည် "အာရောစနခေတ်"မည်၏။ ထို့ကြောင့် အဋ္ဌကထာတို့၌ "သစေ သေ တံ ပဿတိ သဒ္ဒံ ဝါဿ သုဏာတိ အာရောစေတဗ္ဗံ၊ အနာရောစေန္တဿ ရတ္တိစ္ဆေဒေါ စ ဝတ္တဘေဒေါ စ" ဟူ၍ မိန့်အပ်၏။

## ဥတုဇသဒ္ဒကို သံသယ မရှိသင့်

ဤ၌ အသံဟူသည် စိတ္တဇသဒ္ဒကိုသာ ယူအပ်၏။ ထို့ကြောင့် "သဒ္ဒံ ဝါဿ သုဏာတိ"၌ "အဿ"ဟူသောသမ္ဗန်ကို ပြ၏။ အဿဟူသောသမ္ဗန်ဖြင့် ထိုရဟန်းပိုင်သော ထိုရဟန်းမှဖြစ်သော ပျို့အန်သောအသံ, ချောင်းဟန့်သော အသံတို့ကိုသာ ယူအပ်၏။ ထို့ကြောင့် အဋ္ဌကထာတို့၌ "အယဥ္စ နေသံ ဆဒ္ဒသဒ္ဒံ ဝါ, ဥက္ကာသိတ သဒ္ဒံ ဝါ, ခိပိတသဒ္ဒံ ဝါ, သုတွာ အာဂန္တုကဘာဝံ ဇာနာတိ ဂန္တွာ အာရောစေတဗ္ဗံ"ဟူ၍ မိန့်အပ်၏။ ဆဒ္ဒသဒ္ဒံ ဝါ၊ ပျို့အန်သောအသံကိုရင်း။ ဥက္ကာသိတသဒ္ဒံ ဝါ၊ ချောင်းဟန့်သောအသံကိုရင်း။ ခိပိတသဒ္ဒံ ဝါ၊ ချေဆတ်သောအသံကိုရင်း။ ဟူ၍ အနက်ပေး။ ။

ပုတ်အုပ်စာ, ပေစာတို့၌ ဆတ္တဟု ဒန္တဇ ပထမက္ခရာ တ္တ ဒွေဘော်နှင့် ရှိကြ၏၊ ရွှေဥမင်နိဿယ၌လည်း 'ထီးသံကိုရင်း'ဟု အနက်ပေး၏။ ယုတ္တိမရှိ အဓိပ္ပါယ်မသင့် ဖြစ်သည်။ ထိုစကား မှန်၏။ အကယ်၍ ထီးကို လိုက ထီးနှင့်ဘိနပ် တွဲလျက်ပါသင့်ခြင်းကြောင့် "ဆတ္တသဒ္ဒံဝါ,ဥပါဟနသဒ္ဒံဝါ ဟူ၍ ဥပါဟနသဒ္ဒါနှင့် တွဲ၍ဆိုသင့်ရာ၏။ ထိုသို့ဆိုသင့်လျက် "ဥပါဟန သဒ္ဒံဝါ"ဟု မဆိုသည်ကိုထောက်က"ဆတ္တသဒ္ဒံဝါ"မဟုတ်သည်အဖြစ်ကို သန္နိဋ္ဌာန်ကျ မှတ်အပ်၏။ "ဥက္ကာသိက သဒ္ဒံဝါ,ခိပိတသဒ္ဒံဝါ"ဟူသော စိတ္တဇသဒ္ဒကို မြင်သဖြင့် "ဆဒ္ဒသဒ္ဒံဝါ" ဟူသော စကားကို စိတ္တဇသဒ္ဒဟူ၍ သန္နိဋ္ဌာန်ကျ မှတ်အပ်၏။ မှန်၏။ ထိုအသံတို့သည် "အဿာသ, ပဿာသ"တို့ကဲ့သို့သာတည်း။ ။

အချို့က ကြေးစည်သံ, ခေါင်းလောင်းသံ, ကရဒက်သံကိုပင် သံသယရှိ၍ ဝတ်စောင့်သည့်အခါ၌ ဟိုကျောင်း, သည်ကျောင်းတို့သို့ သွား၍ နံနက်ကြေးစည် ခေါင်းလောင်း, ကရဒက်တို့ကို ရှင်သာမဏေများကို ထိုးစေပါမည့်အကြောင်းနှင့် လျှောက်ကြကုန်၏။ ထိုထိုကျောင်းတိုက်တို့က ထိုးပါစေမည်ဟု အကယ်၍ ဝန်ခံစေကာမူ ဝန်ခံသည့်အတိုင်း ရှင်သာမဏေတို့သာ ထိုးမည်, မထိုးမည်ကိုလည်း သံသယရှိသင့်၏။ ထို့ကြောင့် ဥတုဇသဒ္ဒကို သံသယမရှိသင့်ဟူ၍ သန္နိဋ္ဌာန်ကျ မှတ်သားအပ်၏။ "သဇ္ဈာယန သဒ္ဒသဝနူပစာရဝိဇဟ

နတ္ထိ''ဟူသော ဋီကာစကားကို ထောက်၍လည်း သံသယမရှိသင့်ကြောင်းကို ပြခဲ့ပြီ။

[တနည်းလည်း] ဤကြေးစည်သံ, ခေါင်းလောင်းသံ, ကရဒက်သံသည် ရဟန်းတီးခေါက်သော အသံဟူ၍ သေချာစွာ မသိနိုင်, မပိုင်းခြားနိုင်ခြင်းကြောင့် သံသယမရှိသင့်။ ထိုကြောင့် အဋ္ဌကထာတို့၌ ''သမဏော အယန္တိ ဝဝတ္ထာနမေဝ ပမာဏံ''ဟူ၍ မိန့်အပ်၏။ အယံ၊ ဤသူသည်။ သမဏော၊ ရဟန်းတည်း။ ဣတိ၊ ဤသို့။ ဝဝတ္ထာနမေဝ၊ ပိုင်းခြားဆုံးဖြတ်နိုင်ခြင်းသည်သာလျှင်။ ပမာဏံ၊ ပမာဏတည်း။ ။အချို့က အဝေးကြီး၌ရှိသော လူစု, လူအုပ်ကိုမြင်ရာ၌ ဤလူအုပ်၌ ရဟန်းများ ပါလေသလော ဟူ၍ရင်း, ဤလူအုပ်သည် ရဟန်းများ ဖြစ်လေသလောဟူ၍ရင်း သံသယဖြစ်တတ်၏။ ''သမဏော အယန္တိ ဝဝတ္ထာနမေဝ ပမာဏံ''ဟူသည်နှင့်အညီ ရဟန်းဟူ၍ သေချာစွာ မသိရသည့်အတွက် သံသယမရှိသင့်ဟူ၍ သန္နိဋ္ဌာန်ကျ မှတ်အပ်၏။ အကယ်၍ ရဟန်းဟု သေသေချာချာသိအံ့၊ အဝိသယဖြစ်က ဝတ်ပျက်ခြင်းကြောင့် ဒုက္ကဋ် အာပတ်သာ မသင့်သည်၊ ညဥ့်ပြတ်ခြင်းကား ဖြစ်၏။ ဝိသယဖြစ်က ဝတ်ပျက်ခြင်းလည်း ဖြစ်၏။ ။[ပရိဝါသ မာနတ္တာဒိ ဝိနိစ္ဆယကျမ်း၏အဆို ပြီးပြီ။]

## ရဟန်းနှင့်မူ၊ အမိုးတူ၊ အိပ်မူ သဟဖြစ်။

**အဓိပ္ပါယ်။** ။အမိုးတခုလုံး၌ ဝတ်သားချင်းဖြစ်စေ၊ တပါးသော ရဟန်းနှင့်ဖြစ်စေ ညဥ့်အခါ၌ အတူအိပ်မိသည်ကို သဟဝါသဆိုသည်၊ ထိုညဥ့်ပြတ်၍ ရတ္တိစ္ဆေဒ ဖြစ်၏။

## ပကတတ်ကင်းလျက်၊ အရဏ်တက်၊ ဝတ်ပျက် ဝိပ္ပဝါသဖြစ်။

**အဓိပ္ပါယ်။** ။အရုဏ်တက်ဆဲ အခါ၌ ၁၂ တောင် အတွင်း ပကတတ် ရဟန်းနှင့်ကင်း၍ အရုဏ်တက်စေခဲ့သော် ဝိပ္ပဝါသ ဖြစ်၏၊ ထိုညဥ့် ပြတ်၏။ တိုက်တွင်း၌ပင် အရုဏ်တက်ဆဲ အခါ၌ ပကတတ် ရဟန်းနှင့် ၁၂ တောင် မကင်းရ ဟူကြကုန်၏။ ။[ဝိနယသံခိပ် ကျမ်း၊]

## ဉီနေဂဏော၊ ဒေဝသိက၊ သဟဝါသ၊ ဝိပ္ပဝါ၊ လေးပြာ မာနတ်၌။

**မာနတ်ရတ္တိစ္ဆေဒ ၄ ပါး။** ။မာနတ် ကျင့်သောအခါ၌ကား (၁) ဉီနေဂဏော၊ (၂) ဒေဝသိကအနာရောစန၊ (၃) သဟဝါသ၊ (၄) ဝိပ္ပဝါသ ရတ္တိစ္ဆေဒ-ဟူ၍ အကြောင်း ၄ ပါးရှိ၏။

ဆောက်တည်၍ ရှေးဦးစွာ ကြားစဉ်အခါ၌ ပကတတ် ရဟန်း ၄ ပါး အောက် မလျော့စေရ၊ လျော့ခဲ့လျှင် ဥိနေဂဏောစရတိ- ဟူသော ရတ္တိစ္ဆေဒ ဖြစ်၏။

ကြားမှုမှာလည်း ပရိဝါသ်သားမှာ ဝတ်ကိုမချပဲ ကျင့်ခဲ့သော် တကြိမ် ကြားအပ်ပြီးသောရဟန်းကို တဖန် ကြားဖွယ်ကိစ္စမရှိ၊ မာနတ်၌မူကား ကြား အပ်ပြီးသော ရဟန်းကိုပင်သော်လည်း ထပ်မံ၍ နေ့စဉ်ကြားရမည်။ မကြားခဲ့ လျှင် ထိုနေ့ပျက်၏၊ ရတ္တိစ္ဆေဒဖြစ်၏၊ နောက် ၂ ပါးကား ရှေးအတိုင်းပင်။

**အမှာ။** ။သုက္ကဝိဿဋ္ဌိ သိက္ခာပုဒ်၌ ညွှန်ပြထားသော "အမှာ" စကား ကိုလည်း ဖတ်တော်မူကြပါကုန်။

သံဃာဒိသိသ် (ဝုဋ္ဌာနဂါမ်) အာပတ်ကုစားနည်း ပြီးပြီ။

---

## ၆၀။ ။ဒေသနာဂါမ် အာပတ် ကုစားနည်း

### သီတင်းငယ်က သီတင်းကြီးထံ ဒေသနာပြောမှု

ငယ်။ အဟံ ဘန္တေ သဗ္ဗာ အာပတ္တိယော အာဝိကရောမိ- အရှင်ဘုရား, ဘုရားတပည့်တော်သည် အလုံးစုံ သင့်သမျှသော အာပတ်တို့ကို ထင်စွာ ပြုပါ၏။

ကြီး။ သာဓု အာဝုသော သာဓု သာဓု-ကောင်းပြီငါ့ရှင်၊ကောင်းပြီ ကောင်းပြီ။

ငယ်။ အဟံ ဘန္တေ သမ္ဗဟုလာ နာနာဝတ္ထုကာ သဗ္ဗာ အာပတ္တိယော အာပဇ္ဇိံ၊တာ တုမှမူလေ ပဋိဒေသေမိ- အရှင်ဘုရား, ဘုရားတပည့်တော် သည် များစွာကုန်သော အမျိုးမျိုးဝတ္ထုရှိကုန်သော အလုံးစုံကုန်သော အာပတ်တို့သို့ ရောက်ပါပြီ၊ ထိုအာပတ်တို့ကို အရှင်ဘုရား၏အထံ၌ ပြောပြပါ၏။

ကြီး။ ပဿသိ အာဝုသော တာ အာပတ္တိယော- ငါ့ရှင်, ထိုအာပတ်တို့ကို ရှုပါ၏လော။

ငယ်။ အာမ ဘန္တေ ပဿာမိ-မှန်ပါ အရှင်ဘုရား, ရှုပါ၏။

ကြီး။ အာယတိံ အာဝုသော သံဝရေယျာသိ- ငါ့ရှင်, နောက်နောင်အခါ (အာပတ်မသင့်အောင်) စောင့်စည်းလော့။

ငယ်။ သာဓု သုဋ္ဌု ဘန္တေ သံဝရိဿာမိ-ကောင်းပါပြီအရှင်ဘုရား,ကောင်းစွာ စောင့်စည်းပါအံ့။

ကြီး။ သာဓု အာဝုသော သာဓု သာဓု- ကောင်းပြီ ငါ့ရှင်၊ ကောင်းပြီ ကောင်းပြီ။

[ငယ်ပြီး၏။]

သီတင်းကြီးကပြောပုံ။[အနက်အဓိပ္ပါယ်ကို အငယ်၌ ကဲ့သို့ယူ]

ကြီး။ အဟံ အာဝုသော သဗ္ဗာ အာပတ္တိယော အာဝိကရောမိ။

ငယ်။ သာဓု ဘန္တေ သာဓု သာဓု။

ကြီး။ အဟံ အာဝုသော သမ္ဗဟုလာ နာနာဝတ္ထုကာ သဗ္ဗာ အာပတ္တိယော အာပဇ္ဇိံ- တာ တုယှမူလေ ပဋိဒေသေမိ။

ငယ်။ ပဿထ ဘန္တေ တာ အာပတ္တိယော။

ကြီး။ အာမ အာဝုသော ပဿာမိ။

ငယ်။ အာယတိံ ဘန္တေ သံဝရေယျာထ။

ကြီး။ သာဓု သုဋ္ဌု အာဝုသော သံဝရိဿာမိ။

ငယ်။ သာဓု ဘန္တေ သာဓု သာဓု။ [ကြီးပြီး၏။]

ဝတ္ထု သဘာဂဖြစ်ခဲ့မူ ပြန်ကြား

ငယ်။ အဟံ ဘန္တေ သမ္ဗဟုလာ နာနာဝတ္ထုကာ သဗ္ဗာ အာပတ္တိယော အာပဇ္ဇိံ၊ တာ တုမှ မူလေ ပဋိဒေသေမိ။

ကြီး။ ပဿသိ အာဝုသော တာ အာပတ္တိယော။

ငယ်။ အာမ ဘန္တေ ပဿာမိ။

ကြီး။ အာယတိံ အာဝုသော သံဝရေယျာသိ။

ငယ်။ သာဓု သုဋ္ဌု ဘန္တေ သံဝရိဿာမိ။

ကြီး။ သာဓု အာဝုသော သာဓု သာဓု။

**မှတ်ချက်။** ။ဝတ္ထု သဘာဝကား အတူတကွ လွန်ကျူးရာ၌ ထင်ရှား၏၊ တခြားစီ လွန်ကျူးခြင်း၊ မအပ်မရာ ပုစ္ဆည်း အသီးသီး ရှိသူချင်းဖြစ်လျှင် မထင်ရှား။ [ဝတ္ထုသဘာဝ ရှိမရှိကို သိဖို့ရန် ခဲယဉ်း၏၊ ထို့ကြောင့် ပြန်ကြားသင့်၏။[

ဤအမှုကို "နောင်ငါမပြုတော့ပြီ၊ နောင် ရှောင်ကြဉ်မည်"ဟူသော စိတ်နှင့် ပြောမှ ထိုအာပတ် ထသည်။

ဒေသနာလည်း ပြော၏၊ နောင်ထိုအမှုကို ပြုလိုလျက်လည်း ရှိနေ၏ ဆိုလျှင် ထိုအာပတ် မထ။

နိဿဂ္ဂီ အာပတ်နှင့် ခွဲခြင်း ဖြတ်ခြင်း ရှေးရှိသော သုဒ္ဓပါစိတ် အာပတ်တို့အတွက် မိမိ၌ ရှိနေသော ဝတ္ထုတို့ကို မစွန့်မခွဲမဖြတ်မူ၍ ဒေသနာ ပြောလျှင် ထိုအာပတ်တို့ "မထ"ဟု တထစ်ချမှတ်လေ။ [ဤထက် အကျယ်သိလိုလျှင် မိုးနံကုန်း ဝိနိစ္ဆယ ပကိဏ္ဏက ဒီပနီကျမ်း (ဒုတိယတွဲ)စာမျက်နှာ ၇၀မှ ၇၂ တို့၌ ကြည့်။]

**အထူးသိဖွယ်။** ။အာပတ် မသင့်အောင် ဖြည့်ကျင့်သော သီလ, သင့်သော်လည်း တရားနှင့် အညီ ကုစားပြီးသော သီလသည် ဝိသုဒ္ဓသီလမည်၏။ [နောင် ဤကဲ့သို့ မပြုတော့အံ့-ဟု ဆောက်တည်ခြင်းသည်လည်း ကုစားသည်မည်၏။] အာပတ်သင့်၍ မကုစားသေးသော သီလသည် အဝိသုဒ္ဓ သီလ မည်၏။ ဝက်သားလော, ဝံသားလော၊ ပါစိတ်လော, ဒုက္ကဋ်လော၊ လွန်ကျူးမိပြီလော, မလွန်ကျူးသေးသလော-ဟု ဝတ္ထု၌ဒွိဟ၊အာပတ်၌ဒွိဟ၊ လွန်ကျူးခြင်း၌ဒွိဟ ယုံမှားသော သူ၏ သီလသည် ဝေမတိက သီလ မည်၏။ ထိုတွင် အဝိသုဒ္ဓ သီလကို ကုစားအပ်၏။ ဝေမတိက သီလရှိလျှင် မလွန်ကျူးမူ၍ စိစစ်၍ဒွိဟ၊ မေးမြန်း၍ဒွိဟ ယုံမှား ဖျောက်အပ်၏။ ယုံမှားပျောက်သော အခါ အပ်လျှင် ပြု, မအပ်လျှင် ရှောင်-မင်္ဂဖိုလ် ရောက်အောင် ချမ်းသာလတ္တံ့၊

အပြစ်ငယ်ကိုပင် ရှောင်လျှင် အပြစ်ကြီးကိုသာ၍ ရှောင်လတ္တံ့၊ သီလငယ်မှ မပြည့်စုံလျှင် သီလကြီး ပြည့်စုံကြောင်း မရှိ-ဟု ဟောတော်မူချေသည်၊

**သတိ။** ။အာပတ်သင့်သည်ကိုရှုအံ့ဟု ဘယ်အခါမှ အားမထုတ်ရ၊အနာပတ္တိကိုသာ ရှုပါအံ့-ဟု နှလုံးထားအပ်၏။

## အဓမ္မိက ဒိဋ္ဌာဝိကမ္မ-မတရားဒေသနာ ပြောခြင်း

အာပတ်မသင့်ပဲ ဒေသနာ ပြောခြင်း၊ ဒေသနာဂါမိ မဟုတ်ပဲ ဒေသနာ ပြောခြင်း၊ ပြောပြီးကို ထပ်ပြောခြင်း၊ လေးငါးပါး အတူပြောခြင်း၊ စိတ်ဖြင့် ပြောခြင်း၊ နာနာ သံဝါသကထံ ပြောခြင်း၊ သိမ်တူမနေ (သိမ်နိမိတ်ကျောက်တိုင် အတွင်း တပါး အပြင် တပါးအားဖြင့်) တသိမ်စီနေလျက် ပြောခြင်း၊ အပကတတ်ထံ ပြောခြင်း၊ ဤကား မတရား ဒေသနာပြောခြင်းမည်၏။ ဒုက္ကဋ်အာပတ်ထပ်သင့်၏။ (ဝိနည်းကံ ချွတ်သောကြောင့် အာပတ်ပေါင်းမှာလည်း မထ)။ ။[ပရိဝါ။ ။ကျောက်တိုင် အတွင်းကား ဗဒ္ဓသိမ်, အပြင်ကား ဂါမသိမ်-ဟုသိ။

သမာန သံဝါသက ထံပြော, သိမ်တူနေ၍ ပြော, ပကတတ်ထံပြော, တပါးနှစ်ပါးသုံးပါးအတူပြော, နှုတ်သံဖြင့်ပြော၊ ဤကား ဓမ္မိကဒိဋ္ဌာဝိကမ္မ ၅ ပါးတည်း။ သုံးပါး အတူ ပြောခြင်းကို ယခုပြုလေ့ မရှိကြ။

အမှာ။ ။အနာပတ္တိဟု ပြထားပါလျက် အာပတ္တိဟု မယူလေလင့်၊ အာပတ္တိဟု ပြထားပါလျက် အနာပတ္တိဟု မယူလေလင့်၊ (ဝါ)အပ်သည်ကို မအပ်, မအပ်သည်ကို အပ်၏—ဟု မယူလေလင့်။ အတိအကျ ဟောထားတော်မူခြင်းမရှိသော အချို့အရာများ၌ ဝိဝါဒ ရှိရကား ဝိနည်းအရာဝယ် အပေါ့ဘက်သို့ မလိုက်ပဲ အလေးဘက်သို့လိုက်ခြင်းသည် အကောင်းဆုံး နည်းဖြစ်သည်။ ။ဂရုကေ ဌာတဗ္ဗံ သဘောကိုလည်း သိထားအပ်၏။

ဂရုကေ ဌာတဗ္ဗံ သဘော။ ။ကျမ်းဂန်တို့၌ အပ်မအပ် အဆို တိုက်ရိုက်ရှိလျှင် ရှိတိုင်းသာ တည်ရသည် ဆိုရသည်။ တိုက်ရိုက် မရှိရာ၌သာ "ဂရုကေဌာတဗ္ဗံ"ဟုဆိုသည်။အပ်မအပ်အဆို တိုက်ရိုက်ရှိပါလျက်"ဂရုက လဟုကေသုဂရုကေ ဌာတဗ္ဗံ၊ ဧတံ ဝိနယ လက္ခဏံ"ဟုဆိုလျှင် ကျမ်းဂန်အဆိုကို ဂရုမပြုပဲဂရုအသံ မြည်သူဖြစ်၏။ မရှာပဲ ချုန်းသော မိုးနှင့်တူ၏။ ပမာဒဝိဟာရီဘာဝလျှင် အကြောင်းရှိရာ၏

ငိုခြင်းသည် ကလေး၏ အား၊ အဆင်းသည် မာတုဂါမ၏အား၊ ဒေါသသည် ဗာလ၏ အား၊ ခန္တီသည် ပဏ္ဍိတ၏အား၊ ဂရုကေ ဌာတဗ္ဗံ-အဆိုလေ့ခြင်းသည် ကျမ်း၌ အားကိုးကင်းမဲ့သော ဘုန်းကြီး၏ အားတည်း။[အစစအရာ

ရာ ဂရုဘက်သို့ လိုက်၍ မပြုသင့်ပါ၊ ကိုယ်တိုင်မဆုံးဖြတ်တတ်လျှင် သဘာဝ ကျကျ ဆုံးဖြတ်တတ်သော လဇ္ဇီကျမ်းတတ် ပုဂ္ဂိုလ်နှင့် ဆွေးနွေး၍ ထိုပုဂ္ဂိုလ် အကြံဉာဏ်ပေးသည့်အတိုင်း ပြုလေ။]

ဒေသနာဝဂ်ါမ် အာပတ် ကုစားနည်းပြီးပြီ။

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပူဇော်အထူးကို ခံတော်မူထိုက်သော အလုံးစုံသော တရားတို့ကို မဖောက် မပြန် ကိုယ်ပိုင်ဉာဏ်ဖြင့် သိတော်မူသော ထို မြတ်စွာဘုရားအား ရှိသေစွာ ရှိခိုးပါ၏။

---

၆၁။ ။အာဃာတပါတိမောက် သံဃဥပုသ် ကံပြုခဏ်း

**မှတ်ချက်။** ။ပုဗ္ဗကရဏ ၄ ပါး, ပုဗ္ဗကိစ္စ ၅ ပါး, ပတ္တကလ္လအင်္ဂါ ၄ ပါး တို့နှင့်ပတ်သက်၍ ပါတိမောက်ပြမည့်ရဟန်းက မေး၍ သံဃာတော်၏ကိုယ်စား အခြားရဟန်းတပါးက ဖြေဆိုသော 'မူ'ဖြင့်မရေးပဲ ရွတ်ဆိုရာ၌ ပို၍လွယ်ကူ စေခြင်းငှါ ပါတိမောက်ပြမည့် ရဟန်းတပါးတည်းကပင် အမေးအဖြေ ၂ ခု လုံးကို ပေါင်း၍ရွတ်ဆိုသော 'မူ'ဖြင့် ရေးသားပါအံ့။

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

သမ္မဇ္ဇနီ ပဒီပေါ စ၊ ဥဒကံ အာသနေန စ။

ဥပေါသထဿ ဧတာနိ၊ ပုဗ္ဗကရဏန္တိ ဝုစ္စတိ။

ဟူ၍ အဋ္ဌကထာ ဆရာမြတ်တို့ မိန့်ဆိုအပ်သည်နှင့်အညီ ဥပုသ်အိမ်-သိမ်အပြင်၌ တံမြက်လှည်းခြင်းကိစ္စ ပြီးပါပြီ ဘုရား။

ဆီမီးညှိထွန်းခြင်းကိစ္စမှာ နေတည်းဟူသော အရောင်အလင်းကို ရသည် ဖြစ်၍ ညှိထွန်းဖွယ်ကိစ္စ မရှိပါဘုရား။ [မှောင်လျှင် ထွန်း၍ပြီးပါပြီဘုရား- ဟု ဆို။]

နေရာခင်းခြင်းနှင့်တကွ သောက်ရေသုံးရေ တည်ထားခြင်း ကိစ္စ ပြီးပါပြီ ဘုရား။

ဤလေးပါးသော အမှုကိစ္စတို့ကို (ဝါ) တံမြက်, ဆီမီး, ရေ, နေရာ- ကိစ္စ လေးဖြာတို့ကို သံဃာမစည်းဝေးမီ ရှေးအဖို့၌ ပြုအပ်သောကြောင့် ပုဗ္ဗကရဏ- ဟူ၍ မိန့်ဆိုအပ်၏။

ဆန္ဒပါရိသုဒ္ဓိ ဥတုက္ခာနံ၊ ဘိက္ခု ဂဏာနာ စ ဩဝါဒေါ။

ဥပေါသထဿ ေတာနိ၊ ပုဗ္ဗကိစ္စန္တိ ဝုစ္စတိ။

ဟူ၍ အဋ္ဌကထာဆရာမြတ်တို့ မိန့်ဆိုအပ်သည်နှင့်အညီ နှစ်တောင့်ထွာဟတ္ထပါသ် အတွင်းသို့ မရောက်လာသော ဥပုသ်ပြုပြီးသော ရဟန်း, ဂိလာနရဟန်း, ကိစ္စပ္ပသုတ ရဟန်းတို့သည် ပေးအပ်သောဆန္ဒနှင့် ဂိလာနရဟန်း, ကိစ္စပ္ပသုတ ရဟန်းတို့သည် ပေးအပ်သော ပါရိသုဒ္ဓိတို့ကိုဆောင်၍ သံဃာအား လျှောက်ကြားခြင်းကိစ္စမှာ သိမ်တွင်းရှိ သီမဋ္ဌက သံဃာသည် နှစ်တောင့်ထွာ ဟတ္ထပါသ် အတွင်းသို့ ရောက်သည်ဖြစ်၍ ဆောင်၍ လျှောက်ကြားဖွယ်ကိစ္စ မရှိပါဘုရား။ [ဆန္ဒပါရိသုဒ္ဓိ ပေးပုံ, ဆောင်ယူ၍ လျှောက်ပုံတို့ကို ပါဠိမြန်မာဘာသာဋီကာ-ဥပုသ်ပြု ပရိကမ်၌ ကြည့်။]

ဥတုသည် ဟေမန္တ-ဆောင်းဥတု, ဂိမှာန- နွေဥတု, ဝဿာန- မိုးဥတု အားဖြင့် သုံးပါး အပြားရှိ၏၊ ထိုသုံးပါးတို့တွင် ယခုရောက်ဆဲဖြစ်သောဥတုကား (ဂိမှာန နွေဥတု) ဖြစ်ပါသည်ဘုရား။ [လျှော်ရာဆို။]

ဤဂိမှာန-နွေဥတု၌ ပဌမပက္ခ, ဒုတိယပက္ခစသောအားဖြင့် ရှစ်ပက္ခ အတိုင်းအရှည်ရှိ၏၊ ထိုရှစ်ပက္ခတို့တွင် ၁ ပက္ခလွန်သည်ဖြစ်၍ ၂ ပက္ခမြောက် ရောက်ဆဲဖြစ်သဖြင့် ၆ ပက္ခ ကြွင်းပါသေးသည်ဘုရား။ [လျှော်ရာဆို]

[ဝါထပ်မည့်နှစ်ဖြစ်မူ ဤ ဂိမှာန-နွေဥတု၌ ဝါထပ် လင်င်သောကြောင့် ပဌမပက္ခ, ဒုတိယပက္ခ စသောအားဖြင့် ဆယ်ပက္ခ အတိုင်းအရှည် ရှိ၏။ ထိုဆယ်ပက္ခတို့တွင် ၁ ပက္ခလွန်, ၂ ပက္ခမြောက် ရောက်ဆဲဖြစ်သဖြင့် ရှစ်ပက္ခကြွင်း....စသည်ဖြင့် လျှော်ရာဆိုအပ်၏။ ပဌမပက္ခ၌လွန်သော ပက္ခမရှိ၊ ၁ ပက္ခမြောက် ရောက်ဆဲဖြစ်သဖြင့် ဝါမထပ်လျှင် ၇ ပက္ခ၊ ဝါထပ်လျှင် ၉ ပက္ခ ကြွင်းပါသေးသည်ဘုရား ဟူ၍ရင်း။ ဝါမထပ်လျှင် နောက်ဆုံးပက္ခ၌ ရှစ်ပက္ခမြောက် ရောက်ဆဲ၊ ဝါထပ်လျှင် ဆယ်ပက္ခမြောက် ရောက်ဆဲ၊ ကြွင်းပက္ခမရှိပါဘုရားဟူ၍ရင်း ဆိုအပ်၏။]

ဤဥပုသ်အိမ်-သိမ်အပြင်၌ စည်းဝေး လာရောက်ကြသော ရဟန်းတို့ကား (၄ ပါး) အရေအတွက် ရှိပါသည်ဘုရား။ [လျှော်ရာဆို။]

ဘိက္ခုနီ တို့သည် ဩဝါဒ အလို့ငှါ ချဉ်းကပ်ခြင်းကို ရပါအံ့လော-ဟု တောင်းပန်သော ဩဝါဒကို လျှောက်ကြားခြင်းကိစ္စမှာ ယခုအခါ ဘိက္ခုနီတို့ မရှိသောကြောင့် လျှောက်ကြားဖွယ်ကိစ္စ မရှိပါဘုရား၊

ဤငါးပါးသော အမှုကိစ္စတို့ကို (ဝါ) ဆန္ဒလျှောက်ကြား, ပါရိသုဒ္ဓိလျှောက်ကြား, ဥတုလျှောက်ကြား, ရဟန်းအရေအတွက် လျှောက်ကြား, ဘိက္ခုနီဩဝါဒ လျှောက်ကြား-ကိစ္စငါးဖြာတို့ကို သံဃာစည်းဝေးပြီးသည်နောက် ပါတိမောက်မပြမီ ရှေးအဖို့၌ ပြုအပ်သောကြောင့် ပုဗ္ဗကိစ္စ-ဟူ၍ မိန့်ဆိုအပ်၏။

ဥပေါသထော ယာဝတိကာ စ ဘိက္ခူ ကမ္မပတ္တာ၊
သဘာဂါပတ္တိယော စ န ဝိဇ္ဇန္တိ။
ဝဇ္ဇနီယာ စ ပုဂ္ဂလာ တသ္မိံ န ဟောန္တိ၊
ပတ္တကလ္လန္တိ ဝုစ္စတိ။

ဟူ၍ အဋ္ဌကထာဆရာမြတ်တို့ မိန့်ဆိုအပ်သည်နှင့်အညီ ဥပုသ်သည် နေ့၏အစွမ်းဖြင့် စာတုဒ္ဒသီဥပုသ်, ပန္နရသီဥပုသ်, သာမဂ္ဂီဥပုသ်—ဟူ၍ သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် ယခုပြုဆဲဖြစ်သော ဥပုသ်ကား ပန္နရသီ (စာတုဒ္ဒသီ) ဥပုသ်ဖြစ်ပါသည်ဘုရား။ [လျှော်ရာဆို။]

ပြုတတ်သော ကာရကၡ၏အစွမ်းဖြင့် သံဃဥပုသ်, ဂဏဥပုသ်, ပုဂ္ဂလဥပုသ်-ဟူ၍ သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် သံဃဥပုသ်ဖြစ်ပါသည်ဘုရား။

ပြုအပ်သော အခြင်းအရာ ကာတဗ္ဗာကာရ၏ အစွမ်းဖြင့် သုတ္တုဒ္ဒေသဥပုသ်, ပါရိသုဒ္ဓိဥပုသ်, အဓိဋ္ဌာန်ဥပုသ်-ဟူ၍ သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် သုတ္တုဒ္ဒေသဥပုသ်ဖြစ်ပါသည်ဘုရား။

အကြင်မျှလောက် လေးပါး, လေးပါးထက်အလွန်ဖြစ်ကုန်သော ပကတတ်ရဟန်းတို့သည်လည်း သုတ္တုဒ္ဒေသ သံဃဥပုသ်ကံအား လျှောက်ပတ်ကုန်၍ တသိမ်တည်း၌ နှစ်တောင့်ထွာ ဟတ္ထပါသ်အတွင်း တည်လျက် ရှိကုန်၏။ သဘောတူဝတ္ထုကြောင့် သင့်သောအာပတ်တို့သည်လည်း မရှိကုန်၊ ထိုရဟန်းတို့၏ နှစ်တောင့်ထွာ ဟတ္ထပါသ်အတွင်းမှ ကြဉ်အပ်ကုန်သော လူ, ဘိက္ခုနီစသော နှစ်ကျိပ်တယောက်သော ဝဇ္ဇနီယပုဂ္ဂိုလ်တို့သည်လည်း မရှိကုန်။

ဤလေးပါးသော အင်္ဂါတို့ဖြင့် (ဝါ) ဥပုသ်နေ့, သံဃာသိမ်တူ ဟတ္ထပါသ်တည်, သဘာဂါပတ်မရှိ, ဝဇ္ဇနီကြဉ်ဖယ်- အင်္ဂါလေးသွယ်တို့ဖြင့် သင့်ဂိုဟ်ရေတွက်အပ်သော ဥပုသ်ကံကို လျှောက်ပတ်သောအခါ ရှိသောကြောင့် ပတ္တကလ္လ-ဟူ၍ မိန့်ဆိုအပ်၏။

ပုဗ္ဗကရဏ ပုဗ္ဗကိစ္စာနိ သမာပေတွာ ဒေသိတာပတ္တိကဿ သမဂ္ဂဿ ဘိက္ခုသံဃဿ အနုမတိယာ ပါတိမောက္ခံ ဥဒ္ဒိသိတုံ အာရာဓနံ ကရောမ။ ။ သာဓု သာဓု သာဓု။

ပုဗ္ဗကရဏ ၄ ပါးနှင့် ပုဗ္ဗကိစ္စ ၅ ပါးတို့ကို ပြည့်စုံစေပြီး၍ သင့်သော အာပတ်အတွက် ဒေသနာပြောပြီးသော ညီညွတ်သော သံဃာတော်၏အလို နှင့်အညီ ဘုရားတပည့်တော်တို့သည် ပါတိမောက်ကို ပြခြင်းငှါ အားထုတ် ကြကုန်အံ့။ ။သာဓု သာဓု သာဓု။

## ၁။ ။နိဒါနုဒ္ဒေသ

ဥပေါသထဉတ်။ ။သုဏာတု မေ ဘန္တေ သံဃော။ အဇ္ဇုပေါသထော ပန္နရသော (စာတုဒ္ဒသော)။ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ဥပေါသထံ ကရေယျ၊ ပါတိမောက္ခံ ဥဒ္ဒိသေယျ။

အရှင်ဘုရားတို့, သံဃာတော်သည် ဘုရားတပည့်တော်၏စကားကို နာတော်မူလော့။ ယနေ့ဥပုသ်နေ့သည် ပန္နရသီ-တဆယ့်ငါးရက် (စာတုဒ္ဒသီ-တဆယ့် လေးရက်) မြောက်သောနေ့တည်း။ သံဃာတော်အား လျောက်ပတ်သော အခါရှိသောကာလ်သည် အကယ်၍ဖြစ်ငြားအံ့၊ သံဃာတော်သည် ဥပုသ်ကို ပြုရာ၏။ ပါတိမောက်ကို ပြရာ၏။

သံဃာတော်သည် ပုဗ္ဗကရဏ ၄ ပါးနှင့် ပုဗ္ဗကိစ္စ ၅ ပါးတို့ကိုပြုပြီးပြီလော။ အရှင်ဘုရားတို့, အာပတ်မှ စင်ကြယ်ခြင်းကိုပြောကြားကြကုန်လော့။ ပါတိမောက်ကို ပြပေအံ့။ ထိုပါတိမောက်ကို အလုံးစုံထေရ,နဝ, မဇ္ဈိမဖြစ်ကုန်သော ထင်ရှားရှိကုန်သော ဘုရားတပည့်တော်တို့သည် ကောင်းစွာနာကြကုန်အံ့၊နှလုံး သွင်းကြကုန်အံ့။ အကြင်ရဟန်းအား အာပတ်သည် အကယ်၍ ရှိငြားအံ့၊ ထို ရဟန်းသည် ထင်စွာပြုရာ၏။ အာပတ်သည် အကယ်၍မရှိငြားအံ့၊ ဆိတ်ဆိတ် နေရာ၏။ ဆိတ်ဆိတ်နေလျှင် အရှင်တို့ကို အာပတ်မှ စင်ကြယ်ကြကုန်၏-ဟူ၍ သိမှတ်ရပါအံ့။ အမှန်မှာ တပါးစီတပါးစီမေး၍ တပါးစီတပါးစီ ဖြေကြား ရမည်ဖြစ်သည်၊ ယခုသော်ကား ဤရဟန်းပရိသတ်ကို ပေါင်းစု၍ တပါးစီ တပါးစီမေးသကဲ့သို့ သုံးကြိမ်တိုင်အောင် မေးစိစစ်ပါအံ့။ အကြင်ရဟန်းသည် သုံးကြိမ်တိုင်အောင် မေးစိစစ်အပ်သည်ရှိသော် အာပတ်သင့်မှန်းသိလျက် ထင် ရှားရှိသောအာပတ်ကို ထင်စွာမပြုငြားအံ့၊ ထိုရဟန်းအားသိလျက် ချွတ်ယွင်း သောစကားကို ဆိုသည်မည်ခြင်းကြောင့် သမ္ပဇာနမုသာဝါဒ ဒုက္ကဋ်အာပတ်

သင့်၏။ အရှင်တို့, စင်စစ်သိလျက် ခွဲ့တ်ယွင်းသောစကားကိုဆိုခြင်းကို ဈာန် မဂ်ဖိုလ်၏ အန္တရာယ်ကို ပြုတတ်သောအာပတ်ဟူ၍ မြတ်စွာဘုရားသည် ဟော တော်မူ၏။ ထို့ကြောင့် အာပတ်သင့်မှန်းသိသော ရဟန်းသည် သင့်သော အာ ပတ်မှ စင်ကြယ်ခြင်းကို အလိုရှိလျှင် ထင်ရှားရှိသော အာပတ်ကို ထင်စွာပြု အပ်၏။ ထင်စွာပြုခြင်း၏အကျိုးကား အာပတ်အတွက် တအုံ့နွေးနွေး မပူပန်ရ တော့ပဲ ထိုရဟန်းအား ဈာန်မဂ်ဖိုလ် နိဗ္ဗာန်တရားကို ရခြင်းငှါ ချမ်းသာသော အကျင့်သည် ဖြစ်ပေါ်နေ၏။ [ရဟန်းဖြစ်သည်မှစ၍ ငါး၀ါမရသေးခင်'နဝ= သီတင်းငယ်' ဟုရင်း၊ ငါး၀ါရသူမှစ၍ ဆယ်၀ါအတွင်း 'မဇ္ဈိမ=သီတင်း လတ်'ဟုရင်း။ ဆယ်၀ါရသူမှစ၍ ၀ါနှစ်ဆယ်အတွင်း 'ထေရ=ထေရ်' ဟုရင်း၊ ၀ါနှစ်ဆယ်အထက်ကို 'မဟာထေရ-မထေရ်'ဟုရင်း ခေါ်၏။]

အရှင်တို့, နိဒါန်းကို ပြအပ်ပြီးသည်သာတည်း။ ထိုနိဒါန်း၌ အရှင်တို့ကို ဘုရားတပည့်တော် မေးပါ၏၊ အသို့နည်း၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏ လော။နှစ်ကြိမ်မြောက်လည်း မေးပါ၏၊ အသို့နည်း အာပတ်မှ စင်ကြယ်ကြပါ ကုန်၏လော၊သုံးကြိမ်မြောက်လည်း မေးပါ၏၊ အသို့နည်း၊ အာပတ်မှစင်ကြယ် ကြပါကုန်၏လော။အရှင်တို့သည် အာပတ်မှ စင်ကြယ်ကြကုန်သောကြောင့် သာလျှင် ဆိတ်ဆိတ်နေကြကုန်၏။ ဤသို့ ဆိတ်ဆိတ်နေကြကုန်သဖြင့် ဤ အာပတ်မှစင်ကြယ်ကြကုန်၏-ဟူ၍ သိမှတ်ရ၏။

နိဒါန်းကို ပြခြင်းသည် ပြီးခြင်းသို့ရောက်ပြီ။

---

အထူးသိဖွယ်။ ။ဘိက္ခုပါတိမောက်၌ ငါးဥဒ္ဒေသရှိ၏၊ ထိုပါတိမောက် ကို ပြရာ၌ အကျယ်ပြခြင်း အကျဉ်းပြခြင်း-ဟူ၍ နှစ်မျိုးရှိ၏၊ ထိုနှစ်မျိုးတို့တွင် ငါးဥဒ္ဒေသလုံးကို(ဝါ) တစောင်လုံးကို ရွတ်ဆိုခြင်းသည် အကျယ် ပြသည် မည်၏။ လေးဥဒ္ဒေသအဆုံးထိကို ဖြစ်စေ၊ သုံးဥဒ္ဒေသအဆုံးထိကိုဖြစ်စေ၊ နှစ် ဥဒ္ဒေသ အဆုံးထိကိုဖြစ်စေ၊ တဥဒ္ဒေသအဆုံးထိကိုဖြစ်စေ ရွတ်ဆိုခြင်းသည် အကျဉ်းပြသည်မည်၏။ ၎င်းလေးဥဒ္ဒေသတို့ကို ဤသို့ ပိုင်းခြားထား၏။သမ္မဇ္ဇနီ ပဒီပေ ါစမှစ၍ အနိယတအဆုံးထိုကိုလေးဥဒ္ဒေသ, သံဃာဒိသိသ်အဆုံးထိကို သုံး ဥဒ္ဒေသ, ပါရာဇိကအဆုံးထိကို နှစ်ဥဒ္ဒေသ, နိဒါန်းအဆုံးထိကို တဥဒ္ဒေသ- ဟူ၍ လေးပိုင်းပိုင်းခြားထား၏။

ရွတ်ဆိုသောနည်း။ ။ရွတ်ဆိုသောနည်းကို သာမန်အားဖြင့် ဖော်ပြပါ အံ့။ ။နိဒါန်းဆုံး၍ ပါရာဇိကကိုဆက်၍ ပြလိုလျှင် ပါရာဇိက အခဏ်း၌ ပါရှိသည့်အတိုင်း ''ထိုပါတိမောက်၌ လေးပါးကုန်သော ပါရာဇိကအမည်ရှိ

ကုန်သော ဤအာပတ်တို့သည် သရုပ်အားဖြင့် ပြအပ်သည်၏အဖြစ်သို့ ရောက်ကုန်၏''ဟူသည်မှစ၍ ဥဒ္ဒေသအဆုံးထိ (၀၊) ဤသို့ ဆိတ်ဆိတ်နေကြကုန်သဖြင့် ဤအာပတ်မှ စင်ကြယ်ကြကုန်၏ ဟူ၍ သိမှတ်ရ၏-ဟူသောစကားအထိဆို။ သံဃာဒိသိသ်ကိုဆက်၍ ပြလိုလျှင် ''အရှင်တို့၊ တဆယ့်သုံးပါးကုန်သော သံဃာဒိသိသ်အမည်ရှိကုန်သော ဤအာပတ်တို့သည် သရုပ်အားဖြင့် ပြအပ်သည်၏အဖြစ်သို့ ရောက်ကုန်၏''ဟူသည်မှစ၍ ဥဒ္ဒေသအဆုံးထိ (၀၊) ဤသို့ ဆိတ်ဆိတ်နေကြကုန်သဖြင့် ဤအာပတ်မှ စင်ကြယ်ကြကုန်၏ဟူ၍ သိမှတ်ရ၏-ဟူသောစကားထိဆို။ [ကျန် ၂ဥဒ္ဒေသတို့အတွက် သိလောက်ပြီ။]

အကျယ်တစောင်လုံးကို ပြသောအခါ အကြားအကြား ဥဒ္ဒေသအဆုံး၌ ''နိဒါန်းကိုပြခြင်းသည် ပြီးခြင်းသို့ရောက်ပြီ။ ပါရာဇိကကို သရုပ်အားဖြင့်ပြခြင်းသည်ပြီးခြင်းသို့ရောက်ပြီ။ သံဃာဒိသိသ်ကို သရုပ်အားဖြင့် ပြခြင်းသည် ပြီးခြင်းသို့ရောက်ပြီ။အနိယတကို သရုပ်အားဖြင့် ပြခြင်းသည် ပြီးခြင်းသို့ရောက်ပြီ''ဟူသည်တို့ကို မရွတ်ဆိုမူ၍ တစောင်လုံး အဆုံးသို့ရောက်မှ ''အကျယ်ပြခြင်းသည် ပြီးခြင်းသို့ရောက်ပြီ''ဟူ၍ ဖြစ်စေ၊ ''ဝိတ္ထာရုဒ္ဒေသသည်ပြီးခြင်းသို့ ရောက်ပြီ'' ဟူ၍ ဖြစ်စေ ရွတ်ဆိုအပ်၏။ ။သာဓု သာဓု သာဓု။

''ရှေးဦးစွာသော စီဝရဝဂ်သည် ပြီးခြင်းသို့ရောက်ပြီ။ နှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော ဧဠကလောမဝဂ်(ခေါ်) ကောသိယဝဂ်သည် ပြီးခြင်းသို့ရောက်ပြီ။ သုံးခုတို့၏ပြည့်ကြောင်းဖြစ်သော ပတ္တဝဂ်သည် ပြီးခြင်းသို့ရောက်ပြီ။ သုံးဆယ်ကုန်သော စွန့်ခြင်း ဝိနည်းကံရှိကုန်သော နိဿဂ္ဂိယပါစိတ်အမည်ရှိကုန်သော အာပတ်တို့သည် ပြီးခြင်းသို့ရောက်ကုန်ပြီ။ ရှေးဦးစွာသော မုသာဝါဒဝဂ်သည် ပြီးခြင်းသို့ရောက်ပြီ။နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဘူတဂါမဝဂ်(ခေါ်) သေနာသနဝဂ်သည် ပြီးခြင်းသို့ရောက်ပြီ။လ။ကိုးခုတို့၏ ပြည့်ကြောင်းဖြစ်သော ရတနဝဂ်(ခေါ်) ရာဇဝဂ်သည် ပြီးခြင်းသို့ရောက်ပြီ။ ကိုးဆယ့်နှစ်ပါးကုန်သော သုဒ္ဓပါစိတ်အမည်ရှိကုန်သော အာပတ်တို့သည် ပြီးခြင်းသို့ရောက်ကုန်ပြီ။ လေးပါးကုန်သော ပါဋိဒေသနီ အမည်ရှိကုန်သော အာပတ်တို့သည် ပြီးခြင်းသို့ရောက်ကုန်ပြီ။ ရှေးဦးစွာသော ပရိမဏ္ဍလဝဂ်သည် ပြီးခြင်းသို့ရောက်ပြီ။ နှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော ဥဇ္ဇဂ္ဃိကဝဂ်သည်ပြီးခြင်းသို့ရောက်ပြီ။လ။ခုနစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ပါဒုကဝဂ်သည်ပြီးခြင်းသို့ရောက်ပြီ။ သေခိယအမည်ရှိကုန်သော သိက္ခာပုဒ်တို့သည် ပြီးခြင်းသို့ ရောက်ကုန်ပြီ။ ခုနစ်ပါးကုန်သော အဓိကရဏ သမထအမည်ရှိကုန်သော သဘော

တရားတို့သည် ပြီးခြင်းသို့ရောက်ကုန်ပြီ''ဟူသည်တို့ကား တခုချင်း အနေဖြင့် 'ဥဒ္ဒေသ'မဟုတ်၍ ရွတ်ဆိုအပ်ကုန်၏။

မထေရ်ကြီးအစိုးရသောကြောင့်၎င်း၊ အန္တရာယ်ကြောင့်၎င်းအစလေးဥဒ္ဒေသမျှပြသောအခါလည်း အကြား၌ "နိဒါန်းကို ပြခြင်းသည် ပြီးခြင်းသို့ ရောက်ပြီ" စသည်တို့ကို မရွတ်ဆိုမူ၍ အနိယတအဆုံးသို့ရောက်မှ "အရှင်တို့ နိဒါန်းကို ပြခဲ့ပြီးပါပြီ၊ လေးပါးကုန်သော ပါရာဇိကအမည်ရှိကုန်သော အာပတ်တို့ကို သရုပ်အားဖြင့် ပြခဲ့ပြီးကုန်ပြီ၊ တဆယ့်သုံးပါးကုန်သော သံဃာဒိသိသ်အမည်ရှိကုန်သော အာပတ်တို့ကို သရုပ်အားဖြင့် ပြခဲ့ပြီးကုန်ပြီ၊နှစ်ပါးကုန်သော အနိယတအမည်ရှိကုန်သော အာပတ်တို့ကို သရုပ်အားဖြင့်ပြခဲ့ပြီးကုန်ပြီ၊ သုံးဆယ်ကုန်သော စွန့်ခြင်း ဝိနည်းကံရှိကုန်သော နိဿဂ္ဂိယ ပါစိတ်အမည်ရှိကုန်သော အာပတ်တို့ကို အရှင်ဘုရားတို့ ကြားခဲ့ပြီးကုန်ပြီ၊ကိုးဆယ့်နှစ်ပါးကုန်သော သုဒ္ဓပါစိတ်အမည်ရှိကုန်သော အာပတ်တို့ကို အရှင်ဘုရားတို့ ကြားခဲ့ပြီးကုန်ပြီ၊ လေးပါးကုန်သော ပါဋိဒေသနီ အမည်ရှိကုန်သော အာပတ်တို့ကို အရှင်ဘုရားတို့ ကြားခဲ့ပြီးကုန်ပြီ၊ သေခိယအမည်ရှိကုန်သော သိက္ခာပုဒ်တို့ကို အရှင်ဘုရားတို့ ကြားခဲ့ပြီးကုန်ပြီ၊ ခုနစ်ပါးကုန်သော အဓိကရဏသမထအမည်ရှိကုန်သော သဘောတရားတို့ကို အရှင် ဘုရားတို့ ကြားခဲ့ပြီးကုန်ပြီ။ ဤမျှ အတိုင်းအရှည်ရှိသော သိက္ခာပုဒ်တော်သည် ထိုမြတ်စွာဘုရား၏ ပါတိမောက်၌ လာ၏၊ ပါတိမောက်၌ အကျုံးဝင်၏၊ လခွဲတကြိမ် သရုပ်အားဖြင့် ပြအပ်သည်၏အဖြစ်သို့ ရောက်၏၊ ထိုပါတိမောက်၌ အလုံးစုံထေရ, နဝ, မဇ္ဈိမ ဖြစ်ကုန်သော ရဟန်းတို့သည် ငြင်းခုံခြင်း မရှိကုန်သည် ဖြစ်၍ အညီအညွတ် ဝမ်းမြောက်ဝမ်းသာစွာဖြင့် ကျင့်အပ်၏။

အနိယတကို သရုပ်အားဖြင့် ပြခြင်းသည် ပြီးခြင်းသို့ ရောက်ပြီ''ဟု ရွတ်ဆိုအပ်၏။ ။သာဓု သာဓု သာဓု။

အစ သုံးဥဒ္ဒေသမျှ ပြသောအခါလည်း အကြား၌ "နိဒါန်းကို ပြခြင်းသည် ပြီးခြင်းသို့ရောက်ပြီ"စသည်တို့ကို မရွတ်ဆိုမူ၍ သံဃာဒိသိသ် အဆုံးသို့ရောက်မှ "အရှင်တို့, နိဒါန်းကို ပြခဲ့ပြီးပါပြီ၊ လေးပါးကုန်သော ပါရာဇိက အမည်ရှိကုန်သော အာပတ်တို့ကို သရုပ်အားဖြင့် ပြခဲ့ပြီးကုန်ပြီ၊ တဆယ့်သုံးပါးကုန်သော သံဃာဒိသိသ် အမည်ရှိကုန်သော အာပတ်တို့ကို သရုပ်အားဖြင့် ပြခဲ့ပြီးကုန်ပြီ၊ နှစ်ပါးကုန်သော အနိယတ အမည်ရှိကုန်သော အာပတ်တို့ကို အရှင်ဘုရားတို့ ကြားခဲ့ပြီးကုန်ပြီ။လ။ခုနစ်ပါးကုန်သော အဓိကရဏ သမထ အမည်

ရှိကုန်သော သဘောတရားတို့ကို အရှင်ဘုရားတို့ ကြားခဲ့ပြီးကုန်ပြီ။ ဤမျှ အတိုင်းအရှည်ရှိသော သိက္ခာပုဒ်တော်သည်။လ။ကျင့်အပ်၏။

သံဃာဒိသိသ်ကို သရုပ်အားဖြင့် ပြခြင်းသည် ပြီးခြင်းသို့ရောက်ပြီ''ဟုရွတ်ဆို အပ်၏။ ။သာဓု သာဓု သာဓု။

အစ နှစ်ဥဒ္ဒေသမျှ ပြသောအခါလည်း အကြား၌''နိဒါန်းကိုပြခြင်းသည် ပြီးခြင်းသို့ ရောက်ပြီ'' ဟူသည်ကို မရွတ်ဆိုမူ၍ ပါရာဇိက အဆုံးသို့ရောက်မှ ''အရှင်တို့, နိဒါန်းကို ပြခဲ့ပြီးပါပြီ၊ လေးပါးကုန်သော ပါရာဇိက အမည်ရှိကုန် သော အာပတ်တို့ကို သရုပ်အားဖြင့် ပြခဲ့ပြီးကုန်ပြီ၊ တဆယ့်သုံးပါးကုန်သော သံဃာဒိသိသ် အမည် ရှိကုန်သော အာပတ်တို့ကို အရှင်ဘုရားတို့ ကြားခဲ့ပြီး ကုန်ပြီ။လ။ ခုနစ်ပါးကုန်သော အဓိကရဏ သမထ အမည် ရှိကုန်သော သဘောတရားတို့ကို အရှင်ဘုရားတို့ ကြားခဲ့ပြီးကုန်ပြီ။ ဤမျှ အတိုင်းအရှည် ရှိသော သိက္ခာပုဒ်တော်သည် ။လ။ ကျင့်အပ်၏။

ပါရာဇိကကို သရုပ်အားဖြင့် ပြခြင်းသည် ပြီးခြင်းသို့ရောက်ပြီ''ဟု ရွတ်ဆို အပ်၏။ ။သာဓု သာဓု သာဓု။

[ဤသို့သောရွတ်ဆိုနည်းကို အမြွတ်တနိုး အတိအကျ လိုက်နာအပ်၏၊ ချိန် နှင့်တူသော ဉာဏ်ဖြင့်ချိန်စက်၍ ဆိုသောကြောင့်တည်း-ဟု ဆရာမြတ်တို့ မိန့်ဆို ကုန်၏၊ အကြားအကြား၌ ထည့်ဆိုမိလျှင်လည်း ပြောလောက်အောင် အပြစ် မရှိ-ဟူ၏။]

အစ တဥဒ္ဒေသမျှ ပြသောအခါ နိဒါန်းအဆုံး၌ ''နိဒါန်းကို ပြခြင်းသည် ပြီးခြင်းသို့ရောက်ပြီ''ဟူသည်ကို မရွတ်ဆိုမူ၍ ''အရှင်တို့, နိဒါန်းကို ပြခဲ့ပြီးပါပြီ၊ လေးပါးကုန်သော ပါရာဇိကအမည် ရှိကုန်သော အာပတ်တို့ကို အရှင်ဘုရားတို့ ကြားခဲ့ပြီးကုန်ပြီ။လ။ ခုနစ်ပါးကုန်သော အဓိကရဏ သမထ အမည်ရှိကုန်သော သဘောတရားတို့ကို အရှင်ဘုရားတို့ ကြားခဲ့ပြီးကုန်ပြီ။ ဤမျှ အတိုင်းအရှည် ရှိသော သိက္ခာပုဒ်တော်သည် ။လ။ကျင့်အပ်၏။

နိဒါန်းကိုပြခြင်းသည် ပြီးခြင်းသို့ရောက်ပြီ'' ဟု ရွတ်ဆိုအပ်၏။ သာဓု သာဓု သာဓု။

ဤရွတ်ဆိုသောနည်းမှာ 'ဘိက္ခုပါတိမောက် သက်သက်ပြန်ဆိုရန်အတွက် ရွတ်ဆိုသောနည်း' နှင့် ဆက်စပ်နေ၍ ဤ၌ မဖော်ပြထားသော ကျန် သက်ဆိုင် သော အချက်အလက်များကို ထိုရွတ်ဆိုသော နည်းမှ စိစစ်၍ ယူလေ။ ။ [ရွတ်ဆိုသောနည်း ပြီးပြီ။]

**အန္တရာယ် ၁၀ ပါး။** ။(၁) မင်း လာခြင်း၊

(၂) ကျောင်းစသည် မီးလောင်ခြင်း၊

(၃) သူခိုး ခိုးခြင်း၊

(၄) မိုးကြီးရွာခြင်း သို့မဟုတ် ရေကြီးလာခြင်း၊

(၅) လူအများ လွှမ်းမိုးလာခြင်း၊

(၆) ရဟန်းကို ဘီလူး ပူးခြင်း၊

(၇) ခြင်္သေ့, သစ်, ကျားစသော သားရဲကောင်များ ဝင်လာခြင်း၊

(၈) ရဟန်းကို မြွေကိုက်ခြင်း၊

(၉) အသက်အန္တရာယ်ဖြစ်လောက်အောင်ရဟန်းတပါးပါးမကျန်းမာဖြစ်လာခြင်း သို့မဟုတ် ပျံတော်မူခြင်း သို့မဟုတ် သတ်မည်ဟု ကြံစည်ခြင်း၊

(၁၀) ဗြဟ္မစရိယခေါ် သာသနာတော်၏အန္တရာယ်ဖြစ် လောက် အောင် (လူ ထွက်ရလောက်အောင်) ရဟန်း တပါးပါးကို ဖြစ်စေ၊ အများကိုဖြစ်စေ ဖမ်းယူခြင်းတည်း။

**အထူး မှတ်ဖွယ်။** ။တပါးအား အဓိဋ္ဌာန်ဉပုသ်, နှစ်ပါးသုံးပါးတို့အား ပါရိသုဒ္ဓိဉပုသ်, လေးပါးစသော သံဃာတော်အား သုတ္တုဒ္ဒေသ ဉပုသ်ကို ပြုရမည်–ဟု ပညတ်တော်မူခြင်းကြောင့် နှစ်ပါး သုံးပါးရှိလျှက် အဓိဋ္ဌာန် ဉပုသ်ကို မပြုကောင်းသကဲ့သို့ သံဃာရှိလျှက် ပါရိသုဒ္ဓိဉပုသ်ကို မပြုကောင်းဟု မှတ်ရာ၏။

**အကျဉ်း–အကျယ်။** ။ဤသုတ္တုဒ္ဒေသ သံဃဉပုသ် ပြုရာ၌ အထက်၌ ဖော်ပြထားသော အန္တရာယ် ၁၀ ပါးတို့တွင် တပါးပါးမျှ မရှိလျှင် ဘိက္ခုပါတိမောက်ကို ဆုံးအောင် (အကျယ်) ရွတ်ဆိုရမည်။ အန္တရာယ် တပါးပါးရှိလျှင် သော်ရင်၊ ဆုံးအောင် ရသူ မရှိလျှင် သော်ရင်း နိဒါန်းအဆုံးမှ

နောက် ရောက်ရာ အခဏ်း၌ တန့်ရပ်ပြီး ဆိုးစေသောအားဖြင့် အကျဉ်းလည်း ရွတ်နိုင်၏။

အန္တရာယ် အလျင်း မရှိပဲလျက် အကျဉ်းအားဖြင့် ပြလျှင် ဒုက္ကဋ် အာပတ်သင့်ခြင်းကြောင့် အလျင်း မပြသော သံဃာတော်အားဆိုဖွယ်ရာမရှိ—ဟု မှတ်ရာ၏။

မိမိတို့ နေရာ ကျောင်းတိုက်၌ သံဃာလောက်လျက် ဥပုသ်နေ့ရောက် ပါတိမောက်ပြမည့် ရဟန်းမရှိသော် ဉာဏ်ကောင်းသော ရဟန်းတပါးကို သာမန္တကျောင်းတိုက်သို့ စေလွှတ်၍ အနည်းဆုံး တဥဒ္ဒေသမျှကို သင်ကြားစေပြီးလျှင် သုတ္တုဒ္ဒေသ သံဃဥပုသ်ကို ပြုရမည်။တဥဒ္ဒေသလောက်ကိုမှရအောင် ကျက်နိုင်မည့်သူ မရှိလျှင် သံဃဥပုသ်ပြုရာ ကျောင်းတိုက်သို့ သွား၍ သုတ္တုဒ္ဒေသ သံဃ ဥပုသ် ပြုကြရမည်။ မသွားပဲ လုံးလုံး ဥပုသ်မပြုမူ၍ ဖြစ်စေ၊ ဂဏဥပုသ်, ပါရိ သုဒ္ဓိဥပုသ်, အဓိဋ္ဌာန် ဥပုသ်တို့ကို ပြု၍ဖြစ်စေ နေငြားအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။

ဥပုသ်နေ့၌ သံဃဥပုသ်ပြုသော ကျောင်းတိုက်မှ အန္တရာယ် ၁၀ ပါး လည်း မရှိ, သံဃ ဥပုသ်ပြုပြီးလည်း မဟုတ်ပဲလျက် သံဃဥပုသ်ပြုသော ရဟန်း မရှိသည့် ကျောင်းတိုက်သို့ မသွားအပ်၊ မသွားကောင်း။ လုံးလုံး ဥပုသ်မပြုရန် ဖြစ်စေ၊ ဂဏ, ပါရိသုဒ္ဓိ,အဓိဋ္ဌာန် ဥပုသ်ပြုရန်ဖြစ်စေ ထိုအရပ်သို့ သွားငြားအံ့၊ ဒုက္ကဋ် အာပတ်သင့်၏။

ဂဏဥပုသ်ပြုရာ အရပ်မှ ရဟန်းတပါးတည်းရှိရာသို့သွား၍ နှစ်ပါး ပါရိ သုဒ္ဓိ ဥပုသ် ပြုကောင်း၏။ [သံဃဥပုသ် ပြုရာအရပ်မှ ရဟန်းတပါးတည်းရှိရာ သို့ ပါရိ သုဒ္ဓိဥပုသ် ပြုခြင်းငှါ သွားအပ်၏-ဟု မယူလေလင့်။]

တောနေရဟန်းသည် စေတုဒ္ဒသီဖြစ်အံ့၊တော၌ အဓိဋ္ဌာန် ဥပုသ်သာပြုမည်။ ဒွိစဉ်ရီဖြစ်အံ့၊ ပါရိသုဒ္ဓိ ဥပုသ်သာ ပြုမည်။ တိစာရီ ဖြစ်အံ့၊ဂဏဥပုသ်သာပြု မည်။ သံဃဥပုသ်ကို မပြု။ ထို့ကြောင့် ဥပုသ်နေ့၌ သံဃဥပုသ်ပြုသော ကျောင်းတိုက်သို့ မသွားအပ်၊ သွားလျှင် ထိုကျောင်းတိုက်၌ သံဃဥပုသ်ပြု ပြီးမှ တောကျောင်းသို့ ပြန်ခဲ့ရမည်။ မပြုခဲ့ပဲ ပြန်လာလျှင် ဒုက္ကဋ်အာပတ် သင့်၏။

အာပတ်ရှိသော ရဟန်း ဥပုသ် မပြုအပ်-ဟု ဟောတော်မူသောကြောင့် အာပတ်ရှိလျှင် ဥပုသ် မပြုမီ ဒေသနာ ပြောအပ်၏။ အာပတ် တန်းလန်းနှင့် ပါတိမောက်နာလျှင် ဒုက္ကဋ် အာပတ်သင့်၏။ ပါတိမောက် ပြနေစဉ် အာပတ်

ကို သတိရအံ့၊ အနီး၌ရှိသော ရဟန်းတပါးပါးအား''ဤနေရာမှ ထသော အခါ အာပတ်ကို ကုစားပါမည်''ဟု တိုးတိုးပြောဆို၍ ပါတိမောက်နာ အပ်၏။

ဝဂ်ဖြစ်လျက် ဓမ္မဝိနယ သမဂ္ဂသညာဖြင့် ပါတိမောက် ပြအံ့၊ ပြစဉ် လက်ရှိ သံဃာထက် အရေအတွက် များသောရဟန်းများဝင်လာအံ့၊ ပြန်၍ ပြအပ်၏။ အတူအမျှ ဝင်လာအံ့၊ အနည်းငယ်ဝင်လာအံ့၊ အကြွင်းကို နာအပ်၏။ ပြပြီးမှသော်၎င်း၊ အားလုံး ထကုန်မှသော်၎င်း အများဝင်လာအံ့၊ ပြန်၍ ပြအပ်၏။ အတူ, အနည်း ဝင်လာအံ့၊ ပြပြီးသော ရဟန်းတို့ထံ ပါရိသုဒ္ဓိ ဥပုသ်ပြုအပ်၏။

ဤထက် အကျယ် သိလိုလျှင် ထိုကမ္မဝါ ကံဆောင် အခဏ်း ၂၀, ပါတိမောက် ဘာသာဋီကာ, ညောင်လွန့် တောရကျောင်း၊ ဆရာတော်ဘုရားကြီး စီရင်တော်မူသော ဥပုသ်ပြုခြင်း ဝိနိစ္ဆယနှင့် ထိုဥပေါသထ သံမူဋ္ဌ နိဂ္ဂဟ စာ တမ်းတို့၌ ကြည့်တော်မူကြပါကုန်။

အာဏာပါတိမောက် သံဃ ဥပုသ်ကံ ပြုခဏ်းပြီးပြီ။

---

## ၆၂။ ။ဥပေါသထကံဆောင်ခဏ်း

## သုံးပါး ဥတ်ထား၍ ပါရိသုဒ္ဓိဥပုသ်ပြုခြင်း

[ပုဗ္ဗကရဏ စသည်တို့ကို ဥတ်မထားပဲ မေးဖြေအပ်၏၊ တပါးတည်း သက်သက်မူလည်း ပြောကြားအပ်၏။]

**ပုဗ္ဗကရဏစသည်ကြားပုံ။** ။တံမြက် လှည်းခြင်း၊ ဆီမီး ညှိထွန်းခြင်း၊ သောက်ရေသုံးဆောင်ရေတည်ထားခြင်း၊ နေရာခင်းခြင်းကိစ္စတို့သည် ပြီးကုန်ပြီ။ ဤကား ပုဗ္ဗကရဏ လေးပါးတည်း။

ဆန္ဒကိုင်၎င်း၊ ပါရိသုဒ္ဓိကိုင်၎င်း ဆောင်၍ ကြားဖွယ်မရှိ။ဥတုသည် (ဆောင်း, နွေ, မိုး)ဥတု၊ တပက္ခလွန်, နှစ်ပက္ခမြောက်ရောက်ဆဲ, ခြောက်ပက္ခကြွင်းသေး ၏။ ရဟန်းအရေအတွက် သုံးပါးဖြစ်၏။ဘိက္ခုနီတို့ တောင်းပန်သော သြဝါဒ ကို လျှောက်ကြားဖွယ်မရှိ။ ဤကား ပုဗ္ဗကိစ္စ ငါးပါးတည်း။ (ဆန္ဒပါရိသုဒ္ဓိ သည် ဆောင်သော်လည်း ဂဏ ပုဂ္ဂလထံသို့ မရောက်၊ သံဃာ့ထံသို့သာရောက် သည်။) ဥတုနှင့် ပက္ခကိုလျှော်ရာဖြေ။

ယခု ပြုဆဲ ဥပုသ်သည် ပန္နရသီ (စာတုဒ္ဒသီ)ဥပုသ်, ဂဏဥပုသ်, ပါရိသုဒ္ဓိ ဥပုသ် ဖြစ်၏။ ရဟန်းသုံးပါး ဟတ္ထပါသ် မစွန့်၊ သဘာဂ အာပတ်မရှိ၊ ဝဇ္ဇနီယ ပုဂ္ဂိုလ် မရှိ၊ ဤအင်္ဂါလေးပါးရှိသော ကံသည် ပတ္တကလ္လမည်၏။

**ဂဏဉတ်။** ။သုဏန္တု မေ အာယသ္မန္တာ။ အဇ္ဇုပေါသထော ပန္နရသော (စာတုဒ္ဒသော)။ ယဒါယသ္မန္တာနံ ပတ္တကလ္လံ၊ မယံ အညမညံ ပါရိသုဒ္ဓိ ဥပေါသထံ ကရေယျာမ။ [အရှင်ဘုရားတို့,အရှင်တို့သည် ဘုရားတပည့်တော်၏ စကားကို နာတော်မူကြကုန်လော့၊ ယနေ့ ဥပုသ်နေ့သည် ပန္နရသီ-တဆယ့် ငါးရက် (စာတုဒ္ဒသီ-တဆယ့်လေးရက်)မြောက်သော နေ့တည်း၊ အရှင်တို့ အား လျောက်ပတ်သော အခါရှိသော ကံသည် အကယ်၍ ဖြစ်ငြားအံ့၊ ဘုရားတပည့်တော်တို့သည် အချင်းချင်း ပါရိသုဒ္ဓိ ဥပုသ်ကို ပြုကြကုန်အံ့။]

**ပါရိသုဒ္ဓိ အကြီးကြားပုံ။** ။ပရိသုဒ္ဓေါ အဟံ အာဝုသော၊ ပရိသုဒ္ဓေါ တိ မံ ဓာရေထ။ ဒုတိယမ္ပိ....တတိယမ္ပိ....သုံးခေါက် ဆို။ ။သာဓု သာဓု သာဓု။ ။[ငါ့ရှင်တို့, တပည့်တော်သည် အာပတ်မှ စင်ကြယ်ပါ၏၊ တပည့် တော်ကို အာပတ်မှ စင်ကြယ်သောသူဟူ၍ မှတ်ကြကုန်လော့။]

**အငယ်ကြားပုံ။** ။ပရိသုဒ္ဓေါ အဟံ ဘန္တေ၊ ပရိသုဒ္ဓေါတိ မံ ဓာရေထ။ ဒုတိယမ္ပိ....တတိယမ္ပိ....သုံးခေါက်ဆို။ ။သာဓု သာဓု သာဓု။ ။[အရှင် ဘုရားတို့, ဘုရား တပည့်တော်သည် အာပတ်မှ စင်ကြယ် ပါ၏၊ ဘုရားတပည့်တော်ကို အာပတ်မှ စင်ကြယ်သော သူဟူ၍ မှတ်တော် မူကြပါ ကုန်လော့။]

---

## နှစ်ပါးဉတ် မထားပဲ ပါရိသုဒ္ဓိဥပုသ်ပြုခြင်း

[ပုဗ္ဗကရဏ စသည်ကို ယခင်နည်းမှီ၍ ကြားအပ်၏၊ ရဟန်းအရေအတွက် နှစ်ပါးဖြစ်ခြင်း၊ ဉတ်မထားရခြင်းသာ ထူး၏။]

အကြီး။ ။ပရိသုဒ္ဓေါ အဟံ အာဝုသော။ ပရိသုဒ္ဓေါတိ မံ ဓာရေဟိ။ ။ သုံးခေါက်ဆို။ ။ သာဓု သာဓု သာဓု။

အငယ်။ ။ပရိသုဒ္ဓေါ အဟံ ဘန္တေ။ ပရိသုဒ္ဓေါတိ မံ ဓာရေထ။ ။ သုံးခေါက်ဆို။ ။သာဓု သာဓု သာဓု။

## တပါးတည်း အဓိဋ္ဌာန်ဥပုသ်ပြုခြင်း

[တံမြက်လှည်းခြင်းစသော ပုဗ္ဗကရဏ် လေးပါးကို ရှေးဦးစွာ ပြုထားရသည်၊ ပုဗ္ဗကိစ္စ, ဥတု, ပက္ခတို့ကို မှတ်သား ဆင်ခြင်ရသည်၊ တပါးသော ရဟန်းများ ကြွလာချိန် ကုန်အောင်မျှော်ရသည်၊ တပါးသော ရဟန်းများ ကြွလာလျှင် ထိုရဟန်းတို့နှင့် သံဃဥပုသ်,မလောက်လျှင် ဂဏဥပုသ်ပြုရသည်။ မကြွလာသော်ငြား၊ ဝိသဘာဂရဟန်းသာ ကြွလာသော်ငြား ထိုအခါ အဓိဋ္ဌာန် ပြုရသည်၊ ဝိသဘာဂနှင့် သိလျက် ကံ မပြုအပ်။]

**အဓိဋ္ဌာန်ပုံ။** ။အဇ္ဇ မေ ဥပေါသထော ပန္နရသော (စာတုဒ္ဒသော) အဓိဋ္ဌာမိ။ ။သုံးကြိမ် ဆောက်တည် အပ်၏။ [ယနေ့ ငါ၏ ဥပုသ်နေ့သည် ပန္နရသီ-တဆယ့် ငါးရက် (စာတုဒ္ဒသီ-တဆယ့်လေးရက်) မြောက်သောနေ့ **တည်း၊** ငါသည် အဓိဋ္ဌာန်ပါ၏။]

ဥပေါသထ ကံဆောင် ခဏ်း ပြီးပြီ။

---

## ၆၃။ ။ပဝါရဏာ ကံဆောင်ခဏ်း

### (သံဃပဝါရဏာ ကံပြုခဏ်း)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

[ပူဇော်အထူးကို ခံတော်မူထိုက်သော အလုံးစုံသော တရားတို့ကို မဖေါက် မပြန် ကိုယ်ပိုင်ဉာဏ်ဖြင့် သိတော်မူသော ထိုမြတ်စွာဘုရားအား ရှိသေစွာ ရှိခိုးပါ၏။]

သမ္မဇ္ဇနီ ပဒီပေါ စ၊ ဥဒကံ အာသနေန စ။
ပဝါရဏာယ ဧတာနိ၊ ပုဗ္ဗကရဏန္တိ ဝုစ္စတိ။

ဟူ၍ အဋ္ဌကထာ ဆရာမြတ်တို့ မိန့်ဆိုအပ်သည်နှင့် အညီ ပဝါရဏာပြုရာ ဖြစ်သော ဤဥပုသ်အိမ် သိမ်အပြင်၌ တံမြက်လှည်းခြင်း ကိစ္စပြီးပါပြီဘုရား။

ဆီမီးညှိထွန်းခြင်းကိစ္စမှာ နေတည်းဟူသော အရောင်အလင်းကို ရသည် ဖြစ်၍ ညှိထွန်းဖွယ် ကိစ္စ မရှိပါဘုရား။

နေရာခင်းခြင်းနှင့်တကွ သောက်ရေ သုံးဆောင်ရေ တည်ထားခြင်းကိစ္စ ပြီးပါပြီ ဘုရား။

ဤလေးပါးသော အမှုကိစ္စတို့ကို (ဝါ) တံမြက်, ဆီမီး, ရေ, နေရာ-ကိစ္စလေးဖြာတို့ကို သံဃာ မစည်းဝေးမီ ရှေးအဖို့၌ ပြုအပ်သောကြောင့် ပုဗ္ဗကရဏ-ဟူ၍ မိန့်ဆိုအပ်၏။

ဆန္ဒ ပဝါရဏာ ဥတုက္ခာနံ၊ ဘိက္ခုဂဏနာစ ဩဝါဒေါ။
ပဝါရဏာယ တောနိ၊ ပုဗ္ဗကိစ္စန္တိ ဝုစ္စတိ။

ဟူ၍ အဋ္ဌကထာ ဆရာမြတ်တို့ မိန့်ဆိုအပ်သည်နှင့် အညီ နှစ်တောင့်ထွာ ဟတ္ထပါသ် အတွင်းသို့မရောက်လာသော ပဝါရဏာပြုပြီးသော ရဟန်း,ဂိလာန ရဟန်း, ကိစ္စပ္ပသုတ ရဟန်းတို့သည် ပေးအပ်သော ဆန္ဒနှင့် ဂိလာနရဟန်း, ကိစ္စပ္ပသုတရဟန်းတို့သည် ပေးအပ်သော ပဝါရဏာတို့ကို ဆောင်၍ သံဃာ အား လျှောက်ကြားခြင်း ကိစ္စမှာ သိမ်တွင်းရှိ သီမဋ္ဌကသံဃာသည် နှစ်တောင့်ထွာ ဟတ္ထပါသ်အတွင်းသို့ ရောက်သည်ဖြစ်၍ ဆောင်၍ လျှောက်ကြားဖွယ် ကိစ္စ မရှိပါဘုရား။

ဥတုသည် ဟေမန္တ-ဆောင်းဥတု, ဂိမှာန-နွေဥတု, ဝဿာန-မိုးဥတုအား ဖြင့် သုံးပါး အပြားရှိ၏၊ ထိုသုံးပါးတို့တွင် ယခုရောက်ဆဲဖြစ်သော ဥတုကား ဝဿာန-မိုးဥတု ဖြစ်ပါသည်ဘုရား။

ဤဝဿာန- မိုးဥတု၌ ပဌမပက္ခ, ဒုတိယ ပက္ခစသော အားဖြင့် ရှစ်ပက္ခ အတိုင်းအရှည်ရှိ၏၊ ထိုရှစ်ပက္ခတို့တွင် ငါးပက္ခ လွန်သည်ဖြစ်၍ ခြောက်ပက္ခ မြောက် ရောက်ဆဲဖြစ်သဖြင့် နှစ်ပက္ခ ကြွင်းပါသေးသည်ဘုရား။ (တန်ဆောင်မုန်းလပြည့် ဖြစ်လျှင် လျှော်ရာဖြေ။)

ပဝါရဏာပြုရာဖြစ်သော ဤဥပုသ်အိမ် သိမ်အပြင်၌ စည်းဝေးလာရောက်ကြသော ရဟန်းတို့ကား (ငါးကျိပ်လေးပါး)အရေအတွက် ရှိပါသည်ဘုရား။ (လျော်ရာဖြေ။)

ဘိက္ခုနီတို့သည်ဩဝါဒအလို့ငှါ ချဉ်းကပ်ခြင်းကို ရပါအံ့လော-ဟုတောင်းပန်သော ဩဝါဒကို လျှောက်ကြားခြင်းကိစ္စမှာ ယခုအခါ ဘိက္ခုနီတို့ မရှိသောကြောင့် လျှောက်ကြားဖွယ်ကိစ္စ မရှိပါဘုရား။

ဤငါးပါးသော အမှုကိစ္စတို့ကို (ဝါ)ဆန္ဒ လျှောက်ကြား, ပဝါရဏာ လျှောက်ကြား, ဥတုလျှောက်ကြား, ရဟန်း အရေအတွက် လျှောက်ကြား, ဘိက္ခုနီ ဩဝါဒ လျှောက်ကြား-ကိစ္စငါးဖြာတို့ကို သံဃာ စည်းဝေးပြီးသည်

နောက် ပဝါရဏာမပြုမီ ရှေးအဖို့၌ ပြုအပ်သော ကြောင့် ပုဗ္ဗကိစ္စ-ဟူ၍ မိန့်ဆိုအပ်၏။

ပဝါရဏာ ယာဝတိကာ စ ဘိက္ခူ ကမ္မပ္ပတ္တာ။
သဘာဂါပတ္တိယော စ န ဝိဇ္ဇန္တိ။
ဝဇ္ဇနီယာ စ ပုဂ္ဂလာ တသ္မိံ န ဟောန္တိ။
ပတ္တကလ္လန္တိ ဝုစ္စတိ။

ဟူ၍ အဋ္ဌကထာ ဆရာမြတ်တို့ မိန့်ဆိုအပ်သည်နှင့် အညီ ပဝါရဏာသည် နေ့၏အစွမ်းဖြင့် စာတုဒ္ဒသီပဝါရဏာ, ပန္နရသီ ပဝါရဏာ-သာမဂ္ဂီ ပဝါရဏာ ဟူ၍ သုံးပါးအပြားရှိ၏၊ ထိုသုံးပါးတို့တွင် ယခုပြုဆဲ ဖြစ်သော ပဝါရဏာ ကား ပန္နရသီပဝါရဏာ ဖြစ်ပါသည်ဘုရား။

ပြုတတ်သော ကာရက၏ အစွမ်းဖြင့် သံဃပဝါရဏာ, ဂဏပဝါရဏာ, ပုဂ္ဂလပဝါရဏာ-ဟူ၍ သုံးပါး အပြားရှိ၏၊ထိုသုံးပါးတို့တွင် သံဃ ပဝါရဏာ ဖြစ်ပါသည် ဘုရား။

ပြုအပ်သော အခြင်းအရာ ကာတဗ္ဗာကာရ၏ အစွမ်းဖြင့် တေဝါစိကာ ပဝါရဏာ, ဒွေဝါစိကာ ပဝါရဏာ, ဧကဝါစိကာ ပဝါရဏာ-ဟူ၍ သုံးပါး အပြားရှိ၏၊ ထိုသုံးပါးတို့တွင် တေဝါစိကာ ပဝါရဏာ ဖြစ်ပါသည်ဘုရား။

အကြင်မျှလောက်ငါးပါး ငါးပါးထက် အလွန် ဖြစ်ကုန်သော ပကတတ် ရဟန်းတို့သည်လည်း သံဃပဝါရဏာ ကံအား လျောက်ပတ်ကုန်၍ တသိမ် တည်း၌နှစ်တောင့်ထွာ ဟတ္ထပါသ်အတွင်း တည်လျက်ရှိကုန်၏။သဘောတူဝတ္ထု ကြောင့်သင့်သော အာပတ်တို့ သည်လည်း မရှိကုန်။ ထိုရဟန်းတို့၏ နှစ် တောင့်ထွာ ဟတ္ထပါသ်အတွင်းမှ ကြဉ်အပ်ကုန်သော လူ, ဘိက္ခုနီ စသော နှစ်ကျိပ်တယောက်သော ဝဇ္ဇနီယ ပုဂ္ဂိုလ်တို့သည်လည်း မရှိကုန်။

ဤလေးပါးသော အင်္ဂါတို့ဖြင့် (ဝါ) ပဝါရဏာနေ့, သံဃာ သိမ်တူ ဟတ္ထပါသ်တည်, သဘာဂါပတ် မရှိ, ဝဇ္ဇနီကြဉ်ဖယ်-အင်္ဂါ လေးသွယ်တို့ဖြင့် သင့်ဟုတ်ရောက်အပ်သော ပဝါရဏာကံကို လျောက်ပတ်သောအခါ ရှိသော ကြောင့် ပတ္တကလ္လ-ဟူ၍ မိန့်ဆိုအပ်၏။

ပုဗ္ဗကရဏ ပုဗ္ဗကိစ္စာနိ သမာပေတွာ ဒေသိတာ ပတ္တိကဿ သမဂ္ဂဿ ဘိက္ခုသံဃဿ အနုမတိယာ ပဝါရဏာဉတ္တိံ ထပေတုံ အာရာဓနံ ကရောမ။ ။ သာဓု သာဓု သာဓု။

ပုဗ္ဗကရဏလေးပါး, ပုဗ္ဗကိစ္စ ငါးပါးတို့ကို ပြည့်စုံစေပြီး၍ သင့်သော အာပတ်အတွက် ဒေသနာပြောပြီးသော ညီညွတ်သောသံဃာတော်၏အလိုနှင့် အညီဘုရားတပည့်တော်တို့သည် သံဃပဝါရဏာဉတ်ကို ထားခြင်းငှါအားထုတ် ကြကုန်အံ့။ ။သာဓု သာဓု သာဓု။

**ပဝါရဏာဉတ်။** ။သုဏာတု မေ ဘန္တေ သံဃော။ အဇ္ဇ ပဝါရဏာ ပန္နရသီ။ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော တေဝါစိကံ ပဝါရေယျ။

အရှင်ဘုရားတို့, သံဃာတော်သည် ဘုရားတပည့်တော်၏စကားကို နာတော် မူလော့၊ ယနေ့ ပဝါရဏာ နေ့သည် ပန္နရသီ-တဆယ့်ငါးရက် မြောက်သော နေ့တည်း၊ သံဃာတော်အား လျောက်ပတ်သော အခါ ရှိသော် ကံသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာတော်သည် သုံးကြိမ်ဆို၍ ပဝါရဏာ ပြုရာ၏။

**အကြီးပဝါရဏာပြုပုံ။** ။သံဃံ အာဝုသော ပဝါရေမိ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ ဝဒန္တု မံ အာယသ္မန္တော အနုကမ္ပံ ဥပါဒါယ၊ ပဿန္တော ပဋိကရိဿာမိ။

ဒုတိယမ္ပိ အာဝုသော သံဃံ ပဝါရေမိ .... .... .... ပဋိကရိဿာမိ။

တတိယမ္ပိ အာဝုသော သံဃံ ပဝါရေမိ .... .... .... ပဋိကရိဿာမိ။ ။ သာဓု သာဓု သာဓု။

**သီတင်းငယ်တို့ကား** "အာဝုသော" အစား "ဘန္တေ" ဟု ဆိုအပ်၏။ သုံးကြိမ်စီ။

**အနက်။** ။။ငါ့ရှင်တို့, တပည့်တော်သည် သံဃာတော်ကိုဖိတ်၏၊ ငါ့ရှင် တို့သည် မြင်သဖြင့်ရင်း၊ ကြားသဖြင့်ရင်း၊ ယုံမှားသဖြင့်ရင်း တပည့်တော်အား အစဉ်သနားခြင်းကို အကြောင်းပြု၍ ဆိုကြကုန်လော့၊ အပြစ်ကိုရှု၍ ကုစား ပါအံ့။ [နှစ်ကြိမ်မြောက်လည်း........သုံးကြိမ်မြောက်လည်း ငါ့ရှင်တို့။လ။အပြစ် ကို ရှု၍ ကုစားပါအံ့။]

## လေးပါးဂဏ ပဝါရဏာ ပြုပုံ

**ပုဗ္ဗကရဏ စသည်။** ။တံမြက်လှည်းခြင်း၊ ဆီမီးညှိထွန်းခြင်း။ သောက်ရေ သုံးဆောင်ရေ တည်ထားခြင်း၊ နေရာခင်းခြင်းကိစ္စတို့သည် ပြီးကုန်ပြီ။ ဤကား ပုဗ္ဗကရဏ် လေးပါးတည်း။

ဆန္ဒကိုရင်း၊ ပဝါရဏာကိုရင်း ဆောင်၍ ကြားဖွယ်မရှိ။ ဥတုသည် မိုးဥတု၊ ငါးပက္ခလွန် ခြောက်ပက္ခ မြောက် ရောက်ဆဲ၊ နှစ်ပက္ခ ကြွင်းသေး၏။ ရဟန်းအရေအတွက် လေးပါးဖြစ်၏။ ဘိက္ခုနီတို့ တောင်းပန်သော ဩဝါဒကို လျှောက်ကြားဖွယ်မရှိ။ ဤကား ပုဗ္ဗကိစ္စ ငါးပါးတည်း။

ယခုပြုဆဲ ပဝါရဏာသည် ပန္နရသီ ပဝါရဏာ, ဂဏ်ပဝါရဏာ, တေဝါစိကာ ပဝါရဏာဖြစ်၏။ ရဟန်းလေးပါး ဟတ္ထပါသ် မစွန့်၊ သဘာဂအာပတ် မရှိ၊ ဝဇ္ဇနီယပုဂ္ဂိုလ် မရှိ၊ ဤ အင်္ဂါလေးပါးရှိသော ပဝါရဏာကံ သည် ပတ္တကလ္လ မည်၏။

**လေးပါးဂဏဉတ်။** ။သုဏန္တု မေ အာယသ္မန္တော။ အဇ္ဇ ပဝါရဏာ ပန္နရသီ။ ယဒါယသ္မန္တာနံ ပတ္တကလ္လံ၊ မယံ အညမညံ တေဝါစိကံ ပဝါရေယျာမ။

**အနက်။** ။အရှင်ဘုရားတို့, အရှင်တို့သည် တပည့်တော်၏ စကားကို နာတော်မူလော့။ ယနေ့ ပဝါရဏာနေ့သည် ပန္နရသီ– တဆယ့် ငါးရက်မြောက်သောနေ့တည်း။ အရှင်တို့အား လျှောက်ပတ်သောအခါရှိသောကံသည် အကယ်၍ ဖြစ်ငြားအံ့။ တပည့်တော်တို့သည် အချင်းချင်း သုံးကြိမ်ဆို၍ ပဝါရဏာ ပြုကြကုန်အံ့။

**ပဝါရဏာဖိတ်ပုံ။** ။အဟံ အာဝုသော အာယသ္မန္တေ ပဝါရေမိ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ ဝဒန္တု မံ အာယသ္မန္တော အနုကမ္ပံ ဥပါဒါယ၊ ပဿန္တော ပဋိကရိဿာမိ။ သုံးကြိမ်။ ။သာဓု သာဓု သာဓု။

**သိတင်းငယ်။** ။"အာဝုသော"အစား "ဘန္တေ"ဟု ဆို။ [တပါးထံ–သ္မာ၊ နှစ်ပါးထံ–န္တာ၊ သုံးပါးထံ–န္တော၊ လေးပါးထံ–သော။]

## သုံးပါး ဂဏ ပဝါရဏာပြုပုံ

[ပုဗ္ဗကရဏစသည် ကြားခြင်း၌ ရဟန်းအရေအတွက် သုံးပါးမျှသာ။]

**သုံးပါးဂဏဉတ်။** ။သုဏန္တု မေ အာယသ္မန္တာ။ အဇ္ဇ ပဝါရဏာ ပန္နရသီ။ ယဒိ ယသ္မန္တာနံ ပတ္တကလ္လံ၊ မယံ အညမညံ တေဝါစိကံ ပဝါရေယျာမ။

**ပဝါရဏာဖိတ်ပုံ။** ။အဟံ အာဝုသော အာယသ္မန္တေ ပဝါရေမိ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ ဝဒန္တု မံ အာယသ္မန္တာ အနုကမ္ပံ ဥပါဒါယ၊ ပဿန္တော ပဋိကရိဿာမိ။ သုံးကြိမ်။ ။သာဓု သာဓု သာဓု။

**သီတင်းငယ်။** ။ဘန္တေ-ဟုဆို။

---

## နှစ်ပါးဂဏ ပဝါရဏာပြုပုံ

[ပုဗ္ဗကရဏစသည် ကြားခြင်း၌ ရဟန်းအရေအတွက် နှစ်ပါးမျှသာ၊ ဉတ် မထားရ။]

**ပဝါရဏာဖိတ်ပုံ။** ။အဟံ အာဝုသော အာယသ္မန္တံ ပဝါရေမိ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ ဝဒတု မံ အာယသ္မာ အနုကမ္ပံ ဥပါဒါယ၊ ပဿန္တော ပဋိကရိဿာမိ။ သုံးကြိမ်....။ ။သာဓု သာဓု သာဓု။

**သီတင်းငယ်။** ။ဘန္တေ-ဟုဆို။

---

## တပါးတည်း အဓိဋ္ဌာန်ပြုပုံ

[တံမြက်လှည်းခြင်းစသော ပုဗ္ဗကရဏလေးပါးပြု၍ ပုဗ္ဗကိစ္စ ဥတုပက္ခတို့ကို မှတ်သား၍ တပါးသောရဟန်းများကို မျှော်လင့်၍ ကြွလာလျှင် ထိုရဟန်းတို့နှင့်အတူ....။ မကြွလာလျှင်သာ အဓိဋ္ဌာန် ပြုရသည်။ဝိသဘာဂရဟန်း ကြွလာလျှင်ကား ဝိသဘာဂနှင့် ကံမပြုအပ်။]

**အဓိဋ္ဌာန်ပုံ။** ။အဇ္ဇ မေ ပဝါရဏာ ပန္နရသီ အဓိဋ္ဌာမိ။ သုံးကြိမ် ဆောက်တည်အပ်၏။

ပဝါရဏာ ကံဆောင်ခဏ်း ပြီးပြီ။

## ၆၄။ သိမ်ခဏ်းအမြွက်

**သိမ်ပျက် ၁၁ လုံး။** ၁။ အတိခုဒ္ဒကာ,
၂။ အတိမဟတီ,
၃။ ခဏ္ဍနိမိတ္တာ,
၄။ ဆာယာနိမိတ္တာ,
၅။ အနိမိတ္တာ,
၆။ ဗဟိ သီမေ ဌိတသမ္မတာ,
၇။ နဒိယံ သမ္မတာ,
၈။ သမုဒ္ဒေ သမ္မတာ,
၉။ ဇာတဿရေ သမ္မတာ,
၁၀။ သီမာယ သီမံ သမ္ဘိန္ဒန္တေန သမ္မတာ,
၁၁။ သီမာ ယသီမံ အဇ္ဈောတ္ထရန္တေန် သမ္မတာ။ ။
ဝိပတ္တိ သိမ်ပျက် ၁၁-ပါး ဆောင်ပုဒ်။

၁။ အတိခုဒ္ဒကာ၊ ၂-ကျိပ် ၁ ယောက် မထိုင်လောက်ဖွယ် အလွန် ငယ်သော သိမ်ပျက်။

၂။ အတိမဟတီ၊ ၃-ယူဇနာထက်ကျယ်ပြီး အလွန်ကြီးသောသိမ်ပျက်။

၃။ ခဏ္ဍနိမိတ္တာ၊ နိမိတ်ကျိုးပြတ်သော သိမ်ပျက်။

၄။ ဆာယာနိမိတ္တာ၊ တောရိပ်, တောင်ရိပ်, သစ်ပင်ရိပ်ကို နိမိတ်ပြုလုပ်သော သိမ်ပျက်။

၅။ အနိမိတ္တာ၊ နိမိတ် လုံးလုံးမရှိပဲ သမုတ်သော သိမ်ပျက်။

၆။ ဗဟိ သီမေ ဌိတ သမ္မတာ၊ သိမ်ပဉ္စတည်၍ သမုတ်သော သိမ်ပျက်။

၇။ နဒိယံ သမ္မတာ၊ မြစ်ပြင်၌သမုတ်သော သိမ်ပျက်။

၈။ သမုဒ္ဒေ သမ္မတာ၊ သမုဒ္ဒရာအပြင်၌ သမုတ်သော သိမ်ပျက်။

၉။ ဇာတဿရေ သမ္မတာ၊ ဇာတဿရအိုင်အပြင်၌ သမုတ်သော သိမ်ပျက်။

၁၀။ သီမာယ သီမံ သမ္ဘိန္ဒန္တေန သမ္မတာ၊ သိမ်ဟောင်းနှင့် စပ် နတေထပ်၍ သမုတ်သော သိမ်ပျက်။

၁ ၁။ သီမာယ သိမ့် အဇ္ဈောတ္ထရန္တွေန သမ္မတာ၊ သိမ်ဟောင်းကိုခြုံငုံ၍သမုတ်
သော သိမ်ပျက်။ ။[အနက်။]

ကြီး, ငယ်, ကျုံး, ရိပ်၊ အ နိမိတ်၊ ဗဟိဒ်တည် သမုတ်။

အိုင်, သမုဒ်, မြစ်၊ စပ်, လွှမ်းလစ်၊ ဆဲ့တစ် သိမ်ပျက်ထုတ်။

လက်ာဖြစ်၍ အချို့ ရှေးနောက် ပြန်သည်။

ဗဒ္ဓါဗဒ္ဓ၊ သိမ်နှစ်ဝ၊ ဗဒ္ဓခဏ်, မဟာ။

သိမ် ၂ မျိုး။ ။၁—သမုတ်၍ဖြစ်သော ဗဒ္ဓသိမ်,
၂—သမုတ်မှုမရှိသော အဗဒ္ဓသိမ်ဟူ၍ ၂-မျိုးရှိ၏၊ထိုတွင်
ဗဒ္ဓသိမ်သည် ခဏ္ဍသိမ်, မဟာသိမ် ဟူ၍ ၂-မျိုး ရှိ
ပြန်၏။

တိုက်ထောင့်ခဏ္ဍ၊ တိုက်လုံးကျ၊ ဗဒ္ဓ သိမ်မဟာ။

ခဏ္ဍသိမ်။ ကျောင်းတိုက်တခုလုံးကို မခြုံမငုံမူ၍ ကျောင်းတိုက်၏တပိုင်း, တစိတ်, တထောင့်, တကွက်၌ သမုတ်သော ဗဒ္ဓသိမ်သည် ခဏ္ဍသိမ်မည်၏။

မဟာသိမ်။ ။ကျောင်းတိုက်တခုလုံးကို ဖြစ်စေ၊ အနီးအစပ် ဖြစ်သော ကျောင်းတိုက်အများကို ဖြစ်စေ ခြုံ၍သမုတ်သော ဗဒ္ဓသိမ်သည် မဟာသိမ် မည်၏။

မှတ်ချက်။ ။ဘုရားလက်ထက်တော်၌ ရာဇဂြိုဟ်ပြည်မှာ ၁၈-ရပ်သော ကျောင်းတိုက်ကြီးတို့ကို တသိမ်တည်းပြု၍ သမုတ်၏။ ။သီဟိုဠ်ကျွန်း၌ အရှင် မဟိန္ဒထေရ်သည် အနုရာဓမြို့ပါ ခြုံ၍သမုတ်၏၊ အနုရာဓမြို့သည် သိမ်တွင်းကျ၏။ ယခုကာလ၌ကား-သိမ်ဆိုလျှင် လူများမဝင်ရ-ဟု ထင်မှတ်ကြ၏၊မာတုဂါမများ မဝင်ဝံ့ ရှိကြ၏၊ အနုရာဓမြို့သူတို့ကား သိမ်တွင်း၌ နေကြရကုန်၏။

နိမိတ်ကမ္မဝါ၊ ပရိသာ၊ သုံးဖြာ,သံ့စိပ်လာ။

အစိပ္ပါယ်။ ။ထိုဗဒ္ဓသိမ် ၂ ပါး၌ နိမိတ္တ သမ္ပတ္တိ-ဝိပတ္တိ, ကမ္မဝါစာ သမ္ပတ္တိ-ဝိပတ္တိ, ပရိသာသမ္ပတ္တိ-ဝိပတ္တိ ဟူ၍ သမ္ပတ္တိ ၃-ပါး, ဝိပတ္တိ ၃-ပါးစီ လာရှိ၏။

မှတ်ချက်။ ။ထိုတွင် ကမ္မဝါစာ သမ္ပတ္တိ-ဝိပတ္တိ၊ ပရိသာ သမ္ပတ္တိ-ဝိပတ္တိ တို့မှာ ပြလတ္တံ့သော ရဟန်းခံ အမြွက်၌ ပြဆိုထားသော နည်းကိုမှီ၍ သိ

အပ်၏၊ ဤ၌"ဝတ်, ဥတ်, ကမ္မဝါ၊ သိမ်, ပရိသာ၊ ၅-ဖြာသမ္ပတ္တိ"ဟူ၍ ဆိုခဲ့သော ၅-ပါးတို့၌ ဥတ်, ကမ္မဝါ, ပရိသတ် ၃-ပါးတို့ကို ယူလေ။

သမုတ်ဆဲ ဖြစ်သော သိမ်ကိုပင် ဝတ္ထုပြု၍ ဆိုလိုမူကား အတိခုဒ္ဒက,အတိမဟန္တ, နဒိ္ဒယံ သမ္မတ, သမုဒ္ဒေ သမ္မတ, ဇာတဿရေ သမ္မတ-တို့ကို ဝတ္ထုဝိပတ္တိသိမ်ဆိုလေ။ ဆာယာ နိမိတ္တ, ခဏ္ဍနိမိတ္တ, အနိမိတ္တ တို့ကား နိမိတ္တ ဝိပတ္တိတို့တည်း၊ ဗဟိသီမေဌိတ သမ္မတကား ကမ္မဝါစာ ဝိပတ္တိ၌ လျော်၏။

**တောင်,ကျောက်, တော,သစ်၊ မဂ်,ရေ မြစ်၊ တောင်ရှစ်-နိမိတ်လာ။**

**နိမိတ်ဂ-ပါး။** ၁။ တောင်နိမိတ်,

၂။ ကျောက်နိမိတ်,

၃။ တောနိမိတ်,

၄။ သစ်ပင် နိမိတ်,

၅။ ခရီးနိမိတ်,

၆။ ရေနိမိတ်,

၇။ မြစ်နိမိတ်,

ဂ။ တောင်ဗို့နိမိတ်-ဟူ၍ နိမိတ် ဂ-ပါးလာ၏။

**ဗာတ္တိံပလ၊ တင်လဲမျှ၊ လောက်ထကျောက်နိမှာ။**

**ကျောက်နိမိတ်။** ။ချိန်ဝန်ဖြစ်သော ပိုလ်ကို ပလ-ဆိုသည်။ ၃၂ ပိုလ်ရှိသော တင်လဲခဲမျှ သဏ္ဌာန် ပမာဏရှိသော ကျောက်တုံးသည် ကျောက်နိမိတ်၌ အယုတ်ဆုံးအားဖြင့် နိမိတ်လောက်၏၊ ထိုထက်ကြီးမူကား ၇-တောင့်တွာရှိသော ဆင်ကောင် ပမာဏ အောက်ယုတ်သည်တိုင်အောင် ကြီးစေရ၏၊ ထိုထက်ကြီးမူ ကျောက်နိမိတ် မကြားရ၊ တောင်နိမိတ်ပြု၍ ကြားရ၏။

**ထွက်ရေ,လောင်းရေ၊ ဤနှစ်ထွေ၊ လောက်လေ ရေနိမှာ။**

**ကံပြီးရုံမျှ၊ တည်နေက၊ လောက်ထရေနိသာ။**

**ရေနိမိတ်။** ။ရေနိမိတ်သိမ်၏ ပတ်လည် အရပ် ဂ-မျက်နှာ ဂ-ဌာနတို့မှာ တူး၍ ထားသော တွင်းတို့၌ ထိုတွင်းမှ ထွက်သော ရေဖြစ်စေ, တခြားတပါးမှ ခပ်ဆောင်၍လောင်းသော ရေဖြစ်စေ ရေနိမိတ် လောက်သည်ချည်းဖြစ်၏။

**မှတ်ချက်။** ။အနည်း, အများမှာလည်း နိမိတ် ကြားခါနီးမှသည် သိမ်သမုတ် ကမ္မဝါစာ ပြီးဆုံးသည် တိုင်အောင် မကုန်မခန်းဘဲ တည်နေလောက်အောင် ရှိလျှင်ပင် နိမိတ်လောက်၏၊ ကြွင်းသော နိမိတ်တို့ကို မူကား ယခုကာလ၌ လုပ်ရိုးမပြုကြ၍ မဆိုလိုက်ပြီ၊ အဋ္ဌကထာမှာ ယူလေ။

**ဗဒ္ဓအချင်းချင်း အဇ္ဈောတ္ထရဏ, သမ္ဘေ, သင်္ကရဖြစ်ပုံ**

**ဗဒ္ဓသိမ်ချင်း၊ လွှမ်း,စပ်ခြင်း၊ အလျှင်းမပြုရာ။**

**အစိပ္ပါယ်။** ။အဇ္ဈောတ္ထရဏကို လွှမ်းဆိုသည်၊ သမ္ဘေကို စပ်ဆိုသည်၊ သိမ်ဟောင်း၌ သိမ်သစ်က လွှမ်းမိုးမှု,ထိစပ်မှုတို့ကို ဆိုသည်။

**သိမ်မှီထိက၊ ကံပျက်ရ၊သီမသင်္ကရာ။**

အစိပ္ပါယ်။ ။သိမ်မှီ ဆိုသည်ကား-သိမ်တွင်းမှာဆောက်သော စရပ် တန်ဆောင်း စသည်, သိမ်တွင်းမှ ပေါက်သော သစ်ပင် ချုံနွယ်စသည်, သိမ်တွင်းမှာ ရှိသော တံး, တိုင်, သစ်, ဝါးစသည်တို့ကို သိမ်မှီ ဆိုသည်။

**သီမာသင်္ကရ။** ။ဗဒ္ဓသိမ်တခုမှ ပေါက်သော သစ်ပင်, ချုံ,နွယ်သည် တပါးသော ဗဒ္ဓသိမ်၌ ထိ၍ တည်အံ့၊ တပါးသော ဗဒ္ဓသိမ်၌ ပေါက်သော သစ်ပင်, ချုံ, နွယ်တို့ကို ထိစပ်ရောယှက်၍ တည်အံ့၊ သီမာသင်္ကရဖြစ်၏။

ဖြစ်ပုံ။ ။ဤသိမ်၌ ကံပြုလိုလျှင် ထိုသိမ်တွင်းရှိ သံဃာကိုလည်း ဟတ္ထပါသ်တွင် ပါဝင်စေရ၏။

ထိုသိမ်၌ ကံပြုလျှင် ဤသိမ်တွင်းရှိ သံဃာကိုလည်း ပါဝင်စေရ၏၊ မပါဝင်ခဲ့လျှင် ထိုကံပျက်၏။

ထိစပ်ရောယှက်သော အကိုင်းအခက်တို့ကိုသော်လည်း ဖြတ်တောက် ရှင်းလင်းပြီးမှ ပြုရ၏၊ မြေ၌နွယ်၍သွားသော မြက်နွယ်ကူးယှက်သည်ကိုပင် သုတ်သင်ကြကုန်ရာ၏။

သိမ်နုတ်ဆဲအခါ, သိမ်သမုတ်ဆဲအခါတို့၌လည်း သိမ်တွင်းနှင့်သိမ်ပြင် မှီဝတ္ထုကူးယှက်ခြင်းများကို သုတ်သင်ကြကုန်ရာ၏။

သိမ်ပြင်အရပ်သည် ဗဒ္ဓသိမ်ဟောင်းရှိနေသော ဌာနဖြစ်ခဲ့သော် ထိုသိမ်ဟောင်းအတွင်း၌ ရှိနေသောသံဃာကို မသိမ်းမိလျှင် သိမ်နုတ်ကံပျက်ရာ၏။

**သိမ်ဟောင်းတစ်၊ ရှိ-မရှိ၊ အသိခက်လှစွာ။**
**သိမ်မှီရောထ၊ သင်္ကရ၊ ကြောင့်ကြစိုက်ဘို့ရာ။**

အဓိပ္ပါယ်။ ။တော၌ဖြစ်စေ၊ ရွာ၌ဖြစ်စေ၊ သာသနာတော် အစွန့်ရှည် ကြာလှပြီဖြစ်၍ ဤနေရာ၌ကား သိမ်ဟောင်းရှိသည်-မရှိသည်ကို ပိုင်နိုင်စွာ သိခြင်းငှါ ခက်ခဲလှ၏။ ထို့ကြောင့် ထိုနေရာမှာ သိမ်သမုတ်လိုလျှင် သိမ် မနုတ်မီ သမုတ်မည့်သိမ်နှင့် ၎င်း၏ပြင်ပအရပ်တို့၌ တုံး, တိုင်, ကန့်လန့်ကာ, ဖျာရိုင်သင်ဖြူး, မဏ္ဍပ်ကန္နား, သစ်ကိုင်းသစ်ခက်,နွယ်မြက်စသည် မကူးယှက် စေခြင်းငှါ အထူးကြောင့်ကြစိုက်၍ သုတ်သင်အပ်၏။ [ဗဒ္ဓသိမ်အမြွက်ပြီး၏]။

**ဂါမသိမ်, သတ္တဗ္ဘန္တရသိမ်,ဥဒကုက္ခေပသိမ် ၃-မျိုး**
**ရွာနယ်, မြို့နယ်၊ နိဂုံးနယ်၊ သိမ်နယ်သီးသီးသာ။**

အဓိပ္ပါယ်။ ။ထိုထိုတိုင်းပြည်အတွင်း၌ သူကြီးတယောက် ကြီးစိုးရာဖြစ် ကြသောရွာနယ် အသီးသီး, မြို့နယ်အသီးသီး, နိဂုံးနယ်အသီးသီးသည် တခု တခုစီသော ဂါမသိမ်အသီးသီးဖြစ်ကြ၏၊ အသီးသီးသော ဗဒ္ဓသိမ်စုနှင့်တူ၏။

တခုသောရွာနယ်တွင်ရှိသော သံဃာကို အကုန်သိမ်းရုံး နိုင်ခဲ့သည်ရှိသော် ထိုနယ်ရွာအတွင်းမှာ ဘယ်နေရာ၌မဆို ဥပသမ္ပဒ စသောကံကြီး, ကံငယ် တို့ကိုပြုရ၏။

အနီးအစပ်ဖြစ်ကုန်သော တပါးသော ရွာနယ်တို့နှင့် သစ်ပင်၊ ချုံ, နွယ် စသည်ကူးယှက်သော်လည်း အဋ္ဌကထာတို့၌ သင်္ကရဖြစ်မှုကို ပြဆိုချက်မရှိ။

**ဂါမကြီး၌၊ နယ်သီးကွက်မှု၊ မင်းစိုးပြု၊ ဝိသုံဂါမသာ။**

ဝိသုံဂါမသိမ်။ ။တခုသော ရွာနယ်ကြီးအတွင်း၌ တခုသော မြေအကွက် ကို အရပ် ၄-မျက်နှာတို့၌ သတ်မှတ်ပိုင်းခြား၍ ဤမြေအရပ်သည် နယ်သီးဖြစ် စေ-ဟု မြေ့ရေကို ပိုင်သော မင်းစိုးရာဇာတို့က နယ်သီးပြုလုပ်ခဲ့သည်ရှိသော် ထိုအရပ်အကွက်သည် အသီးသော ဂါမသိမ်တခုဖြစ်ပြန်၏၊ ဝိသုံဂါမသိမ်ဟူ၍ ခေါ်၏။

ယမ္ပိ ဧကသ္မိံ ဂါမခေတ္တေ ဧကံ ပဒေသံ အယမ္ပိ ဝိသုံဂါမော ဟောတူတိ ပရိစ္ဆိန္ဒိတွာ ရာဇာ ကဿစိ ဒေတိ၊ သောပိ ဝိသုံဂါမသီမာ ဟောတိ ယေဝ။

ဟူသော အဋ္ဌကထာ၌ ယခုကာလ၌ကဲ့သို့ သိမ်သမုတ်ရန် အမိန့်ခံသော ဝိသုံဂါမကိုပြဆိုရင်း မဟုတ်၊ တဦးတယောက်သောသူအား အထူးချီးမြှောက်သောအားဖြင့် နယ်စား, ပယ်စား ကွက်ခြား၍ပေးမှုကို ဆိုသတည်း၊ ကဿစိဒေတိ-ဟူ၍ ဆိုပေသည်၊ ဤကဲ့သို့ပေးအပ်သော အရပ်သည်လည်း ဝိသုံဂါမ တမျိုး။

ယခုကာလ၌ ဗဒ္ဓသိမ်သမုတ်လောက်ရုံ အနည်းအကျဉ်းမျှဖြစ်သော မြေကွက်ကို သိမ်သမုတ်ရန် အမိန့်ခံရမျိုး၌မူကား နယ်စား, ပယ်စားအဖြစ်နှင့် တစုံတယောက်သောသူအား မပေးပဲနှင့်ပင်လျှင် ဤအရပ်သည် နယ်သီး, ပယ်သီးဖြစ်စေ-ဟူ၍ ရေ,မြေကိုပိုင်သော မင်းစိုးရာဇာတို့က ပြုလုပ်၍ပေးခဲ့သည်ရှိသော် ဝိသုံဂါမဖြစ်တော့သည်သာတည်း။

ထိုအရပ်အကွက်သည် ရွာကြီးနယ် မဟုတ်ပြီ၊ ရွာကြီး သူကြီးပိုင်မဟုတ်ပြီ။

ဘယ်သူပိုင်သနည်းဟူမူ နယ်သီးပြုလုပ်သော မင်းစိုးရာဇာ ပိုင်၏၊ ထိုအရပ်အကွက်သည် ဥယျာဉ်,လယ်,ယာ လုပ်ကိုင်စားသောက်သူ မြေရှင်၏ မြေပင်ဖြစ်၏၊ လုပ်ကိုင်စားသောက်ရ၏၊ ဝိသုံဂါမ အဖြစ်နှင့် ကံကြီး,ကံငယ်လည်း ဆောင်ရ၏၊ ဗဒ္ဓသိမ်သမုတ်လိုလျှင် ဂါမကြီးကို မသိမ်းဘဲပင် သမုတ်ရ၏။

ဤဝိသုံဂါမ၏ အကြောင်းအရာတို့ကို ပြည့်စုံစွာ သိလိုသည်ရှိသော် ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး စီရင်တော်မူသော ဝိသုံဂါမ ဝိနိစ္ဆယ, မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး စီရင်တော်မူသော ဝိသုံဂါမ ဝိနိစ္ဆယ ကျမ်းတို့၌ ကြည့်တော်မူကြပါကုန်။ ။ဂါ၊သိမ်အပြွက်ပြီး၏။

**ရွာနယ် လွတ်လေ၊ တော,တောင်,မြေ၊ ယူလေ သတ္တဗ္ဘန္တရာ။**

သတ္တဗ္ဘန္တရသိမ်။ ။လူတို့နေရာ ရွာနယ်,မြို့နယ်, နိဂုံးနယ်တို့မှ အလွတ်ဖြစ်၍ ဤအရပ်ကား မည်သည့်ရွာနယ်ဖြစ်သည်-ဟု ပြောဆိုခွင့် မရှိသော တောအရပ်, တောင်အရပ်များ၌ သတ္တဗ္ဘန္တရသိမ်ကို ရအပ်၏။

အဂါမကေ စေတိ ဂါမနိဂမ နဂရသီမာဟိ အပရိစ္ဆိန္နေ အဋ္ဌဝိပဒေသေ ဟူသော မဟာဝဂ္ဂ အဋ္ဌကထာနှင့် အညီတည်း။

**တောင်နှစ်ဆဲ့ရှစ်၊ အဗ္ဘာန်တစ်၊ ခုနစ် ဆ နေ ၁ ၁း။**

**ထုတ်ချင်းခတ်မူ၊ နှစ်ပြန်ယူ၊ တောင်မူ ဒွိ နေ ၁ တေး။**

**သံဃာ့စွန်းမှ၊ ခုနစ်အန္တရာ၊ ယူမြဲသာ၊ သံဃာ ပွားတိုင်းပွား။**

အဓိပ္ပါယ်။　။၂၀-တောင်သည် အဗ္ဘန္တရ တခုမည်၏၊ အဗ္ဘန္တရ-၇-သည် အံတောင် (၁၉၆)ရှိ၏၊ တဘက် အဘို့တည်း။　။အရှေ့,အနောက်ဖြစ်စေ၊ တောင်,မြောက် ဖြစ်စေ၊ ထုတ်ချင်းခတ် တိုင်းတာသည်ရှိသော် အတောင် (၃၉၂) ဖြစ်၏၊ ဤကား သတ္တဗ္ဘန္တရသိမ်တခု၏ အကျယ်ပမာဏတည်း။

ဥပုသ်, ပဝါရဏာပြုသောအခါ၌ငှင်း၊ ဥပသမ္ပဒ အစရှိသော ကံကြီး, ကံငယ်ပြုသော အခါ၌ငှင်း၊ ထိုမျှလောက်သော အရပ်အဘို့သည် တခုသော မဟာသိမ်နှင့် အလားတူ၏။

သံဃာအများ စည်းဝေးရာ၌ သံဃာပရိသတ်၏ အစွန်းမှ ပြင်ဘက်၌ သတ္တဗ္ဘန္တရ သွား၏၊ ထို့ကြောင့် သတ္တဗ္ဘန္တရသိမ်မည်သည် သံဃာပွားတိုင်း သိမ်နယ် ကျယ်ပွား၏။　။နောက် ဥဒကုက္ခေပသိမ်မှာလည်း ဤနည်းတူ။

မြစ်သမုဒ္ဒြာ၊ ဇာတဿရ၊ ရေနယ်ကျ၊ ဥဒကုက္ခေပါ။

ဥဒကုက္ခေပ။　။မြစ်ကြီး,မြစ်ငယ်, ပင်လယ်, သမုဒ္ဒြာ ဇာတဿရခေါ်သော အင်းကြီး,အင်းငယ်, အိုင်ကြီး, အိုင်ငယ် ရေနယ် ရေခေတ်ဟူသမျှတို့၌ ဥဒကုက္ခေပသိမ်ကို ရအပ်၏။

**မိုးမှန်ရွာက၊ မိုးလေးလတွင်း၊ သင်းပိုင်စွတ်လောက်၊**
**စီးတုံမြောက်၊လောက်ပြီးမြစ်အင်္ဂါ။**
**မိုးခေါင်သော်ငှင်း၊ ဆောင်း,နွေရောက်ဘိ၊ ရေမရှိ၊သဲထိမြစ်ပင်သာ။**

အဓိပ္ပါယ်။　။မိုးမှန်ဆိုသည်ကား မင်းစိုးရာဇာတို့ တရားစောင့်သော အခါ၌ မိုးဥတုမှာ ၅-ရက်တကြိမ်, ၁၀-ရက်တကြိမ် မလွန်မူ၍ ရွာသော မိုးကို မိုးမှန် ဆိုသည်၊ ထိုကဲ့သို့ ရွာသောအခါ၌ မိုး ၄-လပတ်လုံး အဝန်းညီစွာ ဝတ်ရုံ၍ ကူးသော ရဟန်း၏ သင်းပိုင်စွန်းကို စွတ်လောက်အောင် မပြတ်စီးသော ရေရှိသော ချောင်းမြောင်းသည် အယုတ်ဆုံးအားဖြင့် မြစ်အင်္ဂါလောက်၏။

မိုးမှန်မရွာမူ၍ မိုးပါးသောအခါ၌ မိုးလအတွင်းမှာပင် ရေပြတ်ခဲ့သော်ငှင်း၊ ဆောင်းလ, နွေလတို့၌ ရေမရှိခဲ့သော်ငှင်း သဲသောင်ပြင် အတိ ဖြစ်၍နေသော်လည်း မြစ်ပင်သာတည်း၊ မြစ်အင်္ဂါမပျက်၊ သဲပြင်, သောင်ပြင်ပေါ်၌ပင် ကံကြီး, ကံငယ် ပြုရ၏။

လူမပြုဘဲ၊သူ့အလိုဇင်၊အင်း,အိုင်-ဖြစ်၍၊ မိုးခေတ်လေးလ၊ရေတည်က။
**လောက်ထ ဇာတဿာ။**
**ဆောင်း,နွေရောက်ဘို၊ ရေမရှိ၊ ပကတိ အပြင်သာ။**

**ဇာတဿရ**။ ။မိုးမှန်ရွာသော အခါ၌ လူတို့၏ တူးမှု, ဆွမှု, ဆယ်မှု, ဖို့မှုတို့ဖြင့် ပြုပြင်ခြင်းမရှိဘဲ ရေ၏အစွမ်းသက်သက်အားဖြင့် အင်း, အိုင်ကြီး, ငယ်ဖြစ်၍ မိုး ၄-လပတ်လုံး လက်,ခြေ ဆေးလောက်အောင် ရေမပြတ် တည်နေသော ဌာနသည် ဇာတဿရ အင်္ဂါလောက်၏။

မိုးပါးရွာသောအခါ မိုး ၄-လအတွင်း၌ သော်ငှင်း၊ ဆောင်း, နွေတို့၌ သော်ငှင်း ရေမရှိသော်လည်း ထိုနေရာ၌ လူတို့သည် ဗူး,ဖရုံ,ဂျုံ,မုရင်း စိုက် ပျိုးမှုကို မပြုကြသည် ဖြစ်ကုန်မူကား ဇာတဿရ ပကတိအတိုင်းပင်၊ ရေမရှိ သော အိုင်အပြင်၌ ကံကြီး, ကံငယ် ဆောင်ရ၏။

အားကုန်လွှဲ၍၊ ရေ,သဲ, ကြဲပစ်၊ ကျရာခေတ်၊ သိမ်ဖြစ်ရေ,သောင်မှာ။

**အဓိပ္ပါယ်**။ ။ရေရှိရာ၌ ရေကိုငှင်း, သဲသောင်ပြင်၌ သဲတို့ကိုငှင်း အားကုန်လွှဲ၍ ပစ်ကြဲသည်ရှိသော် ထိုရေ, ထိုသဲတို့၏ ကျရာအရပ်အတွင်းဖြစ် သော ရေပြင်, သောင်ပြင်အရပ်သည် ဥဒကုက္ခေပသိမ်ဖြစ်၏။

**မှတ်ချက်**။ ။ရေကြဲမှု, သဲပစ်မှုတို့မှာ သိမ်ရောက်ရာဌာနကို မှန်းထား လိုသော်သာ ကြဲခွင့်,ပစ်ခွင့်ရှိသည်၊ ရေ,သဲ,ပစ်ကြဲမှ ဥဒကုက္ခေပသိမ်ဖြစ်သည်-ဟု ဆိုလိုရင်းမဟုတ်၊ ထိုနေရာ၌ ကံပြုဆဲအခါမှာ သံဃာ၏ထက်ဝန်းကျင် အရပ် ၈-မျက်နှာတို့၌ ရေတလှမ်း, သဲတလှမ်းအတွင်းသည် အလိုလိုသိမ် ဖြစ်၏၊ ဝဂ္ဂကမ္မကို စောင့်ရှောက်ရသော ကံဆောင်မှုနှင့်စပ်၍ ဖြစ်လေသော ကြောင့် ကံပြုဆဲအခါ၌သာ ထိုသိမ်သည် တည်ရှိသည်၊ ကံမပြုမီ ရှေးအဖို့၌ငှင်း ကံပြုပြီးသည်မှ နောက်အဖို့၌ငှင်း ထိုနေရာမှာ သိမ်ရှိသည်မဆိုရ၊ သတ္တဗ္ဘ-န္တရသိမ်၌လည်း ဤနည်းအတူ။ ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီး၏ အလို။ [ဤနေရာ၌ ဝါဒအလွန်များ၏။]

ရေပြင်,ရွံ့ပြင် ၊ ဖြစ်ခဲ့လျှင်၊ ထိုတွင် သိမ်ငြမ်းထား။

**အဓိပ္ပါယ်**။ ။မြစ်အင်္ဂါ ဇာတဿရအင်း, အိုင်အင်္ဂါညီညွတ်ရာ အရပ် တိုင်း၌ သိမ်ငြမ်းဆောက်၍ပြုအပ်၏။

## လှေ့,ဘောင်နှင့်သာ၊ ပြုကြရာ၊ ကမ်းမှာမချည်ရ။

**အဓိပ္ပါယ်။** ။လှေဘောင်တို့နှင့် ကံပြုကြရာ၌ လှေကြိုး, ဘောင်ကြိုးများကို မြစ်ကမ်း၌လှမ်း၍ မချည်ရ၊ ထိုနေရာ၌သာ ဝါးစိုက်၍ ကျောက်ချ၍ ပြုရမည်။

## အဗဒ္ဓချင်း-အဇ္ဈောတ္ထရဏ, သမ္ဘန္ဓ, သင်္ကရဖြစ်ပုံ

**အဇ္ဈောတ္ထရဏဖြစ်ပုံ။** ။ပြဆိုခဲ့ပြီးသော တောအရပ်၌ သံဃာ ၂-သင်းတို့သည် တဌာနနှင့် တဌာန သတ္တဗ္ဘန္တရ ၂ ပြန်စာအတွင်း၌ ကံပြုကြကုန်အံ့၊ နှစ်ကျိပ်တယောက် စည်းဝေးလောက်သည်မှစ၍ ထိုထက်အလွန် သိမ်နယ်ချင်း ထပ်မိကြအံ့၊ အဇ္ဈောတ္ထရဏဖြစ်၏။

**သမ္ဘန္ဓဖြစ်ပုံ။** ။နှစ်ကျိပ်တယောက် စည်းဝေးလောက်သည်မှ ယုတ်လျော့၍ ထပ်မိကြအံ့၊ သမ္ဘန္ဓဖြစ်၏။

**သင်္ကရဖြစ်ပုံ။** ။သိမ်နယ်တွင်း၌ ပေါက်ရောက်သောသစ်ပင်, ချုံ, နွယ်ကူးယှက်ထိပါးခဲ့အံ့၊ သင်္ကရဖြစ်၏။ ။ကံပြုမှုဘပြိုင်နက်ကျခဲ့လျှင် ၂-သိမ်လုံးပျက်၏။ ရှေ့,နောက်ကျခဲ့လျှင် နောက်သိမ်ပျက်၏၊ ဥဒကုက္ခေပ သိမ်ချင်းလည်း ဤနည်းတူ။

**မှတ်ချက်။** ။သတ္တဗ္ဘန္တရနှင့် ဥဒကုက္ခေပဖြစ်မှုကား တည်နေရာဌာနချင်းတခြားစီဖြစ်ကြ၍ အဇ္ဈောတ္ထရဏ, သမ္ဘန္ဓ ၂-ပါး မရ၊ သစ်ပင်, ချုံနွယ်စသည်ကူးယှက်မှုအတွက်နှင့် ကံပျက်သင်္ကရကိုသာရထိုက်၏။

ထိုကြောင့် သံဃာတသင်းနှင့်တသင်းသည် တောနယ်မှာဖြစ်ခဲ့အံ့၊ အတောင် ၃-ရာခန့်ထက်မနည်းစေမူ၍ ပြုကြရာ၏၊ ရေနယ်မှာဖြစ်အံ့၊ အကောင်တရာထက်မနည်းစေမူ၍ပြုကြရာ၏၊ အဘယ်ကြောင့်နည်းဟူမူ သိမ်နယ်နိမိတ်ကို အမှန်အကန်သိခြင်းငှါ ခက်ခဲလှ၏၊ သံဃာပွါးတိုင်းလည်း သိမ်ပွားတတ်၏၊ ကျယ်၍ကားမလွန်နိုင်၊ ထို့ကြောင့်ပေတည်း၊

## ဂါမနှင့်သတ်၊ ဥ-ရောလတ်၊ မအပ် ကံပျက်ကြ။

ဂါမနှင့်သတ္တဗ္ဘန္တရ၊ ဂါမနှင့် ဥဒကုက္ခေပတို့၌ အဇ္ဈောတ္ထရဏ,သမ္ဘန္ဓ ၂-ပါး မရှိ၊ သစ်ပင်, ချုံ, နွယ်စသည် ကူးယှက်ထိစပ်မှုအတွက် ကံပျက် သင်္ကရကိုသာ ရအပ်၏။

**ဗဒ္ဓနှင့်အဗဒ္ဓ၊ အဇ္ဈောတ္ထရဏ၊ သမ္ဗန္ဓ, သက်ရဖြစ်ပုံ။**

**ဂါမနှင့်ဗဒ်၊ လွှမ်းစပ်ရောဘိ၊ ဖြစ်မရှိ၊ နိဿိ နိဿယ။**

အစိပ္ပါယ်။ ။ဂါမသိမ်နှင့် ဗဒ္ဓသိမ် ၂-ပါးသည် နိဿယ, နိဿိတဖြစ်ကြ၍ အဇ္ဈောတ္ထရဏ အပြစ်လည်းမရှိ၊ သမ္ဗန္ဓအပြစ်လည်းမရှိ၊ သစ်ပင်, ချုံ, နွယ်စသည် ကူးယှက်သော်လည်း ကံပျက်ရန် သက်ရအပြစ်လည်းမရှိ။ ဝိနယ သံခိပ်ကျမ်း။ ။ [ဤအဆိုကဲ့သို့ မဟာဝါဘာသာဋီကာ၊ ဥပေါသထက္ခန္ဓက အဖွင့်၊ နှာ၊၃၂၃၊ အောက်ဆုံးအပိုဒ်၊မှတ်ချက်၌လာသည့်စာပိုဒ်၌လည်းဆို၏။]

**ဗဒ္ဓနှင့်သတ်၊ ဥ ရောလတ်၊ သုံးရပ်အပြစ်ရ။**

အစိပ္ပါယ်။ ။သတ္တဗ္ဘန္တရ အပိုင်းအခြားနှင့် တသင်းသော သံဃာကံပြု၍ နေဆဲအခါ၌ အတောင် ၃-ရာကျော်မျှ ကွာဝေးရာဌာနက ထိုသတ္တဗ္ဘန္တရသိမ်ကိုခြုံ၍ စပ်၍ သစ်ပင် စသည်ရောယှက်၍ ဗဒ္ဓသိမ်သမုတ်ခဲ့သော် ၃-ပါးလုံး အတွက်ပင် ထိုဗဒ္ဓသိမ်ပျက်ရာ၏။

ရှေးအခါ၌ ဗဒ္ဓသိမ်ရှိဖူးသောရွာသည် နောက်အခါ၌ ပျက်ပြား၍ တောနယ်ဖြစ်လေ၏၊ ထိုသိမ်ရှိရာအရပ်၌ သတ္တဗ္ဘန္တရသိမ်နှင့်ကံပြုရာ၌လည်း ၃-ပါးပင်ရသင့်၏။ ဤ၌သက်ရမှုမှာ ထိုဗဒ္ဓသိမ်ဟောင်း၌ သံဃာရှိလျက် မသိမ်းခဲ့မှသာ ကံပျက်ရာ၏။

ဥဒကုက္ခေပလည်း ဗဒ္ဓသိမ်အရပ်သည် ရေလွှမ်းကမ်းပြိုမှုနှင့် မြစ်ပြင်ဖြစ်၍ သွားရာ၌ မြစ်ပြင်မှာ ဥဒကုက္ခေပသိမ်အဖြစ်နှင့် ကံပြုကြရာ၌ ဥဒကုက္ခေပအပိုင်းအခြားသည် ဗဒ္ဓသိမ်အရပ်ကို လွှမ်းမိုးမှု, စပ်မှု၊ ထိုဗဒ္ဓသိမ်အရပ်၌ ကျောက်ချ၍ ထိုးဝါးစိုက်၍ ပြင်ပ၌ ကံပြုမှုစသည်ဖြင့် အပြစ် ၃ ပါး ကို ထိုက်သည် အားလျော်စွာ သိလေ။

သီဟိုဠ်ကျွန်း ကလျာဏီမြစ်၌ မြစ်ကိုဖြတ်သန်းသော တံတားကြီးတခုရှိ၏။ မြစ်လယ်မှာ ထိုတံတား၏အနီး၌ ဥဒကုက္ခေပသိမ် တန်ဆောင်းငယ်ဆောက်လုပ်လျက်ရှိ၏။ [သီဟိုဠ်ကျွန်းကို ယခု သီရိလင်္ကာ-ဟုခေါ်၏။]

ကံပြုသောအခါ တံတားပေါ်မှ နင်းကြမ်းထိုး၍ သိမ်, တန်ဆောင်းသို့ကူးကြ၏၊ သိမ်တန်ဆောင်း၌ သံဃာစု၍ ကံပြုမည်ရှိသောအခါ၌ ထိုနင်းကြမ်းကို နုတ်ယူ၍ထား၏၊ ကံပြုပြီးလျှင် ထိုနင်းကြမ်းခင်းပြန်၍ တံတားသို့လျှောက်ကူးကြ၏၊ တံတားခြေဖြစ်သော တိုင်တို့သည် ကံပြုသောဌာနမှ ရေတကျအတွင်း၌ ကျကုန်၏၊ အပ်, မအပ် အဓိကရုဏ်းကြီးစွာ ဖြစ်ကြ၏၊ ဂိုဏ်းပင် ကွဲကြ၏။

ခမည်းတော် မင်းတုန်းရှင် ဘုရင်လက်ထက်၌ သီဟိုဠ်မှ အဆုံးအဖြတ် ခံယူရန် ၂-ကြိမ်လာရောက်၏၊ ပဌမအကြိမ်မှာ ထိုသိမ်မအပ်ကြောင်းကို သာသနာပိုင် ဆရာတော်ကြီးက ပါဠိဘာသာနှင့် ဝိနိစ္ဆယစကား ရေးသားဆုံး ဖြတ်၍ ပေးလိုက်သည်၊ ဒုတိယအကြိမ်မှာ ထိုသိမ်အပ်ကြောင်းကို ခင်မကန် ဆရာတော်ကြီးက ပါဠိဘာသာနှင့် ဝိနိစ္ဆယစကား ရေးသားဆုံးဖြတ်၍ ပေး လိုက်သည်၊ ဂိုဏ်း ၂-ဂိုဏ်းသည် ဝိနိစ္ဆယစာတမ်းကြီးကိုယ်စီ လက်ကိုင်ရှိကြ သဖြင့် ရေးကထက်တိုးတက်၍ အခိုင်အမြဲ ကွဲပြားကြ၏၊ သာသနာပိုင်ဆရာ တော်ကြီး၏ ဝိနိစ္ဆယကို ချီးမွမ်းကြ၏။

သိမ်အရာမည်သည် အလွန်ခဲခက်လှ၏၊ နက်နဲ၏၊ ကျမ်းဂန်လည်း တတ်ပါ မှ, အာစရိယလဒ္ဓါပဒေသလည်း ကောင်းလှပါမှ, ဝိနည်းခိုရ်ပုဂ္ဂိုလ်ကြီးများ ပြုလုပ်သည်ကိုလည်း တွေ့ဖူး ကြုံဖူးပါမှ နေရာကျ စီရင်တတ်သည်၊ တော်ကာ လျှော်ကာဆရာနှင့် ထိုက်တန်သောအမှုပင် မဟုတ်-ဟူ၍ ဂရုပြုသင့်ပေသည်။

သိမ်ခဏ်း အမြွက်ပြီး၏။

---

## ၆၅။ ။ရဟန်းခံအမြွက်

ဝတ်,ဉ တ်,ကမ္မဝါ၊ သိမ်, ပရိသာ၊ ငါးဖြာသမ္ပတ္တိ။
ပဥ္စင်းမြောက်ရန်၊ အင်ငါးတန်၊ ပြန်လေဝိပတ္တိ။

သမ္ပတ္တိ ၅-ပါ။ ၁။ ဝတ္ထုသမ္ပတ္တိ,
၂။ ဉတ္တိ သမ္ပတ္တိ,
၃။ ကမ္မဝါစာ သမ္ပတ္တိ,
၄။ သီမာ သမ္ပတ္တိ,
၅။ ပရိသာသမ္ပတ္တိ-ဟူ၍ ရဟန်းပဥ္စင်းအဖြစ် ထမြောက်ရန် အင်္ဂါ ၅-ပါး။ ထိုမှပြန်သော် ရဟန်း ပဥ္စင်းအဖြစ် မမြောက်ရန် ဝိပတ္တိ ၅-ပါး ဖြစ်၏။

ဝိပတ္တိ ၅-ပါး။ ၁။ ဝတ္ထု ဝိပတ္တိ,
၂။ ဉတ္တိ ဝိပတ္တိ,
၃။ ကမ္မဝါစာ ဝိပတ္တိ,

၄။ သီမာ ဝိပတ္တိ,

၅။ ပရိသာဝိပတ္တိ။

ပဥ္စင်းလောင်းကို၊ ဝတ္ထုဆို၊ ထိုမှာ သံ့ ဝိပ်ရှိ။

အဓိပ္ပါယ်။ ။ပဥ္စင်းလောင်းကို ဝတ္ထုဆို၏၊ ထိုပဥ္စင်းလောင်းမှာ သမ္ပတ္တိ, ဝိပတ္တိ ၂-ပါးရှိ၏။

ဦနဝိသ၊ အန္တိမ၊ အဘဗ္ဗ တဆယ့်တစ်။
ဆဲ့သုံးဝိပတ်၊ ကင်းစင်လတ်၊ အမြတ်သမ္ပတ္တိ။

အဘဗ္ဗ ပုဂ္ဂိုလ်။ (က) အသက် ၂၀-မပြည့်သောသူ,

(ခ) ပါရာဇိက ကျပြီးသောသူ,

(ဂ) ပဏ်,ထေ,ပက်,ဆန်၊ ပဥ္စာနန်၊ဒူသံ့ ဥဘောဗျည်း-ဟူသောဆောင်ပုဒ်အရ-

(၁) ပဏ်=နပုံပဏ္ဍုက်

(၂) ထေ=ထေယျ သံဝါသက ပုဂ္ဂိုလ်

(၃) ပက်=တိတ္ထိဘောင်သို့ပြောင်းသွားသော တိတ္ထိယ ပက္ကန္တက ပုဂ္ဂိုလ်

(၄) ဆန်=ဂဠုန်နဂါးစသော တိရစ္ဆာန်

(၅) ပဥ္စာနန်=မာတုဃာတက-အမိကို သတ်သောသူ,
ပိတုဃာတက-အဖကို သတ်သော သူ,
အရဟန္တ ဃာတက-ရဟန္တာကို သတ်သောသူ,
လောဟိတုပ္ပါဒက-မြတ်စွာ ဘုရားအား သွေးစိမ်းတည်အောင် ပြုသောသူ,
သံဃဘေဒက-သံဃာ သင်းခွဲသောသူ,

(၆) ဒူသံ့=ဘိက္ခုနီ ဒူသက-ရဟန်းမကို ဖျက်ဆီးဖူးသောသူ,

(၇) ဥဘောဗျည်း=နိမိတ် ၂-ပါးစုံရှိသော သူ-ဟူသော အဘဗ္ဗပုဂ္ဂိုလ် တကျိပ်တယောက်၊

ဤ ၁၃-ယောက် တို့သည် ရဟန်းမဖြစ်ထိုက်ကုန်၊ ထိုသူတို့ကို ပဥ္စင်းခံခဲ့သော် ဝတ္ထုအတွက်နှင့် ထိုက်ပျက်၏၊ ထိုသူတို့ကို ကြဉ်၍ သမ္မုတ္တိကို သိအပ်၏။

**သန္ဓေတည်နေ့၊ စတုံရွေ့၊ ပြေ့စေဝီသတိ။**

အဓိပ္ပါယ်။ ။"အနုဇာနာမိ ဘိက္ခဝေ ဂဗ္ဘဝီသံ ဥပသမ္ပာဒေတုံ"။ ဘိက္ခဝေ၊ ရဟန်းတို့။ ဂဗ္ဘဝီသံ၊ အမိဝမ်း၌ ကိန်းနေသော ပဋိသန္ဓေလ, ရက်တို့ကို ထည့်စွက်၍ အသက် ၂၀-ပြည့်သော သူကို။ ဥပသမ္ပာဒေတုံ၊ ရဟန်းပဥ္စင်း ခံစေခြင်းငှါ။ အနုဇာနာမိ၊ ငါဘုရားခွင့်ပြု၏-ဟူ၍ လာသောကြောင့် ပဋိသန္ဓေတည်နေသောနေ့မှစ၍ အနှစ် ၂၀-ပြည့် စေရာ၏။

**ခုနစ်လဘွား၊ ဆယ်လဘွား၊ ထင်ရှား လူ့ဝယ်ရှိ။**

လောက၌ ၇-လဘွား, ၁၀-လဘွား ၂-မျိုးသာထင်ရှား၏။

**ဘွားသက္ကရာဇ်၊ ဆဲ့ကိုးနှစ်မှ၊ ငါးလ, နှစ်လ၊ စွန်းတုံက၊ ဂဗ္ဘဝီသပြည့်။**

ဂဗ္ဘဝီသ။ ဘွားသက္ကရာဇ်ကို တွက်စစ်၍ ၁၉-နှစ်လုံးလုံး ပြည့်သည်မှ ၇-လဘွားသူမှာ ၅-လစွန်းလျှင် ဂဗ္ဘဝီသပြည့်၏။ ၁၀-လဘွားသူမှာ ၂-လ စွန်းလျှင် ဂဗ္ဘဝီသ ပြည့်၏။ ။[အဋ္ဌကထာနည်း။]

**ရက်သုံးဆယ်လ၊ ဆဲ့နှစ်လ၊ ဝဿအမှန်သိ။**

အဓိပ္ပါယ်။ ။အဋ္ဌကထာ၌လာသော အာစရိယဝါဒအလိုကား "တိံသ ရတ္တိ ဒိဝေါ မာသော-ဟူ၍ ဟောတော်မူသောကြောင့် ရက်ပေါင်း ၃၀ ပြည့်မှ တလ အမှန်ဖြစ်သည်။ ။ဒွါဒသမာသာ ကော် သံဝစ္ဆရံ"ဟူ၍ ဟောတော်မူသောကြောင့် ၁၂ လသည်သာ တနှစ် အမှန်ဖြစ်သည်၊ တနှစ် တနှစ် အဘို့တွင် ရက် ၃၀ မပြည့်သော ရက်မစုံလပေါင်း ၆-လ ပါရှိ၏၊ ဝါထပ်သည့် အတွက် တနှစ်တွင် ၁၃ လရှိသော နှစ်မျိုးသည် ၃ နှစ်လျှင် တကြိမ် တကြိမ် လာ၏။

**ဆဲ့ကိုးနှစ်ကို၊ ခြောက်လပို၊ ဝါဆို ထပ်သည့်တွက်။**

**လေးလမျှတို့၊ ယုတ်လျော့ကုန်၊ မစုံလဲအတွက်။**

အဓိပ္ပါယ်။ ။ဘွားသည့်နေ့မှစ၍ ၁၉-နှစ် ပြည့်ပြီ-ဟု ဆိုရသောအခါ ဝါဆိုထပ်သည့်အတွက် ၆-လ အပိုထွက်လာ၏၊ ရက်မစုံ လအတွက် ရက်ပေါင်း ၁၁၄-ရက် ယုတ်လျော့လျက်ရှိ၏၊ ထိုရက်ပေါင်းကို ၄ လမျှဆိုသည်၊ ၃-လနှင့် ၂၄-ရက်တည်း။

**ယုတ်ပိုညှိက၊ ကျန်သေသ၊ နှစ်လ ခြောက်ရက်ထွက်။**

အစိပ္ပါယ်။ ။ဝါယပ်အတွက် ၆ လ ပိုသည်တွင် ရက်မစုံအတွက် ယုတ်ခဲ့သော ရက်တို့နှင့် ပယ်နုတ်နှိုင်းညှိသည်ရှိသော် အကျန် ၂-လ ၆-ရက် အပိုထွက်သည်။

**သုံးလစွန်းက၊ ခုနစ်လ၊ ဂဗ္ဘဝီသပြည့်။**

အစိပ္ပါယ်။ ။၇-လဘွားသူမှာ ၁၉-နှစ်မှ ၃-လစွန်းခဲ့လျှင် ဂဗ္ဘဝီသပြည့်၏၊ ရဟန်းခံရပြီ၊ ၁၀-လဘွားမှာကား ပဋိသန္ဓေ ၁၀-လနှင့် ထိုအပို ၂-လ ၆-ရက်ကိုပေါင်းသော် တနှစ် ပြည့်လျက် ရှိသောကြောင့် ဘွား သက္ကရာဇ် နှစ် ၁၉ နှစ်ပြည့်ခဲ့လျှင် ဂဗ္ဘဝီသပြည့်၏၊ ၁၉ နှစ်လုံးလုံးရှိလျှင် ရဟန်းခံရပြီ။ ။ [ဝိနယသံခိပ် ကျမ်း]

ရဟန်းလောင်း၏ အမိဖြစ်သူက သူ၏သားသည် ၁၀-လဘွား ဖြစ်ပါသည်ဟု အတပ်ပြောသော်လည်း အမှန်မုချ အယုံရ ခက်လှသော အရာမျိုးဖြစ်ခဲ့၍ အယုတ်ဆုံးအားဖြင့် ၇-လ ဘွားကို အတည်ပြု၍ ၁၉ နှစ်နှင့် ၃ လ အောက်မယုတ်စေရ၊ ပိုလျှင်သာ ပိုစေရမည်-ဟု လယ်တီ ဆရာတော်ဘုရားကြီး၏ ကျေးဇူးရှင် စံကျောင်း ဆရာတော်ဘုရားကြီး မိန့်တော်မူ၏။ ။ဝတ္ထုသမ္ပတ္တိပြီး၏။

**ဝတ်, သံ, ပုဂ်, ဉတ်၊ မသုံးသပ်၊ ဉတ်ကို နောက်မှထား။**

**ဉတ္တိဝိပတ်၊ အင်ငါးရပ်၊ သမ္ပတ် အပြန်ငါး။**

ဉတ္တိဝိပတ္တိ ၅-ပါး။
၁။ ဉတ်အတွင်း၌ ဝတ္ထုကိုမသုံးသပ်ခြင်း,
၂။ သံဃာကို မသုံးသပ်ခြင်း,
၃။ ပုဂ္ဂိုလ်ကို မသုံးသပ်ခြင်း,
၄။ ဉတ်ကို မသုံးသပ်ခြင်း,
၅။ ဉတ်ကို ကမ္မဝါစာ၏နောက်မှ ထားခြင်းဟူ၍ ဉတ္တိဝိပတ္တိ ၅-ပါးရှိ၏၊ ဝတ္ထုကိုသုံးသပ်ခြင်း စသည်ဖြင့် ထိုမှပြန်၍ ဉတ္တိသမ္ပတ္တိ ၅-ပါးကို သိအပ်၏။

**ကမ္မဝါလဲ၊ ဉတ္တိနဲ၊ ခွဲလေ, ဝိပ်, သံ, ငါး။**

**အက္ခရပဒံ၊ ယုတ်လျော့ကျန်၊ ဆယ်တန် သဒ္ဒါမှား။**

**ကမ္မဝါမှာ၊ ကံပျက်ရာ၊ ဉတ်မှာ ထိုနည်းလား။**

**ကမ္မဝါစာ သမ္ပတ္တိ, ဝိပတ္တိ။** ။အနုသာဝနာခေါ်သော ကမ္မဝါ၌လည်း ဉတ်မှာကဲ့သို့ ဝတ္ထု, သံဃာ, ပုဂ္ဂိုလ်, ကမ္မဝါစာတို့ကို မသုံးသပ်ခြင်း, သုံးသပ်ခြင်း၊ ကမ္မဝါစာကို ဉတ်၏ရှေ့၌ ဖတ်ခြင်း၊ ဉတ်၏နောက်၌ ဖတ်ခြင်း ဟူ၍ ဝိပတ္တိ ၅-ပါး၊ သမ္ပတ္တိ ၅ ပါးရှိ၏။

**မှတ်ချက်။** ။ကမ္မဝါစာတွင်း၌ အက္ခရာပုဒ် ယုတ်လျော့ကြွင်းကျန်ခြင်း၊ ဗျဉ္ဇန ဗုဒ္ဓိခေါ်သော သဒ္ဒါ ၁၀-ပါး တိမ်းပါး ချွတ်ယွင်းခြင်းတို့သည် ကမ္မဝါစာ ဝိပတ္တိအတွက် ကံပျက်ရန် အမှုတို့ဖြစ်ကုန်၏။

ဉတ်၌လည်း ဤအက္ခရာပုဒ် ယုတ်လျော့ခြင်း၊ သဒ္ဒါ ၁၀-ပါး တိမ်းမှားခြင်းတို့သည် ကမ္မဝါစာနည်းတူ ကံပျက်ရန် အမှုတို့ပင်တည်း။

အက္ခရပဒံ-ဟူသော နောက်သံပေါက် ၂-ခုသည် ပါဠိတော်၌ "သာဝနံ ဟာပေတိ"-ဟူသော စတုတ္ထဝိပတ္တိ အရကို ဘော်ပြသော သံပေါက်စုသာ တည်း၊ အသီးအခြား မဟုတ်။

ဉတ္တိဝိပတ္တိ၌ "ဉတ္တိံ န ပရာမသတိ"နှင့် အနုသာဝနာ ဝိပတ္တိ၌ "သာဝနံ ဟာပေတိ"သည် အတူတူပင်၊ "ပစ္ဆာ ဉတ္တိံ ထပေတိ"နှင့် "အကာလေ ဝါ သာဝေတိ"သည် အတူတူပင်။

ထို့ကြောင့် ဉတ္တိ ဝိပတ္တိ, ကမ္မဝါစာ ဝိပတ္တိ ၂-ပါးကို တပေါင်းတည်း ပြု၍ ပြဆိုပေအံ့။

**ဝတ္ထုအပရာမသန။** ။ဝတ္ထုကို မသုံးသပ်ခြင်းဆိုသည်ကား ဉတ်၌၎င်း၊ ကမ္မဝါစာ ၃-ချက်တို့၌၎င်း ရဟန်းလောင်း၏ အမည်ကို မသုံးသပ်ခြင်းတည်း၊ မဖတ်ခြင်းတည်း။

**သံဃအပရာမသန။** ။သံဃပုဒ်တို့ကို မဖတ်ခြင်းသည် သံဃာကို မသုံးသပ်ခြင်း မည်၏။

**ပုဂ္ဂလအပရာမသန။** ။ဥပဇ္ဈာယ် ဆရာ၏ အမည်နာမ မပါခြင်းသည် ပုဂ္ဂိုလ်ကို မသုံးသပ်ခြင်း မည်၏။

**သာဝန ဟာပန။** ။ဉတ်နေရာ၌ ဉတ်ကို လုံးလုံးမဖတ်ပဲ ကမ္မဝါစာ သက်သက်ကိုသာ ဖတ်ခြင်း၊ ကမ္မဝါစာနေရာ၌ ကမ္မဝါစာကို လုံးလုံးမဖတ်ပဲ

ဉ တ်ကိုသာ ၄-ကြိမ်ဖတ်ခြင်းသည် ဉ တ်ကို မသုံးသပ်ခြင်း၊ ကမ္မဝါစာကို ယုတ်လျော့စေခြင်း မည်၏။

မှတ်ချက်။ ။ဉ တ်၌ အကျုံးဝင်သော အချို့အချို့သော အက္ခရာတို့ကို စွန့်ခြင်း၊ မကောင်းသဖြင့် ရွတ်ဆိုခြင်း၊ ကမ္မဝါစာတို့၌ အကျုံးဝင်သော အချို့အချို့သော အက္ခရာပုဒ်တို့ကိုစွန့်ခြင်း၊ မကောင်းသဖြင့် ရွတ်ခြင်းများသည်လည်း ဉ တ်ကို မသုံးသပ်ခြင်း ကမ္မဝါစာကို ယုတ်စေခြင်းမည်၏၊ ဉ တ်ကို ကမ္မဝါစာတို့၏ နောက်၌ ထားခြင်း၊ ကမ္မဝါစာတို့ကို ဉ တ်၏ ရှေ့၌ ဖတ်ခြင်း ထင်ရှားပြီ။

ဝတ္ထု, ပုဂ္ဂလတို့ကို သုံးသပ်မှု၌ သိမ်အပြင်၌ သံဃာစုံလင်၍ ကမ္မဝါဖတ်တော့မည်ရှိရာ မဖတ်မီတင်ကူး၍ ဥပဇ္ဈာယ်ဆရာက သံဃာအများ ကြားသိကြစေရန် ရဟန်းလောင်းကိုလည်း နာဂ-ဟူ၍ အမည်ပေးရမည်၊ မိမိကိုယ်ကိုလည်း တိဿ-ဟူ၍ အမည်ပေးရမည်။

ရဟန်းလောင်း မောင်မည်သူကို နာဂ-ဟူ၍အမည်ပေးပါ၏၊ ဉ တ်၌ဇင်း၊ ကမ္မဝါစာတို့၌ဇင်း နာဂ-ဟူ၍ ရွတ်ဆိုသည်ရှိသော် ရဟန်းလောင်း မောင်မည်သူကို ဆိုသည်ဟူ၍ သံဃာတော်တို့က သိတော်မူကြပါကုန်။

ဥပဇ္ဈာယ်ဆရာဖြစ်သူ အကျွန်ုပ်ကိုလည်း တိဿ-ဟူ၍ အမည်ပေးပါ၏၊ ဉ တ်၌ဇင်း၊ ကမ္မဝါစာတို့၌ဇင်း တိဿ-ဟူ၍ ရွတ်ဆိုသည်ရှိသော် ဥပဇ္ဈာယ်ဆရာဖြစ်သူ အကျွန်ုပ်ကို ဆိုသည် ဟူ၍ သံဃာတော်တို့က သိတော်မူကြပါကုန်။ ။[အမည်ပေးပုံ။]

ရဟန်းခံ ကမ္မဝါသို့မရောက်မီ ဆုံးမခန်း, စစ်မေးခန်းတို့၌လည်း သမ္မုတိ ဉ တ် ပါရှိသည်၊ထိုဉ တ်၌လည်း ဝတ္ထု, ပုဂ္ဂလတို့ ပါရှိကြသည်ဖြစ်၍ အမည်ကို တင်ကူး၍ မှည့်မှ သင့်လျော်သည်၊ ရှေးဦးစွာ အမည်ပေးမှုကို မပြုမူ၍ ဉ တ်, ကမ္မဝါစာတို့၌သာ နာဂ-အမည်, တိဿ-အမည်တို့ကို ရွတ်ဆို၍ သွားသည် ရှိသော် ယခု ရှိနေကြသော ရဟန်းလောင်း၏အမည်မဟုတ်၊ ဥပဇ္ဈာယ်ဆရာပြုလုပ်သူ၏ အမည်မဟုတ်သဖြင့် ရဟန်းလောင်းဖြစ်သူ, ဥပဇ္ဈာယ်ဖြစ်သူတို့ကို မထိမငြိသည်ဖြစ်၍ ဝတ္ထု, ပုဂ္ဂလတို့ကို မသုံးသပ်ရာပင် ကျ၏။ ။[ဝိမတိဋီကာ အဆို။]

သာဝနံ ဟာပေတိဒ္ဒိ-

ဌာန် ၇ ပါး။ ၁။ ဥရ၊ ရင်,
၂။ ကဏ္ဍ၊ လည်ချောင်း,
၃။ တာလု၊ အာစောက်,
၄။ မုဒ္ဓ၊ အာခေါင်,
၅။ ဒန္တ၊ သွား,
၆။ ဩဋ္ဌ၊ နှုတ်ခမ်း,
၇။ နာသိက၊နှာခေါင်း။ ။ဌာန် ၇-ပါး ဆောင်ပုဒ်။

ကရိုဏ်း၄-ပါး။ ။၁။ ဇိဝှါမဇ္ဈ၊ လျှာလယ်,
၂။ ဇိဝှေါပဂ္ဂ၊ လျှာဖျား၏ အနီး,
၃။ ဇိဝှဂ္ဂ၊ လျှာဖျား,
၄။ သကဋ္ဌာန၊ မိမိတို့၏ဌာန်။ ။ကရိုဏ်း ၄-ပါး ဆောင်ပုဒ်။

ပယတ်၄-ပါး။ ။၁။ သံဝုဋ္ဌ၊ ပိတ်မှု,
၂။ ဝိဝဋ္ဌ၊ ဖွင့်မှု,
၃။ ဖုဋ္ဌ၊ ထိမှု,
၄။ ဤသံဖုဋ္ဌ၊ စဉ်းငယ်ထိမှု။ ။ပယတ် ၄-ပါး ဆောင်ပုဒ်။

မှတ်ချက်။ ။အထက်သွား၏ အတွင်းဖြစ်သော အာခေါင်အရပ်မှ စ၍ လည်ချောင်း ပေါက်ဝသို့ ဆိုက်အောင် ခံတွင်း၏ အထက်အပြင်ကို ၂-ဖို့ ပြု၍ အတွင်းအဖို့ကို အာစောက် ခေါ်သည်၊ အပြင် အဖို့ကို အာခေါင်ခေါ်သည်၊ လျှာထိပ်ဟူ၍လည်း ဆိုကြ၏။

ခံတွင်းမှ နှာခေါင်းသို့ တွက်သွားသော အပေါက် တလျှောက်လုံးကို နာသိက ဌာန် ဆိုသည်။

သံဝုဋ္ဌ၊ ပိတ်ခြင်းဆိုသည်ကား-ဖွင့်၍ မလွှတ်ပဲ ချုပ်အုပ်၍ ရွတ်ခြင်းကို ဆိုသည်။ ။ပတ်ဝိုင်းကိုလက်ဖြင့် တီးကြရာ၌ စီတန်း၍ နေသော ဗုံတော်ကြီး,ငယ်စုနှင့် ဌာန် ၇-ပါးတူသည်၊ အလိုရှိရာ လှည့်လည်၍ တီးခေါက်သော လက်နှင့် ကရိုဏ်း ၄-ပါးတူသည်။

တခုသော ဗုံကို တီးခေါက်ရာ၌ တခုသော ဗုံမျက်နှာအပြင်မှ အသံတို့, အသံရှည်, အသံမာ, အသံပြော့ အမျိုးမျိုးဖြစ်လေအောင် ပြုပြင်သော အမူအရာ အထွေ အပြားတို့နှင့် ပယတ်မှု၄-ပါးတူသည်။

ရင်,လည်,အာ, အဒ၊သွား,နှုတ်,နှာ၊ဖြစ်ရာ ဌာန်ခုနစ်။ ။[သိသာပြီ။]

လျှာလယ်,လျှာဖျား၊နီးအပါး။ဌာန်အားကရိုဏ်းလေး။ ။[သိသာပြီ။]

ပိတ်,ဖွင့်, ခိုက်, ထိ၊ စဉ်းငယ်ထိ၊ ပြုဘိပယတ်လေး။ ။[သိသာပြီ။]

က,ခ,ဂ,ဃ,င၊အ,အာ,ဟ၊အဌ-လည်ချောင်းဖြစ်။ ။[ကဏ္ဍဇဂ-လုံး။]

စ,ဆ,ဇ, ဈ,ည၊ ဣ,ဤ,ယ၊အဌ-အာစောက်ဖြစ်။ ။[တာလုဇဂ-လုံး]

ဋ,ဌ, ဍ, ဎ, ဏ၊ရနှင့် ဠ၊ သတ္တ-အာခေါင်ဖြစ်။ ။[မုဒ္ဓဇ ၇-လုံး။]

တ, ထ, ဒ, ဓ, န၊ လနှင့်သ၊ သတ္တ-သွားမှာဖြစ်။ ။[ဒန္တဇ ၇-လုံး။]

ပ,ဖ, ဗ,ဘ, မ၊ ဥ၊ဦ, မှ၊ သတ္တ-နှုတ်ခမ်းဖြစ်။ ။[ဩဋ္ဌဇ ၇-လုံး။]

ဝဂ္ဂန်ပဉ္စ၊ နိဂ္ဂဟီတ၊ ဆ-မှာနှာခေါင်းဖြစ်။ ။

အဓိပ္ပါယ်။ ။င, ဉ, ဏ,န, မ ဤဝဂ္ဂန္တ ၅-လုံးကို ဝဂ္ဂန် ပဉ္စဆိုသည်၊ သေးသေးဘင် ခေါ်သော ဗိန္ဒုငယ်တခုကို နိဂ္ဂဟီတခေါ်သည်။

လည်,နှုတ်,ဩသာ၊ ဧ,လည်,အာ၊ဝ-မှာသွား,နှုတ်ဖြစ်။

ဩ-သည်လည်ချောင်း, နှုတ်ခမ်း၌ ဖြစ်၏၊ ဧ-သည် လည်ချောင်း, အာစောက်၌ဖြစ်၏၊ ဝ-သည်သွား, နှုတ်ခမ်း၌ ဖြစ်၏။

ဝဂ္ဂန်,ယ, ဝ၊ ယှဉ်သည် ဟ၊ ဥရဌာန်၌ဖြစ်။

အဓိပ္ပါယ်။ ။ဝဂ္ဂန္တ ၅-လုံး ယ,ရ,လ,ဝ, ၄-လုံး ဤ ၉-လုံးနှင့်ယှဉ်သော ဟ-အက္ခရာသည် ရင်၌ဖြစ်သည်-ဟု လာ၏၊ဌကြီးနှင့် ယှဉ်လျှင်လည်း ထို့အတူယူလေ။ ။ငှ,ဉှ,ဏှ,နှ,မှ,ယှ,ရှ,လှ,ဝှ,ဠှ။

အာစောက်-မဇ္ဈ၊ ခေါင်-ပဂ္ဂ၊ ဒန္တ-လျှာဖျားစပ်။

အဓိပ္ပါယ်။ ။အာစောက်ဌာန်နှင့် ဇိဝှါမဇ္ဈကရိုဏ်း တွဲဖက်။ အာခေါင်ဌာန်နှင့် ဇိဝှေါပဂ္ဂကရိုဏ်း တွဲဖက်။ သွားအရပ်နှင့် ဇိဝှဂ္ဂကရိုဏ်းတွဲဖက်။

မှတ်ချက်။ ။တာလုဇအက္ခရာတို့ကို ဖြစ်စေလိုသော် လျှာလယ်အရပ်၌ လှုံ့ဆော်၍ ပေးမှဖြစ်နိုင်ကြကုန်သည်၊ "စဝဂ်ပဉ္စ၊ ဣ,ဤ,ယ"တို့ကို ရွတ်ဆို၍ ကြည့်လေ။ ။မဇ္ဈိမသား, သီဟိုဠ်သားတို့သည် စဝဂ် ၅-လုံးတို့ကို အစဉ်အတိုင်း ကျ,ချ,ဂျ,ဃျ,ဉျ-ဟု ရွတ်ကြကုန်၏။

မုဒ္ဒဇ အက္ခရာတို့ကို ဖြစ်စေလိုသော် လျှာဖျား၏ အနီးဖြစ်သော လျှာအရပ်နှင့် လှို့ဆော်၍ပေးမှ ဖြစ်နိုင်ကြကုန်သည်၊ "ဋ ဝဂ် ပဉ္စ၊ ရနှင့် ဠ"တို့ကို ရွတ်ဆို၍ ကြည့်လေ။

ရကြီးကို ပြီသအောင် ရွတ်လိုသော် လျှာကို အထက်သို့ ခေါက်လိပ်၍ အထက်အာခေါင်အရပ်ကို ထိခိုက်၍ပေးမှ လျှာလိပ်သံပေါ်၍ ရကြီးအက္ခရာ ပြီသစွာ ဖြစ်နိုင်သည်။ ဋ,ဌ,ဍ,ဎ,ဏ,ဠကြီးတို့ကို ရွတ်လိုသော အခါ၌လည်း လျှာကို အထက်သို့ ခေါက်လိပ်၍ ပေးရမည်။ ရကြီးနှင့် ဌာန်တူ, ကရိုဏ်းတူ ဖြစ်ကြသည်၊ လျှာကို အထက်သို့ ခေါက်လိပ်၍မပေးခဲ့လျှင် တ,ထ,ဒ,ဓ,န,လ-ဟူသော ဒန္တဇတွေ ဖြစ်ကုန်၏၊ မုဒ္ဓဇတွေ မဖြစ်လာကုန်။

သုဏာတု မေ-၌ ဏာကို ရွတ်မည်-ဟု ရွတ်ပါသော်လည်း လျှာကို တန်းတန်းထား၍ ရွတ်ခဲ့သော် ဒန္တဇ-နာ အက္ခရာသာ ဖြစ်လေ၏။ ။ပဋိစ္ဆန္နာနဉ္စ-၌ ဋိ-ကို,အနုသိဋ္ဌော-၌ဋ္ဌောကိုရွတ်မည်-ဟုရွတ်ပါသော်လည်း လျှာကိုတန်းတန်းထား၍ ရွတ်ခဲ့သော် ဒန္တဇ-တိ, ဒန္တဇ-ထော,တို့သာ ဖြစ်၍ သွားကုန်၏၊ ဤမုဒ္ဓဇ ၇-လုံးတို့နှင့် ဒန္တဇ ၇ လုံးတို့သည် ဌာန်လည်း တခြားစီ ဖြစ်ကြကုန်၏၊ ကရိုဏ်းလည်း တခြားစီ ဖြစ်ကြကုန်၏။

ဋ-သံနှင့် တ-သံ ကွဲအောင် ရွတ်ရလိမ့်မည်။
ဌ-သံနှင့် ထ- သံကွဲစေရမည်။
ဍ-သံနှင့် ဒ-သံ ကွဲစေရမည်။
ဎ-သံနှင့် ဓ-သံ ကွဲစေရမည်။
ဏ-သံနှင့် န-သံ ကွဲစေရမည်။
ရ-သံနှင့် ယ-သံ ကွဲစေရမည်။
ဠ-သံနှင့် လ-သံ ကွဲစေရမည်။

ကွဲအောင် မရွတ်တတ်လျှင် ကမ္မဝါဖတ်ခြင်းငှါ မထိုက်၊ သုဏာတု-၌ပင် လျှင် အလွဲလွဲအချော်ချော် ဖြစ်လိမ့်မည်၊ သတိကြီးကြီး ထားသင့်လှ၏။

ဒန္တ-လျှာဖျားစပ် ဆိုသည်ကား-ဒန္တဌာန်နှင့် လျှာဖျားကရိုဏ်းတွဲဖက်၊ဒန္တဇ အက္ခရာတို့ကို ဖြစ်စေလိုသော် လျှာပြင်နှင့် အထက်သွားကို လှို့ဆော်၍ပေးမှ

ဖြစ်နိုင်သည်၊ "တဝဂ်ပဥ္စ၊ လနှင့်သ"တို့ကို ရွတ်ဆို၍ ကြည့်လေ။ လျှာက အထက်သို့ ခေါက်လိပ်၍ ရွတ်ဆိုခဲ့လျှင် မုဒ္ဓဇတွေဖြစ်၍ လာလိမ့်မည်၊သုဏာတု-၌ တု-ကို လျှာလိပ်သံနှင့်ရွတ်ဆိုခဲ့လျှင် ဋုဖြစ်၍ သွား၏၊ နာဂေါ-၌နာ-ကို လျှာလိပ်သံနှင့် ရွတ်ခဲ့လျှင် ဏာ-ဖြစ်၍ သွား၏။ ။အကြွင်းသိသာပြီ။

ဆိုပြီးသည်မှ ကြွင်းကုန်သော ကဏ္ဌဇ ဂ-လုံး, ဩဋ္ဌဇ ၇-လုံးတို့၌ဌာန်နှင့် ကရိုဏ်း အခြားမရှိ၊ ဌာန်သည်ပင်လျှင် ကရိုဏ်းဖြစ်၏၊ "က—ဝဂ် ပဥ္စ၊အ, အာ,ဟ"တို့၌ လည်ချောင်းသားချင်း လှုံ့ဆော်သည်၊ "ပ-ဝဂ်ပဥ္စ၊ဥ-ဝဏ္ဏ" တို့မှာ နှုတ်ခမ်းသား ၂—ခုချင်း လှုံ့ဆော်သည်၊ ကရိုဏ်း အသီးအခြား မရှိပြီ၊ နှာခေါင်းဖြစ် အက္ခရာ ၆-လုံးတို့၌ နှုတ်ခမ်းကို ကရိုဏ်းဆိုသင့်၏၊နှုတ်ခမ်းကို ပိတ်၍ ပေးမှ နှာခေါင်းသို့ လေနှင့်တကွ အသံလုံး၍ သွားသဖြင့် နှာခေါင်းသံ ပြီစွာ ပေါ်လေသည်။

**အ–သံဝုဋ္ဌ၊ ကြွင်းသရ၊ သ,ဟ–ဝိဝဋ္ဌာ။**

**ဝဂ်မှာဖုဋ္ဌ၊ ယ,ဝ,မှန်၊ ဤသံဖုဋ္ဌသာ။**

အဓိပ္ပါယ်။ ။အ–သရသည် သံဝုဋ္ဌပယတ်ရှိ၏။ လည်ချောင်းကိုပိတ်သော အခြင်းအရာထင်၏၊ ပိတ်လေ-ပြီသလေဖြစ်၏။

ကြွင်းသော သရ ၇ လုံး၊ သ,ဟတို့သည် ဝိဝဋ္ဌ ပယတ်ရှိကြကုန်၏၊ အာ-ကို ရွတ်သောအခါ လည်ချောင်းပေါက်ကို ပွင့်ပွင့်ပြု၍ရွတ်။ ။ဣ,ဤ ကို ရွတ်သောအခါ အာစောက်ဌာန်နှင့် လျှာလယ်ကရိုဏ်းကို ပွင့်ပွင့်ပြု၍ရွတ်၊ ဧ, ဩ,သ,ဟတို့မှာလည်း သူတို့ဆိုင်ရာဌာန် ကရိုဏ်းတို့နှင့်ခွဲလေ။

ကဝဂ် ၅- လုံး စဝဂ် ၅ လုံး။ ဋဝဂ် ၅ လုံး၊ ပဝဂ် ၅ လုံးတို့ကို ရွတ် သောအခါ သူ့ဌာန်တို့နှင့် သူ့ကရိုဏ်းတို့ကို နာနာထိခိုက်စေ၍ရွတ်။

ယ,ရ,လ,ဝတို့ကို ရွတ်သောအခါ သူတို့ဌာန်နှင့်ကရိုဏ်းတို့ကို စဉ်းငယ်သာ ထိခိုက်စေ၍ ရွတ်။

ပဝဂ် ၅ လုံးတို့သည် နှုတ်ခမ်း၌ဖြစ်ကုန်၏။ ဉ,ဦ ၂ လုံးတို့လည်း နှုတ် ခမ်း၌ဖြစ်ကုန်၏။ ပယတ်မှုကား ကွဲကြ၏၊ ပဝဂ်မှာ ဖုဋ္ဌပယတ်ရှိ၏၊ နှုတ်ခမ်း ချင်း နာနာထိလေ ပြီသလေဖြစ်ကုန်၏။

ဉ,ဦ ၂-လုံးတို့မှာ ဝိဝဋ္ဌပယတ်ရှိကြကုန်၏၊ နှုတ်ခမ်းချင်းဖွင့်၍ ရွတ်မှ ပြီသကုန်၏၊ ထို၍ရွတ်လျှင် မပြီသကုန်ပြီ။

ဤနည်းကို အမှီပြု၍ ကြွင်းသောဌာန်တူ, ကရိုဏ်းတူ, ပယတ်ကွဲအက္ခရာတို့၌ ရွတ်ပုံအထူးအပြားတွေကို အကုန်ဝေဖန်၍ ရှင်းလင်းစွာ သိလေမြင်လေ။ ။ ဌာန်, ကရိုဏ်း, ပယတ်ပြီး၏။

ဗျဉ္ဇနဗုဒ္ဓိ ၁၀-ပါး။ ။သိထိလံ ဓနိတဉ္စ၀၊ ဒီဃံ ရဿံ ဂရုံ လဟုံ။
နိဂ္ဂဟီတံ ဝိမုတ္တဉ္စ၊ သမ္ဗန္ဓဉ္စ ဝဝတ္ထိတံ။

သိထိလံ၊ လျော့လျော့ရွတ်အပ်သော အက္ခရာရင်း။ ဓနိတဉ္စ၀၊ တင်းတင်းရွတ်အပ်သော အက္ခရာရင်း။ ဒီဃံ၊ ရှည်ရှည်ရွတ်အပ်သော အက္ခရာရင်း။ ရဿံ၊ တိုတိုရွတ်အပ်သော အက္ခရာရင်း။ ဂရုံ၊ လေးလေး ရွတ်အပ်သော အက္ခရာရင်း။ လဟုံ၊ ပေါ့ပေါ့ရွတ်အပ်သော အက္ခရာရင်း။ နိဂ္ဂဟီတံ၊ ခံတွင်းကိုပိတ်၍ ရွတ်အပ်သော ဗိန္ဒုအက္ခရာရင်း။ ဝိမုတ္တဉ္စ၊ ခံတွင်းကို မပိတ်မူ၍ ရွတ်အပ်သော အက္ခရာရင်း။ သမ္ဗန္ဓဉ္စ၊ သန္ဓိစပ်၍ရွတ်အပ်သော အက္ခရာရင်း။ ဝဝတ္ထိတံ၊ သန္ဓိမစပ်ပုဒ်ဖြတ်၍ ရွတ်အပ်သော အက္ခရာရင်း။ ။ သဒ္ဒါ ၁၀ ပါးဆောင်ပုဒ်၊ ဗျဉ္ဇနဗုဒ္ဓိ ၁၀-ပါးလည်း ခေါ်၏။

လျော့, တင်း, ရှည် တို၊ လေး, ပေါ့, ကို၊ ပိတ်သို လွှတ် စပ် ဖြတ်။
ပ, တ, သိထိ၊ ဝဂ်တွင်ရှိ၊ ဓနိ ဒုစ မှတ်။

သိထိလ။ ။ဝဂ် ၂၅-လုံးတွင်ရှိသော ပထမက္ခရာ ၅-လုံး, တတိယက္ခရာ ၅-လုံးသည် သိထိလမည်၏၊ က, ဂ,စ,ဇ,ဋ,ဍ,တ,ဒ,ပ,ဗ-ဤ ၁၀ လုံးကို ဆိုသတည်း။

ဓနိတ။ ။ဒုတိယက္ခရာ ၅-လုံး, စတုတ္ထက္ခရာ ၅-လုံးသည် ဓနိတမည်၏၊ ခ,ဃ,ဆ,ဈ,ဌ,ဎ,ထ,ဓ,ဖ,ဘ—ဤ ၁၀-လုံးကို ဆိုသတည်း။

ငါးလုံးဒီဃ၊ သုံးရဿ၊ ဂ လနှစ်မည်ထပ်။

ဒီဃ-ဂရု။ ။အာ,ဤ,ဦ,ဧ,ဩ-ဤ ၅-လုံးသည် ဒီဃလည်းမည်၏၊ ဂရုလည်းမည်၏။

ရဿ—လဟု။ ။အ,ဣ,ဉ-ဤ ၃-လုံးသည် ရဿလည်းမည်၏၊ လဟုလည်းမည်၏၊ ဂ,လ ဆိုသည်ကား-ဂရု လဟု ဆိုလိုသည်။

မှတ်ချက်။ ။ဤအရာ၌ ဒီဃသရနှင့်ယှဉ်သော ဗျည်းတို့သည်လည်း ဒီဃပင်မည်ကုန်၏၊ ရဿသရနှင့် ယှဉ်သော ဗျဉ်းတို့သည်လည်း ရဿပင်မည်ကုန်၏။

သံယုဂ်နိဂ္ဂဟိတ၊ နှောင်းပြန်ကာ၊ ရဿ-ဂရုမှတ်။

အစိပ္ပါယ်။ ။ရဿပင်ဖြစ်သော်လည်း နောက်၌သံယုဂ်ရှိခဲ့သော်၎င်း၊နိဂ္ဂဟိတ်ရှိခဲ့သော်၎င်း ဂရုမည်ပြန်၏။ အတ္တ၊ ဓမ္မ၊ ဇုဋ္ဌ၊ ယိဋ္ဌ၊ ဥဒ္ဓ၊ မုဒ္ဒ သံဃ-စသည်ကည်း။

ဗိန္ဒုနိဂ္ဂဟိတ်၊ ခံတွင်းပိတ်၊ မပိတ်ဝိမုတ်မှတ်။

နိဂ္ဂဟိတ်။ ။ခံတွင်းကိုပိတ်၍ရွတ်အပ်သောဗိန္ဒုတခုသည် နိဂ္ဂဟိတ်မည်၏။

ဝိမုတ္တ။ ။ခံတွင်းကို မပိတ်မူ၍ရွတ်အပ်သော အက္ခရာစုသည် ဝိမုတ္တမည်၏။

က။ နိဂ္ဂဟိတန္တိ ယံ ကရဏာနိ နိဂ္ဂဟိတွာ အဝိဿဇ္ဇေတွာ အဝိဝဋေန မုခေန သာနုနာသိကံ ကတွာ ဝတ္တဗ္ဗံ။

ခ။ ဝိမုတ္တန္တိ ယံ ကရဏာနိ အနိဂ္ဂဟေတွာ ဝိဿဇ္ဇေတွာ ဝိဝဋေန မုခေန သာနုနာသိကံ အကတွာ ဝုစ္စတိ။ ။[အဋ္ဌကထာပါဠိ။]

သမ္ဗန် သန္ဓိ၊ ပုဒ်ဖြတ်ဘိ၊ ဝဝတ္ထိတ မှတ်။

သမ္ဗန္ဓ-ဝဝတ္ထိတ။ ။ယာသာယသ္မတော ခမတိ၊ ယဿ အာယသ္မတော ခမတိ။ ၂-ချက်သာင့်။

သိ,ဓ,နိဂ်-ဝိ၊ပြန်လှန်ဘိ၊ပျက်၏ ဥတ်ကမ္မဝါ။

အစိပ္ပါယ်။ ။သိထိလ,ဓနိတ-တစုံ၊ နိဂ္ဂဟိတ, ဝိမုတ္တ-တစုံ၊ ဤသဒ္ဒါအစုံ ၂-ခုသည် ပြန်၍ ရွတ်ဆိုခဲ့သော် ဥတ္တိဝိပတ္တိ, ကမ္မဝါစာ ဝိပတ္တိဖြစ်၏။

ဒီ-ရဿ် ဂ လုံ၊ ဝဝတ်-သံ၊ကံကို မဖျက်ရာ။

အစိပ္ပါယ်။ ။ဒီဃ,ရဿ-တစုံ၊ ဂရု,လဟု-တစုံ၊ သမ္ဗန္ဓ, ဝဝတ္ထိတ-တစုံ၊ ဤ၃-စုံတို့သည် ပြန်လှန်၍ ရွတ်ဆိုမိသော်လည်း ကံကို မဖျက်တတ်ကုန်။

ဝိမတိဋီကာ၌မူကား-သိထိလချင်း ဖြစ်သော်လည်း ဝဂ်တပါး၌ သိထိလအရကို ဝဂ်တပါး၌ သိထိလပြု၍ ရွတ်ဆိုမိခဲ့သော် ကံပျက်၏-ဟု ဆို၏။

မှတ်ချက်။ ။သုဏာတု-၌ ဏာ-သည် မုဒ္ဓဇဏ-ကြီး၏ အရာသာဖြစ်၏ ဒန္တဇ န-ငယ်၏အရာမဟုတ်၊ ဏ-ကြီးဖြစ်အောင် လျှာကို ပြုပြင်မှု၌ မလိမ်မာသောသူအား ဏကြီးကို ရွတ်ဆိုမည်-ဟု ကမ္မဝါစာကို ကြောင်ကြောင် ကြည့်၍ ရွတ်ဆိုသော်လည်း နှုတ်,လျှာမှာ န ငယ်သာ ဖြစ်နေတတ်၏၊ ဤသို့ ဌာန်၊

ကရိုဏ်း အစီအရင်တို့၌ မလိမ်မာသည့်အတွက် ပျက်ကွက်မှားယွင်းမှု တို့ကို ရည်၍ ဋီကာရှင်ဆိုပေသည်။

ဉတ်,ကမ္မဝါ ဖတ်ရွတ်သောသူသည် ဌာန်,ကရိုဏ်း,ပယတ်တို့၌၎င်း၊ သဒ္ဒါ ၁၀-ပါးတို့၌၎င်း ကောင်းစွာ လိမ်မာရာ၏၊ လိမ်မာသောသူမှသာလျှင် ဖတ်ရွတ်ခြင်းငှါ ထိုက်၏၊ထို့ကြောင့် မဟုတ်လော-ဉတ်,ကမ္မဝါစာတို့နှင့် စပ်လျဉ်းရာတို့၌ "ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန သံဃော ဉာပေတဗ္ဗော" ဟူ၍ ဗျတ္တ-ပဋိဗလကို အထူးထုတ်ဖော်၍ ဟောတော်မူပေသတည်း။

ထိုအစီအရင်တို့ကို သိတတ်ရုံမျှနှင့်လည်း မဖြစ်သေး၊ သိမ်အပြင်၌ ကမ္မဝါဖတ်ခွင်သို့ မဝင်မီ ရှေးအဖို့ကပင် ထိုထိုအက္ခရာတို့၌ ဌာန်,ကရိုဏ်းကျ နှုတ်,လျှာကျိုးပြီးသောသူမှသာ ကမ္မဝါဖတ်ခွင်သို့ ဝင်သင့်သည်၊ စိတ်ကပင် သိုသော်လည်း နှုတ်,လျှာမကျိုးဖူးချေက သံဃာအလယ်၌ ဖတ်သောအခါ နှုတ်,လျှာ အချော်အချွတ်များ၍ နေတတ်လှ၏၊ ထို့ကြောင့် ရဟန်းပြုပြီးသော အခါမှစ၍ ကမ္မဝါဖတ် သင်ကြားမှုများကို အထူးကြောင့်ကြ စိုက်ကြကုန်ရာ၏။

လယ်တီဆရာတော်ဘုရားကြီး၏ မုံရွာမြို့ လယ်တီတိုက်တွင်း၌ရှိသော ရဟန်းငယ်တို့သည် သီတင်းနေ့တို့၌ ကမ္မဝါဖတ် တတ်မြောက်လိမ်မာပြီးသော မထေရ်ကြီးတို့ ကျောင်း၌ စည်းဝေး၍ ကမ္မဝါဖတ် သင်ကြားမှုကို အမြဲပြုကြရကုန်၏၊ သတိရှိတော်မူကြပါကုန်။ ။သာဝနံ ဟာပေတိ-အရကို ပြဆိုချက်ပြီး၏။

၁၁-ပါးသော ဝိပတ္တိသိမ်တို့မှ ကင်းလွတ်၍ နိမိတ္တသမ္ပတ္တိ, ပရိသာသမ္ပတ္တိ, ကမ္မဝါစာသမ္ပတ္တိ-ဟူသော ၃-ပါးသော သမ္ပတ္တိအင်္ဂါနှင့် ပြည့်စုံသော သိမ်၌ ဆောင်ရွက်သော ထိုကံသည် သီမာသမ္ပတ္တိနှင့် ပြည့်စုံသော ကံမည်၏၊ သိမ်အကြောင်းအရာကို ရှေ့ "သိမ်ခဏ်းအမြွက်"၌ ပြဆိုခဲ့ပြီ။

ကမ္မပတ္တ၊ မလာကြ၊ ဆန္ဒမဆောင်ဘိ။
မျက်မှောက်မြစ်တား၊ ဤသုံးပါး၊ ပျက်ငြားဝိပတ္တိ။

ဝိပတ္တိ ၃-ပါး။ ။၁။ကမ္မပတ္တသံဃာ-သိမ်အပြင်သို့ မလာမရောက်ခြင်း။
၂။ ဆန္ဒထိုက်သောရဟန်းတို့၏ ဆန္ဒကို မဆောင်ခြင်း။
၃။ သိမ်သို့ရောက်၍ မျက်မှောက်၌ ရှိကုန်သော သူတို့၏ တားမြစ်ခြင်း။ ။ပရိသတ်မှ ဖြစ်သော ဝိပတ္တိ ၃-ပါး။

နာနာသံဝါသက၊ နှစ်မျိုးပြ၊ ကမ္မ၊ လဒ္ဓိဒွိ။

နာနာသံဝါသက ၂-မျိုး။ ၁။ ကမ္မနာနာသံဝါသက ပုဂ္ဂိုလ်တမျိုး။
၂။ လဒ္ဓိနာနာသံဝါသက ပုဂ္ဂိုလ်တမျိုး။

ဥက္ခိတ်-ကမ္မ၊ နုဝတ္တ၊ လဒ္ဓ နာနာသိ။

အဓိပ္ပါယ်။ ဥက္ခိတ္တက ပုဂ္ဂိုလ်သုံးယောက်သည် ကမ္မနာနာသံဝါသက ပုဂ္ဂိုလ်မည်၏။ ဥက္ခိတ္တာ နုဝတ္တက ပုဂ္ဂိုလ်သုံးယောက်သည် လဒ္ဓိနာနာသံဝါသက ပုဂ္ဂိုလ်မည်၏။

မရှု, မကု၊ မစွန့်မှု၊ သုံးခု ဥက္ခိတ်ရှိ။
အယူကြိုက်ကာ၊ အစဉ်ပါ၊ သုံးဖြာ နုဝတ္တိ။

အဓိပ္ပါယ်။ ။"ပဿသိ အာဝုသော တံ အာပတ္တိံ"ဟု ဆိုသည်ရှိသော် "အာမ ဘန္တေ ပဿာမိ"ဟု ဝန်မခံလိုသောရဟန်းသည် အာပတ်ကိုမရှုသော ရဟန်းမည်၏။

သင့်ပြီးသောအာပတ်ကို ထင်စွာမပြု ဒေသနာမကြား နေ့လွန်ငြားအောင် ဖုံးဝှက်၍ထားသောရဟန်းသည် အာပတ်ကို မကုစားသောရဟန်း မည်၏။

အရိဋ္ဌ ရဟန်းတို့ကဲ့သို့ ပါပဒိဋ္ဌိကိုယူ၍ ၃ ကြိမ်တိုင်တိုင် ဥတ်, ကမ္မဝါစာ တို့ဖြင့် ဆုံးမပါလျက် မစွန့်သောရဟန်းသည် ဒိဋ္ဌိကို မစွန့်သောရဟန်း မည်၏၊ ထိုအကြောင်းတို့ကြောင့် ဥက္ခေပနီယကံ အပြုခံရသော ရဟန်း ၃-ပါး တို့သည် ဥက္ခိတ္တကရဟန်း မည်ကုန်၏၊ ထိုရဟန်းတို့ကို ကမ္မနာနာ သံဝါသက ရဟန်းတို့-ဟူ၍ ခေါ်ကြကုန်၏။

ထိုရဟန်းတို့၏ အလိုအယူကို ကြိုက်၍ အသင်းအပင်း ပြုလုပ်ကြကုန်သော ရဟန်းတို့သည် ဥက္ခိတ္တာ နုဝတ္တက မည်ကုန်၏၊ လဒ္ဓိနာနာ သံဝါသက-ဟူ၍ လည်း ခေါ်၏။

နာနာသံဝါသက၊ အန္တိမ၊ အပကတတ္တာသိ။
ထိုမှကြွင်းလတ်၊ ပကတတ်၊ အမြတ် သီလရှိ။

အဓိပ္ပါယ်။ ။ပြဆိုခဲ့ပြီးသော နာနာသံဝါသက ရဟန်းမျိုး, အန္တိမ ဝတ္ထုသို့ ရောက်ပြီးသော ရဟန်းတို့သည် အပကတတ် ရဟန်းတို့ မည်ကုန်၏၊ ထိုမှကြွင်းသော ရဟန်းတို့သည် ဤဥပသမ္ပဒကံ၌ ပကတတ်ရဟန်းတို့ မည်ကုန်၏။ ပကတိ သီလရှိသောရဟန်း ဆိုလိုသည်။

**ငါးပါး ပကတတ်၊ ဂိုဏ်းပြည့်လတ်၊ ကမ္မပတ္တသိ။ [သိသာပြီ။]**
**ဂိုဏ်းမပြည့်လာ၊ ဝိပတ်သာ၊ ဖြည့်လာ သမ္ပတ္တိ။**

**အဓိပ္ပါယ်။** ။တခုသောသိမ်တွင် ၂-တောင့်ထွာ ဟတ္ထပါသ် တွင်း၌ ပဥ္စဝဂ္ဂဂိုဏ်း ပြည့်မလာလျှင် ဝိပတ္တိဖြစ်၏၊ ဂိုဏ်းပြည့်လာလျှင် သမ္ပတ္တိဖြစ်၏။

**ထိုမှ ကြွင်းထွေ၊ သိမ်တွင်းနေ၊ ထိုက်လေ ဆန္ဒသာ။**

**ဆန္ဒမလာ၊ ဝိပတ်သာ၊ လာလျှင်သမ္ပတ်ငြား။**

အဓိပ္ပါယ်။ ။ပကတတ် ၅-ပါးတို့မှတပါး ထို သိမ်တွင်း၌ ကြွင်းကျန် သမျှသော ရဟန်းတို့သည် ထိုကံ၌ ဆန္ဒပေးထိုက်သော ပုဂ္ဂိုလ်တို့ မည်ကုန်၏။ ထိုပုဂ္ဂိုလ်တို့၏ဆန္ဒသည် ကံပြုသံဃာတို့၏အထံသို့ မရောက်လာသည် ဖြစ်အံ့၊ ထိုကံသည် ဝဂ္ဂကံဖြစ်၍ ဝိပတ္တိဖြစ်၏၊ ရောက်လာသည် ဖြစ်အံ့၊ သမ္ပတ္တိဖြစ်၏။

**မျက်မှောက်တားမြစ်၊ ဝိပတ်ဖြစ်၊ မမြစ်သမ္ပတ်ငြား။**

အဓိပ္ပါယ်။ ။သုဏာတု မေ-အစရှိသည်ဖြင့် ဖတ်မှု ရွတ်မှု ကံပြုဆဲအခါ၌ ထိုပရိသတ်၌ အကျုံးဝင်သော သံဃာတပါးပါးက ထိုထိုကံကို တားမြစ်ခဲ့ပြန်သော် ဝိပတ္တိဖြစ်၏၊ တားမြစ်သူမရှိပဲ ချောမောစွာပြီးစီး၍သွားလျှင် သမ္ပတ္တိ ဖြစ်၏။

တားမြစ် ဆိုသည်ကား-

၁။ ဤကံကို မပြုကြပါနှင့်-ဟူ၍ရင်း,

၂။ ပြု၍မတော်-ဟူ၍ရင်း,

၃။ ပြုသည်ကို ငါ့ကိုမကြိုက်, ငါတို့ သဘောမတူ, ငါတို့ သဘောမကျ-ဟူ၍ရင်း,

၄။ ကမ္မဝါစာဖတ်ပုံကို ငါတို့ သဘောမကျဟူ၍ရင်း-

ဤသို့ အစရှိသည်ဖြင့် တားမြစ်ကြငြားအံ့၊ ကဲ့ရဲ့ပြစ်တင်စကား ပြောဆိုငြားအံ့၊ အများ ကြားအောင်ပင် မပြောသော်လည်း မိမိအနီး၌ ရှိသောသူ အချင်းချင်းအား တိုးတိုးစကား ပြောဆိုငြားအံ့၊ ကောင်းသောစိတ်နှင့် ပြောသည်ဖြစ်စေ၊ မကောင်းသောစိတ်နှင့် ပြောသည်ဖြစ်စေ ထိုကံပျက်၏။

ကံပျက်၏ဆိုသည်ကား တားမြစ်သူနှင့် တိုက်ဆိုင်မိသော ဉတ်, ကမ္မဝါစာ အကြိမ်ပျက်၏၊ ဆုံးအောင် ဖတ်၍ သွားသော်လည်း ကံမမြောက်ပြီ၊ ထိုတွင်

ရပ်တန့်၍ တားမြစ်သူနှင့် ပြောဆိုပြီး ငြိမ်းမှ "သုဏာတု မေ"က-ပြန်၍ဖတ်ရ ပြန်၏။

၂-ပါး, ၃-ပါးပြိုင်၍ ဖတ်ကြရာ၌ တပါးပါးက နောက်ကျ၍နေခဲ့သော် ၎င်း၊ စာပျောက်၍ နေခဲ့သော်၎င်း၊ ရပ်ပါဦး, ဆိုင်းပါဦး-ဟု ဆိုကြသည် များကို တားမြစ်ရာရောက်သည်-ဟု ကျေးဇူးရှင် လယ်တီ ဆရာတော် ဘုရား ကြီး၏ ကျေးဇူးတော်ရှင် စံကျောင်းဆရာတော်ဘုရားကြီး အယူ ရှိတော်မူ၏၊ သတိပြုတော်မူကြပါကုန်။ ။ပရိသတ်အတွက်နှင့် ကံပျက်မှု ပြီး၏။

ဤသို့လျှင် ပြဆိုခဲ့ပြီးသော အလုံးစုံသော ဝိပတ္တိတို့ကို ကင်းလွတ်စေ၍ အလုံးစုံသော သမ္ပတ္တိတို့ကို ပြည့်စုံစေ၍ ပြုလုပ်အပ်သော ဥပသမ္ပဒကံသည်-

၁။ ဝတ္ထုသမ္ပတ္တိ အင်္ဂါ,

၂။ ဉတ္တိသမ္ပတ္တိ အင်္ဂါ,

၃။ အနုဿာဝန သမ္ပတ္တိအင်္ဂါ,

၄။ သီမာသမ္ပတ္တိ အင်္ဂါ,

၅။ ပရိသာ သမ္ပတ္တိ အင်္ဂါ။

ဤအင်္ဂါ ၅-ပါးတို့နှင့် ပြည့်စုံသည်ဖြစ်၍ ကံမြောက်၏၊ ရဟန်းကောင်း စင်စစ်ဖြစ်၏၊ ပဉ္စအင်္ဂါနှင့် ပြည့်စုံစွာဖြစ်ပေသောကြောင့် ပဉ္စင်း-ဟူသောစကား အနက် ပြည့်စုံ၏။

စတုတ္ထကမ္မဝါတွင် "သော ဘာသေယျ"၌ ယျ-အက္ခရာကို ရွတ်ဆို၍ပြီးဆုံး သည်နှင့်တပြိုင်နက် မြတ်စွာဘုရား၏အမွေခံ သားတော်အဖြစ်သို့ ရောက်လေ၏။

ရဟန်းခံခဏ်းအမြွက် ပြီး၏။

## ၆၆။ ရဟန်းခံခြင်း အစီအစဉ်

### ရှင်ပြု ခဏ်း

**သင်္ကန်းကပ် (ပါဠိနှင့်အနက်)။** ။သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာန သစ္ဆိကရဏတ္ထာယ ဣမံ ကာသာဝံ ဂဟေတွာ, ပဗ္ဗာဇေထ မံ ဘန္တေ' အနုကမ္ပံ ဥပါဒါယ။ [အရှင်ဘုရား, အလုံးစုံသော ဝဋ္ဋဒုက္ခ၏လွတ်မြောက်ရာ နိဗ္ဗာန်ကို မျက်မှောက်ပြုပါရခြင်းအကျိုးငှါ ဘုရားတပည့်တော်၏လက်၌ရှိသော ဤသင်္ကန်းကို ယူတော်မူ၍ ဘုရား တပည့်တော်ကို သနား စောင့်ရှောက် ချီးမြှောက်သောအားဖြင့် ရှင်သာမဏေ ပြုပေးတော်မူပါကုန် ဘုရား။]

**မှတ်ချက်။** ဤသို့ဆိုစေပြီးလျှင် ရှင်သာမဏေလောင်း၏ လက်၌ ရှိသော သင်္ကန်းကို ဆရာဘုန်းတော်ကြီး၏လက်သို့ ကပ်လိုက်ရသည်။

**သင်္ကန်းတောင်း။** ။သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ ဧတံ ကာသာဝံ ဒတွာ ပဗ္ဗာဇေထ မံ ဘန္တေ အနုကမ္ပံ ဥပါဒါယ။ [အရှင်ဘုရား အလုံးစုံသော ဝဋ်ဒုက္ခ၏ လွတ်မြောက်ရာ နိဗ္ဗာန်ကို မျက်မှောက်ပြုပါရခြင်းအကျိုးငှါ အရှင်ဘုရား၏လက်၌ရှိသော ထိုသင်္ကန်းကို ပေးတော်မူ၍ ဘုရားတပည့်တော်ကို သနားစောင့်ရှောက် ချီးမြှောက်သောအားဖြင့် ရှင်သာမဏေပြုပေးတော်မူပါကုန်ဘုရား။]

**မှတ်ချက်။** ။ဤသို့ဆိုစေပြီးလျှင် ဆရာက မိမိလက်မှာရှိသော သင်္ကန်းကို ရှင်လောင်းအား ပေးလိုက်ရသည်။

**သရဏဂုံသီလတောင်း။** ။အဟံ ဘန္တေ တိသရဏေန သဟ ဒသ သာမဏေရ ပဗ္ဗဇ္ဇာသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ **မေ** ဘန္တေ။ ။ဒုတိယမ္ပိ အဟံ ဘန္တေ။ လ။ မေ ဘန္တေ။ ။ တတိယမ္ပိ အဟံ ဘန္တေ။ လ။ မေ ဘန္တေ။ [အရှင်ဘုရား ဘုရားတပည့်တော်သည် သရဏဂုံသုံးပါးနှင့်တကွ ရှင်သာမဏေ၏ ဆယ်ပါးသီလကို တောင်းပါ၏၊ ဘုရားတပည့်တော်အား သနားစောင့်ရှောက် ချီးမြှောက်သောအားဖြင့် ဆယ်ပါးသီလကို ပေးတော်မူပါကုန်ဘုရား။ နှစ်ကြိမ်မြောက်လည်း........။ ။သုံးကြိမ်မြောက်လည်း အရှင်ဘုရား ။လ။ ဆယ်ပါးသီလကို ပေးတော်မူပါကုန် ဘုရား။]

**ဆရာ။** ။ယမဟံ ဝဒါမိ, တံ ဝဒေဟိ – ငါဆိုသလို လိုက်၍ဆို။

[ရှင်လောင်းများလျှင် တံ ဝဒေထ-ဟုဆို။]

**ရှင်လောင်း။** ။အာမ ဘန္တေ။ မှန်ပါ အရှင်ဘုရား။

**ဆရာ။** ။နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

**ရှင်လောင်း။** သုံးခေါက်ဆို။

**သရဏဂုံပေးခြင်း**

**ဆရာ။** ။ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။ [မြတ်စွာဘုရားကို ကိုးကွယ်ရာအစစ်ဟု ရှိသေလေးမြတ်မှိုဝဲဆည်းကပ် သိမှတ်ပါ၏။ တရားတော်မြတ်ကို ကိုးကွယ်ရာ အစစ်ဟု

ရှိသေလေးမြတ် မှီဝဲဆည်းကပ် သိမှတ်ပါ၏။ အရိယာသံဃာတော်ကို ကိုးကွယ်ရာအစစ်ဟု ရှိသေလေးမြတ် မှီဝဲဆည်းကပ် သိမှတ်ပါ၏။]

ရှင်လောင်း။ ။[ဆရာဆိုသလို ပီသအောင် လိုက်၍ဆို။]

ဆရာ။ ။ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

ရှင်လောင်း။ ။[ဆရာ ဆိုသလို ပီသအောင်လိုက်၍ဆို။]

ဆရာ။ ။တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

ရှင်လောင်း။ ။[ဆရာဆိုသလို ပီသအောင်လိုက်၍ဆို။]

ဆရာ။ ။သရဏ ဂမနံ ပရိပုဏ္ဏံ–သရဏဂုံပြည့်စုံပြီ။

ရှင်လောင်း။ ။အာမ ဘန္တေ–မှန်ပါ အရှင်ဘုရား။

မှတ်ချက်။ ။ဘုရား, တရား, သံဃာ (ဤရတနာ) သုံးပါးသာ ကိုးကွယ်ရာအစစ်အမှန်ဟု သိတတ်သောစိတ်ကို သရဏဂမနံ (သရဏဂုံ) ဟုခေါ်၏၊ မိမိမှာ ထိုသရဏဂုံစိတ်ရှိနေပါသည်ဟု ဝန်ခံသောအားဖြင့် ''ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ'' စသည်ဖြင့် ရွတ်ဆိုမှုကို ''သရဏဂုံဆောက်တည်ခြင်း'' ဟု ခေါ်ကြ၏၊ သာ၍ လေးစားရာရောက်အောင် ၃ ခေါက်ဆိုကြရသည်။

ဤသရဏဂုံ ပါဠိဝယ် ''ဒ္ဓံ, မံ, ဃံ, စ္ဆာ''တို့၌ ခပ်ပြင်းပြင်းရွတ်ရသည်၊ ရွတ်ပုံကိုဆရာကသင်ပြပါ၊ ဤသရဏဂုံ သုံးပါးကို ပီပီသသရွတ်နိုင်လျှင်''တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ'' လည်းဆုံးရော ရှင်သာမဏေလည်း ဖြစ်ရော–ဟု မှတ်။ သို့သော် ဆရာနှင့်တပည့် နှစ်ဦးလုံး ပီဖို့အရေးကြီး၏၊ တဦးက မပီလျှင် သာမဏေအစစ်မဖြစ်နိုင်။ ထို့ကြောင့် ဤသရဏဂုံပေးမှုသည် ရှင်ပြုရာ၌ အရေးအကြီးဆုံးဖြစ်လေသည်။

## ဆယ်ပါးသီလကို ပို့ချပေး

၁။ ပါဏာတိပါတာ ဝေရမဏီ–သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ရခြင်း။

၂။ အဒိန္နာဒါနာ ဝေရမဏီ–သူ့ဥစ္စာကို ခိုးဝှက်တိုက်ခိုက် လုယူခြင်းမှ ရှောင်ကြဉ်ရခြင်း။

၃။ အဗြဟ္မစရိယာ ဝေရမဏီ-မမြတ်သော မေထုန်အကျင့်မှ ရှောင်ကြဉ်ရခြင်း။

၄။ မုသာဝါဒါ ဝေရမဏီ-လိမ်လည် လှည့်ပတ် ပြောဆိုခြင်းမှ ရှောင်ကြဉ်ရခြင်း။

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ-သေရည် ငါးမျိုး, အရက် ငါးမျိုးတို့ကို သောက်စားခြင်းမှ ရှောင်ကြဉ်ရခြင်း။

၆။ ဝိကာလဘောဇနာ ဝေရမဏီ-နေလွဲသောအခါ၌ ထမင်း, မုံ့, ပဲ စသော အစာကို စားခြင်းမှ ရှောင်ကြဉ်ရခြင်း။

၇။ နစ္စ ဂီတ ဝါဒိတ္တ ဝိသူက ဒဿနာ ဝေရမဏီ-ကိုယ်တိုင် ကခြင်း, သူတပါးကို အကခိုင်းခြင်း၊ ကိုယ်တိုင် သီချင်းဆိုခြင်း၊ သူတပါးကိုအဆိုခိုင်းခြင်း၊ ကိုယ်တိုင် တီးမှုတ်ခြင်း၊ သူတပါးကို တီးမှုတ်ခိုင်းခြင်း။ ဘုရား အဆုံးအမတော်၏ ဆန့်ကျင်ဘက် စို့ပမာ ဖီလာဖြစ်သော ကြည့်ရှုနားထောင်ခြင်းမှ ရှောင်ကြဉ်ရခြင်း။

၈။ မာလာ ဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏီ-ရွှေပန်း ငွေပန်းမှစ၍ ပန်းအမျိုးမျိုးကို ပန်ဆင်ခြင်း၊ နံ့သာပြစ်တို့ဖြင့် နှိမ့်ရာ အရပ်၌ ပြည့်ဖြိုးအောင် သိပ်ခြင်း၊ နံ့သာဆီ မျက်နှာချေ ပေါင်ဒါမှုန့်တို့ဖြင့် လိမ်းကျံခြယ်လှယ်ခြင်း-ဟူသော ကိလေသာပွားကြောင်း အမှုတို့မှ ရှောင်ကြဉ်ရခြင်း။

၉။ ဉစ္စာသယန မဟာသယနာ ဝေရမဏီ-မြင့်သောနေရာ ကြီးကျယ်ဆန်းပြား ခမ်းနားသောနေရာ၌ နေထိုင်အိပ်စက်ခြင်းမှ ရှောင်ကြဉ်ရခြင်း။

၁၀။ ဇာတရူပ ရဇတ ပဋိဂ္ဂဟဏာ ဝေရမဏီ-ရွှေငွေကိုခံယူခြင်းမှ ရှောင်ကြဉ်ရခြင်း။

မှတ်ချက်။ ။သရဏဂုံ ယူပြီး၍ ရှင်သာမဏေဖြစ်လျှင် သိက္ခာပုဒ်ဆယ်ပါးကို အထူးဆောက်တည်ဖွယ်မလို၊ အလိုလို ဆောက်တည်ပြီး ဖြစ်တော့၏၊ ဥပမာ-သိမ်အတွင်း၌ ရဟန်းဖြစ်လျှင်ဖြစ်ခြင်း ဝိနည်းသိက္ခာပုဒ်တော် အားလုံး အထူးမဆောက်တည်ရပဲ အလိုလို ဆောက်တည်ပြီး ဖြစ်နေသကဲ့သို့တည်း၊ ထို့ကြောင့် ၍ ရှင်သာမဏေ ပြုပေးခဏ်းဝယ် ပါဠိတော် အဋ္ဌကထာများ၌ ''သိက္ခာပဒ်

သမာဒိယာမိ'' ဆိုသော (သိက္ခာပုဒ်ဆောက်တည်ပုံပြ) စကားကို မသုံးပဲ ''ပါဏာတိပါတာ ဝေရမဏီ''တိုင်ရုံသာ အသုံးပြုလေသည်။

အဋ္ဌကထာ၌ ''ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ=ပါဏာတိပါတမှ ရှောင်ကြဉ်ကြောင်း သိက္ခာပုဒ်ကို ဆောက်တည်ပါ၏''ဟု လူများ ဆောက်တည်သလို ဆောက်တည်ပုံကို ပဌမ ပြထားသော်လည်း ထိုနည်းကို ပါဠိတော်နှင့် ရှေးအဋ္ဌကထာတို့၌ မရှိဟု အဋ္ဌကထာဆရာကိုယ်တိုင် ပယ်ခဲ့လေပြီ။ [ခုဒ္ဒကဋ္ဌကထာယံ ပန ''အဟံ ဘန္တေ ဣတ္ထန္နာမော ယာဝဇီဝံ ပါဏာတိ ပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမီ''တိ ဧဝံ သရဏဒါနံ ဝိယ သိက္ခာပဒဒါနံပိ ဝုတ္တံ၊ တံ နေဝ ပါဠိယံ န အဋ္ဌကထာသု အတ္ထိ၊ တသ္မာ ယထာ ပါဠိယာဝ ဥဒ္ဒိသိတဗ္ဗာနိ၊ ပဗ္ဗဇ္ဇာ ဟိ သရဏဂမနေဟေဝ သိဒ္ဓါ၊သိက္ခာပဒါနိ ပန ကေဝလံ သိက္ခာပရိပူရဏတ္ထံ ဇာနိတဗ္ဗာနိ၊-အဋ္ဌကထာ။]

ပယ်လည်းပယ်ထိုက်ပေ၏၊ အဘယ့်ကြောင့်နည်း....သာမဏေများမှာ လူတို့ကဲ့သို့ သိက္ခာပုဒ် ၁၀ ပါးကို တမင်လာ ဆောက်တည်ဖွယ် မလိုသောကြောင့်တည်း၊ ဤစကားကို သတိထား၍ ယခုခေတ် ရှင်ပြုပေးရာ သရဏဂုံ ထပ်စေရာတို့၌ ''သိက္ခာပဒံ သမာဒိယာမိ'' မထည့်ပဲ ''ဝေရမဏီ'' လောက်တွင်သာ ဆိုစေသင့်ကြပါသည်။ ။[ဆရာတော်ဘုရားကြီး အရှင်ဇနကာဘိဝံသ စီရင်သော 'ရှပ်ပုံရှင်ကျင့်ဝတ်။]

**မွေးနေ့အလိုက် ဘွဲ့အမည်မှည့်ရာ၌ သက်ဆိုင်သော အက္ခရာများ**

| | | | |
|---|---|---|---|
| ၁။ | တနင်္ဂနွေနေ့ | ။ | ။အ အာ ဣ ဤ ဥ ဦ ဧ ဩ။ |
| ၂။ | တနင်းလာနေ့ | ။ | ။က ခ ဂ ဃ င။ |
| ၃။ | အင်္ဂါနေ့ | ။ | ။စ ဆ ဇ ဈ ည။ |
| ၄။ | ဗုဒ္ဓဟူးနေ့ | ။ | ။ယ ရ လ ဝ။ |
| ၅။ | ကြာသပတေးနေ့ | ။ | ။ပ ဖ ဗ ဘ မ။ |
| ၆။ | သောကြာနေ့ | ။ | ။သ ဟ။ |
| ၇။ | စနေနေ့ | ။ | ။တ ထ ဒ ဓ န။ |

ရှင်ပြုခဏ်း ပြီးပြီ။

## ဥပသမ္ပဒ ကံဆောင်ခဏ်း

## တပါးအတွက်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

[ပုစ္ဆကိစ္စရှစ်ပါး]

၁။ ဥပဇ္ဈာယ်ယူစေခြင်း-မပြင်းမထန် သံမှန်ဆို။

**ပဌမံ ဥပဇ္ဈံ ဂါဟာပေတဗ္ဗော။** ။သာမဏေရ၊ ပဉ္စင်းလောင်းသာမဏေ။ ဥပသမ္ပဒါပေက္ခော၊ ပဉ္စင်းလောင်းကို။ ပဌမံ၊ ရှေးဦးစွာ။ ဥပဇ္ဈံ၊ အပြစ်ငယ် အပြစ်ကြီးကိုကပ်၍ ရှုတတ်သော ဥပဇ္ဈာယ်ဆရာကို (ဝါ) အပြစ်ငယ် အပြစ်ကြီးကို ကပ်၍ရှုခြင်းကို။ ဂါဟာပေတဗ္ဗော၊ ဥပဇ္ဈာယော မေ ဘန္တေ ဟောတိ-ဟုရွတ်စေ၍ ယူစေအပ်၏။ ဣတိ၊ ဤသို့။ ဝစနတော၊ မြတ်စွာဘုရား ဟောကြားတော်မူခြင်းကြောင့်။ ဥပဇ္ဈံ၊ ဥပဇ္ဈာယ်ကို။ ဂဏှ၊ ယူလော့။

ဥပဇ္ဈာယော မေ ဘန္တေ ဟောတိ-ဒုတိယမ္ပိ ဥပဇ္ဈာယော မေဘန္တေ ဟောဟိ၊ တတိယမ္ပိ ဥပဇ္ဈာယော မေဘန္တေ ဟောဟိ-အရှင်မြတ်ဘုရား, သက်တော်ရှည်သော အရှင်မြတ်ဘုရားသည် ဘုရားတပည့်တော်၏ အပြစ်ငယ် အပြစ်ကြီးကို ကြည့်ရှုမပြတ် ဆုံးမတတ်သော ဥပဇ္ဈာယ်ဆရာသည် ဖြစ်တော်မူပါ ဘုရား။

ပါသာဒိကေန သမ္ပာဒေဟိ-ကြည်ညိုဖွယ်ကို ဆောင်တတ်သော ကိုယ်အမူအရာ နှုတ်အမူအရာအားဖြင့် သိက္ခာသုံးရပ် သာသနာတော်မြတ်ကို ပြည့်စုံစေလော့-ဟု ဥပဇ္ဈာယ်ဆရာက ဆို။ [ဆိုလိုရင်း အဓိပ္ပါယ်မှာ (ဝါ) အရပ်သုံးစကားဖြင့် ပြောမည်ဆိုလျှင် "ကြည်ညိုဖွယ်ကို ဆောင်တတ်သော ကိုယ်အမူအရာ နှုတ်အမူအရာအားဖြင့် သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါး, သာသနာသုံးရပ် အကျင့်မြတ်နှင့် ပြည့်စုံအောင် ကျင့်ကြံအားထုတ်လေလော့" ဟူ၍ ဖြစ်သည်။]

အာမ ဘန္တေ-အရှင်မြတ်ဘုရား, ပြည့်စုံစေပါမည် ဘုရား။

**အမည်မှည့်ခြင်း။** ။ယခုအခါ ကမ္မဝါစာရွတ်ဖတ်ရာ၌ လွယ်ကူပါစေခြင်း အကျိုးငှါ ပဉ္စင်းလောင်းကို နာဂ-ဟူ၍ မှည့်ပါ၏၊ ပဉ္စင်းလောင်းက မိမိအမည်ကိုနာဂ-ဟူ၍မှတ်၊ သံဃာတော်မြတ်အပေါင်းကလည်း ပဉ္စင်းလောင်း၏ အမည်ကို နာဂ-ဟူ၍မှတ်တော်မူပါ။ ။ဥပဇ္ဈာယ်ဆရာ (ဓမ္မရက္ခိတကျောင်းထိုင် ဘုန်းတော်ကြီး) ကို တိဿ-ဟူ၍မှည့်ပါ၏၊ ဥပဇ္ဈာယ်ဆရာက မိမိအမည်

တော်ကို တိဿ-ဟူ၍ မှတ်တော်မူပါ၊ သံဃာတော် မြတ်အပေါင်းကလည်း ဥပဇ္ဈာယ်ဆရာ၏ အမည်တော်ကို တိဿ-ဟူ၍ မှတ်တော်မူပါ၊ ပဥ္စင်းလောင်းကလည်း မိမိ ဥပဇ္ဈာယ်ဆရာ၏ အမည်တော်ကို တိဿ-ဟူ၍မှတ်။

၂။ သပိတ်သင်္ကန်းပြောကြားခြင်း (မပြင်းမထန်)

**ဥပဇ္ဈံ ဂါဟာပေတွာ ပတ္တစီဝရံ အာစိက္ခိတဗ္ဗံ** ။ဥပဇ္ဈံ၊ ဥပဇ္ဈာယ်ကို။ ဂါဟာပေတွာ၊ ယူစေပြီး၍။ပတ္တစီဝရံ၊ အဓိဋ္ဌာန် ဝိကပ္ပနာလောက်သော ကိုယ်ပိုင်သပိတ်သင်္ကန်းကို။ အာစိက္ခိတဗ္ဗံ၊ ပြောကြားအပ်၏။ ဣတိ၊ ဤသို့။ ဝစနတော၊ မြတ်စွာဘုရား ဟောကြားတော်မူခြင်းကြောင့်။ အာစိက္ခိယံ၊ ပြောကြားပေအံ့။ ။အယံ၊ ဤသပိတ်သည်။ တေ၊ သင်ပဥ္စင်းလောင်း၏။ ပတ္တော၊ သပိတ်တည်း။

အာမ ဘန္တေ။

အယံ၊ ဤဒုကုဋ်သင်္ကန်းသည်။ တေ၊ သင်ပဥ္စင်းလောင်း၏။ သံဃာဋိ၊ ဒုကုဋ်သင်္ကန်းတည်း။

အာမ ဘန္တေ။

အယံ၊ ဤကိုယ်ရုံ သင်္ကန်းသည်။ တေ၊ သင်ပဥ္စင်းလောင်း၏။ ဥတ္တရာသံဂေါ၊ ကိုယ်ရုံသင်္ကန်းတည်း။

အာမ ဘန္တေ။

အယံ၊ ဤခါးဝတ်သင်္ကန်းသည်။ တေ၊ သင်ပဥ္စင်းလောင်း၏။ အန္တရဝါသကော၊ ခါးဝတ်သင်္ကန်းတည်း။

အာမ ဘန္တေ။

၃။ ဟတ္ထပါသ်မှ အပထုတ်၍ အနုသာသနဥတ်ထားခြင်း-အပထုတ်ရာ၌ မပြင်း မထန်။

**ဂစ္ဆ အမုမှိ ဩကာသေ တိဋ္ဌာဟိ။** ။နာဂ၊ နာဂအမည်ရှိသောပဥ္စင်းလောင်း။ ပဌမံ၊ ရှေးဦးစွာ။ ကေမန္တံ၊ သင့်တင့်ရာအရပ်တခု၌။ အနုသာသိတွာ၊ ဆုံးမ၍။ ပစ္ဆာ၊ နောက်မှ။ သံဃမဇ္ဈေ၊ သံဃာ့အလယ်၌။ အန္တရာယိကေ၊ အန္တရာယ်ကိုပြုတတ်ကုန်သော။ ဓမ္မေ၊ သဘောတရားတို့ကို။ ပုစ္ဆိတုံ၊ မေးစစ်ခြင်းငှါ။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ အနုညာတံ၊ခွင့်ပြုအပ်၏။ တသ္မာ၊ ထို့ကြောင့်။ တွံ၊သင်သည်။ဂစ္ဆ၊ လက်အုပ်ချီကာ၊ မျက်နှာရှေ့ထား နောက်ဆုတ်သွားလော့။

အမုမှိုသြကာသေ၊ နှစ်တောင့်ထွာဟတ္ထပါသ် လွတ်လောက်ရာ ထိုအရပ်၌။ တိဋ္ဌာဟိ၊ ကြည့်ရှင်မတ်တတ် ခြေစုံသတ်၍ ရပ်နေချေလော့။

**အနုသာသနဉတ်-ဗျဉ္ဇနဗုဒ္ဓိညီစေ။** ။သုဏာတု မေ ဘန္တေ သံဃော။ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော။ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ နာဂံ အနုသာသေယျံ။ (ဥပသမ္ပဒါပေက္ခောကား သမ္ဗန္ဓ ဖြစ်သည်၊ အရွတ်အဖတ်ညှိ၍ ဖြတ်မိလျှင်လည်း ကံမပျက်။)

**အနက်။** ။"အရှင်ဘုရားတို့, သံဃာတော်သည် ဘုရား တပည့်တော်၏ (စကားကို) နာတော်မူလော့။ နာဂအမည်ရှိသော ပဉ္စင်းလောင်းသည် အရှင် တိဿ အမည်ရှိသော ဥပဇ္ဈာယ်ဆရာကို (အကြောင်းပြု၍) ပဉ္စင်းဖြစ်လိုပါ၏။ အကယ်၍ သံဃာတော်အား လျောက်ပတ်သောအခါ ရှိသော ကံသည် ဖြစ် ငြားအံ့။ ဘုရားတပည့်တော်သည် နာဂအမည်ရှိသော ပဉ္စင်းလောင်းကို ဆုံးမ ပါအံ့။" ။ဤသို့ မိမိကိုယ်တိုင် မိမိကိုယ်ကို သမ္မုတိ ပေးရမည်။

**သတိ။** ။ကျွမ်းကျင်လိမ္မာခြင်း မရှိသောရဟန်းသည် မဆုံးမအပ်၊ ဆုံးမ သောရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။ သမ္မုတိမရသောရဟန်းသည် မဆုံးမ အပ်၊ ဆုံးမသောရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။

## ၄။ ဆုံးမခြင်း

နာဂ၊ နာဂအမည်ရှိသော ပဉ္စင်းလောင်း။ တွံ၊ သင်သည်။ သုဏာသိ၊ နား စိုက်၍ထောင်လော့။ အယံ ကာလော၊ ဤအခါသည်။ တေ၊ သင် ပဉ္စင်း လောင်း၏။ သစ္စကာလော၊ မှန်သောစကားကိုသာ လျှောက်ဆိုရမည့် အခါ တည်း။ ဘူတကာလော၊ ဟုတ်သည်ကိုသာ လျှောက်ဆိုရမည့်အခါတည်း။ ယံ၊ အကြင်အပြစ်နှင့်ဂုဏ်အလုံးစုံသော သဘောတရားသည်။ ဇာတံ၊ သင်၏ကိုယ်၌ ဖြစ်ပေါ်ထင်ရှား၏။ တံ၊ ထိုသဘောတရားကို။ သံဃမဇ္ဈေ၊ သံဃာ့အလယ်၌။ ပုစ္ဆန္တေ၊ မေးစစ်သည်ရှိသော် (ဝါ) မေးစစ်သောအခါ၌။ သန္တံ၊ ထင်ရှားရှိ သည်ကို။ အတ္ထီတိ၊ ရှိပါသည်ဘုရားဟူ၍။ ဝတ္တဗ္ဗံ၊ လျှောက်ထားပြောဆိုရမည်။ အသန္တံ၊ ထင်ရှားမရှိသည်ကို။ နတ္ထီတိ၊ မရှိပါဘုရားဟူ၍။ ဝတ္တဗ္ဗံ၊ လျှောက်ထား ပြောဆိုရမည်။ မာခေါ ဝိတ္ထာသိ၊ ရှုံတိုးရှုံတွန့် မရှိလင့်။ မာခေါ မင်္ကု အဟောသိ၊ မျက်နှာ မကြည်မသာ မဖြစ်လင့်။ ဧဝံ၊ ဤဆိုလတ္တံ့သော နည်းဖြင့်။ တံ၊ သင့်ကို။ ပုစ္ဆိဿန္တိ၊ သမ္မုတိရသော မထေရ်မြတ်တို့က မေးစစ်ကြကုန်လတ္တံ့။

၁— နာဂ၊ နာဂအမည်ရှိသော ပဍ္ဍင်းလောင်း။ တေ၊ သင့်အား(ဝါ) သင်၌။ ကုဋ္ဌိ၊ နူနာရှင်း။ ဂဏ္ဍော၊ အသားထွက် မြင်းဖုနာရှင်း။ ကိလာသော၊ မကွဲမအက် ပြောက်ကျားသော အနူကွက်ရှင်း။ သောသော၊ ချောင်းဆိုးနာရှင်း။ အပမာရော၊ သူရူးနာရှင်း။ ဣတိ ဧဝ ရူပါ၊ ဤသို့ သဘောရှိကုန်သော။ အာဗာဓာ၊ အနာကြီး ငါးမျိုးတို့သည်။ သန္တိ၊ ရှိကုန်သလော။ ၂-မနုဿောသိ၊ လူဖြစ်၏လော။ ၃-ပုရိသောသိ၊ ယောကျ်ားဖြစ်၏လော။ ၄-ဘုဇိဿောသိ၊ ကျွန်လေးမျိုးတို့တွင် မပါဝင်ပဲ တော်လှန်ကောင်းမြတ်သောသူ ဖြစ်၏လော။ ၅-အနဏောသိ၊ ကြွေးမြီကင်းသောသူ ဖြစ်၏လော။ ၆-နသိ ရာဇ ဘဋော၊ မင်းခစားယောကျ်ား မဖြစ်ပဲရှိ၏လော။ ၇—အနုညာတောသိ မာတာပိတူဟိ၊ မိခင်ဘခင်တို့က ကျေကျေနပ်နပ် ခွင့်ပြုအပ်သောသူ ဖြစ်၏လော။ ၈-ပရိပုဏ္ဏ ဝီသတိ ဝဿောသိ၊ အသက်နှစ်ဆယ်ပြ ည့်သောသူ ဖြစ်၏လော။ ၉-ပရိပုဏ္ဏံ တေ ပတ္တ စီဝရံ၊ သင်အား(ဝါ)သင်၌ သပိတ် သင်္ကန်း ပြည့်စုံ၏လော။ ၁၀-ကိန္နာ မောသိ၊ သင် အဘယ်အမည် ရှိသနည်း။ ၁၁-ကော နာမော တေ ဥပဇ္ဈာယော၊ သင်၏ဥပဇ္ဈာယ်ဆရာသည် အဘယ်အမည်ရှိသနည်း။ ဣတိ ဧဝံ၊ ဤသို့။ ပုစ္ဆိယန္တိ၊ သံဃာ့အလယ်၌ မေးစစ်ကုန်လတ္တံ့။ တဒါ၊ ထိုအခါ၌။ သန္တံ၊ ထင်ရှား ရှိသည်ကို။ အတ္ထီတိ၊ ရှိပါသည်ဘုရားဟူ၍။ ဝတ္တဗ္ဗံ၊ လျှောက်ထား ပြောဆိုရမည်။ အသန္တံ၊ ထင်ရှားမရှိသည်ကို။ နတ္ထီတိ၊ မရှိပါဘုရားဟူ၍။ ဝတ္တဗ္ဗံ၊ လျှောက်ထားပြောဆိုရမည်။ နာဂ၊ နာဂ အမည်ရှိသော ပဍ္ဍင်းလောင်း။ နာဂေန၊ ပဍ္ဍင်းလောင်းနှင့်။ ဧကတော၊ အတူတကွ။ န အာဂန္တဗ္ဗန္တိစ၊ သံဃာ့အလယ်သို့ မလာအပ်ဟူ၍ရှင်း။ အနုသာသကေန၊ ဆုံးမတတ်သော ရဟန်းသည်။ ပဌမတရံ၊ ရှေးဦးစွာ။ အာဂန္တွာ၊ သံဃာ့အလယ်သို့လာ၍။ သံဃော၊ သံဃာတော်ကို။ ဉာပေတဗ္ဗောတိစ။ သိစေအပ်၏ဟူ၍ရှင်း။ ဝစနတော၊ မြတ်စွာဘုရား ဟောကြားတော်မူခြင်းကြောင့်။ တွံ၊ သင်သည်။ ဣဓေဝ၊ ဤနေရာ၌သာလျှင်။ တိဋ္ဌာဟိ၊ ရပ်တည်၍ နေရစ်ဦးလော့။

## ၅။ ဩသာရဏာဉ တ်ထား၍ ခေါ်ခြင်း

သုဏာတု မေ ဘန္တေ သံဃော။ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော၊ အနုသိဋ္ဌော သော မယာ။ ယဒိ သံဃဿ ပတ္တကလ္လံ၊ နာဂေါ အာဂစ္ဆေယျ။ ။[“အာဂစ္ဆာဟိ” တိဝတ္တဗ္ဗော။]

အနက်။ ။“အရှင်ဘုရားတို့, သံဃာတော်သည် ဘုရားတပည့်တော်၏ (စကားကို)နာတော်မူလော့။ နာဂ အမည်ရှိသော ပဍ္ဍင်းလောင်းသည် အရှင်

တိဿ အမည်ရှိသော ဥပဇ္ဈာယ်ဆရာကို (အကြောင်းပြု၍) ပဉ္စင်းဖြစ်လိုပါ၏။ ဘုရားတပည့်တော်သည် ထိုနာဂအမည်ရှိသော ပဉ္စင်းလောင်းကို ဆုံးမအပ်ပါပြီ။ အကယ်၍ သံဃာတော်အား လျောက်ပတ်သောအခါရှိသော ကံသည် ဖြစ်ငြားအံ့၊ နာဂအမည်ရှိသော ပဉ္စင်းလောင်းသည် လာရာ၏''ဟု သိစေရမည်။ ''လာလော့''ဟု ပြောရမည်။

## ၆။ ပဉ္စင်းအဖြစ်ကို တောင်းစေခြင်း

သံဃံ ဘန္တေ ဥပသမ္ပဒံ ယာစာမိ။ ဥလ္လုမ္ပတု မံ ဘန္တေ သံဃော အနုကမ္ပံ ဥပါဒါယ။ ဒုတိယမ္ပိ ဘန္တေ သံဃံ ဥပသမ္ပဒံ ယာစာမိ။ ဥလ္လုမ္ပတု မံ ဘန္တေ သံဃော အနုကမ္ပံ ဥပါဒါယ။ တတိယမ္ပိ ဘန္တေ သံဃံ ဥပသမ္ပဒံ ယာစာမိ။ ဥလ္လုမ္ပတု မံ ဘန္တေ သံဃော အနုကမ္ပံ ဥပါဒါယ။ ။ဘန္တေ၊အရှင်ဘုရားတို့။ အဟံ၊ ဘုရားတပည့်တော်သည်။ သံဃံ၊ သံဃာတော်မြတ်အပေါင်းကို။ ဥပသမ္ပဒံ၊ ရဟန်း ပဉ္စင်းအဖြစ်ကို။ ယာစာမိ၊ တောင်းပါ၏။ ဘန္တေ၊ အရှင်ဘုရားတို့။ သံဃော၊ သံဃာတော်မြတ်အပေါင်းသည်။ မံ၊ ဘုရားတပည့်တော်ကို (ဝါ) ဘုရားတပည့်တော်၏ အပေါ်၌။ အနုကမ္ပံ၊ အစဉ်သနားခြင်းကို။ ဥပါဒါယ၊ အကြောင်းပြု၍။ ဥလ္လုမ္ပတု-ဥဒ္ဓရတု=ပတိဋ္ဌပေတု၊ မည်းညစ်သော အကုသိုလ်အဖို့မှ ထစေ၍ ဖြူစင်သော ကုသိုလ်အဖို့၌ တည်အောင် ထားတော်မူပါဘုရား။ (ဝါ)ယုတ်နိမ့်သော ရှင်သာမဏေအဖြစ်မှ ထုတ်နုတ်၍ မြင့်မြတ်သော ရဟန်းပဉ္စင်းအဖြစ်၌ တည်အောင် ထားတော်မူပါဘုရား။(ဝါ) သံသရာတည်းဟူသော ဝဲသြဃရေအယဉ်မှ ဆယ်ယူ၍ နိဗ္ဗာန် တည်းဟူသော ကြည်းကုန်းထက်၌ တည်အောင် ထားတော်မူပါဘုရား။

## ၇။ ပုစ္ဆန သမ္မုတိဉတ်

သုဏာတု မေ ဘန္တေ သံဃော။ အယံ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော။ ယဒိ သံဃဿ ပတ္တကလ္လံ အဟံ နာဂံ အန္တရာယိကေ ဓမ္မေ ပုစ္ဆေယျံ။

အနက်။ ။''အရှင်ဘုရားတို့၊သံဃာတော်သည် ဘုရားတပည့်တော်၏(စကားကို) နာတော်မူလော့။ နာဂအမည်ရှိသော ပဉ္စင်းလောင်းသည် အရှင်တိဿ အမည်ရှိသော ဥပဇ္ဈာယ်ဆရာကို (အကြောင်းပြု၍) ပဉ္စင်းဖြစ်လိုပါ၏။ အကယ်၍ သံဃာတော်အား လျောက်ပတ်သောအခါရှိသော ကံသည် ဖြစ်ငြားအံ့၊

ဘုရားတပည့်တော်သည် နာဂအမည်ရှိသော ပဉ္စင်းလောင်းအား အန္တရာယ်ကို ပြုတတ်ကုန်သော သဘောတရားတို့ကို မေးပါအံ့။”

## ဂ။ မေးစစ်ခြင်း

နာဂ၊ နာဂအမည်ရှိသော ပဉ္စင်းလောင်း။ တွံ၊ သင်သည်။ သုဏသိ၊ နားစိုက်၍ထောင်လော့။ အယံ ကာလော၊ ဤအခါသည်။ တေ၊ သင် ပဉ္စင်းလောင်း၏။ သစ္စကာလော၊ မှန်သောစကားကိုသာ လျှောက်ဆိုရမည့် အခါတည်း။ ဘူတကာလော၊ ဟုတ်သည်ကိုသာ လျှောက်ဆိုရမည့် အခါတည်း။ ယံ၊ အကြင် အပြစ်နှင့်ဂုဏ်အလုံးစုံသော သဘောတရားသည်။ ဇာတံ၊ သင်၏ ကိုယ်၌ ဖြစ်ပေါ်ထင်ရှား၏။ တံ၊ ထိုသဘောတရားကို။ အဟံ၊ သမ္မုတိရသော ငါသည်။ ပုစ္ဆာမိ၊ မေးစစ်အံ့။ သန္တံ၊ ထင်ရှားရှိသည်ကို။ အတ္ထီတိ၊ ရှိပါသည် ဘုရားဟူ၍။ ဝတ္တဗ္ဗံ၊ လျှောက်ထားပြောဆိုရမည်။ အသန္တံ၊ ထင်ရှားမရှိသည်ကို။ နတ္ထီတိ၊ မရှိပါဘုရားဟူ၍။ ဝတ္တဗ္ဗံ၊ လျှောက်သားပြောဆိုရမည်။ (ဝါ) လျှောက်ထားပြောဆိုလော့။

၁-နာဂ၊ နာဂအမည်ရှိသော ပဉ္စင်းလောင်း။ တေ၊ သင်အား (ဝါ) သင်၌။ ကုဋ္ဌံ၊ နူနာရောဂါ။ ဂဏ္ဍော၊ အသားထွတ် မြင်းဖုနာရောဂါ။ ကိလာသော၊ မကွဲမအက် ပြောက်ကျားသော အနူကွက်ရောဂါ။ သောသော၊ ချောင်းဆိုးနာရောဂါ။ အပမာရော၊ သူရူးနာရောဂါ။ ဣတိဝေရူပါ၊ ဤသို့သဘောရှိကုန်သော။ အာဗာဓာ၊ အနာကြီးငါးမျိုးတို့သည်။ သန္တိ၊ ရှိကုန်သလော။ [နသန္တိ ဘန္တေ၊ မရှိကုန်ပါဘုရား။

၂ - မနုဿောသိ၊ လူသည်။ အသိ၊ ဖြစ်၏လော။ [အာမ ဘန္တေ၊ လူဖြစ်ပါသည်ဘုရား။]

၃ - ပုရိသောသိ၊ ယောကျ်ားသည်။ အသိ၊ ဖြစ်၏လော။ [အာမ ဘန္တေ၊ ယောကျ်ားဖြစ်ပါသည် ဘုရား]

၄ - ဘုဇိဿောသိ၊ အဋ္ဌောဇာတစသော ကျွန်လေးမျိုးတို့တွင် မပါဝင်ပဲ တော်လှန်ကောင်းမြတ်သောသူသည်။ အသိ၊ ဖြစ်၏လော။ [အာမ ဘန္တေ၊ တော်လှန်ကောင်းမြတ်သောသူဖြစ်ပါသည် ဘုရား။]

၅- အနဏောသိ၊ ကြွေးမြီကင်းသောသူသည်။ အသိ၊ ဖြစ်၏လော။ [အာမ ဘန္တေ၊ ကြွေးမြီကင်းသောသူဖြစ်ပါသည်ဘုရား။]

၆- ရာဇဘဋော၊ မင်းခစားယောကျ်ားသည်။ န အသိ၊ မဖြစ်ပဲ ရှိ၏လော။ [အာမ ဘန္တေ၊ မင်းခစားယောကျ်ား မဖြစ်ပါဘုရား။]

၇- မာတာပိတူဟိ၊ မိခင်ဘခင်တို့သည်။ အနုညာတော၊ ကျေကျေနပ်နပ် ခွင့်လွှတ်အပ်သောသူသည်။ အသိ၊ ဖြစ်၏လော။ [အာမ ဘန္တေ၊ ခွင့်လွှတ် အပ်သောသူ ဖြစ်ပါသည်ဘုရား။]

၈- ပရိပုဏ္ဏ ဝီသတိ ဝဿော၊ အသက်နှစ်ဆယ် ပြည့်သောသူသည်။ အသိ၊ ဖြစ်၏လော။ [အာမ ဘန္တေ၊ အသက်နှစ်ဆယ် ပြည့်သောသူဖြစ်ပါသည် ဘုရား။]

၉- တေ၊ သင်အား(ဝါ)သင်၌။ ပတ္တစီဝရံ၊ သပိတ်သင်္ကန်းသည်။ ပရိပုဏ္ဏံ၊ ပြည့်စုံ၏လော။ [အာမ ဘန္တေ၊ ပြည့်စုံပါသည်ဘုရား။]

၁၀- တွံ၊သင်သည်။ ကိန္နာမော၊ အဘယ်အမည်ရှိသည်။ အသိ၊ ဖြစ်သနည်း။ [အဟံ ဘန္တေ နာဂေါ နာမ။ ။ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ ဘုရား တပည့်တော်သည်။ နာဂေါနာမ၊ နာဂ အမည်ရှိပါသည်ဘုရား။]

၁၁- တေ၊ သင်၏။ ဥပဇ္ဈာယော၊ ဥပဇ္ဈာယ်ဆရာသည်။ ကောနာမော၊ အဘယ်အမည် ရှိသနည်း။ [ဥပဇ္ဈာယော မေ ဘန္တေ အာယသ္မာ တိဿတ္ထေရောနာမ။ ။ဘန္တေ၊ အရှင်ဘုရား၊ မေ၊ဘုရားတပည့်တော်၏။ ဥပဇ္ဈာယော၊ ဥပဇ္ဈာယ်ဆရာသည်။ အာယသ္မာ၊ သက်တော်ရှည်သော။ တိဿတ္ထေရောနာမ၊ တိဿမထေရ် အမည်ရှိပါသည်ဘုရား။]

ပုစ္ဆာကိစ္စ ရှစ်ပါး ပြီးပြီ။

---

**ဥပသမ္ပဒ ကမ္မဝါစာ**

**အမည် ထပ်ကြားခြင်း။** ။သင်၏အမည်ကိုနာဂဟူ၍ မှတ်၊ သင်၏ဥပဇ္ဈာယ် ဆရာကို အရှင်တိဿဟူ၍ မှတ်၊ ငါမှစ၍ ကမ္မဝါရွတ်ဖတ်သော အရှင်မြတ်တို့ကို ကမ္မဝါစာဆရာတို့ဟူ၍မှတ်။ ဥပဇ္ဈာယ်ဆရာ, ကမ္မဝါစာဆရာတို့နှင့်တကွ စည်း ဝေးလာရောက်သော သံဃာ (....ပါး)အပေါင်းကို ကာရက သံဃာတော် အပေါင်းဟူ၍ မှတ်။ ။[အချို့- ဤအရာနှစ်မျိုးကို ကာရကသံဃာ၌ မထည့် လိုကုန်။]

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ ။ သုဏာတု မေ ဘန္တေ သံဃော။ အယံ နာဂေါ အာယသ္မတော တိဿဿ

ဥပသမ္ပဒါပေက္ခော။ ပရိသုဒ္ဓေါ အန္တရာယိ ကေဟိ ဓမ္မေဟိ။ ပရိပုဏ္ဏဿ ပတ္တ စီဝရံ။ နာဂေါ သံဃံ ဥပသမ္ပဒံ ယာစတိ အာယသ္မတာ တိဿေန ဥပဇ္ဈာ ယေန။ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော နာဂံ ဥပသမ္ပာဒေယျ အာယသ္မ တာ တိဿေန ဥပဇ္ဈာယေန။ ဧသာ ဉတ္တိ။

အနက်။ ။ပူဇော် အထူးကို ခံတော်မူထိုက်သော အလုံးစုံသော တရား တို့ကို မဖောက်မပြန် ကိုယ်ပိုင် ဉာဏ်ဖြင့် သိတော်မူသော ထိုမြတ်စွာဘုရား အား ရှိသေစွာ ရှိခိုးပါ၏။

အရှင်ဘုရားတို့, သံဃာတော်သည် ဘုရားတပည့်တော်၏ (စကားကို)နာ တော်မူလော့။ နာဂ အမည်ရှိသော ပဉ္စင်းလောင်းသည် အရှင်တိဿ အမည် ရှိသော ဥပဇ္ဈာယ်ဆရာကို (အကြောင်းပြု၍) ပဉ္စင်းဖြစ်လိုပါ၏။အန္တရာယ်ကို ပြုတတ်ကုန်သော သဘောတရားတို့မှ စင်ကြယ်၏။ သပိတ်သင်္ကန်းလည်း ပြည့် စုံ၏။ နာဂအမည်ရှိသော ပဉ္စင်းလောင်းသည် သံဃာအား ပဉ္စင်းအဖြစ်ကို အရှင်တိဿ အမည်ရှိသော ဥပဇ္ဈာယ်ဆရာဖြင့် တောင်း၏။ အကယ်၍ သံဃာ အား လျောက်ပတ်သော အခါရှိသော် ကံသည် ဖြစ်ငြားအံ့၊ သံဃာသည် နာဂအမည်ရှိသော ပဉ္စင်းလောင်းကို အရှင်တိဿအမည်ရှိသော ဥပဇ္ဈာယ်ဆရာ ဖြင့် ပဉ္စင်းခံရာ၏။ ဤကား သိစေခြင်းတည်း။

သုဏာတု မေ ဘန္တေ သံဃော၊အယံ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော။ ပရိသုဒ္ဓေါ အန္တရာယိကေဟိ ဓမ္မေဟိ။ပရိပုဏ္ဏဿ ပတ္တ စီဝရံ။ နာဂေါ သံဃံ ဥပသမ္ပဒံ ယာစတိ အာယသ္မတာ တိဿေန ဥပဇ္ဈာ ယေန။ သံဃော နာဂံ ဥပသမ္ပာဒေတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ ယဿာယသ္မတော ခမတိ နာဂဿ ဥပသမ္ပဒါ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ သော တုဏှဿ။ ယဿ နက္ခမတိ၊ သော ဘာသေယျ။ ။

အနက်။ ။အရှင်ဘုရားတို့,သံဃာတော်သည်ဘုရားတပည့်တော်၏(စကား ကို) နာတော်မူလော့။ နာဂအမည်ရှိသော ပဉ္စင်းလောင်းသည် အရှင်တိဿ အမည်ရှိသော ဥပဇ္ဈာယ်ဆရာကို(အကြောင်းပြု၍)ပဉ္စင်းဖြစ်လိုပါ၏။အန္တရာယ် ကို ပြုတတ်ကုန်သော သဘောတရားတို့မှစင်ကြယ်၏။ သပိတ်, သင်္ကန်းလည်း ပြည့်စုံ၏။နာဂအမည်ရှိသော ပဉ္စင်းလောင်းသည် သံဃာအား ပဉ္စင်းအဖြစ်ကို အရှင် တိဿအမည်ရှိသော ဥပဇ္ဈာယ်ဆရာဖြင့် တောင်း၏။ သံဃာသည် နာဂ အမည်ရှိသော ပဉ္စင်းလောင်းကို အရှင်တိဿအမည်ရှိသော ဥပဇ္ဈာယ်ဆရာဖြင့် ပဉ္စင်းခံပေး၏။ နာဂအမည်ရှိသော ပဉ္စင်းလောင်း၏ အရှင်တိဿ အမည်

ရှိသော ဥပဇ္ဈာယ်ဆရာဖြင့် ပဉ္စင်းဖြစ်ခြင်းကို အကြင် အရှင်အား နှစ်သက်ခြင်း ရှိ၏၊ ထိုအရှင်သည် ဆိတ်ဆိတ်နေရာ၏။ အကြင် အရှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအရှင်သည် ပြောဆိုရာ၏။

ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။သုဏာတု မေ ဘန္တေ သံဃော။အယံ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော။ ပရိသုဒ္ဓေါ အန္တရာယိကေဟိ ဓမ္မေဟိ။ ပရိပုဏ္ဏဿ ပတ္တစီဝရံ။ နာဂေါ သံဃံ ဥပသမ္ပဒံ ယာစတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ သံဃော နာဂံ ဥပသမ္ပာဒေတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ ယဿာယသ္မတော ခမတိ နာဂဿ ဥပသမ္ပဒါ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ သော တုဏှဿ။ ယဿ နက္ခမတိ၊ သော ဘာသေယျ။ ။

အနက်။ ။နှစ်ကြိမ် မြောက်လည်း ဤအကြောင်းကို ပြောဆိုပါ၏။ အရှင်ဘုရားတို့, သံဃာတော်သည်။ လ။ ပြောဆိုရာ၏။

တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ သုဏာတု မေ ဘန္တေ သံဃော။ အယံ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော။ ပရိသုဒ္ဓေါ အန္တရာယိကေဟိ ဓမ္မေဟိ။ ပရိပုဏ္ဏဿ ပတ္တစီဝရံ။ နာဂေါ သံဃံ ဥပသမ္ပဒံ ယာစတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ သံဃော နာဂံ ဥပသမ္ပာဒေတိ၊ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ ယဿာယသ္မတော ခမတိ နာဂဿ ဥပသမ္ပဒါ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ သော တုဏှဿ။ ယဿ နက္ခမတိ၊ သော ဘာသေယျ။ ။

အနက်။ ။သုံးကြိမ် မြောက်လည်း ဤအကြောင်းကို ပြောဆိုပါ၏။ အရှင်ဘုရားတို့, သံဃာတော်သည်။ လ။ပြောဆိုရာ၏။

ဥပသမ္ပန္နော သံဃေန နာဂေါ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ ခမတိ သံဃဿ၊ တသ္မာ တုဏှီ။ ဧဝမေတံ ဓာရယာမိ။ ။

အနက်။ ။သံဃာသည် နာဂအမည်ရှိသော ပဉ္စင်းလောင်းကို အရှင်တိဿအမည်ရှိသော ဥပဇ္ဈာယ်ဆရာဖြင့် ပဉ္စင်းခံပေးအပ်ပြီ။ သံဃာအား နှစ်သက်ခြင်း ရှိ၏။ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်။

## ဩဝါဒ ပြုခဏ်း

အရိပ်စသည် ပြောကြားခြင်း။ ။တာဝဒေဝ၊ ရဟန်းဖြစ်ပြီးစ ထိုခဏ၌ ပင်လျှင်။ ဆာယာ၊ လူရိပ်ကို။ မေတဗ္ဗာ၊ တသူရှိပြီ နှစ်သူရှိပြီ ဘဝါးချီလျက် နှိုင်းယှဉ်မှတ်သား၍ ပြောထားအပ်၏။ ။လူရိပ်နေတက်....ဘဝါး....ဘီလာအချိန်၊ စက်နာရီနံနက်....နာရီ....မိနစ်အချိန်တွင် သင် ရဟန်းအဖြစ်သို့ ရောက်သည်ဟူ၍ မှတ်။

ဥတုပ္ပမာဏံ၊ ဆောင်း, နွေ, မိုး-ဟု ဥတုအတိုင်းအရှည်ကို။ အာစိက္ခိတဗ္ဗံ၊ ပြောထားအပ်၏။ ။....ဥတု.... လတွင် သင် ရဟန်းအဖြစ်သို့ ရောက်သည် ဟူ၍ မှတ်။

ဒိဝသ ဘာဂေါ၊ နေ့အဖို့ကို။ အာစိက္ခိတဗ္ဗော၊ ပြောထားအပ်၏။ ။ ....လဆ....ရက်နေ့တွင် သင် ရဟန်းအဖြစ်သို့ ရောက်သည်ဟူ၍ မှတ်။

သံဂီတိ၊ အရိပ်,ဥတု, နေ့ဟုစုဆောင်း သုံးပါးအပေါင်းကို။ အာစိက္ခိတဗ္ဗာ၊ နောက်နောင်အခါ အဘိဝါဒန သာမိစိကမ္မစသော အရာ၌ ဝါကြီး ဝါငယ် ရွေးချယ်ပြုကျင့်ရန် ဝေဖန်ပိုင်းခြား ပြောထားရမည်။ ဤသို့ မြတ်စွာဘုရား မိန့်ဆိုတော်မူခြင်းကြောင့် အရိပ်, ဥတု, နေ့ဟုစုဆောင်း သုံးပါး အပေါင်းကို ဤသို့သိမှတ်ရမည်။

အတိတ်သာသနာတော်....နှစ်၊ မြန်မာကောဇာသက္ကရာဇ်....ခုနှစ်၊ ....ဥတု။ ....လဆ....ရက်၊ ....နေ့၊ နေတက်....ဘဝါး....ဘီလာအချိန်၊ စက်နာရီ နံနက်....နာရီ ....မိနစ်အချိန်တွင် ....မြို့(ရွာ) ....ကျောင်း....သိမ်၌ ....ကျောင်းထိုင် ဘုန်းတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ကာရကသံဃာတော်....ပါးအပေါင်းက ချီးမြှောက်သဖြင့် ဦး....သည် မြင့်မြတ်သော ရဟန်းပဋ္ဌင်းအဖြစ်သို့ ရောက်သည်ဟူ၍ မှတ်သားထားလေလော့။

### နိဿယ, အကရဏီယ ပြောကြားခဏ်း

စတ္တာရော၊ လေးပါးကုန်သော။ နိဿယာ၊ မှီရာပစ္စည်းတို့ကို။ အာစိက္ခိတဗ္ဗာ၊ ပြောထားအပ်ကုန်၏။ စတ္တာရိ၊ လေးပါးကုန်သော။ အကရဏီယာနိ စ၊ မပြုကျင့်အပ်သည်တို့ကိုလည်း။ အာစိက္ခိတဗ္ဗာနိ၊ ပြောထားအပ်ကုန်၏။ ဣတိ၊ ဤသို့။ ဝစနတော၊ ဆွမ်းခံသွားရန် ရဟန်းပြုသည်မဟုတ်။ ပေးလျှင် စားမည်၊ မပေးလျှင် ထွက်မည်၊ ဝမ်းရေးကြောင့် ရဟန်းပြုသည်— ဟု ပြောဆိုသော

ရဟန်းကိုင်း၊ ရဟန်းဖြစ်ပြီးစ နောက်ဆုံးမှ တပါးတည်း သိမ်မှအပြန် မယား ဟောင်းနှင့်ဖောက်ပြန်သော ရဟန်းကိုင်း အကြောင်းပြု၍ သုံးလူ့ ထွက်ဖျား ဟောကြားသည်အဖြစ်ကြောင့်။ အာစိက္ခိသံ၊ ပြောထားပေအံ့။

ဆွမ်းခံသွားသဖြင့် ရအပ်သောဆွမ်းကို အမှီပြု၍ တသက်ပတ်လုံး ရဟန်း တရားအားထုတ်ရသည်၊ လာဘ်လာဘ ပေါများမူကား ပင့်ဖိတ် လှူဒါန်းအပ် သော ဆွမ်းစသည်ကိုလည်း ဘုဉ်းပေး သုံးဆောင်ရသေး၏။ [အာမ ဘန္တေ၊ ဦးထိပ်ရွက်ဆင်ပါသည် ဘုရား။]

မြေမှုန့်လိမ်းကပ်သော ပံသုကူသင်္ကန်းကို အမှီပြု၍ တသက်ပတ်လုံး ရဟန်း တရားအားထုတ်ရသည်၊ လာဘ်လာဘ ပေါများမူကား ဝါချည်သင်္ကန်းစသည် ကိုလည်း ဝတ်ရုံ သုံးဆောင်ရသေး၏။ [အာမဘန္တေ၊ ဦးထိပ် ရွက်ဆင်ပါသည် ဘုရား။]

သစ်ပင်ရင်းတည်းဟူသော ကျောင်းကိုအမှီပြု၍ တသက်ပတ်လုံး ရဟန်း တရားအားထုတ်ရသည်၊ လာဘ်လာဘ ပေါများမူကား လေးဘက်စောင်း, နှစ်ဘက်စောင်း မိုးသော ကျောင်းစသည်ကိုလည်း နေထိုင်သုံးဆောင်ရသေး၏။ [အာမ ဘန္တေ၊ ဦးထိပ်ရွက်ဆင်ပါသည် ဘုရား။]

နွားကျင်ပုပ်ဆေးကို အမှီပြု၍ တသက်ပတ်လုံး ရဟန်းတရား အားထုတ် ရသည်၊ လာဘ်လာဘ ပေါများမူကား ထောပတ်စသော ဆေးကိုလည်း မှီဝဲ သုံးဆောင်ရသေး၏။ [အာမ ဘန္တေ၊ ဦးထိပ်ရွက်ဆင်ပါသည် ဘုရား။]

(ဤကား မှီရာပစ္စည်း လေးပါးတည်းဟူ၍ မှတ်လေလေ့။)

---

ရဟန်းအဖြစ်သို့ ရောက်ပြီးသောပုဂ္ဂိုလ်သည် မေထုန်မှုကို အောက်ထစ်ဆုံး တိရစ္ဆာန်မ၌သော်လည်း မမှီဝဲအပ်၊ ဦးခေါင်း ပြတ်သောသူသည် အသက် တဖန် ရှင်ပြန်ခြင်းငှါ မထိုက်သကဲ့သို့ မေထုန် မှီဝဲမိသော ရဟန်းသည်လည်း ရဟန်း တဖန် ဖြစ်ပြန်ခြင်းငှါ မထိုက်၊ အသက်ထွက်၏။ ထိုအမှုကို သင်သည် မပြု မကျင့်အပ်၊ တသက်ပတ်လုံး ရှောင်ကြဉ်ရမည်။ (သီလသာလျှင် ရဟန်း အား အသက်မည်၏။) [အာမ ဘန္တေ၊ ဦးထိပ်ရွက်ဆင်ပါသည် ဘုရား။]

ရဟန်းအဖြစ်သို့ရောက်ပြီးသောပုဂ္ဂိုလ်သည် သူတပါး၏ပစ္စည်းကို အယုတ် သဖြင့် မြက် ဝါးခြမ်းမျှကိုသော်လည်း မခိုးယူအပ်၊ အညှာမှ ကြွေကျသော ဖက်ရွက်လျှော်သည် စိမ်းလန်းတဖန် ဖြစ်ပြန်ခြင်းငှါ မထိုက်သကဲ့သို့ ရွှေစင်

တမတ်တန်မျှ ခိုးယူမိသော ရဟန်းသည်လည်း ရဟန်း ဘဖန် ဖြစ်ပြန်ခြင်းငှါ မထိုက်၊ အသက်ထွက်၏။ ထိုအမှုကို သင်သည် မပြုမကျင့်အပ်၊ တသက်ပတ်လုံး ရှောင်ကြဉ်ရမည်၊ [အာမ ဘန္တေ၊ ဦးထိပ်ရွက်ဆင်ပါသည် ဘုရား။]

ရဟန်းအဖြစ်သို့ ရောက်ပြီးသောပုဂ္ဂိုလ်သည် သူ့အသက်ကို အယုတ်သဖြင့် ခြ,ပရွက်မျှကိုသော်လည်း မသတ်အပ်၊ ကွဲပြီးသောကျောက်ခဲကြီးသည် စေ့စပ် တဖန် ဖြစ်ပြန်ခြင်းငှါ မထိုက်သကဲ့သို့ ကိုယ်ဝန်ကျစေရုံမျှ လူသတ်မိသော ရဟန်းသည်လည်း ရဟန်းတဖန် ဖြစ်ပြန်ခြင်းငှါ မထိုက်၊ အသက်ထွက်၏။ ထိုအမှုကို သင်သည် မပြု မကျင့်အပ်၊ တသက်ပတ်လုံး ရှောင်ကြဉ်ရမည်။ [အာမ ဘန္တေ၊ ဦးထိပ်ရွက်ဆင်ပါသည် ဘုရား။]

ရဟန်းအဖြစ်သို့ ရောက်ပြီးသော ပုဂ္ဂိုလ်သည် ဈာန်, မဂ်, ဖိုလ်, နိဗ္ဗာန် တရားကို ရ၏ဟူသော စကားမျိုးကို မဆိုထားဘိ၊ အယုတ်သဖြင့် "ဆိတ်ငြိမ်ရာ ကျောင်း၌ အလွန်မွေ့လျော်၏" ဟူသော စကားမျှကိုသော်လည်း ဝါကြွား၍ မပြောမဆိုအပ်၊ ထန်း လည်ဆစ်ပြတ်သည် အညွန့်အညှောက် ပေါက်ရောက် တဖန် ဖြစ်ပြန်ခြင်းငှါ မထိုက်သကဲ့သို့ ဈာန် မဂ် ဖိုလ် နိဗ္ဗာန်တရားကို ရ၏- ဟု လိမ်လည်၍ လူဇာတ်ရှိသောသူအား ပြောဆိုမိသော ရဟန်းသည်လည်း ရဟန်း တဖန် ဖြစ်ပြန်ခြင်းငှါ မထိုက်၊ အသက်ထွက်၏။ ထိုအမှုကို သင်သည် မပြု မကျင့်အပ်။ တသက်ပတ်လုံး ရှောင်ကြဉ်ရမည်။ [အာမ ဘန္တေ၊ ဦးထိပ်ရွက်ဆင် ပါသည် ဘုရား။]

(ဤကား မပြုအပ်သော တရားလေးပါးတည်းဟူ၍ မှတ်လေလော့။)

## ဆရာ ခွင့်လွှတ်စကား မိန့်ကြားပုံ

ဥပဇ္ဈာယ်ဆရာ,ကမ္မဝါစာဆရာ,ဩဝါဒဆရာတို့၏ အပေါ်၌ ပြုသင့်ပြုထိုက် သော ဝတ်ကြီးဝတ်ငယ်တို့ကို ပြုမူ၍ ချမ်းသာစွာ ပရိယတ်, ပဋိပတ် တရား တို့ကို ပွားများအားထုတ်၍ နေထိုင်လေ။

## ရဟန်းသစ် ခွင့်လွှတ်စကား လျှောက်ကြားပုံ

ဥပဇ္ဈာယ်ဆရာ, ကမ္မဝါစာဆရာ, ဩဝါဒဆရာ ဖြစ်တော်မူကြသော အရှင် မြတ်တို့သည် သဒ္ဓိဝိဟာရိက် တပည့်, အန္တေဝါသိက တပည့်ဖြစ်သော ဘုရား တပည့်တော်၏အပေါ်၌ ပြုသင့်ပြုထိုက်သော ဝတ်ကြီးဝတ်ငယ်တို့ကို မပြုကြမူ၍ ချမ်းသာသက်သက် ကြောင့်ကြမဲ့ နေတော်မူကြပါ ဘုရား။

**မှတ်ချက်။** ။ယခုခေတ်၌ ဥပဇ္ဈာယ်တပါး၏ ရဟန်းလောင်းတပါးကို ကမ္မဝါစာဆရာ ၃-ပါး, ၃-ပါးထက် အများပင် တပြိုင်နက် ရွတ်ဆိုကြ၏။ ထိုသို့ ရွတ်ဆိုရာ၌ အပြစ်မရှိသော်လည်း ပါဠိတော် အဋ္ဌကထာအတိုင်းကား မဟုတ်ချေ။ တပါး၏ အသံကို အခြားပုဂ္ဂိုလ်က ညီအောင်ညှိ၍ လိုက်နေရသဖြင့် ဌာန်ကရိုဏ်းမှန်အောင် သတိထားဘို့ လစ်ဟင်းဘွယ်ရှိ၏။ တပါးက မပီလျှင် အခြားပုဂ္ဂိုလ်က ပီသောကြောင့် အကျိုးရသည် မဟုတ်ပါလော-ဟူအံ့၊ ထိုသို့ ပီဘို့ဆိုလျှင် တပါးစီ ရွတ်ခြင်းက သာ၍ ပီစရာရှိ၏။အမှန်အားဖြင့် ရှေးခေတ်က ကမ္မဝါစာဆရာ တပါးတည်းသာ ရှိခဲ့ပါသည်။ [မဟာဝါ ဘာသာဋီကာ၊ ဂမိကာဒိနိဿယ ဝတ္ထုကထာ၊မဟာခန္ဓကအဖွင့် နှာ-၂၇၁]။ အလွန်မှန်၍ လိုက်နာအပ်ပေသည်။

**သတိ။** ။ဥပသမ္ပဒကံဆောင်ခြင်းကိစ္စပြီး၍ သိမ်မှကျောင်းသို့ ပြန်သောအခါ ရဟန်းသစ်ကို နောက်ဆုံး၌ တပါးတည်း ချန်မထားရန် သတိရှိတော်မူကြပါကုန်။

တပါးအတွက် ပြီး၏။

---

**ဒွန်ဥပသမ္ပဒ ကံဆောင်ခဏ်း**

[အနုဇာနာမိ ဘိက္ခဝေ ဒွေ တယော ဧကာနုဿာဝနေ ကာတုံ၊ တဉ္စ ခေါ ဧကေန ဥပဇ္ဈာယေန၊ န တွေဝ နာနုပဇ္ဈာယေန။ ။ဤသို့ခွင့်ပြုခြင်းအားလျော်စွာ ဒွန္ဒွေါပသမ္ပဒ ကံဆောင်ပုံကို ရေးသားအပ်၏။ဥပဇ္ဈာယ် မတူလျှင် သီးခြား ကေဝုစ်။]

**သုံးပါးအတွက်**

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

[ပုဗ္ဗကိစ္စ ရှစ်ပါး]

၁-ဥပဇ္ဈာယ် ယူစေခြင်း-မပြင်းမထန် သံမှန်ဆို။

**ပဌမံ ဥပဇ္ဈံ ဂါဟာပေတဗ္ဗော။** ။သာမဏေရာ၊ ပဉ္စင်းလောင်းသာမဏေတို့။ ဥပသမ္ပဒါပေက္ခာ၊ ပဉ္စင်းလောင်းတို့ကို။ ပဌမံ၊ ရှေးဦးစွာ။ ဥပဇ္ဈံ၊ အပြစ်ငယ် အပြစ်ကြီးကို ကပ်၍ ရှုတတ်သော ဥပဇ္ဈာယ်ဆရာကို(ဝါ)အပြစ်ငယ် အပြစ်ကြီးကို ကပ်၍ ရှုခြင်းကို။ ဂါဟာပေတဗ္ဗော၊ ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ-ဟု ရွတ်ဆိုစေ၍ ယူစေအပ်၏။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ မြတ်စွာဘုရားဟောကြားတော်မူခြင်းကြောင့်။ ဥပဇ္ဈံ၊ ဥပဇ္ဈာယ်ကို။ ဂဏှထ၊ ယူကြကုန်လော့။

ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ။ ဒုတိယမ္ပိ....။တတိယမ္ပိ....။ ။အရှင်မြတ်ဘုရား, သက်တော်ရှည်သော အရှင်မြတ်ဘုရားသည် ဘုရားတပည့်တော်၏ အပြစ်ငယ် အပြစ်ကြီးကို ကြည့်ရှုမပြတ် ဆုံးမဘတ်သော ဥပဇ္ဈာယ်ဆရာသည် ဖြစ်တော် မူပါဘုရား။ [ကိုယ့်အတွက်ကိုယ် အသီးသီးကေဝုစ်။]

ပါသာဒိကေန သမ္ပာဒေထ–ကြည်ညိုဖွယ်ကို ဆောင်တတ်သော ကိုယ်အမူအရာ နှုတ်အမူအရာအားဖြင့် သိက္ခာသုံးရပ် သာသနာတော်မြတ်ကို ပြည့်စုံကြစေကုန်လော့–ဟု ဥပဇ္ဈာယ် ဆရာက ဆို။

အာမ ဘန္တေ–အရှင်မြတ်ဘုရား, ပြည့်စုံစေပါမည်ဘုရား။

အမည်မှည့်ခြင်း။ ။ယခုအခါ ကမ္မဝါစာ ရွတ်ဖတ်ရာ၌ လွယ်ကူပါစေခြင်း အကျိုးငှါ ပဉ္စင်းလောင်းသုံးယောက်တို့တွင် တောင်ဘက်၌နေသော ပဉ္စင်းလောင်းကို နာဂ....၊အလယ်၌ နေသော ပဉ္စင်းလောင်းကို ဒတ္တ....၊ မြောက်ဘက်၌ နေသော ပဉ္စင်းလောင်းကို မိတ္တ....ဟူ၍ မှည့်ပါ၏။ ပဉ္စင်းလောင်းတို့က မိမိတို့၏ အမည်ကို နာဂ, ဒတ္တ, မိတ္တ-ဟူ၍ ပဌမ, ဒုတိယ, တတိယ အစဉ် အတိုင်း မှတ်ကြကုန်လော့။ သံဃာတော်မြတ် အပေါင်းကလည်း ပဉ္စင်းလောင်းတို့၏ အမည်ကို နာဂ, ဒတ္တ, မိတ္တ-ဟူ၍ အစဉ်အတိုင်း မှတ်တော်မူပါ။ ။ဥပဇ္ဈာယ်ဆရာ (ဓမ္မရက္ခိတ ကျောင်းထိုင်ဘုန်းတော်ကြီး)ကို တိဿ-ဟူ၍ မှည့်ပါ၏၊ ဥပဇ္ဈာယ် ဆရာက မိမိ၏ အမည်တော်ကို တိဿ-ဟူ၍ မှတ်တော် မူပါ၊ သံဃာတော် မြတ်အပေါင်း ကလည်း ဥပဇ္ဈာယ် ဆရာ၏ အမည်တော်ကို တိဿ-ဟူ၍ မှတ်တော်မူပါ။ ပဉ္စင်းလောင်းတို့ကလည်း မိမိတို့၏ ဥပဇ္ဈာယ်ဆရာ၏ အမည်တော်ကို တိဿ-ဟူ၍ မှတ်ကြကုန်လော့။

၂–သပိတ်သက်န်း ပြောကြားခြင်း–မပြင်းမထန်။

ဥပဇ္ဈံ ဂါဟာပေတွာ ပတ္တစီဝရံ အာစိက္ခိတဗ္ဗံ။ ။ဥပဇ္ဈံ၊ ဥပဇ္ဈာယ်ကို။ ဂါဟာပေတွာ၊ ယူစေပြီး၍။ ပတ္တစီဝရံ၊ အဓိဋ္ဌာန် ဝိကပ္ပနာလောက်သော ကိုယ်ပိုင် သပိတ် သင်္ကန်းကို။အာစိက္ခိတဗ္ဗံ၊ ပြောကြားအပ်၏။ ဣတိ၊ ဤသို့။ ဝစနတော၊ မြတ်စွာဘုရား ဟောကြားတော်မူခြင်းကြောင့်။ အာစိက္ခိဿံ၊ ပြောကြားပေအံ့။ ဣမေ ဝေါ ပတ္တာ။ ။ဣမေ၊ ဤသပိတ် တို့သည်။ ဝေါ-တုမှာကံ၊ သင် ပဉ္စင်းလောင်းတို့၏။ ပတ္တာ၊ သပိတ်တို့တည်း။ ။ [အာမ ဘန္တေ။]

ဣမာ သံဃာဋိယော။ ။ဣမာ၊ ဤဒုကုဋ် သင်္ကန်းတို့သည်။(ဣတ္ထိလိင်-

ဗဟုဝုစ်)။ ဝေါ-တုမှာကံ၊ သင်ပဥ္စင်းလောင်းတို့၏။ သံဿာဋ္ဌိယော၊ ဒုကုဋ္ဌ သက်န်းတို့တည်း။ ။[အာမ ဘန္တေ။]

ဣမေ ဥတ္တရာသံဂါ။ ။ဣမေ၊ ဤကိုယ်ရုံသက်န်းတို့သည်။ ဝေါ-တုမှာကံ၊ သင် ပဥ္စင်းလောင်းတို့၏။ ဥတ္တရာ သံဂါ၊ ကိုယ်ရုံသက်န်းတို့တည်း။ ။[အာမ ဘန္တေ။]

ဣမေ အန္တရဝါသကာ။ ။ဣမေ၊ ဤခါးဝတ်သက်န်းတို့သည်။ ဝေါ-တုမှာကံ၊ သင်ပဥ္စင်းလောင်းတို့၏။ အန္တရဝါသကာ၊ ခါးဝတ်သက်န်းတို့တည်း။ [အာမ ဘန္တေ။]

၃-ဟတ္ထပါသ်မှ အပထုတ်၍ အနုသာသနဉတ်ထားခြင်း- အပထုတ်ရာ၌ မပြင်းမထန်။

ဂစ္ဆထ အမုမှိ ဩကာသေ တိဋ္ဌထ။ ။ဥပသမ္ပဒါပေက္ခာ၊ ပဥ္စင်းလောင်းတို့။ ပဌမံ၊ ရှေးဦးစွာ။ ကေမန္တံ၊ သင့်တင့်ရာအရပ်တခု၌။ အနုသာသိတွာ၊ ဆုံးမ၍။ ပစ္ဆာ၊ နောက်မှ။ သံဃမဇ္ဈေ၊ သံဃာ့အလယ်၌။ အန္တရာယိကေ၊ အန္တရာယ်ကို ပြုတတ်ကုန်သော။ ဓမ္မေ၊ သဘောတရားတို့ကို။ ပုစ္ဆိတုံ၊ မေးစစ်ခြင်းငှါ။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ အနုညာတံ၊ ခွင့်ပြုအပ်၏။ တသ္မာ၊ ထို့ကြောင့်။ တုမှေ၊ သင်တို့သည်။ ဂစ္ဆထ၊ လက်အုပ်ချီကာ မျက်နှာ ရှေ့ထား နောက်ဆုတ်သွားကြကုန်လော့။ အမုမှိဩကာသေ၊ နှစ်တောင့်ထွာ ဟတ္ထပါသ် လွတ်လောက်ရာ ထိုအရပ်၌။ တိဋ္ဌထ၊ ကြည်ရွှင်မတ်တတ် ခြေစုံသတ်၍ ရပ်နေကြကုန်လော့။

အနုသာသနဉတ်။ ။သုဏာတု မေ ဘန္တေ သံဃော။ နာဂေါစ ဒတ္တောစ မိတ္တောစ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခာ။ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ နာဂံစ ဒတ္တံစ မိတ္တံစ အနုသာသေယျံ။

## ၄။ ဆုံးမခြင်း (ဗဟုဝုစ်)

ဥပသမ္ပဒါပေက္ခာ၊ ပဥ္စင်းလောင်းတို့။ တုမှေ၊ သင်တို့သည်။ သုဏာထ၊ နားစိုက်၍ ထောင်ကြကုန်လော့။ အယံကာလော၊ ဤအခါသည်။ ဝေါ-တုမှာကံ၊ သင်ပဥ္စင်းလောင်းတို့၏။ သစ္စကာလော၊ မှန်သောစကားကိုသာ လျှောက်ဆိုရမည့် အခါတည်း၊ ဘူတကာလော၊ ဟုတ်သည်ကိုသာ လျှောက် ဆိုရမည့် အခါတည်း။ ယံ၊ အကြင် အပြစ် နှင့် ဂုဏ် အလုံး စုံသော

သဘောတရားသည်။ ဇာတံ၊ သင်တို့၏ကိုယ်၌ ဖြစ်ပေါ်ထင်ရှား၏။ တံ၊ ထိုသဘောတရားကို။ သံဃမဇ္ဈေ၊ သံဃာ့အလယ်၌။ ပုစ္ဆန္တေ၊ မေးစစ်သည်ရှိသော် (ဝါ)မေးစစ်သောအခါ၌။ သန္တံ၊ ထင်ရှားရှိသည်ကို။ အတ္ထီတိ၊ ရှိပါသည်ဘုရားဟူ၍။ ဝတ္တဗ္ဗံ၊ လျှောက်ထားပြောဆိုရမည်။ အသန္တံ၊ ထင်ရှား မရှိသည်ကို။ နတ္ထီတိ၊ မရှိပါဘုရားဟူ၍။ ဝတ္တဗ္ဗံ၊ လျှောက်ထား ပြောဆိုရမည်။ မာ ခေါ ဝိတ္ထာထ၊ ရှုံတွီးရှုံတွန့် မရှိကြကုန်လင့်။ မာ ခေါ မင်္ကု အဟောထ၊ မျက်နှာမကြည်မသာ မဖြစ်ကြကုန်လင့်။ ဧဝံ၊ ဤ ဆိုလတ္တံ့သောနည်းဖြင့်။ တုမှေ၊ သင်တို့ကို။ ပုစ္ဆိဿန္တိ၊ သမ္မုတိရသော မထေရ်မြတ်တို့က မေးစစ်ကြကုန်လတ္တံ့။

၁-ဥပသမ္ပဒါပေက္ခာ၊ ပဉ္စင်းလောင်းတို့။ ဝေါ-တုမှာကံ၊ သင်တို့အား (ဝါ)သင်တို့၌။ ကုဋ္ဌံ၊ နူနာငှင်း။ ဂဏ္ဍော၊ အသားထွက် မြင်းဖုနာငှင်း။ ကိလာသော၊မကွဲမအက် ပြောက်ကြားသော အနူကွက်ငှင်း။ သောသော၊ချောင်းဆိုးနာငှင်း။ အပမာရော၊ သူရူးနာငှင်း။ ဣတိဧဝရူပါ၊ ဤသို့သဘောရှိကုန်သော။ အာဗာဓာ၊ အနာကြီး ၅-မျိုးတို့သည်။ သန္တိ၊ ရှိကုန်သလော။ ၂-မနုဿာအတ္ထ၊ လူတို့ဖြစ်ကြ၏လော။ ၃-ပုရိသာအတ္ထ၊ ယောကျ်ားတို့ ဖြစ်ကြ၏လော။ ၄-ဘုဇိဿာအတ္ထ၊ကျွန်လေးမျိုးတို့တွင် မပါဝင်ပဲ တော်လှန်ကောင်းမြတ်သောသူတို့ ဖြစ်ကြ၏လော။ ၅-အနဏာ အတ္ထ၊ ကြွေးမြီကင်းသောသူတို့ ဖြစ်ကြ၏လော။ ၆- န အတ္ထ ရာဇဘဋာ၊ မင်းခစားယောကျ်ားတို့ မဖြစ်ပဲ ရှိကြ၏လော။ ၇-အနုညာတာ အတ္ထ မာတာပိတူဟိ၊ မိခင် ဘခင်တို့က ကျေကျေ နပ်နပ် ခွင့်ပြုအပ်သောသူတို့ ဖြစ်ကြ၏လော။ ၈-ပရိပုဏ္ဏဝီသတိဝဿာ အတ္ထ၊ အသက်နှစ်ဆယ်ပြည့်သောသူတို့ ဖြစ်ကြ၏လော။ ၉- ပရိပုဏ္ဏံ ဝေါ ပတ္တစီဝရံ၊ သင်တို့အား (ဝါ) သင်တို့၌ သပိတ်သင်္ကန်း ပြည့်စုံ၏လော။ ၁၀-ကိန္နာမာ အတ္ထ၊ သင်တို့ အဘယ်အမည် ရှိကြသနည်း။ ၁၁-ကော နာမော ဝေါ ဥပဇ္ဈာယော၊ သင်တို့၏ဥပဇ္ဈာယ်ဆရာသည် အဘယ်အမည်ရှိသနည်း။ ။ဣတိ ဧဝံ၊ ဤသို့။ ပုစ္ဆိဿန္တိ၊ သံဃာ့အလယ်၌ မေးစစ်ကုန်လတ္တံ့။ တဒါ၊ ထိုအခါ၌။ သန္တံ၊ ထင်ရှားရှိသည်ကို။ အတ္ထီတိ၊ ရှိပါသည်ဘုရားဟူ၍။ ဝတ္တဗ္ဗံ၊ လျှောက်ထား ပြောဆိုရမည်။ အသန္တံ၊ ထင်ရှားမရှိသည်ကို။ နတ္ထီတိ၊ မရှိပါဘုရားဟူ၍။ ဝတ္တဗ္ဗံ၊ လျှောက်ထားပြောဆိုရမည်။ ။ဥပသမ္ပဒါပေက္ခာ၊ ပဉ္စင်းလောင်းတို့။ ဥပသမ္ပဒါပေက္ခေဟိ၊ ပဉ္စင်းလောင်းတို့နှင့်။ ဧကတော၊ အတူတကွ။ န အာဂန္တဗ္ဗန္တိစ၊ သံဃာ့အလယ်သို့ မလာအပ်ဟူ၍ငှင်း။ အနုသာသကေန၊ ဆုံးမတတ်သော ရဟန်းသည်။ ပဌမတရံ၊ ရှေးဦးစွာ။ အာဂန္တွာ၊ သံဃာ့အလယ်သို့ လာ၍။ သံဃော၊ သံဃာကို။ ဉာပေ တဗ္ဗောတိစ၊ သိစေအပ်၏ဟူ၍ငှင်း။ ဝစ

နတော၊ မြတ်စွာဘုရား ဟောကြားတော်မူခြင်းကြောင့်။ တုမှေ၊ သင်တို့သည်။ ဣမေဝ၊ ဤနေရာ၌သာလျှင်။ တိဋ္ဌထ၊ ရပ်တည်၍နေရစ်ကြဦးလော့။

## ၅-ဩသာရဏာဥတ်ထား၍ ခေါ်ခြင်း

သုဏာတု မေ ဘန္တေ သံဃော။ နာဂေါ စ ဒတ္တော စ မိတ္တော စ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခာ။ အနုသိဋ္ဌာ တေ မယာ။ ယဒိ သံဃဿ ပတ္တကလ္လံ၊ နာဂေါ စ ဒတ္တော စ မိတ္တော စ အာဂစ္ဆေယျုံ။ [“အာဂစ္ဆထာ”တိ ဝတ္တဗ္ဗာ။]

## ၆-ပဉ္စင်း အဖြစ်ကိုတောင်းစေခြင်း

သံဃံ ဘန္တေ ဥပသမ္ပဒံ ယာစာမ၊ ဥလ္လုမ္ပတု အမှေ ဘန္တေ သံဃော အနုကမ္ပံ ဥပါဒါယ။ဒုတိယမ္ပိ ဘန္တေ သံဃံ ဥပသမ္ပဒံ။ လ။ဥပါဒါယ။ ။ တတိယမ္ပိ ဘန္တေ သံဃံ ဥပသမ္ပဒံ။ လ။ဥပါဒါယ။ ။ဘန္တေ၊ အရှင်ဘုရားတို့။ မယံ၊ ဘုရားတပည့်တော်တို့သည်။ သံဃံ၊ သံဃာတော်မြတ်အပေါင်းကို။ ဥပသမ္ပဒံ၊ ရဟန်းပဉ္စင်းအဖြစ်ကို။ ယာစာမ၊ တောင်းပါကုန်၏။ ဘန္တေ၊ အရှင် ဘုရားတို့။ သံဃော။ သံဃာတော်မြတ်အပေါင်းသည်။ အမှေ၊ ဘုရားတပည့်တော်တို့ကို (ဝါ) ဘုရားတပည့်တော်တို့၏ အပေါ်၌။ အနုကမ္ပံ၊အစဉ် သနားခြင်းကို။ ဥပါဒါယ၊ အကြောင်းပြု၍။ ဥလ္လုမ္ပတု-ဥဒ္ဓရတု-ပတိဋ္ဌာပေတု၊ မည်းညစ်သော အကုသိုလ် အဖို့မှ ထဧ၍ ဖြူစင်သော ကုသိုလ်အဖို့၌ တည် အောင် ထားတော်မူပါဘုရား။ (ဝါ)ယုတ်နိမ့်သော ရှင်သာမဏေ အဖြစ်မှ ထုတ်နုတ်၍ မြင့်မြတ်သော ရဟန်းပဉ္စင်းအဖြစ်၌ တည်အောင် ထားတော်မူပါဘုရား။ (ဝါ) သံသရာဟူသော ဝဲဩဃရေအယဉ်မှ ဆယ်ယူ၍ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်၌ တည်အောင်ထားတော်မူပါဘုရား။

## ၇-ပုစ္ဆနသမ္မုတိ ဥတ်

သုဏာတု မေ ဘန္တေ သံဃော။ အယံ စ နာဂေါ အယံ စ ဒတ္တော အယံ စ မိတ္တော အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခာ။ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ နာဂံ စ ဒတ္တံ စ မိတ္တံ စ အန္တရာယိကေ ဓမ္မေ ပုစ္ဆေယျံ။

## ၈-မေးစစ်ခြင်း

ဥပသမ္ပဒါပေက္ခာ၊ ပဉ္စင်းလောင်းတို့။ တုမှေ၊ သင်တို့သည်။ သုဏာထ၊ နားစိုက်၍ ထောင်ကြကုန်လော့။ အယံကာလော၊ဤအခါသည်။ဝေါ-တုမှာကံ၊ သင်ပဉ္စင်းလောင်းတို့၏။ သစ္စကာလော၊ မှန်သော စကားကိုသာ

လျှောက်ဆို ရမည့် အခါတည်း။ဘူတကာလေ၊ ဟုတ်သည်ကိုသာ လျှောက်ဆိုရမည့် အခါတည်း။ ယံ၊ အကြင် အပြစ်နှင့် ဂုဏ် အလုံးစုံသော သဘောတရားသည်။ ဇာတံ၊ သင်တို့၏ ကိုယ်၌ ဖြစ်ပေါ်ထင်ရှား၏။တံ၊ ထိုသဘောတရားကို။ အဟံ၊ သမ္မုတိရသော ငါသည်။ ပုစ္ဆာမိ၊ မေးစစ်အံ့။ သန္တံ၊ ထင်ရှားရှိသည်ကို။ အတ္ထိတိ၊ ရှိပါသည် ဘုရားဟူ၍။ ဝတ္တဗ္ဗံ၊ လျှောက်ထားပြောဆိုရမည်။ အသန္တံ၊ ထင်ရှားမရှိသည်ကို။ နတ္ထိတိ၊ မရှိပါ ဘုရားဟူ၍။ ဝတ္တဗ္ဗံ၊ လျှောက်ထားပြောဆိုရမည်။(ဝါ) လျှောက်ထား ပြောဆိုလော့။

မှတ်ချက်။ ။အမေး၌ ဗဟုဝုစ်ဖြင့် ပေါင်းမေးသော်လည်း ကိုယ့်အတွက်ကိုယ် အသီးသီး ဧကဝုစ်ဖြင့် ဖြေစေအပ်၏။

၁-ဥပသမ္ပဒါပေက္ခာ၊ ပဉ္စင်းလောင်းတို့။ ဝေါ-တုမှာကံ၊ သင်တို့အား (ဝါ) သင်တို့၌။ ကုဋ္ဌံ၊ နူနာဝှင်း။ ဂဏ္ဍော၊ အသားထွတ် မြင်းဖုနာဝှင်း။ ကိလာသော၊ မကွဲမအက် ပြောက်ကျားသော အနူကွက်ဝှင်း။ သောသော၊ ချောင်းဆိုးနာဝှင်း။ အပမာရော၊ သူရူးနာဝှင်း။ ဣတိ ဧဝရူပါ၊ ဤသို့သဘောရှိကုန်သော။ အာဗာဓာ၊ အနာကြီးငါးမျိုးတို့သည်။ သန္တိ၊ ရှိကုန်သလော။ ။ [န သန္တိ ဘန္တေ၊ မရှိကုန်ပါဘုရား။]

၂-မနုဿော၊ လူတို့သည်။ အတ္ထ၊ ဖြစ်ကုန်၏လော။ ။[အာမ ဘန္တေ၊ လူဖြစ်ပါသည်ဘုရား။]

၃-ပုရိသာ၊ ယောကျ်ားတို့သည်။ အတ္ထ၊ ဖြစ်ကုန်၏လော။ ။[အာမ ဘန္တေ၊ ယောကျ်ားဖြစ်ပါသည် ဘုရား။]

၄-ဘုဇိဿာ၊ အန္တောဇာတ-စသော ကျွန် လေးမျိုး တို့ဘွင် မပါဝင်ပဲ တော်လှန်ကောင်းမြတ်သောသူတို့သည်။ အတ္ထ၊ ဖြစ်ကုန်၏လော။ ။[အာမ ဘန္တေ၊ တော်လှန်ကောင်းမြတ်သောသူ ဖြစ်ပါသည် ဘုရား။]

၅-အနဏာ၊ ကြွေးမြီကင်းသောသူတို့သည်။ အတ္ထ၊ ဖြစ်ကုန်၏လော။ ။ [အာမ ဘန္တေ၊ ကြွေးမြီကင်းသောသူ ဖြစ်ပါသည်ဘုရား။]

၆-ရာဇဘဋာ၊ မင်းခစားယောကျ်ားတို့သည်။ န အတ္ထ၊ မဖြစ်ပဲ ရှိကုန်၏လော။ ။[အာမဘန္တေ၊ မင်းခစားယောကျ်ား မဖြစ်ပါဘုရား။]

၇-မာတာပိတူဟိ၊ မိခင်ဘခင်တို့သည်။ အနုညာတာ၊ ကျေကျေ နပ်နပ် ခွင့်လွှတ်အပ်သော သူတို့သည်။ အတ္ထ၊ ဖြစ်ကုန်၏လော။ ။[အာမ ဘန္တေ၊ ခွင့်လွှတ်အပ်သောသူ ဖြစ်ပါသည်ဘုရား။]

၈-ပရိပုဏ္ဏစီဝရံ၊ ပရိပုဏ္ဏ ပတ္တံ၊ အသက်နှစ်ဆယ် ပြည့်သောသူတို့သည်။ အတ္တ၊ ဖြစ်ကုန်၏လော။ ။[အာမ ဘန္တေ၊ အသက်နှစ်ဆယ်ပြည့်သောသူ ဖြစ်ပါသည် ဘုရား။]

၉-ဝေါ-တုမှာကံ၊ သင်တို့အား(ဝါ)သင်တို့၌။ ပတ္တစီဝရံ၊ သပိတ် သင်္ကန်းသည်၊ ပရိပုဏ္ဏံ၊ ပြည့်စုံ၏လော။ ။[အာမ ဘန္တေ၊ ပြည့်စုံပါသည် ဘုရား။]

၁၀-တုမှေ၊ သင်တို့သည်။ ကိံနာမာ၊ အဘယ်အမည်ရှိကြသည်။ အတ္တ၊ ဖြစ်ကုန်သနည်း။ ။[အဟံ ဘန္တေ နာဂေါ နာမ။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ ဘုရားတပည့်တော်သည်။ နာဂေါနာမ၊ နာဂ အမည်ရှိပါသည်ဘုရား။ အဟံ ဘန္တေ ဒတ္တော နာမ။ ။ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ ဘုရားတပည့်တော်သည်။ ဒတ္တောနာမ၊ ဒတ္တ အမည်ရှိပါသည်ဘုရား။ ။အဟံ ဘန္တေ မိတ္တော နာမ။ ။ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ ဘုရားတပည့်တော်သည်။ မိတ္တော နာမ၊ မိတ္တ အမည်ရှိပါသည်ဘုရား။]

၁၁-ဝေါ-တုမှာကံ၊ သင်တို့၏။ ဥပဇ္ဈာယော၊ ဥပဇ္ဈာယ်ဆရာသည်။ကော နာမော၊ အဘယ်အမည် ရှိသနည်း။ ။[ဥပဇ္ဈာယော မေ ဘန္တေ အာယသ္မာ တိဿတ္ထေရော နာမ။ ။ဘန္တေ၊ အရှင် ဘုရား။ မေ၊ ဘုရားတပည့်တော်၏။ ဥပဇ္ဈာယော၊ ဥပဇ္ဈာယ် ဆရာသည်။ အာယသ္မာ၊ သက်တော် ရှည်သော။ တိဿတ္ထေရောနာမ၊ တိဿ မထေရ် အမည်ရှိပါသည် ဘုရား။

ပုစ္ဆ ကိစ္စရှစ်ပါး ပြီးပြီ။

---

**ဥပသမ္ပဒ ကမ္မဝါစာ**

**အမည် ထပ်ကြားခြင်း။** ။သင်တို့၏အမည်ကို နာဂ, ဒတ္တ, မိတ္တ—ဟု အစဉ်အတိုင်းမှတ်ကြ၊ သင်တို့၏ဥပဇ္ဈာယ်ဆရာကို အရှင်တိဿဟူ၍ မှတ်ကြ၊ ငါမှစ၍ ကမ္မဝါစာရွတ်ဖတ်သော အရှင်မြတ်တို့ကို ကမ္မဝါစာဆရာတို့ ဟူ၍ မှတ်ကြ။ ဥပဇ္ဈာယ်ဆရာ, ကမ္မဝါစာ ဆရာတို့နှင့်တကွ စည်းဝေး လာရောက်ကြသော သံဃာ(....ပါး)အပေါင်းကို ကာရကသံဃာတော် အပေါင်း ဟူ၍ မှတ်ကြ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ ။သုဏာတု မေ ဘန္တေ သံဃော။ အယံ စ နာဂေါ အယံ စ ဒတ္တော အယံ စ

မိတ္တော အာယသ္မတော တိဿ ဥပသမ္ပဒါပေက္ခော။ ပရိသုဒ္ဓါ အန္တရာယိကေဟိ ဓမ္မေဟိ။ ပရိပုဏ္ဏမဿ ပတ္တစီဝရံ။ နာဂေါ စ ဒတ္တော စ မိတ္တော စ သံဃံ ဥပသမ္ပဒံ ယာစန္တိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော နာဂံ စ ဒတ္တံ စ မိတ္တံ စ ဥပသမ္ပာဒေယျ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော။ အယံ စ နာဂေါ အယံ စ ဒတ္တော အယံ စ မိတ္တော အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော။ ပရိသုဒ္ဓါ အန္တရာယိကေဟိ ဓမ္မေဟိ။ ပရိပုဏ္ဏမဿ ပတ္တစီဝရံ။ နာဂေါ စ ဒတ္တော စ မိတ္တော စ သံဃံ ဥပသမ္ပဒံ ယာစန္တိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ သံဃော နာဂံ စ ဒတ္တံ စ မိတ္တံ စ ဥပသမ္ပာဒေတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ ယဿာ ယသ္မတော ခမတိ နာဂဿ စ ဒတ္တဿ စ မိတ္တဿ စ ဥပသမ္ပဒါ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ သုဏာတု မေ။လ။သော ဘာသေယျ။

တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ သုဏာတု မေ။လ။သော ဘာသေယျ။

ဥပသမ္ပန္နာ သံဃေန နာဂေါ စ ဒတ္တော စ မိတ္တော စ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။ ။

မှတ်ချက်။ ။ဩဝါဒပြုခြင်း စသည်တို့မှာ ရှေး"တပါးအတွက်"၌ ပြထားသည့်အတိုင်းပင် ဖြစ်သည်။

သတိ။ ။"ရဟန်းတို့ သမ္မုတိမရသော ရဟန်းသည် ၎င်း၊ ကျွမ်းကျင်လိမ္မာခြင်းမရှိသော ရဟန်းသည်၎င်း မဆုံးမအပ်၊ ဆုံးမသောရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏"ဟု မိန့်တော်မူ၏။

ရှင် ရဟန်းမပြုထိုက်သူ သုံးကျိပ်နှစ်ယောက်

(၁) လက်ပြတ်သောသူ၊
(၂) ခြေပြတ်သောသူ၊
(၃) လက် ခြေပြတ်သောသူ၊
(၄) နားပြတ်သောသူ၊
(၅) နှာခေါင်းပြတ်သောသူ၊

(၆) နား နားခေါင်းပြတ်သောသူ၊
(၇) ခြေချောင်း လက်ချောင်း ပြတ်သောသူ၊
(၈) ခြေမ လက်မ ပြတ်သောသူ၊
(၉) အကြောမ-ပြတ်သောသူ၊
(၁၀) ခြေချောင်း လက်ချောင်း ပူးနေသောသူ၊
(၁၁) ကုန်းသောသူ၊
(၁၂) ပုက္ကသောသူ၊
(၁၃) လည်ပင်းကြီးနာ ရှိသောသူ၊
(၁၄) သံပူကပ်၍ တံဆိပ်ခတ်ထားသောသူ၊
(၁၅) ကြိမ်ဒဏ်ခပးခံရသောသူ၊
(၁၆) တွေ့ရာအရပ်၌ "သတ်"ဟူ၍ ကြေငြာထားသောသူ၊
(၁၇) ခြေထိုင်းသောသူ။
(၁၈) အနာဆိုးရှိသောသူ၊
(၁၉) အသွင်ချို့တဲ့သဖြင့် ပရိသတ်ကို ဖျက်ဆီးသောသူ၊
(၂၀) မျက်စိ တဘက်ကန်းသောသူ၊
(၂၁) လက်ခြေကောက်သောသူ၊
(၂၂) ခွင်သောသူ၊
(၂၃) ဖက်သကပ် နာစွဲ'ကိုယ်တခြမ်းသေသော'သူ၊
(၂၄) "အသွား" ဆွံ့သောသူ၊
(၂၅) အိုမင်း မစွမ်းသောသူ၊
(၂၆) မျက်စိနှစ်ဘက်ကန်းသောသူ၊
(၂၇) "စကားဆွံ့" အသောသူ၊
(၂၈) နားပင်းသောသူ၊
(၂၉) ကန်းလည်းကန်း အလည်း အသောသူ၊

(၃၀) ကန်းလည်းကန်း နားလည်းပင်းသောသူ။

(၃၁) အလည်းအ, နားလည်းပင်းသောသူ၊

(၃၂) ကန်းလည်းကန်း, အလည်းအ, နားလည်းပင်းသောသူ၊ ဤသုံးကျိပ်နှစ်ယောက်တို့ကို ရှင်ရဟန်း ပြုပေးအံ့၊ ဒုက္ကဋ် အာပတ်သင့်၏။[ပဋိသန္ဓေနှင့်တကွ အသက်နှစ်ဆယ်မပြည့်သူ, ပါရာဇိကသို့ရောက်သူ, ပဏ္ဍုက်စသောအဘဗ္ဗ ပုဂ္ဂိုလ်၁၁ကျိပ်တယောက်၊ ဤ ၁၃ ယောက်သည် ရဟန်းပြုပေးသော်လည်း ရဟန်း မဖြစ်၊ ကြွင်းသော လက်ပြတ်သောသူ စသည်တို့ကား ရဟန်းဖြစ်ကုန်၏၊ ပြုပေးသော သံဃာ အာပတ် မလွတ်။]

**ပညတ်တော်မူပုံ။** ။ရဟန်းတို့, ငှါးရမ်းသော သပိတ် သင်္ကန်းတို့ဖြင့် ပဉ္စင်း ခံမပေးအပ်၊ ပဉ္စင်းခံပေးသော ရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏-ဟု မိန့်တော်မူ၏။ [သို့မိန့်ဆိုတော်မူထားရကား-ဒုလ္လဘ ရဟန်း အဖြစ်ကို စုပေါင်း၍ ခံကြရာ၌လည်း အခြားသီးသန့် ပဉ္စင်းခံ အလှူ၌ကဲ့သို့ ပဉ္စင်းလောင်းတပါးလျှင် ကိုယ်ပိုင် သပိတ်တလုံးနှင့် သင်္ကန်းသုံးထည်စီရှိစေရမည်။ ပဉ္စင်းလောင်းဦးရေများ၍ အထူးသဖြင့် သပိတ်နှင့် ဒုကုဋ် သင်္ကန်းများ မပြည့်စုံပဲ ရှိတတ်ကြသည်။ ထိုသို့ ဖြစ်သောအခါ ရှေးဦးစွာ ရဟန်းအဖြစ်ကို ခံယူပြီးသော ထိုရဟန်းသစ်တို့ထံမှ သပိတ်နှင့် ဒုကုဋ် သင်္ကန်းတို့ကို ယူ၍ နောက်ပဉ္စင်း လောင်းများအဘို့က် ဖြည့်စွက်သုံးစွဲခြင်းသည် ငှါးရမ်းသော သပိတ် သင်္ကန်းတို့ဖြင့် ပဉ္စင်းခံပေးရာ ရောက်သည်-ဟူ၍ ဆိုအပ်၏။ ထို့ကြောင့် ဒုက္ကဋ် အာပတ်မှ မလွတ်-ဟု သတိရှိတော်မူကြပါကုန်။]

**အမှာ။** ။သာမဏေတို့ကို ရဟန်းခံမည်ရှိသော အခါ၌လည်း ဥပဇ္ဈာယ် အင်္ဂါ, နိဿယည်းအင်္ဂါနှင့် ပြည့်စုံသော ဆရာထံ အပ်နှံ၍ ပြုရာ၏။ ကမ္မဝါစာကို ဌာန်, ကရိုဏ်းမှန်စွာနှင့် နေရာကျ ဖတ်တတ်သော ဆရာကို ရှာကြံ ပင့်ဆောင်ရာ၏။ ကုသိုလ်ပါရမီ အစအနကောင်းသော ရဟန်းလောင်းများ ဖြစ်ခဲ့လျှင် တော်ကာ လျော်ကာ ဥပဇ္ဈာယ်, တော်ကာလျော်ကာ ကမ္မဝါ ဆရာနှင့် မပြီးသင့်။ မလွဲသာ၍ ပြီးခဲ့ရလျှင်လည်း ဆရာကောင်းများထံမှာ အမြန်ထပ်ရမည်။

ဒဠှီကမ္မ ဖြစ်စေခြင်းငှါ ၁၀ ဝါမရမီအတွင်း၌ ဆရာကောင်း အမျိုးမျိုးတို့နှင့် အကြိမ်ကြိမ် အခါခါ ရဟန်းထပ်ခြင်းသည် အလွန်ကောင်းမြတ်သော အမှု ဖြစ်ပေ၏။ [ကျေးဇူးရှင် လယ်တီဆရာတော်ဘုရား၏ တပည့်တပန်းများမှာ ၃ ကြိမ် အောက် မနည်း ထပ်ရိုးပြုကြသည်။]

ရခဲခြင်း ၄ပါး။ ။လူတို့၌ ရခဲခြင်း ၄ပါးရှိသည်။ ၎င်းတို့ကား (၁) လူ့ အဖြစ်ကို ရခဲခြင်း၊ (၂) ဘုရားပွင့်သော ကာလကို ကြုံခဲခြင်း၊ (၃) သဒ္ဓါတရားနှင့် ပြည့်စုံခဲခြင်း၊ (၄) ရဟန်းအဖြစ်ကို ရခဲခြင်းတို့တည်း။

လူ့အဖြစ်ကို ရခဲ၏။ ဘုရားပွင့်တော်မူသော အခါနှင့်လည်း ကြုံကြိုက်ခဲ၏။ ထိုထက်ရှင်အဖြစ်, ရဟန်း အဖြစ်ကို ရခဲ၏။ ထို့ကြောင့် မိမိကိုယ်တိုင်သော်လည်း ရှင်ပြု, ရဟန်းခံရာ၏။ ရှင်ဒကာ, ရဟန်းဒကာခံ၍ သူတပါးကိုလည်း ပြုလုပ်စေရာ၏။ ။ရှင်ဒကာ, ရဟန်းဒကာ ပြုလုပ်ရသည့် အတွက် သာသနာတော်နှင့် ဆွေမျိုးတော်နေသဖြင့် သာသန ဒါယာဒ ဖြစ်ပြီးလျှင် မိမိသန္တာန်၌ ကုသိုလ်တရား အလွန်တိုးပွား၏။ ထို့ကြောင့် သာသန ဒါယာဒ ဖြစ်အောင် ပြုကြကုန်ရာ၏။

ရဟန်းပြုမှု ၃ မျိုး။ ။ဤသာသနာတော်၌ ရဟန်း ပြုကြမှုသည် (၁) တစုံတခုသော ဘေးကြောင့် ပြုမှု၊ (၂) လူ့အဖြစ်နှင့် နေလျှင် ဆင်းရဲမည်စိုး၍ အသက်မွေးဝမ်းကျောင်း အနေနှင့် ပြုမှု၊ (၃) သံသရာ ဘေးကိုကြောက်သဖြင့် သံသရာဝဋ်မှ လွတ်မြောက်ရန် သိက္ခာ ၃ ပါးကို အားထုတ်လို၍ သဒ္ဓါပဗ္ဗဇိတ အနေနှင့် ပြုမှု-ဟူ၍ ၃ မျိုးရှိ၏။ ထိုတွင် သဒ္ဓါ ပဗ္ဗဇိတကို ရည်၍ "သိက္ခာလိုလား၊ မျိုးကောင်းသား၊ ကျိုးများပေးဘို့ရာ" ဟူသော သံပေါက်ကို ဆရာတို့စပ်ဆိုလေသည်။ [ထို့ကြောင့် ဝမ်းရေးအတွက် မဟုတ်၊ ကုသိုလ်ရေးအတွက် ရဟန်းဘောင်သို့ ကူးသည်ဟူသော စေတနာနှင့် အညီ ဝိနည်းသိက္ခာပုဒ်ကို မယိုမယွင်းအောင် ထိန်းသိမ်းစောင့်ရှောက်ရာသည်။]

**သတိပေးချက်။** ။"အိုပြီ, မလုပ်စားနိုင်မှ(မည့်) တူတူ ဘုန်းကြီးလုပ်လိုက်ပါတော့လား" ဟု တိုက်တွန်း ပြောဆိုသော စကားမှာ သာသနာတော်ကိုလည်း မလေးစားရာ ကျသည်၊ လက်ရှိဘုန်းကြီးများ၏ ဂုဏ်သိက္ခာကိုလည်း ပုတ်ခတ်ရာ ရောက်သည်။ အဘယ်ကြောင့် ဆိုသော် ထိုစကား၏အဓိပ္ပါယ်မှာ ယခုလက်ရှိ ဘုန်းကြီးများသည် ဝမ်းရေးအတွက်ကြောင့် ဘုန်းကြီးလုပ်နေကြသည်-ဟု ပြောရာရောက်သော ကြောင့်တည်း။

ရဟန်းတော်များ၏အဆင့်အတန်းမှာ တနေ့တခြား နိုပ်ကျနေသည့် အထဲမှ ဝမ်းရေးအတွက် ရဟန်းပြုကြပါမူ သာသနာတော်သည် နစ်မြုပ်ပျက်စီးဖို့ရန်

သာ ရှိပေတော့သည်။ ထို့ဖြစ်၍ ဝမ်းရေးအတွက်နှင့် ဆိုလျှင် ကြီးသည်ဖြစ်စေ၊ ငယ်သည် ဖြစ်စေ မည်သူ့ကိုမှ သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ရန် မသင့်ပေ။

ရဟန်းခံခြင်း အစီအစဉ်ပြီးပြီ။

---

## ၆၇။ ။သိက္ခာ ချနည်း

မပျော်မွေ့ဘဲ၊ လူးလဲခံကာ၊ မနေရာ၊ သိက္ခာချလေဘိ။

**အဓိပ္ပါယ်။** ။သာသနာတော်၌ ဂန္ထဓုရ, ဝိပဿနာဓုရ-ဟူ၍ ဓုရ ၂-ပါး ရှိ၏။ စာပေကျမ်းဂန်သင်ကြားမှုသည် ဂန္ထဓုရ မည်၏။ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းမှုသည် ဝိပဿနာ ဓုရမည်၏။

သာသနာတော်၌ ရဟန်းဖြစ်သော သူသည် ဓုရ ၂ ပါးတွင် တပါးပါးသော ဓုရ၌ ပျော်မွေ့ရာ၏။ တပါးပါးသော ဓုရ၌ မပျော်မွေ့ပဲ သက်မွေးဝမ်းကျောင်းမှုနှင့် ကိစ္စကုန်၍ သိက္ခာ သီလနည်းပါး စတုပစ္စယ တဏှာလွှန်ကဲလျက် အလူးအလဲခံကာ မနေရာ၊ သိက္ခာချ၍ လူထွက်ရာ၏။

သိက္ခာတင်က၊ ပဥ္စင်္ဂ၊ ချမူ ဆင်္ဂါ။

**အဓိပ္ပါယ်။** ။ရဟန်းဖြစ်ရန် သိက္ခာတင်သော အခါ၌ ဝတ္ထုသမ္ပတ္တိ, ဥတ္တိသမ္ပတိ, ကမ္မဝါစာသမ္ပတ္တိ,သီမာ သမ္ပတ္တိ,ပရိသာသမ္ပတ္တိ-ဟူသော သမ္ပတ္တိ အင်္ဂါ ၅ ပါးနှင့် ပြည့်စုံလျှင် ရဟန်းဖြစ်၏။ လူဖြစ်လို၍ တင်ပြီးသိက္ခာကို ချသော အခါ၌ မူကား အင်္ဂါ ၆ ပါးစုံလင်မှ ကျ၏။

စိတ်, ခေတ်, ကာလ၊ ပယောဂ၊ ဇာနပုဂ္ဂလာ။[အင်္ဂါ ၆ ပါးတည်း]

ချလိုစိတ်သန်၊ ခေတ်ပုဒ်မှန်၊ ပစ္စုပ္ပန်နှင့်သာ။

ဝစီမြွက်ဆို၊ လူပုဂ္ဂိုလ်၊ ဆိုခြင်းသိမှသာ။ [အင်္ဂါ ၆ ပါး အကျယ်။]

သိက္ခာကျ အင်္ဂါ ၆ ပါး။ ။(၁) သိက္ခာ ချလိုသော စိတ်ရှိသည်လည်း ဖြစ်စေ၊

(၂) "ဗုဒ္ဓံ ပစ္စက္ခာမိ"အစရှိသော သိက္ခာကို ကျစေနိုင်သော ခေတ်ပုဒ်လည်း မှန်စေ၊

(၃) ပစ္စုပ္ပန်ကာလနှင့် ယှဉ်သော ဝတ္တမာန် ဝိဘတ်, ပဉ္စမီဝိဘတ်များလည်း ဖြစ်စေ၊

(၃) မြွက်ဆိုခြင်း ဝစီပယောဂကို ပြုသည် လည်းဖြစ်စေ၊

(၅) နားထောင်သူကလည်း လူပုဂ္ဂိုလ်မှန်စေ၊

(၆) ထိုခေတ်ပုဒ်ကို ရွတ်ဆို၍ ဆုံးလျှင် ဆုံးခြင်း၌သူသည် ရဟန်းသိက္ခာကို စွန့်ပါသည်တကား-ဟု သိသည်လည်းဖြစ်

စေ၊ အင်္ဂါ ၆ ပါးစုံလင်ခဲ့လျှင် ထိုခဏ၌ သိက္ခာကျလေ၏။

မှတ်ချက်။ ။ပစ္စုပ္ပန်ကာလဆိုရာ၌ "အလံ မေ ဗုဒ္ဓေန" စသည်ကိုလည်း သင်္ဂြိုဟ်လေ။ ဗုဒ္ဓံ ပစ္စက္ခာမိ၊ ဓမ္မံ ပစ္စက္ခာမိ၊ သံဃံ ပစ္စက္ခာမိ၊ သိက္ခံပစ္စက္ခာမိ- စသည်, "ဂိဟီတိ မံ ဓာရေဟိ၊ ဂဟဋ္ဌောတိ မံ ဓာရေဟိ၊ ဥပါသကောတိ မံ ဓာရေဟိ၊ သာမဏေရောတိ မံ ဓာရေဟိ"စသည်-ခေတ်ပုဒ် အများရှိသည်တွင် တခုသော ခေတ်ပုဒ်နှင့်ပင် သိက္ခာကျ၏။ "ဗုဒ္ဓံ ပစ္စက္ခာမိ-ဘုရားကို စွန့်ပါ၏"ဟု ဆိုသော်လည်း ဘုရားကို မကိုးကွယ်လို၍ ဆိုသည်မဟုတ်၊ သိက္ခာကျရုံမျှ ဆိုသည်ဖြစ်၍ အကုသိုလ်မဖြစ်၊ သိက္ခံ ပစ္စက္ခာမိနှင့် ဂိဟီတိ မံ ဓာရေဟိကို အဆိုများ၏။

မဆိုမီ ရှေးအဖို့၌ အနက်အဓိပ္ပါယ်ကိုင်း၊ လူဖြစ်ရန်ပြုလုပ်မှုကိုင်း သိနိုင်သော ပုဂ္ဂိုလ်ကို ရွေးချယ်၍ ထိုပုဂ္ဂိုလ်ထံ၌ချရာ၏၊ ချသောအခါ၌လည်း အကြိမ်များစွာ ရွတ်ဆို၍ ချရာ၏၊ ဤပုဂ္ဂိုလ်ထံမှာ ၃ ကြိမ် ၄ ကြိမ်, ထိုပုဂ္ဂိုလ်ထံမှာ ၃ ကြိမ် ၄ ကြိမ်သော်လည်း ချရာ၏။

အင်္ဂါ ၆-ပါး ညီညွတ်ပြီ-ဟု စိတ်ချရမှ တန်လေ၊ သိက္ခာချပါလျက် အင်္ဂါ မညီမညွတ်၍ သိက္ခာမကျ ရှိနေခဲ့သော် လူ့ဘောင်သို့ ရောက်ကာလ ပါရာဇိက မှုကို ကျူးလွန်မိလျှင် ထိုအခါမှ ပါရာဇိက ကျမှု ရောက်လေရာ၏။ သံဃာဒိသိသ်မှုကို ကျူးလွန်ခဲ့သော် သံဃာဒိသိသ် သင့်လေရာ၏။ ။[သတိရှိတော်မူကြပါကုန်။]

သိက္ခာ ချနည်း ပြီးပြီ။

## ၆၈။ မော်လမြိုင်မြို့၊ မြို့ဝ မဟာသတိပဋ္ဌာန်ကျောင်း၊ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး၏ ညွှန်ကြားချက်

ပါတိ သဒ္ဓါ၊ ဣန္ဒြာ သတိ၊ ဝီရိ အာဇီ၊ ပစ္စည်း ပညာ၊
လေးဖြာဗိုလ်မှူး၊ အထူးကောင်းမှု၊ သီလလေးဝ၊ လုံခြုံကြသည်။

က- ပါတိမောက္ခ သံဝရသီလကို သဒ္ဓါတရား ထက်သန်သူမှ ရှိသေ လေး မြတ်စွာ ကျင့်နိုင်သည်။

ခ- ဣန္ဒြိယ သံဝရသီလကို သတိတရားထက်သန် ပြဋ္ဌာန်း၍ တဏှာ ၆-ပါး ငြိမ်းအောင်ပြုသူမှ ရှိသေလေးမြတ်စွာ ကျင့်နိုင်သည်။

ဂ- အာဇီဝပါရိ သုဒ္ဓိသီလကို ဝီရိယတရား ခိုင်မြဲထက်သန်သူမှ ရှိသေ လေးမြတ်စွာ ကျင့်နိုင် သည်။

ဃ- ပစ္စယသန္နိဿိတ သီလကို ပညာတရား ပြဋ္ဌာန်းသူမှ ရှိသေ လေးမြတ်စွာ ကျင့်နိုင်သည်။

### အထက်တန်းသို့ တက်လှမ်းရန် ညွှန်ကြားချက်

သီလံ နိဿာယ သီလေ ပတိဋ္ဌာယ စတ္တာရော သတိပဋ္ဌာနေ ဘာဝေယျာသိ။

သီလံ၊ သီလကို။ နိဿာယ၊ မှီ၍။ သီလေ၊ သီလ၌။ ပတိဋ္ဌာယ၊ တည်စေပြီး၍။ စတ္တာရော၊ လေးပါးကုန်သော။ သတိပဋ္ဌာနေ၊ သတိပဋ္ဌာန် တရားမြတ်တို့ကို။ ဘာဝေယျာသိ၊ မြဲမြံရှေ့ထား စိတ်အားသန်စွာ ပွားစေရာ၏၊ (ဝါ) ပွားစေဦးလော့။

ဣမေသံ ခေါ ဘိက္ခဝေ ပဉ္စန္နံ နီဝရဏာနံ ပဟာနာယ စတ္တာရော သတိပဋ္ဌာနာ ဘာဝေတဗ္ဗာ။

ဘိက္ခဝေ၊ သံသရာဘေး လာမည့်ရေးကို မျှော်တွေးကြောက်ငြား ချစ်သားတို့။ ခေါ၊ မလွဲကေန် စင်စစ်မှန်၏။ ဣမေသံ ပဉ္စန္နံ၊ ဤငါးပါးကုန်သော။ နီဝရဏာနံ၊ ကာမစ္ဆန္ဒ နီဝရဏ, ဗျာပါဒ နီဝရဏ, ထိနမိဒ္ဓနီဝရဏ, ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏ, ဝိစိကိစ္ဆာ နီဝရဏ တို့ကို။ ပဟာနာယ၊ ပယ်ခြင်းငှါ။ စတ္တာရော သတိပဋ္ဌာနာ၊ လေးပါးကုန်သော သတိပဋ္ဌာန် တရားတို့ကို။ ဘာဝေတဗ္ဗာ၊ မနားမရပ် မလစ်လပ်ရအောင် ရှုမှတ် ပွါးများအပ်ကုန်၏။

ဣမေသံ ခေါ ဘိက္ခဝေ ပဉ္စန္နံ ဂတီနံ ပဟာနာယ စတ္တာရော သတိပဋ္ဌာ–နာ ဘာဝေတဗ္ဗာ။

ဘိက္ခဝေ၊ ချစ်သားတို့။ ခေါ၊ မလွဲကေန် စင်စစ်မှန်၏။ ဣမေသံ ပဉ္စန္နံ။ ဤငါးပါးကုန်သော။ ဂတီနံ၊ နိရယဂတိ, တိရစ္ဆာနဂတိ, ပေတဂတိ, ဒေဝဂတိ, မနုဿဂတိ—ဟူသော ဂတိငါးပါးတို့ကို။ ပဟာနာယ၊ ပယ်ခြင်းငှါ။ စတ္တာရော သတိပဋ္ဌာနာ၊ လေးပါးကုန်သော သတိပဋ္ဌာန်တရားတို့ကို။ ဘာ–ဝေတဗ္ဗာ၊ မနားမရပ် မလစ်လပ်ရအောင် အကြိမ်ကြိမ် အထပ်ထပ် ရှုမှတ်ပွား များအပ်ကုန်၏။

ဤကား စာရေးသူ၏ ဓမ္မအာစရိယ ဖြစ်တော် မူသော အတ္တဟိတ ပရဟိတ ပစ္စုပ္ပန်သံသရာ အကျိုးကို လိုလားတော်မူသော မော်လမြိုင်မြို့၊ မြို့ဝ မဟာသတိပဋ္ဌာန်ကျောင်း၊ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး (ဦးပဏ္ဍိဝ) ၏ ညွှန်ကြားချက်တည်း။

အမှာ။ ။ကံ, စိတ်, ဥတု, အာဟာရ အကြောင်းလေးခု ကျေးဇူးပြု၍ ဖြစ်သော ရုပ်ခန္ဓာသည် မြန်စွာခဏ ဖြစ်ကပျက်ပြန် မီးလျှံအသွင် ရေယဉ်ပမာ ဘယ်ခါမစဲ ဖြစ်ပျက်မြဲတည်း-ဟူသော အဆိုသည် နှုတ်ဖြင့်မြွက်ဆို၍ စိတ်ဖြင့် ကြံစည်မှန်းဆ၍ တွေ့ခြင်းမျိုးကိုဆိုလိုသည် မဟုတ်၊ လက်တွေ့အလုပ်သဘောဖြင့် ကမ္မဋ္ဌာန်း ဘာဝနာ ပွားများအားထုတ်၍ သမာဓိအရှိန်ဖြင့် တွေ့ခြင်းမျိုးကိုသာ ဆိုလိုရင်းဖြစ်သည်။ သို့ဖြစ်၍ လက်တွေ့အလုပ်သဘောဖြင့် ခန္ဓာကိုယ်ဖြစ်ပျက်ပုံကို ထင်ထင်ရှားရှား တွေ့မြင်လေအောင် သတိပဋ္ဌာန် ရှုမှတ်သောနည်းဖြင့် ခန္ဓာကိုယ်ဖြစ်ပျက်ပုံကို အမိကထား၍ စူးစူးစိုက်စိုက် ရှုမှတ်တော်မူကြပါကုန်။ ။

[ဆောင်]။ ။(၁) မဂ္ဂင်ဖောင်ကြီး၊ မျှောကာစီး၊ ခရီးနိဗ္ဗာန် ရောက်မည်မှန်။

(၂) အမှတ်တရား၊ လက်ကိုင်ထား၊ မလားအပါယ် သေချာတယ်။

(၃) သေဖို့နီးပြီ၊ မသေမီ၊ အချိန်ရှိခိုက် လုံ့လစိုက်။

(၄) သေဖို့နီးလေ၊ ပို၍ ကြိုးစားဖို့လိုလေ။

၆၉။ ။နိဂုံး

ဝိနည်းသိက္ခာပုဒ်တော်ကို ကျိုးကျိုးနွံ့နွံ့ ထိန်းသိမ်း စောင့်ရှောက် ကုန်သော (ဝါ) သီလစင်ကြယ်ကုန်သော ရဟန်းဟူသမျှတို့သည် ဂိုဏ်းစွဲ ပုဂ္ဂိုလ်စွဲမထားပဲ တပါးနှင့်တပါး သားနှင့်အဘ, ညီရင်းအစ်ကိုတို့ကဲ့သို့ ကြင် နာစွာ ပေါင်းသင်းဆက်ဆံ၍ သာသနာတော်ကို နေလသဖွယ် ထွန်းလင်း တောက်ပအောင် အညီအညွတ် ပြုစုချီးမြှင့်နိုင်သော ကိုယ်ဖြစ်ကြပြီး အသီး သီးတောင့်တ အလိုရှိကြသောဘဝဖြင့် နိဗ္ဗာန်တရားကို အမြန်ဆုံး ရနိုင်ကြပါ စေသော်။

ရဟန်းဘဝဖြင့် နေ့စဉ်ပြုလုပ် ဆောက်တည်လျက်ရှိသော ကောင်းမှုကုသိုလ် ကို ပွားများကာ ရံဖန်ရံခါ ဥဒါန်းကျူး၍ ဖြည့်ကျင့်ရန်လိုအပ်သော ထိုထို ပါရမီအပေါင်းတို့ကို ဤနေ့ ဤအချိန်မှစ၍ နောင်ဖြစ်လေရာ ဘဝတိုင်း၌ လည်း လိုအပ်သလို ဖြည့်ကျင့်နိုင်သော ကိုယ်ဖြစ်ပြီး သဗ္ဗညုတ ရွှေဉာဏ်တော် ကို ရတော်မူသော ပညာဓိက သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရား၏ အဖြစ်နှင့် နိဗ္ဗာန် ရွှေပြည်မြတ်ကို မြန်နိုင်သလောက် မြန်မြန်မျက်မှောက် ပြုနိုင်ပါစေသတည်း။ [ဤကျမ်းပြုရ၊ ကုသလကြောင့်၊ ဆုသ–ဓိဋ္ဌာန်၊ ဗောဓိဉာဏ်၏၊ ရင့်သန်စေမှု၊ အကြောင်းပြု တောင်းဆု ပတ္ထနာ။]

ဤတွင် ဝိနည်းဥပဒေတော်ကြီး ပြီးပြီ။

သာသနာသက္ကရာဇ် ၂၅၀၇ ခု၊
ကောဇာ သက္ကရာဇ် ၁၃၂၅ ခု၊
နတ်တော်လဆန်း (၁၄) ရက်။

**ဩဘာသ**

ဖြည့်စွက်ရေးခြင်း။ ။အမရပူရမြို့၊ ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံဆရာ တော်ဘုရားကြီး (အရှင်ဇနကာဘိဝံသ) ၏ အောက်ပါမိန့်ဆိုချက်မှာ အလွန် မှတ်သားလိုက်နာဖွယ်ကောင်းလှ၍ ဖြည့်စွက်ရေးခြင်းဖြစ်သည်။

"လူဝတ်ကြောင်ဆိုတာ ကိုယ့်လုပ်စာ ကိုယ်စားပြီး ကိုယ့်ဇနီး သားသမီး များနဲ့ အတူ နေရလို့ အလုပ်အကိုင်ဆင်းရဲသော်လဲ စိတ်ပျော်နေတယ်, ဒါန လဲ ထိုက်တန်သမျှ ပြုကြပါတယ်၊ ငါးပါးသီလ လုံခြုံယင် အပါယ်လဲ မကျ နိုင်ပါဘူး၊ သေယင် ဘဝကောင်းရဘို့များပါတယ်၊ ရဟန်းဘဝဆိုတာက

တော့ လူဝတ်ကြောင်များရဲ့ လုပ်စာကို စား–ဝတ်–နေရလို့ သီလမစင်ကြယ်ယင် အပါယ်ကျဘို့ သေချာပါတယ်၊ ဒါ့ကြောင့် ရဟန်း-သာမဏေဘဝနဲ့ ပေါ့ပေါ့ဆဆနေမဲ့အစား လူဝတ်ကြောင်ဘဝဖြင့်နေခြင်းက တွက်ခြေကိုက်တယ်လို့ ဆိုပါတယ်၊ ယောကျ်ားဖြစ်ပါလျက် သူများလုပ်စာကို မှီခိုပြီး (ရဟန်းကျင့်ဝတ်ကိုမကျင့်ဘဲ) အချောင်စားနေခြင်းဟာလဲ ယောကျ်ားမပီသရာ ရောက်ပါတယ်။ ။[တဘာဝ သံသရာ၊ နှာ ၄၈၀]

နိဂုံးချုပ်နှိုးဆော်ခြင်း။ ။မိမိကိုယ်ကို မိမိသနားသော အားဖြင့်၎င်း၊ အလွန်ဆင်းရဲပင်ပန်းကြီးစွာဖြင့် ရှာ၍ရသော ချွေးနဲ့စာဖြင့် မိမိအား သင်္ဂြိုဟ်ထောက်ပံ့သော ဒါယကာ ဒါယိကာမတို့၏ ကျေးဇူးတို့ကိုလည်း တုံ့ပြန်သောအားဖြင့်၎င်း သီလဝန္တ ရဟန်းမဖြစ်သေးလျှင် ဖြစ်အောင် ပြုပြင်တော်မူကြပါကုန်။ [မိမိအကြောင်းကို မိမိအသိဆုံးဖြစ်သည်]

၁၃၄၁–ခု၊ နတ်တော်လဆန်း (၁) ရက်၊
တနင်းလာနေ့၊ (၁၉–၁၁–၇၉)။

---

## အမှားအမှန် ပြင်ဆင်ချက်

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၁၇ | ၂၉ | အာပတ်သင့်–၏ဟု | အာပတ်သင့်၏–ဟု |
| ၂၇ | ၃၀ | ကျောင်းအ | ကျောင်းအမ |
| ၂၀ | ၄ | လူအချားက | လူအများက |
| ၃၄ | ၂၄ | ဆက်သုယ်လာသူ | ဆက်သွယ်လာသူ |
| ၃၄ | ၂၅ | ဆွေမျိုးလု | ဆွေမျိုးဟု |
| ၃၅ | ၅ | (ဘိုးလေး-ဘွားလေး)=စတုတ္ထ၏ | (ဘိုးလေးဘွားလေး)=<br>စတုတ္ထ၊ထိုစတုတ္ထ၏ |
| ၃၅ | ၁၉ | ဖျက်စီးခြင်း | ဖျက်ဆီးခြင်း |
| ၃၅ | ၂၁ | နိဿဂ္ဂိပးစိတ် | နိဿဂ္ဂိပါစိတ် |
| ၃၆ | ၀ | ဝလ်ဖို့သက်န်း | ဝတ်ဖို့သင်္ကန်း |
| ၃၆ | ၁၇ | မရှိမလှူကုန်အံ့ | မရှိဝလှူကုန်အံ့ |
| ၄၁ | ၃ | မအပ်တေ့ဝဲ | မအပ်တော့ပဲ |
| ၄၁ | ၄ | ရွှေမေ့ကို | ရွှေငွေကို |
| ၄၂ | ၃ | နေလဖြင့် | နေသဖြင့် |
| ၄၂ | ၁၆ | သာယာစိတ် | သာယာသောစိတ် |
| ၄၂ | ၂၆ | နားတည်၍ | နားလည်၍ |
| ၄၆ | ၁၄ | ပဒေလလေးပါး | ပဒေသလေးပါး |

## အမှားအမှန်ပြင်ဆင်ချက်

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၄၆ | ၁၅ | အဘယ်သို့သော | အဘယ်သို့သော အဘယ်သို့သော |
| ၄၆ | ၂၀ | မအဝိသော | မအဝ်သော |
| ၄၈ | ၂၆ | တူသည် | ဟူသည် |
| ၅၄ | ၂၉ | မဆွေမျိုး | ဆွေမျိုး |
| ၅၆ | ၃၀ | ဆိုလျှ | ဆိုလျှင် |
| ၅၇ | ၂ | ဟလုံ | ဖါလုံ |
| ၅၈ | ၁၀ | ကုသိုလ်ကို | ကုသိုလ်စိတ်ကို |
| ၆၃ | ခေါင်းစီး | နိဿဂ္ဂိယ | သုဒ္ဓ |
| ၇၉ | ၂ | အလျဉ်စားလို | အလျင်စားလို |
| ၈၀ | ၂၈ | စားသောက်လျှင်ဒုက္ကဋ်။မျိုတိုင်း | စားသောက်လျှင်မျိုတိုင်း |
| ၈၉ | ၁၃ | သုဒ္ဓ=ပါစိတ် | သုဒ္ဓပါစိတ် |
| ၉၆ | ၁၀ | အမည်၊ | အမည်း၊ |
| ၁၀၅ | ၉ | ချီးမြှောက် | ချီမြှောက် |
| ၁၁၁ | ၂၆ | *မြတ်စွာဘုရား | မြတ်စွာဘုရား |
| ၁၄၇ | ၁၄ | ငြိမ်းအောင် | ငြိမ်းအောင် |
| ၁၇၀ | ၂၇ | ဒုသီလ | ဒုသီလ |
| ၁၇၆ | ၂၃ | ပေါများသူး | ပေါများသူ |
| ၂၅၅ | ၂၀ | တောင်ပုံရာပုံ | ထောင်ပုံရာပုံ |
| ၂၅၉ | ၂ | လယ်ချောင်း | လည်ချောင်း |
| ၂၉၂ | ၂ | ဘိက္ခဝေ န | န ဘိက္ခဝေ |
| ၃၁၆ | ၃၀ | ဤသို့ ဤသို့ | ဤသို့ |
| ၃၁၇ | ၄ | နှိုင်းရှည်အပ်၏ | နှိုင်းရှည့်အပ်၏ |
| ၃၁၈ | ၁၈ | ဘိနပ်၊အိတ် | ဘိနပ်အိတ် |
| ၃၁၈ | ၃၀ | မှတ်ယူအပ်၏။ | မှတ်ယူအပ်၏။ ] |
| ၃၂၂ | ၂၆ | ထဲစပ်ဖွဲခြင်း | တဲ့စပ်ဖွဲ့ခြင်း |
| ၃၃၄ | ၆ | ဖရဲ | ခရဲ |
| ၃၄၃ | ၂၀ | အခဏ်းငယ် ဘယ်လောက်ဘဲ | အခဏ်းဘယ်လောက်ဘဲ |
| ၃၆၀ | ၆ | ဖရိဖရဲ | ဖရိုဖရဲ |
| ၃၆၀ | ၂၃ | သုတ | သုတ် |
| ၄၀၀ | ၁ | ဂဏာနာ | ဂဏနာ |
| ၄၀၇ | ၂၆ | သော်ရင်၊ | သော်ရင်း |
| ၄၂၁ | ၂၅ | ဂါမခေတ္တေ | ဂါမခေတ္တေ |
| ၄၃၄ | ၁၆ | ၆-သည် | ၔ-သည် |
| ၄၄၀ | ၁ | နာနာသံပါသက | နာနာသံဝါသက |